
www.burmeseclassic.com

# မြသန်းတင့်

## လွမ်းမောခဲ့ရသော တက္ကသိုလ်နွေညများ

# THE CLASS

**ERICH SEGAL**



www.burmeseclassic.com

www.burmeseclassic.com


စာမူခွင့်ပြုချက် အမှတ် [၁၄၁/၂၀၀၁ (၂)]
မျက်နှာဖုံး ခွင့်ပြုချက် အမှတ် [၅၂၀/၂၀၀၁ (၇)]

ဒုတိယ အကြိမ်၊ ၂၀၀၁၊ စက်တင်ဘာ
[ပထမ အကြိမ်၊ ၁၉၉၁၊ ဇန်နဝါရီ၊ ဘဝတက္ကသိုလ် စာပေ။]

မျက်နှာဖုံး ပန်းချီ စံတိုး
အုပ်ရေ [illegible]၀၀
တန်ဖိုး [illegible]

မျက်နှာဖုံးရိုက် ဒေါ်ရွှေ (၀၂၀၇၉)၊ သုခ ပုံနှိပ်တိုက်
၁၂၈၊ ၄၆ လမ်း၊ ရန်ကုန်။
ပုံနှိပ်သူ ဦးတင်မောင်ဝင်း (၀၅၉၄၆)၊ သင်းလဲ့ဝင်း ပုံနှိပ်တိုက်
၁၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံ မြို့နယ်၊ ရန်ကုန်။
ထုတ်ဝေသူ ဦးညွှန့်ရွှေ (၀၃၁၃)၊ စိန်ပန်းမြိုင် စာပေ
၂၃/အေ၊ ဦးကောင်းလမ်း၊ ကရင်အမျိုးသားရပ်ကွက်
ကြည့်မြင်တိုင်၊ ရန်ကုန်။


# ပြုသန်းတင့်

# လွမ်းမောခဲ့ရသော တက္ကသိုလ်နွေညများ

# THE CLASS

## ERICH SEGAL

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အချာ အာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ် အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံတော်'ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော တာဝန် ဖြစ်သည်။

BURMESE CLASSIC

## မြန်မာပြန်သူ၏ အမှာ

ယခု ဝတ္ထုသည် အမေရိကန် စာရေးဆရာ အီးရစ် ဆီဂယ်၏ ဝတ္ထုကို မြန်မာ ပြန်ထားခြင်း ဖြစ်သည်။ အီးရစ် ဆီဂယ်သည် **အချစ်ဝတ္ထု** *(Love Story)* ဟူသော စာအုပ်ဖြင့် နာမည် ကြီးလာသူ ဖြစ်ပြီး နောက်ပိုင်းတွင် **အော်လီဗာစ် စတိုရီ** *(Oliver's Story)*၊ ထို့နောက်တွင် **ယောက်ျား၊ မိန်းမနှင့် ကလေး** *(Man, Woman and Child)* စသည့် ဝတ္ထုများဖြင့် ထင်ရှားလာခဲ့ပြန်သည်။ ယခု ဝတ္ထုမှာ ၁၉၈၅ ခုနှစ်တွင် ထုတ်ဝေခဲ့သော ဝတ္ထု ဖြစ်သည်။

ဝတ္ထု၏ နောက်ခံသည် ၁၉၅၄ - ၅၈ ခုနှစ် ဟားဗတ် တက္ကသိုလ် နောက်ခံ ဖြစ်သည်။ သူနှင့် တစ်တန်းတည်း စာသင်ခဲ့ရသော သူငယ်ချင်း လေးဦးတို့ ဘွဲ့နှင်းသဘင် ယူပြီး ၂၅ နှစ် အကြာ ငွေရတုသဘင်တွင် ပြန်၍ ဆုံရပုံ၊ ထို ၂၅ နှစ် အတွင်း ဖြတ်သန်းခဲ့ရသော သူတို့ ဘဝခရီးတို့ကို ရေးသားထားသည့် ဝတ္ထု ဖြစ်သည်။

ကမ္ဘာတွင် ထင်ရှားသည့် တက္ကသိုလ်ကြီးများသည် တဲကုပ်မှ အစပြုခဲ့ရခြင်း ဖြစ်သည်။ ရန်ကုန် တက္ကသိုလ်သည် ၁၉၂၀ ခုနှစ် မတိုင်မီတုန်းက သစ်သား နှစ်ထပ်'ကျောင်းကလေးဖြင့် အစပြုခဲ့သည်။ ၁၉၂၀ ခုနှစ်တွင်မှ အင်းလျားကန် ဘေးရှိ တက္ကသိုလ် ပရိဝုဏ်ကြီးကို တည်ဆောက်ကာ အရှေ့တောင် အာရှတွင် ဂုဏ်ယူနိုင်သည့် တက္ကသိုလ်ကြီး တစ်ခု အဖြစ်သို့ တဖြည်းဖြည်း ရောက်လာခဲ့ခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနောက်တွင်မှ ရန်ကုန် တက္ကသိုလ်သည် သားသမီးရတနာ များစွာကို မွေးထုတ်ပေးခဲ့သည်။ အမိ တက္ကသိုလ်မှ မွေးထုတ်ပေးလိုက်သော သားသမီးများထဲမှ နိုင်ငံရေး ခေါင်းဆောင်၊ အုပ်ချုပ်ရေး ခေါင်းဆောင်၊ သိပ္ပံ ပညာရှင်၊ ဆေးဘက် ပါရဂူ၊ ပညာရေး ပါရဂူ၊ ဥပဒေ ပညာရှင်၊ စာပေ ပညာရှင်တွေ ပေါ်ထွက်လာခဲ့ကြသည်။

သူတို့သည် တစ်ခါက အမိ တက္ကသိုလ်၏ ကံ့ကော်တောတွင် ရီဝေ ကြည်မောခဲ့ကြဖူးသည်။ ကံ့ကော်နံ့ကို ရှူရင်း ရင်ခုန်ခဲ့ကြဖူးသည်။ ရေတမာပင် အောက်က အုတ်တံတားပေါ်တွင် ထိုင်ရင်း ရွက်ဟောင်းတို့ ကြွေစပြုသော သစ်ပုပ်ပင်ကြီးကို မျှော်ငေးခဲ့ကြဖူးသည်။ အင်းလျားဆောင် ရှေ့မှ ကံ့ကော်ရိပ်တွင် ရပ်ရင်း အင်းလျားသူတို့ မျက်လုံး အဝင့်တွင် ရင်ခုန်ခဲ့ကြဖူးသည်။

ရန်ကုန် တက္ကသိုလ်သည် ၁၉၉၀ ခုနှစ်တွင် သက်တမ်း ၇၀ ပြည့်ပြီ ဖြစ်သည်။

စာရေးဆရာများသည် ကံ့ကော်တောကို နောက်ခံထားသည့် ဝတ္ထုများကို အများအပြား ရေးခဲ့ကြပြီ။ နောင်တွင်လည်း ရေးနေကြပေလိမ့်ဦးမည်။ ကံ့ကော်တော နောက်ခံ ဝတ္ထုများသည် နောင်တွင်လည်း ဖတ်၍ ကောင်းနေပေလိမ့်ဦးမည်။

သူတို့ဆီတွင်ကော။

သူတို့ဆီတွင်လည်း တက္ကသိုလ် နောက်ခံ ဝတ္ထုများ ပေါ်ခဲ့သည်။ သူတို့မှာ ကျွန်တော်တို့လို ကံ့ကော်ပင်တွေ မရှိ။ ထို့ကြောင့် သူတို့ တက္ကသိုလ် ပရိဝုဏ်သည် ကျွန်တော်တို့ တက္ကသိုလ် ပရိဝုဏ်လို ကံ့ကော်နံ့ သင်းထုံခြင်း မရှိ။

သို့ရာတွင် သူတို့ တက္ကသိုလ်များတွင် တိုက်ကပ်ပန်းနွယ် တစ်မျိုး ဖြစ်သော အိုင်ဗီ နွယ်ပင်တွေ ရှိသည်။ ထို့ကြောင့် ကျွန်တော်တို့ တက္ကသိုလ်ကို ကံ့ကော်တောဟု ခေါ်သည့် နည်းတူ သူတို့ တက္ကသိုလ်များကိုလည်း အိုင်ဗီ လိဂ် တက္ကသိုလ်များ၊ အိုင်ဗီ ပန်းနွယ်တော တက္ကသိုလ်များဟု ခေါ်လေ့ ရှိကြသည်။

ယခု ဝတ္ထုသည် အိုင်ဗီ ပန်းနွယ်တော တက္ကသိုလ် ဖြစ်သည့် ဟားဗတ် တက္ကသိုလ် နောက်ခံ ဝတ္ထု တစ်ပုဒ် ဖြစ်သည်။

ကျွန်တော်တို့ တက္ကသိုလ်သည် တဲပုတ်မှ စခဲ့သည့် နည်းတူ ဟားဗတ် တက္ကသိုလ်သည်လည်း လယ်တဲကလေး တစ်ခုမှ အစ





ပြုခဲ့ခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၅၀ ကျော်လောက်က (၁၉၈၆ ခုနှစ်က အနှစ် သုံးရာ ငါးဆယ် ပြည့်ခဲ့သည်။) ခရစ်ယာန် တရားဟော ဆရာ ဂျွန် ဟားဗတ်သည် ထို တက္ကသိုလ်သို့ စာအုပ် ၄၀၀ နှင့် သူ့မြေကလေး တစ်ကွက်ကို လှူဒါန်းခဲ့သည်။ အိုဗာစီယာများက သူ့မြေကို ခြောက်ပေ မြင့်သည့် ခြံစည်းရိုးကလေး တစ်ခု ခတ်ပြီး သစ်တော်ပင် အပင် ၃၀ စိုက်သည်။ ထိုသို့ဖြင့် ဟားဗတ် တက္ကသိုလ်သည် ကမ္ဘာတွင် ထင်ရှားသည့် တက္ကသိုလ်ကြီး အဖြစ်သို့ တဖြည်းဖြည်း ရောက်ခဲ့ခြင်း ဖြစ်သည်။

အထူးသဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း တစ်ရာခန့်တွင် ဟားဗတ် တက္ကသိုလ်သည် အဆင့်အတန်း မြင့်သည့် တက္ကသိုလ်ကြီး ဖြစ်လာခဲ့သည်။ ထိုစဉ်က အဓိပတိမှာ ချားလ်စ် ဝီလျံ အဲလီယော့ ဖြစ်သည်။ အဲလီယော့ အဓိပတိ ဖြစ်သည့် နောက်ပိုင်းမှ စ၍ ဟားဗတ်သည် လျင်မြန်စွာ တိုးတက် ပြောင်းလဲလာခဲ့သည်။

ယခု ဝတ္ထုတွင် ပါဝင်သည့် ဇာတ်ဆောင် တစ်ဦးမှာ တက္ကသိုလ် အဓိပတိ ဖြစ်ခဲ့ဖူးသည့် အဲလီယော့၏ အဆက်အနွယ် တစ်ဦး ဖြစ်သူ အင်ဒရူး အဲလီယော့ ဆိုသူ ဖြစ်ပြီး သူ၏ မှတ်တမ်းဟန်ဖြင့် ရေးထားသော ဝတ္ထု ဖြစ်သည်။

ယခု ဝတ္ထုမှ ဇာတ်ဆောင် တစ်ဦး ဖြစ်သူ အင်ဒရူး အဲလီယော့သည် ၁၉၅၄ ခုနှစ်တွင် ဟားဗတ် တက္ကသိုလ်သို့ တက်ရောက်ခဲ့သည်။ (လေးနှစ် သင်တန်းပြီး ဘွဲ့ယူသည့် နှစ်ကို တွက်သဖြင့် သူတို့ အသုတ်ကို ကျွန်တော်တို့ ခေါ်သလို ၁၉၅၄ ခုနှစ် အတန်းဟု မခေါ်ဘဲ *Class of '58* ၁၉၅၈ ခုနှစ် အတန်းဟု ခေါ်သည်။)

ယခု ဝတ္ထုတွင် ဟားဗတ် တက္ကသိုလ်တွင် ကျောင်းတက်ခဲ့ကြပုံ၊ ထိုကျောင်းမှ ဆင်းပြီး ကွဲကွာသွားကြပုံ၊ ၁၉၅၈ အတန်း၏ ငွေရတုသဘင်တွင် ပြန်တွေ့ကြပုံတို့ကို ရေးထားသည်။

ကံ့ကော်တော နောက်ခံ ကျွန်တော်တို့ ဝတ္ထုများနှင့် သူတို့ တက္ကသိုလ်များ၏ အိုင်ဗီ ပန်းနွယ်တော နောက်ခံ ဝတ္ထုများကို နှိုင်းယှဉ် ဖတ်စေလိုသဖြင့် ယခု ဝတ္ထုကို မြန်မာပြန်ခြင်း ဖြစ်ပါသည်။

မြသန်းတင့်



www.burmeseclassic.com

www.burmeseclassic.com

## အင်အရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

မေ ၁၂၊ ၁၉၈၃။

နောက်လ ဆိုရင် ဟားဗတ် တက္ကသိုလ်ကို ငါနှင့် တစ်နှစ်တည်း ရောက်တဲ့ အတန်းသားတွေရဲ့ ၂၅ ကြိမ်မြောက် နှစ်ပတ်လည် တွေ့ဆုံပွဲ ကျင်းပတော့မယ်။ ဒီ မိတ်ဆုံပွဲ တက်ရမှာကို ငါ သေမလောက် ကြောက်တယ်။

ကျော်ကြားမှု လမ်းမပေါ်မှာ လျှောက်နေကြတဲ့ အောင်မြင်တဲ့ ငါ့ အတန်းသားတွေနှင့် မျက်နှာချင်း ဆိုင်ရမှာကို ငါ ကြောက်နေတယ်။ ဆံပင်ဖြူ ကျိုးတိုးကျဲတဲက လွဲရင် အောင်မြင်မှု ဆိုလို့ ငါ့ဘဝမှာ ဘာမှ ပြစရာ မရှိပါလား။

ဒီနေ့တင်ပဲ အဖုံးနီနီ ဖုံးထားတဲ့ စာအုပ်ထူထူကြီး တစ်အုပ် ငါ့ဆီ ရောက်လာတယ်။ တက္ကသိုလ်ကို ငါတို့ ရောက်တဲ့ ၁၉၅၈ ခုနှစ်က အတန်းသားတွေရဲ့ အောင်မြင်မှုကို မှတ်တမ်း တင်ထားတဲ့ စာအုပ်ကြီး။ အဲဒီ စာအုပ်ကြီးကို မြင်ရတော့ ငါ့ ဆုံးရှုံးမှုတွေကို ပိုပြီး သတိရတယ်။

မနေ့ညက ' သန်းခေါင်ကျော်သည် အထိ ငါနှင့် အတန်းတူ တက္ကသိုလ်မှာ တက်ခဲ့ကြတဲ့ သူငယ်ချင်းတွေရဲ့ ဓာတ်ပုံတွေကို လျှောက်ကြည့်တယ်။ တချို့က လွှတ်တော် အမတ်တွေ၊ တချို့က ဘုရင်ခံတွေ၊ တချို့က ကမ္ဘာကျော် သိပ္ပံ ပညာရှင်ကြီးတွေနှင့် ထိပ်တန်း ဆေးပညာ ပါရဂူကြီးတွေ။ သူတို့ အထဲက တစ်ယောက်ယောက်ဟာ တစ်နေ့မှာ စတော့ဟုမ်းက စင်မြင့်ပေါ်မှာ နိုဘယ်ဆု မရဘူးလို့ ဘယ်သူ ပြောနိုင်



www.burmeseclassic.com

www.burmeseclassic.com

သလဲ။ တစ်နေ့မှာ အိမ်ဖြူတော် မြက်ခင်းပေါ်ကို မရောက်ဘူးလို့ ဘယ်သူ ပြောနိုင်သလဲ။

အံ့သြစရာ ကောင်းတာ တစ်ချက် ရှိသေးတယ်။ တချို့ သူငယ်ချင်းတွေဟာ ခုတိုင် သူတို့ရဲ့ ပထမ အိမ်ထောင်တွေနှင့် မြဲနေကြတုန်းပါကလား။

သူတို့အထဲက သိပ် အောင်မြင် ကျော်ကြားတဲ့သူ တချို့ ဆိုရင် ငါနှင့် တော်တော်ကို ရင်းနှီးခဲ့တဲ့ သူငယ်ချင်းတွေ။ တစ်ခါတုန်းက သစ်သီးကိတ်မုန့်လို ပျော့စိစိ ဖြစ်နေတဲ့ သူလို့ ငါ ထင်ခဲ့တဲ့ ငါ့ အခန်းဖော် ဆိုရင် မကြာခင်မှာ နိုင်ငံခြားရေး ဝန်ကြီး ဖြစ်တော့မယ့်ကောင်။ ဟားဗတ် တက္ကသိုလ် အဓိပတိ ဖြစ်တော့မယ့်သူ ဆိုရင် ငါ့ဆီက မကြာခဏ အဝတ်အစား ငှားဝတ်ခဲ့တဲ့ ကောင်။ ကျောင်းတုန်းက ငါတို့ စာရင်းထဲကိုတောင် မထည့်ခဲ့တဲ့ကောင် ဆိုရင် ဒီခေတ်မှာ အကျော်ကြားဆုံး ဂီတပညာရှင်ကြီး။

သူတို့အထဲက သတ္တိ အကောင်းဆုံး လူတစ်ယောက်ကတော့ သူ့ယုံကြည်ချက် အတွက် အသက် ပေးသွားခဲ့တယ်။ သူ့ရဲ့ သူရဲကောင်းစိတ်ဓာတ်ကို ကြည့်ပြီး ငါ့ကိုယ်ငါ ပြန်ရှက်မိတယ်။

ငါကတော့ ငါ့အမျိုးထဲမှာ ဟားဗတ် တက္ကသိုလ်ကို နောက်ဆုံး ရောက်ခဲ့တဲ့ကောင်။ ငါ့ဘိုးဘေးတွေ အားလုံးဟာ ထင်ရှားခဲ့တဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။ ငြိမ်းချမ်းတဲ့ ကာလမှာ၊ သာသနာဘက်မှာ၊ သိပ္ပံပညာဘက်မှာ၊ ပညာရေးဘက်မှာ သူ့နည်းနှင့်သူ ထူးချွန် ထင်ရှားတဲ့ ပုဂ္ဂိုလ်တွေချည်းပဲ။ ဘာကြာသေးလို့လဲ။ ငါ့ အစ်ကိုတော် တစ်ဝမ်းကွဲ ဆိုရင် ၁၉၄၈ ခုနှစ်ကတင် နိုဘယ်ဆု ရခဲ့သေးတယ် မဟုတ်လား။

ဒါပေမဲ့ တောက်ပတဲ့ ငါ့ ဆွေစဉ် မျိုးဆက်ရဲ့ အစဉ်အလာဟာ ငါ့ လက်ထက် ရောက်တော့ မှေးမှိန်သွားပြီလေ။ ငါ့ အဘေး ဂျားရက် အဲလီယော့ (၁၇၀၃ ခု ဟားဗတ် တက္ကသိုလ်ထွက်) ဟာ အမေရိကန်ပြည်ထောင်စုကို ပန်းသီး မျိုးစေ့ကို ပထမဆုံး ယူဆောင် စိုက်ပျိုးခဲ့သူ ဖြစ်တယ်။ အခုတော့ ငါဟာ ငါ့ အဘေးရဲ့ ခြေရာကိုတောင် မဆက်ခံနိုင်တော့ပါကလား။

ဘာပဲပြောပြော ငါဟာ ငါ့ ဘိုးဘေးများရဲ့ အစဉ်အလာ တစ်ခုကိုတော့ ဆက်ခံနေပါသေးတယ်။ ငါ့ အဘိုး၊ အဘေးတွေဟာ မှတ်





တမ်း ရေးသူတွေ ဖြစ်တယ်။ ငါနှင့် နာမည်တူ ငါ့အဘေး တစ်ယောက် ဖြစ်တဲ့ သိက္ခာရ ဆရာတော် အင်ဒရူး အဲလီယော့ (၁၈၃၇ ဟားဗတ် တက္ကသိုလ်ထွက်) ဟာ ဘုန်းကြီး လုပ်နေရင်း မှတ်တမ်းတွေ ရေးခဲ့တယ်။ အမေရိကန် လွတ်လပ်ရေး စစ်ပွဲတုန်းက ဘော်စတန်ကို ဝိုင်းတော့ သူ တွေ့ခဲ့ မြင်ခဲ့ရတာတွေကို ရေးသွားခဲ့တယ်။

သူ့သား ကျတော့လည်း တရားဟော ဆရာ ဆက်လုပ်ပြီး သူ့ကလောင်နှင့် အမေရိကန် ပြည်ထောင်စု သမ္မတ နိုင်ငံတော် တည်ထောင်စက အောင်မြင်မှုတွေကို မှတ်တမ်းတင်ခဲ့တယ်။

အမှန်ကတော့ သူတို့နှင့် ငါနှင့် မနှိုင်းယှဉ်သာပါဘူး။ ဒါပေမဲ့ ငါ့ တစ်သက်မှာတော့ မှတ်တမ်းတွေ ရေးသွားရမှာပဲ။ ငါ ဆက်ခံနိုင်တဲ့ အမွေဆိုလို့ ဒါပဲ ရှိတော့တယ် မဟုတ်လား။ ငါဟာ သမိုင်းကို ဖန်တီးရာမှာ မပါသည့်တိုင် ငါ ဖြတ်သန်းခဲ့ရတဲ့ သမိုင်းကိုတော့ ရေးရမှာပဲ။

ခုတော့ ငါ သေမလောက် ကြောက်နေတုန်းပဲ။


www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နှစ်များ

www.burmeseclassic.com

www.burmeseclassic.com

သူတို့သည် အုပ်ထဲကို နောက်ထပ် ရောက်လာသည့် ပြိုင်ဘက်များလို တစ်ဦးကို တစ်ဦး လှမ်းကြည့်နေကြသည်။ သို့ရာတွင် ယခု သူတို့ ရောက်သည့် စုံတောမြိုင်ထဲတွင်မှ တကယ့် အန္တရာယ်သည် မည်သည့် နေရာတွင် ခိုအောင်းနေသည့်ကို သူတို့ မသိ။

ထိုနေ့သည် ၁၉၅၄ ခု စက်တင်ဘာလ ၂၀ ရက် တနင်္လာနေ့ ဖြစ်သည်။ ကမ္ဘာပေါ်ရှိ ဉာဏ်အကောင်းဆုံး၊ အတော်ဆုံးသော လူငယ် တစ်ထောင့် တစ်ရာ ခြောက်ဆယ့် နှစ်ယောက်တို့သည် အောက်မေ့ဖွယ် ခန်းမဟု ခေါ်သော ဝိတိုရိယခေတ် ဂိုးသစ်ပုံစံ အဆောက်အအုံကြီးထဲတွင် တန်းစီ ရပ်နေကြသည်။ ၁၉၅၈ ခုနှစ် ဟားဗတ် တက္ကသိုလ် ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့် မှတ်ပုံတင်ရန် ဖြစ်သည်။

ကျောင်းသားသစ်များ အားလုံးသည် ထင်ရှားသူတွေချည်း ဖြစ်သည်။ သူတို့သည် မွေးကတည်းက မီးမောင်းမှ မီးရောင်ထဲတွင် မွေးဖွားလာခဲ့ကြရသူများ ဖြစ်သည်။

သူတို့အထဲတွင် ဒင်နီယယ် ရော့ဆီ၊ ဂျေဆန် ဂီးလ်ဗတ်၊ သီယိုဒို လင်းဗရိုစ်နှင့် အင်ဒရူး အဲလီယော့တို့လည်း ပါသည်။ သူတို့ လေးဦးနှင့် အခြား ကမ္ဘာ လောကတွင် ရှိနေသေးသည့် ပဉ္စမမြောက် တစ်ဦးတို့သည် ဤဝတ္ထု၏ ဇာတ်ဆောင်များ ဖြစ်သတည်း။



www.burmeseclassic.com

www.burmeseclassic.com

## ဒင်နီယယ် ရှော့ဆီ

ယေးစဥ်ဘောင်ကျေး ကလေးဘဝမှ စ၍ ဒင်နီတွင် တစ်ခုတည်းသော ပြင်းပြသည့် မျှော်မှန်းချက် တစ်ခုသာ ရှိ၏။ ယင်းမှာ သူ့အဖေ စိတ်တိုင်းကျ နေရန် ဖြစ်သည်။

သို့ရာတွင် တစ်ခုတည်းသော စိုးရိမ်မှုသာ ရှိ၏။ ယင်းမှာ သူ့အဖေ စိတ်တိုင်းကျအောင် မနေတတ်ခြင်းသာ ဖြစ်၏။

သူ့အဖေ ဒေါက်တာ ရှော့ဆီက သူ့အား စိတ်တိုင်းမကျ ဖြစ်ခြင်းမှာ လုံလောက်သော အကြောင်း ရှိသည်ဟု သူ ထင်သည်။ သူ့အစ်ကို ဖရင့်သည် ကယ်လီဖိုးနီးယား ပြည်နယ် တစ်ခုလုံးတွင် နာမည် အကျော်ဆုံး နောက်တန်း ဘောသမား။ သူက ပိန်ချည့်ချည့်၊ အားကစား ဆို၍ ဘာမျှ ဝါသနာ မပါသူ။ အဖေသည် ဘောသမား သားကြီးကို ဂရုစိုက်နေသည့် အတွက် သားငယ် ဖြစ်သည့် သူ့ အပေါ်တွင် ဂရုစိုက်ချိန် ကောင်းကောင်း မရ။

ဒင်နီသည် သူ့အစ်ကို ဖရင့်လို မဟုတ်။ အတန်းထဲတွင် စာတော်သည်။ အဖေသည် သူ့ကို အထင်ကြီးဟန် မပြ။ သူ့အစ်ကို ဖရင့်သည် အရပ် ခြောက်ပေ နှစ်လက်မ ရှိပြီး သူ့ထက် ခေါင်းတစ်လုံးစာလောက် ပိုမြင့်သည်။ ဘောလုံးကွင်းထဲသို့ သူ ဆင်းလာလျှင် ပရိသတ် အပေါင်းက မတ်တတ်ထ၍ သောင်းသောင်းဖြဖြ လက်ခုပ်သြဘာ ပေးခံရသူ ဖြစ်သည်။

ဆံပင်နီနီ၊ မျက်မှန်လက်လက်နှင့် ဒင်နီသည် ထိုသို့သော သြဘာလက်ခုပ်သံများနှင့် ဘာမျှမဆိုင်။ ဒင်နီသည် ထူးခြားသည့် စန္ဒရားသမား တစ်ယောက် ဖြစ်သည်။ သူ့အမေကလည်း ထိုအတိုင်းပင် ပြောသည်။ ထူးခြားပုံ



www.burmeseclassic.com

www.burmeseclassic.com

မှာ အရွယ်နှင့် မလိုက်။ တခြား မိဘများ ဆိုလျှင် သူတို့သား အတွက် များစွာ ဂုဏ်ယူကြပေလိမ့်မည်။ သို့ရာတွင် ဒေါက်တာ ရှော့ဆီကား သူ့သားငယ် ပရိသတ်ထဲတွင် စန္ဒရား တီးတော့မည် ဆိုလျှင် တစ်ခါမျှ နားထောင်လေ့ မရှိ။

ဤတွင် ဒင်နီသည် သူ့အစ်ကိုကို မနာလိုဝန်တို ဖြစ်သည်။ ထို့နောက် ဒေါသ ထွက်သည်။ တဖြည်းဖြည်းနှင့် အမုန်းကြီး မုန်းလာသည်။ ဖရင့်သည် နတ်ဘုရား မဟုတ်။ သူလို ကိုယ်လို လူသား။ တစ်နေ့တွင် သူ့အဖေသည် သူ့ကိုလည်း အသိအမှတ် ပြုလာရမည်။

သို့ရာတွင် ၁၉၅၀ ခုနှစ်၌ တိုက်လေယာဉ်မှူး တစ်ဦး ဖြစ်သူ ဖရင့်သည် ကိုရီးယား စစ်ပွဲတွင် ပစ်ချခံရသည်။ ဒင်နီ၏ မနာလို ဝန်တိုမှုသည် ပျောက်သွား၏။ သူ့အစ်ကို အပေါ်တွင် မုန်းခဲ့မိသည့် အတွက် သူ စိတ်မကောင်း ဖြစ်သည်။ ထို့နောက် သံဝေဂ ရသည်။ သူ့တွင်လည်း တာဝန် ရှိသည်ဟု သူ ထင်သည်။ သူသည် သူ့အစ်ကို သေအောင် ဆုတောင်းခဲ့မိသည့်နှယ်။

ကျောင်း အားကစားကွင်းကြီးကို ဖရင့် အမည်သို့ ဂုဏ်ပြု၍ အမည် ပြောင်းသည့် အခမ်းအနား၌ သူ့အဖေသည် စိတ်မထိန်းနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုသည်။ ဒင်နီသည် သူ ချစ်သည့် အဖေကို ဝမ်းပန်းတနည်းဖြင့် ကြည့်၏။ အဖေ နှစ်သိမ့်မှုရအောင် သူ ကြိုးစားမည်ဟု ဆုံးဖြတ်သည်။ သို့ရာတွင် သူ့အဖေ ကျေနပ်အောင် သူ မည်သို့ လုပ်ရမည်နည်း။

သူ့ အဖေသည် ဒင်နီ စန္ဒရားကျင့်သံကို ကြားလျှင် စိတ်ဆိုးသည်။ သွားဆရာဝန် တစ်ယောက် ဖြစ်သော ဒေါက်တာ ရှော့ဆီအဖို့ လွန်များ တဒီးဒီး မြည်သံကြောင့် နားငြီးလှပြီ။ ထို့ကြောင့် ဒေါက်တာ ရှော့ဆီသည် သူ့သားငယ် စန္ဒရားကျင့်ရန် မြေတိုက်ခန်းထဲတွင် ဖော့တွေ တပ်ထားသည့် အလုံခန်း တစ်ခန်း ဆောက်ပေးသည်။

အဖေသည် သူ့ကို အလိုလိုက်သည့် အနေဖြင့် ထိုအခန်းကို ဆောက်ပေးခြင်း မဟုတ်ကြောင်း ဒင်နီ သိသည်။ အဖေသည် သူ့ကို မြင်လည်း မမြင်ချင်၊ သူ့ လက်သံကို ကြားလည်း မကြားချင်သောကြောင့် အလုံခန်း ဆောက်ပေးခြင်းသာ ဖြစ်သည်။

သို့တိုင်အောင် ဒင်နီသည် သူ့အဖေ အချစ်ကို ခံချင်သည်။ ထိုသို့ အချစ်ခံရအောင်လည်း ကြိုးစားမည်ဟု ပိုင်းဖြတ်သည်။ အဖေသည် အားကစားကို ဝါသနာ ပါသူ ဖြစ်သည့် အတွက် အားကစား လေ့ကျင့်ခန်း တစ်ခု လုပ်ရန် သူ ဆုံးဖြတ်သည်။





သူ့ အသက်အရွယ်တွင် အကောင်းဆုံး အားကစားနည်းမှာ အပြေးကျင့်သည့် လေ့ကျင့်ခန်း တစ်ခုတည်းသာ ရှိသည်။ ထို့ကြောင့် ဒင်နီသည် အပြေး အားကစား ဆရာ တစ်ဦးထံ သွား၍ နည်းနာ ယူသည်။

ယခု ဆိုလျှင် ဒင်နီသည် မနက် ခြောက်နာရီ အိပ်ရာထ၊ အဝတ်အစား လဲ၊ အိမ်မှ ထွက်လာ၍ အပြေး လေ့ကျင့်သည်။ ပြေးစတွင် ခြေထောက်တွေ နာနေသည်။ သို့ရာတွင် ကြိတ်မှိတ် ခံ၏။ သူ အပြေးကျင့်ကြောင်းကိုလည်း မည်သူ့ကိုမျှ မပြော။ သူ ထူးချွန်မှ အဖေ့ကို ပြလိုက်ဦးမည်ဟု အားခဲသည်။

နွေဦးပေါက် ရာသီ ပထမဆုံးရက်တွင် အပြေး ဆရာက သူ့ အဖွဲ့သားများ၏ ကျန်းမာရေးကို စမ်းသပ်ရန် တစ်မိုင် အပြေးခိုင်းသည်။ တာ လေးပုံ သုံးပုံ အထိ ဒင်နီသည် ကျင့်သားရပြီး အပြေးသမားများနှင့် အတူ လိုက်နိုင်သည်။

ထိုစဉ် သူ့ အာခေါင်တွေ ခြောက်လာကာ ရင်ထဲတွင် မီးစကြီး ထိုးဆွသလို ပူလာသည်။ ခြေကလည်း လေးလာ၏။ ကွင်းလယ်ကောင်မှ ရပ်ကြည့်နေသည့် ဆရာက 'ဒင်နီ ဆက်ပြေး ဆက်ပြေး၊ မရပ်နှင့်' ဟု လှမ်းအော်သည်။

ဒင်နီသည် အဖေ အထင်သေးခံရမည် စိုးသဖြင့် နောက်ဆုံးတာ တစ်စိတ်ကို ခြေကုန်သုတ်သည်။ ပန်းဝင်သည်နှင့် မြက်ခင်းပေါ်သို့ ပစ်လှဲချလိုက်၏။ အသက်ကို ကောင်းကောင်း မရှူနိုင်။ ဆရာက စံချိန် နာရီကို ကြည့်ရင်း သူ့ကို ငုံ့ကြည့်နေသည်။

'မဆိုးဘူးဟေ့၊ ငါတောင် အံ့ဩသွားတယ်၊ ငါးမိနစ် လေးဆယ့်ရှစ်စက္ကန့်နှင့် ရတယ်၊ ဆက်ကျင့်ရင် ဒီထက် မြန်မယ်၊ အမှန်ကတော့ တို့ပွဲတွေမှာ ငါးမိနစ်လောက်နှင့် ဝင်နိုင်ရင် စံချိန်ကျိုးနေပြီ၊ သွား၊ အားကစားရုံ သွားပြီး ဝတ်စုံနှင့် ဖိနပ် ထုတ်ချည်'

သူ့ ပန်းတိုင် ရောက်ခါနီးသည့်အတွက် ဒင်နီသည် ညနေ စန္ဒရားကျင့်သည့် အချိန်ကိုပင် ရပ်ထားကာ အပြေးကျင့်သည်။ နှစ်ဖာလုံ ကွင်းကို ဆယ်ခါ ဆယ့်ငါးခါလောက် ပတ်ကျင့်သည်။ တစ်ပတ် ပြေးပြီးတိုင်း မောလိုက်သည်မှာ ဆိုဖွယ် မရှိ။

သီတင်းပတ်ပေါင်း များစွာ ကြာသည့်အခါ သူ့ ကြိုးစားမှုကို ဆုချသည့် အနေဖြင့် အပြေးဆရာက ဗယ်လီ အထက်တန်းကျောင်းနှင့် ပြိုင်သည့် အပြေးပွဲတွင်



www.burmeseclassic.com

www.burmeseclassic.com



သုံးမိုင် တာဝေးသမား အဖြစ် ရွေးသည်။

ဒင်နီသည် ထိုညတွင် သူ့ အဖေကို ပြောပြ၏။ ဒင်နီက သူ ရှုံးနိုင်သည်ဟု ပြောသည့်တိုင် ဒေါက်တာ ရော့ဆီက ပြိုင်ပွဲ ဝင်ပြိုင်ရန် တိုက်တွန်းသည်။

ထို စနေနေ့ ညနေတွင် ဒင်နီသည် သူ့ ကလေး ဘဝတွင် အပျော်ဆုံး သုံးမိနစ်ကို တွေ့ကြုံလိုက်ရ၏။

တာ အထွက်တွင် သူတို့တစ်တွေ တန်းစီပြီး တထိတ်ထိတ်နှင့် တာ လွှတ်မည့် အချိန်ကို စောင့်နေစဉ် ဒင်နီသည် ရှေ့ဆုံးတန်းတွင် ထိုင်နေသော အဖေနှင့် အမေကို မြင်ရသည်။

'လူလေး၊ အားကုန် ပြေးလိုက်စမ်း၊ ရော့ဆီမျိုး အကြောင်းကို သိအောင် ပြလိုက်စမ်း' ဟု အဖေက အားပါးတရ ပြောသည်။

ထိုစကားများကြောင့် ဒင်နီ အားတက်သွားသည်။ မှန်မှန် ပြေးဖို့ သတိပေးနေသည့် အပြေးဆရာ၏ စကားများကိုပင် ကောင်းကောင်း မကြားလိုက်။ အချက်ပေး သေနတ် ဖောက်လိုက်သည်နှင့် ဒင်နီသည် ရှေ့ဆုံးမှ ထွက်လာကာ တစ်အုပ်လုံးကို နောက်တွင် အပြတ်အသတ် ချန်ရစ်ခဲ့သည်။

သူ့သားသည် အပြေး ချန်ပီယံဟု သူ့အဖေ ထင်နေသည်။

အပြေးဆရာကမူ တာထွက်တွင် သည်လောက် ပြတ်အောင် ပြေးရမလားဟု စိတ်ဆိုးသည်။

တစ်ပတ် ပြေးပြီး၍ အဖေတို့ စင်ရှိရာသို့ လှမ်းကြည့်လိုက်သည်။ သူ့ တစ်သက်တွင် တစ်ခါမျှ မမြင်ရသည့် အရာကို သူ မြင်ရ၏။ အဖေ၏ ဂုဏ်ယူ ဝင့်ကြွားသော အပြုံး ဖြစ်သည်။

'ဟော့ ဒင်နီ၊ ၁၇ စက္ကန့်ပဲ ရှိသေးတယ်ကွ၊ သိပ် မြန်နေတယ်၊ မြန်လွန်းနေတယ်' ဟု ဆရာက အော်သည်။

'ပြေးကွ၊ ပြေး' ဟု အဖေက အော်၏။

အဖေနှင့် အမေတို့ အားပေးနေသဖြင့် ဒင်နီသည် နောက် ကိုက်လေးရာတွင်လည်း ရှေ့က ပြေးနေ၏။

တာ တစ်ဝက် ကျိုးသည့် အချိန်အထိ ရှေ့က ပြေးနေဆဲ။ သို့ရာတွင် အဆုတ်များမှာ ပေါက်ကွဲတော့မတတ် ဖြစ်နေလေပြီ။ နောက် တစ်ကွေ့သို့ အရောက်တွင် အောက်စီဂျင် မရတော့။ အားကစားသမားတို့ ပြောလေ့ ရှိသည့် အမောဆို့ခြင်းမျိုးဖြင့် လဲကျ သေသွားတော့မည်ဟုပင် ထင်သည်။

နောက်က လူသည် သူ့အားမှ ဖြတ်ကာ သူ့ကို ကျော်တက်သွား၏။





'ဟော့ ဒင်နီ၊ ပြေးစမ်းပါ၊ ဇွဲ မရှိဘူးလား' ဟု အော်နေသော အဖေ့ အသံကို ကြားနေရသည်။

သူ ဝန်းဝင်သွားသည့် အခါတွင် လက်ခုပ် တီးကြ၏။ ရှုံးသော်လည်း ဝန်းတိုင် ရောက်အောင် ပြေးနိုင်သည့် အရှုံးသမား တစ်ယောက်ကို အားပေး နှစ်သိမ့်သည့် လက်ခုပ်သံများသာ ဖြစ်သည်။

အားကုန် မူးဝေလျက်ရှိရာမှ စင်မြင့်ဆီသို့ သူ လှမ်းကြည့်လိုက်၏။ အမေက အားပေးသည့် အနေဖြင့် ပြုံးလျက်။ အဖေ့ကိုမူ မမြင်ရတော့။ အိပ် ကော်ဆိုးကြီး တစ်ခုကို မက်နေရသည်နှင့် အတူတူ။

အပြေးဆရာကမူ ကျေနပ်သည်။

'မင်းလောက် ဇွဲကောင်းတဲ့ ကောင်မျိုး ငါ တစ်ခါမှ မတွေ့ဖူးသေးဘူး၊ ငါးမိနစ် ဆယ့်ငါးစက္ကန့်နှင့် ရခဲ့သားပဲ၊ အလားအလာ ရှိပါတယ်'

'ပြေးလှမ်းပေါ်မှာတော့ အလားအလာ မရှိတော့ဘူး ဆရာ၊ ကျွန်တော် ရပ်တော့မယ်'

သူ စိတ်ပျက်သည်။ သူ ကြိုးစားသမျှသည် အရာမထင်။ ပို၍ပင် ဆိုးလာသေးသည်။ သူ ရှုံးခဲ့ရသည့် နေရာသည် သူ့အစ်ကိုကို ဂုဏ်ပြု၍ အမည် ပေးထားသည့် ဖရင့် ရော့ဆီ အားကစားကွင်း။

ဒင်နီသည် ရက်ရက်ဖြင့် သူ့ဘဝပေါင်းကို ပြန်ရောက်လာ၏။ စန္ဒရား ခလုတ်များသည် သူ့အဖို့ စိတ်ပျက် အားငယ်ခြင်း ဟူသမျှတို့မှ ထွက်ပေါက်။ တခြား ဘာကိုမျှ စိတ်မဝင်စားတော့ဘဲ စန္ဒရားကို နေ့ရော ညပါ ကျင့်သည်။

အသက် ခြောက်နှစ်သား ကတည်းက သူ စန္ဒရား သင်ခဲ့သည်။ သို့ရာတွင် ဆံပင်ဖြူဖြူနှင့် စန္ဒရား ဆရာမကြီးက ဒင်နီသည် သင်ရိုး ကုန်ပြီ၊ သူ ဘာမျှ မသင်နိုင်တော့ဟု ပွင့်ပွင့်လင်းလင်း ဖွင့်ပြောသည်။ သူ့သားကို ဆန် အိန်ဂျယ်လို ကောလိပ်တွင် ဂီတဆရာ လုပ်နေသည့် ဗီယင်နာမှ စန္ဒရားဆရာ ဂုစတပ် လင်ဒေါ ထံသို့ ပို့ပါဟု အကြံပေးသည်။

ဆရာကြီးက ဒင်နီ၏ လက်သံကို နားထောင်ပြီး သဘောကျသွားကာ သူ့ တပည့်အဖြစ် လက်ခံလိုက်၏။

'ဆရာကြီးက ပြောတယ်၊ ကလေးက အရွယ်နှင့် မလိုက်အောင် တော်တယ်တဲ့၊ ဒီပညာနှင့် အသက်မွေးရင်တောင် ဖြစ်တယ်တဲ့' ဟု အမေက အဖေ့ကို ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com

'ဟုတ်လား' ဟု အဖေက တစ်ခွန်းတည်း ပြောသည်။ ထိုမှအပ မည်သည့် ထင်မြင်ချက်ကိုမျှ မပေး။

စန္ဒရား ဆရာကြီး ဒေါက်တာ လင်ဒေါသည် စည်းကမ်းကြီးသူ ဖြစ်သည့်တိုင် နူးညံ့ သိမ်မွေ့သည်။ သူ့အဖို့ ခင်နီသည် စံပြ တပည့် တစ်ဦး။ ပါရမီ ရှိရုံမျှမက ကြိုးစားလည်း ကြိုးစားသည်။ ဆရာကြီးက ဇာနီ၏ တီးလုံးကို တစ်နေ့လျှင် တစ်နာရီ ကျင့်ရန် ပြောသော်လည်း ခင်နီသည် သုံးလေးနာရီ ကျင့်သည်။

'ကျွန်တော့်လက် တိုးတက်လာရဲ့လား ဆရာကြီး' ဟု ခင်နီက မရဲတရဲ မေးသည်။

'တိုးတက်တာပေါ့ကွ၊ ဒီလောက်လည်း မကြိုးစားပါနှင့်၊ အသက် ငယ်ငယ်လေးပဲ ရှိသေးတာ၊ အပြင်ကလေး ဘာလေး ထွက်ပြီး ပျော်ပျော်ပါးပါးလည်း နေပါဦး'

သို့ရာတွင် ခင်နီတွင် အချိန်မရှိ။ ပျော်ပျော်ပါးပါး ဆိုသည့် ကိစ္စများကိုလည်း သူ နားမလည်။ မြန်မြန် တော်ချင်သည်။ ကျောင်းတက်သည့် အချိန်နှင့် အိပ်ချိန်မှ လွဲလျှင် စန္ဒရားခုံတွင် အချိန်ကုန်သည်။

အဖေသည် သူ့သား၏ အပေါင်းအသင်း မဆုံပုံကို သတိမပြုမိဘဲ နေသည် မဟုတ်။ ထိုအခါတွင် သူ စိတ်ဆိုးသည်။

'ဟေ့ အမေကြီး၊ မင်း သား ဒီလို နေတာဟာ မကောင်းဘူးကွ၊ ဒီထဲမှာ အချိန် ကုန်လွန်းတယ်၊ ဒီပြင် နေရာတွေမှာ ညံ့တိုင်း ဒီနေရာမှာ တော်အောင် လုပ်နေသလား မသိဘူး၊ သူ့အရွယ်မှာ ပိုးတာ ပန်းတာတို့ ဘာတို့ ရှိဖို့ ကောင်းတာပေါ့၊ အကြီးကောင် ဖရင့် ဆိုရင် ဒီအရွယ်မှာ ကောင်မလေးတွေ ဝိုင်းဝိုင်းလည်နေပြီ'

သူ့လို အဖေက မွေးသည့် သားမျိုးသည် အနုပညာကို ထိုမျှ လိုက်စားနေလျှင် ယောကျ်ား မပီသရာ ရောက်တော့မည်ဟု တွေးမိတိုင်း စိတ်ဆင်းရဲရသည်။

အမေကမူ သားအဖ နှစ်ယောက်ကို ထို့ထက် ရင်းနှီးလာစေချင်သည်။ သို့ ရင်းနှီးလာလျှင် အဖေ၏ အထင်သေးစိတ်သည် ပျောက်သွားလိမ့်မည်ဟု ယူဆသည်။

ထို့ကြောင့် နောက်တစ်နေ့ ညစာ စားပြီးသည့် အချိန်တွင် အမေသည် သားအဖ နှစ်ယောက်တည်း ထားပစ်ခဲ့ကာ ရှောင်ပေးသည်။ သူတို့ သားအဖ





စကား ပြောကြပေ့စေပေါ့။

ခင်နီနှင့် စကားပြောရသည်ကို သူ သဘောမကျ။ ထို့ကြောင့် အဖေ စိတ်တိုနေသည်။

'ကျောင်းမှာ အဆင်ပြေရဲ့လား'

'ပြေတာလည်း ပြေပါတယ်၊ မပြေတာတွေလည်း ရှိပါတယ်'

ခင်နီသည်လည်း သူ့အဖေ ကဲ့သို့ပင် ကသိကအောက် ဖြစ်နေသည်။

အဖေသည် ထိတ်လန့်နေသည့် စစ်သား တစ်ယောက်လို မိုင်းတွေ မြှုပ်ထားသည့် ကွင်းကို တက်နင်းမိမည်ကို စိုးရိမ်နေသည်။

'ဘာတွေ အဆင်မပြေတာလဲ'

'ကျောင်းက သူငယ်ချင်းတွေကတော့ ကျွန်တော့်ကို ခပ်ကြောင်ကြောင်လို့ ထင်နေကြတာပေါ့၊ ဒါပေမဲ့ ဂီတသမား ဆိုတာ ကျွန်တော့်လိုချည်းပါပဲ'

'ကျွန်တော့်လို ဆိုတာ ဘယ်လိုလဲကွ'

ဒေါက်တာ ရှော့ဆီ ချွေးပြန်စ ပြုလာသည်။

'ဩော်... ဂီတထဲမှာပဲ နစ်မြုပ်နေကြတာပေါ့၊ ကျွန်တော်လည်း ဒီအတိုင်းပါပဲ၊ ဂီတဟာ ကျွန်တော့် ဘဝ ဖြစ်ချင်တယ် အဖေ'

ဒေါက်တာ ရှော့ဆီက မည်သို့ ပြန်ပြောရမည် မသိ။ တိတ်ဆိတ်နေသည်။

'အေး၊ မင်းဟာ ငါ့သား ဆိုတာ သတိထားပါ'

အဖေက တစ်ခွန်းသာ ပြောသည်။ သူ့သားကို ချစ်ကြောင်းကို ပြောင်ပြောင် မပြောဘဲ သွယ်ဝိုက် ပြောသည့်စကား။

'ဟုတ်ကဲ့၊ ကျွန်တော် စန္ဒရား သွားကျင့်လိုက်ဦးမယ်'

ခင်နီ ထွက်သွားသည့် အခါ၌ ဒေါက်တာ ရှော့ဆီသည် အရက် တစ်ခွက်ကို ငှဲ့သည်။ အင်း တော်သေးတာပေါ့လေဟု သူ တွေးသည်။ အခြားအရာများကို ဝါသနာပါမည့် အတူတူ ဂီတကို ဝါသနာပါသည်က ပိုကောင်းသည်။

ဆယ့်ခြောက်နှစ်မြောက် မွေးနေ့ပြီးသည့် နောက်တွင် ခင်နီသည် ကျောင်းက တီးဝိုင်းများတွင် တစ်ကိုယ်တော် စန္ဒရား တီးပြ၏။ ဆရာကြီး၏ လမ်းညွှန်ချက်ဖြင့် ဗရမ်း၏ ခက်ခဲလှသော ဒုတိယ စန္ဒရား ကွန်ချာတိုကို တီးပြသည်။ ခုံထဲတွင် သူ့မိဘတွေ အပါအဝင် ပရိသတ်တွေ အပြည့်။

မျက်နှာ ဖြူဖပ်ဖြူရော်ဖြင့် စင်ပေါ်သို့ တက်လာသည့် အခါတွင် ခုံး


www.burmeseclassic.com

www.burmeseclassic.com

နေသော မီးမောင်းမှ အရောင်ကို မြင်ရသည်။ မျက်မှန် တပ်ထားသော သူ့မျက်လုံးများသည် ဘာကိုမျှ မမြင်ရ။ စန္ဒရားနားသို့ ရောက်သည့် အခါတွင် သူသည် သွက်ချာပါဒ လိုက်သူလို ဖြစ်နေသည်။

ဆရာကြီးက သူ့အနားသို့ လျှောက်လာကာ

'ဘာမှ မစိုးရိမ်နှင့်၊ အဆင်သင့် လုပ်ထား'

ဒင်နီ၏ အကြောက်သည် ချက်ချင်း ပျောက်သွား၏။

လက်ခုပ်သံများက မစဲနိုင်။

ဦးညွတ်၍ သူ့ ဆရာကြီးကို လက်ဆွဲ နှုတ်ဆက်လိုက်သည့် အခါ ဆရာကြီး၏ မျက်လုံးတွင် မျက်ရည်တွေ ဝဲနေသည်ကို မြင်ရသည်။

ဆရာကြီးက သူ့ တပည့်ကို ပွေ့ဖက် နှုတ်ဆက်၏။

'ဒီနေ့ ညကတော့ ငါ့သား အတွက် အဖေ ဂုဏ်ယူတယ်ကွာ'

မိဘ၏ အချစ်ကို မွတ်သိပ် တောင့်တခဲ့သည့် သား တစ်ယောက် အဖို့ ထိုစကားများသည် ပီတိကြီးစွာ ဖြစ်ဖို့ကောင်းသည်။ သို့ရာတွင် ထိုညကမူ ဒင်နီသည် ခံစားမှု အသစ် တစ်ခုဖြင့် ယစ်မူးနေသည်။ ထို ခံစားမှုသစ်သည် ပရိသတ်၏ ချစ်ခင် မြတ်နိုးမှု။

အထက်တန်းကျောင်းသို့ ရောက်ကတည်းက ဒင်နီသည် ဟားဗတ် တက္ကသိုလ်သို့ သွားချင်နေသည်။ တက္ကသိုလ်သို့ ရောက်လျှင် ဆရာ ကော်ရယ် သွန်ပဆန်၏ အဆိုပညာကို သင်ရမည်။ အတီးဆရာ ဝေါလတာ ပစ္စတန်၏ အတီးပညာကို သင်ရမည်။ ထို မျှော်လင့်ချက်ကြောင့်သာလျှင် အထက်တန်းတွင် သင်ခဲ့ရသည့် သိပ္ပံ၊ သင်္ချာနှင့် ပြည်သူ့ နီတိတို့ကို သူ အောင့်အည်း သင်ယူခဲ့ခြင်း ဖြစ်သည်။

အဖေကမူ သူ့သားကို ပရင့်စတန် တက္ကသိုလ်သို့ ထားချင်သည်။ ပရင့်စတန်မှ ဖစ်ဇ်ဂျရယ်တို့လို စာရေးဆရာ အကျော်အမော်တွေ ထွက်သည်။ သားအကြီးတုန်းကလည်း ပရင့်စတန်တွင် မထားလိုက်ခဲ့ရ။

သို့ရာတွင် ဒင်နီက သူ့စကားကို နားမဝင်။ နောက်ဆုံးတွင် အဖေသည် လက်လျှော့လိုက်၏။

'ဒီကောင်ကို ပြောလို့ရမှာ မဟုတ်ပါဘူး၊ သူ ကြိုက်တဲ့ နေရာမှာပဲ နေပေ့စေတော့' ဟု အဖေက ပြောသည်။

သို့ရာတွင် အဖေ၏ သဘောထားကို ပြောင်းလဲစေသည့် အဖြစ်အပျက် တစ်ခု ပေါ်လာ၏။ ၁၉၅၄ ခုနှစ်တွင် အယူသီးသည့် အထက် လွှတ်တော်





အမတ် မက္ကာသီးက 'ကွန်မြူနစ်တို့ ခိုလှုံရာ ဟားဗတ် တက္ကသိုလ်' ကို ခဲလာခဲ့သည်။ အချို့သော ပါမောက္ခများက မက္ကာသီး၏ ပေါ်လစီကို လက်မခံကြ။ ခေါင်းမာသည့် ဟားဗတ် တက္ကသိုလ် အဓိပတိ ဒေါက်တာ ပူးဆေးကလည်း ထိုပါမောက္ခများကို ထုတ်ပစ်ရန် ငြင်းဆန်သည်။

'ဒီမှာ ငါ့သား၊ မင်း အစ်ကို ဖရင့်ဟာ ကွန်မြူနစ် ဝါဒရဲ့ အန္တရာယ်ကို တိုက်ရင်း ကျဆုံးသွားခဲ့ရတယ်၊ ဒီတော့ ကွန်မြူနစ်တွေ လွှမ်းမိုးနေတဲ့ တက္ကသိုလ်ကို မင်း ဘာကြောင့် သွားရမှာလဲ'

ဒင်နီက ဘာမှ မပြော။ ဂီတသည် နိုင်ငံရေး မဟုတ်။ ထို့ကြောင့် သူ့အတွက် ဘာမျှ ပြောစရာ မရှိ။

သားနှင့် အဖေ သဘောကွဲနေသည့် ကြားတွင် အမေသည် ကြားနေ၏။ ထို့ကြောင့် သူ့ အခက်အခဲကို ဖွင့်၍ တိုင်ပင်ရမည့်သူ ဆို၍ ဆရာကြီး လင်ဒေါ တစ်ယောက်သာ ရှိတော့သည်။

ဆရာကြီးသည် တတ်နိုင်သမျှ ရှောင်၏။ သို့ရာတွင် တစ်ချက်တော့ ဝန်ခံသည်။

'ဆရာကြီးတော့ မက္ကာသီး ဆိုတဲ့ လူကို ကြောက်တယ်ကွာ၊ ဟစ်တလာ ထက်ခါစတုန်းက ဂျာမန်မှာလည်း ဒီလိုပဲ ဖြစ်ခဲ့တာပဲ' ဟု ပြောသည်။

ဆရာကြီး လင်ဒေါသည် စိတ်မကောင်းဟန်ဖြင့် စကားကို ဖြတ်၏။ သူ့ မှတ်ဉာဏ်ထဲတွင် ဒဏ်ရာ ဒဏ်ချက်များသည် မပျောက်ကြသေး။ ထို့နောက် တိုးတိတ်စွာဖြင့်

'ဒီမှာ ငါ့တပည့်၊ တစ်တိုင်းပြည်လုံးဟာ ထိတ်လန့်နေကြတယ်၊ မက္ကာသီးဟာ ဟားဗတ် တက္ကသိုလ်ကို အမိန့် ပေးနိုင်တယ်လို့ ထင်နေတယ်၊ ဘယ်သူ့ကို ထုတ်ပစ်ရမယ်၊ ဘယ်ဝါ့ကို ထုတ်ပစ်ရမယ်လို့ ပြောနေတယ်၊ တက္ကသိုလ် အဓိပတိဟာ သိပ်သတ္တိ ကောင်းတယ်၊ ဒီလို ပုဂ္ဂိုလ်မျိုးကို ဆရာကြီး ချီးကျူးပါတယ်ကွာ'

'ဆရာကြီးက ဘယ်လို ချီးကျူးမှာပါလဲ'

'သူတို့ ကျောင်းကို မင်းကို လက်ဆောင် အဖြစ် ပို့လိုက်မှာပေါ့'

ဆရာကြီးက ထက်မြက်သည့် သူ့တပည့် အနားသို့ ကပ်၍ ခပ်တိုးတိုး ပြောသည်။

မေလကျောင်းဖွင့်ရက်သို့ ရောက်လာသည်။ တက္ကသိုလ်များမှ မိုးတို့ တက္ကသိုလ်


www.burmeseclassic.com

www.burmeseclassic.com


များသို့ တက်ရန် ဖိတ်ခေါ်ကြသည်။ ပရင့်စတန်၊ ဟားဗတ်၊ ယေးလ်၊ စတင်းဖို့ တက္ကသိုလ်။ တက္ကသိုလ်များ အားလုံးကပင် ဒင်နီကို လိုချင်ကြသည်။ ဒေါက်တာ ရော့ဆီသည် ထိုစာများကို ကြည့်၍ ကျေနပ်သည်။ သို့ရာတွင် သူ့သား ကျောင်းအရွေး မှားမည်ကိုမူ သူ စိုးရိမ်သည်။

ထို သီတင်းပတ် အကုန်တွင် အဖေက အရေးကြီးသည့် မေးခွန်းကို မေး၏။ မည်သည့် တက္ကသိုလ်သို့ တက်မည်နည်း။

'ကျွန်တော် ဟားဗတ်ကိုပဲ သွားချင်တယ် ဖေဖေ'

တစ်ခန်းလုံး တိတ်ဆိတ်သွား၏။

ယခုအချိန် အထိ ဒင်နီ မျှော်လင့်ချက်ကို မစွန့်သေး။ သူ တကယ် သွားချင်နေသည် ဆိုလျှင် အဖေသည် အလျှော့ပေးလိမ့်မည်ဟု သူ မျှော်လင့်သည်။

သို့ရာတွင် အဖေသည် ကျောက်တုံး တစ်တုံးလို မာကျောသည်။

'ဒီမှာ ငါ့သား၊ တို့တိုင်းပြည်ဟာ လွတ်လပ်တဲ့ တိုင်းပြည် တစ်ပြည်၊ ဘယ်တက္ကသိုလ်ကိုပဲ သွားချင် သွားချင် သွားနိုင်တယ်၊ ဒါပေမဲ့ ငါ့မှာလည်း လွတ်လပ်စွာ သဘောကွဲလွဲခွင့် ရှိတယ်၊ ဒီတော့ မင်း သွားချင်တဲ့ တက္ကသိုလ်ကို သွားဖို့ အတွက် ငါ စရိတ် မထောက်ပံ့နိုင်ဘူး၊ ကဲ မင်းဘာသာ မင်း လွတ်လွတ်လပ်လပ် ကြိုက်သလို ဆုံးဖြတ်ပါ၊ မင်းမှာ လွတ်လပ်စွာ ဆုံးဖြတ်ခွင့် ရှိတယ် ဆိုတာ မင်း ပြောပြီးပြီ'

သူ့အဖေ သဘောကျအောင် ဆိုလျှင် သူ့ မျှော်မှန်းချက်တွေကို စွန့်လွှတ်ရတော့မည်။

ယခုမူ သူသည် အဖေ၏ အကြိုက်ကို မလုပ်နိုင်တော့ပြီ။ နောင်တွင်လည်း မလုပ်နိုင်တော့ပြီ။

'ဒါတော့ ဖေဖေ့ သဘောပေါ့'

သူ့အသံသည် ကွဲအက်နေသည်။

နောက်ထပ် စကား တစ်ခွန်းမျှ မပြောတော့ဘဲ အခန်းထဲမှ သူ ထွက်လာခဲ့သည်။ တံခါးထူထူကြီး နောက်မှ စားပွဲကို လက်သီးဖြင့် ထုနေသော အသံကို ကြားရ၏။

သို့တိုင် သူ့ စိတ်ထဲတွင်မူ လွတ်လပ်နေသည်။



## ဂျေဆန် ဂီးလ်ဗတ်

သူသည် ချောမောသောကလေး ဖြစ်သည်။ အရပ် ထောင်ထောင်မောင်းမောင်း၊ အသားဖြူဖြူနှင့် အက်ပိုလို ကျောက်ဆစ်ရုပ်တုပုံ။ မိန်းမတွေ သဘောကျပြီး ယောကျာ်းတွေ အားကျသော သံလိုက်ဓာတ်မျိုး ရှိသည်။ အားကစား အမျိုးမျိုးတွင် ထူးချွန်သည်။ ဆရာတွေကလည်း သူ့ကို ချစ်ကြသည်။ လူချစ် လူခင်များ၍ မျက်နှာ ပွင့်လန်းသူ ဖြစ်သည့်တိုင် စကားပြော ချိုသာ၍ ရိုသေ ကျိုးနွံသည်။

ချုပ်၍ ပြောရလျှင် သူသည် မိဘတိုင်း အားကျလောက်သည့် သားတစ်ယောက် ဖြစ်သည်။ မိန်းကလေးတိုင်းက သဘောကျသော ချစ်သူမျိုး ဖြစ်သည်။

ဂျေဆန် ဂီးလ်ဗတ်သည် အမေရိကန်တိုင်း ဖြစ်လိုသော စံပြ အမေရိကန်မျိုး ဖြစ်လေသည်။ လူတိုင်းကပင် ထိုသို့ သဘောထားကြသည်။ သို့ရာတွင် တင့်တယ်သော ကိုယ်ဟန် ပြေပြစ်မှု အောက်တွင် ချွတ်ယွင်းချက်ကြီး တစ်ခု ရှိသည်။ ထို ချွတ်ယွင်းချက်ကြီးသည် ဘိုးဘေး အစဉ်အဆက်မှ ပါလာခဲ့ခြင်း ဖြစ်သည်။

ဂျေဆန် ဂီးလ်ဗတ်သည် ရေဝတီ အဖြစ် မွေးဖွားလာခြင်းပေတည်း။

သူ့အဖေသည် ထိုမျိုးရိုးကို ဖုံးကွယ်ရန် အတတ်နိုင်ဆုံး ကြိုးစားခဲ့ပါ၏။ ရေဝတီ ဖြစ်ရခြင်းသည် ရှက်စရာ ဟူသော ဘရွတ်ကလင်မြို့က ကလေးဘဝတွင် ရခဲ့သည့် အမာရွတ်ကြီးကို သူ မမေ့။ ထိုအသိသည် သူ့ဝိဉာဉ်ကို မြိုက်စားနေသည့် အနာကြီး ဖြစ်သည်။ အမေရိကန် လူမျိုး စင်စစ် ဖြစ်ရလျှင် သူ့အဖို့ အစစ အဆင်ပြေပေလိမ့်မည်။

ထို့ကြောင့် သူ့အဖေသည် သူ့ နောက်ဆုံး အမည်ကို ဖြတ်ပစ်ရန် ကြိုးစားခဲ့သည်။ သို့ဖြင့် ၁၉၃၃ ခုနှစ် ဆောင်းဦးပေါက်တွင် တရားရုံး တစ်ရုံးသို့ တက်၍ ဂျက်ကော့ ဂရန်းဝေါ အမည်မှ ဂျေဆန် ဂီးလ်ဗတ် (အကြီး) ဟူသော အမည်သို့ ပြောင်းခဲ့သည်။

နောက် နှစ်နှစ် အကြာတွင် သူတို့ မြို့က ကလပ်တွင် ကျင်းပသည့် နွေဦးပေါက် ကပွဲတွင် အသားဖြူဖြူ မျက်နှာတွင် မှဲ့ခြောက်တွေ ရှိသည့် ချစ်စရာ မိန်းကလေး တစ်ဦး ဖြစ်သူ ဘက်ဆီ နယူမင်နှင့် တွေ့သည်။ သူတို့ နှစ်


www.burmeseclassic.com

www.burmeseclassic.com



ယောက်မှာ ဝါသနာချင်းလည်း တူကြသည်။ နှစ်ယောက်စလုံး ဓာတ်ပွဲ ကြိုက်သည်။ အက ဝါသနာ ပါသည်။ အားကစားကို စိတ်ဝင်စားသည်။ ရေဝတီ လူမျိုးတို့၏ ဘာသာရေး အယူသီးမှုတို့ကိုလည်း ဥပေက္ခာ ပြုနိုင်ကြသည်။

ဘာသာတရား ကိုင်းရှိုင်းသော ဆွေမျိုးများက ထုံးစံအတိုင်း ဘာသာရေး ထုံးတမ်းစဉ်လာတွေနှင့် အညီ မင်္ဂလာဆောင်ခိုင်းမည် စိုးသဖြင့် သူတို့နှစ်ယောက် ထွက်ပြေးကြသည်။

သူတို့ အိမ်ထောင်ရေးက ပျော်စရာ။ ၁၉၃၃ ခုနှစ်တွင် သားယောကျ်ားကလေးကို မွေးသည့်အခါ သူတို့ အိမ်ထောင်ရေးသည် ပို၍ ပျော်စရာ ကောင်းလာသည်။ သားကလေးကို ဂျေဆန် ဂီးလ်ဗတ် ဂျူနီယာဟု အမည်ပေးကြသည်။

မီးခိုးတို့ မွှန်နေသော ဆေးရုံ ဧည့်ခန်းထဲတွင် ထိုင်စောင့်ရင်း သားယောကျ်ားလေး မွေးသည် ဆိုသည့် သတင်းကို ကြားရသည့်အခါ၌ အဖေသည် သန္နိဋ္ဌာန် တစ်ခုကို ချလိုက်၏။ သူ့သားသည် ရေဝတီ မိဘများမှ မွေးသည် ဆိုသည့် အဖြစ်ကြောင့် ဘယ်တော့မှ မျက်နှာမငယ်စေရ။ မဖြစ်စေရ။ သူ့သားငယ်သည် အမေရိကန် လူ့အဖွဲ့အစည်းတွင် ပထမတန်းစား နိုင်ငံသားတစ်ယောက် ဖြစ်ရမည်။

ထိုအချိန်က အဖေသည် အမျိုးသား ဆက်သွယ်ရေး ကော်ပိုရေးရှင်းတွင် ဒုတိယ မန်နေဂျာကြီး တစ်ယောက် ဖြစ်သည်။ သူတို့သည် လောင်း အိုင်းလင်းရှိ သုံးဧက ကျယ်သော ခြံကြီးမှ တိုက်အိမ်ကြီးတွင် နေဆဲဖြစ်သည်။

နောက် သုံးနှစ် အကြာတွင် ညီမငယ် ဂျူလီကို မွေးသည်။ သူ့အစ်ကိုကဲ့သို့ပင် အမေ့ မျက်လုံးပြာပြာနှင့် ငွေရောင်ဆံပင်တို့ကို အမွေ ဆက်ခံသည်။ သို့ရာတွင် ဂျူလီတွင်မူ မှဲ့ခြောက်များ ပါသည်။

သူတို့ ကလေးဘဝသည် ကြည်နူးစရာပင်။ သူတို့ မောင်နှမ နှစ်ယောက်စလုံးသည် အဖေ၏ စနစ်ဇယား အတိုင်း ကြီးပြင်း လူလားမြောက်ခဲ့ရသည်။ ရေကူး သင်ရသည်။ မြင်းစီး သင်ရသည်။ တင်းနစ်ရိုက် သင်ရသည်။ ဆောင်းတွင်း ဆိုလျှင် ရေခဲလျှောစီး သင်ရသည်။

သားငယ်ကို တင်းနစ် ကစားကွင်းတွင် ဘုရင် ဖြစ်အောင် အဖေက ကြီးကြပ် သင်ပေးသည်။

ပထမ အနီးရှိ တင်းနစ် ကလပ် တစ်ခုသို့ ဝင်သည်။ သို့ရာတွင် သား၏ အရည်အသွေးကို မြင်သည့်အခါ အဖေသည် စနေနေ့တိုင်း သူကိုယ်တိုင် ဖောရက်စ်ဟီးသို့ ခေါ်သွားကာ ဝင်ဗယ်ဒမ်နှင့် အမေရိကန် တင်းနစ် ချန်ပီယံ





ရီကာဒို လိုးပက်ဇ်ထံ သွား၍ လေ့ကျင့်စေသည်။ ပွဲတိုင်းကို သူကိုယ်တိုင် ထိုင်ကြည့်ပြီး အားပေးသည်။ ဘယ်ရိုက်ချက် ဘယ်လိုနေသည် စသည်ဖြင့် ဝေဖန်သည်။

အဖေနှင့် အမေသည် သူတို့ သားသမီး နှစ်ယောက်ကို ဘာသာတရား မဲ့သူများ ဖြစ်လာစေချင်သည်။ သို့ရာတွင် ဆိုင်ယိုဆက် မြို့ကလေးတွင် ထိုသို့ နေ၍ မဖြစ်။ ဘာသာတရား မဲ့ခြင်းသည် ဒုတိယတန်းစား နိုင်ငံသား ဖြစ်ရသည်ဆက် ဆိုးကြောင်းကို တွေ့လာရသည်။

ထို့ကြောင့် အနီးရှိ ဘုရားရှိခိုးကျောင်း ဝတ်အသင်းသို့ ဝင်သည်။ သို့ရာတွင် မှန်မှန် ဝတ်တက်ခြင်း မရှိ။ တနင်္ဂနွေနေ့များတွင် သူတို့ မိသားစုသည် ဘုရားရှိခိုးကျောင်းသို့ မှန်မှန် မသွား။ နာတာလူး အားလပ်ရက်တွင် ရေခဲလျှောစီး ရောက်နေတတ်ပြီး အီစတာနေ့များတွင် ပင်လယ်ကမ်းခြေသို့ ရောက်နေတတ်ကြသည်။ သို့ရာတွင် သူတို့သည် ဝတ်အသင်းဝင်များ အဖြစ်တော့ ရှိနေကြသည်။

သူတို့၏ ရေဝတီမျိုးရိုးကို ကလေးငယ်များအား ဖုံးဖိထားလျှင် နောင်တစ်နေ့တွင် သိမ်ငယ်စိတ် ပေါ်မည်ကို စိုးရိမ်သည်။ ထို့ကြောင့် သူတို့ မျိုးရိုးကို ဖွင့်ပြောကာ မိမိတို့သည် ကမ္ဘာဟောင်းမှ နေ၍ အမေရိကန်ပြည်သို့ ရောက်လာခြင်း ဖြစ်ကြောင်း အသိပေးထားကြသည်။

ဂျူလီကို ဘော်ဒါသို့ ပို့၍ ကျောင်းထားသော်လည်း ဂျေဆန်ကိုမူ အိမ်မှာပင် နေ၍ အက်တဲ ကျောင်းသို့ တက်စေသည်။ ဂျေဆန်သည် သူတို့မြို့ကလေးကို သဘောကျသည်။ ကောင်မလေးတွေနှင့် ချိန်း၍ လည်ရသည်ကို သဘောကျသည်။ တင်းနစ် ပြီးလျှင် သူ ကြိုက်သည့် အားကစားနည်းမှာ ကောင်မလေးတွေနှင့် လျှောက်လည်ရခြင်း ဖြစ်သည်။ တင်းနစ်တွင် အောင်မြင်သလို ထိုကိစ္စတွင်လည်း အောင်မြင်သူ ဖြစ်သည်။

ဂျေဆန်သည် အတန်းထဲတွင် စာတော်သူ တစ်ယောက် မဟုတ်။ သို့ကိုင်အောင် သူ့ အဆင့်သည် တက္ကသိုလ်သို့ ဝင်နိုင်လောက်ရုံတော့ ရှိသည်။ သူကရော သူ့အဖေကပါ အထက်တန်းကျောင်း အောင်လျှင် ယေးလ် တက္ကသိုလ်သို့ သွားချင်သည်။

ယေးလ် တက္ကသိုလ်သို့ သွားချင်သည့် အကြောင်းမှာ ပညာရေးကြောင့်လည်း ပါသည်။ ကိုယ်ရေးကိုယ်တာကြောင့်လည်း ပါသည်။ ယေးလ် တက္ကသိုလ် ကျောင်းထွက်သည် သုံးမျိုးစပ် မင်းစိုးရာဇာ ဖြစ်သည်။ လူကြီး လူ



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ သုခမိန်နှင့် အားကစားသမားတို့ ပေါင်းစပ်ထားသည့် ပစ္စည်း ဖြစ်သည်။ ဂျေဆန် ကိုယ်တိုင်လည်း ထိုသို့သော တက္ကသိုလ်မျိုးသို့ သွားရန် မွေးလာသူနှင့် တူသည်။

သို့တိုင်အောင် မေလ ၁၂ ရက်နေ့ မနက်တွင် စာတိုက်မှ ရောက်လာသော စာအိတ်ကို ကြည့်ရသည်မှာ မသက်သာစရာ ကောင်းနေသည်။ စာအိတ်က ပေါ့ပေါ့ကလေး။ စာအိတ်ထဲတွင် ပါသည့် စာသည် ခပ်တိုတို စာတစ်စောင် ဖြစ်ရမည်။ ဆွေးဖို့တော့ ကောင်းသည်။

ယေးလ် တက္ကသိုလ်က သူ့ ဝင်ခွင့် လျှောက်လွှာကို ပယ်ချလိုက်လေပြီ။

ကျောင်းတွင် သူ့လောက် စာမတော်ရုံမျှမက သူ့လိုပင် မျိုးခြားသွေးပါသည့် တိုနီကို ကျောင်းဝင်ခွင့် ပြုလိုက်သည့် အခါတွင် သူတို့ ဝမ်းနည်းမှုသည် ဒေါသ အဖြစ်သို့ ပြောင်းသွားသည်။

ဂျေဆန်၏ အဖေသည် တစ်ခါက ယေးလ် တက္ကသိုလ် ကျောင်းထွက် ဖြစ်ခဲ့သည့် ကျောင်းအုပ်ကြီးနှင့် ချက်ချင်း သွားတွေ့သည်။

'ဆရာကြီး ခင်ဗျာ၊ တက္ကသိုလ်က တိုနီ့ကိုတော့ လက်ခံပြီး ကျွန်တော့်သားကိုတော့ ဘာဖြစ်လို့ ပယ်ချလိုက်တာလဲ၊ ဆရာကြီး ရှင်းပြပေးပါ'

ဆံပင်တွေ ဖြူနေသည့် ဆရာကြီးက ဆေးတံကို ဖွာရင်း ရှင်းပြသည်။

'တိုနီတို့ အဖေတွေ အဘိုးတွေက ယေးလ် တက္ကသိုလ် ကျောင်းထွက်တွေဗျ၊ သူတို့မှာ အစဉ်အလာ ရှိတယ်၊ အဲဒီအချက်က တော်တော် စကားပြောတယ်၊ အေးလေ အစဉ်အလာ အစွဲအလမ်းက သိပ်ကြီးတာကိုး'

'ဒါတော့ ဟုတ်ပါပြီ ခင်ဗျာ၊ ဟုတ်ပါပြီ၊ ဒါပေမဲ့ ဂျေဆန်လို လူကြီးလူကောင်း တစ်ယောက်၊ အားကစားသမား တစ်ယောက်ဟာ ဘာဖြစ်လို့'

'တော်ပါတော့ ဖေဖေရယ်၊ မပြောပါနှင့်တော့' ဟု ဂျေဆန်က တားသည်။ သို့ရာတွင် အဖေက မရပ်။

'ဒီတော့ ဒီလို ကလေးမျိုးကို ဆရာကြီးတို့ ကျောင်းက ဘာဖြစ်လို့ မလိုချင်သလဲ ဆိုတာကိုတော့ သိပါရစေ'

ဆရာကြီးသည် ကုလားထိုင် နောက်မှီကို မှီသည်။

'ဒီမှာ မစ္စတာ ဂီးလ်ဗတ်၊ ကျွန်တော်က တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့မှာ ဘာ အာဏာမှ ရှိတာ မဟုတ်ဘူး၊ ဘာမှ သိရတာ မဟုတ်ဘူး၊ ဒါပေမဲ့





ကျွန်တော် သိတာ တစ်ခုတော့ ရှိတယ်၊ တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့က လူကြီးတွေက အတန်းတိုင်းမှာ အချိုးအစား ညီညီ ဝင်ခွင့် ပေးချင်တယ်လေ'

'ခင်ဗျာ၊ အချိုးအစား ညီညီ ဟုတ်လား'

'ဟုတ်တယ်၊ ဘယ်ဒေသက ကျောင်းသား ဘယ်လောက် လက်ခံမယ် ဆိုတာရယ်၊ ဒီအထဲမှာ ကျောင်းသားဟောင်းတွေရဲ့ သားသမီးတွေကို ဦးစားပေးရမယ် ဆိုတာရယ်၊ ပြီးတော့ အထက်တန်းနှင့် အောက်တန်းကျောင်းက လာတဲ့ ကျောင်းသား ဦးရေကို မျှပေးရမယ် ဆိုတာရယ်၊ ပြီးတော့ ဂီတသမား၊ အားကစားသမား ဘယ်လောက် ပါရမယ် ဆိုတာရယ်'

အဖေသည် ကျောင်းအုပ်ကြီး စကားကို ရိပ်မိလိုက်သည်။ ထို့ကြောင့် ထက်နိုင်သမျှ ဟန်ဆောင်လျက်က

'ဆရာကြီး ခင်ဗျား၊ ရှင်းရှင်းပဲ ပြောပါ၊ အဲဒီအချက်တွေ အပြင် ဘာသာရေး နောက်ခံ ရာဇဝင်တို့ ဘာတို့လည်း ပါတယ် မဟုတ်လား'

ဆရာကြီးက လေအေးကလေးဖြင့်

'အင်း ဆိုပါတော့လေ၊ ကျွန်တော်တို့ တက္ကသိုလ်မှာ ကျောင်းသားဦးရေ ဘယ်ရွေ့ ဘယ်မျှသာ လက်ခံရမယ် ဆိုတဲ့ သတ်မှတ်ချက်တော့ မရှိပါဘူး၊ ဒါပေမဲ့ ရေဝတီ ကျောင်းသား ဦးရေ ဘယ်လောက် လက်ခံရမယ် ဆိုတာကိုတော့ ကန့်သတ်ထားတယ် ခင်ဗျ'

'ဒါက တရားဥပဒေနှင့်မှ မညီတာ ခင်ဗျာ'

'ဒီလိုတော့လည်း မဟုတ်ပါဘူး၊ ရေဝတီဟာ ကျွန်တော်တို့ တိုင်းပြည်မှာ လူဦးရေရဲ့ နှစ်ရာခိုင်နှုန်းခွဲလောက်ပဲ ရှိတာပဲ၊ အချိုးအစား အတိုင်း ဆိုရင် ကျွန်တော်တို့က လေးဆတောင် ပိုပြီး လက်ခံထားတာပါ'

အဖေ မငြင်းတော့။ ဆရာကြီးသည် သူ့ ကျောင်းတွင် ရေဝတီ ကျောင်းသား ဦးရေ ရာနှုန်းမည်မျှ လက်ခံသည်ကို ကောင်းကောင်း သိသည်။

သူ့အဖေထံမှ ဒေါသမုန်တိုင်းကြီး တိုက်လာတော့မည်ကို ဂျေဆန် သိသည်။ ထိုမုန်တိုင်းကြီးကို သူ ရှောင်သည်။

'ကျွန်တော့်ကို မလိုချင်တဲ့ ကျောင်းတစ်ကျောင်းကို ကျွန်တော်လည်း မသွားချင်ပါဘူး အဖေရာ၊ သူတို့ ယေးလ် တက္ကသိုလ်က လက်မခံလည်း [illegible] ရှိပေါ့'

ဂျေဆန်သည် 'ကျောင်းအုပ်ဆရာကြီးဘက်သို့ လှည့်ကာ ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာကြီး' ဟု ပြော၏။



www.burmeseclassic.com

www.burmeseclassic.com

'ကိုစုခရိုပါဘူးကွာ၊ ဒီလို ခံစားရမယ် ဆိုတာ ငါ နားလည်ပါတယ်၊ တစ်ဖက်ကနေ ကြည့်တော့လည်း ကောင်းပါတယ်၊ တကယ်တော့ မင်း နောက်ထပ် ရွေးမယ့် ကျောင်းဟာ အလွန် ကောင်းတဲ့ ကျောင်းပါ၊ တချို့က တော့ ဟားဗတ် တက္ကသိုလ်ဟာ တို့တိုင်းပြည်မှာ အကောင်းဆုံး တက္ကသိုလ် လို့တောင် ယူဆကြသေးတာပဲ'

## သီယိုဒို လင်းဗရိုစ်

သူသည် အပြင် ကျောင်းသား ဖြစ်သည်။ အချို့သော မိဘများမှာ ငွေရေး ကြေးရေး အခက်အခဲကြောင့် သားသမီးများကို ကျောင်းဆောင်သို့ ပို့၍ မထား နိုင်ကြ။ ထို့ကြောင့် သူတို့သည် နေ့ကျောင်းသား အဖြစ် ဟားဗတ် တက္ကသိုလ် သို့ လာ၍ တက်ကြရသည်။ ညနေ ကျောင်းဆင်းသည်နှင့် ဘတ်စ်ကားဖြင့် ဖြစ်စေ၊ မြေအောက်ရထားဖြင့် ဖြစ်စေ အိမ်သို့ ပြန်ကြရသည်။

သူသည် ထိုသို့သော ကျောင်းသား တစ်ယောက်။

ရယ်စရာတော့ ကောင်းသည်။ သီယိုဒို လင်းဗရိုစ်သည် တက္ကသိုလ် ပရိဝုဏ်ထဲမှာ မွေးဖွားလာခဲ့သူ ဖြစ်သည်။ သူ့အဖေ ဆိုကရေးတီးသည် ၁၉၃၀ ခုနှစ်များ တစ်ဝိုက်တွင် ဂရိမှ အမေရိကန် ပြည်ထောင်စုသို့ ရောက်လာခဲ့ပြီး ဝိုက်ဒင်းနား တက္ကသိုလ် ပိဋကတ်တိုက်ကြီး မြောက်ဘက်ရှိ မက်ဆာချူးဆက် ရိပ်သာ လမ်းမပေါ်တွင် ဖွင့်ထားသည့် မာရသွန် ပျော်ပွဲစားရုံ ပိုင်ရှင် ဖြစ် သည်။

သူ့အဖေ ပျော်ပွဲစားရုံ ပိုင်ရှင်သည် သူ့ဆိုင်အကြောင်းကို အမြဲ ကြွား လေ့ ရှိသည်။ သူ့ဆိုင်သည် အဘိဓမ္မာ ဆရာများသာမက ရူပဗေဒ၊ ဓာတုဗေဒ၊ ဆေးပညာနှင့် ဘောဂဗေဒတို့တွင် နိုဘယ်ဆု ရသူများ လာရောက် စားသောက်ရာဟု သူ အမြဲပြောသည်။ ထိုမျှမက သူ့ဇနီးသည် လုပ်သည့် ရောက်ရည်စိမ် သိုး ကလေးသားကင်သည် အကောင်းဆုံးဟု ဆိုကြသည်။

သူ့သားအကြီး သီယိုဒိုသည် ဟားဗတ် တက္ကသိုလ် ဝင်းထဲတွင် ရှိသည့် ကိန်းဗရစ် အထက်တန်းကျောင်းနှင့် လက်တင်ကျောင်းသို့ တက်နေသူ ဖြစ်သည်။

လင်းဗရိုစ်၏ မိဘများသည် တက္ကသိုလ်မှ ဆရာများ၊ ပညာရှိများကို လေးစား ကြည်ညိုရင်း ရှိသည့် အလျောက် သူတို့ သားငယ်သည်လည်း ဟား





ဗတ် တက္ကသိုလ်ကို သွားချင်သည်မှာ သဘာဝကျသည်။

အသက် ဆယ့်ခြောက်နှစ် ရောက်သည့် အခါတွင် အရပ် မြင့်မြင့်၊ အသား ညိုညိုနှင့် သီယိုဒိုကို သူ့အဖေက အချိန်ပြည့် စားပွဲထိုး အဖြစ် တာဝန် ပေးလိုက်၏။ ဤတွင် သီယိုဒိုသည် တက္ကသိုလ်မှ ပညာရှိ သုခမိန်များနှင့် ပို၍ နီးနီးကပ်ကပ် ဆက်ဆံလာခဲ့ရသည်။ သုခမိန်တွေက သူ့ကို အရေးတယူ နှုတ် ဆက်လျှင်ပင် သီယိုဒို ပီတိ ဖြစ်နေလေပြီ။

ဘာကြောင့် သူ ထိုသို့ ပီတိ ဖြစ်ရသည်ကို သူ စဉ်းစားမရ။ စားစရာ မီနူးကတ်ပြားကလေး တစ်ချပ်ကို ကိုင်လိုက်သည်က အစ ဟားဗတ် တက္ကသိုလ် က ဆရာများ၏ ဟန်ပန်သည် ဘာကြောင့် စွဲမက်စရာ ကောင်းနေရပါလိမ့်။

တစ်ညနေတွင် အဖြေကို သူ တွေ့၏။ ဟားဗတ် တက္ကသိုလ် ဆရာ၏ ဟန်သည် ယုံကြည်မှု အပြည့်ရှိသည့်ဟန်။ တက္ကဗေဒ အကြောင်းကို ပြောနေစဉ်မှာ ဖြစ်စေ၊ ဆရာသစ် တစ်ယောက်၏ ဇနီး အကြောင်းကို ချီးမွမ်း ပြောနေကြစဉ်မှာ ဖြစ်စေ သူတို့၏ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုသည် ရောင်ခြည် တစ်ခုလို အနီး တစ်ဝိုက်တွင် ဖြာထွက်နေသည်ဟု ထင်ရသည်။

ဘာမျှ မရေရာသည့် နိုင်ငံခြားသား တစ်ယောက်၏ သားဖြစ်သော သီယိုဒိုသည် ကိုယ့်ကိုယ်ကိုယ် စောင့်စည်းတတ်သော ဟားဗတ် တက္ကသိုလ် ဆရာတို့၏ အရည်အချင်းကို သဘောကျသည်။ သူတို့၏ ဉာဏ်အမြော်အမြင်ကို အထင်ကြီးသည်။

သူတို့ကို ကြည့်ပြီး သူ့ ဘဝပန်းတိုင် တစ်ခုကို သူ ရှာတွေ့သည်။ သူသည်း သူတို့လို ပညာတတ် သုခမိန် တစ်ယောက် ဖြစ်ရမည်။ ဟားဗတ် တက္ကသိုလ် ကျောင်းထွက် တစ်ယောက်မျှ သာမက ဟားဗတ် တက္ကသိုလ် ပါမောက္ခ တစ်ယောက် ဖြစ်ရမည်။

သူ့ မျှော်မှန်းချက်ကို အဖေကလည်း သဘောကျသည်။

ညစာ ထမင်းဝိုင်းတွင် အဖေက သူ့သားကြီး သီယိုဒို၏ အလားအလာ တို့ကို ပြောပြသည့် အခါတွင် ညီအစ်ကို မောင်နှမများ ဖြစ်သည့် ဒပ်ဖနီနှင့် အယ်လက်ဇန်ဒါတို့ မျက်နှာမကောင်း။

'ဘာဖြစ်လို့များ အစ်ကို့ကို ဒီလောက် အထင်ကြီးနေရသလဲ မသိပါဘူး ဗျာ' ဟု ညီငယ် အယ်လက်ဇန်ဒါက မနာလို ဝန်တိုသံဖြင့် ပြောသည်။

'ဒါကတော့ သူက တော်တာကိုးကွ၊ ငါ့သားသမီးတွေထဲမှာ သီယိုဒိုမှ လင်းဗရိုစ် ဖြစ်မယ့်ကောင်ကွ' ဟု အဖေက ပြုံး၍ ပြောသည်။ အမေသည်



www.burmeseclassic.com

www.burmeseclassic.com


'လင်းဗရိစ်' ဟူသော စကားလုံး၏ နှစ်ခွ အဓိပ္ပာယ်ကို သုံးပြလိုက်ရသဖြင့် ကျေနပ်နေပုံ ရသည်။ လင်းဗရိစ်သည် သူတို့ အမျိုး၏ အမည် ဖြစ်ပြီး ဂရိ ဘာသာစကားတွင် 'တောက်ပသော' ဟူသော အဓိပ္ပာယ်လည်း ထွက်သည်။

ပရက်စကော့ လမ်းဘက်သို့ မျက်နှာမူနေသော သီယိုဒိုရ်၏ အခန်းကလေးမှ မျှော်ကြည့်လိုက်လျှင် ကိုက် နှစ်ရာခန့် အကွာတွင် မီးရောင်တွေ ပြိုးပြက်နေသော ဟားဗတ် တက္ကသိုလ် ဝင်းကြီးကို မြင်ရ၏။ ဘာမျှ မဝေး။ တကယ့် အနီးကလေး။ တစ်ခါတလေ စိတ်ပျက်သည့် အခါများတွင် သီယိုဒိုသည် ထို မီးရောင်များကို ငေးကြည့်ကာ 'ကြိုးစားလိုက်စမ်းပါကွာ၊ ဟားဗတ်ဟာ ငါနှင့် နီးနီးကလေးပါ' ဟု သူ့ကိုယ်သူ အားပေးသည်။ သူသည် ဂရိ ဒဏ္ဍာရီထဲတွင် ပါသည့် အိုဒေးဆီးယတ်စ်လို ဖေစီယျ ကျွန်းအနီး လှိုင်းတံပိုးထန်သော ပင်လယ်ကြီးထဲတွင် ကူးခတ်နေသူ ဖြစ်သည်။ သူ၏ ရှည်လျားလှသော ဘဝ တိုက်ပွဲတွင် သူ့ပန်းတိုင်ကို မြင်နေရပြီ။

ဒဏ္ဍာရီ စိတ်ကူးများဖြင့် သီယိုဒိုသည် ကျွန်းကလေးပေါ်တွင် သူ့ကို စောင့်နေသည့် အပျိုစင်ကို အိပ်မက် မက်ကြည့်သည်။ ကျွန်းပေါ်က နော်ဆီကာ မင်းသမီးလို ရွှေရောင် ဆံပင်တွေနှင့် အပျိုစင် တစ်ဦး။ သီယိုဒို၏ ဟားဗတ် တက္ကသိုလ် အိပ်မက်ကို ရက်ကလစ် သမီးပျိုများကလည်း သဘောကျကြသည်။

သို့ဖြင့် အင်္ဂလိပ်စာ ဂုဏ်ထူးတန်း အတွက် ဟိုးမား၏ 'အိုဒက်ဆေ' ကို သူ ဖတ်၍ အခန်း ၆ တွင် ပါသော ပင်လယ်ကမ်းခြေပေါ်တွင် လာတင်နေသော အမျိုးကောင်းသားကို နော်ဆီကာ မင်းသမီးက ချစ်ခင် စုံမက်သွားခန်းကို ဖတ်ရသည့်အခါ တက္ကသိုလ် မြကျွန်းသာသို့ သူ ရောက်သွားလျှင်လည်း ထိုအတိုင်းပင် ကြိုဆိုကြလိမ့်မည်ဟု သူ မျှော်မှန်းခဲ့သည်။

သို့ရာတွင် သီယိုဒိုသည် အင်္ဂလိပ်စာတွင် အောင်မှတ်လောက်ကိုသာ ရခဲ့သည်။ အတန်းထဲတွင် အမှတ် အများကြီး မရသည့်တိုင် အမှတ်ကတော့ အမြဲတမ်း ကောင်းသည်။ ထို့ကြောင့် အမှတ် အားလုံး ပေါင်းလျှင် ဟားဗတ် တက္ကသိုလ်ကိုတော့ ဝင်ခွင့်ရလိမ့်မည်ဟု သူ မျှော်လင့်သည်။

သီယိုဒိုသည် အတန်းထဲတွင် အဆင့် ၇ မှ အောင်သည်။ ပျမ်းမျှ အမှတ်ထက် သာရုံကလေးသာ ရှိသည်။ ဟားဗတ် တက္ကသိုလ်သည် အလွန် ထူးချွန်သူများကိုသာ လက်ခံလေ့ ရှိရာ ယခု သူက ပျမ်းမျှထက် သာရုံကလေးသာ ရှိသည်။ အမှန်အားဖြင့်လည်း သီယိုဒိုသည် စားပွဲထိုးလုပ်ရင်း စာကျက်ရသူ ဖြစ်သဖြင့် စာအတွက် ကောင်းကောင်း အချိန်မပေးနိုင်။ ထို့ကြောင့် မျှော်



လင့်ချက် သိပ်မထားရန် အဖေ့ကို ပြောရသည်။

သို့ရာတွင် အဖေ အားမလျှော့။ သူ့ ပျော်ပွဲစားရုံတွင် လာကြသည့် ရှေ့နေကြီးများ၏ ထောက်ခံချက်သည် ထိရောက်လိမ့်မည်ဟု သူ ထင်သည်။

ထိလည်း ထိရောက်ပါ၏။ သီယိုဒိုကို ဟားဗတ် တက္ကသိုလ်က လက်ခံလိုက်သည်။ စတိုင်ပင်တို့ ဘာတို့တော့ မရ။ အိမ်မှပင် ကျောင်းတက်ရမည်။ ဟားဗတ် တက္ကသိုလ် ကျောင်းတော်သား ဘဝကို စာသင်ခန်းထဲလောက်မှာသာ တွေ့နိုင်မည်။ ကျန်အချိန်များတွင်မူ သူ့ ကျောင်းလခ ဒေါ်လာ ခြောက်ရာ အတွက် ပျော်ပွဲစားရုံတွင် စားပွဲထိုး အဖြစ် ဆက်လုပ်ရဦးမည်။

သို့ရာတွင် သီယိုဒို စိတ်မပျက်ပါ။ မိမိသည် အိုလံပစ် တောင်ခြေရင်းသို့ ရောက်နေပြီ မဟုတ်လော။ တောင်ထိပ် ရောက်အောင် တက်ဖို့သာ လိုတော့သည် မဟုတ်လော။

သီယိုဒိုသည် အမေရိကန် အိပ်မက်ကို ယုံသူ ဖြစ်သည်။ အရာ တစ်ခုကို ကိုယ်က လိုချင် တောင့်တပြီး စိတ်ရော ကိုယ်ပါ ကြိုးစား အားထုတ်သည် ဆိုလျှင် အောင်မြင်ရမည် ဆိုသည့် အမေရိကန်တို့၏ စိတ်ထားကို သူ ယုံကြည်သည်။

ဟားဗတ် တက္ကသိုလ်ကို သူ ရောက်ချင်သည်။ ထို့ကြောင့် ထရွိုင် မြို့ကြီးကို သိမ်းနိုင်အောင် အားထုတ်သော အာခိလိ၏ အားထုတ်မှုမျိုးဖြင့် သူ ကြိုးစားသည်။

ထို အာခိလိသည် အဖေ၏ ဆိုင်တွင် ညတိုင်း စားပွဲထိုးနေ၍ မဖြစ်။

## အင်ဒရူး အဲလီယော့

အင်ဒရူး အဲလီယော့တို့ အမျိုးထဲတွင် ဟားဗတ် တက္ကသိုလ် အစဉ်အလာသည် ၁၆၄၉ ခုနှစ် ကတည်းက ရှိခဲ့သည်။

အင်ဒရူး၏ ကလေးဘဝက မပူမပင် မကြောင့်မကြ။

သူ့အဖေနှင့် အမေသည် အိမ်ထောင် ကွဲသွားကြသည့်တိုင် သား တစ်ယောက် အနေဖြင့် လိုအပ်သမျှတို့ကို အပြည့်အစုံ ဖန်တီးပေးကြသည်။ သူ့တွင် အင်္ဂလိပ် ကလေးထိန်း ရှိသည်။ မွေးပွဲ ဝက်ဝံရုပ် ကစားစရာတွေ ရှိသည်။ သူ မှတ်မိသည့် အရွယ်လောက်က စ၍ သူ့ကို အကောင်းဆုံး နေ့ဒါကျောင်း


www.burmeseclassic.com

www.burmeseclassic.com

များသို့ ပို့သည်။ ပိုက်ဆံ အကုန်အကျ အများဆုံးသော နွေရာသီ ကျောင်းများသို့ အပ်သည်။ သူ့ဘဝ လုံခြုံရေး အတွက် အဖေနှင့် အမေတို့က ဘဏ်တွင် ငွေစု ပေးထားသည်။

ချုပ်၍ ပြောရလျှင် အဖေနှင့် အမေသည် စိတ်ဝင်စားမှုနှင့် ဂရုစိုက်မှုမှ အပ ကျန် လိုအပ်သမျှကို အကုန် ဖြည့်စွမ်းပေးသည်။

သူ့ မိဘနှစ်ပါးသည် သူ့ကို ချစ်ကြသည် မှန်ပါ၏။ ထို အချက်ကို ပြောစရာမလို။ မလိုသည့် အတွက်လည်း သူ့ကို ချစ်ကြောင်းကို တစ်ခါမျှ မပြောကြ။ သူတို့သားသည် မည်သူ့ကိုမျှ မှီခိုခြင်း မရှိဘဲ ကိုယ့်ထူးကိုယ်ချွန် သမား တစ်ယောက်ဟု သဘောထားကြောင်းကို သူတို့သား အင်ဒရူး သိမည်ဟု သာ ယူဆထားလိုက်ကြသည်။

သို့တိုင်အောင် အင်ဒရူးသည် သူတို့ အမျိုးထဲတွင် ဟားဗတ် တက္ကသိုလ် နှင့် မတန်ဆုံးသူမှာ သူဖြစ်သည်ဟု သူ့ကိုယ်သူ ထင်နေသည်။ 'သူတို့က ကျွန် တော့်ကို အဲလီယော့မျိုးမို့လို့ ကျောင်းမှာ လက်ခံတာပါဗျာ' သူက သူ့ကိုယ် သူ နှိမ့်ချသည့် အနေဖြင့် မကြာခဏ နောက်ပြောင် ပြောတတ်သည်။

သူ့ ဘိုးလေးများသည် ဟားဗတ် တက္ကသိုလ်တွင် အရှိန်အဝါ ကြီးခဲ့ သူများ ဖြစ်သည့် အတွက် အင်ဒရူးသည် သူ့ကိုယ်သူ သိမ်ငယ်စိတ် ဝင်နေ သည်။

အမှန်အားဖြင့်မူ အင်ဒရူးသည် ဉာဏ်ကောင်းသည့် လူငယ် တစ်ယောက်။ စကားလည်း နည်းသည်။ အလယ်တန်း ကတည်းက သူ ရေးခဲ့သည့် မှတ်တမ်း များကို ကြည့်လျှင် ထိုအချက်ကို သိနိုင်သည်။ အင်ဒရူးသည် ဘောလုံးကန် ကောင်း တစ်ယောက် ဖြစ်၏။ သူသည် တောင်ပံမှ ကစားသူ ဖြစ်ရာ သူ၏ ထောင့်ကန်ဘောများကြောင့် နာမည် ရသွားသည့် ရှေ့တန်း အလယ်လူများ လည်း မနည်းတော့။

ထိုအချက်သည် သူ့စရိုက်ကို ဖော်ပြသည့် အညွှန်း ဖြစ်၏။ သူသည် မိတ်ဆွေ တစ်ယောက်ကို ကူညီလိုက်ရလျှင် ပျော်နေတတ်သူ ဖြစ်သည်။

ဘောလုံးကွင်း အပြင်တွင်လည်း အင်ဒရူးသည် သနား ညှာတာတတ်သူ ဖြစ်၏။ စဉ်းစားဉာဏ် ရှိသူ ဖြစ်၏။ ကိုယ်ချင်းစာနာတတ်သူ ဖြစ်၏။

သူသည် သူ့ အရည်အသွေးများ အတွက် ဘဝင်မြင့်ခြင်း မရှိသော်လည်း သူ့ အပေါင်းအသင်းများကမူ 'အရမ်း သဘောကောင်းတဲ့ကောင်' ဟု ပြော စမှတ် ပြုကြသည်။





ဟားဗတ် တက္ကသိုလ်သည် သူ့လို ကျောင်းသားကို ရသည့် အတွက် ဂုဏ်ယူသည်။ သို့ရာတွင် အင်ဒရူး အဲလီယော့ (၁၉၅၈ ခုနှစ် ကျောင်းဆင်း) ၌ အခြားသော ဟားဗတ် တက္ကသိုလ် ကျောင်းထွက်များနှင့် မတူ တစ်မူကွဲပြား သော အရည်အချင်း တစ်ခု ရှိသည်။

သူသည် မျှော်မှန်းချက် ကြီးသူ မဟုတ်။

ဇက်တင်ဘာလ ၂၀ ရက်နေ့ မနက် ငါးနာရီ သာသာတွင် ဂရေးဟောင်း အဝေး ပြေး ဘတ်စ်ကားကြီး တစ်စီးသည် ဘော့စတွန် မြို့လယ်ရှိ ညစ်ပတ် ပေရေ သော ကားဂိတ်တွင် ထိုးရပ်လိုက်၏။ ချွေးသံတွေ စိုရွှဲကာ ညစ်ပတ်နေသော ခရီးသည်များနှင့် အတူ ကားပေါ်မှ ဆင်းလာသည်။ သူ့ အဝတ် အစားတွေက ကြေမွလျက်။ ဆံပင်နီနီက ဖရိုဖရဲ။ သူ့ မျက်မှန်မှာပင်လျှင် ဖုန် တွေ ကပ်လျက်။

လွန်ခဲ့သော သုံးရက်ခန့်က အနောက်ဘက် ကမ်းခြေမှ သူ ထွက်လာခဲ့ သည်။ သူ့ အိတ်ထဲတွင် ဒေါ်လာ ၆၀ ပါလာရာ ယခု ၅၂ ဒေါ်လာ ကျန်သေး သည်။ အမေရိကတိုက် တစ်ဝန်းကို ဖြတ်လာခဲ့စဉ် သူသည် တစ်လမ်းလုံး အငတ်ခံလာခဲ့သည်။

မောလည်း မောလှပြီ။ သူ့တွင် ပါလာသည့် တစ်လုံးတည်းသော လက် ဆွဲသေတ္တာကိုပင် အနိုင်နိုင် ဆွဲရသည်။ သေတ္တာထဲတွင် ဂီတမှတ်စုများနှင့် ရှပ် အင်္ကျီ တစ်ထည် နှစ်ထည်သာ ပါလာခဲ့သည်။ သူသည် ဟားဗတ် တက္ကသိုလ် ဘက်သို့ သွားသည့် မြေအောက် ဘူတာရုံဆီသို့ သားရေသေတ္တာကြီးကို မနိုင့် တနိုင် ဆွဲလာသည်။ ပထမ တက္ကသိုလ် ဝင်းထဲရှိ ကျောင်းသားသစ်များ နေ ရသည့် ဟိုဝါသီ အဆောင် ၆ သို့ သွားသည်။ မှတ်ပုံတင် ကိစ္စကို မြန်မြန်ပြီး အောင် လုပ်သည်။ အချိန်ရှိတုန်း မြို့ထဲသွားပြီး ကယ်လီဖိုးနီးယား ဂီတ သမဂ္ဂ မှ ပြောင်းခွင့် ပေးလိုက်သည့် လက်မှတ်ကို ဘော့စတွန် ဂီတ သမဂ္ဂသို့ သွားပြ ရဦးမည်။

'သိပ်တော့ မျှော်လင့်ချက် မထားနှင့်ကွာ၊ တို့ဆီမှာလည်း အလုပ်လက်မဲ့ စန္ဒရား ဆရာတွေ သန်းချီ ရှိနေတယ်၊ စန္ဒရားတီးတဲ့ အလုပ်ကို ရနိုင်မယ့် နေရာဆိုလို့ ဘုရားရှိခိုးကျောင်းတွေမှာပဲ ရှိတော့တယ်၊ တို့ သမဂ္ဂ စရိတ်တွေ



www.burmeseclassic.com

www.burmeseclassic.com

ကိုတောင် ဘုရားရှိခိုးကျောင်းတွေက ထောက်နေတာ' ဟု မှတ်ပုံတင်သည့် စာရေးမကြီးက ပြောလိုက်သည်။

စာရေးမကြီးသည် လက်သည်းနီတွေ ဆိုးထားသည့် လက်ဖြင့် နို့တစ်စာတွေ ကပ်ထားသည့် ဘုတ်ကို လက်ညှိုးထိုးပြသည်။

'မင်း ဘယ် ဘုရားရှိခိုးကျောင်း ကြိုက်သလဲ ဆိုတာကိုသာ ရွေးပေတော့'

ထိုနေ့မတိုင်မီ တစ်ရက် မနက် ရှစ်နာရီ မထိုးမီ ကလေးတွင် လောင်းအိုင်းလင်းနယ် ဆိုင်ယိုးဆက် မြို့ကလေးမှ အိမ်တွင် ဂျေဆန် ဂီးလ်ဗတ်သည် အိပ်ရာမှ နိုးလာ၏။

သူ့အခန်းသည် အခြား အခန်းများထက် ပို၍ နေရောင်လင်းနေသည် ထင်ရ၏။ အားကစားဆု ရခဲ့သည့် ဒိုင်းများ ငွေခွက်များကြောင့်လားတော့ မပြောတတ်။

ဂျေဆန်သည် မုတ်ဆိတ် ရိတ်ပြီးနောက် ကုတ်အင်္ကျီကို ထပ်ဝတ်သည်။ ထို့နောက် တင်းနစ် ရိုက်တံများ၊ သက္ကလတ် ဘောလုံးပျော့ ရိုက်တံများနှင့် အတူ သူ့ အဝတ်အစား သေတ္တာကို ဆွဲကာ အမိုးရပ်၍ ရသည့် ၁၉၅၀ ခု မာကျူရီ ကားကြီးဆီသို့ ဆင်းလာခဲ့သည်။ သူကိုယ်တိုင် ပြင်ထားသည့် မာကျူရီ ကားကြီးဖြင့် စာတိုက်လမ်း အတိုင်း မောင်းသွားချင်သည်။

အိမ်အောက်တွင် သူ့ကို နှုတ်ဆက်ရန် စောင့်နေကြသည့် အိမ်သားများ အားလုံးကို တွေ့ရ၏။ အဖေ၊ အမေ၊ ဂျူလီ၊ ဂျင်နီ၊ အိမ်ဖော် အမျိုးသမီးကြီးနှင့် သူတို့အိမ်တွင် ဥယျာဉ်မှူး လုပ်နေသည့် သူ့ ယောက်ျား မက်စ်ဝဲ။

အားလုံးက နမ်းရှုပ်ကြသည်။ ပွေ့ဖက်ကြသည်။ အဖေက ဆုံးမစကား ခပ်တိုတို ပြောသည်။

'မင်းကို ကံကောင်းပါစေလို့ အဖေ ဆုမတောင်းတော့ဘူး ငါ့သား၊ မင်းက ကံကောင်းနေပြီးသား ဆိုတော့ မလိုတော့ပါဘူး၊ မင်းဟာ နံပါတ်တစ် ဖြစ်ဖို့ မွေးလာတာ၊ တင်းနစ် ကွင်းပေါ်မှာသာ နံပါတ်တစ် မဟုတ်ဘူး၊ အစစအရာရာမှာ နံပါတ်တစ်'

အဖေ၏ နှုတ်ဆက်စကားကို ကြားလိုက်သည့် အခါတွင် သူ စိတ်ထိခိုက်သွားသည်။ သို့ရာတွင် ထိခိုက်ဟန်မပြ။ အိမ်သူ အိမ်သားတွေနှင့် ခွဲရသဖြင့် နဂိုက စိတ်မကောင်း ဖြစ်နေရသည့် အထဲတွင် မျှော်လင့်ချက်ကြီးစွာ ပြောလိုက်





သော အမေ့စကားကြောင့် သူ ပို၍ ထိခိုက်သည်။

သို့တိုင်အောင် ထိုနေ့က ရာပေါင်းများစွာသော မိဘများက ရာပေါင်းများစွာသော သူတို့ သားများအား ထိုသို့ နှုတ်ဆက် အားပေးစကား ပြောကြသည်ကိုသာ သူ သိလျှင် သူ ကျေနပ်မည် မုချ။

နောက် ငါးနာရီ အကြာတွင် ဂျေဆန်သည် သူ နေရမည့် ကျောင်းသားသစ်များ အဆောင် ရှေ့သို့ ရောက်လာသည်။ သူ့ အခန်းက စထရော့စ် အေ ၃၂။ နှုတ်ခြွတ်နေသော စာရွက်ဝါကလေး တစ်ရွက်ကို တံခါးတွင် တိပ်ဖြင့် ကပ်ထားသည်ကို တွေ့ရသည်။

'မိတ်ဆွေ အခန်းဖော်၊ ညနေပိုင်းတွင် ကျွန်တော် တစ်ရေး တစ်မောအိပ်တတ်သည်၊ ကျေးဇူးပြု၍ မဆူပါနှင့်၊ ကျေးဇူးတင်ပါသည်' ဆိုသည့် စာတန်းကို တွေ့ရသည်။

အောက်တွင် ဒီဒီဟု လက်မှတ်ထိုးထားသည်။

ဂျေဆန်သည် အသံမကြားအောင် သော့ကို ဖွင့်ပြီးနောက် သူ့ပစ္စည်းများကို အခန်းလွတ် တစ်ခန်းသို့ ခြေဖျားထောက်၍ သယ်လာခဲ့သည်။ သူ့ သေတ္တာကို သံခုတင်ပေါ်သို့ တင်ပြီးနောက် ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်သည်။

ကျောင်းသားတွေ ဥဒဟို သွားလာနေသော ဟားဗတ် တက္ကသိုလ် ဝင်းကြီးကို အတိုင်းသား မြင်ရသည်။ အသံဗလံများကိုလည်း ကြားရ၏။ ကိစ္စမရှိ၊ တက္ကသိုလ် ပရိဝုဏ်ထဲကို လျှောက်ကြည့်ဖို့ အချိန်ရှိသေးသည်။ အညောင်းပြေ တင်းနစ် တစ်ပွဲ နှစ်ပွဲတော့ ရိုက်ချိန် ရှိသေးသည်။ အင်္ကျီဖြူ၊ ဘောင်းဘီဖြူ ဝတ်ထားလျက် ဂျေဆန်သည် ဝီလဆန် တင်းနစ် ရိုက်တံနှင့် စပေါလ်ဒင်း ဘောလုံး သံဘူးကို ကောက်ကိုင်၍ ထွက်လာခဲ့သည်။

ကံအားလျော်စွာပင် လွန်ခဲ့သည့် နှစ်နှစ်လောက်က သူ့ကို အနိုင်ရအောင် ရိုက်သွားခဲ့သည့် ဟားဗတ် တက္ကသိုလ်မှ တင်းနစ်သမား တစ်ယောက်နှင့် သွားတွေ့သည်။ သူကလည်း ဂျေဆန်နှင့် တွေ့ရသဖြင့် ဝမ်းသာသည်။ သူတို့ နှစ်ယောက်သည် တစ်ပွဲ နှစ်ပွဲလောက် ရိုက်ကြ၏။ ဂျေဆန် လက်တက်နေသည်ကို ချက်ချင်း သူ သိလိုက်သည်။

တင်းနစ်ရိုက်ပြီးသည့် အခါတွင် ဂျေဆန်သည် သူ့အဆောင်သို့ ပြန်လာခဲ့၏။ တံခါးပေါ်တွင် နောက်ထပ် စာတစ်စောင်ကို တွေ့ရပြန်သည်။ ဒီဒီသည်

www.burmeseclassic.com

www.burmeseclassic.com



ညစာစား ထွက်သွားကြောင်း၊ အပြန်တွင် စာကြည့်တိုက်သို့ ဝင်မည် ဖြစ်ကြောင်း၊ ၁၀ နာရီ မထိုးခင် အခန်းသို့ ပြန်လာမည် ဖြစ်ကြောင်း၊ အခန်းဖော်သည် ည ၁၀ နာရီကျော်မှ ပြန်လာလျှင် ကျေးဇူးပြု၍ ဆူဆူညံညံ မလုပ်စေလိုကြောင်း ဖြင့် ရေးထားသည်။

ဂျေဆန်သည် ရေမိုးချိုး အဝတ်အစား လဲပြီးနောက် ကျောင်းရှိ ကင်တင်းသို့ တစ်ခုခု စားရန် ထွက်လာသည်။ ထို့နောက် နောက်ရောက်သည့် ကျောင်းသူသစ်များကို အကဲခတ်ရန် ရက်ကလစ်ဆောင်သို့ သွားကြည့်သည်။ ည ၁၀ နာရီခွဲမှ ပြန်ရောက်သဖြင့် သူ့ အခန်းဖော် ပြောသည့်အတိုင်း တိတ်ဆိတ်စွာပင် အိပ်ရာသို့ ဝင်ခဲ့သည်။

နောက်တစ်နေ့ မနက် အိပ်ရာက နိုးသည့်အခါတွင် စာတစ်စောင်ကို တွေ့ရပြန်သည်။

'မှတ်ပုံတင်ရန် ကျောင်းရုံးခန်းသို့ သွားနေသည်၊ အမေလာလျှင် မနေ့ညက ညစာ ကောင်းကောင်း စားရသည်ဟု ပြောလိုက်ပါ၊ ကျေးဇူး' ဟု စာထဲတွင် ပါသည်။

ဂျေဆန်သည် နောက်ဆုံးစာကို လုံးခြေလိုက်ပြီးနောက် မှတ်ပုံတင်ခွင့် တန်းစီရန် အောက်မေ့ဖွယ် ခန်းမသို့ ထွက်လာခဲ့သည်။ တန်းစီနေသည့် ကျောင်းသားတွေက တစ်မျှော်တစ်ခေါ်။

ဒီဒီ ဆိုသည့် ကျောင်းသားသည် ကြီးကြီးကျယ်ကျယ်တွေ ပြောနေသော်လည်း ထိုနေ့က သူသည် ပထမဆုံး မှတ်ပုံတင်ခွင့်ရသူ မဟုတ်။ ခန်းဆောင် တံခါးမကြီး ဖွင့်လိုက်သည်နှင့် ရှေ့ဆုံးမှ ဝင်သွားသူမှာ သီယိုဒို လင်းဗရိုစ် ဖြစ်သည်။

နောက် သုံးမိနစ် ကြာသည့်အခါ၌ သီယိုဒိုသည် ပရက်စကော့ လမ်းရှိ သူတို့ ပျော်ပွဲစားရုံမှ ထွက်လာခဲ့ကာ အမေရိကန် ပြည်ထောင်စုရှိ ရှေးအကျဆုံး တက္ကသိုလ် ကျောင်းတိုက်၏ သမိုင်းတွင် နေရာကလေး တစ်နေရာကို ယူရန် ကျောင်းသို့ ပြောင်းလာခဲ့သည်။

အင်ဒရူး အဲလီယော့၏ ဖခင်သည် သူ့သားကို သူတို့ ကားဟောင်းကြီးဖြင့် ကျောင်းသို့ ကိုယ်ကိုယ်တိုင် လိုက်ပို့၏။ ကားထဲတွင် တွိဒ်ဝတ်စုံတွေ၊ ရှက်





ဘလင်း ကုတ်အကျႌတွေ၊ ဖိနပ်ဖြူတွေ၊ သိုးမွေး အကျႌတွေ၊ လည်စည်းတွေ၊ နစ်တက်စာ ရှပ်အကျႌတွေ အပြည့် ထည့်ထားသည့် သေတ္တာကြီးတွေ ပါသည်။ တက္ကသိုလ် ဝတ်စုံ အပြည့်။

သားအဖ နှစ်ယောက်သည် ထုံးစံအတိုင်း တစ်ယောက်နှင့် တစ်ယောက် စကားများများ မပြောကြ။ မက်ဆာချူးဆက် ခန်းဆောင် ဝင်းတံခါးဝနား အရောက်တွင် ကားကို ရပ်လိုက်၏။ အင်ဒရူးသည် ကျောင်းဝင်းထဲသို့ ပြေးဝင်လာခဲ့ကာ ဂျီ ၃၁ အဆောင်သို့ လာခဲ့သည်။ ထိုအဆောင်တွင် ရောက်နှင့်နေသည့် သူငယ်ချင်းများအား သူ့ သေတ္တာများကို အသယ်ခိုင်းရမည်။ သူငယ်ချင်းတွေက သူ့ပစ္စည်းများကို သယ်ပေးနေစဉ် အင်ဒရူးသည် သူ့အဖေနှင့် ရပ်၍ စကားပြောသည်။ အဖေက သူ့ကို နှုတ်ဆက်စကား အနေဖြင့် ဩဝါဒပေးသည်။

'ငါ့သားကို တက္ကသိုလ်က အထုတ်မခံရအောင် နေပါ၊ တို့ တိုင်းပြည်မှာ ဒုတိယတန်း ကျောင်းတွေ အများကြီး ရှိပေမယ့် ဟားဗတ် တက္ကသိုလ်ကတော့ တစ်ခုတည်း ရှိတယ်'

အင်ဒရူးသည် တိုတောင်းသော အဖေ့ ဩဝါဒကို လက်ခံသည်။ အဖေ့ကို လက်ဆွဲ နှုတ်ဆက်ပြီးနောက် ကျောင်းဆောင်ဆီသို့ ပြေးလာခဲ့၏။ သူ့ အခန်းဖော် နှစ်ယောက်က သူ့ပစ္စည်းများကို ကူညီ သယ်ပေးကြသည်။ သူ့တွင် ပါလာသည့် အရက်ပုလင်းများကို ဖောက်သောက်ကြ၏။ သူတို့ နှစ်ယောက်မှာ နွေရာသီ ကျောင်းပိတ်ရက်တွင် ဥရောပသို့ လျှောက်လည်ပြီး ပြန်လာကြခြင်း ဖြစ်သည်။

'ဟေ့လူတွေ၊ နေဦးလေဗျာ၊ ကျုပ်မှာ မှတ်ပုံတင်တောင် မလုပ်ရသေးဘူး' ဟု အင်ဒရူးက အော်သည်။

'အသာ ထားလိုက်စမ်းပါ၊ စောစောက ကျွန်တော်တို့ လျှောက်ကြည့်ခဲ့ပြီးပြီ၊ လူတွေ တစ်တန်းကြီး ကျန်သေးတယ်' ဟု ဒစ်ကီက ပြောသည်။

'ဟေ့ လူသစ် ဆိုတာ မှတ်ပုံတင် လုပ်ချင်ကြတာချည်းပဲကွ၊ ကိုယ်က မြန်တိုင်း အနိုင်ရတာ မဟုတ်ပါဘူး' ဟု မိုက်ကယ်က ဆိုသည်။

'ဟားဗတ်မှာတော့ မြန်မြန် ပြေးနိုင်မှ ဖြစ်မယ့်ဗျ၊ တော်တော်ကြာ နောက်ကျ ကျန်ခဲ့မှာ' ဟု အင်ဒရူးက ပြောသည်။

'ရပါတယ်၊ ဖြည်းဖြည်း လုပ်စမ်းပါ'

'မဖြစ်ဘူးဗျာ'

'ဒါဖြင့်လည်း ကြွပါဗျာ၊ ကြွတော်မူပါ၊ မြန်မြန် ပြန်လာရင်တော့



www.burmeseclassic.com

www.burmeseclassic.com



မောင်ရင့် အရက်တွေ ကုန်ပြီသာ မှတ်လိုက်ပေတော့၊ ကျန်တဲ့ ပုလင်းတွေက ကော’

ဒစ်ကီက မေးသည်။

အင်ဒရူးသည် တက္ကသိုလ် ရုံးဘက်ဆီသို့ လာခဲ့သည်။ လမ်းတွင် ကျောင်းသားတွေ တန်းစီလျက်။ ခဏကြာလျှင် သူလည်း ၁၉၅၈ ခုနှစ်၊ ဘွဲ့နှင်းသဘင် အသုတ်ထဲတွင် တစ်ယောက် ဖြစ်သွားလေပြီ။

ထိုအချိန်တွင် သူတို့ ကျောင်းသားများသည် ကိန်းဗရစ် ကျောင်းဆောင်နားသို့ ရောက်နေကြလေပြီ။ စာရင်းသွင်းပြီးဖို့ နာရီပေါင်းများစွာ စောင့်ရလိမ့်ဦးမည်။

ကျယ်ဝန်းသော ကျောင်းခန်းမကြီးထဲက ရောင်စုံ မှန်ပြတင်းများ အောက်တွင်မူ အနာဂတ် ကမ္ဘာ့ ခေါင်းဆောင်များသည် မိုးတိုးမတ်တတ် ရပ်လျက်။ နိုဘယ် ဆုရှင်များ၊ စက်မှုလုပ်ငန်းရှင်ကြီးများ၊ ဦးနှောက်ခွဲစိတ် ဆရာဝန်ကြီးများ၊ အာမခံ ကုမ္ပဏီ မန်နေဂျာကြီးများ . . .။

ပထမဆုံး ကြီးမားလှသည့် မနီလာ စာအိတ်ကြီး တစ်အိတ်ကို သွားယူရသည်။ ထို စာအိတ်ကြီးထဲတွင် ကျောင်းသို့ ငွေသွင်းသည့် ပုံစံ လေးစောင်၊ မှတ်ပုံတင်ရန် ပုံစံ သုံးစောင်နှင့် (ဘာကြောင့်မှန်းမသိ) ကျန်းမာရေးဌာနသို့ ပို့ရန် ပုံစံ ခြောက်စောင်ပါသည်။ ထို ပုံစံများကို ဖြည့်၍ လက်မှတ်ထိုးရသည်။ ကျဉ်းမြောင်းသည့် စားပွဲခုံကလေးများတွင် ခေါင်းချင်းဆိုင် ထိုင်၍ လက်မှတ်ထိုးနေသူတွေ တစ်ပုံတစ်ပင်။

မေးခွန်း ပုံစံထဲတွင် ကိုးကွယ်သည့် ဘာသာတရားနှင့် ပတ်သက်၍ ဖြည့်ရမည့် ကွက်လပ် တစ်ခု ပါသည်။ မဖြည့်လိုကလည်း နေနိုင်သည်။

သူတို့ လေးဦးသည် ဘာသာတရား အလွန် ကိုင်းရှိုင်းကြသူများ မဟုတ်သည့်တိုင် အင်ဒရူးနှင့် ဒင်နီတို့က ဗရင်ဂျီ ဘာသာဝင် ဆိုသည့် ကွက်လပ်ဘေးတွင် ဖြည့်လိုက်ကြသည်။ သီယိုဒိုက ဂရိအော်သိုဒေါ့ ဘာသာ ဟူသော ကွက်လပ်ဘေးတွင် ဖြည့်သည်။ ဂျေဆန်က ဘာသာတရား မရှိ ဟူသော သဘောမျိုး ရေးလိုက်သည်။

ကျောင်းမှတ်ပုံတင်ပြီးသည့် အခါတွင် အခြားသော ပုံစံများကိုလည်း ဖြည့်ရသေးသည်။ ကျောင်းတွင် လူငယ် ဒီမိုကရက် အသင်း၊ လူငယ် ရီပတ်





ဘလစ်ကင် အသင်း၊ လူငယ် လစ်ဗရယ် အသင်း၊ လူငယ် ကွန်ဆာဗေးတစ် အသင်း၊ ရေကူး အသင်း၊ တောင်တက် အသင်း၊ ရေပြင်လျှောစီး အသင်း စသည့် အသင်းမျိုးစုံတို့၏ ပုံစံများကိုလည်း ဖြည့်ရသည်။ ထို့ပြင် တက္ကသိုလ်ထဲတွင် ထုတ်သည့် ကျောင်းသား သတင်းစာ အသီးသီးကလည်း သူတို့ သတင်းစာကို လစဉ်ကြေး ပေး၍ ဖတ်ရန် ဆွယ်ကြသည်။ ယင်းတို့မှာ မရန်းရောင်၊ အကျိုးဆောင်၊ ကလော်င်သွား စသည့် သတင်းစာများ ဖြစ်သည်။ အလွန် ကပ်စေးနှဲသူများနှင့် အလွန် ဆင်းရဲသူများက လွဲလျှင် ပါလာသမျှ ပိုက်ဆံ ကလေးသည် ထိုနေ့တွင် အတော် ချောသွားလေပြီ။

လင်းဗရိုစ်မှာ နေ့ကျောင်းသား ဖြစ်ပြီး ညပိုင်းတွင် သူ့ ပျော်ပွဲစားရုံတွင် အလုပ် လုပ်ရသည့် အတွက် မည်သည့် အသင်းကိုမျှ မဝင်ဘဲ နေနိုင်သည်။

ဒင်နီက ဗရင်ဂျီ ကလပ်သို့ ဝင်ရန် ပုံစံဖြည့်ပြီး လက်မှတ်ထိုးလိုက်သည်။ ဗရင်ဂျီ ကလပ်က ကောင်မလေးများသည် ပိပိပြားပြား ရှိလိမ့်မည်ဟု သူ ထင်သည်။ သို့ဆိုလျှင် တွေ့ဖို့လည်း လွယ်လိမ့်မည်။ သူ့လို အတွေ့အကြုံ ရှိသည့် အစိမ်း အရိုင်းကလေးများသာ ဖြစ်မည်။

အင်ဒရူးကမူ တောတွေကို ခုတ်ထွင် ရှင်းလင်း၍ ဝင်သွားသည့် ဆာတွင်း စွန့်စားသူလို ဟားဗတ် တက္ကသိုလ် အသင်းအပင်းတွေထဲကို အကုန် လျှောက်ဝင်သည်။ အထူးသဖြင့် မဲမဆွယ်သည့် အသင်း သဟာယ ကလပ်များသို့ ဝင်သည်။

ဂျေဆန်က ‘မရန်းရောင်’ သတင်းစာ တစ်စောင်ကို လစဉ်ပေးဖြင့် ယယ်ရန် စာရင်းသွင်းခဲ့ပြီးနောက် အခြားသော အသင်းများသို့ မဝင်တော့ဘဲ အဆောင်သို့ ပြန်လာခဲ့သည်။

ကျားသားမိုးကြိုး။ သူ့ကို စာတစ်တန် ပေတစ်တန်ဖြင့် အမြဲ ဆက်သွယ် နေသည့် ဒီဒီသည် အိပ်ရာမှ နိုးနေဟန် တူသည်။ သူ့ အခန်းတံခါးက ဖွင့်လျက်။ ရူပဗေဒ စာအုပ် တစ်အုပ်ကို မျက်နှာပေါ်တွင် ဖုံးရင်း အိပ်ရာပေါ်တွင် လှဲနေသည်။

ဂျေဆန်က စ၍ မေး၏။ ‘ဒီဒီ ဆိုတာ ခင်ဗျားလား’

ကျွဲကော်ကိုင်းတပ် မျက်မှန်ထူထူကြီးသည် စာအုပ်အောက်မှ ပေါ်လာသည်။

‘ခင်ဗျားက ကျွန်တော့် အခန်းဖော်လား’ ဟု မရဲတရဲ သူ မေးသည်။

‘ဟုတ်ပါတယ်၊ ကျွန်တော်က အေ ၃၂ ကို ရပါတယ်’



www.burmeseclassic.com

www.burmeseclassic.com


'ဒါဖြင့် ကျွန်တော့် အခန်းဖော်ပေါ့'

ဒီဒီက ဖတ်နေသည့် စာအုပ်ကြားထဲသို့ စာရွက်ညှပ်သည့် ကလစ်ကလေးဖြင့် ထိုးမှတ်လိုက်ပြီး စာအုပ်ကို ဘေးသို့ ချ၏။ ထို့နောက် အိပ်ရာမှ ထပြီး အေးစက် စေးထန်းနေသည့် လက်ဖြင့် လက်ဆွဲ နှုတ်ဆက်သည်။

'ကျွန်တော့်နာမည် ဒေးဗစ် ဒေးဗစ်ဆန်ပါ'

'ကျွန်တော့်နာမည်က ဂျေဆန် ဂီးလ်ဗတ်ပါ'

ဒီဒီသည် သူ့ကို သက်ဘမကင်းသလို အကဲခတ်နေ၏။

'ခင်ဗျားက ဆေးလိပ် မသောက်တတ်ပါဘူးနော်'

'မသောက်တတ်ပါဘူး၊ ဘာဖြစ်လို့လဲ'

'ဆေးလိပ် မသောက်တတ်တဲ့ သူနှင့် တွဲပေးပါလို့ အဆောင်မှူးဆီကို တောင်းထားလို့ပါ၊ အမှန်ကတော့ ကျွန်တော်က တစ်ယောက်တည်း နေချင်တာ၊ ဒါပေမဲ့ ကျောင်းသားသစ်ကို တစ်ယောက်တည်း တစ်ခန်း မပေးဘူးတဲ့'

'ခင်ဗျားက ဘယ်ကလဲ'

'နယူးယောက်ကပါ၊ ဗရွန့် သိပ္ပံ အထက်တန်းကျောင်းက အောင်တာပါ၊ ပြီးတော့ ဝက်စတင်ဟောက်စ် ကုမ္ပဏီက ပြိုင်ပွဲတွေမှာ အမြင့်ဆုံးတန်းဆု ရခဲ့ပါတယ်၊ ခင်ဗျားကကော'

'ကျွန်တော်က လောင်းအိုင်းလင်း ဆိုင်ယိုးဆက်ကပါ၊ တင်းနစ်ပြိုင်ပွဲတွေမှာ ဆုရဖူးတယ်၊ ခင်ဗျားကော ဘာအားကစားကို ဝါသနာ ပါသလဲ'

'ဟင့်အင်း၊ ကျွန်တော်က ဘာမှ မကစားဘူး၊ ဘာလုပ်မလဲဗျာ၊ အချိန်ကုန်ပါတယ်၊ ကျွန်တော်က ဆေးကျောင်းကို ဖြေရမှာ၊ ခင်ဗျားကော ဘယ်လိုင်းကို လိုက်ဖို့ ရွေးထားသလဲ'

ဂျေဆန်သည် ခပ်ကြောင်ကြောင် အခန်းဖော်နှင့် လာကျသဖြင့် တော်တော် စိတ်ပျက်သွားသည်။

'အမှန်အတိုင်း ပြောရရင်တော့ ဘာမှ မစဉ်းစားရသေးဘူးဗျ၊ နောက်မှ စဉ်းစားမယ်ဗျာ၊ ကျွန်တော်တို့ အခန်း ညှိခန်း အတွက် လိုတဲ့ ပရိဘောဂကလေး ဘာလေး သွားဝယ်ရင် မကောင်းဘူးလား'

'ဘာလုပ်ဖို့လဲ၊ ကျွန်တော်တို့မှာ ခုတင် တစ်လုံး၊ စားပွဲ တစ်လုံး၊ ကုလားထိုင် တစ်လုံးစီ ရှိနေတာပဲ၊ ဘာလိုသေးလို့လဲ'

'ဆိုဖာလေး တစ်လုံးလောက် ရှိရင် ကောင်းတာပေါ့ဗျာ၊ နားနားနေနေ နေလို့ ရတာပေါ့၊ စာကျက်ရင်လည်း တုံးလုံး ပက်လက် လှဲကျက်လို့ ရတာ



ပေါ့၊ ပြီးတော့ ရေခဲဘူးကလေး တစ်လုံးလောက်လည်း ရှိရင် ကောင်းတာပေါ့၊ သီတင်းပတ် အကုန် ညှိသည်တို့ ဘာတို့ လာရင် အအေးလေး ဘာလေး တိုက်ရတာပေါ့'

'ဘယ်က ညှိသည်လဲဗျ၊ ဘာလဲ ခင်ဗျားက အခန်းထဲမှာ ပါတီတွေ ဘာတွေ လုပ်ဦးမလို့လား' ဟု ဒီဒီက အလန့်တကြား မေးသည်။

ဂျေဆန် စိတ်တိုလာပြီး 'နေစမ်းပါဦး၊ ခင်ဗျား အခန်းဖော် အဖြစ် ဘုန်းကြီး တစ်ပါးလောက် ထားဖို့ မတောင်းဘူးလား'

'ဟင့်အင်း၊ မတောင်းပါဘူး'

'အေး တောင်းရင်လည်း ဘယ်ရမလဲ၊ ကဲ တစ်ပတ်ရစ် ဆိုဖာ တစ်လုံးလောက် ကျုပ်နှင့် စပ်ပြီး ဝယ်မလား၊ မဝယ်ဘူးလား'

'ဘာဖြစ်လို့ ဝယ်ရမှာလဲဗျ၊ မလိုမှ မလိုတာ'

'ကောင်းပြီ၊ ဒီလိုဆိုရင် ကျုပ် ပိုက်ဆံနှင့် ကျုပ်ဝယ်မယ်၊ ဒါပေမဲ့ ကျုပ် ဆိုဖာပေါ်ကိုတော့ အလကား ထိုင်မယ် စိတ်မကူးနှင့်'

ထိုနေ့ညနေ တစ်ညနေလုံး အင်ဒရူး၊ မိုက်ကယ်နှင့် ဒစ်ကီတို့သည် ဂုက္ကသိုလ် အနီးရှိ ပရိဘောဂဆိုင်များသို့ လျှောက်ကြည့်ကြသည်။ အကောင်းဆုံး သားရေ ဆိုဖာကလေးများ၊ ကုလားထိုင် စသည်တို့ကို ဝယ်ကြသည်။ အချိန် သုံးနာရီနှင့် ၁၉၅ ဒေါ်လာ ကုန်ပြီးသည့် နောက်တွင် သူတို့ ဝယ်လာသည့် ပစ္စည်းများနှင့် အတူ ဂျီဆောင် ဝင်းတံခါးမကြီး အဝသို့ ရောက်လာကြ၏။

'အင်း ဒီ ဆိုဖာကြီးပေါ်မှာ ကောင်မ ချောချောကလေး ဘယ်နှစ်ယောက်များ ကျဆုံးကြဦးမလဲ မသိဘူးနော်၊ ကြည့်စမ်းပါဦးဗျာ၊ ဆိုဖာကြီးတွေက အီလို့၊ ကောင်မလေးတွေတော့ ဒီလို ဆိုဖာကြီးတွေ မြင်တာနှင့် မနေနိုင် မထိုင်နိုင် ခုန်တက်ကုန်ကြမှာပဲ ထင်တယ်'

'ဒီလိုဆိုရင် ခင်ဗျား ဆိုဖာကြီးတွေကို အခန်းထဲ မထားနှင့်အော့ဗျာ၊ အဆောင်ရှေ့ လှေကားရင်းမှာ ချထားပါလား၊ ဒါမှ ရက်ကလစ် အဆောင်က ကောင်မလေးတွေ လမ်းလျှောက်ထွက်လာရင် သူတို့က ခုန်တက်၊ ခင်ဗျားက'

'ဘာလဲ ကျွန်တော့်ကို မြှောက်မပေးနှင့်နော်၊ မလုပ်ရဲဘူး အောက်မေ့နေသလား၊ စကားများမနေနှင့်၊ ဒါတွေကို အပေါ်ထပ် ရောက်အောင် တင်ကြဦးစို့၊ ကျွန်တော်နှင့် အင်ဒရူးက ဆိုဖာကို တင်မယ်၊ မင်းကို ကုလားထိုင်တွေကို


www.burmeseclassic.com

www.burmeseclassic.com

ခင်ဗျားတို့ တင်ကြ၊ နိုင်တယ် မဟုတ်လား'

ဒစ်ကီက ပြောသည်။

'ဒါလောက်တော့ အပျော့ပေါ့'

မိုက်ကယ်က ကြီးမားသည့် ကုလားထိုင်ကြီးကို ကောက်မပြီး ခေါင်းပေါ်တင်ကာ အပေါ်ထပ်သို့ သယ်သွားသည်။

'ဒါမှ မိုက်ကယ်ကွ၊ ဟားဗတ်က ထွက်မယ့် အနာဂတ် ခေါင်းဆောင်ကြီးကွ၊ ကျောင်းက ထွက်ရင် ဟားဗတ်က ထွက်တဲ့ ပထမဆုံး တာဇံ ဖြစ်မယ့် ရုပ်ရှင် မင်းသားလောင်း'

ဒစ်ကီက အော်သည်။

'ဟော့လူတွေ၊ နောက်ထပ် သုံးထစ်လောက် ရောက်အောင်တော့ တင်ပေးဦးဗျာ' ဟု ဒင်နီက တောင်းပန်သည်။

'ခင်ဗျား အစတုန်းက ပြောတော့ အောက်လှေကားရင်း ရောက်ရင် တော်ပြီဆို၊ လှေကားပေါ် တင်ပေးရမယ်လို့ မပြောဘူး၊ ထုံးစံဆိုရင် စန္ဒရားတို့ ဘာတို့ဆိုရင် ခတ်လှေကားနှင့်ချည်း တင်တာဗျ'

'လုပ်ပါဗျာ၊ တင်ပေးပါ၊ သုံးထစ်လောက် တင်ပေးလိုက်ရင် ကျွန်တော့် အခန်းကို ရောက်ပါပြီ'

'ဒါဖြင့် နောက်ထပ် နှစ်ဆယ်ပေး' ဟု အလုပ်သမားထဲမှ ခပ်ကြီးကြီး လူက တောင်းသည်။

'ကြည့်လည်း လုပ်ပါဗျာ၊ စန္ဒရားကြီး တစ်လုံးလုံးတောင် ဒေါ်လာ သုံးဆယ်ပဲ ပေးရတာ'

'မသိဘူးဗျာ၊ နှစ်ဆယ် မပေးရင်တော့ တင်မပေးနိုင်ဘူး၊ ခင်ဗျား သဘောပဲ၊ မတင်ချင်ရင်လည်း မိုးရွာထဲမှာပဲ ထားပေါ့'

'ဒေါ်လာ နှစ်ဆယ် ဆိုတော့ မတတ်နိုင်လို့ပါဗျာ'

'ခင်ဗျားတို့ ဟားဗတ်က လူတွေဟာ တော်တော် ကပ်စေးနှဲတယ်'

အလုပ်သမား နှစ်ယောက်သည် စန္ဒရားကြီးကို လှေကားရင်းတွင် ချ၍ ထွက်သွားကြသည်။ ဒင်နီသည် ဘာလုပ်ရမည် မသိဘဲ အဆောင်ရှေ့တွင် စန္ဒရားကြီးနှင့် ငူငူကြီး ထိုင်ကျန်ရစ်ခဲ့သည်။ ထိုစဉ် အကြံတစ်ခု ရလာ၏။

ဒင်နီသည် စန္ဒရားကြီးကို နေသားတကျ ဖြစ်အောင် နေရာပြင်၏။





ထို့နောက် အဖုံးကို ဖွင့်သည်။ စန္ဒရားကို စမ်းလိုက်ပြီးနောက် 'တက္ကသိုလ်ကျောင်းက ငွေလမင်း' ကို တီးသည်။

နွေရာသီ ဖြစ်သဖြင့် အခန်းတံခါးတွေ အားလုံးလောက် ဖွင့်ထားကြရာ မကြာမီ သူ့အနီးတွင် ကျောင်းသားတွေ ဝိုင်းအုံနေလေပြီ။ အချို့ ကျောင်းသားသစ်များကမူ မနေနိုင်တော့ဘဲ ကကြသည်။

သူ့လက်သံကလည်း တကယ်ကောင်းသည်။ သူတို့ အသုတ် ကျောင်းသားသစ်ထဲတွင် စန္ဒရားတီးကောင်း တစ်ယောက် ပါလာသဖြင့် အံ့သြနေကြသည်။ နောက်ဆုံးတွင် ဒင်နီသည် စန္ဒရားကို ရပ်လိုက်၏။ ကျောင်းသားတွေက ဝိုင်း၍ လက်ခုပ်တီးကြသည်။ နောက်ထပ် တီးရန် တောင်းဆိုကြသည်။ ဒင်နီက 'ဓားလွယ်က' သီချင်းနှင့် 'ရေပန်းထဲက ပိုက်ဆံပြား သုံးပြား' ကို တီးသည်။

နောက်ဆုံးတွင် တက္ကသိုလ် ရဲတစ်ဦး ရောက်လာသည်။ ဒင်နီ စောင့်နေသည့် အခွင့်ကောင်းပေတည်း။

'ဒီမှာ သူငယ်၊ စန္ဒရားကို ကျောင်းဆောင် အပြင်မှာ မတီးပါနှင့်၊ တီးချင်ရင် အဆောင်ထဲ ယူတီးပါ' ဟု ရဲက ပြောသည်။

'ရဲက ဒီမှာ မတီးရဘူးလို့ ပြောနေပြီ၊ ခင်ဗျားတို့ နားထောင်ချင်ရင် ကျွန်တော့် အခန်းကို ရွှေ့ပေးကြပါလား၊ အခန်းရောက်ရင် ထပ်တီးပြမယ်'

အားလုံးက ဝမ်းပန်းတသာဖြင့် ထောက်ခံကြသည်။ သူတို့ထဲမှ အသန် ဆုံး ခြောက်ယောက်လောက်က စန္ဒရားကြီးကို အပေါ်ထပ်သို့ မတင်သွားကြ၏။

'ဆယ်နာရီ နောက်ပိုင်းမှာ မတီးရဘူးနော်၊ စည်းကမ်း ထုတ်ထားတယ်'

'စိတ်ချပါ ခင်ဗျာ၊ ကျွန်တော် ညစာ စားချိန်လောက် အထိပဲ တီးမှာပါ'

ဒင်နီက ပြောလိုက်သည့်အခါတွင် အားလုံးက ဩသံပေးသည်။

တက္ကသိုလ် ကျောင်းဆောင်တွင် မနေရဘဲ အထက်တန်းကျောင်းသား ဘဝက နေခဲ့ရသည့် အခန်းကျဉ်းကလေးထဲတွင်သာ ဆက်နေရသည့်တိုင် သီယိုဒိုသည် ဆို တစ်ညနေလုံး သမဝါယမ ဆိုင်သို့ သွားကာ လိုအပ်သည့် ပစ္စည်းကလေး များကို လျှောက်ဝယ်သည်။

ကျောင်းလွယ်အိတ်စိမ်း တစ်လုံးကို အလျင် ဝယ်သည်။ ထို လွယ်အိတ်


www.burmeseclassic.com

www.burmeseclassic.com



စိမ်းသည် ဟားဗတ် တက္ကသိုလ် ကျောင်းသားတိုင်း ကိုင်သည့် လက်သုံး။ ကျောင်းစာအုပ်တွေ စာရေးကိရိယာတွေ ထည့်နိုင်သည်။ တက္ကသိုလ်ကျောင်းသား၏ အမှတ်တံဆိပ် စတုဂံပုံ မရန်းရောင် တံခွန် တစ်ခုလည်း ဝယ်သည်။ တံခွန်ပေါ်တွင် 'ဟားဗတ် တက္ကသိုလ် ၁၉၅၈ ခုနှစ် ဘွဲ့ယူမည့် အသုတ်' ဟု သက္ကလတ် အဖြူဖြင့် ရေးထိုးထားသည်။ ထိုဂုဏ်ထူးဆောင် တံခွန်ကို အခြား ကျောင်းသားများက ကျောင်းဆောင် အခန်းနံရံတွင် ချိတ်ထားစဉ် သီယိုဒိုမှာမူ သူ့ အိမ်ခန်း ကျဉ်းကျဉ်းကလေးထဲက စားပွဲပေါ်တွင် စိုက်ထားသည်။

တက္ကသိုလ် ကျောင်းသားဟန် ပေါက်ရန်အတွက် လီးဗစ် အင် ပီးယားမှ ထုတ်သည့် ဆေးတံ အကောင်းစား တစ်လက်ကို ဝယ်ခဲ့သည်။ တစ်နေ့တွင်မူ သောက်တတ်အောင် ကျင့်ရဦးမည်။

သူ ဝယ်လာခဲ့သည့် တစ်ပတ်ရစ် ဗီရိုကလေးကို အပြန်ပြန် အလှန်လှန် ကြည့်ပြီးနောက် မနက်ဖြန်တွင် ဟားဗတ် တက္ကသိုလ် ကျောင်းတော်သားကြီး ဂိုက် အပြည့်ဖမ်းနိုင်ပြီဟု ကျေနပ်သွားသည်။

ထို့နောက်တွင်မူ သူ့ အိပ်မက်သည် ပြယ်သွားလေပြီ။ ညနေ စောင်းလာသည့် အတွက် မက်ဆာချူးဆက်လမ်းက အဖေ့ ပျော်ပွဲစားရုံသို့ အလုပ်ဆင်းရန် စားပွဲထိုး အဝတ်အစားဟောင်းကြီးကို ပြန်ဝတ်ရပြန်သည်။ မာရသွန် ပျော်ပွဲစားရုံသို့ ရောက်လျှင် ဟားဗတ်က ခြသေ့ကြီးများ အတွက် သိုးသားပန်းကန်တွေ ချပေးရတော့မည်။

သည်နေ့သည် တစ်နေ့လုံး တန်းစီနေရသည့်နေ့ ဖြစ်သည်။ မနက်ပိုင်းတုန်းက အောက်မေ့ဖွယ် ခန်းမသို့ သွားကာ မှတ်ပုံတင်အတွက် တန်းစီရသည်။ ညနေခြောက်နာရီထိုး နောက်ပိုင်းတွင် ညနေစာ စားရန်အတွက် တန်းစီရပြန်သည်။ နှမ်းဖတ် ကျောက်လှေကားကြီးပေါ်တွင် တစ်ဆင့်ပြီး တစ်ဆင့် တန်းစီ ရပ်နေကြသူတွေ အပြည့်။ ကျောင်းသားသစ်တိုင်း အပေါ်အင်္ကျီနှင့် လည်စည်းတို့ကို ဝတ်ဆင်ထားသည်။ အပေါ်အင်္ကျီနှင့် အရောင်အသွေးမှာ ပိုက်ဆံတတ်နိုင်လျှင် တတ်နိုင်သလောက် ကွဲပြားသည်။ ဟားဗတ် တက္ကသိုလ် ကျောင်းသားသည် ညစာ စားရာတွင် ယဉ်ကျေးစွာ ဝတ်ဆင်ထားရမည်ဟု စည်းမျဉ်းတွင် အတိအလင်း ဆိုထားသည်။

သို့ရာတွင် ထိုသို့သော လူကြီး လူကောင်းများအတွက် စားစရာ ပန်း





ကန်ပြားများ မပေးသည်ကမူ အံ့သြဖို့ ကောင်းသည်။

ပန်းကန်ပြား အစား အညိုရောင် ပလတ်စတစ် ပုံစံခွက်ကလေး ဘင်ခွက် ပေးထားသည်။ ထိုပုံစံခွက်ထဲတွင် စားစရာ အမျိုးမျိုးကို ထည့်ရန်အတွက် အကန့်ကလေးတွေ ခွဲထားသည်။ အလယ်ကောင်တွင် နွားနို့ထည့်ရန် ကန့်ထားသည့် အကန့်ကလေး တစ်ကန့်သာလျှင် ခွက်နှင့် တူသယောင် ရှိသည်။

စိတ်ကူးဉာဏ် ကောင်းပါ၏။ သို့ရာတွင် ဟားဗတ် တက္ကသိုလ် ကျောင်းတော်သား၏ အစားအသောက်သည် အလွန် ညံ့ဖျင်းသည် ဆိုသည့် အချက်ကိုမူ ထို ပန်းကန်ပြားသည် ဖုံးကွယ်ခြင်းငှာ မတတ်နိုင်။

ပထမဆုံး စားပွဲထိုးပေါက်မှ ဗျပ်ခနဲ ထည့်ပေးလိုက်သည့် ညိုတိုတို အပြားကလေးက ဘာပါလိမ့်။ အသားဟု စားပွဲထိုးများက ပြောလိုက်ကြသည်။ ဖိနပ်ခုံ အတွင်းက ခံသည့် သားရေပြားနှင့် တူသည်ဟု အများက ပြောကြသည်။ အရသာကလည်း ထိုနည်းလည်းကောင်းဟု အားလုံးက ပြောကြသည်။ ထိုအသားကို ကြိုက်သလောက် ရမည်ဟု ပြောလိုက်သော်လည်း မည်သူမျှ မလိုချင်။ ဝါး၍ မရသော ထိုပစ္စည်းကို မည်သူ လိုချင်မည်နည်း။

ရေခဲမုန့်ကလေး ပါ၍ တော်တော့သည်။ ရေခဲမုန့်ကမူ များလည်း များသည်၊ ကောင်းလည်း ကောင်းသည်။ ၁၈ နှစ်သား တစ်ယောက် အဝစားနိုင်သည်။

သို့ရာတွင် အစားအသောက် ကောင်း မကောင်းကို ဂရုမစိုက်နိုင်။ ညစာစားသည့် ခန်းမထဲသို့ ရောက်လျှင် တော်ပြီဟုသာ သဘောထားကြသည်။ ထိုမျှ ညံ့ဖျင်းသော အစားအသောက်ကို စားရသည့်တိုင် ဟားဗတ်သို့ ရောက်လျှင် ကျေနပ်ပြီ။ သူတို့ အားလုံးလောက်သည် သူ့နေရာနှင့် သူ ပထမ စွဲလာခဲ့သူတွေချည်း။ သူတို့ အသုတ်ထဲတွင် အထက်တန်း ကျောင်းတုန်းက အဘက်ဘက်တွင် ဗိုလ်စွဲခဲ့သူ ၂၈၇ ယောက်ထက် မနည်း ပါသည်။ တက္ကသိုလ်သို့ ရောက်လျှင် ဗိုလ်စွဲအောင် ကြိုးစားမည်ဟု အားခဲထားကြသည်။

တက္ကသိုလ်သို့ ရောက်သည့် အခါတွင် တစ်ယောက် အကြောင်းကို တစ်ယောက် အလိုလို သိသွားကြသည်။ အပြင်ဘက်ခန်း စားပွဲ တစ်လုံးတွင် ရော့ဗတ်သည် ကျောင်းသား အသစ်များ၏ ဟော်ကီသင်းတွင် ကပ္ပတိန် ဖြစ်အောင် မသိမသာ မဲစုနေသည်။ အခြား စားပွဲ တစ်လုံးတွင်မူ ဘောလုံး အသင်းကိုင် တစ်သိုက်သည် စစ်တက္ကသိုလ်များသို့ သွား၍ သင်တန်းပေးရာတွင် စားရသည့် အစားအသောက်များ အကြောင်းကို ပြောနေကြ၏။ ဘောလုံးရာသီ စသည်နှင့် သင်တန်းများသို့ သွားရောက် သင်တန်းပေးကြရတော့မည်။ ထို



www.burmeseclassic.com

www.burmeseclassic.com

သင်တန်းများတွင် ကျွေးသည့် အစားအသောက်မှာ အမဲသား ခပ်ညိုညို ဖြစ်သည့်တိုင် ဟားဗတ် တက္ကသိုလ်မှာထက်တော့ များများ စားရသည်။

ကျယ်ဝန်းသော နံရံကပ် သစ်သားခန်းဆီးများ ကာထားသည့် ညစာစား ခန်းမကြီးသည် ကျောင်းသားသစ်များ အသံဖြင့် အုတ်အုတ်ကျက်ကျက် ဖြစ်လျက်ရှိ၏။ သူတို့ကို ကြည့်လိုက်ရုံဖြင့် အထက်တန်း ကျောင်းသားနှင့် တက္ကသိုလ် ကျောင်းသားကို ခွဲခြားသိနိုင်သည်။ တက္ကသိုလ် ကျောင်းသားက ရှက်တလင်း အပေါ်အင်္ကျီ၊ တက္ကသိုလ် လည်စည်းဖြင့် အများစု ဖြစ်သည်။ ရယ်သံ၊ စကားပြောသံကလည်း ကျယ်သည်။ အိုမာဟာမှ ရှုပဗေဒ ပါရဂူလောင်း။ မစ်ဖိုရီမှ ကဗျာဆရာလောင်း။ အတ္တလန်တာမှ ဝတ်လုံ နိုင်ငံရေးသမားလောင်း။

ဟားဗတ် တက္ကသိုလ်သည် အခန်းဖော်များကို ရွေးပေးရာတွင်လည်း သေသေချာချာ စိစစ်ပြီးမှ ရွေးပေးသည်။ တက္ကသိုလ်မှ ဥာဏ်ကြီးရှင်တို့သည် အတွဲများကို တွဲပေးရန် အချိန်များစွာ အကုန်ခံ စဉ်းစားကြ၏။ မည်မျှ ပင်ပန်းသော အလုပ်ပေနည်း။ ကျောင်းသားပေါင်း တစ်ထောင့်တစ်ရာတို့၏ အကြိုက်ကို တွက်ချက် စဉ်းစား။ မည်သူနှင့် မည်သူ တွဲပေးလျှင် ကောင်းမလဲ။ မည်သူနှင့် မည်သူ တွဲပေးလျှင် အစာမကြေ ဝမ်းဖောဝမ်းရောင် ဖြစ်မလဲ။ တက္ကသိုလ် အုပ်ချုပ်ရေးအဖွဲ့ အာဏာပိုင်ထဲမှ တစ်ဦးဦးသည် ထိုအကြောင်းများကို အကုန်သိရ၏။ သို့မဟုတ် အကုန် သိသည်ဟု သူ့ဘာသာသူ ထင်၏။

ကျောင်းသားသစ်အား ဘယ်လိုလူနှင့် တွဲချင်သလဲဟု မေး၏။ ဆေးလိပ်မသောက်တတ်သူလား။ အားကစားသမားလား။ အနုပညာတို့ ဘာတို့မှာ စိတ်ဝင်စားသလား။ တက္ကသိုလ် ဝင်ခွင့်ရ ကျောင်းသားများမှာ အများအားဖြင့် ကိုယ် ကြိုက်သူနှင့် တွဲခွင့်ရတတ်ကြ၏။ သို့ရာတွင် ဘယ်သူနှင့် တွဲရ တွဲရ အကြောင်းမဟုတ်၊ ကိုယ် ဝါသနာပါရာ လုပ်ရလျှင် တော်ပြီ ဆိုသည့် လူများလည်း ရှိသည်။

ဥပမာ ဒင်နီ ဆိုပါတော့။ သူ့အဖို့ ဘယ်သူနှင့် တွဲရ တွဲရ အကြောင်းမဟုတ်။ သူ့ တောင်းဆိုချက်မှာ ဂီတ အခန်းဆောင်နှင့် နီးသည့် အဆောင်တစ်ဆောင်သို့ ပို့ရန်သာ ဖြစ်သည်။ တခြား ဂီတသမား တစ်ယောက်နှင့် တွဲဖို့သူ မတောင်း။ ဂီတသမား နှစ်ယောက်ဆိုလျှင် တစ်ယောက်နှင့် တစ်ယောက် ဓာနုတွေ ခံနေကြလိမ့်မည်။

ဘာကြောင့်မှန်း မသိ၊ ဒင်နီသည် ဟိုလ်ဝါသီဆောင်တွင် အနာဂတ် ဇီသုကာ ပညာရှင် တစ်ဦး ဖြစ်မည့် ဝူ ဆိုသည့် တရုတ်ကျောင်းသားနှင့် အတူ





နေရသည်။ နောက်တစ်ယောက်မှာ သချင်္ချာ ပညာရှင် ဖြစ်လာမည့် လုံ့ဘဲပင်သမား ဘာနီ ဖြစ်သည်။

သူတို့ သုံးယောက် မောင်မယ်သစ်လွင် မိတ်ဆုံပွဲတွင် အတူတူ ညစာစားနေစဉ် သူတို့ သုံးယောက်ကို ဘာကြောင့်များ တွဲပေးလိုက်သနည်းဟု ဝူက စ၍ မေးခွန်းထုတ်သည်။

'ကျွန်တော်ကတော့ အချောင်းကြောင့် ထင်တာပဲ' ဟု ဘာနီက ဖြေသည်။

'ဘာလဲ ခင်ဗျားက အတည်ပြောတာလား၊ ညစ်တီး ညစ်ပတ် ပြောနေတာလား' ဝူက မေးသည်။

'ခင်ဗျားကြည့်လေ၊ ဒင်နီက ဂီတ ဆရာကြီး ဖြစ်ချင်တဲ့သူ၊ ဂီတ ဆရာတွေ လက်ထဲမှာ ဘာပါတတ်သလဲ၊ အချက်ပြတဲ့ တုတ်ချောင်း ပါတတ်တယ်မဟုတ်လား၊ ကျွန်တော့် အချောင်းကတော့ အကြီးဆုံး၊ ကျွန်တော်က လုံ့တံပစ်တဲ့ကောင်၊ မဟုတ်ဘူးလား'

'ဒါဖြင့် ကျွန်တော်ကကော'

'ဗိသုကာတွေက ဘာနှင့် ပုံဆွဲသလဲ၊ ခဲတံတို့ ကလောင်တံတို့နှင့် ဆွဲရတယ် မဟုတ်လား၊ သူလည်း အချောင်းကို သုံးရတာပဲ၊ ဒီတော့ အချောင်း သုံးချောင်းပေါ့၊ ကျွန်တော်တို့ သုံးယောက် ဘာဖြစ်လို့ အတူတူ လာတွဲမိတယ် ဆိုတာ ရှင်းပြီ မဟုတ်လား'

'ခင်ဗျားက ကျွန်တော့်ကျတော့ အချောင်း သေးသေးကိုပဲ ပေးတာကိုးဗျ' ဟု ဝူက ပြောသည်။

သို့ဖြင့် ၁၉၅၈ ခုနှစ် ဘွဲ့နှင်းသဘင် တက်မည့် အသုတ်ထဲတွင် သူတို့ သုံးယောက်သည် ပထမဆုံး တွဲဖြစ်သွားကြသည်။

ဂျေဆန်သည် အပေါ်ယံအားဖြင့် ကြည့်လျှင် သူ့ကိုယ်သူ ယုံကြည် စိတ်ချဟန်ပေါ်သည့်တိုင် ထိုနေ့ည မောင်မယ်သစ်လွင် ထမင်းစားပွဲသို့ တက်ရသည်ကို မရွှံ့မရဲ ဖြစ်နေသည်။ တစ်ယောက်တည်း မသွားရဲသလိုလို ဖြစ်နေသဖြင့် သူ့အခန်းဖော် ဒီဒီကို အဖော်ညှိမည် စိတ်ကူးသည်။ သို့ရာတွင် ဒီဒီမှာ သူ့ [illegible] အစား မလဲခင်ကတည်းကပင် ပြန်ရောက်နေလေပြီ။

'ကျွန်တော်က တကယ ရောက်တာ၊ ရေခဲမုန့် ဆယ့်[illegible]တောင် စား



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခဲ့တယ်၊ ကောင်းလိုက်တဲ့ ရေခဲမုန့်တွေ၊ အမေတော့ သိပ်ကြိုက်မှာပဲ’

ထို့ကြောင့် ဂျေဆန် တစ်ယောက်တည်း ထွက်လာခဲ့သည်။ စာကြည့်တိုက် လှေကားကြီးတွေနား ရောက်သည့် အခါတွင် မက်ထရို ပိုလီတန် ကျောင်းပြိုင်ပွဲတုန်းက သူနှင့် တင်းနစ် ရိုက်ခဲ့ဖူးသည့် အသိ တစ်ယောက်နှင့် တွေ့သည်။ အသိက သူ့အား ‘တင်းနစ်တွင် သူ့ကို ရှုံးခဲ့သူ အဖြစ်’ သူနှင့် နေသည့် အခန်းဖော်များကို မိတ်ဆက်ပေးသည်။

ဂျေဆန်သည် ပျော်သွားကာ သူတို့နှင့် အတူ လိုက်လာခဲ့သည်။ သူတို့ ပြောသည့် စကားများက တင်းနစ် အကြောင်း၊ အစားအသောက် ညံ့ဖျင်းသည့် အကြောင်း၊ ထို့နောက် ညံ့ဖျင်းသည့် ပန်းကန်ခွက်ယောက်များ အကြောင်း...။

### အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

စက်တင်ဘာ ၂၁၊ ၁၉၅၄။

ဟားဗတ်ကို ရောက်တဲ့ အထိမ်းအမှတ် အဖြစ် ငါနှင့် အခန်းဖော်တို့ အပြင်မှာထွက်ပြီး ညစာ စားကြတယ်။ ဘော့စတွန် မြို့ထဲကို မသွားဘဲ ယူနီယန် ပျော်ပွဲစားရုံမှာ သွားစားကြတယ်။ ပြီးတော့ စကော်လေပန်းခြံနားက ချွတ်ပွဲကို သွားကြည့်ကြတယ်။ ဒီနေရာကတော့ အလွန်သီလ သိက္ခာကြီးတဲ့ သဲကန္တာရကြီးထဲက ညစ်ပတ်တဲ့ အိုအေစစ်ကလေး တစ်ခုပါပဲ။

ဟောင်းဝပ် ဓာတ်ရုံကြီးက နည်းတဲ့ ဓာတ်ရုံကြီး မဟုတ်ဘူး။ အရင်တုန်းကတော့ ရုပ်သေးတွေလောက်ပဲ ပြခဲ့တာ။ အခုတော့ ချွတ်ပွဲတွေ ပြနေပြီ။ ဒီနေ့ညမှာ နာမည်ကျော် အချွတ် မင်းသမီးကတော့ ဝတ်လစ်စလစ်မယ် အာမာ တဲ့။

ကပွဲပြီးတော့ ဓာတ်စင်နောက် သွားပြီး အမျိုးသမီးကို ရှုန့်ပိန်သောက်ဖို့ သွားဖိတ်ကြတယ်။

ဓာတ်စင် နောက်ဖေးမှာ တို့လို လူတွေ အများကြီးပါလား။ ဘာရမလဲ။ တို့ကလည်း ခပ်တည်တည်ပဲ ဓာတ်စင်နောက်ကို ဝင်သွားတာပေါ့။ ဒါပေမဲ့ ဓာတ်စင်နောက် အခန်း တံခါးနား ရောက်တော့ တို့လည်း မဝင်ရဲဘဲ ခပ်ရှိန်းရှိန်း ဖြစ်နေကြပါတယ်။ ဒီတင် ငါက ‘ဟေ့၊





အားလုံး ဝင်သွားကြရအောင်’ လို့ အဖော်ညှိတယ်။

တို့အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် လှမ်းကြည့်ပြီး အကဲခတ်နေကြတယ်။ ဘယ်သူကမှ ဘာမှ မပြောကြဘူး။

ဒီတုန်းမှာ တို့စိတ်ထဲမှာ အသိ တစ်ခု ဝင်လာတယ်။ တို့ဟာ ကျောင်းသားကလေးတွေ မဟုတ်တော့ပါလား။ ဟားဗတ် တက္ကသိုလ် ကျောင်းတော်သားကြီးတွေ ဖြစ်နေပါကလား။ ကျောင်းတော်သားကြီးရဲ့ ဂုဏ်သိက္ခာနှင့် လိုက်အောင် နေရမှာပါကလား ဆိုတာ ဖျတ်ခနဲ သတိရလာတယ်။

သြော်၊ သနားစရာ အာမာရယ်။ တို့နှင့် မတွေ့လိုက်ရတော့ဘူးပေါ့နော်။

ကျောင်းသား ဆယ့်နှစ်ယောက်တို့သည် ကိုယ်လုံးတီးဖြင့် တန်းစီ ရပ်နေကြသည်။ သူတို့ ကိုယ်ခန္ဓာကလည်း အရွယ်အစား အမျိုးမျိုး။ ခပ်ဝဝလည်း ပါသည်။ ခပ်ပိန်ပိန်လည်း ပါသည်။ (ဒင်နီမှာ ခပ်ပိန်ပိန်။) အချိုးအစားကလည်း မစ်ကီးမောက်စ်လို ခန္ဓာကိုယ်မျိုး အစ အဒိုနစ် ကျောက်ဆစ်ရုပ်လို အထိ အမျိုးမျိုး စုံသည်။ (ထို ဆယ့်နှစ်ယောက်ထဲတွင် ဂျေဆန်လည်း ပါသည်။) သူတို့ ရှေ့တွင် သုံးပေခန့် မြင့်သည့် ခုံရှည် တစ်လုံး ရှိသည်။ ခုံနောက်တွင် ကြောက်စရာ ကိုယ်လုံးကိုယ်ထည်ကြီး ရှိသည့် အားကစားဆရာ ရပ်နေသည်။ သူ့ကိုယ်သူ ဗိုလ်ဂျက်ဆန်ဟု မိတ်ဆက်သည်။

‘ဒီနေ့ မင်းတို့ ကျောင်းသားသစ်တွေ နာမည်ကျော် ဟားဗတ် တက္ကသိုလ် ခြေလှမ်း လှမ်းနည်းကို စစ်ဆေးရမယ်၊ ဟောဒီ ခုံပေါ်ကို တက်လိုက် ဆင်းလိုက် လုပ်ရမယ်၊ နားလည်လား၊ ဒီ ခြေလှမ်း လှမ်းတဲ့ စစ်ဆေးနည်းကို စစ်အတွင်းက တီထွင်ခဲ့တာ၊ တို့ အမေရိကန် စစ်သားတွေ ကျန်းမာရေး စစ်ဆေးတဲ့ အနေနှင့် တီထွင်ခဲ့တာ၊ ဒီလို ကျန်းမာရေး စစ်ဆေးခဲ့လို့ တို့တစ်တွေဟာ ဟစ်တလာကို နိုင်အောင် တိုက်နိုင်ခဲ့တာပေါ့၊ ဟုတ်တယ် မဟုတ်လား’

ကျောင်းသားသစ်များက ဓာတ်မာန် တက်ကြွဖွယ် ဖြေကြလိမ့်မည်ဟု သူ ထင်သည်။ သို့ရာတွင် တစ်ယောက်ဆီကမျှ အသံမထွက်။ ဗိုလ်ဂျက်ဆန်သည် စိတ်တိုသွားဟန် တူ၏။ နောက်ထပ် ဘာမျှ မမေးတော့ဘဲ စည်းချိုး



www.burmeseclassic.com

www.burmeseclassic.com



များကို ပြောပြနေသည်။

'ကောင်းပြီ၊ ငါက ဝီစီ မှုတ်မယ်၊ ဝီစီ မှုတ်လိုက်တာနှင့် ဒီ ခုံရှည်ပေါ်မှာ တက်လိုက် ဆင်းလိုက် လုပ်နေရမယ်၊ ငါက ခတ်ပြား တစ်ပြား ဖွင့်ပေးထားမယ်၊ ဟောဒီက ကြိမ်တုတ်နှင့် စည်းလိုက်ပေးမယ်၊ မင်းတို့က ခတ်ပြားမဆုံးမချင်း တက်လိုက် ဆင်းလိုက် လုပ်နေရမယ်၊ ဆက်တိုက် ငါးမိနစ်လောက်ကြာမယ်၊ ငါ စောင့်ကြည့်နေမှာနော်၊ ဒီတော့ ခြေ တစ်လှမ်း တစ်ချက် ခိုးမယ်မကြံနှင့်၊ ဒီလို ဆက်တိုက် လုပ်နိုင်ရင် မင်းတို့ ဒီနှစ်အတွက် ကာယ လေ့ကျင့်ခန်း အောင်ပြီ'

သူက ညွှန်ကြားချက်တွေ ပေးနေစဉ် ဒင်နီ စိတ်ညစ်နေလေပြီ။ ခွီးတဲ့မှပဲ၊ ဒီပြင်ကောင်တွေက ငါ့ထက် အရပ်ရှည်တဲ့ ကောင်တွေချည်းပဲ၊ သူတို့အဖို့က ဘာအရေးလဲ၊ လှမ်းတက်လိုက်ရုံပဲ၊ ငါ့အဖို့တော့ ဒီ ခုံရှည်က ဝေရက်တောင်လောက် မြင့်နေတာ၊ နည်းနည်းကလေးမှ မတရားဘူးဟု သူ့ဘာသာသူ ပြောနေသည်။

'ကောင်းပြီ၊ ငါ အချက်ပေးလိုက်တာနှင့် စပြီး တက်၊ ပြီးတော့ စည်းချက်အတိုင်း တက်လိုက် ဆင်းလိုက် လုပ်၊ ကဲ စ'

သူတို့အားလုံး ခုံရှည်ပေါ်သို့ တက်သည်။

ခတ်ပြားက ဆူညံစွာ မြည်နေစဉ် လူကြီးက စည်းတုတ်ဖြင့် စည်းကိုမှန်မှန် လိုက်နေသည်။ တက် – နှစ်၊ သုံး၊ လေး။ တက် – နှစ်၊ သုံး၊ လေး။ တက် – နှစ်၊ သုံး၊ လေး။

အခါနှစ်ဆယ် သုံးဆယ်လောက် လုပ်လိုက်မိသည့် အခါတွင် ဒင်နီ မောလာလေပြီ။ လူကြီး၏ စည်းချက်သံ နှေးသွားပါစေဟု သူ ဆုတောင်းသည်။ သို့ရာတွင် ဗိုလ်ဂျက်ဆန်သည် အလွန်မှန်သည့် နာရီတိုင်း ကိရိယာကြီးနှယ်။ မကြာခင် အချိန်ပြည့်ပါတော့ဟု သူ ဆုတောင်းပြန်သည်။

'မိနစ်ဝက် ရှိသွားပြီ'

အမယ်လေးဗျ၊ အခုမှ မိနစ်ဝက်တဲ့။ မကြာခင် သူ လဲကျတော့မည်ဟု ဒင်နီ ထင်သည်။

ပင်ပန်းလှသော နောက်ထပ် စက္ကန့်သုံးဆယ် အကြာတွင် ဗိုလ်ဂျက်ဆန်က

'ဟုတ်ပြီ၊ တစ်မိနစ် ပြည့်သွားပြီ၊ လေးမိနစ်ပဲ လိုတော့တယ်'

ဘယ်ဖြစ်မလဲ၊ ဘယ့်နှယ်လုပ် နောက်ထပ် လေးမိနစ် ခုန်နိုင်မှာလဲ၊





အသက်ရှူလို့ မရတော့ဘူး ထင်တယ်ဟု ဒင်နီ တွေးသည်။ သို့ရာတွင် ရပ်၍မဖြစ်။ ရပ်လိုက်လျှင် ငနဲကြီးထံတွင် တစ်နှစ်လုံးလုံး အားကစားသင်တန်းတွေ ဘက်နေရတော့မည်။ ထို့ကြောင့် အပြေး ကျင့်ခဲ့စဉ်က အတိုင်း အားခဲကာ နောက်ထပ် လေးမိနစ်ကို တက်လိုက် ဆင်းလိုက် လုပ်သည်။

'ဟေ့၊ မုန်လာဥကောင်၊ ဘာ ခြေလှမ်းတွေကို ခိုးနေတာလဲ၊ ငါ မမြင်ဘူး မှတ်လို့လား၊ မှန်မှန်လုပ်၊ နောက်ထပ် တစ်မိနစ် တိုး အလုပ်ခိုင်း လိုက်ရမလား'

နိုပ်စက် ညှဉ်းပန်းရေး သင်တန်းဆရာကြီးက ဆိုသည်။

ကျောင်းသား ဆယ့်နှစ်ယောက်၏ ကိုယ်တွင် ချွေးတွင် နစ်နေပြီ။ ချွေးစက်များသည် အခြားသူများကိုပင် စဉ်ကုန်ကြသည်။

'နှစ်မိနစ် ပြည့်သွားပြီ၊ နောက်ထပ် သုံးမိနစ်ပဲ ကျန်တော့တယ်'

ဒင်နီသည် နောက်ထပ် မလုပ်နိုင်တော့ဟု ထင်လာသည်။ သူ့ ခြေထောက်များကို မ၍ မရချင်တော့။ သူ့ စိတ်ထဲတွင် လဲကျသွားတော့မည်ဟုပင် ထင်သည်။ ရယ်စရာလည်း ကောင်း၍ ဘာမျှလည်း မဆိုင်သော တိရစ္ဆာန် လေ့ကျင့်မှုမျိုးတွေကို မလုပ်ချင်တော့ပြီ။ ဟားဗတ် တက္ကသိုလ် ကျောင်းတော်ကြီးကို မတက်ရလျှင်လည်း နေပါစေတော့။

ထိုစဉ် သူ့ ဘေးမှ ခပ်တိုးတိုး ပြောသံကို ကြားလိုက်သည်။

'သူငယ်ချင်း ဖြည်းဖြည်းသာလုပ်၊ အသက်ကို မှန်မှန်ရှူ၊ ခင်ဗျား ခြေလှမ်း ခိုးချင်ခိုး၊ ကျွန်တော် ကွယ်ပေးထားမယ်'

ဒင်နီသည် မောမောဖြင့် သူ့ကို မော့ကြည့်လိုက်၏။ သူ့အနီးမှ ကျောင်းသားက ကိုယ်လုံး ကိုယ်ပေါက် တောင့်တောင့်။ ဆံပင် ငွေရောင်နှင့်။ သူကိုယ်တိုင် ခြေလှမ်း မှန်မှန်နှင့် အတက်အဆင်း လုပ်နေသည့် ကြားကပင် သူ့ကို အားပေးဖော် ရသေးသည့် ကိုယ်လုံး ကိုယ်ပေါက် လှလှ အားကစားသမား။ ဒင်နီသည် မောမောဖြင့် ခေါင်းကိုသာ ညိတ်ပြလိုက်နိုင်သည်။ သူ ကွယ်ပေးသဖြင့် တစ်ချက် တစ်ချက်တွင် ခြေလှမ်းကို ခိုးလိုက်သည်။

'လေးမိနစ် ရှိသွားပြီ၊ တစ်မိနစ်ပဲ ကျန်တော့တယ်၊ မင်းတို့ ကောင်းကောင်း လုပ်နိုင်တယ်၊ ဒါမှ ဟားဗတ် တက္ကသိုလ် ကျောင်းသားကွ'

ဒင်နီ၏ ခြေထောက်များသည် ရုတ်တရက် တောင့်သွား၏။ နောက်ထပ် တစ်လှမ်းမှပင် မတက်နိုင်တော့ပြီ။

'စိတ်မလျှော့နှင့် သူငယ်ချင်း၊ နောက်ထပ် စက္ကန့် ၆၀ ပဲ ကျန်တော့တယ်'



www.burmeseclassic.com

www.burmeseclassic.com



လုပ်လိုက်စမ်း'

စောစောက ကျောင်းသားက အားပေးသည်။

သူ့ လက်မောင်း တစ်ဖက်ကို လက်တစ်ဖက်က လာထိကာ သူ့ကို တွဲ၍ မတင်လိုက်သည်။ သူ့ခြေထောက်များသည် အနည်းငယ် အညောင်းပြေသွားသည်။ ဒင်နီသည် နောက်ထပ် ဆက်လုပ်သည်။

နောက်ဆုံးတွင် လွတ်မြောက် သွားလေပြီ။ ခြောက်အိပ်မက်သည် ဆုံးသွားလေပြီ။

'ကောင်းပြီ၊ အားလုံး ခုံပေါ်မှာ စီထိုင်ကြ၊ ညာဘက်က-လူရဲ့ ပခုံးပေါ်ကို လက်တင်ထား၊ မင်းတို့ သွေးခုန်နှုန်းကို စစ်မယ်'

ထိုအခါကျမှပင် သူတို့တစ်တွေ အသက်မှန်မှန် ရှူနိုင်တော့သည်။

ဗိုလ်ဂျက်ဆန်က သူတို့၏ ကျန်းမာရေး ကောင်းကြောင်းကို ပြောလိုက်ပြီးနောက် သူတို့ အားလုံးကို ရေချိုးခိုင်းသည်။ ထို့နောက် ကိုယ်တုံးလုံး ဖြင့်ပင် အောက် ရေကူးကန်ထဲသို့ အဆင်းခိုင်းသည်။

'အဲဒီထဲမှာ ကိုက်ငါးဆယ် မကူးနိုင်ရင် ဒီ တက္ကသိုလ်ဘွဲ့ကို မရဘူးကွ' ဟု အားကစားဆရာက ပြောသည်။

ရေပန်းအောက်တွင် ရေချိုးနေကြစဉ် ဒင်နီက သူ့ကို ကူညီခဲ့သည့် ကျောင်းသားအား ပြော၏။

'ကျွန်တော့်ကို ကူညီခဲ့လို့ ကျေးဇူးတင်ပါတယ်ဗျာ'

'ရပါတယ်ဗျာ၊ အမှန်ကတော့ ဒီ လေ့ကျင့်ခန်းဟာ အလကား လေ့ကျင့်ခန်းပဲဗျ၊ ဒီ ဘီလူးကြီး အမိန့်ကို တစ်နှစ်လုံး ခံရဦးမယ့် ကောင်တွေကို သနားပါတယ်ဗျာ၊ ခင်ဗျား နာမည်က ဘယ်သူ'

'ဒင်နီ ရော့ဆီပါ' ဟု သူက ဆပ်ပြာတွေ ပေနေသော လက်ကို ကမ်းသည်။

'ကျွန်တော်က ဂျေဆန် ဂီးလ်ဗတ်ပါ၊ ရေကူးနိုင်ပါ့ဦးမလား'

'ကူးနိုင်ပါတယ်၊ ကျွန်တော်က ကယ်လီဖိုးနီးယားကပါ'

'ဟုတ်လား၊ ခင်ဗျားက အားကစားသမား မဟုတ်ဘူး ထင်တယ်'

'ကျွန်တော်က စန္ဒရားကိုပဲ ဝါသနာပါတယ်၊ ခင်ဗျား ရှေးသီချင်းကြီးတွေကို နားထောင်တတ်သလား'

'ဗျွန်နီမာသီးယားလောက်တော့ နားထောင်လို့ ရပါတယ်၊ ခင်ဗျား တီးတာကို တစ်ခါလောက်တော့ လာနားထောင်ဦးမယ်၊ တစ်ရက် ညစာ စားပြီးချိန်





လောက်ပေါ့'

'ရပါတယ်၊ လာခဲ့ပါ၊ မလာဖြစ်ရင်လည်း ကျွန်တော် ရှုပ်ပွဲ တီးရင် ခင်ဗျားဖို့ လက်မှတ် နှစ်စောင် ပို့ပေးပါ့မယ်'

'ဟုတ်လား၊ ခင်ဗျားက ရှုပ်ပွဲတောင် ဝင်တီးနိုင်နေပြီလား'

'ဟုတ်တယ်၊ တီးနေပြီ' ဟု ဒင်နီက ရှိုးနေသည့် ဟန်ဖြင့် ပြောသည်။

ထို့နောက် သူတို့ နှစ်ယောက်သည် ရေကူးကန်ဆီသို့ လျှောက်လာခဲ့ကြကာ ကပ်လျက် ကူးလမ်း နှစ်ခုတွင် ကူးနေကြသည်။ ဂျေဆန်က ပေါ့ပါးသွက်လက်လျက် ဒင်နီကမူ ခပ်ဖြည်းဖြည်း။ ဟားဗတ် တက္ကသိုလ်၏ ဘွဲ့ရရေးတွင် ကိုယ်လက် ကြံ့ခိုင်ရေး အမှတ် အတွက် လိုအပ်သည့် ကိုက်ငါးဆယ်ကို သူတို့ ကူးလာခဲ့ကြသည်။

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

စက်တင်ဘာ ၂၂၊ ၁၉၅၄။

မနေ့က အဓိပ္ပာယ် မရှိတဲ့ ဟားဗတ် တက္ကသိုလ် ခြေလှမ်း စစ်ဆေးမှု (ကြံ့ခိုင်ရေး စစ်ဆေးမှု) ကို လုပ်ရတယ်။ ငါက ဘောလုံးသမား ဖြစ်တော့ အလွယ်တကူနှင့် လုပ်နိုင်ခဲ့ပါတယ်။ ဒါပေမဲ့ ကိုယ့်ဘေးက ကျောင်းသားရဲ့ လည်ပင်းက သွေးကြောကို ကိုင်ပြီး သွေးခုန်နှုန်း စမ်းတော့မှ ပြဿနာ ပေါ်တော့တာပဲ။ ဒါနှင့် ငနဲကြီးက အဲဒီကျောင်းသားရဲ့ သွေးခုန်နှုန်းကို ကိုယ့်ကို ချအရေးခိုင်းတော့ ခေါင်းထဲ ပေါ်လာတဲ့ သွေးခုန်နှုန်းကို ချရေးပေးလိုက်တယ်။

အခဆောင် ရောက်တော့ ကိုယ်တို့ သုံးယောက် အဲဒီ လေ့ကျင့်ခန်း အကြောင်း ဆွေးနွေး ဖြစ်ကြတယ်။ တော်တော် အောက်တန်းကျတဲ့ လေ့ကျင့်ခန်းပဲ။ ခြေလှမ်း စစ်ဆေးမှု မလုပ်ခင် ကိုယ်တုံးလုံး နေရတာဟာ တော်တော် သိက္ခာကျတယ်။ လိုလည်း မလိုအပ်ပါဘူး။ ဒါကို ကိုယ်တို့ သုံးယောက်စလုံး သဘောတူကြတယ်။ ဘယ့်နှယ်ဗျာ၊ ဟားဗတ် တက္ကသိုလ် ကျောင်းတိုက်က ကျောင်းသားတွေရဲ့ ကိုယ်ရေး ဖိုင်တွဲထဲမှာ ကိုယ်လုံးတီးကြီးနှင့် မတ်တတ် ရပ်နေပုံဟာ ဘယ်ကောင်းမလဲ။ ဆိုပါတော့။ ကိုယ်တို့ အထဲက တစ်ယောက်ယောက်က တစ်နေ့မှာ ပြည်



www.burmeseclassic.com

www.burmeseclassic.com



ထောင်စု သမ္မတကြီး ဖြစ်လာတယ် ဆိုပါတော့။ ကာယ ပညာဌာနက အဲဒီ ပုံကြီးကို ဆွဲထုတ်ပြီး ကမ္ဘာပေါ်မှာ အကြီးဆုံး လူမျိုးရဲ့ သမ္မတကြီးဟာ မိမွေးတိုင်း ဖမွေးတိုင်း ဒီလို မြင်ရပါတယ်လို့ ထုတ်ပြလာရင် ဘယ့်နှယ်လုပ်မလဲ။

မိုက်ကယ် ပြောတာလည်း ဟုတ်တုတ်တုတ်ပဲ။ တို့ ပုံတွေကို သူခိုးက ခိုးသွားပြီး ရောင်းစားရင် ဘယ့်နှယ် လုပ်မလဲတဲ့။

'သူခိုးက ဘယ်သူ့ကို ရောင်းမှာလဲကွ၊ ဟားဗတ် တက္ကသိုလ်က ကျောင်းသားသစ် တစ်ထောင်ကျော်ရဲ့ ကိုယ်တုံးလုံးပုံတွေကိုကော ဘယ်သူက ဝယ်မှာလဲ' လို့ ကိုယ်က မေးတယ်။

မိုက်ကယ်က စဉ်းစားနေတယ်။ ဟုတ်သားပဲ။ ဘယ်သူ ဝယ်မလဲ ဆိုတာကို စဉ်းစားနေဟန် တူပါရဲ့။ ဝယ်စလေ ကောလိပ်က ခပ်ထထ ကောင်မတွေက ဝယ်မလား မသိဘူး။ ဒီတုန်းမှာ ကိုယ် အကြံ တစ်ခု ရတယ်။ ကိုယ်တို့ ကျောင်းသားတွေကို စစ်သလို ရက်ကလစ်ဆောင်က ကျောင်းသူတွေကိုလည်း စစ်မှာပဲ။

ဒစ်ကီကတော့ ရက်ကလစ်ဆောင် ကျောင်းသူတွေလည်း ဒီလိုပဲ စစ်ဆေးခံရတယ်တဲ့။ ဒီလိုဆိုရင် ရက်ကလစ် ကျောင်းဆောင်က အားကစားရုံထဲ ဝင်ပြီး သူတို့ ဓာတ်ပုံတွေ ခိုးရရင် ကောင်းမှာပဲလို့။ သိပ်ကြည့်ကောင်းမှာကတော့ သေချာတယ်။ ဒီလိုဆိုရင် ကိုယ် ကြိုက်တဲ့ ကျောင်းသူကိုလည်း ရွေးနိုင်ပြီပေါ့။

သူတို့အားလုံးက ကိုယ့်အကြံကို သဘောကျကြတယ်။ ဒါပေမဲ့ မလုပ်ရဲဘူးလေ။ လူစွမ်းကောင်း တစ်ယောက်လောက် ရှာရမယ်လို့ ဒစ်ကီက အဆိုတင်တယ်။

သတ္တိကတော့ ကောင်းရလိမ့်မယ်နော်။ သန်းခေါင်ကျော် စီးနင်းတိုက်ခိုက်မှု အတွက် သတ္တိ ကောင်းရလိမ့်မယ်။

မဟုတ်ဘူးလား။

ကြာသပတေးနေ့ ညနေ ငါးနာရီတွင် အချိန်စာရင်း ကတ်ပြားများ ထုတ်ပေးမည်။ သို့ဆိုလျှင် ဈေးကလေး ဘာလေး ဝယ်ဖို့ အချိန်ရသည်။ ကိုယ့်ဘာသာ





ကိုယ် အချိန်ဇယား ဆွဲ၍ ရသည်။ အဓိက ဘာသာရပ်များ အတွက် သင်တန်းတွေ တက်ရမည်။ ဘာသာတွဲများ အတွက် သင်တန်းတွေ တက်ရမည်။ ယဉ်ကျေးမှု ဆိုင်ရာ သင်တန်းတွေ တက်ရမည်။ ကြံ့ခိုင်ရေး သင်တန်းတွေ တက်ရမည်။ တက္ကသိုလ် ဝိဇ္ဇာတန်း တက်မည့် သူများနှင့် ဆေးကျောင်း တက်မည့် သူများ အတွက် ဆိုလျှင် လွယ်သည့် ဘာသာတွဲများကို ရွေးဖို့ လိုသည်။

သီယိုဒိုသည် ရှေးဟောင်း ဂန္ထဝင် စာပေတွင် အဓိက ဘာသာရမည်ဟု မျှော်လင့်သည်။ သူ ရွေးထားသည့် ဘာသာရပ်မှာလည်း ရိုးရိုးသာ။ လက်တင်ဘာသာ ၂ အေ နှင့် သဘာဝ သိပ္ပံပညာ ၄ တို့ ဖြစ်သည်။

နောက်ဆုံးတွင် ဂရိဘာသာကို ရွေးလိုက်သည်။ ဂရိဘာသာ အပိုင်း (က) တွင် သူ ငယ်ငယ် ကတည်းက သင်ခဲ့ရသည့် ရှေးဟောင်း ဂရိဘာသာ စကားလည်း ပါသည်။ သင်တန်း နှစ်နှစ်ကုန်လျှင် ဟိုးမား၏ ကဗျာကို ဂရိဘာသာနှင့် ဖတ်နိုင်တော့မည်။ ယခု လောလောဆယ်တွင်မူ ဂရိကဗျာများကို ပါမောက္ခ ဂျွန်ဖင်လေထံတွင် တက်ရမည်။

ဒင်နီကမူ သူ ယူရမည့် ဘာသာကို လမ်းမှာ ကတည်းက စဉ်းစားခဲ့ပြီးသား။ ဂီတ ၅၁ ကို ယူမည်။ ထိုဘာသာရပ်မှာ ပုံသဏ္ဌာန်များကို ခွဲခြမ်း စိတ်ဖြာခြင်း ဖြစ်သည်။ ထို သင်ခန်းစာကိုမူ အဓိက ဘာသာတွဲ ယူသူတိုင်း တက်ရသည်။ သို့ရာတွင် ကျန်သည့် သင်ခန်းစာများကမူ ပျော်စရာ။ ဟေဒင်မှ ဟော်ဒီမစ် အထိ သံစုံ တီးဝိုင်းကြီး၏ တေးဂီတ သမိုင်းကို လေ့လာရမည်။ ထို့နောက် ဂျာမန် ဂီတ။ ထိုမှတစ်ဆင့် ဝက်ဂနာ အော်ပရာများတွင် တီးဝိုင်းကို ခေါင်းဆောင်နိုင်ရန် လေ့ကျင့် သင်ယူရမည်။ ထို့နောက်တွင် အီတလီနှင့် ပြင်သစ် ဂီတကို လေ့လာရမည်။

ဒင်နီသည် ဝေါလတာ ပစ္စတန်၏ တေးသီချင်းရေး သင်တန်းကိုလည်း တက်ချင်သေးသည်။ ထိုသင်တန်းမှာ ဘွဲ့ရသူများသာ တက်ရသည့် သင်တန်း ဖြစ်သည့်တိုင် သူ့ကိုမူ တက်ခွင့်ပြုမည်ဟု ဒင်နီ ထင်သည်။ သို့ရာတွင် ဆရာကြီးက 'သူ့ အလားအလာ အတွက်' ဟု ဆိုကာ သူ့ကို ဝင်ခွင့်ပယ်ချလိုက်သည်။

'မင်း စပ်တဲ့ သီချင်းဟာ ကောင်းပါတယ်၊ ငါ ကြည့်စရာတောင် မလိုပါဘူး၊ ဆရာ လင်ဒေါဆီက ထောက်ခံချက် ပါနေပြီပဲ၊ လုံလောက်ပါတယ်။ ဒါပေမဲ့ မင်းကို ငါ အခု လက်ခံလိုက်ရင် လမ်းမလျှောက်တတ်ခင် အပြေး[illegible] သင်သလို ဖြစ်နေမှာပေါ့၊ စိတ်ပျက်စရာ မလိုပါဘူးကွာ၊ စန္ဒရားဆရာ[illegible]ကြီး လီယိုနဒ် ဘန်းစတိန်းတောင် မင်းလိုပဲ ဂီတမှာ အခြေခံက[illegible] စခဲ့ရသေးတာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မင်းလည်း သူ့လိုပေါ့'

'ဟုတ်ကဲ့ ဆရာကြီး'

ဒင်နီက ဣန္ဒြေမပျက် ပြောသည်။ အမှန်ကတော့ ငါ့ စန္ဒရားလက်ဟာ ကလေး လက်ပဲ ရှိသေးတယ်လို့ ပြောလိုက်တာပဲဟု ပြန်လာရင်း သူ တွေးသည်။

ဟားဗတ် တက္ကသိုလ်ဝင် သင်တန်းသို့ ရောက်လာသည့် ကျောင်းသားသစ်များတွင် သူများထက် သာသည့် အခွင့်အရေး တစ်ခု ရှိသည်။ မည်သည့် ဘာသာကို ယူသင့် မယူသင့်ကို ရှေ့က တက္ကသိုလ်သို့ တန်းတက်ခွင့်ရသည့် ကျောင်းသားသစ်များထံမှ မေးမြန်း စုံစမ်းနိုင်သည်။

### အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

အောက်တိုဘာ ၅၊ ၁၉၅၄။

ငါနှင့် တစ်နှစ်တည်း တက္ကသိုလ် ရောက်တဲ့ ကျောင်းသားပေါင်း တစ်ထောင်ကျော်လောက်ကို ပြန်တွေ့နိုင်တဲ့ အခါအခွင့်မျိုး ဆိုလို့ တို့ တစ်သက်မှာ သိပ်များများ မရှိဘူး။

တက္ကသိုလ်မှာတုန်းက ဆိုရင် သုံးကြိမ်ပဲ တစ်စုတစ်ဝေးတည်း တွေ့ခွင့်ရတယ်။ တစ်ကြိမ်က မောင်မယ်သစ်လွင် ကြိုဆိုပွဲ။ ကျောင်းသား အားလုံး တည်တည်ငြိမ်ငြိမ် လေးလေးနက်နက်။ ပြီးတော့ မောင်မယ်သစ်လွင် မိတ်ဆုံပွဲ။ ပေးလား ဝါးလား ပျော်ပျော်ပါးပါး။ နောက်ဆုံး အကြိမ်ကတော့ လေးနှစ်ပြီးလို့ ဘွဲ့ရတဲ့အခါ ဘွဲ့နှင်းသဘင်။

ဒီ သုံးကြိမ်က လွဲရင် ဟားဗတ်ကို ကိုယ့်ဘာသာ ကိုယ် တစ်ယောက်တည်း သွားလည်ချင်လည်။ ဒါပေမဲ့ တို့ အသုတ် တစ်စုတစ်ဝေးတည်းတော့ ပြန်မတွေ့နိုင်တော့ဘူး။ တချို့ကတော့ တို့ ဘွဲ့ရတဲ့ ငွေရတုသဘင် မိတ်ဆုံပွဲမှာ ပြန်တွေ့နိုင်သေးတယ်တဲ့။ ဒီပွဲဟာ အရေးကြီးဆုံးတဲ့။ ဒါပေမဲ့ ဒီပွဲက ၁၉၈၃ ခုနှစ် ရောက်မှ လုပ်ရမှာ။ အဝေးကြီး လိုသေးတယ်။





အဲဒီ ငွေရတုသဘင်ကျရင် တို့တစ်တွေဟာ ညီအစ်ကို တစ်တွေလို ပျော်ပျော်ပါးပါး ပြန်တွေ့ကြမှာတဲ့။ ဒါပေမဲ့ ခုတော့ တို့ တစ်တွေဟာ နိုအာရဲ့ သင်္ဘောထဲမှာ ပါသွားတဲ့ တိရစ္ဆာန်တွေလိုပါကလား။ ခြင်္သေ့တွေရော၊ သိုးငယ်တွေရော၊ ကြွက်တွေရော အစုံပါကလား။ ငါတို့ဟာ လေးနှစ်ခရီးကို ရွက်လွှင့်နေကြတာပါကလား။ တို့ ခရီးမှာ ဘယ်သူ ဘာဖြစ်မယ် ဆိုတာ ဘယ်မှာ ကြိုတင် ပြောနိုင်ပါ့မလဲ။ သူကလည်း သူ့ကုန်းပတ်ပေါ်မှာ နေ။ ကိုယ်ကလည်း ကိုယ့်ကုန်းပတ်ပေါ်မှာ နေ။ သူက သူ့အခန်းထဲ အောင်း။ ကိုယ်ကလည်း ကိုယ့်အခန်းထဲ အောင်း။

ဒီနေ့ ညမှာတော့ တို့တစ်တွေဟာ ဆန်းဒါး ခန်းမကြီးထဲမှာ ၁၉၅၈ ခု ဘွဲ့နှင်းသဘင် တက်မယ့် ကျောင်းသားတွေ အဖြစ် စုဝေးနေကြတယ်။ ကျောင်းသားသစ်တွေကို ကြည့်ရတာ တည်ငြိမ် လေးနက်နေကြတယ်။

အဲဒီတုန်းက တို့ တက္ကသိုလ် အဓိပတိ ဖြစ်တဲ့ ဒေါက်တာ ပူဆေကို ဒီနေ့ခေတ်မှာတော့ သူ့ရဲ့ကောင်းလို့ အသိအမှတ် ပြုချင်မှ ပြုကြတော့မယ်။ ဒါပေမဲ့ အဲဒီနေ့ညက အဓိပတိက ဟားဗတ် တက္ကသိုလ်ရဲ့ အစဉ်အလာ ဖြစ်တဲ့ 'မိမိတို့ မှန်သည် ထင်ရာကို သင်ကြားနိုင်သော' ပညာရေး လွတ်လပ်ခွင့် အကြောင်းကို ပြောသွားတာကတော့ တော်တော်လေးကို မှတ်သားစရာ ကောင်းတယ်။ ဒေါက်တာ ပူဆေက 'မိမိတို့ မှန်သည် ထင်ရာကို သင်ကြားနိုင်သော' ပညာရေး လွတ်လပ်ခွင့်ကို ကာကွယ် ပြောသွားတယ်။ စိတ်ထိခိုက်ရတယ်။

ဥပမာ အနေနှင့် ဒီ ရာစုနှစ် အစမှာ ဟားဗတ် တက္ကသိုလ် အဓိပတိ လုပ်သွားတဲ့ ဒေါက်တာ လောရင့်စ် လိုဝဲ အကြောင်းကို ပြောသွားတယ်။ ဒေါက်တာ လိုဝဲဟာ ငါ့ အဘေး ကွယ်လွန်ပြီးတဲ့နောက် အဓိပတိ နေရာကို ဆက်ခံတဲ့ ပုဂ္ဂိုလ် ဖြစ်တယ်။ ပထမ ကမ္ဘာစစ်အပြီးမှာ တက္ကသိုလ်က ဆရာ တော်တော်များများဟာ ဆိုရှယ်လစ်တွေ၊ ကွန်မြူနစ်တွေ ဘက်ကို ယိမ်းခဲ့ဟန် တူတယ်။ အဲဒီတုန်းက တက္ကသိုလ်က လက်ဝဲဆရာတွေကို ထုတ်ပစ်ဖို့ အဓိပတိ ဒေါက်တာ လိုဝဲကို အကျပ်ကိုင်ခဲ့ကြတယ်။

အဓိပတိ ဒေါက်တာ ပူဆေက ပါမောက္ခတွေရဲ့ လွတ်လပ်စွာ ပညာ သင်ကြားခွင့်ကို ကာကွယ်ခဲ့တဲ့ ဒေါက်တာ လိုဝဲ အကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ပြောသွားတာဟာ အကြောင်းမဲ့ မဟုတ်ဘူး။ သူ့ကို လွှတ်တော် အမတ်မင်္ဂလာသီးက အကျပ်ကိုင် နေတာကို ရည်ရွယ် ပြောသွားခြင်း ဖြစ်တယ် ဆိုတာ ငါလို ထုံထိုင်းတဲ့ကောင်တောင် သိနိုင်တယ်။

ဟုတ်တယ်။ တို့ တက္ကသိုလ် အဓိပတိကြီးကို ထောက်ခံရမယ်။ အဓိပတိကြီးဟာ ဒီနည်းအားဖြင့် သူ့ရဲ့ သတ္တိကို ပြသွားခဲ့တယ်။ ဟဲမင်းဝေး ပြောတဲ့ 'အကျပ်ကိုင်မှု အောက်က တည်ငြိမ်ခြင်း' ဆိုတာ ဒါမျိုးပဲ ဖြစ်မှာပဲ။ ဒါပေမဲ့ တို့ ကျောင်းသားသစ်တွေက ဆရာကြီးကို မတ်တတ်ရပ်ပြီး ဩဘာ ပေးဖော် မရကြဘူး။

ဒါပေမဲ့ တို့တစ်တွေ အသက်ကြီးလာလို့ လောကကြီး အကြောင်းကို သိလာတဲ့ အခါမှာ အဲဒီညက ဆရာကြီးရဲ့ သတ္တိကို အသိအမှတ် မပြုခဲ့တဲ့ အတွက် တို့တစ်တွေ အရှက်ရနေကြမှာပဲ ဆိုတာ ငါ့စိတ်ထဲမှာ ရှိတဲ့ တစ်စုံတစ်ရာက ပြောနေတယ်။

'ဗျို့ ဂျေဆန်၊ ဘယ်သွားမလို့လဲ' ဟု ဒီဒီက မေးသည်။

'ဘယ်သွားရမှာလဲဗျ၊ မနက်စာ သွားစားမလို့ပေါ့'

'ဘာလဲ၊ ခင်ဗျား ဒီနေ့ မနက်စာ စားမလို့လား'

'ဒါပေါ့ဗျ၊ ဒီနေ့ မနက်စာ မဟုတ်လို့ ဘယ်မနက်စာ ဖြစ်ရဦးမှာလဲ'

'ဒီနေ့ ယွန်းကပူးနေ့လေ'

'ဟုတ်လား'

'ဟုတ်တယ်လေ၊ ဘာလဲ ယွန်းကပူးနေ့ ဆိုတာ ခင်ဗျား နားမလည်ဘူးလား'

'နားလည်ပါတယ်ဗျာ၊ ရေဝတီ ဥပုသ်နေ့ မဟုတ်လား'

'ဒီလိုဆိုရင် ဥပုသ်ကလေး ဘာလေး စောင့်မှပေါ့၊ ခင်ဗျားက ရေဝတီ မဟုတ်တဲ့ အတိုင်းပဲ'

'အမှန် ပြောရရင်တော့ ကျွန်တော်က ရေဝတီ မဟုတ်ဘူး ဒီဒီ'

'ဒီလို မပြောပါနှင့်ဗျာ၊ ခင်ဗျား ကျွန်တော့်လို ရေဝတီပါပဲ'

'နေစမ်းပါဦး၊ ခင်ဗျားက ကျွန်တော့်ကို ဘာလို့ ရေဝတီလို့ ပြောနိုင်ရတာလဲ'





ဂျေဆန်က နောက်ရွှတ်ရွှတ် မေး၏။

'ဟားဗတ် တက္ကသိုလ်မှာ ရေဝတီတွေဆိုရင် တစ်ခန်းတည်း ထားတယ်လေဗျာ၊ ခင်ဗျားကိုလည်း ရေဝတီမို့လို့ ကျွန်တော်နှင့် အတူ ထားတာပေါ့၊ နို့မို့ရင် ဘာဖြစ်လို့ အတူတူ ထားရမှာလဲ'

'ဟုတ်လား' ဟု ဂျေဆန်က နောက်ရွှတ်ရွှတ် လုပ်သည်။

'ဒီမှာ ဂျေဆန်၊ ခင်ဗျားဟာ ရေဝတီ ဘာသာဝင် မဟုတ်ဘူးလို့ ပြောချင်သလား'

'ကျွန်တော့် အဘိုးကတော့ ရေဝတီပဲဗျ၊ ဒါပေမဲ့ ကျွန်တော်တို့ကျတော့ ခရစ်ယာန်ပဲ'

'ဒါက အကြောင်း မဟုတ်ပါဘူးဗျာ၊ ဟစ်တလာသာ ဆိုရင်တော့ ခင်ဗျားကိုလည်း ရေဝတီလို့ သဘောထားမှာပဲ'

'ဒီမှာ ဒီဒီ၊ ဟစ်တလာ သေတာ ကြာလှပြီ၊ ခင်ဗျားလည်း နာမည်ကိုပဲ ကြားဖူးတာ၊ ပြီးတော့ ဒီတိုင်းပြည်ဟာ အမေရိကဗျ၊ ဒီတိုင်းပြည်မှာ ကိုယ်ကြိုက်တဲ့ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်ခွင့် ရှိတယ်၊ ရေဝတီ တစ်ယောက်ရဲ့ မြေး ဖြစ်ပေမယ့် ဥပုသ်နေ့မှာ ကိုယ် ထမင်းစားချင်ရင် စားနိုင်တယ်'

သို့ရာတွင် ဒီဒီက လက်မခံ။

'ယန်းပေါလ်ဆာတ်ရဲ့ ရေဝတီ ဇာတိသွေးနှင့် ပတ်သက်တဲ့ ဆောင်းပါးကို ဖတ်ဖို့ကောင်းတယ်၊ ဒီလိုဆိုရင် ခင်ဗျား အခက်အခဲကို ခင်ဗျား ဖြေရှင်းနိုင်မှာပဲ'

'ကျွန်တော့်မှာ ဘာ အခက်အခဲမှ မရှိဘူး'

'ပတ်ဝန်းကျင် လောကကြီးက ကိုယ့်ကို ရေဝတီလို့ သဘောထားရင် ကိုယ်လည်း ရေဝတီပဲတဲ့၊ ဆာတ်က ရေးဖူးတယ်၊ ခင်ဗျားဟာ ဆံပင် ငွေရောင် ရှိချင် ရှိမယ်၊ ဝက်ပေါင်ခြောက်ကို စားချင် စားမယ်၊ တက္ကသိုလ် ကျောင်းသား ဝတ်စုံကို ဝတ်ချင် ဝတ်မယ်၊ သိုးမွေးဘောလုံး ရိုက်ချင် ရိုက်မယ်၊ ဒါပေမဲ့ ဘယ်လိုပဲ နေနေ ရေဝတီဟာ ရေဝတီပဲ၊ လောကကြီးကလည်း ခင်ဗျားကို ရေဝတီလို့ သဘောထားမှာပဲ'

'တော်စမ်းပါဗျာ၊ ဒါမျိုးတွေကို လေကုန်ခံပြီး ပြောနေတာ ဆိုလို့ ခင်ဗျား တစ်ယောက်တည်းပဲ တွေ့ဖူးသေးတယ်'

'ဒါတော့ ခင်ဗျား သဘောပေါ့လေ၊ ခင်ဗျား ကြိုက်သလို ယူဆနိုင်ပါတယ်၊ နောက်ကျမှ နောင်တရတာမျိုး မဖြစ်ပါစေနှင့်၊ ခင်ဗျား ကြိုက်သလောက်



www.burmeseclassic.com

www.burmeseclassic.com



ဝဝကြီး စားခဲ့ပါဗျာ၊ ရပါတယ်'

ဒီဒီက သရော်တော်တော် ပြောသည်။

'ကျေးဇူးပါပဲဗျာ၊ ဥပုသ်နေ့မှာ ကျွန်တော့် အတွက်လည်း ဆုကလေး ဘာလေး တောင်းပေးပါနော်'

ဆရာကြီးသည် စပျစ်ရောင် မည်းနက်နေသော ပင်လယ်ကြီးနှင့် တူသည့် ကျောင်းသားများ၏ ခေါင်းများကို ငေးကြည့်နေသည်။ သူသည် အမျိုးသမီးများ၊ ဘီလူးကြီးများ၊ မိန်းမဆိုးများနှင့် ဆယ်နှစ်ကြာ တွေ့ဆုံခဲ့သည့် အိုဒက်ဆီး ယတ်စ် တစ်ယောက် ပြည်တော်သို့ ပြန်ခန်းကို သင်နေသည်။

ပါမောက္ခကြီးသည် ဆင်းဒါး ဓာတ်ရုံ စင်မြင့်ပေါ်တွင် ရပ်နေသည်။ ပါမောက္ခ ဖင်လေ၏ ပို့ချချက်များကို ဟားဗတ် တက္ကသိုလ် ကျောင်းသားတွေ ကျိတ်ကျိတ်တိုးအောင် လာ၍ တက်လေ့ရှိသည်။

အင်္ဂါနေ့နှင့် ကြာသပတေးနေ့ ၁၀ နာရီဆိုလျှင် ဆရာကြီးသည် ဟိုးမား၏ လင်္ကာကြီးများနှင့် မီလ်တန်၏ လင်္ကာကြီးများကို သင်လေ့ ရှိ၏။ ထိုနေ့မျိုးတွင် ဆိုလျှင် တက္ကသိုလ် ကျောင်းသား စုစုပေါင်း လေးပုံ တစ်ပုံသည် သူ့ ပို့ချချက် သင်တန်းတွင် ရောက်နေတတ်သည်။ ဂျေဆန်နှင့် အင်ဒရူးတို့မှာ နောက်ပိုင်း စင်မြင့်မှ နားထောင်ကြသည်။ ဒင်နီကား မကြာခဏ နေရာပြောင်း၍ နားထောင်၏။

သီယိုဒိုမှာမူ တချို့ စကားလုံးများ လွတ်သွားမည် စိုးသဖြင့် ရှေ့ဆုံးတန်းမှ နားထောင်သည်။ သူသည် လက်တင်နှင့် ဂရိဘာသာတွင် အဓိကယူရန် ဟားဗတ် တက္ကသိုလ်သို့ လာခဲ့ခြင်း ဖြစ်၏။ ပါမောက္ခ ဖင်လေ၏ ပို့ချချက်ကို နားထောင်ရသည့် အခါတွင် ဂရိလူမျိုး ဖြစ်ရသည်ကိုလည်း သူ ဂုဏ်ယူသည်။ ဂရိ ဂန္ထဝင်၏ ခမ်းနား ကြီးကျယ်ပုံကိုလည်း သူ အံ့ဩသည်။

'တပည့်တို့ စဉ်းစားကြည့်စမ်း၊ တို့ ဓာတ်လိုက် အိုဒက်ဆီးယတ်စ်ဟာ အမြဲတမ်း နုပျိုနေတဲ့ နတ်မိမယ်ကလေးနှင့် အဆုံးအစ မရှိ နေရတယ်၊ ဒါပေမဲ့ သူ မနေဘူး၊ အဲဒီ ဘယ်တော့မှ မအိုတဲ့ နတ်မိမယ်နှင့် မြကျွန်းသာကို စွန့်ပြီး ဆင်းရဲနုံချာတဲ့ သူ့ဇာတိ ကျွန်းကလေးနှင့် ဘယ် အမွေးနံ့သာတွေနှင့်မှ ဖုံးအုပ်လို့ မရတော့တဲ့ တဖြည်းဖြည်း သက်လတ်ပိုင်း ရောက်နေတဲ့ သူ့ ဇနီးသည်





ဆီကို ပြန်လာခဲ့တယ်၊ တပည့်တို့ပဲ စဉ်းစားကြည့်ပါ၊ နတ်ဘုံလို သာယာတဲ့ မြကျွန်းသာမှာ ဘယ်တော့မှ မအိုတဲ့ နတ်မိမယ်နှင့် ကာလ အဆုံးအစ မရှိ နေရမယ် ဆိုတာ ဘယ်လောက် မက်မောဖို့ ကောင်းတဲ့ အခွင့်အရေးကြီးလဲ၊ ဒါပေမဲ့ အိုဒက်ဆီးယတ်စ် ဘာလုပ်သလဲ၊ ဘယ်လမ်းကို ရွေးသလဲ'

ပါမောက္ခ ဖင်လေသည် စင်ပေါ်တွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်ရင်း စာအုပ်ကို မလှန်ဘဲ ဂရိလင်္ကာကြီးကို ရွတ်ပြကာ ကိုက်ရိုက် အင်္ဂလိပ်လို ပြန်ပြသွားသည်။

'ဒီတော့ အိုဒက်ဆီးယတ်စ်က ဘယ်လို ပြောသလဲ၊ အို နတ်မိမယ်၊ သင် ဆိုသော စကားသည် မှန်ပါပေ၏၊ ကျွန်ုပ်၏ ဇနီးသည် ပင်နီလော့သည် သင်နှင့်စာလျှင် ရုပ်ရည် ရူပကာယတွင် ဆင်နှင့် ဆိတ်လောက် ကွာခြားပါ၏၊ ပင်နီလော့သည် တစ်နေ့တွင် ဇရာဒုဗ္ဗလ အရွယ်သို့ ရောက်ပြီး သင်ကား အမြဲတမ်း နုပျိုနေသော နတ်မိမယ် ဖြစ်သည် ဆိုသည်မှာလည်း မှန်ပါ၏၊ သို့တိုင်အောင် ကျွန်ုပ်ကား အိမ်ကိုသာ လွမ်း၍ ပြန်ရမည့် ရက်ကိုသာ မျှော်လင့်လျက် ရှိပါ၏တဲ့'

ပါမောက္ခကြီးသည် လမ်းလျှောက်နေရာမှ ရပ်လိုက်ကာ ရှေ့ စင်မြင့် အစွန်းနားသို့ တိုးလာခဲ့ကာ လေသံကို နှိမ့်လိုက်သည်။

'သေသေချာချာ မှတ်ထား၊ ခုပြောမယ့် စကားက အိုဒက်ဆီး လင်္ကာကြီးရဲ့ အသက်'

သူပြောမည့် စကားကို မှတ်ရန်အတွက် ခဲတံ ထောင်ပေါင်းများစွာသည် အသင့် ပြင်နေကြသည်။

'အိုဒက်ဆီးယတ်စ်ဟာ အင်မတန် ငြိမ်းချမ်းသာယာပြီး နွေးထွေးတဲ့ မြကျွန်းသာကနေ အေးစိမ့်တဲ့ ဆောင်းလေတွေ တိုက်နေတဲ့ သူ့ဇာတိကို ဘာဖြစ်လို့ ပြန်ချင်သလဲ၊ မသေနိုင်တဲ့ အမတ ရိပ်မြုံကျွန်းကို ဘာဖြစ်လို့ စွန့်လွှတ်ခဲ့သလဲ၊ သိကြရဲ့လား၊ ဓာတိသွေးကြောင့်ကွ၊ ဓာတိသွေးကြောင့်၊ တစ်နည်းပြောရရင် မအို မနာ မသေ မတောင့်မတ နေရတဲ့ လူရဲ့ ပြည့်စုံမှုထက် လူ့ရဲ့ ချစ်ခြင်းမေတ္တာတည်း ဟူသော ဂုဏ်ကျက်သရေက အလေးသာလို့ကွ'

ကျောင်းသားများသည် တိတ်ဆိတ်နေကြ၏။ ပါမောက္ခ ဖင်လေ အသက်ရှူသည့် အခါတွင်မှ သူတို့လည်း အသက်ရှူဖို့ သတိရသွားကြသည်။

ထို့နောက် လက်ခုပ်သံတွေ ပေါ်လာသည်။ ခဏကြာလျှင် ကျောင်းသားများသည် ဆင်းဒါး ဓာတ်ရုံကြီး၏ အသီးသီးသော ထွက်ပေါက်များမှ အပြင်



www.burmeseclassic.com

www.burmeseclassic.com



သို့ ထွက်နေကြလေပြီ။ သီယိုဒိုသည် မျက်ရည်တွေ ဝဲနေသည်။ သူလည်း ဆရာကြီးကို တစ်ခုတော့ ပြောချင်သည်။ သို့ရာတွင် ရုတ်တရက် မပြောရဲ။ ပြောမည်ဟု ကြည့်လိုက်သည့်အခါ၌ မိုးကာအင်္ကျီ အညိုရောင်နှင့် ဖီဒိုရာ ဦးထုပ်ကို ဆောင်းထားသည့် သွက်လက် ဖျတ်လတ်သော ဆရာကြီးသည် ဝင်းတံခါး ခုံမြင့်မြင့်ကြီး အောက်သို့ ရောက်နေလေပြီ။

သီယိုဒိုသည် မရဲတရဲဖြင့် သူ့နောက်သို့ ထွက်လာခဲ့သည်။ ထိုမျှလောက် ကြီးကျယ်သည့် ပုဂ္ဂိုလ်ကြီးသည် မိုးအောက် မြေပြင်တွင် ယှဉ်၍ ရပ်လိုက်သည့် အခါ၌ သာမန် အရပ်အမောင်းမျှလောက်သာ ဖြစ်နေသည်ကို မြင်ရသည့် အခါ၌ သူ အံ့ဩမိသည်။

'ဆရာကြီး ခင်ဗျာ၊ ဆရာကြီးရဲ့ ပို့ချချက်ဟာ ကျွန်တော့် တစ်သက်မှာ စိတ်အထိခိုက်ဆုံး ပို့ချချက်ပါ၊ ကျွန်တော်က ကျောင်းသားသစ်ပါ၊ ဂန္ထဝင်စာပေကို အဓိက ဘာသာအဖြစ် ယူမလို့ပါ၊ ဆရာကြီးရဲ့ ပို့ချချက်ကို ကြားလိုက်တော့ တခြား ကျောင်းသားတွေလည်း ဂန္ထဝင်စာပေကို အဓိက ဘာသာအဖြစ်နှင့်...'

သီယိုဒို စကား ထစ်နေသည်။ သို့ရာတွင် ဆရာကြီးသည် သူ့ ရှေ့တွင် ထိုသို့ မရွံ့မရဲ ဖြစ်နေသူတို့ကို တွေ့ခဲ့ဖူးသည်မှာ ရိုးနေဟန်တူ၏။ သို့ရာတွင် သူ့စကားကြောင့် စိတ်ထဲတွင် ကျေနပ်သွားသည်။

'ကျောင်းသားသစ်က ဂန္ထဝင်စာပေကို အဓိက ယူဖို့ ဆုံးဖြတ်သလားကွ'

'ဟုတ်ပါတယ် ခင်ဗျား'

'မင်းနာမည်က ဘယ်သူလဲ'

'သီယိုဒို လင်းဗရိုစ်ပါ ဆရာကြီး၊ ၅၈ ခုနှစ် ဘွဲ့ယူမယ့် အသုတ်ပါ'

'ဟုတ်လား၊ သီယိုဒိုဆိုတာ ဂရိလို ဘုရား၏ လက်ဆောင် အဓိပ္ပာယ်ရတယ်၊ လင်းဗရိုစ် ဆိုတာကလည်း တကယ့် ဂရိလက်ာကြီးတွေထဲက နာမည်ပဲ၊ တောက်ပသော အလင်းရောင်လို့ အနက်ရတယ်၊ ဖိုသီယန် လင်္ကာကြီးထဲကလိုပေါ့၊ လူဟူသမျှ ဝေနေယျတို့၊ တောက်ပအလင်း၊ အမှောင်ခွင်းလိမ့်တဲ့၊ တစ်နေ့ကျရင် အဲလီယော့ ဂေဟာကို လက်ဖက်ရည် သောက်လာခဲ့ကွာ၊ စကား ပြောရတာပေါ့'

သီယိုဒိုက ကျေးဇူးစကား မဆိုမီ ဆရာကြီးသည် ဂရိလင်္ကာကြီး တစ်ပုဒ်ကို ရွတ်ရင်း အောက်တိုဘာ လေပြင်းထဲတွင် ခပ်သုတ်သုတ် လျှောက်





သွားနေသည်။

ဂျေဆန်သည် ရှိုက်သံ တစ်ခုကြောင့် အိပ်ရာမှ နိုးလာ၏။

စားပွဲတင် နာရီကို လှမ်းကြည့်သည်။ အချိန်မှာ ည နာရီပြန် နှစ်ချက်။ နားစွင့်ကြည့်လိုက်သည့် အခါတွင် တစ်ဖက်ခန်းမှ ရှိုက်သံကို သူ ကြားရသည်။

ဂျေဆန်သည် အိပ်ရာမှ ခုန်ထကာ ဒီဒီ၏ အခန်းဆီသို့ လာခဲ့၏။ သူ့အခန်းတံခါးကို အသာ ခေါက်သည်။

'ဒီဒီ ဘာဖြစ်လို့လဲ၊ နေမကောင်းဘူးလား'

ရှိုက်သံသည် ရပ်သွားကာ တိတ်ဆိတ်သွား၏။ ဂျေဆန်က တံခါးကို ထပ်ခေါက်ပြီး ထပ်မေးသည်။

'ဘာဖြစ်လို့လဲ'

'ဘာမှ မဖြစ်ပါဘူး၊ ကိစ္စ မရှိပါဘူး၊ မလာပါနှင့်'

ပိတ်ထားသော တံခါးနောက်မှ ခပ်ပြတ်ပြတ် ဖြေသံ ကြားရသည်။ သို့ရာတွင် အသံကမူ လှိုက်လှဲစွာ ခံစားနေရသည့် အသံ။

'တံခါး ဖွင့်ပေးပါ၊ ဖွင့်မပေးရင် ကျွန်တော် ချိုးဖျက် ဝင်လာမိလိမ့်မယ်'

ကုလားထိုင်တန်း ရွှေ့သံ ကြားရသည်။ ထို့နောက် တံခါးသည် ခပ်ဟဟ ပွင့်လာ၏။ ဒီဒီသည် သူ့ကို အလန့်တကြားဖြင့် ကြည့်နေသည်။ စားပွဲတွင် ထိုင်၍ စာကျက်နေဟန် တူသည်။

'ဘာကိစ္စ ရှိလို့လဲ'

'ခင်ဗျား အခန်းက ငိုသံကြားလို့၊ ခင်ဗျား တစ်ခုခုများ ဖြစ်နေသလားလို့ပါ'

'ဘာမှ မဖြစ်ပါဘူး၊ အိပ်ပျော်သွားပြီး ခြောက်အိပ်မက် မက်လို့ပါ၊ ကျွန်တော် စာကြည့်ဦးမယ်ဗျာ၊ ကျေးဇူးတင်ပါတယ်'

သူက တံခါးကို ပိတ်သည်။ ဂျေဆန် မပြန်သေး။

'ဒီမှာ ဒီဒီ၊ စာကိုချည်းပဲ ကုန်းကျက် မနေနှင့်၊ နည်းနည်းပါးပါး အိပ်ဦးမှပေါ့၊ မအိပ်ရင် ဒုက္ခ ရောက်သွားမှာပေါ့၊ တစ်ည တစ်ည ဒီလောက် ကျက်ရင် တော်ပြီပေါ့'

တံခါးသည် ပြန်ပွင့်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

'အိပ်လို့ မရဘူးဗျာ၊ ကျွန်တော်နှင့် ပြိုင်ဘက်တွေက ကုန်းကျက်နေတဲ့ အချိန်မှာ ကျွန်တော် အိပ်လို့ မရဘူး၊ ဓာတုဗေဒ ၂၀ က သတ်မှာဗျ'

'ဘာပဲဖြစ်ဖြစ် အိပ်လိုက်ရင် ကောင်းမယ်ဗျာ၊ နေစမ်းပါဦး၊ ခင်ဗျား အိပ်မက်က ဘာတွေ မက်လို့လဲ'

'ခင်ဗျားကို ပြောရင် ယုံမှာ မဟုတ်ပါဘူးဗျာ'

'ပြောပါ ယုံပါတယ်'

ဒီဒီက အခြောက်တိုက် ရယ်သည်။

'တော်တော်တော့ ရယ်စရာကောင်းတယ်ဗျ၊ စာမေးပွဲခန်းမှာ ကျွန်တော် ဖြေဖို့ သွားတော့ မေးခွန်း စာရွက်တွေ ဝေနေတယ်ဗျ၊ ဒါပေမဲ့ အဲဒီ မေးခွန်းတွေကို တစ်လုံးမှ ကျွန်တော် နားမလည်ဘူးဗျာ၊ ရယ်စရာ မကောင်းဘူးလား၊ ကဲ ခင်ဗျားလည်း အိပ်တော့၊ ကျွန်တော်လည်း ဘာမှ မဖြစ်တော့ပါဘူး'

နောက်တစ်နေ့ မနက်တွင် ဒီဒီသည် မနေ့ညက အိပ်မက်အကြောင်းကို တစ်ခွန်းမှ မပြော။ သို့ရာတွင် ဂျေဆန်ကမူ ထိုအကြောင်းကို အဆောင်မှူးအား ပြောဖို့ လိုသည်ဟု ယူဆသည်။ အဆောင်မှူး ဒင်းနစ်မှာ ဆေးကျောင်းသား တစ်ယောက်လည်း ဖြစ်သည်။ သူ တွေ့ခဲ့သည့် အကြောင်းကို ပြောလျှင် ဒင်းနစ် နားလည်လိမ့်မည် ထင်သည်။

'ဒီမှာ ဒင်းနစ်၊ ခင်ဗျားကို အရေးကြီးတဲ့ ကိစ္စတစ်ခု ပြောချင်တယ်ဗျာ'

'ပြောပါ ရပါတယ်၊ ကျွန်တော့်ကို တိုင်ပင်ဖော် ရလို့ ဝမ်းသာပါတယ်' ဟု ဆေးပါရဂူလောင်းက ပြောသည်။

'တကယ် ပြောတာပါ၊ ဒီဒီဟာ ဘာသာရပ် အားလုံးမှာ အေ မရရင် ရူးသွားလိမ့်မယ် ထင်တယ်၊ သူက ကျွန်တော်တို့ အသုတ် တစ်ခုလုံးမှာ ပထမ ရချင်နေတာ'

ဒင်းနစ်က ချက်စတာဖီး တစ်လိပ်ကို ဖွာနေလိုက်ကာ လေထဲတွင် အကွင်းလေးတွေ ဖြစ်အောင် မီးခိုးများကို မှုတ်ထုတ်နေသည်။

'ဒါကတော့ သူ့ဘာသာသူ ထင်တာကိုးဗျ၊ မဖြစ်နိုင်တာပဲ'

'ဘာလို့ မဖြစ်နိုင်ရမှာလဲ'

'ခင်ဗျား အခန်းဖော် ဒီဒီဟာ အထက်တန်းကျောင်းမှာတုန်းကလည်း ပထမ မရခဲ့ဘူး၊ ပြီးတော့ သူ့ ကျောင်းက သူနှင့် လာတဲ့ အကောင် ခြောက်ယောက်ဟာလည်း အမှတ်ကောင်းတဲ့ ကောင်တွေချည်းပဲ၊ အုပ်ချုပ်ရေး ရုံးကလည်း သူ့ကို တင်းပွိုင့်ဖိုက်ပဲ ပေးထားတာ'





'ဘာဗျ'

'ဂရိတ်တွေက လျှို့ဝှက်ထားတာနော်၊ လူတိုင်း သိခွင့်ပေးတာ မဟုတ်ဘူး၊ ဟားဗတ် တက္ကသိုလ်မှာ ကျောင်းသားတိုင်း အတွက် နောင် သူတို့ ရနိုင်မယ့် ဂရိတ်တွေကို ကြိုတွက်ပြီးသား'

'ကြိုတွက်ပြီးသား၊ ဟုတ်လား'

ဒင်းနစ်က ခေါင်းညိတ်သည်။

'သူတို့ တွက်ထားတဲ့ အတိုင်းလည်း မှန်နေတာပဲ'

'ဒါဖြင့် ဒီနှစ် အတန်းတင် စာမေးပွဲမှာ ကျွန်တော် ဘယ် ဂရိတ်နှင့် ရမယ် ဆိုတာကို ကြိုတင် သိပြီးသားပေါ့၊ ဟုတ်လား'

'ဒါတင်မကဘူး၊ ဘယ်ဘွဲ့နှင့် အောင်မယ် ဆိုတာကိုပါ ကြိုသိပြီးသား'

'ဒီလိုဆိုရင်လည်း ကျွန်တော်တို့ကို စောစောစီးစီး ကြိုပြောထားပါလားဗျာ၊ သိထားရင် အရမ်း ကြိုးစားမနေတော့ဘူးပေါ့'

'ဒီမှာ ဂျေဆန်၊ ခင်ဗျားကို ကျွန်တော် ယုံလို့ ပြောတာနော်၊ အမှန်ကတော့ ကျွန်တော်တို့မှာ ပြောခွင့် မရှိဘူး၊ ခု ပြောတာက ခင်ဗျား အခန်းဖော်ကို စိတ်မပျက်အောင် အားပေးနိုင်ဖို့ ကျွန်တော် ပြောတာ၊ သူဟာ အိုင်စတိုင်း မဟုတ်ဘူး ဆိုတာကို ဖျောင်းဖျနိုင်အောင် ပြောတာ'

ဂျေဆန်သည် စိတ်တိုသွား၏။

'ဒါတော့ ကျွန်တော်က စိတ်ကုဆရာမှ မဟုတ်တာပဲဗျ၊ သူ့ကို ဘယ့်နှယ်လုပ် ဖျောင်းဖျနိုင်မှာလဲ၊ သူ့ကို ကူညီချင်တယ် ဆိုရင်လည်း ခု ကူညီလိုက်ပေါ့'

ဒင်းနစ်က စီးကရက်ကို ထပ်ဖွာသည်။

'ဒီမှာ ဂျေဆန်၊ ပြောရတာတော့ နည်းနည်း ခွကျတယ်၊ ဒီဒီ ဆိုတဲ့ ကောင် ဟားဗတ်ကို ရောက်လာတာဟာ ဘာညွှန်သလဲ ဆိုတာကို သိအောင် ရောက်လာတာဗျ၊ သူတင် မဟုတ်ပါဘူး၊ ကျွန်တော်တို့လည်း ဒီအတိုင်းပါပဲ၊ ဟားဗတ်မှာ ကိုယ် ဘာတော်သလဲ ဆိုတာကို လာမရှာနှင့်၊ ကိုယ် ဘာညွှန့်သလဲ ဆိုတာကိုပဲ ရှာ၊ ဒီအတိုင်း နှစ်ဝက်လောက်တော့ သူ့ဘာသာ သူ ထင်ချင် ထင်ပေ့စေပေါ့၊ သူဟာ ထိပ်ဆုံး မရောက်နိုင်ဘူးလို့ ဆိုတာ နှစ်ဝက်ကျော်လို့မှ သူ လက်မခံဘူး ဆိုရင်တော့ ကျောင်းဆေးရုံကို သွားပြဖို့ပဲ ရှိတော့တယ်၊ ကျွန်တော့်ကို စောစောစီးစီး လာပြောလို့ ကျေးဇူးတင်တယ်၊ နောက်ပိုင်း ဒီကောင် ခပ်ကြောင်ကြောင် ဖြစ်တာ မြင်ရင် ကျွန်တော့်ကို ချက်ချင်း ပြောပါ'


www.burmeseclassic.com

 www.burmeseclassic.com

'သူကတော့ အမြဲတမ်း ကြောင်နေတာပဲ' ဟု ဂျေဆန်က ခပ်ပြုံးပြုံးဖြင့် ပြောသည်။

'ဒီမှာ ဂျေဆန်၊ ဟားဗတ် တက္ကသိုလ်ဟာ ဘယ်လောက် အထိ ကြောင်မှ လက်ခံတယ် ဆိုတာ ခင်ဗျား မသိဘူး၊ ကျွန်တော် မြင်ဖူးတဲ့ လူကြောင်တွေနှင့်စာရင် ဒီဒီ ကြောင်တယ် ဆိုတာ အကင်းပဲ ရှိသေးတယ်'

## အင်ဒရူး အဲလီယော့၏ မှတ်တမ်း

အောက်တိုဘာ ၁၇၊ ၁၉၅၄။

ငါဟာ စာတော်တဲ့ ကျောင်းသား တစ်ယောက် ဆိုတာ ကိုယ့်ဘာသာ ကိုယ် သိတယ်။ ဒါကြောင့် အပတ်စဉ် စာမေးပွဲတွေမှာ စီ အဆင့် ရပေမယ့် ငါ့အဖို့ အရေးမကြီးပါဘူး။ ဒါပေမဲ့ ငါဟာ ဘောသမားကောင်း တစ်ယောက် ဖြစ်တယ်လို့တော့ ကိုယ့်ဘာသာ ကိုယ် ထင်တယ်။ ခုတော့ အထင်ကလေးတောင် ပျက်ပြယ်သွားရပြန်ပြီ။

ကျောင်းသားသစ်တွေရဲ့ ဘောလုံး အသင်းမှာ ပါတဲ့ ဘောလုံးသမားတွေဟာ နိုင်ငံတကာမှာ နာမည်ကျော်နေတဲ့ လူတွေချည်းပါကလား။ ငါ့မှာ ဘောလုံးကလေး တစ်ချက် ဝင်ကန်ဖို့တောင် အခွင့်အရေး မရတော့ပါကလား။

ဒါပေမဲ့ တက္ကသိုလ်မှာ ပွဲမတိုးနိုင်တဲ့ အတွက် စိတ်ဖြေနိုင်တာ တစ်ခုတော့ ရှိပါသေးတယ်။ ငါ့ရှေ့က ကစားသွားတဲ့ လူဟာ နှယ်နှယ်ရရ ထဲက မဟုတ်ဘူး ဆိုတာကို တွေးလိုက်တိုင်း ငါ့စိတ် သက်သာရာ ရပါတယ်။

ထောင့်ကန်ဘောတွေကလည်း ကောင်းလိုက်တာ။ အေးလေ၊ သူက ဘုရားသခင်ဆီက တိုက်ရိုက် ဆင်းသက်လာခဲ့သူ ဖြစ်လို့ ဒီလောက် ကောင်းနေတာလားမှ မသိတာ။

ဒါပေမဲ့ ငါလည်း သူတို့လို အလယ်လူ အဖြစ် ဝင်ကစားရရင် အာဂါခန်လောက်တော့ ကစားနိုင်မှာပါ။ ပါမောက္ခ ဖင်လေကတော့ အာဂါခန်ဟာ 'အဘ ဘုရားသခင်က တိုက်ရိုက် ဆင်းသက်လာတဲ့ အနွယ်တော်' တဲ့။





ငါ့ကို ကွင်းပြင် ရောက်အောင် လုပ်ခဲ့တဲ့ သူတွေဟာ သူ တစ်ယောက်တည်း မဟုတ်ပါဘူး။ အလယ် ရှေ့တန်းလူ တစ်ယောက် ဆိုရင်လည်း ပါသျှန်း မင်းသား တစ်ပါးတဲ့။ ပြီးတော့ တောင်အမေရိကတို့၊ ဖိလစ်ပိုင်တို့က လာတဲ့ ကျောင်းသားသစ်တွေကလည်း ဘောသမားကောင်းတွေ။ သူတို့အားလုံး ပါလာတော့ ငါဟာ ကွင်းဘေးမှာ ထိုင်ကြည့်ရတဲ့ အဖြစ်ကို ရောက်တော့တာပေါ့။

ဒါပေမဲ့ ငါက သုံးမိနစ်တည်း ကစားပြလိုက်ရလို့ပါ၊ နောက်ထပ် ဆယ်မိနစ်လောက် ကစားပြခွင့်ရရင် ငါလည်း တက္ကသိုလ်သင်းထဲကို ပါနိုင်မှာပါ။

လူသစ်တွေထဲမှာ အကောင်းဆုံး ဘောသမားကတော့ မက်ဒေါနယ်ပဲ။ မက်ဒေါနယ်က အိတ်ဇီတာကျောင်းက အောင်လာတာ။ ကျောင်းဘောလုံးသင်းမှာလည်း အသင်း ခေါင်းဆောင်။ တယောထိုး ကောင်းပြီး ညဆိုရင် တယောကလေး တစ်လက်နှင့် အချိန်ကုန်တာပဲ။ ခု သူ့ကို တက္ကသိုလ် ကျောင်းသူဆောင် ဖြစ်တဲ့ ရက်ကလစ်ဆောင် တီးဝိုင်းအဖွဲ့ရဲ့ တီးဝိုင်း ခေါင်းဆောင် အဖြစ် အရွေးခံရပြန်တယ်။ အင်း ငါ့မှာ သိမ်ငယ်စိတ်ကလေးနှင့် တက္ကသိုလ် ရောက်လာရတာပဲ ကောင်းပါတယ်လေ။ သိမ်ငယ်စိတ် မဝင်ဘဲ တခြား ဘောလုံးသမား လူသစ်တွေလို ဆောင့်ကြွားကြွားနှင့်သာ ရောက်လာခဲ့ရင် ဘဝင်မြင့်ပြီး ဒုက္ခရောက်ဦးမှာ။

ရေဝတီ တရားဟော ဆရာက တရားပလ္လင် ရှေ့တွင် ရပ်၍ ပြော၏။ 'ခု တို့များ နောက်ဆုံး ဓမ္မသီချင်းကို ဆိုကြမယ်၊ ဓမ္မသီချင်း ဆိုပြီးရင် တပည့်တို့ အားလုံး ကျက်သရေခန်းထဲကို ဝင်ပြီး စပျစ်ချို၊ သစ်သီးနှင့် ပျားရည်မုန့်တို့ စားနိုင်တယ်၊ ကဲ စာမျက်နှာ တစ်ရာ့နှစ်ကို လှန်ပြီး စကြဝဠာ၏ အသျှင် ဆိုတဲ့ ဓမ္မ သီချင်းကို ရွတ်ဆို ပူဇော်ကြရအောင်။

'ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းခြင်း မပြုမီ...
စိုးမိုး အုပ်ချုပ်တော်မူသော စကြဝဠာ၏ အသျှင်...'

တရားဟော ဆရာက ဓမ္မ သီချင်းကို ချပေးပြီးသည့်နောက် သူတို့သည်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ပြုဆောင် အပြင်သို့ ထွက်လာခဲ့ကြသည်။ ဒင်နီမှာ အော်ဂင်တီး၍ ကျန်ရစ်ခဲ့၏။ သီချင်းဆုံးသည်နှင့် ဒင်နီသည် အပေါ် အင်္ကျီကို ကောက်ယူကာ လှေကားမှ ပြေးဆင်းလာခဲ့သည်။

ကျက်သရေခန်းထဲသို့ အသာဝင်လာကာ စားသောက်ဖွယ်တို့ တည်ခင်းထားသော စားပွဲနားသို့ ကပ်လာခဲ့၏။ စက္ကူ ပန်းကန်ပြား တစ်ချပ်ထဲသို့ ကိတ်မုန့်များကို ထည့်နေစဉ် တရားဟော ဆရာ၏ အသံကို အနောက်ဘက်ဆီမှ ကြားရသည်။

'ဒင်နီရေ၊ မင်း ခုလို လာကူတဲ့ အတွက် ကျေးဇူးတင်ပါတယ်ကွာ၊ မအားတဲ့ အထဲက လာကူတဲ့ အတွက် အတိုင်းထက် အလွန် ဝမ်းသာပါတယ်'

'ရပါတယ် ဆရာ၊ ကျွန်တော့်အဖို့ အပန်းမကြီးပါဘူး၊ ပြီးတော့ ကျွန်တော် ကိုယ်တိုင်ကလည်း စိတ်ဝင်စားပါတယ်'

ဒင်နီသည် ရိုးရိုးသားသား ပြောခြင်း ဖြစ်သည်။ ရေဝတီတို့၏ ပွဲတော်များတွင် အစားအသောက်ကို အလျှံပယ် ကျွေးလေ့ ရှိသည်။ ထိုပွဲတော်များသို့ လာလျှင် နေ့လယ်စာ ထွက်စားရန် မလိုပေ။ ထို့ကြောင့် ရေဝတီ ပွဲတော်များကို သူ သဘောကျသည်။ သို့ရာတွင် ထိုအကြောင်းကိုမူ ထုတ်ပြောခြင်း မပြု။

ယခု စနေနေ့သည် သူ့အဖို့ အလွန် အလုပ်များသည့် နေ့ဖြစ်သည်။ ထိုနေ့တွင် ကွင်စီရှိ ဘုရားရှိခိုးကျောင်းမှ ဝတ်တက်လူငယ်အဖွဲ့က ဆုတောင်းပွဲ ကျင်းပမည်။ ဒင်နီသည် သူတို့ တူရိယာ အဖွဲ့ကလေး (ဒရမ်တီးသူ တစ်ယောက်၊ ဂစ်တာတီးသူ တစ်ယောက်နှင့် စန္ဒရားတီးသူ) ကို ငှားရန် ဘုန်းတော်ကြီးကို လျှောက်ခဲ့သည်။ ပျင်းတော့ ခပ်ပျင်းပျင်းပင်။ သို့ရာတွင် ငှားခ ဒေါ်လာ ၅၀ ရမည် ဆိုတော့ တီးပျော်ပါသည်။

ဘုရားရှိခိုးချိန် တစ်ချိန်နှင့် တစ်ချိန် ကြားထဲတွင် အချိန်ပိုရသည်။ ထိုအချိန်ပိုကလေးတွင် ကျောင်းသို့ ပြန်နေရန် အချိန်မရ။

စနေနေ့တိုင်း လုပ်နေကျ တက္ကသိုလ် ဘောလုံးပွဲတွေ ရှိနေသဖြင့် ကျောင်းတွင် ဆူညံနေကြမည်။ ထို့ကြောင့် ဒင်နီသည် ဘတ်စ်ကား စီးကာ ဘော့စတန် ပြည်သူ့ စာကြည့်တိုက်သို့ လာခဲ့သည်။

သူထိုင်သည့် စားပွဲအစွန် တစ်ဖက်တွင် ဆံပင်နက်နက် ခပ်ဝဝ ကောင်မလေး တစ်ယောက် ထိုင်ပြီး မှတ်စု ကူးနေသည်။ မှတ်စု စာအုပ်တွင် ဘော့စတန် တက္ကသိုလ် ဟူသော စာတန်းများ ရိုက်ထား၏။ ဤတွင် ဒင်နီသည် စကားပြောစရာ အကြောင်းရှာ၍ ရသွားသည်။





'ယူက ဘော့စတန် တက္ကသိုလ်ကလား'

'ဟုတ်တယ်'

'တို့က ဟားဗတ် တက္ကသိုလ်ကပါ'

'ထင်သားပဲ' ဟု သူက စကားပြတ်အောင် ပြောလိုက်၏။

ဒင်နီသည် သူထင်သည့် အတိုင်း ဆုတ်ခွာလာခဲ့ရပြီး စင်ဒီမစ်၏ 'ဂီတ ဒန္ဒသာရ ကျမ်း' ကို ဆက်ဖတ်နေသည်။

စာကြည့်တိုက်ထဲမှ သူ ပြန်ထွက်လာသည့် အခါတွင်မူ အေးစိမ့်၍ မှောင်စပျိုးနေလေပြီ။ ဘော့စတန် ပန်းခြံ ကွက်လပ်ကြီးကို ဖြတ်လာသည့် အခါ၌ ဒင်နီသည် သူ ကြုံတွေ့နေရသည့် ဘုရားရှိခိုးကျောင်းမှ ပြဿနာကို စဉ်းစားလာခဲ့၏။

အခြားမဟုတ်။ သူတို့ ဆုတောင်းပွဲတွင် ထမင်းကျွေး မကျွေး ဆိုသည့် ပြဿနာပင် ဖြစ်သည်။

သူတို့ကို သိပ်အားကိုးနေလို့ မဖြစ်ဘူး၊ နည်းနည်းပါးပါးတော့ စားသွားဦးမှဟု သူ သဘောရသည်။ ထို့ကြောင့် ဘုရားရှိခိုးကျောင်းသို့ သူ ပြန်မလာမီ ငါးကြော် တစ်ကောင်နှင့် မုန့် တစ်ယုက်ကို ဝင်စားခဲ့သည်။

သူတို့ပွဲတွင် ပျော်စရာ အကောင်းဆုံးမှာ ဒရမ်တီးသည့် ကောင်လေးနှင့် ဂီတာတီးသည့် ကောင်လေးမှာ သူ့လို ကောလိပ် ကျောင်းသားကလေးများ ဖြစ်နေခြင်း ဖြစ်သည်။ စိတ်ပျက်စရာ အကောင်းဆုံးမှာ သူ့အဖို့မှာ တစ်ချိန်လုံး စန္ဒရား တီးနေရခြင်း ဖြစ်သည်။ ဆွယ်တာ ကျပ်ကျပ်ကလေးတွေ ဝတ်ထားသည့် ကွင်စီ အထက်တန်း ကျောင်းသူကလေးများကို ငမ်းချိန်ပင် မရလိုက်။ သူတို့ကို နေ့စဉ် စန္ဒရား တီးပေးရသည်နှင့် အချိန်ကုန်သွားရသည်။

နောက်ဆုံးအဖွဲ့ ကပွဲစည်းဝိုင်းထဲမှ ထွက်သွားသည့် အခါတွင် ဒင်နီသည် လက်တွင် ပတ်ထားသည့် နာရီကို ကြည့်လိုက်၏။ ဆယ့်တစ်နာရီ ခွဲနေလေပြီ။ ကျောင်းသို့ ပြန်လျှင် လမ်းတွင် တစ်နာရီလောက် ကြာဦးမည်။ ကျောင်းစည်းကမ်းက ကိုးနာရီမထိုးမီ ကျောင်းဝင်းထဲ ရောက်ရမည်။

ဘုရားရှိခိုးကျောင်း အပေါ်ထပ်က ခုံတန်းတွေ ကြားထဲတွင် အိပ်မည်ဟု စိတ်ကူးသေးသည်။ မဖြစ်သေး။ ကျောင်းကိုတော့ ရောက်အောင်ပြန်မှ ဖြစ်မည်။

တက္ကသိုလ် ပရိဝုဏ်ထဲသို့ သူ ပြန်ရောက်သည့် အခါ၌ ပြတင်းပေါက် အားလုံး



www.burmeseclassic.com

www.burmeseclassic.com



မည်းမှောင်နေလေပြီ။ သူတို့ အဆောင်နားသို့ ရောက်လာသည့် အခါတွင် အဆောင်ရှေ့ ကျောက်တုံး လှေကားထစ်ပေါ်တွင် ငုတ်တုတ်ကြီး ထိုင်နေသည့် သူ့အခန်းဖော် ဝူကို တွေ့ရသည်။

'ဟော့ ခင်နီ'

'ဟော့ကောင်၊ မင်း ဘာလုပ်နေတာလဲ၊ အပြင်မှာ အေးပါဘိသနှင့်'

'ခွေးသား ဘာနီပေါ့ကွာ၊ ဓားသိုင်း ကျင့်ချင်တယ်တဲ့၊ ဒီတော့ သမာဓိ ကောင်းကောင်းနှင့် ကစားနိုင်အောင် ငါ့ကို အပြင် အထွက်ခိုင်းတယ်'

ဝူက စိတ်ပျက်လက်ပျက်ဖြင့် ပြောသည်။

'ဒီအချိန်ကြီးမှာ ဓားသိုင်း ကျင့်သတဲ့လားကွ၊ ဒီကောင် သောက်ရူး'

'ငါ သိပါတယ်ကွာ၊ ဒါပေမဲ့ ဒီကောင့် လက်ထဲမှာ ဓားတစ်ချောင်း ရှိနေတော့ ငါ ဘာတတ်နိုင်မှာလဲ'

မောပန်းလာသမျှသည် သူ့ကို ရဲဆေး တင်ပေးလိုက်သလား မသိ။ ခင်နီသည် ထူးထူးခြားခြား သတ္တိကောင်းလာကာ ထိုပြဿနာကို ဖြေရှင်းရန် ဆုံးဖြတ်သည်။

'ဟော့ကောင် ဝူ၊ လာကွာ၊ တို့နှစ်ယောက် ဒီကောင့်ကို သွားဆုံးမမှ ဖြစ်မယ်'

'အေးကွာ၊ မင်းရှိလို့ တော်သေးတာပေါ့၊ မင်း အရပ်က ခြောက်ပေ လောက် ရှိရင် ပိုကောင်းမှာ'

'ဟော့ကောင် ငါ့အရပ်က ခြောက်ပေ ကျော်တယ်ကွ'

သူတို့ ကံကောင်းသည်။ ထိုအချိန်၌ စိတ်ရူးပေါက်နေသော သူ့ရဲကောင်း ဓားသမားကြီးသည် မောပန်းသွားကာ အိပ်မောကျနေလေပြီ။ မကြာမီ ခင်နီလည်း မောမောဖြင့် အိပ်မောကျသွားသည်။

'အမယ်၊ ရေဝတီကောင်က ဘောလုံးရိုက် မဆိုးပါဘူး၊ သိလား'

ဒစ်ကီက ငယ်ငယ် ဘက်တံ ကိုင်နိုင်သည့် အရွယ်လောက်တွင် ပထမဆုံး ရိုက်ရသည့် ဘောလုံးရိုက်ပွဲ အကြောင်းကို သူ့ အခန်းဖော်အား ပြောပြနေသည်။

'ဒီတော့ ဒီကောင်က မင်းကို နိုင်သလား'





'ကြဲကြီးစည်ရာကွာ၊ ကိုယ့်ကိုတော့ ဘယ်နိုင်ပါ့မလဲ၊ ရိုက်ချက်ကလည်း တစ်ချက်မှ ကောင်းကောင်း မရဘူး၊ ဒါပေမဲ့ ရိုက်တော့ ရိုက်တတ်တယ် ဆရာ၊ သိပ် အထင်သေးလို့တော့ မရဘူး၊ ရေဝတီ တစ်ယောက် အနေနှင့် မပြောနှင့် သာမန် လူတစ်ယောက် အနေနှင့်ကို တော်တော် ရိုက်တတ်တဲ့ အထဲမှာ ပါတယ်'

'နေပါဦးကွ၊ မင်းက ရေဝတီတွေကို သာမန်လူ စာရင်းထဲမှာတောင် မထည့်တော့ဘူးလား' ဟု အင်ဒရူးက မေးသည်။

'ဟော့ကောင် ကတ်သီး ကက်သတ် မမေးနှင့်ကွာ၊ ငါပြောတာက တစ်မျိုး၊ ရေဝတီ ဆိုတဲ့ ကောင်တွေဟာ အသားမည်းတယ်၊ ဥာဏ်ကောင်းတယ်၊ ရန်လိုချင်တယ်၊ ဒါပေမဲ့ ဒီကောင်က ဒီလိုကောင် မဟုတ်ဘူး'

'ငါ့အဖေကတော့ ရေဝတီတွေကို အမြဲ လေးစားတယ်၊ ဆရာဝန် ပြုရင်တောင် ရေဝတီ ဆရာဝန်ကိုပဲ သွားပြတယ်'

'နေပါဦး၊ မင်းအဘိုးကြီးက ရေဝတီတွေနှင့် ဘယ်လောက်များ ပေါင်းသင်းဖူးသလဲ'

'ဒါက တခြားပဲ၊ ဒါပေမဲ့ ငါ့အဖေဟာ ရေဝတီတွေကို အပေါင်းအသင်း မလုပ်ဘူး ဆိုပြီး ကြွဲ့တာမျိုးတော့ မရှိဘူး၊ တို့ ပတ်ဝန်းကျင် အသိုင်းအဝိုင်း ကတော့ ရေဝတီ ဆိုရင် ကြွဲ့ချင်ကြတာချည်းပဲ'

'ဒါဖြင့် မင်းတို့ ရပ်ကွက်က ဆရာဝန်ကြီးတွေ ရေဝတီပါတဲ့ ကလပ်ထဲကို မဝင်တာဟာ တမင် မဝင်တာ မဟုတ်ဘူးလို့ မင်း ဆိုချင်တယ်ပေါ့'

'ဟုတ်တယ်၊ ငါ့အဖေဟာ လူမျိုးရေး အစွဲအလမ်း ဆိုလို့ လုံးဝ မရှိဘူး၊ ဗရင်ဂျီတွေနှင့် ပတ်သက်လို့လည်း ဒီအတိုင်းပဲ၊ ငါ့အဖေဟာ သူတော်ကောင်းလို့ ငါ မပြောချင်ပါဘူး၊ ဒါပေမဲ့ ရေဝတီတို့ ဂျူးတို့ ဘာတို့ သေဖြင့်နိမ့်ချပြီး မခေါ်ဖို့တော့ ငါ့ကို အမြဲ ဆုံးမတယ်'

'အမယ်လေး ငါ တစ်သက်လုံး ခေါ်လာတာ၊ နေစမ်းပါဦး၊ မင်းက ခုမှ ဘာဖြစ်လို့ ရေဝတီ ချစ်ကြည်ရေးတရား ဟောနေရတာလဲ'

'ဒီမှာ သူငယ်ချင်း၊ အထက်တန်းကျောင်းတို့ ဘယ်တို့မှာတုန်းက တို့ကျောင်းတွေမှာ ရေဝတီ မရှိဘူး၊ လူမည်းလည်း မရှိဘူး၊ ဒီတော့ သူတို့အကြောင်းကို ပြောချင်သလို ပြော အကြောင်း မဟုတ်ဘူး၊ ဒါပေမဲ့ ဟားဗတ် ကျောင်းသာတော့ လူ အမျိုးမျိုး ရှိတယ်ကွ၊ အသွေးအရောင်လည်း အမျိုးမျိုး ရှိတယ်၊ ဒီတော့ တို့ သူတို့နှင့် အတူ နေတတ်အောင် နေရမယ်'



www.burmeseclassic.com

www.burmeseclassic.com


သူ့ အခန်းဖော်များသည် တစ်ဦးကို တစ်ဦး လှမ်းကြည့်နေကြ၏။ ဒစ်ကီက

'ဟေ့ကောင်၊ တို့ကို လာပြီး တရားတွေ ဟောမနေနှင့်၊ တို့က လူတစ်ယောက်ကို ဝရင် ဝတဲ့ အကြောင်း၊ ပိန်ရင်လည်း ပိန်တဲ့ အကြောင်းလောက်ကိုပဲ ပြောတာ၊ တခြား ဘာသဘောနှင့်မှ ပြောတာ မဟုတ်ဘူး၊ တစ်ယောက်ယောက်ကို ဂျူးတို့ ဟက်ဘီတို့ ခေါ်ရင်လည်း အတိုကောက် ခေါ်ရတာ လွယ်လို့ ခေါ်လိုက်တာ၊ နှိမ်ချင်တဲ့ သဘောနှင့် ခေါ်တာ မဟုတ်ဘူး၊ မနှိမ်လို့ပေါ့ကွ၊ တို့ကျောင်း စနေနေ့ ကျောင်း ဘောလုံးပွဲ အပြီးမှာ စားဝိုင်း သောက်ဝိုင်းကလေး တစ်ခု ချိန်းထားတယ်၊ အဲဒီမှာ ဂျေဆန်ကိုတောင် ဖိတ်ပြီးပြီ၊ ဒီတော့ တို့ကို လာပြီး တရားတွေ ဟောမနေနှင့်'

ဒစ်ကီသည် သူ့ကို ခပ်လှောင်လှောင် ကြည့်လိုက်ပြီးနောက်

'ဒီတော့ ဂျူးကောင်တွေနှင့် ရောရတာ မင်းအဖို့ အရေးမကြီးဘူးဆိုရင် မင်းလည်း လာခဲ့ပေါ့'

နို့ဝင်ဘာလဆန်းပင် ရှိသေး၏။ သို့ရာတွင် ညနေ ခြောက်နာရီ ထိုးသည်နှင့် လေသည် အေးစိမ့်နေကာ မည်းမှောင်စ ပြုနေလေပြီ။ ဘောလုံးရိုက်ပြီး အဝတ်အစား လဲနေစဉ် လည်စည်း မတပ်ခဲ့မိသည်ကို တွေ့ရသဖြင့် စိတ်တိုသွားသည်။ လည်စည်း ပြန်တပ်ရဦးမည်။ သည်အတိုင်းသာ သွားလျှင် ခန်းမအဝင်တွင် စောင့်နေသည့် အိုင်းရစ် ကျောင်းသား ဆာဗီးရတ်စ် ဆိုသည့် ကောင်က သူများလည်ပင်းကို ကြည့်တတ်သည့်ကောင် ဖြစ်သည်။ သို့ဆိုလျှင် သူ့ကို အထင်သေးနေဦးတော့မည်။

ဂျေဆန်သည် အေးစိမ့်ကာ ရိုးတံကျဲကျဲ သစ်ပင်တွေ ပေါက်နေသော တက္ကသိုလ် ပရိဝုဏ်ထဲသို့ ပြန်ဝင်လာခဲ့ပြီး သူ့အဆောင် အခန်းနံပါတ် အေ ၃၂ ရှေ့တွင် ရပ်သည်။ ထို့နောက် အိတ်ထဲတွင် သော့ကို စမ်းရှာ၏။

တံခါးကို တွန်းဖွင့်လိုက်သည်နှင့် တစ်စုံတစ်ရာ ထူးခြားနေသည်ကို ဂျေဆန် သတိပြုမိသည်။ အခန်း တစ်ခုလုံး မည်းမှောင်လျက်။ ဒီဒီ အခန်းကလေးဘက်သို့ လှမ်းကြည့်လိုက်သည်။ သူ့အခန်းတွင်လည်း အလင်းရောင် မရှိ။ နေထိုင် မကောင်းများ ဖြစ်နေသလား မသိ။ ဂျေဆန်က လေသံအုပ်အုပ်ဖြင့်



'ဟေ့ ဒီဒီ၊ နေမကောင်းဘူးလား'

ဘာမျှ ပြေသံ မကြားရ။

ဂျေဆန်သည် အဆောင် စည်းမျဉ်းကို ချိုးဖောက်ကာ ဒီဒီ အခန်းတံခါးကို အသာ ဖွင့်ကြည့်လိုက်၏။ ပထမ မျက်နှာကြက်ကို သူ မော့ကြည့်မိသည်။ မျက်နှာကြက်ပေါ်တွင် လျှပ်စစ်ကြိုးတွေ ပြတ်လျက်။ ထို့နောက် ကြမ်းပြင်ကို ငုံ့ကြည့်လိုက်သည်။ ကြမ်းပြင်ပေါ်တွင် ဒီဒီ ပုံလျက်သား လဲကျလျက်။

ဂျေဆန်သည် အကြီးအကျယ် လန့်သွားသည်။

ဒီဒီ ဆိုတဲ့ကောင် ကိုယ့်ကိုယ်ကိုယ် သတ်သေသွားပြီ။ အနီးတွင် ဒူးထောက် ထိုင်လိုက်ပြီး ဒီဒီကို ပွေ့ထူလိုက်သည်။ ညည်းသံသဲ့သဲ့လို အသံမျိုး ကြားလိုက်ရ၏။ ဂျေဆန်သည် စိတ်ကိုထိန်းကာ ရဲကို ခေါ်ရန် စိတ်ကူးရသည်။ သို့ရာတွင် အချိန်မီတော့မည် မထင်။

ဂျေဆန်သည် တက္ကသိုလ် ပရိဝုဏ် အပြင်သို့ ပြေးထွက်လာခဲ့ကာ ဘက္ကစီ တစ်စီးကို ခေါ်ပြီးနောက် ဒီဒီကို ဆေးရုံသို့ တင်လာခဲ့သည်။

'ခဏနေရင် ကောင်းသွားမှာပါ၊ မင်းတို့ တက္ကသိုလ် ကျောင်းဆောင်တွေမှာ တပ်ထားတဲ့ မီးသီးတပ်တဲ့ အပေါက်တွေက လူတစ်ကိုယ် အလေးချိန်ကို မခံနိုင်ပါဘူးကွ၊ ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် သတ်သေတယ်လို့ ထင်သလဲ'

တာဝန်ကျ ဆရာဝန်က မေးလေသည်။

'ကျွန်တော်လည်း မသိဘူး ဆရာ'

ဂျေဆန်သည် သူ မြင်ရသည့် မြင်ကွင်းကြောင့် အကြောက် မပြေနိုင်သေး။

'ဒီကောင်က စာမေးပွဲမှာ ဂရိတ်ကောင်းကောင်း ရချင်တယ် ဆရာ၊ ဒီဘင် နှင်းကန် ဖိကြိုးစားတာ'

အဆောင်ဆေးမှူး ဒင်းနစ် လင်ဒန်က ပြောသည်။

'သူ့ကို ကြည့်ရတာ ထူးထူးခြားခြား မသက်သာစရာတို့ ဘာတို့တော့ မတွေ့ဘူးလား'

ဂျေဆန်က အဆောင်မှူးကို လှမ်းကြည့်သည်။ အဆောင်မှူးက

'ထူးထူးခြားခြားတော့ မတွေ့ရဘူး ဆရာ၊ ဒါပေမဲ့ ခက်သားပဲ ဆရာ၊ ကြက်ဥတွေ အများကြီးထဲမှာ ဘယ်ကြက်ဥ ကွဲသလဲ မကွဲဘူးလဲ ဆိုတာကို အကဲခတ်ရတာ ခက်သလိုပေါ့၊ ကျောင်းသားသစ်တွေ ရောက်စ ဆိုတော့ အကဲခတ်ရတာ အခက်သားပဲ'


www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန်နှင့် ဆေးမှူးသည် လူနာအကြောင်း ပြောနေကြ၏။ ဂျေဆန်က ဘာမျှမပြော။ သူ့ ဖိနပ်ကို သူ စိုက်ကြည့်နေသည်။

နောက် ဆယ်မိနစ်ခန့် အကြာတွင် ဂျေဆန်နှင့် ဆေးမှူးသည် ဆေးရုံမှ ပြန်ထွက်လာခဲ့ကြသည်။ ထိုအခါကျမှ သူ့တွင် အပေါ် အင်္ကျီလည်း မပါ၊ လက်အိတ်လည်း မပါလာကြောင်း သူ သတိထားမိသည်။ သူ့တွင် ထူထူထဲထဲ ဆို၍ ဘာမျှမပါ။ စောစောက ဇောကြောင့် အအေးဒဏ်ကို သတိမထားမိခဲ့။ ယခုမူ ခိုက်ခိုက် တုန်နေလေပြီ။

'ငါနှင့် လိုက်ခဲ့လေ' ဟု ဆေးမှူးက ခေါ်သည်။

'နေပါစေ ဆရာ ရပါတယ်'

'ဘယ်ဖြစ်မလဲကွ၊ လမ်းလျှောက်ပြန်ရင် အအေးမိလို့ သေသွားမှာပေါ့၊ လာ ကားပေါ်တက်'

လမ်းတွင် ဆေးမှူးက ကားမောင်းလာရင်း ပြောသည်။

'ဟားဗတ် တက္ကသိုလ်ဆိုတာ ဒါပဲကွ၊ မင်းအဖို့ နစ်မလား၊ ကူးမလား၊ ဒီနှစ်လမ်းပဲ ရှိတယ်'

'ဟုတ်တယ် ဆရာ၊ ဒါပေမဲ့ ဆရာတို့က ကမ်းစောင့် အသက်ကယ် သမားတွေ ဖြစ်ရမှာပေါ့ ဆရာ'

နောက် လမ်းဆုံ မီးပွိုင့် တစ်ခု အရောက်တွင် ဂျေဆန်သည် ဆရာ့ ကားပေါ်မှ ဆင်းသည်။ စိတ်ဆိုးနေသဖြင့် အပြင်ဘက်က အအေးဒဏ်ကိုပင် သတိမထားမိ။

တက္ကသိုလ် ပရိဝုဏ်ထဲသို့ သူ လျှောက်လာခဲ့သည်။ အယ်လဆီ၏ ဆိုင်ရှေ့သို့ ရောက်သည့်အခါတွင် ညစာ မစားရသေး။ သည့်အတွက် အမဲကင် နှစ်ပွဲ ဝင်စားသည်။ ထို့နောက် ကရိုနင်၏ ပျော်ပွဲစားရုံ ဘက်သို့ ထွက်လာကာ သစ်သားရုံကလေးများ အထဲတွင် သောက်နေကြသော ဝိုင်းများထဲတွင် အသိ အကျွမ်း လိုက်ရှာသည်။ အသိတွေ့လျှင် သည့်နေ့ည စိတ်ညစ်ညစ်နှင့် မူး အောင် သောက်ပစ်လိုက်မည်။

နောက်တစ်နေ့ မနက်တွင် သူ့ အခန်းတံခါးကို ခပ်ပြင်းပြင်း ခေါက်သံကြောင့် ဂျေဆန် အိပ်ရာမှ နိုးလာသည်။ နဂိုက ခေါင်းကိုက်ရသည့် အထဲတွင် တံခါး ခေါက်သံကြောင့် ပို၍ ခေါင်းကိုက်ရ၏။ ဒယီးဒယိုင်ဖြင့် တံခါးဆီသို့ ထလာ ခဲ့သည့် အခါတွင်မှ သူ့ ကိုယ်ပေါ်တွင် မနေ့ညက အဝတ်အစားအတိုင်း ရှိနေ





ကြောင်းကို သူ သတိပြုမိသည်။ သူ့စိတ်သည်လည်း တွန့်ကြေနေသည်။ သူ့ အဝတ်အစားနှင့် သူ့စိတ်သည် တစ်ထပ်တည်း ဖြစ်နေ၏။

အခန်းတံခါးကို သူ ဖွင့်သည်။

ခေါင်းပေါ်တွင် ဦးထုပ် ဖျော့စိမ်းစိမ်းကလေးကို ဆောင်းထားသည့် သက်လတ်ပိုင်း ခပ်ဝဝ မိန်းမကြီး တစ်ယောက် တံခါးဝတွင် မားမားကြီး ရပ် နေသည်။

'မင်း ငါ့သားကို ဘယ်လို လုပ်လိုက်တာလဲဟင်'

'ဪ... အဒေါ်က ဒီဒီရဲ့ အမေလား ခင်ဗျာ'

'တော်ပါပေတယ်ကွယ်၊ ငါ အခု သူ့ အဝတ်အစားတွေကို လာယူတာ'

'အထဲကို ဝင်ပါဦး အဒေါ်' ဟု ဂျေဆန်က ခေါ်သည်။

'အပြင်မှာ အေးလိုက်တာ၊ သွေးတွေတောင် ခဲမလား အောက်မေ့ရ တယ်'

အမျိုးသမီးကြီးက အခန်းထဲသို့ ဝင်လာရင်း သိမ်းငှက် မျက်လုံးမျိုးဖြင့် အခန်းကို အကဲခတ်၏။

'မင်းတို့ အခန်းကို ကြည့်ရတာလည်း ဝက်သိုက် ကျနေတာပဲ၊ အခန်း ကိုကော ဘယ်သူ ရှင်းသလဲ'

'သန့်ရှင်းရေး လုပ်ရင်း ကျောင်းတက်နေတဲ့ ကျောင်းသား တစ်ယောက် က တစ်ပတ်တစ်ခါ လာပြီး ရှင်းပါတယ်၊ အဝတ်တွေကိုလည်း သူပဲ လျှော် ပေးပါတယ်'

'အင်း ငါ့သား နေ့ထိုင်မကောင်းတာ ဘာမှ အံ့ဩစရာ မရှိပါဘူး၊ ကြည့်စမ်းပါဦး၊ အဝတ်ညစ်တွေကလည်း တစ်ခန်းလုံး ပွနေတာပဲ၊ ဘယ်သူ့ အဝတ်ညစ်တွေလဲ၊ အဝတ်ညစ်တွေမှာ ရောဂါပိုးတွေ ပြည့်နေမှာပေါ့'

'ဒီဒီရဲ့ အဝတ်တွေပါ အဒေါ်'

'ကြည့်စမ်းပါဦးကွယ်၊ ငါ့သား အဝတ်တွေကို ဒီလိုပဲ မင်း လျှောက်ပစ် ထားရသလား၊ မင်းတို့ လူချမ်းသာ သားတွေဟာ ဒီလိုပဲလား'

'ကျွန်တော် ပစ်ထားတာ မဟုတ်ပါဘူး အဒေါ်၊ သူ့ဘာသာသူ ပစ်ထား တာပါ၊ ထိုင်ပါဦး အဒေါ်၊ ပင်ပန်းလှရောပေါ့'

'ပင်ပန်းရုံတင် မဟုတ်ဘူးကွ၊ သေချင်စော် နံနေပြီ၊ ငါ့ အသက်အရွယ် ကြီးနှင့် တစ်ညလုံး ရထားစီး လိုက်လာရတာကို ကြည့်ပေတော့၊ ကဲပါကွယ် မထိုင်တော့ပါဘူး၊ ငါ့သားကို မင်း ဘယ်လို လုပ်လိုက်တာလဲ၊ အဲဒါပဲ သိချင်

www.burmeseclassic.com

www.burmeseclassic.com



တယ်’

ဂျေဆန် သက်ပြင်း ချလိုက်သည်။

‘ဒီမှာ အဒေါ်၊ ဆေးရုံက အဒေါ့်ကို ဘာတွေများ ပြောလွှတ်လိုက်သလဲ’

‘သိပ် နေထိုင်မကောင်း ဖြစ်နေတယ်တဲ့၊ သူ့ကို အထူးကု ဆေးရုံကို ပို့ရမယ်တဲ့၊ စိတ်ကုဆေးရုံတဲ့’

‘စိတ်မကောင်းပါဘူး အဒေါ်၊ ဒီမှာက ဖိအားက သိပ်ပြင်းတယ် အဒေါ်၊ ဖိအားဆိုတာ ဂရိတ်ရဖို့ အပြိုင်အဆိုင် ကြိုးစားကြရတာကို ပြောတာပါ’

‘ငါ့သားက အမြဲ ဂရိတ်ကောင်းကောင်း ရတယ်၊ စာကျက်လိုက်တာကလည်း နေ့ရော ညရော ကျက်တာပဲ၊ အခု ကျောင်းမှာ မင်းတို့နှင့် လာနေတော့မှ အားပြတ်သွားသလို ဗြုန်းစားကြီး ဖြစ်သွားရတာ၊ မင်းတို့ ဘယ်လိုများ လုပ်လိုက်ကြသလဲကွယ်’

‘ဒီမှာ အဒေါ်၊ ကျွန်တော် ပြောတာကို ယုံပါ၊ အဒေါ့်သားကို ဘယ်သူကမှ ဘာမှ မလုပ်ရပါဘူး၊ သူ့ဘာသာသူ အတော်ဆုံး ထိပ်ဆုံး ဖြစ်အောင်ဆိုပြီး ကြိုးစားရင်း ဖြစ်သွားတာပဲ’

‘ကြိုးစားတော့ကော ဒီလို ဘာလို့ ဖြစ်ရမှာလဲကွယ်၊ သူ့ကို အတော်ဆုံး ဖြစ်အောင် ကြိုးစားဖို့ အဒေါ် ကိုယ်တိုင် လေ့ကျင့်ပေးထားတဲ့ဟာပါ’

ဂျေဆန်သည် သူ့အခန်းဖော် အတွက် စိတ်မကောင်း။ သို့ရာတွင် သူ့အမေကြီးက သူ့ကို အပြစ်တင် နေလေပြီ။ မဆီမဆိုင် အပြစ်တင်ခံရသည်မျိုးကို သူ မခံနိုင်။

အဘွားကြီးသည် ဘာမပြော ညာမပြောဖြင့် ဆိုဖာပေါ်တွင် ပစ်ထိုင်ချလိုက်ကာ တအီအီ ငိုနေ၏။

‘ငါ သေချင်တယ်၊ တစ်သက်လုံး သူ့ကို ပညာသင်ပေးခဲ့ရတာ၊ အနစ်နာခံပြီး သူ့ကို လူဖြစ်အောင် မွေးခဲ့ရတာ’

‘ဒီမှာ အဒေါ်၊ ဒီဒီ ဆေးရုံတက်မယ် ဆိုရင် အဝတ်အစားတွေ လိုမှာပဲ၊ ဒီတော့ ကျွန်တော် ကူပြီး ထုပ်ပိုးပေးလိုက်မယ်’

အဘွားကြီးသည် သူ့ကို အားကိုးရာမဲ့စွာ ကြည့်၏။

‘ကျေးဇူးတင်ပါတယ် သူငယ်ရယ်၊ အဒေါ် ပြောမိ ဆိုမိတာကို စိတ်မရှိပါနှင့်၊ အဒေါ် စိတ်ထိခိုက်လွန်းလို့ ပြောမိတာပါ၊ ညကလည်း တစ်ညလုံး





ရထားပေါ်မှာ အိပ်ရေးပျက်လာတာ’

အဘွားကြီးသည် လက်ကိုင်အိတ်ကို ဖွင့်ကာ အိတ်ထဲမှ စိုစွတ်နေသော လက်ကိုင်ပဝါကို ထုတ်ပြီး မျက်ရည်သုတ်နေသည်။

‘ကဲ အဒေါ်၊ ခဏ နားပါဦး၊ ကျွန်တော် ကော်ဖီ ဖျော်လိုက်ဦးမယ်၊ ပြီးတော့ သူ့ပစ္စည်းတွေကို ထုပ်ပိုးပြီး အဒေါ့်ကို လိုက်ပို့ပေးပါ့မယ်၊ သူက ဘယ် ဆေးရုံမှာလဲ’

‘မသိပါဘူးကွယ်၊ မက်ဆာချူးဆက် စိတ်ကု ဆေးရုံ ဆိုလား ဘာလား’

အဘွားကြီး ငိုရင်း တစ်လုံးချင်း ပြောနေသည်။

ဂျေဆန်သည် သေတ္တာ တစ်လုံးကို ဖွင့်ကာ လိုမည်ထင်သည့် အဝတ်အစားများကို သေတ္တာထဲသို့ ထည့်ပေးနေ၏။ ဆေးရုံတွင် အပေါ်အင်္ကျီတို့၊ သည်စည်းတို့ လိုချင်မှ လိုမည်။

‘သူ့စာအုပ်တွေကော’

‘လောလောဆယ် ဒီစာအုပ်တွေကို သူ ဖတ်နိုင်ဦးမှာ မဟုတ်သေးဘူး အဒေါ်၊ ကျွန်တော် သိမ်းထားလိုက်မယ်၊ လိုတော့ သွားပို့ပေးတာပေါ့’

‘မောင်မင်းကြီးသား ကျေးဇူးကြီးပါပေတယ်တော်’ ဟု ဆိုကာ အဘွားကြီးသည် နှပ်ညှစ်နေသည်။

အဝတ်အစားများကို သေတ္တာထဲသို့ ထည့်ပြီးနောက် ဘာကျန်လဲဟု အခန်း ပတ်ပတ်လည်ကို လှမ်းကြည့်သည်။ စားပွဲပေါ်တွင် တင်ထားသည့် ခွေညည်း တစ်ခုကို သွားတွေ့လိုက်၏။ သူထင်သည့် အတိုင်း ဂြိုဟ်မွေသည့် ခွေညည်း ဖြစ်နေသည်ကို တွေ့ရသည်။

ဟုတ်သည်။ စားပွဲပေါ်တွင် ဒီဒီ၏ ဓာတုဗေဒ ၂၀ စာအုပ်။ ဒီဒီသည် သူ ထင်ခဲ့သည့် အတိုင်း ထို ဘာသာရပ်တွင် အမှတ်ကလေး နည်းနည်းသာ ရခဲ့သည်။ ဂရိတ် ဘီ အနုတ်။ ဂျေဆန်သည် ဓာတုဗေဒ စာအုပ်ကို ကောက်ပြီး အိတ်ထဲသို့ ထိုးထည့်လိုက်၏။

‘အဒေါ်၊ ဒီမှာ စောင့်နေဦးနော်၊ ကျွန်တော် ကားသွားယူချေဦးမယ်’

‘အဒေါ်ကြောင့် အတန်းတွေ ဘာတွေ ပျက်ကုန်ပြီ ထင်ပါရဲ့ကွယ်’ ဟု အဘွားကြီးက လေချိုကလေးဖြင့် ပြောသည်။

‘ရပါတယ် အဒေါ်၊ ကျွန်တော့် သူငယ်ချင်း အတွက် လုပ်ပေးရမှာပေါ့၊ ကောင်က သိပ်သဘောကောင်းတဲ့ ကောင်’

အဘွားကြီးသည် ဂျေဆန်ကို ကြည့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



'မိကောင်းဖခင်သား ပီသပါပေတယ်ကွယ်၊ ဒီလို သားမျိုး အတွက် ဂုဏ်ယူထိုက်ပါတယ်'

'ကျေးဇူးတင်ပါတယ် အဒေါ်'

ဂျေဆန်က သူ့နားသို့ ကပ်၍ တိုးတိုးပြောသည်။ ထို့နောက် အပြင်သို့ ပြေးထွက်လာခဲ့၏။ သူ့ ရင်ထဲ လေးလံလျက်။

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

နိုဝင်ဘာ ၄၊ ၁၉၅၄။

အထက်တန်း ကျောင်းသား မဟုတ်တော့ဘဲ အိမ်နှင့်ခွဲပြီး နေရတဲ့ အရသာကတော့ ကိုယ် မအိပ်ချင်ရင် တစ်ညလုံး မအိပ်ဘဲ နေလို့ရတဲ့ အရသာပဲ။ တစ်ခါတလေမှာ အရေးကြီးလို့ တစ်ညလုံး မအိပ်ဖြစ်ဘူး။ မနက်ဖြန် စာတမ်းတို့ ဘာတို့ တင်ရတော့မယ် ဆိုရင် တစ်ညလုံး အချိန်ကုန်တော့တာပဲ။

မိုက်ကယ် ဆိုတဲ့ကောင်က ဒီလိုနည်းတွေတော့ တတ်တယ်။ ည ခုနစ်နာရီလောက် ကတည်းက မှတ်စု စာရွက်တွေ တစ်ထပ်ကြီးနှင့် လက်နှိပ်စက်ကလေး တစ်လုံးနှင့် တစ်ညလုံး ထိုင်တော့တာပဲ။ ည သန်းခေါင်လောက် ဆိုရင် စာတမ်း အကြမ်း ရေးပြီးသွားပြီ။ သန်းခေါင် ကျော်တော့ ဟိုဖြည့် ဒီဖြည့် ဟိုဖျက် ဒီဖျက်နှင့် အချိန်ကုန်တာပါပဲ။ တစ်ညလုံး ကော်ဖီ တစ်ခွက်ပြီး တစ်ခွက် သောက်ပြီး ရေးတော့တာပဲ။ မနက်လင်းတော့ မနက်စာစား။ ကြက်ဥ ဆယ်လုံးလောက်နှင့် ဝက်ပေါင် ခြောက်တွေ အတင်းသွတ်။ (ဒီကောင်က လေ့လော့သင်း ခေါင်းဆောင် မဟုတ်လား။) ပြီးတာနှင့် စာတမ်းကို သေးချပြီး တစ်နေ့လုံး အိပ်တော့ တာပဲ။ ညနေပိုင်းကျတော့ ဘုတ်ကလပ်ကို ထွက်သွားတယ်။

မနေ့ညတုန်းကတော့ အိပ်လည်း မအိပ်ဖြစ်ဘူး။ စာလည်း မကျက်ဖြစ်ဘူး။ ဘယ် ကျက်နိုင်ပါ့မလဲ။ လွှတ်တော် ရွေးကောက်ပွဲ အနိုင်အရှုံး ကြေညာတဲ့ ညကိုး။ နိုင်ငံရေးကို စိတ်ဝင်စားလှလို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ လူတိုင်း လှုပ်လှုပ်ရွရွ ဖြစ်နေတဲ့ညမှာ ငါလည်း ဘယ်အိပ်လို့ရပါ့မလဲ။





ထုံးစံအတိုင်း တို့ကျောင်းက ထုတ်တဲ့ မရုန်းရောင် သတင်းစာက အမတ်တွေ ဖြစ်သွားတဲ့ ဟားဗတ် တက္ကသိုလ် ကျောင်းထွက်တွေ အကြောင်းကို ရေးထားတယ်။ အမတ်တွေထဲမှာ တို့ တက္ကသိုလ်က ထွက်သွားတဲ့ ကျောင်းသားဟောင်း သုံးဆယ့် ငါးယောက် ရှိတယ်။ အထက်လွှတ်တော် အမတ်တွေထဲမှာ လေးယောက် ပါတယ်။ အခု ဆိုရင် အထက်လွှတ်တော်ထဲမှာရော အောက်လွှတ်တော်မှာရော တို့ ကျောင်းထွက်တွေ တော်တော်များနေပြီ။ သိပ်များလို့ ခေါင်းရှုပ်လာရင် အထက်လွှတ်တော် ခန်းမထဲမှာ ကနေဒီနှင့် အတူ ဟားဗတ် တက္ကသိုလ် အောလုံးအသင်း သီချင်းတွေကို ဆိုနိုင်ပြီပေါ့။

ထမင်းစားခန်းထဲမှာ မနက်စာ စားရင်း မရုန်းရောင် သတင်းစာကို ဖတ်နေရင်း အတွေး တစ်ခု ငါ့ ခေါင်းထဲကို ဝင်လာတယ်။ ငါနှင့် စားပွဲချင်းကပ်မှာ ထမင်းစားနေတဲ့ ကောင်တာ တစ်နေ့မှာ အထက် လွှတ်တော် အမတ် မဖြစ်ဘူးလို့ ဘယ်သူ ပြောနိုင်မှာလဲ။ သမ္မတ မဖြစ်ဘူးလို့ကော ဘယ်သူ ပြောနိုင်မှာလဲ။ သမ္မတ ရုစဗဲ့ဟာ တက္ကသိုလ် တုန်းက မထင်မရှား ခပ်ကုပ်ကုပ်ပဲတဲ့။ အဖေက ပြောဖူးတယ်။

ခု တို့ ဒီနှစ် ရောက်တဲ့ ကျောင်းသားသစ်တွေဟာလည်း သူလို ကိုယ်လိုတွေပါပဲလို့ ထင်ရတယ်။ အရှားပါးဆုံး အလှဆုံး လိပ်ပြာ တစ်ကောင် ရဖို့ အတွက် အချိန် အတော်ကြာကြာ ရှေးယူရတာပဲ။ ဘယ်မှာ ချက်ချင်း တွေ့နိုင်ပါ့မလဲ။

တစ်ခုတော့ ရှိပါတယ်လေ။ ငါကတော့ ငါ့ဘဝမှာ ဘယ်တော့မှ ဖြစ်မယ့်ကောင် မဟုတ်ပါဘူး။ တစ်သက်လုံး ပေါက်ဖတ် ဘဝနှင့် ကျေနပ်ရမယ့် သူပါ။

...န်းရောင်' သတင်းစာမှ ကောက်နုတ်ချက်။

**တက္ကသိုလ်သစ်လွင် အောလုံးရိုက်သင်းကို**
**ဂီးလ်ဗတ်က ခေါင်းဆောင်မည်။** ။ ယခုနှစ် ဟားဗတ် တက္ကသိုလ် သစ်လွင်များ၏ အောလုံးရိုက် သင်းကို စထရောက် ကျောင်းဆောင်မှ ဂျေဆန် ဂီးလ်ဗတ် ခေါင်းဆောင်



www.burmeseclassic.com

www.burmeseclassic.com



မည်ဟု သိရ၏။ ဂီးလ်ဗတ်သည် လောင်းအိုင်းလင်းနယ် ဆိုင်ယိုးဆက်မှ ဖြစ်ပြီး ၁၉၅၈ ခုနှစ်တွင် ဆင်းမည့် ကျောင်းသား ဖြစ်၏။ ဂီးလ်ဗတ်သည် ဟော်ကင်း ကျောင်းထွက် ဖြစ်ပြီး အထက်တန်းကျောင်းတွင် ရှိစဉ်က ထိုကျောင်း ဘောရိုက်သင်းနှင့် တင်းနစ်အသင်းတို့ကို ခေါင်းဆောင်ခဲ့ပြီး ယခု အချိန် အထိ တစ်ပွဲမှ မရှုံးဖူးသေးဟု သိရ၏။ အရှေ့ပိုင်း ပြည်နယ်များတွင် ဂျူနီယာတန်းမှ တင်းနစ် ကစားခဲ့ရာ နံပါတ် ခုနစ် စွဲခဲ့သူလည်း ဖြစ်၏။

'ဟေ့ ဂျေဆန်၊ မင်းကို ဆုပေးဖို့တောင် ကောင်းနေပြီ၊ မင်းသာ မြန်မြန် စိတ်ကူး မရရင် ဒီဒီ ဆိုတဲ့ကောင် သေမှာ'

ဒီဒီ ကြိုးဆွဲချ သေရန်ကြံစဉ်က သူက ရှေးဦး သူနာပြု အတတ်ဖြင့် ကုသခဲ့ခြင်းကြောင့် တစ်ကြောင်း၊ စိတ်ကူးရကာ မြန်မြန် ဆေးရုံ ပို့နိုင်ခဲ့ခြင်းကြောင့် တစ်ကြောင်း မသေခဲ့ခြင်း ဖြစ်သည်။ အဆောင်မှူးက ထိုအကြောင်းကို မကြာခဏ သူ့ကို ထုတ်ပြောတတ်သည်။

'ခု မင်းနှင့် အခန်းဖော်သစ် တစ်ယောက်ကိုတော့ ငါ ရွေးလိုက်ပြန်ပြီကွ၊ အဆောင်မှူးတွေ အစည်းအဝေးမှာ ငါ သေသေချာချာ ရွေးလာခဲ့တာပါ၊ မင်းလိုကောင်နှင့် နေရရင် နောက်လူသစ်လည်း စိတ်ချရတာပေါ့ကွာ'

'ဒါတော့ ဘယ်တရားမလဲ ဆရာ၊ နောက်တစ်ယောက်ကျတော့လည်း ကျွန်တော် သူနာပြုရဦးမှာလား၊ စိတ်မှန်တဲ့ လူကို ဆရာတို့ ရှာလို့ မရတော့ဘူးလား'

'ဟေ့ကောင်၊ စကားမများနှင့်၊ ဟားဗတ် တက္ကသိုလ်မှာ စိတ်မှန်တဲ့ လူဆိုလို့ တစ်ယောက်မှ ရှိတာ မဟုတ်ဘူး'

'ဒီလိုဆိုရင်လည်း လက်ခံရတော့မှာပေါ့ ဆရာ၊ နေစမ်းပါဦး၊ သူကကော ဘာပြဿနာ ရှိလို့လဲ'

'အင်း၊ သူကတော့ ဒီဒီလို မဟုတ်ဘူးကွ၊ နည်းနည်း ကြမ်းချင်တယ်'

'ဟာ ဒီလိုဆိုရင်တော့ ရတယ် ဆရာ၊ ကျွန်တော်က လက်ဝှေ့သင်တန်း ဆင်းထားတော့ အတော်ပဲ'

ဆရာက ချောင်းတစ်ချက် ဆိုးသည်။

'ဒါပေမဲ့ သူက လက်ဝှေ့ မထိုးတတ်ဘူးကွ၊ ဓားသိုင်းပဲ ကစားတာ'

'သူက ဘယ်ကလဲ ဆရာ၊ အလယ်ခေတ်က လူသားလား'





'တကယ် ပြောတာကွ၊ ဒီကောင်က ဓားသိုင်း ကစားရာမှာတော့ ဟော့ ...၊ သူ့အကြောင်းတောင် မရန်းရောင်ထဲမှာ ပါပြီးပြီ၊ အထူးသဖြင့် ဒီကောင် ... ဓားလွှတ်ကို သိပ်နိုင်တယ်၊ သူ့နာမည်က ဘာနီ အက်ကာမင်တဲ့'

'ဟန်ကျတာပေါ့ ဆရာ၊ ဒီကောင် ဘယ်သူ့ကို သတ်ပြီးခဲ့ပြီတဲ့လဲ'

'အင်း ဘယ်သူ့ကိုမှတော့ မသတ်ရသေးပါဘူးကွာ၊ ဒီကောင်က ဟိုလ် ... သီဆောင်မှာ နေတယ်၊ သူနှင့် အခန်းဖော်က ဂူဆိုတဲ့ တရုတ်ကလေး၊ သူတို့ ... ယောက် အငြင်းအခုံ ဖြစ်တိုင်း ဘာနီက ဓားကြီး ထုတ်ထုတ်လာပြီး ကြိမ်း ... လို့၊ တရုတ်ကလေးက သိပ်ကြောက်နေတော့ ဆေးရုံက သူ့ကို အိပ်ဆေးတွေ ... ပေးနေရတယ်၊ ဒီတော့ သူတို့ နှစ်ယောက်ကို အတူတူထားလို့ မဖြစ်တော့ ... လေ'

'ဒီလို ဆိုရင်လည်း ကျွန်တော့် အခန်းကို တရုတ်ကလေးကို ပြောင်း ... လိုက်ပါလား ဆရာ၊ တရုတ်ကလေး ဆိုရင် ကျွန်တော့် အဖို့ ကောင်းတာ ...'

'သူ ပြောင်းလို့တော့လည်း မဖြစ်သေးဘူးကွ၊ သူက တခြား အခန်းဖော် ... ယောက်နှင့် ပြေလည်နေတယ်၊ အဲဒီကောင်က ဂီတသမား၊ ဒီတော့ အဆင် ... တဲ့ တစ်ယောက်ကိုပဲ ခွဲထုတ်ရမှာ၊ ပြီးတော့ မင်းနှင့် တွေ့ရင် ဘာနီလို ... င်ကိုလည်း သင်ခန်းစာလေး ဘာလေး ပေးနိုင်မယ်လို့ ထင်တယ်လေ'

'ဒီမှာ ဆရာ၊ ကျွန်တော် ဒီကို လာတာ စာသင်ဖို့ လာတာ၊ အိုင်ဗီနွယ် ... သာက လူမိုက်တွေကို သင်တန်းပေးဖို့ လာတာ မဟုတ်ဘူး'

'လုပ်ပါကွာ၊ မင်း ဒီကောင်ကို ကြောင်ကလေး ဖြစ်အောင် လုပ်ပေး ... စမ်းပါ၊ ဒီလို လုပ်ပေးနိုင်ရင် ကျောင်းစာရင်းမှာလည်း နာမည်ကောင်း ... မှာပါ'

'ဆရာကတော့ ရက်စက်တယ်ဗျာ'

ဂျေဆန် သည်မျှသာ ပြောနိုင်သည်။

အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဇန်နဝါရီ ၁၆၊ ၁၉[illegible]

... နေ့က နှစ်ဝက်ကြို ညစာစားပွဲ လုပ်တယ်။ ဂျေဆန်ကြီး ...



www.burmeseclassic.com

www.burmeseclassic.com



နားထောင်ပြီး တို့တစ်တွေ ရယ်လိုက်ရတာ။ ကောလိပ်တွေက ချောမွေ့လှပ ဆိုတဲ့ ကောင်မလေးတွေကိုချည်း ရွေးဖိတ်ကြတယ်။ (နယူဝဲ ဆိုတဲ့ ကောင်ကတော့ ကောင်မလေး တစ်ယောက်ကို အဆောင် ပြန်ပို့ရင်း သူ စွံခဲ့တယ်လို့ ကြားတယ်။ ဒါပေမဲ့ ဒီကောင် သက်သက် ကြွားတာပဲ ဖြစ်မှာပဲ။ သက်သေ မပြနိုင်ရင် တို့က ဘယ်ယုံမှာလဲ။)

ဂျေဆန်ကြီး လာရင် တော်တော် ပျော်ရတယ်။ ဒီကောင်ကြီးက ရုပ်ကလည်း ဖြောင့်တယ်။ ဒီကောင် လာပြီ ဆိုရင် ကိုယ့်အတွဲကိုတောင် သူ့ဘက်ကို ယိုင်ယိုင်သွားလို့ မနည်း ထိန်းထားရတယ်။ သူ လေရပြီး သူ့ အဖြစ်အပျက်ကို ပြောပြတော့ တို့တစ်တွေ ရယ်လိုက်ရတာ။ အူကို နှိပ်နေရတယ်။ သူ့မှာ အခန်းဖော် အသစ် တစ်ယောက် ရောက်နေတယ်တဲ့။ (တခြား အခန်းဖော် ဘာဖြစ်သွားတယ် ဆိုတာကိုတော့ ပြောမပြဘူး။) ခု နောက်ရောက်လာတဲ့ အခန်းဖော် အသစ်က ခပ်ရှုးရှုး၊ ခပ်ကြောင်ကြောင်တဲ့။

အဲဒီညက သူကလည်း အိပ်မယ်လုပ်ရော အခန်းဖော်သစ်က ဓားကြီး ဆွဲထုတ်ပြီး ဧည့်ခန်းထဲမှာ အဲရိုးဖလင်းလို ဓားကြီး တရမ်းရမ်းနှင့် လုပ်နေသတဲ့။

တစ်ပတ်လောက်လည်း ကြာရော ဧည့်ခန်းထဲက ဆိုဖာတွေကို ဒီကောင်က ဓားနှင့် လျှောက်ခုတ်ထားတာ တစ်လုံးမှ အကောင်း မကျန်တော့ဘူးတဲ့။ ပြီးတော့ အခန်းထဲမှာလည်း အော်ဟစ် ဆူညံနေသတဲ့။ ဆိုဖာကြီးကို ဓားနှင့် တစ်ချက်ခုတ်လို့ အနိုင်ရတိုင်း သတ်ကွ၊ သတ်၊ သတ်လို့ အော်သတဲ့။ ဆိုဖာကြီးကိုတော့ အနိုင်ရမှာပေါ့။ ဆိုဖာကြီးက ဘာပြန်လုပ်နိုင်တာ မှတ်လို့။ ဂျေဆန်ကြီးလည်း ဘာလုပ်ရမှန်း မသိလို့ အသာပဲ ကုပ်နေရသတဲ့။

မနေ့ညကတော့ သူတို့ နှစ်ယောက် စာရင်းရှင်းကြသတဲ့။ ဂျေဆန်က တင်းနစ် ရိုက်တံ တစ်ချောင်း ကိုင်ပြီး ဘာဖြစ်လို့ ဆိုဖာတွေကို ဓားနှင့် လျှောက်ခုတ်နေတာလဲလို့ မေးတယ်။ ဒီတော့ အခန်းဖော်သစ်က ဓားသိုင်း လေ့ကျင့်နေတာတဲ့။ ယေးလ် တက္ကသိုလ်နှင့် ဓားသိုင်း ကစားပွဲ အတွက် လေ့ကျင့်ခန်း လုပ်နေတာတဲ့။

ကောင်းပြီ၊ ဒီလောက် ကျင့်ချင်ရင်လည်း သူနှင့် ပြိုင်ကျင့်ရအောင်၊ ဒါပေမဲ့ တစ်ယောက်ကို တစ်ယောက် အသေ ချရမယ်လို့ ဂျေဆန်က





ပြောတယ်။ အခန်းဖော်က ဂျေဆန် သက်သက် ကြွားနေတာလို့ ထင်သတဲ့။ ဒါပေမဲ့ ဂျေဆန်က ကျန်နေသေးတဲ့ ဆိုဖာ အစုတ်တွေကို တင်းနစ် ရိုက်တံနှင့် အကုန် ရိုက်ချိုး ဖျက်ပစ်လိုက်တော့ ဒီကောင် နည်းနည်း ဖြုံသွားတယ်တဲ့။ ပြီးတော့မှ ဂျေဆန်က သူ့ကို အနိုင် သတ်နိုင်ရင် သတ်၊ မသတ်နိုင်ရင် ဒီဆိုဖာတွေလို စုတ်ပြတ်သွားအောင် ဆော်မယ်လို့ ပြောတယ်။

ဒီတင် အခန်းဖော်သစ်ဟာ ဓား လွှတ်ချပြီး သူ့ အိပ်ခန်းထဲကို ဝင်ပြေးသွားသတဲ့။

အခန်းဖော်သစ်ဟာ အဲဒီနောက် ငြိမ်သွားရုံတင် မကဘူး၊ နောက် တစ်နေ့ကျတော့ သူ့ ပိုက်ဆံနှင့် ဆိုဖာ အသစ်တွေ သွားဝယ်လာတယ်။

အဲဒီနောက်က စပြီး ဂျေဆန်ရဲ့ အခန်းမှာ ငြိမ်သွားတော့တယ်။ ငြိမ်သွားတာမှ ချွတ်ချွတ်သံတောင် မကြားရဘူး။ ငနဲက ဂျေဆန်ကို လည်း စကား ဟဟတောင် မပြောရဲဘူးတဲ့။

သူ့ ဘိုးဘေးများကဲ့သို့ပင် ဆိုကရေးတီး လင်းဗရိစ်သည်လည်း အလွန် စည်းကမ်းကြီးသူ ဖြစ်သည်။ စာမေးပွဲတွေ ရှိသည့်တိုင် သူ့သား ဖြစ်သူ သီယိုကို စားပွဲထိုး အလုပ်မှ ခွင့်ပေးခြင်း မရှိ။ သီယိုသည် ခါတိုင်းလိုပင် မာရသွန် ပျော်ပွဲစားရုံသို့ အလုပ် ဆင်းရသည်။ တက္ကသိုလ် အဓိပတိ ဒေါက်တာ ပူးဆေးက ပညာရေး လွတ်လပ်ခွင့်နှင့် ပတ်သက်၍ မိန့်ခွန်း ပြောကြားသည့် စက်တင်ဘာ ဘတ်ညနေခင်းကလည်း သီယိုသည် အခြားသော အတန်းသားများနှင့် အတူ အဓိပတိ မိန့်ခွန်းကို နားထောင်ခွင့် မရ။

ကျောင်းမှ ဆင်းသွားသည်နှင့် ပျော်ပွဲစားရုံသို့ တန်းသွားရသည့် အတွက် သီယိုသည် ဘောလုံးပွဲသို့လည်း တစ်ခေါက်မျှ မရောက်ဖူး။ ဘောလုံးပွဲတွင် အခြားသော သစ်လွင်များနှင့် အတူ ဟေးလားဝါးလား သွားလုပ်ရန်လည်း အချိန်မရ။

ထို့ကြောင့် သစ်လွင်များ၏ ညစာ စားပွဲကို ကြေညာသည့်အခါ၌ သီယိုသည် ထိုညစာ စားပွဲသို့ တက်ခွင့်ပြုရန် အဖေ့ကို ပြောသည်။ [illegible] တက္ကသိုလ် ကျောင်းတော်သား၏ ဘဝတွင် ထိုညစာ စားပွဲသည် [illegible]ကြီးသော



www.burmeseclassic.com

www.burmeseclassic.com


ရှိသည် မဟုတ်လော။ သို့ရာတွင် အဖေက ခွင့်မပြု။

ဤတွင် အမေက သူ့ဘက်က ထောက်ခံသည်။

'ကလေးမှာ တစ်နေကုန် အလုပ် လုပ်ရတာ ပင်ပန်းလှပါပြီရှင်၊ တစ်ခါတလေ သူလည်း သွားချင်မှာပေါ့၊ သွားပါစေ'

နောက်ဆုံးတွင် အဖေက သဘောတူလိုက်သည်။

ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ သီယိုသည် မှန်ရှေ့၌ ရပ်၍ မုတ်ဆိတ်ရိတ်သည်။ ဂျေဩဂက်စ် ရှပ်အင်္ကျီကို ဝတ်သည်။ အကောင်းဆုံး တွိဒ် အပေါ်အင်္ကျီကို ဝတ်သည်။ (တစ်ပတ်ရစ်ဆိုင်မှာ ဝယ်လာသည့်တိုင် အသစ်စက်စက်ကြီး ရှိသေးသည်။) သီယိုသည် ဆင်းဒါး ဇာတ်ရုံသို့ ထွက်လာခဲ့၏။ အပေါက်ဝတွင် ဒေါ်လာ ပေးလိုက်သည်နှင့် ဇာတ်ရုံထဲသို့ ဝင်ခွင့် ရရုံမျှမက အထဲတွင် ဘီယာ ကြိုက်သလောက် သောက်နိုင်ပြီ။ ပေါ်မော စီးကရက် စသည့် လက်ဆောင်တို့ကိုလည်း ရနိုင်ပြီ။

သီယိုသည် တကယ့် ဟားဗတ် တက္ကသိုလ် ကျောင်းသားကြီး တစ်ယောက် ဖြစ်သွားလေပြီ။

ရှစ်နာရီခွဲသည်နှင့် မိတ်ကပ်တွေကို လိမ်းထားသည့် အခမ်းအနားမှူး စင်မြင့်ပေါ်သို့ တက်လာကာ ယနေ့ ပျော်ပွဲ ရွှင်ပွဲ အခမ်းအနား စတင်ကြောင်း ကြေညာသည်။ လက်ခုပ်သံ၊ ဆဲသံ၊ အော်သံ၊ လက်ခေါက်မှုတ်သံတို့ ပေါ်လာ၏။

ပထမ အစီအစဉ်မှာ အမျိုးသမီး ကောလိပ်ကျောင်းများမှ ကျောင်းသူကလေးများ ပါဝင်သည့် ဝယ်စလေ မုဆိုးမ အဖွဲ့ဟု ခေါ်သော တေးသံရှင်အဖွဲ့ ဖျော်ဖြေခန်း ဖြစ်သတဲ့။

သူတို့ သီချင်း စဆိုခါစ ရှိသေး အောက်မှ ပရိသတ်က 'သီချင်း ဆိုတာ နားမထောင်ချင်ဘူး၊ ကိုယ်တုံးလုံး ချွတ်ပြပါ၊ ချွတ်ပြပါ' ဟူသော အသံများ ပေါ်လာသည်။

အခမ်းအနားမှူးက တေးသံရှင် အဖွဲ့ကို မြန်မြန် ပြန်ဝင်ရန် အကြံပေးရသည်။ နောက် တက်လာသော အဖွဲ့များသည်လည်း အလားတူ ကံကြမ္မာနှင့် ရင်ဆိုင်ကြရသည်။

အမှန်အားဖြင့် ထိုစတိတ်ရှိုးသည် ညစာစားပွဲ မတိုင်မီ ဖြေဖျော်သည့်ပွဲ ဖြစ်၏။ အဓိက အစီအစဉ်မှာ ဘီယာ တိုက်ရန် ဖြစ်၏။ သစ်လွင်များ၏ ပျော်ပွဲ အတွက် ဘီယာစည် သုံးရာခန့်သည် အောက်မေ့ဖွယ် ခန်းမစင်္ကြံတွင်



အသင့် ရောက်နေကြလေပြီ။

သစ်လွင် ကျောင်းသားများကို မဟာဌာနမှူး ဆရာ လေးဦး၊ အဆောင်မှူးများနှင့် တက္ကသိုလ်ရဲ ဆယ်ယောက်တို့က စောင့်ကြပ် ခေါ်လာခဲ့ကြသည်။ တက္ကသိုလ်ရဲများမှာ တော်တော်လျင်သည့် ရဲများ ဖြစ်၏။ သူတို့ ကိုယ်ပေါ်တွင် မိုးကာ အင်္ကျီကြီးများကို ဝတ်ထားကြသည်။ လိုလည်း လိုသည်။

တက္ကသိုလ် အခမ်းအနား ပေါင်းစုံကို ကျင်းပခဲ့သည့် အောက်မေ့ဖွယ် ခန်းမထဲတွင် ဘီယာများသည် ခြေချင်းဝတ် ရောက်အောင် ချောင်းစီးလျက် ရှိကြ၏။ ရန်ပွဲတွေ ဖြစ်ကြ၏။ ဝင်ရောက် ဖျန်ဖြေသည့် အဆောင်မှူးများမှာ မည်သူ့ လက်ချက်မှန်း မသိ၊ အထိုးခံကြရ၏။ အချို့လည်း ဘီယာတွေ အိုင်ထွန်းနေသည့် ကြမ်းပြင်ပေါ်တွင် လဲကျသွား၏။

သီယိုသည် ရန်းရင်းဆန်ခတ် ဖြစ်နေသော ဟားဗတ် တက္ကသိုလ် ကျောင်းတော်သားကြီးတို့ကို ကြည့်၍ မယုံနိုင်အောင် ဖြစ်နေသည်။ ထိုတက္ကသိုလ် ကျောင်းတော်ကြီးသားတို့သည် ကမ္ဘာ၏ အနာဂတ် 'ခေါင်းဆောင်' ဆိုသည်မှာ ဟုတ်မှ ဟုတ်ပါလေစ။

ထိုစဉ် သူ့ကို တစ်ယောက်က လှမ်းဆွဲလိုက်၏။

'ဟေ့ သီယို၊ ကိုယ့်လူက ဘီယာတောင် မသောက်တော့ဘူးလား'

လှည့်ကြည့်လိုက်သည်တွင် အထက်တန်းကျောင်းတုန်းက အတူတူ တက်ခဲ့ကြသော အိုဘရိုင်ယန်ကို တွေ့ရသည်။

သူက ဘာမျှ ပြန်မပြောရသေးမီ ခေါင်းကို ဖိ၍ လောင်းလိုက်သော ရေများသည် သူ့ မျက်နှာပေါ်သို့ စီးကျလာ၏။ ဘီယာဖြင့် ရေဖျန်း မင်္ဂလာ ပြုခြင်းပေတည်း။ သူ့ အသစ်စက်စက် အင်္ကျီတွင် ဘီယာတွေ ရွှဲနေလေပြီ။ သီယိုသည် စိတ်ဆိုးဒေါသဖြင့် အိုဘရိုင်ယန်၏ မေးကို ပင့်၍ လက်သီးဖြင့် တစ်ချက် သွင်းလိုက်သည်။ သို့ရာတွင် အရှိန် လွန်သွားကာ မဟန်နိုင်တော့ဘဲ ခြေချင်းဝတ်လောက် ရှိနေသည့် ဘီယာအိုင်ကြီးထဲသို့ လဲကျသွားသည်။

သီယို သည်းမခံနိုင်။ သူ ထိုးလိုက်သည့် အိုဘရိုင်ယန်က မလဲဘဲ သူ့အပေါ်တွင် မိုးကာ ဆက်ထိုးရန် ခပ်တိုးတိုး ပြောနေသည်။ သီယိုသည် ဘီယာအိုင်ထဲမှ လူးလဲ ထလာကာ စိတ်ပျက်ပျက်ဖြင့် အိမ်သို့ ပြန်လာခဲ့သည်။ နောက်သို့ပင် လှည့်၍ မကြည့်မိ။


www.burmeseclassic.com

www.burmeseclassic.com

ဟားဗတ် တက္ကသိုလ် မိန်းကလေးဆောင် ဖြစ်သည့် ရက်ကလစ်ဆောင် တေးသံစုံ တီးဝိုင်းသည် နှစ်တိုင်း ပြဇာတ် ကလေ့ ရှိ၏။ ထိုပြဇာတ်တွင် တက္ကသိုလ် အဆို အတီး ပြိုင်ပွဲများ ကျင်းပလေ့ ရှိ၏။ ပြိုင်ပွဲကို ဆောင်းရာသီတွင် ကျင်းပလေ့ ရှိပြီး ပြိုင်ပွဲတွင် အနိုင်ရသူက နွေရာသီတွင် ကျင်းပသည့် ပြဇာတ်တွင် ခေါင်းဆောင်ရသည်။

သို့ရာတွင် ပြိုင်ပွဲဝင်သူများသည် ပြဇာတ် မတိုင်မီကပင်လျှင် အစောကြီးကြိုတင် စာရင်းသွင်းတတ်ကြသည်။ ပြိုင်ပွဲ ဥက္ကဋ္ဌ လိုဝင်စတိန်းသည် အချို့ကို စင်မြင့်ပေါ် ရောက်သည် အထိ ပြိုင်ခွင့် မပေးတော့ဘဲ ကြိုတင် ပယ်ချတန်သူတို့ကို ပယ်ချခဲ့ရ၏။ သို့ ပြိုင်ပွဲဝင်ရန် စာရင်းပေးသူတိုင်းကို စင်ပေါ် တင်နေရလျှင် ပြိုင်ပွဲသည် တော်တော်နှင့် ပြီးနိုင်တော့မည် မဟုတ်။

ထိုနေ့ ညနေက သူ့ထံ လာ၍ ပြိုင်ပွဲဝင် စာရင်းပေးသူမှာ ပိန်ပိန်ပါးပါး ဆံပင်နီနီ မျက်မှန်ကလေး တလက်လက်ဖြင့် ကျောင်းသားသစ် တစ်ယောက် ဖြစ်သည်။ လိုဝင်စတိန်းသည် သူ့ကို စိတ်ပျက်အောင် အမျိုးမျိုး ပြောသည့်တိုင် ထို ပြိုင်ပွဲဝင်ကမူ အလျှော့မပေး။

'တို့ ရွေးမယ့် တေးသံရှင်တွေ၊ လက်သံရှင်တွေက ကျောင်းက ထွက်သွားရင် သက်မွေးမှု ပညာရှင်တွေ ဖြစ်ရမယ်ကွ၊ ခု မင်းကို ကြည့်ရတာက အထက်တန်း ကျောင်းတုန်းက နည်းနည်းပါးပါး တီးဖူးရုံကလေးလောက်ပဲ ရှိမယ် ထင်တယ်၊ ဒီတော့'

'ကျွန်တော်က ဂီတနှင့် အသက်မွေးတဲ့ သူပါ' ဟု ဒင်နီက ပြောသည်။

'ဟုတ်ပါပြီလေ၊ ဒီလိုဆိုရင်လည်း မင်း ဝင်ပြိုင်ပေါ့၊ ဒါပေမဲ့ သိပ်တော့ မလွယ်ဘူးနော်၊ ပြိုင်မယ့်သူတွေက တကယ့် ဝါရင့်တွေချည်းပဲ'

'ကျွန်တော် သိပါတယ်၊ ကျွန်တော် အဆင့် မမီဘူး ဆိုရင် ကျွန်တော် ထိုက်နှင့် ကျွန်တော်ပေါ့'

ဒင်နီက ပြောသည်။

'ကောင်းပြီလေ၊ ကြည့်ကြသေးတာပေါ့၊ ကဲ မင်း အောက်ထပ်ကို ဆင်းပြီး တီးပြလှည့်ပါဦး၊ နားထောင်ကြည့်ရအောင်'

နောက် တစ်နာရီခန့် ကြာ၍ အပေါ်ထပ်သို့ ပြန်တက်လာသည့် အခါတွင် လိုဝင်စတိန်းသည် အံ့အားသင့်နေသည်။ လိုဝင်စတိန်းသည် ဒုတိယ ဥက္ကဋ္ဌ





ဖြစ်သည့် ဆူကီထံသို့ လျှောက်လာခဲ့ကာ

'ဆူကီရေ၊ ဒီနှစ် ပြိုင်ပွဲမှာ ပထမ ရမယ့် လက်သံကိုတော့ ကိုယ် နားဆောင်ခဲ့ပြီ၊ တကယ့် ပါရမီရှင်ပဲ'

ထိုစဉ် သူတို့ အခန်းထဲသို့ ဒင်နီ ရောက်လာသည်။

'အချိန်ပေးပြီး နားထောင်တဲ့ အတွက် ကျေးဇူးတင်ပါတယ်၊ ပြိုင်ပွဲဝင်နိုင်တဲ့ အဆင့်တော့ ရှိမယ်လို့ ထင်ပါတယ်'

ဆူကီက မတ်တတ်ထကာ

'ကျွန်မက ရက်ကလစ် ကျောင်းဆောင် တေးဂီတ ပြိုင်ပွဲ ဒုတိယ ဥက္ကဋ္ဌ ဆူကီပါ'

'ဩော်... ဟုတ်လား၊ တွေ့ရတာ ဝမ်းသာပါတယ်'

မျက်မှန်အောက်မှ စူးစိုက်ကြည့်နေသည့် သူ့ မျက်လုံးများကို ဆူကီ ခြင်တန်ရာ။

'ကျောင်းသားသစ်ထဲက ဝင်ပြိုင်တဲ့လူ ရှိတော့ ပိုကောင်းတာပေါ့'

'ကျွန်တော် ရှုံးရင်လည်း မတတ်နိုင်ဘူးပေါ့လေ'

'ဘာဖြစ်လို့ ရှုံးရမှာလဲ၊ သိပ်လည်း ကြွားမနေပါနှင့်နော်'

ဆူကီက ပြုံးပြီး ပြောလိုက်သည်။

ရှေ့ဆက်၍ ဘာပြောရမှန်း မသိ။ အတန်ကြာ တိတ်ဆိတ်နေကြသည်။ ချစ်စရာ ကောင်းသည့် ဆူကီ အထင်ကြီးအောင် ဒင်နီ ကြိုးစားသည်။

'ဆူကီကော ကျွန်တော် တီးပြတာကို နားထောင်ပါဦးလား'

'ကောင်းသားပဲ'

ဆူကီက စန္ဒရားတီး လေ့ကျင့်သည့် အခန်း တစ်ခန်းဆီသို့ သူ့လက်ကို ဆွဲ၍ ခေါ်သွားသည်။

ဒင်နီသည် ဘာက်၏ သီချင်းခံ့ကြီး တစ်ပုဒ်ကို တီးပြ၏။ ထို့နောက် ရှိုင်နော့၏ စည်းသုတ် တစ်ပုဒ်ကို တီးသည်။ သူ့အနီးတွင် မိန်းမပျို တစ်ယောက် ရှိနေသဖြင့် ခါတိုင်းထက်ပင် စန္ဒရား တီးလို့ ကောင်းနေသည်။ သို့ရာတွင် အာရုံ ပျက်သွားမည် စိုးသဖြင့် ဆူကီကို တစ်ချက်မျှ မော့မကြည့်မိ။

သို့တိုင်အောင် သူ့အနီးတွင် ဆူကီ ရှိနေသည်ကို သူ့ အာရုံက သိနေသည်။ မိန်းမပျို တစ်ယောက် အနီးတွင် ရှိနေခြင်းကို ဘာကြောင့်များ အလိုလို သိနေသည်လဲ မဆိုနိုင်။

သီချင်း ဆုံးသွားသည့် အခါတွင် သူ မော့ကြည့်သည်။ ဆူကီက


www.burmeseclassic.com

www.burmeseclassic.com

စန္ဒရား ခေါင်းတွင် ရပ်ရင်း သူ့ကို ငုံ့၍ ကြည့်နေသည်။ လည်ဟိုက် ဘလောက်စ် အင်္ကျီသည် အလှအပ စုစည်းရာကို ဖော်ပြနေသည်။

'ဘယ့်နှယ်လဲ၊ နားထောင်လို့ ကောင်းရဲ့လား'

ခင်နီသည် အသက်ကိုပင် ကောင်းကောင်း မရှူနိုင်။

ဆူကီ၏ မျက်နှာသည် အပြုံးဖြင့် ဝင်းလဲ့နေသည်။

ဆူကီသည် သူ့ အနီးသို့ တိုးလာကာ သူ့ ပခုံးပေါ်သို့ လက်တင်ထား လိုက်ရင်း

'ကိုယ် တစ်ခု ပြောမယ် ခင်နီ၊ ခင်နီလောက် စိတ်ဝင်စားစရာ ကောင်း တဲ့ လူမျိုးနှင့် ကိုယ် တစ်ခါမှ တစ်ခန်းတည်း မနေခဲ့ဖူးသေးဘူး၊ သိလား'

ခင်နီက ချွေးသီးကလေးတွေ စို့နေသည့် ဆူကီ၏ မျက်နှာကို မော့ ကြည့်လိုက်ရင်း

'ဟုတ်လား၊ ဒီလိုဆို ကိုယ်နှင့် တစ်ခါလောက် ကော်ဖီသောက် လိုက် ခဲ့ပါလားဟင်'

ဆူကီက ရယ်သည်။

'ခုကော ကိုယ့်ကို မချစ်ချင်ဘူးလား ဟင်'

'ခု ဟုတ်လား'

ဆူကီသည် ခင်နီ၏ ရှပ်အင်္ကျီ ကြယ်သီးများကို ဖြုတ်ပေးနေသည်။

သူ့ စန္ဒရားလက်သံကို ကြားလျှင် မိန်းကလေးတွေ သဘောကျရလိမ့် မည်ဟု ခင်နီ အမြဲတမ်း တွက်ခဲ့သည်။ ယခု သူ့ တွက်ကိန်း မှန်နေလေပြီ။

## အင်္ဂလိပ်ရှိ အဲလီယော့၏ နေ့စဉ် မှတ်တမ်း

မတ် ၆၊ ၁၉၅၅။

အမေရိကန်မှာ ရှိတဲ့ တခြားသော တက္ကသိုလ်တွေနှင့် ဟားဗတ် တက္ကသိုလ် (ယေးလ်လည်း ပါတာပေါ့လေ။) တို့ ကွာခြားချက်တွေ ကတော့ ကောလိပ်ကျောင်းတွေ ဖွဲ့စည်းတဲ့ စနစ်ပဲ။

၁၉၀၇ ခုလောက်မှာ ဟားဗတ် တက္ကသိုလ် တည်ရှိရာ ကိန်းဗရစ် ရွာကလေးဟာ သာမန် ရွာကလေး တစ်ရွာကနေ မြို့ကြီး တစ်မြို့ ဖြစ် လာခဲ့တယ်။ တချို့ ကျောင်းအိပ်ကျောင်းစား ထားတဲ့ ကျောင်းဆောင်





တွေတော့ ရှိနေပြီ။ ဒါပေမဲ့ တက္ကသိုလ် ကျောင်းသားတွေဟာ မြို့ထဲမှာ အနှံ့အပြား နေနေကြတုန်းပဲ။ ဆင်းရဲတဲ့ ကျောင်းသားတွေကတော့ မက်ဆာချူးဆက်လမ်းက အိမ်ကုပ်ကလေးတွေမှာ ငှားနေကြတယ်။ ငါ့အဖေလို တတ်နိုင်တဲ့ ကျောင်းသားတွေကတော့ ရွှေကမ်းခြေလို့ ခေါ်တဲ့ အရပ်မှာ အကောင်းစား အိမ်ခန်းတွေကို ငှားနေကြတယ်။ ဒီလို ကွဲပြားနေကြတာကတော့ အဲဒီတုန်းက လူတွေက အဆင့်အတန်း ခွဲခြားကြလို့ ဖြစ်ရတာပါ။

တက္ကသိုလ် ကျောင်းသားတွေ ကြားထဲမှာ ဒီလို အဆင့်အတန်း ခွဲခြားပြီး ကိုယ့်အစုကလေးနှင့် နေကြတာဟာ မကောင်းဘူးလို့ အဓိ ပတိ လိုဝဲ ယူဆတယ်။ ဒါကြောင့် အောက်စဖို့ တက္ကသိုလ်တို့လို ပုံစံ မျိုးနှင့် ပြန်ဖွဲ့စည်းပြီး လူအမျိုးမျိုး တက်နိုင်တဲ့ ကောလိပ်တွေကို ဖွင့်မယ်၊ အဲဒီ ကောလိပ်တွေကို စုစည်းပြီး ဟားဗတ် တက္ကသိုလ်ကို ပြန်လည် တည်ထောင်မယ်လို့ ဆုံးဖြတ်ခဲ့တယ်။

သူ ပြန်ပြီး ဖွဲ့စည်းတဲ့ တက္ကသိုလ်မှာ ဖွဲ့စည်းပုံကို ပြောရဦးမယ်။ ပထမ ကျောင်းသားသစ်တွေ အားလုံးကို လက်ခံပြီး တက္ကသိုလ် ပရိဝုဏ်ထဲမှာ ကျောင်းဆောင်တွေ ဖွင့်ထားပေးမယ်။ ဒီလို ဆိုရင် တစ်နှစ်တည်း ရောက်တဲ့ ကျောင်းသားတွေ အချင်းချင်း ရင်းရင်းနှီးနှီး နေနိုင်မယ်။ တစ်ယောက် အကြောင်း တစ်ယောက် ပိုသိလာမယ်။ ဒီလို တစ်နှစ်လောက် အတူ ထားလိုက်ရင် နောင် သုံးနှစ်လုံးလုံး ကောလိပ်တွေမှာ ပိုပြီး ရင်းနှီးလာနိုင်တယ်။

ဒီလို အတူ ထားလိုက်ခြင်းအားဖြင့် တချို့ ကျောင်းသားတွေ အတွက်လည်း ပညာရေး အရ တန်ဖိုး ရှိလာမယ်။ ဥပမာအားဖြင့် အယ်လာဘားမားက စကော့လူမျိုး ကျောင်းသားတွေ ဆိုရင် ကျောင်း ဆောင် တစ်ဆောင်တည်းမှာပဲ ဆေး တက္ကသိုလ် ဝင်ရမယ့် ဆေး ကျောင်းသားလောင်းတွေ၊ နောင်မှာ အဘိဓမ္မာဆရာတို့ စာရေးဆရာ တို့ ဖြစ်မယ့် လူတွေနှင့် တွေ့ဆုံနေလို့ ရတယ်။ ဒီလို သိပ္ပံနှင့် ဝိဇ္ဇာ ကျောင်းသားတွေကို အဆောင် မခွဲခြားဘဲ ထားပေးလိုက်ခြင်းအားဖြင့် ပညာ သင်ကြားပေးသလို ဘဝ အတွေ့အကြုံတွေကိုလည်း ကြွယ်ဝ လာစေနိုင်တယ်။

ဒါပေမဲ့ တက္ကသိုလ် အကြိုသင်တန်း ကျောင်းသားတွေကတော့


www.burmeseclassic.com

www.burmeseclassic.com

ဒီလို မဟုတ်တော့ဘူးလေ။ တို့လို အကြိုသင်တန်း ကျောင်းသားတွေကျတော့ ဒီလို စုံတာမျိုး မလိုချင်ဘူး။ တို့ အကြိုသင်တန်း ကျောင်းသားတွေဟာ ဘက်တီးရီးယား ပိုးမွှားတွေနှင့် တူတယ်။ တို့က တို့နှင့် ကိုက်တဲ့ ပတ်ဝန်းကျင်မှာသာ ကြီးထွား များပြားလာနိုင်တယ်။ ဒါကြောင့် ငါရယ်၊ နယူဝဲရယ်၊ ဒစ်ကီရယ် ဆိုရင် နောက် သုံးနှစ်လုံးလုံးမှာ အခန်းဖော် အသစ် မရှာတော့ဘဲ အဖော်ဟောင်းတွေနှင့်ပဲ နေခဲ့ကြတာပေါ့။

အစတုန်းကတော့ တို့အခန်းထဲမှာ ဂျေဆန် လာစေချင်တယ်။ ဒီကောင်က သဘောလည်း ကောင်းတယ်။ ပျော်ပျော်လည်း နေတတ်တယ်။ ဒီတော့ သူ လာရင် ကောင်းမယ်ပေါ့။ ပြီးတော့ သူက ကောင်မလေးတွေ အသိအကျွမ်းပေါတော့ တို့ကိုလည်း မျှဝေ ပေးနိုင်တယ်ပေါ့။ ဒါပေမဲ့ သူက အဓိကတော့ မဟုတ်ပါဘူး။

ယေးလ် တက္ကသိုလ်နှင့် ဘောလုံးရိုက် ပြိုင်ပွဲပြီးတော့ အပြန်ဘတ်စ်ကားပေါ်မှာ ဒစ်ကီက ဂျေဆန်ကို တို့အခန်းကို ပြောင်းလာဖို့ ခေါ်တယ်။ ဒါပေမဲ့ သူက သိပ်မပြောင်းချင်ဘူး။ အခန်းဖော်တွေနှင့် တွဲနေရတာကို စိတ်ကုန်ပြီး နောက်နှစ်မှာ ဆိုရင် သူတစ်ယောက်တည်းပဲ နေတော့မယ်လို့တောင် ပြောနေသတဲ့။ အကြို ကျောင်းသား ဆိုတာ တစ်ယောက်တည်း မနေရ ဆိုတဲ့ စည်းကမ်း ရှိပေမယ့် သူ့ အဆောင်မှူးက သူ့ကို ထောက်ခံပေးမယ်တဲ့။ ပြီးတော့ တို့ကိုလည်း နောက်မှာ အဆောင် မပြောင်းဘဲ အဲဒီမှာပဲ ဆက်နေဖို့ တိုက်တွန်းတယ်။ သူလည်း မကြာခဏ လာမယ်တဲ့။

ဒီတော့ တို့ ဘယ်ကျောင်းကို လျှောက်မလဲ။ တို့ တက္ကသိုလ်ထဲမှာ ကျောင်းဆောင် ခုနစ်ခု ရှိပေမဲ့ တို့ ဝင်နိုင်တာ ဆိုလို့ သုံးခုပဲ ရှိတယ်။ တက္ကသိုလ်ကျောင်းတွေကလည်း ဒီမိုကရေစီ ရှိတယ်လို့သာ ပြောပေမယ့် ကိုယ့်ကျောင်းမှာ ကိုယ် ကြိုက်တဲ့ လူကိုပဲ ရွေးချင်ကြတာပဲ။

ကျောင်းသား တော်တော်များများက အဒမ်ဆောင်ကို ရွေးကြတယ်။ အဒမ်ဆောင်က ၁၇၉၅ ခုနှစ်မှာ အမေရိကန်ပြည် ဒုတိယ သမ္မတကြီး ဖြစ်တဲ့ ဂျွန် အဒမ် နေသွားတာကို အစွဲပြုပြီး ခေါ်တာ။ သူက အစတုန်းက ရွှေကမ်းခြေ ရပ်ကွက် ဖြစ်တဲ့ နေရာမှာ ဆောက်ထားတာ တစ်ကြောင်း၊ နောက်တစ်ကြောင်းက အဲဒီ အဆောင်က





ထမင်းချက်ကြီးက နယူးယော့က နာမည်ကြီး ဟိုတယ်ကြီး တစ်ခုမှာ ထမင်းချက် လုပ်လာခဲ့လို့လည်း တစ်ကြောင်း အဒမ်ဆောင်ကို ရွေးကြတာပဲ။ အမှန်က ဒီအချက်က အရေးမကြီးဘူးလို့ ထင်ရပေမယ့် သုံးနှစ်လုံးလုံး မနက်စာ၊ ညနေစာ၊ ညစာ စားရဦးမှာ ဆိုတော့ အရေးကြီးတယ်လို့လည်း ပြောနိုင်တယ်။

နောက် တစ်ဆောင်ကတော့ လိုဝယ်ဆောင်။ အဆောက်အအုံကတော့ ကောင်းပါတယ်။ ကလပ်တွေနှင့်လည်း နီးလို့ သွားရ လာရတာ လွယ်တယ်။ အဆောင်မှူးကလည်း အင်္ဂလိပ် ဆန်သလား မမေးနှင့်။ ဘုရင်မထက်တောင် အင်္ဂလိပ် ဆန်ဦးမယ်။ ဒါပေမဲ့ သိပ်ဇယားများတဲ့ အဆောင်။

ဟားဗတ်က တက္ကသိုလ် အကြို ကျောင်းသားတွေ အကြိုက်ဆုံးနေရာကတော့ အဲလီယော့ အဆောင်ပဲ။ နယူဝဲနှင့် ဒစ်ကီတို့ကတော့ အဲလီယော့ အဆောင်ကို ဦးစားပေး ရွေးကြတယ်။ ဒါပေမဲ့ ငါတော့ ငါ့အဘေးရဲ့ အမည်ကို အစွဲပြုပြီး မှည့်ထားတဲ့ အုတ်တိုက်နီနီကြီးမှာ သိပ်မနေချင်ဘူး။ အဆောင်ဝင်းထဲမှာ ငါ့အဘေးရဲ့ ကျောက်ရုပ်ကြီးတောင် ရှိသေးတယ်။

နယူဝဲနှင့် ဒစ်ကီကတော့ တို့သူငယ်ချင်းတွေ ရှိတဲ့ အဆောင်ကိုပဲ သွားချင်ကြတယ်။ ဒီလိုနှင့် နောက်နှစ်မှာ ဘယ်အဆောင် ရွေးရမယ်လို့ စဉ်းစားရ ကျပ်နေတုန်းမှာ ညပိုင်းကျတော့ ဧည့်သည် တစ်ယောက် ပေါက်လာတယ်။

တို့တစ်တွေ သိပ်မမူးသေးလို့ တံခါးခေါက်သံကို ကြားမိတာပေါ့။

နယူဝဲက ညကြီး အချိန်မတော် ဘယ်သူပါလိမ့်လို့ ဆိုပြီး တံခါးသွားဖွင့်ပေးတယ်။ ဖွင့်လည်း ပေးလိုက်ရော 'ဘုရားရေ' ဆိုတဲ့ နယူဝဲရဲ့ အသံကို ကြားလိုက်ရတယ်။

'ဘုရား မဟုတ်ပါဘူးကွာ၊ ငါက ဘုရားရဲ့ သာဝကပါ' ဆိုတဲ့ ဧည့်သည်ရဲ့ အသံကိုလည်း တစ်ဆက်တည်း လိုလို ကြားလိုက်ရတယ်။

ဘယ်သူ ထင်လို့လဲ၊ ပါမောက္ခ ဖင်လေရယ် ခင်ဗျ။ ကျောင်းအုပ်ကြီး ပါမောက္ခ ဖင်လေရယ်။ တံခါးဝမှာ ရပ်နေတယ်။

သူက ညပိုင်း လမ်းလျှောက်ထွက်ရင်း ရှေ့နှစ်မှာ တို့တစ်တွေ ဘယ်အဆောင်ကို ဝင်ခွင့် လျှောက်သလဲ မေးကြည့်ဦးမယ် ဆိုပြီး ဝင်



www.burmeseclassic.com

www.burmeseclassic.com



လာတာ။ အဲလီယော့ဆောင်ကို လျှောက်ချင်ရင်လည်း ရတယ် ဆို
အကြောင်းကိုလည်း ပြောတယ်။

တို့ကလည်း လျှောက်ရင်တော့ အဲလီယော့ဆောင်ကိုပဲ လျှော
မယ့် အကြောင်း ပြောပြတယ်။ ဒါပေမဲ့ ငါက ခပ်အင်အင် ဖြစ်နေတာ
သူ သတိပြုမိပုံ ရတယ်။ အင်ဒရူး အဲလီယော့။ အဘေး နာမည်ကလည်
အဲလီယော့။ နေတော့လည်း အဲလီယော့ အဆောင်။ ပြီးတော့ စာသ
တော့လည်း အဲလီယော့ ဆုရ ပါမောက္ခရဲ့ ဂရိဘာသာ သင်တန်း။

အမှန်ကတော့ ငါ့ကို ဒီအဆောင်ကိုပဲ လျှောက်ဖို့ လာပြောတာပ

ငါဟာ သမ္မာကျမ်းစာကို အိန္ဒိယ လူနီတွေ အတွက် ဘာသ
ပြန်နိုင်မယ်လို့ မမျှော်လင့်ပါဘူး။ ဟားဗတ် တက္ကသိုလ်ရဲ့ အဓိပတ
ဖြစ်မယ်လို့လည်း သူ မမျှော်လင့်ပါဘူးတဲ့။ ဒါပေမဲ့ ထူးခြားတဲ့ လ
တစ်ယောက်တော့ ဖြစ်မယ်လို့ သူ မျှော်လင့်ပါတယ်တဲ့။

ငါလည်း တော်တော် အံ့အားသင့်ပြီး ဝမ်းသာရ မလိုလို ဝမ်
နည်းရ မလိုလို ဖြစ်နေတယ်။ ပါမောက္ခကြီး ကိုယ်တိုင်က ငါ့ကို
ထူးခြားမယ်လို့ ပြောတော့ ဘယ်မှာ ဝမ်းမသာဘဲ ရှိပါ့မလဲ။

ဆရာကြီးဟာ တို့ အခန်းကို လာတာ ဟုတ်မှ ဟုတ်ရဲ့လား
ဆိုတာ နောက်တစ်နေ့ မနက်အထိ ငါ့စိတ်ထဲမှာ သံသယ ဖြစ်နေတယ်

ထားပါတော့လေ။ သူ လာတာ အိပ်မက် မက်တယ်လို့ပဲ ထားပ
တော့။ တို့ သုံးယောက်ကတော့ အဲလီယော့ဆောင်ကိုပဲ ဝင်မယ်လို့
ရွေးလိုက်ကြတယ်။ မနေ့ညက လာသူဟာ ပါမောက္ခ ဖင်လေ ကိုယ်
တိုင် မဟုတ်ဘဲ သရဲ တစ္ဆေ ဖြစ်စေတော့ သူ့ တစ္ဆေဟာ ငါတို့ကို
ညှို့ယူ ဖမ်းစားနိုင်စွမ်း ရှိတယ်လေ။

မနက်လင်း၍ အခန်းရှေ့ ရောက် နေ သော 'မရုန်းရောင်' သတင်းစာကို
ကောက်လှန်လိုက်သည်နှင့် ဂျေဆန် ဂီးလ်ဘတ်သည် အားကစား စာမျက်နှာ
ကို အရင်လှန်တတ်သည်။ သူ့ အားကစား သတင်းများ ပါလိုပါငြား ကြည့်ချင်
သောကြောင့် ဖြစ်၏။ ထို့နောက် ရှေ့ဆုံး စာမျက်နှာကို လှန်ကာ တက္ကသိုလ်
ပရိဝုဏ်ထဲက သတင်းများကို ကြည့်သည်။ အချိန် ရသေးလျှင် ထောင့်နားတွင်





ချုပ် ဖော်ပြတတ်သော ကမ္ဘာ့ သတင်းများကို ကြည့်သည်။

ထို့ကြောင့် တက္ကသိုလ်၏ သမိုင်းတွင် ဟားဗတ်–ရက်ကလစ် ဂီတပြိုင်ပွဲ
ကျောင်းသားသစ် တစ်ဦး ပထမဆု ရသွားသည် ဆိုသည့် သတင်းကို သူ
မထားလိုက်မိ။

၁၉၅၄ ခု၊ ဧပြီလ ၁၂ ရက်နေ့တွင် ဒင်နီယယ် ရော့ဆီ ဆိုသည့်
ကျောင်းသားသစ် တစ်ဦးက လီဇ်၏ အီးဖလက် ကွန်ချာတိုကို တီးပြမည်
ဆိုသည့် သတင်းကို သူ မတွေ့လိုက်။

နောက်သုံးရက် အကြာ သူ့ အခန်းတံခါး အောက်သို့ ထိုးထားခဲ့သည့်
စာကလေး တစ်စောင်ကို တွေ့သည့် အခါမှပင် ထိုအကြောင်းကို ဂျေဆန်
သိရသည်။

'ဂျေဆန်၊ ကျန်းမာရေး စစ်တုန်းက ခင်ဗျားသာ မကူခဲ့ရင် ခုလို
ဆုရအောင် ကျွန်တော် စန္ဒရားကို လေ့ကျင့်နိုင်ခဲ့မှာ မဟုတ်ဘူး၊ ကတိ အတိုင်း
လက်မှတ် နှစ်စောင် ပို့လိုက်တယ်၊ မိတ်ဆွေ တစ်ယောက်ကိုလည်း ခေါ်ခဲ့ပါ'
ဒင်နီ ဆိုသည့် စာတိုကလေးကို တွေ့ရသည်။

ဂျေဆန် ပြုံးသည်။ မောင်မယ်သစ်လွင်နေ့တုန်းက ထို အတွေ့အကြုံ
သည် ဝေးလံသော အတိတ်တွင် ကျန်ရစ်ခဲ့ပြီ။ ထိုစဉ်က ဒင်နီ ပြောသည့်
စကားများကို သူ အလေးအနက် မထားခဲ့။ ယခုမူ သူ့အဖို့ ဒင်နီကို ဖိတ်နိုင်
ပြီ။ ရက်ကလစ် ကျောင်းဆောင်တွင် ပေါ်ပြူလာ အဖြစ်ဆုံးသူကို ရွေးဖိတ်
နိုင်ပြီ။ ဂျေဆန်သည် ဒင်နီကို ဖိတ်ဖို့ အခွင့်အရေးကို ရှာနေသည်။ ယခု ထို
အခွင့်အရေးကို ရပြီ။

ဧပြီလ ၁၂ ရက်နေ့ ညဉ့် ဟားဗတ် တက္ကသိုလ်ရှိ ဂီတ ဝါသနာရှင်များသည်
ဆန်းဒါးလ် ဓာတ်ရုံကြီးထဲတွင် စုဝေးနေကြသည်။ သူတို့သည် နဂါးငွေ့တန်း
ထဲသို့ ဝင်ရောက်လာသည့် ကြယ်တံခွန် တစ်စင်းကို စောင့်ကြည့်ကြရန် ဖြစ်
သည်။

သူတို့ အထဲတွင် စိတ်အလှုပ်ရှားဆုံးသူမှာ ဂီတပညာရှင် ဒင်နီ ကိုယ်
တိုင် ဖြစ်သည်။ ဒင်နီသည် ဓာတ်ရုံ တောင်ပံ အဆောင်ရှိ ထိုင်ခုံတန်း တစ်ခု
ကြားတွင် မတ်တတ် ရပ်ရင်း ခန်းမကြီးထဲသို့ တသွင်သွင် ဝင်လာနေကြသော
ပရိသတ်ကို စိုးရိမ်တကြီး လှမ်းကြည့်နေသည်။ ပရိသတ်များထဲတွင် သူတို့
တက္ကသိုလ်မှ ပါမောက္ခတွေ အပြင် မြို့ပေါ်မှ ဂီတပညာရှင်ကြီးများလည်း ပါ



www.burmeseclassic.com

www.burmeseclassic.com

ကြသည်။ သူ့ ဆရာ ပါမောက္ခ ဖင်လေပင် ပါလိုက်သေးသည်။

ပြိုင်ပွဲဝင်ဖို့ သီတင်းပတ်ပေါင်း များစွာ လေ့ကျင့်ခဲ့စဉ်က ဒင်နီသည် ထို ပြိုင်ပွဲဝင်ရမည့် အချိန်ကို ရင်တထိတ်ထိတ်ဖြင့် စောင့်ခဲ့ရသည်။ ဒင်နီသည် ဘဝင် မြင့်ချင်သလိုလိုပင် ချက်ချင်း ဖြစ်လာသည်။

သို့ရာတွင် မနေ့ညကမူ ထိုသို့ မဟုတ်။ ဟားဗတ် တက္ကသိုလ် ကျောင်းတော်ကြီးတွင် သူ ဂီတ သရုပ် ဆောင်းရတော့မည့် အကြိုညတွင် သူ ကောင်းကောင်း အိပ်မပျော်။ အိပ်ရာထက်တွင် တလူးလူး တလိမ့်လိမ့် ဖြစ်နေသည်။ တစ်ခုခုများ ခြေချော် လက်ချော် ဖြစ်သွားမှုဖြင့် ဒုက္ခဟု သူ တွေးပူနေသည်။ သူ့ကိုယ်သူ စိတ်မချနိုင်ဘဲ သက်ပြင်းကြီးတချချ ဖြစ်နေသည်။

ငါတော့ လူရယ်စရာ ဖြစ်တော့မယ် ထင်တယ်။ စန္ဒရားဆီကို အသွား မူးမေ့ လဲကျသွားရင်တော့ ဒုက္ခ။ ဒါမှမဟုတ် ခလုတ်တိုက် လဲရင်လည်း အခက်။ ပဏာမကို ဖြုန်းစားကြီး ကောက်တီးလိုက်ရင်လည်း ပြဿနာ။ နောက်ကျ တီးလိုက်ရင်လည်း ရှက်စရာ။ သံစဉ်တွေကို မေ့နေရင်တော့ အရှက်ကွဲတော့မှာပဲဟု သူ တွေးသည်။

စင်ပေါ်မှာ ငါ ဒုက္ခ ဖြစ်နေတာကို ကြည့်ပြီး ပရိသတ်ကတော့ တဟားဟား ဖြစ်နေကြမှာပဲ။ ကျောင်းသူတွေကသာ မကဘူး၊ ဂီတမှာ ကျွမ်းကျင်တဲ့ ပညာရှင်တွေကပါ ငါ့ကို ကြည့်ပြီး ရယ်ကြတော့မှာ။ အရှက်တကွဲ တော့ ဖြစ်တော့မှာပဲ ထင်ပါရဲ့။ ဒီပြိုင်ပွဲကို ဘာဖြစ်လို့များ သွားဝင်မိပါလိမ့်။

သူ့ နဖူးကို စမ်းကြည့်၏။ နဖူးက ပူပြီး ချွေးတွေ စို့နေသည်။ ဖျားများ ဖျားသလား မသိဘူး။ ဖျားတယ် ဆိုရင်တော့ ငါ့ပြိုင်ပွဲကို ရွှေ့ပေးမယ် ထင်ပါရဲ့။ ဘုရား သိကြား မလို့ ကျွန်တော် ဖျားပါစေ။ တုပ်ကွေး ဖြစ်ပါစေ။ ဒါမှမဟုတ်ရင်လည်း ရောဂါကြီးကြီး တစ်ခု ဖြစ်ပါစေ။

နောက်တစ်နေ့ ရောက်သည့် အခါတွင် နေထိုင်ကောင်းနေသဖြင့် သူ စိတ်ပျက်သွား၏။ သို့ဖြင့် ဒင်နီသည် ထိုနေ့ ညနေ ဆန်းဒါးလ် ဇာတ်ရုံထဲ တွင် ကျင်းပသည့် သူ့အား ခေါင်းဖြတ်စက် တင်ပွဲကြီးကို ရင်ဆိုင်နိုင်ရန် မနည်း အားတင်းယူရသည်။

ဒင်နီသည် ဇာတ်စင်နောက်တွင် ရပ်နေသည်။ သည်နေရာ မဟုတ်ဘဲ တခြား နေရာကို ရောက်နေလျှင် အကောင်းသားဟု သူ တွေးနေသည်။

တီးဝိုင်း အချက်ပြဆရာ လိုဝင်စတိန်းက သူ အဆင်သင့် ဖြစ်မဖြစ်





မေး ရန် ဇာတ်စင်နောက်သို့ ဝင်လာ၏။ အဆင်သင့် မဖြစ်သေးဟု ပြောလိုက်ချင် သည်။ သို့သော် သူ့ ရင်ထဲက တစ်စုံတစ်ရာက သူ့ကို ခေါင်းအညိတ် ခိုင်းနေ သည်။

ဒင်နီသည် သက်ပြင်းတစ်ချက်ကို ရှိုက်လိုက်ပြီးနောက် ကြမ်းပြင်ကို ငုံ့ ကြည့်ပြီး ဇာတ်စင်ပေါ်သို့ တက်လာခဲ့သည်။ စန္ဒရား ခုံတွင် ဝင်မထိုင်မီ သူ့ကို သြဘာပေးနေသည့် ပရိသတ်ကို နှုတ်ဆက်သည့် အနေဖြင့် ခေါင်းကို ညွတ်ပြ၏။ ကဲ့အားလျော်စွာ မီးမောင်းများ ထိုးထားသဖြင့် သူ့မျက်လုံးများသည် ပြာဝေ သွားကာ ပရိသတ်ကို မမြင်တော့။

ထိုစဉ် မမျှော်လင့်သော အဖြစ် တစ်ခု ဖြစ်လာသည်။

စန္ဒရား ခလုတ်များကို တို့ထိလိုက်သည်နှင့် တစ်ပြိုင်နက် သူ့ အကြောက်သည် ခံစားမှု အသစ် တစ်ခု အဖြစ် ပြောင်းသွားသည်။ ထိုခံစားမှုမှာ စိတ်လှုပ်ရှားခြင်း ဖြစ်သည်။ သူ့ တစ်ကိုယ်လုံးတွင် ဂီတကို ဖွဲ့ရန် သွေးတွေ ဆူဝေလာသည်။

ဒင်နီသည် လိုဝင်စတိန်းကို ခေါင်းညိတ်၍ အချက်ပြလိုက်၏။

လိုဝင်စတိန်း၏ အချက်ပြ လှင်တံ စလှုပ်လိုက်သည်နှင့် ဒင်နီသည် အိပ်မွေ့ချ ခံရသူလို ဖြစ်သွားသည်။ သူ့ လက်သံသည် အပြစ်ဟူသမျှ ကင်းစင် သည်ဟု ထင်နေသည်။ သူ့ တစ်သက်တွင် သည်မျှလောက် တစ်ခါမျှ စန္ဒရား တီး၍ မကောင်းစဖူး။

ခန်းမ ထောင့်အသီးသီးမှ 'ဗရာဗိုး' ဟူသော အသံများ ပေါ်လာသည်။ သြဘာ လက်ခုပ်သံတွေက မစဲနိုင်တော့။

ဂီတ ပြိုင်ပွဲ ပြီးသည့်နောက် ဒင်နီကို လူတွေ သြဘာ ပေးကြပုံမှာ တင်းနစ် ချန်ပီယံ ရသွားသူ တစ်ယောက်ကို သြဘာပေးပုံနှင့် တူသည်ဟု ဂျေဆန် ထင်သည်။ သူ့ကို ပခုံးပေါ် မြှောက်ချီ၍ ဇာတ်ရုံထဲကို လှည့်ပတ် မပြရုံ တစ်မည်သာ ကျန်တော့သည်။ ဂီတ ပညာရှင်များက တန်းစီ၍ ရပ်ကာ ဒင်နီ ကို လက်ဆွဲ နှုတ်ဆက်ကြ၏။ ဒင်နီသည် ဂျေဆန်ကို လှမ်းမြင်လိုက်သည့် အခါတွင် လူကြားထဲမှ ထွက်လာကာ ဇာတ်စင် အစွန်းသို့ လာပြီး သူ့ကို နှုတ် ဆက်သည်။

'သိပ်ကောင်းတယ်ဗျာ၊ ပေးလိုက်တဲ့ လက်မှတ်တွေလည်း ရတယ်၊ ကျွန်တော့် အဆက်နှင့်လည်း မိတ်ဆက်ပေးရဦးမယ်၊ အင်နီ ရပ်ဆယ်တဲ့၊ ၅၇


www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်မှာ ဘွဲ့ယူရမှာ'

'ဟုတ်လား၊ ရက်ကလစ် ကျောင်းဆောင်မှာပေါ့'

ဒင်နီက ပြုံး၍ နှုတ်ဆက်၏။

'ဟုတ်တယ်၊ ဒီနေ့ည ရှင့်ကို ချီးကျူးတဲ့ လူတွေထဲမှာ အင်နီက တစ်သန်းမြောက်ပေါ့'

အင်နီ့ မျက်နှာတွင်လည်း အပြုံးတွေ ဝေလျက်။

'ကျေးဇူး'

ဒင်နီက စိတ်မကောင်းသည့် လေသံဖြင့် ဆက်၍

'သွားဦးမယ်နော်၊ ပါမောက္ခတွေကို နှုတ်ဆက်ရဦးမယ်၊ နောက်မှ ထမင်းလေး ဘာလေး လက်ဆုံ စားရင်း တွေ့ကြဦးစို့၊ တွေ့ရတာ ဝမ်းသာပါတယ် အင်နီ'

ဒင်နီသည် လက်ပြ နှုတ်ဆက်ကာ လူအုပ်ထဲ ပြန်လာခဲ့သည်။

မနေ့ညက အင်နီ တစ်ယောက် ပျော်နေသဖြင့် နောက်တစ်နေ့ ညနေတွင် ဂျေဆန်က သူနှင့် အတူ စနေနေ့တွင် ဘောပွဲသွားကြည့်ရန် အင်နီကို တယ်လီဖုန်းဖြင့် လှမ်းဖိတ်သည်။

'ဝမ်းနည်းပါတယ် ဂျေဆန်၊ ကိုယ် မလိုက်နိုင်ဘူး ထင်တယ်၊ ကွန်နယ်တီကက်ကို သွားမလို့'

'ဘာလဲ အင်နီ၊ ယေးလ်က ကျောင်းသား တစ်ယောက်နှင့် ချိန်းထားလို့လား'

'ဟင့်အင်း၊ ဒင်နီက ဟားဗတ် ဖေးသံစုံ တီးဝိုင်းနှင့် တီးမှာမို့လို့ သွားနားထောင်မလို့'

ဂျေဆန်ကမူ တယ်လီဖုန်းကို စိတ်ပျက်လက်ပျက်ဖြင့် ချလိုက်သည်။ ဂျေဆန်ရေ မင်းအတွက် သင်ခန်းစာပဲဟု သူ့ကိုယ်သူ ပြောလိုက်သည်။

ဟားဗတ် တက္ကသိုလ် ကျောင်းသား တစ်ယောက်ကို ဘယ်တော့မှ သွားပြီး အကူအညီ မပေးလေနှင့်၊ ဆေးစစ်ခံတဲ့ နေရာမှာတောင် သူ့ကို သွားမကူလေနှင့်။

၁၉၅၅ ခု ဧပြီလ ၂၄ ရက်နေ့၌ ဆောင်ရွေ့သည် ဟားဗတ် တက္ကသိုလ်





ရိုဂျာ လေထဲတွင် ကြီးစိုးနေ၏။ သို့တိုင်အောင် တက္ကသိုလ် အုပ်ချုပ်ရေးမှ စာရင်းများကို ကြည့်လျှင် ဟားဗတ် တက္ကသိုလ် ၃၂၂ ကြိမ်မြောက် သင်တန်းမှ မောင်မယ်သစ်လွင် ၇၁ ဒသမ ၆ ရာနှုန်းတို့ အဖို့သော်မူ နေရောင်သည် တောက်ပ ရွှန်းလင်းနေသည်ဟုပင် ပြောနိုင်သည်။ ထို အများစုသည် သူတို့ဦးစားပေး ရွေးချယ်သော အဆောင်များကို ရကြသောကြောင့် ဖြစ်သည်။

ဂျီ ၂၁ အဆောင်တွင် ရောက်နေသည့် သူတို့ သုံးယောက် အဖို့ကားအဆန်း မဟုတ်တော့။ လွန်ခဲ့သော တစ်လလောက်က ပါမောက္ခ တစ်ဦး သူတို့ဆီသို့ ရောက်လာပြီး ကတည်းက သူတို့ ရွေးသော အဆောင် ရမည် ဖြစ်ကြောင်း ကြိုသိနေကြလေပြီ။ သူတို့ ရသော အခန်းမှာ မြစ်ကို မျက်နှာမူနေသည့် အခန်း ဖြစ်သဖြင့် ပို၍ ဝမ်းသာကြရသည်။ ဟားဗတ်တွင် ကျောင်းသားသစ်များ အဖို့ သည်လောက် နေရာကောင်းကောင်း ရလေ့ မရှိ။

ထို့ပြင် တစ်ယောက်ခန်းကို ရဖို့ကလည်း အခွင့်အရေး အလွန် နည်းသည်။ ဂျေဆန်မှာ တစ်ယောက်ခန်း တစ်ခန်း ရသည်။ သူ့အခန်းမှာ အဲလီယော့ မြက်ခင်းပြင်ကို မျက်နှာမူထားပြီး သူ့ သူငယ်ချင်း သုံးယောက်နှင့် မျက်နှာချင်းဆိုင် ဖြစ်သည်။

ဂျေဆန်သည် အိမ်နှင့် အပတ်စဉ် တယ်လီဖုန်း ပြောရာတွင် ထိုအကြောင်းကို ထည့်ပြောသည်။

'အေး၊ ငါ့သား အဲဒီအဆောင်ကို ရတာ ကောင်းတယ်၊ မင်းရတဲ့ အဲလီယော့ အဆောင်ဟာ တကယ်တော်တဲ့ ကျောင်းသားမှ နေရတယ် ဆိုတာ ဟားဗတ်ကို မရောက်ဖူးတဲ့ လူတွေတောင် သိတယ်'

'ဒါပေမဲ့ ဒီအဆောင်ကို ရောက်တော့လည်း တော်တယ်လို့ ထင်သွားကြတော့တာပေါ့ ဖေဖေရ' ဟု ဂျေဆန်က နောက်ရွတ်သည်။

'အေး၊ အဲလီယော့ အဆောင်က ကျောင်းသားကတော့ လူတော်တွေထဲက လူတော်ပေါ့ကွာ၊ ဖေဖေရော မေမေရော မင်းအတွက် ဂုဏ်ယူပါတယ်၊ နေဦးပါဦး၊ မင်းကော လက်ပြန်ရိုက်တဲ့ လေ့ကျင့်ခန်းတွေ လုပ်ရဲ့လား'

'လုပ်ပါတယ် ဖေဖေ၊ လက်ပြန် ကောင်းကောင်း ရိုက်နိုင်ပါပြီ'

'ဒီမှာ၊ အမြောက်ဆိုတာ ပစ်အား ကောင်းပေမယ့် အသယ်ရ ခက်သတဲ့ကွ၊ တင်းနစ် အားကစား စာစောင်ထဲမှာ ငါ ဖတ်လိုက်ရတယ်'

'ဟုတ်ကဲ့၊ ကျွန်တော် နားလည်ပါတယ် ဖေဖေ၊ ကျွန်တော့်မှာ အချိန်သည်း သိပ်မရှိပါဘူး၊ ပြီးတော့ ကျွန်တော့် တင်းနစ် သင်တန်းကလည်း သိပ်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းပါတယ်'

'အေး၊ ငါပြောချင်တာက ကိုယ့် ဝါသနာအရ တင်းနစ် ကစားတာလည်း ကစားပေါ့၊ ဒါပေမဲ့ ကျောင်းစာကိုတော့ မထိခိုက်စေနှင့်၊ နောက်တစ်ပတ်မှ ဆက်ဦးမယ်'

'ဟုတ်ကဲ့ ဖေဖေ၊ မေမေ့ကိုလည်း နှုတ်ဆက်ပေးပါ'

ဒင်နီမှာ သူ့လို မဟုတ်။ အကြီးအကျယ် ဒေါပွနေသည်။ သူ ပထမ ဦးစားပေး ရွေးသည့် အဆောင်မှာ အာဒမ် ကျောင်းဆောင် ဖြစ်သည်။ ဂီတသမားတွေ၊ စာပေသမားတွေ နေသည့် ကျောင်းဆောင်မို့ ထိုကျောင်းဆောင်ကို ရွေးခဲ့ခြင်း ဖြစ်၏။ ကိုယ်က စန္ဒရား တီးပြလျှင်လည်း နားထောင်မည့် ဝါသနာအိုးတွေ တစ်ပုံတစ်ပင်။

အာဒမ် ကျောင်းဆောင်ကို သေချာပေါက် ရမည် ထင်ခဲ့သဖြင့် ဒုတိယနှင့် တတိယ ဦးစားပေး ကျောင်းဆောင်များကို ရွေးသည့်အခါတွင် တွေ့ရာအမည်ကို ကောက်ရေးခြစ် ပေးလိုက်ခဲ့သည်။ တစ်ချက်ကလေးမျှပင် မစဉ်းစား။ ကျောင်းဆောင် အမည်များကို အက္ခရာ အစဉ်လိုက် ဖော်ပြထားရာ ဒင်နီသည် ဒုတိယနှင့် တတိယ ဦးစားပေး အဆောင်များကို ရွေးသည့်အခါတွင် ဒန်းစတားနှင့် အဲလီယော့ဆောင်ဟု တွေ့ရာကို ကောက်ရေးပေးလိုက်သည်။

ယခု သူ ရသည့် အဆောင်က တတိယ ဦးစားပေး အဆောင်ဖြစ်သည့် အဲလီယော့ဆောင်။

သူ့ကို အဘယ်ကြောင့် သည်အဆောင်တွင် ရွေး၍ ပေးရသနည်း။ သူ့လို ထင်ရှားသူ တစ်ယောက်ကို အဘယ်ကြောင့် သည်အဆောင်ကိုမှ ရွေးချယ်ပေးရသနည်း။ ဒင်နီ တစ်ယောက် တစ်ခါက သည်အဆောင်တွင် နေခဲ့ဖူးသည်ဟု အာဒမ်ဆောင်သည် မကြွားနိုင်တော့ပြီ။

ထို့ပြင် အဲလီယော့ဆောင်က ချာတိတ်တွေချည်း။ သည်လို ချာတိတ်တွေချည်း နေသည့် အဆောင်မျိုးတွင် သုံးနှစ် သုံးမိုးလုံး သူ မနေချင်။

သူ့ နစ်နာချက်ကို ပါမောက္ခ ဖင်လေဆီသို့ သွား၍ ရင်ဖွင့်ရန် သူ ဆုံးဖြတ်သည်။ ပါမောက္ခ ဖင်လေသည် သူ မနေချင်သည့် အဲလီယော့ အဆောင်မှူး ဖြစ်သည့်တိုင် သူ လေးစားရသည့် ပုဂ္ဂိုလ် ဖြစ်သဖြင့် သူ့ကိုပင် တိုင်တည်ရတော့မည်။





ပါမောက္ခ ဖင်လေ၏ စကားကို ကြားရသည့်အခါတွင် သူ ပို၍ အံ့ဩသွား၏။

'မင်းကို ငါ့အဆောင်မှာ ထားချင်တယ် ဒင်နီ၊ ဒါကြောင့် အာဒမ်ဆောင်က အဆောင်မှူးနှင့် တိုင်ပင်ပြီး ဘောလုံးသမား နှစ်ယောက်၊ ကဗျာဆရာ တစ်ယောက်နှင့် လဲယူလိုက်ရတာ၊ မင်းကို ငါ့အဆောင်မှာ ပေးပါလို့'

'ဒီလိုဆိုရင်တော့ ကျွန်တော် ဂုဏ်ယူရမှာပေါ့ ဆရာ၊ ကျွန်တော် ထင်တာက'

ဒင်နီသည် ဆရာ့စကားကို ကြားလိုက်ရသဖြင့် ဝမ်းသာသွားသည်။

'မင်း စိတ်မှကောင်း ဖြစ်မယ် ဆိုတာ ငါ နားလည်ပါတယ် ဒင်နီ၊ ဒါပေမဲ့ ငါ့အဆောင်ဟာ အဘက်ဘက်က ထူးချွန်ချင်တယ်လေ၊ အဆောင်ကိုကော အရင်တုန်းက ရောက်ဖူးသလား'

'မရောက်ဖူးပါဘူး ဆရာ'

ခဏကြာလျှင် ပါမောက္ခ ဖင်လေသည် ကျောင်းဆောင် မျှော်စင်ပေါ်သို့ တက်သည့် ကြောင်လိမ် လှေကားလေး အတိုင်း သူ့ကို အပေါ်ထပ်သို့ ခေါ်သွားသည်။ ဒင်နီမှာ မောနေလေပြီ။ သို့ရာတွင် ပါမောက္ခ ဖင်လေကမူ ပေါ့ပါးသွက်လက်စွာဖြင့် ရှေ့မှ တက်သွားပြီး တံခါးကို ဖွင့်လိုက်သည်။

ကြီးမားသော ပြတင်းပေါက် ခုံးခုံးကြီးမှ သူ မြင်လိုက်ရသော ပထမဆုံး ရှုခင်းမှာ ချားလ် မြစ်ကြီး၏ လှပသည့် ရှုခင်းကျယ်ကြီး။ ထို့နောက် ပြတင်းပေါက် အနီးတွင် ချထားသည့် ကြီးမားသော တုံးလုံး စန္ဒရားကြီး တစ်လုံး။

'ဘယ့်နှယ်လဲဟေ့၊ အတိတ်တုန်းက တွေးခေါ်ရှင်ကြီးတွေဟာ အဆောက်အအုံ မြင့်မြင့်ကြီးတွေပေါ်က နေပြီး ဉာဏ်ကွန့်မြူးခဲ့ကြတာကွ၊ မင်း သဘောကျတဲ့ အီတလီ တွေးခေါ် ပညာရှင် ပီထရာ့ချ်တောင်မှပဲ ဗင်တူး တောင်ထိပ်ပေါ်ကို တက်ပြီး ဉာဏ်ဝင်စားရတာကွ၊ ဘယ်လောက် အဘိဓမ္မာဆန်တဲ့ အပြုအမူလဲ'

'အံ့ဩစရာပဲ ဆရာ'

'ဒီလို နေရာမျိုးကနေပြီး ခမ်းနားတဲ့ ဆင်ဖိုနီ တေးကြီး တစ်ပုဒ်ကို စပ်နိုင်တယ်ကွ၊ မဟုတ်ဘူးလား'

'ဟုတ်ပါတယ် ဆရာ'

'ဒါကြောင့်မို့ မင်းကို အဲလီယော့ဆောင်ကို ခေါ်ယူခဲ့တာ၊ ဟားဗတ်တက္ကသိုလ်ဟာ ပါရမီရှင်တွေကို လက်ကမ်းကြိုတယ်ကွ၊ ဒါပေမဲ့ ဒီရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အဲဒီ ပါရမီကို ရှင်သန်အောင် မြေတောင် မြှောက်ပေးတယ်၊ အဲဒါ မင်း မှတ်ထား'

အသက်ထင်ရှား ရှိနေသေးသည့်တိုင် ဒဏ္ဍာရီ တစ်ပုဒ်လို ကျော်ကြား နေသည့် ပါမောက္ခ ဖင်လေသည့် ဂီတဆရာ ပေါက်စကို လက်ကမ်းပေးရင်း

'ဆောင်းဦးပေါက်ကျရင် ဒီ မျှော်စင်ပေါ်ကို မင်း ရောက်လာလိမ့်မယ်လို့ ငါ မျှော်လင့်တယ် ဒင်နီ'

'ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော့်ကို အဲလီယော့ဆောင်ကို ခေါ်လာတဲ့ အတွက် ကျေးဇူးတင်ပါတယ်'

ဒင်နီ ဝမ်းသာနေသည်။

အချို့သော ကျောင်းသားများအဖို့သော်မူ ပြေလ ၂၄ ရက်နေ့သည် ဘာမျှ ထူးခြားခြင်း မရှိ။ အခြားသော နေ့များနှင့် အတူတူ။

လင်းဗရိုစ် တစ်ယောက်မှာမူ စိတ်မချမ်းမသာ ဖြစ်ရသည့် ကျောင်းသားထဲတွင် တစ်ဦး အပါအဝင် ဖြစ်သည်။ လင်းဗရိုစ်မှာ နေ့ကျောင်းသား ဖြစ်သဖြင့် အဆောင်ဝင်ခွင့် မလျှောက်။ ထို့ကြောင့် တက္ကသိုလ်ဝင်းထဲမှ အဆောင် ကိစ္စတွေ အတွက် ဘာမျှ စိတ်မညစ်ရ။

ခါတိုင်းလို အတန်းတက်၊ ညနေခင်း ဆိုလျှင် လာမောင့် ပိဋကတ်တိုက်ထဲသို့ သွား။ ငါးနာရီ ထိုးလျှင် မာရသွန် ပျော်ပွဲစားရုံသို့ လာ။

သို့တိုင် သူ့ထက် ကံကောင်းသူတို့မှာ နောက် သုံးနှစ်လုံးလုံး ဟားဗတ် တက္ကသိုလ် ကျောင်းတိုက်များတွင် ပျော်လိုက် ပါးလိုက်၊ အဆောင်အလိုက် လုပ်သည့် ပျော်ပွဲများကို သွားလိုက်၊ မြစ်ထဲတွင် ခရီးထွက်လိုက်။ တက္ကသိုလ် ကျောင်းတော်သားကြီးတို့၏ ဘဝကို သူ အားမကျဘဲ မနေနိုင်။

နှစ်လယ် စာမေးပွဲများတုန်းက အေ မှိုင်းနပ်စ်နှင့် ဘီ သုံးဘာသာ ရခဲ့သဖြင့် စကောလားရှစ် ပညာသင်ဆု ရလိမ့်မည်ဟုတော့ သူ ယုံကြည်သည်။ ပညာသင်ဆု ရလျှင်မူ ဟားဗတ်တွင် ကောင်းကောင်း နေနိုင်ပြီ။ သို့ရာတွင် တက္ကသိုလ်ကျောင်း ရန်ပုံငွေ ကော်မတီမှ သူ့အား နောက်နှစ် အတွက် စတိုင်ပင် ထောက်ပံ့ကြေး အဖြစ် ဒေါ်လာ ရှစ်ရာ ပေးမည်ဟု ဝမ်းမြောက် ဝမ်းသာ အကြောင်းကြားသည့် အခါတွင် လင်းဗရိုစ် စိတ်ပျက်သွားသည်။

သာမန်အားဖြင့် ကြည့်လျှင် သည်လောက် ရလျှင်လည်း ပျော်စရာ





သို့ရာတွင် တက္ကသိုလ် ကျောင်းလခများကို ဒေါ်လာ ရှစ်ရာ အထိ မကြာမီက မြှင့်လိုက်သဖြင့် သူ ရသည့် စတိုင်ပင်မှာ ကျောင်းလခ ပေးရုံနှင့် ကုန်နေပြီ။

လင်းဗရိုစ်သည် အကြီးအကျယ် စိတ်ဓာတ် ကျသွားသည်။ ဘယ်မှ ရွေ့သည့် ခြေနင်းခုံပေါ်တွင် အားကုန် ပြေးနေရသည့် အပြေးသမား တစ်ယောက်နှယ်။

သူသည် ယခုတိုင် ဟားဗတ် တက္ကသိုလ် ကျောင်းတော်ကြီးသား စစ်စစ် မဖြစ်သေး။ သို့ရာတွင်...။

ဆန်းဒါးလ် ဓာတ်ရုံမှ ဒင်နီ၏ တေးဂီတပွဲသို့ လာ၍ နားထောင်ကြသူများမှာ တက္ကသိုလ်မှ ပညာရှင်များသာမက အခြားသူများလည်း လာရောက်ကြသည်။ ပါမောက္ခ ပစ်စတန်၏ ဖိတ်ကြားချက်အရ ဘော်စတန် ဆင်ဖိုနီ တေးဂီတဝိုင်း ခေါင်းဆောင် ချားလ်စ် မန့်လည်း လာရောက် နားထောင်သည်။ မန့်က ဒင်နီ၏ လက်သံကို ချီးမွမ်းကာ နွေရာသီတွင် ကျင်းပမည့် နာမည်ကျော် တင်ဂယ်ဝုဒ် ဂီတ ပွဲတော်သို့ ဝင်ရောက် ယှဉ်ပြိုင်ရန် စာတစ်စောင်ကို သူ့ လက်ရေး ဖြင့် ရေးပို့လိုက်သည်။

'ပွဲတော်ကတော့ သိပ် ကြီးကြီးကျယ်ကျယ် မဟုတ်ဘူး၊ ဒါပေမဲ့ ဂီတ ပညာရှင်တွေနှင့် တွေ့ဆုံ ရင်းနှီးရတာပေါ့၊ ပြီးတော့ တို့တီးဝိုင်း အစမ်း လေ့ကျင့်ပွဲတွေမှာလည်း မင်း လာတီးဖို့ ဖိတ်ခေါ်ပါတယ်၊ မင်းက ဂီတကို အသက်မွေးဝမ်းကျောင်း လုပ်မယ့်လူ ဆိုတော့ ဒီလို လာတီးရင်း အကျင့် ရသွားတာပေါ့၊ ချားလ်စ် မန့်' ဟု သူ့စာတွင် ပါရှိသည်။ သူ့ ဖိတ်စာကြောင့် ဒင်နီတွင် ကြုံတွေ့နေရသည့် အိမ်တွင်းရေး ပြဿနာလည်း အလိုလို ဖြေရှင်းပြီးသား ဖြစ်သွား၏။ နွေရာသီ ကျောင်းပိတ်၍ အိမ်ပြန်လာလျှင် အဖေက သူ့ သားအား အထင်သေးတော့မည် မဟုတ်ကြောင်းဖြင့် အမေ့ထံမှ လာသော စာများထဲတွင် ကြော်ငြာ ပါတတ်သည်။

ဒင်နီသည် အမေနှင့် တွေ့ချင်သည်။ သို့ရာတွင် ဂီတ လေ့ကျင့်ခန်းများ ရှိသည့် အတွက် အမေနှင့်ရော စည်းကမ်းကြီးသော အဖေနှင့်ပါ မျက်နှာချင်းဆိုင်ရတော့မည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com

မကြာမီ ပထမနှစ်သည် လျင်မြန်စွာ ကုန်ဆုံးသွား၏။

မေလသို့ ရောက်လျှင်ပင် စာမေးပွဲ အတွက် စာကြည့်ချိန် ပေးလိုက်လေပြီ။ အမှန်အားဖြင့် ထို ကျောင်းပိတ်ရက်များမှာ တစ်နှစ်လုံး သင်ခဲ့သော စာများကို ပြန်၍ နွှေးရန် ပိတ်ပေးခြင်း ဖြစ်သည်။ သို့တိုင် အင်ဒရူး အဲလီယော့လို ဟားဗတ် တက္ကသိုလ်က ကျောင်းသားများ အတွက်သော်မူ တစ်နှစ်လုံး ပစ်ထားခဲ့သည့် စာများကို ယခုမှ ပြန်ကူးရ၊ ကျက်ကြရခြင်း ဖြစ်သည်။

သည်နှစ် အားကစားရာသီတွင် ယေးလ် တက္ကသိုလ်နှင့် အများဆုံး ပြိုင်ခဲ့ရသည်။ ထို ပြိုင်ပွဲများတွင် ဟားဗတ် တက္ကသိုလ်က ရှုံးခဲ့သည့် ပွဲများလည်း ရှိ၏။ သို့ရာတွင် ဂျေဆန် ဦးစီးသည့် တင်းနစ် ပြိုင်ပွဲမှာ အောင်ပွဲရခဲ့သည်။

ဂျေဆန်သည် စားပွဲတွင် ထိုင်ကာ စာတွေကို ကုန်းကျက် နေရလေပြီ။ လူမှုရေး ကိစ္စတွေ အားလုံးကိုလည်း ဘေးချိတ် ထားလိုက်ရလေပြီ။ သီတင်းပတ် ဆုံးသည့် နေ့များတွင်သာ အပြင်သို့ ထွက်တော့သည်။

ထိုအတောအတွင်းတွင် ဟားဗတ် တက္ကသိုလ် ရင်ပြင်ရှိ ဆိုင်များတွင် စီးကရက်များနှင့် နီးဒေါ့ စိတ်ပေါ့ဆေးများ ရောင်းကောင်းကြသည်။ လာမောင့်ဆိုင်မှာ အမြဲတမ်းလိုလို လူတွေ စည်နေသည်။ လေအေးစက်များသည် ရုပ်အကျိုးဟောင်းမှ အနံ့များ၊ ချွေးနံ့များနှင့် စိုးရိမ် ကြောက်လန့်စိတ်များကို နုတ်ယူ မှုတ်ထုတ် ပေးနေကြသည်။ သို့ရာတွင် ထိုအရာများကို မည်သူကမျှ သတိမပြုမိကြ။

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

အောက်တိုဘာ ၁၊ ၁၉၅၅။

လွန်ခဲ့တဲ့ ဩဂုတ်လတုန်းက အိမ်ကို ပြန်ရောက်တယ်။ ကိုယ့်ရဲ့ မိထွေး အသစ်နှင့် သူ့ကလေးတွေကို အိမ်မှာ တွေ့ရတယ်။ ကိုယ်တို့ သားအဖ နှစ်ယောက်ကတော့ ထုံးစံအတိုင်း ကန်ဘေးမှာ ထိုင်ပြီး စကား ပြောခဲ့ရတယ်။ ကိုယ် သင်တန်းတွေကို ကောင်းကောင်း လိုက်နိုင်လို့ အဖေက ချီးကျူးတယ်။ တက္ကသိုလ်မှာ လေးနှစ် အောင်အောင်မြင်မြင် နေနိုင်တော့မှာပဲ ဆိုပြီး အဖေ ကျေနပ်နေပုံ ရတယ်။





အဖေက ပညာရေးနှင့် ပတ်သက်ပြီး ဩဝါဒတွေ ပေးတယ်။ မပူမပင် မကြောင့်မကြ နေရတဲ့ မိသားစုက မွေးလာတဲ့ အတွက် ပညာသင်ကြားရေးမှာ ပေါ့ပေါ့တန်တန် မလုပ်ဖို့လည်း သတိပေးတယ်။ ကျောင်းလခနှင့် အဆောင် လခတွေကို သူက ပေးမယ်လို့ ကတိပေးပေမယ့် ကိုယ် သုံးဖို့စရိတ်ကိုတော့ ကိုယ့်ဘာသာ ကိုယ် ရှာရမယ်တဲ့။ ဒါမှ အောက်သက် ကျေမယ်တဲ့။

ပြီးတော့ ပြောသေးတယ်။ ဘောလုံးပွဲတွေကို ဝင်ပြိုင်ချင်ရင်၊ ကောင်မလေးတွေနှင့် တွဲချင်ရင် ဝင်ငွေ ရှိတဲ့ အလုပ် တစ်ခုကိုတော့ ဝင်လုပ်ရမယ်တဲ့။ ဒါမှ အီမာဆန်တို့လို ကိုယ့်ကိုယ်ကိုယ် အားကိုးတတ်တဲ့ အကျင့်ရမယ်တဲ့။ ဒါကို ကိုယ်ကလည်း သဘောတူလိုက်ပါတယ်။

ကျောင်းပြန်ရောက်တော့ ကျောင်းသား အလုပ်အကိုင် ရှာဖွေပေးရေး ဌာနကို ချက်ချင်းသွားတယ်။ ဝင်ငွေကောင်းတဲ့ အလုပ်တွေတော့ သိပ်မရှိတော့ဘူး။ ကိုယ့်ထက် ငွေလိုတဲ့ စကောလားရှစ် ရတဲ့ ကျောင်းသားတွေကို ပေးလိုက်ပြီတဲ့။ ဒီတော့ ပျော်ပွဲစားရုံတွေမှာ ပန်းကန်ဆေးရတဲ့ အလုပ်တို့၊ စားပွဲထိုး လိုက်လုပ်ရတဲ့ အလုပ်တို့ကိုတော့ မရနိုင်တော့ဘူးပေါ့။

စိတ်ပျက်ပျက်နှင့် အလုပ်အကိုင် ရှာဖွေရေး ဌာနက အပြန် ကျောင်းဝင်းထဲမှာ ဆရာ ဖင်လေနှင့် တွေ့တယ်။ ကိုယ်က အလုပ်ရှာဖို့ ကျောင်းကို စောစော ပြန်လာတာလို့ ပြောတော့ သူက အဖေ ပြောသလိုပဲ ကိုယ့်ကိုယ်ကိုယ် အားကိုးတဲ့ ယန်ကီတို့ရဲ့ အစဉ်အလာ တန်ဖိုးတွေကို ထိန်းသိမ်းရမယ်လို့ ပြောပြီး ဘာမပြော ညာမပြောနှင့် အဲလီယော့ ကျောင်းဆောင် စာကြည့်တိုက်ထဲကို ခေါ်သွားတယ်။ စာကြည့်တိုက်ထဲ ရောက်တော့ စာကြည့်တိုက်မှူး ဒက်ဗလင်ဆီကို သွားပြီး ကိုယ့်ကို ကျောင်းဆောင် စာကြည့်တိုက်မှာ လက်ထောက် စာကြည့်တိုက်မှူး ခန့်ဖို့ ပြောပေးတယ်။

ဘာပဲပြောပြော ဒီအလုပ်ကို ရတာ ကောင်းပါတယ်။ တစ်ပတ်ကို သုံးည အတွက် လုပ်ခ ရတယ်။ တစ်နာရီကို ၇၅ ဆင့်ရတယ်။ သိပ်တော့ အလုပ် မရှိလှပါဘူး။ ည ခုနစ်နာရီ ကနေပြီး သန်းခေါင် အထိ စာအုပ်ထုတ် ငှားပြီး သူတို့ စာဖတ်တာကို ထိုင်စောင့် ကြည့်နေရုံပါပဲ။

ဆရာ ဖင်လေက သူ့ တပည့်အကြောင်းကို ကောင်းကောင်း သိ



www.burmeseclassic.com

www.burmeseclassic.com



ပုံရတယ်။ အလုပ်က သိပ် မပင်ပန်းတော့ ကိုယ့်အတွက် စာလေးဘာလေး ကျက်ချိန် ရတာပေါ့။ တစ်ခါတလေတော့လည်း စာကျက်လို့ကောင်းနေတုန်း ကျောင်းသား တစ်ယောက် ပေါက်လာပြီး စာအုပ်လာငှားလို့ စာအုပ် ထရှာ ပေးရတာမျိုးလည်း ရှိတယ်။

ဒါပေမဲ့ မနေ့ညကတော့ နည်းနည်း ထူးခြားတယ်။ အဆောင်စာကြည့်တိုက်မှာ ပြဿနာ တစ်ခု ဖြစ်တယ်။

ကိုးနာရီလောက်ကျတော့ ကိုယ်လည်း စာကြည့်နေရာက မျက်စိညောင်းလာတာနှင့် မျက်နှာကို စာအုပ်က ခွာပြီး စာထိုင်ကြည့်နေတဲ့ကျောင်းသားတွေကို လှမ်းကြည့်လိုက်တယ်။ တစ်ခန်းလုံး ကျောင်းဝတ်စုံဝတ်ထားတဲ့ ကျောင်းသားတွေနှင့် ပြည့်နေတယ်။ ကြယ်သီး ဖြုတ်ထားတဲ့ရှပ်အင်္ကျီတွေနှင့် ဇင်စ ဝတ်စုံတွေနှင့်။

ဒါပေမဲ့ ခပ်ဝေးဝေး အခန်းထောင့် တစ်နေရာမှာတော့ ခပ်တောင့်တောင့် ကျောင်းသား တစ်ယောက်ရဲ့ ကိုယ်ပေါ်မှာ အရာ တစ်ခုကို ကိုယ် မြင်လိုက်ရတယ်။ ကိုယ့် အပေါ်အင်္ကျီနှင့် ခပ်ဆင်ဆင်ပဲ။ ဟုတ်ပါတယ်။ တစ်ခါက ကိုယ်ဝတ်ခဲ့တဲ့ အပေါ်အင်္ကျီပါ။ သာမန် ဆိုရင်တော့ သိပ် မကွဲပါဘူး။ ဒါပေမဲ့ သေသေချာချာ ကြည့်လိုက်ရင် အင်္ကျီက ဇင်စနှင့် ချုပ်ထားတဲ့ အင်္ကျီကလေး။ ကြယ်သီးက သားရေ ကြယ်သီးကလေးတွေနှင့်။ ကိုယ့် ဆွေမျိုးတွေ လန်ဒန် သွားတုန်းက ဟားရော့ဒ်ရှပ်ဆိုင်ကြီးက ဝယ်လာခဲ့တဲ့ အင်္ကျီ။ ဒီမှာ ဒါမျိုး သိပ်မရှိဘူး။

ဒါကလည်း ဒီလောက် အကြောင်း သိပ်မဟုတ်သေးပါဘူး။ မနှစ် နွေဦးပေါက်တုန်းက အဝတ်ဟောင်း ရောင်းဆိုင်ကို ရောင်းလိုက်ပြီးသားပဲ။ အဝတ်ဟောင်း ရောင်းတဲ့ ဆိုင်ကလည်း ဟားဗတ်မှာအစဉ်အဆက် ရှိခဲ့တဲ့ ဆိုင်ကြီး။ ကျောင်းသားတွေ ဘိုင်ကျပြီ ဆိုရင်ဒီလိုပဲ အဝတ်အစားကလေးတွေ၊ ပစ္စည်းကလေးတွေကို သွားရောင်းနေကျ။

ဒါပေမဲ့ ကိုယ် သိသလောက်တော့ ဒီ ပစ္စည်းဟောင်း၊ အဝတ်ဟောင်းတွေကို ကျောင်းသားတွေထဲက သိပ် မဝယ်ကြပါဘူး။ အပြင်ကလူတွေသာ ဝယ်ဝတ်လေ့ ရှိကြတယ်။ ဒီတော့ စာကြည့်တိုက်မှူး တစ်ယောက် အနေနှင့် ကိုယ့်အဖို့ တာဝန် ရှိလာလေပြီ။ သူဟာ ကျောင်းသား ဟုတ် မဟုတ် စစ်ဆေးရတော့မယ်။





သူက ကြည့်ကောင်းတယ်။ အသားညိုညို ရုပ်ချောချောရယ်၊ ဝတ်စားထားတာကလည်း အကျပဲ။ အခန်းထဲမှာ လှောင်အိုက်နေပေမယ့် အင်္ကျီကို သေသေချာချာ ဝတ်ထားတယ်။ ကော်လာကိုတောင် တွင်ထားဘဲ ကြယ်သီး အပြည့်တပ်လို့။ စာအုပ်ကို ဖတ်နေတာကလည်း ငြိမ်သဲမဲမဲ။ တစ်ခါ တစ်ခါ ဘေးမှာ ချထားတဲ့ အဘိဓာန်ကို ကြည့်လိုက်၊ စာကို ဖတ်လိုက်နှင့်။ တော်တော်ကို စိတ်ဝင်စားနေတဲ့ပုံပဲ။

ထားပါလေ။ ဒါက အကြောင်း မဟုတ်ပါဘူး။ စာကြည့်တိုက်ထဲမှာ ထိုက်နာရမယ့် စည်းကမ်းတွေနှင့် ဘာမှ မဆန့်ကျင်ဘူး။ ဒါပေမဲ့ သူ ထိုင်နေပုံက ကျောင်းသား တစ်ယောက်နှင့် မတူတာတော့ အမှန်ပဲ။ ဒါနှင့် ကိုယ်လည်း ထလာပြီး သူ့ကို အကဲခတ်ကြည့်မယ် ဆိုပြီး စားပွဲကနေ သူ့အနားကို လျှောက်လာခဲ့တယ်။

ဆယ့်တစ်နာရီ လေးဆယ့် ငါးမိနစ် ဆိုရင် စာကြည့်တိုက် ပိတ်တော့မယ် ဆိုတာ သတိပေးတဲ့ အနေနှင့် မီးကို တစ်ချက် မှိတ်လိုက်တယ်။ ဒါက ထုံးစံ။ ဒါပေမဲ့ အဲဒီညကတော့ စာကြည့်တိုက်ထဲမှာ လူတော်တော် ရှင်းသွားပြီ။ ရှင်းဆို ကိုယ့်အပေါ် အင်္ကျီဟောင်းကို ဝတ်ထားတဲ့ သူ တစ်ယောက်ပဲ ကျန်တော့တယ်။ ဒီတော့ ကိုယ့်အဖို့ ဒီပြဿနာကို ရှင်းဖို့ အခွင့်အရေး ရသွားတာပေါ့။

ကိုယ်ဟာ အမှတ်မထင် သူ့ စားပွဲနားကို ကပ်လာတယ်။ သူ့စားပွဲက မီးတိုင်ကို မျက်နှာမူလို့။ အနားရောက်တော့ ကိုယ်က စာကြည့်တိုက် ပိတ်တော့မယ့် အကြောင်း ပြောတယ်။ သူလည်း ရုတ်တရက် ဆိုတော့ လန့်သွားဟန် တူရဲ့။ ပြီးတော့ အချိန်ကို သတိမထားမိလိုက်တဲ့ အတွက် ဝမ်းနည်းပါတယ်လို့ တောင်းပန်တယ်။

စာကြည့်တိုက် စည်းကမ်းအရ ပိတ်မယ့် အချိန်က ဆယ့်လေးမိနစ် ပဲ လိုတော့တယ်လို့ ပြောတော့ သူက မတ်တတ်ရပ်ပြီး သူ အဲလီယော့ ကျောင်းဆောင်က မဟုတ်ဘူး ဆိုတာ ဘယ်လိုလုပ်ပြီး သိသလဲလို့ မေးတယ်။

ဒီတော့ ကိုယ်ကလည်း အင်္ကျီကြည့်ရင် သိပါတယ်လို့ ဖြေလိုက်တယ်။

သူ ရှက်အမ်းအမ်း ဖြစ်သွားတယ်။ သူက အင်္ကျီကို ငုံ့ကြည့်နေတုန်းမှာ ဒီအင်္ကျီဟာ ကိုယ့်အင်္ကျီ ဖြစ်ကြောင်း ပြောပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောတာက ခပ်ရိုင်းရိုင်း ဖြစ်သွားတယ်လို့ ထင်တာနဲ့ ကိ
မရှိပါဘူး၊ နောင်မှာ စာကြည့်တိုက်ကို လာသုံးနိုင်ပါတယ်လို့ ပြောလိုက်
တယ်။

သူ့ကို ဟားဗတ် တက္ကသိုလ် ကျောင်းသား အဖြစ် သဘောထား
တယ် ဆိုတာကို ပြလိုက်တဲ့ သဘောပေါ့လေ။ နို့ သူလည်း ဟားဗတ်
ကပဲ မဟုတ်လား။

ဟုတ်တယ်။ သူက တက္ကသိုလ်မှာ တက်နေတဲ့ နေ့ကျောင်းသား
သူ့ နာမည်က တက် လင်းဗရိစ်တဲ့။

အောက်တိုဘာလ ၁၇ ရက်နေ့က အဲလီယော့ဆောင်တွင် ရုန်းရင်းဆန်ခတ်
ကလေး တစ်ခု ဖြစ်သည်။ အတိအကျ ပြောရလျှင် ရှေးသီချင်းကြီးများကို
ကန့်ကွက်သည့် ဆန္ဒပြပွဲကလေး ဖြစ်သည်။ ပို၍ တိကျအောင် ပြောရဦးမည်
ဆိုလျှင် ဒင်နီကို ဆန့်ကျင် ကန့်ကွက်သည့် ပွဲကလေး ဖြစ်သည်။ ထပ်၍
တိကျရဦးမည် ဆိုလျှင် သူ့ကို ဆန့်ကျင်ခြင်း မဟုတ်ဘဲ သူ့ စန္ဒရားကြီးကို
ကန့်ကွက်ခြင်း ဖြစ်သည်။

ဖြစ်ချင်တော့ ကျောင်းသား နှစ်ယောက်က အရက်စုံ ပါတီကလေး
တစ်ခု လုပ်သည်။ ဒင်နီကလည်း စာမေးပွဲ အတွက် စာကျက်စရာ မရှိလျှင်
ကျောင်းစာ လုပ်စရာ မရှိလျှင် မိန်းခန်းမသို့ သွား၍ စန္ဒရားတီး ကျင့်တတ်
သည်။ ထို့နောက်တွင်မူ ခန်းမသို့ သွားမကျင့်တော့ဘဲ အခန်းထဲတွင် မတ်တတ်
စန္ဒရား တစ်လုံးကို ထား၍ ကျင့်သည်။

ထိုနေ့ ညနေက ဒင်နီသည် စန္ဒရားကို သဲကြီး မဲကြီး ကျင့်နေသည်
ထိုစဉ် ခပ်ထွေထွေ ကျောင်းသား နှစ်ယောက် ရောက်လာကာ ဒင်နီ တီးနေ
သည့် ရှိုပင် တေးဂီတသည် သူတို့ပွဲနှင့် လိုက်လျောခြင်း မရှိဟု ဆိုကာ ထို
သီချင်းကို ဆက်၍ မတီးရန် လာပြောကြသည်။

ပထမတွင် ကောင်းကောင်း မွန်မွန် ပြောကြ၏။ ဒစ်ကီ ဆိုသည့်
ကျောင်းသားက အရင် ရောက်လာပြီး 'အလကား သီချင်းတွေကို မတီးရန်'
ဒင်နီကို လာပြောသည်။

ဒင်နီက အဆောင် စည်းကမ်းအရ ညနေပိုင်းတွင် စန္ဒရား တီးခွင့်





ကြောင်း၊ ထို့ကြောင့် သူ့တွင် တီးခွင့် ရှိကြောင်း ပြန်ပြော၏။ ထိုအခါတွင်
ဒစ်ကီက ကျောင်းဆောင် စည်းကမ်းတွေ ဘာတွေကို သူ နားမလည်ကြောင်း၊
သူ့ ဂီတသည် သူတို့ ဝိုင်းကို အနှောင့်အယှက် ဖြစ်နေကြောင်းဖြင့် ပြော
သည်။ ဤတွင် ဒင်နီက အေးအေးဆေးဆေး ပြန်သွားရန် ပြောသည်။

ဒစ်ကီလည်း ပြန်ထွက်သွားသည်။

ဒစ်ကီက သူ့လုပ်ငန်း မအောင်မြင်ခဲ့ကြောင်းဖြင့် ပြန်၍ သတင်းပို့
သည့် အခါ၌ အမူးသမား တစ်သိုက်သည် ကိုယ်ထိ လက်ရောက် အရေးယူ
ရန် ဆုံးဖြတ်ကြသည်။ အဲလီယော့ဆောင်တွင် ရှိသည့် ကိုယ်ခန္ဓာ အကြံ့ခိုင်
ဆုံးနှင့် အရက် အသောက်နိုင်ဆုံး သူရဲကောင်း လေးဦးတို့သည် ဒင်နီ၏
အခန်းသို့ ပြတ်သားစွာ ချီတက်လာကြသည်။ အခန်းရှေ့ ရောက်လျှင် တံခါး
ကို ယဉ်ကျေးစွာ ခေါက်၏။ ဒင်နီက အသာ ဟပေးလိုက်သည်။ ကွန်မန်ဒို
လေးယောက်တို့သည် စကား တစ်လုံးမျှ မပြောဘဲ အခန်းထဲသို့ ဝင်လာကြပြီး
စန္ဒရားကြီးကို ဝိုင်းထားလိုက်ကြသည်။ ထို့နောက် ပြတင်းပေါက်ကျယ်ကြီး
ဆီသို့ ဆွဲလာကာ စန္ဒရားကြီးကို အောက်သို့ လွှင့်ပစ်လိုက်ကြ၏။

ဒင်နီ၏ စန္ဒရားသည် သုံးထပ်မှ နေ၍ အောက် မြေကြီးပေါ်သို့ ကျ
သွားသည်။ သမ်တလင်းပေါ် အရောက်တွင် ကျိုးပဲ့ကာ တစ်စစီ ဖြစ်ကုန်ကြ
၏။ အောက်တွင် လူမရှိ၍ တော်ပါသေး၏။

စန္ဒရားကို လွှင့်ပစ်ချပြီးနောက် သူ့ကို ရန်မူတော့မည်ဟု ဒင်နီ စိုးရိမ်
လိုက်သည်။ သို့ရာတွင် ဒစ်ကီက 'ခင်ဗျား ပူးပေါင်း ကူညီလို့ ကျေးဇူးတင်
တယ်ဗျာ' ဟု ပြောသည်။ ထို့နောက် သူရဲကောင်း လေးယောက်တို့သည် ပြန်
ထွက်သွားကြ၏။

ခဏကြာလျှင် ကျိုးပဲ့နေသော စန္ဒရားကြီး အနီးတွင် လူတွေ ဝိုင်းအုံ
နေလေပြီ။ ဒင်နီသည် ပထမဆုံး အနီးသို့ ရောက်လာသည်။ သူ့ စိတ်ထဲတွင်
သားစုထဲမှ တစ်ယောက်ယောက် အသတ်ခံလိုက်ရသည်နှယ် ဖြစ်နေသည်။

'ကြည့်စမ်းပါဦးဗျာ၊ ဘာမဟုတ်တဲ့ သစ်သား သေတ္တာကြီး တစ်လုံး
အတွက် ဒီလောက် ရှုရှုမူးမူး ဖြစ်နေတဲ့ ကောင်မျိုး ဆိုလို့ တစ်ယောက်မှ
တွေ့ဖူးသေးဘူး' ဟု ဒစ်ကီက ပြောသည်။

နောက် များမကြာမီ လက်ထောက် အဆောင်မှူး ဒေါက်တာ ပေါ်တား
က သူတို့ လေးယောက်ကို ကျောင်းထုတ်ပစ်မည် ဖြစ်ကြောင်း၊ ပျက်စီးသွား
သည့် စန္ဒရားနှင့် ကျောင်းဆောင် ပြတင်းပေါက် အတွက် လျော်ကြေး ပေး



www.burmeseclassic.com

www.burmeseclassic.com



ရမည် ဖြစ်ကြောင်းဖြင့် ပြောနေသည်။ ထို့ပြင် ဒင်နီကို သွား၍ တောင်းပန် ရန်လည်း ဆရာက ပြောလိုက်သည်။

သို့ရာတွင် ဒင်နီမှာ ဒေါသ မပြေသေး။ ဟားဗတ် တက္ကသိုလ်တွင် ကျောင်းနှင့် မတန်သော အရိုင်းအစိုင်း တိရစ္ဆာန်များ ရှိနေကြောင်းဖြင့် ပြော နေသည်။ သူတို့ကလည်း ဒေါက်တာ ပေါတား ရှိနေသဖြင့် ပြောသမျှကို ငြိမ်း နေသည်။ သူတို့ ထွက်လာသည့် အခါ လူပါးဝသည့် အီတလီ ကပြားကို ဆုံး မည်ဟု ကြိမ်းမောင်း ကျန်ရစ်ခဲ့ကြသည်။

ထိုနေ့ ညနေ ညစာ စားချိန်၌ (စောစောပိုင်းက တက္ကသိုလ် ဆောလုံးသင်းနှင့် သွား၍ လေ့ကျင့်နေသည့်) အင်ဒရူး အဲလီယော့သည် ထောင့်စားပွဲ တစ်လုံး တွင် ထိုင်လျက် စိတ်မချမ်းသာသော မျက်နှာဖြင့် ထမင်းစားနေသော ဒင်နီ ကို လှမ်းမြင်လိုက်သည်။ အင်ဒရူးသည် သူ့ဆီသို့ လျှောက်လာခဲ့ကာ မျက်နှာ ချင်းဆိုင်တွင် ဝင်ထိုင်လိုက်၏။

'ခင်ဗျား စန္ဒရားကြီးကိစ္စ ကြားရတာ စိတ်မကောင်းဘူးဗျာ'

ဒင်နီက ခေါင်းကို မော့လိုက်လျက်

'အဲဒီကောင်တွေက ဘယ်က ကောင်တွေလဲဗျ' ဟု ဒေါသတကြီးဖြင့် မေး၏။

'အမှန်ကို ပြောရမလား၊ တကယ်ကတော့ ဆန်ကုန်မြေလေးတွေချည်းပါ သူတို့ မိဘ အရှိန်အဝါကြောင့်နှင့် ပိုက်ဆံကြောင့် ဒီလို ကျောင်းမျိုးဆီ ရောက် လာကြတာ၊ ခင်ဗျားလို လူမျိုးကို တွေ့တော့ ဒီကောင်တွေ သူတို့ကိုယ် သူတို့ မလုံမလဲ ဖြစ်နေတာပေါ့'

'ကျွန်တော့်ကြောင့် ဘာဖြစ်လို့ မလုံမလဲ ဖြစ်ရတာလဲ'

'ဩော်... ခင်ဗျားက ဒီမှာ နာမည်ကျော်နေတာကိုးဗျ၊ ခင်ဗျားမှာ ပိုက်ဆံနှင့် ဝယ်လို့မရတဲ့ အရည်အချင်းတွေ ရှိနေတာကိုး၊ ဒီတော့ ခင်ဗျားကို မနာလို တိုရှည် ဖြစ်ကြမှာပေါ့'

ဒင်နီသည် အတန်ကြာ တိတ်ဆိတ်နေသည်။ ထို့နောက် အင်ဒရူးကို ကြည့်ကာ

'အင်း ခင်ဗျားကတော့ ကျွန်တော့်အပေါ် သဘောထား မှန်ပါတယ် ဗျာ'





လင်းဗရိုစ်သည် ပြဋ္ဌာန်းစာအုပ်ထဲတွင် ပါသည့် ထရွိုင်မြို့က ဟယ်လင် မင်းသမီး အကြောင်းကို မစဉ်းစားနိုင်။ အီလီယတ် ကဗျာကြီး အခန်းသုံးတွင် ပါသည့် ဟယ်လင် မင်းသမီး အကြောင်းကို ပါမောက္ခ ဝှစ်တမင်းက ပို့ချ သည့် အခါ၌ လင်းဗရိုစ် စိတ်မဝင်စား။ လှေပေါင်း တစ်သိန်းကို ပျက်စီး ခြင်းသို့ ရောက်စေခဲ့သည့် (ဟယ်လင်၏) မျက်နှာထက် ပို၍ပင် ကျက်သရေ ရှိသည့် အရာကို သူ စိတ်ဝင်စားနေသည်။

လင်းဗရိုစ် တစ်ယောက် ထို မိန်းကလေး၏ မျက်နှာကို ငေးငိုင် ကြည့် နေခဲ့သည်မှာ တစ်နှစ်ကျော်လောက် ရှိပြီ။ လွန်ခဲ့သည့် ဆောင်းရာသီက သူတို့ နှစ်ယောက်သည် ရှေးဟောင်း ဂရိစာပေ သင်တန်းကို အတူတူ တက်ခဲ့ကြ သည်။ သူ့ကို ပထမဆုံး စတွေ့ပုံကို လင်းဗရိုစ် ယခုတိုင် မမေ့နိုင်သေး။

ထိုနေ့ မနက်က နေခြည်သည် ဆီးဗား စာသင်ခန်းမကြီးထဲတွင် ဝင်း တောက်ပနေသည်။ ပယင်းရောင် သူ့ ဆံပင်များနှင့် နုနယ် ပျော့ပျောင်း သည့် သူ့ ရုပ်သွင်တို့သည် နေရောင်ထဲတွင် ပို၍ပင် ရှန်းတင့်နေသည်။ သူ ကြည့်ရသည်မှာ ဆင်စွယ် ရင်ထိုးပေါ်တွင် ထုထားသည့် ပန်းပုရုပ် တစ် ခုနှယ်။ အဝတ်အစားက ခပ်ရိုးရိုး ခပ်ယဉ်ယဉ်။ သို့ရာတွင် အထက်တန်း ကျကျ ပြင်ဆင် ဝတ်စားထားသည်။ ရိုးရိုးယဉ်ယဉ် ဝတ်စားထားသည့် သူ့ကို မြင်ရသည့် အခါ၌ ဟိုးရေစ်၏ ကဗျာကြီးထဲမှ ရိုးသားခြင်း အဆင်းတန်ဆာ ဆင်ဝတ်ထားသည့် နတ်သမီးကို လင်းဗရိုစ် ပြေး၍ သတိရသည်။

သူနှင့် စတွေ့သည်မှာ ဆယ့်သုံးလ ရှိပြီ။ သို့ရာတွင် ထိုနေ့ကို သူ မှတ်မိသည်။ သူ့အမည်က ဆာရာ ဟယ်ရီဆန်တဲ့။ ထိုနေ့က သင်တန်းတွင် ပါမောက္ခ ဖင်းလေပ်က ဂရိ ကြိယာ တစ်ခုကို ဝါကျ အဖွဲ့ ခိုင်းပြ၏။ ထိုစကားလုံးကို ဝါကျ ဖွဲ့နိုင်လျှင် ဖွဲ့ပြပါ ဆိုသည့်အခါ ဆာရာက ဖွဲ့ပြသည်။ ထိုစဉ်က ဆာရာသည် ပြတင်းပေါက်နားက နောက်ဆုံး ခုံတန်းတွင် ခပ်ရို့ရို့ကလေး ထိုင်နေသည်။ လင်းဗရိုစ်ကမူ အမြဲတမ်းလိုလိုပင် ရှေ့ဆုံး ခုံတန်း၊ သို့မဟုတ် အလယ် ခုံတန်းတွင် ထိုင်လေ့ရှိသည်။ သူ ဝါကျ ဖွဲ့ပြပုံက မှန်သည့်တိုင် အသံက တိုးတိတ် နူးညံ့လွန်းသဖြင့် ပါမောက္ခ စတီးဝပ်က နောက်တစ်ခါ ခပ်ကျယ်ကျယ် အဆို ခိုင်းယူရသည်။ ထိုစဉ် လင်းဗရိုစ်သည် သူ့ကို ပထမဆုံး လှမ်း မြင်လိုက်ရခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်မှ စ၍ လင်းဗရိစ်သည် သူ့ကို မြင်နိုင်ရန် ပထမဆုံး အတန်း ညာအစွန်ဆုံး ခုံသို့ ပြောင်းထိုင်တော့သည်။ အိမ်တွင် 'ရက်ကလစ် မှတ်တမ်း မဂ္ဂဇင်းရှိရာ လင်းဗရိစ်သည် ခွက်ပုန်းသောက်သူ တစ်ဦးလို ထိုမဂ္ဂဇင်းကို တိတ်တဆိတ် ထုတ်ပြီး ဆာရာ၏ ပုံကို စိုက်ကြည့်နေတတ်သည်။

မဂ္ဂဇင်းထဲတွင် ပါသည့် ကိုယ်ရေး ရာဇဝင် အကျဉ်းကိုလည်း သူ လေ့လာသည်။ ကွန်နယ်တီကတ် ပြည်နယ် ဂရင်းဝစ်မြို့ မစ္စပေါ်တား၏ ကျောင်းတွင် နေခဲ့ဖူးသည်။ ထိုစဉ်က ကက်ဘော့ ကျောင်းဆောင်သူ။ သူ့ထံ သွားရောက် လည်ပတ်ရဲသည့် သတ္တိမျိုး ရှိလာလျှင် လိုလိုမည်မည် သဘော ဖြင့် သူ့အကြောင်းကို တတ်နိုင်သမျှ စုံစမ်းထားသည်။

သို့ရာတွင် လင်းဗရိစ်သည် သင်တန်းပြီး၍ မျက်နှာချင်းဆိုင် တွေ့ ကြသည့်တိုင် စကားကို ဟုတ်တိုက် ပြောရဲသူ မဟုတ်။ သို့ဖြင့် လင်းဗရိစ်သည် ဂ ကြိယာပုဒ်များ၏ ရုပ်ထွေးပုံနှင့် ဆာရာ၏ မျက်နှာ နူးညံ့ သိမ်မွေ့ပုံတို့ ကြားတွင် ကူးချည်သန်းချည် လုပ်ရင်း စာသင်တန်း ကာလ နှစ်ခု ကုန်ဆုံး သွားခဲ့သည်။

တစ်ခါတွင်မူ မမျှော်လင့်သော အခွင့်အရေး တစ်ခု ပေါ်လာခဲ့သည်။ ဆာရာမှာ ဆရာ မေးသည့် မေးခွန်း တစ်ခုကို မဖြေနိုင်ဘဲ ဖြစ်နေသည်။

'ကျွန်မ ကောင်းကောင်း မဖြေတတ်ပါဘူး ဆရာ၊ ဟိုးမားရဲ့ ပါး ခြောက်ခု ကဗျာကို မဆိုတတ်ဘဲ ဖြစ်နေတယ်'

'ကောင်းပြီ၊ ဒါဖြင့်ရင် နည်းနည်း ကျက်လိုက်ဦးနော်၊ ကဲ လင်းဗရိ မင်း ရွတ်ပြနိုင်မလား' ဟု ဆရာက ကြင်နာစွာ ပြော၏။

ဤသို့ဖြင့် သူတို့ နှစ်ဦး စတင် သိကျွမ်းလာခဲ့ကြသည်။ ဂရိစာပေ သင် တန်း ပြီးသည့် အခါတွင် ဆာရာသည် သူ့ အနားသို့ လျှောက်လာခဲ့၏။

'ရှင် ရွတ်ပြတော့လည်း ချောလို့ပါလား၊ ရှင် ဒီလို ရွတ်နိုင်အောင် ကျက်တဲ့ နည်းများ မရှိဘူးလား'

လင်းဗရိစ်က ကောင်းကောင်း မဖြေရဲ။

'ရှိပါတယ်၊ သိချင်ရင် ကျွန်တော် ပြပေးပါ့မယ်'

'ကျေးဇူးပဲရှင်၊ ကျွန်မကို ကူညီပါဦး'

'ဒီလိုဆို ကော်ဖီ လိုက်သောက်လှည့်ပါဦးလားဟင်'

'ကောင်းသားပဲ'

သူတို့ နှစ်ဦးသည် စာသင်ခန်းမှ ထွက်၍ ဘေးချင်းယှဉ် လျှောက်လာ





ကြသည်။

လင်းဗရိစ်သည် သူ့ အားနည်းချက်ကို ချက်ချင်း သိလာရ၏။ ဆာရာ သည် ဟိုးမားတို့ ခေတ်က ပေါ်လာသော အက္ခရာ စာလုံး တစ်လုံးကို မသိ သောကြောင့် ဖြစ်၏။ ထို အက္ခရာမှာ ဟိုးမားခေတ်က ပေါ်ခဲ့ပြီး နောက်ပိုင်း တွင် ဂရိ အက္ခရာထဲမှ ဖြုတ်ထားခဲ့သော စာလုံး ဖြစ်၏။

လင်းဗရိစ်က ထို အက္ခရာ၏ သမိုင်းကို ရှင်းပြသည်။

'ရှင်က ရှင်းအောင် ပြောတတ်တယ်နော်၊ တကယ့် ဆရာကောင်းပဲ'

'ဒါကြောင့် ဂရိလူမျိုး ဖြစ်နေသလားမှ မသိတာ' ဟု လင်းဗရိစ်က သူ့ ဓလေ့စံအတိုင်း ရှက်ရွံ့ရွံ့ဖြင့် ပြောသည်။

နောက် နှစ်ရက် အကြာ၌ ပါမောက္ခ ဝုစ်တမင်းသည် ဆာရာကို အစည်တပ် ခေါ်ပြီး ဟိုးမားခေတ်က အက္ခရာ တစ်လုံး အကြောင်း မေးပြန် သည်။ ဆာရာက မဆိုင်းမတွ ဖြေဆိုပြီးနောက် မျက်နှာချင်းဆိုင် ခုံတန်းတွင် ထိုင်နေသည့် သူ့ ဆရာလေးကို ကြည့်ပြီး ပြုံးနေသည်။

အတန်း ဖြုတ်လိုက်၍ အပြင် ထွက်လာသည့် အခါတွင် အတူ လျှောက်လာခဲ့ကြရင်း ဆာရာက

'ကျေးဇူး အများကြီး တင်တယ် လင်းဗရိစ်၊ နို့မို့ရင် ဆာရာ ဖြေနိုင် မှာ မဟုတ်ဘူး'

'လာ ဒီလိုဆိုရင် နောက်ထပ် ကော်ဖီ တစ်ခွက် သောက်ကြဦးစို့'

'အို သိပ်ကောင်းတာပေါ့'

သူ့ အပြုံးကြောင့် လင်းဗရိစ် ဒူးခွေချင်သည်။

ထို့နောက်မှ စ၍ သူတို့ နှစ်ယောက်သည် သင်တန်းပြီးတိုင်း ဆုံဖြစ် ကြသည်။ သူတို့ နှစ်ဦး၏ တွေ့ဆုံပွဲကလေးသည် ထုံးတမ်းစဉ်လာ တစ်ခုလို ဖြစ်လာသည်။ လင်းဗရိစ်သည် ဘာသာတရား ကိုင်းရှိုင်းသော ဘုန်းကြီး တစ်ပါး မနက် ဝတ်တက်ချိန်ကို မျှော်သကဲ့သို့ သူတို့ ထုံးစံကလေး ကျင်းပ ချိန်ကို အမြဲ မျှော်နေတတ်သည်။ သို့ရာတွင် သူတို့ ပြောသည့် စကားများမှာ ထူးထူးထွေထွေ မဟုတ်။ တွေ့ရာ ကြုံရာကို ပြောမိကြခြင်းသာ ဖြစ်သည်။ သူ တို့ သင်တန်းများ အကြောင်း၊ အထူးသဖြင့် ဂရိဘာသာစကား အကြောင်း။ လင်းဗရိစ်သည် သူတို့ ဆက်ဆံရေးကလေး တစ်မျိုး တစ်ဖုံ ပြောင်းသွားမည် စိုးသဖြင့် လည်းကောင်း၊ ယခုလို စိတ်ကူးယဉ် အရသာကလေး ပျောက်သွား မည် စိုးသဖြင့် လည်းကောင်း တခြား စကားများကို မပြောရဲ။


www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် သူတို့ နှစ်ယောက်မှာ ပါမောက္ခ ဝှစ်တမင်း၏ သင်တန်းတွ
တပူးတွဲတွဲ ဖြစ်နေကြလေပြီ။ လင်းဗရိုစ်မှာ ဂရိသွေး ပါသူ ဖြစ်သည့် အတိုင်း
ဂရိဘာသာ စကားတွင် အားသန်သည်။ သို့ရာတွင် ဆာရာက ဒုတိယ ဘာသ
ဖြစ်သည့် ဂရိ အနုစာပေတွင် အားသန်သည်။ ဆာရာသည် မီးလ်မင်းပယ်ရိ
'ဟိုးမား၏ လက်ာရ ရသ' ဆိုသည့် ကျမ်းကို ဂရိဘာသာဖြင့် ဖတ်ဖူးနေလေပြ
(ထိုစာအုပ်မှာ အင်္ဂလိပ် ဘာသာဖြင့် မရှိ။) ဆာရာသည် ဟိုးမား၏ ရေးဟ
အကြောင်းနှင့် ပတ်သက်၍ လင်းဗရိုစ်ကို တော်တော်များများ ရှင်းပြ
သည်။

သူတို့ နှစ်ယောက်စလုံးပင် အပိုင်း က ဖြင့် အောင်မြင်ခဲ့ကြပြီး
မောက္ခ ဟက်ဗလော့ ပို့ချသည့် ဂရိ ပျို့ ကဗျာ သင်တန်းသို့ တက်ခွင့် ရခဲ့
သည်။ ပျို့ ကဗျာကို သင်ရသည့် အခါတွင် လင်းဗရိုစ်၏ ခံစားမှုကို ပို
လေးနက်အောင် နှိုးဆွပေးသကဲ့သို့ ရှိသည်။

သူတို့ နှစ်ယောက်သည် ဆာဖို၏ ပျို့များကို သင်ရသည့် အခါတွ
တစ်ယောက်တစ်လဲ ဖတ်ပြကြသည်။ ကော်ဖီဆိုင် စားပွဲတွင် ထိုင်ကာ ဘာသ
ပြန်ပြသည်။ ထိုအခါတွင် လင်းဗရိုစ်၏ ခံစားမှုသည် အရှိန်မြင့်လာလေပြီ။

'မည်းမှောင်သည့် မြေကြီးပေါ်တွင် အလှဆုံး အရာသည် မြင်းစီးသူရဲတ
ဖြစ်သည်ဟု အချို့က ဆိုကြသည်။

'အလှဆုံး အရာသည် လှေတပ်ကြီး ဖြစ်သည်ဟုလည်း အချို့က
ဆိုကြသည်။

'သို့ရာတွင် ကိုယ့်ချစ်သူသည် အလှဆုံး အရာ ဖြစ်သည်ဟု ငါ ဆို၏'

သို့ဖြင့် ဆာဖို၏ ပျို့ အပိုဒ် ၁၆ သို့ ရောက်လာသည်။

'တော်တော် စိတ်ကူးယဉ်တယ်နော်၊ မိန်းမ တစ်ယောက် သူ့ ခံစား
ချက်ကို ဖော်ပြတဲ့ နေရာမှာ သူ့ ခံစားချက်ဟာ ယောကျ်ားတွေမှာ ရှိတဲ့ အရေး
တကြီး အရာတွေကို ကျော်လွန်တဲ့ ခံစားချက်လို့ ပြောသွားတယ်၊ အဲဒီ ခေတ်
တုန်းက ဆိုရင်တော့ ဒီလို ပြောတာဟာ တော်တော့်ကို တိုးတက်တာပေါ့နော်'

ဆာရာက ပြောသည်။

'ကိုယ် အံ့ဩတာ တစ်ခု ရှိတယ်၊ အဲဒီ အမျိုးသမီးဟာ သူ့ ခံစားချက်
ကို ပွင့်ပွင့်လင်းလင်း ထုတ်ဖော် ပြောရဲတဲ့ သတ္တိပဲ၊ မိန်းမ ဖြစ်ဖြစ် ယောကျ်ားပဲ
ဖြစ်ဖြစ် ကိုယ့် ခံစားမှုကို ထုတ်ဖော် ပြောရဲတဲ့ သတ္တိဟာ နည်းတဲ့ သတ္တိ
မဟုတ်ဘူးလေ'





သူ့ ခံစားချက်ကို ထုတ်ဖော် ပြောဆိုနေခြင်း ဖြစ်ကြောင်းကို ဆာရာ
သိခြင်း ရှိ မရှိ လင်းဗရိုစ်က အကဲခတ်သည်။

'ကော်ဖီ ထပ်ယူဦးမလား'

ဆာရာက ခေါင်းညိတ်ပြီး ထိုင်ရာမှ ထ၏။

'ဒီတစ်ခါတော့ ဆာရာက တိုက်မယ်လေ'

ဆာရာက ကောင်တာဆီသို့ လျှောက်သွားနေစဉ် သူ့ကို နောက်တစ်နေ့ည
မင်းစား ဖိတ်ရကောင်းမလားဟု လင်းဗရိုစ် စဉ်းစားနေသည်။ ထို့နောက်
ဆုံးဖြတ်ကျသွားသည်။ မိမိသည် ညနေပိုင်းတွင် အဖေ၏ ပျော်ပွဲစားရုံ၌
အလုပ် ဆင်းရဦးမည် မဟုတ်လော။ ဆာရာတွင်လည်း ယောကျ်ားလေး
မိတ်ဆွေတွေ ဘာတွေ ရှိနေပြီလော မဆိုနိုင်။ သူလို မိန်းကလေးမျိုး ဆိုလျှင်
ဝိုင်းဝိုင်းလည်နေသည့် အထဲမှ တစ်ယောက်ကို ခေါင်းခေါက်၍ပင် ရွေးနိုင်ပေ
ဦးမည်။

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

နိုဝင်ဘာ ၄၊ ၁၉၅၅။

ဟားဗတ် တက္ကသိုလ်ကို မလာခင် ကတည်းက ကိုယ်ဟာ သီချင်း
သံပြိုင်ဆိုတဲ့ အဖွဲ့က အဆိုတော် ကောင်မလေး တစ်ယောက် ဖြစ်ရင်
ကောင်းမှာပဲလို့ စိတ်ကူးခဲ့ဖူးတယ်။

သူတို့ ဘဝက ပျော်စရာ။ ပြီးတော့ မိန်းကလေးတွေ အကြောင်း
လည်း ပိုသိရမယ် မဟုတ်လား။

ဟောစတင်း ပူဒင်း ကလပ်က ဇာတ်မြူးကလေးတွေကို ကလာခဲ့
တာ နှစ်ပေါင်း တစ်ရာကျော်လောက် ရှိရော့မယ်။ အားလုံး ယောကျ်ား
ကလေးတွေချည်းပဲ။ ပြဇာတ်ရေးဆရာတွေ ဆိုရင်လည်း ကောလိပ်မှာ
အတော်ဆုံး ဆိုတဲ့ လူတွေချည်းပဲ။ ('မိုင်ဖဲယား လေဒီ ပြဇာတ်' ကို
ပြန်ရေးခဲ့တဲ့ ပြဇာတ်ဆရာ အာလန် လန်းနား ဆိုရင် အဲဒီ တက္ကသိုလ်က
ထွက်တာ မဟုတ်လား။)

ဒါပေမဲ့ အဲဒီ တက္ကသိုလ်က ဇာတ်မြူးတွေ နာမည်ကြီးလာတာ
ပြဇာတ်ရေးဆရာတွေကြောင့်ချည်းလည်း မဟုတ်ပါဘူး။ ပြဇာတ်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



အဆိုတော်တွေ များများ ထည့်နိုင်လို့လည်း ပါတယ်။ ပြဇာတ်မှာ ဝင်ဆိုတဲ့ အဆိုတော်ယိမ်းမှာ ယိမ်းသမတွေကလည်း ကြွက်သား အပြိုင်းပြိုင်း ထနေတဲ့ ကောလိပ် ကျောင်းသားတွေ။ အမွေးတွေ အပြိုင်းအရိုင်း ထနေတဲ့ ခြေသလုံးတွေ ပေါင်တွေကို မြှောက်မြှောက်ပြီး ယိမ်းသမပုံ လုပ်ကြတာ သိပ်ရယ်စရာ ကောင်းတာပဲ။

တက္ကသိုလ်မှာ ကပြီးတာနှင့် တစ်ပြိုင်နက် ဖိတ်ကြားတဲ့ မြို့တွေကို လိုက်ပြီး ကပြလေ့ ရှိကြတယ်။

ကိုယ် ငယ်ငယ်တုန်းက အဲဒီလို တက္ကသိုလ်က လာတဲ့ ဇာတ်မြူး တစ်ခုကို အဖေက ခေါ်သွားခဲ့ဖူးတယ်။ ခြေသံတွေ တဝုန်းဝုန်းနှင့် က လိုက်ကြတာ။ ဇာတ်ရုံကြီး ပြိုကျသွားမလားတောင် အောက်မေ့ရတယ်။

ယိမ်းထဲမှာ ပါချင်တာနှင့် ကိုယ် လျှောက်တယ်။ ပါခွင့်ရအောင် ခြေသလုံးတွေ ပေါင်တွေ တောင့်တင်းအောင် ဆိုပြီး ကိုယ့်မှာ မလိုက်ရတဲ့ အလေးပြားတွေ။ အလေးပြားတွေကို ထမ်းပြီး ထိုင်ထ ကျင့်ရတာလည်း အမော။

ပြီးတော့ တစ်ယောက် တစ်လှည့်စီ သီချင်း ဆိုပြရတာလည်း မှတ်မိရဲ့။ ဒါပေမဲ့ သီချင်းတွေ ဘယ်လောက်ပဲ အဆိုကောင်းကောင်း ဒါတွေက အရေးမကြီးဘူး။ ဘောင်းဘီကို မ ပြခိုင်းလိုက်တာနှင့် ခြေသလုံး တောင့် မတောင့်ကို ကြည့်ပြီး ရွေးလိုက်တော့တာပဲ။

ကိုယ့်အလှည့် ရောက်လို့ ဇာတ်စင်ပေါ် တက်ဖို့လည်း ခေါ်လိုက်ရော ကိုယ်လည်း ခပ်ကြောက်ကြောက်နှင့် စင်ပေါ်တက်ပြီး သီချင်း တစ်ပုဒ်ကို ဘယ်သံနိမ့်နိမ့်နှင့် ဆိုပြရတယ်။ နောက် နှစ်ရက်ကြာမှ ရွေး မရွေး စာရင်း ထွက်မယ် ဆိုတော့ နှစ်ရက်လုံး လည်ပင်း တရှည် ရှည်နှင့် စောင့်လိုက်ရတာ။

စာရင်းလည်း ထွက်လာရော အံ့ဩစရာ နှစ်ခု တွေ့ရတယ်။

ကိုယ်ရော ဝှစ်ရော ဇာတ်ထဲမှာပါတဲ့ လေဒီ ဂေါ်ဒီဗာရဲ့ သမီး အဖြစ် အရွေး မခံရဘူး။ မိုက် အရွေး ခံရတယ်။ ကိုယ်ကတော့ အဲဒီ မင်းသမီးကို ပိုးပန်းတဲ့ မာကာရှိနီ မင်းသား အဖြစ် အရွေး ခံရတယ်။ ရှက်စရာ ကောင်းလိုက်တာ။

'ဟော့ကောင်တွေ၊ ငါက မင်းသမီးတွေနှင့် အတူ နေရတော့မယ်ကွ' လို့ မိုက်က ကြွားတယ်။





ကိုယ်ကတော့ ကံမကောင်းလိုက်တာ။

ကိုယ်ဟာ မိန်းကလေး တစ်ယောက် ဖြစ်ဖို့တောင် ယောက်ျား မပီသတဲ့ သူပါကလား။

ဓာရသွန် ပျော်ပွဲစားရုံက ခါတိုင်းလို သောကြာနေ့ ည တစ်ည။ စားပွဲတိုင်းတွင် တသောသော စကားပြောနေကြသော ဟားဗတ် ကျောင်းတော်သားများနှင့် သူတို့ အတွဲများဖြင့် ပြည့်နှက်လျက်။ အပြင်ဘက်တွင် ပရိသတ်တွေ စောင့်နေကြသဖြင့် ဆိုင်ရှင် ဆိုကရေးတီးက မြန်မြန် တည်ခင်းရန် သူ့ စားပွဲထိုးများကို ဆော်ဩနေသည်။ ဆိုင်ဝ ငွေသိမ်းကောင်တာ အနီးမှ ကျောင်းသား တစ်သိုက်သည် ဆူညံစွာ ငြင်းခုံလျက် ရှိကြ၏။ 'လင်းဗရိုစ်ရေ၊ ဟိုမှာ မင်းညီမကို သွားကူချည်ဦး' ဟု ဆိုကရေးတီးက သူ့သားကြီးကို ဂရိလို လှမ်း ပြောသည်။

လင်းဗရိုစ်သည် သူတို့ အနီးသို့ ရောက်လာ၏။

'ဝမ်းနည်းပါတယ် ရှင်၊ ရှင်တို့ နားကြားလွဲလို့ ဖြစ်ပါလိမ့်မယ်၊ ကျွန်မတို့ဆိုင်မှာ သီတင်းပတ်ကုန် ရက်တွေမှာ အော်ဒါ လက်မခံပါဘူး'

ဒပ်ဖနီက ကျောင်းသား တစ်ဦးကို ရှင်းပြနေသည်။

သို့ရာတွင် ချက်စတာဖီး ကုတ်အင်္ကျီကို ဝတ်ထားသည့် အရပ်မြင့်မြင့် ကျောင်းသားက ခေါင်းမာသည်။ ည ရှစ်နာရီတွင် ညစာ စားရန် စားပွဲတစ်လုံးကို အရံသင့် အော်ဒါပေးထားခဲ့ကြောင်း၊ မိမိသည် အပြင်ဘက်တွင် တန်းစီ စောင့် မနေနိုင်ကြောင်းဖြင့် ပြော၏။ သူ့အနား လင်းဗရိုစ် ရောက်လာသည့် အခါတွင် ဒပ်ဖနီ အားတက်သွားသည်။

'ဘာဖြစ်လို့လဲ ညီမလေး' ဟု လင်းဗရိုစ်က မေးသည်။

'ဒီအစ်ကိုက စားပွဲ တစ်လုံးကို အော်ဒါ ပေးထားတယ်လို့ ပြောနေတယ်၊ သီတင်းပတ်ကုန် ရက်တွေမှာ အော်ဒါ လက်မခံဘူး ဆိုတာ ကိုကိုလည်း သိသားပဲ'

'ဟုတ်သားပဲ' ဟု ဆိုကာ လင်းဗရိုစ်က ကျောင်းသားဘက်သို့ လှည့်လိုက်ပြီး

'ကျွန်တော်တို့ ဆိုင်က'



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဆိုးမာန်ဆိုး ဖြစ်နေသော ကျောင်းသား အနီးတွင် သူ့ကို မြင်လိုက်သည့် အခါ၌ လင်းဗရိစ် စကားကို ဆုံးအောင် ဆက်မပြောနိုင်။

'ဪ၊ လင်းပါလား၊ ကိုယ် တောင်းပန်ပါတယ်၊ အာလန့် အမှတ်မှားနေလို့နှင့် တူပါတယ်' ဆရာက သူ့ အဖော် အတွက် စိတ်အနှောင့်အယှက်ဖြစ်ဟန်ဖြင့် ပြောသည်။

'မမှားပါဘူး၊ ကိုယ် သေသေချာချာ မှတ်ထားတာပဲ' ဟု ပြောပြီး အာလန်က လင်းဗရိစ်ဘက်သို့ ပြန်လှည့်လိုက်ကာ

'မနေ့ ညနေတုန်းက တယ်လီဖုန်းဆက်ပြီး မှာထားတာပဲ၊ ဒီက အမျိုးသမီး တစ်ယောက်က အော်ဒါ လက်ခံတာပဲ၊ သူ အင်္ဂလိပ်စကား ကောင်းကောင်း မပြောတတ်ပေမယ့် သူ့ကို သေသေချာချာ ပြောထားတာပဲ'

'အမေ ပြောလိုက်တာ ထင်တယ်' ဟု ဒပ်ဖနီက ပြောသည်။

'ဒီလိုဆိုရင်လည်း စာရေးပြီး မှတ်ထားပါလား' ဟု အာလန်က ဆိုသည်။

လင်းဗရိစ်က လက်ထဲတွင် အော်ဒါ လက်ခံသည့် စာရင်း စာအုပ်ကြီးကို ကိုင်ထားရင်း

'မှတ်တော့ မှတ်ထားတာပဲ၊ နေစမ်းပါဦး၊ ခင်ဗျားက အာလန် ဒေဗင်ပို့လား'

'ဟုတ်တယ်၊ ရှစ်နာရီမှာ စားဖို့ အော်ဒါ မှာထားတယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီနေ့ ည မဟုတ်ဘူးဗျ၊ မနေ့ညက အော်ဒါစာရင်းမှာ သွင်းထားတယ်၊ ကြာသပတေးနေ့ ည၊ ကျွန်တော်တို့ ကြားနေ့တွေပဲ လက်ခံတာ၊ ဒီမှာ ဖတ်ကြည့်ပါလား'

လင်းဗရိစ် စာရင်း စာအုပ်ကြီးကို ထိုးပြသည်။

'ကျုပ် ဘယ့်နှယ်လုပ် ဖတ်မလဲဗျ၊ ဂရိလို ရေးထားတာ'

'ဒါဖြင့် ဟောဒီက ဆရာကို အဖတ်ခိုင်းကြည့်ပါဦး'

'ဒီမှာ ဝိတ်တာ၊ ခင်ဗျားတို့ဆိုင်က ကိစ္စတွေထဲမှာ ကျုပ် အမျိုးသမီးကို ဆွဲမထည့်ပါနှင့်'

'ဒီမှာ အာလန်၊ သူက ကိုယ့်မိတ်ဆွေပါ၊ ကိုယ်တို့က ဂရိ ဂန္ထဝင် သင်တန်းမှာ အတူတူ တက်နေကြတာ၊ သူ ပြောတာ ဟုတ်ပါတယ်၊ အာလန်က မနက်ဖြန် ညလို့ ဆိုတာ ပြောဖို့ မေ့သွားလို့ ဖြစ်မှာပေါ့' ဟု ဆိုကာ ရေးထားသည့် စာတန်းကို ထောက်ပြသည်။





'ဆရာကလည်း ဘယ်လို ဖြစ်နေတာလဲ၊ ကိုယ့် စကားထက် စာတတ်တဲ့ မိန်းမကြီး တစ်ယောက်ရဲ့ စကားကို ယုံသလား'

လင်းဗရိစ်မှာ ဒေါသကို မနည်း ချုပ်တည်းထားရ၏။

'ဒီမှာ မိတ်ဆွေ၊ ကျုပ် အမေလည်း ခင်ဗျား အမေလောက်တော့ စာတတ်ပါတယ်၊ သူက သူ့ တိုင်းရင်း ဘာသာစကားနှင့် ရေးတာ တစ်ခုပါပဲ'

အကျယ်ကျယ် ဖြစ်လာမည် စိုးသဖြင့် ဆရာက ကြားဝင် ဖျန်သည်။

'လာပါ အာလန်ရယ်၊ ကော်ဖီဆိုင် တစ်ခုခုကို သွားကြတာပေါ့၊ အစကတည်းက အဲဒီကိုပဲ သွားရအောင်လို့ ကိုယ် ပြောသားပဲ'

'ဘာဆိုင်လို့ သွားရမှာလဲ ဆရာ၊ နေရာ မရတာက အကြောင်းမဟုတ်ဘူး၊ ဒါက မူကိစ္စ'

'ဒီမှာဗျာ၊ သိပ် အော်မနေပါနှင့်၊ ခင်ဗျား လိုချင်တယ် ဆိုရင် နောက်စားပွဲ တစ်လုံးကို ကျွန်တော် ပြင်ပေးပါ့မယ်၊ ခင်ဗျား ဆက်ပြီး ရုတ်ရုတ် ရုတ်ရုတ် လုပ်နေမယ် ဆိုရင်တော့ ဆွဲထုတ်ရလိမ့်မယ်'

'ဒီမှာ ကိုယ့်လူ၊ ကျုပ်က ဥပဒေ တတိယနှစ်ကို တက်နေတဲ့ လူ၊ ကျုပ် အရက်မူးနေတာ မဟုတ်ရင် ကျုပ်ကို ဆွဲထုတ်ပိုင်ခွင့် မရှိဘူး၊ ခင်ဗျား ဆွဲထုတ်ရဲ ထုတ်ကြည့်ပေါ့'

'ဒီမှာ ကိုယ့်လူ၊ ခင်ဗျားဘာသာ ဟားဗတ် ဥပဒေ သင်တန်းက ဥပဒေတွေ ဘယ်လောက် တက်နေနေ ပျော်ပွဲစားရုံထဲမှာ အနှောင့်အယှက် ပေးနေရင် ဆွဲထုတ်ခွင့် ရှိတယ်လို့ တက္ကသိုလ် ကျောင်းတိုက် ဥပဒေတွေထဲမှာ ပါပြီးသား၊ မူးမူး မမူးမူး အနှောင့်အယှက် ပေးရင် ဆွဲထုတ်နိုင်တယ်'

အနီးတွင် ဆရာ ရှိနေသဖြင့် သူတို့ နှစ်ယောက်၏ ရန်ပွဲသည် နောက်ဆုတ်၍ မရတော့ကြောင်းကို အာလန် သိလိုက်၏။

'ခင်ဗျား ဆွဲထုတ်ရဲရင် ထုတ်ကြည့်ပေါ့'

သူတို့နှစ်ယောက်သည် တစ်စက္ကန့်မျှ မလှုပ်မယှက် ရပ်နေကြ၏။ တစ်ယောက်ကို တစ်ယောက် ချက်ကောင်းကို စောင့်နေကြပုံ ရသည်။

လင်းဗရိစ် ရန်ဖြစ်လျှင် သူတို့ ဆိုင်ကလေး ထိခိုက်တော့မည်ကို သိလိုက်သဖြင့် ဒပ်ဖနီက ကြားဝင်၍ တောင်းပန်သည်။

'ကိုကို၊ လွှန်မယ်နော်' ဟု ခပ်တိုးတိုး သတိပေး၏။

'ကဲ၊ အာလန် အပြင်ကို ထွက်မလား မထွက်ဘူးလား'

အာလန်သည် လန့်သွား၏။ ထိုစကား ပြောလိုက်သူမှာ အခြားသူ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ ဆာရာ ကိုယ်တိုင် ဖြစ်နေသောကြောင့် ဖြစ်သည်။

'နေပါ၊ ကိုယ် ဒီမှာပဲ ထမင်းစားမယ်' ဟု အာလန်က စိတ်ဆိုးဆိုးဖြင့် ပြောသည်။

'ဒါဖြင့် ရှင့်ဘာသာရှင် တစ်ယောက်တည်း စားနေရစ်'

ဆာရာသည် အပြင်သို့ ထွက်သွား၏။

ဒပ်ဖနီသည် ဘုရားသခင်ကို အကြိမ်ပေါင်းများစွာ ကျေးဇူးတင်သည်။ လင်းဗရိုစ်က မီးဖိုထဲသို့ ဝင်လာပြီး နံရံကို လက်သီးဖြင့် လျှောက်ထိုးနေသည်။

ခဏ အကြာတွင် သူ့ဖခင် ရောက်လာကာ

'ဟေ့ကောင် ဘာတွေ လျှောက်လုပ်နေတာလဲ၊ မရှက်ဘူးလားကွ၊ ဆိုင်မှာ လူတွေ ကျနေတဲ့ အချိန်မှာ ဘာလုပ်နေတာလဲ၊ ဖောက်သည်တွေ ပျက်ကုန်လိမ့်မယ်၊ ဘာလဲ မင်း ငါ့ကို စီးပွားပျက်အောင် လုပ်နေတာလား'

'ကျွန်တော် သေချင်တယ်ဗျ၊ ကျွန်တော် သေချင်တယ်'

လင်းဗရိုစ်သည် နံရံကို လက်သီးဖြင့် ထိုးမြဲထိုး၍ အော်သည်။

'ဒီမှာ ငါ့သား၊ အဖေတို့မှာ ဒီဆိုင်ကလေးနှင့် လုပ်ကိုင် စားသောက်နေရတာ၊ ဒီတော့ ဆိုင်ရှေ့ထွက်ပြီး စားပွဲ ဆယ့်နှစ်ကနေ နှစ်ဆယ် အထိ သွားပြီး စားပွဲထိုးပေးပါ'

ထိုစဉ် ဒပ်ဖနီသည် မီးဖိုဝမှ ခေါင်းပြူလာပြီး

'အပြင်မှာ ကြာတယ် ဆိုပြီး ဆူနေကြပြီ၊ ကိုကိုက ဘာဖြစ်နေတာလဲ'

'ဘာမှ မဖြစ်ပါဘူးဟယ်၊ သွား ငွေသိမ်းကောင်တာမှာ ထိုင်နေစမ်းပါ' ဟု အဖေက လှမ်းအော်၏။

'မဟုတ်ဘူး ဖေဖေရဲ့၊ ဟိုမှာ ကောင်မလေး တစ်ယောက်က ကိုကိုနှင့် စကားပြောချင်လို့တဲ့၊ ရန်မဖြစ်အောင် ဝင်ဖျန်တဲ့ ကောင်မလေးရယ်'

'ဒုက္ခပါပဲ' ဟု ဆိုကာ လင်းဗရိုစ်သည် အမျိုးသားများ သွားရန် ရေချိုးခန်းဘက်ဆီသို့ ထွက်သွားသည်။

'ဟေ့ကောင် ဘယ်သွားဦးမလို့လဲကွ'

'ဆံပင်ဖြီးမလို့' ဟု ဆိုကာ လင်းဗရိုစ်သည် ရေချိုးခန်းထဲသို့ ဝင်ရောက် ပျောက်ကွယ်သွားသည်။

ဆာရာသည် ရက်ရှဲ့ရှဲ့ဖြင့် ဆိုင်ထောင့် တစ်နေရာတွင် ရပ်နေသည်။ ကုတ်





ပါးပါးကလေး ဝတ်ထားသဖြင့် ချမ်းလို့ ခိုက်ခိုက်တုန်နေလေပြီ။ လင်း ...က သူ့ဆီသို့ လျှောက်လာပြီး 'ဟိုင်း' ဟု လှမ်းနှုတ်ဆက်လိုက်သည်။ ထို ...ဆက်ပုံကို ရေချိုးခန်းထဲက မှန်ရှေ့တွင် လေ့ကျင့်ခဲ့ပြီး ဖြစ်၏။

'စိတ်မကောင်း ဖြစ်လိုက်တာ လင်းရယ်' ဟု ဆာရာက ပြော၏။

'ရပါတယ်၊ ကိစ္စ မရှိပါဘူး'

'မဟုတ်ပါဘူး၊ ဆာရာ ရှင်းပြပါဦးမယ်၊ ဒီ ငနဲက တော်တော် စိတ် ...ဖို့ ကောင်းတယ်၊ ဆာရာနှင့် သိစကတည်းက ဒီအတိုင်းပဲ'

'ဒါဖြင့် ဒီလို ငနဲမျိုးနှင့် ဘာဖြစ်လို့ တွဲနေသလဲ'

'ဘယ်ကလာ တွဲရမှာလဲ၊ သူ့အမေနှင့် ဆာရာ့ မေမေက ခင်လို့ လာ ...နေတာ'

'ဟုတ်လား'

'မေမေ စိတ်မကောင်းမှာစိုးလို့ ဒီက အောင့်အည်းနေတာ၊ ဒါပေမဲ့ ...တော့လည်း ဘယ် သည်းခံနိုင်တော့မလဲ၊ တော်ပြီ၊ နောက် မေမေ ...ဆက်ဆံခိုင်းရင်လည်း ဒီလို ငနဲမျိုးနှင့် မဆက်ဆံတော့ဘူး၊ တော်တော် မနှာ ...တတ်တဲ့လူ၊ မဟုတ်ဘူးလား'

'ဟုတ်တယ်'

သူတို့ နှစ်ယောက်သည် နောက်ထပ် ပြောစရာ စကားမရှိဘဲ အတန် ... ငြိမ်နေကြသည်။

'သြော် ဆောရီးပဲ လင်း၊ ကိုယ့်ကြောင့် အလုပ်ပျက်နေပြီ ထင်တယ်'

'အိုး သူတို့ဘာသာ ငတ်လို့ ဘာဖြစ်နေနေ၊ ကိုယ်ကတော့ ဆာရာနှင့် ...ကားပြောနေရရင် ပျော်နေတာပဲ'

ဘုရား... ဘုရား...၊ သည်စကားတွေ ဘယ်လိုလုပ်ပြီး ပါးစပ်က လွှတ် ... ထွက်သွားပါလိမ့်။

'ဟုတ်တယ်၊ ဆာရာလည်း လင်းနှင့် စကားပြောနေရရင် ပျော်တယ်'

ဆိုင်ခန်း နောက်ဘက်ဆီမှ သူ့အဖေ၏ ဂရိလို ပြောသံ ပေါ်လာသည်။

'ဟေ့ကောင်၊ လုပ်စရာရှိတာ လုပ်ဦးကွ၊ ငါ ကလော် တုတ်လိုက်ရင် ...ကောင်းဘဲ နေပြန်ရော့မယ်'

'လင်း သွားလုပ်စရာ ရှိတာ သွားလုပ်ဦးလေ' ဟု ဆာရာက ခပ်... ပြောသည်။

'ဒီလိုဆိုရင် မေးခွန်း တစ်ခုတော့ မေးချင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'မေးလေ'

'ခု အာလန် ဘယ်ရောက်သွားပြီလဲ'

'အဝီစိကို ရောက်နေရောပေါ့၊ မရောက်သေးရင်လည်း သူ့ကို အဲဒီကိုပဲ သွားတော့လို့ ပြောလိုက်မယ်'

'ဒီလိုဆို ဒီနေ့ည ဘယ်သူနှင့်မှ မတွဲတော့ဘူးပေါ့'

'ဟော့ကောင် လင်းဗရိစ်၊ မလာသေးဘူးလား၊ ငါ အော်တုတ်မိလိမ့်မယ်'

လင်းဗရိစ်က သူ့အဖေ၏ အော်သံကို ဂရုမစိုက်ဘဲ

'နောက် တစ်နာရီလောက် မစောင့်နိုင်ဘူးလား ဆာရာ၊ ဆာရာ့ကို ထမင်းလိုက်ကျွေးမယ်လေ'

'ကောင်းသားပဲ' ဟု ဆာရာက ခပ်တိုတို ဖြေသည်။

ပေါ်တာ ပန်းခြံ တစ်ဖက်ရှိ နယူးတောင်းဂရီး ပျော်ပွဲစားရုံသည် အီတလီ အစားအသောက် ကောင်းသည်ဟု နာမည် ကြီးသည်။ ည ဆယ့်တစ်နာရီ အထိုးတွင် လင်းဗရိစ်သည် ဆာရာကို ထို ပျော်ပွဲစားရုံသို့ ခေါ်သွား၏။ သူတို့နှစ်ဦး ပထမဆုံး အတူတူ ညစာ စားဖူးခြင်း ဖြစ်သည်။ လင်းဗရိစ်သည် အဖေ၏ မာရသွန် ပျော်ပွဲစားရုံတွင် လုပ်စရာ ရှိသမျှကို လျင်မြန် သွက်လက်စွာ လုပ်ပေးခဲ့သည်။ သူ့ နှလုံးသားသည် အတောင်ပေါက်နေပြီ မဟုတ်လော။

ပြတင်းပေါက်နားက စားပွဲ တစ်လုံးကို လူကြိုက်ကြ၏။ အနီရောင် နီယွန် ဆိုင်းဘုတ် တစ်ခုမှ မီးရောင်နီနီသည် သူတို့ မျက်နှာများပေါ်သို့ စည်းချက်မှန်မှန် ဖြာကျနေသည်။ မှိန်လိုက် လင်းလိုက်နှင့်။ အိပ်မက် တစ်ခုကို မက်နေရသလိုလို။ လင်းဗရိစ်၏ စိတ်ထဲတွင်မူ တကယ် ဖြစ်နေသည်ဟု နည်းနည်းကလေးမျှ မထင်။ စားစရာများကို မှာထားစဉ် သူတို့ နှစ်ယောက်သည် ဘီယာ စုပ်နေကြသည်။

'ဆာရာလို မိန်းကလေး တစ်ယောက်က ဘာဖြစ်လို့ ဒီလို မနှာလိုတတ်တဲ့ ငနဲမျိုးကို တွဲသလဲ ဆိုတာ ကိုယ် စဉ်းစားလို့ မရဘူး'

'အိမ်မှာ ထိုင်ရတာထက် စနေနေ့ည တစ်ညကို လေ့လာရတာ ပိုကောင်းတယ် မဟုတ်လား'

'အမယ်လေး ဆာရာရယ်၊ တွဲစရာလူတွေ ပြည့်လို့ပါ၊ ခေါင်းခေါက် ရွေးလို့တောင် ရပါတယ်၊ တွဲချင်တဲ့ လူတွေကို ကြိုတင်စာရင်း ယူထားရင် ကျောင်းသင်တန်း လေးနှစ် ကုန်သည် အထိ ဆုံးမှာတောင် မဟုတ်ဘူး'





'ဒါက ဟားဗတ် တက္ကသိုလ်က ပုံပြင်တွေပါ လင်းရယ်၊ တကယ်တော့ ရက်ကလစ် (မိန်းကလေးဆောင်) ဆောင်က ကျောင်းသူတွေဟာ စနေနေ့ည ရင် ကျောင်းဆောင်မှာ ငုတ်တုတ် ထိုင်နေကြတာပါ၊ သူတို့ကို အတွဲတွေနှင့် ထွက်သွားပြီ ထင်တော့ ဘယ်သူမှ လာပြီး မချိန်းကြတော့ဘူးလေ'

လင်းဗရိစ် အံ့အားသင့်နေသည်။

'စောစောက မသိရပါလား ဆာရာရယ်၊ ကိုယ့်ကို ဘာဖြစ်လို့ မပြောတာလဲ'

'ပြောဖို့ စိတ်ကူးပါသေးတယ်၊ ဒါပေမဲ့ လင်းက ဒီလို ယောကျာ်းလေး မျိုး မဟုတ်ဘူး မဟုတ်လား၊ ဂရိ ဘာသာက ကြိယာပုဒ်တွေ နာမ်ပုဒ်တွေနှင့်ပဲ အချိန်ကုန်နေတာ' .

'ဆာရာကို စတွေ့ ကတည်းကိုက ချိန်းပြီး ခုလို လျှောက်လည်ချင်နေတာ'

ရုတ်တရက် တောက်ပသွားသော မျက်လုံးများဖြင့် ဆာရာက လင်း ဗရိစ်ကို တစ်ချက် လှမ်းကြည့်သည်။

'အမယ်လေး ဒါဖြင့်ရင်လည်း ဘာဖြစ်လို့ ဒီလောက်တောင် အကြာကြီး စောင့်နေရတာလဲ၊ ဆာရာက ကြောက်စရာ ကောင်းလို့တဲ့လား'

'ခုတော့ မကောင်းတော့ပါဘူး'

လင်းဗရိစ်သည် ချက်ပလက်ကားကြီးကို ကက်ဘော့ ကျောင်းဆောင် ရှေ့တွင် ထိုးရပ်လိုက်ပြီး တံခါးဝ အရောက် လိုက်ပို့သည်။ ထို့နောက် ဆာရာ ၏ ပခုံး နှစ်ဖက်ကို ကိုင်လိုက်ပြီး သူ့ မျက်လုံးကို တည့်တည့်ကြီး စိုက်ကြည့် သည်။

'ဒီ အခွင့်အရေးကို ရဖို့ နေပူကြီးထဲမှာ စောင့်ခဲ့ရတာ တစ်နှစ်လောက် ကြာပြီ ဆာရာ'

သူက ပြတ်သားစွာ ပြောသည်။

သူသည် သန်းပေါင်းများစွာသော စိတ်ကူးယဉ် အိပ်မက်ထဲတွင် သို လှောင်ခဲ့ရသည့် ရုမ္မက်ဖြင့် ဆာရာကို အငမ်းမရ နမ်းနေသည်။

ဆာရာကလည်း မလျော့သော ထက်သန်မှုဖြင့် တုံ့ပြန်၏။

အိမ်ပြန်သည့် အခါတွင် ပျော်လိုက်သည့် ဖြစ်ခြင်း။ ပေါ့ပါးလိုက်သည့် ဖြစ်ခြင်း။ မြေကြီးကိုပင် ခြေထိသည် မထင်။ ထိုစဉ် သူ ရုတ်တရက် ရပ်လိုက် ၏၊ ခွီးတဲ့မှပဲ။ ကက်ဘော့ ကျောင်းဆောင်ရှေ့မှာ မော်တော်ကားကြီးကို မေ့ ထားပစ်ခဲ့ပါပကော။ လင်းဗရိစ်သည် သုတ်ခြေတင် ပြေးလာကာ ကားကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်ယူသည်။ သူ အူကြောင်ကြောင် ဖြစ်နေပုံကို ပြတင်းပေါက်တွင် ရပ်နေသည့် ဆာရာ မြင်သွားလျှင် ဒုက္ခ။

သို့ရာတွင် ထိုအချိန်၌ ဆာရာ၏ မျက်လုံးများသည် ဘယ်ကိုမှ မရောက်ကြ။ ဆာရာသည် ခုတင်ပေါ်တွင် ငုတ်တုတ်ကြီး ထိုင်ရင်း ဟင်းလင်းပြင်ကို ငေးကြည့်နေသည်။

ဂရိ ၂ ဘီ ဘာသာရပ်တွင် နောက်ဆုံး သင်ရသော ကဗျာများမှာ အချစ် ကဗျာဆရာ အဖြစ် လူသိ နည်းသည့် ကဗျာဆရာ တစ်ယောက်၏ ကဗျာများ ဖြစ်သည်။ ထို ကဗျာဆရာကား အခြားမဟုတ်။ ပလေတို။

'တော်တော်တော့ ထူးဆန်းတယ်ကွ၊ ပလေတိုဟာ ဒဿန ဆရာကြီး သူ့ရဲ့ သမ္မတ နိုင်ငံကျမ်းထဲက စံပြ သမ္မတ နိုင်ငံမှာ ကဗျာဆရာတွေကို အဲဒီ တိုင်းပြည်မှာ မနေရဘူးလို့ နှင်ထုတ်ထားတယ်၊ ဒါပေမဲ့ သူ ကိုယ်တိုင်ကတော့ အကောင်းဆုံး ကဗျာကို ရေးတဲ့ ကဗျာဆရာ ဖြစ်နေတယ်'

ပါမောက္ခ ဟက်ဗလော့က ပြောသည်။ ထို့နောက် ပါမောက္ခက နာမည်ကျော် အချစ်ကဗျာ တစ်ပုဒ်ဖြစ်သော 'အက်စတာ' ကို ဖတ်ပြသည်။

အချစ်ဦးသည်
ပွင့်ဖူးလှပ
ကိုယ့်ဘဝတွင်
ငွေကြယ်စင်တည့်။
သင်၏မူရာ
ပြုံးမျက်နှာသည်
တာရာဘက်သို့
မျှော်ငေးလျက်။
သင့်အလှကို
ရှုန်းမြဲအရောင်
မျက်လုံးတစ်ထောင်ဖြင့်
မျှော်ယောင်ငေးရင်း
ကောင်းကင်ကြီးသာ
ဖြစ်လိုပါ၏။

အတန်ကြာလျှင် အောက်မေ့ဖွယ် ခန်းမဆောင်ဘက်ဆီမှ ကျောင်းဆင်း





င်းလောင်း ထိုးသံ ပေါ်လာသည်။ အတန်းထဲမှ နှစ်ယောက် အတူ ထွက်
းလျှောက် လာခဲ့ကြစဉ် လင်းဗရိစ်က လေသံလေးဖြင့် ပြောသည်။

'ကိုယ်လေ ကောင်းကင်ကြီး ဖြစ်ချင်လိုက်တာ'

'မလုပ်ပါနှင့် မောင်ရယ်၊ မောင့်ကို ဆာရာ့ အနားမှာပဲ ရှိစေချင်ပါတယ်'

သူတို့ နှစ်ယောက်သည် လက်ချင်းတွဲကာ စားသောက်ဆိုင်ဆီသို့ ျှောက်လာခဲ့ကြသည်။

ဲ့ အင်ဒရူး၊ ဒီနေ့ည ခင်ဗျား အားသလား၊ ထမင်းစားပြီး စာကြည့်တိုက် ်သွားရင် ကျွန်တော်နှင့် ငါးမိနစ်လောက် အချိန်ရမလား'

လင်းဗရိစ်က မရွံ့မရဲဖြင့် မေးသည်။

'ရပါတယ်၊ ဘာလဲ၊ ကင်တင်းကို သွားပြီး ချိစ် ဘာဂါလေး ဘာလေး းမလို့လား'

'အင်း စားတာပေါ့၊ ကောင်းတာကတော့ ဒီထက် အေးအေးဆေးဆေး ွတ်လွတ်လပ်လပ် ရှိတဲ့ နေရာကို သွားရင် ကောင်းမယ်'

'ဒီလိုဆိုရင်လည်း အစားအသောက် ဝယ်ပြီး ကျွန်တော့် အခန်းမှာ းဘာပေါ့ဗျ'

'သိပ် ကောင်းတယ်၊ ပြီးတော့ ကျွန်တော့်မှာ သောက်စရာ ဆမ်းသင်း ယ်ရှယ်လည်း ရှိပါတယ်'

'ထူးဆန်းလှချည့်လားဗျ၊ ဘာကိစ္စတွေများ ရှိလို့လဲ'

သန်းခေါင်ကျော် ဆယ့်ငါးမိနစ် အလွန်တွင် အင်ဒရူးသည် ချိစ် ဘာဂါ ခုကို ယူလာပြီး သူ့ အခန်းထဲက ကော်ဖီ စားပွဲတွင် တင်သည်။ လင်း ိစ်က လွယ်အိတ်ထဲတွင် ပါလာသည့် ပုလင်းကို ထုတ်၏။

'ခင်ဗျား ရက်ဆီနှာကို သောက်ဖူးသလား၊ ကျွန်တော်တို့ ဂရိတွေရဲ့ ျိုးသား ယမကာလေ၊ ခင်ဗျားဖို့ လက်ဆောင် အဖြစ် ယူလာတာ'

'ဘာဖြစ်လို့ ကျုပ်ကို လက်ဆောင်တွေ ပေးနေရတာလဲ'

လင်းဗရိစ်က ခေါင်းကို ငုံ့လိုက်ရင်း

'ခင်ဗျားကို လာဘ်ထိုးတယ်လို့တော့ မထင်ပါနှင့်ဗျာ၊ ခင်ဗျားဆီက



www.burmeseclassic.com

www.burmeseclassic.com



အကူအညီ တစ်ခု လိုချင်လို့ပါ၊ အကူအညီကလည်း သိပ် အရေးကြီးတဲ့ အက
အညီ'

လင်းဗရိုစ် ရှက်အမ်းအမ်း ဖြစ်နေသည့် မျက်နှာကို ကြည့်ရင်း သူ့ထံ
ပိုက်ဆံချေးမည်ဟု အင်ဒရူး ထင်နေသည်။ အင်ဒရူးက အရက်ကို ငုံ့လိုက်၏

'ခင်ဗျားကို ပြောရတာ အားတော့ နာပါတယ်ဗျာ၊ ဘယ်လို ပြော
မလဲတော့ မသိဘူး၊ ဒီအကြောင်းကို ဘယ်သူ့ကိုမှ မပြောပါဘူးလို့တော့ ကျွ
တော့်ကို ကတိပေးပါ'

'ပေးပါတယ်ဗျာ၊ ပေးပါတယ်၊ ကဲ ဆိုစမ်းပါဦး၊ ဘာပြောမှာလဲ
ခင်ဗျား လုပ်ပုံနှင့်တော့ ကျုပ်လည်း နှလုံးရောဂါ ရတော့မယ် ထင်တယ်'

'ဒီမှာ အင်ဒရူး၊ ကျွန်တော့မှာ... ကျွန်တော့်မှာ ချစ်သူ ရှိနေပြီဗျ'

သူ စကား ဆက်မပြောနိုင်။

'ဟုတ်လား၊ ကွန်ဂရက်ကျူလေးရှင်းဗျာ' ဟု အင်ဒရူးက ပြောသည်
သူလည်း ဘာဆက်ပြောရမည် မသိ။

'ကျေးဇူးပဲဗျာ၊ ဒါပေမဲ့ ခက်တာက ပြဿနာ ဖြစ်နေတယ်ဗျ'

'ဘာ ပြဿနာလဲဗျ၊ ခင်ဗျား ပြောတာ မရှုပ်မရှင်းနှင့်'

'ခင်ဗျား ကျွန်တော့် စာရိတ္တနှင့် ပတ်သက်လို့ တစ်မျိုးတော့ မထ
စေချင်ဘူးဗျာ၊ မထင်ပါဘူး ဆိုတာ ကတိပေးမလား'

'ဘာလဲဗျ၊ ကျွန်တော်ကကော ဘယ်လောက် ကျင့်ဝတ် စောင့်ထိန်း
ကောင်မို့လို့လဲ၊ ဒါမျိုးတွေ ကျွန်တော့်မှာ မရှိပါဘူး'

လင်းဗရိုစ်သည် စိတ်အေးသွားဟန်ဖြင့် အင်ဒရူးကို ကြည့်နေပြီးနော
သူ့ ရင်ထဲတွင် ရှိသည့် စကားများကို ဖွင့်ပြောသည်။

'ဒီလိုဆိုရင် ခင်ဗျား အခန်းကို တစ်ပတ်ကို နှစ်ရက်လောက် ညနေခ
မှာ ငှားနိုင်မလား'

'သြော် လက်စသတ်တော့ ဒါကြောင့်ကိုး၊ ဒီအတွက်များ ဦးနှော
သွေးကြော ပြတ်မတတ် စဉ်းစားနေရသလား၊ ဆို ဘယ်အချိန် ယူမလဲ'

'အင်း အဆောင်စည်းကမ်းအရ ဆိုရင်တော့ မိန်းကလေးတွေကို ကို
အခန်းမှာ ညနေ လေးနာရီက စပြီး ခုနစ်နာရီ အထိ လာခွင့်ပေးထားတယ်
ခင်ဗျားနှင့် ခင်ဗျား အဖော်တွေ အတွက် ညနေပိုင်း ဆိုရင် အခန်းပေးလို့ ဖြ
မလား'

'ရပါတယ်ဗျ၊ ဝစ်ဂယ်က ညနေပိုင်းမှာ လေ့လော့ ကျင့်တယ်၊ ဗာစီ





ယ်မှာ ညစာ စားပြီးမှ ပြန်လာတယ်၊ နီဝေါကလည်း ဒီအတိုင်းပဲ၊ ညနေ
ဆိုရင် တင်းနစ် သွားရိုက်နေတယ်၊ ကျုပ်ကလည်း ဓာတ်ခွဲခန်းကို သွား
တယ်၊ ဒီတော့ ခင်ဗျား သဘောပဲ'

လင်းဗရိုစ်၏ မျက်နှာသည် ဝင်းထိန်သွား၏။

'ကျေးဇူးပဲဗျာ၊ ခင်ဗျား ကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး'

'တစ်ခါတလေ ရက်ဆီနှာ အရက်ကလေး တစ်ခွက် တစ်ဖလား တိုက်
တော်ပါပြီ၊ တစ်ခုတော့ ပြောလိုက်မယ်နော်၊ ကောင်မလေးရဲ့ နာမည်တော့
ရလိမ့်မယ်၊ ဧည့်သည်စာရင်း စာအုပ်ထဲမှာ စာရင်းသွင်းနိုင်အောင်လို့'

လင်းဗရိုစ်နှင့် ဆာရာ အမည်ရှိ အချစ် နတ်သမီးကလေးတို့အား
င်ဒရူး အဲလီယော့ မိသားစု၏ ပျူငှာ လိုက်လံမှုကို ရစေသတည်းဟု နှစ်ဦး
ဘောတူလိုက်ကြ၏။ သူတို့လာမည့် အကြောင်းကို အင်ဒရူးအား နာရီ
နည်းငယ် ကြိုတင် အကြောင်းကြားလျှင် လုံလောက်လေပြီ။

လင်းဗရိုစ် ကျေးဇူးတင်၍ မဆုံး။ လင်းဗရိုစ်သည် တိမ်တိုက် တစ်တိုက်
ဖြင့် အခန်းထဲမှ ပေါ့ပါးစွာ လွင့်သွား၏။

အင်ဒရူးသည် တစ်ယောက်တည်း ကျန်ရစ်ခဲ့ရာမှ အချစ် ဆိုတဲ့ အရာ
ဘာလဲဟု ကိုးလ်ပေါ်တား ဆိုသည့် သီချင်းထဲက စာသားကို ရွတ်နေသည်။

သူလည်း ဘာမျှ မသိ။

ဦးရာသီသည် ဂျေဆန်၏ ရာသီ ဖြစ်၏။

သူ ပါဝင် ကစားခဲ့သည့် ယေးလ် တက္ကသိုလ် ဘောလုံးရိုက် အသင်း
သည် နိုင်အောင် ကစားခဲ့ပြီးပြီ။ တစ်ယောက်ချင်း တင်းနစ် ပြိုင်ပွဲများတွင်
ခဲ့နေသည့် ချန်ပီယံကိုလည်း အနိုင် ရိုက်နိုင်ခဲ့ပြီးပြီ။ ထိုပွဲများတွင် ပွဲတိုင်း
လို သူပင် အနိုင်ရခဲ့သည်။ တစ်ပွဲမျှ မရှုံးခဲ့သေး။

ထို အောင်မြင်မှုကြောင့် ဂျေဆန်သည် သူတို့ သင်တန်းနှစ်တွင် အား
ပထမဆုံး ရသည့် ကျောင်းသား ဖြစ်လာခဲ့ကာ 'မရုန်းရောင်' သတင်းစာ
ကြီးစား ဖြစ်သော နယူးယော့တိုင်း သတင်းစာကြီးတွင် မျက်နှာဖုံးမှ
ခံခဲ့ရပြီ။

အမေရိကန် တက္ကသိုလ်တိုင်းတွင် ဘီအမ်အိုစီ (ဘစ်မင် အွန် ကင်း



www.burmeseclassic.com

www.burmeseclassic.com



ပတ်စ်) ခေါ် တက္ကသိုလ် ပွဲတိုင်းကျော် တစ်ဦးတော့ ရှိတတ်သည်။ ဟားဗတ် တက္ကသိုလ်ကမူ ထိုဘွဲ့ထူးမျိုးကို လက်မခံ။ သို့တိုင်အောင် ဟားဗတ် တက္ကသိုလ်က ဘွဲ့မရသေးသော ကျောင်းသားများထဲတွင်မူ ရှိတ်စပီးယား ပြောသည့် 'လေ့လာသူများ၏ အလေ့လာခံ ပစ္စည်း' သည် ဂျေဆန် ဖြစ်နေ၏။

ဒင်နီကမူ ဂီတ ဝါသနာ မပါသူတွေ စုနေသည့် အဲလီယော့ဆောင်တွင် မနေချင်သည့်တိုင်၊ ဆရာ ဖင်လေ ခေါ်လာသည့် အတွက် နေရသည့်တိုင် သူ့ဂီတကို မစွန့်လွှတ်နိုင်။ သူသည် အဲလီယော့ဆောင်ကို မုန်းသည်။ သူ့ သည့်အဆောင် ရောက်အောင် ခေါ်လာသည့် ဆရာ ဖင်လေကိုပင် တစ်ခါ တစ်ခါ စိတ်ဆိုးမိသည်။

သူက သူ့အဆောင်သားတွေကို အထင်သေးသလို ကျောင်းဆောင်သား တွေကလည်း သူ့ကို အထင်သေးကြသည်။ ဒင်နီသည် ထမင်းစားခန်းထဲတွင် ညစာ စားလျှင် အမြဲလိုလို အဖော် မရှိ။ တစ်ယောက်တည်း။ တစ်ခါတစ်ရံ အင်ဒရူးနှင့် တွေ့လျှင်မူ သူ့ စားပွဲသို့ ရောက်လာကာ ညစာ အတူတူ စားပြီး အားပေးစကား ပြောတတ်၏။

လင်းဗရိုစ်မှာမူ ဆာရာနှင့် တဖြည်းဖြည်း သံယောဇဉ် တွယ်နေကြလေပြီ၊ အချစ်သည် စိတ်ကို အဆင့်မြင့်သည့် တစ်နေရာသို့ ရောက်နေစေသည် ဟူသော ပလေတိုနစ် အချစ် သဘောတရား၏ ခိုင်မာမှုကို သူတို့ ယုံနေလေပြီ။ လင်းဗရိုစ်သည် အတန်းတိုင်းလိုလိုတွင် အေ အမှတ်ကို အမြဲတမ်း ရ၏။ သူ့ ကိုယ်သူလည်း တက္ကသိုလ် ပြင်ပမှ သူစိမ်းတစ်ရံဆံ လူတစ်ယောက်ဟု မမြင် တော့။ အဲလီယော့တို့ အခန်းတွင် ပျော်ရွှင်ဖွယ် ညနေခင်းများကို ကုန်ဆုံးနေ သည့် အတွက် ဤသို့ ထင်နေသည်လော မဆိုနိုင်။

အင်ဒရူးမှာမူ ကစားကွင်းများတွင် ဘောမှ ထိုင်ကာ သူ့ သူငယ်ချင်းတွေ ဘယ်မျှ တိုးတက်လာသည်ကို ကြည့်၍ တအံ့တဩ ဖြစ်နေတတ်သည်။

ပွင့်ချပ်တွေ ပွင့်အာလာကြကာ ပန်းပွင့်တွေ ဝေနေကြပြီ။ ပထမနှစ်သည် ထိုနှစ် သင်တန်းသားများ အားလုံး အတွက် ခမ်းနား ကြီးကျယ်သည့် နိုးကြား မှုကြီး တစ်ခုနှင့် တူသည်။

ထိုအချိန်သည် မျှော်လင့်ချက် ရှိသည့် အချိန်။ အကန့်အသတ် မရှိ သော အကောင်းမြင်ဝါဒ ကြီးစိုးချိန်။ သူတို့သည် ခရီးတစ်ဝက် အစပြုပြီ ဟု သော အထင်ဖြင့် အိမ်ပြန်ကြချိန်။

အမှန်ကမူ ခရီးတစ်ဝက်မျှသာ ပြီးသေးသည်။





...၏ တက္ကသိုလ် ဒုတိယနှစ်သည် ပထမနှစ်ထက်ပင် ထူးခြားနေသေးသည်။ ...၅ ခုနှစ်တုန်းက သူ အများဆုံး လုပ်ရသည့် အလုပ်မှာ သူ ပြောသလို ...ရလျှင် 'ဂီတ ဆရာကြီး မန့်၏ ဂီတလှင်တံ' ကို ဖုန်သုတ်ပေးရရုံမျှ ...၏။ ဒုတိယနှစ် ဖြစ်သော ၁၉၅၆ ခုနှစ်တွင်မူ ဒင်နီ ကိုယ်တိုင် ထို ဂီတ ...င်တံကို ကိုင်၍ ဂီတဝိုင်းကို ညွှန်ကြား ပြသနေရလေပြီ။

ပြင်သစ်လူမျိုး ဂီတဆရာကြီး မန့်သည် စိတ်အား ထက်သန်သည့် သူ့ ...သည့် ကယ်လီဖိုးနီးယန်း နယ်သားကလေး ဒင်နီကို ကိုယ့် မြေးကလေး ...တစ်ယောက်လို ချစ်သည်။ အခါအခွင့်ကြုံတိုင်း ဒင်နီအား 'တကယ့်' ဂီတတို့ကို ...င်ကြားပေးကာ တီးမှုတ်သည့် အခွင့်အရေးကို ပေးတတ်သဖြင့် အခြားသော ...ကျောင်းသားများကပင် အံ့ဩနေကြသည်။

ဥပမာအားဖြင့် ကမ္ဘာကျော် ဂီတဆရာကြီး အာတာ ရှူဗင်စတိုင်းက ...င်ပိုင်ယာ ကွန်ရှာတို' တေးသွားကြီးကို လာတီးသည့် အခါတွင် ဆရာကြီး ...သည် သူ့တပည့်ချစ် ဒင်နီကို လက်ထောက် တီးဝိုင်းခေါင်းဆောင် အဖြစ် ...င် တီးမှုတ်စေသည်။

ဂီတဝိုင်း နားချိန် တစ်ခုတွင် ဖြစ်၏။ ဂီတနှင့် ပတ်သက်၍ မှတ်ဉာဏ် ...ကောင်းသည်ဟု နာမည်ကြီးသည့် ဂီတဆရာကြီး အာတာ ရှူဗင်စတိုင်းက ဂီတ ...း ခေါင်းဆောင်သူများ၏ ရှေ့တည့်တည့်တွင် သူ သိပြီးသား ဂီတသင်္ကေတ ...အုပ်ကို ဘာကြောင့် ချထားသနည်းဟု နောက်သလို ပြောင်သလိုဖြင့် မေး ...သည်။ ဆရာ မန့်က သင်္ကေတ စာအုပ်တွင် စာရွက်လှန်ပေးသည့် သင်တန်းသား ... မှတ်မိစေအောင် ဆောင်ထားခြင်း ဖြစ်သည်ဟု ရယ်ကျဲကျဲနှင့် ပြန်ပြော ...သည်။ ဤသို့ဖြင့် ဒင်နီသည် တီးဝိုင်း ခေါင်းဆောင် ရှေ့တွင် စာအုပ် လှန်ပေး ... အဖြစ် အတွေ့အကြုံများ ရခဲ့သည်။ 'ဒီသူငယ် အလားအလာ ရှိတယ်' ဟု ...ဆရာကြီး ရှူဗင်စတိုင်းက ပြောသွားသည်။

'ကျွန်တော်တို့ ဒီအရွယ်တုန်းကလည်း ဒီလိုပဲ သင်္ကေတ စာရွက် လှန် ... သင်ရိုးကပဲ စခဲ့ရတာ မဟုတ်လား' ဟု ရှူဗင်စတိုင်းက ပြောသည်။

ခဏအကြာတွင် ရှူဗင်စတိုင်းသည် သူ့ နားနေခန်းသို့ ဒင်နီကို ခေါ် ...ကာ စောစောက တီးသွားသည့် ကွန်ရှာတိုနှင့် ပတ်သက်၍ သူ နားလည်သရွေ့



www.burmeseclassic.com

www.burmeseclassic.com



အတီးခိုင်းကြည့်သည်။

ဒင်နီက မရဲတရဲဖြင့် တီး၏။ သို့ရာတွင် တတိယပိုဒ်ကို စည်းသုတ်ဖြင့် တီးပြသည့် အခါတွင် ဒင်နီ ကြောက်ရမှန်း မသိတော့။ လက်တွေ့နေလေပြီ သူ့ လက်ချောင်းများသည် စန္ဒရား ခလုတ်များပေါ်တွင် ဝဲပျံနေကြသည်။ ထိုမှ လောက် နရီစည်းချက် သွက်သွက်ဖြင့် တီးနိုင်သည်ကို ကြည့်၍ သူ့ကိုယ်သူပင် အံ့သြနေသည်။

တီးလုံးပြီးသည့် အခါ၌ ဒင်နီသည် အသက်မရှုနိုင်ဘဲ ချွေးသံ အရွှဲသား ဖြင့် ဆရာကြီး ရှူဗင်စတိုင်းကို မော်ကြည့်၏။

ရှူဗင်စတိုင်းက ခေါင်းညိတ်နေသည်။ သူ့ မျက်လုံးတွင် ဒင်နီကို ချီး မွမ်းသည့် အကြည့်။

'အေး ကောင်းတယ်၊ သိပ်ကောင်းတယ်'

'ကျွန်တော် တီးတာ နည်းနည်းများ အစိုးရိမ်ကြီးနေသလား မသိဘူး ဒါပေမဲ့ စန္ဒရားခလုတ်ကို ထိလိုက်တော့ ကျွန်တော့်ကိုယ်ကို ကျွန်တော် တောင် ပေါ်က ပြေးဆင်းလာသလို ခံစားလိုက်ရတယ်၊ ဒီတွင် နရီက သုတ်သွားတော့ တာပဲ'

'အဲဒါ ဘာဖြစ်လို့လဲ သိလား၊ ငါကတော့ စန္ဒရားကြီးတွေကို တီးတဲ့ နေရာမှာ သင့်ရုံပဲ တီးတတ်တာပါကွာ၊ ဒါပေမဲ့ စန္ဒရား လုပ်တဲ့ စတိန်းဝေး ကုမ္ပဏီက လူတွေက ဒီ စန္ဒရား ခလုတ်တွေကို တခြား ခလုတ်တွေထက် ရှစ် ပုံ တစ်ပုံ ငယ်ထားတယ်ကွ၊ ကြည့်ပါလား'

ဒင်နီသည် အာတာ ရှူဗင်စတိုင်း၏ ကိုယ်ပိုင် စန္ဒရားကြီးကို ကြည့်၍ တအံ့တသြ ဖြစ်နေသည်။ စန္ဒရားကြီးများကို တီး၍ အားမရသည့် သူကိုယ်တိုင် ပင်လျှင် ထို စန္ဒရားကြီးကို တီးလိုက်သည့် အခါ၌ ခလုတ် ဆယ့်သုံးခုကို အသာလေးဖြင့် ပြေးလွှား တီးနိုင်နေသည်။

'ငါ ပြောမယ်၊ ငါ တီးဝိုင်း အချက်ပြရင် စာရွက်လှန်ဖို့ မလိုဘူး ဆို တာ မင်းလည်း အသိပဲ၊ ဒီတော့ ဘာဖြစ်လို့ ငါ့အနား လာပြီး သင်္ကေတ စာ ရွက် လှန်နေဦးမလဲ၊ မင်းကိုယ်တိုင် စိတ်ရှိ လက်ရှိ တီးကြည့်ပါလား'

အာတာ ရှူဗင်စတိုင်းက ကြည်ဖြူစွာ ခွင့်ပေးသည်။

နောက်တစ်ကြိမ် လဟာပြင်ဇာတ်ခုံ တီးဝိုင်း တစ်ခုတွင် 'ဗီကာရီ၏ လက်ထပ် မင်္ဂလာ' တေးသွားကြီးမှ မိုးဇက်၏ ပဏာမ တီးလုံးကို သူတို့ တီးကြသည်။





နေရင်း ဂီတဆရာ မန့်သည် အနည်းငယ် ပင်ပန်းလာဟန် တူ၏။

'မက်ဆာချူးဆက် ရာသီဥတုက တို့ပြင်သစ်တွေနှင့် သိပ်မကိုက်ဘူးကွ ဖြစ်နေတယ်၊ အရိပ်ထဲမှာ ခဏလောက် နားလိုက်ချင်တယ်'

မန့်သည် ဒင်နီကို လက်ယပ်ခေါ်လိုက်၏။

'တပည့် ဒီကို လာစမ်း၊ ငါ့တပည့် ဒီ တေးသွားကို ကောင်းကောင်း သား၊ ဂီတဆရာတွေ ရှေ့မှာ လှင်တံကို ကိုင်ပြီး ကောင်းကောင်း ပြနိုင်ပြီ၊ မိနစ်လောက် ဝင်ပြီး ပြပေးစမ်း၊ သူတို့လည်း မင်း ပြတာကို လိုက်ကြမှာ' ဟု ဆိုသည်။ လက်ထဲက အချက်ပြသည့် လှင်တံကို လှမ်းပေးသည်။

သို့ဖြင့် မန့်သည် စင်ပေါ်တွင် သူ့ကို ဘော့စတွန် ဆင်ဖိုနီ တီးဝိုင်းကြီးဖြင့် ယောက်တည်း ထားပစ်ခဲ့ပြီး စင်ပေါ်မှ ဆင်းသွားသည်။

အမှန်က သူတို့ တီးဝိုင်းကြီးထဲတွင် လက်ထောက် တီးဝိုင်း ခေါင်းဆောင် အများကြီး။ တီးဝိုင်းဆရာ ပင်ပန်းလျှင် ဝင်ပြီး အချက်ပြဖို့ လက်ထောက် တစ်ပုံတစ်ပင်။ ယခု တီးဝိုင်းကို သူတို့ကို တစ်ယောက်မျှ မလွှဲ။ လက် ောက် တီးဝိုင်း ခေါင်းဆောင်များသည် နွေရာသီ နေပူလယ်ကောင်ကြီးတွင် နေရသလို မျက်နှာတွေ ထူပူ ကျန်ရစ်ခဲ့ရသည်။

သူက ဒင်နီ ပျော်လိုက်သည့် ဖြစ်ခြင်း။ တည်းခိုခန်းသို့ ပြန်ရောက်သည်နှင့် နီသည် ဆရာ လင်ဒေါထံသို့ တယ်လီဖုန်းဆက်သည်။

'အေး ဝမ်းသာတယ်၊ မင်းမိဘတွေလည်း ဝမ်းသာကြမှာပဲ' ဟု ဆရာ ဒေါက ပြော၏။

'ဟုတ်... ဟုတ်ကဲ့ ဆရာ၊ မေမေနှင့် တွေ့ရင်သာ ဒီအကြောင်း ပြော '

'ဒီမှာ ဒင်နီ၊ မင်းအဖေနှင့် မင်းတို့ စိတ်ကောက်နေတာ ကြာလှပြီလို့ ထင်တယ်၊ ဒီတော့ ဒီလို အခြေအနေမျိုး ရောက်တာကို အခွင့်ကောင်းယူပြီး ို့ သားအဖ သင့်မြတ်ဖို့ ကောင်းပြီ ထင်တယ်'

ဆရာ လင်ဒေါက လေးနက်စွာ ပြော၏။

'ကျွန်တော့်ကို နားလည်ပါ ဆရာ၊ ကျွန်တော် အောက်ကျို့တာမျိုးကို...' သူ့အသံသည် ဆို့နစ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



**အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း**

စက်တင်ဘာ ၂၉၊ ၁၉၅

ဖိုမ ကိစ္စ။

ကာယလုပ်အား အကြောင်းကို သိအောင် ဆိုပြီး အဖေက ငါ့က တစ်နွေလုံး ဆောက်လုပ်ရေး လုပ်ငန်းတွေကို အလုပ်ခိုင်းတယ်။ တွေ သံတွေ အရွဲသားနှင့် မောလိုက်တဲ့ အလုပ်။ အလုပ် လုပ်ရင်း ဖို ကိစ္စ အကြောင်းကို ငါ တွေးနေမိတယ်။ ငါ့အခန်းဖော်တွေ ဖြစ် နီဝေါနှင့် ဝစ်ဂယ်တို့ကတော့ ခုလောက် ဆိုရင် ဥရောပ ကမ်းခြေ မှာ ဇိမ်နှင့် အနားယူကြလို့ပေါ့။ ရွက်လှေ စီးပြီး ငြိမ့်လို့ပေါ့။ ငါ့မှာသ အုတ်ခဲပုံတွေနှင့် အလုပ် များနေရတာ။

နောက်တစ်နှစ် ဟားဗတ် တက္ကသိုလ်ကို ပြန်လာတော့လည် ဘယ်တော့မှ စာမေးပွဲ မကျခဲ့ဖူးတဲ့ ငါဟာ အစွမ်းကုန် ကြိုးစားခဲ့တယ် ဟုတ်တယ်။ ငါ ဆိုတဲ့ကောင်က နောက်တစ်ခါ ထပ်ပြီး ကြိုးစား သတ္တိရှိတဲ့ ကောင်မျိုး မဟုတ်ဘူး။

ငါလည်း လူပျိုဘဝကို ဆုံးရှုံးရတော့မယ်။

မိုက်ကယ်နှင့် ဒစ်တို့က မြို့ထဲက ပြန်လာရင် သူတို့ စွန့်စားခန် တွေကို သွားရည်ကျလောက်အောင် ပြောတတ်ကြတယ်။ သူတို့တွေ့တဲ့ ဟာတွေကလည်း လူမျိုးစုံပဲ။ အရွယ်ကလည်း မျိုးစုံပဲ။

ဒါပေမဲ့ ငါကလည်း သူတို့ကို ဘာမှ မမေးဘူး။ အမျိုးသမီးတွေ တယ်လီဖုန်း နံပါတ် တောင်းဖို့ ဆိုတာတော့ မပြောနှင့်တော့။ အတိုင်း ဆိုရင် ငါ့ကို ဝိုင်းရယ်စရာ ဖြစ်နေမှာပေါ့။ ထမင်းစားခန်းထဲက စားပွဲထိုးတွေကတောင် ငါ့ကို ဝိုင်းရယ်ကြလိမ့်မယ် ထင်တယ်။

ဒီလောက်တောင် ရှိလှတာ စကိုလေ ပန်းခြံနားက နာမည်ကြီးတဲ့ အရက်ဆိုင်တွေ တစ်ဝိုက်မှာ သွားပြီး ကျက်စားရမလားလို့ ငါ စဉ် စားသေးတယ်။ ဒါပေမဲ့ ငါ တစ်ယောက်တည်း မသွားရဲဘူးလေ။ ပြ တော့ ဒီလို သွားရတာကိုက ကောင်းတော့ မကောင်းဘူး။

ဘယ်သူ့ကိုများ အကူအညီ တောင်းရမလဲ။

အဆင်သင့်ပဲ။ စာကြည့်တိုက် သင်တန်းကို စဆင်းတဲ့ စနေနေ့





ညနေမှာ ထမင်းစား ပြန်လာတော့ ထမင်းစားခန်းမှာ လင်းဗရိစ်နှင့် တွေ့တယ်။

ည်တစ်ကြိမ်တွင်မူ အရေးကြီးသည့် စကားတစ်ခွန်း ပြောစရာ ရှိသည် ဆို က သူ့ အခန်းသို့ လာရောက် ခေါ်သူက အင်ဒရူး။

လင်းဗရိစ်သည် စဉ်းစား မရအောင် ဖြစ်နေသည်။ အင်ဒရူး သည် လောက် စိတ်လှုပ်ရှားနေသည်ကို သူ တစ်ခါမျှ မမြင်စဖူး။

'ဘာများ ဒီလောက် အရေးကြီးနေတာလဲဗျ'

'ဘယ်လိုလဲ၊ ကျောင်းပိတ်ရက်မှာ ပျော်ခဲ့ရဲ့လား'

'မဆိုးပါဘူး၊ ပျော်ပါတယ်၊ ဒါပေမဲ့ ဆာရာနှင့်တော့ သိပ်တွေ့လို့ မရ တော့ဘူးပေါ့ဗျာ၊ တစ်ပတ်မှာ တစ်ခါလောက်ပဲ တွေ့ရတော့တယ်၊ ဆိုပါဦး၊ ဘာတွေ ပြဿနာ ပေါ်နေလို့လဲ'

အင်ဒရူး ဘယ်လို ပြောရမည် မသိ။ ငိုင်နေသည်။

'ဒီမှာ လင်းဗရိစ်၊ လျှို့ဝှက်ချက် တစ်ခုကို ခင်ဗျား ထိန်းထားနိုင်ပါ့မလား'

'ဟေ့လူ၊ ခင်ဗျား ကျုပ်ကို ဘယ်သူလို့ ထင်နေလို့လဲ၊ ခင်ဗျားနှင့် ကျုပ် ဟာ အိမ်ငှားနှင့် အိမ်ရှင်လေဗျာ'

အင်ဒရူးက နောက်ထပ် ဘီယာ တစ်လုံးကို ဖွင့်ပြီး တကျိုက်ကျိုက် သောက်နေသည်။

'အင်း ခင်ဗျားတော့ သိမလား မသိဘူး၊ ကျွန်တော်က ရှစ်နှစ်သားလောက် ကတည်းက ဒေါ်ဒါမှာ ကျောင်းအိပ် ကျောင်းစား နေလာခဲ့ရတာ၊ ဒီတော့ န်းကလေး ဆိုရင် ကျောင်းက လက်ဖက်ရည်ပွဲတွေမှာ လာကတဲ့ မိန်းကလေး တွေလောက်ပဲ မြင်ဖူးတယ်၊ အေးတိအေးစက်နှင့် မထုံတက်သေး ကောင်မလေး တွေ'

'ဟုတ်ပြီ၊ ခင်ဗျား ပြောတဲ့ ကောင်မလေးတွေကို ကျွန်တော် သိပြီ'

'ခင်ဗျားတို့ ကျောင်းက ယောကျ်ားကလေးနှင့် မိန်းကလေး အတူ တွဲ တဲ့ ကျောင်း မဟုတ်လား'

'ဒါပေါ့ဗျ၊ ဒါကြောင့်မို့ ကောင်မလေးတွေနှင့် တွေ့ရင် ကျွန်တော် ကြောင်တောင်တောင် ဖြစ်မနေတာ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီတော့ ခင်ဗျား ငယ်ငယ်လေး ကတည်းက ကောင်မလေးတွေနှင့် တွဲဖူးမှာပေါ့'

'အင်း၊ တွဲဖူးတယ် ထင်တာပဲ'

လင်းဗရိစ်က အင်ဒရူး စိုးရိမ်တကြီး ဖြစ်နေပုံကို သတိ မထားမိသည့် ဟန်ဖြင့် အေးစက်စက် ပြောသည်။

'မှန်မှန် ပြောစမ်း၊ ခင်ဗျား မိန်းမနှင့် ပထမဆုံး စတွေ့တော့ အသက် ဘယ်လောက် ရှိပြီလဲ'

'ထုံးစံအတိုင်းပါပဲ၊ နည်းနည်းတောင် နောက်ကျသေးတယ်လို့ ပြောနိုင်သေးတယ်၊ အတိအကျ ပြောရရင် ဆယ့်ခြောက်နှစ်သားလောက်ပဲ ရှိဦးမှာပေါ့'

'ပရို (ကြေးစား) လား၊ အမက်ချာ (အပျော်) လား'

'အဖါဘိ အင်ဒရူးရာ၊ ဘာဖြစ်လို့ ပိုက်ဆံ အကုန်ခံရမှာလဲ၊ ဂလိုရီယာ ဆိုတဲ့ ပထမနှစ် ကျောင်းသူကလေး၊ ဆတ်စလူးကလေး၊ ခင်ဗျားကော'

'ကျွန်တော်လား'

'ဘယ် အရွယ်လောက်မှာ စတွေ့ဖူးတာလဲ'

'အင်း ခင်ဗျား ကြားရင် လန့်သွားမလားတော့ မသိဘူး' ဟု အင်ဒရူးက မသက်မသာ ပြောသည်။

'ဘာလဲ၊ ဆယ်နှစ်သားလောက် ကတည်းက ကလေးထိန်းတဲ့ နာနီနှင့် ဖြစ်တယ်လို့ ပြောမလို့လား'

'သိပ်ဖြစ်ချင်တာပေါ့ဗျာ၊ နီဝေါကတော့ အဲဒီအရွယ်မှာ ကလေးထိန်းတဲ့ နာနီနှင့် ဖြစ်သတဲ့၊ အင်း ကျွန်တော်ကတော့ အို ပြောရတာ တော်တော်တော့ ခွကျတယ်ဗျာ၊ ကျွန်တော်လေ ကျွန်တော် ခုထိ တစ်ယောက်နှင့်မှ မတွေ့ဖူးသေးဘူး'

ပြောမည့်သာ ပြောလိုက်သည်။ ထိုစကားကို ကြားလျှင် လင်းဗရိစ်က သူ့ ဖြစ်ပုံကို ကြည့်၍ အားရပါးရ ရယ်လိမ့်မည် ထင်သည်။ သို့ရာတွင် လင်းဗရိစ် မရယ်။ အင်ဒရူးကို စိတ်မကောင်းသည့် ဟန်ဖြင့် ကြည့်ကာ

'ဟေ့လူ၊ ဒီလိုဆိုရင် ခင်ဗျား ဘာဖြစ်နေပြီလဲ၊ ပြဿနာ ပေါ်နေလို့လား'

'ပြဿနာကတော့ မပေါ်ပါဘူး၊ ဒါပေမဲ့ မိန်းမနှင့် တွေ့ရမှာ ကျွန်တော် သိပ်ကြောက်နေတယ်၊ ကောင်မလေးတွေနှင့် အများကြီး တွဲခဲ့ဖူးတယ်၊





ကျွန်တော် စရင် ခွဲမှာလည်း သေချာတယ်၊ ဒါပေမဲ့ ကျွန်တော် မစရဲဘူး၊ ကြောက်နေတယ်၊ ပြီးတော့ အဲ ရှင်းရှင်း ပြောရရင် ဘယ်လို စရမှန်းလည်း မသိဘူး၊ သျှတ္တရကျမ်းတွေ ဘာတွေကိုလည်း ဖတ်ကြည့်တာပဲ၊ စာတွေ ဖတ်ပြီးတော့ ဟုန်သွားပြီး ဘယ်လို စရမှန်းတောင် မသိတော့ဘူး၊ ကျွန်တော် ပြောတာကို ခင်ဗျား နားလည်ပါ့မလား မသိဘူး'

လင်းဗရိစ်က အတွေ့အကြုံ ရှိသည့် လူကြီးသူမဟန်ဖြင့် အင်ဒရူး၏ ပခုံးကို ကိုင်သည်။

'ဒီမှာ ကိုယ့်လူ၊ ခင်ဗျားမှာ လေ့ကျင့်ခန်း လိုနေတယ်၊ ဘောလုံးသမားတွေ ပြောသလို ပြောရရင် ကွင်းဖွင့်ဘောကို စကန်ဖို့ လိုတယ်'

'ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ခင်ဗျားကို ဒုက္ခ မပေးချင်ဘူး'

'အမယ်လေး၊ ဘာမှ အပန်းမကြီးပါဘူး၊ ဒီမှာ အထက်တန်းကျောင်းက ကောင်မလေးတွေ အများကြီးပဲ၊ ဟားဗတ် တက္ကသိုလ်က မောင်တစ်ယောက်နှင့် တွဲရရင် ကတောင် လိုက်သေးတယ်၊ ခင်ဗျားတို့လို အဲလီယော့ဆောင်က မောင်မျိုးနှင့် ဆိုရင် မပြောနှင့်တော့'

'ဒါမျိုးတွေ ကျတော့ လွယ်လွယ်နှင့် ဘယ်ရမလဲဗျ၊ သူတို့နှင့် စကား ပြောရဦးမယ်၊ ထမင်းစားလေး ဘာလေး ဖိတ်ရဦးမယ်၊ ရုပ်ရှင်ကလေး ဘာလေး ကြည့်ရဦးမယ်'

အင်ဒရူး၏ အသံက စိတ်အား ထက်သန်နေသည့် အသံ။

'မလိုပါဘူးဗျ၊ ထမင်းစား ခေါ်ဖို့လည်း မလိုဘူး၊ ရုပ်ရှင် ပြဖို့လည်း မလိုဘူး။ ခင်ဗျား အခန်းကို ဖိတ်လိုက်ရုံပဲ၊ ကျန်တာတွေ အလိုအလျောက် ဖြစ်သွားလိမ့်မယ်၊ စိတ်မပူက်နှင့်၊ ခင်ဗျားဖို့ ကျွန်တော် ကောင်မလေး တစ်ယောက် ချိန်းထားတယ်၊ အပျံစားထဲက'

'ဟေ့လူ၊ သိပ် အပျံစားထဲက ဆိုရင် မဖြစ်သေးဘူးဗျ၊ ကျွန်တော်က အောက်ခြေက စပြီး တဖြည်းဖြည်း တက်သွားချင်တာ၊ ကျွန်တော် ပြောတာ ခင်ဗျား သဘောပေါက်မလား မသိဘူး'

လင်းဗရိစ် ရယ်သည်။

'ဩော် အင်ဒရူး၊ အင်ဒရူး၊ ဒီလောက်လည်း ကိုယ့်ကိုယ်ကိုယ် ထိန်းပြီး သူတော်ကောင်းကြီး လုပ်မနေစမ်းပါနှင့်ဗျာ၊ လောကကြီးမှာ နေရတာက ... လောက် ကြီးစားဖို့ မလိုပါဘူး၊ ရှုပ်တယ်ဗျာ၊ မနက်ဖြန် ဆယ့်နှစ်နာရီ ဆယ့် ... မိနစ်မှာ ဗရစ်ဟန် စတိုး ရှေ့ကို လာခဲ့၊ ကျွန်တော် စောင့်နေမယ်၊ အဲဒီက



www.burmeseclassic.com

www.burmeseclassic.com



အိုက်စကရင် ရောင်းတဲ့ ကောင်မလေးက သိပ်နိပ်တာ၊ အသားဖြူဖြူ ငါး၏ ကိုယ်ကလေး'

လင်းဗရိုစ်က ထိုင်ရာမှ ထပြီး သမ်းနေသည်။

'ကဲ တော်တော် နောက်ကျသွားပြီ၊ ကိုးနာရီမှာ ကျွန်တော် ဆိုင်ကို သွားရဦးမယ်'

အင်ဒရူးသည် အထိတ်တလန့် ဖြစ်၍ ကျန်ရစ်ခဲ့၏။ သည်လောက် လွယ်လိမ့်မည်ဟု နည်းနည်းကလေးမျှ မထင်။ သူ မေးချင်သည့် မေးခွန်းတွေ က သန်းပေါင်း များစွာ။

နောက်တစ်နေ့ နေ့လယ် ဗရစ်ဟန် စတိုးဆိုင် ရှေ့သို့ ရောက်သည့် အခါ၌ အင်ဒရူးက လင်းဗရိုစ်ကို ခပ်လန့်လန့်ဖြင့် နှုတ်ဆက်၏။

'စောင့်လိုက်ရတာ ကြာလှပြီဗျာ'

'သိပ် နောက်မကျပါဘူးဗျ၊ အတန်းက ဆယ့်တစ်နာရီမှ လွှတ်တာ၊ ဒီ လောက်လည်း မလောနှင့်၊ လာ သွားရအောင်'

'နေပါဦး၊ ကျွန်တော်က ဘာလုပ်ရမှာလဲ'

လင်းဗရိုစ်က လေသံကလေးဖြင့်

'လာပါ၊ ကျွန်တော်နှင့် အတူ ဆိုင်ထဲကိုသာ လိုက်လာခဲ့၊ ဟိုကျတော့ အိုက်စကရင် တစ်ယောက် တစ်ခွက်စီ မှာမယ်၊ လူရှင်းရင် ခင်ဗျားနှင့် လောရိန်းကို မိတ်ဆက်ပေးမယ်'

'လောရိန်း ဆိုတာ ဘယ်သူလဲ'

'ခင်ဗျားကို ကောင်းကင်ဘုံ ပို့ပေးမယ့် နိုင်ငံကူး လက်မှတ်လေ၊ ကောင်မလေးက သဘောလည်း ကောင်းတယ်၊ ဟားဗတ် တက္ကသိုလ် ကျောင်း သား ဆိုရင် အထင်လည်း ကြီးတယ်'

'ပြီးတော့ ကျွန်တော်က ဘာပြောရမှာလဲ'

'ခင်ဗျားက ပြုံးပြဗျာ၊ ပြီးတော့ ညနေမှာ ထမင်းစား လိုက်နိုင်မလား လို့ မေး၊ လောရိန်းကလည်း လောရိန်း ဆိုတော့ လိုက်မယ်လို့ ပြောလိမ့်မယ်'

'ခင်ဗျားက ဘာဖြစ်လို့ ဒီလောက် သေချာပေါက် အာမခံနေရတာလဲ'

'သူ့ တစ်သက်မှာ ဟင့်အင်းလို့ တစ်ခါမှ မငြင်းခဲ့ဖူးလို့ပေါ့'

ရေခဲမုန့်ဆိုင်ထဲက ကောင်တာဆီသို့ သူတို့ လျှောက်လာသည့် အခါ လောရိန်း ထွက်လာသည်။ လင်းဗရိုစ် ပြောသည့် စကားက သွေးထွက်အောင်





မှန်သည်။ ကောင်မလေးက တကယ့် အပျံစား။ သူတို့ တစ်တွေ အာလာပ သလ္လာပ ပြောနေကြစဉ် လောရိန်းက ကောင်တာပေါ်တွင် ကုန်းပြီး စကား ပြောနေသည်။ အင်ဒရူးသည် လျှော့ရီ လျှော့ရဲ ဝတ်ထားကာ ကြယ်သီး တစ် ချို့ ဖြုတ်ထားသည့် သူ့ ရင်အုံကို ငေးကြည့်နေ၏။

တကယ်လား အိပ်မက်လားဟု အင်ဒရူး ခွဲခြားမရချင်။ မနေ့ညက သူ ဗွ္ဒ ကျမ်းများကို နှစ်ခေါက် သုံးခေါက်လောက် ဖတ်ခဲ့ရလျှင် အကောင်း သား။

'ရှင်က ဘယ်အဆောင်မှာ နေတာလဲ'

'အဲလီယော့ ဆောင်မှာပါ' ဟု အင်ဒရူးက မဆိုင်းမတွ ဖြေသည်။ ထို နောက် လင်းဗရိုစ်က သူ့ နံကြားကို တံတောင်ဖြင့် တွက်လိုက်၏။

'ညနေ အားရင် တို့နှင့် လိုက်ခဲ့ပါလား'

'လိုက်တာပေါ့၊ တက္ကသိုလ် ဝင်းထဲက ဈေးဆိုင်တွေက လေးနာရီမှ ပိတ်တယ် မဟုတ်လား၊ ဂိတ်က စောင့်နေလေ၊ လာခဲ့မယ်၊ ကဲ ကျွန်မ ဈေး ဝယ်တွေ ကျနေလို့ သွားလိုက်ဦးမယ်နော်၊ ခွင့်လွှတ်'

ဘယ့်နှယ်လဲ၊ အဆင်ပြေတယ် မဟုတ်လား' ဟု အပြင် ရောက်လာသည့် အခါတွင် လင်းဗရိုစ်က မေး၏။

'အဆင်ပြေရဲ့လား' တဲ့။ ပြေသမှ သိပ်ပြေ။ ပြေလွန်းလို့ လဲ၍ပင် ကျသွားချင်သည်။

'ဒီမှာ လင်းဗရိုစ်၊ ကျွန်တော့်ကို သင်တန်းကလေး ဘာလေး မပေး တော့ဘူးလား၊ ပထမ လှုပ်ရှားမှုကို ဘယ်လို စရမလဲ ဆိုတာမျိုးပေါ့ဗျ'

ဟားဗတ် တက္ကသိုလ် ဝင်းထဲတွင် အတန်းတွေ ဆင်းချိန် ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူတွေ ဥဒဟို သွားလာနေကြသည်။ လင်းဗရိုစ်သည် မြက်ခင်း အလယ်တွင် ရပ်လိုက်၏။

'ဒီမှာ ကိုယ့်လူ၊ အပိုတွေ သိပ် ပြောမနေနှင့်၊ အမှတ်တမဲ့ ပြောသလို နှင့် တန်းပြောလိုက်၊ ကိုယ်နှင့် အတူတူ မအိပ်ချင်ဘူးလားပေါ့'

'ခင်ဗျားဟာက ပေါ်တင်ကြီးဗျာ'

'ဒီမှာ အင်ဒရူး၊ သူဟာ ဒေါရစ် ဒေး မဟုတ်ဘူး၊ သူ ကိုယ်တိုင်က ဟား ဗတ် တက္ကသိုလ် ကျောင်းသား ဆိုရင် သဘောကျပြီးသား'

'တကယ်လားဗျ'



www.burmeseclassic.com

www.burmeseclassic.com



'တကယ်ပေါ့'

လင်းဗရိစ်က အိတ်ထဲသို့ နှိုက်ပြီး တစ်စုံတစ်ရာကို ထုတ်ပေးလိုက်သည်။

'ဒါက ဘာလဲဗျ'

'ဘေးဆီးရန်ကာ ပစ္စည်း၊ ကိုယ်က ဂရိလူမျိုး ဆိုတော့ မောင်ရင့်ကို ထရိုဂျင် မြင်းတစ်ကောင် ပေးတယ်လို့ပဲ သဘောထားလိုက်ပေါ့'

လင်းဗရိစ်က ပြုံး၍ ပြောသည်။

## အင်ဒရူး အဲလ်သီယော့၏ နေ့စဉ် မှတ်တမ်း

စက်တင်ဘာ ၃၀၊ ၁၉၅၆။

သိပ် ပျော်စရာကောင်းတဲ့နေ့။

ဒီနေ့ကို မမေ့နိုင်တော့ဘူး။ ငါ့ကို ကူညီခဲ့တဲ့ လင်းဗရိစ် ကျေးဇူးကို မမေ့နိုင်တော့ဘူး။ ပြီးတော့ လောရိန်းကိုလည်း ဘယ်မှာ မေ့နိုင်ပါတော့မလဲ။

စက်တင်ဘာလထဲတွင် ဒင်နီ ကျောင်းသို့ ပြန်လာခဲ့သည်။ သူ့ လောက အမြင်သည် ပြောင်းသွားပြီ။ သူ့ကိုယ်သူ မြင်သည့် အမြင်သည်လည်း ပြောင်းသွားပြီ။ ကမ္ဘာကျော် စန္ဒရား ဆရာကြီး အာတာ ရူဗင်စတိုင်းက သူ့ စန္ဒရား လက်သံကို ချီးကျူးသွားခဲ့သည်။ တကယ့် ဆင်ဖိုနီ တီးဝိုင်းကြီးကို သူ ခေါင်းဆောင်၍ တီးခဲ့ပြီးပြီ။ တစ်မိနစ်မျှသာ တီးရသည် ဖြစ်စေ အကြောင်းမဟုတ်။

သူသည် မြာပွေသူ တစ်ယောက် မဟုတ်သည့်တိုင် မိန်းမနှင့် ခဏ တစ်ဖြုတ် တွေ့လိုက်ပြီးသည့်နောက် (တိတိကျကျ ပြောရလျှင် နှစ်ကြိမ်) စိတ်ဝင်စားစရာ အသစ် တစ်ခုကို တွေ့လာသည်။ ယင်းမှာ စန္ဒရားခလုတ်များ ဖြစ်သည်။ ယခုမူ အခန်းထဲတွင် စတိန်းဝေး စန္ဒရားကြီး တစ်လုံး ရှိနေပြီ ဆိုလျှင် ဗရစ်ဂျစ် ဘားဒေါ့နှင့် တွေ့ရမည်ကိုပင် မကြောက်တော့။

ဆို ရေး တီး စသည့် ဘက်ပေါင်းစုံ တကယ့် ဂီတသမား တစ်ယောက်





ဖို့အတွက် တစ်ခုသာ လိုသည်။ ယင်းမှာ သီချင်းစပ်ဖို့ပင် ဖြစ်သည်။ ဆရာ လတာသည် ကတိပေးထားသည့် အတိုင်း ဒင်နီကို သူ့ သီချင်းစပ် သင်တန်းသို့ ခေါ်သွားသည်။ ဒင်နီကလည်း သီချင်းတွေကို အားသွန်ခွန်စိုက် သည်။

ကျောင်းသားဘဝက သူ လွတ်ချင်လှပြီ။ ကျောင်းသား၏ အဆောင်အယောင်တွေကို သူ စွန့်ပစ်ချင်လှပြီ။ သူ့ကို နာမည်ကျော် စန္ဒရား ဆရာကြီး ခင်ဦး၏ တပည့်၊ အချစ်တော်၊ လက်စွဲ အဖြစ် သိခဲ့ကြရာ ယခု ထို အရာမျိုး ကို မလိုချင်တော့ပြီ။ သူ့တွင် ထိုသို့ အမြှောင် ဂုဏ်ထူး ဝိသေသတွေ များလှ ပြီ။ ယခု သူကိုယ်တိုင် နာမည်ကျော် ပုဂ္ဂိုလ်ကြီး တစ်ယောက် ဖြစ်ချင်နေပြီ။

သီချင်းရေး သင်တန်းကို တက်ကြည့်လိုက်တော့ သူ တော်တော် စိတ် ပျက်သွားသည်။ သင်တန်းတွင် သင်ကြားပေးသည်မှာ ထူးထူးဆန်းဆန်းရယ် လို့ ဘာမှ မရှိ။ ရှေးက နာမည်ကျော် ဆရာကြီးများ၏ တေးသီချင်းကြီးများ ကို အတီး ကျင့်ပြီး သူတို့ ဟန်အတိုင်း တေးသီချင်း စပ်ကြည့်ခိုင်းရုံမျှသာ ဖြစ်သည်။ ဒင်နီက စိတ်ပျက် လက်ပျက်ဖြင့် ထိုအကြောင်းကို သင်တန်း ပါမောက္ခ ဝေါလတာကို ပြောပြသည့် အခါတွင် ပါမောက္ခက ထိုသို့ အဘယ် ကြောင့် လေ့ကျင့်ခိုင်းရကြောင်းကို ရှင်းပြ၏။

'တေးကဗျာမှာပဲ ဖြစ်ဖြစ်၊ စကားပြေ အရေးအသားမှာပဲ ဖြစ်ဖြစ် ထင် ရှားခဲ့ကြတဲ့ ဆရာကြီးတွေဟာ အစတုန်းကတော့ သူများရေးတာကို အတုခိုး ရေးရာက အစပြုခဲ့တာချည်းပဲကွ၊ ဒီတော့မှ ဟန်ဆိုတဲ့ သဘောကို ပေါက်လာ တာတာ၊ အဲဒီလို ဟန်ရဲ့ သဘောကို ပေါက်လာတော့မှ ကိုယ်ပိုင်ဟန်ကို တင် တီထွင်လာကြရတာ၊ စိတ်ရှည်မှပေါ့ တပည့်ရ၊ မိုးဇက် ငယ်ငယ်တုန်း က သူ့ သီချင်းတွေကို ဟိုင်းကို အတုခိုး ရေးခဲ့တာ၊ ဘီသိုဗင်လည်း အစတုန်း က မိုးဇက်ကို အတုခိုးပြီး ရေးခဲ့တာပဲ၊ ဒီလောက်လည်း လောဘမကြီးပါနှင့် သည့်ရာ၊ မင်း အသိုက်အဝန်းကောင်းနှင့် နေရတာပါ'

ဒင်နီသည် ဆရာ၏ စကားများကို ကြား၍သာ ကြားနေရသည်၊ နား ခံခြင်း မရှိ။ ထိုနှစ်က နွေရာသီတွင် သူ့အဖို့ ထူးခြားသည့် အဖြစ်နှင့် ကြုံရ သည်။ ဒင်နီသည် ပါမောက္ခ ဝေါလတာ၏ စကားအတိုင်း သူ့ သင်တန်းကို လိုက်နေရသော်လည်း တစ်ဖက်တွင် သူ့ ဂီတ ကိုယ်ရည်ကိုယ်သွေးကို ဖော် ထုတ်နိုင်မည့် နည်းလမ်းများကို ရှာနေသည်။

ကြာကြာ မရှာလိုက်ရ။ တစ်ညနေ သူ့ အခန်းထဲရှိ စားပွဲတွင် ထိုင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှ ပေးလိုက်သည့် စာစီစာကုံး တစ်ပုဒ် ရေးနေစဉ် တယ်လီဖုန်းမြည်သံ ကြားလိုက်ရသည်။

'ဒင်နီ ရော့ဆီလား ရှင်' ဟု မရဲတရဲ မေးလိုက်သည့် မိန်းကလေး တစ်သံ ပေါ်လာ၏။

'ဟုတ်ပါတယ်'

'ကျွန်မ မာရီယာ ပါးစချားပါ၊ ရက်ကလစ် မိန်းကလေး ကျော ဆောင် အက အနုပညာ အသင်း ဥက္ကဋ္ဌပါ၊ အဲဒါလေ ဟို ဟို သိပ်တော့ ကြ ကြီးကျယ်ကျယ် မထင်ပါနဲ့နော်၊ ကျွန်မတို့ အနုပညာ အသင်းက ဒီနှစ် ဦးပေါက်မှာ ကိုယ်ပိုင် ဘဲလေး ကဇာတ် တစ်ခု တင်မယ်လို့ စီစဉ်ထား တယ်၊ ကဇာတ် သီချင်းတွေကို ရေးဖို့ စဉ်းစားကြတော့ ရှင့်နာမည်ကို ပထ ဆုံး ခေါင်းထဲ ပေါ်လာကြတာပဲ၊ ကျွန်မ ပြောတာ ရှင်မှာ သိပ် တာဝန်ကြ နေတယ် ဆိုရင် ပြောပါရှင်၊ ကျွန်မ ဆက်ပြီး နားမပူတော့ပါဘူး'

'အို အို မကြီးပါဘူး၊ ကျွန်တော် စိတ်ဝင်စားပါတယ်'

'ဟုတ်လား၊ စိတ်ဝင်စားတယ်လား' ဟု မာရီယာက ဝမ်းသာအား မေး၏။

'စိတ်ဝင်စားပါတယ်၊ အက သင်ပေးမယ့်လူက ဘယ်သူလဲ'

မာရီယာက ခပ်ဆိုင်းဆိုင်းဖြင့်

'ဟုတ် ဟုတ်ကဲ့၊ ကျွန်မ ဆိုပါတော့၊ သိပ်တော့ မတတ်ပါဘူး၊ ဒါပေ ကျွန်မက ဆရာမကြီး မာသာ ဂရေဟမ်ဆီမှာ သင်တန်း တက်ခဲ့ဖူးတယ်လေ ပြီးတော့'

'ဟုတ်လား၊ ကျွန်တော်တို့ နှစ်ယောက်စလုံး ဘွဲ့မရသေးတဲ့ ကျော သား ကျောင်းသူချည်းပဲ၊ ဒီတော့ အဲလီယော့ဆောင်ကို ညစာစား လာခဲ့ပါလာ ညစာစားရင်း စကားပြောကြရအောင်'

ဒင်နီက လောကွတ်တွေ ပိုသည်။

'ကောင်းတာပေါ့၊ ဒီလိုဆိုရင် ကျောင်းအုပ်ကြီး ရုံးခန်းနားမှာ ည ငါးနာရီခွဲလောက်မှာ စောင့်နေမယ်လေ'

'ငါးနာရီလောက် မလာနိုင်ဘူးလား၊ ငါးနာရီလောက် ရောက် ထမင်း မစားခင် ကျွန်တော့် အခန်းမှာ အေးအေးဆေးဆေး စကားပြောခ ရတာပေါ့'

'ရှင့် အခန်းမှာ'





မာရီယာ့ အသံက စိုးရိမ်သံ ပါနေသလိုလို။

'ဟုတ်တယ်လေ၊ ကျွန်တော့် အခန်းမှာ ဆိုတော့ စန္ဒရားတို့ ဘာတို့ အဆင်သင့် ရှိတယ်၊ ကျွန်တော့် အခန်းမှာ စကား မပြောချင်ရင်လည်း ဆောင်ဘက် သွားတာပေါ့၊ ဒါပေမဲ့ အနားတစ်ဝိုက်မှာ စန္ဒရား ရှိတော့ ကောင်းတာပေါ့'

'ဪ ဟုတ်ပြီ၊ ဟုတ်ပြီ၊ ဒီလိုဆိုရင် ရှင့် အခန်းက ပိုကောင်းတာပေါ့၊ ညနေ ငါးနာရီမှာ တွေ့မယ်လေ၊ ဝမ်းသာလိုက်တာရှင်၊ ကျေးဇူးပဲ'

မာရီယာက တယ်လီဖုန်းကို ချသွား၏။ မာရီယာ တစ်ယောက်သာ လှုပ်ရှားသည် မဟုတ်။ သူလည်း ထို့အတူ။

ဘာလ ၁၄ ရက်နေ့၊ ဗုဒ္ဓဟူးနေ့၊ ညနေ ငါးနာရီ တိတိတွင် ဒင်နီ၏ န်းတံခါးကို ခေါက်သံ ပေါ်လာသည်။

ဒင်နီက လည်စည်းကို ဆွဲဆန့်ကာ တစ်ချက် နှာခေါင်းနဲ့ ရှုလိုက် ည်။ မုတ်ဆိတ်ရိတ်ပြီးနောက် လိမ်းလေ့ ရှိသည့် အလှရည်တွေ ဖုံးပေါ် အော လိမ်းထားသဖြင့် သူ့ အခန်း တစ်ခန်းလုံး အိုးလ်စပိုက်စ် အလှရည်နံ့ မွှန်နေသည်။

'ဝင်ခဲ့ပါ' ဟု ပြောကာ ပြတင်းပေါက်ဆီ ပြေး၍ တံခါးကို မ ဖွင့် ည်။ ထို့နောက် တံခါးမကြီးကို ဖွင့်ပေး၏။

'ဟယ်လို' ဟု မာရီယာက နှုတ်ဆက်သည်။

သူ့ အရပ်က မြင့်သဖြင့် ရုတ်တရက် သူ့ မျက်နှာကို ဒင်နီ ကောင်း ောင်း မမြင်ရ။ သို့ရာတွင် မျက်နှာကို မော့မကြည့်မီ သူ မြင်နေရသည့် ရုပ် သည်ပင်လျှင် တော်တော် စိတ်ဝင်စားစရာ ကောင်းနေပြီ။

မာရီယာသည် ရက်ရက်စက်စက် လှသည်။ ဝိုင်းစက်၍ တဖျပ်ဖျပ် က်နေသော မြေထဲပင်လယ်ရောင် မျက်လုံးပြာပြာကို ရှည်လျား မည်းနက် ဆံပင်များက ပေါင်ခတ်ပေးထားသည်။ သည်နေ့ည အဲလီယော့ဆောင် သူနှင့် အတူ လာ၍ ညစာ စားမည် ဆိုသည်မှာ မယုံနိုင်စရာ မဟုတ် လူတိုင်းကမူ ပါးစပ် အဟောင်းသားဖြင့် ငေးကြည့်ကြပေလိမ့်မည်။

'ရှင်နှင့် စကားပြောခွင့်ရလို့ ဝမ်းသာလိုက်တာ' ဟု မာရီယာက လှိုက် လှဲလှဲ ပြောသည်။

'ကျွန်တော်လည်း ဝမ်းသာပါတယ်၊ ပြီးတော့ မာရီယာရဲ့ ကူးကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ဝင်စားတယ်လေ’

‘ဒါတောင် ရှင့်ကို မာရီယာ ဘာမှ မပြောရသေးဘူးနော်’

‘ဩော်... ကျွန်တော် ပြောတာက ကိုယ်ပိုင် ဘဲလေး ကဇာတ် တင်ကမယ် ဆိုတဲ့ စိတ်ကူးကို ပြောတာပါ၊ ကုတ် အင်္ကျီကို ကျွန်တော် ချွတ်မယ်လေ’

‘ဟင့်အင်း၊ မချွတ်တော့ဘူး၊ နည်းနည်း ချမ်းစိမ့်စိမ့် ဖြစ်နေလို့’

မာရီယာက ခပ်ရွှံ့ရွှံ့ ပြောသည်။

ဒင်နီက ပြတင်းပေါက် သွားပိတ်၏။

‘ဩော် ဟုတ်သားပဲ၊ ကျွန်တော်ကတော့ လေကောင်းလေသန့် တာကို သဘောကျတာ၊ လေကောင်းလေသန့်ကလေး ရှူလိုက်ရရင် ခေါင်းမှာ ကြည်သွားတာပဲ’

ဒင်နီက သူ့ကို ကုလားထိုင်တွင် အထိုင်ခိုင်းသဖြင့် မာရီယာ ဝင်ထိုင်သည်။ သူတို့ နှစ်ယောက် ပြောလိုက်သည့် စကားတွေက ပြတ်တောင်း ပြတ်တောင်း။ အဆက်အစပ် ရယ်လို့ မရှိလှ။ ဆောင်းရာသီ ဒဏ်ကြောင့်ချည်းတော့ မဟုတ်တန်ရာ။

မာရီယာကို ကြည့်ရသည်က ရှက်တတ်ပုံရသည်။ ထမင်းစားခန်းသို့ ရောက်လျှင်တော့ စကားလက်ဆုံ ကျလေမည်လား မသိ။

‘ယမကာလေး ဘာလေး သောက်မလား’

‘ဟင့်အင်း၊ မာရီယာ မသောက်တော့ဘူး၊ အက သင်တန်းသူတွေ အတွက် သောက်လို့ မကောင်းဘူးလေ’

‘အို အို၊ ကျွန်တော်က ရှယ်ရီကို ပြောတာပါ’

ဟားဗတ်တွင် ဆိုရိုးစကား တစ်ခုရှိသည်။ ဝီစကီသည် လူကို ကြွစေသည်။ ရှယ်ရီက ရွစေသည်တဲ့။

‘မာရီယာက ယမကာတို့ ဘာတို့ကို လုံးလုံး မကြိုက်တာပါ’ ဟု တောင်းပန်သံကလေးဖြင့် ပြော၏။

‘ဒီလိုဆို ကိုကာကိုလာရော’

‘ရပါတယ်’

မာရီယာက ဘဲလေး ကဇာတ်တိုကလေး တစ်ပုဒ် တင်ချင်ကြောင်းဖြင့် သူ့ စိတ်ကူးကို ပြောပြသည်။ သူ့စကားများကို နားထောင်နေစဉ် ဒင်နီသည် မာရီယာကို ရွှန်းရွှန်းစားစားကြီး စိုက်ကြည့်နေသည်။ သို့ရာတွင် မာရီယာက





နေသဖြင့် သတိမထားမိ။

မာရီယာက သူ့ စိတ်ကူးကို နာရီဝက်လောက် ပြောပြ၏။

မာရီယာ၏ ဘဲလေး ပြဇာတ်တိုကလေး နာမည်ကို ‘အာကေဒီယာ’ ဟု ည်ပေးထားသည်။ မာရီယာသည် သီအိုကရစ်တပ်၏ ပြဇာတ်များ၊ ဗာဂျီး ပြဇာတ်များနှင့် ရောဗတ် ဂရေစ်၏ ဂရိ ဒဏ္ဍာရီများကို ဖတ်ခဲ့ပြီး ထို မှ ဇာတ်လမ်း အချို့ကို ယူထားသည်။ ဘဲလေးတွင် အဓိက ပါဝင် ကပြ သူများမှာ သိုးကျောင်းသားများနှင့် သိုးကျောင်းသမကလေးများ ဖြစ်ကြ နတ်သမီးကလေးတွေကို လိုက်ဖမ်းနေကြသော နတ်ဆိုးကလေးများက လိုက် ထွက်လိုက် လုပ်နေသည့်ဟန်ကို ဇာတ်ခုံ နောက်ခံတွင် ထည့်ထား

သူ့ ဇာတ်လမ်းက မဆိုး။ တီးလုံး ကောင်းကောင်း ပြကွင်း ကောင်း င်းနှင့် တင်နိုင်လျှင် အောင်မြင်မည် မုချ။

နောက်တစ်နေ့ လက်ဖက်ရည် သောက်ချိန်၌ မနေ့ညက သူ တွဲခဲ့သည့် င်မလေး ဘယ်လောက် လှကြောင်းကို သူ့အနား စားပွဲနားမှ ဖြတ်သွား ကျောင်းသားများ ပြောသွားကြသည်။ ဘယ်သူတွေမှန်းတော့ မသိ။ ဒင် ယောကျ်ားလေးတို့ ထုံးစံ ဂုဏ်ယူ ကျေနပ်စွာ ပြုံးသည်။

ဟုတ်သည်။ အဲလီယော့ ထမင်းစားခန်းထဲတွင် မာရီယာလို ကျောင်းသူ ချော တစ်ယောက်မျှ မလာဖူးသေး။ တချို့ သူငယ်ချင်းများက ‘ဒင်နီ၊ တော် ခရီးရောက်နေပြီလား’ ဟု နောက်သလို ပြောင်သလိုဖြင့် မေးကြ ည်။ မာရီယာ၏ ဂုဏ်သိက္ခာကို ထောက်သောအားဖြင့် ဒင်နီသည် ထို ကြောင်းကို စကား အစပ်မခံ။

သို့ရာတွင် မာရီယာကို သူ့ အဆောင် ပြန်ပို့သောအခါ၌ကား သူ့ တစ် တွင် မာရီယာကို ဘယ်တော့မှ နမ်းခွင့်ရတော့မည် မဟုတ်ဟု ဒင်နီ ထင် သည်။ မာရီယာက အရပ် မြင့်လွန်းသည်။ သူတို့ လုပ်ငန်းအရ နောက် တွင် မာရီယာသည် သူ့ အခန်းသို့ မကြာခဏ ရောက်လာမည် ဖြစ်သည့် သူ့အဖို့ မျှော်လင့်ချက် မရှိ၊ အလားအလာ မရှိ။

မာရီယာ၏ အရပ်က ငါးပေ ဆယ်လက်မ။ စနိုးဗိုက်သည် လူပုကလေး ယောက်တို့၏ ပလေးတိုးနစ် စိတ်ကူးယဉ် အချစ်မိတ်ဆွေမျှသာ ဖြစ် သို့ သူသည်လည်း မာရီယာ၏ ပလေးတိုးနစ် မိတ်ဆွေမျှသာ ဖြစ်မိမ်



www.burmeseclassic.com

www.burmeseclassic.com



## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

နိုဝင်ဘာ ၁၂၊ ၁၉၅

ကျောင်းသားသစ် ဆိုတာ အေးစက်စက် ကုပ်ချောင်းချောင်း မထုံတ
သေးနှင့်လို့ တချို့ လူတွေက ထင်မှတ်မှားကြတယ်။ စိတ်လှုပ်
လွယ်ခြင်း မရှိလို့ ယူဆကြတယ်။ သူတို့မှာ ဆံပင်ဖွပြီး ခေါင်းကု
ရတာမျိုး မရှိ၊ ချွေးပြန်တာမျိုး မရှိလို့လည်း ထင်တတ်ကြတ
အမှန်ကတော့ ဒီလို မဟုတ်ပါဘူး။ ကျောင်းသားသစ်တွေမှာလ
မျက်လုံးနှင့်ပဲ၊ ခြေလက်အင်္ဂါနှင့်ပဲ၊ ခံစားချက်နှင့်ပဲ၊ သူ့ကို သွ
အပ်နှင့် ဆွရင် သွေးထွက်မှာပဲ။ သူ့ကို နာကျင်အောင် လုပ်ရင် အေ
မှာပဲ။ သွေးနှင့်ကိုယ် သားနှင့်ကိုယ် မဟုတ်လား။

ဒီတော့ ကိုယ့်ရဲ့ သူငယ်ချင်းလည်း ဖြစ်၊ အခန်းဖော်လည်း
တဲ့ မိုက်ကယ် ဝစ်ဂယ်ဟာလည်း ဒီအတိုင်းပဲပေါ့။ အရပ် မြင့်မြ
ရှပ်ချောချောနှင့် လေ့လော့သင်း ကပွတိန် ကျောင်းသား တစ်ယော

သူငယ်ချင်းတွေကြားမှာ ပျော်ပျော် နေတတ်ပြီး သူငယ်ချင်းတွေ
ချစ်ကြတဲ့ မိုက်ကယ်ရယ်လေ။ မကြာခင်တုန်းက ဖဲယားဖီးကို အားလ
ရက် ပြန်သွားတော့ အသည်းကွဲ ပြန်လာခဲ့တယ်။ သူ့ရည်းစား
အဆက်ဖြတ်လိုက်ပြီတဲ့။ သူ့ထက် အသက် အများကြီး ကြီးတဲ့
တစ်ယောက်နှင့် လက်ထပ်တော့မယ်လို့ ပြောလိုက်သတဲ့။ အဲဒီလူ
အသက် သုံးဆယ်နား ကပ်နေပြီတဲ့။

မိုက်ကယ်ဟာ သတင်းတွေ အားလုံးကို ဥပေက္ခာ ပြုထားခေ
သလားတော့ မသိဘူး။ အနည်းဆုံး ကျောင်းကို ပြန်လာသည့် အ
တော့ ဥပေက္ခာ ပြုပုံရတယ်။ တစ်ညနေ ထမင်းစားခန်းမှာ တန်းစီ
တော့ သူက စားပွဲထိုး တစ်ယောက်ကို လှမ်းပြီး 'နာတာလူး ပွဲတေ
အတွက် ကြက်ဆင် သတ်စရာ ရှိရင် ကျွန်တော် သတ်ပေးမယ်'
လှမ်းပြောလိုက်တယ်။

သူက ရယ်ရယ်မောမောနှင့် ပြောတော့ စားပွဲထိုးတွေကလည်
နောက်ပြောင်နေတယ်ပဲ ထင်တာပေါ့။ မိုက်ကယ်ဟာ ပြောပြောဆိုဆို





ပါလာတဲ့ လွယ်အိတ်ကြီးထဲက မီးသတ်သမားတွေ သုံးတဲ့ ပုဆိန်ကြီးကို ထုတ်ပြီးတော့ ထမင်းစားခန်းအောက်မှာ လွှတ်ထားတဲ့ ကြက်ဆင်ကြီး တစ်ကောင်ကို လိုက်သတ်နေတယ်။

ထမင်းစားခန်းထဲမှာ စားပွဲတွေ ဖရိုဖရဲ၊ ပန်းကန်ပြားတွေ ကွဲလိုကွဲ၊ ထမင်းစားခန်းထဲမှာ ရောက်နေတဲ့ နည်းပြဆရာတွေ၊ ကျောင်းသားတွေ၊ မိန်းကလေးဆောင်က ဧည့်သည် ကျောင်းသူတွေ လန့်ပြီး ဟိုပြေး သည်ပြေး ဖြစ်ကုန်ကြတယ်။ ဒါနှင့် တက္ကသိုလ်ရဲကို လှမ်းခေါ်ရတယ်။ ဒါပေမဲ့ မိုက်ကယ်က သောင်းကျန်းနေလို့ ရဲနှစ်ယောက်လည်း အနားကို မကပ်ရဲကြဘူး။ နောက်ဆုံးတော့ ဗလ ကောင်းကောင်းနှင့် နည်းပြဆရာ ဝေါလ်တာက ဝင်ထိန်းရတယ်။ ဆရာ ဝေါလ်တာဟာ မိုက်ကယ့် အနားကို တဖြည်းဖြည်း ကပ်လာရင်း သူ့ လက်ထဲက မီးသတ် ပုဆိန်ကြီးကို ပေးဖို့ တောင်းတယ်။

ဒီတော့ မိုက်ကယ်ဟာ သတိရသွားဟန်နှင့် ပုဆိန်ကြီး ကိုင်ပြီး ရပ်နေတာကို ရပ်လိုက်တယ်။ သူ့ လက်ထဲမှာ လူကို သေစေလောက်တဲ့ လက်နက်ကြီး တစ်ခု ရှိနေတယ် ဆိုတာကိုလည်း သည်တော့မှ သတိရသွားဟန် တူရဲ့။ ဘာကြောင့် သူ ဒီလို လုပ်နေတယ် ဆိုတာကိုလည်း သိပုံမရဘူး။

ဆရာ ဝေါလ်တာက ပုဆိန်ကြီးကို ထပ်တောင်းတယ်။ မိုက်ကယ်ကလည်း ယဉ်ကျေးပါတယ်။ 'ဟုတ်ကဲ့ ဆရာ' ဆိုပြီး ပုဆိန်ကို လှမ်းပေးတယ်။

သည်အချိန်မှာ ကျန်းမာရေး ဌာနက ဆရာဝန် နှစ်ယောက် ရောက်လာပြီး ဆရာဝန် နှစ်ယောက်က သူ့ကို ဆေးရုံ ခေါ်သွားတယ်။ ဆရာ ဝေါလ်တာက သူလည်း လိုက်မယ် ဆိုပြီး ဆေးရုံကို လိုက်သွားတယ်။

ဆေးရုံက ဧည့်သည် လာခွင့်ပေးတာနှင့် ကိုယ်လည်း ဆေးရုံကို သွားကြည့်တယ်။ ကိုယ်တို့ တက္ကသိုလ်က ဟာကျူလီလို့ ခေါ်ကြတဲ့ မိုက်ကယ်ကို ကြည့်ရတာ တော်တော် စိတ်မချမ်းသာစရာပဲ။ ငိုလိုက် ရယ်လိုက်နှင့် လုပ်နေတယ်။ ဆရာဝန်တွေကတော့ ကောင်းကောင်း အနားယူဖို့ လိုတယ်လို့ ပြောကြတယ်။ တစ်နည်း ပြောရရင်တော့ သူ ဘယ်တော့မှ ပြန်ကောင်းမယ် ဆိုတာ မပြောနိုင်ဘူး ဆိုတဲ့သဘောပဲ။



www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်ကို ဆေးရုံတင်ပြီး ဆယ်ရက်အကြာတွင် အဆောင်မှူး ဆရာ ဖင်ေ
က စကားပြောရန် ရှိသည် ဆိုကာ အင်ဒရူးကို အခေါ်ခိုင်းလိုက်သည်။

'မိုက်ကယ် အတွက် ဆရာ စိတ်မကောင်းဘူးကွာ၊ သူ ဒီလို ဖြစ်ေ
တယ် ဆိုတာ ဆရာ နည်းနည်းပါးပါးတော့ ရိပ်မိဖို့ ကောင်းတာပေါ့၊ ခုတေ
လုံးလုံးကို မသိလိုက်ဘူး၊ တကယ်တော့ သူ မရှိတာ တို့ကျောင်းဆောင်မှာေ
တို့နှလုံးသားထဲမှာရော ဟာလာ ဟင်းလင်း ဖြစ်ကျန်ရစ်ခဲ့တယ်၊ တက
တော့ လေ့လော့သင်းမှာ ဒီကောင်ဟာ တကယ့် ခေါင်းဆောင်၊ ဒီတော့ သ
နေရာမှာ ငါ ကျောင်းသားသစ် တစ်ယောက်ကို အစားသွင်းရတော့မယ်၊ သ
နာမည်က ဂျော့ ကဲလားတဲ့'

ဆရာ ဖင်လေက နိဂုံးချုပ်သည်။

## ဂျော့ ကဲလား

ဘူဒါပက်စ်၊ အောက်တိုဘာ၊ ၁၉၅၆။

ဂျော့ ကဲလား၏ ကလေးဘဝကို ကြောက်ဖွယ် လူကြီး နှစ်ဦး ကြီးစိ
ခဲ့သည်။ တစ်ယောက်မှာ စတာလင် ဖြစ်ပြီး တစ်ယောက်မှာ သူ့အဖေ ဖြစ်၏
ကွာခြားချက်မှာ စတာလင်က လူသန်းပေါင်း များစွာကို ကြောက်လန့်အော
လုပ်ခဲ့ပြီး သူ့အဖေက သူတစ်ယောက်တည်းကိုသာ ကြောက်လန့်အောင် လု
ခဲ့ခြင်း ဖြစ်သည်။

ဟုတ်သည်။ ဂျော့သည် သူ့ အဖေကို 'ကြောက်ဖွယ် အိုင်ဗန် ဘုရင်
လို့ ထင်နေခဲ့သည်။ သူ့အဖေသည် ဟန်ဂေရီ အလုပ်သမား ပါတီတွင် ခေါ
ဆောင်ငယ်ကလေး တစ်ဦးမျှသာ ဖြစ်ပြီး သူ့သားအား မာ့က်စ်လီနင် ကျမ်းစ
ထွက် စကားများကို ရွတ်၍ ဆုံးမ သွန်သင်တတ်သည်။

'အဖေဟာ ဘာဖြစ်လို့ ငါ့ကို တဆူဆူ လုပ်နေရသလဲ မသိဘူ
တကယ်တော့ ငါက သူ့ထက်တောင် သဘောတရားတို့ ဘာတို့ နားလ
သေးတယ်၊ ပါတီကို ငါ မဝင်ချင်ပေမဲ့ အဖေ့ကြောင့် ငါ ဝင်ခဲ့ပြီးပြီ' ဟ





ညီမ မာရီကာကို ထုတ်၍ ညည်းမိသည်။

မာရီကာက သူ့ကို ဖျောင်းဖျ နှစ်သိမ့်၏။ ဂျော့သည် သူ့ စိတ်ကို သူ
ချုပ်တည်းသည့်တိုင် အဖေက သူ့အား ချုပ်ချယ်သည်ကို မကျေနပ်နိုင်။

'ဘာဖြစ်လို့ ဆူရမှာလဲ၊ အဖေက ကိုကို ဆံပင်ရှည် ထားတာကို နည်း
နည်းမှ ကြည့်လို့ မရတာ၊ တိုတို ထားပါလို့ ပြောနေတာ ကြာလှပြီ မဟုတ်
လား'

'ဘာ၊ ငါက ခေါင်းတုံးဆံတောက်ကြီးနှင့် နေရမှာလား၊ ငါ့ သူငယ်ချင်း
တွေလည်း အဲလ်ဗစ် ပရက်စလေလို ဆံပင်ရှည် ထားနေကြတာပဲ မဟုတ်လား'

'ပြီးတော့ အဖေက ကိုကို့ အပေါင်းအသင်းတွေကိုလည်း မကြိုက်ဘူး၊
အထူးသဖြင့် ဆီရယ်နှင့် ပေါင်းတာကို မကြိုက်ဘူး'

'ဘာဖြစ်လို့ မကြိုက်ရမှာလဲ၊ သူလည်း ပါတီခေါင်းဆောင်ရဲ့ သားပဲ
မဟုတ်လား၊ အကောင်တွေရဲ့ သားတွေတောင် ပါသေးတယ်၊ သူတို့ကျတော့
သူတို့ မိဘတွေက သိပ် အလိုလိုက်တာပဲ၊ ငါ့အဖေလို မဟုတ်ဘူး'

'အဖေက အိမ်မှာနေပြီး စာတို့ ဘာတို့ ကျက်စေချင်တယ်၊ ခုတော့
ကိုကိုက အိမ်မှာ ကပ်တယ်လို့မှ မရှိတာ'

'ဒီမှာ မာရီကာ၊ ငါ ဆယ်တန်းမှာ ပထမ ရခဲ့တဲ့ကောင်၊ ခုဆိုရင်လည်း
ဆိုဗီယက် တရားဥပဒေကို လေ့လာနေတဲ့ ကောင်'

သူတို့ နှစ်ယောက် ပြောနေစဉ် သူတို့အဖေ အစ်ဗန် ကိုလိုဇာဒီ ဝင်လာ
သည်။ သူ့စကားကို သူ ဆုံးအောင် မပြောလိုက်ရ၊ အဖေက အဆုံးသတ်ပေး
သည်။

'မင်းက မင်းကိုယ်မင်း တော်လွန်းလို့ တက္ကသိုလ် ရောက်လာတယ်
ထင်နေသလား၊ ငါ့အရှိန် ဩဇာကြောင့် ဝင်ခွင့်ရတာကွ သိရဲ့လား၊ ငါ့အရှိန်
အဝါသာ မရှိရင် ဘယ်လောက် တော်နေနေ တက္ကသိုလ်ကို ဝင်ခွင့်မရဘူး၊ ခု
လောက်ဆိုရင် လမ်းမှာ တံမြက်စည်း လှည်းနေရပြီ၊ ဝန်ကြီးသား ဖြစ်တာကို
ကျေးဇူးတင်'

'ဝန်ကြီး မဟုတ်သေးပါဘူး အဖေရာ၊ ဒုတိယ ဝန်ကြီး ရှိပါသေးတယ်၊
ပြီးတော့ အဖေ့ရဲ့ ဝန်ကြီးဌာနကလည်း စုပေါင်းလယ်ယာ ဝန်ကြီးဌာနပါ' ဟု
ဂျော့က ဝင်ထောက်သည်။

'နေစမ်းပါဦး၊ မင်းက တို့ ဝန်ကြီးဌာနကို အထင်သေးနေလို့လား'

'အဖေတို့ လုပ်နေတာက လယ်သမားတွေကို သူတို့ ထွန်ချင်တဲ့ လယ်



www.burmeseclassic.com

www.burmeseclassic.com



ကို မထွန်ရဘဲ ခွဲတမ်းနှင့် အတင်း ထွန်ခိုင်းတာပဲ'

'ဟော့၊ တို့က အတင်းအဓမ္မ'

'ဒီမှာ အဖေ၊ သားဟာ လူနုံ လူအ မဟုတ်ဘူး'

'အေး ဟုတ်တယ်၊ မင်းက လူနုံ လူအတော့ မဟုတ်ဘူး၊ လူရမ်းကာ လမ်းသရဲ၊ မင်းကောင်မလေး ဆိုတာကလည်း'

'အဖေ သူ့ကို ဆွဲမထည့်ပါနှင့်၊ သူ ဆေးစပ်ပညာကို ပါတီက အသ ခိုင်းလို့ သင်ရတာ'

'အေး ဘာပဲဖြစ်ဖြစ် မင်း သူနှင့် တွဲနေတာ ငါ့မှာ ထိခိုက်တယ် ကျောင်းလည်း မှန်မှန် မတက်ဘူး၊ ကြည့်လိုက်ရင် လက်ဖက်ရည်ဆိုင်ပဲ ထို အနောက်တိုင်း ဂီတကို နားထောင်၊ ကောင်မလေးက ဒါနှင့်ပဲ အချိန်ကု နေတာ'

အနီကို လက်ဖက်ရည်ဆိုင် ထိုင်ခြင်းသည် အဖေ့အတွက် အရေးမကြီး အဖေ့အတွက် အရေးကြီးသည်မှာ အနီကိုနှင့် အတူ သူ တပူးတွဲတွဲ လုပ် ခြင်းသာ ဖြစ်သည်။ တနင်္ဂနွေ နေ့ကတွင်ပင်လျှင် သူနှင့် အနီကိုတို့ လ ဖက်ရည်ဆိုင်တွင် ထိုင်ကာ ကိုးပေါ်တာ၏ သီချင်းများကို သုံးနာရီခန့် နာ ထောင်ခဲ့ကြသေးသည်။

ဂျော့သည် အဖေနှင့် ရန်မဖြစ်ချင်။ အေးအေးဆေးဆေးသာ ဆွေးနွေ ချင်သည်။

'ဒီမှာ အဖေ၊ အဖေတို့ ပစ္စည်းမဲ့ ဂီတက သာတယ် ဆိုရင် စတာလ ဘုန်းတော်ဘွဲ့ဟာ ဘာဖြစ်လို့ မကောင်းရတာလဲ'

အဖေ၏ မျက်နှာသည် နီရဲသွား၏။ အဖေက သမီးဖြစ်သူ မာရီကာ ဘက်သို့ လှည့်လိုက်သည်။

'တော်ပြီ၊ ဒီ လမ်းသရဲနှင့် ငါနှင့် စကားမပြောတာဘဲ ကောင်းတယ် ဒီကောင်ဟာ မိဘကို ဂုဏ်သိက္ခာကျအောင် လုပ်နေတာ'

'ဒီလိုဆိုရင်လည်း အဖေ့ နာမည် ပြောင်းလိုက်ပေါ့ဗျ' ဟု ဂျော့က ဘုဆတ်ဆတ်ဖြင့် ပြန်ပြောသည်။

'ကောင်းပါတယ် မောင်ရာ၊ မြန်မြန်ပြောင်းလေ ကောင်းလေပဲ'

အဖေသည် ခြေကိုဆောင့်၍ ထွက်သွားကာ အခန်း တံခါးကို ဂျိမ်းခ မြည်အောင် ပိတ်လိုက်သည်။

ဂျော့က ညီမဘက်သို့ လှည့်လိုက်ကာ





'အဘိုးကြီး နှာကစ်သွားပြန်ပြီ၊ ငါက ဘာလုပ်လို့လဲ၊ သူ့ဘာသာသူ တာ မတတ်နိုင်ဘူး'

မာရီကာက ပခုံး တွန့်ပြ၏။ မာရီကာသည် အဖေနှင့် မောင် ကြားထဲ င် ပုဏ္ဏားတိုင် ဖြစ်သည်။ သူတို့ သားအဖ နှစ်ယောက် တကျက်ကျက် ဖြစ် သည်မှာ ကြာပြီ။ အမေ ဆုံးပြီးကတည်းက သူတို့ သားအဖ နှစ်ယောက် ပဋိပက္ခ ကြီးထွားလာခဲ့သည်။ ထိုစဉ်က သူ့အစ်ကို ဂျော့က ငါးနှစ်။ သူက နှစ်ခွဲ။

အမေ ဆုံးပြီးသည့် နောက်တွင် အဖေသည်လည်း မူပြောင်းသွားသည်။ ဖေသည် အမေ မရှိတော့သဖြင့် အထီးကျန် ဖြစ်ကာ စိတ်တိုလာပြီ ဆိုလျှင် းအကြီးကိုသာ မဲတော့သည်။ သူ ကြီးလာသည့် အခါတွင် မာရီကာသည် ဖေနှင့် သား ကြားထဲတွင် ဖျန်ဖြေရေးသမား အဖြစ် ဝင်ရ၏။ အဖေ့အတွက် းနေရာတွင် ဝင်ရသည်။ မောင်အတွက် အမိနေရာတွင် ဝင်ရသည်။

'အဖေ့ကို နားလည်ပါ ကိုကိုရယ်၊ အဖေ ဖြတ်သန်းလာရတဲ့ ဘဝဟာ ကြမ်းတမ်းတယ် မဟုတ်လား'

'အို သူ့ဘာသာသူ ကြမ်းတမ်းလာတာနှင့် ငါ့ကို ဘာဖြစ်လို့ မဲရတာလဲ၊ ါလည်း နားလည်ဖို့ ကြိုးစားပါတယ်၊ သူ့မှာ သူ့အလုပ်နှင့် သူ ပိနေတာ၊ ဟုတ်တယ် မာရီယာ၊ ပါတီ ခေါင်းဆောင်တွေ အားလုံးဟာ မျှော်မှန်းချက်ကြီး တွေ ရှိကြတယ်၊ သူတို့ရဲ့ လယ်ယာ စီမံကိန်းတွေ မအောင်မြင်ဘူး၊ စီမံကိန်း တွေ မအောင်မြင်တော့ သူ့ကို အထက်က ကြိမ်းတယ်၊ ဒီတော့ သူ့ဒေါသတွေ ကျေနပ်ချက်တွေကို ဘယ်သူ့ဘက် လှည့်လာသလဲ၊ ငါ့ဘက်ကိုပဲ လှည့်လာ တာပေါ့၊ သူ စိတ်ဆိုးရင် ပိတ်ကန်ရအောင် အိမ်မှာ ခွေးတစ်ကောင် မွေးထား မလို ဖြစ်နေပြီ'

ဂျော့သည် တစ်ဖက်က သူ့ အဖေနှင့် မတည့်သည့်တိုင် အခြား တစ် က်တွင်မူ သူ့အဖေ စိတ်ပျက်လက်ပျက် ဖြစ်နေသည်ကို ကိုယ်ချင်းစာနာပုံ သည်ဟု မာရီကာ ထင်သည်။ အဖေသည် ကာပိုစတာဇာတွင် အလုပ်သင် နပ်ချုပ်သမားကလေး ဘဝမှ တက်လာခဲ့သူ ဖြစ်၏။ သူ့ ဒုက္ခမှာ အခြား ဟုတ်။ သူ့လို သာမန်လူ တစ်ယောက်ထက် အဆ များစွာ ထက်မြက်သည့် သားတစ်ယောက်ကို မွေးလာခဲ့မိခြင်း ဖြစ်သည်။

သည်အချက်ကို အဖေရော သားပါ ရင်ထဲက သိနေကြသည်။ ထို ကြောင့်သာလျှင် သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ချစ်၍



www.burmeseclassic.com

www.burmeseclassic.com



မရဘဲ ဖြစ်နေကြခြင်း ဖြစ်၏။

'သတင်းထူးတယ် ဆရာ'

အနီကိုသည် ဥပဒေ သင်တန်း စာသင်ချိန် တစ်ခုနှင့် တစ်ခုကြားတွ ဂျော့ ကဲလားကို ဖမ်းမိအောင် ပြတိုက်ရိပ်သာ လမ်းမကြီးကို ခပ်သုတ်သု ကူးလာခဲ့သည်။

'ဘာထူးတာလဲ၊ ဆေးစစ်ကြည့်တော့ ကိုယ်ဝန် မရှိဘူးလို့ ဆရာဝန် ပြောလိုက်တယ် မဟုတ်လား'

ဂျော့က ပြောသည်။

'ဒီကိစ္စ မဟုတ်ပါဘူး၊ ဒါက သောကြာနေ့မှ သိရမှာ၊ အနီကို ပြေ တာ နားထောင်စမ်းပါဦး၊ ပိုလန် ကျောင်းသားတွေက ဂိုးမူကာကို ထောက် တဲ့ အနေနှင့် သပိတ်မှောက်လိုက်ပြီတဲ့၊ သူတို့ကို ထောက်ခံတဲ့ အနေနှင့် အ ကိုတို့တစ်တွေလည်း ဆန္ဒပြပွဲ လုပ်မလို့'

'မဖြစ်နိုင်တာ အနီကိုရယ်၊ လျှို့ဝှက်ပုလိပ်အဖွဲ့က မင်းတို့ကို လုပ်ခွ ပြုမတဲ့လား၊ မင်းတို့ကို ကုတ်သွားမှာပေါ့၊ ပြီးတော့ အပြင်ဘက်က ရုရှား မိ ဆွေတွေကလည်း အလည်ရောက်လာမှာပေါ့'

'ဘာပဲဖြစ်ဖြစ် ဂျော့လည်း လိုက်ရမယ်ကွာ၊ ကိုယ်တို့နှင့် အတူတူပေ ဒါတွင်မကဘူး၊ ပိုစတာ တစ်ခုလည်း ကိုင်ရမယ်၊ အနီကို တစ်မနက်လုံး လာခဲ့တာ၊ ဒီတော့ ဂျော့ ဘာကို ဆုံးဖြတ်မလဲ၊ ပိုလန် ကျောင်းသားတွေ ထောက်ခံမလား၊ မထောက်ခံဘူးလား'

ဂျော့ ကဲလား ပြုံးသည်။ သူ့ကို သည်လို ပိုစတာ တစ်ခုကိုင်၍ ဆန္ဒပြ သည်ကို မြင်လျှင် အဖေသည် သူ့ အပေါ်တွင် သဘောထား တစ်မျိုး ပြောင်း လာကာ ကြင်နာကောင်း ကြင်နာလာလိမ့်မည်ဟု သူ ထင်သည်။

'ကောင်းပြီလေ၊ ကိုယ်က ဟိုပိုစတာကို ကိုင်မယ်' ဟု ဂျော့ ကဲလားက ပိုစတာ တစ်ခုကို လက်ညှိုးထိုးပြသည်။ 'ဟန်ဂေရီပြည် အတွက် ခေါင်းဆော မှုသစ် အလိုရှိသည်' ဆိုသည့် ပိုစတာ ဖြစ်သည်။

သူတို့နှစ်ယောက်သည် နမ်းကြ၏။

မတ်လ ဆယ့်ငါးရက် ရင်ပြင်ကြီး တစ်ခုလုံးသည် မျှော်လင့်ချက်ဖြင့် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ အလံများ ပိုစတာများကို ကိုင်ဆောင်ထားသည့် ထောင်ပေါင်း များစွာသော ကျောင်းသားများသည် ရင်ပြင်ထဲရှိ မြက်ခင်းများ





တွင် စုရုံးမိကြသည်။ သူတို့အထဲတွင် စက်ရုံများ၊ ကျောင်းများ၊ တက္ကသိုလ် ကိုယ်စားလှယ်များလည်း ပါသည်။ အမျိုးသား ဇာတ်သဘင် အဖွဲ့မှ ယ် အနုပညာရှင် တစ်ယောက်သည် ရင်ပြင် အလယ်ရှိ ဟန်ဂေရီ ကဗျာ ကြီး ဆန်ဒေါပီတိုဖီ၏ ကျောက်ရုပ်ကြီးပေါ်သို့ တွယ်တက်လာခဲ့ကာ ကြီး၏ 'အမျိုးသား မော်ကွန်း' ကဗျာကြီးကို ရွတ်သည်။ ထိုကဗျာကြီး ည် ၁၈၄၈ ခု ဟန်ဂေရီ တော်လှန်ရေးကြီးကို ဖောက်ခွဲခဲ့သည့် ကဗျာကြီး သည်။

ထိုကဗျာထဲတွင် ပါသည့် 'လုပ်စရာ အလုပ်၊ ယခု လုပ်ကြ၊ ယခု လုပ်က၊ ဘယ်ခါမှ တည့်၊ လမ်း မရှိ' ဆိုသည့် အပိုဒ်သို့ ရောက်လျှင် လူထု က ပို၍ ကျယ်လောင်စွာ ရွတ်ဆိုကြသည်။ လူအုပ်ကြီးမှာ တဖြည်းဖြည်း သည်ထက် များလာခဲ့လေပြီ။

အရေးကြီးသော အဖြစ်အပျက်ကြီး တစ်ခု ပေါ်ပေါက်နေပြီကို ဂျော့ လား ပထမဆုံးအကြိမ် ခံစားမိသည်။ သူသည်လည်း ထိုအထဲက အစိတ် ပိုင်း တစ်ခု။

ောက်ဆုံးတွင် ဆန္ဒပြပွဲကြီး အစပြုသည်။ သစ္စာပန်းနီနီတွေကို ကိုင်ပြီး ကြွေး ကြော်သံများကို အော်သူများက ရှေ့ဆုံးမှ ချီတက်ကြသည်။ ဆန္ဒပြသူများ သည် ဘူဒါပက်စ် မြို့တော်ကြီး၏ လမ်းမကြီးများပေါ်သို့ ရောက်လာကြသည်။ သူတို့ကြောင့် ယာဉ် အသွားအလာတွေ ပိတ်မိကုန်သည်။ သို့ရာတွင် ဆူပူ ကြမ်းဖက်ခြင်း ဆို၍ ဘာမျှမရှိ။ မော်တော်ကားဖြင့် လာသူများက ကား များကို ရပ်၍ သော့ပိတ်ပစ်ခဲ့ကာ ဆန္ဒပြသူများနှင့် အတူ လိုက်လာကြသည်။ ိုနောက် ဆိုင်ပိုင်ရှင်များ၊ အလုပ်သမားများပါ ရောက်လာသဖြင့် လူအုပ် ကြီးသည် ကြီးသည်ထက် ကြီးလာသည်။ ပြတင်းပေါက်တိုင်း ဝရန်တာတိုင်း လူများက ရပ်၍ အားပေး ထောက်ခံကြသည်။ လက်များကို မြှောက်ပြကြ သည်။

မျက်လှည့်ပြလိုက်သည့်နှယ် ဘူဒါပက်စ် မြို့ကြီးသည် ချက်ချင်းပင် အနီရောင်၊ အဖြူရောင်နှင့် အစိမ်းရောင်တို့ လွှမ်းနေသော ကွင်းပြင်ကြီး ဖြစ် သွားသည်။ အောက်မှ ကြည့်နေသူများက သုံးရောင်ခြယ် အလံများ၊ ဖဲကြိုးများ ကို မြှောက်ပြကြသည်။ တချို့က သုံးရောင်ခြယ် စက္ကူ အလံများ လုပ်ကြသည်။ ကျောင်းသားများသည် ဂျိုးဆက်ဖိန်း ပန်းခြံကြီးထဲသို့ ကွေ့ဝင်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com

ပန်းခြံ အလယ်ကောင်တွင် ရှိသည့် ကျောက်ရုပ်ကြီးမှာလည်း သုံးရောင်ခြယ် ဟန်ဂေရီ အလံ ဖုံးအုပ်ထားသည်ကို တွေ့ကြရသည်။ ကျောက်ရုပ်ကြီးတွင် ရှိသည့် ဆိုဗီယက် တံဆိပ်ကြီးကို ခွာပစ်လိုက်ကြလေပြီ။

နေ့ဝင်ခါနီးတွင် ကျောင်းသားများကပင် လွှတ်တော် အဆောက်အအုံ ရှေ့သို့ ချီတက် ဆန္ဒပြကြသည်။ အချို့က ဘူဒါပက်စ် မြို့လယ်ကောင်တွင် ရှိသည့် စတာလင်၏ ကြေးရုပ်ကြီးကို သွား၍ ဖြိုရန် ပြောကြသည်။

ဂျော့ ကဲလားနှင့် အနီကိုတို့သည် လက်ချင်းတွဲကာ သူတို့အား သယ်ဆောင်သွားသည့် လူရေစီးကြောင်းကြီးထဲမှ နေ၍ မြို့လယ်ကောင် လွှတ်တော် အဆောက်အအုံ ရှေ့သို့ မျောပါသွားကြသည်။

'အစိုးရက ဘာလုပ်မယ် ထင်သလဲ' ဟု ဂျော့ ကဲလားက အနီကိုကို မေးသည်။

'နုတ်ထွက်သွားရမှာပေါ့'

လွှတ်တော်ရှေ့တွင် စုရုံးမိသော လူအုပ်ကြီးမှာ ကြောက်စရာ ကောင်းလောက်အောင် များပြားသည်။ ထောင်ရာပေါင်းများစွာ ရှိလိမ့်မည်။ သန်းချီ၍ပင် ရှိလိမ့်မည်။ သူတို့သည် ဂေါ်သပုံစံဖြင့် ဆောက်လုပ်ထားသည့် ကြီးကျယ်သော အစိုးရ အဆောက်အအုံကြီးကို ဝိုင်းထားကြသည်။ သူတို့ အားလုံးက လွန်ခဲ့သည့် သုံးနှစ်က ရုရှားတို့က ဖြုတ်ချခဲ့သော အင်မရီနာဂျ် အစိုးရကို ပြန်၍ ဖွဲ့စည်းပေးရန် တောင်းဆိုကြသည်။

အရာအားလုံးသည် ညဖြစ်လာကာ လေသည် အေးစိမ့်စ ပြုလာ၏။ သို့ရာတွင် လူထုသည် သတင်းစာများ၊ စာရွက်စာတမ်းများကို မီးရှို့ကာ မီးတုတ် အဖြစ် လုပ်ပြီး ဆက်လက် ဆန္ဒပြသည်။

ထိုစဉ် မမျှော်လင့်ဘဲ ခပ်ပိန်ပိန်ပါးပါး သဏ္ဌာန် တစ်ခုသည် လွှတ်တော် အဆောက်အအုံ လသာဆောင် ဝရန်တာတွင် ပေါ်လာသည်။ ရှေ့ရောက်နေသည့် လူများဆီမှ အုတ်အုတ်ကျက်ကျက် အသံများ ပေါ်လာကာ နောက်ပိုင်းသို့ ရောက်သည်နှင့် အသံကြီးသည် တစ်ခဲနက် အသံကြီး ဖြစ်သွားသည်။ 'အင်မရီနာဂျ်၊ အင်မရီနာဂျ်' ဟု အော်ကြသည်။ ပြုတ်ကျသွားခဲ့သော ခေါင်းဆောင် အင်မရီနာဂျ်သည် လူထုကြီးကို ကြည့်ပြီး စိတ်လှုပ်ရှားနေသဖြင့် စကားမပြောနိုင်ဘဲ ဖြစ်နေဟန် တူသည်။ သူသည် လက်တစ်ဖက်ကို မြှောက်ပြပြီး လူထုကြီးအား ငြိမ်ရန် အချက်ပြနေသည်။

'စိတ်မှ မှန်သေးရဲ့လား မသိဘူး၊ သူ လက်ပြနေပုံက စိတ်မနှံ့တဲ့ လူ





တစ်ယောက်လိုပဲ' ဟု ဂျော့ ကဲလားက အနီကိုကို လှမ်းပြောသည်။

သို့ရာတွင် တစ်ခဏ အတွင်းတွင် အဖြေ ပေါ်သွားသည်။ ဝန်ကြီးချုပ်ဟောင်း နာဂျ်သည် လူထုကြီးကို ခေါင်းဆောင်ကာ အမျိုးသား သီချင်းကို ဆိုနေပါပကော။ သည်တစ်ချက်ကမူ ပါရမီ ပညာရှင်တို့ကသာ တတ်နိုင်သည့် အကွက် တစ်ကွက်။

သီချင်းဆုံးသည်နှင့် အင်မရီနာဂျ်သည် ပေါ်လာတုန်းကလို ရုတ်တရက် ပျောက်ကွယ်သွားသည်။ လူထုကြီးသည် အားတက် ရွှင်လန်းစွာဖြင့် လူစုခွဲလိုက်သည်။ ထိုနေ့ ညတွင် ဘာမျှ အပြောင်းအလဲ ရှိမည် မဟုတ်ကြောင်းကို သူတို့ ပကတိ ဉာဏ်အရ သူတို့ သိနေကြသည်။ အနည်းဆုံး လွှတ်တော် အဆောက်အအုံ ရှေ့တွင်တော့ ဘာမျှ ဖြစ်မည် မဟုတ်။

ဂျော့ ကဲလားနှင့် အနီကိုတို့သည် တက္ကသိုလ်ဘက်သို့ ပြန်လာခဲ့ကြသည်။ သမ်းတစ်ဝက် အရောက်တွင် သေနတ်သံများကို ကြားရလေသည်။ ဂျော့ ကဲလားက အနီကို၏ လက်ကို ဆွဲလိုက်သည်။ သူတို့ နှစ်ယောက်သည် ပြတိုက်ရိပ်သာ လမ်းမဆီသို့ ပြေးလာခဲ့ကြသည်။ အုတ်ခဲတွေကို မှန်ကူကွက် ကျအောင် ထောင်စီထားသည့် လမ်းမကြီး တစ်လျှောက်တွင် လူတွေ လူတွေ။ စိတ်လှုပ်ရှားလျက်။ ဒေါကပ်လျက်။ ထိတ်လန့် ကြောက်ရွံ့လျက်။

ပြတိုက်ပန်းခြံထဲသို့ သူတို့ နှစ်ယောက် ရောက်သွားသည့် အခါတွင် လေထဲတွင် မျက်ရည်ယိုဗုံးငွေ့ ရှိနေသေးသည်။ အနီကိုက လက်ကိုင်ပဝါ တစ်ထည်ကို ထုတ်ပြီး မျက်နှာကို အုပ်သည်။ ဂျော့ ကဲလား၏ မျက်နှာမှာ ဒူထူ၍ လာလေပြီ။ သွေးရူးသွေးတန်း ဖြစ်နေသည့် ကျောင်းသူ တစ်ယောက်က လျှို့ဝှက် ပုလိပ်တို့က အကာအကွယ် မဲ့သော လူများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်နေကြကြောင်းဖြင့် အော်ပြောသည်။

'ဒီကောင်တွေ အကုန်လုံးကို သတ်ပစ်မယ်' ဟု အော်ငိုနေသည်။

'ဘယ်ရမလဲကွာ၊ ကိုယ်တော့ မြင်မှပဲ ယုံတော့မယ်'

ဂျော့ ကဲလားက အနီကို၏ လက်ကို ဆွဲကာ ရှေ့သို့ ပြေးလာခဲ့သည်။

တစ်ပြလောက် ရောက်ခါနီးတွင် သူတို့ နှစ်ယောက်သည် မြင်လိုက်ရသည့် မြင်ကွင်းကြောင့် လန့်ဖျပ်ကာ ရပ်သွားကြသည်။

လျှို့ဝှက် ပုလိပ် အရာရှိ တစ်ယောက်၏ အလောင်းသည် သူတို့



www.burmeseclassic.com

www.burmeseclassic.com



အထက် မာတ်ကြိုးပေါ်တွင် ဖောက်ထိုး ဆွဲလျက်။

အနီကိုသည် တုန်သွား၏။

'အနီကိုတို့ အကျဉ်းသားတွေကို သတ်ဖြတ်ခဲ့တာ ဒီကောင်တွေပေါ့'

အနီကိုက ခပ်တိုးတိုး ပြောသည်။ နောက် လမ်းထိပ် တစ်ခု

အရောက်တွင် အလောင်း နှစ်လောင်းကို ထပ်တွေ့ရပြန်သည်။

'အနီကို ကိုယ်တိုင် တစ်ချက်လောက် မရိုက်လိုက်ရတာ နာလိုက်တာ'

'လာလာ၊ ကိုယ် အိမ်ပြန်ပို့မယ်'

ဂျော့ ကဲလားက ပြောသည်။

'ဘယ်လိုလဲ ခေါင်းဆောင်ကြီး၊ အဖမ်း မခံရသေးပဲကိုး'

မနက် ငါးနာရီ ထိုးလုပြီ။ အဖေသည် ရေဒီယို အနီးတွင် ထိုင်နေ

သည်။ သူ ကြည့်ရသည်မှာ အင်အား ကုန်ခန်းလျက်။ ဂနာမငြိမ် ဖြစ်လျက်

ညီမငယ် မာရီကာက သူ့ထံ ပြေးလာကာ သူ့အစ်ကို ဂျော့ ကဲလားကို ဆီးကြို

သည်။

'ကိုကိုရယ်၊ ပူလိုက်ရတာ၊ သတင်းတွေကလည်း စုံလို့၊ ကိုကိုများ တစ်

ခုခု ဖြစ်သလား ဆိုပြီး တထိတ်ထိတ်နှင့်'

'ကောလာဟလတွေကို ယုံမနေစမ်းပါနှင့် သမီးရယ်၊ အဖြစ်အပျက်

အမှန်ကို ရေဒီယိုက ကြေညာသွားပြီပဲ'

အဖေက ပြောသည်။

'ကြေညာသွားပြီလား ဖေဖေ၊ ရေဒီယိုက ဘာတဲ့လဲ'

ဂျော့ ကဲလားက အားတက်သရော မေးသည်။

'ဖက်ဆစ် နောက်လိုက်တွေရဲ့ ထကြွမှုကလေး တစ်ခု ဖြစ်တယ်တဲ့၊ ရဲ

တို့က ပြင်းထန်စွာ နှိမ်နင်းလိုက်တယ်တဲ့၊ နို့ နေစမ်းပါဦး၊ မင်းကကော

တစ်ညလုံး ဘယ်ပျောက်နေတာလဲ'

ဂျော့က သူ့အဖေနှင့် မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ထိုင်

သည်။ ထို့နောက် ရှေ့သို့တိုးကာ ခပ်ပြုံးပြုံး ပြောသည်။

'အင်မရီနာဂျ်ရဲ့ မိန့်ခွန်းကို သွားနားထောင်နေတာ'

'မင်း ရူးနေသလား၊ နာဂျ်ဟာ ဘာကောင်မှ မဟုတ်တော့ဘူးကွ'

'အဖေကသာ မဟုတ်ဘူး ပြောတယ်၊ လွှတ်တော် ရှေ့မှာ သူ့ မိန့်ခွန်း

ကို လာနားထောင်တဲ့ လူတွေ ထောင်သောင်း ရှိတယ်၊ ကျွန်တော်တို့ သူ့ကို





ခေါင်းဆောင် အဖြစ် ပြန်တင်မလို့'

'ဟော့ ငါ့ခေါင်းမှာ ဆံပင် ပြန်ပေါက်ချင် ပေါက်မယ်၊ သူ့ကို တင်လို့

ရတော့ဘူး၊ သူ့ကို ခေါင်းဆောင် တင်ချင်တဲ့ အရူးတွေထဲမှာ မင်းလည်း ပါ

တာကိုး'

'ဒါပေမဲ့ ကျွန်တော်တို့ကတော့ သူမှ တကယ့် ဆိုရှယ်လစ် ခေါင်းဆောင်

လို့ ယူဆတယ်လေ ဖေဖေ၊ ကဲ ကျွန်တော်လည်း အိပ်ချင်ပြီ၊ ရူးလည်း အိပ်

တော့ အိပ်ရသေးတာပဲ'

ဂျော့ ကဲလားက သူ့ အိပ်ခန်းဆီသို့ သွားရင်း ပြောသည်။

နောက် သုံးနာရီ ကြာသည့် အခါတွင် သူ့ညီမ မာရီကာက သူ့ကို လှုပ်နှိုး

သည်။

'ကိုကို ထပါဦး၊ နာဂျ်ကို ဝန်ကြီးချုပ် အဖြစ် ရွေးလိုက်ပြီ၊ ရေဒီယိုက

ကြေညာသွားတယ်'

ဂျော့ ကဲလားသည် ပင်ပန်း နွမ်းနယ်နေသော ခန္ဓာကိုယ်ကို အနိုင်နိုင်

ယ်ကာ အိပ်ရာမှ အားယူထသည်။ သူ့အဖေ မျက်နှာကို သူ ကြည့်ချင်သည်။

ဂျော့ ကဲလားသည် အကျႌကြယ်သီးကိုပင် ပြီးအောင် မတပ်နိုင်ဘဲ ဧည့်ခန်းထဲ

သို့ ထွက်လာခဲ့သည်။ အဘိုးကြီးမှာ ရေဒီယို အနားတွင် ဂဟေဆော်ထားသည့်

ယ် မလှုပ်မယှက် ထိုင်လျက်။ သူ့ ဘေးပတ်ပတ်လည်တွင် စီးကရက်တိုတွေ

ည့်နေသော ပြာခံခွက်များကို တွေ့ရသည်။

မာရီကာက သူ့ကို နို့မပါသည့် ကော်ဖီကြမ်း တစ်ခွက် လှမ်းပေးစဉ်

ဂျော့ ကဲလားက 'ဘယ့်နှယ်လဲ ဖေဖေ' ဟု မေးသည်။

သူ့အဖေသည် သူ့ကို မော့ကြည့်ကာ

'ငါက နာဂျ်ကို ဆန့်ကျင်တဲ့ စကားမျိုးကို ဘယ်တုန်းက ပြောဖူးလို့လဲ၊

အထင်တော့ သူ မော်စကိုရဲ့ ထောက်ခံချက်ကို ရသွားတယ် ထင်တာပဲ၊

က ဆိုဗီယက် တပ်တွေ ဝင်ပါလို့ ပြောတော့ မော်စကိုကလည်း သဘောကျ

သွားမှာပေါ့'

'ဖေဖေက လက်တွေ့မှ မကျဘဲကိုး' ဟု ပြောကာ သူ့ညီမ မာရီကာ

ဘက်သို့ လှည့်လိုက်ပြီး

'အနီကို တယ်လီဖုန်းဆက်ရင် တက္ကသိုလ်ဘက်ကို ထွက်သွားပြီလို့

ပြောလိုက်'



www.burmeseclassic.com

www.burmeseclassic.com



ဂျော့ ကဲလားသည် အပေါ် အင်္ကျီ တစ်ထည်ကို ပခုံးပေါ် ကောက်တင် ပြီးနောက် ကျောင်းသို့ ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

နောက်ပြန်၍ စဉ်းစားသည့် အခါတွင် မိမိသည် ဘာကြောင့်များ နောက်ဆုံး နှုတ်ခွန်းဆက်ခြင်း မပြုခဲ့မိသနည်းဟု ဂျော့ ကဲလား တွေးမိသည်။ အဖေ့ကို ကား နှုတ်ဆက်ရန် မလို။ အဖေက သာပေါင်း ညာစား။ သာရာစီး။ အဖေ့ ကို သူ စိတ်ဆိုးသည်။ သို့ရာတွင် သူချစ်သည့် ညီမလေး မာရီကာကိုတော့ နှုတ်ဆက်ခဲ့ဖို့ ကောင်းသည်။ သို့ရာတွင် နှုတ်မဆက်ဖြစ်ခဲ့။

တက္ကသိုလ်ကြီး တစ်ခုလုံးသည် ကောလာဟလ ပေါင်းစုံတို့ ဗဟိုပြုရာ မုန် တိုင်းကြီး ဖြစ်နေသည်။ ရေဒီယိုမှ ကြေညာချက် တစ်ခု လွှင့်သွားတိုင်း လူ များသည် ကြော်ငြာ မောင်းခတ်သူများလို ဟိုမှ သည်မှ သွားလာနေကြသည်။ သမ္မတ အိုက်ဆင် ဟောင်းဝါးက 'အမေရိကန် ပြည်သူတို့ရဲ့ နှလုံးသားဟာ ဟန်ဂေရီ ပြည်သူတွေရဲ့ ရင်ထဲမှာ ရောက်ပြီ' ဟူသော စကားကို ကြားရသည့် အခါတွင် ပင်ပန်း နွမ်းနယ်နေသော ကျောင်းသားများသည် လန်းဆန်းလာ ကြသည်။ သူတို့သည် 'ကမ္ဘာကြီးက သူတို့ကို စောင့်ကြည့်နေသည်' ဆိုသည့် သီချင်းကို သံပြိုင် ဆိုကြသည်။

အင်္ဂါနေ့တွင် ဝန်ကြီးချုပ် နာဂျီက ဆိုဗီယက် စစ်တပ်များ စတင် ရုပ် သိမ်းနေပြီ ဖြစ်ကြောင်း ကြေညာသည့် အခါတွင် သူတို့ ပျော်ရွှင်မှုသည် အထွတ်အထိပ်သို့ ရောက်တော့သည်။ ဂျော့ ကဲလားသည် လူတွေကို တိုး တိုက်ကာ ထိုသတင်းကို ပြောရန် အနီကို၏ အဆောင်သို့ ပြေးလာခဲ့သည်။

နိုဝင်ဘာလ တစ်ရက်နေ့ မနက်စောစောတွင် ဂျော့ ကဲလားသည် သူနှင့် ဥပဒေ တန်း တက်ဖက် ဂီဇာက ခပ်ကြမ်းကြမ်း လှုပ်နှိုးသဖြင့် အိပ်ရာမှ နိုးလာသည်။

'ဟေ့ကောင် ဘာလဲကွ'

ကြည့်လိုက်သည့် အခါတွင် ထူးဆန်းနေသည့် မြင်ကွင်း တစ်ခုကို သူ မြင်ရသည်။ ပိန်ပိန်ပါးပါး ဂီဇာသည် ဆပ်ကပ်ထဲက လူပြက်လို ခပ်ဝဝကြီး ဖြစ်နေသည်။

'ဟေ့ကောင် နင် ဘာဖြစ်နေတာလဲ'

'ငါ ဖြစ်တာ မဟုတ်ဘူး၊ နင် ဖြစ်နေတာ၊ ငါ့မှာ ရှိသမျှ အဝတ်အစား





တွေ အကုန်လုံး ထပ်ဝတ်ထားတယ်၊ ငါ ဝတ်နိုင်သမျှတော့ အကုန်ဝတ်တာ ပဲ၊ ငါ ခု ဗီယင်နာကို သွားတော့မလို့'

'နင် ရူးနေသလား၊ ရုရှားတပ်တွေ ပြန်ဆုတ် သွားပြီ မဟုတ်လား၊ မနေ့ကတင် ရေဒီယိုက ကြေညာသွားတယ်'

'ကြားပါတယ်၊ ဒါပေမဲ့ နယ်စပ်မြို့ကလေးမှာ ရှိတဲ့ ငါ့ညီ ဝမ်းကွဲ တစ် ယောက်က ခုလေးတင် တယ်လီဖုန်း ဆက်တယ်၊ ရုရှား တင့်ကားတွေ နယ် စပ်မှာ ပြန်စုနေကြတယ်တဲ့၊ ဟန်ဂေရီထဲကို နောက်တစ်ခါ ဝင်ဦးမလို့တဲ့'

'နင့်သတင်းက သေချာရဲ့လား'

'ဘာလဲ၊ နင်က စောင့်နေရစ်ခဲ့ပြီး သေချာအောင် ကြည့်ဦးမလို့လား'

ဂျော့ ကဲလားသည် ခဏမျှ တွေနေ၏။ သို့ရာတွင် ချက်ချင်း ဆုံးဖြတ် လိုက်သည်။

'ငါ အနီကိုနှင့် ခဏ တွေ့ချင်တယ်'

'တွေ့တွေ့၊ မြန်မြန်လုပ်နော်'

အနီကိုက သိပ် လက်မခံချင်။

'ရုရှား တင့်ကားတွေ ပြန်ဝင်မယ် ဆိုတာ သေချာလို့လား'

ဂျော့ ကဲလား စိတ်မရှည်ချင်။

'သေချာလို့ ပြောတာပေါ့၊ ဒီမှာ ကိုယ်ပြောမယ်၊ ကိုယ်တို့ ဟန်ဂေရီတွေ လွတ်လပ်ရေး ရသွားရင် ချက်တွေ ပိုလန် လူမျိုးတွေကလည်း နောက်က လိုက်လာကြတော့မှာ၊ ဒီလို ဖြစ်သွားရင် ရုရှ အင်ပိုင်ယာကြီး ဝုန်းခနဲ ပြိုကွဲ သွားမှာ မဟုတ်လား'

အနီကို၏ မျက်နှာသည် ဖျော့တော့သွားသည်။ သူ ဆုံးဖြတ်ရမည့် ဆုံး ဖြတ်ချက်ကြီးသည် ပေါ့ပေါ့တန်တန် မဟုတ်။ သေရေး ရှင်ရေးကိစ္စကို ဆုံး ဖြတ်ရတော့မည်။

'အမေ ရှိသေးတယ်၊ အမေ့ကို ဘယ်လိုလုပ် ထားခဲ့လို့ ဖြစ်မလဲ၊ အနီ ကို မရှိရင် အမေ ဒုက္ခရောက်မှာပေါ့'

'နောက်တော့ သူ့ဘာသာသူ ဖြစ်သွားမှာပေါ့'

ဂျော့ ကဲလားက ခံစားချက် မရှိသလို ပြောသည်။ သူသည် အနီကို၏ လက်ကို ဖက်ထားလိုက်၏။ အနီကိုက ရှိုက်ငိုနေသည်။

'အမေ့ကိုတော့ တွေ့ခဲ့ပါရစေဦး'



www.burmeseclassic.com

www.burmeseclassic.com



'တွေ့ချင်ရင် မြန်မြန်တွေ့လေ'

သူတို့သည် ခြေကျင် လျှောက်လာခဲ့ကြသည်။ ဂျော့ ကဲလားရယ် အနီကိုရယ် သူတို့ ကိုယ်ပေါ်တွင် ပါသည့် အဝတ်အစားဖြင့်ပင် လာခဲ့ကြခြင်း ဖြစ်သည် ဂီဇာကမူ သူ့တွင် ရှိသည့် အဝတ်အစားတွေကို အကုန် ထုပ်ဝတ်လာသည်။ သူ တို့သည် မြို့စွန်သို့ ရောက်လာခဲ့ကြသည်။ မြို့စွန်က တယ်လီဖုန်းရုံကလေး တစ်ခုကို တွေ့သည့် အခါ ဂျော့ ကဲလားက သူ့ညီမ မာရီကာကို စကားပြော လာသည်။

'ဘယ်သူ့မှာ အကြွေပါသလဲ'

အနီကိုက အကြွေပြား တစ်ပြားကို သူ့ လက်ထဲသို့ ထည့်လိုက်သည်

'ကိုကို ဘယ်ရောက်နေသလဲဟင်၊ ဖေဖေ စိတ်ပူနေတယ်'

'ကိုကို့မှာ အချိန် သိပ်မရှိဘူး၊ ဒီတော့...' ထိုစဉ် ဂီဇာ၏ ခေါင်းသည် တယ်လီဖုန်း ရုံထဲသို့ တိုးဝင်လာသည်။

'နယ်စပ်ကို ကျော်ပြီး တစ်ဖက်ကို ရောက်သွားကြတဲ့ လူတွေဆီ ရတဲ့ အချက်ပြ စကားဝှက်တွေကို ဗွီအိုအေက လွှင့်နေတယ်လို့ ပြောလိုက်

သူက တိုးတိုးပြောသည်။ ဂျော့ ကဲလားက ခေါင်းညိတ်ပြ၏။

'ဒီမှာ ညီမလေး၊ ကိုကို့ကို မေးခွန်းတွေ သိပ် မမေးနေနှင့်၊ ဗွီအိုအေ ကို နားထောင်ကြည့်၊ တကယ်လို့ အဲဒီက'

ပြောသင့် မပြောသင့် ချိန်ဆနေသည်။

'အဲဒီက ကားလ်မာ့ခ်စ် ကွယ်လွန်သွားပြီလို့ လွှင့်လို့ရှိရင် ကိုကို နေ ချောမောမော ဆိုတဲ့ အဓိပ္ပာယ်ပဲ'

'ကိုကို၊ ဘာတွေ ပြောနေတာလဲ၊ ညီမလေး နားမလည်ဘူး၊ ကို အသံကလည်း အထိတ်တလန့် ဖြစ်နေတဲ့ အသံမျိုး'

'ဟုတ်တယ်၊ သူ သေအောင် ဆုတောင်းပေတော့'

ဂျော့ ကဲလား တယ်လီဖုန်းကို ချိတ်လိုက်သည်။ နောက်မပြောတော့

'ဂျော့ အဖေရဲ့ ကိစ္စကိုကော ဘယ်လို စဉ်းစားသလဲ၊ ဂျော့ ထွက်ပြေးတယ် ဆိုတာ သိရင် သူ့မှာ ပြဿနာ မရှိနိုင်ဘူးလား'

အနီကိုက မေးသည်။

'ဒီမှာ အနီကို၊ ကိုယ့် အဖေက ရှစ်စပ်က လည်လာတဲ့ နိုင်ငံရေးသမား





ရှိအောင် ဘယ်လို နေရမယ် ဆိုတာ သူ သိတယ်၊ ဘာမှ မဖြစ်ဘူး၊ '

သူ့အဖေသည် သူ ကလေး ဘဝတုန်းက သူ့ကို တစ်လျှောက်လုံး လျစ် ပြုခဲ့သည်။ ယခု သူ့အလှည့် ကျတော့လည်း သူ့ကို ဘာငဲ့ကွက်စရာ လို သနည်းဟု သူ တွေးနေသည်။

သူတို့သည် တိတ်ဆိတ်စွာ လျှောက်လာခဲ့ကြသည်။ လမ်းတွင် ထရပ် အိုကြီး တစ်စီးတလေကိုသာ တွေ့ရသည်။ ကားကြီးများမှာ နယ်စပ်ဆီ သွားနေကြသည်။ တစ်ခါတစ်ရံတွင် ကီလိုမီတာ အနည်းငယ်ခန့် အထိ ကြို တွေ့သဖြင့် စီးနိုင်ခဲ့ကြသည်။ သူတို့ ဘယ်သွားကြမည်၊ ဘာကြောင့် သည် ဆိုသည်ကို ဒရိုင်ဘာများကလည်း မမေး။

နယ်စပ်မြို့ကလေးသို့ ရောက်သည့် အခါတွင် သန်းခေါင် ရောက်လု နေပြီ။

'ကဲ ဘယ်လို လုပ်မလဲ၊ အပြင်မှာ အိပ်လို့တော့ မဖြစ်ဘူး၊ သိပ်အေး ယ်၊ ဆာရင်တော့ ကိုယ့်မှာ ပိုက်ဆံ နည်းနည်း ပါတယ်'

ဂျော့ ကဲလားက ဂီဇာကို မေးသည်။

'အနီကိုမှာတော့ သိပ်မပါဘူး၊ နည်းနည်းပဲ ပါတယ်'

ဂီဇာက ပြုံးသည်။

'ဒါတွေ ကိုယ့်တာဝန် ထားစမ်းပါ၊ နောက်ထပ် တစ်နာရီလောက် လျှောက်နိုင်သေးလား'

'ဟိုမှာ နွေးနွေးထွေးထွေး တည်းစရာရှိမယ် ဆိုရင်တော့ လျှောက်လို့ ပါတယ်'

ဂျော့ ကဲလားက ပြောသည်။ အနီကိုက ခေါင်းညိတ်၏။

'အင်နက်ဆီမှာ ကိုဇက်ရဲ့ မိဘတွေ ရှိတယ်၊ ဒီက ဆိုရင် ဆယ်ကီလို ဘာလောက် ဝေးမှာပေါ့၊ သူလည်း ကိုယ်တို့နှင့် အတူ လိုက်လာဖို့ပဲ၊ သူ့ ဘတွေကလည်း သူ့ကို မျှော်လှရော့မယ်'

အနီကိုက အမောတကော ပြောသည်။

'ဟင် လွန်ခဲ့တဲ့ နှစ်ညတုန်းက ဆန္ဒပြပွဲမှာ သေနတ်မှန်လို့ သေသွားပြီ ဆိုတာ သူ့အိမ်က မသိသေးဘူးလား'

'မသိသေးဘူး၊ ပြောလို့ ဘယ်ဖြစ်မလဲ'

ဂီဇာက ပြောသည်။ ဂီဇာသည် အင်နက်ဆီ သွားသည့် လမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှ ထွက်သွားသည်။

နာရီဝက်ခန့် ကြာသည့်အခါတွင် သူတို့သည် လရောင် မှုန်မှုန် ဖြ... နေသည့် ကားလမ်းပေါ်တွင် သွားနေကြသည်။ မနက် အစောကြီး ကတည်းက... ထွက်လာခဲ့ကြသဖြင့် ပင်ပန်းကာ စကားကိုပင် ကောင်းကောင်း မပြောနိုင်... တော့။

'မနက်ဖြန်ဆိုရင် နယ်စပ်ကို ကျော်လို့ ကောင်းတဲ့ နေ့ပဲ၊ ဥပုသ်နေ့... မဟုတ်လား၊ လမ်းမှာ လူတွေ များမှာပဲ၊ ဘုရားကို သွားကြမယ် မဟုတ်လား'

ကိုဗက်၏ မိသားစုသည် သူတို့ သား၏ သူငယ်ချင်းတွေကို တွေ့ရသဖြင့် ဝမ်းသာနေကြသည်။ သူတို့နှင့် အတူ သူတို့ သား ကိုဗက် ပါမလာသည်ကိုပင် စိုးရိမ် ပူပန်ခြင်း မဖြစ်ကြ။

ညစာမှာ သူတို့ အိပ်မက်ထဲက ညစာမျိုး ဖြစ်သည်။ ဘူဒါပက်စ် မြို့... တော်ကြီးတွင် အစစ အရာရာ ရှားပါးနေသည့်တိုင် တောနယ်များတွင် သည်... လောက် အခြေအနေ မဆိုးသေး။ ကိုဗက် အမေက ကြက်သားနှင့် ဟင်းသီး ဟင်းရွက်များကို အလျှံပယ် ကျွေးသည်။ ရှားရှားပါးပါး ကိုကောဝိုင် တစ်လုံး ပင် ပါလိုက်သေးသည်။

ကိုဗက်၏ အဖေက

'အင်း၊ ဦးလေးလည်း မင်းတို့ကို အားကျတယ်ကွာ၊ အရွယ်ရှိသေးရင် မင်းတို့နှင့် အတူ လိုက်ချင်သေးတယ်၊ ရုရှားတွေကတော့ သေချာပေါက် ပြန် လာကြဦးမှာပဲ၊ ငါနှင့် တွေ့ခဲ့တဲ့ လူတိုင်းက ရုရှား တင့်ကားတွေကို မြင်ခဲ့ရ တယ်လို့ပဲ ပြောနေကြတယ်၊ လမ်းမကြီးပေါ်မှာတော့ မရှိဘူးတဲ့၊ တောအုပ်တွေ ထဲမှာ စခန်းချနေကြတယ်တဲ့၊ အစာငတ်နေတဲ့ ဝက်ဝံတွေလိုပေါ့ကွာ'

အနီကို အတွက် အခန်း တစ်ခန်း သတ်သတ် ပေးသည်။ ဂျော့ ကဲလား နှင့် ဂီဇာတို့ နှစ်ဦးကမူ ဧည့်ခန်းထဲက မီးလင်းဖိုဘေးမှာပင် ကွေးကြရသည်။

နောက်တစ်နေ့ မနက်တွင် နှင်းတွေ ထူထပ်စွာ ကျနေသည်။

ဂီဇာက ဂျော့ ကဲလားနှင့် အနီကိုတို့ကို ကြည့်သည်။

'ဒီ ရာသီဥတုမျိုးနှင့် ဆိုရင်တော့ မီးရထားနှင့် ဆိုပရွန်ကို လိုက်သွား တာက ကောင်းမယ် ထင်တယ်၊ အဲဒီနားမှာ ဆိုရင် ဩစတြီးယား နယ်စပ်နှင့် လည်း နီးတယ်၊ အစောင့်တို့ ဘာတို့လည်း သိပ်မရှိဘူး၊ ကံကောင်းလို့ ချော ချောမောမော ဖြစ်ရင်တော့ ဒီနေ့ညပဲ နယ်စပ်ကို ကူးနိုင်မှာပဲ'





နေ့လယ်ပိုင်းတွင် သူတို့သည် ကိုဗက်၏ မိဘများကို နှုတ်ဆက်၍ ...း ထွက်ခဲ့ကြသည်။

မြို့ရွာစွန်သို့ ရောက်သည့်အခါတွင် အသည်းထိတ်စရာ မြင်ကွင်းကို ...အဆုံး မြင်ရသည်။ ရုရှား တင့်ကားများမှာ တောအုပ်များထဲတွင် ပုန်း ...အောင်းနေခြင်း မပြုကြတော့။ ပေတစ်ရာ လမ်းမကြီးပေါ်တွင် ပြောင်ပြောင် ...တင်းတင်း သွားလာနေသည်ကို မြင်ကြရသည်။

'ဘယ့်နှယ်လဲ' ဟု ဂျော့ ကဲလားက ဂီဇာကို မေးသည်။

'နောက်ကြောင်း ပြန်လှည့်လို့ မဖြစ်ဘူးလေ၊ ဒီအတိုင်းပဲ ဆက်သွား ...မှာပဲ၊ နှင်းတွေ သိပ်ကျနေတော့ သူတို့ တို့ကို သေသေချာချာ စစ်ဆေးနေမှာ ...မဟုတ်ပါဘူး'

'မင်း ကိုယ်ခန္ဓာက ဖောင်းဖောင်းကြီး ဖြစ်နေတယ်ကွ၊ ဒီပုံကြီးနှင့် ...တင့်ကားတွေ ကြားထဲ ဖြတ်သွားရင် မရှာဘဲ နေမတဲ့လား'

ဂီဇာ၏ မျက်နှာပေါ်တွင် စိုးရိမ်သည့် အရိပ်အယောင် ပေါ်လာသည်။ ...ထဲတွင် ရှိသည့် ပစ္စည်း ခြောက်ပုံ ငါးပုံခန့်ကို သူ သယ်လာခဲ့ပြီးပြီ။ သည် ...ပစ္စည်းကလေးတွေကို သူ မစွန့်ရက်။

'ဒီလိုဆိုရင် ရွာတစ်ဖက်က ကွေ့ပတ်ပြီး ဘူတာကို သွားမယ်ကွာ'

သို့ဖြင့် သူတို့သည် ရှေ့ လမ်းမပေါ်တွင် ငုတ်တုတ်ကြီးတွေ ရပ်ထား ...သည့် ရုရှား တင့်ကားတန်းကြီး အနီးမှ နောက်ပြန်ဆုတ်လာခဲ့ပြီး တစ်ဖက်မှ ...၍ ဘူတာရုံဆီသို့ ကွေ့ပတ်လာခဲ့ကြသည်။

သို့ရာတွင် တစ်ဖက်သို့ ရောက်သည့် အခါတွင် ရုရှား တင့်ကား နှစ်စီး ...နေသည်ကို မြင်ရသည်။ သူတို့သည် နှင်းတောထဲတွင် တစ်နာရီခန့် ဟို ...လျှောက် သည်လျှောက် လုပ်နေကြရသည်။ ဂျော့ ကဲလားနှင့် အနီကိုတို့က ...ကို စိုက်ကြည့်နေသည်။ ဂီဇာက သူ့အပေါ် ကုတ်အင်္ကျီကြီးကို ချွတ်သည်။ ... လက်ချောင်းများသည် တုန်နေကြသည်။ အအေးဒဏ် သက်သက်ကြောင့် ...နေခြင်းတော့ မဟုတ်။

'ကဲ ဆို၊ ကိုယ်တို့ အထဲက ဒီကောင်တွေနှင့် ဘယ်သူ စကားပြောမလဲ'

'ကိုယ် ပြောပါ့မယ်ကွာ၊ ကိုယ်တို့လည်း ရုရှားဘာသာ စကားကို ...နှစ် သင်ခဲ့ပြီးသားပဲ၊ တစ်ခုပဲ ရှိတယ်၊ ကိုယ်တို့အကြောင်းကို ပြောတဲ့ ...ရာမှာ တစ်ထပ်တည်း ဖြစ်ဖို့ လိုတယ်၊ တစ်ယောက်နှင့် တစ်ယောက် ကွဲနေ ...ရင် သက်သာမကောင်း ဖြစ်လိမ့်မယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ မင်းက ရုရှား အသံထွက် ကောင်းတယ်၊ ကိုယ်တို့ ကို
စား မင်းပြော၊ ပြီးတော့ မင်းက အဖြီးအဖြန်းမှာလည်း နံပါတ်တစ်'

'ဟေ့ကောင် တော်စမ်း၊ ကောင်းပြီ၊ ငါက မင်းတို့ရဲ့ သံတမန် လ
မယ်'

ဂီဇာက ပွဲရောင်းရောင်းကြီးတွေ ဖြစ်နေသည့် အတွက် သူ့တွင်
ထားသည့် အဝတ်အစား အချို့ကို ချွတ်ကာ နှင်းတောထဲတွင် မြှုပ်ပစ်ခဲ့
နောက် တင့်ကားများ အနီးသို့ ခပ်တည်တည် လျှောက်လာခဲ့သည်။

'ဘယ်လဲ'

စစ်သား တစ်ယောက်က သူတို့ကို မေးသည်။ ဂျော့ ကဲလားက ရှေ့
လျှောက်လာကာ သူ့ကို ရုရှား စကားဖြင့် ဖြေသည်။

'ကျွန်တော်တို့က တက္ကသိုလ် ကျောင်းသားတွေပါ၊ ကျွန်တော်တို့
ငယ်ချင်း တစ်ယောက် နေမကောင်းလို့ လာမေးတာ၊ ခု ဘူဒါပက်စ်ကို
မလို့၊ ကျွန်တော်တို့ မှတ်ပုံတင်တွေကို စစ်ကြည့်ပါ'

စစ်သားက သူ့အဖော်နှင့် တီးတိုး တိုင်ပင်ပြီးနောက် သူတို့ဆီသို့
လာသည်။

'ရတယ်၊ ရတယ်၊ သွားတော့'

သူတို့ သုံးဦးသည် ရွာထဲကို ဖြတ်ပြီး ဘူတာရုံဆီသို့ သုတ်ခြေတင်
သည်။ သူတို့ နှလုံးများက ခုန်လျက်။

'နင့်မေကလွှားတဲ့၊ ဒီမှာလည်း တင့်ကားတွေပါလား'

ဂီဇာက ဘူတာရုံဆီသို့ လက်ညှိုးထိုးပြသည်။

'ခပ်တည်တည်ပေါ့ကွာ၊ ဒီကောင်တွေ ဘာမှ သိမှာ မဟုတ်ပါဘူး

ဂျော့ ကဲလားက ပြောသည်။

သူပြောသည့်အတိုင်း မှန်သည်။ သူတို့ကို မည်သူကမျှ ရပ်တန့်
ဆေးခြင်း မပြု။ ပလက်ဖောင်းသို့ သူတို့ ရောက်သည့် အခါတွင် ရထား
လူတွေ ပြည့်ကျပ်နေလေပြီ။ ဘူတာရုံ တစ်ခုလုံး ဆူဆူညံညံ။ ရုတ်ရုတ်သဲသဲ

ရထားက ထွက်နေပြီ။ ဂီဇာက လှေကားထစ်မှ နေ၍ ရထားပေါ်
အရင်တက်သည်။ ဂျော့ ကဲလားက အနီကိုကို ရထားပေါ်သို့ တင်ပေးပြီး သူ
နောက်မှ တက်သည်။ ခဏကြာလျှင် ရထားသည် ဘူတာရုံထဲမှ ထွက်လာသ

ရထားတွဲထဲတွင် ထိုင်ခုံလွတ်ဆို၍ တစ်ခုမျှ မရှိ။ ထို့ကြောင့် သူ
သည် စင်္ကြံတွင် ရပ်ပြီး ပြတင်းပေါက်မှ အပြင်ဘက်သို့ ကြည့်လိုက်လာခဲ့





ည်။ သူတို့ သုံးယောက်သည် တစ်ယောက်၏ အတွေးများကို တစ်ယောက်
ကြသည်။ တစ်နာရီခွဲခန့် ကြာလျှင် ဆိုပရွန်သို့ ရောက်တော့မည်။ ထို့
ကတွင် နယ်စပ်ကို ကျော်လိုက်ရုံသာ။

သူတို့ မြင်ဖူး တွေ့ဖူးနေကျ ဟန်ဂေရီ ကျေးလက် ရှုခင်းတွင် နောက်
တိုးလာသည့် ကြောက်စရာ မြင်ကွင်းများကို တွေ့ရသည်။ ရုရှား တင့်
ကားတန်းကြီးတွေ။ ရထားလမ်းဘက်ကို ချိန်ထားသည့် အမြောက်ကြီးတွေ။

နာရီဝက်ခန့် ကြာအောင် တစ်ယောက်နှင့် တစ်ယောက် စကားမပြော
ကြ။

ခဏကြာလျှင် အထိတ်တလန့် ပြောလိုက်သည့် ဂီဇာ၏ အသံကို
ကြားရသည်။ သူ့အသံက သူ့ လည်ပင်းပေါ်တွင် ကြိုးကွင်းကြီး ပတ်လိုက်
သို့ လန့်၍ အော်လိုက်သည့် အသံ။

'ဟေး ဂျော့၊ ဒုက္ခပဲ၊ ကိုယ်တို့ လမ်းမှားလာပြီ'

ဂျော့ ကဲလားက ရထားလမ်းဘေးတွင် တန်းစီ ရပ်နေကြသည့် ရုရှား
င့်ကားတန်းကြီးများကို ကျော်၍ ကြည့်လိုက်သည်။

'ရထားက ဆိုပရွန်ကို သွားနေတာ မဟုတ်ဘူးကွဲ၊ ဘူဒါပက်စ်ကို ပြန်
သွားနေတာ'

ရထားသည် ဖြုန်းခနဲ ရပ်လိုက်သည်။ အနီကိုမှာ လဲကျတော့မလို ယိုင်
သွားသဖြင့် ဂျော့ ကဲလားက ဆီးဖမ်းလိုက်ရသည်။ သူကိုယ်တိုင်လည်း ရထား
တက်ကိုင် သံကွင်းကို ဖမ်းကိုင်လိုက်သဖြင့်သာ မလဲခြင်း ဖြစ်သည်။ ခရီးသည်
များသည် တစ်ယောက်ကို တစ်ယောက် အထိတ်တလန့်ဖြင့် လှမ်းကြည့်ကြ
သည်။ ဂျော့ ကဲလားသည် ပြတင်းမှ နေ၍ အပြင်ဘက်မှ ရုရှား တင့်ကား
ကြီးများကို ငေးကြည့်နေသည်။

'အနီကိုတို့ ရထားကိုတော့ ပစ်မှာ မဟုတ်ပါဘူးနော်' ဟု အနီကိုက
တိုးကလေး ပြောသည်။

'မပြောတတ်ဘူး'

ဂျော့ ကဲလားက နှုတ်ခမ်းကို ကိုက်သည်။

ရထားတွဲ တစ်ဖက်ထိပ်မှ အပြာရောင် ယူနီဖောင်း ဝတ်ထားသည့်
ထား အမှုထမ်း တစ်ယောက် ပေါ်လာသည်။ ပရိသတ်တွေ အကြားထဲ
ဝင်လာသည်။ ခရီးသည်တွေက မေးခွန်းတွေ မေးကြသည်။

ရထား အမှုထမ်းက လက်နှစ်ဖက်ကို ပါးစပ်နားတွင် ၍ ပြော



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဘူဒါပက်စ် မြို့ထဲကို ရထားဝင်လို့ မရပါဘူး၊ ကျွန်တော် ထပ်ပြော ပါ့မယ်၊ ဘူဒါပက်စ် မြို့ထဲကို ရထားဝင်လို့ မရပါဘူး၊ ရုရှား တပ်တွေက မြို့ကို ဝိုင်းထားတယ်၊ ဒါကြောင့် ကျွန်တော်တို့ ရထား ဆိုပရွန်ဘက်ကို မောင်းပါ မယ်'

သူတို့ သုံးယောက်သည် တစ်ယောက်ကို တစ်ယောက် ကြည့်နေ ကြသည်။ ဝမ်းသာလိုက်သည်မှာ အတိုင်းထက် အလွန်။ ခဏကြာလျှင် ရထား သည် ရုရှားတပ်တွေ ဝိုင်းထားသည့် ဘူဒါပက်စ်မြို့မှ နောက်သို့ ပြန်မောင်း လာခဲ့သည်။

လမ်းတစ်လျှောက်လုံးတွင် တင့်ကားတွေ အပြည့်။ ဆိုပရွန် ဘူတာ ထဲတွင် သူတို့ ခြေချမိသည့် အခါမှ အသက်ကို ပြင်းပြင်း ရှူနိုင်တော့သည်။ ယခုထိမူ ချောမောနေပြီ။

ညနေ တော်တော် စောင်းနေလေပြီ။

'နယ်စပ်ကို ဘယ်လမ်းက သွားမှာလဲ' ဟု ဂျော့ ကဲလားက ဂီဇာကို မေးသည်။

'ငါလည်း မသိဘူး'

'ဒါဖြင့် တို့က ဘယ်သွားရမှာလဲကွ၊ ရှုပ်တယ်ကွာ၊ ရုရှား စစ်သားတွေက သွားမေးချေ'

'ဒီမှာ သစ်တောကျောင်း တစ်ကျောင်း ရှိတယ်၊ ကျောင်းသား တစ် ယောက်ကို သွားမေးပြီး အဲဒီကို သွားရင်ကော'

အနီကိုက ပြောသည်။

သို့ရာတွင် စက္ကန့်ပိုင်းကလေး အတွင်းမှာပင် ဂျော့ ကဲလားသည် အဘွားကြီး တစ်ယောက်ကို မေးမြန်းပြီး ဖြစ်သည်။

သူတို့သည် ခရီးဆက်ထွက်ခဲ့ကြသည်။

သစ်တော ကျောင်း ခန်းမကြီးထဲသို့ ရောက်သည့် အခါတွင် ဘယ်ရီ ဦးထုပ် ဆောင်းထားသည့် လူငယ် တစ်ယောက်က သူတို့ကို မေးသည်။

'ရဲဘော်တို့၊ ခဲယမ်းမီးကျောက် လိုသလား'

သစ်တော ကျောင်းထဲတွင်ကား ကျောင်းသားတွေ ပြည့်နေသည်။ အချို့က ရုရှားများကို မောင်းထုတ်ရန် အတွက် လက်နက်တွေ တပြင်ပြင် ဖြစ်





ကြသည်။

သူတို့အား ပေါင်မုန့် တစ်လုံး၊ ကိုကိုး တစ်ခွက်နှင့် သေတ္တာကြီးထဲမှ ကျည်ဆန် တချို့ကို ထုတ်ပေးသည်။

'လက်နက်ကရော ဗျ'

ဂျော့ ကဲလားက ပေါင်မုန့်ကို ဝါးရင်း ပလုတ်ပလောင်း မေးသည်။

'လာမယ် ရဲဘော်၊ လာမယ်'

သူတို့ သုံးယောက်သည် ချောင် တစ်ချောင်တွင် သွားကာ သူတို့ ရှေ့ တွင်မည့် အစီအစဉ်ကို တိုင်ပင်ကြသည်။ တစ်ခုတော့ သေချာသည်။ သူတို့ သည် ကျဆုံးမည့် ပုန်ကန် ထကြွမှု တစ်ခုထဲသို့ ပါဝင်ရန် လာခဲ့ခြင်း မဟုတ်။

'ဒီလူတွေ ရူးနေသလား မသိဘူး၊ ကြည့်စမ်းပါဦး၊ ကျည်ဆန်တွေက သေနတ်တစ်လက်နဲ့ တစ်တောင့် တူတဲ့ ကျည်ဆန်ရယ်လို့ တစ်တောင့်မှ မရှိဘူး၊ တစ်တောင့် တစ်မျိုးစီ ချည်းပဲ၊ ဘာနဲ့ သွားပစ်မှာတဲ့လဲ' — — —

ဂီဇာက သစ်သီးပုပ္ပမျိုးကို ကိုင်ထားရသလို ကျည်ဆန်များကို လက် တစ်ဖက်မှ တစ်ဖက်သို့ ရွှေ့ကိုင်ရင်း ပြောသည်။

ထို့နောက် ဂီဇာသည် လမ်းပန်းကို စုံစမ်းရန် သူတို့ အနားမှ ထသွား သည်။

ဂျော့ ကဲလားနှင့် အနီကိုတို့သည် တစ်ယောက်ကို တစ်ယောက် ကြည့် နေကြသည်။

'အနီကို ဘယ်လို နေသလဲဟင်'

'ကြောက်တယ်'

အနီကိုက တိုးတိုးပြောပြီး သူ့ လက်ဖဝါးကို ဆုပ်ထားသည်။

'မကြောက်ပါနဲ့ကွယ်၊ နေစမ်းပါဦး၊ အနီကို့ အမေကိုကော ဘယ်လို ပြောခဲ့သလဲ'

အနီကိုက နွမ်းနယ်စွာ ပြုံးသည်။

'အစ်ကိုကတော့ ရယ်မှာပဲ၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ ဒီလိုပြောမှ အမေက ယုံမှာကိုး၊ အနီကိုနှင့် အစ်ကို လက်ထပ်တော့မယ်လို့ ပြောခဲ့တယ်'

ဂျော့ ကဲလားက ပင်ပန်း နွမ်းနယ်စွာ ပြုံးရင်း အနီကို့ လက်ကို ဖျစ် ညှစ်လိုက်သည်။

'ဒါလည်း မမှားပါဘူးလေ၊ မဟုတ်ဘူးလား'

'အစ်ကို တကယ် ပြောနေတာလား ဟင်'



www.burmeseclassic.com

www.burmeseclassic.com

'ဒီလို မဟုတ်ရင် အနီကိုကို ဘာဖြစ်လို့ ခေါ်လာရမှာလဲ'

သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် မှီ၍ ထိုင်နေ ကြသည်။ စကား မပြောမိကြ။ ပင်လည်း ပင်ပန်းလှပြီ။

'ဘူဒါပက်စ်မှာ ဘယ်လိုများ နေမလဲ မသိဘူးနော်'

အနီကိုက ပြောသည်။

'ဒါတွေ တွေးမနေပါနဲ့ကွယ်'

အနီကို ခေါင်းညိတ်သည်။ သို့ရာတွင် သူ့လို မဟုတ်။ အနီကိုသည် ဘူဒါပက်စ် အခြေအနေကို မတွေးဘဲ မနေနိုင်။

ဂီဇာ ပြန်ရောက်လာသည်။

'ဩစထရီးယား နယ်စပ်က သိပ်မဝေးတော့ဘူး၊ နည်းနည်းပဲ လို တော့တယ်၊ ဒီ တောအုပ်ထဲက ဖြတ်သွားရင် ညနေ မိုးချုပ်ဆို ရောက်သွား မယ်ကွ'

ဂျော့ ကဲလားက အနီကိုကို လှမ်းကြည့်သည်။ အနီကိုက ဘာမှ မပြော။ မတ်တတ် ထရပ်လိုက်သည်။

နှင်းတွေ ပြန်ကျလာပြန်သည်။ နှင်းဖတ်ကြီးတွေ အဖတ်လိုက်၊ အဖတ် လိုက်။ ခဏကြာလျှင် သူတို့ သုံးယောက်စလုံး စိုရွှဲကာ ခိုက်ခိုက် တုန်လာကြ သည်။ ဖိနပ်ပါးကလေးတွေကို စီးထားသဖြင့် မစီးသည်ကပင် ေတာ်ဦးမည်

လမ်းတွင် သူတို့ချည်း မဟုတ်။ တစ်ခါတစ်ရံတွင် နယ်စပ်ကို ကျော် ဖြတ်နေကြသော အစုများကို တွေ့ရသည်။ တစ်ခါတစ်ရံတွင် သူတို့သည် ခေါင်းညိတ် နှုတ်ဆက်ကြ၏။ တစ်ခါတစ်ရံတွင်လည်း ရသမျှ သတင်းကလေး များကို ဖလှယ်ကြသည်။ နယ်စပ်က သိပ် မဝေးတော့ဘူးတဲ့။ နယ်ခြားစောင့် တပ်တွေ မရှိဘူးတဲ့။ ရုရှား စစ်သားတွေ မရှိဘူးတဲ့။

တောအုပ်ထဲတွင် နယ်ခြားစောင့်တပ်တွေ တူးထားခဲ့သည့် ဘန်ကာများ ကို တွေ့ရသည်။ သို့ရာတွင် အစောင့်များ မရှိတော့။ ထွက်ပြေးကုန်ကြပြီ။

နှင်းများ၏ အရောင်က ကြောက်စရာ။ ထိတ်စရာ။ အဝေးမှ ခွေးဟောင် သံ သဲ့သဲ့ ကြားရသည်။ သူတို့သည် ရပ်လိုက်ကြ၏။

'အစောင့်တွေလား မသိဘူး'

ဂီဇာက ပြောသည်။

'ငါ ဘယ်သိမလဲကွ'

ခဏ ကြာလျှင် ခွေးတစ်ကောင်နှင့် လူတစ်ယောက် ပေါ်လာပြီး သူ





နှင့် မလှမ်းမကမ်းမှ ဖြတ်သန်းသည်။ အစောင့် မဟုတ်။ လယ်သမား တစ် ယောက် ဖြစ်သည်။

ငါးမိနစ်လောက် အကြာတွင် တောအုပ် အပြင်သို့ ရောက်လာခဲ့ကြ သည်။ သူတို့သည် တောင်ကုန်းကလေး တစ်ခုပေါ်သို့ တက်လာခဲ့ကြသည်။ နယ်စပ်ကို လှမ်းမြင်နေရလေပြီ။ နယ်စပ် ဂိတ်ဝတွင် ဩစထရီးယား စစ်သား များသည် ကားများကို ရပ်တန့်ကာ စစ်ဆေးနေကြသည်။ တချို့ ကားများမှာ အဖြတ် နယ်စပ်ဂိတ်ကို ကျော်၍ ဝင်သွားကြပြီး အချို့ကမူ ဘေးသို့ ထိုး၍ ရပ်နေကြ၏။

'ကဲ ရောက်ပြီကွ' ဟု ဂီဇာက ကြွေးကြော်သည်။

'ကိုယ်တို့ လုပ်ရမှာက စစ်သားအစောင့်တွေကို ကျော်ဖြတ်ဖို့ပဲ ကျန် တော့တယ်၊ ဘယ်သူ့များ တောင်းပန်ရပါ့မလဲ'

နောက် ပေါ်လာသော အသံကမူ ထူးဆန်းသည်။

'ဟေ့ ရပ်၊ လက်မြှောက်ထား'

နောက်သို့ လှည့်ကြည့်လိုက်သည့် အခါတွင် သူတို့ကို စက်သေနတ်ဖြင့် ချိန်ထားသည့် နယ်ခြားအစောင့် နှစ်ယောက်ကို တွေ့ရသည်။

နယ်ခြားစောင့် ရဲတွေပါကလား။

'ဘာလဲ၊ တစ်ဖက်နိုင်ငံကို ပျော်ပွဲစား သွားတာတော့ မဟုတ်ဘူး မဟုတ်လား၊ ဘာရမလဲကွာ'

သူတို့က ဘာမှ မဖြေကြ။ သူတို့သည် စိတ်ပျက်ခြင်းကြောင့် ထုံကျဉ် နေကြပြီ။ ဒုတိယ အရာရှိတွင် ကြိုးမဲ့ ကြေးနန်းစက် ပါသည်။ ထိုစက်ဖြင့် ဌာနချုပ်ကို လှမ်း သတင်းပို့နေသည်။

ဘာမျှ မတတ်နိုင်တော့သည့် အတူတူ ဂျော့ ကဲလားက ပရိယာယ် သုံး သည်။

'ကျွန်တော်တို့က ဟန်ဂေရီ လူမျိုးတွေပါဗျာ၊ ခဏနေရင် ကျွန်တော် တို့ကို ရုရှားတွေက ဖမ်းတော့မှာမို့လို့ ထွက်ပြေးလာတာပါ၊ ခင်ဗျားတို့ကို လည်း ဖမ်းမှာပဲ၊ ဒီတော့'

'ပါးစပ် ပိတ်လိုက်၊ ခင်ဗျားတို့ နယ်စပ်ကို တရားမဝင် ဖြတ်တဲ့ အတွက် ဖမ်းတယ်'

ကြိုးမဲ့ ကြေးနန်း ကိုင်သည့် အရာရှိက ပြောသည်။

သို့ရာတွင် စက်သေနတ် ကိုင်ထားသည့် အရာရှိ၏ မျက်နှာများသည်


www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ဆုံလိုက်မိသည်ဟု ဂျော့ ကဲလား ထင်လိုက်မိသည်။ ထို့နောက် 'ဖြေ ကြ' ဆိုသည့် သဘောဖြင့် ခေါင်းကို တစ်ချက် စောင်းပြလိုက်သည်။ စောင်း သည်ဟု ထင်သည်။

သူက အချက်ပေးသည် မပေးသည်မှာ အကြောင်းမဟုတ်။ မိမိတ် အဖို့မှု သည်အချိန်သည် နောက်ဆုံး အခွင့်အရေး ရခြင်း ဖြစ်သည်။ လွတ်လ မှုကို ရယူရန် နောက်ဆုံးအကြိမ် ဖြစ်ကြောင်း သူတို့ အလိုလို သိလိုက်ကြ သည်။

ဂျော့ ကဲလားက အနီကို၏ လက်ကို အသာတို့လိုက်သည်။ အနီ ကလည်း နားလည်သည်။ ချက်ချင်း ဆိုသလို သူတို့ သုံးယောက် တစ်ပြ ထိုး ပြေးထွက်လာခဲ့ကြသည်။ ဂီဇာကလည်း သူ့ကို မပြောသည့်တိုင် နာ လည်ထားသည့်နှယ် ဘယ်ဘက်သို့ စွတ်ပြီး ပြေးသည်။ သူတို့ နှစ်ယောက်က ညာဘက်သို့ ပြေးသည်။

သူတို့ ပြေး၍ လေးငါးလှမ်းလောက် အရောက်တွင် နောက်မှ သေ နတ်သံတွေ ပေါ်လာသည်။ ဟန်ဂေရီ အစောင့်များသည် သူတို့ကို ဝတ်ကျေ တန်းကျေ သဘောမျိုးလောက်သာ ပစ်မည်ဟု ဂျော့ ကဲလား ထင်သည်။ သို့ ရာတွင် ထိုအချက် မှန် မမှန်ကို သူ မစဉ်းစားနိုင်။ ခေါင်းကို ငုံ့ကာ စွတ်၍ စွတ်၍ စွတ်၍ ပြေးလာခဲ့သည်။

ဘယ်လောက် ကြာအောင် ပြေးနေသည်ကို သူ မသိ။ ဘယ်လောက် ပြေး ပြေး သူ မမောဘဲ ဖြစ်နေသည်ကိုသာ သူ သိသည်။ ဒူးဆစ်လောက် ရှိသည့် ရေခဲပြင်ထဲတွင် သူသည် ဆက်၍ ပြေးနေသည်။ နောက် သေနတ်သံများ ကို မကြားရတော့။ ဘာသံမျှလည်း မကြားရတော့။ သူသည် မျှော်မဆုံးနိုင် သော နှင်းခဲပြင်ကြီးထဲတွင် ရောက်နေသည်ကို တွေ့ရသည်။

ဂျော့ ကဲလားသည် နောက်သို့ လှည့်၍ အနီကိုကို ကြည့်သည်။

ဘာမျှ မရှိ။ ဘယ်သူမျှ မရှိ။ သူနှင့် အတူ အနီကို ပါမလာတော့ ကြောင်းကို သူ တဖြည်းဖြည်း နားလည် သဘောပေါက်လာသည်။ သူသည် အနီကိုကိုပင် မစဉ်းစားနိုင်တော့ဘဲ သူ့ အသက်ဆေး အတွက်ကိုသာ ကြည့် ခဲ့မိပါပကော။

လမ်းတွင် လဲကျ ကျန်ရစ်ခဲ့ပြီလား။ နှင်းတောကြီးထဲတွင် မျက်စိလည် လမ်းမှားသွားပြီလား။ သို့မဟုတ် ကျည်ဆန် ထိမှန်သွားပြီလား။

ဂျော့ ကဲလားသည် သူ့ လာလမ်းအတိုင်း ပြန်လှည့်လာခဲ့သည်။ အနီ





အော်ခေါ်ရမည်လားဟု စိတ်ကူးသည်။ ပါးစပ်ကို ဟာ၏။ သို့ရာတွင် ထွက်မလာ။ ရန်သူ မြင်သွားမည်ကို သူ စိုးရိမ်သည်။ သည်အတိုင်းသာ ဆက်သွားနေလျှင် သူ့ကို မြင်တော့မည်။ ယခုပင်လျှင် အနီကိုကို သွားလောက်ပြီ။ သူ့ကိုယ်သူ သတ်သေရမလားဟု စိတ်ကူးသေးသည်။

မဖြစ်။ အနီကိုသာ ဆိုလျှင် သူ့ကို ဆက်သွားစေချင်လိမ့်မည်။ သူ့ အသက်ဆေးမှ လွတ်အောင် ပြေးစေချင်လိမ့်မည်။ သူ ချစ်ပြီး သူ့ကို ချစ်သည့် အနီကို အကြောင်းကို မစဉ်းစားမိအောင် ကြိုးစားရင်း နောက်သို့ ပြန်လှည့်လာ သည်။

ခဏကြာလျှင် ညနေဆည်းဆာ ကောင်းကင်တွင် မီးသို့ ထိုးတက်နေသော ဘုရားရှိခိုးကျောင်း တစ်ကျောင်းကို မြင်လိုက်သည်။ မြင်လိုက်သည်ဟု သူ ထင်လိုက်သည်။ ဟုတ်သည်။ မျှော်စင် တစ်ခု ဖြစ်သည်။

သည်အရပ်တွင် သူတို့ ဟန်ဂေရီမှာလို ဘုရားရှိခိုးကျောင်းတွေ မရှိ။ ယူဂိုဆလားဗီးယား နယ်ထဲသို့ သူ ရောက်သွားပြီ။

သူသည် မီးကုပ်စက်ဝိုင်းဆီသို့ လာခဲ့သည်။

နာရီဝက်ခန့် အကြာတွင်မူ ဂျော့ ကဲလားသည် ယူဂိုဆလားဗီးယား မြို့ ကလေး တစ်မြို့ ဖြစ်သည့် နူကာချင်မြို့ကလေးထဲသို့ ဒယီးဒယိုင်ဖြင့် ရောက် လာခဲ့သည်။ မြို့ကလေးထဲတွင် သူတို့ ထုံးစံ ပွဲတော် တစ်ခု ကျင်းပနေသည်။ သူ့ကို မြင်သည်နှင့် သူ ဘယ်သူ ဘယ်ဝါ ဆိုသည်ကို သိလိုက်ကြပြီ။ သို့ မဟုတ် အနည်းဆုံး သူ ဘာဆိုသည်ကို သိလိုက်ကြပြီ။ ခပ်ဝဝ အသားနီနီနှင့် လူတစ်ယောက်က မေးသည်။

'မင်းက ဟန်ဂေရီ လူမျိုးလား'

ထိတ်လန့် တုန်လှုပ်နေသည့်တိုင် သူ မေးသည့် စကားလောက်ကို တော့ သူ နားလည်သည်။ သူတို့ ပြောနေသည်က ဂျာမန်စကား။ သည်လောက် ဆိုလျှင် စိတ်ချရပြီ။

လူနှစ်ယောက်က သူ့ကို လာတွဲကာ ခုံရှည် တစ်လုံးပေါ်တွင် အထိုင် ခိုင်းသည်။ ထို့နောက် ရှန်ပိန် တစ်ပုလင်းကို လာပေးသည်။ ဂျော့ ကဲလား သည် တကျိုက်ကျိုက် မြည်အောင် ဆက်တိုက် မော့ချလိုက်သည်။ ထို့နောက် ရှိုက်ကြီးတငင် ငိုနေသည်။

အသက်ရှင် ကျန်ရစ်သော်လည်း သူ လိပ်ပြာမလုံ။



www.burmeseclassic.com

www.burmeseclassic.com

သူ ထိုင်နေသည့် ခုံနှင့် ပေငါးဆယ် အကွာတွင် သြစထရီးယား ရဲကား ကလေး တစ်စီး ထိုးရပ်လိုက်သည်။ အရပ်မြင့်မြင့်၊ ပိန်ပိန်ပါးပါး၊ မျက်နှာထား တင်းတင်းနှင့် ရဲအရာရှိ တစ်ယောက် ဆင်းလာသည်။

'လာ လိုက်ခဲ့' ဟု ဂျာမန်လို ပြောသည်။ ထို့နောက် ကားပေါ်သို့ တက် ရန် လက်ကို ဝှေ့ယမ်းပြသည်။

ဂျော့ ကဲလားသည် ရှုံ့နိမ့်သူ တစ်ယောက်၏ သက်ပြင်းကို ချကာ ထိုင်ရာမှ ထပြီး သူ့နောက်သို့ လိုက်လာခဲ့သည်။ ကားထဲ ရောက်သည့် အခါ တွင် နွေးသွားသည်။ သို့ရာတွင် သူ့ သံသယသည် ခိုင်လုံသွားလေပြီ။ ကားထဲ တွင် သူ့လို အဖမ်းခံရသည့် ဟန်ဂေရီ လူမျိုး ဆယ့်နှစ်ယောက်ခန့် ရောက်နေ သည်။

'ကြိုဆိုပါတယ်' ဟု နောက်တန်းတွင် ထိုင်နေသည့် နားပန်းဆံ ထူထူ အရပ်ပုပု လူတစ်ယောက်က ပြောသည်။

'ဘယ်လို ဖြစ်တာလဲဗျ' ဟု သူ စိုးရိမ်တကြီး မေးသည်။

'သြစထရီးယား ရဲတွေက ကျွန်တော်တို့လို ထွက်ပြေးလာတဲ့ လူတွေကို ဖမ်းနေတာလေ၊ ကျွန်တော့် နာမည်က မီကီပါ'

'ဂျော့ ကဲလားပါ၊ ကျွန်တော်တို့ကို ပြန်ပို့မလို့ ထင်တယ်'

'ဘယ်ကလာ ပြန်ပို့ရမှာလဲ၊ ကျွန်တော် ဆိုရင် ချီကာဂိုကို သွားမလို့'

'ဘယ်လိုလုပ် သိသလဲ'

'ဘာဖြစ်လို့ မသိရမှာလဲ၊ ဒီတိုင်းပြည်မှာ လူတိုင်း ကြိုက်တဲ့ နေရာ သွားနိုင်တယ်လေ၊ ခင်ဗျားကော ဒါကြောင့် ထွက်လာခဲ့တာ မဟုတ်လား'

ဂျော့ ကဲလားက အတန်ကြာ စဉ်းစားနေသည်။

'ဟုတ်တယ် ထင်တာပဲ၊ နေစမ်းပါဦး၊ ကျွန်တော်တို့ကို ဒီကားနှင့် ဘယ်ခေါ်သွားမှာလဲ'

'ခုလို လွတ်လာတဲ့ လူတွေကို လိုက်ရှာပြီး တစ်နေရာရာကို ပို့မှာပေါ့၊ ကျွန်တော့်မှာ ဂျာမန် မိတ်ဆွေတွေ ရှိပါတယ်၊ ရဲအရာရှိကို လိုက်ပို့ဖို့ ပြော ပြီးပြီ'

ဂျော့ ကဲလားသည် စိတ်အေး လက်အေး သက်ပြင်းချချင်သည်။ သို့ ရာတွင် မချရဲသေး။ လောကတွင် မထင်ဘဲနှင့် ဖြစ်တတ်သည်။ မမျှော်လင့်ဘဲ နှင့်လည်း ဝက်အူ တင်းသွားတတ်သည်။ ထို့ကြောင့် သတိကို မလွှတ်ရဲသေး။

ည အမှောင်ထဲသို့ ကားမောင်းလာစဉ် ဒုက္ခသည်များသည် ငိုက်မျဉ်း





လိုက်ပါလာကြသည်။ သို့ရာတွင် ဂျော့ ကဲလားမှာ အိပ်မပျော်။ ကားမှန် ...င်းမှ နေ၍ မြို့အမည် ရွာအမည်များကို ဖတ်လိုက်လာခဲ့သည်။ လွတ်လပ် ...သို့ သွားရာ လမ်းမှ သွေဖည်ခြင်း ရှိ မရှိကို သူ သေချာချင်သည်။

လင်းအားကြီး အချိန်တွင် အိုင်ဆယ်စတပ် မြို့ကလေးသို့ ရောက်ကြ ...သည်။ မော်တော်ကားသည် ဘူတာရုံ ရှေ့တွင် ထိုးရပ်လိုက်သည်။ ဘူတာရုံထဲ ...တွင် ဟန်ဂေရီ ဒုက္ခသည်တွေ ပြည့်နှက်လျက်။

'ကျွန်တော်တို့ကို ဘယ်ပို့မလို့လဲဗျ'

ဂျော့ ကဲလားက စုံစမ်းရန် ထွက်သွားရာမှ ပြန်လာသော မီကီကို မေး ...သည်။

'ရထားတွေ တွဲထိုးနေတာ၊ ကျွန်တော်တို့ကို စစ်အတွင်းက ရုရှားတပ် ... စခန်းချသွားတဲ့ စခန်း တစ်ခုကို ပို့မလို့'

'သိပ်မနိပ်ဘူး ထင်တယ်ဗျ'

'သိပ်တော့ မနိပ်ဘူး၊ ရုရှားနှင့် ပတ်သက်နေရင် ကောင်းကို မကောင်း ... ကိစ္စ မရှိဘူးလေ၊ ကျွန်တော်ကတော့ လိမ့်တော့မယ်'

'ဘာကို ဆိုလိုတာလဲဗျ'

'ကျွန်တော်တို့ကို ဗီယင်နာကို အရင် ပို့ဦးမှာ၊ ကျွန်တော်ကတော့ ...ိုက်တော့ဘူး၊ ဒီကပဲ ကိုယ့်ဘာသာ ကိုယ် သွားတော့မယ်၊ ခင်ဗျားကော ...ိုက်မလား'

'လိုက်ချင်တယ်၊ ခင်ဗျားမှာ မြေပုံ ရှိသလား'

မီကီက သူ့ခေါင်းကို လက်ညှိုးဖြင့် ထိုးပြသည်။

'ဒီမှာ ရှိတယ်လေ၊ ကျွန်တော် အားလုံး မှတ်မိတယ်၊ ခုလောလော ...ယ် မြောက်ဘက်ကို သွား၊ အရိပ်အခြည် ကြည့်၊ ခင်ဗျားနှင့် ကျွန်တော် ...ခြားစီ သွားမယ်၊ အပေါက်ဝကို ခပ်တည်တည်သာ သွား၊ အစောင့်တို့ ...တို့ လစ်တာနှင့် အပြင်ကို အသာ လစ်ထွက်၊ အဲဒီမှာ လမ်းမကြီး တွေ့ ...မယ်၊ လမ်းမကြီးအတိုင်း လျှောက်လာခဲ့၊ ညာဘက်မှာ ပထမဆုံး တွေ့တဲ့ ...ယာဆိုင်မှာ ဆုံမယ်'

သူတို့နှစ်ယောက် နှုတ်ဆက်ပြီး ခွဲလာခဲ့ကြသည်။ ဂျော့ ကဲလားသည် ...း အစွန်သို့ ခပ်သုတ်သုတ် လျှောက်လာခဲ့သည်။ ထို့နောက် လေကလေး ...ချွန်ချွန်ဖြင့် အစောင့်များ အနီးမှ ဖြတ်ကာ မြောက်စူးစူးဆီသို့ လာခဲ့သည်။

ပထမဆုံး တွေ့ရသည့် ဘီယာဆိုင်မှာ စခန်းနှင့် ကိုက်မြောက်ရာခန့်



www.burmeseclassic.com

www.burmeseclassic.com



သာ ဝေးသည်။ မီကီမှာ သူ့ထက်အရင် ရောက်နေပြီ။ မီကီသည် မှေးမှိန်နေသော ဆိုင်းဘုတ်တိုင် တစ်ခုကို မှီ၍ ခပ်တည်တည် ရပ်နေသည်။ ဆိုင်းဘုတ်မှာ 'ဗီယင်နာ ဘီယာ' ဟု ရေးထားသည်။

ထို့နောက် သူတို့ နှစ်ယောက် ဆက်လျှောက် လာခဲ့ကြသည်။

'မင်းက အင်္ဂလိပ်လို ပြောတတ်ရဲ့လား' ဟု မီကီက မေးသည်။

'တစ်လုံးမှ မပြောတတ်ဘူးဗျ'

'အင်း ဟုတ်မှာပေါ့လေ၊ မင်းတို့က ဘာသာ အားလုံး ရှုရှား ဘာသာနှင့် သင်ခွင့်ရတဲ့ အခွင့်ထူးခံ ပါတီ အရာရှိတွေရဲ့ သားသမီးတွေ မဟုတ်လား'

'ဒါပေမဲ့ ကိစ္စ မရှိပါဘူး၊ စာအုပ် တစ်အုပ်လောက် ရရင် ကျွန်တော် ချက်ချင်း သင်မှာပေါ့'

'မင်း လိုချင်တဲ့ စာအုပ်က မင်းနှင့် အတူ ပါလာတယ်လေ၊ ငါက အမေရိကန် စကားကို ကောင်းကောင်း ပြောတတ်တယ်၊ ဗီယင်နာ အသွားမှာ လမ်း တစ်လျှောက်လုံး မင်းကို သင်ပေးသွားမယ်'

'ဟာ သိပ်ကောင်းတာပေါ့ဗျာ၊ ကဲ သင်ဆို ခု သင်ဗျာ'

'ကောင်းပြီ လိုက်ဆို၊ ကျွန်တော်သည် အေးစက်သော ကြောင်တစ်ကောင် ဖြစ်ပါသည်၊ သင်သည် အေးစက်သော ကြောင် တစ်ကောင် ဖြစ်သည်၊ သူသည် အေးစက်သော ကြောင်တစ်ကောင် ဖြစ်သည်၊ သူမသည်...'

'နေစမ်းပါဦးဗျ၊ အဓိပ္ပာယ်က ဘာတဲ့လဲ'

'အေးစက်သော ကြောင်တစ်ကောင် ဆိုတာ လူကောင်း တစ်ယောက်ပါလို့ ပြောတာကွ၊ သူများကို ချီးမွမ်းတဲ့ စကား၊ စိတ်ချပါကွ၊ ငါက နေ့စဉ် သတင်းစာတွေထဲက နောက်ဆုံးပေါ် စကားတွေကို အမြဲ မှတ်သားထားတာပါ၊ ကဲ မေးခွန်းတွေ သိပ် မမေးနှင့်ကွာ၊ သင်မှာဖြင့် သင်'

ဗီယင်နာသို့ အရောက်တွင် သူတို့ နှစ်ယောက် လမ်းခွဲကြသည်။

'ကဲ ကံကောင်းပါစေကွာ၊ ပညာ ဆက်သင်ချင်ရင် ဟားဗတ် တက္ကသိုလ်ကို တက်နိုင်အောင် ကြိုးစားကွ'

'ခင်ဗျား ကျေးဇူးကို ကျွန်တော် တစ်သက် မမေ့ပါဘူးဗျာ'

အတန်ကြာသည့်အခါ သူ့ အိတ်ထဲတွင် စာအိတ် တစ်အိတ် ရောက်နေသည်ကို ဂျော့ ကဲလား တွေ့ရသည်။ ဖွင့်ကြည့်လိုက်သည့် အခါ မီကီ၏ အမေရိကန်ပြည် လိပ်စာနှင့် သူ့အတွက် နှစ်ဆယ့်ငါး ဒေါ်လာတန် ငွေစက္ကူ





...င်ရွက်။

...မေရိကန် ကြက်ခြေနီ အသင်းသည် ဂျော့ ကဲလား၏ ပညာရေး နောက်ခံ ...ကို ကျေနပ်သွားသည်။ သို့ရာတွင် သူ့ကို လေယာဉ် လက်မှတ် တစ်ခု ပေးမည့် ...တား မြို့ထဲရှိ ဒုက္ခသည် စခန်း တစ်ခုသို့ ခေါ်သွားသဖြင့် မကျေမနပ် ဖြစ်နေ ...သည်။

ဂျော့ ကဲလားက မျက်နှာထား ချိုချိုနှင့် ကြက်ခြေနီ အသင်း တံဆိပ် ...ပ်ထားပြီး သူ့ ရင်ဘတ်ပေါ်တွင် 'အဲလဗတ် ရက်ဒင်း' ဟူသော နာမည် ...ဆိပ်ပြား တပ်ထားသည့် အရာရှိ တစ်ယောက်ကို မေးသည်။

'ခွင့်ပြုပါ ခင်ဗျာ၊ ကျွန်တော် ဟားဗတ် တက္ကသိုလ်ကို တက်လို့ မရဘူး ...လား'

'ရပါတယ်၊ ကျွန်တော်တို့ဆီမှာ တက္ကသိုလ်တွေ အများကြီး ရှိပါတယ်၊ ...နောက်တော့ ဆိုင်ရာက စီစဉ် ပေးပါလိမ့်မယ်'

'ကျွန်တော့် အနေနှင့်တော့ နာတာလူး မတိုင်ခင် အမေရိကန်ပြည်ကို ...ရောက်ချင်တယ်ဗျာ၊ အဲဒါ တတ်နိုင်ရင်'

'ခင်ဗျားက တော်တော် ပညာသင်ချင်တာကိုး၊ ကောင်းပြီလေ၊ ခင်ဗျား ...မည်ကို ပေးပါ၊ ကျွန်တော် ဆိုင်ရာကို သတင်း ပို့ပေးပါ့မယ်'

'ဂျော့ ကဲလား'

'ဟုတ်ပြီ၊ ခင်ဗျားကို ကတိတော့ သေသေချာချာ မပေးနိုင်သေးဘူး ...ဗျာ၊ ဒါပေမဲ့ မနက်ဖြန် မနက် တစ်ခေါက် လာကြည့်ပါ'

'ကောင်းပါပြီ'

'ဒီပြင် လိုတာ ရှိရင်လည်း ပြောပါ'

'တစ်ခုတော့ ပြောချင်တယ် ခင်ဗျာ၊ ဗွီအိုအေကနေပြီး သတင်း တစ်ခု ...တော့ ပို့ချင်တယ်'

'ဒါကတော့ ကျွန်တော်နှင့် မဆိုင်ဘူးဗျ၊ ဒါပေမဲ့ ဆိုင်ရာကို ကျွန်တော် ...ကြောင်းကြားပေးမယ်လေ'

အရာရှိက သူ့ အိတ်ထဲက ဘောပင်ကို ထုတ်၍ ဂျော့ ကဲလား ပြော ...သည့် သတင်းကို မှတ်ရန် ပြင်သည်။

'များများ မဟုတ်ပါဘူး၊ တစ်ကြောင်းတည်းပါ၊ ကားလ်မာ့ခ်စ် ...ယ် ...ပြီလို့ လွှင့်ပေးပါ'



www.burmeseclassic.com

www.burmeseclassic.com



'ဒါပဲလား'

'ဟုတ်ကဲ့၊ ဒါပါပဲ'

'ဒါဆိုရင် ခင်ဗျားတို့ လူတွေ နားလည်ပါ့မလား'

'နားလည်ပါတယ်၊ ဒီသတင်းကို ကြားရင် အံ့အားသင့်သွားမယ့် လူတွေ ရှိပါတယ်၊ ကောင်းပြီလေ၊ မနက်ဖြန် မနက် စောစောမှာ ကျွန်တော် လာခဲ့ပါ့မယ်'

နောက်တစ်နေ့ မနက် ခုနစ်နာရီခွဲတွင် သူ ရောက်သွားသည့် အခါ ကြက်ခြေနီ အရာရှိ အဲလဗတ်သည် အကြီးအကျယ် အံ့အားသင့် တုန်လှုပ်နေသည်။

'ဘုရားစူးပါစေရဲ့ဗျား၊ ကျွန်တော်တောင် ဟန်ဂေရီမှာ မွေးခဲ့မိ ကောင်းမှာ'

အဲလဗတ်က ကြေးနန်း စာရွက် တစ်ရွက်ကို ထောင်ပြသည်။

'ဘာဖြစ်လို့လဲ'

'ဒီလောက် ကံကောင်းပုံမျိုး ကတော့ဗျာ ယုံနိုင်စရာတောင် မရှိဘူး နားထောင် ကျွန်တော် ဖတ်ပြမယ်၊ ဗီယင်နာရှိ အမေရိကန် ကြက်ခြေနီ သူနာပြု တပ်ဖွဲ့ ညွှန်ကြားရေးမှူးသို့၊ ဟန်ဂေရီ တက္ကသိုလ်မှ ထွက်လာခဲ့သော ဒုက္ခသည်များထဲမှ အရည်အချင်း ရှိသည့် ကျောင်းသား တစ်ယောက် နှစ်ယောက်ကို ဟားဗတ် တက္ကသိုလ်မှ ထောက်ပံ့ကြေး ပေးလိုသည်၊ အလားအလာ ရှိသူများ၊ အသေးစိတ် အကြောင်းအရာကို ပေးပို့ပေးပါ၊ အသေးစိတ် အချက်အလက်များ ပါဝင်ပါရန်၊ ဘရီဇင်းစကီး၊ အုပ်ချုပ်ရေး ပါမောက္ခတဲ့'

ဟားဗတ် တက္ကသိုလ်မှ နှစ်ဆယ့်လေးနာရီ အတွင်း အကြောင်းပြန်ကြားချက် ရောက်လာသည်။ ဒုက္ခသည် ကျောင်းသားငယ် ဂျော့ ကဲလားသည် သူတို့ လိုချင်နေသော လူငယ်မျိုး ဖြစ်သည်။ ကျန် ကိစ္စများမှာ လုပ်ထုံး လုပ်နည်းများ အတိုင်း လုပ်ရန်သာ ရှိသည်။

နောက် ရှစ်ရက် အကြာတွင် ဂျော့ ကဲလားသည် ဘတ်စ်ကား တစ်စီးဖြင့် မြူးနစ် မြို့သို့ ရောက်လာခဲ့သည်။ နောက် နှစ်ဆယ့် ခြောက်နာရီ အကြာတွင် နယူးယော့ရှိ နယူးအတ် လေဆိပ်သို့ ရောက်လာခဲ့သည်။ ခရီးရှည်ကြီးကို လာခဲ့ရသည့်တိုင် ပင်ပန်းခြင်း မရှိ။ သူ့တွင် တစ်လမ်းလုံး အဖော်ပြုခဲ့သည့် အချိန် ကုန်လာသည်။ ထိုအဖော်မှာ 'ရက်သုံးဆယ် အတွင်း ဝေါဟာရ ကြွယ်...





...သလား' ဆိုသည့် အမေရိကန် စကားပြော စာအုပ်ဖြစ်သည်။

လေဆိပ်တွင် အကောက် အရာရှိများကလည်း ဝတ်ကျေတန်းကျေသာ။ သည်အတိုင်းပဲ ဖြစ်မည်။ ဂျော့ ကဲလားတွင် ပါသည့် အရာမှာ စာအုပ်အုပ်သာ ဖြစ်ပြီး သတင်းစာ သုံးစောင်နှင့် ကြက်ခြေနီ အဖွဲ့မှ ပေးလိုက်သည့် အောက်ခံ ဘောင်းဘီ နှစ်ထည် သုံးထည်လောက်သာ ဖြစ်သည်။ လူဝင်မှု ကြီးကြပ်ရေး ကောင်တာမှ ထွက်လာသည့်အခါတွင် အသားဖြူဖျော့ဖျော့၊ ...ကြီး ဂေါင်ဂင်၊ ဆံပင်တိုတိုနှင့် လူတစ်ယောက် သူ့ကို လက်ဆွဲ နှုတ်ဆက်သည်။

'ဂျော့ ကဲလား လား'

သူက ခေါင်းညိတ်ပြသည်။

'ပါမောက္ခ ဘရီဇင်းစကီးပါ၊ အမေရိကန်ကို လာတဲ့ အတွက် ကြိုဆိုပါတယ်၊ ဒီတော့ မင်းကို နယူးယော့ ဟားဗတ် တက္ကသိုလ် ကလပ်မှာ တည်းဖို့ စီစဉ်ထားတယ်'

...လယ်စာ စားပြီး ဆရာ ဖင်လေ၏ ရုံးခန်းထဲတွင် ဂျော့ ကဲလားကို အင်ဒရူး ...ထမဆုံး တွေ့ဖူးခြင်း ဖြစ်သည်။ ပါမောက္ခ ဘရီဇင်းစကီးသည် ပြည်ပြေး ...တစ်ယောက် ဖြစ်သည့် ဂျော့ ကဲလားကို တောင်ပိုင်း ဘူတာရုံကြီးတွင် တွေ့ ...ခဲ့သဖြင့် ဟားဗတ် တက္ကသိုလ်သို့ ခေါ်လာခဲ့ခြင်း ဖြစ်၏။ ပါမောက္ခက ...အင်ဒရူးကို ဒေါ်လာ နှစ်ရာ ထုတ်ပေးလိုက်ပြီး ဟားဗတ် တက္ကသိုလ် ကျောင်း...ထဲသို့ လျှောက်အပြခိုင်းသည်။ လိုအပ်သည့် အဝတ်အစားများကို ဝယ်ပေး ...ခိုင်းလိုက်၏။ ဂျော့တွင် ညဝတ် အင်္ကျီကလေးမျှပင် ပါမလာ။ ထို့ကြောင့် ...စေအောင် ဝယ်ရသည်။

'ဟေ့ အင်ဒရူး၊ ဆရာ့မှာ ပိုက်ဆံ သိပ်ရှိတာ မဟုတ်ဘူးနော်၊ ကြည့်...သည်း ဝယ်ပေး'

ကျောင်းတိုက် ပရိဝုဏ်ထဲသို့ ရောက်သည်နှင့် ဂျော့က ကြော်ငြာ ...င်ပုန်းများတွင် ကပ်ထားသည့် ကြော်ငြာ စာရွက်များကို အသံထွက် ဖတ်...သည်။

'ဒီမှာ အင်ဒရူး၊ ကျွန်တော် အသံထွက်တာ မှန်ရဲ့လားဟင်' ဟု



www.burmeseclassic.com

www.burmeseclassic.com



ဂျော့က စိတ်အား ထက်သန်စွာ မေး၏။

ဂျော့က တွေ့သမျှ ကြော်ငြာများကို အကုန်ဖတ်သည်။ 'စီးကရက် အကောင်းဆုံး သောက်လိုလျှင် လတ်ကီ စထရိုက်ကို သောက်ပါ' ဆိုသည့် ကြော်ငြာက အစ ပန်းခြံလမ်းသို့ သွားလျှင် ရှစ်မိနစ် ဆိုသည့် လမ်းညွှန် ဆိုင်းဘုတ် အဆုံး ဖတ်သည်။ ကြော်ငြာ ဆိုင်းဘုတ်များကို ဖတ်ပြီး ဝါကျတွေကို ပါးစပ်က လျှောက်ဖွဲ့သည်။ အမေရိကန် လူမျိုးတွေ ပြောသမျှ ဟုတ်တာရော မဟုတ်တာရော အကုန် နားထောင်ပြီး သူ နားမလည်သည့် စကားလုံးတွေကို အဓိပ္ပာယ် မေးသည်။

'တော်ပါတော့ ဂျော့ရာ၊ တော်တော်ကြာ ကျွန်တော်ပါ ခြေ နှစ်ချောင်း တပ် အဘိဓာန်ကြီး ဖြစ်နေပါ့မယ်' ဟု နောက်ဆုံးတွင် အင်ဒရူးက တောင်းပန်ယူရ၏။

ဂျော့သည် သူ မသိသည်ကို ပြောသည့် အင်ဒရူးအား ကျေးဇူးတင်သည် မှန်၏။ သို့ရာတွင် 'ခင်ဗျား ကြည့်ရတာ အေးစက်စက်ကြောင်နှင့် သိပ်တူ တာပဲဗျာ' ဆိုသည့် စကားမျိုးကို မကြာခဏ ပြောတတ်သည်။

ဂျော့သည် သည်လို ဗန်းစကားမျိုးတွေကို ဘယ်ကများ ရခဲ့လေသနည်း ဟု အင်ဒရူး စဉ်းစားမိသေးသည်။ သည် ဗန်းစကားသည် အမေရိကန် ဗန်း စကား မဟုတ်။ ဟန်ဂေရီယန် ဗန်းစကားကို တိုက်ရိုက် ဘာသာပြန်ထားခြင်း ဖြစ်ပေလိမ့်မည် ထင်သည်။

တက္ကသိုလ် စတိုးဆိုင်ထဲသို့ ရောက်သည့် အခါ၌ ဂျော့သည် ဆန်း တာကလော့စ်၏ ပစ္စည်းခန်းထဲသို့ ရောက်သည့် ကလေးငယ် တစ်ယောက်နှင့် တူနေသည်။ သည်လောက် အမျိုးအစား များပြားလှသည့် ကုန်ပစ္စည်းများကို သူ့ တစ်သက်တွင် တစ်ခါမျှ မမြင်ဖူးသေး။ သူ့ စိတ်ထဲတွင် အအံ့ဩဆုံးမှာ ဆိုင်ထဲတွင် အရောင်အသွေးတွေ ပြိုးပြိုးပြက်ပြက် တောက်ပနေခြင်းပင် ဖြစ် သည်။

'ကျွန်တော်တို့ဆီမှာ ဆိုရင်တော့ အားလုံး မွဲခြောက်ခြောက်တွေချည်း ပဲဗျ၊ ဒီမှာတော့ သောက်ကျိုးနည်း စုံလိုက်တဲ့ အရောင်တွေဗျာ၊ ပြိုးပြက်နေ တာပဲ'

ဂျော့၏ မျက်လုံးများသည် ပစ္စည်းတွေကို ကြည့်တာ ကျီးကန်း တောင်းမှောက် ဖြစ်နေသည်။ တွေ့သမျှ ပစ္စည်းတွေကိုလည်း လိုချင်နေပုံရသည်။ အလွန်လည်း ဈေးထူသည်။ အောက်ခံ ဘောင်းဘီတိုများ ရောင်းသည့် အထပ်





ရောက်သည့် အခါတွင် ဂျော့က ဟားဗတ် တက္ကသိုလ်မှ ကျောင်းသားသည် အောက်ခံ ဘောင်းဘီတိုများကို ဝတ်သလော၊ ဂျော်ကီတွေ ဝတ်တတ်သည့် ဘောင်းဘီတိုများကို ဝတ်တတ်သလောဟု စုံစမ်းနေသေးသေး၏။ အစစ အရာ ရာ အမေရိကန် ဖက်ရှင်ကို လိုက်ချင်သည် မဟုတ်လော။

ခြေအိတ်နှင့် လည်စည်းတို့ ရောင်းသည့် ဌာနကို ရောက်တော့လည်း ရွေးနေလိုက်သည်မှာ တော်တော်နှင့် မပြီးတော့။ တစ်ခန်း ဝင်လိုက်၊ တစ်ခန်း ထွက်လိုက်ဖြင့် ပြီးပဲ မပြီးနိုင်။

မှတ်စု စာအုပ်တို့၊ ကျောင်းသုံး စာအုပ်တို့ ဝယ်သည့် ကိစ္စကျမှပင် ချောချောမောမော ပြီးသွားတော့သည်။ ဂျော့သည် ဟားဗတ် တက္ကသိုလ် တံဆိပ် ပါသမျှ စာအုပ်စာတမ်း စာရေး ကိရိယာ မှန်သမျှကို ဝယ်သည်။ ထို ထဲတွင် ကမ္ဘာလှည့် ခရီးသည်များ အမှတ်တရ ဝယ်ရန်ထားသည့် ဘောပင် ဘောင် ပါလိုက်သေးသည်။

ဟားဗတ် တက္ကသိုလ် ကျောင်းသားသည် စာအုပ်တွေကို အစိမ်းရောင် အိတ်ဖြင့် ထည့်တတ်သည်ဟု အင်ဒရူးက ရှင်းပြသည့် အခါတွင် ဂျော့က ငြင်းခြတက်၏။

'ဘာဖြစ်လို့ အစိမ်းရောင် သုံးတာလဲဗျ၊ ဟားဗတ် တက္ကသိုလ်ရဲ့ အရောင်က ဝိုင် အရက်ရောင်လိုလို ခရမ်းရောင်လိုလို အရောင် မဟုတ်ဘူးလား'

'ဟုတ်တယ်လေ၊ ဒါပေမဲ့ ...' ဟု အင်ဒရူးက စကားလုံးကို စဉ်းစားနေ သည်။

'ဒါဖြင့် ဘာဖြစ်လို့ ကျွန်တော့်ကို အစိမ်းရောင် အိတ်ကြီးကို အဝယ် ခိုင်းတာလဲ'

'ဒီမှာ ကိုယ့်လူ၊ ဒါတော့ ကျွန်တော်လည်း မသိဘူး၊ ဟိုခေတ်တွေတုန်း ကတည်းက ဟားဗတ် တက္ကသိုလ် ကျောင်းသားဟာ လွယ်အိတ်စိမ်းကို သုံးခဲ့ တယ်၊ ခုလည်း ဒါကိုပဲ သုံးတာပဲ'

'ဩော် ဒီလိုလား'

'ကျောင်းသား မပြောနှင့်၊ အဓိပတီ ဒေါက်တာ ပူဆေ ကိုယ်တိုင်တောင် လွယ်အိတ်စိမ်းကို သုံးနေတာပဲ' ဟု အင်ဒရူးက ပြောသည်။

ကျောင်းသုံး စာအုပ်တွေ ရောင်းသည့် ဌာနတွင် သူတို့ နှစ်ယောက် ကြာကမ္ဘာ ခဲ့လောက် ကြာသွားကြသည်။ ရထားနှင့် အတူ လာခဲ့စဉ် ပါလာကဲ့ ဘရီ



www.burmeseclassic.com

www.burmeseclassic.com



ခင်းစကြီးက ရုရှားဘာသာကို ကောင်းစွာ တတ်ကျွမ်းသူများ ယူသင့်သည့် ဘာသာရပ်များ အကြောင်း ရှင်းပြခဲ့ပြီးပြီ။ ဂျော့သည် အတန်းတွင် သင်ရမည့် ပြဋ္ဌာန်း စာအုပ်များကို သာမက အင်္ဂလိပ် သဒ္ဒါ စာအုပ်များနှင့် အဘိဓာန် များကိုလည်း ဝယ်လာခဲ့သေးသည်။ အင်္ဂလိပ် ဘာသာ စကားကို ပိုင်နိုင် အောင် သင်မည် ဆိုသည့် သူ့ ရည်ရွယ်ချက်နှင့် ကိုက်ညီသမျှ စာအုပ်တွေ လည်း ပါသည်။

သူတို့ နှစ်ယောက် စာအုပ်တွေ အဲလီယော့ဆောင်သို့ သယ်ပြီး ပြန်လာ စဉ် ကျောင်းဆောင် အဝင်ဝသို့ အရောက်၌ ဂျော့က မူမမှန်သည့် လေသံကလေး ဖြင့်

'ဒီမှာ အင်ဒရူး၊ ကျွန်တော်တို့ နှစ်ယောက်တည်းပဲ ရှိတယ်နော်၊ ဟုတ် ရဲ့လား'

ထိုစဉ်က ကျောင်းဆောင်ရှေ့ရှိ ဒတ်စတာ လမ်းမကြီးပေါ်တွင် လမ်းသွား လမ်းလာ ဆို၍ တစ်ယောက်မျှ မရှိ။ ထို့ကြောင့် အင်ဒရူးက ဟုတ်မှန်ကြောင်း အဖြေပေး၏။

'ဒီလိုဆိုရင် ကျွန်တော်တို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် အမှန်အတိုင်း ပြောလို့ ရပြီပေါ့'

အင်ဒရူးက သူ့စကားကြောင့် ဇဝေဇဝါ ဖြစ်သွားသည်။

'ခင်ဗျား ဘာကို ဆိုလိုချင်တာလဲ၊ ကျွန်တော် နားမလည်ဘူး'

'ကျွန်တော့်ကို လျှို့ဝှက်ချက်တွေကို ပြောနိုင်ပါတယ်ဗျာ၊ စိတ်ချ ကျွန်တော် ဘယ်လိုမှ မပေါက်ကြားစေရပါဘူး၊ ခင်ဗျားက စပိုင်လားဟင်'

သူ့ လေသံက ပို၍ တိုးသွားသည်။

'ဘာဗျ'

'သည်းခံပါဗျာ၊ ကျွန်တော်ဟာ မသိ နားမလည်တဲ့ ကလေးလေး တစ် ယောက်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ တက္ကသိုလ်တိုင်းမှာ အစိုးရက စပိုင်တွေ ထားတယ်လို့ ပြောလို့ပါ'

ထိုအခါကျမှပင် အင်ဒရူး သူ့ မေးခွန်းကို နားလည်တော့သည်။

'ကျွန်တော်တို့ တိုင်းပြည်မှာတော့ မရှိပါဘူး'

သို့ရာတွင် အင်ဒရူးသည် ကက်ဖကာ၏ ဝတ္ထုထဲက ဇာတ်လိုက် တစ် ယောက်လို မလုံမလဲ ဖြစ်နေသည်။

'နေစမ်းပါဦး၊ ကျွန်တော်ကတော့ စပိုင် တစ်ယောက်နှင့် တူနေလို့လား'





'မတူပါဘူး၊ မတူလို့ ခင်ဗျားကို ကျွန်တော် သံသယ ရှိနေတာပေါ့၊ ခင်ဗျား ဘယ်သူ့ကိုမှ သတင်းမပို့ပါနှင့်နော်'

'ဟော့လူ၊ ကျုပ်က ဘယ်သူ့ဆီကို သွား သတင်းပို့ရမှာလဲ၊ ကျုပ်က ဟားဗတ် တက္ကသိုလ် ကျောင်းသား'

'ခင်ဗျား နာမည် အစစ်ကတော့ အင်ဒရူး အဲလီယော့ ဟုတ်ရဲ့လား'

'ဟုတ်တယ်လေဗျာ၊ အဲဒါ ဘာများ ထူးဆန်းနေလို့လဲ'

'ဒီလိုလေဗျာ၊ ကျွန်တော့်ကို ချပေးတဲ့ အဆောင် နာမည်ကလည်း အဲလီယော့ဆောင်တဲ့၊ ခင်ဗျား နာမည်ကလည်း အဲလီယော့တဲ့၊ ဒီတော့ တိုက် ဆိုင်နေဘူးလား'

အင်ဒရူးက ဟားဗတ် တက္ကသိုလ် အဆောက်အအုံများသည် ရှေး လွန် ခဲ့ပြီးသော အခါက ထင်ရှားသော တက္ကသိုလ် ကျောင်းသားများ၏ အမည် ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်း ဖြစ်ကြောင်း စိတ်ရှည်လက်ရှည် ရှင်းပြရသည်။ မိသားစုသည် ဟားဗတ် တက္ကသိုလ်တွင် ထင်ရှားခဲ့သော မိသားစု ဖြစ် ကြောင်းလည်း ပြောပြသည်။ ထိုအခါကျမှ ဂျော့သည် ကျေနပ်သွားပုံရ၏။

'ဒီလိုဆို ခင်ဗျားက အထက်တန်းစား မင်းစိုးရာဇာမျိုးထဲကပေါ့'

'အင်း ဆိုပါတော့'

အင်ဒရူးက ပွင့်လင်းစွာ ပြောသည်။ ဘာကြောင့်မှန်း မသိ။ ထို အဖြေ ကြားသည့် အခါတွင် ဂျော့သည် ပျော်သွားပုံ ရသည်။

ထို့နောက်တွင်မူ ကြောက်စရာ မြင်ကွင်း။

သူတို့ နှစ်ယောက်သည် အဆောင်မှ နာရီပြန် တစ်ချက်ခွဲတွင် ထွက်လာခဲ့ ကြ၏။ ပြန်ရောက်သည့် အခါ၌ ငါးနာရီ ထိုးခါနီးနေပြီ။

သူတို့ ရထားသည့် အခန်းစုံက ဧည့်ခန်းထဲသို့ ပထမဆုံး ဝင်လာသူမှာ အင်ဒရူး ဖြစ်သည်။ ဘာကြောင့်မှန်း မသိ။ အိပ်ခန်းဘက်ဆီသို့ သူ လှည့် ကြည့်မိလိုက်သည်။ ဤတွင် မြင်ကွင်းကို ကြည့်၍ အလန့်တကြား ဖြစ်သွား သည်။

တစ်နေ့လုံး ဂျော့ကို ဈေးလိုက်ဝယ်ပေး နေရသဖြင့် ထိုကိစ္စကို မေ့ သွားသည်။ ထို့ကြောင့် စက္ကန့်ဝက်ခန့် ကြက်သေသေ၍ ကြည့်နေခြင်း ဖြစ် ၏။ အင်ဒရူးသည် ဂျော့အား ဧည့်ခန်းထဲတွင် ထိုင်နေရစ်ခဲ့ရန် ပြောပြီး အိပ်ခန်းဆီသို့ ဒရောသောပါး ပြေးလာကာ တံခါးကို ဆောင့်ပိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ပြန်လှည့်လာသည့် အခါ၌ ဂျော့သည် သူ့ကို မျက်လုံးပြူး၍ ကြည့်
နေ၏။ စောစောက သံသယ ဖြစ်နေရသည့် အထဲတွင် အင်ဒရူး လုပ်ပုံကြော
သူ လန့်လာသည်။

'ဘာဖြစ်လို့လဲဟင်'

'ဘာမှ မဖြစ်ပါဘူးဗျာ၊ ဘာမှ မဖြစ်ပါဘူး၊ ကျွန်တော့် သူငယ်ချ
တွေက အင်း... အခန်းကို သုံးထားလို့ပါ'

အင်ဒရူးက အိပ်ခန်းပေါက်ဝတွင် ရပ်ပြီး စန္ဒရီကြီး တစ်ယောက်
စောင့်နေသည်။ အခန်းထဲမှ တရုပ်ရုပ် ပြေးလွှား နေသံများကို ကြားရသည်

'ကျွန်တော် မယုံဘူးဗျာ၊ ဒီလိုဆိုရင် ခင်ဗျား အထက်က လူကြီး
နှင့် စကားပြောချင်တယ်'

ဂျော့၏ အသံက တုန်နေသည်။

'နေပါဦးဗျ၊ ကျွန်တော် ရှင်းပြပါ့မယ်'

ဂျော့က အသစ်စက်စက် ဝယ်ပတ်လာသည့် တိုင်းမက် လက်ပတ်နာ
ကို ကြည့်ပြီး စစ်ဗိုလ် တစ်ယောက်၏ အသံမျိုးဖြင့်

'ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျားကို ငါးမိနစ် အချိန်ပေးမယ်၊ ပြီး
ပါမောက္ခ ဘရီဇင်းစကီးကို ကျွန်တော်တို့ကို ပြောင်းပေးဖို့ ဖုန်းဆက်မယ်

ဂျော့က ကုလားထိုင်ပေါ်တွင် ဝင်ထိုင်ပြီး လက်က လက်ပတ်နာရီ
ငုံ့ကြည့်နေ၏။

အင်ဒရူး ဘာက စ၍ ပြောရမည် မသိ။

'ဒီမှာ ဂျော့၊ ကျွန်တော့် အခန်းထဲမှာ ကျွန်တော့် သူငယ်ချ
နှစ်ယောက်'

အင်ဒရူးသည် စကားလုံး ရှာမတွေ့ဘဲ ဖြစ်နေသည်။ သူ့ အမူအရာ
လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေပုံ။

'နားမလည်ဘူးဗျာ၊ ခု လေးမိနစ်နှင့် နှစ်ဆယ် စက္ကန့် ရှိပြီ၊ အ
စေ့ရင် ဆရာ့ကို သွားပြောရမှာပဲ'

ထိုစဉ် ဂျော့၏ မျက်နှာသည် ရုတ်တရက် ဝင်းထိန်သွားကာ ထိုင်ရာ
ထလိုက်ပြီး 'နှုတ်ဆက်ပါတယ်ဗျာ၊ ကျွန်တော့် နာမည်က ဂျော့ပါ၊ ဒီ
နာမည်ကကော' ဟု ပြော၏။

အင်ဒရူး နောက်သို့ လှည့်ကြည့်သည်။ အခန်းထဲမှ ထွက်လာသေ
ဆာရာကို မြင်ရ၏။ သူ့မျက်နှာက နီရဲလျက်။





'ကျွန်မ နာမည်က ဆာရာပါ၊ ဟားဗတ်ကို ရောက်လာလို့ ကြိုဆိုပါတယ်'

ဆာရာက တတ်နိုင်သမျှ ကြိုးစား၍ ပြုံးရင်း ပြော၏။

ဂျော့က လက်ကို ကမ်းပေးလိုက်သည်။ သူတို့ နှစ်ယောက် လက်ဆွဲ
ဆက်ကြသည်။ အခန်းထဲမှ သီယိုဒို ထွက်လာကာ သူ့ကိုယ်သူ မိတ်ဆက်
သည်။ ဂျော့မှာ နတ်ရေကန်ထဲ ဆင်းလိုက်သည့်နှယ် လုံးဝ ပြောင်းလဲ သွား
ပြီ။

'ကျွန်တော်တို့ အားလုံး တစ်ဆောင်တည်း နေရတယ်ပေါ့ ဟုတ်လား'
ဂျော့ ဝမ်းသာအားရ မေးသည်။

'အင်း အဲ တစ်ဆောင်တည်းရယ်လို့တော့ မဟုတ်ပါဘူး၊ သီယိုဒိုနှင့်
ဆရာတို့က ဟိုဒင်း... ဟိုဒင်း... ချိန်းတွေ့ဖို့ နေရာ မရှိဘူး မဟုတ်လား'

'ရပါတယ်ဗျာ၊ ရပါတယ်၊ ကျွန်တော်တို့ ဟန်ဂေရီမှာလည်း နေရာ
သနာ အများကြီး ရှိတာပေါ့'

သီယိုဒိုက တောင်းပန်သည့် လေသံကလေးဖြင့်

'ဆောရီးပဲဗျာ၊ ခင်ဗျားက ကြိုတင် သတိလေး ဘာလေး မပေးဘဲ ဖြုန်း
ရောက်လာတော့ အခန်းထဲမှာ ရှုပ်ပွနေတာပဲ၊ ရှင်းချိန်တောင် မရခဲ့ဘူး'

'ရပါတယ်ဗျာ၊ ကျွန်တော့် အပြစ်ပါ၊ သူ ရထား ဘယ်အချိန် ဆိုက်
ဆိုတာ သိကတည်းက ခင်ဗျားတို့ကို ကြိုပြီး အကြောင်း ကြားသင့်တာ
ကျွန်တော် မေ့သွားတယ်'

'အေးလေ ဘယ်တတ်နိုင်မလဲ၊ အချိန်တောင် တော်တော် နောက်ကျ
ပြီ၊ ဆာရာ့ကို အဆောင်ကို ပြန်ပို့ရဦးမယ်၊ ပြီးတော့ ကျွန်တော်လည်း
လုပ် ဆင်းရဦးမယ်၊ ကျေးဇူးပဲ အင်ဒရူးရေ၊ အားလုံး အိုကေပဲ'

ဆာရာက အင်ဒရူး ပါးကို နမ်း၍ နှုတ်ဆက်ပြီး ထွက်မည် အပြုတွင်
ဒရူးက

'ဆာရာရေ၊ အရင်က အတိုင်းပဲနော်၊ အရင်တုန်းကလိုပဲ ကိုယ့် အခန်း
လာပြီး လာပြီး... အဲ... လည်နိုင်တယ်နော်'

ဆာရာက သမင်လည်ပြန် လှည့်ကြည့်ရင်း

'ကြည့်ကြသေးတာပေါ့၊ ဒါပေမဲ့ ရှင့်မှာ အလုပ်တွေကလည်း များ
ယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



နာတာလူး ပွဲတော် အားလပ်ရက်များ အတွင်းတွင် ဖွင့်ထားသည့် ထမင်း
ခန်း ဆို၍ အဲလီယော့ဆောင်မှ ထမင်းစားခန်း တစ်ခုသာ ရှိသည်။ ထိုကြော
ထမင်းစားခန်းတွင် အဆောင် တစ်ဆောင်တည်းမှ ကျောင်းသားများ သာမ
တက္ကသိုလ် ပရိဝုဏ်ထဲရှိ အဆောင်တိုင်းမှ ကျောင်းသားများ အားလုံးပင် သ
ထမင်းစားခန်းလာ၍ ထမင်းစားကြသည်။ အချို့မှာ ဂုဏ်ထူးတန်း တက်
သော ကျောင်းသားကြီးများ ဖြစ်၏။ အချို့ကလည်း ရပ်ဝေးမှ ကျောင်းသ
များ ဖြစ်ပြီး ခရီးစရိတ် မတတ်နိုင်၍ အိမ်သို့ မပြန်ကြတော့ဘဲ ကျောင်းတ
ကျန်ရစ်ခဲ့သူများ ဖြစ်သည်။

အချို့မှာလည်း အဲလီယော့ အဆောင်မှ ကျောင်းသားများ ဖြစ်သည
အကြောင်းကြောင်းကြောင့် အိမ်မပြန်တော့ဘဲ ကျန်နေခဲ့ကြသူများ ဖြစ်၏

ထို အထဲတွင် ဒင်နီလည်း ပါသည်။ ကျောင်းစာတွေ ကုန်းရုန်း ကျ
နေရသည့် အဖြစ်မှ လွတ်မြောက်ပြီး 'အေးရိပ်သာ' သီချင်းကို အချိန်ပြ
စပ်နေနိုင်သဖြင့် သူ ဝမ်းသာသည်။ တက္ကသိုလ် နယ်မြေက တိတ်ဆိတ် ငြ
သက်လျက်။ သူ့ ဂီတ အာရုံကို ဖျက်ဆီးမည့် ဆူဆူညံညံ အသံဆို၍ ဘာ
မကြားရ။ သူ့ ချစ်သူ မာရီယာ အထင်ကြီးစေရန် အတွက် သူ့ သီချင်းကို
မကုန်မီ အပြီး စပ်မည်ဟု ပြောထားခဲ့သည်။

ဒင်နီသည် နံနက် အရုဏ်တက်မှ ညသန်းခေါင်သန်းလွဲ တိုင်အော
တကုပ်ကုပ်ဖြင့် သီချင်းစပ်သည်။ ဂီတ ဈာန်ဝင် စဉ်းစားစဉ် တေးတစ်
အကြောင်းအရာကို အလိုလို ရလိုက်သည်။ သိုးကျောင်းသားများ ဆိုလေ
သည့် လွမ်းဆွတ်ဖွယ် အချစ်တေး တစ်ပုဒ်။ ထိုတေးသည် မာရီယာ့ကို
သည့် နှလုံးသားမှ မွေးဖွားလာခြင်း ဖြစ်သည်။ ထို့နောက်တွင်မူ သီချင်း
လို့ လွယ်သွားပြီ။ မကြာမီ မျဉ်းကြောင်းပေါ်တွင် ဂီတ သင်္ကေတကလေး
ပြည့်သွားသည်။

သူ့ တစ်သက်တွင် သည်မျှလောက် ကောင်းသည့် သီချင်းကို တစ်
မျှ မစပ်ဖူးသေးဟု သူ ထင်သည်။

ယခုလို ဂီတတွင် ဈာန်ဝင်စားနေမိသည့် အတွက် သူ့အဖို့ ကော
ကွက် တစ်ကွက်လည်း ရှိသေးသည်။ အမေက သူ့ကို နာတာလူး ပွဲတေ
အားလပ်ရက်တွင် အိမ်သို့ ပြန်လာပြီး အဖေနှင့် သင့်သင့်မြတ်မြတ် နေ





အောင် စာရေးဖူးသည်။ အဖေနှင့် မတွေ့အောင် ရှောင်ရန် အကြောင်းပြ
တစ်ခု ရသွားပြီ။

ဒင်နီသည် နာတာလူးပွဲတော် တစ်ချိန်လုံး အခန်းအောင်း နေခဲ့သည်။
ရာ ကိုယ်ပါ အခန်းထဲတွင် ပိတ်လှောင်ထား၏။ သူ စပ်နေသည့် သီချင်း
ကြောင့် အခြားသော ခံစားချက်များလည်း အလိုလို ပျောက်ကွယ်နေကြသည်။
လူး ပွဲတော်တွင် မိသားစုနှင့် ပျော်ပျော်ပါးပါး နေရန်၊ အထူးသဖြင့်
ထံသို့ ပြန်ရန် ဆိုသည့် အာရုံတို့ မရှိတော့။ သူ့ စိတ်ထဲတွင် မာရီယာကို
သည့် စိတ်သာ ရှိတော့သည်။ ထိုအလွမ်းကမူ ချစ်စရာ ကောင်းသော
မ်း၊ ဖွဲ့မက်စရာ ကောင်းသော အလွမ်း၊ ဘယ် ခံစားချက်နှင့်မှ တုနှိုင်းမရ
အလွမ်း။

ဟုတ်တယ်။ ငါ့ အလွမ်းတွေ ငါ့ ဝေဒနာတွေကို ဂီတ သင်္ကေတတွေ
မှာ ချရေးရမယ်။ အလွမ်းဟာ အနုပညာကို နိုးကြားစေတယ်။ ဒါပေမဲ့ ဒီ
ခါမှာတော့ အလွမ်းဟာ အနုပညာ ရှင်သန် နိုးကြားစေရုံနှင့် မလုံလောက်
ဘူး။ အလွမ်းဟာ နောက်ထပ် အလွမ်းကို ရှင်သန် နိုးကြားစေရမည်ဟု
တွေးနေသည်။

လူး ပွဲတော် အားလပ်ရက်တွင် ဂျော့ ကလားသည်လည်း ကျောင်းတွင်
ရစ်ခဲ့သည်။ အင်ဒရူးက ကျောင်းပိတ်ရက်တွင် သူနှင့် အတူ သူ့အိမ်သို့
နေရန် ခေါ်သော်လည်း ဂျော့ မလိုက်။ အခန်းတွင် ကျန်ရစ်ခဲ့ပြီး သူ့
လိပ်စာကို ပို၍ ကောင်းအောင် ကြိုးစားနေသည်။

နာတာလူးပွဲတော် အကြိုနေ့တွင် အဆောင်က ကြက်ဆင်ကင် စသည့်
ထူးခြားခြား စားသောက်ဖွယ်တို့ကို ကျွေးသည်။ ဂျော့ကမူ သတိမပြုမိ။
ထောင့် စားပွဲရှည်ကြီး တစ်လုံး ထိပ်တွင် ထိုင်ရင်း အင်္ဂလိပ် ဝေါဟာရ
ပ်ကြီး တစ်အုပ်ကို သဲသဲမဲမဲ ဖတ်နေသည်။ တစ်ဖက်ထိပ်တွင်မူ ဒင်နီသည်
သနေ့ စပ်ခဲ့သည့် တေးသွားတို့ကို ပြန်ကြည့်နေသည်။

သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် သတိမထားမိ
ကိုယ့် အတွေးနှင့် ကိုယ် အထီးကျန် ဖြစ်နေကြသည်။

သန်းခေါင်လောက် အရောက်တွင် ဒင်နီ၏ မသိစိတ်တွင် ပုန်းခိုနေသည့်
သားစိတ်သည် ပြန်ပေါ်လာ၏။ ဒင်နီသည် သူ ရေးထားသည့် သင်္ကေတ



www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကို ဘေးသို့ ချပြီး နာတာလူး ပွဲတော် မမ္မတေးများကို စန္ဒရားဖြင့် တို့
သည်။

ပြတင်းပေါက်ကို ဟထားသဖြင့် သူ့ တေးသံသည် မှောင်မိုက်သော
တက္ကသိုလ် နယ်မြေထဲသို့ ပျံ့လွင့်လာကာ စာကို သဲသဲမဲမဲ ဖတ်နေသည
ဂျော့၏ နားသို့ ရောက်လာ၏။

ဂျော့သည် ကုလားထိုင် နောက်ကို မှီလိုက်ပြီး မျက်လုံးများကို မှိ
ထားလိုက်သည်။ ဟန်ဂေရီမှာ ရှိစဉ် ကတည်းကပင် ဂျော့သည် 'တိတ်ဆိတ်ည
ခမ္မတေးမှ တေးသွားကို သဘောကျခဲ့သည်။ ယခု မိုင် သိန်းပေါင်းများ
ဝေးသည့် ဟားဗတ် တက္ကသိုလ် နယ်မြေက ရေခဲလေတွင်လည်း ဂျော့သည
ထို တေးသံကို နားစွင့်နေမိ၏။

တစ်ခဏ အတွင်းတွင် သူ မျိုသိပ် ထားခဲ့ရသည့် အရာများကို ချ
ချင်း သတိရလာသည်။

### အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဇန်နဝါရီ ၁၈၊ ၁၉၅

ဒီ ဂျော့ ကဲလား ဆိုတဲ့ ငနဲဟာ တော်တော်ခက်တဲ့ ငနဲပဲ။ ဒါဟာလည
ပြည်ပြေးတွေရဲ့ သဘာဝပဲ ထင်ပါရဲ့။ သူတို့လည်းပဲ အမေရိကန်
အမေရိကတိုက်ကို ရောက်လာတာနှင့် တစ်ပြိုင်နက် မျှော်မှန်းချက်
အကြီးအကျယ် ထားလာတာမျိုးပဲလို့ ယူဆရမလို ဖြစ်နေပြီ။

ငါ ဆိုလိုတာက ဒီလိုလေ။ တစ်ခါတုန်းက လင်းဗရိုစ်ဟာလည
မျှော်မှန်းချက် ကြီးမားခဲ့တာပဲ။ ဒါပေမဲ့ သူက ဒီ အမေရိကန်
ပေါ်မှာ မွေးခဲ့တာ။ သူ့အဖေကတော့ ဟုတ်တာပေါ့။ သူတို့ မျိုးဆ
ကတော့ သင်္ဘောပေါ် တက်လိုက်လာပြီး အမေရိကကို ရောက်လာ
ကြတာ။ ဒါပေမဲ့ ဒီ ဂျော့ ဆိုတဲ့ ဟန်ဂေရီကောင်ကတော့ အမေ
တိုက်ကို ရောက်လာတာ ဘာကြာသေးလို့တုံး။ နှစ်လလောက်ပဲ
သေးတာ။ ဒါနှင့်တောင် ဒီလောက် မျှော်မှန်းချက် ကြီးနေရသလာ
ဒီကောင်သာ မီးရထား ခေါင်းတွဲ ဆိုရင် ဒီလောက် မီးပြင်း ထိုး
နေရင် ဒီခေါင်းတွဲဟာ ပေါက်ကွဲတော့မှာပဲ။





ငါက အအိပ်ကြီးလို့ အိပ်ရာက နိုးတော့ ရှစ်နာရီ ထိုးနေပြီ။
ဒီကောင်က မနက်စာ စားပြီးလို့ စာကို သဲသဲမဲမဲ ကျက်နေပြီ။ တစ်ခါ
တလေမှာလည်း မနက်စာ စားဖို့ ထမင်းစားခန်းထဲကို အစောဆုံး
ရောက်တဲ့ သူဟာ သူပဲလို့ ဂုဏ်ယူပြီး ပြောတတ်တယ်။ နိုဝေါနှင့်တော့
ကွာပါ့။ နိုဝေါကတော့ ဟားဗတ် တက္ကသိုလ်မှာ နေခဲ့တဲ့ ကာလမှာ
မနက်စာကို မမီဖူးဘူးတဲ့။

ဂျော့ဟာ ငါ့ဆီက ငွေ ငါးဆယ် ချေးပြီး သင်တန်းမှာ ယူသွားဖို့
ခရီးဆောင် ရီကော်ဒါကလေး တစ်လုံး ဝယ်တယ်။ (စကောလားရှစ်တွေ
ထုတ်ရရင် ချက်ချင်း ပြန်ဆပ်ပါ့မယ်လို့တော့ ပြောတာပဲ။)

သင်တန်းကို ရီကော်ဒါကလေး ယူပြီး အသံဖမ်းတယ်။ ညနေ
ကျတော့ အဲဒီ ပို့ချချက်တွေကို ပြန်ဖွင့်တာကလည်း ခက်တဲ့ ပို့ချချက်
တစ်ခုတလေတင် မကဘူး၊ ပို့ချချက် အားလုံးကို အလွတ်ရသည်
အထိ ပြန်ဖွင့်ပြီး နားထောင်တာ။ အများအားဖြင့်တော့ ရုရှားလိုချည်း
ပဲ။ သူ့အတွက်တော့ ဟန်ကျနေမှာပေါ့လေ။ ဒါပေမဲ့ ငါ့အဖို့တော့
ကရင်မလင်ထဲ ရောက်သလား ထင်ရတယ်။ ဘာပဲဖြစ်ဖြစ် ဂျော့ဟာ
ခုတလောမှာ တော်တော်လေးကို ကြိုးစားတယ်။ အခန်းမှာ သူ့ တစ်
ယောက်တည်း ကျန်ရစ်ခဲ့တာ သူ့အဖို့ ဟန်ကျနေတာပေါ့။

သီယိုနှင့် ဆာရာတို့ ကိစ္စ အတွက်လည်း သူနှင့် ငါ နည်းနည်းလေး
ပြဿနာ ဖြစ်ရတယ်။ တို့အခန်းကို သုံးတဲ့ ကိစ္စနှင့် ပတ်သက်လို့
ဂျော့က နားလည်မှုတော့ ရှိပါတယ်။ ဒါပေမဲ့ ခက်တာက သူတို့ နှစ်
ယောက်က ငါ့ အိပ်ခန်းကို သုံးနေတုန်းမှာ သူက အပြင်ဘက် ဧည့်
ခန်းမှာ စာကျက်လို့ ဖြစ်ရင် တော်ပါပြီလို့ ပြောနေတယ်။

ဒီတော့ ကိုယ်က သူ အပြင်ခန်းမှာ ရှိနေရင် သူတို့ အနေခက်မယ့်
အကြောင်းကို သွယ်ဝိုက်ကာ ဝိုက်ကာနှင့် ရှင်းပြရတယ်။ ဒီတော့မှ ကိုယ်
တော်ချောက သူတို့ လာတဲ့ နေ့တွေ ဆိုရင် လေးနာရီကနေ ခြောက်
နာရီခွဲ အထိ ကျောင်းဆောင် စာကြည့်ခန်းထဲကို သွားပြီး စာကျက်
တော့တယ်။ ဒီတော့မှ သီယိုတို့ နှစ်ယောက် လွတ်လွတ်လပ်လပ် နေရ
တော့တာပေါ့။

နောက် ပြဿနာ တစ်ခုလည်း ရှိသေးတယ်။ ကိုယ်က သူဘယ်
အချိန် အိပ်ရာဝင်တယ် ဆိုတာ မသိဘူး။ အမှန်ကတော့ အိပ်ရာထဲကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်သွားတယ်။ တကယ် အိပ်ပျော်ဟန် မတူဘူး။ ဒါကို သံသယ
နေတာ ကြာပြီ။ တစ်နေ့ညကတော့ အခြေအနေမှန်ကို ကိုယ် သိလ
ရတယ်။

ဖြစ်ပုံက ဒီလိုလေ။ အဲဒီညက ကိုယ်ကလည်း နည်းနည်း အ
များလာတော့ စောစော အိပ်ပျော်သွားတယ်။ နာရီပြန် တစ်
နှစ်ချက်လောက်မှာ ရင်တွေ ပူပြီး တစ်ရေးနိုးလာတယ်။ ဒါနှင့် အ
အပါးသွား၊ ရေသောက်ပြီး ပြန်အိပ်မယ် အလုပ်မှာ ရေချိုးခန်း
ဆီက ထူးထူးဆန်းဆန်း အသံတွေ ကြားရတယ်။ အသံကတော့ အ
ပြုသည်၊ အစပြုခဲ့သည်၊ အစပြုဖြီးပြီ၊ ကိုက်သည်၊ ကိုက်ခဲ့သည်၊
ပြီးပြီ၊ သီချင်း ဆိုသည်၊ သီချင်း ဆိုခဲ့သည်၊ သီချင်း ဆိုပြီးပြီ
ကြိယာတွေကို ကျက်နေတဲ့ အသံ။

ဒါနှင့် ကိုယ်က ဂျော့ကို လှမ်းခေါ်လိုက်တယ်။ ဒါပေမဲ့ ကိုယ်
ချောက မထူးဘူး။ ရေချိုးခန်းကလေးထဲမှာ ကြိယာတွေကို ကျ
ကျက်နေတယ်။

ကိုယ်က ရေချိုးခန်း ကန့်လန့်ကာကို ဆွဲဖွင့်လိုက်တယ်။ ဂျော်
ဘောင်းဘီတိုကလေး ဝတ်ပြီး ကိုယ်တုံးလုံးနှင့် ရပ်လို့။ လက်ထဲ
သဒ္ဒါ စာအုပ် တစ်အုပ်ကို ကိုင်ပြီး ကျက်နေတယ်။ ကြိယာတွေ စ
လုံးတွေကို တစ်လုံးပြီး တစ်လုံး အော်ကျက်တုန်းပဲ။ ငါ့ကို သတိထ
ဟန် မတူဘူး။

ဒီတော့ ကိုယ်က ဒီလောက်သာ ကြိုးစားနေရင် သေသွားလိမ့်
လို့ ပြောလိုက်တယ်။ အဲဒီတော့ သူက ဘာပြောတယ် ထင်သလဲ။
သည်၊ သေခဲ့သည်၊ သေခဲ့ပြီးပြီတဲ့။ ကိုယ်ပြောတဲ့ အထဲက ကြိ
စကားလုံးကို လိုက်မှတ်နေပြန်တယ်။

ကိုယ်က ရေဘုံဘိုင်က ရေအေးအေး တစ်ခွက်ကို ခပ်လာပြီး
ခေါင်းပေါ်ကို လောင်းလိုက်တယ်။ ဒီတော့မှ တုန်သွားပြီး ကိုယ်
ပြူးကြောင်ကြောင်နှင့် ကြည့်နေတယ်။ ပြီးတော့ ကိုယ် ကိုင်ထ
ကန့်လန့်ကာကို ဆွဲယူပြီး ဆွဲပိတ်၊ သူ့ ကြိယာတွေကို ကျက်မြဲ ကျ
နေလေရဲ့။

'ပြသည်၊ ပြခဲ့သည်၊ ပြခဲ့ပြီးပြီ၊ စကား ပြောသည်၊ စကား ပြော
သည်၊ စကား ပြောခဲ့ပြီးပြီ'





အလကား သောက်ရူး။ ဒီအတိုင်းဆိုရင် ဒီကောင် ကြာကြာ ခံမှာ
မဟုတ်ဘူး။

ကိုယ်လည်း အခန်းပြန်လာပြီး တံခါးကို ဆောင့်ပိတ်လိုက်တယ်။
အိပ်ရာပေါ်ကို ဒယီးဒယိုင်နှင့် တက်ပြီး အိပ်ပစ်လိုက်တယ်။

ဂျော့ ပြောတဲ့ အတိုင်းဆိုရင် အိပ်သည်၊ အိပ်ခဲ့သည်၊ အိပ်ခဲ့ပြီးပြီ
ပေါ့။

လား၊ သားပါ၊ ဂျေဆန်ပါ၊ သတင်း တစ်ခု ပြောစရာ ရှိလို့'

'မင်းပြောတာ ဘာမှ ကောင်းကောင်း မကြားရဘူး၊ မင်း အနားမှာ
တွေ ဆူနေတာ၊ ခု ဘယ်ကနေ ပြောနေတာလဲ'

'ဆူညံနေတယ် ဆိုတာ ဟုတ်တယ် ဖေဖေ၊ ကျွန်တော့် အခန်းထဲမှာ
လုံးပျော် ရိုက်တဲ့ အသင်း တစ်သင်းလုံး ရောက်နေတယ်၊ သားကို
သိုလ် အသင်းရဲ့ ကပ္ပတိန် အဖြစ် ရွေးလိုက်ကြတယ်လေ'

'အေး ဝမ်းသာတယ် သား၊ မင်းမေမေကို ချက်ချင်း ပြောပြရဦးမယ်၊
ိုင်းဆိုရင် တက္ကသိုလ် တင်းနစ်သင်းရဲ့ ကပ္ပတိန် အဖြစ်လည်း သား
ွေးခံရဦးမှာပဲ'

ဂျေဆန်သည် တယ်လီဖုန်းကို ချလိုက်၏။ ဘာကြောင့်မှန်း မသိ၊ ရင်
ွင် အလိုလို လှိုက်၍ ဝမ်းနည်းလာသည်။ သူ့ အဖေ ပြောသည့် နောက်ဆုံး
း များကြောင့် စိတ်ထဲတွင် တစ်မျိုး ဖြစ်သွားသည်။ စင်စစ် အဖေ့ထံသို့
ဆက်ခြင်းမှာ သူ့ အောင်မြင်မှုကို သိစေလို၍ ဖြစ်သည်။ အဖေသည် သူ့
အတွက် ဝမ်းမြောက်သည် အမှန်။ သို့ရာတွင် နောက်ထပ် အောင်မြင်မှု
ခု ရရဦးမည်ဟု နိမိတ်ပြ စကားကို ပြောနေပြန်ပြီ။ သည်အတိုင်း ဆို
အောင်မြင်မှုတွေကို တစ်ခုပြီး တစ်ခု ယူ၍ ဆုံးနိုင်ပါဦးမည်လော။

'ဗျို့ ကပ္ပတိန်၊ မမူးသေးဘူးလား' ဟု နီဝေါက ခပ်ထွေထွေ အသံဖြင့်
သည်။

'အဘိုးကြီးနှင့် စကားပြောရမှာ ဆိုတော့ မူးသံပေါက်နေလို့ မဖြစ်ဘူး
၊ ကိုယ်က ဘယ်လောက် သောက်သောက် အကြောင်းမဟုတ်ဘူး၊ ဒါ
အဘိုးကြီးနှင့် စကားပြောတုန်းမှာတော့ ဘယ်ဖြစ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



သူ့ အပေါင်းအသင်းများက သူ့ စကားကို ထောက်ခံကြသည်။ အခန်းကျဉ်းကလေးထဲတွင် သူတို့ သူငယ်ချင်း တစ်ဒါဇင်လောက် ရှိသည်။ အထဲတွင် အားကစားနှင့် ဘာမျှ မပတ်သက်သည့် သီယိုဒိုနှင့် ဆာရာတို့လည်း ရှိနေကြသည်။ ဟားဗတ် တက္ကသိုလ် အားကစားသမားများကို မြင်ဖူးအောင် ဟု ဆိုကာ အင်ဒရူးက သူတို့ နှစ်ယောက်ကို ခေါ်လာခဲ့ခြင်း ဖြစ်သည်။

မူလတုန်းက နီဝေါသည် ဤ ပွဲကလေးကို ရုတ်တရက် ကျင်းပ စီစဉ်ထား၏။ သို့ရာတွင် ဂျော့က သူတို့ အခန်းထဲတွင် ပွဲလုပ်ခွင့် မပေးနိုင် စာကျက်ပျက်သည်ဟု ကန့်ကွက်ခဲ့သည်။ ထို့ကြောင့် ဂျေဆန်၏ အခန်းကလေး ထဲတွင် ပြောင်း၍ လုပ်ရခြင်း ဖြစ်၏။

ဂျေဆန်က အရက် တစ်ခွက်ကို ငှဲ့လိုက်ရင်း

'ဟိုင်နဲကော ဘယ်လိုလဲ၊ ခုလောက်ဆိုရင် ဗြိတိသျှ စွယ်စုံကျမ်း တစ်အုပ်လုံးလောက်များ အလွတ် ရနေပြီလား မသိဘူး'

'မရိုနှင့် ကိုယ့်လူ၊ ငနေက ကျောင်းက စာတွေလည်း အကုန်ကျက်တယ် နယူးယော့တိုင်း သတင်းစာ ဆိုရင်လည်း ကော်လံ တစ်လက်မတောင် မကျန် ဘူး၊ အကုန် ဖတ်တာ၊ ဟင်းချက်နည်းတွေကိုရော၊ အိမ်မြေ အရောင်းအဝယ် ကြော်ငြာတွေလည်း မချန်ဘူး၊ သူ မသိတဲ့ စကားလုံး အသစ် ပါလာရင်လည်း ရေးမှတ်ပြီး ထားလိုက်သေးတယ်'

နီဝေါက

'ဒါတင် ဘယ်ကမလဲ၊ တနင်္ဂနွေ အထူးထုတ် ဆိုရင်လည်း အကုန် ဖတ်တာပဲ၊ တနင်္ဂနွေ အထူးထုတ် ဆိုတာ သိတဲ့အတိုင်း စစ်နှင့် ငြိမ်းချမ်းရေး လောက် ရှည်တာ'

'ဒီလိုဆို ခင်ဗျားက ဒီငနဲမျိုးကို အားကျနေတယ် ဆိုပါတော့' ဟု ဂျေဆန်က မေးသည်။

'အားကျချင်တာပေါ့၊ ဒါပေမဲ့ ကိုယ်နှင့် နေမယ့် အခန်းဖော် မရှိ တော့ ကြောက်တယ်ဗျ'

ထိုစဉ် ဘောလုံးပျော့ အသင်းသားများက ဖန်ခွက် နှုတ်ခမ်းချင်း တိုက် ကာ တိတ်တိတ်နေရန် ခပ်မူးမူးဖြင့် အော်ကြသည်။ သူတို့ ရွေးချယ် တင် မြှောက်လိုက်သည့် အသင်းခေါင်းဆောင်သစ် အတွက် ဆုမွန်ကောင်း တောင်း ဦးမည်။ သူတို့ အထဲက စကား အများဆုံးမှာ အင်ဒါဆင်။ အင်ဒါဆင် တစ်ခါက အသင်းခေါင်းဆောင် ဖြစ်ခဲ့ပြီး ယခု ဒုတိယနေရာတွင် ရောက်





သည်။

အင်ဒါဆင် ဖန်ခွက်ကို မြှောက်လိုက်ပြီးနောက် အသင်းခေါင်းဆောင်ကို ...စကား ပြောသည်။

'ငါတို့၏ ချစ်ခင်လှစွာသော အသင်းခေါင်းဆောင်သစ်လည်း ဖြစ်၊ ...သည့် ရမ်းကားသူလည်း ဖြစ်၊ တုနှိုင်း မရသော လေဖင်ခေါင်းကျယ်သူလည်း ...သည့် ဂျေဆန် အတွက် သူ၏ အိပ်ရာထဲမှ ဘောင်းဘီများသည် မကြာခဏ ...တ်ကျသကဲ့သို့ သူ၏ တင်းနစ်ကွင်းထဲမှ ဘောလုံး ရိုက်ချက်များသည်လည်း ...ကြာခဏ လွတ်ကျစေသတည်း'

...ခုနစ်နာရီ ထိုးသည့်အခါတွင် သူတို့ပွဲက လူစုသည် ကွဲစပြုသည်။ သူတို့ ...သည် မူလ အစီအစဉ် အတိုင်း တက္ကသိုလ် နယ်မြေထဲတွင် ရှိသည့် ...ပ် ပျော်ပွဲစားရုံသို့ လာခဲ့ကြ၏။ ကြာသပတေးည ဆိုလျှင် အမဲသားကင် ...ာင်းကောင်း ရသည်။ တစ်ပွဲလျှင် နှစ်ဒေါ်လာ မတ့်တင်း ပေးရသော ...ကောင်းဆုံး အစားအသောက်ပေတည်း။

ပျော်ပွဲစားရုံ အသွားတွင် သူတို့တစ်သိုက် အော်ဟစ် သီဆိုလာကြသည့် ...ချင်းသံများကြောင့် တစ်လမ်းလုံး ဆူနေသည်။

ပျော်ပွဲစားရုံ လှေကား တစ်လျှောက် တက်လာသည့်အခါမှပင် သူတို့ ...င်တွေ ငြိမ်သွားသည်။ နီဝေါက ဤ ပျော်ပွဲစားရုံတွင် စားပွဲရှည်ကြီး တစ် ... သီးသန့် မှာထားပြီး ဖြစ်သည်။

ထုံးစံအတိုင်း အသင်းခေါင်းဆောင် အဖြစ် အရွေးခံရသူ ဂျေဆန်ကို ...ပွဲထိပ်မှာ ထိုင်စေသည်။ သူတို့တစ်တွေ ဆူညံ စကားပြောသံနှင့် တက္ကသိုလ် ...လုံးပျော့ အသင်း၏ ခေါင်းဆောင်သစ်အား ဩဘာပေးသံတွေကြောင့် ...ပွဲစားရုံသို့ ရောက်နေသည့် အတွဲတွေက သူတို့ကို လှမ်းကြည့်ကြသည်။

ည ၁၀ နာရီခွဲတွင်မှ ဂျေဆန်၊ အင်ဒရူးနှင့် နီဝေါတို့သည် ကျန်လူများ ...နှုတ်ဆက်ကာ အဲလီယော့ဆောင် ဘက်သို့ ပြန်လာခဲ့ကြ၏။ လမ်းတွင် ဂျေ ...က တစ်စုံ တစ်ခုကို အမှတ်ရကာ

'ဟေ့ ကိုယ်တို့ပွဲမှာ အင်ဒါဆင် တစ်ယောက် မမြင်ပါလား၊ တမင် ...ောင်တာလား၊ ကိစ္စတစ်ခု ရှိလို့လားတော့ မသိဘူး'

နီဝေါက ခပ်ပေါ့ပေါ့ဖြင့်

'မလာတော့ ဘာဖြစ်သလဲဗျ၊ ပြီးတော့ သူက ကျွန်တော်တို့ကလပ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



မှ မဟုတ်တာ'

'ဟင် သူက ဘာဖြစ်လို့ မဝင်တာလဲ'

အင်ဒါဆင်လို အားကစားသမား တစ်ယောက် သူတို့ ကလပ် မဟုတ်သဖြင့် ဂျေဆန် အံ့သြနေသည်။ အားကစားသမားတိုင်းလိုလို သူ ပျော်ပွဲစား ကလပ်ကလေးကို ဝင်ကြသည် မဟုတ်လော။

'ဘယ်ဝင်လို့ ရမလဲ၊ သူက လူမည်းလေဗျာ'

နီဝေါက ဖြေသည်။

'လူမည်းကော ဘာဖြစ်သလဲ'

'ဒီမှာ ဂျေဆန်၊ ကျွန်တော်တို့ ပျော်ပွဲစားကလပ်က ကလပ် ဆိုပေမ ဒီလောက် ထိအောင်တော့ စည်းကမ်း မလျှော့ရဲသေးဘူးဗျ၊ ခုလို စည်း ကမ်းလေးတော့ လုပ်ထားမှ'

သည်လို ညမျိုးတွင် အပေါင်းအသင်းတွေ ပျော်ပျော်ပါးပါး စား သောက်သောက်နှင့် ဂျေဆန် နေချင်သည်။ ဟားဗတ် တက္ကသိုလ်မှ ကျော သားများသည် အားလုံး တန်းတူညီမျှ ဖြစ်ကြပါ၏။ သို့ရာတွင် အချို့က အခြားသူများထက် ပို၍ တန်းတူညီမျှ ရှိကြသည်တကား။

ပါမောက္ခ ဆင်မျူယယ် အဲလီယော့ မောရစ်ဆန်သည် ဟားဗတ် တက္ကသိ ဆရာများထဲတွင် ထင်ရှားသူ တစ်ဦး ဖြစ်၏။ စာပေများကိုလည်း အရေး ဆုံး ဖြစ်သည်။ သူ၏ အမေရိကန် ရေတပ် သမိုင်းကျမ်း အတွဲကြီးများ ဟားဗတ် တက္ကသိုလ် သမိုင်းကျမ်းများသည်လည်း ထင်ရှား၏။ ထို့ပြင် အလယ်နာမည်ကလည်း ၅၈ ခုနှစ် ဟားဗတ် တက္ကသိုလ် သင်တန်းမှ အင်ဒ အဲလီယော့နှင့် ဆွေမျိုး တော်စပ်သည်ဟု ထင်ရသည်။

ယခု အချိန်၌ အင်ဒရူး အဲလီယော့ တစ်ယောက် ဟားဗတ် တက္ကသို သို့ ရောက်သည်မှာ သုံးနှစ် သုံးမိုး ရှိနေပြီ။ ထို သုံးနှစ် အတွင်း၌ သူသ ပျားတစ်ကောင် ပန်းပွင့် တစ်ပွင့်မှ တစ်ပွင့်သို့ ကူးသလို အဓိက ဘာသာ တစ်ခုမှ တစ်ခုသို့ မကြာခဏ ပြောင်းခဲ့သည်။ ပထမနှစ် အင်္ဂလိပ်စာ၊ နောက် အမေရိကန်ဆိုင်ရာ ပညာရပ်များ။ နောက်ဆုံးတွင် ဘောဂဗေဒကိုလ နှစ်ပတ်လောက် ယူခဲ့သေးသည်။ ယခုမူ သူ့ ဆရာက သူ့ကို ရာဇဝ





ပြီ။ အဓိက ဘာသာရပ် တစ်ခုခုကို ရွေးရမည်။ ရွေးပြီးလျှင် နောက်ထပ် င်းခွင့် မရတော့တဲ့။ ဟားဗတ် တက္ကသိုလ် ရောက်ပြီးမှတော့ ဘွဲ့တစ်ခုခု ရမှ ဖြစ်မည်။ ထို့ကြောင့် အင်ဒရူးသည် ပါမောက္ခများထံ အကြံဉာဏ် တောင်းရသည်။

အင်ဒရူးသည် ပါမောက္ခ မောရစ်ဆန်ထံ စာတစ်စောင် ရေးသည်။ ခန်းလုံး မြေပုံတွေ ချိတ်ထားသည့် သူ့အခန်းသို့ လာရောက်ရန် အကြောင်း ားစာကို ရသည့် အခါ၌ အင်ဒရူး ဝမ်းလည်းသာသည်။ ကျေနပ်ခြင်းလည်း သည်။

ပါမောက္ခ မောရစ်ဆန်က လက်ဆွဲ နှုတ်ဆက်ရင်း

'တွေ့ရတာ ဝမ်းသာသကွာ၊ မင်းကို တွေ့ရတော့ ဂျွန် အဲလီယော့ရဲ့ စဉ်မျိုးဆက်ဟာ ဟားဗတ်မှာ ယခုတိုင် သက်ဝင် လှုပ်ရှားနေတယ် ဆိုတာ ကိုယ်တိုင် ကိုယ်ကျ မြင်ရတာပေါ့၊ မင်းအဖေနှင့် ဆိုတာလည်း ဟားဗတ်မှာ ဘွဲ့မရခင် ကတည်းက သိခဲ့ကြတာပဲ၊ အမေရိကန် ကိုလိုနီခေတ် သမိုင်းကို တော့တောင် သူ့ဆီက အကူအညီ ယူခဲ့ရသေးတယ်၊ ဒါပေမဲ့ မင့် အဖေ စာပေဘက်ကို မလိုက်ဘဲ ဘဏ်လုပ်ငန်း နောက်ကို ကောက်ကောက် ပါ င် လိုက်သွားတာကိုးကွ'

'ဟုတ်ပါတယ် ဆရာကြီး၊ ဖေဖေက ပိုက်ဆံကို တော်တော် ခုံမင်ပါ ယ်'

'အေးလေ၊ ပိုက်ဆံ ခုံမင်တာလည်း အပြစ် မရှိပါဘူး၊ ရှိတဲ့ ပိုက်ဆံတွေ ကောင်းမှု ပြုခဲ့လို့ တို့ ဟားဗတ် တက္ကသိုလ်ကြီးမှာ ကောလိပ် ကျောင်း င်တွေ ဆောက်ပြီး လှူခဲ့ပြီ မဟုတ်လား၊ ဒါကြောင့်မို့ ငါတို့ အမျိုးထဲက မျူယယ် အဲလီယော့တောင် ၁၈၁၄ ခုနှစ်တုန်းက ပထမဆုံး ဂရိဘာသာ ောက္ခ ဖြစ်ခဲ့တာပေါ့၊ ကဲ ဆိုစမ်းပါဦး၊ ခု မင်း ဘယ်ဘာသာကို အဓိက နေသလဲ'

'ကျွန်တော်က ခုမှ အောက်တန်းမှာ ရှိသေးတော့ အဓိက ဘာသာ ဘာ ရမလဲ ဆိုတာ ခုထိ မဆုံးဖြတ်ရသေးဘူး ဆရာကြီး'

'ကျောင်းက ထွက်ရင် ဘာလုပ်မယ် စိတ်ကူးသလဲ'

'ကျောင်းက ထွက်ထွက်ချင်းတော့ ထုံးစံအတိုင်း စစ်ထဲကို ဝင်ရဦးမှာ ဆရာကြီး'

'မင်းတို့ မျိုးရိုးက ရေတပ်မတော်ထဲမှာ အစဉ်အဆက် အမှုထမ်းခဲ့



www.burmeseclassic.com

www.burmeseclassic.com

ကြတာပဲကွ'

'ဟုတ်ပါတယ် ဆရာကြီး' ဟု အင်ဒရူးက ဖြေသည်။ သို့ရာတွင် သူ တို့ မျိုးရိုးစဉ်ဆက် တစ်လျှောက် ရေတပ်တွင် အမှုထမ်းခဲ့သဖြင့် သူ့အလှည့် တွင် ကြည်းတပ်တွင် အမှုထမ်းချင်ကြောင်းကိုမူ သူ ဖွင့်မပြောမိ။

'အင်း တပ်က ထွက်ပြီးတော့ကော'

'ဖေဖေကတော့ ကျွန်တော့်ကို ဘဏ်လုပ်ငန်းရှင် ဖြစ်စေချင်တယ်လို့ ထင်ပါတယ်'

'အင်း၊ ဒီလိုဆိုရင်တော့ မင်း အလုပ်အကိုင်က ကောင်းပါတယ်၊ ဒီ တော့ မင်းအဖို့ အဓိကဘာသာ တစ်ခုကိုတော့ ရွေးရလိမ့်မယ်၊ မင်းရွေးတဲ့ ဘာသာဟာ မင်းရဲ့ ကြီးပွား တိုးတက်ရေး အတွက် အထောက်အကူ ဖြစ်စေ ပေလိမ့်မယ်၊ နေစမ်းပါဦး၊ မင်းတို့ မျိုးရိုးစဉ်ဆက်ရဲ့ သမိုင်းကိုကော မင်းသိ ရဲ့လား'

'ဖေဖေက ကျွန်တော်တို့ မျိုးရိုးစဉ်ဆက် အကြောင်းကို မမေ့ဖို့ မကြာ ခဏ သတိပေးပါတယ် ဆရာကြီး၊ ကျွန်တော် ငယ်ငယ်ကလေးတည်းက ဒီ အကြောင်းကို မကြာခဏ ပြောတတ်ပါတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် တော့ ပြောတာက လိုသည်ထက်တောင် ပိုနေသေးတယ်လို့ ထင်ပါတယ် ဆရာကြီး၊ ကျွန်တော် ငယ်ငယ်တုန်းက ကျွန်တော်တို့ မျိုးရိုးထဲက ဂျွန် အဲလီ ယော့ဟာ အိန္ဒိယ လူနီတွေဆီ သွားပြီး သာသနာပြုတဲ့ အကြောင်း၊ နောက် ကျွန်တော့် အဘေး ချားလ်စ် အဲလီယော့ဟာ ဟားဗတ် တက္ကသိုလ်မှာ အဓိ ပတိ ဖြစ်တဲ့ အကြောင်း၊ ကျွန်တော်တို့ မျိုးရိုးစဉ်ဆက် အပင်က အရွက်တွေ ဖုံးနေတာနှင့် ကျွန်တော် မွန်းကျပ်ပြီး အသက် ဘယ်လို ရှူရမှန်းအောင် မသိ အောင် ဖြစ်နေပါတယ် ဆရာကြီး'

ပါမောက္ခ မောရစ်ဆန်က

'မင်းက ကျော်ပြီး ပြောသွားတာကိုးကွ၊ အမေရိကန် လွတ်လပ်ရေး စစ်ပွဲတွေကို ထည့်မပြောတော့ဘူးလား၊ အဲဒီတုန်းက မင်းတို့ ဘိုးဘေးတွေ ဘယ်ရောက်နေသလဲ၊ ဘာလုပ်နေခဲ့ကြသလဲ'

'အဲဒီတုန်းကတော့ ဘန်ကာ တောင်ကုန်း ကင်းစခန်းမှာ မြင်းစီး သေနတ်တွေ ကိုင်ပြီး လွတ်လပ်ရေး တိုက်ပွဲတွေထဲမှာ ပါနေကြမှာပဲ ဆရာ'

ပါမောက္ခ မောရစ်ဆန် ပြုံးသည်။

'အေး ဒီလိုဆိုရင်တော့ မင်း မသိသေးတာကို ပြောပြရဦးမှာပေါ့၊ အဲ





၁၈ ရာစုနှစ်တုန်းက မင်းတို့ ဘိုးဘေးတွေဟာ တော်တော် ထင်ရှားတဲ့ ...တ်တမ်းဆရာတွေကွ၊ အမေရိကန် လွတ်လပ်ရေး စစ်ပွဲ ကာလတုန်းက သူ ...ို့ ဘာတွေ လုပ်ခဲ့တယ်၊ ဘာတွေ မြင်ခဲ့တယ် ဆိုတာတွေကို အသေးစိတ် ...တ်သားထားခဲ့တဲ့ မှတ်တမ်းတွေ တစ်ပုံကြီး ရှိတယ်၊ အဲဒီတော့ မင်းတို့ အဲလီ ယော့မျိုးထဲက ကျောင်းသား တစ်ယောက် အဖို့ အကောင်းဆုံးကတော့ အဲဒီ ခေတ်တုန်းက ဟားဗတ် တက္ကသိုလ် ကျောင်းသားတွေ ဘာတွေ လုပ်ခဲ့သလဲ ဆိုတာကို လေ့လာတာဟာ အကောင်းဆုံးပဲလို့ ထင်တယ်၊ ဒီလို လေ့လာနိုင် ...င် အထက်တန်း တက်ခွင့်ရဖို့ အတွက် အကောင်းဆုံး စစ်တမ်း တစ်စောင် ဖြစ်မှာပဲ'

တစ်ချက်ကိုမူ သူ ဝန်ခံရမည်။

'ကျွန်တော့် အမှတ်တွေက ဂုဏ်ထူးတန်းကို တက်ဖို့လောက် အထိ အဆင့် မရပါဘူး ဆရာကြီး၊ ဒီတော့ ကျွန်တော့် အဖို့ စာတမ်း တင်ခွင့်ရမယ် ထင်ပါဘူး'

သမိုင်းဆရာကြီး ပါမောက္ခ မောရစ်ဆန် ပြုံးသည်။

'ဒီလိုဆိုရင် မင်း စစ်မှန်တဲ့ ပညာရေးရဲ့ အနှစ်သာရကို ရနိုင်ပြီပေါ့ ကွာ၊ ဒီတော့ မင်းကို ငါ့အတန်းမှာ တက်ရအောင် ငါ စီစဉ်ပေးမယ်၊ ပြီးတော့ ငါနှင့် အတူ လိုက်ပြီး အဲလီယော့ မျိုးရိုးတွေ ရေးမှတ်ခဲ့တဲ့ မှတ်တမ်းတွေကို သုတေသန လုပ်ကြတာပေါ့၊ သုတေသန အတွက်တော့ အမှတ်တွေ ဘာတွေ ဒီလောက် ကောင်းဖို့ မလိုပါဘူး၊ ဒီ မှတ်တမ်းတွေကို ဖတ်ရင် လုံလောက်ပါ ပြီ'

အင်ဒရူးသည် အသက်ကိုမျှ မှန်အောင် မရှူနိုင်ဘဲ ဝမ်းမြောက် ဝမ်း သာဖြင့် ဆရာကြီး ရုံးခန်းမှ ထွက်လာခဲ့သည်။ ယခုတိုင်း ဆိုလျှင် သူသည် တက္ကသိုလ်မှ ဘွဲ့လက်မှတ် တစ်ခုကိုမျှမက တကယ့် ပညာရေးကိုပါ ရပေ တော့မည်။

...င်နီ စိတ်ရှုပ်နေသည်။

တစ်ခါတစ်ရံတွင် အာကေဒီယာ ဘဲလေး ပြဇာတ် တိုက်သည်ကို ...မြန်မြန် ပြီးစေချင်သည်။ ထို ဘဲလေး ပြဇာတ် ကပြီးလျှင် ရပ်လိုက်ရတော့မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါတွင် သူလည်း မာရီယာကို တွေ့ရတော့မည် မဟုတ်။

တစ်ခါတစ်ရံတွင်လည်း ပြဇာတ်တိုက်၍ မပြီးစေချင်သေးဘဲ တ
သက်လုံး ပြဇာတ်တိုက်နေချင်သည်။ ဖေဖော်ဝါရီနှင့် မတ်လထဲတွင် သူသည်
တစ်ပတ်လျှင် ခြောက်ရက်လုံးလုံး မာရီယာ ဘဲလေးကသည်ကို စန္ဒရား ဝင်တီး
ပေးနေရသည်။ မာရီယာက ကချေသည်များကို ကာယ လေ့ကျင့်ခန်း သင်ပေး
သည်။ လှုပ်ရှားမှု သင်ပေးသည်။ ထို့နောက် သူ့ စန္ဒရား အနားသို့ လာမှီကာ
အကြံဉာဏ် တောင်းတတ်သည်။

မာရီယာ ဝတ်ထားသည့် ကိုယ်ကျပ် အင်္ကျီနှင့် ဘောင်းဘီကို သူ စိတ်
ညစ်သည်။ အမှန်ကတော့ သူ့ကို ဒုက္ခပေးနေသည့် အရာက ဘဲလေး ကချေ
သည်တို့ ဝတ်သည့် ကိုယ်ကျပ် အင်္ကျီ မဟုတ်။ အဖုအထစ် အမို့အမောက်
အချိုင့်အဝှမ်းတို့နှင့် ပြီးသည့် မာရီယာ၏ ကိုယ်ခန္ဓာ ဖြစ်သည်။

စိတ်အညစ်ရဆုံး အချိန်မှာ သင်တန်းကို ခဏနားပြီး အပြင်ထွက်၍
အစားအသောက် စားကြသည့် အချိန် ဖြစ်သည်။ ထိုအချိန်မျိုးတွင် မာရီယာ
က လှိုက်လှိုက်လှဲလှဲ၊ ကြင်ကြင်နာနာ၊ ရင်းရင်းနှီးနှီး။ သူတို့ နှစ်ယောက်
စကားပြောသည်ကလည်း မဆုံးနိုင်တော့။ တဖြည်းဖြည်းနှင့် ထို ညနေခင်းများ
သည် သမီးရည်းစား ချိန်းတွေ့သည့် ညနေခင်းများနှင့် တူနေသည်။ အမှန်က
ထို ညနေခင်းများသည် သမီးရည်းစားတို့၏ ညနေခင်း မဟုတ်ကြောင်း ဒင်နီ
ကောင်းကောင်း သိသည်။

တစ်ခါတွင် မာရီယာသည် အာရှ တုပ်ကွေး မိသဖြင့် ဒင်နီက ပန်း
စည်း တစ်စည်းကို ယူပြီး ဆေးရုံသို့ လူမမာ သွားမေးသည်။ သူ့ ခုတင်ဘေး
တွင် ထိုင်ပြီး သူ့ကို အားပေးသည့် အနေဖြင့် ရယ်စရာ ပုံတိုပတ်စတွေကို
ပြောသည်။ မာရီယာက ဟက်ဟက်ပက်ပက် ရယ်သည်။ ပြန်ခါနီး နှုတ်ဆက်သည့်
အခါတွင် မာရီယာက 'လာမေးတဲ့ အတွက် ကျေးဇူးတင်တယ် ဒင်နီ၊ နင်က
အဖော်ရတယ်နော်' ဟု ပြောသည်။

ဟုတ်သည်။ အဖော်တဲ့။ ဘာအဖော်လဲ။ ဟုတ်တော့လည်း အဟုတ်သား။
အဖော် အပြင် ဘာဖြစ်ရဦးမှာလဲ။ မာရီယာက လှသည်။ ကိုယ့်ကိုယ်ကိုယ်
ယုံကြည်မှု ရှိသည်။ အရပ်မြင့်သည်။ သူက ထို အရည်အချင်းတွေ ဘာမှ မရှိ။

အဆိုးဆုံးမှာ ဇာတ်တိုက်ပြီးသည့် နောက်တွင် သူနှင့် တွေ့စရာ
အကြောင်း မရှိတော့ခြင်းပင် ဖြစ်သည်။ အကြောင်းရှာလို့လည်း ရတော့မည်
မထင်။





နောက်ဆုံးတွင် ပြဇာတ် စကသည့် ညသို့ ရောက်လာသည်။ ဟားဗတ်
တက္ကသိုလ်ရှိ အနုပညာ ဝါသနာရှင် ဆိုသူတို့သည် မာရီယာ၏ အကနှင့် ဒင်
နီ၏ ဂီတကို နားဆင်ကြည့်ရှုရန်နှင့် ဂီတကို အကဲဖြတ်ရန် အတွက် ရက်ကလစ်
ဇာတ်ရုံသို့ လာရောက် အားပေးကြသည်။

ဒင်နီမှာ သူ့ တီးဝိုင်းကို ကြိုးစား၍ ခေါင်းဆောင်တီးနေသဖြင့် ပရိ
သတ် အထာကို ကောင်းကောင်း သတိမပြုနိုင်။ တစ်နေရာသို့ အရောက်တွင်
သြဘာ လက်ခုပ်သံ တဖြောင်းဖြောင်းကို ကြားရသည်။ အကကို သြဘာ ပေး
တာလား၊ အတီးကို သြဘာပေးတာလားတော့ မပြောတတ်။

ပြဇာတ်သူ ပြဇာတ်သား အများစုက အရက်ပြင်းကို သောက်လေ့ မရှိကြ။ ထို
ကြောင့် သူတို့အား ဂုဏ်ပြုပွဲကလေးကို မျက်နှာချင်းဆိုင်ရှိ ပြဇာတ်တိုက်သည့်
အခန်းကလေးထဲတွင် ခပ်ကျဉ်းကျဉ်း ကျင်းပကြသည်။ ကူးအိတ် ဖျော်ရည်စုံ
တိုက်သည်။ အချို့က ဘီယာ နည်းနည်းပါးပါး သောက်ကြသည်။

တက္ကသိုလ်နယ်မြေက ဇာတ်ပွဲများ၏ ပွဲဦးထွက် ညများသည် ဘရော့ဒ်ဝေး
က ဇာတ် ပွဲဦးထွက် ညများနှင့် တူသည့် အချက် တစ်ချက် ရှိသည်။ ဇာတ်
အဖွဲ့သူ အဖွဲ့သားများသည် တန်းစီ၍ ထိုင်ကာ ထင်မြင်ချက်များကို နားထောင်
ကြရခြင်း ဖြစ်သည်။ တစ်ခုပဲ ခြားနားသည်။ ယင်းမှာ တက္ကသိုလ်က ပြဇာတ်
များသည် 'မရုန်းရောင်' သတင်းစာ၏ ထင်မြင်ချက်ကို စောင့်၍ နားထောင်
ကြရခြင်း ဖြစ်သည်။

၁၁ နာရီလောက်တွင် မနက်ဖြန် ထွက်မည့် 'ရာဇဝင်မှု' ဟူသော
ပြဇာတ် အတွက် ဆွန်ယာ၏ ထင်မြင်ချက်ကို ယူလာသည့် လူတစ်ယောက်
ရောက်လာသည်။ မာရီယာ၏ ကပန်နှင့် ပတ်သက်၍ 'ခွန်အားရှိသည်၊ စိတ်
ကူး စိတ်သန်း ရှိသည်၊ တီထွင်မှု ပါသည်' ဟု ဝေဖန်ချက်တွင် ဆိုသည်။ ဒင်နီ
၏ ဂီတနှင့် ပတ်သက်၍မူ 'ကြိုးစားထားသော်လည်း လိုသေးသည်၊ အတုခိုး
ခြင်းသည် အရိုးသားဆုံး မြှောက်ပင့်ခြင်း တစ်မျိုး ဖြစ်သည်ဟု ဆိုနိုင်သော်
လည်း စတောဗင်စကီနှင့် ကော့ပလင်းတို့ကမူ ဒင်နီ ရှေ့ဆီအား မှုပိုင်ခွင့်
အတွက် အခကြေးငွေ တောင်းလိမ့်မည် ထင်သည်' ဟု ခပ်နှိမ်နှိမ်ကလေး ရေး
ထားသည်။

ဇာတ်ပွဲ မန်နေဂျာသည် ထို ဝေဖန်ချက်ကို ခပ်ကျယ်ကျယ် ဖတ်ပြ၏။
ဖတ်ရင်း အသံတွေ တုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com


ဒင်နီသည် ထောင်းခနဲ ဖြစ်သွား၏။ 'မရန်းရောင်' သတင်းစာမှ ဝေဖန်ချက် ရေးသူသည် သူ့ကို ခုတုံးလုပ်၍ နာမည်ကြီးအောင် လုပ်နေဟန် တူသည်။ ထိုသူသည် မည်သူနည်း။ တစ်ဖက်သား ထိခိုက်မည်ကို မစဉ်းစားတော့ပြီလော။

ဒင်နီသည် ရုတ်ရုတ်ဖြင့် အခန်း အပြင်ဘက်သို့ ထွက်ရန် ရပ်လိုက်သည်။ ထိုစဉ် သူ့ ပခုံးပေါ်သို့ လက်တစ်ဖက် ရောက်လာသည်။ လှည့်ကြည့်လိုက်သည့် အခါတွင် မာရီယာ။

'ဒင်နီ'

'ဂရုမစိုက်ပါဘူး' ဟု ဒင်နီက ပြောသည်။ မာရီယာ၏ မျက်နှာကို လှည့်မကြည့်နိုင်။ ဓာတ်ခုံနောက်တွင် ကျန်ရစ်ခဲ့သည့် သူ့ ပစ္စည်းများကိုလည်း အမှတ်မရတော့။ ဒင်နီသည် အပြင်သို့ ထွက်လာခဲ့သည်။

လှေကားသို့ ရောက်သည့် အခါတွင် အောက်သို့ ခပ်မြန်မြန် ဆင်းလာခဲ့သည်။ သည်နေရာမှ အမြန်ဆုံး ထွက်သွားချင်ပြီ။ သူ့ကို သနားသလို ကြည့်နေကြသော အကြည့်များမှ ဝေးရာသို့ ရောက်ချင်လှပြီ။

အောက်ဆုံးထစ်သို့ ရောက်သည့် အခါတွင် တယ်လီဖုန်းရုံကို လှမ်းမြင်လိုက်ရသည်။ ဓာတ်ပွဲပြီးလျှင် သူ့ကို ဖုန်းဆက်ရန် မှာထားသော ဒေါက်တာ လင်ဒေါ်ကို သတိရသည်။

သည်ကောင်မ လူပါးဝလို့ဟု သူ တွေးသည်။ သည်ကောင်မ၏ ထင်မြင်ချက်ကို သူ့ဆရာအား မည်သို့ ပြောရမည်နည်း။ သူ အရှက်ကွဲရပြီ။ လူပုံလယ်တွင် အရှက်ကွဲရပြီ။ အထက်တန်း ကျောင်းတုန်းက ပြေးလမ်းပေါ်တွင် သူများနောက် ဖုန်တထောင်းထောင်းဖြင့် ကျန်ရစ်ခဲ့စဉ်တုန်းကလို လူပုံလယ်တွင် အရှက်ကွဲခဲ့ရပြီ။

ဒင်နီသည် မှန်တံခါးကို တွန်းဖွင့်လိုက်ကာ အေးစိမ့်နေသော မတ်လ၏ ညအမှောင်ထုထဲသို့ ထွက်လာခဲ့သည်။ မျက်နှာကို လေအေးကြီး တစ်ချက် ဝင့်တိုက်လိုက်သည်ကို သတိမထားမိ။ သည်အဖြစ်ကလေးကြောင့် ဆရာက သူ့ကို အထင်သေးတော့မည်ဟု တွေး၍ သူ စိတ်ဆင်းရဲနေသည်။

သူသည် ဆရာ လင်ဒေါ်၏ နောက်ဆုံး တပည့် ဖြစ်ကြောင်းကို ကောင်းကောင်း သိသည်။ ထို့ကြောင့် အတော်ဆုံး တပည့် ဖြစ်ချင်သည်။ အကောင်းဆုံး ကြိုးစားချင်သည်။

သူ ဆက်မသွားနိုင်။ ကျောက်တုံး လှေကားထစ်များပေါ်တွင် ထိုင်ပြီး



းကို လက်နှစ်ဖက်ဖြင့် ဖွနေသည်။

'ဟေ့ ဒင်နီ၊ ဒီမှာလာပြီး ဘာလုပ်နေတာလဲ၊ တော်တော်ကြာ အအေးမိလိမ့်မယ်'

မာရီယာက အထက်ဆုံး လှေကားထစ် တံခါးပေါက်နားတွင် ရပ်နေသည်။

'သွားပါ၊ ကိုယ့်လို ဒုတိယတန်းစားကို အပေါင်းအသင်း လုပ်မနေနဲ့'

မာရီယာက သူ့စကားကို နားမထောင်။ အောက်သို့ ဆင်းလာကာ သူ့အောက်က လှေကားထစ်တွင် ဝင်ထိုင်သည်။

'ဆွန်ယာ့ ဝေဖန်ချက်ကို ဂရုစိုက်မနေပါနဲ့ဟာ၊ နင် တီးတာ ကောင်းတယ်'

'မနက်ဖြန်ဆိုရင် သတင်းစာတွေထဲ ပါပြီး အားလုံး ဖတ်ကြရတော့မှာ၊ ဒါးဆောင်က ကောင်တွေကတော့ ဒီ ဝေဖန်ချက်ကို ဖတ်ပြီး ဟားနေကြမှာပဲ'

'ဂရုစိုက် မနေစမ်းပါနဲ့ဟာ၊ သူ့ ဝေဖန်ချက်ကို ဘယ် ကျောင်းသားမှ ဂရုစိုက်ဖတ်နေကြမှာ မဟုတ်ပါဘူး၊ ဒီမှာ ဒင်နီ ကိုယ် ပြောမယ်၊ သူ့ဝေဖန်ချက်ကြောင့် နင် နာသလို ငါလည်း နာတယ်'

'နင်က ဘာနာစရာ ရှိလို့လဲ၊ နင့်ကို အကောင်း ရေးထားတာပဲ'

'နင့်ကို ချစ်တော့ နာတာပေါ့'

'နင်ကများ ငါ့ကို ချစ်လို့ ရသေးလို့လား၊ နင့်အရပ်က အရှည်ကြီး'

အဓိပ္ပာယ် မရှိသော သူ့အဖြေကြောင့် မာရီယာ မရယ်ဘဲ မနေနိုင်။

ခဏကြာလျှင် ဒင်နီလည်း ရယ်သည်။ ဒင်နီသည် ရှေ့သို့ တိုးလာကာ မာရီယာကို သူ့ ရင်ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။ ထို့နောက် သူတို့ နမ်းကြသည်။

အတန်ကြာလျှင် မာရီယာက မော့၍ ကြည့်လိုက်ကာ

'ကဲ အခု နင့်အလှည့်လေ'

'ဘာ အလှည့်လဲ'

'ငါပြောတာက ဟို... ဟို ငါ့ဘက်ကချည်း ချစ်ရတာ၊ နင့်ဘက်ကရော'

'ချစ်တာပေါ့'

တင်းကျပ်စွာ ဖက်ထားကြသဖြင့် အေးစိမ့်သော လေကို သူတို့ သတိမထားမိ။


www.burmeseclassic.com

www.burmeseclassic.com



ဟားဗတ် တက္ကသိုလ် နွေရာသီ ကျောင်းပိတ်ရက်သည် လူပေါင်းများစွာ အ
အဓိပ္ပာယ်များစွာ ရှိသည်။

ကျောင်းသားကြီးများက ကျောင်းပြန်ဖွင့်လျှင် တင်ရမည့် စာတမ်းမျ
အတွက် အခန်းအောင်း၍ စာကျက်ကြသည်။ ကြေးရတတ် သားသမီးမျာ
မှ တက္ကသိုလ် သီတင်းပတ် ဟူသော အားလပ်ရက်တွင် စာကြည့်ရန် ဘာမျ
ကျွန်းသို့ လေယာဉ်ဖြင့် ထွက်သွားကြသည်။ ဘာမျူဒါကျွန်းတွင် သူတို့ အ
အစဉ်မှာ နေဆာလှုံခြင်း၊ ရွက်တိုက်ခြင်း၊ ရေပြင်လျှောစီးခြင်း၊ ကယ်လစ်
အက ကခြင်းနှင့် ထိုအကြောင်းများကြောင့်ပင် ရောက်လာသည့် ကောင်မလေ
များကို ပိုးပန်းရန် ဖြစ်သည်။ နွေရာသီသည် တက္ကသိုလ်သို့ အမည်ခံရုံမျှသ
ရောက်လာခြင်း ဖြစ်သည်။ လာမည့် အားကစားသမားတို့က လာမည့် ဆော
ရာသီ ပြိုင်ပွဲများ အတွက် ကြိုတင် လေ့ကျင့်ရန် လိုသည်။

ပြေးခုန်ပစ် အသင်းသည် ပွေတိုရီကိုကျွန်းသို့ ခရီးထွက်သည်။ ကျွ
က အမည် ဆန်းသလောက် အမြင်လည်း ဆန်းသည်။ ဘာမျူဒါ ပင်လယ
ကမ်းခြေမှာလို မဟုတ်။ အလည်လာသူများသည် မနက် ငါးနာရီတွင် အိပ်
မှ ထပြီး မနက်စာ မစားခင် ဆယ်မိုင်လောက် လမ်းလျှောက်သည်။ ထို့နော
ညနေ အပြေး လေ့ကျင့်ချိန် အထိ တစ်နေကုန် အိပ်ကြသည်။ ညပိုင်းတွ
ပွေတိုရီကန် ကျွန်းသူကလေးများနှင့် 'ကြည်' ရန် အချိန်လည်း မရ။ ဆ
လည်း မရှိ။

တင်းနစ်၊ ဂေါက်သီး၊ ဘော့စ်ဘော အဖွဲ့များက တောင်ပိုင်း ပြည်န
များသို့ လှည့်ကာ ဒေသခံ တက္ကသိုလ်များနှင့် ပြိုင်ကြသည်။ သူတို့ အဖွဲ့
ကမူ ပြေးခုန်ပစ် အဖွဲ့သားတွေလောက် ခြိုးခြံခြင်း မရှိ။ ညတိုင်း အပျော
အတွက် အားတွေ ရှိသည်။ ညစာ စားပြီးသည်နှင့် လှပသည့် တက္ကသို
နယ်မြေများထဲတွင် လမ်းသလားကြသည်။ ချစ်စရာ တောင်ပိုင်း တက္ကသို
ကျောင်းသူများ သဘောကျတတ်သော ဟားဗတ် ဟူသော စာလုံး ထိုးထ
သည့် ဆွယ်တာတို့ကို ဝတ်လျက်။

ကာရီးလိုင်းနား တက္ကသိုလ်နှင့် ခက်ခက်ခဲခဲ အနိုင်ကစားပြီးနော
ဂျေဆန်နှင့် သူ့ ကစားဖော်များသည် ချာပယ်ဟီးလ်မှ အမျိုးသမီး ပရိသတ်





ဖို့ အပြင် ထွက်ရန် ပြင်နေကြသည်။ ရေချိုးနေစဉ် သူတို့ နည်းပြ ဖြစ်
သည့် အော်လီဗီယာက သူတို့ကို အပြုံသဘော ဆောင်သည့် ဝေဖန်ချက် တစ်
ဆေးသည်။ ဂျေဆန်မှာ တင်းနစ်ပွဲတွင် အနိုင်ကစားခဲ့သော်လည်း ကွင်းထဲ
ခပ်လေးလေး ဖြစ်နေသည်။

'ဘာဖြစ်လို့ဆို ကျွန်တော် နည်းနည်း ပင်ပန်းနေတယ်၊ ခင်ဗျားကသာ
ပွဲစား သဘောမျိုးလို့ ပြောတာ၊ ခုတော့ လေ့ကျင့်ရတာရော၊ ခရီးသွား
ရော၊ ကစားရတာရော သိပ် မသက်သာပါလား ဗျ'

'လာစမ်းပါဦးကွ၊ ကစားပြီး အပန်းကလေး ဘာလေး ဖြေမှပေါ့၊ ဒီကို
တာ အပျော်လာတာကွ၊ အားလပ်ရက် လာတာ၊ ဒါကိုလည်း မမေ့ပါနှင့်

'ဒါပေမဲ့ ကျွန်တော် အနိုင် ရိုက်ခဲ့တယ်နော်'

ဟင့်အင်းကွယ်၊ ဟင့်အင်း'

'ချစ်လို့ပါကွာ၊ မာရီယာကလည်း'

'ဟင့်အင်းကွာ၊ ဒီလိုတော့ မလုပ်ပါနှင့်'

မာရီယာသည် ခပ်မတ်မတ် ထိုင်နေသည်။ သူ့ မျက်နှာက နီရဲလျက်။

'ကိုယ် တောင်းပန်ပါတယ် ဒင်နီရာ၊ ဒီလိုတော့ မလုပ်ပါနှင့်'

'မာရီယာက သိပ် ခေါင်းမာတာပဲ၊ ခက်တာပဲ'

'ခေါင်းမာတာ မဟုတ်ဘူး ဒင်နီ၊ နင်က သိပ်ရက်စက်တာပဲ၊ ကိုယ်
င်းလည်း စာပါဦး၊ ကိုယ့်မှာ မူ ရှိတယ်၊ ဒီမူကိုတော့ မချိုးဖောက်နိုင်ဘူး'

ဒင်နီသည် ခရီးမရောက်လှ။

ချစ်ခင်စ ရက်များ အတွင်းက တက္ကသိုလ် နယ်မြေသည် သူတို့ နှစ်ဦး
တွက် ကောင်းကင်ဘုံ။ မြကွန်းသာ။ သို့ရာတွင် နောက်ပိုင်း၌ သူတို့ နှစ်
ယောက်ကြားတွင် ပြဿနာကလေးတွေ ရှိလာသည်။

မာရီယာသည် သူတွေ့ဖူးသမျှ မိန်းကလေးတွေထဲတွင် ချစ်စရာ
ကောင်းဆုံး၊ အတော်ဆုံး၊ အကြင်နာတတ်ဆုံး၊ အလှဆုံး မိန်းကလေး
ဒင်နီ ထင်သည်။ မာရီယာကလည်း သူ့ကို အထင်ကြီး လေးစားသည်။ သို့ရာ
တွင် ပြဿနာမှာ မာရီယာသည် သူနှင့် အတူ အိပ်ရန် ငြင်းနေခြင်းပင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူတို့ နှစ်ယောက်သည် သူ့ ဆိုဖာတွင် ထိုင်၍ နမ်းကြသည်။ သို့ ... တွင် ဒင်နီသည် သူ့ ဆွယ်တာအောက်သို့ လက်လျှိုလိုက်သည်နှင့် မာရီယာ ... ၏ ထက်သန်မှု ဟူသမျှတို့သည် တင်းကျပ်သော ကြောက်လန့်မှု အဖြစ်သို့ ပြောင်းသွားကြသည်။

'ဟင့်အင်း၊ ဒီလိုတော့ မလုပ်နှင့်ကွယ်'

'မာရီယာရယ်၊ တို့နှစ်ယောက် အချစ်ဟာ ခုမြင် ခုပျောက်သွားတ ... အချစ်မျိုး မဟုတ်ပါဘူး၊ တစ်ယောက်ကို တစ်ယောက် တကယ် ချစ်ကြတာ ... မာရီယာကို ချစ်တော့ ကိုယ် အမြဲ ထိနေချင်တယ်'

မာရီယာက မတ်တတ်ရပ်လိုက်ပြီး သူ့ ဆွယ်တာကို ဆွဲချ၍ သူ့ ... နှစ်သိမ့်သည်။

'တို့ နှစ်ယောက်စလုံးဟာ ဇရင့်ဂျီ ဘာသာဝင်တွေလေ၊ လက်မထ ... ခင်မှာ ဒီကိစ္စမျိုး ကျူးလွန်ရင် အပြစ်ရှိတယ်'

'ဘာကိစ္စမျိုးလဲ၊ ယောကျ်ား တစ်ယောက်ဟာ မိန်းမ တစ်ယောက် ... မထိရဘူးလို့ သမ္မာကျမ်းစာမှာ ဆိုထားလို့လား၊ ရှောလမုန်ရဲ့ သီချင်းထဲမှာ ... ရင်'

'တော်ပါတော့ ဒင်နီ၊ မပြောပါနှင့်တော့၊ ထိရုံနှင့် ရပ်နေမှာ မဟုတ် ... ဘူးရှင့်'

'ရပ်ပါတယ်ကွာ၊ နယ် မကျူးစေရပါဘူး၊ ကိုယ် ကျိန်ပါ့မယ်'

မာရီယာ သူ့ကို ကြည့်သည်။ သူ့ မျက်နှာက နီရဲလျက်။

'ဒီမှာ ဒင်နီ၊ နင်ကတော့ နယ်မကျူးဘဲ ရပ်ချင်ရပ်မှာ၊ ဒါပေ ... ကျုပ်က ကျုပ်အကြောင်းကို ကျုပ်သိတယ်ရှင့်၊ ကျုပ်က နယ်နိမိတ်ကို ရောက် ... ရင် အဲဒီမှာ ရပ်နေမှာ မဟုတ်ဘူး'

မာရီယာ၏ ပွင့်လင်းမှုကြောင့် ဒင်နီ ကျေနပ်သွားသည်။

'ဒါဖြင့် စိတ်ထဲကတော့ အလိုတူတယ်ပေါ့'

မာရီယာက ရှက်စနိုးဖြင့် ခေါင်းညိတ်သည်။

'ဒင်နီရယ်၊ ကိုယ်လည်း မိန်းမသား တစ်ယောက်ပဲ၊ ကိုယ် မင့်ကို ချ ... တယ်၊ ကိုယ့် ရင်ထဲမှာ မျိုသိပ်ထားရတာတွေ ရှိတယ်၊ ဒါပေမဲ့ ကိုယ်က ... ဘာသာတရား ကိုင်းရှိုင်းတဲ့ ဇရင့်ဂျီဘာသာဝင် တစ်ယောက်၊ ဒီအဖြစ်မျိုး ... ကျူးလွန်တာဟာ အပြစ်ကြီးတယ်လို့ သီလရှင်တွေ ကိုယ့်ကို သင်ထားတယ် ...





'ဒီမှာ ဒီလိုဆိုရင် ကိုယ်မေးမယ်၊ နင်လည်း ၁၉၅၇ ခု ရက်ကလစ် ... ္ကသိုလ် ကျောင်းသူ တစ်ယောက်၊ ကိုယ်ချစ်တဲ့ လူတစ်ယောက်နှင့် အိပ် ... အတွက် ငရဲကျမယ်လို့ ယူဆနေသလား'

'ဟုတ်တယ်၊ လက်မထပ်ခင်မှာတော့ မကျူးလွန်ရဘူး'

'အလကားဟာတွေပါ၊ ကိုယ်တော့ မယုံပါဘူး'

ဒင်နီ စိတ်တိုလာသည်။ ဒင်နီသည် အလိုမပြည့်သဖြင့် ရှူးရှူး ... ရှား ... လာ၏။

'ဒီမှာ မာရီယာ၊ တစ်နေ့မှာ ကိုယ်တို့ နှစ်ယောက် လက်ထပ်ကြမှာပဲ၊ ... လောက် ဆိုရင် မလုံလောက်သေးဘူးလား'

သူ စိတ်တိုနေသည်ကို မာရီယာ သတိမထားနိုင်။ သူကိုယ်တိုင်လည်း ... လှုပ်ရှားနေသည်။

'ဒီမှာ ဒင်နီ၊ ကိုယ် ကြီးပြင်း လူလားမြောက်ခဲ့ရတဲ့ ဘဝကို ကိုယ် မမေ့ ... ဘူး၊ ကိုယ့်ကို ရေဖျန်းပေးတဲ့ ဘုန်းတော်ကြီး၊ ကိုယ့်မိဘတွေရဲ့ အဆုံးအမ၊ ... းလေ သူတို့နှင့် မဆိုင်ပါဘူး၊ ကိုယ့် ယုံကြည်ချက်ပဲ ဆိုပါတော့၊ ကိုယ် ... ယောကျ်ားကို ကိုယ့်ရဲ့ အပျိုဘဝကိုပဲ ပေးချင်တယ်'

'ဘုရားရေ၊ နင့် အယူအဆကလည်း ခေတ်နောက်ကျလှချည်လား၊ ... င်းဆေးရဲ့ အစီရင်ခံစာကို မဖတ်ရသေးဘူးလား၊ ဒီနေ့ခေတ်မှာ မိန်းမ ဆယ် ... နှန်းကပဲ ဒီလို တွေးကြတော့တယ်'

'ကမ္ဘာပေါ်မှာ ကိုယ်က နောက်ဆုံး ကျန်ရစ်တဲ့ မိန်းမ တစ်ယောက် ... ဦးတော့ ကိုယ် ဒါမျိုးကို ခွင့်မပြုနိုင်ဘူး၊ ကိုယ့် မင်္ဂလာဦးည အထိ ကိုယ် ... အပျိုစင် ဖြစ်နေရမယ်'

ဒင်နီ့ ပါးစပ်မှ 'အလကား၊ အဓိပ္ပာယ် မရှိတာ' ဟူသော စကားလုံး ... က်သွားသည်။ နောက်ဆုံး ဒင်နီသည်

'ကောင်းပါပြီ၊ ကောင်းပါပြီ၊ ဒီလိုဆိုရင်လည်း ဒီကိစ္စကို လုံးဝ မေ့ ... းလိုက်ပါတော့၊ ကဲလာ ညစာ သွားစားကြမယ်'

ဒင်နီက မတ်တတ်ရပ်ပြီး လည်စည်းကို ပြင်သည်။

'ဟင့်အင်း၊ ကိုယ် မလိုက်ချင်ဘူး' ဆိုသည့် သူ့ အဖြေကြောင့် ဒင်နီ ... အားသင့်သွား၏။

'ဟင် ဘာဖြစ်သွားရပြန်တာလဲ'

'ရှင်းရှင်းပြောမယ် ဒင်နီ၊ ကိုယ်တို့ နှစ်ယောက် ဒီအတိုင်း ဆက်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့ မကောင်းဘူး၊ ကိုယ်တို့ နှစ်ယောက်ကြားမှာ အဖုအထစ်ကလေးတွေ သွားပြီ၊ ဒီအတိုင်း ဆိုရင် ကိုယ်တို့ နှစ်ယောက် ချစ်ချစ်ခင်ခင် နေခဲ့ကြ ကလေးတွေဟာ ပျောက်သွားတော့မှာ'

မာရီယာ ထိုင်ရာမှ ထသည်။ သူ့ကို ကိုယ်ခန္ဓာ ကိစ္စတွင်သာ အ ယူသည် မဟုတ်။ စိတ်ဓာတ်ရေးရာတွင်လည်း အနိုင်ယူချင်ပုံ ရသည်။

'ဒင်နီ၊ မင့်ကို ကိုယ် အရှုံးခံပါတယ်၊ ဒါပေမဲ့ နောက်ထပ် မ ချင်တော့ဘူး'

'နောက် မတွေ့တော့ဘူး ဟုတ်လား'

'ကိုယ် ဘယ်လို ပြောရမလဲ မသိဘူး၊ ဟုတ်တယ် လောလော တော့ မတွေ့ဘဲ နေကြတာ ကောင်းမယ် ထင်တယ်၊ ဒီနွေမှာ နင်ကလ တင်ဂယ်ဝုဒ်ကို သွားမှာ၊ ကိုယ်ကလည်း ကလီလင်းကို ပြန်ပြီး အလုပ် ရဦးမယ်၊ ကိုယ်တို့ နှစ်ယောက် ခွဲနေလိုက်ကြတာ ကောင်းမယ် ထင်တ ပြန် ပြီး စဉ်းစားချိန် ရတာပေါ့'

'နင့်ကို လက်ထပ်မယ်လို့ ကိုယ် ပြောပြီးပြီပဲ'

'ဟုတ်ပါတယ်၊ ဒါပေမဲ့ နင် တကယ် ပြောတာလား ဆိုတာ စိတ်ထဲမှာ သံသယ ဖြစ်နေတယ်၊ ဒါကြောင့် တို့နှစ်ယောက် ခွဲနေဖို့ လို ထင်တယ်'

'စာချင်းတောင် အဆက်အသွယ် မလုပ်ရတော့ဘူးလား'

'လုပ်ရပါတယ်၊ ရေးပေါ့'

မာရီယာ တံခါးဆီသို့ လျှောက်သွားသည်။ တံခါးဝ အရောက်တွင် ကို လှည့်ကြည့်ရင်း

'ငါ နင့်ကို ကြောက်သွားတယ်' ဟု ပြောသည်။

ထို့နောက် မာရီယာသည် အပြင်သို့ ထွက်သွား၏။

၁၉၅၇ ခုနှစ် နွေဦးတွင် ဂျော့ ကဲလားသည် ဟားဗတ် တက္ကသိုလ်တွင် သည့် အင်္ဂလိပ် ဘာသာစကားကို အခြား ကျောင်းသားများ နည်းတူ ကော စွာ လိုက်နိုင်လာပြီ။

ဂျော့ ကဲလားသည် အုပ်ချုပ်ရေး ဘာသာရပ်ကို အဓိက ဘာသာ အ





သည်။ သူ့ဆရာ ဘရီဇင်းစကီး (နောင်တွင် အိမ်ဖြူတော် အကြံပေးအရာရှိ ဘသူ) က သူ့လို ရုရှား ဘာသာစကား ကျွမ်းကျင်ပုံမျိုး၊ သံကန့်လန့်ကာ က်မှ တိုင်းပြည်ရှိ နိုင်ငံရေး အကြောင်းကို နားလည်ပုံမျိုးနှင့် ဆိုလျှင် အိမ် တော်တွင် အရေးကြီးသည့် ရာထူးမျိုးကို ရနိုင်သည်ဟု ပြောသည်။

ထိုနှစ် နွေရာသီတွင် ဂျော့ ကဲလား ယူသည့် ဘာသာတွဲများမှာ အုပ် ရေး ၁၈၀၊ နိုင်ငံရေး အခြေခံမှုများ စသည်တို့ ဖြစ်သည်။ ထိုဘာသာရပ်ကို သည့် ဆရာမှာ ဗိလျံပါးမား အဲလီယော့ ဖြစ်ပြီး သူ့ အခန်းဖော် အင်ဒရူး ယော့နှင့် ဆွေမျိုးနီးစပ် တော်သူဟု ဆိုကြသည်။

ထိုဘာသာရပ်ကို ရွေးလိုက်ခြင်းသည် သူ့အဖို့ ကံကောင်းသည်ဟု ဆိုရ ။ ထိုဆရာ၏ လက်ထောက်မှာ အင်္ဂလိပ်စကားကို နိုင်ငံခြားသံ ဝဲဝဲဖြင့် တတ်သည့် ခပ်ဖိုင့်ဖိုင့် ဆရာလေး ဖြစ်သည်။ သူ့ အမည်က ဟင်နရီ ကစ် ဂျား။ (နောင်တွင် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး။) ဘာကြောင့်မှန်း ။ ဂျော့ ကဲလားနှင့် ကစ်ဆင်းဂျားတို့သည် မြင်မြင်ချင်း တစ်ယောက်ကို ယောက် ခင်မင်သွားကြသည်။

ကစ်ဆင်းဂျားသည် ဂျော့ ကဲလားလိုပင် မိမိ တိုင်းပြည်မှ ထွက်ပြေး သူ တစ်ယောက် ဖြစ်သည်။ (ကစ်ဆင်းဂျားမှာ အရှေ့ ဂျာမနီမှ ထွက်ပြေး ခြင်း ဖြစ်၏။) သူသည် နိုင်ငံရေးတွင် သဘောတရားရော လက်တွေ့ပါ ကျင် နှံ့စပ်သူ ဖြစ်သည်။ ဒေါက်တာ ကေ (ကစ်ဆင်းဂျာကို ထိုသို့ ခေါ် ရှိကြသည်။) သည် ဟားဗတ် တက္ကသိုလ် နှီးနှော ဖလှယ်ပွဲများကို ဦးစီး ဖြစ်ပြီး ကမ္ဘာတွင် အရေးအကြီးဆုံးသော နိုင်ငံရေး ဂျာနယ် တစ်ခု ဖြစ် 'နိုင်ငံခြားရေးရာ' ဂျာနယ်တွင်လည်း အယ်ဒီတာ အဖွဲ့ဝင် တစ်ဦး ဖြစ် သည်။

ဒေါက်တာ ကစ်ဆင်းဂျားသည် ဂျော့ ကဲလားအား သူ့ ဆွေးနွေးဝိုင်း လေးများထဲသို့ သွင်းပေးသည်။ ဂျော့ ကဲလား၏ အရည်အချင်းကို သူ သဘောကျသည်။

ထို့ပြင် ဂျော့ ကဲလားအား ကစ်ဆင်းဂျား သဘောကျသည့် အချက် ချက် ရှိသေး၏။ ယင်းမှာ သူ၏ ရုရှားဘာသာ စကား ကျွမ်းကျင်မှု ဖြစ် ။ သို့ရာတွင် ဂျော့ ကဲလားသည် ဟားဗတ်တွင် နံပါတ်တစ် (ထို့ထက် ရလျှင် ကမ္ဘာတွင် နံပါတ်တစ်) ဖြစ်ချင်သည့် အလျောက် စာကို ကြိုးစား ။ ထို့ကြောင့် ဆရာများက ဂျော့ ကဲလားကို သူတို့ အဖွဲ့ငယ်ကလေးများထဲ



www.burmeseclassic.com

www.burmeseclassic.com



သို့ ထည့်ချင်ကြသည်။ သူနှင့် ပြိုင်ဘက် ဆရာ ဘရီဇင်းစကီးက ဆိုလျှင် ကဲလားကို သူ့ အဖွဲ့ထဲတွင် ထည့်ချင်နေသည်မှာ တစ်ပိုင်းသေနေကြောင်း ကစ်ဆင်းဂျား ကောင်းကောင်းသိသည်။

ပထမ စာသင်နှစ်ဝက် အစည်းအဝေး တစ်ခုတွင် ဒေါက်တာ ကစ်ဆင်းဂျားက

'ဂျော့ ကဲလားရေ၊ အားရင် ဆရာ ခဏ တွေ့ချင်တယ်ကွ၊ ပြီးခဲ့တဲ့ အပတ်က ရေးခဲ့တဲ့ မင့် အက်ဆေးနှင့် ပတ်သက်လို့ ဆရာ စကား တစ်ခွန်း နှစ်ခွန်း ပြောချင်တယ်'

'ရပါတယ် ဆရာ' ဟု ဂျော့ ကဲလားက ပြောသည်။ မိမိ အက်ဆေးနှင့် ပတ်သက်၍ ဆရာ အပြစ်တင်တော့မည်ဟု စိုးရိမ်မကင်း ဖြစ်နေသည်။

'ကျွန်တော့် အက်ဆေး မှန်ရဲ့လား ဆရာ'

'မင့် အက်ဆေးက မှန်ရုံတင် မကဘူးကွ၊ ပထမတန်းစား အက်ဆေးပဲ။ အရှေ့ ဥရောပ ဒဿနတွေနှင့် ပတ်သက်လို့ မင့် အက်ဆေးလို ကျကျနန ရေးထားတာမျိုး ငါ တစ်ခုမှ မတွေ့ဖူးသေးဘူး'

'ကျေးဇူးတင်ပါတယ် ဆရာ'

ဂျော့ ကဲလား ဝမ်းသာနေသည်။

'မင်းက ဟန်ဂေရီ ပြည်က တင်သွင်းတဲ့ နောက်ဆုံး ကုန်ပစ္စည်း တစ်ခုပေါ့ကွာ၊ ဘူဒါပက်စ် တက္ကသိုလ်တုန်းက မင်း ဘယ်ဘာသာ ယူခဲ့သလဲ'

'ဥပဒေ ပညာရပ်ပါ ဆရာ၊ ဆိုဗီယက် ဥပဒေပေါ့လေ၊ ဘာမှ အသုံး မဝင်ပါဘူး ဆရာ'

'ဒါကတော့ ဘယ်သူ့ အတွက်လဲ ဆိုတာ ပေါ်မှာ တည်တာပေါ့ကွ၊ ငါ့ သုတေသန လုပ်ငန်းတွေ အတွက်တော့ မင်းလို အရှေ့တိုင်း ဥရောပ ဒဿနနှင့် ဆိုဗီယက် ဥပဒေတွေကို နားလည်ပြီး ရုရှားလို ကောင်းကောင်း တတ်တဲ့ လူတွေ သိပ် အသုံးဝင်တာပေါ့'

'ဆရာ့ကို တစ်ခုတော့ ပွင့်ပွင့်လင်းလင်း ပြောရဦးမယ် ဆရာ၊ ကျွန်တော်က ဘူဒါပက်စ် တက္ကသိုလ်က ဘာဘွဲ့မှ မရခဲ့ဘူး၊ ဒါကြောင့်မို့ ကျွန်တော့်ကို ကျွမ်းကျင်သူလို့တော့ ပြောလို့ မရဘူး ထင်ပါတယ်'

ကျဲကော်ကိုင်း အနက် တပ်ထားသည့် ထူထဲသည့် မျက်မှန်အောက်မှ ကစ်ဆင်းဂျား၏ မျက်လုံးများသည် တဖျပ်ဖျပ် တောက်နေကြသည်။

'အေး၊ မင်းတို့ ဟန်ဂေရီမှာတော့ ဒီလို ဟုတ်ချင် ဟုတ်မှာပေါ့၊ ဒါပေမဲ့ တို့ ဟားဗတ်မှာတော့ မင်းလို အတွေ့အကြုံမျိုး ရှိတဲ့လူ သိပ်ရှားတယ်၊ ကြက်မရဲ့ သွားထက်တောင် ရှားမယ် ထင်တယ်'





'ဇူလိုင်မှာ နှင်းပွင့်တွေ ရှားသလိုပေါ့ ဆရာ' ဟု ဂျော့ ကဲလားက သူ့ အင်္ဂလိပ် အီဒီယန် ကြွယ်ဝကြောင်းကို ပြသည်။

'အေး အေး ဟုတ်တယ်၊ ကောင်းပြီလေ၊ မင့်မှာ အချိန်ပို ရှိရင် တို့ ဌာနမှာ လက်ထောက် သုတေသနမှူး အနေနှင့် ထားချင်တယ်၊ ဥရောပ လေ့လာရေး ဌာနက တစ်နာရီကို နှစ်ဒေါ်လာ ပေးတယ်၊ မဆိုးပါဘူး၊ ပြီးတော့ သုတေသန လုပ်နေရင်းနှင့် အထက်တန်းတွေ အတွက် စာတမ်းရေးဖို့ အကြောင်းအရာ ရွေးပေးနိုင်ရင်လည်း အပိုကြေးတို့ ဘာတို့ ရဦးမယ်'

'ဒီလိုဆို ကျွန်တော့် ဘွဲ့ယူ စာတမ်းအတွက် ဆရာ ကြီးကြပ်ပေးမယ် ပေါ့ ဆရာ'

'အေး၊ မင်းက ကြီးကြပ်စေချင်တယ် ဆိုရင် ငါ ဝမ်းသာတယ်၊ ဒီတော့ မင်းကလည်း ငါပြောတဲ့ အလုပ်ကို လက်ခံမယ် မဟုတ်လား၊ စဉ်းစားဦးမလို့ သေးသလား၊ ဒါမှမဟုတ် မင်းဌာနက ဆရာနှင့် တိုင်ပင်ချင်သေးသလား၊ မင်းဆရာက ပိုလန်လူမျိုး ဟို ဘရီဇင်းစကီး ဆိုတဲ့ လူငယ်လေး မဟုတ်လား'

'ဟုတ်ပါတယ် ဆရာ၊ ကျွန်တော် ဆရာ့ကို ရှင်းပြပါ့မယ်၊ ကျွန်တော် ဘယ်တော့ အလုပ် စလုပ်ရမှာလဲ ဆရာ'

'ဒီနေ့ နေ့လယ်စာ စားပြီးရင် ငါ့ ရုံးခန်းကို လာခဲ့ကွာ၊ ဒီနေ့က စပြီး စာသင်ခန်း အပြင်ဘက်မှာ ဆိုရင် ဟင်နရီလို့ပဲ ခေါ်ပေါ့ကွာ'

ဤသို့ဖြင့် အငယ်တန်းနှစ်များ ကုန်ဆုံးသွားခဲ့သည်။

အပြင်ဘက် ကမ္ဘာလောကကြီးတွင်မူ အိုက်ဆင်ဟောင်းဝါးသည် ဒုတိယ အကြိမ် သမ္မတ အဖြစ် အရွေးခံရသည်။ ဟားဗတ် တက္ကသိုလ် ကျောင်းတော်မှ ထွက် ကာ့ရင် မင်းသား (အာဂါခန်၏ သား) သည် သန်းပေါင်းများစွာ သော ခိုဂျာလူမျိုးတို့၏ အကြီးအကဲ အဖြစ် တင်မြှောက်ခြင်း ခံရသည်။

သူတို့ကို ကြည့်၍ မိမိတို့ကို ဘုရားသခင်သည် အမြဲ စောင့်ရှောက်မှုသည်ဟု ဟားဗတ် တက္ကသိုလ် ကျောင်းတော်ကြီးသားတို့ ဂုဏ်ယူကြသည်။

ဂျော့ ကဲလားသည် ပထဝီဝင်အားဖြင့်ရော စိတ်ဓာတ်အားဖြင့်ပါ ခရီး



www.burmeseclassic.com

www.burmeseclassic.com



အဝေးဆုံးမှ လာခဲ့ရသူ ဖြစ်၏။ ခုနစ်လလောက် ရှိသည့် အခါတွင် အင်္ဂလိ
စာကို ကောင်းစွာ နိုင်နင်းနေလေပြီ။ ဝါကျများကို သူကြိုက်သလို တည်ဆော
တတ်လေပြီ။ ငြင်းခုံမှု တံတိုင်းကြီးများကို ချိုးဖျက်ပြီး တစ်ဖက်သားကို
ဆောင်ရာတွင် သူ့အဖို့ နယ်ရုပ်ကလေးများကို ရွှေ့သလို စကားလုံးများကို
သုံးစွဲတတ်နေပြီ။

သို့ဖြင့် ဂျော့ ကဲလားသည် လူတိုင်း အားကျရသော ဒေါက်တာ က
ဆင်းဂျား၏ သုတေသန လုပ်ငန်း လက်ထောက် ဖြစ်နေလေပြီ။ နိုင်ငံတက
နိုးနှောဖလှယ်ရေး အဖွဲ့တွင် ကစ်ဆင်းဂျား၏ လက်ထောက် ဖြစ်နေလေ
ထိုအဖွဲ့၏ ကြွေးကြော်သံ ဖြစ်သော 'မြစ်ဆုံ' ဂျာနယ်တွင် အယ်ဒီတာ အ
ဝင် တစ်ယောက် ဖြစ်နေလေပြီ။

သူတို့ နှီးနှောဖလှယ်ပွဲ လုပ်ငန်းများမှာ သံကန့်လန့်ကာ အတွင်း
အပြင်ရှိ တိုင်းပြည်များမှ အစိုးရ အရာရှိများ၊ ပညာရှင်များကို ဖိတ်ခေါ်
အုပ်ချုပ်ရေးစနစ် အမျိုးမျိုး အကြောင်းကို ဟောပြော ပို့ချစေခြင်း ဖြစ်သည
ဂျော့ ကဲလား၏ အလုပ်မှာ အရှေ့ ဥရောပတိုက်မှ လာသည့် ကို
စားလှယ်များနှင့် ခင်မင် ရင်းနှီးအောင် ပေါင်းပြီး ဟားဗတ် တက္ကသိုလ်
နှော ဖလှယ်ပွဲနှင့် ကစ်ဆင်းဂျား အပေါ်တွင် သူတို့ ထင်မြင်ချက်ကို
ခေါက်ကြည့်ရသည်။

ထိုအတောအတွင်း၌ ဂျေဆန်သည် အားကစား နယ်ပယ်တွင် အောင်မြ
များကို တစ်ခုပြီး တစ်ခု ရနေသည်။ အိုင်စီ ဖိုး အေ တင်းနစ် ချန်ပီယံ ဘွဲ့
ဒုတိယနှစ် ဆက်ရသည်။ ဟားဗတ် တက္ကသိုလ် တင်းနစ်သင်း ဘော
အသင်း၏ ကပ္ပတိန် အဖြစ် တင်မြှောက်ခံရသည်။

...က် လင်းဗရိုစ်နှင့် ဆာရာတို့မှာ မခွဲနိုင် မခွာရက်အောင် ဖြစ်နေကြသည
နွေရာသီ နှင်လ ကျောင်းပိတ်ရက်ကလေးမှာပင် သူတို့ မခွဲနိုင်။ ထို့ကြော
ဆာရာက နွေရာသီ ကျောင်းတက်ခွင့် ပေးရန် မိဘတွေကို ပူဆာပြီး ခွင့်ပြု
ရသည်နှင့် ကင်းဗရစ် မြောက်ပိုင်းတွင် အိမ်ခန်းကလေး တစ်ခန်း ငှားသည
အမေကမူ သူ့သမီး သည်လောက် စာကြိုးစားနေသည်ကို ကြည့်၍ နည်းနည





...သယ ဖြစ်သည်။ သို့ရာတွင် အဖေကြီးက သဘောတူသည်။

ထိုနှစ် နွေရာသီသည် သူတို့ ချစ်သူ နှစ်ယောက်အဖို့ ရှည်လျား၍
...က်ငွေ့ လှုံသော နွေရာသီ ဖြစ်သည်။ ခွဲရသည့် အခါတွင် သူတို့ နှစ်
...ာက်သည် အသည်းတွေ နင့်ရသည်။ သူတို့ အိပ်ခန်းကလေးကို စွန့်ရတော့
...ည် ဆိုသည့် အခါတွင် ဆာရာသည် တစ်ပတ်လုံးလုံး ငိုနေသည်။

...၅၇ ခု နွေရာသီသည်ကား ဒင်နီ အဖို့ ဘ၀ ဖာတ်လမ်းရှည်ကြီးတွင် ပဏာမ
...ခွင့်တီးလုံး တစ်ခုနှင့် တူသည်။

အောက်တိုဘာလ ၂၄ ရက်နေ့တွင် ဘော်စတန် ဆင်ဖိုနီ တေးသံစုံ
...ခိုင်းကြီးတွင် သူနှင့် အတူ လာတီးဖို့ ဂီတ ဆရာကြီး မန့်ဂျဲက သူ့ကို ခေါ်
...းသည်။ ထို အခွင့်အရေးသည် ဂီတလောကတွင် ရခဲဘိခြင်း။ ထိုသတင်း
... သူ့ ဂီတဆရာ လင်ဒေါကို ပြောသည့် အခါတွင် လင်ဒေါသည် ထိုပွဲကို
...ကိုယ်တိုင် လာ၍ နားထောင်ချင်သဖြင့် ဘော်စတန်သို့ သွားရန် လေယာဉ်
... ခုနေသည်။

သို့ရာတွင် သူ့ဘ၀တွင် စိတ်ပျက်စရာတွေ ရှိသေးသည်။ ပွဲဦးထွက်
...တီးဝိုင်းကို 'မရန်းရောင် သတင်းစာ' တွင် ဆွန်ယာက ဝေဖန်သည့် ကိစ္စ
... သူ မမေ့နိုင်သေး။ မာရီယာနှင့် ဆက်ဆံရေးကလည်း မပြေပြစ်ချင်။

ထို့ထက် စိတ်မကောင်းစရာ တစ်ခု ပေါ်လာသည်။

တင်ဂယ်ဝုဒ်သို့ ရောက်နေစဉ် တစ်ညတွင် အမေ့ထံမှ တယ်လီဖုန်းလာ
...ည်။ သူ့ ဆရာရင်း ဒေါက်တာ လင်ဒေါ နှလုံးရောဂါကြောင့် ကွယ်လွန်
...ပြီဟု အမေက ပြောသည်။ ဒင်နီသည် အထုပ်အပိုးကို ကောက်ကာ မီရာ
...ယာဉ်နှင့် လိုက်လာခဲ့သည်။ သုသာန်တွင် သူ့ဆရာ အလောင်းကို ကြည့်
... ဒင်နီ မရှက်မကြောက် ငိုမိသည်။

အချိန်တို ဝတ်ပြု ဆုတောင်းပွဲကြီး ပြီးသည့် အခါတွင် အသုဘ ပို့သူ
... တဖြည်းဖြည်း ပါးသွားကြ၏။ သုံးနှစ်မျှ ကွဲနေသည့် အမေက အိမ်ကို
...က်ရန် ခေါ်သည်။ ဆရာ လင်ဒေါက သူ့ကို သူ့အဖေနှင့် သင့်မြတ်စေလို
...ည်ဟု သူ့ နောက်ဆုံး ဆန္ဒကို ပြောသွားခဲ့သည်။

သို့ဖြင့် ဒင်နီသည် သူ စိတ်မချမ်းမသာဖြင့် ကြီးပြင်းခဲ့ရာ အိမ်သို့
...သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သည် အတောအတွင်း သူ့အဖေသည် ရုပ်ရော စိတ်ရော တော်တော် ပြောင်းသွားခဲ့ပြီ။ ကျသွားပြီ။ မျက်နှာတွင် အရေးအကြောင်းတို့ ထင်စပြု နားထင်တွင် ဆံပင်တို့ ဖြူရောင် သမ်းနေပြီ။

သို့ရာတွင် သူတို့သားအဖ နှစ်ယောက် မျက်နှာချင်း ဆိုင်မိသည့် အ ၌ တော်တော်နှင့် စကား မပြောဖြစ်ကြ။ ဒင်နီ စိတ်ထဲတွင် သူ့အပေါ်တွ အထင်သေးခဲ့၊ ရက်စက်ခဲ့သည့် အဖေ့ကို သတိရရန် ကြိုးစားကြည့်သည် အဖေ့ကို မုန်း၍ မရတော့သည့်တိုင် ချစ်၍ကား မရသေး။

'မင်း ကြည့်ရတာ ကျန်းမာရေး တော်တော် ကောင်းသားပဲ'

'ဖေဖေလည်း ဒီအတိုင်းပါပဲ'

'အေးကွာ၊ ပြီးခဲ့တာ ပြီးပေ့စေပေါ့၊ ကြာလှပြီပဲ'

အဖေက သည်မျှသာ ပြောသည်။ ဒင်နီကလည်း အဖေ့ထံမှ သည့် ပြေရာ ပြေကြောင်း စကားမျိုးကိုသာ ကြားချင်သည်။

အဖေ့ထံမှ သည်လို သဘောထားကြီးမှုမျိုး၊ သည်လို ဥပေက္ခာမျိုး သူ လိုချင်သည်။ ဒင်နီက သူတို့ နှစ်ယောက် အဆင်မပြေမှု ပြီးဆုံးသည် သဘောဖြင့် လက်ကို ကမ်းပေးသည်။ မျက်လုံး နှစ်စုံသည် ပွေ့ဖက်မိကြသည်

'အေး၊ အဖေ ဝမ်းသာတယ် သား၊ ပြီးခဲ့တာတွေ မေ့လိုက်တော့'

ဟုတ်တော့ ဟုတ်သားပဲ၊ ခု ဒါတွေ ဘာမျှ အရေးမကြီးတော့၊ သူ တကယ့် အဖေ တစ်ယောက်လို ဆက်ဆံခဲ့သူသည် ကွယ်လွန်သွားပြီဟု ဒင် စိတ်ထဲတွင် စွဲနေသည်။

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

သြဂုတ် ၈၊ ၁၉၅၇

ဒီနှစ် တစ်နှစ်လုံး ငါ့ခြေတစ်ဖက်ဟာ အနာဂတ်ကို ရောက်နေပြီး ခြေ တစ်ဖက်ကတော့ အတိတ်မှာ ရောက်နေတယ်။ ဘယ်ခြေလှမ်းက ကြိုက်သလဲ ဆိုတာတော့ ငါလည်း မသိဘူး။

ကံကောင်းရင် နောက်နှစ် ဇွန်လ ဆိုရင် ဘွဲ့ရတော့မယ်။ အဖေ ကတော့ ထုံးစံအတိုင်း လုပ်ရမယ့် ကာယ လုပ်ငန်းတွေကို မလုပ်တော့ ဘဲ အိမ်လုပ်ငန်း ဖြစ်တဲ့ ဘဏ်လုပ်ငန်းကို လုပ်စေချင်သတဲ့။





အဖေက မိန်းကနေပြီး တယ်လီဖုန်းနှင့် အလုပ် လုပ်တယ်။ ငါက ဘဏ်တိုက်မှာ သွားပြီး လုပ်ရမယ်ပေါ့။

ငါ အလုပ်စဆင်းတဲ့ နေ့မှာပဲ အဖေက မျက်စိကိုဖွင့် နားကိုစွင့်ထားတဲ့။ ကိုယ် ဝယ်တာကို သတိထား၊ ကိုယ် ရောင်းတာကို သတိထား၊ ကိုယ် ကိုင်ထားတာကို သတိထား။ အဲဒီလို သတိ ရှိနေရင် အလုပ်သဘောကို ချက်ချင်း နားလည်လာလိမ့်မယ်တဲ့။

မြို့လယ်မှာ ရှိတဲ့ တို့ ဘဏ်တိုက်ရုံးက သမိုင်း အသင်းတိုက်နှင့် မျက်စောင်းထိုးမှာ ရှိတယ်။ အဲဒီ သမိုင်း အသင်းတိုက်ဟာ ငါ ပညာဆည်းပူးတဲ့ နေရာပဲ။ အဲဒီမှာ တို့ အဘေးဖြစ်တဲ့ သိက္ခာတော်ရ ဆရာ အင်ဒရူး အဲလီယော့ (၁၇၃၇ ခု ဟားဗတ် တက္ကသိုလ်ဆင်း) နှင့် သူ့သား ဂျွန် အဲလီယော့ (၁၇၇၂ ခု ဟားဗတ် တက္ကသိုလ်ဆင်း) တို့ရဲ့ နေ့စဉ် မှတ်တမ်းတွေကို ငါ လေ့လာခဲ့ရတယ်။

ဒီ နေ့စဉ် မှတ်တမ်းတွေကို ဖတ်လိုက်တဲ့ အခါကျတော့မှ ငါတို့ တိုင်းပြည်ရဲ့ သမိုင်း (တို့ မိသားစုရဲ့ သမိုင်းလည်း ပါတာပေါ့) ကို ရေရေလည်လည် နားလည်တော့တယ်။ ဟားဗတ် တက္ကသိုလ် ကျောင်းသားရဲ့ ဘဝဟာ အစကတည်းက ဒီလိုပါပဲလား။

ဒီအထဲမှာ ဂျွန် အဲလီယော့ရဲ့ ဟားဗတ် တက္ကသိုလ်က အဆောင် နှစ်ပတ်လည် ညစာ စားပွဲ အကြောင်းက စိတ်ဝင်စားစရာ ကောင်းတာနှင့် ငါ ကူးလာခဲ့တယ်။ သူ့ မှတ်တမ်းမှာ ညစာ စားပွဲ အကြောင်းကို ဒီလို ရေးထားတယ်။ (တစ်နေ့လျှင် အသား တစ်ပေါင်စီ ရသည်။ သို့ရာတွင် အရသာ မရှိသဖြင့် အသားဟု မပြောနိုင်။ တချို့ နေရာများတွင် မြက်ခင်း စိမ်းစိမ်းများ ရှိသည်။ တချို့ နေရာများတွင် နေကြာ ပန်းခင်းများ ရှိသည်။ ထောပတ်ကလည်း အလွန် ညံ့သည်။ ထောပတ် ညံ့သဖြင့် ကျောင်းသား ဆန္ဒပြပွဲများ မကြာခဏ ဖြစ်ခဲ့သည်။ သို့ရာတွင် ငါတို့ တစ်တွေ ရေငတ်၍တော့ မသေနိုင်။ ကျောင်းသားတိုင်း ဆိုက်ဒါ ဖျော်ရည်တော့ လိုသလောက် ရသည်။)

ဆိုက်ဒါ ဖျော်ရည် များများ ရတာက လွဲလို့ ကျန်တာတွေကတော့ တို့ ခေတ်နှင့် အတူတူပါပဲ။ ဒါပေမဲ့ တက္ကသိုလ် ဆိုတာ ပျော်စရာချည့် မဟုတ်ဘူးလေ။ အမေရိကန်နှင့် ဗြိတိန်ဟာ ဆက်ဆံရေး ဆိုးရွားလာခဲ့တဲ့ အတိတ်ကြောင့် တက္ကသိုလ် နယ်မြေထဲမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတွေ တင်းမာလာခဲ့တယ်။ ဗြိတိသျှ လိုလားတဲ့ ကျောင်
သားတွေနှင့် အမေရိကန် လွတ်လပ်ရေးကို လိုလားတဲ့ ကျောင်းသာ
တွေ မကြာခဏ ရန်ဖြစ်ကြတယ်။ ရိုက်ကြတယ်။

ဒီနောက်မှာ အမေရိကန် လွတ်လပ်ရေး စစ်ပွဲ ဖြစ်လာခဲ့တယ်

၁၇၇၃ ခု ဘော်စတန် တီးပါတီ ကိစ္စပြီးလို့ မကြာခင်မှာ တ
ကျောင်း ထမင်းစားခန်းထဲမှာ တိုရီတွေနှင့် အမေရိကန် လွတ်လပ်ရေ
လိုလားတဲ့ ကျောင်းသားတွေ အကြီးအကျယ် ရိုက်ပွဲ ဖြစ်ခဲ့ကြတယ်
အစားအသောက်ကြောင့် ရန်ဖြစ်တာမျိုး မဟုတ်ဘူး။ တကယ့် တိုက်
ဖြစ်တာ။ ဆရာတွေက ကျောင်းသားတွေကို ဝင်ထိန်းပေးကြတယ်

၅၈ ခုနှစ်တွင် ဘွဲ့ယူမည့် ဟားဗတ် တက္ကသိုလ် ကျောင်းသား အသုတ်သည်
နောက်ဆုံးနှစ် သင်တန်းကို တက်ရန် ကျောင်းသို့ ပြန်ရောက်လာကြသည်
သူတို့ တက္ကသိုလ် ကျောင်းသား ဘဝတည်း ဟူသော သံနာရိုကြီးထဲတွင် 
နည်းနည်းသာ ကျန်တော့သည်ကို သူတို့ အားလုံး သိကြရသည်။ မကြာမီ 
လျှင် သူတို့သည် အမိ ဟားဗတ် တက္ကသိုလ်၏ နူးညံ့သော ဝမ်းကြာတိုက်
လွတ်ကာ ကြမ်းတမ်း ခက်ထန်သော အပြင် လောကကြီးထဲသို့ ရောက်
ရတော့မည်။

အရာအားလုံးသည် ကြောက်စရာ အရှိန်ဖြင့် သွားနေကြသည်ဟု ထင်
ရ၏။ နောက်ဆုံးနှစ် ကျောင်းသားများမှာ တောင်ပေါ် လျှောစီးသူများလို ဖြ
နေသည်။ အချို့က အရှိန် ပြင်းလာသဖြင့် ထိတ်လန့် နေကြသည်။ အချို့က
ပန်းတိုင်သို့ နီးလာမှန်း သိသော်လည်း ကိုယ့်ကိုယ်ကိုယ် မဟန်နိုင်ဘဲ ဖြစ်နေ
ကြသည်။

ယခုအချိန် အထိ သူတို့ အတန်းသားတွေထဲတွင် ကိုယ့်ကိုယ်ကိုယ်
သတ်သေသွားသူ သုံးယောက် ရှိနေပြီ။ ဟားဗတ် တက္ကသိုလ် ကျောင်းတော်
ကြီးတွင် စာမေးပွဲ ကျပြီး နေခွင့် မရမည် စိုးသောကြောင့် သတ်သေခြင်း ဖြစ်
သည်။ နောက်ဆုံးနှစ်တွင် နှစ်ယောက် ကိုယ့်ကိုယ်ကိုယ် သတ်သေသည်။ သူ
တို့ကမူ ကျောင်းမှ ထွက်ရမည် စိုးသောကြောင့် သတ်သေခြင်း ဖြစ်သည်။

သူတို့၏ နောက်ဆုံးနှစ်သည် တစ်နည်းကြည့်လျှင် ကြေကွဲစရာတော





ကောင်းသည်။ ပထမ သုံးနှစ်တုန်းက ပျော်ခဲ့ တောခဲ့ ပွေခဲ့သည့် အဖြစ်အပျက်
များသည် လွမ်းစရာ မောစရာ ဆွေးစရာတွေ ဖြစ်လာသည်။ စာမေးပွဲနား နီး
လာသည့် အခါတွင် နောင်တရစရာ ဖြစ်လာသည်။ အချိန်တွေ ကုန်သွားပြီဟု
ခြောက်စရာ ဖြစ်လာသည်။ အခွင့်အလမ်းတွေ လက်လွတ်သွားပြီဟု တသစရာ
ဖြစ်လာသည်။ နောင်တွင် ဘယ်တော့မှ ပြန်၍ မရနိုင်တော့သော အပူအပင်
ကင်းမဲ့သည့် ကာလများကို လွမ်းစရာ ဖြစ်လာသည်။

သို့ရာတွင် ထိုအထဲတွင် မပါသူတွေလည်း ရှိသင့်သလောက် ရှိပါ၏။
နောက်ဆုံးနှစ် တည်းဟူသော လုံကြီးထဲတွင် ထည့်ပြုတ်သည့်တိုင် ကြေပြုန်း
သွားသူတို့မှာ ထိုနှစ်ထွက် တက္ကသိုလ် ကျောင်းသားများကို ဂုဏ်ပြောင်
အောင် လုပ်ပေးမည့် လူများ ဖြစ်သည်။

ထိုအထဲမှ တစ်ယောက်မှာ ၁၉၅၇ ခုနှစ်တွင် ဘော်စတန် ဆင်ဖိုနီ
တီးဝိုင်းကြီးနှင့် အတူ စန္ဒရားကို တစ်ကိုယ်တော် တီးပြနိုင်ခဲ့သည့် ဒင်နီ ဖြစ်
သည်။

သို့တိုင် ပရိသတ်တွေ ရှေ့မှောက်တွင် စန္ဒရားဆီသို့ ခပ်လန့်လန့်ဖြင့်
လျှောက်လာနေသည့် ဒင်နီသည် လွန်ခဲ့သည့် နွေဦးက ဟားဗတ်သို့ ရောက်
လာခဲ့သည့် မျက်မှန်နှင့် သူငယ်လေး တစ်ယောက် မဟုတ်တော့။

ယခု သူ့တွင် မျက်မှန် မရှိတော့။

မျက်မှန် ချွတ်လိုက်ခြင်းမှာ မျက်စိ ပြန်ကောင်းလာ၍ မဟုတ်။
နှစ်က တင်ဂယ်ဝုဒ်သို့ သွားတီးစဉ် သူ့ လက်သံကို သဘောကျသည့် ကောင်
မလေး တစ်ယောက်ကြောင့် မျက်မှန် ချွတ်ခဲ့ခြင်း ဖြစ်သည်။ စန္ဒရားတီးနေစဉ်
မျက်မှန်ကြီး တပ်ထားသဖြင့် ချစ်စရာ ကောင်းသည့် သူ့မျက်လုံး စိမ်းပြာပြာ
များကို မမြင်ရဟု ကောင်မလေးက ပြောသည်။ နောက်တစ်နေ့တွင် ဒင်နီသည်
မျက်မှန်ဆိုင်သို့ သွားကာ မျက်မှန်ကို ချွတ်ပစ်ခဲ့ပြီး မျက်ကပ်မှန်ကို တပ်လာခဲ့
သည်။

ဆင်ဖိုနီ ခန်းဆောင် စင်မြင့်ပေါ်သို့ ဒင်နီ တက်လာသည့် အခါတွင်
သူ့ 'အသည်းကြော်လေး' ပြောသည့် စကား မှန်ကြောင်း ဒင်နီ သိရသည်။
အားလုံးကပင် လက်ခုပ် သြဘာ ပေးကာ 'ဟာ ကောင်လေးက ချစ်စရာကလေး'
ဟု ဆိုကြသည်။

သူ့ လက်သံမှာ ဆိုစရာ မရှိ။ သူ စန္ဒရား တီးလျှင် စိတ်ပါ လက်ပါ
တီးတတ်သည်။ နောက်ဆုံး တီးလုံးကို ချလိုက်သည့် အခါတွင် ဆိုပင်သည်



www.burmeseclassic.com

www.burmeseclassic.com



သူ့ နဖူးပေါ်သို့ ဝဲကျနေသည်။

အားလုံးက မတ်တတ်ရပ်၍ သြဘာပေးကြသည်။

ပရိသတ်သည် ဘယ်လောက် ကြာအောင် သြဘာ လက်ခုပ်ပေးနေသည်ကို သတိမထားမိတော့။ ဒင်နီသည် လက်ခုပ် သြဘာသံ ဒီရေကြီးထဲတွင် မျော သွားကာ အချိန်ကို သတိမရ။ မန့်ကသာ သူ့ကို ဘေးခန်းဆောင်သို့ တွဲ မသွားလျှင် စင်မြင့်ပေါ်တွင် မည်မျှ ကြာကြာ ရပ်နေမိမည် မသိ။

အဝတ်အစား လဲခန်းသို့ ရောက်ပြီး မကြာခင်တွင် သူ့အဖေနှင့် အ ရောက်လာကြသည်။ ထို့နောက် စာနယ်ဇင်းများမှ သတင်းထောက်များ။

သူနှင့် မန့်တို့ လက်ဆွဲ နှုတ်ဆက်နေစဉ် ဓာတ်ပုံတွေ တဖျပ် ရိုက်ကြသည်။ ထို့နောက် အဖေနှင့် အမေနှင့် တွဲရိုက်သည်။ ထို့နောက် နယ ယော့မှ ရောက်လာကြသည့် ဂီတပညာရှင် အကျော်အမော်များနှင့် တွဲရိ ကြသည်။

နောက်ဆုံး ဒင်နီကပင် တောင်းပန်ယူတော့သည်။

'ကဲ တော်ကြပါတော့ဗျာ၊ ကျွန်တော် မနေ့ညကလည်း တစ်မှေ မအိပ်ရသေးဘူး၊ ခင်ဗျားတို့ လိုချင်တာလည်း ရပြီ မဟုတ်လား'

သတင်းထောက်များကလည်း ကျေနပ်သွားကြသည်။ ဤတွင် ခပ် ကဲ သတင်းထောက် တစ်ယောက်က

'ကျွန်တော်တို့ ခင်ဗျားပုံကို ပြက္ခဒိန် ထုတ်ချင်တယ်ဗျာ၊ ဒီတော့ ခ ဗျား မိန်းကလေး မိတ်ဆွေကို နမ်းနေတဲ့ ပုံကလေးများ မရဘူးလား၊ တ လောက်တော့ ရိုက်ခွင့်ပေးပါ'

ဒင်နီသည် မာရီယာ ထိုင်နေသည့် ခုံတန်းဘက်ဆီသို့ လှမ်းကြည့်လို ၏။ သူက မာရီယာကို လက်ယပ်၍ ခေါ်လိုက်၏။ မာရီယာက ခေါင်း ပြသည်။

ဒင်နီ စိတ်ပျက်သွားသည်။ သူနှင့် ချစ်စရာ ကောင်မလေးတို့ တွဲထ သည့် ပုံကို မြင်ကြရတော့မည် မဟုတ်။ မတတ်နိုင်။ ဒင်နီ လက်လျှော့လို သည်။

'ကဲ သူက ဒီလို အရိုက်ခံလေ့ မရှိဘူးဗျာ၊ နောက်တစ်ခါ ကျတော့ ပေါ့'

စတုတ္ထမဏ္ဍိုင် သတင်းစာ ဆရာများသည် စိတ်ပျက် လက်ပျက်ဖြ





သွားကြသည်။ ဒင်နီနှင့် မာရီယာတို့သည် ရစ်ဇ်ဟိုတယ်သို့ ပြန်ရန် တော်ကားဆီသို့ လာခဲ့ကြ၏။ ဆင်ဖိုနီဝိုင်းက သူ့အတွက် သီးသန့် ငှား ခြင်း ဖြစ်သည်။

ဒင်နီသည် အိပ်မက် တစ်ဝက်ဖြင့် ဟိုတယ်သို့ ပြန်လာခဲ့သည်။ ဒင်နီ ည် ခိမ့်ကျလှသော မော်တော်ကား ကုရှင်ကြီးကို မှီရင်း 'အင်း ငါတော့ ဂီတ ကျော်အမော် တစ်ယောက် ဖြစ်ပြီ' ဟု သူ့ဘာသာသူ ကျေနပ်နေသည်။

လောက် ကိုယ့်ကိုယ်ကိုယ် နှစ်သိမ့်ရလိမ့်မည်ဟု ဒင်နီ တစ်ခါမျှ မထင် သူ့အတွက် ညှော်ခံပွဲကို ခပ်ကျဉ်းကျဉ်း လုပ်ပါဟု အဖေနှင့် အမေတို့ကို ထားခဲ့သည်။ သူ့ဘဝ အောင်ပွဲတွင် သူ့ဆရာ လင်ဒေါ မရှိသည့် အတွက် စိတ်မကောင်း။ ထို့ကြောင့် ညှော်ခံပွဲကို ခပ်ကျဉ်းကျဉ်း အလုပ်ခိုင်းခြင်း သည်။ သူ သည်မျှ ကျော်ကြားလာခြင်းမှာ ဆရာ လင်ဒေါ၏ ကျေးဇူး ကြောင့် မဟုတ်လော။ သို့ရာတွင် ယနေ့ည ပရိသတ်က သူ့ကို သြဘာပေးပုံ ဘာကယ်ပင် ယစ်မူးလောက်သည်။ ထို့ကြောင့် ဆရာ့ကို ခဏတော့ မေ့ သစ်လိုက်ရသည်။

မန့်နှင့် ပြဇာတ် ပဒေသာပွဲ တာဝန်ခံတို့က သူ့ကို ဂုဏ်ပြုသည့် အနေ ရှန်ပိန် တစ်ခွက်စီလောက် သောက်ပြီး နှုတ်ဆက် ပြန်သွားကြသည်။ က်ဖြန်တွင် သူတို့ ပွဲ တစ်ပွဲ တင်စရာ ရှိသဖြင့် အနားယူရန် စောစော ပြန် ခြင်း ဖြစ်၏။ ထိုစဉ် ဆော်စတန် ဆင်ဖိုနီ တီးဝိုင်း မန်နေဂျာက ဧည့်သည် ယောက်ကို ခေါ်လာသည်။ ထိုလူက ဒင်နီနှင့် ချက်ချင်း စကားပြောချင် ည် ဆိုသဖြင့် ခေါ်လာရခြင်း ဖြစ်သည်။ တစ်ရက်ကလေးမျှပင် မဆိုင်းနိုင်ဟု က ဆိုသည်။

ထိုဧည့်သည်မှာ အခြားသူ မဟုတ်။ ကမ္ဘာကျော် ပဒေသာပွဲ မန်နေဂျာ ရော့ ဖြစ်သည်။ ဟူးရော့က ဒင်နီ၏ စန္ဒရား လက်သံကို သူ မည်မျှလောက် သာကျကြောင်း ပြောရုံမျှမက ဒင်နီကို သူ စင်တင်ချင်သည်ဟု ကမ်းလှမ်း ည်။ နောက်နှစ်တွင် ကမ္ဘာကျော် တီးဝိုင်းကြီး တစ်ခုနှင့် တီးစေချင်သည်ဟု သည်း ဟူးရော့က ပြောသည်။

'ဖြစ်ပါ့မလား ခင်ဗျာ၊ ကျွန်တော်က အညတရ'

'အေး ဒါပေမဲ့ ငါက အညတရ မဟုတ်ဘူးကွ၊ ငါနှင့် ဆက်သွယ် တဲ့ တီးဝိုင်း ခေါင်းဆောင်တွေက သူတို့နားကို သူတို့ ယုံပြီးသ



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် မနေ့ညက ကျွန်တော့်ပွဲကို သူတို့လည်း နားထောင်ကြတာ ပေါ့'

ဟူးရော့က ပြုံးသည်။

'သူတို့တော့ လာနားမထောင်ဘူး၊ ဒါပေမဲ့ ဆရာမန့်က မင်းကို တ ကူးထားပါ ဆိုလို့ ငါ ကူးလာခဲ့တယ်ကွ၊ ဒီတော့ မင်း ခွင့်ပြုမယ် ဆိုရင် ဒီတ တွေကို သူတို့ကို ဖွင့်ပြချင်တယ်ကွာ'

'သိပ်ကောင်းတာပေါ့'

'ဒီမှာ မစ္စတာ ဟူးရော့၊ ကျွန်တော်က ဒင်နီရဲ့ အဖေပါ၊ ကျွန်တော တို့နှင့် မနက်စာ စားကြပါလား'

အာသာ ရှေ့ဆီက ပြောသည်။

ဒင်နီက သူ့အဖေကို တစ်ချက် လှမ်းကြည့်လိုက်ပြီးနောက် ဟူး ဘက်သို့ လှည့်ကာ

'ကျွန်တော် သိပ် ဝမ်းသာပါတယ် ခင်ဗျာ၊ နောက်များတော့ ဒီကိစ္စ ဆွေးနွေးကြတာပေါ့'

'အေး အေး မင်း အားတဲ့အခါ စကားပြောကြရအောင်ကွာ' ဟု ဟူး ရော့က စိတ်အား ထက်သန်စွာ ပြောသည်။

ဟူးရော့သည် သူတို့ကို ယဉ်ကျေးစွာ နှုတ်ဆက်ပြီးနောက် ဒါရိုက်တာ နှင့် အတူ ပြန်သွားသည်။ အခန်းထဲတွင် သူတို့ လေးယောက်သာ ကျန် ခဲ့သည်။ ဒင်နီ။ သူ့ အဖေနှင့် အမေ။ ပြီးတော့ မာရီယာ။

'တို့ အီတလီတွေချည်းပဲ ကျန်တော့တယ်' ဟု ဆိုကာ ဒင်နီ၏ အ သည် သူ့သားကို မကြည့်ဘဲ ပြောသည်။ ပြန်လည် သင့်မြတ်ခါစသော ရှိသ သူတို့ သားအဖ ဆက်ဆံရေးတွင် သူက နယ်ကျော်ပြီး ရှေ့ လောတကြီး မိသဖြင့် သားကို ခပ်ရှိန်းရှိန်း ဖြစ်နေသည်။

'ကဲ အားလုံး သဘောတူရင် ဒီအခန်းထဲမှာ လူမရှိပေမယ့် ဝိညာဉ်သ ရှိတဲ့သူ တစ်ယောက်အတွက် ဆုတောင်းပြီး ဝိုင် အရက် သောက်ကြရအော ဟု အမေက ပြောသည်။

ဒင်နီ ခေါင်းညိတ်ပြလိုက်ပြီး အရက်ခွက်ကို မြှောက်လိုက်သည်။

'သားကြီး ဖရင့် ရှေ့ဆီ အတွက်' အဖေက ဆိုသည်။

သားငယ် ဖြစ်သူ ဒင်နီ၏ ပိုင်နိုင်သော လေသံကြောင့် အဖေ ဆက် ဆုမတောင်းနိုင်ဘဲ ရပ်သွားသည်။





'အစ်ကို့ အတွက်၊ နေပါဦး အဖေ၊ ဒီနေ့ ညတော့ မသောက်ပါနှင့်ဦး'

အားလုံး တိတ်ဆိတ်သွားသည်။ အမေက

'ကဲ ဒီလိုဆို ဂီတဆရာ လင်ဒေါ် အတွက် ဆုတောင်း သောက်ကြ ဒီလို တပည့်မျိုးကို မွေးထုတ်ပေးနိုင်ခဲ့တဲ့ အတွက် ဆရာ လင်ဒေါ် ဒီ ညမှာ ကောင်းကင်ဘုံ ရောက်ပါစေလို့'

သူတို့သည် တိတ်ဆိတ်စွာ သောက်နေကြသည်။

'ဆရာ လင်ဒေါ် ဆိုတာ ဒင်နီရဲ့ ဂီတဆရာလေ' ဟု အမေက ပြော သည်။ မာရီယာက လေသံကလေးဖြင့်

'ဟုတ်ကဲ့၊ မာရီယာ သိပါတယ် အမေ၊ ဒင်နီက မာရီယာကို အကုန် ပြပြီးပါပြီ၊ ဆရာ့ကို သူ ဘယ်လောက် ချစ်ခင် လေးစားတယ် ဆိုတာ'

နောက်ထပ် ဘာဆက်လုပ်ရမည် မသိသဖြင့် အားလုံး ငြိမ်နေကြ သည်။

နောက်ဆုံးတွင် မာရီယာက ပြောသည်။

'ဒီပွဲလေးကို မာရီယာ မဖျက်ချင်ဘူးလေ၊ နည်းနည်း နောက်ကျနေပြီ၊ တော့ မာရီယာ တက္ကစီ တစ်စီး ခေါ်ပြီး အဆောင်ကို ပြန်မှ ဖြစ်မယ်'

'နည်းနည်း စောင့်ပါဦးလား၊ ကိုယ်လည်း လိုက်မယ်လေ၊ မာရီယာကို ပြီးရင် ကိုယ်လည်း အဆောင်မှာ ဆင်းနေရစ်ခဲ့မှာပေါ့'

'ရပါတယ်၊ မာရီယာ ပြန်နှင့်မယ်၊ အစ်ကိုက ဂီတအဖွဲ့က အကောင်း ဟိုတယ် အခန်းကို ငှားပေးထားတာပဲ၊ အဆောင်က သံခုတင် မာမာကြီး အိပ်ရတာထက် ဇိမ်ကျတာပေါ့'

မာရီယာသည် သူ့ နောက်ဆုံး စကားကြောင့် ရှက်သွားသည်။ သူ့ ကားကြောင့် ဒင်နီ၏ သံခုတင် မာမာပေါ်တွင် သူ အိပ်ဖူးကြောင်းကို သူ့ အဖေ ရိပ်မိသွားလိမ့်မည် ထင်သည်။

သို့ရာတွင် ကိစ္စ မရှိ။ သူက ဖြေရှင်းချက် မထုတ်ရသေးမီ အဖေနှင့် အမေသည် သူတို့ကို နှုတ်ဆက်ပြီးနောက် သူတို့ အိပ်ခန်းဆီသို့ သွားကြ သည်။

ဒင်နီနှင့် မာရီယာသည် အောက်သို့ ဆင်းနေသော ဓာတ်လှေကားထဲ တွင် ယှဉ်လျက်သား ရပ်လိုက်ကြသည်။ တစ်ယောက်ကို တစ်ယောက် ကြည့်မိ။

အောက်ထပ် တံခါးဆီသို့ အသွားတွင် ဒင်နီက သူ့ကို အသာ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလိုက်သည်။

'မာရီယာ ဒီနေ့ည ကိုယ်တို့ အတူနေကြမယ်လေ၊ မာရီယာနှင့် အတူ နေချင်တယ်၊ ကိုယ့်ရဲ့ အထူးညမှာ ကိုယ့်ချစ်သူနှင့် အတူ နေချင်တယ်'

ဒင်နီ ခပ်တိုးတိုး ပြောသည်။

'မာရီယာ ပင်ပန်းနေတယ် အစ်ကို၊ တကယ်ပြောတာပါ' ဟု မာရီယာက ခပ်တိုးတိုး ပြောသည်။

'လာပါ မာရီယာ၊ ကိုယ်နှင့် အတူ အပေါ်ထပ်ကို လိုက်ခဲ့ပါ၊ ဒီနေ့ ညမှာ ကိုယ်တို့ နှစ်ယောက်တည်း နေကြရအောင်'

'အစ်ကို ပျော်တယ်ဆိုတာ မာရီယာ နားလည်ပါတယ်၊ ဒါပေမဲ့ အစ်ကို နှင့် မာရီယာဟာ ဘဝချင်း မတူကြတော့ဘူး၊ အထူးသဖြင့် ဒီနေ့ည နောက် ပိုင်းမှာ ဘဝချင်း ခြားသွားကြပြီ'

မာရီယာက ခပ်တိုးတိုး ပြောသည်။

'မာရီယာ ဘာကို ဆိုလိုချင်တာလဲ'

'စင်ပေါ် ရောက်တော့ အစ်ကိုဟာ ဘဝ ပြောင်းသွားပြီလေ၊ အစ်ကို့ရဲ့ အောင်မြင်မှု အတွက် မာရီယာ ဝမ်းသာပါတယ်၊ ဒါပေမဲ့ အစ်ကိုဟာ လောက သစ် တစ်ခုကို ရောက်သွားပြီး မာရီယာကတော့ လောကဟောင်းမှာ ကျန်ရစ် ခဲ့တယ်၊ အစ်ကို့ရဲ့ လောကသစ်မှာ မာရီယာ မနေတတ်ဘူး'

ဒင်နီသည် စိတ်ကို အနိုင်နိုင် ချုပ်တည်းထားလိုက်သည်။ သို့ရာတွင် မရ။

'ဘာလဲ၊ ကိုယ်နှင့် လိုက်မအိပ်ချင်လို့ အကြောင်းပြတာပေါ့ ဟုတ် လား'

'မဟုတ်ပါဘူး အစ်ကိုရယ်၊ အစ်ကို့ ဘဝမှာ တခြားသူ အတွက် နေရာ မရှိတော့ဘူး ဆိုတာ ဒီနေ့ညပဲ မာရီယာ သိခဲ့ပြီလေ၊ အစ်ကို့ အပေါ်မှာ ထိုး ထားတဲ့ မီးမောင်းစက်ဝန်းက တစ်ယောက်စာပဲ ရှိတယ် အစ်ကို၊ နှစ်ယောက် မရပ်လောက်ဘူး'

မာရီယာက လှည့်ထွက်ကာ အမှောင်ရိပ် သန်းနေသည့် တံခါးပေါက် ဆီသို့ ခြေလှမ်းပြင်သည်။

'မာရီယာ ခဏ' သူ့ အသံသည် ကျောက်ဖြူသား ခန်းဆောင်ထဲတွင် အနည်းငယ် ပဲ့တင်ထပ်သွား၏။

မာရီယာက ရပ်လိုက်ပြီး





'နောက်ထပ် မပြောပါနှင့်တော့ အစ်ကိုရယ်၊ ရှိကြီးခိုးပါရဲ့၊ အစ်ကို့ကို ...ယာ တစ်သက်လုံး အမှတ်ရနေမှာပါ၊ ဘယ်တော့မှ မမေ့ပါဘူး'

မာရီယာသည် သူ့ကို နှုတ်ဆက်ကာ ဆုံလည် တံခါးမှ ထွက်ပြီး အပြင် ...မှောင်ထုထဲသို့ ရောက်သွားသည်။

သူ၏ အကြီးဆုံးသော အောင်ပွဲကို ရခဲ့သည့် ညတွင် ဒင်နီသည် လူသူ ...င်းရှင်းနေသော ခန်းဆောင်ထဲတွင် တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ထို ...တွင် သူသည် အောင်မြင်မှုနှင့် ဆုံးရှုံးမှုတို့ကြောင့် သူ့ ခံစားချက်များသည် ...ါးနေကြသည်။ သို့ရာတွင် ထို ဆုံးရှုံးမှုသည် သူ ပေးလိုက်ရသော တန်ဖိုး ...ကြောင်း သူ သဘောပေါက်သည်။ ကျော်ကြားမှု အတွက် ပေးလိုက်ရသော ...န်ဖိုး။

...င်းဗရိစ်နှင့် ဆာရာတို့မှာ ယခုအချိန်တွင် မခွဲနိုင် မခွာရက်အောင် ဖြစ်နေ ...ပြီ။ သူတို့မှာ အဓိက ဘာသာတွဲ ယူတော့လည်း အတူတူ၊ သူတို့ ပြော ...ည့် စကားများမှာလည်း ချစ်ချိန်မှ လွဲလျှင် ဂန္ထဝင် စာပေ အကြောင်း။

အထက်တန်း အတွက် စာတမ်း ခေါင်းစဉ် ရွေးရာမှာပင် သူတို့ နှစ် ...ာက်သည် ဆင်တူကို ရွေးကြသည်။ ပါမောက္ခ ဝှစ်တမင်း၏ ကြီးကြပ်မှု ... ဂရိခေတ် အချစ် နတ်ဘုရားမများ အကြောင်းကို ရေးမည်။ အထူးသဖြင့် ...ယ်ပိုလိုနီးယားစ် အကြောင်းကို အခြေခံထားသည်။ လင်းဗရိစ်က ပါမောက္ခ ...င်လေ၏ ကြီးကြပ်မှုဖြင့် ဟိုးမား၏ အမျိုးသမီး ဇာတ်ဆောင် နှစ်ယောက် ...ကြောင်းကို ရေးမည်။ အထူးသဖြင့် ဟယ်လင်နှင့် ပင်နီလောတို့၏ အကြောင်း ...သည်။

ညနေဆိုလျှင် သူတို့ နှစ်ယောက်သည် စာကြည့်တိုက်ထဲတွင် မျက်နှာ ...ဆိုင် ထိုင်ကာ စာတွေကို ကုန်းကျက်ကြသည်။ စာကျက်၍ ပျင်းပျင်း ရှိ ...င် တစ်ယောက်နှင့် တစ်ယောက် လက်တင်လို ဂရိလို တောရမ်းမယ်ဘွဲ့ကို ...ပြီး တစ်ယောက်တစ်လဲ ဖတ်ကြသည်။

ညနေတိုင်လျှင် သူတို့နှစ်ယောက်သည် အားကစားသမားများနှင့် အတူ ...ကျင့်ခန်း ဆင်းကြသည်။ သို့ရာတွင် သူတို့ လေ့ကျင့်ခန်း ဆင်းရာ ကစား ...င်းမှာ အင်ဒရူး အဲလီယော့၏ အခန်း။



www.burmeseclassic.com

www.burmeseclassic.com

သို့တိုင် သူတို့ နှစ်ယောက် ဟားဗတ် တက္ကသိုလ် နောက်ဆုံးနှစ် သင်တန်းသို့ ရောက်လာသည့်အခါ သူတို့သည် မောင်မယ်သစ်လွင်ကလေးများ၏ ... စရာများသည် ကုန်ဆုံးသွားကြသကဲ့သို့ သူတို့ အချစ် အိပ်မက်ကလေးသည် ... လည်း နိဂုံးသို့ ရောက်လုပြီကို သူတို့ သတိထားမိကြသည်။ နိဂုံး မဟုတ်လျှင် ... ဆောင် အထွတ်အထိပ် ရောက်ပြီဟု သတိထားမိကြသည်။

လင်းဗရိစ်က ဟားဗတ် တက္ကသိုလ် ဂန္ထဝင် စာပေသင်တန်း ဘွဲ့ ... ယူရန် လျှောက်သည်။ ဆာရာကလည်း သူ့လိုပင် ဂန္ထဝင် စာပေတွင် ဘွဲ့ ... ချင်သည်။ သို့ရာတွင် သူ့ မိဘတွေက ဥရောပ ဘာသာရပ် တစ်ခုခုကို လေ့လာ ... စေချင်သည်။

ဆာရာအား လင်းဗရိစ်နှင့် ဝေးသွားအောင် တမင် လုပ်ခြင်း မဟုတ် ... သူတို့သည် လင်းဗရိစ်ကို တွေ့လည်း မတွေ့ဖူး။ မြင်လည်း မမြင်ဖူး။ သူ ... အကြောင်းကိုလည်း ဘာမျှ မသိ။

သို့ရာတွင် ဆာရာသည် လင်းဗရိစ်၏ တနင်္ဂနွေနေ့ ညစာ စားပွဲများ ... တွင် အမြဲတမ်း လာနေကျ ဧည့်သည် တစ်ယောက်။ မိသားစုလိုပင် ဖြစ်နေပြီ ... လင်းဗရိစ် အမေကလည်း ဆာရာကို သူတို့၏ ချွေးမတော်ချင်သည်။

သူတို့ နှစ်ယောက်သည် သူတို့ အနာဂတ် အတွက် ဘာမျှ သံသယ ... မဖြစ်။ သူတို့ နှစ်ယောက်စလုံးက အကြိုက်ချင်း တူကြသည်။ ဝါသနာချင်း ... တူကြသည်။ တစ်ယောက်ကို တစ်ယောက် ချစ်ကြသည်။ ဂန္ထဝင် စာပေ ... ချစ်ကြသည်။ သူတို့သည် လက်ထပ် ထိမ်းမြားရေး ကိစ္စကို တစ်ခါမျှ မဆွေး ... နွေးစဖူး။ တစ်ယောက်က ငြင်းမည် စိုး၍ ထိုစကားကို မစခြင်း မဟုတ်။ သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ရာသက်ပန် ချစ်နေကြပြီဟု ... ယုံကြည်နေကြသောကြောင့် ဖြစ်သည်။ လက်ထပ် ထိမ်းမြားခြင်းသည် အဆော ... အယောင် တစ်ခုမျှသာဟု ထင်နေသောကြောင့် ဖြစ်သည်။

ဂရိဘာသာတွင် ယောကျ်ားနှင့် မိန်းမ ဆိုသည်မှာ လင်နှင့် မယား ... ဟူ၍လည်း အဓိပ္ပာယ် ထွက်ကြောင်း သူတို့ သိကြသည်။ သို့ဖြင့် သူတို့သည် စိတ်ဓာတ်အားဖြင့် လည်းကောင်း၊ အဓိပ္ပာယ်အားဖြင့် လည်းကောင်း လက်ထပ် ထိမ်းမြားပြီး ဖြစ်နေကြလေပြီ။





... ကဲလားသည် ဟားဗတ် တက္ကသိုလ်သို့ နောက်ဆုံးနှစ် ကျောင်းသား ... ပြန်ရောက်လာခဲ့သည်။ သူ့ အတန်းသားများထက် ပို၍ အမေရိကန် ... ကာ ပိုပြီး ဟားဗတ် ကျောင်းတော်ကြီးသား ဆန်နေသည်ဟု သူ့ကိုယ်သူ ... နေသည်။

စာကျက်ချင်သဖြင့် သူများတွေနှင့် အခန်းချင်း တွဲမနေ။ တစ်ယောက် ... ကို ရွေးနေသည်။

'အေး တံခါးပိတ်ပြီး သေအောင်ကျက်' ဟု နီဝေါက နောက်သည်။

ဂျော့ ကဲလားသည် အမြောက်တပ်ဗိုလ် တစ်ဦးလို ဖြစ်နေသည်။ ... ဗတ် တက္ကသိုလ် ရောက်စနှစ်တွင် ကိုယ်ခံ ကောင်းအောင် လေ့ကျင့်ပြီးပြီ။ ... သီတွင် ပစ်မှတ်ကို ပစ်တတ်အောင် သင်ခဲ့ပြီးပြီ။ ပစ်မှတ် ဖြစ်သည့် ... က်ဆုံးနှစ် စာမေးပွဲတွက် စာတမ်းခေါင်းစဉ်ကို ရွေးခဲ့ပြီးပြီ။ သူ့ စာတမ်း ... င်းစဉ်မှာ 'ဆိုဗီယက် သတင်းစာများက ဖော်ပြသော ဟန်ဂေရီ တော်လှန် ... ' ဆိုသည့် ခေါင်းစဉ် ဖြစ်ရာ ထိုခေါင်းစဉ်ကို သူ့ထက် မည်သူမျှ ကောင်း ... အောင် ရေးနိုင်မည် မထင်။ ထို ခေါင်းစဉ်ကို ဒေါက်တာ ကေကာ ရွေးပေးခြင်း ... သည်။ တစ်နေ့တွင် စာအုပ်တောင် ထုတ်၍ ရနိုင်သည်။

သူ့အဖို့ နိုင်ငံရေး အောင်ပွဲကို အရယူရန် အတွက် လမ်းတွင် ရှိသည့် ... ားအဆီးတို့ကို ချေမှုန်းရန် လက်နက်သစ် တစ်ခုကို ရလေပြီ။

သို့ရာတွင် သူ့ ရည်ရွယ်ချက် ပန်းတိုင်သည် အဘယ်နည်း။ တစ်နေ့ ... တန်း အပြီးတွင် ဒေါက်တာ ကစ်ဆင်းဂျား၏ လေအေးစက် တပ်ထား ... ရုံးခန်းထဲတွင် ရေခဲစိမ် လက်ဖက်ရည်ကို သောက်ရင်း ဒေါက်တာ ကစ် ... ဂျားက သူ့ကို မေးသည်။

'ဒီအတိုင်း ဆိုရင်တော့ ဟားဗတ်မှာ ပါမောက္ခ တစ်ယောက် ဖြစ်နိုင် ... ယ်ကွ'

'ဆရာ ရည်မှန်းချက်ကကော ဒီလောက်နှင့် ရပ်သွားပြီလား ဆရာ' ဟု ... က မေးသည်။

ဂျော့ ကဲလားက ခပ်ပြောင်ပြောင် မေးလိုက်သဖြင့် ဒေါက်တာ ကစ် ... ဂျားသည် အဖြေရ ကျပ်သွား၏။ သို့ရာတွင် ရယ်သလို မောသလို ...

'တတ်နိုင်ရင် ဘုရင် ကေရာဇ်လည်း ဖြစ်ချင်တာပေါ့ကွ၊ မင်းကော'

ဂျော့ ကဲလားက ပြုံးကာ

www.burmeseclassic.com

www.burmeseclassic.com



'ဖြစ်တာ မဖြစ်တာ အပထား၊ သမ္မတ ဖြစ်ရင်လည်း နည်းသလာ ဆရာ၊ ဒါပေမဲ့ ကျွန်တော်တို့ နှစ်ယောက်စလုံး ဘာမှ ဖြစ်မှာ မဟုတ်ပါ ဆရာ၊ ကျွန်တော်တို့ နှစ်ယောက်မှာ အထွတ်အထိပ်ကို ရောက်ဖို့ ကံဇာတ မပါဘူး ထင်တာပဲ'

ကစ်ဆင်းဂျားက သူ့ကို လက်ညှိုးထိုးပြလိုက်ကာ

'ဒီလိုတော့လည်း မဟုတ်သေးဘူးကွ၊ အိမ်ဖြူတော်မှာ ရှိတဲ့ လူ ဟာ တိုင်းပြည်ကို တကယ် အုပ်စိုးနေတယ်လို့ မင်း ထင်သလား၊ မဟုတ် ကွ၊ သူတို့ဟာ ဘောလုံးနည်းပြ ဆရာရဲ့ စကားကို နာခံနေရတဲ့ နောက်တ လူတွေ၊ မင်းရော ငါရော သူတို့ရဲ့ အကြံပေး အရာရှိတွေ မဖြစ်ဘူးလို့ ဘ သူ ပြောနိုင်သလဲ၊ တော်တော်တော့ ပျော်စရာ ကောင်းမယ် ထင်တာပဲကွ'

'ဒါဖြင့် ရာဇပလ္လင် နောက်ကွယ်က အာဏာမျိုးကို ဆရာ ပို သဘောကျတယ် ဆိုပါတော့'

'ဒီလိုတော့လည်း မဟုတ်သေးဘူးပေါ့ကွာ၊ ငါ ဆိုလိုတာက အာဏ နှင့် ကိုယ်လုပ်ချင်တာကို လုပ်နိုင်တဲ့ လူမျိုးကို ဆိုလိုတာ၊ ကိုယ် လုပ်ချင် ဆိုတာ ကောင်းတဲ့ အလုပ်တွေပေါ့ကွာ'

ဂျော့ ကဲလားက ပြုံး၍ ခေါင်းညိတ်ပြသည်။ ထို့နောက် လက်ဖက်ရ ခွက်ကို မြှောက်၍ 'ဆရာ့ အတွက် အာဏာတွေ အများကြီး ရပါစေ' ဟု တောင်းသည်။

ဂျေဆန်သည် ကမ်းတက် တပ်ဖွဲ့ သင်တန်းဆင်း နေရာမှ ကျောင်းသို့ ပြ ရောက်လာခဲ့သည်။ အသားက ကြေးနီရောင် ပေါက်ကာ တောင့်တင်းလျ ခါတိုင်းထက် ကြွက်သားတွေ အဖြိုးဖြိုး ထလာသည်။

ပြန်ရောက်သည်နှင့် အဲလီယော့နှင့် နီဝေါတို့ နှစ်ယောက်ခန်းထဲ လာခဲ့သည်။ သူ့တွင် ပြောစရာတွေ အများကြီး။ ရေခဲစိမ် ဘီယာကို သော ရင်း တိုက်ပွဲနှင့် အချစ်အကြောင်းကို ပြောသည်။ နီဝေါကလည်း နွေရာ လုပ်အားပေး စီမံကိန်း အရ လေယာဉ်တင် သင်္ဘော တစ်စင်းဖြင့် ပစိဖိ သမုဒ္ဒရာမှ ပြန်လာသူ ဖြစ်သည်။ ဟိုနိုလူလူတွင် တစ်ပတ်ခန့်နေပြီး အ အမှု ဖြစ်မတတ်ဖြင့် အိမ်ပြန်ရောက်လာခဲ့သည်။ သူကလည်း သူ့ စွန့်စား





လေးများကို အသေးစိတ် ပြောပြသည်။

တောင်ပိုင်းသို့ ထွက်သွားသည့် ဂျေဆန်၏ နွေကျောင်းပိတ်ရက်များ သူတို့နှင့် မတူ။ ပထမ သူတို့ကို 'အိုင်ဗီနွယ်တော' က လာသူများဟု တာ တပ်ကြပ်ကြီး သင်တန်းတွင် သူတို့ကို ဖိထောင်းသည်။ တစ်ခါသော် ကို ဘာစိတ်ချဉ်ပေါက်သွားသည် မသိ။ တပ်ကြပ်ကြီးက သူ့ကို စစ်ဖိနပ် ကြီး စီးလျက်ဖြင့် စစ်စခန်း ပတ်ပတ်လည်ကို အပြေးခိုင်းသည်။ ကျဲကျဲ တောက် ပူနေသည့် နေအောက်တွင် တစ်နာရီခန့် ပြေးလိုက်ရသေးသည်။

အဲလီယော့က နောက်ထပ် ရေခဲစိမ် ဘီယာ တစ်လုံးကို ထပ်ဖောက်

'သေရောပေါ့ကွ' ဟု ပြောသည်။

'အမယ်၊ ဒီလိုလုပ်တာ ခပ်ကောင်းကောင်းပဲ မောင်၊ ကိုယ့်ကို ကြည့် လား၊ ကိုယ်ရေ တော်တော် စစ်သွားတယ်၊ ဒါပေမဲ့ သူခိုင်းတိုင်း ဘယ်လုပ်မလဲ၊ ယ်က နှလုံးရောဂါ ရသလို လုပ်ပစ်လိုက်တာပေါ့'

'အမယ် ဘယ်ဆိုးလို့တုံး၊ အဲဒီ ကမ်းတက်တပ်က ကောင်တွေဟာ သူ စ်ပါးကို ညှဉ်းဆဲချင်တဲ့ ဉာဉ် ရှိတယ် ထင်တာပဲ'

'ငါတော့ အဲဒီ တပ်ကြပ် ငနဲကြီး အတွက် စိတ်ကောင် မကောင်းဘူး'

'ဟ ဘာဖြစ်လို့လဲ'

'ဒီတော့မှ တို့ကို ဘာဖြစ်လို့ ဒီငနဲကြီး သင်တန်းမှာ ဖိမောင်းနေသလဲ တာ သိတော့တာကိုးကွ၊ ဗာဂျီးနီးယားက စစ်စခန်းတွေမှာ လူဖြူ မဟုတ် မစားသာဘူး မောင်၊ စနေနေ့ တစ်နေ့တော့ တို့ကောင်တွေ မြို့ထဲကို လျှောက်လည်ကြတယ်၊ တို့က ဂျွန်ဆင်ဆိုင်မှာ ထိုင်ပြီး ရေခဲမုန့် စားနေတုန်း ပ်ကြပ်ကြီး ဖြတ်သွားတယ်၊ ငါဆိုတဲ့ ကောင်ကလည်း သူ့ကို လက်ပြ နှုတ် ဆက်ပြီး တို့နှင့် အတူ ရေခဲမုန့် လာစားဖို့ ခေါ်တယ်'

'ရေခဲမုန့် စားဖို့ ခေါ်တာ ဘာဖြစ်သလဲကွ' ဟု အင်ဒရူးက မေးသည်။

'မင်းတို့ပြောရင် ယုံချင်မှ ယုံမယ်၊ ငါက ခေါ်တော့ ငနဲကြီးက တွေ ကြီး ရပ်ကြည့်နေပြီး တို့ကို လက်သီး ဆုပ်ပြသွားတယ်ကွ၊ တနင်္လာနေ့ ည်း ရောက်ရော ဘာပြောကောင်းမလဲ၊ ငနဲကြီး တို့ကို ဒိုက်ထိုးခိုင်းလိုက် က သေလုမတတ်ပဲ'

'မင်းပြောတာ ဘာလဲကွ၊ မင်းတို့က ရေခဲမုန့်စားဖို့ အကြောင်း ခေါ်



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ဒါ ဘာစိတ်ဆိုးစရာ ရှိသလဲ'

'အကောင်းတော့ အကောင်းပဲ၊ ဒါပေမဲ့ ငါဆိုတဲ့ ကောင်းက သူတို့ဆီ ထုံးစံတွေ ဘယ်သိမလဲကွ၊ သူတို့မြို့က ဟိုအရင်တုန်းကလို လူဖြူ လူမည်း ခြားသေးတုန်းရယ်၊ ပြီးတော့ စစ်သားနှင့် အရပ်သားကလည်း သိပ်ခွဲခြား တုန်းရယ်၊ စစ်သားက တို့နှင့် လာပြီး ရေခဲမုန့်စားခွင့် မရှိဘူးကွ၊ ဒါကြောင့် နေကြီး စိတ်ဆိုးတာပေါ့၊ သူ့ကို တမင်သက်သက် လှောင်နေတယ်လို့ ထ သွားတာပေါ့'

နီဝေါက

'ဒီခေတ်ကြီးမှာ ဒါမျိုးတွေ ရှိသေးသလားကွာ၊ ဒီမှာ ဂျေဆန်၊ မ ရေဝတီ ဖြစ်ရတာကို ကျေနပ်သလား၊ မသိလို့ မေးစမ်းပါရစေ'

ဂျေဆန်သည် သူ့အဖော်များနှင့် နီဝေါကို လှမ်းကြည့်လိုက်ပြီး အတ ကြာ စဉ်းစားနေသည်။ သူ့စကားက သူ့ကို စော်ကားသည့်နှယ် ဖြစ်နေသည်

'ဟေ့ကောင်၊ မင်းလို ဝမ်းတွင်းရူးက ပြောတာမို့လို့ မင်း နောက် စကားကို ငါ ခွင့်လွှတ်လိုက်တယ်၊ နို့မို့ရင်'

သူတို့ အထဲတွင် အမြဲလိုလို ဖျန်ဖြေပေးတတ်သည့် အင်ဒရူး အဲ ယော့က စကားကို တခြားသို့ လွှဲပစ်လိုက်သည်။

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

နိုဝင်ဘာ ၂၄၊ ၁၉၅

တို့ တက္ကသိုလ် ကျောင်းသား ဘဝ ပထမနှစ်မှာ ပွဲတွေ လုပ် နောက်ဆုံးက ထိုင်ကြရတယ်။ အတန်းတွေ ရလာတော့မှ တဖြည်းဖြ ရှေ့ကို တက်လာရတာ။ နောက်ဆုံးနှစ် ရောက်တော့ တို့တစ်တွေ အဓိပတိကြီးနှင့် ကိုက်ငါးဆယ် အကွာက ထိုင်ခုံတန်းမှာ ထိုင်ရတ ဒါတောင် ကျောင်းမှာ အင်မတန် စာတော်တဲ့ ကောင်တွေကျမှ၊ ထ ရှားသူတွေကျမှ၊ အဲဒီ နေရာမျိုးကို ထိုင်ခွင့်ရတာ။

ဒီနှစ်တော့ ဟားဗတ်နှင့် ယေးလ် တက္ကသိုလ် ကစားပွဲတွေ ခုံတွေကို တို့ချည်းပဲ သိမ်းကျုံးယူမယ်လို့ ဆုံးဖြတ်လိုက်ကြတ ယေးလ်က ကောင်တွေ နေရာ မရအောင်လေ။





ကိုယ်နှင့် နီဝေါက နယူးဟေဗင်မှာ ရှိတဲ့ ကျောင်းသားဟောင်းတွေ ကို စည်းရုံးပြီး ခုံ တော်တော်များများကို နေရာ ဦးထားလိုက်ကြ တယ်။

ဂျေဆန် အတွက်လည်း တစ်ခုံ ဦးပေးထားတယ်။ ဦးမပေးလို့ မဖြစ်ဘူးလေ။ သူ့ညီမ ဂျူလီက ဘရိုင်ယာကလစ်ဆောင်က သူ့ သူငယ်ချင်းမလေးတွေကို ခေါ်လာဦးမယ် မဟုတ်လား။ (ကောင်မလေး တွေက ချောကောင်းပါရဲ့လို့ မျှော်လင့်ရတာပဲ။)

ဂျူလီတို့ ဘရိုင်ယာကလစ် ကောလိပ်က တို့ ဟားဗတ် တက္ကသိုလ် က ကောလိပ်တွေလို မဟုတ်ဘူး။ အချောအလှတွေ များတယ်။ စာ တော့ သိပ် မတော်ကြဘူး။ စာတော်တာကတော့ တို့ ဟားဗတ် အမျိုး သမီးတွေက ပိုပြီး စာတော်တယ်။ တစ်ခါတလေများ စာတော်လွန်းလို့ မိန်းမကို ယောကျ်ားရဲ့ အဖော် အဖြစ် ဘုရားသခင်က ဖန်ဆင်းတော် မူခဲ့တယ် ဆိုတာကိုတောင် တို့ မေ့သွားတယ်။

ဒီလို ပြောလို့ တို့ ရက်ကလစ် ကောလိပ်က ဟာတွေကို မကြိုက် လို့ ပြောတာ မဟုတ်ဘူး။ ကိုယ့်မှာသာ သမီး တစ်ယောက် မွေးခဲ့ရင် ရက်ကလစ်ကိုပဲ ပို့မှာပဲ။ မိန်းမယူရင်လည်း ဘရိုင်ယာ ကောလိပ်က ဟာမတွေထက် ရက်ကလစ် ကောလိပ်က ဟာတွေကို ယူမှာပဲ။

အမယ်လေး။ ဂျူလီက ကောင်မလေးတွေ ခေါ်လာလိုက်တာ မနည်းပါလား။ အဲဒီအတွက် ဂျူလီ့ကို ယေးလ် တက္ကသိုလ်က တို့ ဖိတ်ထားတဲ့ ကူရှင်း ဆိုတဲ့ ကောင်နှင့် တွဲပေးထားလိုက်တယ်။

ငါတို့ ခုံတန်းက မဆိုးပါဘူး။ နာမည်ကျော်တွေနှင့် ကိုက်ငါးဆယ် အကွာက ခုံတန်း။ တို့ဘေးမှာ ကမ္ဘာကျော်တွေဟာ မဂ်လာပွဲက ပန်း စက္ကူစတွေ ကျနေတာပဲ။ မွစာကို ကြဲလို့။

ငါ့ ရှေ့ခုံက လေးခုံကျော်မှာ အဓိပတိ ဒေါက်တာ ပူဆေ ထိုင်နေ တယ်။ တို့ ကျောင်းဘက်က တစ်လုံးတလေ မိရင် ဆရာကြီးက အသာ လက်ခုပ်တီးတယ်။ (ဒါပေမဲ့ တို့ ကျောင်းဘက်က တစ်လုံးမိဖို့ ဆိုတာ တစ်ကမ္ဘာလောက် ကြာတယ်။)

ငါ့ ညာဘက် ဆယ်ကိုက် အကွာ ခုံတန်းမှာ မဟာဆာချူးဆက် အထက်လွှတ်တော် အမတ် ဂျက် ကင်နေဒီနှင့် သူ့ ဇနီး ဂျက်ကလင်းတို့ ထိုင်နေကြတယ်။ သူတို့ကတော့ တခြား နာမည်ကျော်တွေလို သိပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ဟန်မဆောင်ဘူး။ တို့ကျောင်းဘက်က တစ်လုံးတလေ မိရင် အား… …အော်ကြတော့တာပဲ။ အထက် လွှတ်တော် အမတ် ကင်နေဒီ ကိုယ်… …င်အော်ပေးပေမယ့် တို့ကျောင်းက ရှုံးသွားတယ်။ ယေးလ်က တို့… ၂၄ မှတ်နှင့် အနိုင်ရသွားတယ်။

…ဒီဇင်ဘာလ တစ်ညနေတွင် ဆာရာသည် ခေါင်းအုံးပေါ်မှ ကျော်၍ လင်းဗ… ကို ပြုံးပြလိုက်သည်။

'ဒီမှာ လင်း၊ ကိုယ်တို့ လက်ထပ်ဖို့ ကိုယ့် မိဘတွေဆီကို ခွင့်တော… …ဖို့ ကောင်းပြီ ထင်တယ်'

'သူတို့က ငြင်းလိုက်ရင် ဘယ့်နှယ် လုပ်မလဲ'

'ဒီလိုဆိုရင်လည်း ကိုယ်တို့ မင်္ဂလာပွဲမှာ ထိုင်ခုံ နှစ်ခုံ လျော့သွား… …ပေါ့'

'ဘာပြောတယ်၊ သူတို့က သဘောတူတူ မတူတူ အရေးမကြီး… …ဘူးပေါ့'

'အရေးမကြီးဘူးတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ကိုယ်… …နှင့် မခွဲနိုင်ဘူးကွာ၊ ကိုယ့်အဖေက ယူ့ကို သဘောကျရင်တော့ သိပ်ကော… …တာပေါ့လေ၊ ပြီးတော့ ကိုယ့်မေမေကလည်း ကိုယ် ခေါ်လာတဲ့ လူဆိုရင် ငြ… …မှာ မဟုတ်ပါဘူး'

လင်းဗရိုစ် ရင်တွေ ခုန်နေသည်။ သူ့အဖေ သဘောကျအောင် လုပ်ပြ… …ဆာရာ ကျေနပ်စေချင်သည်။ ထို့ကြောင့် သူတို့ အိမ်သို့ မသွားခင် ဆာ… …ချစ်မြတ်နိုးသည့် သူ့အဖေ အကြောင်းကို သူ တတ်နိုင်သမျှ လေ့လာသည်…

ဟားဗတ် တက္ကသိုလ် လမ်းညွှန်စာအုပ်အရ သူ့ အဖေ ဖီလစ် … …ခ်ဆန်သည် ဟားဗတ် တက္ကသိုလ်မှ ၁၉၃၃ ခုနှစ် ဘွဲ့ရ ကျောင်းသား ဖြ… …၍ ရေတပ်မတော် အရာရှိ တစ်ဦး ဖြစ်ပြီး ထင်ရှားသည့် ဘဏ်လုပ်ငန်း… …တစ်ဦးလည်း ဖြစ်သည်။ သူ့ နာမည်သည် မကြာခဏ 'နယူးယောက်တိ… …သတင်းစာကြီး' ထဲတွင် ပါတတ်ပြီး စီးပွားရေး ပြဿနာများတွင် အိမ်… …ဆောင်မှ ဖိတ်ကြား အကြံဉာဏ်တောင်းခြင်း ခံရသူ တစ်ဦးလည်း ဖြစ်သည်…





သူ့တွင် သား သုံးယောက် ရှိသည်။ သို့ရာတွင် သမီး ဖြစ်သူကို အချစ်… …။ အဖေသည် သီလ သမာဓိ ရှိသူဟုလည်း ဆာရာက ပြောပြသည်။

…တာလူးနေ့ ညစာ စားပွဲကျရင် ဝတ်စုံ အပြာလေးကို ဝတ်ရင် ကောင်းမယ် …င်တယ်နော် လင်း'

'မီးခိုးရောင် ဖလန်နယ်ကလေးကို ဝတ်ပါလား၊ အပြာရောင်ကို ဘုရား… …ကျောင်း သွားမှ ဝတ်ပေါ့'

သူတို့သည် အင်ဒရူး အဲလီယော့၏ ဗီရိုကို ဖွကာ လင်းဗရိုစ် ဝတ်ရန် …တ်အစားများကို ရွေးနေကြသည်။

'ဟေ့ လင်းဗရိုစ်၊ ဒါက သိပ် အရေးမကြီးပါဘူးကွ၊ မင်း ယောက္ခမ …င်းကြီးက မင်းကို အဝတ်အစား ကြည့်ပြီး ဆုံးဖြတ်တာမှ မဟုတ်တာ' … အင်ဒရူး အဲလီယော့က ပြောသည်။

'ကိုယ့် အဝတ်အစား မဟုတ်ပါဘူးကွ၊ မင်း အဝတ်အစားပါ၊ အဘွား… …က ကိုယ့်ကို ကြည့်ပါ့မလား၊ ဘယ့်နှယ်လဲ' လင်းဗရိုစ်က မေးသည်။

အဲလီယော့သည် သူ့ သူငယ်ချင်း လင်းဗရိုစ်ကို မျှော်လင့်ချက် မပေး… …င်။

'အေး မင်း ယောက္ခမ အဘွားကြီးက သူ့သမီးရဲ့ မင်္ဂလာပွဲမှာ စားပွဲ… … လာလုပ်ရင်တော့ မင်းကို သဘောကျမှာ အမှန်ပဲ၊ မင်းကို သတို့သား တစ် …က် အနေနှင့်တော့ သဘောကျမှာ မဟုတ်ဘူး၊ မင်း ဝတ်လို့ရတယ် ဆိုရင် …မှာ ရှိတဲ့ အဝတ်အစားတွေကို အကုန်လုံး ဝတ်သွား၊ ပေးလိုက်မယ်၊ ဒါပေမဲ့ …ဘွားကြီးကတော့ မင်း ခေါင်းပေါ်မှာ သရဖူ မပါရင် မင်းကို သဘောကျမှာ …တ်တာ သေချာတယ်၊ ခက်တာက ငါ့မှာလည်း မင်းကို ငှားစရာ သရဖူ …

'မင်းကလည်းကွာ၊ မင်္ဂလာ ယူခါနီးမှာ ပါးစပ်ပုပ်ကြီးနှင့် မပြောစမ်း… …ငဲ့'

အဲလီယော့က တံတောင်ဆစ်ပေါ်တွင် ထောက်၍ လှဲရာမှ ကိုယ်တစ် … ထူလိုက်ရင်း

'ဟ ငနွားရ၊ နင် ဟားဗတ် တက္ကသိုလ်ကို ရောက်လာတာ သုံးနှစ်… … ဒီလောက်မှ နားမလည်သေးဘူးလား၊ အရေးကြီးတာက မင်း ဘယ်သူလဲ …တာ အရေးမကြီးဘူးကွ၊ မင်း ဘာလဲ ဆိုတာက အရေးကြီးတာ၊ သိပြီလား'



www.burmeseclassic.com

www.burmeseclassic.com



'အေး ပြောပေါ့ သူငယ်ချင်းရာ၊ မင်းကတော့ မင်း လက်ဆွဲသော
တွေ အားလုံးမှာ မေဖလားဝါးလို အကောင်းစား တိုက်ဆိုင်က တံဆိပ်တွေ
ဟာမျိုးကိုမှ သုံးနိုင်တဲ့ လူကိုးကွ'

'ဟကောင်ကြီးရ နောက်တာပါ၊ ငါလည်း မင်းလိုပါပဲ၊ ငါ့မှာ နှစ်သ
ကူးနေ တွဲဖို့ မရှိရင် ဟားဗတ်ကို စထောင်ခဲ့တဲ့ ဘိုးဘေးတွေကလည်း
ရှာပေးတာ မဟုတ်ပါဘူး၊ ဘဝတူတွေပါ၊ ငါပြောတာ နားလည်တယ် မဟု
လား'

'အင်း တော်သေးတာပေါ့ကွာ၊ မင်းကလည်း'

'ကဲ ရှိသမျှကလေးကို ဝတ်စားပြီး မောင်မင်းကြီးသား ကြွတော်မူ

ဒီဇင်ဘာ ၂၃ ရက်နေ့တွင် သူတို့သည် မားချင့် လီမိတက် မီးရထားကို
လာခဲ့ကြသည်။ ပူအိုက်လျက်ရှိသော ရထားတွဲ တစ်ခုလုံးမှာ စကားပြော
နာတာလူး သီချင်းဆိုသံတွေ ဆူညံလျက် နေကြသော ကျောင်းသား ကျော
သူတွေ ဖြစ်ပြီး လင်းနှင့် ဆာရာတို့ နှစ်ဦးမှာမူ စာအုပ် ကိုယ်စီဖြင့် တိတ်ဆိ
စွာ လိုက်လာခဲ့ကြသည်။ စကား တစ်လုံးမျှ မပြော။

စတင်းဖို့ ဘူတာရုံထဲသို့ ရထား ဝင်လာသည့် အခါတွင် လင်းဗရိုစ်

'ကိုယ်တို့ကို ဘယ်သူ လာကြိုမှာလဲ'

'အစ်ကို တစ်ယောက်ယောက် လာကြိုမယ် ထင်တယ်၊ ဖေဖေ
အားလပ်ရက် မတိုင်ခင် တစ်ရက် ဆိုရင် ညဥ့်နက် သန်းခေါင် အထိ အလု
လုပ်တတ်တယ်'

'အဲဒီ အစ်ကိုတွေထဲမှာ ကိုယ့်ကို သဘောကျတာ ဘယ်သူလဲ'

'နည်းနည်း စောပါသေးတယ်၊ ဒါပေမဲ့ ဖီးလစ်နှင့် အီဗန်းစ်ကတော
သူ့ကို သိပ်မနာလိုကြဘူး၊ ယူက ဟားဗတ်ကို ဝင်ခွင့်ရပြီး သူတို့က ကျ
ရစ်ခဲ့တာကိုး'

'တကယ် ပြောတာလား၊ ယူတို့ အဖေရဲ့ မျက်နှာနှင့်တောင် ဝင်
မရဘူးလား'

'ဖေဖေက စေတစ်လုံး ပိုင်တဲ့ သူမှ မဟုတ်တာ၊ ဘယ်ရမှာလဲ၊
တော့ သူတို့ အမှတ်ကလည်း တော်တော် နည်းနေတယ်လေ၊ ကိုယ်တို့ ည
စားပွဲမှာ ဟားဗတ် ကျောင်းထွက် ဆိုလို့ ယူနှင့် ဖေဖေပဲ ရှိတယ်၊ ဟန်မ
ဘူးလား'





'ကောင်းတာပေါ့'

ရှစ်နာရီ သာသာတွင် သူတို့သည် ခပ်မှောင်မှောင် ဘူတာရုံထဲသို့ ဆင်း
က်ကြသည်။ ဆာရာက လာကြိုနေသည့် လူအုပ်များထဲတွင် သူ့ အစ်ကိုကို
သည်။ ထို့နောက် ဆာရာ ဝမ်းသာအားရ အော်လိုက်၏။

'ဖေဖေ၊ သမီးတို့ ဒီမှာ'

ဆာရာက သိုးရေ အင်္ကျီနှင့် လူကြီး တစ်ယောက်ဆီသို့ ပြေးသွား
စဉ် လင်းဗရိုစ်သည် ခပ်ကြောင်ကြောင် ကျန်ရစ်ခဲ့သည်။ နောက်မှ ထိုး
ားသော ကားရပ်သည့် နေရာမှ မီးရောင်များထဲတွင် ဖေဖေ့ ခေါင်းသည်
ဖွေးနေသည်။ အင်္ကျီတော်ကြီး ကြွာသည့် အခါတွင်မှ သားအဖ နှစ်ယောက်
သည် သူ့ဆီသို့ လျှောက်လာနေကြသည်။

'တွေ့ရတာ ဝမ်းသာတယ်ကွာ၊ ဆာရာကတော့ မင်းအကြောင်းကို
ကြာခဏ ပြောတယ်'

'အကောင်းရော ပြောရဲ့လား ခင်ဗျာ၊ ခုလို ဖိတ်ကြားခံရတဲ့ အတွက်
ကျေးဇူးတင်ပါတယ် ဦး'

တို့သည် မယ်ရီး လမ်းမကြီးအတိုင်း မောင်းလာခဲ့ကြရာ သစ်ပင်တွေ အုပ်
ိုင်းနေသည့် လမ်းသွယ်ကလေးများထဲသို့ ချိုးဝင်ခဲ့ကြသည်။ မော်တော်ကား
ည် ရှေးခေတ် သစ်သားအိမ်ကြီး တစ်ဆောင်နှင့် ဆင်သည့် အိမ်ကြီး တစ်
မ် ရှေ့တွင် ရပ်လိုက်၏။

အမေက တံခါးဝတွင် ရပ်၍ ကြိုသည်။ သူ့ကို ကြည့်ရသည်မှာ ရင်း
င်းနှီးနှီး။ အမေက သမီးကို နမ်း၍ နှုတ်ဆက်သည်။ ထို့နောက် သူ့ကို လက်
နှုတ်ဆက်ရင်း

'မင်းက လင်းဗရိုစ်လား၊ မျှော်နေကြတာ' ဟု ပြောသည်။

ခဏကြာလျှင် ခေတ်မီစွာ ပြင်ဆင်ထားသည့် ညေ့ခန်းထဲက မီးလင်း
ကြီး အနီးတွင် လင်းဗရိုစ်သည် ဆာရာတို့ မိသားစုနှင့် အတူ ဝိုင်းထိုင်နေ
သည်။ သူ့ လက်ထဲတွင် ထန်းရည်ပူပူ တစ်ခွက် ရောက်လာ၏။ သူတို့ အာ
းမှာ တောထုံးစံ အတိုင်း ရိုးရိုး ဝတ်ထားကြသဖြင့် အဲလီယော့ထံမှ ငှ
သော အဝတ်အစားဖြင့် သားနားနေသည့် လင်းဗရိုစ်သည် ကြော တောင်
ောင် ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစ်ကို နှစ်ယောက်မှာလည်း သူ့ကို ခင်မင်ကြဟန် ရှိသည် ...သေးနှစ်သား မောင်အငယ်ဆုံး ဖြစ်သည့် နက်ဒီ၏ ဆက်ဆံမှု ... နွေးထွေးသေးသည်။

'ဒီနှစ် ကစားပွဲမှာ ဟားဗတ်က ယေးလ်ကို ရှုံးသွားတာကတော့ ...တယ်ဗျာ' ဟု သူက ပြောသည်။

'အေးကွာ၊ ဒါတော့ ဘယ်တတ်နိုင်မလဲ၊ ယေးလ်က သိမ်ငယ် စိတ် ...နေတယ် မဟုတ်လားကွ၊ ဒီတော့ တို့က မကြာခဏ အရှုံးပေးရတာပေါ့'

ဟားဗတ် တက္ကသိုလ် ကျောင်းသား၏ ခပ်ကြွားကြွား စကားကို နက် ... က အဟုတ်ကြီး ထင်နေသည်။

'အရှုံးပေးတာလည်း ပေးပေါ့ဗျာ၊ ဒါပေမဲ့ ငါးဆယ့်လေးမှတ်နှင့် သု... နှင့် ရှုံးရတာကတော့ လွန်လွန်းတာပေါ့'

'အမယ်လေး၊ ရှုံးပေမယ့် အရေးမကြီးပါဘူးဟယ်၊ စကောလာ... တွေ ကျတော့ တို့ ဟားဗတ် တက္ကသိုလ်ကချည်း ရတာပါ' ဟု ဆာရာက ... ပြောသည်။

'ဟုတ်တာပေါ့၊ ဘောလုံးထက် အရေးကြီးတာပေါ့' ဟု ၃၃ နှ... ဖိလစ်က ပြောသည်။

'အင်း ဟုတ်တော့ ဟုတ်တာပေါ့၊ ဒါပေမဲ့ ဒေါ်ဒေါ်တို့ မိသား... အားလုံးက ယေးလ် တက္ကသိုလ်ထွက်တွေကွယ့်၊ မင်းတို့ မိသားစုကတော့ အားလုံး ဟားဗတ်က ထွက်လာတာချည်းပဲလား'

အမေက ဆီးချိုသမားကို ရောဂါတိုးစေမည့် ချိုမြသည့် အပြုံး... ပြောသည်။

'ဟုတ်ပါတယ် ခင်ဗျ' ဟု လင်းဗရိစ်က ဖြေသည်။ ဂရိလူမျိုးတွေ... လူတွေကျအောင် ပြောတတ်သားပဲဟု ဆာရာ စိတ်ထဲမှ တွေးနေသည်။

လင်းဗရိစ် နေသွားခဲ့သည့် တစ်ပတ်လုံးပင် သူတို့ အိမ်သားများသ... ရောက်ခါစ ညကကဲ့သို့ ဖော်ရွေသည်။ အဖေက သူ့ကို စိတ်ဝင်စားပြီး ... ချစ်ခင်ခင် ရှိသည်။ အစ်ကိုတွေကလည်း ထို့ အတူပင်။ မောင်လေး နက်ဒီက ဟားဗတ် တက္ကသိုလ် ကျောင်းတက်ချင်သူ ပီပီ သူ့အစ်မ၏ မိတ်ဆွေ လင်း... ဗရိစ်ကို အထင်ကြီးနေသည်။

သို့ရာတွင် ခက်သည်မှာ ဆာရာ၏ အမေကြီး ဖြစ်သည်။





...ညတွင် လင်းဗရိစ် အိပ်ပျော်နေစဉ် တစ်ဖက် မျက်နှာချင်းဆိုင် အခန်းမှ ...ကြီးဟစ်ကျယ် အသံများကြောင့် အိပ်ရာမှ နိုးလာသည်။ သူ့ အကြောင်း ...ပြောနေမှန်း သိလိုက်သည့် အခါတွင် လင်းဗရိစ် တော်တော် စိတ်ညစ်သွား ...သည်။ သို့ရာတွင် သူ့နာမည်ကိုကား ထုတ်ဖော် ရည်ညွှန်းခြင်း မရှိ။

'သူ့အဖေက ထမင်းဆိုင်ရှင် ဆိုတာ ရှင်သိရဲ့လား'

'ဒီမှာ ဒါတွေ မပြောနှင့်၊ မင်းအဘိုးကကော နွားနို့လှည်း မောင်းခဲ့တာ ...ဟုတ်လား'

'ဒါပေမဲ့ ကျုပ်အဘိုးက သူ့သားကိုတော့ ယေးလ် တက္ကသိုလ်ကို ...ရောက်အောင် ပို့ခဲ့သေးတယ် ရှင့်ရဲ့'

'သူလည်း ကိုယ်ထူးကိုယ်ချွန်နှင့် ဟားဗတ် တက္ကသိုလ်ကို တက်နေတာ ...ကွ၊ မင်းက ဘာပြောစရာ ရှိသလဲ၊ ပြီးတော့ ကောင်လေးကလည်း'

'ကောင်လေးက အညတရ ရှင့်၊ အညတရ၊ အညတရ၊ အညတရ ...ယ့် သမီးလေးရဲ့ ရှေ့ရေးကို ရှင် မကြည့်တော့ဘူးလား'

'ကြည့်တာပေါ့ကွာ၊ သိပ်ကြည့်တာပေါ့'

အဖေကြီး အသံက တိုးသွားသည်။

ထို့နောက် သူတို့ စကားသံများကို သဲကွဲစွာ မကြားရတော့။ လင်း ...ရိစ်သည် အမှောင်ထဲတွင် မျက်လုံး ကြောင်ကာ အိပ်မပျော်နိုင်။

...တို့ ကျောင်းသို့ မပြန်မီ နှစ်ဆန်း တစ်ရက်နေ့ မနက်တွင် အဖေကြီးက သူ ... အတူ မြို့ပြင်သို့ လမ်းလျှောက်ရန် လင်းဗရိစ်ကို ခေါ်သည်။

'ငါကတော့ ပြောစရာ ရှိတာကို ပွင့်ပွင့်လင်းလင်း ပြောရင် ကောင်း... ထင်တာပဲကွာ'

'ဟုတ်ကဲ့၊ ပြောပါ ခင်ဗျာ' ဟု လင်းဗရိစ်က အလိုက်တသိ ပြော ...သည်။

'ငါ့သမီးက မင်းအပေါ်မှာ ဘယ်လို သဘောထားသလဲ ဆိုတာကိုတော့ ... မသိဘူးကွ၊ ဒါပေမဲ့ မင်း ဒေါ်ဒေါ်ကတော့ မင်းအပေါ်မှာ တော်တော် ...'

'အမြင် မကောင်းဘူး ဆိုပါတော့' ဟု လင်းဗရိစ်က ခပ်တိုးတိုး ပြော ...သည်။

'အေး ဒီလောက်ကြီးတော့ မဟုတ်သေးပါဘူး၊ ဒါပေမဲ့ သဘောက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဒီသဘောပါပဲကွာ၊ သူ့သမီးကို မြန်မြန်ဆန်ဆန် အိမ်ထောင် မပြုစေချင်သေးဘူး'

'ဟုတ်ကဲ့၊ နားလည်နိုင်ပါတယ် ခင်ဗျာ' ဟု လင်းဇရိစ်က စကားပြောအောင် တမင် သတိထား၍ ပြောသည်။

သူတို့ နှစ်ယောက်သည် အတန်ကြာမျှ စကားမပြောဘဲ လျှောက်လာကြသည်။ နောက်ဆုံးတွင် လင်းဇရိစ်က အရဲစွန့်ကာ

'ဦးရဲ့ ကိုယ်ပိုင် သဘောထားကကော ခင်ဗျာ'

'ငါ တစ်ဦးတည်း သဘော ပြောရမယ် ဆိုရင်တော့ မင်းဟာ ယဉ်ကျေး သိမ်မွေ့တဲ့ လူငယ် တစ်ယောက်၊ ရင့်ကျက်တဲ့ လူငယ် တစ်ယောက် ဒါပေမဲ့ ခုကိစ္စမှာတော့ ငါ့ ထင်မြင်ချက်ဟာ ဘာမှ အရေးမပါသင့်ဘူးလို့ ငါ ထင်တယ်လေ၊ သမီးကတော့ မင်းတို့ အချင်းချင်း မေတ္တာ မျှနေတဲ့ အကြောင်း အိမ်ထောင်ပြုဖို့ စိတ်ကူးတဲ့ အကြောင်း ငါ့ကို ပြောတယ်၊ ငါ့အနေနှင့်ကတော့ ဘာမှ ပြောစရာ မရှိပါဘူး'

အဖေသည် တော်တော်နှင့် စကားမပြောနိုင်။ အတန်ကြာမှ အသံတုန်တုန်ဖြင့်

'သားသမီးတွေထဲမှာ ဦးဟာ သမီးကို အချစ်ဆုံးပဲကွာ၊ ဦးအတွက် လောကမှာ အဖိုးတန်ဆုံး ဆိုလို့ ဒီသမီးပဲ ရှိတယ်၊ ဦး တစ်သက်မှာ ဒီသမီး စိတ်မချမ်းသာတာကို မမြင်ချင်ဘူး၊ စိတ်ချမ်းချမ်းသာသာနှင့် နေတာကို မြင်ချင်တယ်'

'ဟုတ်ကဲ့၊ ကျွန်တော် အတတ်နိုင်ဆုံး ဖြစ်အောင် ကြိုးစားပါမယ် ဦး'

'ဒီတော့ ငါ့သမီးကို မင်း စိတ်မချမ်းမသာ မဖြစ်စေရဘူးလို့ ကတိပေးစေချင်တယ်ကွာ'

'ဟုတ်ကဲ့၊ ကျွန်တော် ကတိပေးပါတယ် ဦး'

သူတို့ နှစ်ယောက်သည် မျက်နှာချင်းဆိုင် ရပ်၍ တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။ သူတို့ နှစ်ယောက်၏ ကိုယ်ခန္ဓာက လှုပ်ရှားခြင်း မပြုသည့်တိုင် စိတ်ကူးထဲတွင် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်နေကြသည်။





**အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း**

ဖေဖော်ဝါရီ ၂၊ ၁၉၅၈။

တစ်နေ့မှာ ကိုယ် ဘာဖြစ်မယ် ဆိုတာကိုတော့ သေသေချာချာ မပြောနိုင်သေးဘူး။ ဒါပေမဲ့ တစ်နေ့မှာတော့ ကိုယ်ဟာ အောင်သွယ်တော်ကြီး ဖြစ်မယ် ထင်တာပဲ။ ကိုယ် အောင်သွယ်လုပ်လိုက်လို့ပဲ အတွဲ တစ်တွဲတော့ ညားသွားကြပြီ။

သူတို့ လက်ထပ်ပွဲကို ပြီးခဲ့တဲ့ စနေနေ့က ဘုရားရှိခိုးကျောင်းမှာ ကျင်းပခဲ့တယ်။ ချစ်စရာ သတို့သမီးက တခြားသူ မဟုတ်ဘူး။ ဂျေဆန်ရဲ့ ညီမ ဂျူလီရယ်။ သတို့သားကတော့ ကူရှင်းပေါ့။ အစတုန်းက ဒီကောင်ကို ကြောင်တောင်တောင်လို့ ထင်ခဲ့တာ။

ခုတော့ ကိုယ် လူကဲခတ်တာ မှားသွားပြီ။ ကိုယ့်လူက ဘယ်ဆိုးလို့တုံး။ ကောင်မလေးနှင့် တစ်ခါပဲ အိပ်တယ်။ တန်းပြီး ကိုယ်ဝန်ရှိသွားတယ်။

ကိုယ်ဝန် ရှိမှန်း စောစောစီးစီး သိလို့ တော်သေးတာပေါ့။ သူတို့ မင်္ဂလာ သတင်းကို နယူးယောက်တိုင်း သတင်းစာမှာ ထည့်တယ်။ သူ့အဖေကြီးကလည်း ခမ်းခမ်းနားနားပဲ လက်ထပ်ပေးလိုက်တယ်။ တော်သေးတာပေါ့။ မြေးဦးကလေးကို စောစောစီးစီး ရတာပေါ့။ ပြီးတော့ အရပ်က ဝိုင်းပြောမယ့် ပါးစပ်ပေါက်တွေကိုလည်း ပိတ်ပြီးသား ဖြစ်သွားတာပေါ့။

အေးလေ၊ ဘယ်လိုပဲ ဖြစ်ဖြစ် သူတို့ နှစ်ယောက်ကတော့ ရှေ့သွား နောက်လိုက် ညီတယ်။ ဂျူလီဟာ မဒမ်ကျူရီလို မထက်မြက်ပေမဲ့ ချစ်စရာ ကောင်းတယ်။ အင်း ဘရိုင်ယာကလစ် ကောလိပ်က လင်ဖမ်းတဲ့ ဘာသာရပ်မှာ အဓိက ရခဲ့တယ် ထင်တယ်။ ဒီအဟိုင်း ဆိုရင် အမြင့်ဆုံး ဂုဏ်ထူးနှင့် အောင်သွားပြီပေါ့။

ဂျူလီရဲ့ အဘိုးကြီးက သူတို့ကို အိမ်မှာ ခေါ်ထားတဲ့ အတွက် ကူရှင်း တစ်ယောက်တော့ စတိုင်ကျကျနှင့် ယေးလ် တက္ကသိုလ်ဘွဲ့ကို ယူနိုင်ပြီပေါ့။ မပူရတော့ဘူးပေါ့။

အင်း သူတို့ မင်္ဂလာဆောင်ကို ကြည့်ရင်း တို့အထဲက တစ်ယောက်တော့ စွံသွားပြီလို့ တွေးမိတိုင်း ရင်ထဲမှာ တစ်မျိုးကြီးပဲ။ ဘာပဲဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ဤဖေကိုယ်လည်း တစ်နေ့တော့ စွံရမှာပေါ့။ ဒါပေမဲ့ တော်တော်တ... တန် ကောင်မလေးကတော့ ငါ့လို ကောင်ကို လက်ထပ်ချင်မှာ မဟု... ပါဘူး။

လက်ထပ်ပွဲမှ ကျောင်းဆောင်သို့ ပြန်လာသည့် အခါတွင် နီဝေါနှင့် အဲလ... ယော့တို့က ဂျေဆန်၏ ကိုဗေး ကားထဲတွင် တိုးတိုးဖွေ့ဖွေ့ တက်လိုက်လာ... ကြသည်။ ဂျေဆန်ကို ကြည့်ရသည်မှာ ခပ်ငိုင်ငိုင် ဖြစ်နေသည်ဟု အဲလီယော... ထင်သည်။ လက်ထပ်ပွဲ တစ်လျှောက်လုံးတွင်လည်း ထိုအတိုင်းပင်။

'ဟေ့ကောင် ဘာဖြစ်နေတာလဲ၊ ငိုင်တိုင်တိုင်နှင့်' အဲလီယော့က ဟ... ဖို့ တံတားနားသို့ အရောက်တွင် လှမ်းမေးသည်။

'အင်း' ဟု တစ်ခွန်းတည်း ပြောကာ ဂျေဆန်က ကားစက်ရှိန်ကို မြ... သည်။

'ဘာလဲ၊ သူတို့ လက်ထပ်တာကို မင်း မကျေနပ်ဘူးလား'

'အင်း ဆိုပါတော့' ဟု ဂျေဆန်က ခပ်ဟဟနှင့် ဖြေသည်။

'ဘာဖြစ်လို့' ဟု နီဝေါက မေး၏။

'ဘာဖြစ်လို့ရမှာလဲကွ၊ ကူရှင်း ဆိုတဲ့ ကောင်က ကြောင်တောင်တော... ရယ်၊ ငါ့ညီမက ကြောင်တောင်တောင်ကောင်နှင့် ရတော့ တစ်မျိုးပဲ'

'ဟေ့ကောင်၊ မင်းဟာက ကိုယ့် ယောက်ဖကိုယ် ဒီလောက် မပြော... နှင့်ကွာ' ဟု နီဝေါက ပြောသည်။

'ကိုယ့် ညီမက ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ် မဟုတ်လား၊ ဒီတော့ ... ကောင်က ကိုယ့်ညီမကို ဂရုစိုက်ချင်မှ စိုက်မှာ'

'သူတို့ အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် ချစ်ကြသားပဲကွ... ဟု အမည်းမှောင်ဆုံး အချိန်မှာပင် ငွေနားကို ရှာတတ်သည့် အဲလီယော့... အားပေးသည်။

'ဒါပေမဲ့ သူတို့နှစ်ယောက် တစ်ယောက် အကြောင်းကို တစ်ယော... ကောင်းကောင်း မသိကြသေးဘူးလေ'

ဂျေဆန်က ပြောသည်။ နီဝေါက

'နှစ်ဖက်စလုံးက အဘိုးကြီး အဘွားကြီးတွေကတော့ တော်တော် ကျေ... ...နေပုံပဲ'

'အေးပေါ့၊ သားက အတင်း ပြောခံရမှာကိုတော့ နှစ်ဖက်စလုံးက ...ကြောက်ကြတာပေါ့၊ ဒီတော့ ကျေနပ်ရတော့မှာပေါ့'

'ဟေ့ကောင် ငါ နားလည်သလောက် ပြောမယ်၊ မင်းလည်း ကူရှင်းကို ...သဘောမကျစရာ မရှိဘူး မဟုတ်လား' ဟု နီဝေါက ပြောသည်။

'အင်း ကျေနပ်တာပေါ့ကွ၊ သူတို့ အမျိုးက ဘန်ကာ တောင်ကုန်းမှာ ...က်ပွဲဝင်ခဲ့တဲ့ စစ်သူရဲကောင်းမျိုး မဟုတ်လား' ဟု ဂျေဆန်က ခပ်လှောင် ...ှောင် ပြောသည်။

'ဟေ့ကောင်၊ ဒီလိုဆိုရင် ငါ့အမျိုးတွေလည်း ပြည်တွင်းစစ်တုန်းက ...န်ကာတောင်ကုန်းမှာ တိုက်ခဲ့တာကွ၊ ဒါကြောင့် မင်း ငါ့ကို သဘောကျတာ ...ဟုတ်လား'

'ဟ ခွေးသား၊ နင့်ကို သဘောကျတာ တစ်ချက်မှ မရှိဘူး' ဟု ဂျေဆန် ...ဆဲသည်။

...င်နီ၊ မင်းတော့ ကြီးကျယ်တဲ့ အမှားကြီး တစ်ခုကို လုပ်နေပြီလို့ ငါ ထင် ...ယ်'

ပါမောက္ခ ပစ္စတန်က သူ့ ရုံးခန်းထဲသို့ ဝင်လာသည်နှင့် ဒင်နီကို ပြော ...သည်။ ရှေ့နှစ် သင်တန်းများ အတွက် ဆွေးနွေးရန် သူ့ကို ရုံးခန်းသို့ ခေါ် ...င်း ဖြစ်သည်။

'ကျွန်တော် ဝမ်းသာပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်တော့် အဖို့ နောက် ...စ်နှစ် ဆက်နေလို့လည်း အကျိုး မထူးတော့ဘူး ထင်ပါတယ် ဆရာ'

'ဘာလဲ၊ မင်းက နာဒီယာ ဗိုလင်းဂျားရဲ့ သီချင်းတွေကို သင်ရတာ ...ငွေ့လို့လား၊ ခေတ်ပေါ် သီချင်းကို နားလည်ချင်ရင် သူ့ကို မတက်လို့ မဖြစ် ...း ဒင်နီ၊ ဒီနေ့ ထင်ရှားတဲ့ သီချင်းရေး ဆရာတိုင်းဟာ သူ့ကို လေ့လာ ...တယ်'

'အနည်းဆုံး တစ်နှစ်လောက် ဖြစ်ဖြစ်တော့ ဆိုင်းချင်တယ် ဆရာ၊ ... ...က ကျွန်တော့်အတွက် နာမည်ကြီး ဝိုင်းတွေနှင့် တီးဖို့ စကား ကမ်းလှမ်း ...ားပြီးပြီ'







www.burmeseclassic.com

www.burmeseclassic.com



'ဟော်   လက်စသတ်တော့ မင်းက လက်ခုပ်သံ ငတ်နေတာကို မင်း ဒီလောက်တောင် စိတ်လိုက်မာန်ပါ လုပ်လိမ့်မယ်လို့ ငါ မထင်ဘူ ဂီတလောက ဆိုတာ ဝင်မိရင် ပြန်ထွက်ဖို့ ခက်တာကွ၊ ဒီလိုနှင့် မင်းဟာ ကျောင်းနှင့် တဖြည်းဖြည်း ဝေးသွားပြီး ဂီတ လောကထဲမှာ စုံးစုံး မြုပ်သွာ တော့မှာပဲ'

'ဒါပေမဲ့ အဲဒီ အခွင့်အရေးကို ကျွန်တော် လက်မလွှတ်ချင်ဘူး ဆရာ ကျွန်တော့် ကိုယ်ပိုင် သံစဉ်ကလေးတွေကို စပ်ချင်တယ်၊ နည်းနည်းတော့ ကြ ချယ်ရာ ရောက်ချင် ရောက်မလား မသိဘူး'

ဂီတ ပါမောက္ခသည် တွေသွား၏။ သို့ရာတွင် ပါမောက္ခသည် နော ဆုတ်သွားကြောင်းကို သိလိုက်သဖြင့် ဒင်နီက ထပ်၍ ပြောသည်။

'ဆရာက ကျွန်တော့်ကို ဂီတ စာဆို တစ်ယောက် အနေနှင့် အ အမှတ် မပြုသေးဘူးလို့ ကျွန်တော် ယူဆရမှာလား ဆရာ'

'အင်း ဗိုလင်းဂျားဆီမှာ သင်တန်း သွားတက်တဲ့ လူတွေကတော အများအားဖြင့် တော်တော်ကို အရည်အချင်း ရှိပြီးသား အနုပညာရှင်တွေ မှ တာပဲ၊ ဒီအထဲကမှ ဗိုလင်းဂျားက ထပ်ပြီး အမွှမ်းတင်ပေးတော့ သူ့ဆီ ထွက်လာတာနှင့် ပိုပြီး ကောင်း၊ ပိုပြီး တော်လာတာတော့ အမှန်ပဲကွာ'

'ကျွန်တော် မေးတာကို ဆရာ မဖြေသေးဘူး ထင်ပါတယ် ဆရာ'

'ကျောင်းဆရာ တစ်ယောက်ရဲ့ တာဝန်ဟာ အမှန်တရားကို ပြောဖို့ ဒင်နီ၊ ဒါဟာ ပညာသင်ကြားမှုမှာ မရှိ မဖြစ်တဲ့ အချက်ပဲ'

ဆရာက အတန်ကြာမျှ တွေးနေသည်။ ထို့နောက် သူ့ ထင်မြင်ချ ကို ဖွင့်ပြော၏။

'ဒီမှာ ဒင်နီ၊ မင်းဟာ အင်မတန်တော်တဲ့ စန္ဒရား ဆရာ တစ်ယော ဒါကို လူတိုင်းသိတယ်၊ တစ်နေ့ကျရင် မင်းဟာ အောင်မြင်တဲ့ ဂီတပိုင် ခေါင်းဆောင်ကြီး တစ်ယောက် ဖြစ်လာမှာပဲ၊ ဒါလည်း သေချာတယ်၊ ဒါပေ စင်ပေါ်မှာတော့ ၊ အင်း   ဘယ်လို ပြောရမလဲ၊ စင်ပေါ်မှာတော့ မင်း ကြမ်းထည်ပဲ ရှိသေးတယ်၊ ဆိုလိုတာက မင်းမှာ စိတ်ကူးကောင်းတွေတော ရဲ၊ ဒါပေမဲ့ လုံလောက်တဲ့ စည်းစနစ် မရှိသေးဘူး၊ ဒါကြောင့်မို့ ဗိုလ ဂျားရဲ့ သင်တန်းမှာ မင်း တစ်နှစ်လောက် တက်ပါဦးလို့ ငါ အကျောက်အက ပြောနေတာ'

ဒင်နီ၏ မာနသည် မိုးသို့ ဆိုက်နေပြီ။





ဒင်နီသည် ပါမောက္ခ ပစ္စတန်ကို ကြည့်နေသည်။ ဆရာရယ်၊ ဗိုလင်း ဆိုတဲ့ မိန်းမက ဆရာ့ကို ဘာများ လုပ်ပေးခဲ့လို့ ဒီလောက်တောင် ရှေ့ လိုက်ပေးနေရတာလဲ၊ ဆရာ့ရဲ့ ဆင်ဖိုနီ တေးတွေက အလင်္ကာတွေပါ၊ ကို ဘယ် တီးဝိုင်းကများ တစ်ကိုယ်တော် တီးပါလို့ ဖိတ်ဖူးလို့လဲ၊ ကျွန် တော် အောင်မြင်တာကို ဆရာ မနာလို ဖြစ်နေတာ မဟုတ်လား၊ ဘယ်ရမလဲ၊ ဗိုလင်းဂျားရဲ့ သင်တန်းကို ကျွန်တော် တက်စရာ မလိုပါဘူးဟု သူ့ဘာသာ တွေးနေသည်။

'ငါပြောလိုက်တာ မင်း စိတ်မကောင်း ဖြစ်သွားသလား' ဟု ပါမောက္ခ ခိုးရိမ်တကြီး မေးသည်။

'မဖြစ်ပါဘူး ဆရာ၊ ဆရာက ဆရာ့ စိတ်ထဲမှာ ရှိတာကို ပြောတာပဲ၊ ကျွန်တော့်အပေါ်မှာ ဆရာ စေတနာ ထားတာကို ကျွန်တော် နားလည်ပါ တယ်'

'ဒါဖြင့် ငါ ပြောတာကို စဉ်းစားမယ်ပေါ့'

'ဟုတ်ကဲ့ ဆရာ၊ စဉ်းစားပါ့မယ်' ဟု ဒင်နီက အထိုက်အလျောက် ပြောသည်။ ထို့နောက် ထိုင်ရာမှ အခန်းအပြင်သို့ ထွက်လာခဲ့သည်။

သူ့ အခန်းသို့ပင် ရောက်အောင် မစောင့်နိုင်။ ထို့ကြောင့် တက္ကသိုလ် နားခြံ အနီးရှိ တယ်လီဖုန်း ရုံမှ နေ၍ နယူးယော့ရှိ ဟူးရော့ထံသို့ ဖုန်းဆက် သည်။

'ဒီမှာ ဦးလေး၊ ဘယ်နေရာက လာခေါ်ခေါ် လက်ခံလိုက်တော့ဗျာ၊ ကျွန်တော် လိုက်တီးမယ်၊ စန္ဒရားမြည်တဲ့ နေရာ ဆိုရင် ပြီးတာပဲ၊ ဘယ်တိုင်း ပြည်က ခေါ်ခေါ်'

'အေး ဒီလိုမှပေါ့ကွ၊ တစ်နှစ်စာ ပွဲတွေကို လက်ခံလိုက်တော့မယ်'

သတ္တိ ကောင်းသည်ဟု ခေါ်ရမည်လား၊ မိုက်မဲသည်ဟု ခေါ်ရမည် လား မသိ။ ထိုသို့ဖြင့် ဒင်နီသည် တိတ်ဆိတ် ငြိမ်သက်၍ နွေးထွေးသည့် ဘားဗတ် တက္ကသိုလ် ပရိဝုဏ်ကို စွန့်ကာ အေးစိမ့်၍ ငါးမန်းတို့ ပေါသည့် လောကပင်လယ်ကြီးထဲသို့ ပထမဆုံး ထွက်လာခဲ့သည်။

အားတစ်ပုဒ် ဆုံးခါနီးတွင် သံရှိန် မြင့်တက်လာသလို နွေဦး စာသင်ရက်များ



www.burmeseclassic.com

www.burmeseclassic.com



သည်လည်း စာမေးပွဲတည်းဟူသော ဆုံးခါနီးနေသည့် တေးသွား တစ်ပုဒ်၏ အရှိန်ကို မြန်လာစေသည်။ ဧပြီလ မဆုံးခင်မှာပင် မေလသည် ရောက်လ သလို ထင်ရသည်။ နောက်ဆုံးနှစ် စာမေးပွဲ အတွက် စာတမ်းကို ရေးပြီး သူ့ အတွက်မူ အသက်ကို ကောင်းကောင်း ရှူနိုင်လေပြီ။ မကြာမီ စာမေးပွဲကြီး ... တော့မည်။

အချို့ အတန်းသားများမှာမူ အခွင့်အရေးကြီး တစ်ရပ်ကို လ... မလွှတ်ဘဲ အမိအရ ယူလိုက်ကြသည်။ ထို အခွင့်အရေးမှာ အခြားမဟုတ် နောက်ဆုံး စာမေးပွဲကြီး မကျင်းပမီ နောက်ဆုံးအကြိမ် အားကုန်ကာ နော... ဆုံးပိတ် စိတ်ကယောင်ချောက်ချား ဖြစ်သွားခြင်း ဖြစ်သည်။

သမိုင်းဘာသာ စစ်သည့် စာမေးပွဲကြီး နောက်ဆုံးရက် ညနေတွ... နောက်ဆုံးနှစ် ကျောင်းသား နော်မန်သည် သူ့ဆရာနှင့် အတူ ချားလ်မြစ် က... ပေါင်ရိုးတွင် လမ်းလျှောက်နေသည်။

'ဟော့ နော်မန်၊ မင်း စာတမ်းကော ရေးပြီးပြီလား' ဟု ဆရာက မေ... သည်။ နော်မန်မှာ သမိုင်း ဘာသာရပ်တွင် အဖြေငှ့် အောင်ထားခဲ့သူ ဖြ... သည်။

'မပြီးသေးဘူး ဆရာ၊ ကျွန်တော် သမိုင်းဘာသာ အဓိကကို မကြိုက် တော့ဘူး ဆရာ၊ ပြောင်းလိုက်တော့မယ်လို့ ဆုံးဖြတ်ပြီးပြီ၊ အမှန် ပြောရရင် တော့ ဘွဲ့ရအောင် မနေတော့ဘူး ဆရာ၊ အနောက်ပိုင်းကို သွားပြီး မြင်းမွေး မလို့ စိတ်ကူးတယ်'

'ဘာကွ' ဟု ဆိုကာ ဆရာက သူ့ကို ကျောင်းကျွန်းမာရေး ဌာနသို့ ခေါ်သွားသည်။

ပါမောက္ခ ဗုစ်တမင်းက ဆာရာကို ပြောသည်။

'မင်း စာတမ်းက တော်တော် ကောင်းတယ်၊ တို့ဌာနက မင်း စာတမ်း ကို ဖတ်တဲ့ ဆရာတွေ အားလုံးကလည်း ဆရာ့လိုပဲ သဘောရကြတယ်၊ အမှန် ပြောရရင်တော့ မင်း စာတမ်းဟာ ပါရဂူဘွဲ့တောင် ရလောက်တဲ့ စာတမ်းလို့ ပြောချင်တယ်'

ဆာရာက ရှက်ပြုံးကလေးဖြင့်

'ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါပေမဲ့ ကျွန်မ ဘွဲ့ရအောင် မတက် တော့ဘူး ဆရာ၊ ဆရာလည်း သိပြီးသား ဖြစ်မှာပါ'





'အေး စိတ်မကောင်းစရာပဲကွယ်၊ မင်းက ဉာဏ်ကောင်းလျက်သား ...'

'မိသားစုထဲမှာ ဂုဏ်ထူး၀င် စာပေကို ကျွမ်းကျင်သူ တစ်ယောက် ရှိရင် ...တော်ပြီပေါ့ ဆရာ'

'နို့ မင်းကျောင်းက ထွက်ပြီး ဘာလုပ်မယ် စိတ်ကူးသလဲ'

'အိမ်ရှင်မ တစ်ယောက်၊ နောက်တော့ ကလေးအမေပေါ့ ဆရာ'

'အိမ်ရှင်မ အနေနှင့်လည်း ဘွဲ့ယူလို့ ရသားပဲကွယ်'

'လင်းဗရိုစ်ကို ကူညီရဦးမယ် ဆရာ၊ ဒီတော့ ဒီလောက် အချိန်မပေး ...တဲ့ ပညာ တစ်ခုကို ဆက်သင်ရင် ပိုကောင်းမယ် ထင်လို့ပါ၊ ဒီနှစ် နွေကျ ...င် ကေတီကျောင်းမှာ လက်ရေးတို တက်ဖို့ စိတ်ကူးထားပါတယ်'

ပါမောက္ခသည် သူ့ စိတ်ပျက်မှုကို ဖုံးကွယ်မထားနိုင်။ ဆာရာကလည်း ...သူ့ သဘောကို ရိပ်မိသဖြင့်

'လင်းဗရိုစ်က လုပ်စေချင်လို့ မဟုတ်ပါဘူး ဆရာ၊ ကျွန်မသဘောနှင့် ...ကျွန်မ...'

'တော်ပါတော့ကွယ်၊ ဆရာ့ကို ရှင်းပြမနေပါနှင့်တော့၊ ဆရာ နားလည် ...တယ်'

ပါမောက္ခ ဗုစ်တမင်းက ထိုင်ရာမှ ထသည်။

'အေး မင်းတို့နှစ်ယောက် လက်ထပ်ကြပေမယ့် တက္ကသိုလ် ပရိဝုဏ်က ...ခွာကြသေးဘဲ အနားမှာ ရှိနေဦးမယ်လို့ ကြားရတဲ့ အတွက် ဆရာ ဝမ်းသာ ...တယ်၊ တစ်နေ့မှာ မင်းတို့ကို တက္ကသိုလ်မှာပဲ အလုပ် လုပ်နေတာကို ဆရာ ...င်ချင်တယ်၊ မင်းတို့ အဖို့လည်း အခွင့်ကြုံပါလိမ့်မယ်၊ အေး ဆရာ တစ်ခု ...တော့ နိမိတ် ဖတ်လိုက်မယ်၊ မင်းတို့ နှစ်ယောက်စလုံးဟာ တစ်နေ့မှာ ထင်ရှား ...တဲ့ ပညာတတ်တွေ ဖြစ်လာမှာပါ'

...ဆရာ ဗုစ်တမင်း၏ နိမိတ်ဖတ်ချက်သည် မှန်သည်။ ထိုနှစ် မေလ ၂၈ ရက် ...နေ့တွင် အမေရိကန် ပြည်ထောင်စုရှိ သက်တမ်း အရှည်ဆုံးသော ပညာရေး ...အဖွဲ့ကြီး တစ်ဖွဲ့က ဂုဏ်ထူးဆောင် အသင်းသားများကို ကြေညာခဲ့သည်။ ထို ...အထဲတွင် လင်းဗရိုစ်နှင့် ဆာရာတို့လည်း ပါသည်။

ထိုအထဲတွင် ဒင်နီနှင့် ဂျော့ ကဲလားတို့လည်း ပါကြသေးသည်။ ဂျော့ ကဲလားမှာမူ လူမှုသိပ္ပံပညာနှင့် ပတ်သက်၍ အကောင်းဆုံးသော စာတမ်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် အသိအမှတ် ပြုခြင်း ခံရသည်။

ဂျေဆန် တစ်ယောက်မှာမူ သူတို့လို ပညာရေး ဆိုင်ရာ ဘွဲ့ ဂုဏ်ထူးများ ရေး။ သို့ရာတွင် တင်းနစ်ကွင်းပေါ်တွင်မူ ဂျေဆန်သည် ဂု ရွှေဖလားဆိပ်တွေ တစ်ခုပြီး တစ်ခု ရနေသည်။ ဂျေဆန်သည် ယေ အထွတ်ဆိုင်ကို သုံးနှစ်ဆက်တိုက် နိုင်အောင် ကြိုးစားနေသည်။ ထို့ပြင် သူ နောက်ဆုံးနှစ် ကျောင်းသားများ၏ ခေါင်းဆောင်အဖြစ် တင်မြှောက်ခြင်း ခံ သည်။ ဘွဲ့နှင်းသဘင်နေ့တွင် သူတို့ ကျောင်းမှ ကျောင်းသားများကို ခေါ် ဆောင် ချီတက်ရမည် ဖြစ်သည်။

ထို့ပြင် အရဲရင့်ဆုံး အားကစားသမား အဖြစ် ဗင်ဟမ် ဘွဲ့တံဆိပ် လည်း ရရှိခဲ့သည်။ အထူး အောင်မြင်မှုများ အတွက် ချီးမြှင့်သော ရှယ်လ အသင်းဝင် အဖြစ်ကိုလည်း ရရှိခဲ့သေးသည်။ ထို အသင်းဝင် အဖြစ် အ အခွင့်အရေး ရသဖြင့် ကျောင်းစာများကို သိပ်မလုပ်ရတော့။ ပြင်ပ သင်တ အဖြစ် တစ်နှစ် ခရီးထွက်ရမည့် ကိစ္စကို ရပ်ဆိုင်းထားလိုက်သည်။

ဂျေဆန်မှာ ကမ်းတက်တပ်များနှင့် လိုက်၍ လေ့လာရန် အစီအစဉ် ရာ ကမ်းတက်တပ်ကလည်း သူ့ကို နောက်တစ်နှစ်မှ လိုက်ရန် ခွင့်ပြုလို သည်။

'မရန်းရောင်' သတင်းစာ အားကစား စာမျက်နှာတွင် ဂျေဆန် နာမည်သည် အမြဲတမ်းလိုလို စာလုံးမည်းကြီးများနှင့် ပါနေသဖြင့် သူ ကျောင်းသားငယ်များကလည်း သတိပြုမိလာကြသည်။ သို့ဖြင့် တစ်နေ့ မန စောစောတွင်မူ မမျှော်လင့်သော ဧည့်သည် တစ်ယောက် သူ့ တံခါးကို ခေါက်သည်။

'အမယ်၊ လူ အဘိဓာန် စာအုပ်ကြီးပါလား၊ ဘယ်လိုများ ဖြစ် စာအုပ်ထဲက ခုန်ထွက်ပြီး ကိုယ့်အခန်းကို ရောက်လာတာလဲ'

'မလှောင်ပါနှင့်ကွာ၊ ကိုယ်က မောင်ရင့်ဆီက အကူအညီ တ တောင်းချင်လို့ လာတာပါ'

'ဘာရယ်၊ ကိုယ့်ဆီက အကူအညီ၊ ကိုယ့်လိုကောင်က ဘာ အကူအညီ ပေးနိုင်မှာလဲကွ'

'မောင်ရင် ကူညီနိုင်တာ ရှိလို့ပါကွ' ဂျော့ ကဲလားက ပြုံး၍ ပြော သည်။

'ဆို ဘာလဲ'





'ကိုယ့်ကို တင်းနစ် သင်ပေးပါလား'

ဂျေဆန် သူ့ကို နားမလည်နိုင်။

'ဘာဖြစ်လို့ တင်းနစ် သင်ချင်တာလဲ၊ ပြီးတော့ ဘာဖြစ်လို့ ကိုယ့်ကို အသင်ခိုင်းတာလဲ'

ဂျော့ ကဲလားက ခပ်ဆိုင်းဆိုင်းဖြင့်

'တင်းနစ်ဟာ အပေါင်းအသင်း အဆုံးဆုံး အားကစားနည်း တစ်ခု ကို ကိုယ် သဘောပေါက်လာတယ်ကွာ၊ ဒီတော့ ကိုယ့်ကို တင်းနစ် သင် ယ့်လူ လိုက်ရှာကြည့်တော့ တက္ကသိုလ် တစ်ခုလုံးမှာ မောင်ရင် တစ်- က်ပဲ တွေ့တယ်၊ ဒါကြောင့်'

'မင်း ပြောတာကတော့ ဟုတ်ပါပြီ၊ ဒါပေမဲ့ နောက်တစ်ပတ်မှာ လ်က အကောင်တွေက ငါ့ကို အနိုင်ရိုက်မယ်လို့ ကြိမ်းနေတယ်ကွ၊ ဒီ ငါလည်း ကွင်းဆင်းရဦးမယ်၊ အချိန် မရှိဘူး'

ဂျော့ ကဲလား စိတ်ပျက်သွားသည်။

'ကိုယ် အလကား မသင်ပါဘူးကွာ၊ ပိုက်ဆံ ပေးမှာပါ၊ ဘယ်လောက် မလဲသာ ပြောပါ'

'ပိုက်ဆံကြောင့် မဟုတ်ပါဘူး၊ ကိုယ် သင်ရင် အလကား သင်ပေးမှာပါ'

'ဒါဖြင့် ဘယ်တော့ သင်မှာလဲကွာ'

'ဒါတော့ မပြောတတ်သေးဘူးလေ၊ ဘွဲ့နှင်းသဘင် ကျင်းပတဲ့ သီတင်း လောက် ဆိုရင် သင်ပေးနိုင်မှာပါ'

'ဒီလိုဆိုရင် လဆန်း ရှစ်ရက် တနင်္ဂနွေနေ့ပေါ့၊ ဒီနေ့ ဆိုရင် တခြား ချိန်းထားတာ မရှိဘူး'

ဂျော့ ကဲလားသည် သူ လုပ်ရမည့် အစီအစဉ်များကို အမြဲလိုလို တိတိ မှတ်သားပြီး ကောက်ကာ ငင်ကာ ပြောနိုင်သည်။

'ကောင်းပြီလေ၊ မင်းမှာ တင်းနစ် ရိုက်တံကော ရှိရဲ့လား'

'ရှိပါတယ်၊ ဘောလုံးတွေရော ရှိတယ်'

'မင်း သေချာမှန်း ငါ သိပါတယ်ဟာ' ဟု ဂျေဆန်က ပြောသည်။

းပွဲ အောင်စာရင်းတွေ ထွက်သောနေ့။ အင်ဒရူး အဲလီယော့သည် အမိုင်း ရှေ့တွင် ရပ်နေသည်။ မှတ်မှတ်ရရ သူ့ဘဝတွင် အားကစား အပြင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်တွင် [illegible]ဆုံး နေ့တစ်နေ့ ဖြစ်သည်။

[illegible]ဒွာနရှေ့ ကြော်ငြာ သင်ပုန်းတွင် ကြော်ငြာ ကပ်ရန် အတွ[illegible] ရုံးခန်း[illegible] ဘာစစ်အဖွဲ့ အတွင်းရေးမှူး ထွက်လာသည့်အခါ ကျောင်းသားမျ[illegible] သည် သူ့ထက် ငါ အရင် ရှေ့ရောက်အောင် တိုးကြသည်။

အဲလီယော့မှာ အရပ်ရှည်သူ ဖြစ်သဖြင့် လူအုပ်ကို ကျော်၍ မြင်ရသ[illegible] အောင်စာရင်း စာရွက်ကို မြင်လိုက်ရသည့် အခါတွင် သူ အံ့အားသင့်[illegible] သည်။ အဲလီယော့သည် အဆောင်သို့ ပြန်ပြေးလာကာ အဖေ့ထံ တယ်လီ[illegible] ဆက်သည်။

'ဘာတွေများ အရေးကြီးလို့ ဒီအချိန်ကြီး ခေါ်ရတာလဲကွ၊ ဒီအချိန်[illegible] တယ်လီဖုန်းခ သိပ်ဈေးကြီးတဲ့ အချိန်' ဟု အဖေက မေးသည်။

အဲလီယော့က ဗလုံးဗထွေးဖြင့်

'အဖေ့ကို အရင်ဆုံး သိစေချင်လို့ ဆက်တာ ဖေဖေရ'

'ဒါဖြင့် ပြောလေကွာ၊ အချိန်ကြာလို့ တယ်လီဖုန်းခတွေ တက်[illegible] မယ်'

'ပြောရင် ယုံချင်မှ ယုံမယ်၊ ကျွန်တော် စာမေးပွဲ အောင်တယ် ဖေ[illegible] ဘွဲ့ရတော့မယ်'

အဖေသည် အတန်ကြာမျှ ဘာမျှ မပြောနိုင်။ နောက်ဆုံးတွင်မှ

'အေး သတင်းကောင်းပဲကွ၊ ငါကတော့ မင်းကို အောင်မယ်လို့ န[illegible] နည်းကလေးမှ မထင်ခဲ့ဘူး'

## အင်အရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဇွန် ၁၀၊ ၁၉[illegible]

ဟားဗတ် တက္ကသိုလ် ကျောင်းတော်ကြီး ဘွဲ့ကို ယူခဲ့ရာမှာ ပင်[illegible] တဲ့ ဒဏ်တွေကို ဖြေသိမ့်ပေးတဲ့ အနေနှင့် တက္ကသိုလ် အာဏာပိုင်တွေ[illegible] ကြီးမှူးပြီး သီတင်းပတ်မှာ ပျော်ပွဲ ရွှင်ပွဲ အမျိုးမျိုးကို ကျင်းပပေးတ[illegible] ကြာသပတေးနေ့မှာ ကျောင်းတော်ကြီးသား အဖြစ် ကျမ်းကျိန် သ[illegible] ဆိုတဲ့ အခမ်းအနားနှင့် အဆုံးသတ်မယ်။

အောက်မေ့ဖွယ် ဘုရားရှိခိုးကျောင်းမှာ ကျင်းပမယ့် ဘွဲ့ရ [illegible]





တောင်းပွဲကတော့ ပျင်းစရာ ကောင်းတယ်လို့ ကြားဖူးတယ်။ ကျောင်းသားတွေကလည်း သိပ် မလာကြဘူးတဲ့။

ကျောင်းသားတွေ စိတ်ဝင်စားနေတာက တနင်္ဂနွေနေ့မှာ လုပ်မယ့် ကပွဲကို စိတ်ဝင်စားနေကြတယ်။ အဲဒီနေ့မှာ ဆိုရင် ကျောင်းသား တစ်ဝက်ကျော်လောက်ဟာ လိုဝဲ ကျောင်းဆောင်ရှေ့ မြက်ခင်းပြင်မှာ ရောက်နေကြပြီ။ အငှားဆိုင်က ငှားဝတ်လာကြတဲ့ အဖြူရောင် ညစာ ဝတ်စုံတွေကို ဝတ်လို့။ လီနှင့် အဲလဂတ် တေးသံစုံ တီးဝိုင်းက တီး မှုတ်ပေးတဲ့ တေးသံ ညင်းညင်းကလေးကို နားထောင်ပြီး တွဲကကြလို့ပေါ့။

ဟားဗတ် တက္ကသိုလ်က ဘာကိုပဲ လုပ်လုပ် ပညာရေး ရည်ရွယ် ချက် တစ်ခုနှင့် လုပ်တာ ဖြစ်လေတော့ အဲဒီကပွဲဟာလည်း ပညာရေး ရည်ရွယ်ချက် ပါတယ် ဆိုရင် တစ်နေ့ လူကြီးတွေ ဖြစ်လာတဲ့ အခါ မှာ လူ့ဘဝကြီးဟာ ဘယ်လို နေမယ် ဆိုတာကို ပဏာမ သင်ကြားပေး တဲ့ သဘောလို့ ဆိုနိုင်တယ်။

တီးဝိုင်းက ခေတ်သီချင်းတွေကိုလည်း တီးပေးသေးတယ်။ ချာချာ ချာတို့လည်း ပါတယ်။ ပရက်စလေရဲ့ သီချင်းတွေလည်း ပါတယ်။ အများအားဖြင့်တော့ လစ်မီ တင်းဒါတို့လို ခပ်အေးအေး သီချင်းတွေ များတယ်။

ဟုတ်တာပေါ့။ ကိုယ်တို့မှာ အတွဲကလေးတွေလည်း ပါတာပေါ့။ ကိုယ်နှင့် နီဝေါက ဂျေဆန်ရဲ့ ကောင်မလေးနှင့် တွဲပြီး ကကြသေးတယ်။ လင်းဗရိစ်ရဲ့ ကောင်မလေးနှင့်လည်း တွဲပြီး ကကြသေးတယ်။ ကိုယ် တို့ကတော့ သူ့ လက်ကျတွေကိုပဲ ရတာပေါ့။

အမယ်၊ ဂျေဆန်ဆီက ရတဲ့ ကောင်မလေး တစ်ယောက်ကတော့ တော်တော် နိပ်တယ်။ ပစ္စည်းကလည်း တော်တော်လေး ကောင်းတယ်။ ဂျို ကေဇာ ပြောတဲ့ စကားနှင့် ပြောရရင် 'သိပ် မပွန်းသေးဘူး'။ ဒါပေ မဲ့ ခက်တာက သူ့ ကောင်မလေးတွေက တစ်လက်ကိုင် ဖြစ်နေတယ်၊ ဂျေဆန် ဆိုမှ ဂျေဆန်။

ကိုယ်နှင့် တွဲတဲ့ လူစီ ဆိုတဲ့ ကောင်မလေးကရော၊ နီဝေါနှင့် တွဲတဲ့ လီဇာ ဆိုတဲ့ ကောင်မလေးကရော ကိုယ်တို့နှင့် တွဲကနေရင်း ဂျေဆန် မြင်သာတဲ့ နေရာကို ရောက်အောင် ခေါ်ခေါ်သွားပြီး ဂျေဆန် နှင့် မျက်နှာချင်းဆိုင်မှာ နေရာယူ က က နေကြလို့ ခက်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဂျေဆန် မြင်သွားရင် သူတို့ကိုလည်း ဖိတ်ပြီး ကအောင် သွားပြီး ညီ
လုပ်နေကြတာလေ။

ကိုယ်တို့လည်း သိပ်တော့ အတုံးကြီးထဲက မဟုတ်ပါဘူး။
ပေမဲ့ ကောင်မလေးတွေက ကိုယ်တို့ကို သိပ်ပြီး စိတ်မဝင်စားဘူး
နေတယ်။ ဘာပဲဖြစ်ဖြစ် ကိုယ်တို့နှင့် တွဲကတဲ့ ကောင်မလေးတွေ
ခပ်ချောချော ခပ်ဟော့ဟော့ ဆိုတော့ တစ်ညနေလုံး အားလုံး
ကိုယ်တို့ အတွဲတွေဆီကို မျက်စိ ရောက်ပြီး စိတ်ဝင်စားနေကြတ
ဒီနေ့ ညနေမှာ တကယ် ချစ်နေတဲ့ သမီး ရည်းစား အတွဲတွေ
ဒါဇင်လောက် ပါရာမှာ လင်းဗရိစ်နှင့် ဆာရာတို့လည်း ပါတာ

မနက်ဖြန် ညမှာ ပျော်ပျော် ပျော်စရာ ကောင်းတဲ့ ပွဲ တစ်ပွဲ
သေးတယ်။ ဘောစတန် ဆိပ်ကမ်းမှာ လရောင်ဆမ်း သင်္ဘောစီး ထွ
ကြမလို့တဲ့။ ဂျေဆန်က ကိုယ့်ဖို့ ကောင်မလေး တစ်ယောက် ခေါ်
ထားတယ်။

ဒါပေမဲ့ ကိုယ်တို့ တစ်တွေဟာ ပျော်ပွဲ ရွှင်ပွဲတွေသာ လုပ်နေ
တယ်။ တကယ် ပျော်တယ်လို့ မထင်ဘူး။ နောက်ဆုံးတော့ ကိုယ်
တော်တော် လေးနက်တဲ့ အဖြေ တစ်ခုကို သွားတွေ့မိတယ်။ ကိုယ်
တစ်တွေ စာသင်ခဲ့ရတဲ့ သင်တန်းဟာ တကယ့် သင်တန်း မဟုတ်ဘူ
ကိုယ် ဆိုလိုတာက ကိုယ်တို့ တစ်တွေဟာ ညီရင်း အစ်ကိုတွေလို နေ
ကြတဲ့ နေရာ မဟုတ်ဘူး။ ညီနောင် အဖွဲ့ မဟုတ်ဘူး။ ညီညီညွတ်ညွ
နှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း ရှိတဲ့ နေရာ မဟုတ်ဘူး။

လက်စသတ်တော့ တက္ကသိုလ်မှာ ကိုယ်တို့ နေခဲ့ရတဲ့ အချိန်ဟာ
စစ်ပြေငြိမ်းတဲ့ အချိန်။ ကျော်ကြားမှုနှင့် တန်ခိုး အာဏာ အတွ
တိုက်တဲ့ ကိုယ်စီ စစ်ပွဲမှာ အပစ်အခတ် ရပ်ထားတဲ့ ကာလ တစ်ခု
ပါ။ နောင်လာမယ့် အနာဂတ်မှာ ကိုယ်တို့ တစ်တွေ အမြောက်ကြ
တွေနှင့် တစ်ယောက်ကို တစ်ယောက် ပစ်ကြဦးမယ်လေ။

ဘွဲ့နှင်းသဘင် မတိုင်မီ တစ်နေ့တွင် မိုးတွေ ဆက်တိုက် ရွာနေသည်။
သို့ရာတွင် ဟားဗတ် တက္ကသိုလ်သည် 'အလွန်မြင့်သည့် အာဏာ' နှင့် အဆက်အသွယ် ရှိလေသလား မသိ။ ဘွဲ့နှင်းသဘင် ကျင်းပမည့်
လ ၁၂ ရက်နေ့သို့ ရောက်သည့် အခါတွင် နေရောင် ပွင့်နေသည်။ ထိုနေ့
သည် ၁၉၅၈ ခု ဇွန်လ ၁၂ ရက်နေ့။ ဟားဗတ် တက္ကသိုလ်၏ ၃၂၂ ကြိမ်
မြောက် ဘွဲ့နှင်းသဘင် အခမ်းအနား နေ့ပေတည်း။

အားလုံး အဝတ်အစားတွေ သစ်သစ်လွင်လွင်။ ဘွဲ့ယူမည့် ကျောင်း
သားများ၏ တိုက်ဆိုင်ကြီးများမှ ငှားလာသော အနက်ရောင် ဘွဲ့ယူ ဝတ်စုံ
များကလည်း အသစ်။ ပါရဂူဘွဲ့ယူမည့် ကျောင်းသားသစ်များ၏ ပန်းရောင်
ဝတ်စုံများကလည်း အသစ်။ ဘွဲ့နှင်းသဘင် အခမ်းအနားကို ဖွင့်လှစ်ပေးရန်
အတွက် မြင်းဖြင့်လာသည့် မစ်ဒယ်ဆက် ပြည်နယ် အုပ်ချုပ်ရေး အရာရှိ၏
ရာစုနှစ် ဝတ်စုံကလည်း အသစ်။

ဂျေဆန်နှင့် အခြားသော ကျောင်းသား လူရည်ချွန် နှစ်ဦးတို့ ခေါင်း
ဆောင်သည့် ၁၉၅၈ ခုနှစ် သင်တန်းဆင်းများသည် တက္ကသိုလ် ခန်းမကို ပတ်
၍ တက္ကသိုလ် မြက်ခင်းပြင် အတိုင်း လာခဲ့ပြီး အောက်မေ့ဖွယ် ဘုရားရှိခိုး
ကျောင်းနှင့် ဝိုက်ဒင်းနား ပိဋကတ်တိုက်ကြားရှိ ရင်ပြင်တွင် ရပ်လိုက်သည်။
ဝိတိုင်းလိုပင် ထို ရင်ပြင်ထဲရှိ သစ်သား ထိုင်ခုံကြီးများပေါ်တွင် ထိုင်ထား
သည့် စပရင်များသည် နာရီ အနည်းငယ်မျှ အိဆင်းသွားခဲ့ကြတာ ထိုရင်ပြင်
ကြီးသည် ဇာတ်ရုံကြီး တစ်ခုနှယ် အသွင်ပြောင်းသွားခဲ့သည်။

ရာစုနှစ် သုံးခုက ရှိခဲ့သည့် အစဉ်အလာ အတိုင်း လက်တင် ဘာသာ
ဖြင့် ကျမ်းသစ္စာ ကျိန်ဆိုကြရသည်။ ထို ကျမ်းသစ္စာကို နားလည်သူ ဆို၍
ရာခိုင်နှုန်းယောက်ထက် ပိုမည် မထင်။ သို့ရာတွင် လူတိုင်းက ထို ကျမ်း
သစ္စာကို နားလည်ဟန် ဆောင်ကြသည်။

ထိုနှစ်က ကျောင်းသားများ ကိုယ်စား စကားပြောရသူမှာ လင်းဗရိစ်
ဖြစ်သည်။ ဂန္ထဝင် စာပေဌာနက လွန်ခဲ့သည့် နှစ်ပတ်ကတည်းက သူ့ကို ရွေး
သည်။ သူ့ မိန့်ခွန်း၏ ခေါင်းစဉ်မှာ အမြင့်မြတ်ဆုံးသော ပျော်ရွှင်မှု ပုံ
သဏ္ဌာန် ဆိုသည့် ခေါင်းစဉ် ဖြစ်သည်။

လက်တင် အခမ်းအနားမှု၏ တာဝန်မှာ ဘွဲ့နှင်းသဘင်သို့ ကြွရောက်
လာသည့် ပုဂ္ဂိုလ်ကြီးများကို ဝါရင့် ဝါနု အစဉ်လိုက် မိတ်ဆက်ပေးရန် ဖြစ်
သည်။ ပထမ အဓိပတိ ဒေါက်တာ ပူဆေ၊ ထို့နောက် မက်ဆာချူးဆက် ပြည်
နယ် ဘုရင်ခံ။ ထို့နောက် မဟာ ဌာနမှူးများ၊ အဆောင်မှူးများ စသည်ဖြင့် ဖြစ်
သည်။







www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ပရိသတ်က မျှော်လင့်နေသည်မှာ ရက်ကလစ် ကော
ကျောင်းမှ ကျောင်းသူများ ဖြစ်သည်။ သူတို့ အလှည့်ကလည်း နောက်
လာသည်။

'လှပတင့်တယ်သော ရက်ကလစ် ကျောင်းသူ အပေါင်းတို့၊ အမိ
လည်း မေ့လျော့မထားပါ၊ အမိတို့သည် ကျွန်ုပ်တို့နှင့် အတူ နေထိုင်သော
မောသော အဖော်များ ဖြစ်သည် မဟုတ်လော'

ထို နှုတ်ဆက်စာပိုဒ်ကို ဖတ်ကြားသည့် အခါတွင် အစုံပေါင်း
သောင်းသော လက်တို့သည် လက်ခုပ်ဩဘာ တီးကြလေ၏။ ထိုအထဲ
လင်းဗရိစ် မိသားစု၏ လက်ခုပ်သံများသည် အကျယ်ဆုံး ဖြစ်မည် ထင်သ

ထို့နောက်တွင် အဓိပတိ ဒေါက်တာ ပူဆေက ၅၈ ခုနှစ် ကျောင်း
အတန်းသားများကို မတ်တတ်ရပ်ခိုင်းသည်။ သူတို့၏ ကိုယ်စားလှယ်
အား 'ပညာတတ် ပုဂ္ဂိုလ်များ၏ အဖွဲ့အစည်း' သို့ ဝင်ရောက်ရန် အ
အောက်မေ့ဖွယ် ဘုရားရှိခိုးကျောင်း ခန်းမ လှေကားထစ်များပေါ်သို့ အ
ခိုင်းသည်။

ပထမဦးဆုံး လူရည်ချွန် ကျောင်းသား ဖြစ်သည့် ဂျေဆန်က သ
အားလုံး ကိုယ်စား သင်္ကေတ အဖြစ် လုပ်ထားသည့် ဘွဲ့ရ လက်မှတ်ကို
ယူရသည်။ စင်မြင့် အနီး မိဘဆွေမျိုးများ ထိုင်သည့် ခုံတန်း တစ်ခုတွင်
နေသော ဂျေဆန်၏ အဖေက မိန်းကလေး တစ်ယောက်၏ ပြောသံကို
လိုက်ရသည်။ 'သူက စာရေးဆရာ စကော့ ဖစ်ဂျုရယ်နှင့် တူတယ်နော်'
သော အသံ ဖြစ်သည်။

မစ္စတာ ဂီးလ်ဗတ်က စကားကျယ်ကျယ် မပြောရန် သူ့ မိန်းမကို သ
ပေးမည် အပြုတွင် ဝမ်းသာလွန်းသဖြင့် ငိုနေသော သူ့ဇနီးကို တွေ့ရသ
မစ္စတာ ဂီးလ်ဗတ်သည် သဘောကျ၍ ပြုံးလိုက်၏။ သည် ရင်ပြင်ကြီး တ
လုံးတွင် သူ့ထက် ဂုဏ်ယူစရာ ကောင်းသည့် ဖခင်မျိုး မရှိတော့ဟု သူ
လိုက်သည်။

အမှန်အားဖြင့် သူ တစ်ယောက်တည်း မဟုတ်ပါ။ သူ့လိုပင် အ
ဆုံးသော ပီတိသို့ ရောက်နေကြသော ၅၈ ခု သင်တန်းဆင်း ကျောင်းသား
ဆောင်တို့၏ ဖခင်များလည်း ရှိကြပါသေးသည်။ သူတို့သည်လည်း သ
ဘဝတွင် အမြင့်ဆုံးသော ပီတိကို ခံစားနေရသည်ဟု ထင်နေကြပါသည်





ခဲ့သည့် လေးနှစ်တုန်းက ကျောင်းသားပေါင်း ၁၁၆၂ ယောက်တို့သည်
ဗတ် တက္ကသိုလ်သို့ ရောက်လာခဲ့ကြသည်။ ယင်းတို့ အနက် ၁၀၃၁ တို့
ည် ဘွဲ့များ ရရှိခဲ့ကြသည်။ ဆယ်ရာနှုန်း ကျော်ကျော်တို့သည် သင်တန်း
ာင်ဘဲ ကျဆုံးခဲ့ကြသည်။

အချို့သည် နောက်တစ်နှစ်တွင် ကျောင်းသို့ ပြန်လာခဲ့ကြကာ ဆက်
ကြသည်။ အချို့မှာကား ဟားဗတ် တက္ကသိုလ် ကျောင်းတော်ကြီးသား
ရေး ဟူသော ဘဝ ရည်မှန်းချက်ကြီးကို စွန့်လွှတ်သွားခဲ့ကြသည်။ အချို့
ရူးသွပ်သွားကြပြီး အချို့ကား ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင် သွားခဲ့ကြ
ည်။ သို့ရာတွင် ယနေ့တွင်မူ သူတို့အကြောင်းကို ဘယ်သူမှ မစဉ်းစားမိကြ။
နေ့သည် သနား ကံရဏာ သက်ရမည့် နေ့ မဟုတ်။ မင်္ဂလာ ယူရမည့် နေ့။

ဂျေဆန်သည် ယခုတိုင် စိတ်ရောဂါကု ဆေးရုံတွင် ရောက်နေသည့် သူ့
န်းဖော် ဒေးဗစ်ဆန်ကို သတိမရနိုင်။

နာရီဝက်ခန့် အကြာတွင်မူ ဘွဲ့ရ ကျောင်းသားများသည် အစုကလေး
ခွဲကာ မိမိတို့ အဆောင်များတွင် ကျင်းပမည့် နေ့လယ်စာ စားပွဲသို့ တက်
က်ရန် ထွက်သွားကြသည်။

ယော့ဆောင်မှ ထမင်းစားပွဲတွင် အဖေနှင့် အမေတို့ လိုက်၍ စားကြသော်
ည်း ထိုပွဲသည် သားဖြစ်သူ ဒင်နီကို နှုတ်ဆက်သည့်ပွဲသာ ဖြစ်သည်။
က် တစ်နေ့တွင် ဒင်နီသည် တင်ဂယ်ဝုဒ်သို့ ပြန်ကာ ထိုနှစ် နွေရာသီ
က် လက်ခံထားသော တီးဝိုင်းများတွင် စန္ဒရား တီးရဦးမည်။ ထို့နောက်
ဟူးရော့ လက်ခံထားသည့် ပွဲများကို တီးရန် အတွက် ဥရောပသို့ သွား
ည်။

အမေက မာရီယာကို မမြင်သဖြင့် မေးသည်။ အမေသည် မာရီယာကို
သည်။

'မင်းကလည်းကွာ၊ ဘာတွေ လျှောက်မေးနေတာလဲ၊ မာရီယာက
ငြင်းပြေ ထားထားတဲ့ ရှည်းစား ဖြစ်မှာပေါ့၊ ဒင်နီကလည်း နံပါတ်ချိတ်ဖို့
ပါသေးတယ်'

ဒင်နီက အဖေ့ စကားကို နားထောင်၍ ပြုံးသည်။ ရင်တွင်း ဆွေး
ရှေးဖြစ်ဟောင်းကို အမှတ်တရဖြင့် ညည်းသည် ရှီးရှီး အ လာပါဟု



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်သည့် အခါတွင် မာရီယာက ငြင်းလိုက်သောကြောင့် ဖြစ်သည်။

ထိုနေ့က ဂျော့ ကဲလားသည် ခန်းဆောင် လှေကားပေါ်တွင် တစ်ယော
တည်း သွား၍ စားသည်။ အခမ်းအနားသို့ သူ့ ဆွေမျိုး မိဘတွေထဲက ဘယ်
မှ မလာကြ။ အင်ဒရူးက ရယ်မော၍ 'ဟော့ကောင်ကြီး၊ တို့ စားပွဲကို လာ
ငါ့ကာစင်တွေနှင့် လာစားလှည့်ပါလား၊ ငါ့ ကာစင်တွေက များလွန်းေ
နာမည်တောင် မမှတ်မိတော့ဘူး၊ ဒါပေမဲ့ မဆိုးပါဘူးကွ၊ နိပ်တာလေးေ
ပါပါတယ်' ဟု နှောက်သည်။

ညနေပိုင်းတွင်မူ လူစု ကွဲသွားကြလေပြီ။ လူ ထောင်ပေါင်းများ
တို့သည် အဏုမြူမှုန် ထောင်ပေါင်းများစွာ ဖြစ်သွားကြကာ အရပ် ရှစ်မျက်
သို့ အသီးသီးသော မြန်နှုန်းဖြင့် လွင့်သွားကြသည်။

ထို အဏုမြူမှုန်ကလေးများသည် ထုထည်ကြီး တစ်ခု အဖြစ် 
လည် ဖွဲ့စည်းကြပါဦးမည်လော။

ယခင်ကလည်း ထုထည်ကြီး တစ်ခု အဖြစ် ပေါင်းစည်းမိခဲ့ကြပါ
လော။



# လောက အလယ်တွင်

www.burmeseclassic.com

www.burmeseclassic.com

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဇွန် ၁၄၊ ၁၉၅၈။

ဒီနေ့ လင်းဗရိစ်နှင့် ဆာရာတို့ လက်ထပ်ကြတယ်။ ကိုယ်က လူပျိုရံပေါ့။ ကိုယ်က သူတို့ အတွဲကို အခန်းပေးခဲ့လို့ ထင်ပါရဲ့။ 'အလယ်ခေတ်သာ ဆိုရင် ရှင် ဂုဏ်ထူး ဘွဲ့ထူးတွေ ရမှာ' လို့ ဆာရာက နောက်တယ်။

မင်္ဂလာပွဲကို အကြောင်း အမျိုးမျိုးကြောင့် ခပ်ကျဉ်းကျဉ်းပဲ လုပ်တယ်။ တစ်ကြောင်းကတော့ ဘာသာရေး အကြောင်းလည်း ပါတယ်။ ဆာရာက အယ်ပစ်ကိုပယ် ဂိုဏ်းက။ လင်းဗရိစ်က ဂရိအော်သိုဒေါက် ဂိုဏ်းက။

လက်ထပ်ပွဲမှာ ဆာရာရဲ့ အဖေကြီးနှင့် စကားပြောခွင့် ရခဲ့တယ်။ တိုက်ဆိုင်မှုလို့ပဲ ဆိုရမလား မသိဘူး။ သူ့ သမီး လက်ထပ်တဲ့ နေ့ဟာ သူတို့ခေတ်က ဟားဗတ် တက္ကသိုလ် ကျောင်းဆင်းတွေရဲ့ ငွေရတု သဘင်တဲ့။ တို့ကျောင်း ဘွဲ့ယူတဲ့ နေ့နှင့် တိုက်နေတယ်၊ တို့ ဘွဲ့နှင်း သဘင်ကို ကြည့်ပြီး တော်တော် ပျော်သွားတယ်တဲ့။

အင်း၊ နောက် နှစ်ဆယ့် ငါးနှစ် ဆိုရင် ကိုယ်လည်း ဘာများ ဖြစ်နေမလဲ မသိဘူး။ ခုတောင် ဒီနေ့ တစ်နေ့ ပြီးရင် မနက်ဖြန်မှာ ဘာလုပ်မယ် ဆိုတာ စဉ်းစားလို့ မရသေးဘူး မဟုတ်လား။

လင်းဗရိစ်တို့ ဇနီးမောင်နှံ ဘယ်ကို ပျားရည်ဆမ်း ခရီး ထွက်မယ် ဆိုတာ ဘယ်သူမှ မသိကြဘူး။ ကိုယ် တစ်ယောက်ပဲ သိတယ်။ မိန်းနယ်မှာ တို့ မိသားစုပိုင်တဲ့ အိမ်ကြီး တစ်လုံး ရှိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်တစ်လုံးလုံး လွတ်နေတယ်။ ဘယ်သူမှ မရှိဘူး။ ညားခါစ လ
မယား နှစ်ယောက်တည်း နေလို့ သိပ်ကောင်းတဲ့ နေရာမျိုးပေါ့။

ကိုယ်ကပဲ အခန်းပေး၊ ညားတော့လည်း ကိုယ်ကပဲ အိမ်ပေး
တော့ ကိုယ့်ဘက်ကချည်း ပေးနေရတာပဲလို့ ထင်ကောင်း ထင်ကြမလာ
မသိဘူး။ မဟုတ်ပါဘူး။ ကိုယ် ရတာတွေလည်း ရှိပါသေးတယ်
ဆာရာရဲ့ ပန်းစည်းကို ကိုင်ဖို့ ချီကာဂိုက သူ့ညီမ ဝမ်းကွဲလေး ရော
လာတယ်။ ဆာရာက သူ့ ညီမ ဝမ်းကွဲကိုလည်း စောင့်ရှောက်ပါ
မှာထားတယ်။

ဒီလောက် ပြောရင် ဒီကကောင်လည်း သိပါတယ်။ ဒါကြော
သူ့ ညီမဝမ်းကွဲကို နောက်နေ့တွေမှာ ကောင်းကောင်း စောင်မကြည့်
လိုက်တယ်။ နောက်နေ့ မဟုတ်ပါဘူးလေ။ ညတွေလည်း ပါတာ
လေ။

မင်္ဂလာဆောင်တွေမှာ ဒါမျိုးလေးတွေ ရှိတတ်တာကိုး။

ဒင်နီတွင် ငယ်ငယ်တုန်းက ပန်းနာရောဂါ ရှိခဲ့ဖူးသည်။ ထို ပန်းနာ ရော
သည် ကြီးလာ၍ ဂီတသမား ဖြစ်သည့်အခါတွင် ထိုမျှလောက် အသုံးကျလ
မည်ဟု သူ တစ်ခါမှ မထင်ခဲ့။

သူ့ ဟားဗတ် ကျောင်းနေဘက်များက ကျောင်းမှ ဘွဲ့ရပြီး စစ်မှုထ
ဥပဒေအရ စစ်တပ်ထဲသို့ ဝင်ကြရသော်လည်း ဒင်နီမှာမူ ဆေးကျခဲ့သည်။
ကြောင့် ကမ္ဘာကြီးကို စောစော လှည့်ကြည့်ချိန်ရပြီး တက်သစ်စ အနုပညာ
တစ်ဦး အဖြစ် အောင်မြင်မှုကို စောစော ရခဲ့သည်။

ဟူးရှော့သည် သူ့ ဂီတဆရာ ဒင်နီကို ကြေး (ဂျီး) များသော တီးဝိုင်
ဆရာတွေနှင့် တွေ့ပေးသည်။ ကြေးများသော ပရိသတ်နှင့် အရင် တွေ့ပေးသည်
ဝေဖန်မှု၊ စစ်ကြောမှုကို ခံနိုင်ရည် ရှိအောင် လေ့ကျင့်ပေးသည့် သဘော ဖြ
သည်။ အရေထူအောင် လုပ်ပေးသလို သူ့ ဂီတ ပညာကိုလည်း ထက်မြက်အော
လုပ်ပေးသည်။

သို့ရာတွင် ဒင်နီသည် သတင်းထောက် ပေါင်းစုံနှင့် တွေ့ဖူးကြော
ကို ဟူးရှော့ မသိ။ သတင်းစာများကလည်း ဒင်နီကို အမြဲတမ်းလို





ကောင်း ရေးကြသည်သာ များသည်။

ဒင်နီသည် လန်ဒန်တွင် ရှိုင်ယယ်ဖီလာမိုးနစ် တေးသံစုံ တီးဝိုင်းကြီး
အတူ ဘရမ်း၏ တေးသီချင်းများကို တီးပြသည်။ ထို့နောက် အမ်စတာ
သို့ လေယာဉ်နှင့် သွားရောက်ကာ မိုးဇက်၏ တီးလုံးများကို တီးပြခဲ့သည်။

နောက် တစ်နေရာမှာ ပါရီ ဖြစ်သည်။ ပါရီတွင် တက်၊ ရှိုပင်တို့၏
တေးသွားများကိုသာမက ပြင်သစ် တေးဂီတ ဆရာကြီးများ ဖြစ်သည့် ဒီဗျူ
း၊ ကိုပါရေနင် စသူတို့၏ တေးသွားများကိုလည်း တစ်ကိုယ်တော် တီးပြ
သေးသည်။ ပြင်သစ် သတင်းစာများက သူ့ လက်သံကို ဩဘာပေး၍ မဆုံး။

ဘာလင့်တွင် နောက်ဆုံး တီးပြီးသည့် ညက ဂျာမန် ဓာတ်ပြား ကုမ္ပဏီ
တစ်ခုမှ ဒါရိုက်တာက သူ့ကို သန်းခေါင် ညလယ်စာ ဖိတ်ကျွေးသည်။
ောက်တစ်နေ့ မနက်တွင် ဓာတ်ပြား အယ်လ်ဘမ် ငါးခုအတွက် စာချုပ်ပြီး
းသည်။

ဘယ်လိုလဲ၊ ဦးရဲ့ ထင်မြင်ချက်ကို ပြောစမ်းပါဦး'

ဒင်နီသည် ရုပ်ပုံတွေ အပြည့် အချိတ်ထားသည့် ဟူးရှော့၏ အခန်း
တွင် ဝင်ထိုင်ရင်း ဂီတ ဝေဖန်ချက်များကို လှန်လှော ကြည့်နေသည့်
ရှော့ကို လှမ်းမေးသည်။

ဟူးရှော့က မျက်မှန်ကို နဖူးပေါ်သို့ တင်ပြီး ပြုံးသည်။

'အင်း၊ မောင်ရင်က နယူးဟေဗင်ပွဲမှာတော့ စွံသွားပါပြီ'

'ခင်ဗျာ၊ ဦး ဘာပြောတယ်'

'ဩော် မောင်ရင်က ကျုပ်တို့ ဂီတလောကက ဝေါဟာရကို နား
သည်သေးဘဲကိုး၊ ကန့်ထရိုက် တစ်ယောက်ဟာ နယူးယော့မြို့မှာ ပွဲတစ်ပွဲ
င်းတော့မယ် ဆိုရင် မြို့ငယ်ကလေး ဖြစ်တဲ့ နယူးဟေဗင်မှာ ခမ်းသွင်း
သည့်လေ့ ရှိဟယ်'

'ဒါဖြင့် လန်ဒန်တို့ အမ်စတာဒမ်တို့ ပါရီတို့ ဆိုတဲ့ မြို့ကြီးတွေဟာ
မ်း လေကျင့်တဲ့ မြို့ကလေးတွေလို့ ဦး ဆိုချင်တာပေါ့'

'ဟုတ်တယ်၊ နယူးယော့နှင့် ယှဉ်လိုက်ရင်တော့ တခြား မြို့တွေဟာ
းဟေဗင်နှင့် အတူတူပဲ၊ အဲဒီမှာ စွံရင် စွံပြီလို့သာ အောက်မေ့
တော့'

'ဒါဖြင့် အဲဒီပွဲကြီးတွေကို ကျွန်တော် ဘယ်တော့လောက် တီးရမှာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် အကြောင်းကြားမယ်လေ' ဟု ဆိုကာ ဟူးရေ့သည် သူ့ … ဟောင်း စားပွဲကြီးပေါ်တွင် တင်ထားသည့် စာတွဲ တစ်တွဲကို အမှတ်မဲ့ ကော… ကိုင်လိုက်သည်။

'၁၉၆၁ ခု ဖေဖော်ဝါရီလ ၁၅ ရက်နေ့မှာ၊ လင်နီနှင့် ဖီလာမိုးနစ် … ဝိုင်းနှင့် တီးရမယ်၊ မောင်ရင်က ဘီသိုဗင်ရဲ့ တေးကို တီးရမယ်'

'အမယ်လေး တစ်နှစ်လုံးလုံးတောင် လိုပါသေးလား၊ ဒီအတွင်း … တော်က ဘာလုပ်နေရမှာလဲ၊ လက်သည်းကိုက်ပြီး ထိုင်စောင့်နေရမှာလား…'

'ဒီမှာ ဒင်နီ၊ ကျုပ်က ကလေးထိန်း မဟုတ်ဘူးဗျ၊ ဂီတ ရုံသွင်… မန်နေဂျာ၊ ဒီအတောအတွင်းမှာ နောက်ထပ် နယူးဟေဗင် ပွဲမျိုးတွေကို တ… ဦးမှာပေါ့'

ဟူးရေ့သည် နယူးယော့တွင် သူ့ကို ရုံမသွင်းမီ ထိုသို့ ကမ္ဘာအနှံ့တွင် ဂီ… တွေကို ဆက်တိုက် ရုံသွင်းသည်။ နယူးယော့ရှိ ကာနက်ဂျီ ခန်းမကြီးထဲ… ဒင်နီကို ရုံသွင်းသည့် အခါတွင်မူ လူတွေ ကြိတ်ကြိတ်တိုး ဖြစ်နေသည်။ … ဂီတသံကို နားထောင်ခြင်းထက် သူ့ကို လေးစား ကိုးကွယ်လို၍ လာနားထော… သူတွေက များသည်။

ဂီတပွဲ ပြီးသည့်အခါတွင် ပရိသတ်က မတ်တတ်ရပ်ပြီး အကြာ… လက်ခုပ်သြဘာ ပေးကြသည်။ ဘန်းစတိန်းက ဒင်နီကို စင်မြင့်ပေါ်သို့ ဆွဲ… လာကာ အောင်ပွဲရသော လက်ဝှေ့သမား တစ်ယောက်ကို ပြသလို သူ့ လ… တစ်ဖက်ကို ကိုင်မြှောက်၍ ပြသည်။ တကယ်လည်း ဒင်နီသည် ကမ္ဘာ့ ချန်ပီ… တစ်ဦး ဖြစ်သွားလေပြီ။ ဒင်နီသည် အလွန် အရေးကြီးသည့် နယူးယော့တွ… အောင်ပွဲခံနိုင်ခဲ့ပြီ။

ဖီလာမိုးနစ် တေးသံစုံ တီးဝိုင်းကြီး၏ ဂေါပက လူကြီး တစ်ဦး၏ … နားသော အိမ်ကြီးတွင် သူ့ကို ဂုဏ်ပြု ညေ့ခံပွဲ ကျင်းပသည်။ ဒင်နီသည် … ပွဲတွင် ထင်ရှားသည့် အနုပညာသည် တစ်ယောက်မျှ သာမက တက်ရောက်… သည့် ညေ့သည်များထဲတွင် အထင်ရှားဆုံး ပုဂ္ဂိုလ် ဖြစ်နေတော့သည်။

ထို ညေ့ခံပွဲတွင် များမကြာမီက ထင်ရှားခဲ့သည့် ရုပ်ရှင် မင်းသ… များလည်း လာကြသည်။ ယခင်က ဆိုလျှင် ဒင်နီသည် သူတို့ထံ သွား၍ … ကိုးရှက်ကန်းဖြင့် အမှတ်တရ လက်မှတ်ကလေး တောင်းမိပေလိမ့်မည်။ … ညေ့ခံပွဲတွင် ကမ္ဘာကျော် ဂီတ ဆရာကြီးများ၊ နိုင်ငံရေး ခေါင်းဆောင်မျ…





…း လာသည်။ မျက်နှာဖုံး သရုပ်ဆောင်မယ်များကား ငါးဥကို သယ်ပေး…သည့် စားပွဲထိုးမလေးတွေလောက် ပေါနေသည်။

သို့ရာတွင် သူတို့ အားလုံးသည် သူ့အနီးတွင် ဝိုင်းအုံကာ သူ့ကို မိတ်…င်နေကြသည်။

ညေ့ခံပွဲတွင်လည်း သူ့ကို စန္ဒရား တီးပြရန် တောင်းဆိုကြသေးသည်။ …ချောင်းထောက် စတိန်းဝေး စန္ဒရားကြီးကို ညေ့ခန်းထဲသို့ ဘီးဖြင့် တွန်း…ကာ အဖုံးကို အဆင်သင့် ဖွင့်ပေးထားသည်။

ဒင်နီသည် ထိုနေ့ ညဦးပိုင်းက ပွဲတွင် လက်ကုန် တီးခဲ့ပြီး ဖြစ်သဖြင့် …ပွဲတွင် ပင်ပင်ပန်းပန်း သိပ်မတီးချင်တော့။ ထို့ကြောင့် ပေါ့ပေါ့ပါးပါး …လေးကို တီးချင်သည်။

ဒင်နီသည် စန္ဒရား တီးမပြခင် စကား ပြောလိုက်သေးသည်။

'ဂုဏ်သရေရှိ အမျိုးသမီးများနှင့် အမျိုးသားများ ခင်ဗျား၊ ကျွန်တော့် …ကျေးဇူးတင် စကားများဟာ လူကြီးမင်းများ အတွက် အမြဲ ဖြစ်နေပါလိမ့်မယ်၊ …တော့ ဒီနေ့ညမှာ လူပုဂ္ဂိုလ် နှစ်ဦးရဲ့ နာမည်ကို ထုတ်ဖော် ပြောဆိုတယ် …င် ကျွန်တော့်ကို ခွင့်လွှတ်ကြပါ၊ တစ်ယောက်ကတော့ ဒီအချိန်မှာ ကျွန် …တ် အပေါ်မှာ ယုံကြည်စိတ်ချစွာ ပွဲပိုးကူညီနေတဲ့ မစ္စတာ ဟူးရေ့…'

'ကျုပ်က မောင်ရင့်ကို ပွဲပိုးနေတာ မဟုတ်ဘူးဗျ၊ မောင်ရင်က ကျုပ်ကို …နေတာ' ဟု ဟူးရေ့က ပြောသည်။

'ပြီးတော့ အဖက် စန္ဒရားကို လိုက်တီးပေးတဲ့ လင်နီတို့ ဖြစ်ပါတယ်'

ဒင်နီသည် ညဦးပိုင်းက ရုံထဲတွင် တီးခဲ့သည့် ကွန်ချာတိုကို စန္ဒရား …လုံးချည်း သက်သက် အမြည်တီး တီးပြသည်။ ထို့နောက် ဂီတဆရာ …းစတိန်း၏ 'ဝက်ဆိုက် စတိုရီ' တေးသွားမှ တေးသံများကို ဂျက်ဇ်တီးလုံး … တီးပြသွားသည်။

ပရိသတ်က သဘောကျ၍ မဆုံး။ သူ့ကို စန္ဒရားမှ မထစေချင်တော့။

'နောက်ထပ် ဘာတီးရဦးမှာလဲ ခင်ဗျာ၊ ကျွန်တော် တီးတတ်တာ …လေးတွေ မရှိတော့ဘူး ထင်ပါတယ်' ဟု ဒင်နီက ပြောသည်။

သူ့ ဂီတဆရာ ဘန်းစတိန်းက ပြုံး၍ 'ငါ့ကို တီးပြသလို သူတို့ကိုလည်း …ပြလိုက်ပေါ့ကွ' ဟု ဆိုသည်။

ဒင်နီက ခေါင်းညိတ်ပြပြီးနောက် ခုတွင် ထိုင်ကာ 'မိုင်ဖဲယား …ဒီ' ဂျက်ဇ်တေးသွား တီးလုံးဖြင့် တီးပြသည်။ ထို့နောက် ခေတ်…င်းများ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သော ကိုး ပေါတား၊ ရောဂျားနှင့် ဟတ်၊ အာဗင်း ဘာလင်းတို့၏ တေး ကို တီးပြသည်။ နောက်ဆုံးတွင် ပင်ပန်းသဖြင့် တောင်းပန်ရတော့သည်။

ညစာ စားပွဲ ပြီးခါနီးတွင် ရှိုးကျကျ ဝတ်ထားကာ လုပ်ငန်း တစ်ယောက် ဂိုက်ဖမ်းထားသည့် လူတစ်ယောက် သူ့နာမည် ကတ်ပြားကလေး ဖော့ယမ်းပြရင်း အနားသို့ ရောက်လာကာ ထိုနေ့ညက တီးသွားသော တီး များ အားလုံးကို စုပေါင်း၍ ဓာတ်ပြား အယ်လ်ဘမ် ထုတ်ချင်ကြောင်း ကမ်းလှမ်းသည်။

ထိုလူ ထွက်သွားပြီး ချက်ချင်း ဆိုသလိုပင် လွန်စွာ တင့်တယ် ပြေ သည့် ဆံပင် နက်နက်နှင့် အမျိုးသမီး တစ်ဦး သူ့ အနီးသို့ ရောက်လာ ချိုမြသည့် အသံဖြင့်

'ဒီနေ့ ညနေ ရှင့် လက်သံကို နားထောင်ရတာ သိပ်နားထောင် ကောင်းတာပဲ ရှင့်၊ ဂျက်နှင့် ကျွန်မတို့က တစ်ချိန်ချိန်မှာ ရှင့်ကို အိမ်ဖြူ ဖိတ်ပြီး အတီးခိုင်းရဦးမယ်' ဟု ပြောသည်။

ဒင်နီသည် ပင်လည်း ပင်ပန်းလှပြီ။ နည်းနည်း ဘဝင် မြင့်ချင်သလို ဖြစ်နေသည်။ ထို့ကြောင့် သူ့ကို ယဉ်ကျေးစွာ ခေါင်းညိတ်ပြလိုက်ပြီး 'ကျေ ဇူး တင်ပါတယ် ခင်ဗျား' ဟု ပြောလိုက်သည်။

ထို အမျိုးသမီးက ကျက်သရေရှိစွာ ပြန်လှည့်သွားသည့် အခါတွင် မိမိအား လာရောက် ဖိတ်ကြားသူမှာ အမေရိကန် သမ္မတကြီး ကင်နေဒီ၏ ဇ ဖြစ်နေသည်ကို သတိထားလိုက်မိသည်။

## အင်အရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

မတ် ၁၀၊ ၁၉၅

ဘွဲ့ရပြီး ကိုယ့်ကိုယ်ကိုယ် ပြန်ကြည့်လိုက်တော့ ကိုယ်ဟာ တက ပင်လယ်ပြင်ကြီးထဲမှာ မဟုတ်ဘဲ ဘဝ ပင်လယ်ကြီးထဲကို ရောက်နေ ကလား။

ကိုယ်ဟာ အမေရိကန် ရေတပ်မတော်က ရေယာဉ် တစ်စင်းပေ မှာ ရောက်နေပြီး အတ္တလန်တိတ် သမုဒ္ဒရာကြီးကို ဖြတ်နေပြီလေ ကိုယ့် ဘိုး ဘေး အစဉ်အဆက်ဟာ ရေတပ်မတော်မှာ အမှုထမ်း





ကြတဲ့ အတွက် ကိုယ်လည်း ထုံးစံအတိုင်း ရေတပ်မတော်ကို ဝင်လိုက် ပေမယ့် သူတို့လို တစ်သက်လုံး ရေတပ်ထဲမှာတော့ အချိန်ကုန် မခံ နိုင်ဘူး။

အရွယ်ရောက်သူတို့ ထုံးစံအတိုင်း တပ်မတော်မှာ စစ်မှုထမ်းရမယ် ဆိုပြီး ကြည်းတပ်က ရက်ကိုးဆယ် ကျိုပြီး အကြောင်းကြားတဲ့အခါမှာ ကိုယ် တွေးမိတယ်။ ကိုယ့်ဘဝကို ရွှံ့တွေ ဗွက်တွေထဲမှာ ဘယ်ညာ ဘယ်ညာ လုပ်ရင်း အချိန်ကုန် မခံနိုင်ဘူးလို့။ ဒါကြောင့် ကြည်းတပ်ကို လျှောက်လွှာ မတင်တော့ဘဲ ရေတပ်ကို လျှောက်လွှာတင်လိုက်တယ်။ သင်္ဘောပေါ်မှာ အခြေအနေတွေ ဘယ်လောက် ဆိုးတယ် ဆိုတာ သိ လျက်သားနှင့် ဝင်တာပါ။ ဒီလောက် မဆိုးနိုင်ဘူးပေါ့။ အနည်းဆုံး ဘယ်ညာ ဘယ်ညာတော့ မလျှောက်ရဘူးပေါ့။

ဒါပေမဲ့ ဘယ်မှာ ဒီလို ဟုတ်လို့တုံး။ ရေတပ်သား ဘဝ ဆိုတာ ငရဲကို ကျသလိုပါပဲလား၊ ငါ့ အခန်းဖော် နီဝေါကတော့ ရေတပ်ဗိုလ် ကလေး ဖြစ်လို့ ဆန်ဖရန်စစ္စကိုမှာ သင်္ဘောကို စောင့်နေတယ်။ သင်္ဘောပေါ် တက်ရင် သူ့ တပ်သားတွေကို အော်နိုင် ငေါက်နိုင်တယ်။ ငါကတော့ ဦးထုပ်ဖြူ ရေတပ်သား အဖြစ် စဝင်ရတာ။

သင်တန်းဆင်းပြီးတော့ ကိုယ့်ကို ဖျက်သင်္ဘောကို အစောင့်လိုက် တဲ့ စိန့်ကလဲယား သင်္ဘောပေါ်ကို တပ်သားအဖြစ် ပို့လိုက်တယ်။ တို့ အလုပ်က ယူအက်စ်အက်စ် ဟယ်မီတန် သင်္ဘောကြီးကို ပင်လယ်ပြင်မှာ ကလေးထိန်းသလို ထိန်းလိုက်ရမှာ။ ပင်လယ်ပြင်က ကလေးထိန်းပေါ့။ ကိုယ်တို့ ပထမ အလုပ်က စိန့်ကလဲယား သင်္ဘောရဲ့ သင်္ဘောပုံကို ထိန်းဖို့။ တစ်နည်းပြောရရင် ကုန်းပတ် တိုက်ရတဲ့ အလုပ်။ နောက် အလုပ် တစ်ခုကတော့ တို့ သင်္ဘော အရာရှိရဲ့ ဘောလုံး အဖြစ် အသုံး တော်ခံဖို့။ သင်္ဘော အရာရှိက ဘာဖြစ်လို့မှန်း မသိဘူး။ ကိုယ့်ကို မြင်မြင်ချင်း မျက်နှာကြော မတည့် ဖြစ်နေတယ်။ ကိုယ်လည်း ဟားဗတ် တက္ကသိုလ်က ထွက်တယ်လို့ မပြောရပါကလား။ ကောလိပ် ကျောင်းကို ရောက်ဖူးတယ်လို့တောင် မပြောမိဘူး။ နောက်တော့ ကိုယ်ဟာ မြင်ပြင်းကတ်စရာ ကောင်းအောင် ယဉ်ကျေးလို့ မျက်နှာ ကြော မတည့်တာလို့ တစ်ယောက်ဆီက ကြားရတယ်။

ဒါပေမဲ့ ငနဲက ကိုယ့်ကို တော်တော် စိတ်ဆင်းရဲအောင် လုပ်တတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ တစ်ခါတလေ ကိုယ်က အမိုလုပ်ရမယ့် အလုပ်တွေကို မ ရင်း ပွဲစင်ကို စောင့်ဖို့ တာဝန်မယူရင် ကိုယ်တို့ အခန်းထဲ ဒေါ် အောကြီးနှင့် ဝင်လာပြီး ကိုယ်ဖတ်နေတဲ့ စာအုပ်ကို 'အလကား စာ တွေ' ဆိုပြီး သိမ်းသွားတတ်တယ်။

တစ်ခါတော့ စိတ်ပေါက်ပေါက် ရှိတာနှင့် သူ ကန်သလို ကို ကလည်း ထပြီး ကန်တော့မလို့တောင် လုပ်မိသေးတယ်။ ညနေ စားပြီးလို့ရှိရင် ကိုယ်က စာဖတ်ရအောင် အခန်းကို စောစောပြ ဟန်ပြင်တယ်။ ပြီးတော့ အခန်းကို ပြန်လာပြီး စာဖတ်နေလိုက်တယ စာအုပ်က သမ္မာကျမ်း စာအုပ်ပါ။ ခဏနေတော့ ငနဲ နောက်က လို လာပြီး ကိုယ့်လက်ထဲက စာအုပ်ကို ဘာမှန်းမသိ ညာမှန်းမသိ 'ဟေ့ကောင်၊ မင်း စိတ်ဓာတ်ကို အဆိပ်ခတ်တဲ့ စာတွေ ဖတ်မနေနှင့် လို့ ပြောပြီး စာအုပ်ကို ဆွဲယူလိုက်တယ်။

ဒီတော့ ကိုယ်က ဘာသာရေး စာပေကို ဖတ်နေတာ၊ ကိုယ့်စိ ကို ငြိမ်အောင် လုပ်နေတာလို့ ပြောလိုက်တယ်။ တခြား သင်္ဘောသ နှစ်ယောက်လည်း ရှိတယ်။ ဒီတော့မှ သြော် ဟုတ်လား ဆိုပြီး စာအ ကို ကိုယ့် အိပ်ရာပေါ် ပစ်တင်ပြီး ထွက်သွားတယ်။

တိုက်ပွဲတော့ နိုင်လိုက်ပါရဲ့။ ဒါပေမဲ့ စစ်ပွဲတော့ ရှုံးလိုက်တ လေ။

ဒီနောက်တော့ ငနဲဟာ ကိုယ့်ကိုပဲ မဲနေတော့တာပဲ။ တစ်ခေါ တော့ တပ်က ထွက်ပြေးချင်လောက်အောင်ကို စိတ်ညစ်သွားတယ ဒါပေမဲ့ ခက်တာက ကိုယ့် သင်္ဘောက ကမ်းခြေနှင့် အနည်းဆုံး တစ်ထောင်လောက် ဝေးနေတော့ ဘာမှ လုပ်လို့ မရဘူးပေါ့။ ဒီနေ မှာတော့ ကြည်းတပ်က သာသွားပြန်ရော။

ဒါဟာ တကယ့် ဘဝတဲ့လား။ တကယ့် ဘဝ ဆိုရင် တော်ပါပြ ဒီလောက်ဆိုရင် လုံလောက်ပါပြီ။ ရေတပ်ထဲမှာ ဆက်သာ နေရဦးမ ဆိုရင်လည်း ဘယ်တော့မှ သင်္ဘောပေါ်ကို မတက်တော့ဘူး။

ဒါပေမဲ့ ခက်တာက သင်္ဘောပေါ်မှာ ဒီငနဲက အစိတ်အပိုင်း တ ပိုင်း ဖြစ်နေတယ်။ သူ့ကို ရှောင်လို့ မလွတ်ဘူး။ နောက်ဆုံးတော မတတ်နိုင်တာနှင့် ရေတပ်ဗိုလ်မှူးဆီ သွားပြီး ကိုယ့်ကို တာဝန်ပြော ပေးဖို့ ပြောတယ်။ တကယ့် အကြောင်းရင်းကိုတော့ မပြောဘူးပေ





ကိုယ်က ရေတပ်မှာ တခြား ကျွန်တော့် အတွက် သင့်တော်တဲ့ နေရာများ ရှိရင် ပြောင်းပေးပါလို့ ပြောတယ်။

ဘယ်နေရာလဲလို့ သူက မေးတယ်။

ကိုယ်က ကျွန်တော် ရေးတဲ့ ချွတ်တဲ့ဘက်က ဝါသနာ ပါပါတယ်လို့ ပြောလိုက်တော့ ဗိုလ်မှူးက ကိုယ့်ကို ပြန်ကြားရေး ဌာနကို ပြောင်းပေးလိုက်တယ်။

အဲဒီ ဌာနမှာ ရေတပ်ဖွဲ့ အသီးသီးက ထုတ်တဲ့ သတင်းစာတွေ ပို့တော့ ကိုယ်က အယ်ဒီတာလည်း လုပ်ရတယ်။ သတင်းထောက်လည်း လုပ်ရတယ်။ အရေးကြီးတဲ့ သတင်းတွေကိုလည်း ဝါရှင်တန်ကို ပို့ပေးရတယ်။

အလုပ်က မဆိုးပါဘူး။ ကောင်းပါတယ်။ ကပ္ပတိန်က ကိုယ် ပို့တဲ့ ကြိုးမဲ့ သတင်းတွေကို ဖြတ်တောက်တာ တစ်ခုပါပဲ။ သတင်းတွေက စိတ်ဝင်စားစရာ ကောင်းတယ်။ အသည်းထိတ်စရာလေးတွေ ပါတယ်။ တစ်ခါတလေမှာ ဟာသကလေးတွေ၊ ရယ်စရာကလေးတွေတောင် ပါလိုက်သေးတယ်။ ဒါပေမဲ့ အထက် အရာရှိတွေကတော့ ဒါမျိုးကို ဘယ်မှာ အရသာ ခံတတ်ပါ့မလဲ။

အရင် တစ်ပတ်က ဆိုရင် ကိုယ်တို့ သင်္ဘောဟာ မြေထဲပင်လယ်ကို ဝင်လာခဲ့တယ်။ ညက မှောင်မည်းပြီး နှင်းတွေ ပိတ်နေတယ်။ အမယ် ဓာတ်လမ်းအစက ဘယ်ဆိုးလို့တုံး။ ကြောက်စရာကောင်းတဲ့ အမှောင်ထုကြီးထဲမှာ ကိုယ်တို့ သင်္ဘောဟာ တခြား သင်္ဘော တစ်စင်းနှင့် ဝင်တိုက်မိတယ်။ အသေအပျောက်တော့ မရှိပါဘူး။ ဒါပေမဲ့ နောက် ဆိပ်ကမ်း တစ်ခု ရောက်ရင်တော့ သင်္ဘောကို နည်းနည်းပါးပါး ပြင်ရမယ်။

ပိုပြီး စိတ်ဝင်စားစရာ ကောင်းတာက ကိုယ်တို့ ဝင်တိုက်တဲ့ သင်္ဘောက ကိုယ်တို့ အမေရိကန်တပ်က ဖျက်သင်္ဘော ဖြစ်နေတဲ့ အချက်ပဲ။ ဒါပေမယ့် ကပ္ပတိန်ကတော့ အမေရိကန် သင်္ဘောတွေဟာ ဘယ်တော့မှ ဒီလို မဖြစ်တတ်ဘူးတဲ့။ ကိုယ်က သတင်းစာဆရာ ဆိုတော့ အမှန်တရားကို ရေးရမယ်။ ခု တိုက်မိတာဟာ အမေရိကန် သင်္ဘောချင်း တိုက်မိတာပဲ။ ဒါကြောင့် အမှန်အတိုင်း ပြောရမှာပဲလို့ ကိုယ်က ပြောတယ်။

ဒီတော့ ကပ္ပတိန်က ကိုယ့်ဘက်ကို လှည့်ပြီး ဆဲတော့တာပဲ။ သူ



www.burmeseclassic.com

www.burmeseclassic.com



ဆိုချင်တာကတော့ အမေရိကန် ရေတပ်မတော်မှာလည်း တစ်ခါတ
မှာ အမှားအယွင်းတော့ ရှိတတ်တာပဲ၊ ဒါပေမဲ့ ဒီလို သတင်းမျိုး
ထုတ်ပြန်လေ့ မရှိဘူးတဲ့။

ရေတပ်မတော်မှာ တစ်နှစ်၊ သုံးလနှင့် ဆယ့်တစ်ရက် အမှုထ
ပြီးရင် ထွက်ရတော့မယ်။ ဘာပဲဖြစ်ဖြစ် အပြစ်နှင့် မဟုတ်ဘဲ သိ
ရှိရှိ ထွက်ရတဲ့ အတွက် တော်သေးတယ်လို့ ဆိုရမယ်။

ဆာရာသည် သူ့ အတန်းထဲတွင် ထိပ်ဆုံးမှ အောင်သည်။

အမှန်ကို ပြောရလျှင် ဆာရာ၏ ပညာရေး နောက်ကြောင်း ရာ
သည် ထိုသို့ သူ့ အတန်းဖော်များကို ကျော်၍ ထိပ်ဆုံးသို့ ရောက်လာမည်
ထင်စရာ မရှိ။ ရက်ကလစ် ကောလိပ်တွင် ယူသည့် ဘာသာရပ်များ ဖြစ်သ
လက်ရေးတိုနှင့် လက်နှိပ်စက် ဘာသာရပ်တွင် သူ့ထက် တော်သူတွေ အမ
ကြီး ရှိခဲ့သည်။ သို့ရာတွင် ပထမ နွေရာသီ သင်တန်း ပြီးသွားသည့် အ
ဦကား ဆာရာသည် တစ်မိနစ်ကို လက်ရေးတို စာလုံး ၁၁၀ ရပြီး လက်
စက်တွင် တစ်မိနစ်ကို ၇၅ လုံး ရအောင် ရိုက်နိုင်နေပြီ။

နွေရာသီ သင်တန်း ကျောင်းအုပ် ဆရာကြီး မစ္စတာ ဟုမ်းက

'ညည်းအဖို့ နောက်ထပ် သင်တန်းတွေကို ဆက်တက်နေရင်လ
အလုပ် ဈေးကွက်မှာ ဒီထက် ပိုကောင်းတဲ့ နေရာမျိုးကို ရမှာ မဟုတ်ဘူး
ညည်း ရတဲ့နှုန်းက တော်တော် မြန်နေပြီ၊ ဒီတော့ လက်ရေးတိုနှင့် လက်
စက် မြန်နှုန်းရယ်၊ ညည်း ပညာရေး နောက်ခံရယ် ပေါင်းလိုက်ရင် လုပ်
အုပ်ချုပ်ရေး ဌာနမှာ အတွင်းရေးမှူးတော့ ရမှာ သေချာတယ်၊ ဒီတော့ အ
ခေါ်တဲ့ ကြော်ငြာတွေကိုသာ လိုက်ရှာပေတော့'

ဆရာ ဟုမ်း၏ အားပေးမှုကြောင့် စိတ်အား ထက်သန်သွား
ဆာရာနှင့် လင်းဗရိစ်တို့သည် အလုပ် ခေါ်သည့် ကြော်ငြာများကို သတ
တများတွင် လိုက်ကြည့်ကြသည်။ ကိန်းဗရစ် မြို့ကလေးမှာပင် အလုပ်
အလည်း ပေါပါဘိခြင်း။ သူတို့နှင့် တစ်ပြ အကွာသို့ လျှောက်သွားလိုက်လျှ
င် အလုပ်ခန့်မည့် လုပ်ငန်းတွေ တစ်ပုံတစ်ပင်။

ပထမဆုံး ဝင်တွေ့ရသည့် လူတွေ့ စစ်ဆေးသည့် အလုပ် နှစ်ခု





အားကျလောက်သည့် အလုပ်တွေချည်း ဖြစ်နေသဖြင့် အရွေးရ ခက်နေ
သည်။ ဟားဗတ် တက္ကသိုလ် ဒုတိယ အဓိပတိထံတွင် လုပ်ရမည့် အလုပ်
တစ်ပတ်ကို ၇၀ ဒေါ်လာ ရသည်။ တက္ကသိုလ် ပုံနှိပ်တိုက် အလုပ်မှာ
ပတ်ကို ၅၅ ဒေါ်လာ ရသည်။ ထိုအလုပ် နှစ်ခု အနက် သူတို့ လင်မယား
သည့် အလုပ်ကို သဘောကျသည်မှာ ပြောဖို့မလို။

တက္ကသိုလ် ပုံနှိပ်တိုက် အလုပ်ကို ပထမ စဉ်းစားကြသည်။ အလုပ်
က နီးနီးကလေး။ နှင်းမုန်တိုင်း တိုက်သည့် နေ့များတွင်ပင် လေကို စီး
သွားရုံဖြင့် အသာကလေး ရောက်နိုင်သည်။ ဒုတိယ အချက်မှာ တက္ကသိုလ်
တိုက်တွင် ဆိုလျှင် ရာထူး အတိုး မြန်နိုင်သည်။ ဆာရာ ဘာသာစကား
ကျင်ပုံမျိုးနှင့် ဆိုလျှင် မကြာမီမှာပင် စာတည်း တစ်ယောက် ဖြစ်လာနိုင်
သည်။

တက္ကသိုလ် ပုံနှိပ်တိုက် အလုပ်ကို သဘောအကျဆုံး အရာမှာ သူတို့
သနာ ပါသည့် ဂန္ထဝင် စာပေများကို ဖတ်နိုင် လေ့လာနိုင်သောကြောင့်
သည်။ ထို့မှုမက ဘယ်ပညာရှင်က ဘာစာအုပ် ရေးနေသည်၊ ဘယ်သူ့
အုပ်ကို ပယ်ချပြီး ဘယ်သူ့ စာအုပ်ကို လက်ခံသည် ဆိုသည့် သတင်းများကို
ဆုံး သိရသည်။ လင်းဗရိစ်က အလုပ် လိုက်ရှာနေစဉ် ထိုစာပေများကို
ရသည့် အတွက် သူ့အဖို့လည်း များစွာ အကျိုး ရှိသည်။

ဘွဲ့ရဖို့ ကိစ္စသည် သူ ထင်သည်ထက် ပို၍ ခက်ခဲနေသည်ကို လင်း
တွေ့ရသည်။ ပါရဂူဘွဲ့ တစ်ခု ရဖို့ အတွက် ဘာသာဗေဒ၊ သဒ္ဒါ၊
ကျမ်း၊ ဂရိနှင့် လက်တင် ဆန်းကျမ်း စသည်တို့ကို လေ့လာရသည်။
အားလျော်စွာပင် ညနေ ထမင်းဝိုင်းတွင် ထိုအကြောင်းများကို သူနှင့် ဆွေး
ဖော် ရှိသည့် အတွက် ကံကောင်းသည်ဟု ဆိုနိုင်သည်။

နွေရာသီ ကတည်းက သူတို့ နှစ်ယောက်သည် အတူတကွ နေထိုင်ခဲ့
သည်။ လင်းဗရိစ်က ညနေစာကို သူ ချက်မည်ဟု ဆိုသည်။ သို့ရာတွင်
တော်ကဲသည် မီးဖိုချောင်မှာ ဂန္ထဝင် စာပေများကို လေ့လာရဦးမည်။ ထို့
ကြောင့် ဆာရာသည် သူ့ ယောကျ်ား လင်းဗရိစ် စာကျက်၍ ပြီးမှ မီးဖိုချောင်
ဝင်သဖြင့် ည ဆယ်နာရီထိအောင် ဆာဆာဖြင့် စောင့်နေရသည်။

ထို့နောက်တွင်မှ သူတို့ နှစ်ယောက်သည် လင်းဗရိစ် ချက်သည့်
သာ ရှိသော ညစာကို အတူ စားကြမည်။ ထမင်းစားဝိုင်းတွင် အကြေ စား
င်ကလေးလည်း ပါသည်။ ဂီတကလေးလည်း ပါသည်။ ညစာ ထမင်းဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် ခပ်မှိန်မှိန် ဖယောင်းတိုင် မီးကလေး ထွန်းထားသည်။ ညစာကို အ
အကြွဲ ရှိသည့် စားပွဲထိုးက တည်ခင်းပေးသည်။ ထိုစားပွဲထိုးသည် ည
တည်ခင်းပေးပြီးနောက် ဆာရာ့ အနီးတွင် ဝင်ထိုင်ကာ သူ့ကို ဘယ်လော
ချင်ကြောင်း ပြောမည်။ ထို့နောက် အိပ်ရာသို့ အတူ ဝင်ကြမည်။

သူတို့ ထမင်းဝိုင်းကလေးသည် ပျော်စရာ ကြည်နူးစရာ ကောင်းသ
မှာ မှန်၏။ သို့ရာတွင် နောက်တစ်နေ့ မနက်၌ ဆာရာသည် သူ့ လက်နှိပ်
စားပွဲ၌ ထိုင်ရင်း သူ့ယောက်ျား ပင်ပန်းသည့် အတွက် စိတ်မကောင်း၍ လ
နှိပ်စက်ကိုပင် ဖြောင့်ဖြောင့် မရိုက်နိုင်။ ဤတွင် ဆာရာသည် လင်းဗရိ
ဂရိ ဟင်းချက်နည်းများကို သူ့ ယောက္ခမ အမထံမှ သင်ကြားရန် ဆုံးဖြ
သည်။ သို့ဆိုလျှင် လင်းဗရိစ်က အင်ဒို - ဥရောပ ဝေါဟာရ ဇာစ်မြစ်မျ
လေ့လာနေချိန်တွင် သူက ထမင်း ဟင်း ချက်ပေးနိုင်သည်။

ယောက္ခမ အမကလည်း သူ့ ချွေးမက သူတို့ ဂရိဟင်းချက်နည်း
ကို စိတ်ဝင်စားသည် ဆိုသည့် အခါတွင် အကြီးအကျယ် သဘောကျ
တတ်သမျှ မှတ်သမျှ သင်ပေးသည်။ ဆာရာကလည်း ဝီရိယ ကောင်းကော
နှင့် လေ့လာသည်။

ဇန်နဝါရီလလောက်တွင်မူ ဆာရာသည် ဂရိ ထမင်းဟင်းကို ကော
ကောင်း ချက်တတ်ပြီဟု ဂုဏ်ယူ ဝင့်ကြွားနိုင်လေပြီ။ လင်းဗရိစ်မှာကား နွေ
ပေါက် သင်တန်းများ ပြီးသည်နှင့် ဘာသာဗေဒ စာမေးပွဲတွေကို တစ်
တစ်ခု ဖြေနေရသည်။

သူ့ စိတ်အညစ်ဆုံးမှာ ဂျာမန်ဘာသာ ဖြစ်သည်။ ဂန္ထဝင်များကို သ
မှု ခက်ခဲ သည့်မှု ပျင်းစရာ ကောင်းသော ဘာသာစကားဖြင့် ဘာကြောင့်
ရေးခဲ့ကြပါလိမ့်မည်ဟုပင် သူ တွေးမိသည်။ ဤတွင်လည်း ဂျာမန်ဘာသာ
ကျောင်းတွင် သုံးနှစ်တိတိ သင်ခဲ့ဖူးသည့် ဆာရာက သူ့ကို ဝါကျ တည်ဆော
စသည်တို့တွင် အကူအညီ ပေးသည်။

ထိုသို့သော သင်တန်း အသေးစားကလေး တစ်ခု၌ လင်းဗရိစ်သည်
ခနီးသည် ဆာရာကို အမြတ်တနိုး ကြည့်ကာ

'ဆာရာသာ မရှိခဲ့ရင် ကိုယ် ဘယ်လိုနေမလဲ မသိဘူးနော်' ဟု
သည်။

'အမယ်လေး၊ ဘယ်လို နေရမှာလဲ၊ ဘွဲ့ရပြီး ကောင်မ ချောချော
နောက်ကို လိုက်နေမှာပေါ့'





'ဒီလို မပြောပါနှင့်ကွယ်' ဟု ဆိုကာ လင်းဗရိစ်က ဆာရာကို သူ့
ခွင်ထဲသို့ ဆွဲသွင်းလိုက်သည်။

လင်းဗရိစ်သည် ဆာရာ၏ ကူညီမှု အားပေးမှုဖြင့် စာမေးပွဲ တန်းခုန်ပွဲ
ကို ကျော်လွှားကာ ဆိုဖိုကလီနှင့် ပတ်သက်သည့် စာတမ်း တစ်စောင် ရေး
သည်။ ထိုစာတမ်း ပြီးသည့် အခါတွင် ပါမောက္ခ ဖင်လေက သူ့ စာပေ
ညာ သင်တန်းများတွင် လင်းဗရိစ်အား စာပြဆရာ တစ်ယောက် အဖြစ်
ခပ်လိုက်သည်။

ဗရိစ်သည် အိပ်ရာထဲတွင် တလူးလူး တလိမ့်လိမ့်ဖြင့် တော်တော်နှင့်
မပျော်။

ဆာရာက လင်းဗရိစ်၏ ပခုံးပေါ်သို့ အသာ လက်လှမ်းတင်လိုက်ပြီး
'လင်း ဘာဖြစ်နေတာလဲ ဟင်' ဟု ခပ်တိုးတိုး မေးသည်။

'အိပ်လို့ မရဘူးကွာ၊ မနက်ဖြန် စာသင်ရမှာကို တွေးပြီး လန့်နေတယ်၊
ကြီးပဲ'

'ဟုတ်တာပေါ့၊ ကိုယ့်ဘဝမှာ ပထမဆုံး တွေ့ရမယ့် သင်တန်း မဟုတ်
ဒီတော့ ရင်ဖိုနေမှာပေါ့၊ သဘာဝကျပါတယ် လင်းရယ်၊ ဒီလိုပဲ ဖြစ်ရ
'

'ရင်ဖိုရုံတင် မကဘူးကွ၊ ကြောက်နေတာ' ဟု ဆိုကာ လင်းဗရိစ်
အိပ်ရာပေါ်တွင် ထထိုင်သည်။

'ဒီလောက်လည်း ကြောက်မနေပါနှင့် လင်းရယ်၊ မနက်ဖြန် ဝင်ရမယ့်
း:က ပထမနှစ် လူသစ်တွေပါ၊ သူတို့က လင်းထက်တောင် ကြောက်နေ
ခဲ့ဦးမယ်၊ လင်း ပထမနှစ် စတက်တုန်းကလည်း ဒီလိုပဲ မဟုတ်လား'

'ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ဒီနေ့ခေတ် ကျောင်းသားတွေက
တို့ ခေတ်နှင့် မတူတော့ဘူးကွ၊ ဒီကလေးတွေက ပိုပြီး ထက်လာကြ
အရေးထဲမှာ ကမ္ဘာကျော် ပါမောက္ခကြီး တစ်ယောက်ကလည်း မနက်
အတန်းတွေထဲကို ဝင်ကြည့်ဦးမယ်တဲ့၊ ဘယ်အချိန် ရောက်လာမယ် ဆို
တော့ မပြောတတ်သေးဘူး'

နှိုးစက် ပေးထားသည့် နာရီကို ဆာရာ လှမ်းကြည့်သည်။ မနက် ငါး
ပြန်အိပ်ဖို့ အချိန်ရမည် မဟုတ်တော့သည့် အတွက် လင်းဗရိစ်ကို
မတိုက်တွန်းတော့ပြီ။



www.burmeseclassic.com

www.burmeseclassic.com



'ကဲ ဒီလိုဆို ထတော့၊ ကိုယ် ကော်ဖီ ဖျော်ပေးမယ်၊ လင်းက အတ ထဲမှာ ဘယ်လို သင်မယ် ဆိုတာ အစမ်းလုပ်ပြ၊ ဇာတ်တိုက်တဲ့ သဘောပေ ကိုယ်က နားထောင်မယ်'

'ဟုတ်တယ်၊ ဒါ ကောင်းတယ်'

လင်းဗရိစ်သည် အိပ်ရာ အကျဉ်းထောင်ကြီးထဲက လွတ်မြောက်သွာ သဖြင့် ဝမ်းသာသွားသည်။ ဆာရာက မတ်ခွက်ကြီး နှစ်ခွက်ဖြင့် နက်စ်ကာ ဖျော်လာခဲ့သည်။ သူတို့ လင်မယား နှစ်ယောက်သည် ထမင်းစားပွဲတွင် ထိ ကြသည်။ ခုနစ်နာရီ ခွဲသည့် အခါတွင် ဆာရာက ရယ်သည်။

'ဘာဖြစ်လို့ ရယ်တာလဲ၊ မောင် ဘာမှားလို့လဲ' ဟု လင်းဗရိစ်က သည်။

'အမယ်လေး၊ ရှူးလိုက်တဲ့ မောင်၊ ရှင် ဟိုးမားရဲ့ ကဗျာ အကြောင်းကို ကျကျနန ပြောနေတာ နှစ်နာရီ ကြာသွားပြီ ရှင့်၊ ရှင် ပေးရမ လက်ချာက မိနစ် ငါးဆယ်တည်းရယ်၊ ဒီလောက် ပြောနိုင်တာတော ကျောင်းသားသစ်ကလေးတွေကို လက်ချာ မပေးနိုင်သေးဘူးလို့ ထင်နေတ ပဲလား'

'ဟေ ဟုတ်လား၊ ဒီလိုဆိုရင် ကိုယ့်မိန်းမက တကယ့် စိတ်ပညာ ကြီး တစ်ယောက် ဖြစ်နေတာပေါ့'

'စိတ်ပညာရှင်ကြီး မဟုတ်ပါဘူးကွယ်၊ ကိုယ့် ယောကျ်ား အကြောင်း သူ့ထက် ပိုသိတဲ့ မိန်းမပါ'

---

လင်းဗရိစ် ပထမဆုံး ပို့ချရသည့် နေရာ၊ နေ့စွဲနှင့် အချိန်ကို သူ တစ်သ တွင် မေ့နိုင်မည် မထင်တော့။ ၁၉၅၉ ခု၊ စက်တင်ဘာလ ၂၈ ရက်၊ ကြာနေ့၊ မနက် ၁၀ နာရီ ၀၁ မိနစ် အချိန်တွင် သိပ္ပံပညာဌာန အဆောက်အ ရှိ စာသင်ခန်းထဲသို့ ဝင်လာခဲ့သည်။ သူ့ လက်ထဲတွင်လည်း ရယ်စရာ ကော လောက်အောင် စာအုပ်တွေ တစ်ပွေ့ တစ်ပိုက်ကြီး ပိုက်ထားသည်။ စာသ နေရင်း တန်းလန်း ပြောစရာ ကုန်သွားလျှင် အဆင်သင့် ဖတ်ပြနိုင်အော ဆိုပြီး စာအုပ်ထဲက စာပိုဒ်တွေကိုလည်း မျဉ်းတွေ သားလာခဲ့သေးသည်။ နာရီ ၅ မိနစ်တွင် လင်းဗရိစ်သည် သူ့ အမည်နှင့် စာသင်ချိန်ကို သင် ကြီးပေါ်တွင် ရေးချလိုက်ပြီးနောက် ကျောင်းသားများဘက်သို့ မျက်နှာမူလ သည်။





ကျောင်းသားက များများစားစား မရှိ။ ဆယ့်လေးယောက်တည်းသာ။ ကျောင်းသား ဆယ်ယောက်နှင့် ကျောင်းသူ လေးယောက်တို့ ဖြစ်သည်။ လေ့ ခန်း စာအုပ်တွေ ဖွင့်ကာ ခဲတံတွေ ကိုင်ထားကြပြီး သူ ပို့ချချက်များကို လိုက်ရေးရန် အသင့် ဖြစ်နေကြသည်။ ဘုရားရေ၊ ငါ ပြောသမျှကို လိုက်ရေး ကြတော့မှာလားဟု တွေးမိသဖြင့် လန့်သွားသည်။ သူက အမှား တစ်ခုခုတလေ မိပြီး ကျောင်းသားက ပါမောက္ခ ဖင်လေကို သွားပြလျှင် ဘယ့်နှယ့် လုပ် မည်နည်း။ အထက်တန်း ကျောင်းတုန်းက ဂန္ထဝင်ကို သင်လာသည့် ကျောင်းသား ပါလာသဖြင့် အတန်းထဲတွင် ထ၍ အမှားကို ထောက်ပြလျှင် ပို၍ အရှက် ရဦးမည်။ ဟန်ကိုယ့်ဖို့ပဲ။ ပို့ချချက်ကို စရတော့မည်။

လင်းဗရိစ်သည် သေချာစွာ ထုတ်ထားသည့် အဝါရောင် သူ့ မှတ်စု အုပ်ကို ဖွင့်၍ အသက် တစ်ချက် ရှိုက်လိုက်၏။ ပြီး မော့ကြည့်လိုက်သည်။ နှလုံးသားက တဒိတ်ဒိတ် ခုန်လျက်။ သူ့ နှလုံးခုန်သံကို ကျောင်းသား ပင် ကြားရလိမ့်မည် ထင်သည်။

'အဲ မင်းတို့ အထဲက ရူပဗေဒများ ယူခဲ့ဖူးသူ ရှိရင် ခု အတန်းဟာ န်းတွေ ဆက်ရှင် ဆိုတာ သဘောပေါက်ကြမှာပဲ၊ ဆရာကတော့ မင်းတို့ တန်းရဲ့ ဆရာ၊ အဲ မင်းတို့ ဆွေးနွေးဝိုင်းရဲ့ ခေါင်းဆောင် ဆိုပါတော့၊ ရာက မင်းတို့ နာမည်ကို ရေးမှတ်နေချိန်မှာ ဆရာ့ နာမည်ကိုလည်း မှတ် ကြ၊ သင်ပုန်းပေါ်မှာ ရေးပြထားတယ်၊ ဆရာ့ နာမည်က ဂရိ နာမည် တော့ အင်္ဂလိပ်လို ထွန်းလင်းခြင်းလို့ အဓိပ္ပာယ်ရတယ်၊ တကယ် ထွန်းလင်း သား မထွန်းလင်းဘူးလား ဆိုတာတော့ တစ်လ နှစ်လလောက် အကဲခတ် ည့်ပေါ့ကွာ'

အတန်းသားတွေက သဘောကျ၍ ရယ်ကြသည်။ ကြည့်ရတာကတော့ ဘောကျပုံပဲ။ လင်းဗရိစ်သည် အနည်းငယ် နေသာ ထိုင်သာ ရှိသွား၏။

'ခု ဆရာတို့ သင်ရမယ့် သင်တန်းက အနောက်တိုင်း ယဉ်ကျေးမှုရဲ့ င်းအမြစ်ကို သင်ရမှာ၊ ဟိုးမားရဲ့ မဟာ ကဗျာကြီး နှစ်ပုဒ် အကြောင်း၊ နောက်တိုင်း စာပေမှာတော့ အကောင်းဆုံး မဟာ ကဗျာကြီးတွေ ဆိုပါစို့၊ လီယက် ကဗျာကြီးက တို့ သင်ရမယ့် ပထမဆုံး အလွမ်းကဗျာရှည်ကြီး ပြီး အိုဒက်ဆီကတော့ တို့ သင်ရမယ့် ပထမဆုံး အသော ကဗျာရှည်ကြီး

ထိုနောက်တွင်မူ သူယူလာသည့် မှတ်စုကိုပင် ငုံ့ကြည့်စရာ မလိုတော့။ ဗရိစ်သည် ဟိုးမား၏ ကြီးကျယ် ခမ်းနားပုံ၊ ဟိုးမား၏ ရေးဖွဲ့ ဟန်၊



www.burmeseclassic.com

www.burmeseclassic.com



နှုတ်မှ ရွတ်ဆိုခဲ့ကြသည့် အစဉ်အလာနှင့် အမျိုးသမီး သူရဲကောင်းတို့နှင့် ပ
သက်သော ဂရိစာပေ ခံယူချက် စသည်တို့ကို တောက်လျှောက်ကြီး ပြောသွား
သည်။

ပြောကောင်းကောင်းနှင့် အရှိန်ရနေစဉ် အချိန် စေ့သွားသည်။

'အင်း ဆရာ နည်းနည်း လေရှည်သွားတယ်၊ ဒီနေ့တော့ ဒီလောက်
ရပ်ကြဦးစို့၊ မေးစရာ ရှိသေးသလား'

နောက်တန်းမှ လက်ညှိုး တစ်ချောင်း ထောင်လာသည်။

'ဆရာ ဟိုးမားကို ဂရိလို ဖတ်ဖူးသလား ဆရာ' ဟု မျက်မှန်
ကျောင်းသား ငယ်ငယ် တစ်ယောက်က မေးသည်။

'ဖတ်ဖူးတာပေါ့' ဟု လင်းဗရိစ်က ဂုဏ်ယူ ဝင့်ကြွားစွာ ဖြေသည်။

'ဒီလိုဆိုရင် ကျွန်တော်တို့ကို ဂရိ ဘာသာနှင့် တစ်ပုဒ်လောက် ဖတ်
ပါလား ဆရာ၊ သူ့ ပင်ကိုသံနှင့် နားထောင်ကြည့်ရတာပေါ့'

လင်းဗရိစ်က ပြုံး၍

'ကောင်းပြီလေ၊ ဆရာ အတတ်နိုင်ဆုံး ကြိုးစား ရွတ်ပြမယ်'

သူ့ရှေ့ စားပွဲပေါ်တွင် အောက်စဖို့ တက္ကသိုလ်ထုတ် ကဗျာ စာအုပ်
ရှိသည်။ သို့ရာတွင် လင်းဗရိစ်သည် အိလီယက်ထဲမှ စာပုဒ် တစ်ပုဒ်
အလွတ် ရွတ်ပြသည်။ သူတို့ နားလည်မည် ထင်သည့် စကားလုံးများ
အလေးအနက် အသံထွက်၍ ပြသည်။ ထို့နောက် အသံ တဖြည်းဖြည်း ကျ
လာကာ နောက်ဆုံးတွင် ရပ်လိုက်၏။

အတန်းသူ အတန်းသားများက လက်ခုပ်တီး ဩဘာပေးကြသဖြင့် 
အုံ့ဩသွားသည်။ ထိုစဉ် ခေါင်းလောင်းထိုးသွားသည်။ လင်းဗရိစ်သည် 
လည်း မောသွားသည်။ ရင်ထဲတွင်လည်း ပေါ့ပါးသွားသည်။ ကျောင်းသား
၏ ဝေဖန်သံများကို ခပ်သဲ့သဲ့ ကြားလိုက်မိသည်။

'တို့ ကံကောင်းတာပဲကွ' ဟု တစ်ယောက်က ပြောသည်။

'ဆရာကတော့ တော်တော် ပြောနိုင်သဟေ့' ဟု တစ်ယောက်က 
မြင်ချက် ပေးသည်။

'ပါမောက္ခ ဖင်လေထက်တောင် ကောင်းတယ် ဆရာ' ဟူသော 
ကလေး အသံ တစ်သံကို သူ နောက်ဆုံး ကြားလိုက်ရသည်။ သို့မဟုတ် 
ကြားလိုက်သည် ထင်သည်။

သို့ရာတွင် ထိုမိန်းကလေး၏ အထင်မှာ နွမ်းနယ် ပင်ပန်းနေသော





ကူးဖြင့် ပြောလိုက်ခြင်းသာ ဖြစ်ပါသည်။ အကြောင်းမှု ပါမောက္ခ ဖင်လေ
သည် ဟားဗတ် တက္ကသိုလ်၏ သမိုင်းတွင် အတော်ဆုံးသော ဆရာ တစ်
ယောက် ဖြစ်သောကြောင့်ပါတည်း။

လဒန် ဖဲလိုးရှစ်မှ ပေးသော ခရီးသွားလာခွင့်ဖြင့် ဂျေဆန်သည် ခရီး
တော်များများ သွားဖြစ်လိုက်သည်။ ပညာရေး အတွက်ရော၊ အားကစား
တွက်ပါ ဘက်ညီအောင် ပေါင်းစပ်ထားသော ခရီး ဖြစ်သည်ဟု ဆိုနိုင်ပါ
။ ဂျေဆန်သည် ဥရောပ တင်းနစ် ပြိုင်ပွဲများတွင် တတ်နိုင်သမျှ ပါဝင် ဆင်
သည်။ ရောက်သင့် ရောက်ထိုက်သည့် ပြတိုက်ကြီးများသို့လည်း ရောက်ခဲ့
သည်။

တင်းနစ် ချန်ပီယံဘွဲ့ ရထားသဖြင့် သာမန် ကျောင်းသားတို့ လုပ်ရိုး
စဉ် လုပ်ရသည့် စာများကို မလုပ်ရသော်လည်း ဂျေဆန်သည် နိုင်ငံတကာ
ခဲလျှောစီး ပြိုင်ပွဲများ အကြောင်း လေ့လာ သုတေသန ပြုနိုင်ခဲ့သည်။ အထူး
ဖြင့် ဩစထရီးယား၊ ပြင်သစ်နှင့် ဆွစ်ဇာလန် တောင်စောင်းများမှ ရေခဲ
လျှောစီး ပြိုင်ပွဲများ အကြောင်းကို သုတေသန ပြုနိုင်ခဲ့သည်။

အားကစားတွင် ငြီးငွေ့ လာသော အခါများတွင် ဂျေဆန်သည် ဆွဲ
ဆောင်မှုတွေ ပြည့်နှက်နေသည့် ပါရီသို့ လာခဲ့သည်။ ဂျေဆန်သည် ပြင်သစ်
စကားကို နားမလည်သည့်တိုင် 'ချစ်ကြည်နူးစရာ နိုင်ငံတကာ ဘာသာစကား'
၌ ကောင်းစွာ ကျွမ်းကျင်သူ ဖြစ်သည်။ ယင်းမှာ အခြားမဟုတ်။ အမျိုး
သမီး လမ်းပြ တစ်ယောက်ကို အလွယ်တကူ ရှာတတ်ခြင်းပင် ဖြစ်သည်။

ပါရီ ရောက်ပြီး မကြာမီတွင် ဂျေဆန်သည် ပြတိုက် တစ်ခုတည်းတွင်
မိုနေး၏ ပန်းချီကား တစ်ခုကို အမြတ်တနိုး ကြည့်နေသည့် မာတီ ဆိုသည့်
ကောင်မလေး တစ်ယောက်နှင့် ခင်မင် ရင်းနှီးသွားကြသည်။ မာတီက မိုးနေး
၏ ပန်းချီကားများကို အမြတ်တနိုး ကြည့်နေစဉ် သူက မာတီ၏ ခြေသလုံး
သွယ်သွယ်များကို အမြတ်တနိုး ကြည့်နေသည်။

မြို့လယ်ရိပ်သာ လမ်းမကြီးများကို လျှောက်ကြည့်ကြရင်း ဂျေဆန်
သည် ပါရီ ရွှေမြို့တော်သူ မြို့တော်သားတို့၏ ဘဝကို တအံ့တဩ ဖြစ်
သည်။ ကော်ဖြော ပိုစတာများကလည်း လမ်းထောင့် ဆိုင်ကလေးများ၊ နံရံ



www.burmeseclassic.com

www.burmeseclassic.com



များတွင် ပြည့်လျှက်။ ထိုအထဲမှ ကြော်ငြာ တစ်ခုကို သူ သွား သတိပြုမိသည်။ 'အမေရိကန် စန္ဒရားဆရာ ဒင်နီ ရော့ဆီ စန္ဒရား တီးပြမည်' ဆိုသည့် ကြော်ငြာ ဖြစ်သည်။

'ဟော့ ဒီင်နဲက ကိုယ့် သူငယ်ချင်းပါလား၊ ကိုယ်တို့ သွားပြီးတော့ နား ထောင်မလား' ဟု ဂျေဆန်က ဂုဏ်ယူ၍ ပြောသည်။

'သွားလေ' ဟု မာတီက သဘောတူသည်။

ကံကြမ္မာ၏ စည်းချက် ညီသည့် တီးလုံးကြောင့် ဂျေဆန်သည် ပါ တွင် ပထမဆုံး တီးပြသည့် ဒင်နီ၏ ပွဲသို့ ရောက်သွားသည်။

စင်နောက်ဘက်တွင် ဂျေဆန်နှင့် မာတီတို့သည် ဒင်နီကို လာတွေ့ကြ သည့် သတင်းထောက်များ ပရိသတ်များကြားထဲမှ တိုးဝှေ့ကာ ရှေ့သို့ တိုး ခဲ့ကြသည်။ ထိုနေ့ညတွင် ကြယ်ပွင့်ဖြစ်သော ဒင်နီသည် သူ့ အတန်းဖော် သူ ငယ်ချင်း ဂျေဆန်ကို တွေ့ရသည့် အတွက် ဝမ်းသာနေသည်။ ဂျေဆန်နှင့် လာသည့် ခပ်ချောချော မာတီကိုလည်း ယဉ်ကျေးသိမ်မွေ့၍ သွက်လက်သော ပြင်သစ်စကားဖြင့် ဆီးကြိုခြင်း ပြုသည်။

ဂျေဆန်က သူတို့ သုံးယောက် အပြင်ထွက်၍ ညစာ စားရန် ခေါ် သည်။ သို့ရာတွင် ဒင်နီမှာ သီးသန့် ဧည့်ခံပွဲ တစ်ခု ရှိသဖြင့် မလိုက်နိုင်

ထိုနေ့ ညပိုင်းတွင် သူတို့နှစ်ယောက် ကြက်သွန်ဥ ဟင်းချို ပျစ်ပျစ်ကို သော နေကြစဉ် မာတီက

'အဲဒီ ဒင်နီ ဆိုတဲ့ သူက ရှင့်သူငယ်ချင်း အောက်မေ့နေတာ'

'ဟုတ်တယ်လေ၊ ဘာလဲ၊ မဟုတ်ဘူးလို့ ထင်လို့လား၊ ဘာဖြစ်လို့

'သူက ကျွန်မကို ကာစတယ်ကို သွားကြရအောင်လို့ ခေါ်နေလို့၊ နှ ယောက်တည်း သွားမယ်တဲ့၊ ရှင့်ကို ပစ်ထားခဲ့မယ်တဲ့'

'အမယ်၊ ခွေးသားက လုပ်ါးဝလို့၊ မိန်းမတွေ အတွက် ဘုရားသခင် သူ့ကို ဖန်ဆင်းထားခဲ့တယ်လို့များ ထင်နေသလား မသိပါဘူး'

'မဟုတ်ပါဘူး၊ မိန်းမတွေ အတွက် ဘုရားသခင်က ရှင့်ကို ဖန်ဆင်း ထားခဲ့တာပါ၊ သူ့ကိုတော့ ဂီတ အတွက် ဖန်ဆင်းထားခဲ့တာ'

၁၉၅၉ ခု ဧပြီလသို့ ရောက်သည့်အခါတွင် ဂျေဆန်တွင် အတိတ်က အမှ ရစရာတွေ ပြည့်နေပြီ။ ဂျေဆန်သည် တင်းနစ်ကွင်းထဲသို့ ပြန်ရောက်





ပြီ။ နှုတ်ဆက်ခရီး အဖြစ် ဂျေဆန်သည် နိုင်ငံတကာ တင်းနစ်ပြိုင်ပွဲ မှန် ကို လက်ခံ ရိုက်နေသည်။

တင်းနစ်ပွဲတွေကို ရိုက်ရသည့်တိုင် သူ့ ခရီးသည် ပညာရေး အတွက် သည်း အသုံးဝင်သင့်သလောက် ဝင်သည်။ အကြောင်းမှု သူသည် ကမ္ဘာတွင် တော်ဆုံးသော တင်းနစ်သမား တစ်ဦး မဟုတ်သေးကြောင်းကို ဂျေဆန် သဘောပေါက်လာခဲ့သောကြောင့် ဖြစ်သည်။ ယခုအထိ သူသည် ကွာတား ဖိုင် နယ်မှ မတက်သေး။ ကွာတား ဖိုင်နယ် ရောက်သည်နှင့် ပြုတ်ကျန် နေရစ်ခဲ့ တတ်သည်။ နာမည်ကျော် ကမ္ဘာ့ ချန်ပီယံ တစ်ယောက်ကို တစ်ပွဲလောက် နိုင်ရိုက်နိုင်ရုံမျှဖြင့် ဘာမျှ မပြောလောက်သေး။ ထိုမျှလောက်သာ နိုင်ခြင်း သည် အကင်းလောက်ဟု သူ သဘောထားသည်။

ဇူလိုင်လက လုပ်သည့် ဂက်စတတ် နိုင်ငံတကာ တင်းနစ် ပြိုင်ပွဲ၌ ဩစတြေးလျမှ ချန်ပီယံ ရော့ လေးဗာနှင့် ယှဉ်ပြိုင်ခဲ့ရာ သရေသာ ရခဲ့သဖြင့် မကျေမနပ် ဖြစ်နေသည်။ ဂျေဆန်သည် ဘယ်သန် ဩစတြေးလျ ချန်ပီ နှင့် တစ်ယောက်ချင်း ရိုက်သည့် ပွဲများတွင် ရှုံးခဲ့သော်လည်း သူ့ အရှုံးမှာ ကပ်ပန်းပျက် အရှုံးမဟုတ်။ ပွဲပြီး၍ လက်ဆွဲ နှုတ်ဆက်သည့် အခါတွင် ဂျေဆန်က

'ခင်ဗျားနှင့် ရိုက်ပြီး ရှုံးရတာ ဂုဏ်ယူပါတယ်ဗျာ' ဟု ပြောခဲ့သည်။

'ကျေးဇူးတင်ပါတယ်'

ဂျေဆန်သည် ခေါင်းကို ဖြည်းလေးစွာ ယမ်းရင်း တင်းနစ်ကွင်း အပြင် သို့ ထွက်လာခဲ့သည်။ ယနေ့ ညနေတွင် သူသည် ဘာကြောင့် သည်လောက် နက်နေးနေရပြီး ဘာလုံး သည်လောက် မြန်နေရသနည်း။ ထိုသို့ တွေးလာ စဉ် အရပ်မြင့်မြင့်၊ သစ်ကြားသီးရောင် ဆံပင်တိုနှင့် မိန်းမပျို တစ်ယောက် သူ့ အနီးသို့ ရောက်လာကာ

'ဒီနေ့ ညနေ ရှင် သိပ်ကံမကောင်းဘူး ထင်တယ်' ဟု ပြောသည်။

အင်္ဂလိပ်စကား ပြောသံက ချစ်စရာ ခပ်ဝဲဝဲ။

'ဟုတ်တယ်၊ ခင်ဗျားနှင့် မတွေ့ခင် အထိ ဆိုပါတော့၊ ခင်ဗျားကော တင်းနစ် လာကစားတာလား'

'ဟုတ်ပါတယ်၊ ကျွန်မက မနက်ဖြန်ညနေ အမျိုးသမီး တစ်ယောက် ချင်းပွဲကို ဝင်ရမှာပါ၊ သောကြာနေ့မှာ အမျိုးသမီး အမျိုးသား နှစ်ယောက်တွဲ ပြိုင်ပွဲ တစ်ခု ရှိတယ်၊ အဲဒါ ကျွန်မနှင့် တွဲရိုက်နိုင်မလားလို့ လာမေးတာပါ'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်နှင့် ဘာဖြစ်လို့ တွဲရိုက်ချင်ရတာလဲ၊ ကျွန်တော် ဘယ် လောက် ညံ့သလဲ ဆိုတာ စောစောက မြင်ခဲ့ပြီပဲ'

'ကျွန်မလည်း သိပ်မတော်ပါဘူး'

'ဒီလိုဆို အညံ့ နှစ်ယောက် ပေါင်းပြီး ရှုံးပြမလို့ပေါ့'

'ဒါပေမဲ့ လက်ညီတော့ ပျော်ရတာပေါ့ ရှင့်၊ အရေးကြီးတာက ပျော် စရာ ကောင်းဖို့ပဲ မဟုတ်လား'

ဂျေဆန်က ရယ်သလို မောသလိုဖြင့်

'ကျွန်တော်ကတော့ ဒီလို မဟုတ်ဘူး ခင်ဗျ၊ အားကစားမှာ နိုင်ရေး သည် အဓိက ဆိုတဲ့ အယူအဆနှင့် ကြီးပြင်းလာရတာ၊ ဒါပေမဲ့ နောက်တော့ ဒီ အယူအဆကို ပြင်လိုက်ပါပြီ၊ ကောင်းပြီလေ၊ ကျွန်တော်နှင့် တွဲရိုက်ချင် တယ် ဆိုရင်လည်း ရိုက်တာပေါ့၊ ခင်ဗျားနှင့် အတူတူ ရှုံးရတယ် ဆိုရင် ရှုံး ပျော်ပါတယ်၊ ဒါထက် နာမည်က'

'ဖဲင်နီ ဗင်ဒါပို့စ်ပါ၊ ကျွန်မက ဟော်လန် တက္ကသိုလ်က တင်းနစ်သမား ပါ'

ဖဲင်နီက လက်ကို ကမ်းပေးသည်။

'ကျွန်တော်က ဂျေဆန် ဂီးလ်ဗတ်ပါ၊ ဩစတြေးလျ ချန်ပီယံ အဖြစ် ဘောလုံး ကောက်ပေးတဲ့သူ ကောင်းကောင်း တစ်ယောက် မဖြစ်နိုင်တဲ့လူပါ ဟုတ်ပြီလေ၊ ဒီလိုဆိုရင် ဒီနေ့ည ထမင်း အတူစားရင်း တင်းနစ်ကွင်းမှာ ဘယ်ပုံ ရိုက်မယ် ဆိုတာ ဆွေးနွေးကြတာပေါ့'

'ဟုတ်ကဲ့၊ ကျွန်မ ဘူးဟိုတယ်မှာ တည်းနေပါတယ်'

'ကြည့်စမ်း၊ တိုက်ဆိုင်လိုက်တာ၊ ကျွန်တော်လည်း အဲဒီ ဟိုတယ်မှာပဲ တည်းနေတာ'

'ကျွန်မ သိပါတယ်၊ မနေ့ ညက ဘီယာဆိုင်မှာ ရှင့်ကို မြင်လိုက် တယ်လေ'

ထိုနေ့ ညနေ၌ သူတို့ နှစ်ဦးသည် ဂျေဆန် ငှားလာသည့် ဖောက်စ်ဝက်ဂွန် ဘီတယ် ကားကလေးဖြင့် အနှစ်သုံးရာ သက်တမ်းရှိသော ရှလိုယက်စတာင် ပျော်ပွဲ စားရုံကြီးသို့ လာခဲ့ကြသည်။

ဆိုင်ထဲတွင် ထိုင်မိသည့် အခါ၌ ဂျေဆန်က

'ဘုရားရေ၊ ဒီ ပျော်ပွဲစားရုံ သက်တမ်းက အမေရိကန် ပြည်ထောင်စု





ထက်တောင် ကြီးပါသေးလား'

ဖဲင်နီက ပြုံး၍

'ဒါများ အဆန်းလုပ်လို့၊ ကမ္ဘာပေါ်မှာ ရှိတဲ့ အရာတိုင်းဟာ အမေရိကန် ပြည်ထောင်စုထက်တော့ အသက်ကြီးတာချည်းပဲရှင့်'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ဒီခရီး တစ်ခုလုံးဟာ ကိုယ့်အတ္တ အတွက် ...ချပေးလိုက်သလိုပဲ၊ ကိုယ်လည်း မနေ့ကမှ အသင်း ...လာပြီး နှစ်ပေလောက် ...ဦးမှာပေါ့'

ဖဲင်နီက မျက်လုံးကလေး တလက်လက်ဖြင့်

'ဒီမှာ ဂျေဆန်၊ ငယ်တယ် ဆိုတာ ဘာလဲလို့ သိချင်ရင် ကျွန်မတို့ ...လန်ပြည်ကို လာခဲ့၊ တစ်ခါတုန်းကတော့ ကျွန်မတို့ တိုင်းပြည်ဟာ ...ကြီး နိုင်ငံကြီး တစ်နိုင်ငံပေါ့ ရှင်၊ လန်ဒန်က ဗဟို ပန်းခြံကြီးကိုတောင် ...ခဲ့သေးတာပဲ၊ ခုတော့ ကျွန်မတို့မှာ ဘာမှ မရှိတော့ဘူးလေ၊ ကမ္ဘာကို ကြွား ...တာ ဆိုလို့ ကျွန်မတို့ဟာ ရမ်းဗရင့်ကို မွေးထုတ်ခဲ့တယ်၊ ကွတ်ကီ ဆိုတဲ့ ...ကားလုံးကို အင်္ဂလိပ် စကားလုံး ဖြစ်အောင် လုပ်ပေးနိုင်ခဲ့တယ် ဆိုတာပဲ ရှိ ...တော့တယ်'

'ဒတ်ချ် လူမျိုးတွေဟာ ဒီလိုပဲ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချတတ်သလား'

'ဟုတ်တယ်၊ ဒါဟာ ကျွန်မတို့ရဲ့ လိမ္မာ ပါးနပ်တဲ့ နည်းနှင့် ကိုယ့် ကိုယ်ကိုယ် အမွှမ်းတင်တဲ့နည်း'

သူတို့ နှစ်ယောက်သည် သန်းခေါင်ကျော်သည့်တိုင် စကားတွေကို ...မနား ပြောကြသည်။ ကောင်းသောညဟု နှုတ်ဆက်သည့် အခါတွင်မှ ထို ...ကလေးသည် အထူး စပယ်ရှယ် ဖြစ်ကြောင်း သူ သိလေပြီ။

ဖဲင်နီသည် ဒုတိယ ကမ္ဘာစစ် ပြီးခါနီးတွင် ဂရိုမင်ဂျန် မြို့အနီးရှိ ...ရွာ တစ်တောတွင် မွေးခဲ့သည်။ စစ်ပြီးခါနီးတွင် သူတို့ တိုင်းပြည်တွင် ကြုံ ...ခဲ့ရသည့် ငတ်မွတ် ခေါင်းပါးခြင်း ဘေးကြီးကို ကြုံတွေ့ခဲ့ရသည်။ ...ငယ်က ဆင်းဆင်းရဲရဲ နေခဲ့ရသည့်တိုင် ဖဲင်နီသည် ရယ်စရာ မောစရာကို ...တတ်သည်။ ဘဝကို အကောင်း မြင်တတ်သည်။ ဤသည်ကို ဂျေဆန် ...သဘောကျသည်။

သူ့တွင် ရည်မှန်းချက်တွေ ရှိသည့်တိုင် သည်လောက် ပြင်းပြခြင်း ...ရှိလှ။ ဖဲင်နီသည် လေဒင် ဆေးကောလိပ် ကျောင်းသူ တစ်ယောက် ဖြစ်ပြီး ...ရာဝန် တစ်ယောက် ဖြစ်အောင် အထိုက်အသင့် ကြိုးစားသည်။ ...



www.burmeseclassic.com

www.burmeseclassic.com



တွဲရိုက်လျှင် ကောင်းသည့် ကစားသမား ဖြစ်အောင်လည်း နည်းနည်းပါး
လေ့ကျင့်သည်။

ဖဲင်နီသည် သူ တွေ့ဖူးသည့် အမျိုးသမီးတွေထဲတွင် မျှမျှတ
နှိုင်းနှိုင်းချိန်ချိန် စဉ်းစားတတ်ဆုံး အမျိုးသမီး တစ်ယောက်ဟု ထိုနေ့ညနေ
အတွေ့အကြုံကို အခြေခံ၍ ဂျေဆန် ကောက်ချက်ချလိုက်သည်။ ဖဲင်နီသ
ဆေးကျောင်းကိုမှ မရောက်လျှင် သေရချည့်ရဲ့ ဆိုသော ရက်ကလစ်ကျော
မှ မိန်းကလေးများလို ဦးနှောက်ကိုချည်း အသားပေးသူ မဟုတ်၊ လောကတ
လက်ထပ် လက်စွပ် ကောင်းကောင်း တစ်ခုကို ရှာနေသည့် လောင်းအိုင်လ
မှ ပုံတန်တန် မိန်းကလေးမျိုးလည်း မဟုတ်။

ဖဲင်နီသည် သူ တွေ့ခဲ့ဖူးသည့် အမေရိကန် မိန်းကလေးတွေ တစ်ယော
နှင့်မျှ မတူ။ ဖဲင်နီသည် သူ့ ဘာသာသူ ရောင့်ရဲ ကျေနပ်စွာ နေတတ်သ
မိန်းကလေး တစ်ယောက် ဖြစ်သည်။

နောက်တစ်နေ့ ညနေတွင် ဂျေဆန်သည် အထူးတန်းမှ ထိုင်ကာ ဖဲင
တင်းနစ်ကစားနေပုံကို လှမ်းကြည့်ရင်း ဖဲင်နီကို သဘောကျသည်ထက် ကျ
ခဲ့သည်။ မနေ့ညက ညဉ့်နက် သန်းခေါင်တိုင် သူနှင့် အတူ နေခဲ့ရုံမျှမက
အရက်ကလေးကို သောက်ခဲ့သေးသည့်တိုင် နောက်တစ်နေ့တွင် ပင်ပန်း နွ
နယ်ခြင်း မရှိ။

သို့တိုင် ဖဲင်နီသည် သူနှင့် ပြိုင်ဘက် အလုပ်များအောင် လုပ်နေသည
ဖဲင်နီ ဘောလုံး စတင် ပို့ချက်က အားပြင်းသည်။ တိကျသည်။ ဒုတိယပွဲ အ
ဖဲင်နီသည် ပေါ့ပါး သွက်လက်နေသေးသည်။ သို့ရာတွင် တတိယပွဲ
အရောက်တွင်မူ သူနှင့် ပြိုင်ဘက် အမေရိကန် ဆယ်ကျော်သက်ကလေးကြေ
ပန်းစ ပြုလာလေပြီ။ ဖဲင်နီသည် ၅–၇၊ ၆–၃၊ ၆–၁ မှတ်ဖြင့် ရှုံးသွားသည
ပွဲပြီးသည့် အခါတွင် ဂျေဆန်က မျက်နှာသုတ်ပဝါနှင့် လိမ္မော်ရည် တစ်ခွ
ဖြင့် ကွင်းစပ်မှ သူ့ကို ကြိုသည်။

'ကျေးဇူးပဲ၊ ဒါပေမဲ့ ဖဲင်နီက ရေခဲစိမ် ဘီယာ အေးအေးကလေ
တစ်ခွက်လောက် သောက်ချင်တာ၊ ကောင်မလေးက အလာကြီးပဲလို့ မထ
လိုက်နှင့်နော်'

'အိမ်ပြန်ရင်တော့ ရှုံးလာရမလား ဆိုပြီး အဖေက ရိုက်တော့မှာ၊ အ
အော်သံကြောင့် ကွင်းထဲမှာ ရိုက်ရတာ အနှောင့်အယှက် မဖြစ်ဘူး မဟု
လား'





'ဟင့်အင်း၊ ဖဲင်နီ ကွင်းထဲ ရောက်ရင် ဘာကိုမှ မကြားတော့ဘူး၊
ဘောလုံးဆီကိုပဲ စိတ်ရောက်နေတာ'

သူတို့နှစ်ယောက် အဝတ်အစားလဲခန်းဆီသို့ လျှောက်လာခဲ့ကြသည်။

'ကြိုးစားရင် တကယ့် တင်းနစ် ချန်ပီယံကြီး ဖြစ်မှာ သေချာတယ်' ဟု
ဆန်က ပြောသည်။

'အို ဘာလုပ်ရမှာတုံး၊ တင်းနစ် ဆိုတာ ကစားနည်း တစ်မျိုးပဲ၊ သိပ်
စားနေရင် အလုပ်အကိုင် တစ်ခုလို ဖြစ်သွားမှာပေါ့၊ ကဲဆို ဒီနေ့ည ညစာ
ဘယ်မှာ စားမလဲ'

'ဟင့်အင်း၊ မသိသေးဘူး၊ ဖဲင်နီက ဘယ်မှာ စားချင်လို့လဲ'

'ရှုဂျီးမောင့်ကို သွားပြီး စားကြမယ်လေ၊ ဒီနေ့ည ဖဲင်နီက
လေ'

နေ့ညက ထမင်းစားရင်း သူတို့ နှစ်ယောက် တွဲရိုက်မည့်ပွဲ အတွက် အစီ
အစဉ်များကို ဆွေးနွေးကြသည်။ ဖဲင်နီက အရပ် အနည်းငယ် ပုသဖြင့် (သိပ်
တော့ မပုပါ) ရှေ့ပိုက်နားက ကစားရမည် ဖြစ်သည်။

'ပိုက်နားက နေပြီး လာသမျှ ဘောလုံးကို ဆီးရိုက်မနေနှင့်ဦး၊ နောက်
တစ်ချက်မှ မရိုက်ရဘဲ ဖြစ်နေဦးမယ်' ဟု ဂျေဆန်က နောက်သည်။

'စိတ်မပျက်ပါနှင့်ဦးလေ၊ မနက်ဖြန်ပွဲမှာ ကျွန်မတို့ နိုင်မယ့် အခွင့်
အလမ်းတော့ ရှိပါတယ်'

'ကိုယ်လည်း ဒီလိုပဲ ထင်တာပဲ၊ ကိုယ်တို့နှင့် ရိုက်မယ့် အတွဲက ကိုယ်
ဆက်တောင် ညံ့လိမ့်မယ် ထင်တယ်'

'အမယ်လေး၊ ပြိုင်ပွဲဝင်သူတွေက ကျွန်မတို့ထက် တော်တဲ့သူတွေ
ချည်းပဲ ရှင့်'

'ကိုယ်နှင့် တွဲတဲ့ အတွဲကလည်း စံပါပဲဗျာ၊ သူပြောတာနှင့် ကိုယ့်ကိုယ်
ကိုယ်တောင် ယုံကြည်မှု လျော့ချင်လာပြီ'

'ရှင့် ယုံကြည်မှုကို ဘယ် အရာကမှ မဖျက်ဆီးနိုင်ပါဘူး ရှင့်' ဟု ဖဲင်နီ
အဓိပ္ပာယ် ပါပါဖြင့် ပြုံးသည်။

သူတို့ အတွဲ နိုင်တော့မလို ဖြစ်ခဲ့သည်။

သူတို့နှင့် ရိုက်သည့် စပိန်အတွဲမှာ သိပ် လက်မပြင်းကြ စပိန် အတွဲ



www.burmeseclassic.com

www.burmeseclassic.com



သည် ပထမပွဲစဉ်တွင် ခပ်အေးအေး ရိုက်သွားကြသည်။ ထို့နောက်တွင်မူ တို့ ပြိုင်ဘက် အတွဲသည် သူတို့ ခပ်ဖြည်းဖြည်း ရိုက်ချက်များကို ပို၍ တ မှ ရှိရှိဖြင့် ရိုက်လာကြကာ သူတို့ အမှတ်ကို ကျော်သွားသည်။ ဖဲင်နီကို ၍ ရိုက်ပြီး နောက်လူ ဂျေဆန်ကို တစ်ကွင်းလုံး အနှံ့ လိုက်နေရအောင် သွားခဲ့သည်။ နောက်က ရိုက်သည့် ဂျေဆန် မောစ ပြုလာလေပြီ။

အကြိတ်အနယ် ရိုက်ရသည့် ပွဲတစ်ပွဲ ပြီးသည့် နောက်၌ ဂျေဆန် နေပူသဖြင့် တစ်ကြောင်း၊ ပါးလွှာသော ဆွစ်ဇာလန်ပြည်က လေကြေ လည်းကောင်း ဂျေဆန် ဟိုက်နေလေပြီ။

ပွဲပြီးသည်နှင့် ဂျေဆန်သည် မောလွန်းသဖြင့် အဝတ်အစားပင် နိုင်တော့ဘဲ ခုံတန်းပေါ်တွင် ထိုင်၍ အမောဖြေသည်။ ဖဲင်နီက စက္ကူခွက် ထည့်ထားသော ဘီလပ်ရည် နှစ်ခွက်ကို ယူလာပြီး သူ့အားတွင် ဝင် သည်။

ဖဲင်နီက မျက်နှာမှ ချွေးများကို မျက်နှာသုတ်ပဝါ တစ်ထည်ဖြင့် သ လိုက်ရင်း

'တစ်ပွဲတော့ ရှုံးသွားပြီ၊ နေကလည်း ပူလိုက်တာ၊ ဒီလို နေမျိုးနှင့် ရရင် သေရောပေါ့၊ ဒါပေမဲ့ တစ်ခုတော့ ရှိပါတယ်၊ ကျွန်မတို့ အတွဲက ပ ဆုံး တွဲကာ ဖြစ်ပေမယ့် တော်တော် လက်ညီသားပဲ၊ နောက်နှစ် ဆိုရင် လောက်ကွာမှာ မဟုတ်ပါဘူး'

'နောက်နှစ်ကျရင် ကျုပ်က ရိုက်နိုင်တော့မှာ မဟုတ်ဘူး၊ ကျုပ်က အ ထောင်ကျတော့မယ်'

'ဟင် အိမ်ထောင်ကျတော့မယ် ဟုတ်လား၊ ဘယ်သူနှင့်လဲ' ဟု ဖဲ က ဇဝေဇဝါဖြင့် မေးသည်။

'ကျုပ်နှင့် လက်ထပ်ရမယ့် သူရဲ့ နာမည်က အမေရိကန် တမ်းတ တပ်မတော်တဲ့ဗျ၊ စက်တင်ဘာလက စပြီး ကျုပ် ခန္ဓာကိုယ်ကို နှစ်နှစ် အ ထားရတော့မှာ'

'အင်း၊ သူ့ခန္ဓာကိုယ်ကို နှမြောလိုက်တာ၊ ဘယ်တော့ အိမ်ပြန်ရမှာ

ဂျေဆန်က သူ့ မျက်လုံးထဲသို့ စိုက်ကြည့်လိုက်ကာ

'နောက် သုံးပတ်လောက် လိုပါသေးတယ်၊ အဲဒီ သုံးပတ် အတွင်း တော့ ဖဲင်နီနှင့် နေချင်တယ်၊ တင်းနစ်ရိုက်ဖို့တော့ မဟုတ်ဘူးနော်'

'ရပါတယ်၊ စီစဉ်သေးတာပေါ့'





'ဖောက်စ်ဝက်ဂွန်ကား ငှားထားတယ်လေ၊ လျှောက်လည်မယ်လေ'

'အို သိပ်ကောင်းတာပေါ့၊ ဗင်းနစ်ကို သိပ်ရောက်ဖူးချင်တာပဲ'

'ဘာဖြစ်လို့'

'အမ်စတာဒမ်လို တူးမြောင်းကလေးတွေ ရှိလို့'

'အကြောင်းပြချက်ကတော့ ကောင်းပါပေ့'

တို့သည် ဆွစ်ဇာလန် တောင်ပေါ်လမ်းများတွင် ကားလျှောက်မောင်းကြ သည်။ ထို့နောက် အီတလီ ပြည်ထဲသို့ ဆင်းလာခဲ့ကြကာ ကိုမိုရေကန်ကြီး တွင် တည်းကြသည်။ သူတို့နှစ်ယောက်သည် တစ်ချိန်လုံး စကားတွေ ကြသည်။

မကြာမီ အတွင်းတွင် ဂျေဆန်သည် ဖဲင်နီ၏ သူငယ်ချင်း မိတ်ဆွေ လုံးလောက်ကို သိလာကာ သူတို့ အမည်များကိုပင် မှတ်မိနေပြီ။ ဖဲင်နီ သည်း သူ့ မိတ်ဆွေသစ်သည် တင်းနစ်ကွင်းထဲက ခပ်ချောချော ခပ်တောင့် င့် တင်းနစ်သမား တစ်ယောက်မျှသာ မဟုတ်တော့ဘဲ သူ့ ထင်သည်ထက် ဲခတ်ရ ခက်သည့် လူတစ်ယောက် ဖြစ်နေမှန်း သိလာခဲ့ရသည်။

ကန်အားတွင် ပျော်ပွဲစား ထွက်ကြရင်း

'ရှင်က ဘယ်လို အမေရိကန်မှန်း မသိဘူးနော်' ဟု ဖဲင်နီက ပြော သည်။

'ဘာကို ပြောတာလဲ'

'ရှင်က အိန္ဒိယလူနီ မဟုတ်တာတော့ သေချာတယ်၊ ဒါပေမဲ့ ရှင့် မိဘ က ဘယ်က လာသလဲလို့ မဆိုနိုင်ဘူး၊ ဂီးလ်ဗတ် ဆိုတာ အင်္ဂလိပ် သည်ပေါ့'

'ဂီးလ်ဗတ် ဆိုတဲ့ နာမည်က နောက်မှ မှည့်တဲ့ နာမည်ပါ၊ မူရင်းက ခင်ဝါးတဲ့'

'ဂျာမန်လား'

'မဟုတ်ဘူး၊ ရုရှား၊ ရေဝတီ ရုရှား'

'ဪ ရှင်က ရေဝတီလား' ဟု ဖဲင်နီက စိတ်ဝင်တစား မေးသည်။

'ဝိုးတိုးဝါးတားတော့ ပါတာပေါ့'

'ရှင့် စကားက ဝိုးတိုးဝါးတား ဆိုတော့ ဘာလဲရှင့်၊ ကိုယ်ဝန် ရှိတာ င် ဝိုးတိုးဝါးတား ကိုယ်ဝန် ရှိတယ် ဆိုတာမျိုး ဖြစ်နေပြီ'



www.burmeseclassic.com

www.burmeseclassic.com



'အမေရိကန် ဆိုတာ လွတ်လပ်တဲ့ တိုင်းပြည် မဟုတ်လား၊ ဒီ... ကိုယ့် အဖေလည်း ဘာသာရေးတို့ ဘာတို့မှာ သိပ် အယူသီးတာ မဟုတ်... တခြား အမေရိကန်တွေလိုပဲ အမေရိကန် လုပ်ပစ်လိုက်တာပေါ့'

'မဖြစ်နိုင်တာရှင်၊ ရေဝတီ တစ်ယောက်ဟာ ရေဝတီပဲပေါ့'

'ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ မင်းက ပရိုတက်စတင့် မဟုတ်လား၊ ... ဂျီ လုပ်ချင်ရင် ဗရင်ဂျီ ဖြစ်တာပဲ မဟုတ်လား'

မယုံကြည်နိုင်သော အမူအရာ သူ့ မျက်နှာတွင် ပေါ်လာသည်။

'ပညာတတ် တစ်ယောက် အနေနှင့် ဒီစကားမျိုး ပြောတာ ကျွန်မ ... အံ့သြတာပဲ၊ ဟစ်တလာသာ ရှိရင် ရှင့် ယုံကြည်ချက်ကို ပြောင်းရမလား ... ရှင်တို့ မိသားစု တစ်စုလုံး အသတ်ခံရပြီးပြီ'

ဂျေဆန် စိတ်တိုလာလေပြီ။ ဖဲင်နီသည် ဘာကြောင့် ထိုစကားမျာ... ပြောနေသနည်း။

'ဘာလဲ၊ ကိုယ့်ကို ရေဝတီ ဆိုပြီး ဟစ်တလာနှင့် ခြောက်နေတာလား'

'မဟုတ်ပါဘူး၊ ကျွန်မက ဒါမျိုးတွေကို တွေ့ခဲ့ဖူးလို့ ပြောတာ... ကျွန်မ ငယ်ငယ်တုန်းက နာဇီတွေရဲ့ အောက်မှာ ကြီးပြင်းလာခဲ့ရတယ်၊ ကျွ... တို့ အိမ်နီးနားချင်းတွေကို ဖမ်းသွားခဲ့တယ်၊ ကျွန်မတို့ ဆိုရင် ရေဝတီ ကော... မကလေး တစ်ယောက်ကို စစ်ပြီးသွားသည် အထိ ဝှက်ပေးခဲ့ရသေးတယ်'

'ဟုတ်လား'

ဖဲင်နီက ခေါင်းညိတ်သည်။

'ကောင်မလေး နာမည်က အီဗာ ဂိုးစမစ်တဲ့၊ ကျွန်မတို့ နှစ်ယော... ညီအစ်မလိုပဲ သိပ်ခင်ကြတာ၊ သူ့ အဖေက ပန်းကန်စက် ပိုင်ရှင်၊ ပန်း... စက် ပိုင်တော့ သူတို့ကို ဒတ်ချ် လူမျိုးတွေလို့ ထင်ပြီး ဖမ်းသွားကြတယ်'

'နောက်တော့ ဘာဖြစ်သွားသလဲ'

'တခြား ရေဝတီ သန်းပေါင်းများစွာလိုပဲပေါ့၊ အီဗာကတော့ စ... တော့ သူ့ မိဘတွေကို လိုက်ရှာလိုက်တာ နှံ့လို့၊ အသင်းအဖွဲ့တွေကို အ... အညီ သွားတောင်းတော့လည်း မထူးပါဘူး၊ သူတို့လည်း ရှာမပေးနိုင်ကြ... ဘူး၊ နောက်တော့ ပါလက်စတိုင်းမှာ နေတဲ့ ခပ်ဝေးဝေး ဆွေမျိုး တစ်ယော... ကို သွားတွေ့တယ်၊ ဒါနှင့် အီဗာဟာ ကျောင်းလည်းပြီးရော အဲဒီ ဆွေမျိုး... လိုက်သွားတယ်၊ ခုထက်ထိ ကျွန်မတို့ချင်း အဆက်အသွယ် ရှိတယ်၊ ကျွ... ဆိုရင် နွေရာသီ ရောက်တိုင်း ဂယ်လီလီမှာ ရှိတဲ့ သူတို့ ယာတောကို သ...





...ည်လေ့ ရှိတယ်'

ထိုစကားများနှင့် အလားတူ သူတို့ ပြောခဲ့သည့် စကားများကြောင့် ...ဆန်သည် သူ့မျိုးရိုး ဇာတိကို လိုက်ရှာလိုစိတ် ပေါ်လာခဲ့သည်။

ဂျေဆန်သည် သူ့ကို အမ်စတာဒမ် ထိအောင် ကားနှင့် လိုက်ပို့ပြီး ...တာဒမ်မှ လေယာဉ်ပျံဖြင့် အမေရိကန် ပြည်ထောင်စုသို့ ပြန်ရန် စိတ် ...သေးသည်။ သို့ရာတွင် သူတို့ နှစ်ယောက်မှာ ဗင်းနစ်မြို့တွင် ပျော်နေကြ ...င့် ဂျေဆန် ပြန်ခါနီး ရက်များ အထိ ဗင်းနစ်မြို့တွင် အချိန်ကုန် နေခဲ့ ...သည်။

လေယာဉ်ကွင်း ရောက်သည့်အခါ ခွဲရမည်ကို စိတ်မကောင်းကြ။ သူ ...နှစ်ယောက်သည် အကြိမ်ကြိမ် နမ်းကြသည်။ ဂျေဆန်က တစ်ပတ် တစ်ခါ ...ရေးမည်ဟု သူ့ကို ပြောသည်။

'ခွဲရတဲ့ အတွက် စိတ်မကောင်း မဖြစ်ပါနှင့် ဂျေဆန်၊ ကျွန်မတို့ တွေ့ ...ဘာဟာ အင်မတန် ပျော်စရာ ကောင်းပါတယ်၊ ကျွန်မ ရှင့်ကို မေ့ ...တ်ရနေမှာပါ၊ ဒီအတိုင်း နှစ်နှစ်ကြီးများတောင် ခွဲနေရမယ် ဆိုတာကတော့ ...တော် ဆွေးစရာ ကောင်းတာပဲနော်'

'ဖဲင်နီကော ဘယ်လို ခံစားရသလဲဟင်၊ ကိုယ့်လိုပဲ ခံစားရသလား'

'ဂျေဆန်ရယ်၊ ကျွန်မ တွေ့ဖူးတဲ့ လူတွေထဲမှာ ရှင်ဟာ စိတ်သဘော ...ကောင်းဆုံးလူပါ၊ ဘယ်သူ့ကိုမှ ဒီလောက် ရင်းရင်းနှီးနှီး မရှိခဲ့ဖူးပါဘူး၊ ဒါ ...ခဲ့ မျှော်လင့်ချက်တွေ သိပ်ထားနေကြလို့တော့ မကောင်းဘူး'

'ဒီမှာ ဖဲင်နီ၊ မင်း ဟိုးမားရဲ့ အိုဒက်ဆီ ကဗျာကြီးကို ဖတ်ဖူးသလား'

'ဖတ်ဖူးပါတယ်၊ ချစ်သူ နှစ်ယောက်ဟာ အနှစ် နှစ်ဆယ် ကွဲနေကြတာ ...'

'နှစ်ဆယ့်လေးလ ဆိုတာ အနှစ် နှစ်ဆယ်နှင့် စာရင် ဘာရှိလို့လဲ ...'

'အိုဒက်ဆီက ပုံပြင်ရှင့် ပုံပြင်'

'ကဲ ဒီလိုဆိုရင် ဘာမှ ပြောမနေနှင့်၊ ကိုယ်ရေးတဲ့ စာတိုင်းကို စာပြန် ...ယ် မဟုတ်လား'

'ရေးပါ့မယ်'

နောက်ဆုံးအကြိမ် ပွေ့ဖက်ကြသည်။ ဂျေဆန်သည် လေယာဉ်ဆီသို့ ...က်လာခဲ့၏။ လေယာဉ် လှေကားပေါ်သို့ အရောက်တွင် နောက်ပြန်



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်မိသည်။ ဂိတ်တွင် ရပ်နေသော ဖင်နီကို မြင်ရသည်။

ပါးပြင်ပေါ်သို့ စီးကျနေသော သူ့ မျက်ရည်များကို အဝေးကပင် မြ… နိုင်ပါ၏။

ဒင်နီသည် အိပ်ရာမှ နိုးလာသည်။ ခမ်းနား ကြီးကျယ်သည့် အခန်းကြီး ထဲ… ခန်းထဲတွင် ရောက်နေသည်ကို မြင်ရသည့်အခါ သူ မဝေခွဲနိုင် ဖြစ်နေသည်… ဒင်နီသည် ပွဲကူးတွေ များသဖြင့် ညဝတ်အင်္ကျီ လဲသလို မကြာခဏ အိပ်ခ… တွေ ပြောင်းခဲ့ရသဖြင့် အကျင့်ပါနေလေပြီ။ သို့ရာတွင် ခါတိုင်းဆိုလျှ… ဘယ်တိုင်းပြည်၊ ဘယ်မြို့၊ ဘယ်ဟိုတယ် ဆိုသည်ကို ကောင်းကောင်း မှတ်… သည်။

သို့ရာတွင် ယခု ဟိုတယ်ကိုကား ကောင်းကောင်း မမှတ်မိ။

ဒင်နီသည် သူ့ စိတ်ထဲတွင် ရှုပ်ထွေးနေသည့် ပင့်ကူမျှင်များကို ဖြ… စား၍ ရှင်းနေစဉ် အိပ်ရာဘေးရှိ ဗီရိုပေါ်မှ ရွှေရုပ်တု ငါးရုပ်ကို သွားမြင်သည်… ထိုအခါကျမှ သူ ဘယ်ရောက်နေသည်ကို တဖြည်းဖြည်း ပြန်၍ စဉ်းစားမိလာ… သည်။

မနေ့ညက တစ်နှစ်အတွင်း ထုတ်သည့် ဓာတ်ပြား အယ်လ်ဘမ်များ… အနက် အကောင်းဆုံး အယ်လ်ဘမ်ဆု ချီးမြှင့်သည့် အခမ်းအနား ရှိသည်။ … အခမ်းအနားကို လော့စ်အိန်ဂျလီ မြို့ရှိ ပလာဇာ ဟိုတယ်ကြီးတွင် ကျင်း… ခဲ့သည်။ သူသည် ထိုပွဲသို့ အချိန်မီ လေယာဉ်ဖြင့် ရောက်လာခဲ့ကာ တက္က… တစ်စီးဖြင့် လာခဲ့သည်။ သူ့ကို အသင့် စောင့်ကြိုနေသော လူနှစ်ယောက်… အခမ်းအနားသို့ ခေါ်သွားကြသည်။

ရှေးသီချင်းကြီးများထဲတွင် တစ်ကိုယ်တော် စန္ဒရား လက်သံ အကောင်း… ဆုံး အဖြစ် သူ ရွေးချယ်ခံရမည်ကို လူတိုင်းလိုပင် သိနေကြသည်။

သူ တီးခဲ့သည့် ဘီသိုဗင် ပီယာနို ကွန်ချာတိုသည် လွန်ခဲ့သည့် နှ… အတွင်း အကောင်းဆုံး ဟုတ်သည် မဟုတ်သည် ဆိုသည့် အချက်ကို အငြ… ပွားနိုင်သည့်တိုင် သူ နာမည်ကြီးသည်မှာကား အငြင်းမပွားနိုင်သော အချ… ဖြစ်သည်။

ပို၍ ထူးခြားသွားသည်မှာ မနေ့ညက ကြေညာသည့် ဆုရွေးချယ်…





…သူ၏ တစ်ဦးတည်း စန္ဒရား ဂျက်ဇ်တီးလုံး အတွက် နောက်ထပ် ဆု… …ရသဖြင့် တစ်နှစ်တည်းတွင် နှစ်ထပ်ကွမ်း ဆုရခြင်းပင် ဖြစ်သည်။

တစ်နေ့ညက ဂီတပွဲ အပြီးတွင် သူ့ကို ဖိတ်စာကတ်ပြား ထုတ်၍ …တ်ဆက်သူသည် နောက်တစ်နေ့တွင် သူနှင့် လာရောက် ဆက်သွယ် … ထိုသူမှာ ကိုလံဘီယာ ဓာတ်ပြား ကုမ္ပဏီ မန်နေဂျာ ဖြစ်၍ သူ့ လက် … ဓာတ်ပြားထုတ်လျှင် စွံမည်ဟု သေချာပေါက် တွက်ထားသူ ဖြစ်သည်။

'ဘရော့ဝေးမှ ဒင်နီ၏ လက်သံ' ဆိုသည့် ဓာတ်ပြားမှာ အရောင်းရ …သည့်တိုင် စွံသည်။ နောက် ဓာတ်ပြား ဖြစ်သည့် 'အက်ဆွလီဗန်ရှိုး' …လ်ဘမ်တွင်မူ ဒင်နီ၏ နာမည်မှာ တစ်ဟုန်ထိုး တက်သွားကာ အာကာ …ဘာဉ်မှူး ဂျွန်ဂလင်း ထက်ပင် အမြင့်သို့ ရောက်သွားတော့သည်။ ဒင်နီ၏ …ပြားများမှာ တစ်ပတ်လျှင် သုံးထောင်မှ ၇၅၀၀၀ အထိ စွံသွားသည်။ ရှေး …ကြီးကို တီးသည် ဖြစ်စေ၊ ဂျက်ဇ် ဂီတကို တီးသည် ဖြစ်စေ ဒင်နီ၏ …ပြားများသည် ရောင်း၍ မလောက်အောင် ဖြစ်နေသည်။ ထို့ကြောင့် ဘော …င် 'ကံကောင်းတဲ့ ကောင်လေး' ဟု မှတ်ချက်ချခဲ့သည်။

ဒင်နီသည် ကိုယ့်အကြောင်းကို ပြန်၍ စဉ်းစားရင်း ထူးဆန်းသည့် ဤ …ယ်ခန်းထဲတွင် ဘယ်သို့ ဘယ်ပုံ ရောက်လာသည်ကို စဉ်းစားနေသည်။ …အိပ်ရာဘေး ဗီရိုပေါ်က ရွှေရုပ်တု ငါးရုပ်ကလည်း ဘယ်က ရောက်လာ … မသိ။

ထိုစဉ် သူ့ အတွေးကို အဖြေပေးသည့် အနေဖြင့် အသံ တစ်သံကို …ရသည်။

အသံမှာ ရေချိုးခန်းထဲမှ ရေချိုးနေသည့် အသံ ဖြစ်သည်။ အခန်းထဲ … သူနှင့် တစ်ယောက်ယောက် ရှိဟန် တူသည်။ အခန်းကိုတင် သာမက …ကို ကြည့်လိုက်သည့် အခါတွင်လည်း ထို အိပ်ရာပေါ်တွင် သူနှင့် တစ် …က်ယောက် အိပ်ခဲ့ကြဟန် တူသည်။ သင်တုန်းဓားလို ထက်သော သူ့ …ဏ်သည် အဘယ်ကြောင့် မြူဆိုင်းသလို ဝေဝါးကာ နေလေသနည်း။ … ကြည်လင်သော အမျိုးသမီး အသံ တစ်သံကို ကြားရသည်။

'ဝွတ်မောနင်း ဟန်နီ'

ရေချိုးခန်းထဲမှ ဆံပင်ကို ထုံးဖွဲ့ကာ ပါးလွှာသော အဝတ်အစား… …တက်လာသူမှာ အခြားသူ မဟုတ်။ မနေ့ညက ဂရမ်မီ ဘဲလေးအက …ကို ရခဲ့သည့် ကဈေသည် ကာလာ ဖြစ်နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကာလာ မနေ့ညကပွဲမှာ တကယ့်ကို ကြည့်လို့ လှတာပဲ'

'ရှင်လည်း ချောပါတယ်' ဟု ကာလာက မှုန်နွဲ့သံဖြင့် ပြောကာ
အိပ်ရာဆောက စောင်ခြုံထဲသို့ ဝင်လိုက်သည်။

'ဟိုပေါ်က ဂရမ်မီ ရွှေစင် ရုပ်ကလေးတွေကကော မလှဘူးလာ

'ဟွန်း၊ ဒီ ရွှေရုပ်တွေက ဘာလုပ်မှာလဲ၊ အိပ်ရာထဲ ကျတော့ အ
အမှန်ကတော့ ကျွန်မတို့ နှစ်ယောက်ကို အထူး ရွှေစင် ရုပ်တုတွေ
ကောင်းတယ်နော်'

'ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ကိုယ်က အမေရိကန်ပြည်မှာ အကော
ဆုံး ဆိုတဲ့ အဆိုတော်နှင့် တွဲပြီး ဆုယူရတာကို ပိုပြီး သဘောကျတယ်

## အင်အရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဒီဇင်ဘာ ၂၀၊ ၁၉

မနက်ဖြန် ဆိုရင် ကိုယ် လက်ထပ်ရတော့မှာပါလား။ ပျော်စရာကြီး

နီဝေါ တစ်ယောက်ကတော့ ရေတပ်ထဲ ပါသွားပြီး ဟာဝိုင်
ရောက်နေလို့ လာနိုင်မှာ မဟုတ်ဘူး။ ဒါပေမဲ့ တခြား သူငယ်ချင်း
တော့ လာမှာပါ။ လင်းဗရိစ်နှင့် ဆာရာတို့ လင်မယားလည်း လာ
မယ်။ ပြီးတော့ လူ့ အဘိဓာန်ကြီး ရော့ ကဲလားလည်း လာမ

လက်ထပ်ပွဲမှာ ရော်ဆန်ကို ကိုယ့် လူပျိုရံ လုပ်ပေးဖို့ ပြော
သူက လုပ်မယ်တဲ့။ ဒါပေမဲ့ ရေတပ်မတော် ယူနီဖောင်းကိုတော့ မ
ချင်ဘူးတဲ့။

ဘုရားရှိခိုးကျောင်းမှာ လက်ထပ်တဲ့ အခမ်းအနားပြီးရင် ဘန့်
ကလပ်မှာ ရှန်ပိန် ဧည့်ခံပွဲ လုပ်မယ်။ ပြီးတော့ ဘာသောဒိုး ကျွ
ပျားရည်ဆမ်း ခရီးထွက်မယ်။ ပြီးတော့ နယူးယော့ကို ပြန်လာ
အဲဒီမှာ ဝင်းရှစ် ဘဏ်တိုက်မှာ အလုပ်သင် အဖြစ် အလုပ် ဝင်လုပ်ရ

ခုလို လက်ထပ် ဖြစ်သွားတာကတော့ မိဘတွေကြောင့်ပဲလို့
ရမယ်။ တို့ မိသားစုမှာ မိဘက ပေးစားတဲ့ အစဉ်အလာတော့
ပါဘူး။ ဖေဖေ ဆိုတာကလည်း ထင်မြင်ချက် ပေးရုံလော
အတင်း တိုက်တွန်းတာမျိုး မလုပ်ပါဘူး။





မနှစ်က ရေတပ် အမှုထမ်းပြီး ပြန်လာတော့ အဖေက လက်ထပ်ဖို့ ကောင်းပြီလို့ ပြောတယ်။ ဒီတော့ ကိုယ်ကလည်း လက်ခံလိုက်တယ်။ ဒီလိုနှင့် မိန်းမ ယူဖြစ်သွားတာပါပဲ။ အဲ အဖေ ပြောတဲ့ စကား တစ်ခွန်းတော့ ရှိရဲ့။ 'ယောကျ်ားလေး တစ်ယောက်ဟာ တောင်ဆင်း ရောက်အောင်တော့ စောင့်မနေသင့်ဘူး၊ လက်ထပ်မယ် ဆိုရင် တောင် အကက်မှာ လက်ထပ်ရမယ်' တဲ့။

ဟုတ်တယ်လေ။ ကိုယ့်မှာ ရေတပ်မတော် အမှုထမ်းသက်လည်း ပြည့်ခဲ့ပြီ။ ကုန်းပတ်တိုက်စရာ မလိုတော့ဘူး။ အမှန်ပြောရရင်တော့ ပင်လယ်ကို ရောက်သွားတဲ့ အတွက် မိန်းမယူချင်စိတ် ပေါ်လာတယ် ဆိုရမှာပဲ။ သင်္ဘောသား ပင်လယ်ကို သွားတာဟာ မိန်းမတွေကို သိပ် တောင့်တတာပဲ။

ကိုယ့်မှာ လက်ထပ်တယ် ဆိုရင် အချစ်တော့ ရှိရမယ် ဆိုတဲ့ စိတ်ကူးယဉ်ဆန်ဆန် အစွဲတစ်ခု ကိုယ့်မှာ ရှိတယ်။ ဒါပေမဲ့ ကိုယ့်မှာ တက္ကသိုလ်မှာ ကျောင်းတက်ခဲ့ရတာနှင့်၊ ပင်လယ်ကို သွားရတာနှင့် ဆိုတော့ အချစ်ရယ်လို့ မရှိခဲ့ပါဘူး။

အဖေကတော့ ပြတ်တယ်။ အချစ် ဆိုတာတွေကို နားမလည်ဘူး။ အချစ်ဆိုတာ ဟိုကိစ္စပဲလို့ ခပ်ရိုင်းရိုင်းပဲ ပြောတယ်။ တစ်ခါတုန်းက သူရယ် ကိုယ်ရယ် ငါးမျှားထွက်ကြရင်း လင်းဗရိစ်နှင့် ဆာရာတို့ရဲ့ အိမ်ထောင်ရေးကို အားကျ ကြည်နူးမိတဲ့ အကြောင်း ပြောပြတော့ အဖေက မျက်လုံးကြီး ပင့်ပြီး ဘာအချစ်လဲကွ၊ အချစ် ဆိုတာ... လို့ ပြောတယ်။

ရေတပ်ထဲတုန်းကလည်း ကိုယ် ဒီလို ခပ်ကြမ်းကြမ်း စကားတွေကို ကြားခဲ့ဖူးတာပါပဲ။ ဒါပေမဲ့ အဖေ့ ပါးစပ်က ပြောတာမျိုးတော့ တစ်ခါမှ မကြားဖူးသေးဘူး။ သူတို့ ငယ်ငယ်တုန်းက ဆိုရင် အချစ် ဆိုတာ ကောင်းကင်ဘုံမှာ ဖန်တီးထားတာ မဟုတ်ဘူးတဲ့၊ နေ့လယ် ထမင်းစားပွဲမှာ ဖန်တီးထားတဲ့ အရာတဲ့၊ ခု ဒါမျိုးတွေ မရှိတော့ဘူးတဲ့။

အဖေ့ မိတ်ဆွေ တစ်ယောက် ဖြစ်တဲ့ မက်ထရို ကုမ္ပဏီက လီမင်း ပီယားစ် ရှိတယ်။ သူ့မှာ တော်တော်ချောတဲ့ ဖေ့ ဆိုတဲ့ သမီး တစ်ယောက် ရှိတယ်။ အဖေက ကိုယ့်ကို ဖေ့နှင့် လက်ထပ်စေချင် တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ကိုယ်က ဒီလောက်တောင် ချောတယ် ဆိုရင် သွားကြ မယ်။ ဒါပေမဲ့ ကြိုက်မှ ယူမယ်၊ သွားကြည့်ပြီး ဘာမှ အာမခံချက်ပေ မပေးနိုင်ဘူးလို့ ပြောတယ်။ အဖေက အေး နောက်တော့မှ နောင် ရတာမျိုး မဖြစ်ပေစေနှင့်လို့ ပြောပြီး ဆက်ပြီး ငါးမျှားနေတယ်။

ဖေ့ဆီကို တယ်လီဖုန်း ဆက်တော့ ကိုယ့် စိတ်ထဲမှာ ခပ်ပေါ့ ခပ်လွယ်လွယ် လုပ်လိုက်တာပဲ၊ အပျင်းပြေပေါ့။ ဟန်များများ ခပ်ထုံ ပဲ နေမှာပဲလို့ အောက်မေ့လိုက်မိတယ်။ မဟုတ်ဘူး ခင်ဗျ။ ကိုယ် ထ နေတာတွေနှင့် တလွဲစီ။ ချောတာကလည်း ချောမှ ချော။

ကိုယ် မြင်ဖူးသမျှ မိန်းကလေးတွေထဲမှာတော့ အချောဆုံး ထင်တာပဲ။ မယ်ရီလင် မွန်ရိုးနှင့် ပြိုင်ရင်တောင် သူက အပျော နိုင်သေးတယ်။ (မယ်ရီလင် မွန်ရိုးက ပိုက်ဆံတော့ ပိုရှိတာပေါ့။)

ကိုယ် သူ့ကို သဘောအကျဆုံးကတော့ ဖေ့ဟာ တခြား အထ တန်းစားက လာသူတွေလို ဟန်မဆောင်တတ်ဘဲ ပွင့်လင်း ရိုးသာ အချက်ပဲ။ သူ လုပ်သမျှဟာ ပွင့်ပွင့်လင်းလင်း ရိုးရိုးသားသား လ တာတွေချည်းပဲ။ ဘောလုံးကလေး တစ်လုံးကို မြှောက်ကစားတာ ဖြစ်ဖြစ် ဟိုတယ်မှာ ထမင်း သွားစားတာပဲ ဖြစ်ဖြစ် ဘယ်တော့ ဟန်ဆောင်လေ့ မရှိဘူး။

သူ့အဖေနှင့် အမေကတော့ သိပ် အဆင်မပြေဘူး။ သူတို့ ကွ ရှင်း ပြတ်စဲတဲ့ အခါကျတော့ ခြောက်နှစ်သမီးသာ ရှိသေးတဲ့ ဖေ ဘော်ဒါဆောင်ကို ပို့ထားတယ်။ ဒီတင် ဖေ့ဟာ လွတ်လွတ်လပ်လ ပျော်ပျော်နေရတဲ့ အကျင့်ကို ရလာခဲ့တယ် ထင်တာပဲ။ နောက်ပြီးတော့ ဆွစ်ဇာလန်မှာ သွားကျောင်းနေတယ်။ အဲဒီမှာ ကျောင်းနေရင်း ဖေ့ ပြင်သစ်သံ ဝဲလာတယ်။

ဖေ့ဟာ လှေလှော်တတ်တယ်။ ရွက်တိုက်တတ်တယ်။ ‌ေ လျှောစီးတတ်တယ်။ မြင်းစီးတတ်တယ်။ ပြီးတော့ သစ်ပင်ပန်း စိုက်တာကိုလည်း ဝါသနာပါတယ်။

ကိုယ် မိုးပန်းလိုက်ရတာ သိပ်မကြာဘူး။ လေယွှေတိုက်သ အတင်း ဝင်ပိုးတာပဲ။

ချုပ် ပြောရရင် ကိုယ်နှင့် ဖေ့ လက်ထပ်တာက မိဘတွေကြော ချည်း မဟုတ်ပါဘူး။ အချစ်လည်း ပါပါတယ်။ ဒါပေမဲ့ အချစ်ပါတ





ဆိုတာကိုတော့ အဖေ့ကို မပြောတော့ဘူးလေ။

ကိုယ် ဖေ့ကို လက်ထပ်တာက ကိုယ့် တစ်သက်မှာ ဘယ်သူမှ ကိုယ့်ကို မပြောဖူးတဲ့ စကားတစ်ခွန်းကြောင့် လက်ထပ်တာပါ။

ကိုယ်က ဘာမှ မပြောရသေးခင် သူက ကိုယ့်နားကို ကပ်ပြီး ‘ဖေ့ သူ့ကို ချစ်တယ်လို့ ထင်တာပဲ သိလား’ လို့ တိုးတိုးကလေး ပြော တယ်လေ။

၆၂ ခုနှစ် နွေရာသီကုန်ခါနီး တစ်မနက်တွင် ဒင်နီသည် တစ်ယောက် ည်း အိပ်ရာမှ နိုးလာခဲ့သည်။ အိပ်ရာပေါ်တွင်သာ တစ်ယောက်တည်း တ်၊ သူ့ဘဝ တစ်ခုလုံးတွင်လည်း ဟာလာဟင်းလင်းဖြစ်ကာ အထီးတည်း ဖြစ်နေသည်ဟု ခံစားရသည်။

အကြောင်းကို သူ စဉ်းစားကြည့်သည်။ သူ့တွင် ပဉ္စမ ရိပ်သာ လမ်းမ ပေါ်တွင် အခန်းစုံ တစ်ခု ရှိသည်။ ရှေ့ မျက်နှာစာတွင် ဗဟိုပန်းခြံကြီးနှင့်။ အတွင်း သူ့ ဘဏ္ဍာစိုးက ငွေဗန်းဖြင့် မနက်စာကို ယူလာသည်။ ထို့မျှမက က်ပိုင်း သူ့ထံသို့ ရောက်လာသော စာတွေ တစ်ထပ်ကြီး ယူလာသေးသည်။ စာများထဲတွင် ကမ္ဘာအနှံ့မှ သူ့ကို ဖိတ်ကြားသည့် ဖိတ်စာက တစ်ဒါဇင် က် မနည်း။ ကဲ ဘာလိုသေးသလဲ။

သို့ရာတွင် ဒင်နီသည် အထီးတည်း ဖြစ်ကာ စိတ်ထွေနေသည်။

ဘာဖြစ်လို့ စိတ်ညစ်နေရပါလိမ့်။ သူသည် ဂီတ ဝေဖန်ရေးဆရာများ အချစ်တော်။ စန္ဒရား တီးနေစဉ် နှာချေလျှင်ပင် ထိုအသံသည် ဂန္ထဝင် းတစ်ပုဒ်ကို အနက်ဖွင့်သည့် အသံဟု ရေးကြဦးမည်။ ဟူးရော့ခ်ျ ရုံးသို့ ကျင် လျှောက်သွားလျှင် လမ်းတွင် သူ့ကို ပြုံးရယ် နှုတ်ဆက်မည့်သူတွေ၊ လက်မှတ်ကို တောင်းမည့်သူတွေ အနန္တ။

ဘာကြောင့် စိတ်ညစ်နေရတာပါလိမ့်။ သူ့ကို တစ်ကိုယ်တော် စန္ဒရား ား အဖြစ် မလိုချင်သည့် ကမ္ဘာကျော် တေးဂီတဝိုင်း ဆို၍ တစ်ဝိုင်းမျှ မရှိ။ ပင်လျှင် သူ့ထံသို့ ဆင်ဖိုနီ တီးဝိုင်းကြီးများ အတွက် သီချင်းရေးပေးရန် းလှမ်းချက်တွေ နေ့စဉ်နှင့် အမျှ တဖွဲဖွဲ။ လူတိုင်းက သူ့ဂီတ အရသာချင်း လိုချင်ကြသည်။ ရုပ်ဖြောင့်မှုကို သဘောကျကြသည်။ သူ့ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပိုင်ဆိုင်ချင်ကြသည့် အပျိုချောတွေကလည်း မရေမတွက်နိုင်။

ပလက်တီနန် ဆောင်းနေခြည်သည် မြတင်းပေါက်ကြီးများမှ အခ… တွင်းသို့ လင်းထိန် ဖြာကျလျက်။ သို့ပါလျက် သူသည် အဘယ်ကြောင့်… မိဘတွေ၏ အိမ်ကုပ်ကုပ်လေးထဲတွင် စန္ဒရား လေ့ကျင့်နေခဲ့ရသည့် အချိန်မျ… လောက် ပျော်ရွှင်ခြင်း မဖြစ်ရသနည်း။ အရင်တုန်းကလည်း သည်လို စိတ်ည… ခဲ့ရသည့် အခါများ ရှိခဲ့သည်။ သို့ရာတွင် ယခုမှု အကြိမ် ပိုများလာသည်…

သည်နေ့လို ဘာပွဲမှ မရှိသည့် နေ့မျိုးတွင် ပိုဆိုးသည်။ ပဒေသာက… မရှိ။ တီးလုံးတိုက်စရာ မရှိ။ သူ့ ဆံပင်ပြင်သည့် ဆရာနှင့်ပင် ချိန်းထားခြ… မရှိ။

ချိန်းမထားခြင်းမှာ သူ့ကြောင့် ဖြစ်သည်။ ယနေ့ စိန်လူဝီ တေးသ… တီးဝိုင်းက အပ်ထားသည့် သီချင်း တစ်ပုဒ်ကို စပ်ချင်သည်။ ယခု ဟာ… ဟင်းလင်း ဖြစ်နေသော ဂီတစာရွက်တွေ တစ်ပုံကြီးနှင့် တစ်ယောက်တည… ရှိသည့် အခါတွင် ပို၍ စိတ်ညစ်သလို ဖြစ်နေသည်။

ဘာကြောင့်များ သည်လောက် စိတ်တွေ ထွေပြားနေရပါလိမ့်။

မနက်စာ စားပြီးသည့် အခါတွင် ဂျင်းဘောင်းဘီနှင့် ဘီသိုဗင် … အင်္ကျီကို (ယင်းမှာ သူ့ ပရိသတ် တစ်ယောက်က လက်ဆောင်ပေးခြင်း … သည်။) ဝတ်ကာ အပေါ်ထပ်ရှိ စတူဒီယိုသို့ တက်လာခဲ့သည်။ စန္ဒရား… တွင် မနေ့ညက မပြီးမပြတ် ကျန်ရစ်ခဲ့သော သီချင်းစာရွက် တစ်ရွက် ရှိသည… ပက်လက် ကုလားထိုင်ပေါ်တွင် သူ လှန်လှောကြည့်ပြီး ပစ်ချထားခဲ့သည… မဂ္ဂဇင်း တစ်စောင် ရှိသည်။

သီချင်း မစပ်ချင်သေးသဖြင့် စန္ဒရားကို ကျော်ကာ ပက်လက် ကုလာ… ထိုင်ပေါ်တွင် ပစ်ချထားသည့် မဂ္ဂဇင်း စာအုပ်ကို ကောက်လှန်သည်။ မဂ္ဂဇ… မှာ ဟားဗတ် တက္ကသိုလ် ကျောင်းတိုက်မှ ထုတ်သည့် မဂ္ဂဇင်း ဖြစ်သည်…

ငြိမ့်ငွေ့ဖွယ် ကောင်းသည့် တက္ကသိုလ် ကျောင်းထွက်များသည် … ကြောင့် သူတို့အကြောင်းတွေကို ရေးနေရသနည်း။ သူတို့ လက်ထပ် ထိမ်းမြ… တာ၊ သားသမီး ရတာတွေကို ကြော်ငြာထည့်၍ကော မည်သူက စိတ်ဝင်… မည်နည်း။

သို့တိုင် ဒင်နီသည် ကုလားထိုင်တွင် ပြန်ထိုင်ကာ ထို စာမျက်နှာ… ကို လှျောက်ကြည့်သည်။ မင်္ဂလာဆောင်များ၊ သားသမီး ရတနာ ဖွားမြ… သည့် သတင်းများ။





ထိုအခါကျမှပင် ထိုသတင်းများ၊ ထို ကြော်ငြာများသည် ငြီးငွေ့စရာ …ာင်းသည်ကို သူ သိလာသည်။ ထို ကြော်ငြာများသည် လူ့ဘဝ၏ ပျော်…များကို ဖော်ပြနေသည့် အရာများ မဟုတ်လော။ သူ့တွင် မရှိသည့် အရာ…ကို ဖော်ပြနေသည့် ကြော်ငြာများ မဟုတ်လော။ တကယ်တော့ ဩဘာ…ခုပ်သံ ဆိုသည်မှာ ယစ်မူးစေသော အရာမျှသာ ဖြစ်သည်။ တစ်မိနစ်…က်တော့ ယစ်မူးသွားသည်။ ပြီးတော့ . . . ဒါပဲ။ ပြီးတော့ ထိုအရာအား…က်သွားသည်။ တစ်ယောက်တည်း အိမ်ပြန်လာသည့်အခါတွင် သူ့ အိမ်ဖော်… အပ ဘယ်သူမျှ မရှိ။ တစ်ခါတလေ အမျိုးသမီး တစ်ယောက် ခေါ်…လျှင်တော့ နည်းနည်း အပျင်းပြေသေးသည်။ ကိုယ်လက် နှီးနှောပြီးသွား…နောက် ဘာမျှ မကျန်တော့။ စကားမပြောဖြစ်။ ထိုအခါမျိုးတွင် ပို၍ပင် …ကျန်နိုင်သေးသည်ဟု သူ ထင်သည်။

မိန်းမ တစ်ယောက်တော့ ယူမှ ဖြစ်မည်။

ဟုတ်သည်။ မိန်းမ တစ်ယောက်တော့ ယူမှ ဖြစ်မည်။ သို့ရာတွင် သူ…သည် သူ့ဘဝကို ခွဲဝေ ခံစားနိုင်သူ ဖြစ်ရမည်။ သူ့ အတွေးကို ခွဲဝေ…နိုင်သူ ဖြစ်ရမည်။ ထို့ပြင် သူ့မိန်းမသည် သူ့ကို နှစ်သက်သူ၊ သူ့ကို…င် စုံမက်သူ ဖြစ်ရမည်။ သူ့ ကျော်ကြားမှုကို ကြိုက်သည့် မိန်းမ မဖြစ်… ကြော်ငြာတွင် ပါသည့် ပုံရိပ်တွေကို ကြိုက်သည့် မိန်းမမျိုး မဖြစ်စေရ။

သူ့ကို ဘာကြောင့်မှ မဟုတ်ဘဲ သက်သက် ချစ်ခဲ့သူ တစ်ယောက်ကို …ပြန်စဉ်းစားကြည့်သည်။ ဟုတ်သားပဲ။ မာရီယာ ရှိခဲ့ဖူးသားပဲ။

သူ မိုက်သည်။ သူ့ဘဝ ခရီးဖော် အဖြစ် လက်တွဲနိုင်မည့်သူကို လက်…ထဲမှ လွှတ်အထွက်ခံခဲ့သည်။ မာရီယာသည် တခြား မိန်းမတွေနှင့် မတူ။ …ကိုယ်ကို သူ့ အတွက်၏ ယစ်ပလ္လင်တွင် ပူဇော်သည်။

သူနှင့် မာရီယာကို ကွဲကွာခဲ့သည်မှာ ကြာလှပြီကော။ နှစ်နှစ်လား။ …စ်လား။ ယခုလောက် ဆိုလျှင် ရက်ကလစ် ကောလိပ်မှ ဘွဲ့ရပြီး ဗရင်ဂျီ …ယောက်ယောက်နှင့် ရကာ သားတွေ သမီးတွေ ရလောက်ပြီ။ ဟုတ်သည်။ …ယာသည် သူ ပြန်အလာကို စောင့်နေမည့် မိန်းမမျိုး မဟုတ်။ မာရီယာ … ဉာဏ်ရှိသည်။

သူ စိတ်ညစ်နေသည့် အကြောင်းရင်းကို သူသိပြီ။ ထို စိတ်ညစ်မှုကို …က်ပျက်သွားအောင် လုပ်ပေးနိုင်သည့် အရာ မရှိကြောင်းကိုလည်း သူသိ



www.burmeseclassic.com

www.burmeseclassic.com

ရှိကော ရှိသေးရဲ့လား။

မာရီယာသည် ယခုလောက် ဆိုလျှင် အများဆုံး အသက် နှစ်ဆယ့်သ နှစ်ဆယ့်လေးလောက်တော့ ရှိပြီ။ သည်အရွယ်သည် အမျိုးသမီးတိုင်း အိ ထောင်ပြုကြသည်တော့ မဟုတ်။ မာရီယာသည် ရက်ကလစ် ကောလိ အောင်ပြီးနောက် ဟားဗတ်ဘွဲ့ကို ဆက်ယူနေသည်လော။ သို့မဟုတ် သီလ ဝတ်သွားပြီလော။

ဟုတ်သားပဲ။ သူ့မှာ မာရီယာ နေသည့် ကလီလင်း ပြည်နယ် အိမ် ဖုန်းနံပါတ်ကို အမြဲ သိမ်းထားတာပဲ။ ထိုသို့ သိမ်းထားခြင်းကပင် မာရီယာ ပတ်သက်၍ မျှော်လင့်ချက် မစွန့်သေးကြောင်း မသိစိတ်က ဖော်ပြနေခြင်း ဖြ သည်။

ဒင်နီသည် သက်ပြင်း တစ်ချက်ကို ရှိုက်လိုက်ပြီး တယ်လီဖုန်း လှည့်သည်။

မာရီယာ၏ အမေက ကောက်ကိုင်သည်။

'မာရီယာနှင့် စကားပြောချင်လို့ပါ ခင်ဗျာ' ဟု အသံတုန်တုန်ဖြင့် သည်။

'အို မာရီယာက အိမ်မှာ မနေတာ ကြာပြီကွယ့်'

ဒင်နီ ရင်ထဲတွင် ဆို့သွားသည်။ သူ ထင်သည့် အတိုင်းပင် နောက် လေပြီလား မဆိုနိုင်။

'ဒါပေမဲ့ သူ နေတဲ့ အခန်းက တယ်လီဖုန်း နံပါတ်ကို ပြောလိုက်မ လေ၊ ခု စကားပြောတာ ဘယ်သူ'

'ဟုတ်ကဲ့၊ ခု ခု ပြောတာက ဒင်နီ ရော့ဆီပါ ခင်ဗျာ'

'ဘုရားရေ၊ ဒီအသံ ကြားဖူးတယ်လို့ အောက်မေ့နေတာ၊ အန်တီတို့ မောင်ရင့် ပရိသတ်တွေပါကွယ့်၊ မောင်ရင် ဆိုရင် အသည်းစွဲပဲ'

'ကျေးဇူးပါပဲ အန်တီ၊ မာရီယာရော နေကောင်းတယ်နော်'

'ခု သူ အကသင်တန်း ဖွင့်ထားတယ်ကွယ့်၊ သူက ဝါသနာ ပါတ မဟုတ်လား၊ အဲဒီမှာ နေတယ်'

'ဒါဖြင့် သူ့ လိပ်စာကလေးကော ခင်ဗျာ'

'အန်တီ ပေးမယ်လေ၊ အန်တီ သူ့ဆီကို ဖုန်းဆက်လိုက်မယ်'

'မဆက်နှင့် အန်တီ၊ မဆက်နှင့်၊ ကျွန်တော် ဆက်မယ်၊ ဟို ဟို အံ့အားသင့်သွားအောင်လို့လေ'





၊ နှစ်၊ သုံး မြောက်၊ စတုတ္ထ အကွက်နော်၊ နောက်ကို ဆုတ်ထား'

မာရီယာသည် ဆယ်နှစ်သမီးလေး ဆယ်ယောက်လောက်ကို အက ပေးနေသည်။ စိတ်ပါ လက်ပါ သင်ပေးနေသဖြင့် သူ့ နောက်ဘက်က ဒီယို အခန်း တံခါးပွင့်လာသည်ကို မသိလိုက်။ သို့ရာတွင် ပကတိဉာဏ် ကြောင့် ရှေ့က မှန်ထဲသို့ တစ်ချက် လှမ်းကြည့်လိုက်သည်။ သူ မြင်နေကျ ဏ္ဌာန် တစ်ခု။

သူ အံ့အားသင့်နေသည်။ မျက်စိကိုပင် မယုံ။ သူ့ဘက်သို့ မလှည့်မိ ကလေးများကို လှည့်၍

'ဒီ လှုပ်ရှားမှု အတိုင်း ဆက်လုပ်နော် ကလေးတို့၊ လော်ရာ၊ မင်းက တ်စဉ် ရေ'

ထို့နောက် မာရီယာသည် တစ်ဖက်သို့ လှည့်ကာ ညှို့သည်ဆီသို့ လျှောက်လာခဲ့သည်။

'ဟဲလို ဒင်နီ'

'ဟဲလို မာရီယာ'

သူတို့နှစ်ယောက်စလုံး ခပ်အမ်းအမ်း ဖြစ်နေကြသည်။

'ဒင်နီ ဒီကို စန္ဒရား လာတီးတာလားဟင်၊ သတင်းစာထဲမှာလည်း တွေ့ပါလား'

'မဟုတ်ပါဘူး၊ မာရီယာကို တွေ့ချင်လို့ တမင်လာတာ'

သူတို့ နှစ်ယောက် စကားပြောပုံက အေးစက်စက်။

သူတို့နှစ်ယောက်သည် အတန်ကြာမျှ တိတ်ဆိတ်စွာ စိုက်ကြည့်နေ ကြသည်။ နောက်ဘက်မှ တစ် နှစ် သုံး လေး ရေနေသော လော်ရာ၏ အသံကို ကြားရ၏။

'ကိုယ် ပြောတာ ကြားတယ် မဟုတ်လား မာရီယာ' ဟု ဒင်နီက တိုး မေးသည်။

'ကြားပါတယ်၊ ဘာပြောရမလဲလို့ စဉ်းစားနေတာပါ၊ မာရီယာတို့ တွေ့တာ အတော်ကြာပြီနော်'

ဒင်နီသည် သူ မေးသည့် အမေးကို မဖြေနိုင်။ ကလီလင်းသို့ လာခဲ့စဉ် မ်းတစ်လျှောက်လုံး သူ စဉ်းစားလာခဲ့သည့် စကားကိုသာ ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'မာရီယာ အိမ်ထောင်တို့ ဘာတို့ မကျသေးဘူးနော်'

'မာရီယာ ဟို ဗီသုကာနှင့်'

'တကယ် ပြောနေတာလား မာရီယာ'

'သူက မာရီယာကို လက်ထပ်ချင်နေတယ်'

'ကိုယ့်ကိုကော အမှတ်ရသေးရဲ့လား'

မာရီယာက အတန်ကြာ တွေနေပြီးမှ 'ရပါတယ်' ဟု ဖြေသည်။

'ဒီလိုဆို ကိုယ်တို့နှစ်ယောက် အတူတူပေါ့၊ ကိုယ့် စိတ်ထဲမှာလည်း မာရီယာကိုပဲ အမြဲ အမှတ်ရနေတာ'

'မာရီယာ့ အကြောင်းကို အမှတ်ရဖို့ အချိန်များ ရှိသေးလို့လား ဒင်နီရယ်' ဟု မာရီယာက လှောင်သံဖြင့် မေးသည်။

'ဒင်နီရဲ့ အချစ်ကိစ္စတွေက သတင်းစာတွေထဲမှာ ဟိုးလေးတကျော် [illegible] ပဒေသာ ဈေးကြီးတွေကို သွားလို့ ကောင်တာပေါ်က သတင်းစာတွေ [illegible] ကြည့်လိုက်ရင် ဒင်နီ့ အကြောင်းတွေချည်းပဲ၊ သတင်းစာတောင် ဝယ်ဖ[illegible] မလိုတော့ဘူး'

'အဲဒါက တခြား ဒင်နီ တစ်ယောက်ပါ၊ တကယ့် ဒင်နီက မာရီ[illegible] ကို ချစ်နေတုန်းပါ၊ ကိုယ် လိုချင်တာက မာရီယာ ဆိုတဲ့ ဇနီး တစ်ယောက်[illegible] လိုချင်တာ၊ ဟိုမှာ ကနေတဲ့ ကလေးမလေးတွေလို ချစ်စရာ သမီးကလေး[illegible] ကို လိုချင်နေတာ'

မာရီယာက သူ့ကို နားမလည်သည့် အကြည့်ဖြင့် ကြည့်သည်။

'ဘာဖြစ်လို့ မာရီယာ့ကိုမှ ယူချင်ရတာလဲ'

'ပြောရရင်တော့ အရှည်ကြီးပဲ မာရီယာ'

'စကား အခွန်းနှစ်ဆယ်လောက်နှင့် အတိုချုပ်ပြီးကော မပြောနိုင်[illegible] လား'

သည်တစ်ကြိမ်တွင်မှ မာရီယာကို တိမ်းညွှတ်အောင် မပြောနိုင်လျှ[illegible] နောင်တွင် ဘယ်တော့မှ အခွင့်အရေး ရတော့မည် မဟုတ်ကြောင်းကို ဒင်[illegible] သိသည်။

'မာရီယာနှင့် နောက်ဆုံးအခေါက် တွေ့ခဲ့ကြတုန်းက ကိုယ်ဟာ ဩ[illegible] လက်ခုပ်သံတွေနှင့် ယစ်မူးနေခဲ့တယ် မာရီယာ၊ ဒီ ဩဘာ လက်ခုပ်သံတွေ[illegible] သဘောမကျဘူးလို့ ကိုယ် မပြောလိုပါဘူး၊ မာရီယာကို ကိုယ် မလိမ်ချင်[illegible] ဘူး၊ ဒါပေမဲ့ လောကမှာ ဒါတွေနှင့်တင် မလုံလောက်သေးဘူး ဆိုတာ ကို[illegible]





[illegible]ာပေါက်လာတယ် မာရီယာ၊ ကိုယ့်ပွဲတွေမှာ လူတွေဟာ ရှုံ့လျှံအောင် [illegible]ကျပ်နေတာပါပဲ၊ ဒါပေမဲ့ ကိုယ့်ဘဝကတော့ ယုံနိုင်စရာ မရှိအောင် [illegible]လာဟင်းလင်း ဖြစ်နေတယ် မာရီယာ၊ ဒီလောက် ဆိုရင် လုံလောက်ပြီလား'

'မာရီယာရဲ့ ပထမ မေးခွန်းကို မဖြေသေးဘူးလေ၊ ဘာဖြစ်လို့ မာရီ[illegible] [illegible]ကိုမှ ယူချင်ရတာလဲ ဆိုတာ'

'ဒါကတော့ နည်းနည်း ပြောရတာ ခက်တယ် [illegible]တယ်၊ ကိုယ်က [illegible]လို ပြောရမလဲ၊ နာမည်ကြီးလာတယ်လို့ပဲ [illegible] နာမည်ကြီး[illegible] [illegible]တော့ ကိုယ့်ကို တွေ့တဲ့ လူတိုင်းကပဲ ကိုယ့်ကို [illegible] [illegible]ားတွေကို တစ်လုံးမှ ကိုယ် မယုံဘူး၊ ကိုယ် [illegible] [illegible]ာက်ပဲ ရှိတယ်၊ ကိုယ်ဟာ ပွဲတွေကို တက်ရင် [illegible] [illegible] ခပ်ကြွားကြွား တက်ခဲ့တယ်၊ ရှင်းရှင်းပြောရရင် [illegible] [illegible]တဲ့ သဘောပါ၊ ဟန်ဆောင်နေရတာပါ၊ ကိုယ့် [illegible] [illegible]လေးထားတာက မာရီယာပါ'

ဒင်နီက ရပ်ပြီး မာရီယာကို ကြည့်သည်။

'ဒင်နီ ပြောတဲ့ စကားတွေက အခွန်းနှစ်ဆယ် မကတော့[illegible]' [illegible] [illegible]တိုးတိုး ပြောသည်။

'အဲဒီ အထဲက ဘယ်နှခွန်းကို ယုံသလဲ'

မာရီယာ၏ အဖြေကို ကောင်းကောင်း မကြားရ။ မာရီယာ [illegible] [illegible]ကြောင့် ဖြစ်သည်။

'ယုံပါတယ် ဒင်နီရယ်၊ အကုန်လုံးကို ယုံပါတယ်'

[illegible]သူ့ကိုမျှ ထုတ်မပြောသည့်တိုင် ယခု ခရီးသည် [illegible] [illegible]ရစဉ်ကထက် ပညာရသည်ဟု ကျေဆန်ထင်သည်။ [illegible] [illegible] တက်ခဲ့ရသည့် ကမ်းတက်တပ် အခြေခံသင်[illegible] သူ လေ့လာခဲ့ရ[illegible] [illegible] ပညာရပ်များသည် ပညာရေးသဘော မဆန်။ ယင်းတို့မှာ ခေါင်းဆောင်[illegible] ပညာရပ်၊ စစ်ဘက်ဆိုင်ရာ ညွှန်ကြားမှု နည်းနာ မြေပုံ ဖတ်[illegible] [illegible]လျှင်တပ် စစ်ပရိယာယ်၊ လက်နက်ငယ် သင်တန်းနှင့် ကမ်းတက်တပ်[illegible] သမိုင်းနှင့် အစဉ်အလာများ အကြောင်းတို့ ဖြစ်သည်။ ထို့ပြင် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ပြု အတတ်၊ စစ်မြေပြင် ထောက်လှမ်းရေး၊ အလျားလိုက် စစ်ဆင်ရေး၊ ကားနှင့် ကမ်းတက် စစ်ဆင်နည်းတို့ အပြင် သူ အကြိုက်ဆုံး ဖြစ်သော က လေ့ကျင့်ခန်းနှင့် အကြမ်းခံနိုင်ရည် ရှိမှု သင်တန်းတို့ ဖြစ်သည်။

အခြား သင်တန်းသားတွေ သင်တန်းတွင် မူးမေ့လဲသူ လဲကြသ ညည်းသူ ညည်းကြသည်။ သင်တန်း မြန်မြန်ပြီးအောင် ဆုတောင်းသူ တေ ကြသည်။ သို့ရာတွင် ဂျေဆန်ကမူ ပျော်နေသည်။ ဒိုက်ထိုးခြင်း၊ ထိုင်ထ ခြင်း၊ ပြေးခြင်း စသည့် သင်ခန်းစာများကို လုပ်ရလျှင် ပေါ့ပါး ဖျတ်လတ် သည်။ အထူးသဖြင့် အခက်အခဲ ကျော်လွှားမှု လေ့ကျင့်ခန်း လုပ်ရခြင် ပျော်သည်။ အားလျှင် ထို လေ့ကျင့်ခန်းကိုသာ လေ့ကျင့်နေတော့သည်။ ဖယ် သေနတ်သည် သူ့ အဖို့ တင်းနစ် ရိုက်သံလို ဖြစ်နေလေပြီ။

ကျောင်းတုန်းက စာတော်သည့် ကျောင်းသား တစ်ယောက် မဟု သည့်တိုင် ယခု သင်တန်းတွင်မူ ပထမ ရအောင် ကြိုးစားမည်ဟု သူ ဖြတ်ထားသည်။

နောက်ဆုံး သီတင်းပတ်တွင် စစ်ပညာဆိုင်ရာ ကျွမ်းကျင်မှုနှင့် အ ပညာတို့ကို ရေးဖြေရသည်။ စစ်ပညာ ညွှန်ကြားမှုနှင့် ကမ်းတက်နည်း ကိုလည်း လက်တွေ့ ဖြေဆိုကြရသည်။ တခြား အာကစားများတွင်လည ဂျေဆန်သည် ရွှေတံဆိပ်ဆုကို ရခဲ့သည်။

ဂျေဆန်သည် ရိုင်ဖယ်နှင့် ပစ္စတို သေနတ် ပစ်ရာတွင်လည်း အမှ ကောင်းကောင်း ရခဲ့သည်။ သို့ရာတွင် မွေးကတည်းက သေနတ်ကို ကိုင် သည့် ကျေးလက်လူငယ် ခြောက်ယောက်ခန့်က သူ့ထက် သာသွားကြသ ကိုယ်ကာယ ကြံ့ခိုင်ရေးတွင် ဂျေဆန်သည် ထိပ်ဆုံးမှ ရသည်။ ဘာသာ အားလုံး ပေါင်းလိုက်လျှင် ဂျေဆန်သည် ပဥ္စမ လိုက်သည်။

ထို့နောက်တွင် အမေရိကန် ကမ်းတက်တပ်ဖွဲ့မှ ဒုဗိုလ် ဂျေဆန် ဂိ ဗတ်သည် ဖဲင့်နီထံသို့ စာရှည်ကြီး တစ်စောင် ရေးလိုက်သည်။ စာထဲတွင် စာမရေးနိုင်ခြင်းမှာ သင်တန်းများကြောင့် ဖြစ်ကြောင်း ဖော်ပြထားသည်။ နီကလည်း စာကို ခပ်တိုတို ပြန်ရေးသည်။ သို့ရာတွင် သူ့ဘက်က လှိုက် နွေးထွေးမှု အပြည့်ပါသည်။

အစ်ကို့ဆီက စာကို ရလို့ အံ့သြနေတယ်။ အိုဒက်ဆီ ကဗျာရှ ကြီးဟာ ပုံပြင်တစ်ခု မဟုတ်သေးဘူးပေါ့။

ဖဲင့်နီတို့ စာမေးပွဲတွေ မကြာခင် စစ်တော့မှာမို့ စာတွေကို ကျ





နေရတယ်။ ဒါကြောင့် ဒီတစ်ခါ စိတ်ရှည်ဖို့ ဖဲင့်နီက တောင်းပန်ရမယ့် အလှည့်ပါ။ စာမေးပွဲပြီးလို့ ဆေးရုံကို ဆင်းရရင်တော့ စာရေးချိန် ရ သွားပါပြီ။

အချစ် ဖဲင့်နီ

စာကြွင်း။ ။ အစ်ကို့ကို လွမ်းတယ် ဆိုတာ မရေးရသေးဘူး။

တာလူး ပွဲတော်ချိန်တွင်မူ ဂျေဆန်သည် ကမ်းတက်တပ်ဗိုလ် ယူနီဖောင်း ပြည့်အစုံကို ဝတ်နိုင်လေပြီ။ (ရွှေကြယ်သီး လည်ပင်းအထိ တပ်ထားသည့် ပြာရောင် ကုတ်အင်္ကျီနှင့် ဦးထုပ်ဖြူ။) အဖေတို့ အမေတို့ ရှေ့တွင် စတိုင် ကျ ဝတ်နိုင်ပြီ။

သို့ရာတွင် ဗိုလ်ယူနီဖောင်းဖြင့် အကျ ပြန်လာသော ဂျေဆန်သည် အိမ်သို့ အရောက်တွင် စိတ်မချမ်းသာစရာနှင့် ကြုံရသည်။

ခမ်းခမ်းနားနားဖြင့် အိမ်သို့ ရောက်သွားသည့် အခါတွင် ထမင်းစားပွဲ တွင် ထိုင်နေကြသော အဖေ အမေနှင့် သူ့ညီမ ဂျူလီတို့ကို တွေ့ရသည်။ ဂျူလီ မှာ စားပွဲတွင် လက်ထောက်၍ မျက်နှာကို လက်ဝါးဖြင့် အုပ်ထားသည်။ ဧည့်ခန်းမှ သူ့ တူမလေး စမန်သာ၏ ငိုသံကို ကြားနေရသည်။

အဖေက သူ့ကို မသက်မသာဖြင့် လှမ်းကြည့်ပြီး 'မင်းရောက်လာတာ တော်ပဲ' ဟု ဆိုသည်။

ဂျေဆန်က အဖေနှင့် အမေကို နမ်း၍ နှုတ်ဆက်ပြီး စားပွဲတွင် ဝင်ထိုင် း

'ဘာဖြစ်ကြတာလဲ' ဟု မေးသည်။

'ကူရှင်းနှင့် မင်းညီမ ဂျူလီ ကိစ္စပေါ့' ဟု အမေက ပြောဖြစ်၏။ အဖေက ယ်လောင်စွာဖြင့်

'ခွေးသားလေ၊ မင်းညီမကို ပစ်ထွက်သွားပြီ၊ မယားနှင့် တစ်နှစ်သမီး ကို ပစ်ထွက်သွားတာ လူကြီး အလုပ်လားကွ'

'ကူရှင်း ဆိုတဲ့ ကောင်က လူကြီးစိတ် မရှိဘူး၊ ကလေးစိတ်ပဲ၊ နို့ စမ်းပါဦး၊ သူက ဘာအကြောင်းပြပြီး ထွက်သွားတာလဲ'

'သူ လက်မထပ်ချင်ဘူးတဲ့၊ ဘယ်တုန်းကမှ လက်ထပ်ဖို့ စိတ်မကူးခဲ့ဘူး တဲ့' ဟု ဂျူလီက ငိုရင်း ပြော၏။

'အင်း အစကတည်းက ငါ ပြောခဲ့ဖို့ ကောင်းတာပါ၊ ငါ့အပြစ်ပဲ၊ နင်



www.burmeseclassic.com

www.burmeseclassic.com



တို့ နှစ်ယောက်စလုံးက ငယ်သေးတယ် မဟုတ်လား'

'ဟော့ကောင်၊ သူတော်ကောင်း စကားတွေ ပြောမနေစမ်းနှင့်' ဟု အ
က အော်သည်။

'ဆောရီး အဖေ၊ ဒီမှာ ဂျူလီ၊ ညီမလေး ဒီကောင်လေးနှင့် ဖြစ်ခဲ့
အတွက် ကိုကို စိတ်မကောင်းဘူးကွာ၊ တကယ်ပဲ'

ဤတွင် ဂျူလီက ဝမ်းနည်းလာကာ ငိုနေပြန်သည်။

'အင်း လက်စသတ်တော့ ဒီနှစ် နာတာလူးက စိတ်ညစ်စရာကြီးကွ
ဟု ဆိုကာ ဂျေဆန်သည် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။

ကမ်းတက်တပ်ဖွဲ့တွင် တာဝန်များကိုလည်း ထမ်းဆောင်ခဲ့ပြီးပြီ။ ပထမ အ
ခံ သင်တန်းကျောင်းတွင် သင်တန်းနည်းပြ လုပ်ရသည်။ ထို့နောက်တွင် ယ
ဖောင်းကို ကျနစွာ ဝတ်တတ်သဖြင့် သူ့ကို ဗိုလ်ရွေးအဖွဲ့ အရာရှိ အ
တာဝန်ပေးသည်။ သူ့ တာဝန်မှာ တက္ကသိုလ် နယ်မြေများသို့ လျှောက်သွ
ကာ ကျောင်းသားများအား ကျောင်းဆင်းလျှင် ကမ်းတက်တပ်သို့ ဝင်
စည်းရုံး ဟောပြောရသည်။

ထိုသို့ ဗိုလ်များ လှည့်လည် စုဆောင်းရသည့် အလုပ်သည် ငါးမျှာ
သည့် အလုပ်နှင့် ခပ်ဆင်ဆင် တူသည်ဟု ဂျေဆန် အောက်မေ့မိ၏။ ဂျေဆ
သည် ဝီရိယ ကောင်းသူ၊ အားကြိုးမာန်တက် လုပ်တတ်သူ ဖြစ်သဖြင့် ပြ
လာသည့် အခါတွင်လည်း ငါးတွေ အများကြီး ရလာတတ်သည်။ ဗိုလ်လေ
များများ စုဆောင်းနိုင်ခဲ့သဖြင့် တပ်မှူးက သူ့ကို ချီးကျူးသည့် အခါတွင်
ဆန် ကျေနပ်နေသည်။

ယခုမူ တပ်မှ ထွက်ပြီး ဥပဒေတန်း တက်ချင်လှပြီ။

ဖဲင်နီနှင့်လည်း တွေ့ချင်လှပြီ။ ခွဲခွာ နေရသည့် နှစ်နှစ် အတွင်းတွ
သူတို့နှစ်ယောက် စာ အဆက်အသွယ် ရှိနေကြသည်။

သို့ရာတွင် တပ်မှ အထွက်တွင် ဖဲင်နီကို တွေ့ချင်သည့်တိုင် မတွေ့
တော့။ တပ်မှ ခွင့်မရသဖြင့် တပ်မှ ထွက်သည်နှင့် ကျောင်းသို့ တန်းလာခဲ့
သည်။ သို့ဆိုလျှင် ပညာသင်နှစ် တစ်နှစ်ပြီးအောင် စောင့်ကြရဦးမည်။

စာတိုစာရှည်တွေ ပိုများလာသည်။ တယ်လီဖုန်း အဆက်အသွယ်တွေ
ပိုများလာသည်။ သို့ရာတွင် သည်းခံနိုင်မှုကား နည်းလာလေပြီ။





းဗတ် တက္ကသိုလ် ဥပဒေသင်တန်းနှင့် ပတ်သက်၍ ပြောစမှတ် ပြုသည့်
ားတစ်ခွန်း ရှိသည်။ ပထမနှစ်သည် သေမတတ် ကြောက်စရာကောင်း
ည်။ ဒုတိယနှစ်သည် သေမတတ် စာကျက်ရသည်။ တတိယနှစ်သည်
သေမတတ် ငြီးငွေ့စရာ ကောင်းသည် ဆိုသည့် စကား ဖြစ်သည်။

ကွဲကွာနေသော သူငယ်ချင်းများက ကြောက်စရာ ကောင်းသော ဥပဒေ
ပါမောက္ခများနှင့် ရင်ဆိုင်ရာတွင် ဂျေဆန်ကို အကူအညီ ပေးကြသည်။
ပါမောက္ခများသည်လည်း တပ်ထဲက စစ်ရေးပြ သင်သည့် တပ်ကြပ်ကြီး
းလိုပင် ကြောက်စရာ ကောင်းကြသည်။ ပင့်ညာဥ် ဥပဒေ သင်တန်းများတွင်
ကန်သည့် အဖြေ မပေးနိုင်လျှင် ဆရာများ၏ လှောင်ပြောင် သရော်မှုသည်
ပ်ထဲတွင် ခြေလှမ်း မမှန်၍ တပ်ကြပ်ကြီး၏ အပြစ်ပေးခံရသည်ထက်တောင်
ကြောက်စရာ ကောင်းသေးသည်။

'ခင်ဗျား ဥပမိရုပ်နှင့် ဆိုရင် ပြစ်မှု ဥပဒေ သင်တန်းကို တက်တာက
ကောင်းမယ် ထင်တယ်၊ ပါးစပ်မဟာဘဲ ခပ်တည်တည် နေပြလိုက်ရုံနှင့်
မျိုးသမီး တရားသူကြီးတို့ ဘာတို့က ခင်ဗျားကို သဘောကျပြီး အမှုကို
နိုင်ပေးလိုက်မှာ' ဟု တစ်ယောက်က ပြောသည်။

'မဟုတ်ဘူးဗျ၊ သူက ကွာရှင်းခွင့် ဥပဒေကို ယူဖို့ ကောင်းတာ၊ အဲဒီ
ဆိုရင် ကွာရှင်းခွင့် တောင်းချင်တဲ့ မိန်းမတွေ ခင်ဗျားဆီ စုပြုံလာကြမှာ၊
ရုပ်မျိုးနှင့် ဆိုရင် အတော်ပဲ' ဟု တစ်ယောက်က ပြောသည်။

သို့ရာတွင် ဂျေဆန်တွင်လည်း သူ့ စီမံကိန်းနှင့် သူ။ ထိုအကြောင်းကို
သူ့အဖေနှင့် အစောကြီး ကတည်းက တိုင်ပင်ခဲ့ကြပြီးသား ဖြစ်သည်။

ပထမအားဖြင့် ဥပဒေတန်း တက်နေကြသည့် ရှုပါဦးနောက်များကို
ည့်နိုင်ခဲ့လျှင် ရှေ့နေ စာရေးလုပ်မည်။ ထို့နောက်တွင် နယူးယော့ သို့မဟုတ်
ရှင်တန်ရှိ နာမည်ကြီး ဥပဒေ အကျိုးဆောင် လုပ်ငန်းကြီး တစ်ခုတွင် ဝင်၍
ရှေ့နေလုပ်မည်။ ထိုအရာများ အားလုံးသည် သူ့ နောက်ဆုံး ရည်မှန်းချက်
ကြီး အတွက် ခြေနင်းခုံများသာ ဖြစ်သည်။ နောက်ဆုံးတွင် နိုင်ငံရေး နယ်ထဲ
သို့ ဝင်မည်။

သို့ရာတွင် ထိုစိတ်ကူးများမှာ မလိမ်မိုးမလိမ်မှာ အရွယ်က စိတ်ကူးများ ဖြစ်
သည်။ ထို စိတ်ကူးများ နေရာတွင် အစား ဝင်ရောက်လာသည့် ရည်မှန်းချက်
တစ်ခု ရှိလာသည်။ ထို ရည်မှန်းချက်ကြောင့်ပင် ဂျေဆန်သည် သူ့တကာ



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့သော ဥပဒေ စာမေးပွဲများကို ရဲရဲရင့်ရင့် ရင်ဆိုင်ခဲ့သည်။

ထို စိတ်ကူးမှာ အခြားမဟုတ်။ စာမေးပွဲကျသည် ဖြစ်စေ၊ အောင်သ ဖြစ်စေ ချစ်စရာ ဒတ်ချ် မိန်းမပျိုကလေး ဖဲင်နီနှင့် အတူနေရေး ဖြစ်သည်

ဖဲင်နီသည် စားပွဲပေါ်ရှိ ဓာတ်ပုံထဲမှာ သူ့ကို ပြုံး၍ ကြည့်နေသည်

ထို နှစ်နှစ်ခွဲ အတွင်းတွင် ဂျေဆန်သည် ဘုန်းကြီးလို ခြိုးခြံနေခဲ့သ မဟုတ်ပါ။ သို့ရာတွင် သူ တွေ့ခဲ့ရသည့် မိန်းကလေးများသည် ဖဲင်နီနှင့် မ စွာ ခြားနားကြောင်းကို သူ့အား သတိပေးနေသကဲ့သို့ ရှိပါသည်။

ဖဲင်နီထံမှ လာသော စာများထဲတွင် ဘာမျှ ရေးမထားသော်လည်း ဖဲင် ကိုယ်တိုင် သူတို့ နှစ်ဦး အတူနေရေး အတွက် အချိန်ကို စောင့်နေခြင်းသာ ဖြ ကြောင်းကို ဂျေဆန် သဘောပေါက်ပါသည်။

ထို့ကြောင့်ပင်လျှင် ဂျေဆန်သည် စာမေးပွဲကြီးများ မြန်မြန် ပြီးစေချ နေခြင်း ဖြစ်သည်။ အခြားသူများက စာမေးပွဲနီးမှာကို ကြောက်နေစဉ် ဂျေဆ သည် စာမေးပွဲ မြန်မြန် စစ်ပါစေဟု ဆုတောင်းနေသည်။ ဘာသာရပ် တစ် ပြီးသွားတိုင်း သူ့ နိုင်ငံကူး လက်မှတ်ထဲတွင် ဖြည့်စရာ တစ်ခု ပြီးသွားပြီ သူ ယူဆသည်။ နိုင်ငံကူး လက်မှတ်တွင် ဖြည့်စရာတွေ ပြီးသည်နှင့် သူသ အမ်စတာဒမ်သို့ ထွက်သွားကာ သူ့ ချစ်သူ ရင်ခွင်ထဲ ပြေးဝင်တော့မည်။

အမ်စတာဒမ်သို့ လိုက်လာစဉ် လေယာဉ်ခရီး တစ်လျှောက်လုံးတွင် ဂျေဆ ရင်တွေ ဖိုနေသည်။ ဖဲင်နီနှင့် ခွဲနေခဲ့ရသည်မှာ ကြာလှပြီကော။ တပ်ထဲတုန် ကလည်း ငြီးငွေ့မှုကို ဖဲင်နီအား လွမ်းသည့် အလွမ်းဖြင့် ဖြေဖျောက်ခဲ့ရဖူးပြ သည်လောက် လွမ်းခဲ့ရ သတိရခဲ့ရသည့် ဖဲင်နီကို လေယာဉ်ကွင်းတွင် တွေ့ လိုက်ရသည့် အခါ သူ့ ခံစားမှုသည် အထွတ်အထိပ်မှ ကျဆင်းသွားမည်လော ဟု သူ စိုးရိမ်ခဲ့သေးသည်။

သို့ရာတွင် အကောက်ခွန် တံခါးဝမှ ဖဲင်နီကို လှမ်းမြင် လိုက်ရသည် အခါတွင်မှ သူတို့၏ ခံစားမှုသည် လျော့ပါးမသွားကြောင်းကို ဂျေဆန် သ လိုက်လေပြီ။

ရောက်စ ရက်များတွင် ဂျေဆန်သည် ဖဲင်နီ့ မိဘများ၏ အိမ်တွင် အချိန်ကုန်သည်။ သူ့ မိဘတွေကလည်း လိုက်လိုက်လှဲလှဲ ကြိုဆို ညှော်ခံကြသည်။ သည်ဟောက် မြို့တွင် ကျောင်းတက်နေသည့် သူ့မောင်နှင့် အိမ်ထောင်သည် သ အစ်မတို့ကလည်း ဖဲင်နီ၏ အမေရိကန် မိတ်ဆွေကို လာ၍ တွေ့ကြသည်။





သူ မပြန်မီ တစ်ညတွင် ဂျေဆန်သည် သူတို့အိမ် ဧည့်ခန်းရှိ မီးလင်းဖို တွင် ရပ်ရင်း နံရံစင်ပေါ်မှ ဓာတ်ပုံများကို ကြည့်နေသည်။

'တော်တော်တော့ အံ့ဩစရာ ကောင်းတာပဲနော်၊ ဓာတ်ပုံတွေမှာ ပါတဲ့ တွေ အားလုံးကို တစ်ပတ်လောက် အတွင်းမှာ အကုန် တွေ့ခဲ့ရပြီ'

ဂျေဆန်သည် ဆံပင် နက်နက်နှင့် မိန်းကလေး တစ်ယောက်၏ ဓာတ် ရှေ့သို့ အရောက်တွင် ရပ်သည်။

'သူ တစ်ယောက်ပဲ မတွေ့ရတာ'

'အဲဒါ အီဗာလေ၊ သူ့အကြောင်းကို ဖဲင်နီက မင်းကို ပြောပြီးရောပေါ့' အမေက ပြောသည်။

'ဟုတ်ကဲ့၊ ပြောပြီးပါပြီ အန်တီ'

'တော်တော် အံ့ဩဖို့ ကောင်းတဲ့ ကလေးမလေးကွယ့်၊ သူ့ ကြည့်လိုက် အမြဲ ဝမ်းနည်းနေတဲ့ ပုံပဲ၊ အေးလေ ဒါကလည်း နားလည်နိုင်ပါတယ်' အဖေက ပြောသည်။

ဆင်ဂတ် ၂၆၃။ စစ်အတွင်းက အင်း ဖရင့် ပုန်းသွားသည့် အိမ်ကို ဖဲင်နီ လိုက်ပြသည်။ ဒုတိယ ကမ္ဘာစစ် အတွင်းက သူတို့ ရေဝတီ အမျိုးတွေ ယ်လို နေထိုင်ခဲ့ရသည်ကို သိစေချင်သဖြင့် ဖဲင်နီက သူ့ကို ခေါ်ပြခြင်း ဖြစ် သည်။

ဂျေဆန်သည် အင်း ဖရင့်တို့ မိသားစု နာဇီတို့၏ ဖမ်းဆီးခြင်းကို မခံ တစ်နှစ်လုံးလုံး ပုန်းနေရသည့် စိုစွတ် ထိုင်းမှိုင်းသည့် ထပ်ခိုးကလေးကို ကြည့်နေသည်။

'ဒီလောက် ကြောက်ကြောက်လန့်လန့် နေခဲ့ရတဲ့ ကြားထဲမှာတောင် င်း ဖရင့်ဟာ လူ့ လောကကြီးကို ခင်တွယ်သေးတယ်နော်၊ အစ်ကို သူ့ မှတ် းကို ဖတ်ကြည့်ပါလား၊ ဘာတွေပဲ ဖြစ်ဖြစ် ဘယ်သူတွေ ဘယ်လောက်ပဲ ဆိုး လူတွေဟာ အခြေခံအားဖြင့် ကောင်းမြတ်တဲ့ စိတ်နှလုံး ရှိတယ် ဆို ကို သူ ယုံတယ်၊ ဒီလောက် စိတ်သဘောထား ပြည့်ဝတဲ့ မိန်းကလေး ယောက်ကိုတောင် ရေဝတီ ဖြစ်လို့ ဆိုပြီး ဓာတ်ငွေ့ဖိုကြီးထဲ ထည့်ပြီး ်ရက်ကြတယ်နော်'

အင်း ဖရင့်၏ အကြောင်းသည် ဂျေဆန်အဖို့ အသစ်အဆန်း မဟုတ် ။ သူ့ နေ့စဉ် မှတ်တမ်းကို ဘရောဝေးတွင် စင်တင်၍ ကပြဖူးပြီ။ သူ့



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေပင် ကြည့်ခဲ့ကြသေးသည်။

ထိုစဉ်က သူတို့ မိသားစုများသည် ထိုအကြောင်းကို ဘာကြောင့် ရှည်ရှည်ဝေးဝေး မပြောဖြစ်ခဲ့ကြတာပါလိမ့်ဟု သူ ပြန်စဉ်းစားကြည့်သည်။ အဖြစ်သည် သူတို့နှင့် ဘာမျှ သက်ဆိုင်ခြင်း မရှိသော အဝေးက အဖြစ်အပျက် တစ်ခုဟု ထင်ခဲ့ကြလေသည်လား မသိ။

ဂျေဆန်နှင့် ဖဲင်နီတို့သည် လွန်ခဲ့သည့် သုံးနှစ်က သူတို့ ချစ်ပင်ပျိုးခဲ့ရာ နှစ်မြို့သို့ လာခဲ့ကြသည်။

'ဝွန်ဒိုလာ လှေကလေးပေါ်မှာ ချစ်ပင် ပျိုးတာဟာ ကိုယ်တို့ အတွဲ ပထမဆုံး ဖြစ်မယ် ထင်တယ်' ဟု ဂျေဆန်က ပြောသည်။

'ဟုတ်ပါလိမ့်မယ် အားကြီး၊ ဖဲင်နီတို့က အနှစ် တစ်ထောင်လော နောက်ကျနေပြီ ရှင်ရဲ့'

'ဒါဖြင့် မဟာ အချစ်ပင်ကို ပျိုးခဲ့သူတွေကတော့ ကိုယ်တို့ ပထ ဖြစ်မှာပါ'

သူတို့၏ ပျော်ရွှင်မှုနှင့် ရမ္မက်တို့သည် လျော့နည်းမသွား။ ဖဲင်နီသည် လောကကြီးတွင် ရယ်စရာ ပျော်ရွှင်စရာကို ဂျေဆန် မြင်တတ် ကြည့်တ လာအောင် လုပ်ပေးနိုင်သည့် အရည်အချင်း တစ်ခု ရှိသည်။ သို့ရာတွင် ယ သူတို့၏ ဆက်ဆံရေးသည် ထိုမျှမကတော့ဘဲ ပို၍ လေးနက်လာကြသည်

ဂျေဆန်သည် မိန်းမများစွာကို တွေ့ခဲ့ဖူး၍ သူတို့ကို ချစ်ခဲ့ဖူးသည်။ လမ်းခဲ့ဖူးသည်များပင် ရှိသည်။ သို့ရာတွင် ဖဲင်နီနှင့်မူ ထိုသို့မဟုတ်။ ထို့ ပိုသည်။ သူသည် သူ့ တစ်ကိုယ်လုံးကို ဖဲင်နီထံတွင် အပ်နှံထားလိုက်သည် ရမ္မက်ကြောင့်မျှသာ မဟုတ်၊ ကြင်နာ သနားမှုကြောင့်လည်း ဖြစ်သည်။ ဆန်သည် ယုယ ပိုက်ထွေးလိုသည်။ ကာကွယ် စောင့်ရှောက်လိုသည်။

စိတ်မာတတ် ခိုင်မာ၍ လွတ်လပ်သည့် ဆရာဝန်မကလေး တစ်ယော ဖြစ်သည့် ဖဲင်နီသည်လည်း သူနှင့် တွေ့သည့် အခါတွင် ကလေးလေး ဖြ ဖြစ်ကာ သူ၏ နွေးထွေးသော ကာကွယ်မှုတွင် မှီတွဲ နားခိုရခြင်းကို ပျေ သည်။

သို့ဖြင့် သူတို့ နှစ်ယောက်သည် တစ်ယောက် အဖို့ မိဘ၊ ကလေ ချစ်သူနှင့် မိတ်ဆွေ ဖြစ်နေကြသည်။ ထိုသို့သော အံ့သြဖွယ် ပြည့်စုံမှုကို သူ အဆုံးရှုံး မခံနိုင်။





လပ်ရက်ကလေးက တိုတောင်းလှချည့်။ မကြာမီတွင် သူတို့နှစ်ယောက် ဦးတော့မည်။

'ဇွန်လမှာ လုပ်မယ့် နောက်ဆုံး စာမေးပွဲကြီး ပြီးတာနှင့် ကိုယ် ပြန် ခဲ့မယ်နော်' ဟု ဂျေဆန် ပြောသည်။

'အဲဒီ အချိန်အထိ ဖဲင်နီက ဘာလုပ်နေရမှာလဲ' ဟု ဖဲင်နီ ဆွေးလျှသံဖြင့် သည်။

'သိပ် မကြာပါဘူးကွယ်၊ ကိုယ်တို့ သုံးနှစ်တောင် ခွဲခဲ့ကြတာပဲ'

'အဲဒီတုန်းက အစ်ကို့ကို ဒီလောက် ချစ်နေပါကလား ဆိုတာ ကိုယ့် ကိုယ် မသိသေးဘူးရှင့်'

ဂျေဆန်က သူ့ကို စိုက်ကြည့်လိုက်ကာ

'ဖဲင်နီကို ကိုယ် ဝန်ခံချက် ပေးစရာ တစ်ခု ရှိတယ်'

'ဘာများလဲ အစ်ကိုရယ်'

'မနေ့က ကိုယ်တစ်ယောက်တည်း မြို့ထဲ လျှောက်သွားရင်း စိတ်ကူး ခု ရလာတယ်' ဟု ဆိုကာ အိတ်ထဲမှ ကတ္တီပါဘူးကလေး တစ်ခုကို ထုတ် က်သည်။

'ဒီအထဲက ပစ္စည်းကလေးဟာ ဖဲင်နီရဲ့ လက်ချောင်းကလေး တစ် ချောင်းချောင်းနှင့် ကိုက်ရင် ကိုယ်တို့ လက်ထပ်ကြရမှာပဲ'

ဖဲင်နီက ပြုံးကာ

'လက်ချောင်း တစ်ချောင်းချောင်းနှင့် မကိုက်ရင်လည်း ခြေချောင်း ချောင်းချောင်းတော့ ကိုက်မှာပေါ့၊ အဲဒီတော့လည်း လက်ထပ်မှာပဲ'

သတို့သားလောင်းနှင့် သတို့သမီးလောင်းတို့သည် တစ်ယောက်ကို ယောက် ဖက်လိုက်ကြသည်။

ဂေါမြို့ ဘတ်စကား မှတ်တိုင် တစ်ခုတွင် အင်ဒရူး အဲလီယော့သည် ဂျေ သားနှင့် တွေ့သည်။

'ဟေး ဂျေ၊ အသားတွေ ဖြူဖပ်ဖြူရော်နှင့်၊ နွေရာသီမှာ ခရီးမထွက် ဖူးလား' ဟု အဲလီယော့က မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကိုယ်က ကမ်းခြေစောင့် တပ်ဖွဲ့ဝင်မှ မဟုတ်ဘဲကွ၊ ဘယ်ထွက်ပြေး
မလဲ၊ နွေဦးပေါက်မှာ စာတမ်း တစ်ခု တင်ရမယ်၊ အဲဒါ အပြီး ရေးနေရတ

'ဘာဖြစ်လို့ ဒီလောက် အရေးတကြီး လုပ်နေရတာလဲ'

'ဖွန်လလောက်မှာ ဘွဲ့ယူချင်ပြီကွာ'

'ဘွဲ့ရပြီးတော့ ဘာလုပ်မှာလဲ'

'ဒါတော့ မပြောတတ်သေးဘူး'

'ဒါဖြင့် ဘာဖြစ်လို့ ဒီလောက် ဖုတ်ပူမီးတိုက် ဖြစ်နေရတာလဲကွ'

'မင်း မသိပါဘူးကွာ၊ ကိုယ်က ကိုယ့် အချိန်ဇယား အတိုင်း ပြီး
တယ်၊ သီတင်းပတ်ကုန် အထိ နေပါလို့ ပြောတဲ့ အတွက် ကျေးဇူးတင်ပါတ

'ဟာကောင်ရ၊ သီတင်းပတ် ကုန်အောင်တောင် မနေဘူးလား'

'မနေတော့ဘူးကွာ၊ စာတမ်းပြီးအောင် ရေးရမယ်'

'ကောင်းပါပြီဗျာ၊ ဒီလိုဆို ကြွပါ၊ မင်း စာတမ်းကို ပို့စကတ် ရေးသ
နှစ်ရက်လောက်နှင့် အပြီး ဖြစ်ကတတ်ဆန်း ရေးတာကို တွေ့ရင်တော့ မင်း
အထိုးပဲ၊ သိလား'

'ကြည့်ပေါ့ကွာ၊ နေစမ်းပါဦး၊ မင်း အိမ်ထောင်ရေး ကိစ္စကော'

'ဟော့ကောင်၊ မိန်းမ ယူတယ် ဆိုတာ ပျော်စရာ ကောင်းတယ်၊
ကော မယူသေးဘူးလား'

'ဖြည်းဖြည်းပေါ့ကွာ၊ ခု လောလောဆယ်တော့ ငါ့မှာ'

'ဟော့ကောင် တော်တော့၊ မင်း စာတမ်း အကြောင်းကို နောက်
မပြောနှင့်တော့၊ ဟိုမှာ ကိုယ့် အမျိုးသမီး စောင့်နေတယ်၊ သူနှင့်တွေ့ရင်
ပညာရေး ကိစ္စတွေ၊ စာတမ်း အကြောင်းတွေ တစ်လုံးမှ မပြောနှင့်၊ ကို
မိန်းမက ဒါတွေ စိတ်ဝင်စားတာ မဟုတ်ဘူး'

ချစ်စရာ ဖေ့သည် သူတို့ကို အဝေးကြီးက လှမ်း၍ လက်ပြနေသည်။
ကုန်းကျက်နေသည့် ဂျော့ ကဲလားပင်လျှင် ရေကူးဝတ်စုံဖြင့် လှချင်တိုင်း
နေသော ဖေ့ကို သတိမပြုဘဲ မနေနိုင်။

ဖေ့က သူတို့ နှစ်ယောက်ကို မာတီနီပွဲ ပြင်ထားသည့် စကြံသို့
သွားသည်။ ဖေ့က သူ့ကို မာတီနီ တစ်ခွက် ကမ်းပေးရင်း

'ကျွန်မတို့ မင်္ဂလာဆောင်မှာ တွေ့ကတည်းက ရှင်နှင့် အေးအေး
ဆေး စကား ပြောချင်နေတာ၊ ရှင်က ဦးနှောက်ကောင်းတယ်တဲ့၊ အမျိုး





ပြောတယ်'

'ဒီကောင် ကျွန်တော့်ကို မြှောက်နေတာပါ'

ဖေ့က တခစ်ခစ် ရယ်လိုက်ရင်း

'ဟုတ်တယ် ဟုတ်တယ်၊ ကျွန်မကိုလည်း ဒီလိုပဲ မြှောက်ပင့် ပြောနေ
ာပဲ၊ ဒါပေမဲ့ သဘောကျတယ် ရှင့်'

ဂျော့ ကဲလားက လက်ဆောင် စက္ကူဖြင့် ထုပ်ထားသည့် အထုပ် တစ်
ကို လှမ်းပေးသည်။

'အလကား ဒုက္ခရှာလို့ရှင်' ဟု ဆိုကာ ဝမ်းမြောက်ဟန်ဖြင့် အထုပ်ကို
ြသည်။ 'ဟင် ကြည့်စမ်း၊ အင်ဒရူးရေ၊ ရှင့် သူငယ်ချင်းက ဖေ့ကို စာအုပ်
စ်အုပ် လက်ဆောင်ပေးတယ်'

'ဟုတ်လား၊ ဖေ့က စာဖတ်တာကိုတော့ ဝါသနာပါ ပါတယ်ကွ၊ ဘာ
အုပ်လဲ'

'စာအုပ်က ဖတ်ချင်စရာ'

စာအုပ်မှာ ဟင်နရီ ကစ်ဆင်းဂျား ရေးသည့် 'ရွေးချယ်မှု လိုအပ်ခြင်း'
သည့် စာအုပ် ဖြစ်သည်။

'ဘာအကြောင်း ရေးထားတာလဲဟင် ဂျော့' ဟု ဖေ့က မေးသည်။

'အမေရိကန် ဆိုဗီယက် ဒုံးပျံကွာဟချက် အကြောင်းကို ရေးထားတာ၊
အထိတော့ ဒီအကြောင်းနှင့် ပတ်သက်လို့ အပြည့်စုံဆုံး စာအုပ်ပဲ'

'ရေးသူက ဂျော့ ကဲလားရဲ့ ပါမောက္ခ တစ်ယောက်လေ' ဟု အဲလီ
ာ့က ရှင်းပြသည်။

'တကယ့် ဂရိတ်ပေါ့၊ ကျွန်တော် စာတမ်းရေးတော့လည်း သူ့ ကြီး
ပ်မှုနှင့် ရေးရတယ်လေ၊ ကျွန်တော် အမေရိက ရောက်ကတည်းက ကျွန်
ာ့်ရဲ့ မွေးစားအဖေ ဆိုပါတော့'

'ဟုတ်လား'

'နိဒါန်းမှာ ကျွန်တော့် နာမည်ကို ထည့်ရေးထားတယ်၊ ကျွန်တော်
ာ်ပြမယ်လေ'

'ဟုတ်လား၊ စာအုပ်ထဲမှာ နာမည် ဖော်ပြခံရတဲ့ လူမျိုးကို တစ်ခါမှ
န်မ မတွေ့ဖူးသေးဘူး' ဟု ဆိုကာ ဖေ့က စာအုပ်ကို လှမ်းပေးသည်။

ဂျော့ ကဲလားသည် သူ လိုချင်သည့် စာမျက်နှာကို အခန့်သင့် တွေ့
သည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်ုပ်၏ တပည့်နှင့် မိတ်ဆွေ ဖြစ်သော ဂျော့ ကဲလား၏ အ
ဉာဏ်နှင့် အမြော်အမြင် အတွက် ကျေးဇူး အထူးတင်ရှိကြောင်းကို ဖော်ပြ
ကုန်နိုင်ဖွယ် မရှိပါတဲ့'

'ဟုတ်လား၊ မင်းကို မိတ်ဆွေလို့ သုံးထားတယ်နော်၊ ဟန်ကျလို
တာကွာ' ဟု အဲလီယော့က ပြောသည်။

'ကိုယ့်ကို အုပ်ချုပ်မှု ဘာသာရပ် ၁၈၀ မှာ ဌာနမှူး ခန့်တယ်လေကွ
နိုင်ငံခြားရေးရာ ဂျာနယ်မှာလည်း ကိုယ့် ဆောင်းပါးတွေကို ထည့်ပေးတ

ဂျော့ကို ကားဆိပ်သို့ လိုက်ပို့ပြီး ပြန်အလာတွင် အဲလီယော့က

'ဟေ့ ဖေ့၊ ဂျော့ ဆိုတဲ့ ကောင်ကြီးကို မင်း ဘယ်လို ထင်သလဲ၊
ကြောင်ကြောင် လူတော် တစ်ယောက်လို့ ထင်လား'

ဖေ့က ခပ်ထွေထွေဖြင့်

'စိတ်ဝင်စားစရာတော့ ကောင်းပါတယ်၊ ဒါပေမဲ့ သူ့ကို ကြည့်ရ
ဖေ့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ၊ ထင့်တင့်တင့် ဖြစ်နေတယ်၊ ဘာကြောင့်လဲ
တာတော့ မပြောတတ်ဘူး၊ သူ့ စကားပြောပုံကြောင့်လို့ ထင်တာပဲ၊ သူ့ စကာ
ပြောတာ နိုင်ငံခြားသံ လုံးလုံး မပါဘူးနော်'

'ဒါကြောင့် ဒီကောင်ကြီးကို တော်တယ်လို့ ပြောကြတာပေါ့'

'ရှင်ကလည်း ဒီလောက် မတုံးစမ်းပါနှင့်၊ နိုင်ငံခြားသား တစ်ယော
ဟာ နိုင်ငံခြားသံ မပါတော့ဘူး ဆိုရင် တစ်ခုခုကို ဖုံးကွယ်ထားချင်လို့
မှာပေါ့၊ တန်တော့ ရှင့် သူငယ်ချင်းဟာ စပိုင်လို့ ထင်တာပဲ'

'စပိုင် ဟုတ်လား၊ ဘယ်သူ့အတွက် စပိုင် လုပ်ရမှာလဲကွာ၊ မဟုတ်တ

'ဒါတော့ ကျွန်မလည်း မပြောတတ်ဘူးရှင့်၊ ရန်သူ အတွက်ပေါ့၊
ကရက်တွေ အတွက် ဖြစ်ချင်လည်း ဖြစ်မှာပေါ့'

၁၉၆၃ ခု ဇန်နဝါရီလ ၁၂ ရက်နေ့ထုတ် တိုင်း မဂ္ဂဇင်း 'မှတ်တိုင်များ' က
တွင် အောက်ပါ သတင်းတစ်ပုဒ် ပါသည်။

**လက်ထပ် ပြီးစီးခြင်း။** ။ ဒင်နီ ရော့ဆီ၊ အံ့ဩဖွယ် စန္ဒရား ဆ
အသက် ၂၇ နှစ်နှင့် မာရီယာ ပါစ





အသက် ၂၄ နှစ်၊ တက္ကသိုလ်ကျောင်းက အချစ်ဦး။ နှစ်ဦးစလုံး ပထမ
အကြိမ်၊ အိုဟိုင်ယိုးပြည်နယ် ကလီလင်း မြို့တွင်။

ဥရောပ ပျားရည်ဆမ်းခရီး (ထိုအတောအတွင်း ဥရောပတွင်
လက်ခံထားသည့် ပွဲစဉ်များကို တီးမည်။) ပြီးနောက်တွင် ဖီလာ
ဒယ်ဖီးယား တေးသံစုံ တီးဝိုင်းတွင် ဒုတိယ တီးဝိုင်း ခေါင်းဆောင်
အဖြစ် ခန့်အပ်ခြင်း ခံရသည့် အတွက် ဖီလာဒယ်ဖီးယားတွင် အခြေ
ချမည်။

က်မထပ်ခင်တုန်းက ဒင်နီထံမှ ကတိတစ်ခု ရခဲ့သည်။ ယင်းမှာ တေးဂီတ
ဉ်များကို သိပ် လက်မခံတော့ဘဲ တစ်နေရာရာတွင် အခြေချ နေထိုင်ကာ
တို့၏ မိသားစုကို တည်ဆောက်မည် ဆိုသည့် ကတိ ဖြစ်သည်။

ဒင်နီသည် သူ့အား သာယာမှုကို ပေးသည့် လက်ခုပ်သံများကို မလျှော့
။ သို့ရာတွင် ဖီလာဒယ်ဖီးယား တေးသံစုံ တီးဝိုင်းက သူ့ကို ကမ်းလှမ်းသည့်
ါတွင် ပြဿနာ အလိုလို ဖြေရှင်းပြီး ဖြစ်သွားသည်။ သူတို့သည် တစ်ဧက
ကျယ်သည့် မြေပေါ်တွင် ကျူးဒါးခေတ် အိမ်တစ်ဆောင်ကို ဝယ်လိုက်ကြ
ည်။ အိမ်က ကျယ်သဖြင့် အပေါ်ထပ်တွင် ဒင်နီအတွက် ဂီတ စတူဒီယို
နိုင်သည်။ မာရီယာ အတွက်လည်း အလင်းရောင်နှင့် လေရသည့် အခန်း
ခု ရသည်။ ထိုအခန်းကို ဒင်နီက အက သင်တန်းခန်း လုပ်စေချင်သည်။
ရာတွင် မာရီယာက မလုပ်ချင်။ ကလေးတွေ မွေးလာလျှင် ကလေးအခန်း
မည်ဟု ဆိုသည်။

သူတို့ မင်္ဂလာဦးညတွင် မြို့လယ်က ရှာရက်တန် ဟိုတယ်မှာ စတည်း
သည်။ မာရီယာ၏ အဖေကလည်း သူ့သမီး အတွက် ကြီးကျယ်သည့် ညှော်ခံ
ကြီးကို ရှာရက်တန် ဟိုတယ်မှာ ကျင်းပခဲ့သည်။

ညှော်ခံပွဲတွင် ဒင်နီသည် ထူးထူးဆန်းဆန်း အသာ ကုပ်နေသည်။ သူ
ည် ကမ္ဘာအနှံ့ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်ခဲ့သော်လည်း ယခုပွဲတွင်
အသာ လျှိုနေသည်က ကောင်းမည်ဟု သဘောရသဖြင့် ခပ်ကုပ်ကုပ် နေ
ဖြစ်သည်။

သို့တိုင် ထင်သည့်အတိုင်း ညှော့သည်တွေ ပွဲတောင်းသဖြင့် စန္ဒရား
ပြရသေးသည်။ သူတို့ တောင်းဆိုသည့် 'ဘရော့ဝေးက နှင်းဆီ' ဆိုသည့်
င်းကို တီးပြရသည့်တိုင် ခါတိုင်းလို လက်မတွေ့လှ။



www.burmeseclassic.com

www.burmeseclassic.com



ရှန်ပိန်ကြောင့် ဖြစ်ချင် ဖြစ်မည်။ သူ့ ရင်တွေ ဖိုနေသဖြင့် တစ်ည… ရှန်ပိန်ကို နည်းနည်း နည်းနည်း သောက်နေခဲ့သည်။ ပွဲ တစ်ပွဲကို တီးတော့… ဆိုလျှင် ဒင်နီသည် ဘယ်တော့မှ အရက် ပြင်းပြင်းကို သောက်လေ့ မ… အများဆုံး သောက်လျှင် ကိုကာကိုလာလောက်ကိုသာ သောက်တတ်သည်… အလွန်ဆုံး သောက်လျှင် မီးလ်တောင်း တစ်ခွက်လောက်ကိုသာ သောက်တ… သည်။ ယခုမူ တော်တော်များများ သောက်ပြီးနေပြီ။

ရှန်ပိန် တန်ခိုးကြောင့် အရှိန်ကလေးကလည်း ရနေပြီ။ ရေချိုးခန်း… သို့ ဝင်၍ သွားတိုက်သည်။ သွားကို အကြာကြီး တိုက်သည်။ ရှေ့မှ မှန်… ကို ကြည့်လိုက်သည့် အခါတွင် ထိတ်လန့် တုန်လှုပ် နေသော လူပျိုပေါ… တစ်ယောက်ကို မြင်ရသည်။ သူ့ ရင်သည် ဖိုနေသည်။ ထို့ကြောင့် နံရံစင်… မှ စိတ်ငြိမ်ဆေး တစ်လုံးကို ယူ၍ ရေတစ်ခွက်ဖြင့် မျှောလိုက်သည်။

အိပ်ခန်းထဲမှ ခပ်နွဲ့နွဲ့ မာရီယာ့ အသံ ပေါ်လာသည်။

'မောင်၊ အခန်းထဲမှာများ ရှိသေးရဲ့လားဟင်၊ မင်္ဂလာဦး ညမှာ မာ… ယာ တစ်ယောက်တည်း အအိပ်ခိုင်းမလို့လား'

'လာပြီ လာပြီ' ဟု ဒင်နီက လှမ်းပြောသည်။

ဂျေဆန်နှင့် ဖင်နီတို့သည် စာ အဆက်အသွယ် အပေါ်တွင် အားထား… သည်။ သူတို့ ခံစားချက်များသည် ပြင်းထန်လာကာ စာကို မစောင့်နိုင်တော့… ထို့ကြောင့် တယ်လီဖုန်းဖြင့် လှမ်း စကားပြောဖြစ်ကြသည်။ တယ်လီဖုန်း… များက ကြောက်စရာ။

'လေယာဉ်နှင့် လာတွေ့တာကမှ စရိတ် သက်သာဦးမယ်' ဟု ဂျေဆ… က ပြောသည်။

'ဟုတ်တယ်နော်၊ ဒါပေမဲ့ အစ်ကို့ စာမေးပွဲတွေက ဒီမှာ လာဖြေ… မရတာ ခက်တယ်၊ ဖင်နီ စာမေးပွဲတွေကို အဲဒီမှာ လာဖြေလို့ ရရင်လည်း အကောင်းသား၊ နောက် နည်းနည်းပဲ လိုပါတော့တယ် အစ်ကိုရယ်၊ အဲဒီတော့ မှ အားရအောင် ချစ်၊ ငြီးငွေ့သွားအောင် ချစ်'

'ဘယ်တော့မှ မငြီးငွေ့ဘူး'

'ဒီလိုပဲ ပြောကြတာပါပဲ၊ တစ်ခါတလေတော့လည်း ဖင်နီ စိတ်…





…ယ်၊ သိလား၊ လက်ထပ်တာတွေ ဘာတွေ လုပ်မနေတော့ဘဲ အတူ နေ…ရင် ကောင်းမှာပဲလို့'

'ဖင်နီ နေရမှာက ဘော်စတန်မှာ နေရမှာ၊ ဘော်စတန် ဆိုတာ ခုထိ …သီးတဲ့မြို့၊ ပြီးတော့လည်း ကိုယ့်ဘဝ ခရီးဖော် အဖြစ် တစ်သက်လုံး နေ…ယ် ဆိုတာ ပရိညာဉ် လက်မှတ် ထိုးစေချင်တယ်၊ ဒါမှ နောက် ဖင်နီ ကိုယ့်… ထွက်မပြေးမှာ'

'အပြောကလေးကတော့ လှမ်းလောက်တယ်နော်'

သူတို့ လက်ထပ်ပွဲကို ဖင်နီတို့ နေသည့် မြို့ကလေးက ဘုရားရှိခိုး…ကျောင်းတွင် ပြုလုပ်ရန် ဖြစ်သည်။ စောစောက နွေရာသီတွင် အီဗာထံ သွား… စိတ်ကူးသေးသော်လည်း စာမေးပွဲပြီးမှ သွားတော့မည်ဟု အချိန် ပြောင်း…လိုက်သည်။

မေလ ၁၅ ရက်နေ့တွင် ဖင်နီက ဂျေဆန်ထံ ဖုန်းဆက်သည်။

'သုံးပတ်လောက်တော့ ဖုန်းမဆက်နှင့်ဦးနော်' ဟု ပြောသည်။ သူ့… အီဗာနေသည့် ယာတောမှာ ကျေးလက် ဖြစ်၍ တယ်လီဖုန်းတွေ ဘာတွေ…

'သူတို့ တစ်ရွာလုံးမှ တယ်လီဖုန်း သုံးလုံးပဲ ရှိတာ အစ်ကိုရဲ့၊ ဒီတော့ …နီတို့က အားအားရှိတိုင်း အီစီကလီတွေ ပြောနေရင် သူတို့က ငြိုငြင်ကြလိမ့်…ယ်၊ ဖင်နီနှင့် နှစ်ဆယ့်တစ်ရက် စကားမပြောဘဲ နေနိုင်ပါ့မလား'

'မနေနိုင်ဘူး'

'ဒီလိုဆိုရင်လည်း စာမေးပွဲပြီးရင် အစ္စရေးကို လိုက်ခဲ့ပါလား၊ အစ်ကို့ …သားတွေရဲ့ ဇာတိမြေကိုလည်း ရောက်ဖူးသွားတာပေါ့'

'နောက်ဆုံး မအောင်နိုင်ရင်တော့ လိုက်လာမှာပဲ၊ ဪ မေ့နေတယ်၊ …ဖြေ စာမေးပွဲကို ဖြေနိုင်ရဲ့လား'

'မဆိုးပါဘူး' ဟု မယုတ်မလွန် ဖြေသည်။

'ဒီလိုဆို ဆရာဝန်မကြီး ဖြစ်ပြီပေါ့၊ ချီးကျူးပါတယ်၊ ဝမ်းမသာဘူး… ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့လဲ ဆိုတော့ ဒီထက် အရေးကြီးတဲ့ အလုပ်ကို ရမှာမို့လို့၊ …အလုပ်လဲ သိသား၊ အစ်ကို့ မယားလေ'

…အားလုံးများသည် ဂျေဆန်၏ မှတ်ဉာဏ် မီးလျှံကြီးတွင် …ကျက်ကွယ်



www.burmeseclassic.com

www.burmeseclassic.com



သွားလေပြီ။ အကြောင်းမှု ထိုစကားများသည် သူ နောက်ဆုံး ကြားလိုက်သော ဖင်နီ၏ စကားများ ဖြစ်သောကြောင့်တည်း။

နောက် ဆယ်ရက် အကြာတွင် ဂျေဆန်သည် အမ်စတာဒမ်မှ တယ်လီဖုန်း လာသဖြင့် မနက် ခြောက်နာရီတွင် အိပ်ရာမှ နိုးလာခဲ့သည်။ ဖင်နီ၏ အစ်ကို အန်တွန်ထံမှ ဖြစ်သည်။

သူ့ အသံက တုန်ယင်လျက်။

'ဂျေဆန်၊ ဖင်နီနှင့် ပတ်သက်လို့ စိတ်မကောင်းစရာ သတင်းပဲဗျာ'

'ဘာဖြစ်လို့လဲဟင်၊ မတော်တဆ ထိခိုက်မှုလား'

'ဟုတ်တယ်၊ အေးလေ မတော်တဆလို့လည်း ပြောလို့ မရဘူး၊ ကျွန်တော်လည်း အသေးစိတ်ကို မသိရသေးဘူး၊ ဖင်နီ ဆုံးသွားပြီ'

ဂျေဆန်သည် ငုတ်တုတ် ထထိုင်လိုက်မိသည်။ သူ့နှလုံးသည် တဒိတ်ဒိတ် ခုန်လျက်။

'ဘာဖြစ်တာလဲဗျာ၊ ဘယ်လို ဖြစ်တာလဲ'

'ကျွန်တော်လည်း အသေးစိတ်တော့ မသိသေးဘူး၊ အီဗာဆီက တယ်လီဖုန်း လာတယ်၊ သူတို့ ယာတောမှာ ရှိတဲ့ ကလေး ရိပ်သာကို အကြမ်းဖက်သမားတွေ လာတိုက်တယ်တဲ့၊ သူတို့ ယာတောက နယ်စပ်နှင့် နီးတယ် မဟုတ်လား၊ ကြည့်ရတာကတော့ အာရပ် အကြမ်းဖက်သမားတွေက နယ်စပ်ကို ကူးလာပြီး လက်ပစ်ဗုံးနှင့် ပစ်သွားတယ် ထင်တယ်၊ ကလေးတွေရဲ့ စခန်းတဲ့၊ ဖင်နီက အဲဒီက နေမကောင်းတဲ့ ကလေး တစ်ယောက်ကို သွားကြည့်တာ ပြီးတော့'

သူ့အစ်ကိုသည် ဆက်မပြောနိုင်ဘဲ ငိုနေသည်။

ဂျေဆန်သည် မှင်တက်မိနေသည်။ 'မဖြစ်နိုင်ဘူး၊ မယုံနိုင်ဘူး' ဟု ပါးစပ်က ရွတ်နေသည်။

နှစ်ဆယ့်ခြောက်နှစ်မျှသော သူ့ သက်တမ်းတွင် ကြေကွဲ ဝမ်းနည်းစရာနှင့် ဆို၍ တစ်ခါမျှ မကြုံခဲ့ဖူးသေး။ ယခုမူ ထိုအဖြစ်သည် သူ့ဝိညာဉ်ကို ကျည်ဆန် စူးသည့်နှယ် ဖြစ်နေပြီ။

'ဖင်နီဟာ သိပ် သတ္တိကောင်းတာပဲတဲ့၊ အီဗာက ပြောတယ်၊ ကလေးတွေကို မှန်မှာစိုးလို့ လက်ပစ်ဗုံးပေါ်ကို မှောက်ပစ်လိုက်တယ်တဲ့'

ဂျေဆန် ဘာပြောရမည် မသိ။ ဘာလုပ်ရမည် မသိ။ ဘာတွေးရမည် မသိ။ မကြာခင် မျက်ရည်တွေ လိမ့်ဆင်းလာတော့မည်။ မကြာခင် ပေါက်ကွဲ





လာမည်။ ဤသည်ကို သူ သိသည်။ ယခုမူ ထိတ်လန့် တုန်လှုပ်နေသဖြင့် ကိုယ်လုံး မလှုပ်မယှက်။ ထိုနောက် သူ့ အစ်ကိုအား တစ်ခုခု ပြောရမည် သတိရသည်။

'ကျွန်တော် ဘယ်လောက် ထိခိုက်သလဲ ဆိုတာ မပြောတတ်တော့ဘူး'

'ကျွန်တော်တို့လည်း ခင်ဗျား အတွက် စိတ်မကောင်းဘူး၊ ခင်ဗျားတို့ နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် သိပ်ချစ်ကြတာ မဟုတ်လား'

အစ်ကို၏ အသံက လေသံမျှသာ။

'ခင်ဗျားကော အသုဘကို လာနိုင်ဦးမလား'

အသုဘ ဆိုပါကလား။ ထိုအကြောင်းကို တွေးလိုက်မိသည်နှင့် သူ့ ကိုယ်လုံးသည် အေးစက်သွားသည်။ ထို အသုဘသည် ဖင်နီ၏ အသုဘ ဖြစ်သည့် အခါတွင် ပို၍ နာကျင်ရသည်။ သူ့အသံကို နောင် ဘယ်တော့မျှ ကြားရမည် မဟုတ်တော့။ သူ့ကို နောက် ဘယ်တော့မှ တွေ့ရမည် မဟုတ်တော့။

သို့ရာတွင် သူ့ကို လာနိုင်မလားဟု မေးနေပြီ။ သူ ချစ်သူ၏ ခန္ဓာကိုယ်ကို ကျင်းကြီးထဲ ချပြီး အပေါ်က မြေတွေ ဖို့သည့် အခမ်းအနားသို့ လာမည်လားဟု မေးနေပြီ။

'လာမှာပေါ့၊ သရဏဂုံက ဘယ်တော့ တင်မှာလဲ'

သူ့အသံက လေထဲက ကျူပြင်ကလေး တစ်ပင်နှယ် အားမရှိတော့။

'ကျွန်တော်တို့ ရောက်သွားရင် သရဏဂုံတင်မှာပဲ၊ ခင်ဗျား လာမယ်ဆိုရင်တော့ စောင့်မယ်လေ'

'အသုဘက အမ်စတာဒမ်မှာလား'

'မဟုတ်ဘူး၊ ကျွန်တော်တို့ မိသားစုက ဘာသာရေး ကိုင်းရှိုင်းကြတယ်လေ၊ ပြီးတော့ သမ္မာကျမ်းစာနှင့် မြင့်မြတ်တဲ့ မြေတော်ကိုလည်း အလေးထားကြတယ်၊ ဖင်နီက ဟိုမှာ ဆုံးတော့ ဟိုမှာပဲ ကိစ္စပြီးမယ်လို့ စိတ်ကူးထားတယ်၊ ဂျေရုဆလင်မှာပေါ့'

'ဟင်'

'ခင်ဗျားအဖို့တော့ လာရတာ နည်းနည်းဝေးမယ် ထင်တယ်'

'ရပါတယ်ဗျာ၊ လေကြောင်း ကုမ္ပဏီတွေဆီ သွားပြီး စုံစမ်းလိုက်မယ် ပထမဆုံး ထွက်တဲ့ လေယာဉ်နှင့် လိုက်ခဲ့မယ်၊ သေချာတော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မယ့် အချိန်ကို ခင်ဗျားကို လှမ်းပြောလိုက်မယ်'

ဖဲင်နီကို စတွေ့သည့် အချိန်မှစ၍ ဂျေဆန်သည် နိုင်ငံကူး လက်မှတ် သူ့အနားတွင် အမြဲထားသည်။ တွေ့ချင်လွန်းလျှင် အလွယ်တကူ သွားနိုင် ဖြစ်သည်။ ထို့ကြောင့် သွားမည် ဆိုလျှင် အထုပ်အပိုးပြင်၊ လေယာဉ်ကို စီး ထွက်လာရုံမျှသာ။

ထိုနေ့ မနက်က သူ့တွင် စာမေးပွဲ တစ်ခု ဖြေစရာ ရှိသည်။ ထိုစာမေး အတွက် သီတင်းပတ်များစွာ ကြိုတင် ပြင်ဆင်ခဲ့ရသည်။ အစ္စရေးသို့ ထွက်မေ လေယာဉ်မှာ ညနေပိုင်းမှ ဖြစ်သဖြင့် ထိုစာမေးပွဲကို ဖြေခဲ့သည်။

သို့ရာတွင် သူ့အဖို့ ဘာမျှ အရေးမကြီးတော့ပြီ။ ဘာကိုမျှ ဂရုမစိုက် တော့ပြီ။

ထိုနေ့က သူသည် လေယာဉ် ကိုယ်စားလှယ်ထံ သွားပြီး လက်မှ တစ်စောင် ဝယ်သည်။ တစ်နေ့လုံး တက္ကသိုလ် နယ်မြေ တစ်ဝိုက်တွင် ရှ ရှုယ်ချက်မဲ့စွာ လျှောက်သွားနေသည်။ နေက ကျဲကျဲတောက်လျက်။ ကျော သူ ကျောင်းသားများသည် ရယ်မောကာ မြစ်ကမ်းနားသို့ ပျော်ပွဲစား သွား ကြသည်။

သူတို့ ရယ်သံကို ကြားသည့် အခါတွင် ဂျေဆန်သည် စိတ်ထဲမှ ကျိ ၍ ဒေါပွနေသည်။ ဘဝသည် မနေ့က အတိုင်း ဖြစ်နေသကဲ့သို့ သူတို့သ ဘာကြောင့်များ ရယ်မော ပျော်ရွှင် သွားလာ နေနိုင်ကြသနည်း။ နေကြီး လည်း ဘာကြောင့်များ ကျဲကျဲတောက်အောင် ပူနေရသနည်း။ လောကကြ တစ်ခုလုံးသည် ချက်ချင်း ရပ်ဆိုင်းသွားကာ ငိုကြွေးဖို့ ကောင်းသည်။

ညနေ လေးနာရီတွင် ဘော်စတန်မှ အင်ဒယ်ဝိုင်း လေဆိပ်သို့ ထွက်ခဲ့သည် လေယာဉ် ပြောင်းသည်။ အယ်အယ် လေကြောင်း ကုမ္ပဏီ ကောင်တာ ရောက်အောင် ကားလမ်းများကို ဖြတ်လာရသည်။ သူ့ကို လာကြိုနေသည့် မိဘများကို တွေ့ရ၏။

'အဖြစ်ဆိုးလိုက်တာ သားရယ်' ဟု အမေက ပြောသည်။

'အဖေတို့ ဘာလုပ်ပေးရဦးမလဲ' ဟု အဖေက မေးသည်။

'ရပါတယ် အဖေ၊ နေပါစေ' ဟု ဂျေဆန်က ပြောသည်။

ရုပ်အကျီ ရင်ဘတ် ဖွင့်ထားသည့် ဆံပင် နက်နက်နှင့် လူငယ်ကလေး တစ်ယောက်က လမ်းလျှောက် ကြိုးမဲ့ ကြေးနန်း စက်ကို လွယ်ထားရင်း





အနားသို့ ရောက်လာကာ 'ဒီက သုံးယောက်က ခရီးသည်တွေလား ခင် ' ဟု အသံဝဲဝဲနှင့် မေးသည်။

'မဟုတ်ဘူးကွ၊ ငါ တစ်ယောက်တည်းရယ်'

'ဒီလိုဆိုရင် ခရီးသည် မဟုတ်တဲ့လူတွေ အပြင်ဘက်ကို ကြွပါ ခင်ဗျား၊ ရာမှာ ခရီးသည်တွေကိုသာ လာခွင့်ပြုပါတယ်၊ လုံခြုံရေး အတွက်ပါ' ဟု ကျေးစွာ ပြောလေသည်။

အဖေက သူ့ကို ဤသို့ နှင်ရပါမည်လား ဆိုကာ ဒေါပွသည်။ အဖေ ည် အပြင်သို့ လှည့်ထွက်ရင်း

'ဟော့ လေယာဉ်ကွင်းကိုလည်း ကြည့်ဦးကွ၊ ရဲတွေ ပြည့်လို့၊ နောက်ထပ် ည်း အစောင့်အရှောက်တွေ အများကြီး၊ မင်းတို့ လေကြောင်း ကုမ္ပဏီက သပါမှာ အန္တရာယ် အများဆုံး လေကြောင်း ကုမ္ပဏီမို့လို့ ဒီလိုလုပ်တာပဲ ာသဲ'

ဂျေဆန်က ဘာမျှ ပြန်မပြောနိုင်မီ လုံခြုံရေး အရာရှိ တစ်ဦး သူတို့ ားသို့ ရောက်လာကာ

'ခွင့်လွှတ်ပါ ခင်ဗျာ၊ ကျွန်တော်တို့ လေကြောင်း ကုမ္ပဏီက ကမ္ဘာမှာ အချရဆုံးပါ၊ အခုလို ကြိုတင် ကာကွယ်မှုတွေ လုပ်ထားတဲ့ အတွက် ကြောင့်ပါ'

'ဟော့ မင်းကို ပြောတာ မဟုတ်ဘူးကွ၊ မင်းတို့က ဒီလိုပဲ သူများစကား တာ ချောင်းနားထောင်သလား' ဟု အဖေက ဘုတောသည်။

'ကျွန်တော်တို့ ဂျူတီကျရင် လုပ်ရပါတယ် ဦး၊ ဒါ ကျွန်တော်တို့ လုပ်ပါ'

အဖေက မကျေမနပ်ဖြင့်

'အပြန်ကျရင် အစ္စရေး လေကြောင်းကို မစီးနှင့်၊ အမေရိကန် လေကြောင်း ပြန်ခဲ့'

'ကဲ တော်ပါတော့ အဖေရယ်၊ သွားပါတော့' ဂျေဆန်က တောင်းပန်ရ ည်။

'အေးပါကွာ၊ သွားမယ်'

အဖေနှင့် အမေက ဂျေဆန်ကို ပွေ့ဖက် နှုတ်ဆက်ပြီး ခပ်သုတ်သုတ် က်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီး လုံခြုံရေး အရာရှိ နှစ်ယောက်က သူ့ လက်ဆွဲအိတ်ထဲမှ ပစ္စည်း များကို သွန်ချ၍ ရှာနေသည့် အခါတွင် ဂျေဆန် သက်ပြင်းချသည်။ အိတ်ထဲ တွင် ရှပ်အင်္ကျီ သုံးထည်၊ အောက်ခံ ဘောင်းဘီ အချို့၊ လည်စည်း နှစ်ခု၊ သွားပွတ်တံ မုတ်ဆိတ်ရိတ်စား စသည်တို့ ထည့်သော သန့်ရှင်းရေးအိတ် ပါသည်။ ထိုပစ္စည်းများကို ခုံတန်းပေါ်သို့ မှောက်ချကာ သေချာစွာ စစ်ဆေး ကြသည်။ တစ်ယောက်ကမူ သွားတိုက်ဆေးဘူးနှင့် မုတ်ဆိတ်ရိတ် ဆပ်ပြာ တောင့်ကိုပင် စစ်ဆေးနေလိုက်သေးသည်။

နောက်ဆုံးတွင် မူလကထက်ပင် သေသပ်စွာ ပြန် ထုပ်ပိုးပေးလိုက် သည်။

'ကဲ သွားနိုင်ပြီလား' ဟု စိတ်မရှည်မှုကို ကြိုးစား၍ ချုပ်တည်းကာ မေးသည်။

'ဟုတ်ကဲ့၊ သွားနိုင်ပါပြီ ရှင်၊ ရှေ့က ရုံးလေးထဲ ရောက်ရင် ကိုယ် မှာ ရှာပါလိမ့်ဦးမယ်' ဟု အမျိုးသမီး တစ်ယောက်က ပြောသည်။

သူ့ လေယာဉ်ခရီးက ရှည်လျားပြီး လူများသည်။ လေယာဉ် ခုံတန်းတွေ ကြား ထဲတွင် ကလေးတွေက ပြေးတမ်း လိုက်တမ်း ကစားနေကြသည်။ မုတ်ဆိတ် နှင့် အဘိုးကြီးများနှင့် လူငယ် အချို့က ခုံတန်းတွေ ကြားထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေကြသည်။ တာလမွတ် ကျမ်းစာကို ရွတ်ဆိုနေကြ သလား၊ တရားမှတ်နေသလား မသိ။

ဘာကြောင့်မှန်း မသိ။ ဂျေဆန်သည် သူတို့လို ထ၍ လမ်းသလား မ မိသည်။ ခရီးသည်တွေထဲက မျက်နှာတွေကို သူ အကဲခတ်သည်။ အချို့ သမ္မာကျမ်းစာပောင်းထဲက ခုန်ထွက်လာသည့် ထင်ရသည့် တရားဟော ဆရာကြီးတွေ၊ တချို့က တောင့်တင်းသည့် လူငယ်တွေ။ အင်္ကျီ ရင်ဘတ် ထားသည့် လူငယ်များမှာ လုံခြုံရေး တာဝန်ကျသူများ ဖြစ်သည်။

သို့ရာတွင် ထူးဆန်းသည်မှာ သူ့ကိုယ်သူ ပြန်မှတ်မိနေခြင်း ဖြစ်သည်။ ခရီးသည်များက သံလွင်ရောင် အသားဝါဝါ၊ မျက်လုံးပြာပြာနှင့်။ ဟီးဘရူး စကားကို ပြောလျက်။

သူတို့ အားလုံးသည် ထူးခြားနေကြသည်။ သူတို့သည် ရေဝတီ ဖြစ်သည်။ သူသည်လည်း သူတို့အထဲက တစ်ယောက် မဟုတ်လော။





ကြာသည့်အခါတွင် လေယာဉ်မှူးက သူတို့ လေယာဉ်သည် ယ်လ်အဗီလေဆိပ်သို့ ဆင်းတော့မည် ဖြစ်ကြောင်း ကြေညာသည်။ သူ့နား တွင် ထိုင်လိုက်လာသည့် လူတချို့ ငိုသံကို သူ ကြားရသည်။ အခြားနေရာများ မှ ငိုသံများကိုလည်း ကြားရ၏။ လေယာဉ်မှ ဆင်းကာ စစ်သားတွေ စောင့် နေသည့် ကြားမှ ကွင်းကို ဖြတ်လာခဲ့ကြစဉ် အဘိုးအို တစ်ယောက်က မြေကြီး ကို ကုန်း၍ နမ်းသည်။

နေကျဲကျဲတောက် ပူ၍ ဖုန်ထူသည့် မြေပေါ်သို့ ရောက်လျှင် ခရီးသည် များ၏ ခံစားမှုသည် ပြောင်းသွားသည်။ ဆန့်ကျင်ဘက် ပုံသဏ္ဌာန် နှစ်မျိုး ဖြင့် ခံစားမှုအား ဖော်ပြကြသည်ကို ဂျေဆန် သတိထားမိသည်။ တစ်ခုမှာ ရယ်ရည် ဖြစ်၍ တစ်ခုမှာ ရယ်သံ ဖြစ်သည်။

ဂျေဆန်မှာမူ ကိုယ့်အပူနှင့် ကိုယ် ဖြစ်နေသဖြင့် ငိုလည်း မငိုမိ။ ရယ် လည်း မရယ်နိုင်။

သူ့ နိုင်ငံကူး လက်မှတ်ကို တံဆိပ် ရိုက်ပေးသည့် အကောက် အရာ ရှိက ပြုံးကာ 'မွေးရပ်မြေက ကြိုဆိုပါတယ်' ဟု ပြောသည်။

သူ့တွင် ဘာ အထုပ်အပိုးမျှ မပါ။ ထို့ကြောင့် ဆွဲတံခါး တစ်ခုမှ ထွက် သည်။ အပြင်တွင် လူတွေ အော်ဟစ်လျက်။ သူတို့ ဆွေမျိုးသားချင်းများကို လာကြိုကြခြင်း ဖြစ်သည်။

ဂျေဆန် ခြေဖျားထောက်၍ မျှော်ကြည့်သည်။ ခပ်လှမ်းလှမ်းတွင် အန် ကျနှင့် ခေါင်းပြောင်ပြောင် ခပ်ဝဝ အသက်လတ်ပိုင်း လူတစ်ယောက်ကို လှမ်းမြင် လိုက်ရသဖြင့် သူတို့ဆီသို့ ခပ်သုတ်သုတ် လာခဲ့သည်။

'အဆင်ပြေရဲ့လား'

'ပြေပါတယ်၊ ခင်ဗျား အဖေနှင့် အမေကော နေကောင်းကြတယ်နော်'

'ဟုတ်ကဲ့၊ ကောင်းပါတယ်၊ ဩော် ဒါက အဲဒီ ကျေးရွာ စုပေါင်း လယ် ယာက အတွင်းရေးမှူးလေ၊ ရော်ဆီ ရွှန်တဲ့'

ဂျေဆန်က သူ့ကို လက်ဆွဲ နှုတ်ဆက်သည်။

'ရှလုံပါ မစ္စတာ ဂျေဆန်၊ ကျွန်တော် အများကြီး ဝမ်းနည်းပါတယ်'

သူလည်း ကောင်းကောင်း စကားမပြောနိုင်။ သူတို့သည် ထရပ်ကား ဟောင်းကြီး တစ်စီးပေါ်သို့ တက်၍ ထွက်လာခဲ့ကြသည်။

တစ်နာရီခန့် ကြာလျှင် သူတို့ ကားသည် တောင်ကုန်း တစ်ခုပေါ်သို့ တက်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့သည်။ ဂျေရုဆလင်မြို့ကို လှမ်းမြင်ရပြီ။ ဖြူဖွေးသော ကျောက်ဖြူ အိမ်များသည် မနက်ခင်း နေရောင်တွင် အရောင်တောက်နေသည်။

တစ်လမ်းလုံး တိတ်ဆိတ်လာကြရာမှ အန်တွန်က စ၍ ပြောသည်။

'သူ့ကို မြေမြှုပ်ရင် ခင်ဗျား လက်စွပ်ကလေးကိုလည်း ထည့်ပေးစေချင်မှာပဲ၊ ထည့်ရမလား'

ဂျေဆန်က ခေါင်းညိတ်ပြသည်။ သူသည် မြင့်မြတ်သော နယ်မြေပရိဒေဝ သောက ရင်မှာ ပိုက်၍ လာခဲ့ရသူပါတကားဟု ရုတ်တရက် သဘောပေါက်လိုက်သည်။

ဖင်နီ၏ အလောင်းကို ပရိတက်စတင့် သုသာန်ရှိ သစ်ပင် မြင့်မြင့်ကြီးများအောက်မှာ မြှုပ်နှံသည်။

မနေ့ညက ကျေးရွာ စုပေါင်းလယ်ယာမှ ကိုယ်စားလှယ် အဖွဲ့ တစ်ဖွဲ့လည်း အသုဘရှု လာကြသည်။ သူတို့ အားလုံး နေလောင်၍ အသားညိုလျက်။ အင်္ကျီ ရင်ဘတ်က ဖွင့်ထားကြသည်။ ဂျေဆန်က ဝတ်စုံနက် ဝတ်ထားပြီး လည်စည်း စည်းထားသဖြင့် သူတို့ အလယ်တွင် ခပ်ကြောင်ကြောင်ဖြစ်နေသည်။ ရှေ့တန်းမှာ ရပ်နေကြသူများထဲတွင် သူ့ မိဘများနှင့် အန်တွန်လည်း ပါသည်။ အန်တွန်က သူ့ အမေ၏ လက်ကို ကိုင်ထားသည်။ သူတို့အနီးတွင် အရပ် ပြတ်ပြတ်၊ ဆံပင်နက်နက်နှင့် မိန်းကလေး တစ်ယောက်ကအဖေ့ လက်ကို ကိုင်ထားသည်။ အီဗာ ဖြစ်လိမ့်မည်။

ဖင်နီ့ မိဘ ဆွေမျိုးများ၏ မျက်နှာမှာ ကြိတ်မှိတ်ထားရသည့် မျက်နှာ။ ကျေးရွာမှ လူများကမူ မိတ်ဆွေ တစ်ယောက်ကို ဆုံးရှုံးသဖြင့် အသံထွက်၍ ငိုကြသည်။

ဟုတ်သည်။ ဖင်နီသည် သူတို့အဖို့ မိတ်ဆွေ တစ်ယောက်မျှသာ။ ဂျေဆန်အဖို့ မည်သို့ ရှိမည်ကို သူတို့ သဘောပေါက်နိုင်ကြမည် မဟုတ်။ သူအခေါင်းကို မြေကျင်းထဲသို့ ချသည့် အခါတွင် သူ့ ရင်ထဲမှ တစ်စုံ တစ်ခုသည်လည်း ဖင်နီနှင့် အတူ မြေမြှုပ်ရာသို့ ပါသွားခဲ့ပြီ။

သူ့ သောက ပရိဒေဝသည် ကြီးမားလွန်းသဖြင့် မျက်ရည်နှင့် မလုံလောက်။

ပရိသတ်များ တဖြည်းဖြည်း ထွက်ခွာ သွားသည့် အခါတွင် သူနှင့်အီဗာတို့သည် တစ်ယောက်ကို တစ်ယောက် အလိုလို လှမ်းကြည့်မိကြသည်။





သည်သူမျှ မိတ်ဆက်ပေးစရာ မလိုတော့။

အီဗာက ငိုရှိုက်သံဖြင့်

'အစ်မက အစ်ကိုတို့ အကြောင်းကို မကြာခဏ ပြောတယ်၊ တကယ်တော့ အစ်မကသာ လူ့ဘဝမှာ ပျော်ပျော်ကြီး နေထိုက်တာပါ၊ ကျွန်မကသေဖို့ကောင်းတာ'

'ဒီလိုပေါ့ကွယ်' ဟု ဂျေဆန်က ပြောသည်။ သူတို့သည် သုသာန်တံခါးမှ ထွက်လာခဲ့ကြကာ ညာဘက်သို့ ချိုးခဲ့ပြီး ဘယ်သယ်ဟမ် လမ်းမကြီးသို့ ရောက်လာခဲ့ကြသည်။ ဂျေဆန်က

'လက်ပစ်ဗုံး ပေါက်ပြီး ဖင်နီ ဆုံးသွားတဲ့ နေရာကို အစ်ကို ကြည့်ချင်တယ်'

'စုပေါင်းလယ်ယာ ရွာကိုလား'

ဂျေဆန်က ခေါင်းညိတ်သည်။

'ညနေကျရင် ကျွန်မတို့ ဘတ်စ်ကားနှင့် လိုက်ခဲ့ပါလား'

'ညနေတော့ မဖြစ်သေးဘူး၊ သူ့ မိဘတွေက မနက်ဖြန်မှာ ဆိုတော့သူတို့နှင့် နေရဦးမယ်၊ ကိုယ် ကားတစ်စီး ငှားပြီး ဂယ်လီလီကို လာခဲ့မယ်လေ'

'ဒီလိုဆို ကျွန်မတို့ စုပေါင်းလယ်ယာ အတွင်းရေးမှူးကို အစ်ကို့အတွက် စီစဉ်ပေးဖို့ ပြောထားနှင့်မယ်၊ ဘယ်လောက် ကြာကြာ နေမှာလဲ'

ဂျေဆန်က မြို့တော်ဟောင်းကြီး ခေါင်မိုးများကို လှမ်းကြည့်ရင်း

'ဒါတော့ အစ်ကိုလည်း မပြောတတ်သေးဘူး'

နောက်တစ်နေ့ မနက် ငါးနာရီတွင် ဂျေဆန်သည် အမ်စတာဒမ်သို့ ပြန်မည့်သူ၏ မတော်လိုက်ရသော ယောက္ခမလောင်းကြီးများနှင့် မတော်ရသောယောက်ဖတို့ကို လေဆိပ်သို့ လိုက်ပို့သည်။

သူတို့သည် အချင်းချင်း အဆက်အသွယ် လုပ်မည် ဖြစ်ကြောင်း ကတိပြုကြသော်လည်း တဖြည်းဖြည်းနှင့် အဆက်အသွယ် ပြတ်ကာ အနေ ဝေးသွားကြတော့မည်ကို နှစ်ဖက်စလုံးက သိနေကြသည်။ သူတို့ ဘဝများကိုဆက်သွယ်ပေးမည့်သူသည် မရှိတော့။

ဂျေဆန်သည် သူ့အား ထိုင်ခုံလွတ်တွင် မြေပုံ တစ်ချပ်ကို ချကာမြောက်ဘက်သို့ ဆက်မောင်းခဲ့သည်။ ပထမ မြေထဲပင်လယ် ကမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



မောင်းသည်။ သူ့ ဘယ်ဘက်တွင် ပြာနေသော ပင်လယ်ကြီး။ ထို့နော
အရှေ့သို့ ချိုးကာ နာဗာရက်သို့ လာသည်။ ထို့နောက် ဂယ်လီလီ။ တစ်
တွင် ပင်လယ်ကြီး။ အနှစ် နှစ်ထောင်လောက်တုန်းက သခင်ယေရှု ရေ
တွင် လမ်းလျှောက် ပြခဲ့သည့် နေရာ။ ထို့နောက် မြောက်သို့ ချိုးသည်။
ဒန်မြစ်က သူ့ ညာဘက်မှာ။ ထို့နောက် ရှာနုံးရွာ။

မွန်းတည့်ချိန်လောက်တွင် ဟာဂလီရွာ တံခါးသို့ ရောက်ပြီး ရွာထဲ
ဝင်လာခဲ့ကာ ကားကို တစ်နေရာတွင် ရပ်သည်။

စိမ်းစိုသည့် သစ်ပင်များနှင့် ပန်းပင်များမှ အပ ရွာကလေးသည်
တပ် စခန်း တစ်ခုနှင့် တူနေသည်။ ပတ်ပတ်လည်တွင် သံဆူးကြိုးတွေ
လျက်။ ဂျော်ဒန်မြစ် တစ်ဖက်ကို လှမ်းကြည့်လိုက်သည့် အခါမှပင် တိတ်ဆိ
ခြင်း အရိပ်အယောင်ကို တွေ့ရတော့သည်။

စုပေါင်းလယ်ယာ ရွာကလေးသည် တိတ်ဆိတ်လျက်။ နာရီကို ကြ
လိုက်သည့် အခါတွင်မှ အကျိုးအကြောင်းကို သိရသည်။ အချိန်က နေ့လယ်
စားချိန်။ ဘန်ဂလိုများ ကြားတွင်ရှိသည့် အဆောက်အအုံကြီးမှာ ဘုံစားသော
ခန်း ဖြစ်ပုံရသည်။

အထဲမှ စကားပြောသံများကို ကြားရသည်။ ဂျေဆန်သည် အထဲမှ
ပွဲများကို လှမ်းကြည့်သည်။ စားပွဲ တစ်လုံးတွင် အီဗာ ထိုင်လျက်။ အီဗာသ
အခြားသူများ ကဲ့သို့ပင် တီရှပ်နှင့် ဘောင်းဘီတိုကို ဝတ်ထားသည်။

'ဟင် အစ်ကို၊ စားပြီးခဲ့ပြီလား'

ထိုအခါကျမှပင် လွန်ခဲ့သည့် ခြောက်နာရီ ဂျေရုဆလင်တွင် ရှိခဲ့စဉ်
ကော်ဖီတစ်ခွက်သာ သောက်ခဲ့ရသေးသည်ကို သူ သတိရသည်။ အစားအသော
မှာ ခပ်ရိုးရိုးပင်။ ခြံထွက် ဟင်းသီး ဟင်းရွက်ဟင်း တစ်ခွက်၊ ဒိန်ခဲနှင့် တီ
ခေါ် ဒိန်ချဉ် တစ်မျိုးတို့သာ ဖြစ်သည်။

အီဗာက သူ့ကို အနီးရှိ စုပေါင်း လယ်ယာ ရွာသား အများနှင့် မိ
ဆက်ပေးသည်။ သူတို့ အားလုံးက ဝမ်းပန်းတနည်းဖြင့် ကြိုဆိုကြသည်။

'ဖဲ့င်နီ ဆုံးတဲ့ နေရာကို အစ်ကို ကြည့်ချင်တယ်'

'ခုအချိန်က ကလေးတွေ အိပ်ချိန် ခင်ဗျ၊ လေးနာရီကျမှ' ဟု က
ရိပ်သာ အကြီးအကဲ တစ်ယောက်က ပြောသည်။

စားသောက်ပြီးသည့် အခါတွင် အီဗာနှင့် ဂျေဆန်သည် ပုံစံ
ဆောက်ထားသည့် အိမ်ကလေးများရှေ့ အတိုင်း သူ တည်းမည့် ရိပ်သာ





ကျက်လာခဲ့ကြသည်။

'အစ်ကိုတော့ လေဗီရဲ့ ခုတင်ပေါ်မှာ အိပ်ရမယ်'

'သူကကော ဘယ်သွားအိပ်မှာလဲ'

'သူက တပ်မတော်မှာ အလှည့်ကျ သွား အမှုထမ်းရမယ်၊ နောက် သုံး
လောက် ရှိမှ ပြန်လာမှာ'

'အို ကိုယ်က ဒီလောက် ကြာကြာ မနေနိုင်ပါဘူးကွယ်'

အီဗာက သူ့ကို မော်ကြည့်လိုက်ကာ

'အစ်ကို့မှာ အရေးတကြီး ပြန်ရအောင် ဘယ်သူများ ရှိသေးလို့လဲ'

'ရှိတော့ မရှိပါဘူးကွာ'

•

ဆန်သည် ဖိနပ်ကို ချွတ်၍ ကန်ထုတ်လိုက်ပြီး တကျိုကျို မြည်နေသည့်
င်ပေါ်တွင် ပစ်လှဲလိုက်ရင်း လွန်ခဲ့သည့် ၇၂ နာရီ အတွင်းက အဖြစ်အပျက်
ကို ပြန်စဉ်းစားနေသည်။

သည် သီတင်းပတ် စောစောပိုင်းက သူသည် သူငယ်ချင်းများနှင့် အတူ
ပတ် တက္ကသိုလ် ဥပဒေဌာန ပရိဝုဏ်ထဲတွင် ရှိနေခဲ့သည်။ ထိုစဉ်ကပင်
လက်ထပ်ရေး ကိစ္စ၊ စာမေးပွဲနှင့် သူ့ နိုင်ငံရေး မျှော်မှန်းချက်များကို
တွေးနေခဲ့သည်။ ယခုမူ သူသည် သူ့ ဘိုးဘေးများ၏ ဇာတိမြေဟု ခေါ်
နေရာတွင် ရောက်နေသည်။ သူ့ဘဝတွင် အဓိပ္ပာယ် ဆို၍ နတ္ထိ။

ခဏကြာလျှင် အိပ်ပျော်သွားသည်။ မည်မျှကြာသည် မသိ။ ရော်ဆီ
သူ့ကို လာ၍ လှုပ်နှိုးနေသည့် အခါမှ နိုးလာခဲ့သည်။ သူနှင့် အတူ ပခုံး
ကျယ်နှင့် အသက်လေးဆယ်ခန့် လူတစ်ယောက်လည်း ပါလာသည်။ ထို
အမည်မှာ အာယေး ဖြစ်ပြီး စုပေါင်း လယ်ယာရွာ လုံခြုံရေး တာဝန်ခံ
သည်။

ဂျေဆန်သည် သူ့ ခေါင်းထဲမှ အိပ်ချင်စိတ်ကို ခါထုတ်ပစ်လိုက်ပြီး
တို့နှင့် အတူ ကလေးရိပ်သာဘက်ဆီသို့ လိုက်လာခဲ့သည်။

'ကျွန်တော့် စိတ်ထဲမှာ နည်းနည်း ဆန်းနေတယ်ဗျာ၊ ဘာဖြစ်လို့
လေးတွေကို တစ်နေရာတည်းမှာ စုပြီး အအိပ်ခိုင်းရတာလဲ၊ သူတို့ မိဘတွေနှင့်
တာ ပိုပြီး စိတ်မချရဘူးလား'

'ဒါကတော့ ကျွန်တော်တို့ စုပေါင်းလယ်ယာက စနစ်ပဲ ခင်ဗျ၊ ကလေး
ကို အတူတူ ထားလိုက်ရင် သူတို့အချင်းချင်း ရဲဘော်စိတ်တွေ ဝင်လာမယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ယူဆတယ်၊ ဒီလို ပြောတဲ့ အတွက် သူတို့မှာ မေတ္တာ မရှိဘူး မဆိုလိုပါဘူး၊ သူတို့ မိဘတွေနှင့် နေ့တိုင်း တွေ့ရပါတယ်'

ရော်ဆီက ပြောသည်။

အိပ်ဆောင်ကြီးထဲတွင် အိပ်ရာတန်း နှစ်တန်း ရှိသည်။ နံရံပေါ်တွ သူတို့ကလေးတွေ ရေးဆွဲထားသည့် ပန်းချီကားများကို ချိတ်ထား၏။ ဗုံးပေါ် ၍ ပျက်စီးနေသည့် လက္ခဏာကို မတွေ့ရ။ ပျက်စီးသွားသမျှကို ချက်ချ ပြင်ထားသည်။

'ဗုံးက ဒီအထဲမှာ ပေါက်တာလား' ဟု ဂျေဆန်က မေးသည်။

အာယေးက အပေါ်စား စီးကရက် တစ်လိပ်ကို ဖွာရင်း

'ဟုတ်တယ် ခင်ဗျ၊ ကလေးမကလေး တစ်ယောက် လျှာခင် ရောင် လို့ ဆရာမကလေးက လာပြီး ပြုစုနေတာ၊ အဲဒီတုန်းမှာ ဖြစ်တာပဲ'

'ဒီမှာ အစောင့်တို့ ဘာတို့ မထားဘူးလား၊ နယ်စပ်တို့နှင့် နီး အစောင့် လိုမှာပေါ့'

'ကျွန်တော်တို့ စုပေါင်းလယ်ယာ ရွာက လူတိုင်း တစ်လကို တ ကင်းစောင့်ရပါတယ်၊ ဒါပေမဲ့ နယ်မြေက အကျယ်ကြီး မဟုတ်လား၊ အာရပ် က တော်တော် စိတ်ရှည်တယ်၊ ကျွန်တော်တို့ အစောင့်တွေ ဖြတ်သွားအော စောင့်နေတာပေါ့၊ အစောင့်တွေလည်း လွန်သွားရော သံဆူးကြိုးကို ဖြတ်ဝင်လာ လက်ပစ်ဗုံးနှင့် ဝင်ပစ်သွားတာပါပဲ'

'တစ်ယောက်မှ မမိလိုက်ဘူးပေါ့'

'မမိလိုက်ဘူးဗျ၊ ပေါက်ကွဲသံကြားတော့ အားလုံး အဲဒီကို ရောက်သွ ကြတာကိုး၊ ပြီးတော့ ရေစင်ကိုလည်း မီးရှို့သွားကြသေးတယ်၊ ကျွန်တော် လည်း ဒဏ်ရာ ရသူတွေကို ပြုစုနေရသေးတာကိုး၊ ဆရာမကလေး အ တခြား ကလေး သုံးယောက်လည်း ဒဏ်ရာရသွားသေးတယ်၊ ကျွန်တော် စုပြီး လိုက်ရှာတော့ သူတို့က နယ်စပ်ကို ကျော်ပြီး တော်တော် ဝေးဝေး ရောက်သွားကြပြီ'

'သူတို့နောက်ကိုကော ဆက်မလိုက်တော့ဘူးလား'

'တပ်မတော်က လိုက်သွားတယ်၊ နောက်တစ်ခါ ဆိုရင်တော့ ကျွ တော်တို့ ဒါမျိုးကို မိအောင် ဖမ်းမှာပါ'

'ဒါဖြင့် ဒီကောင်တွေက နောက်တစ်ခါ လာဦးမယ် ဆိုပါတော့'

'ဒါပေါ့၊ သူတို့ မဟုတ်ရင် သားစဉ်မြေးဆက်တွေက ဆက်လုပ်





ပေါ့၊ ဒီမြေဟာ ကျွန်တော်တို့မြေ ဖြစ်တယ် ဆိုတာ သူတို့ နားမလည် ဒီလိုပဲ ဆက်လုပ်ကြဦးမှာပဲ'

ဂျေဆန်က သူ တစ်ယောက်တည်း ထိုအခန်းကို ကြည့်ချင်သည် ဆို ဖြင့် အာယေးတို့ နှစ်ယောက် အပြင်သို့ ထွက်သွားကြသည်။

ဂျေဆန်သည် ထိုစဉ်က ရှုခင်းကို မှန်းကြည့်သည်။ အကြမ်းဖက် သမားများသည် တံခါးကို တွန်းဖွင့် ဝင်လာကြတာ အိပ်ပျော်နေသော ကလေး အထဲသို့ လက်ပစ်ဗုံးကို ပစ်သွင်းသွားခဲ့ကြမည်။ ကမ်းတက်တပ်ထဲတုန်း သူ ခါးတွင် ချိတ်ခဲ့ဖူးသည့် ပစ္စတိုကို အမှတ်ရသဖြင့် လက်က ခါးရောက် သေးသည်။ ဒေါသသည် သူ့ ရင်ထဲတွင် တရှိန်ရှိန် တောက်လောင်နေသည်။ ကိုယ်သူ ဒေါသထွက်သည်။

တကယ်တော့ ငါ လာပြီး ကာကွယ်ပေးဖို့ ကောင်းတယ်၊ ငါသာ ရှိရင် သေမှာ မဟုတ်ဘူးဟု စိတ်ထဲမှ တွေးနေသည်။

BURMESE CLASSIC .com

ဆန်သည် ဟာဂလီ ရွာကလေးမှ မပြန်နိုင်သေး။ သူ့တွင် ရှိသည့် သောက ဒဝကို အလုပ်ကြမ်း လုပ်ခြင်းဖြင့်သာ သက်သာစေနိုင်မည်ဟု သူထင်သည်။ နေ့တိုင်လျှင် စုပေါင်း လယ်ယာ လယ်သမားများနှင့် စကားပြောရသည့် တွက် စိတ်ပြေပျောက်သည်။

ရောက်ပြီး ရက်တစ်ပတ် အကြာတွင် ဂျေဆန်သည် ဘုံရိပ်သာမှ နေ၍ မေရိကန် ပြည်ထောင်စုသို့ လှမ်း၍ ဖုန်းဆက်သည်။ တယ်လီဖုန်းလိုင်း ကောင်းသဖြင့် အော်ပြောရသည်။ အဖေက အကျိုးအကြောင်းကို ဥပဒေဌာနမှူး ပြောထားကြောင်း၊ သူ မဖြေခဲ့ရသည့် ဘာသာရပ်များ အတွက် နွေဦးပေါက် ဖြေခွင့်ပြုမည်ဟု ပြောကြောင်းဖြင့် အဖေက ပြောသည်။

'နို့ နေစမ်းပါဦး၊ မင်းက ဘယ်တော့ ပြန်လာမှာလဲ'

'မသေချာသေးဘူး အဖေ၊ ကျွန်တော့် အဖို့ ဘာမှ မသေချာသေးဘူး'

ရောက်နေသည့် စုပေါင်းလယ်ယာသည် အစ္စရေးတွင် ပထမဆုံးသော ပေါင်းလယ်ယာ ဖြစ်သည်။ ထို လယ်ယာရွာကို ဥရောပမှ ပထမဆုံး ထွက် လာခဲ့ကြသည့် ရေဝတီများက တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ သူတို့သည် ည်း အခြားသော လူမျိုးများကဲ့သို့ တိုင်းပြည် ရှိသင့်သည်ဟု ယူဆသဖြင့် သည်နေရာသို့ ရောက်လာခဲ့ကြခြင်း ဖြစ်သည်။ သူတို့ စိတ်ထဲ၌ ပါလက်စတိုင်း



www.burmeseclassic.com

www.burmeseclassic.com



သည် သူတို့၏ အမိမြေဟု ယုံကြည်နေကြသည်။

တစ်ညနေခင်း ထမင်းစားကြရင်း ရော်ဆီက

'ခု ခင်ဗျား မြင်နေရတဲ့ အဆောက်အအုံဟာ ရှေး အဆောက်အ[...] ကြီးလို့ ထင်ချင် ထင်မှာပဲ၊ ဒါက တော်သေးတာပေါ့၊ သူတို့ ရောက်လာ[...] တုန်းက ဘာမှ မရှိဘူး၊ ခု ကျွန်တော်တို့ တစ်တွေ နေတဲ့ နေရာမှာ ရွက်[...] တဲတွေ ထိုးပြီး နေရတာ၊ လယ်ထွန်တော့လည်း လယ်ထွန်စက်တို့ ဘာတို့ [...] ဘူး၊ လူအားနှင့် ထွန်ရတာ'

'တော်တော် ဒုက္ခရောက်ကြမှာပဲနော်' ဟု ဂျေဆန်က ပြောသည်။

'ဒုက္ခရယ်လို့တော့ မဟုတ်ပါဘူးလေ၊ နည်းနည်းတော့ ကသီလင်[...] ဖြစ်တာပေါ့၊ သူတို့ကတော့ သူတို့မြေပေါ်ကို ရောက်ပြီ ဆိုပြီး ကျေနပ်နေ[...] တာပဲ၊ အေးစိမ့်နေတဲ့ မိုးရေထဲမှာလည်း ပျော်နေကြတာပဲ၊ ဒီမြေကြီးဟာ [...] တို့ မြေကြီးလို့ ထင်သလို ဒီမြေပေါ်ကို ရွာချတဲ့ မိုးဟာလည်း သူတို့ မိုး[...] ထင်ခဲ့ကြတာကိုး။

BURMESE CLASSIC

'ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်တော့ နောက်ထပ် ရေဝတီတွေ ရောက်[...] ခဲ့ကြပြန်တယ်၊ ပထမ နာဇီ လူသတ်တပ်ဖွဲ့တွေဆီက ပြေးလာတဲ့ လူ[...] နောက်တော့ နာဇီ အကျဉ်းစခန်းမှာ မသေမပျောက် ကျန်ရစ်ခဲ့သူတွေ၊ တ[...] ဆိုရင် ခုထိ လယ်ထဲမှာ တစ်နေကုန် အလုပ် လုပ်ကြရတုန်းပဲ၊ အဲဒီ ခင်ဗျ[...] သေးက ကလေးတွေ အရွယ်လောက်လည်း ပါတယ်'

သူတို့ လက်မောင်းများပေါ်တွင် မင်ပြာဖြင့် ရိုက်ထားသော နံပါ[...] တွေကို တွေ့ရသည်။ ထို နံပါတ်များကို သူတို့ ဖုံးကွယ်ရန် ကြိုးစားခြင်း မ[...] ကြ။

အီဗာ၏ အစ်ကို ဝမ်းကွဲ တစ်ယောက် ဖြစ်သည့် ဂျန်သည် ဓာတ်ငွေ[...] ဖိုထဲတွင် ထည့်၍ အသတ်ခံရမည့် ဆဲဆဲတွင် ထွက်ပြေး လွတ်မြောက်လာ[...] သည်။ မှောင်ခိုလှေ တစ်စင်းဖြင့် ပါလက်စတိုင်းသို့ ရောက်လာခဲ့သည်။ ထို[...] က ပါလက်စတိုင်းတွင် အုပ်ချုပ်နေသည့် ဗြိတိသျှတို့က ဖမ်းဆီးမိသွားကာ [...] ဝင်လာသည့် နိုင်ငံခြားသား တစ်ယောက် အဖြစ် ချုပ်နှောင်ထားခဲ့သည်။

ရော်ဆီက ရယ်၍

'ခင်ဗျားပဲ စဉ်းစားကြည့်လေဗျာ၊ ကိုယ့် တိုင်းပြည်က ပြည်သား တ[...] ယောက်ကို အဲဒီ တိုင်းပြည်ကို သူ မပိုင်ဘူးလို့ ပြောရင် ဘယ့်နှယ် နေမ[...] ဗြိတိသျှတွေက ဂျန်ကို အချုပ်ထောင် တစ်ခုမှာ ချုပ်ထားတယ်လေ၊ ဂျာ[...]





[...] စခန်းလောက်တော့ မဆိုးဘူးပေါ့လေ၊ ကောင်းကောင်းမွန်မွန်တော့ [...]ပါတယ်၊ ဂျန်ဟာ အကျဉ်းစခန်းက ထွက်ပြေးလာပြီး ကျွန်တော်တို့ တိုင်း[...] လွတ်လပ်ရေး စစ်ပွဲမှာ ဝင်တိုက်ခဲ့တယ်၊ အဲဒီမှာ ကျွန်တော်နှင့် တွေ့[...] ကျွန်တော်တို့ နှစ်ယောက်က ရိုင်ဖယ် တစ်လက်ကို နှစ်ယောက် အတူ [...]တယ်လေ'

'ဘာဗျ'

'ဪ ခင်ဗျားက နားမလည်သေးဘဲကိုး၊ ကျွန်တော်တို့မှာ သေနတ် [...]အလောက် မရှိလို့ သေနတ် တစ်လက်ကို တပ်သား နှစ်ယောက် ခွဲကိုင် [...]ရတယ်၊ တစ်လှည့်စီ ကိုင်ကြရတယ်၊ ကျည်ဆန်ကလည်း အလုံအလောက် [...]ဘူး၊ ဒီတော့ ဒုတိယလူကို လက်ဖြောင့်တဲ့လူကို ရွေးထားရတယ်၊ ပထမ [...] ပစ်တာလွဲရင် နောက်လူက သေချာအောင် ပစ်ရတယ်၊ လွတ်လပ်ရေး [...]ပွဲပြီးတော့ ကျွန်တော်ပဲ ဂျန်ကို ကျွန်တော်တို့ ရွာကို ခေါ်လာခဲ့တာပဲ'

ဤတွင် အီဗာက ကြားဝင်၍

'အဲဒီတော့မှ အီဗာနှင့် တွေ့တာလေ၊ အရင်တုန်းက သူက လိပ်စာ [...]ပြောင်းဘဲ တစ်နေရာတည်းမှာ နေတယ်၊ နောက်တော့ နာဇီ အကျဉ်းစခန်း[...] ပြန်လာတဲ့ လူတွေကို စောင့်ရှောက်ရေး အဖွဲ့မှာ သူ လုပ်အားပေးတယ်၊ [...] စာရင်းပေးခဲ့တဲ့ အတွက် နယ်သာလင် ပြည်မှာ ရှိတဲ့ အဖွဲ့ခွဲက အီဗာ[...]ကို လိုက်ရှာပေးလို့ ဒီကို ရောက်လာတာ'

'ကိုယ် ငယ်ငယ်က ကြီးပြင်းခဲ့ရတဲ့ တိုင်းပြည်ကို ခွာခဲ့ရတယ် ဆို[...]တော့ စိတ်တော့ ကောင်းမှာ မဟုတ်ဘူးနော်၊ ပြီးတော့ ဒီရောက်တော့လည်း [...]ဘာသာစကား အသစ်ကို လေ့လာရဦးမယ်၊ ပတ်ဝန်းကျင် အသစ်မှာ အသား[...]အောင် လုပ်ရဦးမယ်'

ဂျေဆန်က ပြောသည်။

'ဒါတော့ ဒါပေါ့၊ အီဗာကလည်း ဖင်နီတို့ မိသားစု အပေါ်မှာ သံယော[...] တွယ်နေပြီလေ၊ ဒါပေမဲ့ သူတို့ကပဲ အစ္စရေးကို ပြန်ဖို့ အီဗာကို နားချ[...]ကြတယ်'

'ဒါဖြင့် အီဗာ ဓာတိကို မလွမ်းဘူးလား' ဟု ဂျေဆန်က မေးလိုက်[...]သည်။ ပြီးမှ ဓာတိ ဆိုသော စကား မှားသွားကြောင်းကို သတိပြုမိလိုက်သည်။

'အမ်စတာဒမ်ကိုတော့ လွမ်းတာပေါ့ အစ်ကိုရယ်၊ တော်တော်လှတဲ့[...] အီဗာလည်း ဖင်နီတို့ဆီကို တစ်ခါတလေ သွားလည်တတ်ပါတယ်၊ ဒါ

www.burmeseclassic.com

www.burmeseclassic.com



ပေမဲ့ အစ်ကိုဂျန် ဆုံးတဲ့ အခါ ကျတော့ ရေဝတီ တစ်ယောက်အဖို့ ကိုယ့် ဇာ
လို့ မှတ်ယူရမယ့် နေရာဟာ ကမ္ဘာမှာ တစ်နေရာပဲ ရှိတယ် ဆိုတာ
သဘောပေါက်သွားတယ်လေ'

'အမေရိကန် မျိုးချစ် တစ်ယောက် အနေနှင့် ပြောရရင်တော့ နေ
တစ်နေရာ ရှိပါသေးတယ်ကွယ်၊ အမေရိကန်ပြည်ပေါ့' ဟု ဂျေဆန်က
သည်။

'ချေးကျရာ ပျော်တဲ့ ကြက်လိုလားဗျ၊ အမေရိကန်မှာ ရေဝတီ
လောက်များ အနေကြာခဲ့လို့လဲ' ဟု ရော်ဆီက မေးသည်။

'ကျောင်းတုန်းက သင်ခဲ့ရတဲ့ သမိုင်းအရ ဆိုရင်တော့ ရေဝတီတွေ
၁၆၀၀ ပြည့်နှစ်လောက်တုန်း ကတည်းက စတာဗီးဆင့် ခေါင်းဆောင်ပြီး
စတာဒမ်ကို ရောက်လာခဲ့တာပဲဗျ'

ရော်ဆီက

'အပြောလည်း လောမကြီးနှင့်ဦးလေ၊ အဲဒီ မတိုင်ခင် ပဝေသ
ကတည်းက ရေဝတီတွေဟာ ဂျာမနီမှာ နေခဲ့ကြပြီး အောင်မြင်နေ...'

'အောင်မြင်ရုံတင် မဟုတ်ဘူး၊ စည်းလုံးလည်း စည်းလုံးခဲ့ကြပါတ
ဟု အီဗာက ဝင်ပြောသည်။

'အေးပေါ့၊ ဟစ်တလာ ဆိုတဲ့ အိမ် ဆေးသုတ်သမား အရူးက ဂျာ
ကို ပြန်ဆေးသုတ်ပြီး ရေဝတီတွေဟာ သူတို့ အာရိယန် မျိုးနွယ်တွေကို
သွေးနှောတယ် ဆိုပြီး လိုက်လံ သတ်ဖြတ်ပစ်ခဲ့သည့် အထိပေါ့၊ ကဗျာဆ
ဟိန်းတို့ အိုင်းစတိုင်းတို့ဟာ ရေဝတီ ဆိုတာကိုတောင် မထောက်တော့
ရေဝတီတွေကို လိုက်လံ သတ်ဖြတ်ပစ်ခဲ့တယ်'

ဂျေဆန်က ဘာမျှ မပြော။ ထိုစကားသည် အစ္စရေးသို့ ရောက်
သူတိုင်းကို ပြောသည့် ဝါဒဖြန့် စကားဟု သူ ယူဆနေသည်။

သို့တိုင် နေ့ပိုင်းတွင် လိမ္မော်သီး ဆွတ်ပြီး ညပိုင်းတွင် သူတို့ ဟင်
နှင့် ဝိုင်းထိုင်၍ စကားပြောရခြင်းကို ကျေနပ်လျက် ရှိကာ မပြန်ချင်အော
ဖြစ်နေလေပြီ။ သူ နေသည့် နေရာတွင် လေဗီ ပြန်ရောက်လာတော့မည်
သည့် အခါကျမှပင် ဂျေဆန်သည် အိမ်ပြန်ဖို့ ကိစ္စကို စဉ်းစားမိတော့သည

'ခင်ဗျား ပျော်တယ် ဆိုရင် တခြား ဘုံရိပ်သာ တစ်ခုကို ကျွန်တေ
ပြောင်းဖို့ လုပ်ပေးမယ်လေ၊ လေး ငါး ခြောက်ယောက် စုနေရမှာ၊ ဒါပေ
ဒီမှာတော့ အစဉ်နေဖို့ စိတ်မကူးပါနှင့်ဗျာ' ဟု ရော်ဆီက ပြောသည်။ ဂျေဆ





သည်း ထိုအဆိုကို လက်ခံသည်။

ဆန်သည် အကျိုးအကြောင်းကို သူ့ မိဘများထံ စာရေးလိုက်၏။

အဖေနှင့် အမေ ခင်ဗျား။

တယ်လီဖုန်း အခေါ်ရ ခက်သဖြင့် အဆက်အသွယ် မလုပ်ဖြစ်ခဲ့ပါ။
ကျွန်တော့် ကမ္ဘာကလေးမှာလည်း ရုတ်တရက် ပြိုကွဲသွားခဲ့ပါပြီ။

နောက်လမှာ ကျွန်တော်တို့ လက်ထပ်ရန် စီစဉ်ထားသောလ
ဖြစ်ပါသည်။ ကျွန်တော့်မှာ လွန်စွာ စိတ်ထိခိုက်လျက် ရှိပါသည်။ သူ
ကွယ်လွန်သည့် နေရာတွင် နေခြင်းကြောင့် စိတ်သက်သာရာ ရပါသည်။

ရှေ့ ကျွန်တော့်ဘဝကို မည်သို့ မည်ပုံ ခရီးဆက်မည် ဆိုသည့်
ကိစ္စကိုလည်း ကျွန်တော် အချိန်ယူ၍ စဉ်းစားချင်ပါသေးသည်။ ဖဲင်နီ
ကို ဆုံးရှုံးလိုက်သဖြင့် ကျွန်တော် များစွာ ပြောင်းလဲ သွားခဲ့ပါသည်။
ယခင်တုန်းကလို ဘဝတွင် ရည်မှန်းချက်ကြီး ထားပြီး အောင်မြင်အောင်
လုပ်မည် ဆိုသည့် စိတ်ဆန္ဒမျိုးတွေလည်း မရှိတော့ပါ။

သူတို့ စနစ်သည် များစွာ စိတ်ဝင်စားဖွယ် ကောင်းပါသည်။
လူငယ်များသည် ဆရာဝန်များ၊ ပါမောက္ခများ ဖြစ်လိုကြသည့်တိုင်
သူတို့ လေ့လာမှု ပြီးသည်နှင့် အစ္စရေးသို့ ပြန်လာကာ သူတို့ တိုင်း
ပြည်၏ ကောင်းစားရေးကို လုပ်ရန် စိတ်ထက်သန်နေကြပါသည်။

ကျွန်တော် တွေ့ရသည့် လူများသည် ကျော်ကြားမှုကိုလည်း
မမက်မောကြပါ။ ငြိမ်းချမ်းစွာ နေပြီး လူ့ဘဝ၏ ပျော်ရွှင်မှုများကိုသာ
ခံစားလိုကြပါသည်။ ပင်ပန်းသည့် အလုပ်ကြမ်း လုပ်ခြင်း၊ ကလေး
တွေကို ချစ်ခြင်း၊ မိတ်ဆွေ အပေါင်းအသင်းကို တွယ်တာခြင်းတို့
ကိုသာ သူတို့ လိုချင်ကြပါသည်။

သူတို့ကို ကြည့်၍ ကျွန်တော့် စိတ်ထဲတွင်လည်း ငြိမ်းချမ်းဖို့
ကောင်းပါသည်။ သို့ရာတွင် ကျွန်တော့် စိတ်ထဲတွင်မူ ငြိမ်းချမ်းမှု မရ
သေးပါ။ ဖဲင်နီ သေဆုံးသည့် အတွက် ဝမ်းနည်းရုံမျှမက ကျွန်တော့်
ရင်ထဲတွင် ရှေးခေတ်ကလို လက်စားချေချင်သည့် စိတ်တွေ ပေါ်နေပါ
သည်။ ထို သဘောထားသည် မှားမှန်း သိသည့်တိုင် ဖျောက်၍ မရ
သေးပါ။

ထို့ကြောင့် နွေရာသီ အထိ သူတို့နှင့် အတူ နေ၍ လုပ်အားပေး



www.burmeseclassic.com

www.burmeseclassic.com



ရန် စိတ်ကူးထားပါသည်။

ကျွန်တော့်မှာ လက်နက်ကိုင်တတ်သဖြင့် အစောင့် တာဝန် လည်း ယူနေပါသည်။ အကြမ်းဖက်သမားများ သည်တစ်ခေါက် လာ၍ တိုက်ခိုက်ခြင်း ပြုလျှင် သူတို့ နောင်တရအောင် ဆုံးမလွှတ်လိုက် မည်ဟု စိတ်ကူးထားပါသည်။

ကျွန်တော့်အား ယခုကဲ့သို့ နေထိုင်ခွင့် ပေးသည့် အတွက် အဒေ တို့ အမေတို့ကို ကျေးဇူးတင်ပါသည်။

သားမော

ဂျေဆ

BURMESE CLASSIC .com

၁၉၆၃ ခုနှစ် ဇွန်လထုတ် ဟားဗတ် တက္ကသိုလ် စာစောင်မှ ကောက်နုတ်ချက်

။ ။ယခု နှစ်လယ် စာမေးပွဲများတွင် သီယိုဒို လင်းဗရိစ်သည် ဂုဏ်ထူးဝင် စာပေတွင် ပါရဂူ ရရှိခဲ့သည်။ ဟားဗတ် တက္ကသိုလ် ပုံနှိပ်တိုက်က သူ၏ ပြင်ဆင် ဖြည့်စွက်ထားသော စာတမ်းကို 'ဆိုး ကလီ၏ ပြဇာတ်မှ အလွမ်း ဇာတ်ဆောင် တီမိုဆင်း' အမည်ဖြင့် စာအုပ် အဖြစ် ပုံနှိပ် ထုတ်ဝေမည်။ လင်းဗရိစ် သည် ဂုဏ်ထူးဝင် စာပေ ဌာနတွင် နည်းပြဆရာ အဖြစ် ဆောင်းဦးပေါက်တွင် ဝင်ရောက် အမှု ထမ်းမည်ဟု သိရသည်။

**အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း**

ဇွန် ၂၅၊ ၁၉၆၃

လင်းဗရိစ်ကို တယ်လီဖုန်းဆက်ပြီး သူ့ ရည်မှန်းချက် အောင်မြင်တဲ့ အတွက် ချီးကျူး နှုတ်ဆက်တယ်။ လင်းဗရိစ်က ဟားဗတ် တက္ကသိုလ် မှာ အလုပ်လုပ်ဖို့ ရည်မှန်းချက် ထားခဲ့တယ်။ ဒါတွင် မကဘူး။ သူ့ စာတမ်းကို ဟားဗတ် တက္ကသိုလ် ပုံနှိပ်တိုက်က စာအုပ်အဖြစ် ပုံနှိပ် ထုတ်ဝေဦးမယ်။ လင်းဗရိစ် ဆိုတဲ့ ကောင်ကတော့ တကယ် ဒုံးပျံပါပဲ





သူကတော့ သူ့အလုပ်က နည်းပြဆရာ အလုပ်ပါတဲ့၊ နည်းပြ ဆရာ ဆိုတာ အသေးစားကလေးပဲ ရှိတယ်လို့ ခပ်လျှို့လျှို့ ပြောတယ်။ အရေးကြီးတာက ဟားဗတ် တက္ကသိုလ်မှာ အမြဲတမ်းရဖို့ အရေးကြီး တယ်တဲ့။ ဒီကောင်က ကြိုးစားတော့ ရမှာပါပဲ။ အဲ သိပ် လောမကြီးဖို့ပဲ လိုတယ်။

သူနှင့် စကားပြောပြီးတော့ ဆာရာက တယ်လီဖုန်းကို ကောက် ကိုင်ပြီး ကိုယ့်ကို ချီးကျူးစကား ပြောပြန်တယ်။

ကိုယ်က ကိုယ့်ကို မချီးကျူးနှင့်၊ ကိုယ့်မိန်းမ ဖေ့ကို ချီးကျူးလို့ ပြောလိုက်တယ်။ ကိုယ့်အလုပ်က ရုံးကနေ စောစော အိမ်ပြန်လာတာပဲ ရှိတယ်။ ဖေ့က သားကလေး အင်ဒီကို ကိုးလ လွယ်ထားခဲ့ရတာ မဟုတ်လား။

ဆာရာက ကလေးကို နို့တိုက်မွေးဖို့ ကိစ္စတို့၊ ကလေးအမေရဲ့ ဝေယျာဝစ္စတို့ကို တော်တော် ပြောချင်နေတယ်။ ဆာရာ့ကို ကြည့်ရတာ သားသမီး လိုချင်နေပုံ ရတယ်။ ဒါလည်း သဘာဝ ကျပါတယ်။ လင်းဗရိစ်ဟာ သူ ကြိုးစားခဲ့လို့ အောင်မြင်မှုကို ရခဲ့ပြီပဲ။ ဒီအချိန်ဟာ မိသားစု တစ်စုကို တည်ဆောက်ဖို့ အချိန်ရောက်ပြီပေါ့။

ကိုယ့်ဇနီး ဖေ့ ကိုယ်ဝန်ရှိတော့ စတင်းဖို့မှာ အိမ်တစ်လုံး ဝယ် လိုက်တယ်။ အဲဒီနေရာက ကိုယ်တို့ နှစ်ယောက်အဖို့ သွားရ လာရတာ လွယ်တယ်။

ကိုယ်လည်း ဘဏ်လုပ်ငန်း အတွေ့အကြုံ တော်တော်ကလေး ရလာခဲ့ပြီ။ ကိုယ့် လက်အောက်မှာလည်း အမှုထမ်းတွေ ရှိပါတယ်။ ဒါ ပေမဲ့ ဝေါလမ်းမက ကလပ်မှာ နေ့လယ်စာ သွားစားရင်း စီးပွားရေး အခြေအနေတို့ ဘာတို့ ဆွေးနွေးဖို့လည်း လိုတယ် မဟုတ်လား။ ဒီလို ကိစ္စကျတော့ အောက်က လူတွေနှင့် လွှဲထားလို့ မရဘူးလေ။ ကိုယ်တိုင် လုပ်မှ ဖြစ်တယ် မဟုတ်လား။

အိမ်ထောင် ပြုရတာကို ကိုယ် သဘောကျတယ်။ အိမ်ထောင် ပြု လိုက်တဲ့ အတွက် လူဟာ ပိုပြီး စေ့စပ်လာတယ်။ စနစ်ကျလာတယ်။ အချိန်ကုန် သက်သာတယ်။ အလည်အပတ် နည်းလာတယ်။ ကိုယ့် ဘဏ်မှာ ရှိတဲ့ လူပျိုကြီးတွေ ဆိုရင် နောက်တစ်နေ့မှာ ဘယ်သူတွေကို ရှာရပါ့မလဲ ဆိုတာနှင့် အချိန်ကုန်နေတာပဲ မဟုတ်ဘူးလား။ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးလို့ ရထားစီး၊ ရထားပေါ်က ဆင်းပြီး ဆယ့်တစ်မိနစ် ကားမော
လိုက်လို့ အိမ်ဝကို ရောက်သွားတာနှင့် အသားဝါဝါနှင့် ဖနီးချော
ကွန်နယ်တီကက် နယ်မှာ ရှိတဲ့ အခြောက်သွေ့ဆုံး (အကောင်းဆ
မာတီနီကို ပြင်ပြီး စောင့်နေတာကို တွေ့လိုက်ရရင် တစ်နေ့ကုန် မေ
လာသမျှတွေဟာ အမောပြေသွားတော့တာပါပဲ။ ကဲ ဒီထက် ကော
တဲ့ စည်းစိမ်ချမ်းသာ ဘယ်မှာ ရှိသေးလို့လဲ။

ကိုယ်တို့ နှစ်ယောက်စလုံးက ဝါသနာ ပါတော့ ဟားဗ
တက္ကသိုလ်က လုပ်တဲ့ ဘောလုံးပွဲတွေကိုလည်း အမြဲတမ်း ရော
တယ်လေ။ ဘောပွဲရာသီ မစမီ ပျော်ပွဲစားတွေ အစ၊ ဘောပွဲရာသီ ကု
လို့ ကော့တေး ပါတီ လုပ်သည့် အချိန် အထိ ဘောပွဲနှင့် ပတ်သက်
ပွဲမှန်သမျှကို အရောက်သွားကြတယ်။ ဘောလုံးပွဲ အကြောင်းကိုလည်
ဘောလုံး ဝါသနာအိုးတွေနှင့် ပြောကြတယ်။

ဒီအထဲမှာ ဖေ့လည်း ပါတာပေါ့။ သူလည်း ဘောလုံး ဝါသ
အိုးပဲ။

တစ်နေ့ကျရင် ကိုယ့်သားကလေးကိုလည်း ဘောလုံးပွဲကို ခေ
သွားရမယ်။ သူက ၈၄ ခုနှစ်လောက် ဆိုရင် ဟားဗတ် တက္ကသိုလ်
တက်ရတော့မှာပေါ့။

ကိုယ့်ဘဝမှာ စိတ်ဝင်စားစရာ အကောင်းဆုံးကတော့ ကလေ
အဖေ ဖြစ်ရတဲ့ ဘဝပဲ။

ခုထိတော့ ကိုယ်ဟာ မိသားစုကို ကောင်းကောင်း မတည်ဆော
နိုင်သေးဘူး။ ကိုယ်တို့မှာ အင်္ဂလိပ် နာနီ တစ်ယောက် ငှားထားတော
ဖေ့ အဖို့လည်း ဘာမှ လုပ်စရာ မလိုဘူး။ ဘယ်လိုပဲဖြစ်ဖြစ် ကို
သားလေး အင်ဒီကို ရေကူး သင်ပေးရမယ်။ ဘောလုံးကစား သင်ပေ
ရမယ်။ လောလောဆယ်မှာ ကိုယ့်ကို ရှိသေလာအောင် သင်ပေးရမယ်
ပြီးတော့ တို့ အဲလီယော့မျိုးတွေရဲ့ အစဉ်အလာတွေကို သင်ပေးရမယ်

တစ်ခါတလေမှာ ကိုယ့်သားကလေးနှင့် စကားပြောဖော့ယ်။ အ
သဖြင့် နာနီကြီး မရှိတဲ့ အချိန်မှာ ဆိုရင် အဖေ ဘီယာသောက်မ
ဆိုတဲ့ စကားမျိုးကို သင်တတ်တယ်။

ချုပ်ပြောရရင် ကိုယ့်ဘဝဟာ ပျော်စရာပါပဲ။





င်လ ပထမ တနင်္ဂနွေနေ့တွင် စုပေါင်းလယ်ယာ လုပ်အားပေးသူများ
ည် ဟာဂလိရွာကလေးသို့ ရောက်လာခဲ့ကြသည်။ ဂျေဆန်မှာလည်း သူ့
က် ပေးထားသည့် ရိပ်သာကလေးသို့ ပြောင်းလာခဲ့၏။ လုပ်အားပေး လာ
သူများမှာ စကင်ဒီနေဗီးယန်း တိုင်းပြည်များနှင့် အင်္ဂလန်၊ ပြင်သစ်၊ အမေ
န်၊ ကနေဒါ စသည်တို့တွင် နေသည့် ရေဝတီများ ဖြစ်ကြသည်။ သူတို့
လုံးလောက်မှာ သူ့ထက် ငယ်သူများ ဖြစ်ကြပြီး ခရစ်ယာန် ဘာသာဝင်
ဖြစ်နေကြသည်။

သူတို့သည် မနက် ငါးနာရီတွင် အိပ်ရာမှ ထပြီး ရှစ်နာရီ အထိ လိမ္မော်
ခူတ်ကြသည်။ မနက်စာ စားပြီး၍ အခြား အလုပ်သမားများ ရောက်လာ
ည့် အခါတွင် သူတို့သည် ကျောင်းသို့ သွား၍ ဟီဗရူး ဘာသာ စကားကို
ကြရသည်။ ဂျေဆန်သည် သူတို့ အဘိုးလောက် ရှိသည့်တိုင် သူတို့နှင့်
တတွဲတွဲ လုပ်နေသည်။

ညနေပိုင်းတွင်မူ သူတို့တစ်တွေက ပျော်ပွဲလုပ်နေစဉ် ဂျေဆန်သည်
ရုံထဲရှိ သူတို့ကားများကို စက်ပြင်ပေးသည်။ စက်ညှိပေးသည်။ ငယ်ငယ်
မော်တော်ကားကို နှိုက်တတ်သည့် ဝါသနာသည် ယခုလာ၍ အသုံးကျနေလေ
အလုပ်ရနေလေပြီ။ ဖဲင်နီ့ အကြောင်းကို စိတ်မရောက်တော့။ ဥပုသ်နေ့
တွင် ဆိုလျှင် စုပေါင်းလယ်ယာ အဖွဲ့က ဘတ်စ်ကားအိုကြီး တစ်စင်းဖြင့်
တို့ကို တောဘက်သို့ လိုက်၍ ပို့တတ်သည်။

အီဗာမှာ အင်္ဂလိပ်စာပြ ဆရာ ဖြစ်သဖြင့် ထိုခရီးများကို သူက ခေါင်း
ဆောင်ရတတ်သည်။ တစ်နေ့တွင် အီဗာသည် ကလေးများကို ပင်လယ်သေကို
နေသည့် ဆဒါတောင်ကုန်းကို လိုက်ပို့သည်။ ခရစ်နှစ် တစ်ရာစုလောက်
းက ရေဝတီ အယူသီးသူ တစ်စုသည် ရောမ စစ်သည်များ၏ ဝိုင်းဝန်း
ဆိုမှုကို ထို တောင်ကုန်းကလေးပေါ်မှ ရဲရင့်စွာ ခုခံ တိုက်ခိုက်ခဲ့ကြဖူး
ည်။ ရှုံးခါနီးတွင် ရောမလူမျိုးတို့၏ ကျွန်အဖြစ် မခံဘဲ သူတို့ကိုယ်ကို သူ
သတ်သေသွားခဲ့ကြသည်။

အီဗာက ထိုအကြောင်းကို သူတို့အား အတိုချုပ်၍ ပြောပြသည်။ သူ
အနီးတစ်ဝိုက်တွင်မူ ရှေးဟောင်း သုတေသနသမားများက မြေများကို
ဖော်လျက် ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'အစ္စရေး ပြည်ထောင်ရဲ့ အပျက်အစီးတွေဟာ တို့အတွက် စု… အရပ်၊ ဦးညွတ်ရာ အရပ် ဖြစ်နေတယ်လေ၊ ဒါကို ကြည့်ရင် တို့ လူမျိုး… နောင် ဘယ်လူမျိုးရဲ့ ကျူးကျော် ဖိနှိပ်မှုကိုမှ မခံဘူး ဆိုတာကို ပြနေတ… ဟု အီဗာက ပြောသည်။

ဂျေဆန်သည် တူးထားသည့် မြေကျင်းထဲမှ ရှေးဟောင်း နံရံကြီး… ကို ငေးကြည့်နေသည်။ ရေဝတီတို့သည် ဟံတိုင်းကြီးထဲမှ ခုခံ တိုက်ခိုက်… ခြင်း ဖြစ်မည် ထင်သည်။ သတ္တိကောင်းသူများဟု သူ တွေးမိသည်။

နောက်တစ်နေ့ရာမှာ ရေဝတီ ခြောက်သန်း သေကျေ ပျက်စီးခဲ့ရသည့် အထိ… အမှတ် အဖြစ် တည်ဆောက်ထားသည့် ဂျေရုဆလင်ရှိ ဗာရှိန်း အထိမ်းအ… ပြတိုက်ဖြစ်သည်။

မည်းမှောင်သည့် အဆောက်အအုံ ကြမ်းပြင် အကွက်များတွင် နာဇီ… ၏ စခန်းများတွင် သေကျေ ပျက်စီးခဲ့ရသည့် ရေဝတီများ၏ အမည်မျ… ရေးထိုးထားသည်။ ထို ကြောက်စရာကောင်းသည့် အဖြစ်ကို တွေးပင် မ… ဝံ့။ တွေးရုံမျှဖြင့် ကြက်သီးထဖွယ် ကောင်းသည်။

အသတ်ခံရသူတို့ကို အောက်မေ့ သတိရသော အထိမ်းအမှတ် အ… ထွန်းထားသည့် မီးတိုင်ကလေးမှာ သနားစရာ ကောင်းလောက်အောင် … ငယ်သလောက် ထိုမီးတိုင်မှ အလင်းရောင်မှာ ထိန်ညီးအောင် တောက်ပ… သည်။

တိတ်ဆိတ်စွာ ဘတ်စ်ကားစီး၍ ပြန်လာခဲ့ကြစဉ် အီဗာက ထိုအကြော… ကို အတိုချုံး၍ ပြောပြသည်။

'သေဆုံးခဲ့ရတဲ့ သူတွေက များပြီး မီးတိုင်ကို ထွန်းညှိဖို့ ကျန်ခဲ့တဲ့ … တစ်တွေက သိပ်နည်းနေတယ်၊ ဒီနေ့ တို့ မြင်ခဲ့ရတဲ့ အရာတွေကို မြင်… တော့မှ တို့ တိုင်းပြည်ရဲ့ အကြောင်းကို သူတို့ ကောင်းကောင်း သိလာကြမှာ…

ဂယ်လီလီ ပင်လယ်သည် ဝင်လုဆဲ နေရောင်ခြည်ကြောင့် နီရဲနေသည်။ သူ… စီးလာသည့် ဘတ်စ်ကားသည် ခရီးဆုံးသို့ ရောက်ခါနီးလေပြီ။ တစ်… နီးပါးမျှ စကားမပြောဖြစ်ကြ။ တိတ်ဆိတ်စွာ လိုက်ပါလာခဲ့ကြသည်။ ဤ… အမေရိကန် ရေဝတီ တစ်ယောက် ဖြစ်သည့် ဂျိုနာသန်က စပြောသည်။

'ကျွန်တော် မရှင်းတာ တစ်ခု ရှိတယ်ဗျာ၊ ကျွန်တော်တို့က …ည်။





…တွေမှာ ရေဝတီတွေ အစုလိုက် အပြုံလိုက် အသတ်ခံရတဲ့ အကြောင်းကို …တိုင်း အမေရိကန်က လူတွေက ကျွန်တော့်ကို မေးကြတယ်၊ ဘာဖြစ်လို့ … လုပ်တိုင်း စင်းခံနေကြတာလဲတဲ့၊ ပြန်ပြီး မခုခံကြဘူးလားတဲ့'

ကားပေါ်တွင် ပါလာသူများက အီဗာ မည်သို့ ပြောမည်နည်းဟု နား…ကြသည်။

'ပြန်ပြီး ခုခံတိုက်တဲ့ သူတွေ ရှိပါတယ် ဂျိုနာသန်၊ ဝါဆောမှာ ရှိတဲ့ …တီ အကျဉ်းထောင်ထဲက ရေဝတီတွေလို နာဇီတွေကို ပြန်တိုက်တဲ့ လူတွေ …တယ်၊ ဒါပေမဲ့ လူတိုင်းတော့ ဒီလို မလုပ်ခဲ့နိုင်ဘူးပေါ့။

'ဟစ်တလာက ရေဝတီတွေကို မျိုးပြုတ်အောင် ဖျက်ဆီးပစ်တော့မယ် …ကို သိတော့ ရှင်တို့ အမေရိကန် သမ္မတကြီး ရုစဗဲ့ အပါအဝင် တိုင်း… တော်တော်များများက ထွက်ပြေးလာခဲ့ကြတဲ့ ရေဝတီတွေကို ခိုလှုံခွင့် …ခဲ့ကြဘူးလေ၊ တချို့ဆိုရင် သူတို့ တိုင်းပြည်ကို ရောက်လာတဲ့ ရေဝတီ …ကို သင်္ဘောတွေနှင့် နာဇီ ဂျာမနီကို ပြန်ပို့ခဲ့ကြတယ်၊ ဒီလို အဖြစ်အပျက် … အများကြီးပဲ။

'ကမ္ဘာပေါ်မှာ သူတို့အဖို့ ပြေးစရာ မြေ မရှိတော့ဘူးလို့ သိလာတဲ့ … ကျတော့ ရေဝတီ တော်တော်များများဟာ စိတ်ဓာတ်ကျဆင်းပြီး မျှော်…ချက် ဆုံးခဲ့ကြတယ်၊ သူတို့မှာ တိုက်ချင်တဲ့ စိတ်လည်း မရှိတော့ဘူးလေ၊ …ရှိပါ့မလဲ၊ တိုက်စရာ ရည်မှန်းချက်မှ မရှိတော့တာ'

အားလုံး တိတ်ဆိတ်နေကြသည်။ ဤတွင် ဒိန်းမတ် ရေဝတီ အမျိုး…ကလေး တစ်ယောက်က 'နောင်ကော ဒီလို အဖြစ်မျိုး ဖြစ်ဦးမှာလားဟင်'

'မဖြစ်တော့ပါဘူးကွယ်၊ ဘယ်တော့မှ မဖြစ်တော့ပါဘူး၊ ဘာကြောင့် … ဒီလို ပြောရသလဲ ဆိုရင် ကားပေါ်က မင်းတို့ လှမ်းကြည့်ရင် မြင်နိုင်…တယ်၊ နောက်ဆုံးမှာ ရေဝတီ လူမျိုးဟာ သူတို့ရဲ့ ကိုယ်ပိုင် တိုင်းပြည် …ပြီလေ'

အီဗာက ဖြေသည်။

…လယ်က အီဗာ ပြောပြတဲ့ စကားတွေဟာ တော်တော် ကောင်းတာပဲ၊ …တယ် တရားဟော ဆရာမကြီး ကျနေတာပဲ'

ညနေစာ အပြီးတွင် အတူ လမ်းလျှောက်ကြရင်း ဂျေဆန်က ပြော…



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အချိန်က နွေနှောင်း ညနေခင်း ဆည်းဆာ။ ပန်းနုတို့က သင်းထုံလျ

'ဟုတ်လား၊ အစ်ကို နားထောင်လို့ ကောင်းလို့လား'

'သိပ် စိတ်ထိခိုက်စရာ ကောင်းတယ်'

'ဘယ် အပိုင်းကိုလဲ'

'ရေဝတီ တစ်ယောက်ဟာ ဒီ အစ္စရေး မြေကြီးပေါ်မှ အပ တခြ ဘယ်နေရာမှာမှ ကြိုဆိုခြင်း မခံရဘူး ဆိုတဲ့ အချက်လေ၊ ကိုယ်တို့ ငယ်င တုန်းက ဒီအချက်ကို မယုံခဲ့ကြဘူး'

'တကယ်ပါ အစ်ကို၊ အစ်ကိုတို့ မိသားစုဟာ အမေရိကတွေ ဖြစ်သ အီဗာရဲ့ မိသားစုဟာလည်း ဒတ်ချ် လူမျိုးတွေ ပါပဲ၊ ဒါပေမဲ့ စစ်ကြီး ဖြစ် တကယ် အကျပ်အတည်း ဖြစ်လာတဲ့ အခါကျတော့ အီဗာတို့ တစ်တွေ ရေဝတီတွေ လူမျိုးခြားတွေ ဆိုပြီး ပထုတ်ခဲ့ကြတယ်'

'ကိုယ့်အဖေကတော့ အဲဒီလို မယုံကြည်ဘူး'

အီဗာက သူ့ကို ဆတ်ခနဲ မော့ကြည့်လိုက်သည်။

'ဒါတော့ အစ်ကို့ အဖေက ကိုယ့်လူမျိုးရဲ့ သမိုင်းကိုမှ မလေ့လာ ကိုး၊ အီဗာ စကားပြောတာ ရိုင်းများ သွားသလား မသိဘူး၊ ခွင့်လွှတ် အစ်ကို' ဟု အီဗာက ချက်ချင်း ဆက်ပြောသည်။

'ရပါတယ်ကွယ်၊ ဒါပေမဲ့ ကိုယ် ယုံကြည်တာ တစ်ခုတော့ ရှိတ အမေရိကန် ပြည်ဟာ အထူး တိုင်းပြည် တစ်ခု၊ သူများထက် ထူးတယ် ဆိုပါတော့လေ၊ လူတိုင်းမှာ တန်းတူ အခွင့်အရေး ရှိတယ်၊ ဖွဲ့စည်း အုပ်ချု အခြေခံ ဥပဒေထဲမှာ ပြောထားသလိုပေါ့'

'ဒါကို အစ်ကို တကယ် ယုံသလား'

'ယုံတယ်လို့ ပြောပါတော့'

ပြောမည့်သာ ပြောရသည်၊ သိပ်တော့ အားမရှိလှ။ သူ့ကို ရေဝ ဆိုကာ အနိုမ်ခံခဲ့ရသည်များကို သွား၍ သတိရသည်။

'ဒါဖြင့် အစ်ကို့ကို တစ်ခု မေးချင်တယ်'

'မေးပါ'

'အစ်ကိုတို့ဟာ အမေရိကန် ပြည်ထောင်စုရဲ့ သမ္မတ အဖြစ် အရွေးခံ ခွင့် ရှိပါ့မလား'

ဂျေဆန် အတန်ကြာ တွေနေသည်။

'ဟင့်အင်း၊ မရှိဘူး'





အီဗာက ပြုံးလိုက်သည်။

'အဲဒါပေါ့၊ ဒီမှာတော့ အစ်ကိုဟာ အစ္စရေး နိုင်ငံရဲ့ သမ္မတ အဖြစ် ရွေးခံပိုင်ခွင့် ရှိတယ်လေ'

တ်လလယ်လောက်တွင်မူ ဂျေဆန်သည် ဟီဗရူး ဘာသာ စကားကို နည်း ပါးပါး ထမင်းစား ရေသောက်လောက်တော့ တတ်နေလေပြီ။ ထို သောအတွင်းတွင် အဖေတို့ အမေတို့ထံမှလည်း စာတွေ တစ်စောင်ပြီး တစ် င် ရောက်နေကာ ဘယ်တော့ ပြန်လာမလဲဟု မေးနေကြသည်။ ဂျေဆန် သည်း သူ့ ခံစားချက်များကို မပြောချင်သေးသဖြင့် စာပြန်မရေးမိ။

ဂျေဆန်သည် ဟားဗတ် တက္ကသိုလ် ဥပဒေ သင်တန်းသို့ တက်ပါဦး ည်လော၊ အစ္စရေး နိုင်ငံမှ ပြန်လာပါဦးမည်လော။

က်ဆုံးတွင် ဂျေဆန်သည် ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည်။ ညဦး း‌ခေါင်ကျော်လောက်တွင် တယ်လီဖုန်း ဆက်၍ ကောင်းသဖြင့် အိပ်ရာမှ ာ အမေရိကရှိ မိဘများထံ တယ်လီဖုန်း ဆက်သည်။

ဂျေဆန်က စဉ်းစားပြီးမှ ဆုံးဖြတ်ဟန်ဖြင့်

'ဒီမှာ အဖေ၊ သား စာမေးပွဲကို တစ်နှစ်လောက် ဆိုင်းပြီး နောက် တစ် ကျမှ ဝင်ဖြေမယ်လို့ စိတ်ကူးထားတယ်'

'ဒါကတော့ တရားလွန်ပြီ ထင်တယ်ကွာ၊ မင်းကို အစစ အရာရာ ကောင်းဆုံး လုပ်ပေးခဲ့ပြီပဲ'

'ဟုတ်ပါတယ် အဖေ၊ အဖေဟာ အကောင်းဆုံးကိုတော့ လုပ်ပေးခဲ့ပါ ယ်၊ ဒါပေမဲ့ အစစအရာရာတော့ မဟုတ်သေးဘူး ထင်တယ်'

တယ်လီဖုန်းကို ချပြီး စုပေါင်း လယ်ယာ အဖွဲ့ အတွင်းရေးမှူး ရုံးခန်း ထွက်လာသည့်အခါ ထမင်းစားခန်းထဲက စားပွဲရှည်ကြီး တစ်လုံးတွင် တစ် ာက်တည်း ထိုင်နေသော အီဗာကို တွေ့ရသည်။ ဂျေဆန်သည် သူ့ အနီးသို့ ာက်လာခဲ့ကာ ဆားတွင် ဝင်ထိုင်လိုက်သည်။

'လီမွန်ရည် သောက်မလား' ဟု အီဗာက မေးသည်။

'ဘီယာ သောက်ချင်တယ်'

အီဗာက မီးဖိုထဲမှ ဘီယာ တစ်လုံးကို ယူလာပြီး ပြန်ထိုင်သည်။

'ဆိုပါဦး၊ ဘယ်သူ အနိုင်ရသွားသလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဆုံးဖြတ်ချက်ကတော့ မရေမရာပဲ၊ အဖေရော ကိုယ်ရော ရှုံးတယ် ပြောရမှာပဲ'

'ဒါဖြင့် အစ်ကို မနေတော့ဘူးပေါ့'

'နောက် တစ်နှစ်လောက်တော့ နေဖြစ်ဦးမှာပါ၊ ကိုယ် ဟီဗရူး ဘာသာ စကားကို သင်ရဦးမယ်လေ၊ တစ်နေ့မှာ အစ္စရေးက ဂျော့ ကဲလား မ ဘူးလို့ ဘယ်သူ ပြောနိုင်မလဲ'

'ဟင့်အင်း၊ အီဗာ နားမလည်ဘူး၊ ဂျော့ ကဲလား ဆိုတာ ဘာလဲ'

'ခပ်ကြောင်ကြောင် ဟန်ဂေရီယန် တစ်ယောက်ပါ၊ ကိုယ်နှင့် ဟား မှာ ကျောင်းနေဖက်'

'အင် အစ်ကိုပြောတဲ့ အတိုင်းဆိုရင် အစ်ကိုတို့ ဟားဗတ်က ကျော နေဖက်တွေကလည်း ခပ်ကြောင်ကြောင်တွေချည်း ပါပဲလား'

ဂျေဆန်က ပြုံး၍ ကြည့်ကာ 'အမှန်ပဲ၊ ကိုယ့် ကြည့်ပါလား၊ ခ ကြောင်ကြောင်မို့လို့ ကျောင်းကို ပစ်ပြီး ဒီမှာ လာနေတာပေါ့၊ အတန်းထဲ ခေါင်းဆောင်ကွာ၊ တစ်နေ့မှာ အမေရိကန် အထက်လွှတ်တော် အမတ် လာမယ့်သူတွေကွာ၊ ခုတော့ အရှေ့ အလယ်ပိုင်းက တိုင်းပြည်ကလေး ပြည်မှာ လာပြီး လိမ္မော်သီး ဆွတ်နေတယ်'

အီဗာက ဝမ်းသာသည့် အသံကလေးဖြင့် 'ဘယ်က ခပ်ကြေ ကြောင် ဟုတ်ရမှာလဲ အစ်ကိုရယ်၊ ဒီလို လာလုပ်နေတာကို ကြည့်ရင် အင် ဟာ ခပ်ကြောင်ကြောင် မဟုတ်တဲ့ တစ်ဦးတည်းသော ဟားဗတ် တက္ကသို ကျောင်းသားပေါ့'

သူ့ဘဝတွင် ပထမဆုံး အကြိမ် အဖြစ် ဂျေဆန်သည် စာကို ကြိုးစား၍ သ သည်။

အီဗာ၏ အကူအညီဖြင့် ဂျေဆန်သည် အစ္စရေးတွင် ရှိသည့် ဟီ ဘာသာ သင်တန်းသို့ တက်ခွင့်ရသည်။ ထိုသင်တန်းမှာ တယ်အဗီ တက္ကသိုလ် ရှိပြီး ဟီဗရူး ဘာသာစကားကို လျင်မြန်စွာ ကျွမ်းကျင်လိုသည့် အထက်တ အဆင့်မြေးဝမ်းကျောင်း ပညာရှင်များကိုသာ တက်ခွင့်ပေးသည့် သင်တ ဖြစ်သည်။

နက်ပိုင်းတွင် လေးနာရီကြာ သင်တန်း တက်ရပြီး နေ့လယ်စာ သ တန်း ဆင်းသည်။ ညနေပိုင်းတွင် လေးနာရီ ပြန်တက်ရသည်။ သင်တန်း





ဂျေဆန်သည် တက္ကသိုလ် အားကစားကွင်းတွင် အပြေးကျင့်သည်။ ထို သူ့ အခန်းသို့ ပြန်လာကာ မျက်လုံး နှစ်လုံး ဖွင့်မရတော့လောက် အိပ်ငိုက်လာသည် အထိ စာကျက်သည်။ သူ့အဖို့ နားချိန်မှာ ကိုးနာရီမှ ရှိခွဲ အထိ ရုပ်မြင်သံကြား သတင်းကို နားထောင်ခြင်းသာ ဖြစ်သည်။

တစ်လခွဲမျှ ကိုယ့်ကိုယ်ကိုယ် အပင်ပန်းခံ၍ ကြိုးစားလိုက်သည့် အခါ၌ ပြင်ပကမ္ဘာ လောကကြီးတွင် ဘာတွေ ဖြစ်နေသည်ကို တကယ် နား သည့် အခြေအနေသို့ ရောက်သွားလေပြီ။

BURMESE CLASSIC .com

က်ခန်းမှ အသံများကြောင့် ဆာရာသည် အိပ်ရာမှ နိုးလာခဲ့သည်။ ဆာရာ ခုတင်ဘေးမှ စားပွဲတင် နာရီကို လှမ်းကြည့်လိုက်၏။ မနက် ခြောက် ထိုးပြီးစ ရှိသေးသည်။

'လင်း ဘာလုပ်နေတာလဲ ဟင်'

'အဝတ်အစား လဲနေတာပါ၊ လန့်နိုးသွားသလား၊ ဆောရီးကွာ'

'ဘယ်အချိန်များ ရှိသေးလို့လဲ၊ အစောကြီး ရှိသေးတယ်'

'သိပါတယ်၊ ဒါပေမဲ့ အရေးကြီးလို့ကွ'

'ဒီအချိန်ကြီး ဘာတွေများ အရေးကြီးနေတာလဲ၊ ဘယ်သွားမလို့လဲ'

'ပန်းခြံကို၊ သတင်းစာ သွားဝယ်မလို့၊ ကျောင်းသားတွေ မနိုးခင် စောစီးစီး ရောက်ချင်တယ်'

'ဘာကိစ္စလဲ'

လင်းဗရိုစ်သည် အိပ်ခန်းထဲသို့ ပြန်ဝင်လာသည်။ သူ့ အဝတ်အစား ဖရဲ။ စစ်အင်္ကျီကြီးကို ဝတ်ပြီး ခေါင်းတွင် သိုးမွေး ဦးထုပ် တစ်လုံးကို ထားသည်။

'ဒီ အဝတ်အစားနှင့် ထွက်မလို့လား၊ ရှင့်ကို တေလေ ကြမ်းပိုးလို့ ထင် '

'ဒီလိုဆို ပိုကောင်းတာပေါ့၊ ကိုယ့်ကို ကျောင်းသားတွေ မမှတ်မိရင် တယ်၊ ကိုယ် မောင်မယ်သစ်လွင် လမ်းညွှန် စာစောင် သွားဝယ်မလို့'

ဆာရာ ထထိုင်၍ ရယ်သည်။

'ဖြစ်မှ ဖြစ်ရလေ လင်းရယ်၊ ဒါများ အဆန်းလုပ်လို့၊ သစ်လွင် လမ်း



www.burmeseclassic.com

www.burmeseclassic.com



ညွှန် စာစောင်ကို တက္ကသိုလ် နယ်မြေက လူတိုင်း ဖတ်နေတာပဲ'

'လူတိုင်းတော့ ဖတ်ပါတယ်၊ ဒါပေမဲ့ ဘယ် ပါမောက္ခရဲ့ လက်... များ မင်း မြင်ဖူးလို့လဲ'

'အမယ်လေး၊ လက်ထဲမှာ ကိုင်ဖတ်တာ မမြင်ဖူးပေမဲ့ သူတို့... တိတ်တိတ်ပုန်း ဖတ်ကြမှာပေါ့ ရှင်၊ သူတို့ မိန်းမတွေကို သွားအဝယ်... ပေါ့၊ ကိုယ်တိုင်တော့ ဘယ်သွားဝယ်မလဲ၊ နေ့လယ်စာ စားချိန်ကျရင် ... ထွက်ဝယ်ပေးပါ့မယ်'

'အဲဒီ အချိန်အထိ မစောင့်နိုင်ဘူးကွာ၊ လမ်းညွှန်မှာ ကိုယ်နဲ့... သက်ပြီး ဘယ်လို ရေးထားတယ် ဆိုတာ သိချင်လှပြီ၊ ကိုယ် အခု သွား... မယ်'

လင်းဗရိစ်သည် ဆာရာ့ ပါးပြင်ကို ရွတ်ခနဲ နမ်းပြီး အပြင်သို့... သီး သုတ်ပျာ ထွက်သွားသည်။ ပန်းခြံ ရင်ပြင်သို့ လာစဉ် နည်းနည်း... ပြန်စ ပြုလာသည်။ အမှန်အားဖြင့် စက်တင်ဘာထဲသို့ပင် ရောက်နေပြီ... ယနှစ် သင်တန်း အသစ်တွေ စဖွင့်သည့် နေ့သို့ပင် ရောက်နေပြီ။ သူ ... သည်က ဆောင်းစွင်း အလယ်ကြီး ဝတ်ထားသည့် အဝတ်အစား။

မသိမသာ လှမ်းကြည့်သည့် အခါ စင်မြင့်ပေါ်တွင် ဆင်... တောက်ပသည့် အနက်ရောင် 'လမ်းညွှန်' စာစောင် အဖုံးကို မြင်ရသည်... မှ ရောက်လာခါစ ဖြစ်ဟန်တူသည်။ အနီးအနားတွင် လူသူလေးပါး... ဘယ်ညာကို သူ လှမ်းကြည့်သည်။ ပထမ နယူးယော့တိုင်း သတင်းစာ... တည်တည် ကောက်ကိုင်လိုက်သည်။ ထို့နောက် 'လမ်းညွှန်' စာစောင်... ကို ဖျတ်ခနဲ လှမ်းဆွဲကာ သတင်းစာကြားထဲတွင် ညှပ်လိုက်၏။ ... ငွေကို လက်ထဲတွင် အတိအကျ ထုတ်ယူလာပြီး ဖြစ်သဖြင့် ပိုက်ဆံ... သည်နှင့် ထိုနေရာမှ ချက်ချင်း ထွက်လာခဲ့သည်။

အိမ်ရောက်အောင် မနေနိုင်။ ကြည့်ချင်လှပြီ။ ထို့ကြောင့် အနီး... ရှိသည့် တယ်လီဖုန်းရုံ တစ်ရုံသို့ ကွယ်ရပ်ပြီး သတင်းစာကြားထဲက ... ကို ထုတ်၍ ဂန္ထဝင် စာပေ သင်တန်းများ အကြောင်း ရေးထားသည့်... ညွှန် စာမျက်နှာကို လှန်သည်။ သူ့လက်များသည် တုန်ယင်လျက်။

ပထမ ဂရိဘာသာ စာပေ အေ ဘာသာရပ်ကို လှန်ကြည့်သည်... သင်ကြားမှု စွမ်းရည်နှင့် ပတ်သက်၍ မည်သို့ ရေးထားလေသနည်း။

'ဒေါက်တာ လင်းဗရိစ်သည် ဤ ခက်ခဲသော ဘာသာရပ်နှင့်...





...၍ အံ့သြဖွယ် ကောင်းလောက်သည့် ရှေ့ဆောင် ဆရာ ဖြစ်သည်။ လွန်... ငြီးငွေ့ဖွယ် ကောင်းသည့် ဘာသာရပ်ကို ကျောင်းသားတို့ မပျင်းအောင်... နိုင်သည်' ဟု ပါသည်။

ထို့နောက် လက်တင် ဘာသာ စာပေ ၂ အေ စာမျက်နှာကို လှန်ကြည့်... သည်။

'ဒေါက်တာ လင်းဗရိစ်၏ သင်တန်းများကို တက်ရန် ကျောင်းသား... အား အကြံပေးလိုသည်။ ဆရာ လင်းဗရိစ်သည် ဌာန တစ်ခုလုံးတွင်... အကောင်းဆုံးသော ဆရာ တစ်ဦးဟု ဆိုနိုင်သည်' ဟု ရေးထားသည်။

လင်းဗရိစ်သည် မဂ္ဂဇင်းကို ပြန်ပိတ်လိုက်ပြီး သတင်းစာ ကြားထဲသို့... လိုက်၏။ ထိုအခါကျမှ သူ့ ရင်ထဲတွင် အလုံးကြီး ကျသွားကာ ပီတိတွေ... သွားသည်။ ညနေပိုင်း ဆိုလျှင် ဟားဗတ် တက္ကသိုလ် ပရိဝုဏ် တစ်ခုလုံး... ကျောင်းသား သတင်းစာပါ လမ်းညွှန်များကို (တိတ်တိတ်ပုန်း ဖြစ်စေ) ...ရှုပြီးလောက်ပြီ။

လင်းဗရိစ်၏ ဘဝတွင် အရိပ်တွေချည်း။ နွေဦးပေါက်တွင် သူ့အား... ပါမောက္ခ ခန့်အပ်မည် ဆိုလျှင် သင့်မှ သင့်ပါမည်လောဟု သံသယ... သည် ယခု ပျောက်သွားကြပြီ။ သူ ကြိုးစားခဲ့သမျှတို့သည် အချည်းနှီး...

သူ့ဇနီး ဆာရာကို ပြရဦးမည်။

လင်းဗရိစ်သည် တယ်လီဖုန်းရုံနားမှ ထွက်လာခဲ့ပြီး အိမ်ဘက်သို့ ခပ်... သုတ် လျှောက်လာခဲ့သည်။ ထိုစဉ် သူ ကြားနေကျ အသံ တစ်သံကို... လိုက်ရ၏။

'ဟေ့ လင်းဗရိစ်'

ရပ်၍ လှည့်ကြည့်လိုက်သည့် အခါတွင် မနက်ခင်း ကျန်းမာရေး လေ့... နေသော ပါမောက္ခ ဖင်လေကို တွေ့ရသည်။

'သြော် ဆရာပါလား၊ အဲ အင်း နောက် စာသင်နှစ်မှာ စာ ကောင်း... သင်နိုင်အောင် ဆိုပြီး ကျွန်တော်လည်း ထပြေးနေတာ ဆရာ၊ မြစ်... နားတောင် ရောက်ခဲ့ပြီ'

'အေး ကောင်းတယ်၊ ကောင်းတယ်၊ ကဲ ကဲ ဆက်လုပ်'

'ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ်' ဟု ဆိုကာ လစ်ရန်ပြင်သည်။

'သြော် ဟေ့ လင်းဗရိစ်၊ ပြောဖို့ မေ့သွားတယ်ဟေ့၊ မင်း သင်ကြား...



www.burmeseclassic.com

www.burmeseclassic.com



မှုနှင့် ပတ်သက်လို့ လမ်းညွှန်ထဲမှာ ချီးကျူး ရေးထားတဲ့ အတွက် ဝမ်းသ
တယ်ကွာ'

## အင်အရှုး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

နိုဝင်ဘာ ၂၃၊ ၁၉၆

မနေ့က အဖြစ်အပျက် ပြီးသွားတဲ့ နောက်မှာ ငါ့ဘဝမှာ ဘယ်တော့
အရင်တုန်းကလို ပြန်ဖြစ်တော့မှာ မဟုတ်တော့ဘူးလို့ ထင်မိတယ်
ဒါးလက်စ်မှာ ဖြစ်ခဲ့တဲ့ ကိစ္စကို သတင်းစာတွေက 'ကြီးကျယ်သေ
အဖြစ်ဆိုးကြီး' လို့ ခေါင်းစဉ် တပ်ကြတယ်။ ငါ့အဖို့တော့ ဒီ အဖြ
အပျက်ဟာ 'အမေရိကန်တို့ရဲ့ အဖြစ်ဆိုးကြီး' လို့ပဲ ထင်မိတယ်။ သေ
သေချာချာ စဉ်းစား ကြည့်လိုက်တော့ သူ့ ကွယ်လွန်ရခြင်းဟာ မိသာ
စုထဲက တစ်ယောက် ကွယ်လွန်သွားတာနှင့် အတူတူပါပဲ။

ချမ်းသာသည် ဖြစ်စေ ဆင်းရဲသည် ဖြစ်စေ၊ လူဖြူ ဖြစ်
လူမည်း ဖြစ်စေ၊ အထူးသဖြင့် ကိုယ်တို့လို ဟားဗတ် တက္ကသိုလ်
ကျောင်းသားတွေ အတွက် ဖြစ်စေ တို့ အားကျခဲ့ရတဲ့ ဟား
တက္ကသိုလ်ထွက် သမ္မတ ကင်နေဒီ လုပ်ကြံ ခံရမှုကြောင့် ထိတ်လ
တုန်လှုပ်မိကြတယ်။

တို့တစ်တွေဟာ ဟားဗတ်–ယေးလ် ကစားပွဲကို အကြိတ်အန
ပြိုင်လို့ ပြီးခါနီးမှာ သမ္မတကြီးဟာ တပ်မတော် ရဟတ်ယာဉ်
ရောက်လာပြီး တို့ ဟားဗတ် အသင်းကို အားပေးမှာပဲလို့ မျှော်လ
နေတုန်းမှာ သူ လုပ်ကြံခံရပြီ ဆိုတဲ့ သတင်းကို တို့ ကြားလိုက်
ရတယ်။

သမ္မတကြီး ကင်နေဒီဟာ ရဲရင့်တဲ့ သူရဲကောင်း တစ်ဦး
တယ်လို့ ယူဆတာ ကိုယ် တစ်ယောက်တည်း မဟုတ်ပါဘူး။ သမ္မ
ကြီး ကင်နေဒီဟာ တိုင်းပြည်ကြီး တစ်ပြည်လုံးရဲ့ အနေအထား
ပြောင်းလဲသွားအောင် လုပ်နိုင်တဲ့ သတ္တိရောင်ဝါ တစ်မျိုး ရှိတယ်။
ကို ကြည့်ပြီး တို့တစ်တွေမှာ မျှော်လင့် အားတက်ရတယ်။ သူ တ
လာတဲ့ အတွက် တို့တစ်တွေရဲ့ သမိုင်းဟာ ဂုဏ်ပြောင်တဲ့ စာမျက်





သစ်ကို ဖွင့်ပြီလို့ တို့ ထင်ခဲ့ကြတယ်။

ဒါပေမဲ့ ဘာမှ ရေရာတဲ့အကြောင်း မရှိဘဲနှင့် လုပ်ကြံ သတ်ဖြတ်
ခံလိုက်ရပြီ ဆိုတာကို သိရတော့ ကိုယ် အကြီးအကျယ် တုန်လှုပ်
ချောက်ချားမိတယ်။ သမ္မတ ကင်နေဒီဟာ စစ်ပွဲတွင်းမှာ တော်ပီဒို
ထိမှန်လို့ သင်္ဘောပျက်တဲ့ ကြားကတောင် ကိုယ့်ကိုယ်ကိုယ် အသက်
မသေအောင် နေနိုင်ရုံမျှမက သူ တစ်ပါး အသက်ကိုတောင် ကယ်မယ့်
လူစားမျိုး။ ခုတော့ ဘာမဟုတ်တဲ့ အကြောင်းနှင့် လုပ်ကြံ သတ်ဖြတ်ခံ
ရပြီ။

ဒီနေ့ကစပြီး တို့ မျိုးဆက်သစ်ဟာ ဘဝအမြင် တစ်ခုကို ပြောင်း
ကြရတော့မယ်။ အားလုံး ဘယ်သူတွေ ဘယ်လောက် အောင်မြင်ကြ
မယ် ဆိုတာကိုတော့ မပြောနိုင်ကြသေးဘူးပေါ့။

သမ္မတကြီး ကင်နေဒီကို ကြည့်စမ်း၊ သူဟာ ဆုတိုင်းကို ဆွတ်
ခူးနိုင်ခဲ့တယ်။ မြေကြီးပေါ်က သရဖူ တစ်ခုကို ဆောင်းနိုင်ခဲ့တယ်။ ဒါ
ပေမဲ့ မနေလိုက်ရတဲ့ ဘဝသက်တမ်း တစ်ဝက်နှင့် သူ့ကို မြှုပ်နှံလိုက်
ကြရတော့မယ်။

BURMESE CLASSIC .com

ယ်ဝှတွင် ဒင်နီ ရောက်နေစဉ် မာရီယာ သမီး မိန်းကလေး မွေးသည့်
င်းကို ကြားရခြင်း ဖြစ်သည်။

အမှန်အားဖြင့် မာရီယာ မီးဖွားစဉ် သူ အနားမှာ ရှိချင်သည်။ ပွဲ တစ်
းစရာ ရှိသဖြင့် လွန်ခဲ့သည့် နှစ်ဆယ့်လေးနာရီခန့်ကမှ ရောက်လာခဲ့ခြင်း
သည်။ သို့ရာတွင် ဆီလဗီ (သူတို့ လင်မယား နှစ်ယောက်သည် ကလေး
ခင် ကတည်းက သားမွေးလျှင် သမီးမွေးလျှင် မှည့်ရန် အမည်များကို
ားပြီး ဖြစ်သည်။) သည် လူ့လောကကြီးထဲသို့ စော၍ ရောက်လာခဲ့ခြင်း
သည်။

ဒင်နီက ပန်းတွေ တစ်ပွေ့တစ်ပိုက်ကြီးဖြင့် ဆေးရုံထဲသို့ ဝင်လာသည့်
တွင်မှ မာရီယာ့ အနီးတွင် သူ့ မိဘနှစ်ဦးတို့ ရောက်နေကြပြီ။

ဒင်နီသည် သူတို့ကို နှုတ်ဆက်ပြီး မီးဖွားပြီးစ အလှတွေ တိုးနေသော
ယာကို နမ်းရှုပ် နှုတ်ဆက်သည်။ နားနားသို့ ကပ်၍ ချစ်စရာ စကားတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို တီးတိုး ပြောသည်။ မွေးပြီးစဆောင်သို့ ပြေးကာ မှန်ပြတင်းရှည်ကြီး
ကို ကျော်၍ သမီးကလေးကို လှမ်းကြည့်ရသည်။

ပထမသော် သူ့ သမီးလေးကို မတွေ့ရ။ အပြာရောင် စောင်က
တွေ ခြုံထားသည့် ပုခက်များကို ဖခင် တစ်ဦး၏ ပကတိ မျက်စိဖြင့် လျှေ
ရှာသည်။ နောက်ဆုံးတွင် သဘောကောင်းသည့် ဆရာမ တစ်ဦးက က
ကို ပွေ့ကာ မှန်ပြတင်းနားသို့ ယူလာပြသည်။ ကလေးငယ်က မာရီယာ
တူသည်။ သူနှင့်လည်း တူသည်။

'ဘယ်လိုလဲ ဆရာ ဒင်နီ၊ ဆင်ဖိုနီ တေးတစ်ပုဒ်ကို ရေးရတာထ
မကောင်းဘူးလား' ဟု အနီးသို့ ရောက်လာသည့် သားဖွား အထူးကု ဆရာ
ကြီးက မေးသည်။

ဒင်နီက ဆရာဝန်ကို လက်ဆွဲ နှုတ်ဆက်ရင်း

'ဟုတ်တာပေါ့ ခင်ဗျာ၊ ကျေးဇူး တင်ပါတယ် ဆရာ၊ မာရီယာကလည်
ဆရာတို့ ဂရုစိုက်တဲ့ အကြောင်းကို ပြောပါတယ်'

'ကျေးဇူးပဲ၊ သိပ် စိတ်မပူပါနှင့်၊ သားဦးမို့လို့ပါ၊ နောင်တော့ နေ
ကျသွားမှာပေါ့'

'ခင်ဗျာ'

'သမီး မွေးတာကို ပြောတာပါ၊ အများအားဖြင့် အဖေတွေက
ယောကျ်ားကလေးကို လိုချင်ကြတယ်၊ အထူးသဖြင့် သားဦး ဆိုရင်
ယောကျ်ားကလေးကို ပိုလိုချင်ကြတယ်၊ ဒါပေမဲ့ သမီးလေးလည်း ခင်ဗျာ
အတွက် ပျော်ရွှင်မှုတွေကို ယူလာမှာပါ'

ဒင်နီသည် ထိုအခါကျမှ စိတ်အေး သွားတော့သည်။ သို့ရာတွင် အ
လေယာဉ်ဖြင့် ပြန်လာခဲ့စဉ် လမ်းတစ်လျှောက်လုံး သားယောကျ်ားက
မမွေးသည့် အတွက် စိတ်ထဲတွင်မူ စိတ်ပျက်သလိုလို။ ဒင်နီသည် သူ
ထောင်နေသည့် ဂီတ အစဉ်အလာကို ဆက်ခံမည့် သားယောကျ်ားက
တစ်ယောက်ကို တောင့်တနေမိခဲ့သည်။ ကမ္ဘာတွင် ထင်ရှားသည့် အမျိုး
စန္ဒရားဆရာ ဆို၍ ရှိခဲ့ဘိခြင်း။ မိန်းကလေး ဆိုလျှင် ဘဲလေး ကချေသည်
ရှိသည်။

နောက် သုံးပတ် အကြာတွင် ဆီလဗီကို ကင်ပွန်းတပ်သည်။ ကင်ပွန်း
မင်္ဂလာသို့ အထူး ဧည့်သည်တော် နှစ်ဦးလည်း လာကြသည်။ သတင်းစာမျာ
ဗီလာဒယ်ဖီးယား တေးသံစုံ တီးဝိုင်းမှ လက်ထောက် ခေါင်းဆောင်နှင့်





တို့ အပြင် သမီးကလေး၏ ဓာတ်ပုံကိုပါ အကြီးကြီး ဖော်ပြပေးပြီး
တွေ ဝေဝေဆာဆာ ရေးကြသည်။ ဒင်နီ ပျော်၍မဆုံး။ ကလေးအဖေ
ခြင်းသည် သူ့ကို အဆင့် တစ်ရပ်သို့ မြှင့်တင်ပေးလိုက်ပြီ။

သို့တိုင် ဒင်နီ စိတ်ညစ်နေသည့် အရာ တစ်ခု ရှိသည်။ မာရီယာက
ထိန်း နာနီ မငှားချင်။ တစ်လ နှစ်လလောက် သူနာပြု ငှားပြီးနောက်
ကို သူ့ဘာသူ ထိန်းချင်သည်။

'ဒီမှာ အစ်ကို၊ လွန်ခဲ့တဲ့ ကိုးလလုံးလုံး ကလေး ပြုစု စောင့်ရှောက်
စာအုပ်တွေကို မာရီယာ ဖတ်ခဲ့ပြီးပြီ၊ မီးပူ တိုက်ထားတဲ့ ခါးစည်းကြီး
းတဲ့ နာနီက မာရီယာ့ကို ကလေးအမေ မလုပ်တတ်ဘူးလို့ ပြောတာ
ဘူး'

'မင်း ပင်ပန်းမှာ စိုးလို့ ပြောတာပါကွာ'

'ဒါကတော့ အစ်ကိုကလည်း နည်းနည်းပါးပါးတော့ ကူပေါ့'

ဒင်နီက ပြုံးသွားကာ

'ကူတာက ကူပါတယ်ကွာ၊ ဒါပေမဲ့ ကိုယ်က ဂီတပွဲတွေနှင့် ရှုပ်နေတာ'

'အစ်ကိုဟာ တော်တော်ခက်တယ်၊ ကံကြမ္မာရဲ့ ကျေးကျွန်လို နေနေ
ည့်သည် စန္ဒရားဆရာ အဖြစ် ပွဲတိုင်းလိုလို လိုက်တီးပြနေရမှာလား

မာရီယာ သဘောပေါက်အောင် သူ ဘယ်လို ရှင်းပြရမည် မသိ။

'ဒီမှာ မာရီယာ၊ ဂီတ ဆိုတာ နိုင်ငံတကာ ဘာသာစကား၊ ကမ္ဘာ့
စကား၊ ဒါကို မင်း သိတယ်၊ ခု နိုင်ငံတကာ ဘာသာစကားတင်
တော့ဘူးကွ၊ နိုင်ငံတကာ စီးပွားရေး လုပ်ငန်း ဖြစ်နေပြီ၊ ဒီတော့ ကိုယ့်
င် ကမ္ဘာကို လျှောက်သွားရမယ်၊ တီးရမယ်၊ အဆက်အသွယ်တွေ ယူ

မာရီယာက သူ့ကို မော့ကြည့်သည်။ သူ့ မျက်နှာက နီရဲလျက်။

'ရှင်ဟာ အိမ်ထောင်ကျပြီးရင် ပြောင်းလဲသွားလိမ့်မယ်လို့ ထင်ခဲ့တာ
င်းဘူး၊ ဒီလိုမှ မပြောင်းလဲသေးရင် ကလေးအဖေ ဖြစ်တော့ ပြောင်းလဲ
လိမ့်မယ်လို့ ထင်ခဲ့တယ်၊ ဒါလည်း မပြောင်းလဲဘူး၊ ရှင်ဟာ ကြီးပြင်း
မြောက်မလာဘူး'

'နေပါဦး၊ မင်း ပြောချင်တာ ဘာလဲ'

'ပျားများ ပန်းပွင့် တစ်ပွင့်ပြီး တစ်ပွင့် လျှောက်နားနေသလို ရှင်



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့ ကမ္ဘာအနှံ့ကို အငြိမ်မနေ သွားချင်နေရတာလဲ၊ ခုထက်ထိ ခုပ် ဩဘာသံတွေကို သာယာနေတုန်းပဲလား၊ ရှင့်ကို ချစ်ကြတာ *သာယာနေတုန်းပဲလား၊ ကျွန်မ တစ်ယောက်တည်းက အချစ်ခံရတာကို* မရရင် ရှင့်ကို ကိုးကွယ်မယ့် မိန်းမတွေ၊ ရွှေပေါ်မြတင် လုပ်ထားမယ့် တွေ ဒီတိုင်းပြည်မှာ တစ်ပုံကြီးပါ၊ ဘာဖြစ်လို့ ကမ္ဘာ ပတ်ချင် နေရတာ

အနုပညာရှင်တို့၏ အနေအထိုင်ကို မာရီယာ နားမလည်နိုင်။ ရှ ၍လည်း သူ သဘောပေါက်မည် မဟုတ်။

'မီးဖွားပြီး အားနည်းနေတုန်းမှာ မင်း တွေ့ရာတွေ မပြောနေနှင့် ဟု ဒင်နီက အော်သည်။

ထို့နောက် သူ့စကားကြောင့် မာရီယာ စိတ်ထိခိုက်သွားမည်ကို သွားသည်။ ဒင်နီသည် သူ့ ခုတင်ဘေးတွင် ဒူးထောက် ထိုင်ချလိုက်ရင်း

'အစ်ကို ပြောတာတွေ ဘယ်လိုမှ မအောက်မေ့ပါနှင့်ကွာ၊ အစ်ကို ခွင့်လွှတ်ပါ၊ မာရီယာ့ကို အစ်ကို တကယ် ချစ်ပါတယ်၊ ယုံတယ် မဟုတ် ဟင်'

မာရီယာက ခေါင်းညိတ်သည်။

'မာရီယာ လိုချင်တာက မာရီယာ တစ်ယောက်ကိုပဲ ချစ်စေချင်

နောက် လအနည်းငယ် အကြာတွင် မာရီယာ ကိုယ်ဝန် ရှိပြန်သည်။ နော နှစ်တွင် ဒုတိယ သမီးကလေး တစ်ယောက်ကို မျက်နှာမြင်သည်။

မာရီယာ ဗိုက်နာနေစဉ် ဒင်နီသည် နယူးယော့တွင် ရှိနေသည်။ ကြောင့် ကလေးမျက်နှာ မမြင်မီ ဆေးရုံသို့ သူ အမီ ရောက်လာနိုင်ခဲ့သ

၁၉၆၄ ခုနှစ် ဇန်နဝါရီလတွင် ဂျေဆန်သည် ဟီဗရူး ဘာသာစကား လေ သင်တန်းကို ပြီးဆုံးသွားခဲ့သည်။ စည်းကမ်း စနစ်ဖြင့် လေ့လာသောကြော လည်းကောင်း၊ အင်္ဂလိပ်စာကို တစ်ပတ် တစ်ကြိမ် မိဘများထံသို့ စာရေးသ အခါမှ အသုံးပြုသည့် အတွက်ကြောင့် လည်းကောင်း ဟီဗရူး ဘာသာစကား အတော်အတန် ခရီးရောက်လာခဲ့သည်။

မိဘများက နာတာလူးပွဲတွင် အိမ်သို့ ပြန်လာခဲ့ရန် မကြာခဏ တ





ကြသည်။ ဂျေဆန်က သူတို့ သင်တန်းမှာ ရေဝတီ အားလပ်ရက် ဖြစ်သည့် င်ဘာလမှ အပ ကြား အားရက် မရှိသဖြင့် မလာတော့ဟု အကြောင်းပြကာ ရိုကသို့ ပြန်ရန် ငြင်းလိုက်ပြန်သည်။

ဂျေဆန်သည် ထိုအကြောင်းကို အီဗာ၊ ရော်ဆီတို့နှင့် (ဟီဗရူး ဘာသာ ဆွေးနွေးသည်။

'ကျွန်တော် အစ္စရေး တပ်မတော်ထဲ ဝင်မလို့'

'ကောင်းတာပေါ့၊ ခင်ဗျားလို အတွေ့အကြုံ ရှိတဲ့ လူမျိုး လိုတာပေါ့' ရော်ဆီက ထောက်ခံသည်။

အီဗာကမူ ဘာမျှ မပြော။

သုန်မှုန်နေသည့် မျက်နှာထားကြောင့် ရော်ဆီက အီဗာကို မေးသည်။

'နင်က ဘာဖြစ်နေတာလဲ၊ သူ တပ်မတော်ထဲ ဝင်တာကို သဘော ဘူးလား'

'သူ ဒီမှာ ဆက်နေတာကိုတော့ သဘောကျပါတယ်၊ ဒါပေမဲ့ သူ မတော်ထဲကို ဝင်တဲ့ ရည်ရွယ်ချက်ကတော့ မှားတယ်လို့ ထင်တယ်'

'ဘာ ရည်ရွယ်ချက်နှင့် ဝင်တာလို့ ထင်လို့လဲ'

'ကိုယ်ရေးကိုယ်တာ လက်စားချေချင်လို့ မဟုတ်လား၊ အစ်မ အတွက် း လက်စားချေချင်နေတာ မဟုတ်လား'

'ဘာအကြောင်းနှင့်ပဲ ဝင်ဝင်ဟာ၊ ဘာဖြစ်သလဲ၊ ပြီးတော့ ဓမ္မဟောင်း မှာလည်း မျက်လုံး တစ်ဖက် အတွက် မျက်လုံး တစ်ဖက်ကို ပေးရမယ် ဆိုထားသားပဲ'

ရော်ဆီက ပြောသည်။

'ဒါက ရှေးတုန်းက ပြောခဲ့တဲ့ စကားပါ၊ ပြီးတော့လည်း ဒါက ဥပမာ ပြောခဲ့တာပဲ၊ တကယ် လက်တွေ့ လုပ်ရမယ် ဆိုတဲ့ သဘော မဟုတ်'

'ဒါပေမဲ့ အာရပ်တွေကတော့ ဒီစကားအတိုင်း လက်တွေ့ လုပ်နေတာပဲ' ရော်ဆီက ပြောသည်။

'ကဲ ကဲ တော်ကြပါတော့ဗျာ၊ ငြင်းမနေပါနှင့်တော့၊ ကျွန်တော် တပ် ဝင်တာကို ထောက်ခံမလား မထောက်ခံဘူးလား'

'မထောက်ခံဘူး' ဟု အီဗာက ပြတ်သားစွာ ပြောသည်။

'တို့ကတော့ ထောက်ခံတယ်၊ ကျွန်တော်တင် မကဘူး၊ ရှင်း လယ်



www.burmeseclassic.com

www.burmeseclassic.com



ယာ တစ်ခုလုံးကလည်း ထောက်ခံမှာပဲ'

'ကျွန်တော်က စုပေါင်းလယ်ယာ ရွာသား မဟုတ်သေးဘူးနော်'

'ဒါကတော့ ခင်ဗျား ဝင်ချင်တယ် ဆိုရင် နောက် တစ်ပတ်မှာ ဖြစ် ပေါ့'

'ဝင်တော့ ဝင်ချင်တာပေါ့ဗျာ'

ဆောင်းတွင်းကြီးပင် ဖြစ်သည့်တိုင် နောက်တစ်ပတ်တွင် ဂျေဆန်သည် အပင် ခံနိုင်အောင် လေ့ကျင့်သည်။ မနက်စောစော အိပ်ရာမှ ထပြီး တဖွဲဖွဲ နေသည့် မိုးရေထဲတွင် အပြေးကျင့်သည်။ ဘုံရိပ်သာ အားကစားရုံထဲ အလေးမ ကျင့်သည်။ ထို့နောက် ညစာ မစားမီ နောက် တစ်ခေါက် ပြေးသည်။

ဂျေဆန်သည် အီဗာနှင့် နာရီပေါင်းများစွာ စကားပြောကာ သူ ထဲသို့ ဝင်ခြင်းမှာ ရိုးရိုးသားသား ဝင်ခြင်း ဖြစ်ကြောင်း ရှင်းပြသည်။ တ တစ်ရံတွင်လည်း သူတို့သည် အစ္စရေး တိုင်းပြည် အကြောင်းကို ပြောဆို တစ်ခါတစ်ရံတွင်လည်း ကိုယ်ရေးကိုယ်တာ ကိစ္စများကို ပြောဖြစ်ကြသည်

ဂျေဆန်သည် အီဗာ၏ ကလေး ဘဝ အကြောင်းကို မေးကြည့်သ နာဇီခေတ်က ဖင်နီတိုနှင့် နေခဲ့ရပုံ၊ နာဇီ အကျဉ်းစခန်းမှ ပြန်ထွက်လာပြီးနော ကိုယ်စိတ် နှစ်ပါးတွင် ရခဲ့သည့် ဒဏ်ရာ ဒဏ်ချက်များကို မည်သို့ ကုသပုံ၊ သူ့ မိဘများ မည်သို့ အသတ်ခံကြရပုံ။

သူ့ မိဘများ၏ သတင်းကို ကြားရသည့် အခါတွင် သူ စိတ်ဆင်းရဲ ထိခိုက်ခဲ့ရပုံတို့ကို အီဗာက ပြောပြသည်။ ယခုတိုင် သူ သူများတွေထက် ကံကောင်းနေသေးသည်ဟု အီဗာ ထင်သည်။ စစ်အတွင် သူသည် ဖင်နီတို့ မိသားစု မေတ္တာဖြင့် အသက်ရှင် နေခဲ့ရသည်။ အစ္စရေး တည်ထောင်ပြီးသည့် နောက်တွင်မူ သူတို့၏ သားငယ် သမီးငယ်များ သူ့လို ဒုက္ခ သုက္ခမျိုးကို ကြုံတွေ့ရတော့မည် မဟုတ်ဟု ယုံကြည်လာခဲ့သ

ကလေးတွေ အကြောင်းကို ပြောဖြစ်သဖြင့် ဂျေဆန်က သူ ဘာကြော လက်မထပ်သေးသနည်းဟု မရဲတရဲ မေးကြည့်သည်။ အစတွင်မူ မိမိ အခြားသော သုံ့ပန်းများကဲ့သို့ စခန်းမှ ထွက်လာခဲ့သည့် အခါတွင် ခံစား တွေက ကုန်ခန်း သွားခဲ့သောကြောင့်ဟု ဖြေသည်။ သို့ရာတွင် အမှန်ကို ခြင်း မဟုတ်။ တစ်ခုခုကို ဖုံးကွယ်ထားကြောင်း ဂျေဆန် ရိပ်မိလိုက်သ





နောက်တွင်မူ အီဗာက အမှန်ကို ပြောပြသည်။

တပ်မတော်ထဲသို့ ဝင်ခဲ့စဉ်က အီဗာသည် မာဒူရေး ဆိုသည့် စစ်ဗိုလ် လေး တစ်ယောက်နှင့် ချစ်ကြိုက်ခဲ့ဖူးသည်။ သူတို့ နှစ်ယောက်သည် ရင်နှီး မ်းဝင်ခဲ့ကြသည်။ ထို စစ်ဗိုလ်ကလေးသည် အမှုထမ်းသက် မပြည့်မီ စ်လ အလိုတွင် ကျဆုံးသွားခဲ့သည်။ ရန်သူ့ လက်ချက်ဖြင့် ကျဆုံးခြင်း ဟုတ်။ လက်နက် အစမ်း လေ့ကျင့်စဉ် လက်နက် ထိမှန်ပြီး ကျဆုံးသွားခြင်း စ်သည်။

'ကိုယ်ကတော့ စစ်ထဲက ပြန်လာမှာပါ' ဟု ဂျေဆန်က အီဗာ့ စိတ် ထဲတွင် မပြောရဲသည့် အကြောင်းကို ဖြေ၍ ပြောသည်။

'အစ်ကိုကတော့ ပြန်လာမှာပါ၊ အဝတ်အစား သိမ်းတဲ့ ဌာနမှာ အလုပ် လုပ်တဲ့ စစ်သားပဲ၊ တိုက်ပွဲမှာ ကျဆုံးစရာ အကြောင်း မရှိပါဘူး'

'ဟင်၊ ကိုယ်က စစ်ထောက်ချုပ်ရုံးမှာ အမှုထမ်းရမယ် ဆို၊ အီဗာ့ကို ယ်သူက ပြောသလဲ'

'ဘယ်သူကမှ မပြောပါဘူး၊ အီဗာက ပြောတာပါ၊ အီဗာလည်း တပ်ထဲ နေခဲ့ဖူးတာပဲ၊ တပ်သားသစ်တွေဟာ ဆယ့်ရှစ်နှစ်လောက်ပဲ ရှိကြတယ်၊ စ်ကိုက အဘိုးကြီး ဖြစ်နေပြီရှင့်၊ အစ်ကို့ကို တပ်ထဲက ရုပ်ရှင်ရုံမှာ ပစ္စည်း မ်း မထားရင် ကံကောင်း'

ဂျေဆန်က ပြုံးလျက်

'ကိုယ်လည်း အမေရိကန် ကမ်းတက်တပ်က ထွက်ခဲ့တာပါကွယ်၊ ပ်ရင်းမှာ လေ့ကျင့်ခန်းဆင်း အဆင့် ကောင်းကောင်းနှင့် အောင်လာတာပါ၊ ကောင်းမလား'

'လောင်းရင် အစ်ကို ရှုံးမှာပေါ့၊ အစ်ကိုဟာ အစ္စရေးမှာ အကောင်းဆုံး ရာကို တွေ့မယ်၊ အဲဒါကတော့ အစ္စရေး တပ်မတော်၊ ဒါပေမဲ့ အဲဒါကို တွေ့ရင် အဆိုးဆုံးကိုလည်း တွေ့ရမှာပဲ၊ အဲဒါကတော့ တပ်မတော်မှာ ရှိတဲ့ ကြက်ရေစိ'

မ်းအေးသည့် ဖေဖော်ဝါရီလ တစ်မနက်၌ ဂျေဆန်သည် တယ်လ်အဗီမြို့ရှိ သား စုဆောင်းရေး ဌာနရှေ့က မှတ်တိုင်တွင် ဘတ်စ်ကားပေါ်မှ ဆင်းသည်။ သား စုဆောင်းရေး ဌာနမှာ ကြီးမား ကျယ်ပြန့်သည့် အဆောက်အအုံကြီး ၍ ဝင်းထဲတွင် သွပ်မိုးစ တန်းလျားများက အနံ့။ တချို့ များတွင်



www.burmeseclassic.com

www.burmeseclassic.com



ယူကလစ်တပ်စ်ပင်ကလေးများနှင့် ရွက်ဖျင်တဲကလေးများလည်း အစီအ ရှိကြသည်။

ဂျေဆန်သည် မြောက်ပိုင်းရှိ ဒေသ စစ်သား စုဆောင်းရေး ဌာနတ တစ်ဆောင်း စစ်မှုထမ်းရန် စာရင်းသွင်းခဲ့ပြီး ပထမ စိတ်ဓာတ် စစ်ဆေး နှင့် ဆေး စစ်ဆေးမှုကို ပြုလုပ်ခဲ့ပြီးပြီ။

ယခု သူသည် သူတို့ စုပေါင်း လယ်ယာရွာမှ ၁၈ နှစ် အရွယ် ဗ အေမီနှင့် အတူ တန်းစီနေသည်။ ဗင်အေမီသည် ရင်ဖိုသလိုလို ဖြစ်နေသည် စစ်ထဲ ဝင်ခြင်းကြောင့် မဟုတ်။ ပထမဆုံး အကြိမ် အိမ်နှင့် ခွဲလာရသောကြော ဖြစ်သည်။

ဂျေဆန်က စောင့်ဆိုင်းနေသော လူတန်းကြီးကို လက်ညှိုးထိုးပြကာ

'သိပ်လည်း စိတ်လှုပ်ရှား မနေပါနှင့်ကွာ၊ မြင်ရဲ့လား၊ ဒီ သူငယ်တ ကျောင်းမှာ မင်းလို လူတွေ အများကြီး၊ ဟိုရောက်ရင် သူငယ်ချင်း အသစ် တွေ့ရမှာပေါ့'

တပ်သား အသစ်များကို အစုလိုက် ဖွဲ့ပေးသည့် အခါ၌ ဗင်အေ သည် ဂျေဆန်နှင့် ခွဲရမည် စိုးသဖြင့် ဂျေဆန်၏ ခါးကို ဆွဲထားသည်။

ထို့နောက် သူတို့သည် 'သားသတ်ဆိုင်' သို့ သွားကာ ခေါင်းတုံး ရိ ရသည်။ ဆံရှည် ကိုယ်တော်လေးတို့ အဖို့မူ ခေါင်းတုံး ရိတ်ရသည့် ကိစ္စသ သူတို့ ဘဝတွင် ကြီးစွာသော ဆုံးရှုံးမှုကြီး ဖြစ်သည်။ ပရက်စလေ ဘို ကလေး တစ်လုံး ဆုံးပြီး ဆံပင်တွေ ကြမ်းပေါ်သို့ အထွေးထွေး ကျသွ သည့်အခါတွင် သူတို့တစ်တွေ မျက်ရည် ဝဲနေသည်ကို ကြည့်၍ ဂျေဆ ရယ်ရသေးသည်။

သူ့အလှည့် ရောက်သည့်အခါတွင် ဂျေဆန်သည် ကုလားထိုင်တွင် ထ ထိုင်ကာ စစ်တပ် 'မြက်ရိတ် ဆရာ' က သူ့ ခေါင်းပေါ်မှ မြက်ခင်းက အား ပြောင်သလင်းခါအောင် ရိတ်သည်ကို ခံလိုက်ရသည်။

ထို့နောက် ပစ္စည်း ထုတ်ရသည်။ ပစ္စည်းထိန်း အရာရှိက ဂျေဆ ဟူသော အမည်သည် ရေဝတီ မဆန်ကြောင်း၊ ရေဝတီ ဆန်သည့် အမည် တစ်ခုကို ပြောင်းသင့်ကြောင်းဖြင့် အကြံပေးသည်။

'ဒီမှာ ရဲဘော်၊ ရေး ဂရိတွေ ကောင်းစားတုန်းက ရေဝတီတွေဟာ နာမည်တွေကို ပြောင်းမှည့်ကြတယ်၊ ဒါကြောင့် ဂျက်ကော့တို့ ဘာတို့ ဆို နာမည်တွေဟာ ဂျေဆန် ဖြစ်ကုန်တယ်၊ ဒီတော့ ရဲဘော်လည်း နာမည်က





လေး ပြောင်းစမ်းပါဦး' ဟု ပြောသည်။

ယူနီဖောင်း ထုတ်၍ ဝတ်ပြီးသော အခါတွင် တပ်ကြပ်ကြီးဆီ သွား နောင်သုံးရက်အတွင်း သူတို့ မည်သည့် နေရာတွင် နေထိုင်ရမည် ဖြစ် ကြောင်း သွား၍ စုံစမ်းရသည်။

ဗင်အေမီက လေသံကလေးဖြင့်

'အစ်ကိုရေ၊ တောသားနှင့် မြို့သား ခွဲကြည့်ချင်ရင် အလွယ်ကလေးဗျ၊ ယ်ရတဲ့ အိပ်ရာလိပ်ကို ဒီကောင် ဘယ်လို ကြည့်နေသလဲ ဆိုတာကို ကြည့်ရင် တောသားနှင့် မြို့သား အလွယ်နှင့် ခွဲလို့ရတယ်၊ မြို့သားက ရာလိပ်ကို မသက်မသာ ကြည့်ပြီး စိတ်ဓာတ် ကျနေတဲ့ ပုံပဲ၊ သူတို့က မွေး အိပ်ရာမျိုး ထုတ်ပေးမယ်လို့ ထင်နေသလားမှ မသိတာ'

ညစာ စားပြီးသည့် နောက်တွင် တပ်ဝင်းထဲရှိ တပ်သား စုဆောင်းရေး များကို လျှောက်ကြည့်သည်။ ထိုတဲများတွင် သူတို့အား လူတွေ့ စစ်ဆေးပြီး များ အသီးသီးသို့ ခွဲပို့မည် ဖြစ်သည်။

တစ်တဲတွင်မူ 'သတ္တိ ကောင်းသူများသာ လေထီးတပ်သို့ ဝင်ကြသည်' ဆို သည့် စာတန်းကို တွေ့ရသည်။

'မနက်ဖြန် အရုဏ်တက် ဆိုရင် ငါ အဲဒီ တပ်ထဲ ရောက်နေပြီကွ' ဟု ဆန်က ပြောသည်။

'အစ်ကိုနှင့် အတူ ဝင်မယ့် တပ်သားက တစ်ထောင်လောက် ရှိတယ် ကျွန်တော်လည်း ပါတယ်၊ လူတိုင်း ဦးထုပ်နီ ဆောင်းချင်ကြတာပေါ့ဗျ၊ ရင် ယုံပါ့မလား မသိဘူး၊ ကျွန်တော်က အသက်ငယ်တော့ အစ်ကို့ထက် ဝန်းသာတယ်ဗျ'

'ဒါတော့ ဒါပေါ့ကွာ၊ နေစမ်းပါဦး၊ ဆေးအောင်တော့ မင်း ဘယ်န ရသလဲ'

'ကိုးဆယ့် တစ်မှတ် ရတယ်ဗျ' ဟု ဗင်အေမီက ဂုဏ်ယူ ဝင့်ကြွားစွာ သည်။

'အေး ငါက ကိုးဆယ့် ခုနစ်မှတ် ရတယ်ကွ၊ ဒါ အမြင့်ဆုံး ပေးတဲ့ တ်၊ ငါက နောက်ထပ် သုံးမှတ်ကို ဘာဖြစ်လို့ ချန်ထားရတာလဲဗျာ တော့ တို့ ရေဝတီထဲမှာ စူပါမင်း မရှိဘူးတဲ့'

'အမယ် ရေဝတီထဲမှာ စူပါမင်း ရှိရင်လည်း လေထီးတပ်ကို မရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူးဗျ၊ စူပါမင်းက အဘိုးကြီး ဖြစ်နေပြီ' ဟု ဗင်အေမီက ပြုံး၍ ပြော
သည်။

နောက်တစ်နေ့ မနက် ခုနစ်နာရီတွင် သူတို့သည် အစ္စရေး၏ အကောင်း
တပ်ဖြစ်သော လေထီးတပ် ရွေးချယ်ရေး ရုံးရှေ့တွင် တန်းစီနေကြပြီ။

ဂျေဆန်က တန်းစီ စောင့်ရင်း ကျန်းမာရေး လေ့ကျင့်ခန်း လုပ်သည်
ဂျေဆန်၏ အလှည့်သို့ ရောက်သဖြင့် တဲထဲသို့ ဝင်လာသည့် အခါတွင် ဆံ
နက်နက်၊ အသက် သုံးဆယ်တွင်း လေထီးတပ် ဗိုလ်တစ်ယောက်ကို တွေ့
သည်။

သူ့စကားက အားရစရာ မကောင်း။

'အင်း ခင်ဗျား စိတ်ထက်သန်မှုကိုတော့ ချီးကျူးပါတယ်၊ ဒါ
ခင်ဗျားက ကုန်းထိပ်ကို ရောက်နေပြီ'

'ကျွန်တော် အခုမှ ၂၇ နှစ်ပဲ ရှိပါသေးတယ်၊ ကျွန်တော့်မှာ စစ်
အတွေ့အကြုံ နှစ်နှစ် ရှိပါတယ်'

'အသက် ၂၇ နှစ် ဆိုတော့ ကျွန်တော် ပျောက်သွားတဲ့ ၁၀ နှစ်
ဗျားဆီ ရောက်နေပြီ၊ ကျွန်တော် ၁၇ နှစ်က ဒီတပ်ထဲ ဝင်ခဲ့တယ်၊ ဟော နော
လူ တစ်ယောက် သွင်းလိုက်'

ဂျေဆန်က လက်ပိုက်ထားရင်း

'ကျွန်တော့်ကို မကျေနပ်ရင် ကာယ စစ်ဆေးမှု လုပ်ကြည့်ပါဦး'

စစ်ဆေးသည့် စစ်ဗိုလ်က စားပွဲပေါ်တွင် လက်ထောက်လိုက်ရင်း

'ဒီမှာ ကျွန်တော်တို့ လေထီးတပ်က လေ့ကျင့်ခန်း လုပ်တာကို ပြ
နှင့် လဲသေသွားလိမ့်မယ်၊ ကဲ ခင်ဗျားကို ကျုပ်ကိုယ်တိုင် ဆွဲထုတ်ရမ

'ဒါတော့ ခင်ဗျား သဘောပေါ့'

'ကောင်းပြီ'

စစ်ဗိုလ်သည် သူ့ အနားသို့ ချက်ချင်း ရောက်လာကာ ဂျေဆ
လည်ကုပ်ကို လက်မောင်းနှင့် ကွေး၍ ညှပ်လိုက်၏။

ဤတွင် ဂျေဆန်ကလည်း သူ့ လည်ပင်းသို့ လာညှပ်သည့်
နှစ်ဖက်ကို မတင်လိုက်ပြီး စစ်ဗိုလ်ကို ခုံစောင်းဖြင့် ဖိညှပ်ထားလိုက်သ

'ဗိုလ်ကြီး ခင်ဗျာ၊ ကျွန်တော့် ကိစ္စကို ပြန်စဉ်းစားပေးပါ' ဟု ဂျေ
က တမင် ယဉ်ကျေးစွာ ပြောသည်။





'ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျားကို ဆေးစစ်ကြည့်မယ်'

ဂျေဆန် ပြန်ထွက်သွားသည့် အခါ၌ စစ်ဗိုလ်သည် ပွန်းပဲ့သွားသည့်
ရာများကို ပွတ်သပ်ရင်း တပ်ထိန်းကို ခေါ်ရလျှင် ကောင်းမည်လောဟု
ားနေသေးသည်။ သို့ရာတွင် ကိစ္စ မရှိ။ လေ့ကျင့်ခန်း ဆင်းသည့် အခါ
သည်ကောင်ကို ဗုန်းဗုန်းလဲအောင် မောင်းလိုက်ဦးမည်ဟု စိတ်ကူးသည်။

'နောက် တစ်ယောက်' ဟု စစ်ဗိုလ်က အသံကွဲကြီးဖြင့် လှမ်းအော်
ည်။

ဆန်သည် စစ် လေ့ကျင့်ခန်း ဆင်းသည့် ကွင်းဆီသို့ လျှောက်လာခဲ့သည်။
င့် နောက်မှ ခြေသံ ကြားသဖြင့် လှည့်ကြည့်လိုက်ရာ ဗင်အေမီ ဖြစ်နေ
ည်။

'ဘယ်လိုလဲကွ၊ မင်းကိုရော ဟိုင်နဲ့က ပညာ ပြလိုက်သေးသလား' ဟု
ဆန်က ပြုံး၍ မေးသည်။

'မပြပါဘူး၊ ကျွန်တော့် စာရွက်စာတမ်းကို ယူကြည့်လိုက်တော့ ကျွန်
င်နှင့် သူက စုပေါင်းလယ်ယာ ရွာတစ်ရွာတည်းက ဖြစ်နေတယ်၊ ဒီတင်
က် လက်မှတ် ထိုးပေးလိုက်တာပဲ၊ အစ်ကို့ အလှည့်တုန်းက အထဲက
ည်ညံ့နှင့် ဘာဖြစ်တာလဲ'

'ဘာမှ မဖြစ်ပါဘူး၊ ရေဝတီ နှစ်ယောက် သဘောထား ကွဲနေတာကို
င်းနေတာပါ' ဟု ဂျေဆန်က မယုတ်မလွန် ဖြေသည်။

သည်လောက် မဝေး။ နှစ်ကီလိုမီတာသာ ရှိသည်။ သို့ရာတွင် တောင်
ကြီး ဖြစ်သည်။ သင်တန်းဆင်းများသည် တယ်လီဖုန်းတိုင်များကို ထမ်း၍
ယောက် တစ်တွဲ ပြေးကြရသည်။

ဗင်အေမီမှာ ဂျေဆန်တို့ လေးယောက်တွဲထဲတွင် ပါသည်။ သို့ရာတွင်
အတက်ကြီး ဖြစ်သဖြင့် သူတို့ အထဲမှ တစ်ယောက်မှာ ဆက်၍ မပြေး
ာ့ဘဲ ဒူးခွေ ညွတ်ကျပြီး လဲသွားသည်။ အခြား သုံးယောက်မှာလည်း
င်း တန်းလန်း ရပ်သွားကြသည်။ လေးလံလှသည့် တယ်လီဖုန်းတိုင်ကြီး
နိုင်နိုင် ထမ်းလျက်

'ထ ထ၊ သိပ်မလိုတော့ဘူး၊ မီတာ တစ်ရာလောက်ပဲ လိုတော့တယ်'

'ကျွန်တော် မပြေးနိုင်တော့ဘူး ဗျ' ဟု တပ်သားသစ်ကလေးက မော



www.burmeseclassic.com

www.burmeseclassic.com



ကြီး ပန်းကြီးဖြင့် ပြောသည်။

'ပြေးနိုင်အောင် ပြေးမှပေါ့ကွ၊ မင်း မပြေးနိုင်တာနှင့် ကျန်တဲ့လူ သုံး ယောက်ပါ အကုန် ပြုတ်ကျန်ရစ်ခဲ့လိမ့်မယ်၊ ဟော့ကောင် ထ'

ဂျေဆန်၏ အသံမှာ တပ်မှူး၏ အမိန့်ပေးသံမျိုး ဖြစ်သဖြင့် လဲ သည့် တပ်သားသစ်သည် ကြိုးစားထသည်။

သူတို့ လေးယောက်သည် ပန်းတိုင်သို့ ရောက်သွားကြသည်နှင့် လေး လှသော တယ်လီဖုန်းတိုင်ကြီးကို ပစ်ချလိုက်ကြသည်။ တယ်လီဖုန်းတိုင်ကြီး မှာ ရွှံ့ထဲတွင် နစ်သွားသည်။

အခြား နှစ်ယောက် အတွက်ပါ အားထည့်၍ သယ်ခဲ့ရသည့် ဂျေဆ နှင့် ဗင်အေမီတို့မှာ အသက်ကိုမျှ ကောင်းကောင်း မရှူနိုင်။ လက်မောင်းကလည်း နာနေသဖြင့် နှိပ်နယ်ပေးရသည်။

ထိုစဉ် အရာရှိ တစ်ယောက် ပေါ်လာကာ 'မဆိုးပါဘူး' ဟု ပြော သည်။ ထို့နောက် လဲကျသည့် သူငယ်ကို လက်ညှိုးထိုး၍

'မင်းကတော့ ခြေလျင်တပ်ကို ပြန်သွား၊ ကျန်တဲ့ သုံးယောက်က ဒီ နေရစ်ခဲ့၊ နောက်ထပ် စမ်းသပ်မှုတွေ လုပ်ရဦးမယ်'

စစ်ဗိုလ်သည် ဂျေဆန်ကို ကြည့်လိုက်ပြီး

'အဘကတော့ အိုကေပဲ၊ နောက် တစ်ခေါက် ပြေးနိုင်ပါဦးမလား'

'ခုလား ရပါတယ်၊ ဒီလမ်းအတိုင်း ပြန်ပြေးရဦးမလား' ဟု ဂျေဆ က ဟန်ဆောင်ပန်ဆောင်ဖြင့် ခပ်တည်တည် မေးသည်။

'ဟုတ်တယ်၊ ဒီလမ်းအတိုင်းပဲ၊ ဒီ သစ်တုံးကြီးကိုပဲ ထမ်းပြေးရမှာ ဒါပေမဲ့ ဒီတစ်ခါမှာ ကျွန်တော်ကပါ သစ်တုံးပေါ်မှာ တက်လိုက်မယ်'

နှစ်နာရီခန့် စမ်းသပ်ပြီးသည့်အခါ သူတို့ အထဲတွင် လူ သိပ်မကျန်တော့ တစ်ယောက်ပြီး တစ်ယောက် ပြုတ်ထွက်ကုန်သဖြင့် လက်ရွေးစင်တွေသာ ကျန်ရစ်ခဲ့သည်။

'ကောင်းပြီ၊ ဒီနေ့ မင်းတို့ ပင်ပန်းတယ် ထင်ရင် တို့ တပ်ကို စိတ်မကူးပါနှင့်၊ ဒီပြင် တပ်ကို ရွေးပါ၊ ခု မင်းတို့ လုပ်ရတာက အ ရှိသေးတယ်၊ နောင်မှာ ဒီထက် ပင်ပန်း ခက်ခဲတဲ့ဟာတွေကို တွေ့ရ ဒီတော့ ပြန်စဉ်းစားပါ၊ မင်းတို့ ဇုန်းဇုန်းလဲမကျချင်ရင်ပေါ့ကွာ၊ တန်း

ဂျေဆန်နှင့် ဗင်အေမီတို့သည် သူတို့ ရွက်ဖျင်တဲသို့ ဒယီးဒယိုင်





သာခဲ့ကာ အိပ်ရာပေါ်သို့ ပစ်လှဲချလိုက်ကြသည်။

'အစ်ကိုကတော့ စံပဲဗျာ၊ တကယ် ခံနိုင်ရည် ရှိတဲ့ လူ၊ စစ်ဗိုလ်တွေက ကို့ကို သေသေချာချာ စောင့်ကြည့်နေတာ၊ အစ်ကို ဖားနေတော့ ငနဲက ဘာတွေ ကျပြီး ဖြီးနေတာပဲ၊ ဒီတော့ အစ်ကို့ကို ဂုဏ်ပြုတဲ့ အနေနှင့် ကျွန် ရှားရှားပါးပါး ရထားတာလေးကို ခွဲပေးရမယ်'

ဂျေဆန်၏ လက်ထဲသို့ တစ်စုံတစ်ခုကို ထည့်သည်။ ကြည့်လိုက်သည့် တွင် ဆွစ်ဇာလန်လုပ် ချော့ကလက်တောင့်ကလေး တစ်ခု။

နှစ်ဆယ့် လေးနာရီ ကြာသည့်အခါ လေထီး တပ်သား အသစ်များ လေထီးတပ်စခန်း ဖြစ်သည့် တယ်နော့သို့ သွားရန် ဘတ်စ်ကား တစ် သို့ ရောက်နေကြလေပြီ။ လမ်းကွင် ထိုင်ခုံတန်း ကြားထဲသို့ လူ တစ် ကဲ လျှောက်လာကာ ဂျေဆန့် အနီးတွင် ရပ်သည်။ ကြည့်လိုက်သည့် စစ်ဆေးရေး အရာရှိ။

'အဘ ဘယ့်နှယ်လဲ၊ ဒီထိအောင် ပါလာတာကို အံ့သြတယ်ဗျာ၊ ဒါ နောက် ခြောက်လလောက် ဒီအတိုင်း လုပ်ရဦးမှာနော်၊ မပြောမရှိနှင့်'

'ရပါတယ် ခင်ဗျာ' ဟု ဂျေဆန်က ပြောသည်။

'ကျွန်တော့်ကို ခင်ဗျာတွေ ဘာတွေ လုပ်မနေပါနှင့်၊ ကျွန်တော့် နာ ဇာပါ'

နောက် ခြောက်လ အတွင်းတွင် ဂျေဆန် အမှတ်ရနေသည့် အချက် က် ရှိသည်။ ယင်းမှာ သူသည် အိပ်မက်ရာမှာပင် ပြေးသည့် အိပ်မက် မက်နေခြင်း ဖြစ်သည်။

ဆုံးရသည့် ခွင့်ရက် တစ်ရက်၌ ဂျေဆန်သည် ဟာဂလီ ရွာသို့ ကားကြုံ ပြန်လာခဲ့သည်။ အီဗာကို တွေ့ရသဖြင့် သူ ပျော်သည်။ ခရီးပန်းသဖြင့် ၁၀ အိပ်ဖို့ လိုသည်ဟု အီဗာက ပြောသည်။

အိပ်ရာမှ နိုးလာသည့် အခါတွင် အီဗာက သတင်းဖြင့် စောင့်သည်။

'အစ်ကိုတို့ အဖေက တယ်လီဖုန်း ဆက်တယ်၊ အီဗာက အစ်ကို တပ် တဲ့ အကြောင်း ပြောတော့ တော်တော် စိတ်ထိခိုက်သွားပုံ ရတယ် နှင့် တွေ့တွေ့ချင်း သူ့ကို ဖုန်းဆက်ဖို့ ပြောပါတဲ့'

ဂျေဆန်သည် အိပ်ရာမှ ထကာ ရုံးခန်းသို့ သွား၍ တယ်လီဖုန်း ဆက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

'ဒီမှာ သား၊ မင်းကို ငါ စိတ်ရှည်ရှည်နှင့် စောင့်ကြည့်ခဲ့တာ ကြာ စစ်တပ်ထဲ ဝင်တာတော့ မင်း နည်းနည်း လွန်ပြီ ထင်တယ်၊ ဒီတော့ ဇာတိကို မင်း ပြန်ခဲ့ပါ၊ ဒါ အမိန့်ပဲ'

'အမိန့်ဆိုရင် ကျွန်တော့် တပ်မှူးရဲ့ အမိန့်ကိုပဲ ကျွန်တော် နာခံ ရှိတယ် အဖေ၊ ပြီးတော့ ကျွန်တော် ဘယ်ဇာတိလဲ၊ ကျွန်တော် ဘယ်ပြည်သား ဆိုတာကလည်း ကျွန်တော့်ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စလို့ ထင်တယ်'

'မင်း ရှေ့ရေးကို မစဉ်းစားတော့ဘူးလား၊ ဟားဗတ် တက္ကသိုလ် မင်း စာသင်ခဲ့တာတွေကိုကော မစဉ်းစားတော့ဘူးလား'

'ဟားဗတ် တက္ကသိုလ်က ကျွန်တော့်ကို ပညာ သင်ကြားပေး တယ် ဆိုရင် အဲဒီ ပညာက ကိုယ့်လမ်းကို ရွေးတတ်ဖို့ ပညာပဲလို့ ကျွန် ထင်ပါတယ် အဖေ၊ ဒီမှာ ကျွန်တော်တို့လို လူတွေ ရှိဖို့ လိုတယ်လို့ ကျွန် ခံစားနေရတယ်၊ ဒီမှာ ကျွန်တော် အသုံးဝင်နေတယ်လို့ ခံစားနေရတယ်၊ နေရတာကို ကောင်းတယ်လို့ ကျွန်တော် ခံစားနေရတယ်၊ လူ့ဘဝမှာ ဒီ ခံ ချက် အပြင် ဘယ် ခံစားချက်က အရေးကြီးသေးလို့လဲ အဖေ'

'ဟော့ကောင် မင်း စိတ်ကုဆရာဝန် တစ်ယောက်ကို ပြဖို့ ကောင်း ထင်တယ်'

'ဒီလိုလုပ်ပါ အဖေ၊ အဖေ အစ္စရေးကို တစ်ခါလောက် အလည် ကြည့်ပါ၊ အဖေ လာတယ် ဆိုရင် အဲဒီ စိတ်ကု ဆရာဆီကို ကျွန်တော် ပြပါမယ်၊ အဲဒီတော့မှ ကျွန်တော်တို့ နှစ်ယောက် အနက် ဘယ်သူက စိတ် ဆရာဝန် လိုသလဲ ဆိုတာ ကြည့်ကြသေးတာပေါ့'

'အေး၊ မင်းနှင့် ငါ ငြင်းမနေချင်ဘူး၊ မင်း အားတဲ့ အခါမှာသာ ဆီကို မကြာခဏ ဖုန်းဆက်ပါ၊ ဒါပဲ'

'စိတ်ချပါ အဖေ၊ ကျွန်တော် ကတိပေးပါတယ်၊ အမေ့ကိုလည်း နှ ဆက်တယ်လို့ ပြောပေးပါ'

'တို့ကတော့ ကိုယ့်သားသမီးကို သတိရလှပြီကွာ၊ ဒါပဲ ပြောချင်တ

'ကျွန်တော်လည်း ဒီအတိုင်းပါပဲ အဖေ' ဟု ဂျေဆန် တိုးတိုး ပြောသည်။

ကာယ လေ့ကျင့်မှု ဒဏ်ကို ခံနိုင်သည့် တပ်သားသစ် ငါးဆယ် ရာနှုန်း





ဆန်လည်း တစ်ယောက် အပါအဝင် ဖြစ်သည်။ ထို့ကြောင့် သူသည် လေ တပ်သားများ ဆောင်းသော ဘယ်ရီဦးထုပ် အနီနှင့် ပခုံးတွင် တောင်ပံ ရှင်ကို ရခဲ့သည်။

ဂျေဆန်သည် ချက်ချင်း အဆင့်မြင့် သင်တန်းများသို့ တက်ရောက်ခွင့် ရပတ်ယာဉ် တိုက်ခိုက်မှုကို ကျွမ်းကျင်စွာ တတ်မြောက်လာခဲ့ပြီး ပြည်၏ ပထဝီ အနေအထားနှင့် ပတ်သက်၍ ကောင်းစွာ နားလည် ခဲ့သည်။ သူ့အဖို့ မြေပုံမလို။ ခြောက်လအတွင်း ဂျေဆန်သည် 'မြင့် သော မြေတော်' ဟု ခေါ်သည့် အစ္စရေး တိုင်းပြည်အနှံ့သို့ ရောက်ခဲ့ကာ ပင်များထဲတွင် အိပ်ခဲ့ဖူးသည်။

ထို့နောက် စပေါင်းလယ်ယာသို့ ပြန်လာကာ အီဗာနှင့် အတူ လမ်း က်ကြသည်။ မိဘများထံ စာရှည်ကြီးတွေ ရေးသည်။ ထို့နောက် အရာ သင်တန်းကျောင်းသို့ တက်ရသည်။ ထိုကျောင်းတွင် သူ တစ်ခါမျှ မသင်ခဲ့ သည့် ပညာရပ် တစ်ခုကိုလည်း သင်ခဲ့ရသည်။ ယင်းမှာ အစ္စရေး လူ ၏ ခေါင်းဆောင်မှု နည်းပညာ ဖြစ်သည်။ ထိုပညာရပ်ကို စကား ယ်ဖြင့် အတိုချုပ်နိုင်သည်။ ယင်းမှာ 'ငါ့နောက်က လိုက်' ဆိုသည့် လုံး ဖြစ်သည်။ အရာရှိများသည် စစ်မျက်နှာမှာ အဖွဲ့များ အားလုံး ကို ခေါင်းဆောင်ကြရသည်။

ဗိုလ်သင်တန်း ဆင်းပွဲသို့ အီဗာနှင့် ရော်ဆီတို့လည်း လာကြသည်။ သည် ကာကွယ်ရေး ဦးစီးချုပ် ရှေ့တွင် စစ်ရေးပြ၍ အလေးပြု၍ ချီ သွားသော ဂျေဆန်ကို မြင်ကြရသည်။ ဦးစီးချုပ်၏ ဘေးတွင် ရပ်နေသူမှာ ဆန်ကို စစ်ဆေးခဲ့သည့် စစ်ဗိုလ် ဖြစ်နေသည်။ ထိုစစ်ဗိုလ်က ကာကွယ် ဦးစီးချုပ် အနီးသို့ ကပ်ပြီး တိုးတိုး ပြောနေသည်။

'သူတို့က ကိုယ့်ကို ပေးတဲ့ နာမည်က ဆိုးလိုက်တာကွာ၊ ဒါပေမဲ့ သား အားလုံးက ဒီနာမည်ပဲ ခေါ်ကြတယ်၊ သူတို့က ကိုယ့်ကို အာဘတဲ့' နောင်တွင် ဂျေဆန်က ပြောသည်။

တန်းဆင်းပွဲမှ ပြန်လာကြစဉ် အားလပ်ရက် ဆယ်ရက်အတွင်း ဘာလုပ် သည်းဟု ရော်ဆီက ဂျေဆန်ကို မေးသည်။

'ကျွန်တော် ခြေကျင် လျှောက်ခဲ့တဲ့ အစ္စရေး မြေကြီးကို လျှောက် ချင်သေးတယ်၊ နောက်တစ်ခေါက်ပေါ့၊ ဒါပေမဲ့ ဒီတစ်ခေါက်တော့



www.burmeseclassic.com

www.burmeseclassic.com



မော်တော်ကားနှင့် သွားရမယ်၊ ကျွန်တော့်မှာ မြေပုံ ကောင်းကောင်းနှင့်
ပြ ကောင်းကောင်းတော့ လိုတာပေါ့'

'သမ္မာ ကျမ်းစာထက် ကောင်းတဲ့ လမ်းပြ ရှိဦးမှာလားဗျ' ဟု
က ပြောသည်။

'ဟုတ်တော့ ဟုတ်တာပေါ့လေ၊ ဒါပေမဲ့' ဟု ပြောကာ ရှက်ဟ
'အီဗာက ကျွန်တော့် လမ်းပြလုပ်မယ် ဆိုရင်တော့ အကောင်းဆုံးပေါ့'

နောက်ရက်များတွင် သူတို့သည် သမိုင်း၏ နှစ်ပေါင်း လေး
ခရီးကို ပြန်သွားခဲ့ကြသည်။ ဆော်လမွန် ဘုရင်ကြီး၏ ရွှေတွင်းများမှ
ဘက်ရှီဗာ ဘုရင်မ၏ သဲကန္တာရများကို လည်းကောင်း၊ အာဗြဟံ၊ အီဆ
ယာကွတ်တို့၏ မွေးရာဇာတိ မြေများသို့ လည်းကောင်း ရောက်ခဲ့ကြ

ကမ္ဘာဦးကျမ်းတွင် ဖော်ပြခဲ့သည့် တစ်ခါက လူရမ်းကားများ
သောင်းကျန်းခဲ့သည့် ဆိုဒုံမြို့ဟောင်း နေရာသို့ ရောက်သည့် အခါတွင်
မားလှသော ဓာတ်မြေသြဇာ စက်ရုံကြီးများကို မြင်ရသည်။

'အတိတ်ကို ပြန်မကြည့်နှင့် အီဗာ၊ လော့ရဲ့ ဇနီးကို အမြဲ နှလုံး
ဟု ဂျေဆန်က ပြောသည်။ အီဗာက ပြုံးစနဲ့နဲ့ဖြင့်

'အီဗာက ဘယ်တော့မှ အတိတ်ကို ပြန်မကြည့်ပါဘူး' ဟု ပြော

ထို့နောက် သူတို့သည် ကမ္ဘာတွင် အနိမ့်ဆုံးသော မြေနေရာဟု
သော အိမ်ဂျီဒီသို့ ရောက်သည်။ ပင်လယ်သေထဲတွင် ရေကူးကြသည်
မဟုတ် ကိုယ်ကို ဖော့၍ ရေစိမ်ကြသည်။

ထို့နောက် ခရစ်တော် မပေါ်မီ ဆယ်ရာစုက ဒေးဗစ် ဘုရင်ကြီး
စိုးခဲ့ပြီး ယခုတိုင် ဝိညာဉ်မြို့တော် အဖြစ် ယူဆနေကြသော ဂျေရုဆလ
ရောက်လာခဲ့ကြသည်။

ဂျေရုဆလင်မှ ကျောက်တုံးများသည် ယခုတိုင် မြင့်မြတ် သန့်စ
ရှိနေသည်ဟု ဂျေဆန် ထင်မိသေးသည်။ သို့ရာတွင် သူတို့သည်
ပြည်နယ်ထဲသို့ ရောက်နေသည့် ဆော်လမွန် ဘုရင်ကြီး၏ ဝတ်ကျောင်
မရောက်နိုင်ခဲ့ကြတော့။

'ငြိမ်းချမ်းတဲ့ တစ်နေ့ကျတော့ ကြည့်နိုင်မှာပေါ့ အစ်ကိုရယ်'
အီဗာက ပြောသည်။

'ကိုယ်တို့က ဒီလောက်အထိ အသက်ရှည်ဦးမှကိုး'

'ဘာဖြစ်လို့ မရှည်ရမှာလဲ အစ်ကိုရဲ့၊ အီဗာတော့ ရှည်





အီဗာတို့ မမီလိုက်ရင်လည်း အီဗာတို့ရဲ့ သားသမီးတွေပေါ့'
ခရီးတစ်လျှောက်လုံး ဂျေဆန်နှင့် အီဗာတို့သည် တစ်ယောက်နှင့် တစ်
လုချင်း ခွာ၍ အိပ်ကြသည်။ နီဂျက်တွင် ရောက်စဉ်ကလည်း ကွင်း
ထဲမှာ။ ထို့နောက် အပေါစား တည်းခိုခန်းတွေမှာ။ သို့ရာတွင် လက်
မတို့။ ကျောက်ဆောင်ပေါ်သို့ တက်သည့်အခါ၊ အထိမ်းအမှတ်
တိုင် တစ်ခုပေါ်သို့ တက်သည့် အခါတွင် သူ့ကို ဖေးမ တွဲခေါ်သည်မျိုး
သည်။ ထိုမျှသာ ဖြစ်သည်။

ထိုမျှ စိတ်တူ သဘောတူ ရက်ပေါင်း ညပေါင်း များစွာ အတူတကွ
သွားလာခဲ့သည့် အခါတွင် သူတို့၏ သံယောဇဉ်ကြိုးသည် ခိုင်မြဲ
ခိုင်မြဲလာခဲ့ကြသည်။ သို့တိုင်အောင် သူတို့၏ ဆက်ဆံရေးသည်
နှစ် ဆက်ဆံရေး အဖြစ် တည်ရှိနေခဲ့ကြသည်။

ဂျေရုဆလင် ရောက်သည့်နေ့ ညနေစောင်းတွင် ဂျေဆန်က ကင်းဂျော့
ဒ်အမ်စီအေ အသင်းတိုက်သို့ သွားသည်။ တင်းနစ် သွားရိုက်ဦးမည်
သွားသည်။ အီဗာကလည်း အပြင်သို့ လမ်းလျှောက်ဦးမည်၊ အပြန်
သောက်စားကြမည် ဆိုကာ ထွက်လာခဲ့သည်။

ဂျေဆန်တွင် တင်းနစ်ရိုက်တံ မပါခဲ့သည်ကို သူ သတိမပြုမိ။ သူ့
မှာလည်း ကိုယ်ရေးကိုယ်တာ ကိစ္စဖြင့် သွားစရာ တစ်ခု ရှိနေ၍
ကြောင်းကို အကျယ်အကျယ် မတွေးဖြစ်တော့။

အမယ်ရီဖိန် အရပ်ရှိ သုသာန်ထဲသို့ အီဗာ ရောက်လာသည့် အချိန်
များသည် ရှည်လျားစ ပြုနေကြလေပြီ။ အီဗာသည် သူ ငယ်ငယ်
အတူ ကြီးပြင်းခဲ့ရသည့် ဖဲင်နီကို မြှုပ်နှံထားရာ အုတ်ဂူကလေးဆီသို့
စွာ လျှောက်လာခဲ့သည်။ အုတ်ဂူမှ ကိုက်တစ်ရာခန့် အလိုတွင်
သန့်ခန့် ရပ်သွားမိသည်။

အုတ်ဂူဘေးတွင် ဂျေဆန် ရောက်နေလေပြီ။ မလှုပ်မယှက် ရပ်လျက်။
ရောက်နေသည့်တိုင် ဂျေဆန်သည် ငိုနေကြောင်းကို အီဗာ သိနေ

အီဗာသည် အုတ်ဂူနားသို့ မသွားတော့ဘဲ ပြန်လှည့်လာခဲ့သည်။ သူ့
ဂရိဒေဝနှင့် စာလျှင် မိမိ၏ သောကသည် အလကား။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၅ ခု။ ဟားဗတ် တက္ကသိုလ် စာစောင် ကြော်ငြာ စာမျက်နှာမှ။

၁၉၅၈

**မွေးဖွားခြင်း။** ။ သီယိုဒို လင်းဗရိစ်နှင့် ဆာရာ လင်းဗရိစ်တို့ အ

သားရတနာ။ ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၆

နေ့တွင် ဖွားမြင်သည်။ လင်းဗရိစ်မှာ ဟားဗတ် တက္ကသိုလ် ဂျ

စာပေ ဌာနတွင် တွဲဖက် ပါမောက္ခ အဖြစ် မကြာမီက ခန့်အ

ခံခဲ့ရသည်။

### အင်အုရှ အဲလီယောဒ်၏ နေ့စဉ် မှတ်တမ်း

အောက်တိုဘာ ၁၂၊ ၁

ရယ်စရာတော့ အကောင်းသား။ ကိုယ့်ရဲ့ စံပြ ဇနီးမောင်နှံ

လင်းဗရိစ်နှင့် ဆာရာတို့က ပထမ သားဦးကလေး ရလို့

ပျော်ရွှင်နေတဲ့ အချိန်မှာ ကိုယ်က စာရင်းဇယားတွေ တွက်နေရ

ရှေ့နေတွေကတော့ မြိုးမြိုးမြက်မြက် ရလို့ ဝမ်းသာကြ

ကိုယ်နှင့် ဖေ့ကတော့ ကွာရှင်း ပြတ်စဲကြတော့မယ်လေ။

တစ်ယောက်နှင့် တစ်ယောက် ခိုက်ရန် ဒေါသဖြစ်လို့ ကွာ

မျိုးတော့ မဟုတ်ပါဘူး။ တစ်ယောက် အပေါ်မှာ တစ်ယော

စက်ပြီး ဥပေက္ခာ ပြုလာလို့ပါ။ သူက ကိုယ်နှင့် လက်ထပ်

'ပျော်စရာ' လို့ မထင်ခဲ့ဘူးလေ။ ရှေ့နေတွေကတော့ ကိုယ်

ယောက် အကြားမှာ 'စေ့စပ်၍ မရသော သဘောကွဲမှုများ'

အမည်ပေးကြတယ်။ ဒါကတော့ ဒီလိုပဲ အကြောင်းပြရမှာပေါ့။

ကိုယ်နှင့် နေရတာကို 'ငြီးငွေ့လို့' လို့ အကြောင်းပြလို့မှ မ

သူက ပြောတော့ တောမှာ နေရတာကို ပျင်းတယ်တဲ့။

ကတော့ ဘာများ ပျင်းစရာ ရှိလို့လဲ။ သူ့မှာ ယောကျ်ားတွေနှင့်

နေတာနှင့် ပျင်းချိန်ရလို့လား။

အပြင်မှာ သူ ပွေရှုပ်နေတာကို ကိုယ် စပြီး သံသယ ဖြစ်

က ကိုယ့် အပေါင်းအသင်းတွေက ကိုယ့်ကို ဘယ်လို ထင်





ဘယ်လို ပြောကြမလဲနှင့် စိတ်ဆင်းရဲခဲ့ရတယ်။ တကယ်ကတော့ ဘာ စိတ်ဆင်းရဲစရာ လိုတော့လို့လဲ။ သူဟာ ကိုယ့် မိတ်ဆွေ အပေါင်း အသင်းတွေ အားလုံးနှင့် ရှုပ်နေတာပဲ။

သူတို့ အကြောင်းတွေကို ဘာမှ မသိခဲ့ရင်လည်း အကောင်းသား။ အမှန်အတိုင်း ဝန်ခံရရင်တော့ အစတုန်းက ကိုယ် မသိခဲ့သေးပါဘူး။ ကံဆိုးချင်တော့ နေ့လယ်စာ ကလပ်က မိတ်ဆွေ တစ်ဦးက သူ့မှာ ဟားဗတ် တက္ကသိုလ် ကျောင်းထွက် တစ်ဦး အနေနှင့် ပြောဖို့ ဝတ္တရား ရှိတယ်လို့ ရှည်လျားစွာ စကားခံပြီး ကိုယ်ဟာ ကွန်နယ်တီကတ် တောင်ပိုင်း ပြည်နယ် တစ်ခုလုံးမှာ လူရယ်စရာ ဖြစ်နေတဲ့ အကြောင်း၊ လူတိုင်းက ကိုယ့်ကို မေးငေါ့နေကြတဲ့ အကြောင်း ပြောပြတယ်။

အပြန် ရထားပေါ်မှာ ဖေ့ကို ဒီအကြောင်းနှင့် ပတ်သက်လို့ အရိပ်အမြွက် စကားစမယ်လို့ စိတ်ကူး လာခဲ့သေးတယ်။ ဒါပေမဲ့ သူက အိမ် တံခါးဝက ဆီးကြို နှုတ်ဆက်တဲ့ အခါမှာ ဒီအကြောင်းကို ပါးစပ်က မထွက်ရဲဘဲ ဖြစ်နေတယ်။

အလကားပါ၊ ဒီစကားတွေဟာ ကောလာဟလတွေပါ။ မဖြစ်နိုင်ဘူးလို့ ကိုယ့်ကိုယ်ကိုယ်ပဲ ဖြေသိမ့်ရတယ်။ ဒီလိုနှင့် သောက်လိုက် စားလိုက်၊ ပါတီတွေ တက်လိုက်နှင့် ဒီကိစ္စကို မေ့ထားဖို့ ကြိုးစားတယ်။ အိမ်ရောက်လို့ အိပ်ရာထဲ ရောက်တာနှင့် ဒီအကြောင်းတွေဟာ ခေါင်းထဲမှာ ပြန်ပေါ်လာပြီး အိပ်လို့ မရတော့ဘူး။ ဒီကိစ္စကို ဘယ်လို ဖြေရှင်းရမလဲ ဆိုပြီး တွေးရင်း ကိုယ့် နှလုံးဟာ တဒုန်းဒုန်း မြည်နေတယ်။

အမှန်ကတော့ ကိုယ့် စိတ်ထဲမှာ မထင်ရက်လို့၊ အဖြစ်မှန်ကို လက်မခံရက်လို့ ဒီလို ဖြစ်နေတာ။ တကယ်ကတော့ ဖေ့ဟာ ကိုယ့် အပေါ် သစ္စာဖောက်ပြီး ယောကျ်ားတွေနှင့် ရှုပ်ပွေနေတာဟာ သံသယ ဖြစ်စရာတောင် မလိုတော့ဘူး။ သီတင်းပတ်ကုန်တွေမှာ ပျော်ပွဲစား ထွက်ကြတော့ ကပွဲတွေမှာ ဒိပြင် ယောကျ်ားတွေနှင့် ကြည်နူးနေတာကို ကိုယ်ကိုယ်တိုင် မြင်ခဲ့ဖူးပြီပဲ။ ပြန်စဉ်းစားတော့ တရေးရေး ပေါ်လာတယ်။

ကိုယ့် စိတ်ထဲမှာ သူနှင့် ကိုယ် ကွာရှင်းကြရင် ကလေးတွေကို ကိုယ် လက်လွှတ်ရတော့မှာပဲလို့ တွေးမိတိုင်း တုန်လှုပ် ချောက်ချားမိ



www.burmeseclassic.com

www.burmeseclassic.com



တယ်။

တရားရုံးတော်မှာ သူ့ဟာ ဘယ်လောက် လော်လည် ဖောက်ပြ
တယ် ဆိုတာ ထင်ရှားအောင် ပြနိုင်သည့်တိုင် ကလေးတွေကိုတော့
အုပ်ထိန်းမှု အောက်မှာ ထားလိုက်ရမယ်လို့ စီရင်ချက်ချမှာ သေချာတယ်
သူ့ဆီကို ပေးလိုက်ရရင် ညည ကိုယ် အိမ်ပြန်လာတဲ့ အခါမှာ မေ
ဖေဖေလို့ ဆီးကြိုပြီး ခေါ်တဲ့ သားလေး အင်ဒီရဲ့ အသံကို ကြားရ
မှာ မဟုတ်တော့ဘူး။ သမီးလေး လစ်ဇီ မပီကလာ ပီကလာ စကား
ပြောသံကိုလည်း ကြားရတော့မှာ မဟုတ်ဘူး။ သူ့တို့ အသံကလေး
ကြားလိုက်ရရင် ကိုယ်ဟာ စကြဝဠာမင်းလောက် တန်ခိုးကြီး
စည်းစိမ် ချမ်းသာတွေ ရှိတယ်လို့ ထင်ရတယ်။

ကလေးတွေဟာ ကိုယ့်ဘဝကို အဓိပ္ပာယ် ပြည့်စုံအောင် လုပ်
နေရုံတင် မကဘူး၊ ကိုယ်တိုင်ကလည်း ကလေးတွေ အဖေ ဖြစ်ရ
ကို ဂုဏ်ယူပြီး ဖခင်ကောင်း ပီသတယ်လို့ ယူဆတယ်။

မနက် လေးနာရီလောက်မှာ အိပ်ရာက အသာထ၊ ကလေး
ယောက်ကို အသာ ခေါ်ပြီး ကားနှင့် တစ်နေရာကို မောင်းထွက်
ချင်တယ်။ ဒါပေမဲ့ ဒီလိုလုပ်လို့ကော ပြဿနာ ပြေလည်သွားမှာ
လား။ မပြေလည်တာက ခက်တယ်။

နောက်တစ်နေ့ မနက်ကျတော့ ကိုယ်က နေမကောင်းဘူး
(တကယ် နေမကောင်းတာလည်း ပါတယ်) ဖေ့နှင့် နှစ်ယောက်တ
စကား ပြောဖို့ အချက်ရှာပြီး ကိုယ် ကြားရတဲ့ သတင်းတွေကို
တယ်။ သူက ဘာတစ်ခုမှ မငြင်းဘူး။ ဒါတွေ အားလုံးကို ကိုယ်
ပြီးသားလို့တောင် ထင်မိသေးတယ်တဲ့။ ကိုယ်နှင့် ကွာရှင်းချင်သ
လို့ မေးတော့ သူက မဆိုင်းမတွဘဲ ကွာချင်တယ်လို့ ပြော
တစ်ချက်ကလေးတောင် မဆိုင်းဘူး။

ကိုယ့်ကို မချစ်ဘူး ဆိုတာ ဘယ်အချိန်က စပြီး သိလာတာ
မေးကြည့်တယ်။ ဒီတော့ သူက သူ ဘယ်တုန်းကမှ ကိုယ့်ကို
ခဲ့ဘူးတဲ့။ ကိုယ့်ကို ချစ်တယ်လို့ သူ့ဘာသာသူ ထင်ခဲ့တာပဲ ရှိ
တဲ့။

ခု သူ မှားပြီ ဆိုတာကို တွေ့တော့ သူကလည်း ခွဲနေချင်တ
ယူဆတယ်။ ကိုယ် မချစ်တဲ့လူ တစ်ယောက်နှင့် ကလေး နှစ်ယော





မွေးခဲ့တာကတော့ တာဝန်မဲ့ရာ ရောက်လွန်းတယ်လို့ ပြောလိုက်
တယ်။

ဒီတော့ သူက 'ကျွန်မ ရှင့်ကို စိတ်ပျက်နေတာ အဲဒါပဲတဲ့၊ ရှင်
ဟာ သက်သက် စိတ်ကူးယဉ်နေတဲ့ လူ' တဲ့။

ပြီးတော့ သူ ဒီနေ့ အလုပ်များတယ်တဲ့။ ကိုယ့်ကို အိတ်ထဲမှာ
ထည့်စရာကလေးတွေ ထည့်ပြီး မနက်စောစော နယူးယော့ကို ပြန်ရင်
ကောင်းမယ်တဲ့။ ကိုယ်က မသွားနိုင်သေးဘူး၊ သားလေး ကလေးထိန်း
ကျောင်းက ပြန်လာအောင် စောင့်ရဦးမယ်၊ သားလေးနှင့် စကား ပြော
ရဦးမယ်။ သူက ညနေ ထမင်းစားချိန်လောက် နောက်ဆုံးထားပြီး
သွားဖို့ ပြောတယ်။

ကိုယ်လည်း လက်ဆွဲ သေတ္တာထဲမှာ ကိုယ့် ရုပ်အင်္ကျီနှင့် လည်
စည်းတွေကို ထည့်နေရတယ်။ ကိုယ် ဘာဖြစ်လို့ အိမ်က ထွက်သွားရ
တယ် ဆိုတာ လေးနှစ် သားကလေး နားလည်အောင် ဘယ်လို ပြော
ရမလဲလို့ စဉ်းစားနေတယ်။ ကလေးတွေကို လိမ်ညာပြောဖို့လည်း
မကောင်းဘူး မဟုတ်လား။ အမေက အဖေ့ကို မချစ်လို့လို့ ပြောရ
ရင်လည်း ကလေး စိတ်ထိခိုက်ရတော့မယ်။

ညနေ ကလေး ကျောင်းဆင်းလာတော့ ကိုယ် စိတ်ကူး တစ်ခု
ရသွားတယ်။ နယူးယော့မှာ အဖေ့ အလုပ်နှင့် နီးလို့ အဲဒီကို ပြောင်း
နေဦးမယ်ပေါ့။ သိပ် စိတ်အားငယ်မနေနှင့်ပေါ့။ သီတင်းပတ် ကုန်တိုင်း
သူတို့ မောင်နှမ နှစ်ယောက်ကို လာတွေ့မယ်ပေါ့။ နွေရာသီရောက်မှ
သားတို့ သမီးတို့နှင့် အတူ ပြန်နေမယ်ပေါ့။

ကိုယ်က အဲဒီလို ပြောရင်း သားလေးရဲ့ မျက်နှာကို အကဲခတ်နေ
တယ်။ ကလေးကို ကြည့်ရတာ ကိုယ်တို့ အကြောင်းကို ရိပ်မိပုံပဲ။
ကိုယ် ရင်နာလိုက်တာ။ ကိုယ့်သားလေးဟာ လေးနှစ်သား အရွယ်
ကတည်းက အဖေနှင့် မနေရတော့ဘူး ဆိုတာ သိပြီး စိတ်ငယ်နေရှာပြီ။

သားကော ဖေဖေနှင့် အတူ လိုက်နေမယ်လေတဲ့။

ကိုယ် သူ့ကို ခေါ်သွားချင်လိုက်တာ။ တိတ်တိတ်ကလေး ခိုးသွား
ချင်လိုက်တာ။ ကိုယ်က ဖေဖေနှင့် လိုက်ရင် ကျောင်းပျက်မှာပေါ့၊
သူငယ်ချင်းတွေနှင့်လည်း မတွေ့ရဘဲ နေမှာပေါ့၊ လိမ္မာပါ သားရယ်၊
ညီမလေးကိုလည်း ဂရုစိုက်နော်လို့ မှာတယ်။



www.burmeseclassic.com

www.burmeseclassic.com



သားလေးက ကတိပေးတယ်။ ကိုယ် စိတ်ချမ်းသာအောင် ထင်ပါရဲ့။ ပြီးတော့ ကိုယ့် လက်ဆွဲအိတ် ကားထဲကို ထည့်တာ ေးကြည့်နေတယ်။ ငိုတော့ မငိုဘူး။ တံခါးဝကနေပြီး ကိုယ့်ကို လ ပြ နှုတ်ဆက်ပြီး ကျန်ရစ်ခဲ့ရှာတယ်။

ကလေးတွေဟာ ကိုယ်တို့ ထင်တာထက် ပါးတယ်နော်။ ကြောင့်လည်း သူတို့မှာ ပိုပြီး စိတ်ထိခိုက်ကြရရှာတယ်။

၁၉၆၇ ခုနှစ်တွင် ပူလစ်ဇာ ဆုများကို ကြေညာသည့်အခါတွင် ဟား တက္ကသိုလ် သတင်းထုတ်ပြန်ရေး ဌာန တစ်ခုလုံး ပျော်နေကြသည်။ တင် တည်းတွင် ဟားဗတ် တက္ကသိုလ် ကျောင်းသား နှစ်ဦး ပူလစ်ဇာ ဆုရခြင်း အဆန်းတော့ မဟုတ်။ သို့ရာတွင် တစ်နှစ်တည်း ရောက်သည့် ကျောင်းသ များထဲမှ တစ်ပြိုင်နက်တည်း ဆုရခြင်းမှာ ပထမအကြိမ် မဟုတ်သည့် ရှားတော့ ရှားသည်။

ထိုသတင်းသည် ကြေးနန်း သတင်းများထဲတွင် ထူးခြားသည့် သတ ဖြစ်သည်။ ထိုနှစ်တွင် ကဗျာအတွက် ပူလစ်ဇာ ဆုရသူမှာ ၅၈ ခုနှစ် တန်းဆင်း စတူး ကင်းစလေ ဖြစ်ပြီး ဂီတအတွက် ဆုရသူမှာ နာမည်ကြီး ဖြစ်သော ထိုနှစ် သင်တန်းဆင်း ဒင်နီ ဖြစ်သည်။

သူတို့နှစ်ယောက်သည် ကျောင်းတုန်းက တစ်ယောက်နှင့် တစ်ယော မသိကြ။ စတူးသည် ကျောင်းတုန်းက အဒမ် ကျောင်းဆောင်တွင် နေသ မထင်မရှား ကျောင်းသား ဖြစ်သည်။ မဂ္ဂဇင်းများထဲတွင် ပါလေ့ရှိသည့် အားကောင်းသည့် သူ့ကဗျာများကို 'မရန်းရောင်' ဂျာနယ်မှ ဝေဖန်ရေးသ များက မကြာခဏ ချီးကျူးလေ့ ရှိသည်။ ပူလစ်ဇာဆု ရွေးချယ်ရေး ကော် မှ တယ်လီဖုန်း မလာခင် အထိ စတူးသည် မထင်မရှား အညတရ ဖြ ဆဲပင်။ စတူးနှင့် သူ့ဇနီး နီနာတို့သည် သားနှစ်ယောက်နှင့် အတူ ကိုလံ နယ်၊ ရေးဘားဆိုက် အနီးတွင် ခန်းစုံ တစ်စုံနှင့် နေကာ ရသစာပေ ဖန် ရေးနှင့် ပတ်သက်သည့် သင်တန်းကလေး တစ်ခု ဖွင့်ထားသည်။

စတူးသည် သူ ဆုရသည့်အပြင် သူနှင့် တစ်နှစ်တည်း ထွက်ခဲ့သ နာမည်ကျော် စန္ဒရားဆရာ ဒင်နီနှင့် ဆုပေးပွဲတွင် တွေ့ရတော့မည် ဖြစ်သ





ကြွက် ဝမ်းသာနေသည်။

'နီနာရေ၊ ကိုယ်တော့ တကယ့် စန္ဒရားဆရာ အကျော်နှင့် တွဲပြီး ဓာတ်ပုံရိုက် ခံရတော့မယ်' ဟု စတူးက သူ့ဇနီးကို ပြောသည်။

သို့ရာတွင် ထိုနှစ်တွင် ဆုပေးပွဲ အခမ်းအနားကို ကျင်းပမည် မဟုတ်။ ယောတိုင်း သတင်းစာထဲတွင် ဓာတ်ပုံဖြင့် ကြေညာမည်ဟု ဆိုသဖြင့် စိတ်ပျက်သွားသည်။ နီနာက သူ့ယောကျ်ားကို အားပေးသည့် အနေဖြင့်

'မကျင်းပတော့လည်း ဘာဖြစ်သလဲ မောင်ရယ်၊ နီနာ ညှေ့ခံပွဲကြီး ောင်းကောင်း တစ်ခု လုပ်ပေးပါမယ်၊ အဲဒီမှာ တေလာရဲ့ နယူးယော့ ရှန် ချောင်းစီးအောင် တိုက်မယ်'

'ကျေးဇူးပဲကွာ၊ ကိုယ့်အတွက် ညှေ့ခံပွဲကြီး လုပ်ရမယ့် အခြေအနေ ကို ဘယ်တော့မှ ရောက်မှာ မဟုတ်တော့ဘူးလို့ ထင်နေတာ' ဟု ဆိုကာ နီးကို ပွေ့ဖက်သည်။

'စန္ဒရားဆရာ ဒင်နီကို မောင် တွေ့ချင်သပ ဆိုရင်လည်း နီနာ ရ ောင် ဖိတ်ပြပါမယ်'

'ဖိတ်ပါ၊ သူကလည်း လာမှာပါ'

နီနာက သူ့ ယောကျ်ားကို လက်ဆွဲခေါ်လာကာ

'နီနာ ပြောမယ်၊ မောင် နားထောင်၊ ဒင်နီ ဆုရတဲ့ ဆာဗာနာရိလာ လေးကို နီနာ တစ်ခါမှ မကြည့်ဖူးသေးဘူး၊ အဲဒီ ဘဲလေး သီချင်းကို ကချေ ည် ဘယ်လင်ခိုင်းက ကခဲ့ပြီးပြီ၊ ဘာပဲဖြစ်ဖြစ် မောင့် ကဗျာပေါင်းချုပ် ်းနှင့် ယှဉ်ပြီး ဆုပေးခံရရင် သူ့ သီချင်းဟာလည်း တော်တော် ကောင်းလို့ ဖြစ်ရမှာပဲ၊ ဒီတော့ ဂုဏ် ယူချင်း ယူရင် မောင့်ထက် သူက ပိုပြီး ဂုဏ်ယူ လို့ မှတ်ထားစမ်းပါ'

'ဒါတွေက အရေးမကြီးပါဘူးကွာ၊ နယူးယော့မှာ အရေးကြီးတာက ည်အချင်း မဟုတ်ဘူး နီနာရဲ့၊ နာမည်ကျော်ဖို့ လိုတာ၊ ထင်ပေါ်ဖို့ လိုတာ၊ နီက နာမည်ကြီးတယ်၊ ထင်ရှားတယ်'

'ဒါတွေက သတင်းစာတွေက ဝိုင်းလုပ်ပေးရင် ဖြစ်ပါတယ် မောင် ။ အဲ ဒင်နီက မောင့်ထက်သာတာ တစ်ခုပဲ ရှိတယ်၊ ခေါင်းက ဆံပင် ာ'

'ဟုတ်တယ်၊ ဟုတ်တယ်၊ ပြီးတော့ ငွေ သန်းချီ ရှိတာရယ်၊ ဒင်နီက ား မဟုတ်လား နီနာရဲ့၊ ကိုယ် ပြောချင်တာက ဒင်နီဟာ စ ား တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဆိုတာ ပြောချင်တာပါ'

နီနာက သူ့ကို ချစ်စနိုးဖြင့် ကြည့်လိုက်ရင်း

'မောင့်ကို အဲဒါကြောင့် နီနာ ချစ်တာ၊ မောင်ဟာလေ ကိုယ့်ကို ကိုယ် နှိမ်ချပြောတဲ့ နေရာမှာတော့ တကယ် ပါရမီထူးတဲ့လူ၊ သူများတွေ သူတို့ကိုယ် သူတို့ အမွှမ်းတင်သလောက် မောင်ကျတော့လည်း ဒါနှင့် ဆ ကျင်ဘက်၊ ဒီလို ပါရမီမျိုးက ရှိခဲဘိခြင်း'

စတူး မှတ်စု စာရွက်စာတမ်းများကို အိတ်ထဲသို့ ထည့်ရင်း

'ကဲ မောင့်ကို ဘဝင်မြင့်အောင် မြှင့်ပေးနေတဲ့ စကားတွေကို ရပ်ထား လိုက်ဦး၊ ကိုယ်က လေးနာရီမှာ နှီးနှောဖလှယ်ပွဲ ရှိသေးတယ်၊ ည ခုနစ်နာ မှ ပြန်တွေ့မယ်၊ ညကျတော့ ကိုယ်တို့ရဲ့ ကိုယ်ပိုင် ညှော်ခံပွဲလေး လုပ်တာပေ

သူ ပြန်လာသည့် အခါတွင် နီနာက သူ့ကို အံ့ဩစရာ တစ်ခုနှင့် ကြိုသည်

'မင်း တကယ် ပြောနေတာလား နီနာ'

'တကယ်ပေါ့ မောင်ရဲ့၊ မနက်ဖြန် နေ့လယ် တစ်နာရီမှာ မောင် တွေ ချင်နေတဲ့ စန္ဒရား ဆရာကြီးနှင့် နေ့လယ်စာ စားရမယ်တဲ့၊ ရုရှား လက်ဖက်ရည ခန်းမမှာတဲ့၊ သူကလည်း မောင်နှင့် တွေ့ချင်နေတယ်တဲ့'

'မင်း ဘယ်လိုလုပ်ပြီး ဆက်သွယ်သလဲ'

'နီနာရဲ့ ဗိုက်ထဲမှာ ပုဏ္ဏားကလေး ရှိတယ်လေ၊ ဟူးရော့ရဲ့ ဖုန်း ဆက်ပြီး သူလာရင် ပြန်ဆက်ပါလို့ မှာထားတာပေါ့၊ နောက် ဆယ်မိနစ် ကြ တော့ ဆက်တာပဲ'

'ကိုယ့်မိန်းမ တယ်တော်ပါလား၊ ကိုယ်တို့အဖို့ အခွင့်အရေးကြီးပေ

'ဒါပေါ့ မောင်ရဲ့၊ သူ့အဖို့ အခွင့်အရေးကြီးပေါ့'

၅၇ လမ်း ထိပ်ပေါ်ရှိ ရုရှား လက်ဖက်ရည် ခန်းမသည် နယူးယော့တွင် သည့် နိုင်ငံတကာမှ ဂီတ ပညာရှင်များ၊ စာပေပညာရှင်များ မကြာခဏ ရောက် စုဆေးသည့် နေရာ ဖြစ်သည်။ ထိုနေရာ အကြောင်းကို ကြားဖူးခဲ့သ တိုင်း စတူးသည် တစ်ခေါက်မျှ မရောက်ဖူးသေး။ စတူးသည် ရင်ဖိုဖို အဝင်ဝတွင် ရပ်ကာ စားပွဲများကို လှမ်းပြီး ဒင်နီကို ရှာကြည့်သည်။

စားပွဲ တစ်ခုသို့ အရောက်တွင် သူ့ အသိမိတ်ဆွေဟောင်း တစ်ယော ကို တွေ့သဖြင့် ခေါင်းညိတ် ပြလိုက်သည်။ ခေါင်းပြောင်ပြောင် မျက်မှန် တ





သူ ထိုလူက သူ့ကို တစ်ချက် နှုတ်ဆက်ပြီး ချက်ချင်း ပြန်လှည့် သွား သည်။ နောက်မှ ထိုလူမှာ မိမိ အသိ မဟုတ်ဘဲ ဝှဒီ အယ်လင်ကို မှား၍ ဆက်မိကြောင်း သတိပြုမိတော့သည်။

နောက်တစ်ချီတော့ လူမမှားတော့။ ဘဲလေး ကချေသည် နူရီယက်မှာ လေး ဝါသနာအိုးတွေ ဝိုင်းဝိုင်းလည်၍ ထိုင်နေသည်။ သက်ရှိ ထင်ရှား နေသည့် ဒဏ္ဍာရီ ဇာတ်ဆောင်များနှင့် တွေ့ရသဖြင့် စတူးသည် စိတ်ထဲ ကျိတ်၍ ပြုံးမိသေးသည်။

နောက်ဆုံး စားပွဲတစ်လုံးတွင် ထိုင်နေသော ဒင်နီနှင့် အကြည့်ချင်း ဆုံ ကြသည်။ ဒင်နီက သူ့ကို လက်ပြ နှုတ်ဆက်သည်။ သူ့ စားပွဲပေါ်တွင် ဂီတ ကော်တတွေ ရေးထားသည့် ကိုက်ပေါင်းများစွာ စာရွက်ကြီး တင်ထားသည်။

လက်ဆွဲ နှုတ်ဆက်ကြရင်း

'ခင်ဗျားကတော့ အချိန်ကို အလဟဿ အဖြစ်မခံဘူးနော်' ဟု စတူး ပြောသည်။

'ဟုတ်တယ်၊ ဘယ် ဝင့်ပါလာသလဲလို့ မသိဘူး၊ အလုပ် လုပ်မှ နေလို့ ၊ ခက်တော့လည်း ခက်သားပဲဗျာ၊ ဒူလိုင် လေးရက် ကျင်းပမယ့် လွတ် ရေးပွဲ အတွက် သီချင်းကို မှာတာလူး ပွဲတော် ထိအောင် စောင့်နေလို့ ဘူး မဟုတ်လား'

ဒင်နီက သူတို့နှစ်ယောက် အတွက် သောက်စရာ မှာလိုက်သည်။ သောက်ကြရင်း စကား ပြောကြည့်သည့် အခါ၌ ဟားဗတ် တက္ကသိုလ်မှ အနု ပညာရှင် တော်တော်များများမှာ နှစ်ယောက်စလုံး၏ အသိ မိတ်ဆွေများ ဖြစ် သည်ကို တွေ့ရသည်။

'ခင်ဗျားက ဖီလာဒယ်ဖီယားကို မကြာခဏ လာရတယ် ထင်တယ်' စတူးက မေးသည်။

'ဟုတ်တယ်ဗျ၊ ဒါကြောင့်မို့ ဂီတ စတူဒီယို လုပ်ဖို့ ကာနက်ဂျီဟော ခန်းစုံ တစ်ခန်း ငှားထားရတယ်'

'ခင်ဗျား အမျိုးသမီးတော့ ပျင်းမှာပဲနော်'

တစ်ရက်တလေ ခွဲလာရသည်ကို ကိုယ်ချင်းစာမိ၍ စတူးက ပြောသည်။

'ဒါတော့ ဒါပေါ့လေ၊ ဒါပေမဲ့ မာရီယာက ကလေးတွေနှင့် အလုပ် နေတော့ တော်သေးတာပေါ့'

ဒင်နီက စကားလမ်းကြောင်း ပြောင်းသည့် အနေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဆုရတာကိုလည်း ကျွန်တော် ဆုရတာလိုပဲ ဝမ်းသာ[...] ဗျာ၊ ခင်ဗျား ကဗျာ တော်တော်များများကိုလည်း ကျွန်တော် ဖတ်ဖူးပါတ[...]

'ဘာ ကျွန်တော့် ကဗျာတွေကို ဖတ်ဖူးတယ် ဟုတ်လား'

ဒင်နီက ပြုံးကာ

'ဖတ်ဖူးပါတယ်၊ ခင်ဗျား ကဗျာတွေက နယူးယော့ကား မဂ္ဂဇင်း[...] အမြဲပါတယ် မဟုတ်လား၊ ကျွန်တော်ကလည်း လေယာဉ်ပျံနှင့် ခရီး သွ[...] နယူးယော့ကားကို ဖတ်နေကျ၊ ဒီတော့ ခင်ဗျား ကဗျာကို အမြဲလိုလို [...] နေရတာပေါ့'

ထိုအကြောင်းကိုများ သူ့ဇနီးသည် နီနာ ကြားလျှင် မည်မျှ ဝမ်းသာ[...] မည် မသိဟု စတူး စိတ်ထဲတွင် တွေးနေသည်။ ထို့နောက်မှ ဒင်နီသို့ [...] ၍

'ခုလောလောဆယ်ကော ဘာသီချင်း ရေးနေသေးသလဲ၊ ခု ကျွန်[...] တို့ စားပွဲခင်း လုပ်ထားတဲ့ စာရွက်ရှည်ကြီးတွေက လွဲရင်ပေါ့လေ'

'ဒီလိုပဲ ရေးနေတာပဲဗျာ၊ သီချင်း ရေးရတာကို နည်းနည်းတော့ [...] ငွေ့နေပြီဗျာ၊ ခု ခင်ဗျားနှင့် တွေ့ရတော့ ကျွန်တော့်အဖို့ တော်တော် ပျော်[...] တယ်၊ တေးဂီတဇာတ် တစ်ပုဒ် အတွက် စာသားလေး ဘာလေး ရေးမပေး[...] ဘူးလား'

'ရှင်းရှင်း ပြောရရင်တော့ ကျွန်တော် သီချင်းစာသားရေးဆရာ [...] ချင်နေတာ ကြာပြီဗျ၊ ခုလို ကျွန်တော်က စာသားရေး၊ ခင်ဗျားက အသံ[...] မယ် ဆိုရင်တော့ သိပ်ကြိုက်တာပေါ့'

စတူးက သူ့ စိတ်ကူးကို ထုတ်၍ ပြောသည်။

သူတို့နှစ်ယောက် ဒုတိယအကြိမ် တွေ့ပြီးသည့် အခါတွင် နှစ်ယောက်[...] ပီတိတွေ ဖြစ်နေကြသည်။

ထိုနေ့ တစ်နေ့လုံး သူတို့ နှစ်ယောက် သီချင်းတွေ စပ်ကြ[...] သီချင်း စပ်ပြီးသည့် အခါတွင် ကာနက်ဂျီ မုန့်တိုက်မှ မှာသည့် ဆင်းဒွ[...] ကို နှစ်ယောက်အတူ စားကြသည်။ စားရင်းလည်း ဂီတအကြောင်းကို [...] ကြသည်။

နှစ်ယောက်သား ရှစ်နာရီခန့် ကြိုးပမ်းလိုက်သည့် အခါတွင်မှ သီ[...] ခြောက်ပုဒ်ခန့် အတွက် စိတ်ကူးများနှင့် ဘဲလေးကဇာတ် တစ်ပုဒ် အ[...]





[...]ချင်းရမည့် နေရာကို သူတို့ တွေ့ကြသည်။

သူတို့နှစ်ယောက် အတူ နေ၍ သီချင်းစပ်ကြလျှင် ထိုထက်မက [...]နိုင်ကြောင်း၊ ထို့ကြောင့် နွေရာသီတွင် မာသင်ဗိုင်း စပျစ်ခြံ ရိပ်သာတွင် [...]တစ်လုံး ငှားသင့်ကြောင်း၊ သို့ဆိုလျှင် မိမိတို့လည်း မိသားစုများပါ ခေါ် [...]နိုင်မည် ဖြစ်ကြောင်း၊ ထိုအတိုင်း အတူတူ လုပ်သွားကြလျှင် နှာတာလူး [...]တော် မတိုင်မီလောက်တွင် ပြဇာတ် တစ်ပုဒ် ပြီးနိုင်မည် ဖြစ်ကြောင်းဖြင့် [...]င်နီက ပြောသည်။

အခက်အခဲတော့ ရှိသည်။ ထို အခက်အခဲကိုလည်း စတူးက ရှက်ရှက် [...] ဝန်ခံသည်။

'သိပ်ကောင်းတာပေါ့၊ ဒါပေမဲ့ ဒင်နီရေ၊ ကျွန်တော်က စပျစ်ခြံ ရိပ်သာ [...] ငှားနေနိုင်လောက်အောင် အခြေအနေ မကောင်းဘူးဗျ'

'ဒီအတွက် ဒီလောက် ပူမနေပါနှင့်ဗျ၊ ဖြစ်ပါတယ်၊ ခု ကျွန်တော်တို့ [...]ပြီးတာလောက်နှင့် ဆိုရင် ထုတ်လုပ်သူ ပရိုဂျူဆာ တစ်ယောက်ကို ကျွန် [...]တော်တို့ ရှာလို့ ရပါတယ်၊ သူ့ဆီက ခပ်မြန်မြန် စရန် တောင်းရမှာပေါ့၊ [...]တော့ ပရိုဂျူဆာ အရင် ရှာရမယ်၊ ခင်ဗျားမှာ ကိုယ်စားလှယ်တို့ ဘာတို့ [...] မရှိဘူးလား'

'ကဗျာဆရာတွေမှာ ဘယ်မှာ ထုတ်လုပ်သူ ကိုယ်စားလှယ် ပွဲစားတွေ [...]မလဲဗျာ၊ ကျွန်တော့်မှာ မယားလေး တစ်ယောက်ပဲ ရှိတယ်၊ ခုတောင် အဲဒီ [...]ားက တယ်လီဖုန်း တစ်လုံးနှင့် ဟိုဆက် ဒီဆက် လျှောက်ဆက်ပေးလို့ [...]ဗျားနှင့် တွေ့ရတာ'

'ဟုတ်ပြီလေ၊ ဒီလိုဆိုရင် ဘရော့ဝေးမှာ စင်တင်နိုင်မယ့် ပရိုဂျူဆာ [...] ရှာပေးဖို့ ကျွန်တော် ကိုယ်စားလှယ် လိုက်ရှာမယ်၊ ဒီလိုဆိုရင် ခင်ဗျား [...]က ကျေနပ်မလား'

'သိပ်ကောင်းတာပေါ့ဗျာ'

'ဟုတ်ပြီ၊ ကဲ ကျွန်တော်လည်း လစ်မှဗျ၊ ကိစ္စတစ်ခု ချိန်းထားတာ [...]နည်းနည်းတောင် နောက်ကျသွားပြီ'

[...]က်တစ်နေ့ ညနေ၌ စတူးနှင့် နီနာတို့သည် ဒင်နီ ရေးသည့် ဆာဗာနာရီ[...] [...]လေး ကဇာတ်ကို ဓာတ်ပြား ဖွင့်၍ သေချာစွာ နားထောင်နေကြစဉ် [...]ယ်လီ [...] မြည်လာသည်။ တစ်ဖက်မှ ဖုန်းဆက်သူမှာ ဒင်နီ။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ စတူး၊ ကျွန်တော် လေယာဉ်ပျံကွင်းကို ပြေးရဦးမှာ၊ ခရီး ထွ မယ်၊ ဒီတော့ ခင်ဗျားကို တိုတိုပဲ ပြောမယ်၊ ခင်ဗျား ဟာဗေး မေဒီဆန် ဆို လူကို သိသလား'

ဒင်နီ၏ အသံမှာ အမောတကော နိုင်လှသည်။

'ဟင့်အင်း၊ မသိဘူး၊ ဘယ်သူလဲ'

'ကျွန်တော် သိသလောက် ဆိုရင်တော့ ဟာဗေးဟာ နယူးယော့မြို့ အလုပ် တော်တော် ဖြစ်တဲ့ ဓာတ်ပွဲစားပဲဗျ၊ အလုပ်မှာ တော်တော် ကျွမ်းကျ တယ်လို့ ဆိုတယ်'

'ကောင်းတာပေါ့'

'ဒီတော့ ဒီလူကို ကျွန်တော်တို့ ဓာတ်အတွက် ပရိုဂျူဆာ အရှာခိုင် မယ်၊ ဘယ့်နှယ့်လဲ၊ ကဲ နောက်မှ တွေ့မယ်'

တစ်ခါတစ်ရံ လုပ်သည့် ကော့တေးပါတီ တွေ့ဆုံပွဲကလေးမှ လွဲလျှင် ဟားဗ တက္ကသိုလ် ဂန္ထဝင် ဌာန ဆရာများသည် တွေ့ဆုံလေ့ မရှိကြ။ ထိုသို့ မတွေ့ ဆုံခြင်းမှာ အသက်အရွယ် ကွာခြားခြင်းကြောင့်သာလျှင် မဟုတ်၊ ဝါရင့် ဝါ ကို အသားပေးကြသောကြောင့်လည်း ဖြစ်သည်။

ထိုကြောင့် ဆရာများ ကလပ်တွင် ပါမောက္ခ ဝှစ်တမင်းက နေ့လယ် စားဖို့ ဖိတ်သည့် အခါတွင် တွဲဖက် ပါမောက္ခ လင်းဗရိုစ်သည် အံ့အာ သင့်နေသည်။ ပါမောက္ခ ဝှစ်တမင်းသည် သူတို့ တွေ့ဖူးသလောက် သူ တက္ကသိုလ်ရှိ ဆရာများထဲတွင် အကြင်နာတတ်ဆုံး၊ သဘော အကောင်းဆုံး ဆရာ တစ်ယောက် ဖြစ်ကြောင်းကို လင်းဗရိုစ်ရော ဆာရာပါ သိပြီးသား ဖြ သည်။

သူတို့ ရောက်သွားသည့် အခါတွင် ပါမောက္ခ ဝှစ်တမင်းက လည်ချောင် ကို ရှင်းလိုက်ပြီး

'ဒီမှာ လင်းဗရိုစ်၊ မင်းကို ပြောစရာရှိလို့ ခေါ်တာ၊ ငါ့ဆီကို ဘာ ကလေ တက္ကသိုလ် အဓိပတိဆီက တယ်လီဖုန်း လာတယ်၊ သူက မင်း ရေး စာအုပ်ကို တော်တော် သဘောကျနေတယ်၊ သူတို့ တက္ကသိုလ်မှာ ဂရိ ဂန္ထ စာပေ ဌာန ဖွင့်မယ်တဲ့၊ အဲဒီမှာ မင်းလုပ်ဖို့ စိတ်ဝင်စားမလားလို့ ခေါ်ပြော





လင်းဗရိုစ်သည် မည်သို့ ဖြေရမည်ကိုပင် မသိ။ ပါမောက္ခ၏ အမေး သူ ကောင်းကောင်း နားမလည်လိုက်။ ဆရာသည် သူ့အား ဟားဗတ် သိုလ်တွင် ပါမောက္ခ ရာထူး မပေးနိုင်သဖြင့် ထိုသို့ အပြင်သို့ လွှတ်နေ သလား။

'ကျွန်တော့် အဖို့ ဂုဏ်ယူစရာပေါ့ ဆရာ'

လင်းဗရိုစ်က အထစ်ထစ် အငေါ့ငေါ့ဖြင့် ဖြေသည်။

'ဟုတ်တယ်၊ ငါလည်း ဒီလိုပဲ မြင်တယ်၊ ဘာကလေ တက္ကသိုလ် ဆို ကမ္ဘာမှာ အကောင်းဆုံး တက္ကသိုလ်ကြီး တစ်ခုပဲကွ၊ သူတို့မှာလည်း ရှင်တွေ အများကြီး ရှိသားပဲ၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ဘာကလေ သိုလ်က ပါမောက္ခ လစာ ဆိုတာလည်း နည်းတာ မဟုတ်ဘူး၊ တော် ကို ရက်ရက်ရောရော ပေးထားတာ၊ ဒါနှင့် ငါကလည်း မင်းဆီကို စာ ရိုက်ရေးပြီး ကမ်းလှမ်းရင် ကောင်းမယ်လို့ သူ့ကို အကြောင်း ပြန်လိုက် ၊ မကြာခင် မင်းဆီကို ကမ်းလှမ်းတဲ့စာ လာလိမ့်မယ် ထင်တယ်'

လင်းဗရိုစ်သည် သူ့စကားကို ကြားလိုက်ရသဖြင့် ဝမ်းသာသည်မှာ ။ သို့ရာတွင် သူ့ စိတ်ထဲတွင် မရှင်းလင်းသည့် အချက် တစ်ချက် ရှိနေ သည်။ ထို့ကြောင့် အရဲစွန့်ကာ ပြောင်ပြောင်ပင် မေးရတော့သည်။

'ဆရာ့ကို တစ်ခုတော့ မေးပါရစေ ဆရာ၊ ဟားဗတ် တက္ကသိုလ်မှာ တော့်ကို ဆက် မခန့်ချင်တော့လို့လား၊ ပွင့်ပွင့်လင်းလင်း ပြောပါ၊ ကိစ္စ ပါဘူး'

'ဒီမှာ လင်းဗရိုစ်၊ မင်း အဲဒီလို မေးတာ ငါလည်း သဘောကျတယ်၊ တစ်ခုလုံး အနေနှင့် ငါ မပြောတတ်ဘူး၊ ဒါပေမဲ့ ငါနှင့် ဌါန်ကတော့ ကို သဘောကျတယ်၊ ဒါကြောင့် မင်းကို ဒီမှာပဲ ဆက်နေစေချင်တယ်၊ သမဲ့ တို့က ဘယ်လောက်ပဲ ကြိုက်ကြိုက် ရာထူးမှာ ဆက်ပြီး ခန့်ဖို့ ဆိုရင် က်ဆုံး မဲနှင့် ဆုံးဖြတ်ကြရမှာ၊ ဒီတော့ တို့ ဌာနမှာ ရှိတဲ့ သမိုင်းဆရာတွေ ဟောင်း သုတေသနဆရာတွေကတော့ ဘယ်လို ဆုံးဖြတ်မယ် ဆိုတာ ငါ ပြောတတ်ဘူး၊ ခု မင်းကို ဘာကလေ တက္ကသိုလ်က ကမ်းလှမ်းပြီ ဆိုတာ ကြားပြီ ဆိုရင်တော့ ခုထိ မဆုံးဖြတ်ရသေးတဲ့ လူတွေက မင်းနှင့် ပတ် က်လို့ ပြတ်ပြတ်သားသား ဖြစ်လာကြမှာပဲ၊ ငါ ထင်ပါတယ်၊ သူတို့လည်း ကို လက်လွှတ်ချင်မှာ မဟုတ်ဘူးလို့'

'ဒါဖြင့် ဘာကလေ တက္ကသိုလ်က ကမ်းလှမ်းချက် လာရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



လက်ခံသင့်တယ်လို့ ဆရာ ဆိုချင်တာပေါ့'

'မင်းထက် လုပ်သက်ရင့်တဲ့ လူတစ်ယောက်ရဲ့ အကြံဉာဏ်ကို လ… ခံစမ်းပါကွာ'

သူ့ကို တွေ့ရသဖြင့် ဆရာ ဝမ်းသာသွားသည်။

'ဘယ့်နှယ်လဲ၊ အဆင်ပြေခဲ့ရဲ့လားဟင်'

ဆရာက တက္ကသိုလ် ပုံနှိပ်တိုက် ကျောက်တုံး လှေကားပေါ်မှ ဆ… ပြေးလာရင်း သူ့ယောကျ်ားကို နှုတ်ဆက်သည်။ လင်းဗရိစ်က သူ့ဇနီး… ဝတ်ကျေတမ်းကျေ နမ်းရှုပ် နှုတ်ဆက်၏။ သူ့ ရင်ထဲတွင် ရှိနေသည့် စိုး… မှုကို မပြောဘဲ မနေနိုင်။

'သိပ်တော့ မကောင်းဘူး' ဟု လင်းဗရိစ်က ဖြေသည်။

'ဘာတဲ့လဲဟင်၊ မောင့်ကို ဟားဗတ်မှာ ဆက်မခန့်တော့ဘူးတဲ့လာ…

လင်းဗရိစ်က စိတ်ပျက်လက်ပျက်ဖြင့်

'အဲဒါ ပြဿနာပေါ့ကွ၊ ဟားဗတ်မှာ ဆက်ခန့်ရေး မခန့်ရေး အကြော… ကို တစ်လုံးမှ မပြောဘူး၊ ဘာကလေ တက္ကသိုလ်က ငါ့ကို လိုချင်နေတ… ဆိုတာကိုပဲ ပြောတယ်'

'ဘာကလေ တက္ကသိုလ် ဂန္ထဝင် ဌာနကတော့ စိတ်ပျက်စရာပဲ' … ဆရာက ပြောသည်။

'ဟုတ်လား၊ မင်း ဒီလိုထင်သလား၊ မတတ်နိုင်ဘူးလေ၊ ကိုယ့်ကို ဒီ… မထားချင်တော့ဘူး ထင်ပါရဲ့' ဟု လင်းဗရိစ်က ဆွေးဆွေးမြည့်မြည့် ပြော… သည်။

'ဆရာလည်း ဒီလိုပဲထင်တာပဲ၊ ခက်တာက တက္ကသိုလ် အုပ်ချု… တွေကလည်း တော်တော် ခက်သားပဲ၊ ကိုယ့်ထက် တော်တဲ့ လူငယ်က… တွေကို သိပ် အားမပေးချင်ဘဲ နှိမ်ထားတတ်ကြတယ်၊ နည်းနည်း တော်လာ… ဆိုရင် အဝေးကို ကန်ထုတ်လိုက်ပြီး စောင့်ကြည့်နေတယ်၊ အဲဒီမှာ တကယ်… လို့ နာမည် ကြီးလာပြီ ဆိုတော့မှ ပြန်ခေါ်တတ်ကြတယ် မဟုတ်လား'

'ဒါပေမဲ့ ခက်တာက ကိုယ် သွားရမယ့် နေရာက ကယ်လီဖိုးနီးယ… ဆိုတော့ ဝေးလွန်းတယ်ကွာ'

'ဘာဖြစ်သလဲ မောင်ရယ်၊ ဟားဗတ်နှင့် မိုင်သုံးထောင်လောက် ဝေး… မယ့် ဆရာတို့ လင်မယား နှစ်ယောက် နေလို့ ဖြစ်ပါတယ်'





…နှစ်ည ကြာသည့် အခါတွင် ဘာကလေ တက္ကသိုလ် အဓိပတိ ဖော… …က သူတို့ တက္ကသိုလ်တွင် လာ၍ စာပေ ပို့ချပေးရန် တရားဝင် ဖိတ်… …ခြင်း ပြုသည်။ သူတို့နှစ်ယောက်က အီစတာ အားလပ်ရက်တွင် လာခဲ့… …ဟု အကြောင်းပြန်လိုက်သည်။

'ကျွန်တော်တို့ဆီမှာ အစဉ်အလာတော့ မရှိဘူး၊ ဒါပေမဲ့ ခင်ဗျားက … ခြွင်းချက်ပေါ့လေ၊ ခင်ဗျား ဇနီးကိုလည်း အတူ ခေါ်ခဲ့ဖို့ ဖိတ်ပါတယ်၊ …တော်တို့ တက္ကသိုလ် ပုံနှိပ်တိုက်က အယ်ဒီတာတွေက ခင်ဗျား ဇနီးနှင့် … တွေ့ချင်ကြတယ်'

'ကောင်းတာပေါ့ ခင်ဗျာ' ဟု လင်းဗရိစ်က ပြောသည်။

ဘာကလေ တက္ကသိုလ်သည် သူ့အကြောင်းကို ကောင်းကောင်း သိနေ…ပြီ။ သူ့အဖြစ်သည် ကြေးစား ဘော့စ်ဘောသမားနှင့် တူနေသည်။ သူတို့ …သည် သူ့ ရိုက်ချက်များ၊ သူ့ ကစားပုံများကို သာမက သူ့ အဖွဲ့တွင် ပါသည့် …သားများ အကြောင်းကိုပါ သိနေကြသည်နှင့် တူသည်။

…လ နောက်ဆုံး တနင်္ဂနွေနေ့တွင် လင်းဗရိစ်နှင့် ဆရာတို့သည် အလို… …ဘတ်သော အဘိုးအဘွားများထံ သားငယ်ကို ထားပစ်ခဲ့ကာ ညနေ …ဘာဉ်ဖြင့် ဆန်ဖရန်စစ္စကိုသို့ လိုက်လာခဲ့ကြသည်။

'ပျော်စရာကြီးနော် မောင်၊ မောင့်ဦးနှောက်ရဲ့ ကျေးဇူးကြောင့် ဆရာ … သမဆုံး စီးဖူးတဲ့ လေယာဉ်ခရီး' ဟု ဆရာက ထိုင်ခုံခါးပတ်ကို ပတ် … ပြောသည်။

နောက် သုံးနာရီ ကြာသည့် အခါတွင် လင်းဗရိစ်သည် နာရီကို ငုံ့ …ည့်လိုက်သည်။ သူတို့သည် အမေရိကတိုက်၏ တစ်ဝက်ကို ကျော်လာခဲ့ …ပြီ။

'တော်တော်တော့ ရယ်စရာ ကောင်းတယ်နော်၊ ခုဆို မောင်တို့ …တော် ခရီးဝေးဝေးကို ရောက်လာခဲ့ကြပြီ၊ မောင်တို့ သွားမယ့် နေရာဟာ …ကျေးမှုကြီးနှင့် ဝေးတဲ့ နေရာကို သွားနေရသလိုပဲ'

ဆရာက လူကြီးသူမ လေသံမျိုးဖြင့်

'မောင်ကလည်းကွယ်၊ အသာနေစမ်းပါ၊ ဟိုရောက်ရင် ကမ္ဘာကြီးနှင့် …သက်တဲ့ အံ့ဩစရာတွေကို တွေ့ချင် တွေ့ရဦးမှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



'ဘယ်လိုဟာမျိုးလဲ'

'ဥပမာ စိတ်ရဲ့ ဖြစ်စဉ်ဟာ မတ်ဆာချူးဆက် နယ်စပ်မှာတွင် ရပ်[illegible] နေတာ မဟုတ်ဘဲ ကမ္ဘာ အနှံ့ စကြဝဠာ အနှံ့ ပျံ့နေတာမျိုးပေါ့'

ဆန်ဖရန်စစ္စကိုသို့ ရောက်သည့် အခါတွင် လူလတ်ပိုင်း တက္ကသိုလ် ဆ[illegible] တစ်ဦးနှင့် လူငယ် တက္ကသိုလ်ဆရာ တစ်ဦးတို့က သူတို့အား လာရောက် [illegible] ဆိုနေသည်ကို တွေ့ရသည်။ သူတို့အား လာကြိုနေမှန်း သိစေရန် လက်ထဲ[illegible] လင်းဇရိုစ် ရေးသည့် ဆိုဖီကလီနှင့် ပတ်သက်သည့် ကျမ်းတစ်အုပ်ကို [illegible] ထားသည်။ ခရီးပန်းလာသည့် လင်းဇရိုစ်သည် သူ့အား ထိုမျှ အရေးပေး [illegible] တစိုက် လာကြိုနေသည်ကို တွေ့ရသည့် အတွက် ဝမ်းသာသွားသည်။

ဖောစတားက သူ့ကို လိုက်လိုက်လှဲလှဲ ကြိုဆို နှုတ်ဆက်ကာ မကြ[illegible] ကမှ ယေဒယ်ဇတ်မှ ကယ်လီဖိုးနီးယားသို့ ပြောင်းလာသည့် ရှေးဟော[illegible] ကျူရိုးစာဗေဒ ပညာရှင် မေယာနှင့် မိတ်ဆက်ပေးသည်။ သူတို့ နှစ်ယော[illegible] စလုံးမှာ လွန်စွာ ဖော်ရွေသည်။ ပစ္စည်းများ ရွေးယူသည့် နေရာသို့ ရော[illegible] လျှင် လင်းဇရိုစ် သေတ္တာတွေကို သူတို့ သယ်မည်ဟု ဆိုကာ မော်တော်[illegible] များဆီသို့ အတင်း သယ်လာကြသည်။

ညနေ အစောကြီး ရှိသေးသည့်တိုင် ဘာကလေ တက္ကသိုလ် ပရိ[illegible] ထဲက လမ်းမကြီးပေါ်တွင် လူတွေ စည်ကားနေလေပြီ။

'ဟစ်ပီတွေ တော်တော်များတယ် ထင်တယ်နော်' ဟု လင်းဇရို[illegible] မအောင့်နိုင်ဘဲ ပြောသည်။

'ဒီလိုဆိုရင် ဂီတ ကောင်းကောင်းတော့ ကြားရမှာပေါ့နော်' ဟု ဆ[illegible] က ပြော၏။

ဖောစတားက လင်းဇရိုစ်၏ စကားကို အစ ပြန်ကောက်သည်။

'ဟစ်ပီတွေ မဟုတ်ပါဘူးဗျ၊ ကျောင်းသားတွေက တွိဒ် ဆောင်းဘီ[illegible] မဝတ်ဘဲ ဂျင်းဘောင်းဘီကိုပဲ ဝတ်ကြတယ်လေ၊ ဒါပေမဲ့ ဂျင်းဘောင်းဘီ[illegible] ကို ဝတ်ပြီး လမ်းသလားနေလို့ အထင်တော့ မသေးလိုက်နှင့်နော်၊ ခင်ဗျ[illegible] တွေ့ဖူးတဲ့ ကျောင်းသားတွေထဲမှာ အတော်ဆုံး ကျောင်းသားတွေ၊ အတန်း[illegible] မှာ စာသင်ရင်း တွေ့လိမ့်မယ်၊ သူတို့ မေးခွန်းတွေက တော်တော့်လူ မ[illegible] ဘူး၊ ချာချာကို လည်နေတာပဲ၊ ကိုယ့် ပညာစွမ်းကို ပြလို့ရတာပေါ့ဗျာ၊ ခင်ဗျ[illegible] ကြည့်ချင်တယ် ဆိုရင် တချို့ အတန်းတွေ လျှောက်ပြမယ်လေ'





'ကောင်းတာပေါ့၊ ကျွန်တော် ကြည့်ချင်တယ်'

'ကျွန်မလည်း လိုက်ကြည့်မယ်လေ' ဆာရာက ပြောသည်။ မေယာက

'ကောင်းတာပေါ့၊ ဆာရာကလည်း ဂရိကဗျာကို စိတ်ဝင်စားတယ် [illegible]တ်လား'

သူတို့သည် လမ်းဆုံသို့ ရောက်လာကြ၏။ ဤတွင် မေယာက

'ခင်ဗျားတို့ကို ဌာနက ဖွင့်ထားတဲ့ ကလပ်မှာ ချပေးခဲ့မယ်လေ၊ အဲဒီ [illegible] ဘီယာလေး ဘာလေး သောက်ပြီး အနားယူကြဦးပေါ့၊ ပြီးတော့ မမော [illegible]ဘူးဆိုရင် ဘာကလေ တက္ကသိုလ်ရဲ့ အငွေ့အသက်ကို ရအောင် လျှောက် [illegible]ည့်ဦးပေါ့'

[illegible] မိနစ် အတန်ကြာသည့် အခါတွင် သူတို့ နှစ်ယောက်သည် ပစ္စည်းများကို [illegible]ချထားနေကြသည်။

'ကြည့်ရတာကတော့ သဘောကောင်းပုံပဲ၊ ဆာရာ ဆိုလိုတာက သူတို့ [illegible] ကြည့်ရတာ ခပ်အေးအေး ခပ်ပျော့ပျော့ပဲ၊ ခင်တတ် မင်တတ်ပုံလည်း [illegible]ယ်နော်၊ မေယာက အသက် သုံးဆယ့် တစ်နှစ်နှင့် ပါမောက္ခ ဖြစ်တာ [illegible] ကြည့်တော့ ပါမောက္ခလို့ နည်းနည်းကလေးမှ မထင်ရဘူး၊ ဂျာမန်လို့ [illegible] ဆိုရပေမယ့် ဂျာမန် ဂိုက်လည်း မပေါက်ဘူး၊ ကယ်လီဖိုးနီးယား ဇာတ် [illegible]ဆားလိုက်ကြပြီလားမှ မသိတာ'

'ဒါပေါ့ကွ၊ တို့ကို စိတ်ပါလာအောင် လုပ်နေတာ၊ ကြည့်ပါလား၊ မင်း [illegible]စ်တမ်းနှင့် ဘွဲ့ရခဲ့တယ် ဆိုတာတောင် သူတို့ သိနေကြပြီ'

'ဟုတ်တာပေါ့၊ ဆာရာလည်း သတိထားမိတာပေါ့၊ သူတို့ ဖြားယောင်း [illegible]ာကို မောင်ကော သဘော မကျဘူးလား'

'ခုထိတော့ သဘောမကျသေးဘူး'

'ကြည့်သေးတာပေါ့လေ၊ သဘောကျတာတွေ မကျတာတွေ ဖယ်ထား [illegible]ပါဦး၊ ကဲ အဝတ်အစား လဲပြီးရင် သူတို့ပြောတဲ့ တယ်လီဂရပ် ရိပ်သာ [illegible]မကြီးကို လျှောက်ကြည့်ကြဦးစို့'

ရုတ်တရက်သော် ထိုရိပ်သာ လမ်းမကြီးသည် ဘာမျှ ထူးခြားသည် [illegible]င်ရ။ လမ်းမများက ခြောက်သွေ့ တိတ်ဆိတ်လျက်။ စာအုပ်ဆိုင်များ[illegible] [illegible]တီးနေသည့် ကျောင်းသား အချို့လောက်ကိုသာ တွေ့ရသည်။ သို့[illegible]တွင် [illegible]ပြလောက် သွားလိုက်မိသည့် အခါတွင်မှ သူ့ ယောက်ျား စိတ်[illegible]စားသည့်



www.burmeseclassic.com

www.burmeseclassic.com



ရှခင်း တစ်ခုကို ဆာရာ သတိပြုလိုက်မိသည်။ ဆာရာက ပြုံး၍ 'ဘယ်
ဆရာကြီး၊ ရှုခင်းကို တော်တော် စိတ်ဝင်စားသွားပြီလား'

'ဘာ ရှုခင်းလဲကွ'

'အမယ်လေး ဒေါက်တာ လင်းဗရိစ်ရယ်၊ အကြောင်း မသိ
ခက်မယ်၊ ခပ်စောစောက ကျောင်းသူ ကောင်မလေး ခြောက်ယောက်
သွားတယ်လေ၊ တစ်ယောက်မှ ဘရာစီယာ ဝတ်မထားကြဘူး၊ ရှင် အဲ
မျက်စိ အရသာခံနေတယ် မဟုတ်လား၊ ကိုယ့်ယောကျ်ား အကြောင်း
သိတာပေါ့၊ မောင့်မျက်နှာ ကြည့်လိုက်ရင် သိတာပဲ၊ ဆာရာ ပြော
မမှန်ဘူးလား'

'မမှန်ဘူးကွ၊ ကောင်မလေး ခြောက်ယောက် မဟုတ်ဘူး၊ ခုနစ်ယော
လင်းဗရိစ်က ခပ်တည်တည် ပြောသည်။

သုံးနာရီ အချိန် ကွာခြားချက် ရှိသဖြင့် သူတို့သည် တစ်ရေးအိပ်ပြီး အစော
နိုးလာခဲ့ကြသည်။ ကလပ် ထမင်းစားခန်းထဲသို့ ဆင်းလာသည့် အခါ
သူတို့ချည်းသာ ရှိမည်ဟု ထင်ခဲ့ကြ၏။ သို့ရာတွင် မဟုတ်။

ချောင်ကျကျ စားပွဲတစ်လုံးတွင် ထိုင်၍ တစ်ဖက်က မနက်စာကို
ဖြင့် ခပ်စားရင်း အခြား လက်တစ်ဖက်က အောက်စဖို့ တက္ကသိုလ်
ရှေးဟောင်း ဂန္ထဝင် ပြဇာတ်စာအုပ်ကို ကိုင်ထားသည့် လူတစ်ယောက် တွေ
လာသည်။

'မောင် မြင်ရဲ့လား၊ ထမင်းစားခန်းထဲမှာ ဆာရာတို့ လင်မယား
အောက်စဖို့ တက္ကသိုလ်က ဂရိစာပေ ပါမောက္ခပဲ ရှိတယ်' ဟု ဆာရာက
တိုး ပြောသည်။

'ဘုရားရေ၊ ဟုတ်သားပဲ၊ ပါမောက္ခ ဝိုင်လီ ပါလား၊ စောစော
ဘာများ လာလုပ်နေသလဲ မသိဘူး'

'ဆာရာတို့လိုပဲ မနက်စာ လာစားကြတာ ဖြစ်မှာပေါ့၊ ဒီနှစ်မှာ
ဝိုင်လီက ဘာကလေ တက္ကသိုလ်မှာ စာလာသင်ပေးနေတယ် မဟုတ်လား

'အေး ဟုတ်တယ်၊ ဟိုးမားနှင့် အက်စ်ရှီးလက်စ်ကို လာသင်နေ
တို့များလည်း သူ့ ပို့ချချက်ကို သွားနားထောင်ရရင် ကောင်းမယ်'

'ဒီလိုဆို မောင် သူ့ကို သွားပြီး မိတ်ဆက်ပြီး စကား ပြော
ပါလား'





လင်းဗရိစ်က ကြောက်ရွံ့သည့် ဟန်ဖြင့်

'အမယ်လေး၊ သွားပြီး စကား မပြောရဲပါဘူး၊ ဒီလို ဆရာကြီး တစ်
က် အနားကို မောင် မသွားရဲဘူး'

'လာပါ၊ မောင့် ဂရိသွေးတွေ ဘယ်ရောက်ကုန်ပြီလဲ၊ ဒီလိုဆို ဆာရာ
အောင့်ကိုယ်စား သွား မိတ်ဆက်ရမလား'

'ဒီလိုတော့ ဘယ်ကောင်းမလဲကွ၊ မောင်လည်း လိုက်မှာပေါ့၊ ဒါပေမဲ့
ကစပြီး ဘာပြောရမလဲ မသိဘူး'

'ဟယ်လို ဆိုပြီး စ နှုတ်ဆက်ပေါ့၊ ဒီလိုပဲ နှုတ်ဆက်ပြီး အသိဖွဲ့ စကား
ကြရတာပဲ'

လင်းဗရိစ်က နောက်မှ ခပ်ယို့ယို့ဖြင့် လိုက်လာခဲ့သည်။ ဆရာကြီး၏
အောက်တွင် လင်းဗရိစ်သည် မလုံမလဲ ဖြစ်နေသည်။

ကျယ်ဝန်း၍ လူသူ တိတ်ဆိတ်နေသော ခန်းမကြီးထဲတွင် သူ့ ခြေသံ
ခါတိုင်းထက် ပို၍ ကျယ်လောင်နေသည် ထင်ရ၏။

'ဆရာကြီးအဖို့ အနှောင့်အယှက်များ ဖြစ်နေရင် ခွင့်လွှတ်ပါ ခင်ဗျာ၊
တော်က ဆရာကြီးရဲ့ စာတွေကို သိပ် သဘောကျပါတယ်၊ မနှစ်က
ဘာသန အသင်း ဂျာနယ်မှာ ရေးလိုက်တဲ့ ဆရာကြီးရဲ့ အိုရက်စတေး
င်းပါးကိုလည်း သဘောကျပါတယ်၊ အက်စ်ရှီးလက်စ်နှင့် ပတ်သက်လို့
ဒီဆောင်းပါးဟာ အစုံလင်ဆုံးလို့ပဲ ထင်ပါတယ်'

'အေး၊ ကျေးဇူးတင်ပါတယ်၊ မင်းတို့ကော ငါနှင့်အတူ မနက်စာ လာ
ကြပါလား'

အင်္ဂလိပ်လူမျိုး ပါမောက္ခ ဝိုင်လီသည် ကျေနပ်သွားဟန် ရှိ၏။

'ကျွန်တော်တို့က ဖိတ်ပါရစေ ဆရာကြီး၊ ကျွန်တော့် အမျိုးသမီးလည်း
ကြီးကို စောင့်နေပါတယ်၊ ကျွန်တော်တို့ စားပွဲကို ကြွပါ'

'အေး ဟုတ်သားပဲ၊ ထမင်းစားခန်းထဲကို မင်းတို့ ဝင်လာတုန်းက သူ့
ငါ သတိပြုလိုက်မိတယ်၊ ကျေးဇူးပဲ၊ ကဲ ငါကပဲ မင်းတို့ဆီကို လိုက်စား
လ' ဟု ဆိုကာ ပါမောက္ခ ဝိုင်လီသည် သူ့ ထမင်းပန်းကန်နှင့် အောက်
တက္ကသိုလ် ပြဇာတ်စာအုပ်ကို ကောက်ကိုင်ပြီး သူ့ နောက်သို့ လိုက်လာ
သည်။

'သူက ကျွန်တော့် ဇနီးသည် ဆာရာပါ ဆရာကြီး၊ ဩော် မေ့တယ်၊
တော်က သီယိုဒို လင်းဗရိစ်ပါ ဆရာကြီး'



www.burmeseclassic.com

www.burmeseclassic.com



ပါမောက္ခ ဝိုင်လီက ဆရာ့ကို လက်ဆွဲ နှုတ်ဆက်ပြီးနောက် ကု
ထိုင်တွင် ဝင်ထိုင်သည်။ ထို့နောက် လင်းဇရိုစ်ဘက်သို့ လှည့်၍

'ဆိုဖီကလီ အကြောင်း စာအုပ် ရေးတာ မင်း မဟုတ်လား'

လင်းဇရိုစ်သည် သူ့ကို အသိအမှတ် ပြုသဖြင့် ဝမ်းသာသွားသည်

'ဟုတ်ပါတယ် ဆရာကြီး၊ ခု ကျွန်တော် လက်ချာ တစ်ခု ရှိလို့
ပေးတာပါ'

ဘာကလေ တက္ကသိုလ်တွင် ဟောပြောပြီးသည့်နောက် လင်းဇရိုစ်ကို ကင်
ဘာရီ တက္ကသိုလ်မှာ ဂန္ထဝင် ဌာန ပါမောက္ခ လုပ်ရန် ကမ်းလှမ်းခဲ့သည်။
တာဘာရီ ကောလိပ်မှာ ၁၇၇၂ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး အမေရိကန်
တွင် ရှေး အကျဆုံးသော ကောလိပ် တစ်ခု ဖြစ်၏။ ဟားဗတ်နှင့် ယေ
တက္ကသိုလ်များမှာ သာမန်လူများ၏ အမည်ကို အစွဲပြု၍ မှည့်ခေါ်ခဲ့ကြ
ဖြစ်သော်လည်း ကင်တာဘာရီ ကောလိပ်မှာမူ တတိယမြောက် ဂျော
လက်ထက်၊ ကင်တာဘာရီ ဂိုဏ်းချုပ် ဘုန်းတော်ကြီး ဖရက်ဒရစ် ကင်
ဘာရီက ဘုန်းတော်ကြီးများကို စာပေ ပရိယတ္တိ ပို့ချ သင်ကြားပေးရန်
ထောင်ခဲ့ခြင်း ဖြစ်သဖြင့် သူ့ အမည်ကို အစွဲပြု၍ မှည့်ခေါ်ထားခြင်း ဖြ
သည်။

ဆရာကမူ ကင်တာ့ဘာရီ ကောလိပ်ကို ဘာကလေ ကောလိပ်လော
မကြိုက်။ ဘာကလေ ကောလိပ်သည် ဟားဗတ်ထက် ကောင်းသည်ဟု သူ
သည်။

ဂျေဆန် ဂီးလ်ဗတ်သည် သူ့ဘဝတွင် အရေးကြီးသည့် ဆုံးဖြတ်ချက် နှ
ကို ချခဲ့သည်။ လွန်ခဲ့သည့် နှစ်နှစ်တာ ကာလ အတွင်း အစ္စရေးပြည်
နေထိုင်ခဲ့စဉ် မိမိသည် ထို အမိမြေကြီးကို ကာကွယ် စောင့်ရှောက်ရန် တ
ရှိသည်ဟု သဘောပေါက်လာခဲ့၏။ သို့ ကာကွယ်လိုလျှင် မိမိသည် အ
ပြည်တွင် အခြေချ နေထိုင်ကာ ထိုနေရာတွင် အမြစ်တွယ်နေဖို့ လိုသ
ယူဆသည်။

သို့ရာတွင် အစ္စရေးတွင် နေရသည်မှာ အထီးကျန် နိုင်လွန်းလှသ





သာ ကစားကွင်းများတွင် ကစားနေကြသော ကလေးများကို ကြည့်ရင်း
မီး လိုချင်လာသည်။ သို့ရာတွင် သူ့တွင် ဖဲင်နီ အတွက် ပူဆွေး၍ မပြီး
ဖဲင်နီကို ပေးအပ်ခဲ့ပြီ ဖြစ်သဖြင့် သူ့တွင် နှလုံးသား အကောင်းပကတိ
ဟုလည်း သူ ထင်နေသည်။

သို့တိုင်အောင် ဂျေဆန်သည် တပ်မှ ခွင့်နှင့် ပြန်လာသည့် အခါများတွင်
ဟင်းလင်း ဖြစ်နေသည့် ဘုံရိပ်သာ ထမင်းစား ခန်းဆောင်ကြီးထဲတွင်
း သန်းခေါင် သန်းလွဲ အထိ အီဗာနှင့် စကားတွေ ပြောခဲ့ကြသည်။
နှံမျိုးတွင် ဂျေဆန်၏ စိတ်သည် နူးညံ့ ကြင်နာတတ်သည်။

တစ်ညတွင်မူ ဂျေဆန်က အီဗာကို ဖွင့်ပြောသည်။

'တကယ်လို့များ အီဗာ အိမ်ထောင်ပြုသွားရင် အစ်ကို ဘာလုပ်နေရမလဲ
၊ ခုလို အစ်ကိုပြောတဲ့ စကားတွေကို နားထောင်မယ့်သူ ရှိမှာ မဟုတ်
ား ထင်တယ်'

အီဗာက ရှက်စနိုးဖြင့်

'အီဗာလည်း ဒီအတိုင်းပဲ တွေးနေတာ၊ အစ်ကို ဒီမှာ ရှိတော့ အစ်ကို
လို အီဗာအဖို့ မှီပြီး ငိုစရာ ပခုံး တစ်ခု ရတာပေါ့'

'ဒါပေမဲ့ အီဗာ တကယ် ငိုတာကို အစ်ကို တစ်ခါမှ မတွေ့ဖူးဘူး'

'သြော် ဥပမာ အဖြစ် ပြောပြတာပါ အစ်ကိုရယ်'

'ဟုတ်လား၊ အစ်ကို ပြောတဲ့ ဥပမာ စကားလိုပေါ့၊ ဒီနေရာမှာ အစ်ကို့
က်တွဲမယ့်သူ ဆိုလို့ အီဗာ တစ်ယောက်ပဲ ရှိတယ်လို့ ပြောခဲ့ဖူးတယ်
ဥပမာ စကား အဖြစ်ပေါ့ကွယ်'

'ဟုတ်တယ်နော် အစ်ကို၊ အစ်ကိုနှင့် အီဗာ နှစ်ယောက်စလုံးဟာ
ယ်တော့ တင်စား ပြောနေကြတဲ့ ဥပမာ စကားတွေချည်းပဲ'

သူတို့ နှစ်ယောက်သည် အကြည့်ချင်း ဆုံသွားကြ၏။

'အစ်ကိုကတော့ ဥပမာ စကားတွင် မကဘူး၊ အီဗာကို တကယ် လက်
ချင်တာ'

'ဒီလိုဆိုရင် အီဗာကလည်း အစ်ကို့ ပခုံးကို မှီပြီး တကယ် ငိုချင်တာ
အစ်ကိုရယ်'

သူတို့ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်မိကြ

'အီဗာရယ်၊ အီဗာ့ကို အစ်ကို တကယ် အရေးယူ ဂရုစိုက်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အီဗာ့ကို ချစ်တယ်လို့လည်း အစ်ကို ပြောချင်တယ်၊ ဒါပေမဲ့ အစ်ကို့မှာ
စွမ်းအားတွေ ရှိမှ ရှိသေးရဲ့လားလို့ ကိုယ့်ကိုယ်ကိုယ် သံသယ ဖြစ်နေ

'အီဗာလည်း အစ်ကို့လိုပါပဲ အစ်ကို၊ တကယ် ချစ်နိုင်အောင် ကြ
ကြရမှာပေါ့'

သူတို့ နှစ်ယောက် နမ်းကြသည်။

တပ်မှ ခွင့်တစ်လယူပြီး ပြန်လာခါစတွင် မင်္ဂလာ အခမ်းအနားကို
ရွာကလေးတွင် ကျင်းပသည်။ သူတို့ နှစ်ယောက် ဘုံရိပ်သာ ရွာကလေး
သေတစ်ပန် သက်ဆုံး သူတို့နှင့် အတူ နေထိုင်တော့မည် ဆိုသည့် အ
စုပေါင်းလယ်ယာ ဘုံရိပ်သာ ရွာကလေး တစ်ရွာလုံးကလည်း ဝမ်းသာ
သည်။

ဂျေဆန် အဖို့သော်မူ ဘုံရိပ်သာ ရွာကလေးသည် သူ့အဖို့ ဇာတိ
မိဘသစ်ကို ရသည်နှင့် တူနေသည်။ မိဘများနှင့်မူ လုံးလုံး အဆက် မ
သလောက် ဖြစ်နေပြီ။ အီဗာက မိဘ နှစ်ပါးကို သူတို့ မင်္ဂလာပွဲသို့ ဖိ
တိုက်တွန်းသည်။ သို့ရာတွင် ဂျေဆန်က ငြင်း၏။ ထိုညက သူတို့
အခန်းကလေးထဲတွင် ထိုင်ကာ မိဘများထံသို့ စာတစ်စောင်တော့ ရေး
သည်။

ချစ်စွာသော ဖေဖေနှင့် မေမေ ခင်ဗျား။

မနက်ဖြန်တွင် ကျွန်တော် လက်ထပ်တော့မည် ဖြစ်ပါသ
ဖင်နီတို့ မိသားစုက စစ်အတွင်းက ဝှက်ပေးခဲ့သည့် အီဗာ ဆို
မိန်းကလေးနှင့် ဖြစ်ပါသည်။ အစ္စရေးပြည် အကြောင်းကို ကျွန်
နားလည် သဘောပေါက်လာခြင်းမှာ သူ့ ကျေးဇူးကြောင့် ဖြစ်ပါသ

သာမန် အခြေအနေဆိုလျှင် ဖေဖေတို့ မေမေတို့အား မင်္ဂလာ
သို့ ဖိတ်မည်သာ ဖြစ်ပါသည်။ သို့ရာတွင် ဖေဖေနှင့် မေမေတို့မှာ
မောင်၏ ဘဝ ဦးတည်ချက် ပြောင်းသွားသည့် ကိစ္စနှင့် ပတ်သ
များစွာ စိတ်မကောင်း ဖြစ်နေကြသဖြင့် ဖိတ်ကြားခြင်း မပြုတော့
ဖြစ်ပါသည်။ သားမောင် အနေနှင့် မိဘနှစ်ပါး၏ ဩဇာကို ဖီဆ
ပြခဲ့လျှင် မနက်ဖြန်တွင် ဘုရားသခင်ရှေ့တွင် သားမောင် ပြ
ကြီးသစ္စာတို့ကြောင့် အပြစ်မှ ကျေလိမ့်မည်ဟု ယူဆပါသည်။

သားမောင်သည် ဖေဖေတို့ မေမေတို့ စီမံခဲ့သော လမ်းအ





နှစ်ဆယ့်လေးနှစ်လုံးလုံး လိုက်နာ နေထိုင်ခဲ့ပြီး ဖြစ်ပါသည်။ ဖေဖေ
တို့ မေမေတို့ သဘောကျအတိုင်း နေထိုင်ခဲ့ကြောင်းကိုလည်း အသိပင်
ဖြစ်ပါသည်။ ဖေဖေတို့ မေမေတို့၏ စေတနာကို သားမောင် ကောင်း
စွာ နားလည်ပြီး ဖြစ်ပါသည်။ ဖေဖေတို့ မေမေတို့သည် ကိုယ့် သား
သမီးများကို ရေဝတီ ဟူသော အမည်ဖြင့် အနိမ့်ခံဘဝသို့ မရောက်စေ
ချင်ကြသည့် စေတနာကို ကျွန်တော် နားလည်ပါသည်။

သားမောင်လည်း သားမောင်၏ သားသမီးများကို ထိုသို့ အနိမ့်ခံ
ဘဝသို့ မရောက်စေချင်ပါ။

အစ္စရေးပြည်တွင် ဆိုလျှင် ရေဝတီ တစ်ယောက် ဖြစ်ရခြင်းသည်
ဂုဏ်ရှိသည့် အလုပ် တစ်ခု ဖြစ်ပါသည်။ ဂုဏ်ငယ်သည့် ကိစ္စ မဟုတ်
ပါ။ ကျွန်တော့် သားသမီးများသည် အစ္စရေးယ်များထဲတွင် ကြီးပြင်း
လူလားမြောက်ကောင်း မြောက်ကြပါလိမ့်မည်။ သို့ရာတွင် အရှက်ဖြင့်
လူလားမြောက်ရမည် မဟုတ်သည်မှာကား သေချာသည်။

သားမောင် လူလားမြောက်ခဲ့ရာတွင် အဖေတို့ အမေတို့ ကျေးဇူး
ကို တစ်သက် ဘယ်ခါမျှ မေ့မည် မဟုတ်ပါ။

သားမောင် ဂျေဆန်

ရိပ်သာမှ ထောက်ပံ့သော စရိတ်ဖြင့် အစ္စရေး တောင်အက်စွန်းရှိ အီလက်
သော မြို့ကလေးသို့ သူတို့ မင်္ဂလာဦး ခရီး ထွက်ခဲ့ကြသည်။ သူ့ ရွှေငွေ
တနာတွင်းများမှ ပစ္စည်းများကို သယ်ယူရန် ထိုမြို့ကလေးကို ဆော်လမွန်
ရင်ကြီးက တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ထိုနေရာမှပင် ရှီဘာ ဘုရင်မကို
ဆိုခဲ့ခြင်း ဖြစ်သည်။

ဂျေဆန်က အီဗာကို ရေငုပ်သင်ပေးသည်။ သူတို့သည် မနက်ခင်းများကို
အောက်ရှိ ရောင်စုံ သန္တာ ကျောက်ဆောင်များ ကြားတွင် အချိန်ကုန်ကြ
သည်။ ညဆိုလျှင် နှစ်ယောက်သား လက်ချင်းတွဲ၍ လမ်းလျှောက်ကြပြီး
လပ်များ၊ ကပွဲများတွင် အချိန်ကုန်ကြသည်။

သူတို့ မင်္ဂလာဦး ခရီးသည် ငွေကြေး အကုန်အကျ များသည့်တိုင် ပျော်
ဘ ကောင်းသည်။

ကက်တစ်နှစ်တွင် ဂိုလန် တောင်ကုန်းပေါ်ရှိ အာရပ်တို့၏ အမြောက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များက အစ္စရေး တောင်ပိုင်းရှိ စုပေါင်းလယ်ယာ ဘုံရိပ်သာ ရွာများကို တိုး ပစ်ခတ်နေကြသည်။ ဂျော်ဒန်နှင့် လီဘာနွန်တို့မှ နေ၍ အာရပ် အကြမ်း သမားများက နယ်စပ်ကို ကျော်ဖြတ်၍လာကာ စစ်နှင့် မဆိုင်သော အဆော အအုံ နေရာများကို တိုး၍ တိုက်ခိုက်နေကြသည်။ ရွာများကို ပစ်ခတ်သ အမြောက်အမြား သေကျေကြသည်။ ကစားကွင်းများတွင် ကစားနေကြသော ကျောင်းသား သူငယ်များကို ပစ်ခတ်သဖြင့် အများအပြား သေကြသည်။

ဒေါသ ထွက်နေသော အစ္စရေး ပြည်သူတို့က အကြမ်းဖက်သမား ကို တန်ပြန် တိုက်စစ်ဆင်ရန် တောင်းဆိုကြသည်။ ထို့ကြောင့် အစ္စရေး တပ်မှ လေထီး တပ်သားများက တန်ပြန် တိုက်ခိုက်မှုများကို ပြုလုပ် အထက်မှ အမိန့်ပေးသည်။

နယ်စပ်ကို ကျော်ဖြတ်၍ ရန်သူတို့အား လေထီးတပ်သားများက တို ခိုက်ခြင်း ပြုရန် လေ့ကျင့်ရသည့် အထဲတွင် ဂျေဆန်လည်း ပါသည်။

တိုက်စစ်မဆင်မီ တစ်ညက သူတို့တစ်တွေသည် ဂျော်ဒန် နယ်စပ် မနီးမဝေး ကွင်းပြင်ထဲတွင် အိပ်ကြရ၏။ မနက်လင်းသည်နှင့် သူတို့တစ် သည် သူတို့ အတွက် ရပ်ထားသော ထရပ်ကားများပေါ်သို့ ခုန်တက် တောင်ထိပ်ပေါ်ရှိ ဆာမူအာ ရွာကလေးသို့ လာခဲ့ကြရသည်။ ထောက်လှ ရေး သတင်းများအရ ထိုရွာကလေးမှာ အယ်ဖာတာ ပြောက်ကျားတို့ အခြေခံ စခန်း ဖြစ်သည်ဟု သိရသည်။ ရွာကလေးမှ မိုင် တစ်စိတ် အ လောက်တွင် သူတို့သည် ကားပေါ်မှ ခုန်ဆင်းကာ သေနတ်ကို အသင့်ပြင် ခြေကျင် ချီတက်လာခဲ့ကြသည်။

သူတို့ ခေါင်းပေါ်တွင် အစ္စရေး လေယာဉ်တွေ ပေါ်လာကြသည် လေယာဉ်များက ရွာကလေးများကို ကျော်သွားကာ ဂျော်ဒန် အမြောက်တမ်း များ၏ အာရုံကို ပြောင်းသွားစေရန် အတွက် တစ်နေရာကို ဗုံးများ ကြဲခ သည်။ စစ်ဆင်ရေး နယ်မြေထဲသို့ ဂျော်ဒန်တပ်များ စစ်ကူ ပို့နိုင်ခြင်း အောင် အာရုံ ပြောင်းခြင်း ဖြစ်သည်။

ရွာကလေး အနီးသို့ ရောက်လျှင် ဂျေဆန်က ရှေ့မှ ပြေးတက်သွား ရန်သူတို့ ရုတ်ရုတ်သဲသဲ ဖြစ်သွားအောင် မိမိတို့က စတင် ပစ်ခတ်ရန် အ ပြလိုက်သည်။ မတ်စောက်သော တောင်ကုန်းပေါ်သို့ သူတို့ တက်လာကြ အိမ်ပြတင်းပေါက်များမှ သေနတ်များ ပေါ်လာကြကာ သူတို့ကို စတ ပစ်ခတ်ကြသည်။





ဂျေဆန်၏ လက်ယာဘက်တွင် ရှိသည့် တပ်သား တစ်ယောက်မှာ ရင် ကို ကျည်ဆန် ထိမှန်ကာ နောက်သို့ လဲကျသွားသည်။ ဂျေဆန်သည် ားတွင် လဲကျသွားသော တပ်သား အင်္ကျီပေါ်မှ နီရဲသော သွေးကွက်ကြီး ကြည့်ရင်း ကြောင်၍ ရပ်နေမိသည်။

တိုက်ပွဲတွင် ဒဏ်ရာရသူကို ပထမဆုံးအကြိမ် သူ မြင်ဖူးခြင်း ဖြစ် သည်။ ဂျေဆန်သည် လဲကျသွားသော တပ်သားကို စိုက်ကြည့်နေသည်။ ဆေး သူ့ အနားသို့ ပြေးလာကာ သူ့ကို ဆက်လက် ချီတက်ရန် လက်ပြနေ သည့် အခါကျမှ ဂျေဆန်သည် ရှေ့သို့ တက်လာခဲ့သည်။ သူ့ ရင်ထဲတွင်ကား သမီး ဟုန်းဟုန်း တောက်နေလေပြီ။

ရှေ့သို့ တက်လာခဲ့ရင်း ဂျေဆန်သည် ခါးကြားထဲမှ လက်ပစ်ဗုံး တစ် ကို ဆွဲထုတ်ကာ ပင်ကို ဖြုတ်လိုက်ပြီး ရွာလယ်ကောင်သို့ လှမ်းပစ်လိုက် သည်။ လက်ပစ်ဗုံးသည် အိမ်ခေါင်မိုး တစ်ခုပေါ်သို့ ကျပြီး ပေါက်ကွဲသွား သည်။

သူတို့တစ်တွေ ရွာလယ်သို့ ရောက်သည့် အခါတွင်မူ အကြမ်းဖက် များမှာ ထွက်ပြေး သွားကြလေပြီ။ ကြောက်ရွံ့ တုန်လှုပ်နေသော သက် ရွယ်အို ရွာသူ ရွာသားများသာ ကျန်ရစ်ခဲ့ကြသည်။ အစ္စရေး တပ်သား သည် အိမ်များကို တစ်အိမ်တက်ဆင်း လိုက်လံ ရှာဖွေကာ အထိတ်ထိတ် လန့်လန့် ဖြစ်နေကြသော ရွာသားများကို တောင်ကုန်းအောက်သို့ ခေါ်လာ ကြသည်။

ဆာမူအာရွာကို ရှင်းလင်းပြီး ဖြစ်ကြောင်း သတင်းပို့သည့် အနေဖြင့် ည် တစ်ချက်ကို ပစ်လိုက်၏။ ဂျေဆန်နှင့် ဖောက်ခွဲရေးသမားများသည် များတွင် ဒိုင်းနမိုက်များ တပ်ဆင်ကြသည်။ နောက် ဆယ်မိနစ် အကြာ င် အစ္စရေး တိုက်ခိုက်ရေး တပ်ဖွဲ့များသည် တောင်အောက်သို့ ပြန်ရောက် ကြလေပြီ။ အင်ဂျင်နီယာ တစ်ယောက်က ခလုတ်ကို ဖြုတ်လိုက်သည်။ မိမှာပင် ကျောက်တုံး အိမ်များသည် လေထဲတွင် လွင့်ပျံ ပျောက်ကွယ် ကြလေပြီ။

မူအာရွာကို တိုက်သလို အစ္စရေး တပ်သားများသည် အခြားရွာများကို ည်း ရှင်းလင်း တိုက်ခိုက်ခဲ့ကြသည်။ သို့ရာတွင် အကြမ်းဖက် သမားတို့၏ င် ထိုးဖောက်မှုသည် ရပ်တန့်သွားခြင်း မရှိ။



www.burmeseclassic.com

www.burmeseclassic.com



၁၉၆၇ ခု နောက်ပိုင်းမှ စ၍ အကြမ်းဖက်သမားတို့၏ တိုက်ခိုက်မှု သည် ပို၍ ပြင်းထန်လာကာ ပို၍ ရက်စက် ကြမ်းကြုတ်လာခဲ့ကြသည်။ ဂိုလာ ဆောင်တုန်းပေါ်မှ နေ၍ ဟူလာ ချိုင့်ဝှမ်းထဲသို့ အမြောက်ကြီးများဖြင့် ပစ် ခတ်မှုမှာလည်း ပို၍ စိပ်လာခဲ့သည်။

၁၉၆၇ ခုနှစ် မေလတွင် ဗိုလ်ကြီး ဂျေဆန်သည် သားဦး မွေးသည့် အထိမ်း အမှတ်ပွဲကို ကျင်းပရန် အိမ်သို့ ပြန်ရောက်နေသည်။ သူတို့ သားကလေး ကို ဂျေရှုဝါဟု အမည်ပေးသည်။ ထိုစဉ် အရန်တပ်များအား တပ်သို့ ပြန်လာရန် ဆင့်ခေါ်သော အမိန့်ကို ရေဒီယိုမှ ကြားရသည်။

ထိုအချိန်တွင် အီဂျစ်က အစ္စရေး နယ်စပ်တွင် တပ်သား တစ်သိန်း၊ တင့်ကား တစ်ထောင်ဖြင့် စုရုံးကာ အစ္စရေးကို တိုက်ခိုက်ရန် ပြင်ဆင်နေ သောကြောင့် ဖြစ်သည်။

အီဂျစ်နှင့် အစ္စရေး စစ်ပွဲသည် ရှောင်လွှဲ၍ မရတော့။ အစ္စရေးသည် ထိုစစ်ပွဲကို ကြံ့ကြံ့ခံနိုင်ပါမည်လော။

ထိုအတောအတွင်း အခြား အာရပ်နိုင်ငံများကလည်း အီဂျစ် တပ်သား များကို စစ်လက်နက်များဖြင့် ထောက်ပံ့ကြသည်။

အစ္စရေးသည် တပ်သား နှစ်သိန်းခွဲ၊ တင့်ကား နှစ်ထောင်နှင့် လေ ယာဉ် ခုနစ်ရာ အင်အား ရှိသော အာရပ်တို့ကို ရင်ဆိုင် တိုက်ခိုက်ရတော့မည်။ အစ္စရေးပြည်၏ နယ်စပ် သုံးဖက်တွင် ရန်သူတွေ ဝိုင်းဝိုင်းလည်နေပြီ။ စတုတ္ထ မျက်နှာမှာ ပင်လယ်ကြီး ဖြစ်သည်။ အာရပ်တို့က အစ္စရေးတို့ကို ထို ပင်လယ် ကြီးသို့ မောင်းပြီး နှစ်သတ်မည်ဟု ကြုံးဝါးနေကြသည်။

၅၄ လေထီးတပ်ရင်းမှ ဂျေဆန်၏ တပ်စုမှာ တစ်ပတ်အတွင်း ပြန် လည် စုရုံးမိပြီး နယ်စပ် အနီးရှိ သံလွင်တောကလေး တစ်ခုထဲတွင် စခန်းချ နေသည်။

တပ်ရင်း၏ အမိန့်အရ သူတို့ တပ်စုသည် လူနာများကို အရေးပေါ် ပြောင်းရွှေ့ပေးရေး အတွက် ထမ်းစင် အသယ် အပို့ လေ့ကျင့်ခန်းကို နေ့တိုင်း လုပ်နေကြရသည်။ အမှန်ကမူ တော်တော် စိတ်ပျက်စရာ စိတ်ဓာတ်ကျစရာ ကောင်းသည့် လေ့ကျင့်ခန်း ဖြစ်သည်။ ရဲဘော်များတွင် အိတ်ဆောင် ရေဒီယို ကလေးများ ပါလာရာ ကြားနေရသည့် ရေဒီယို သတင်းများကလည်း အား တက်စရာ မကောင်း။ အမေရိကန်နှင့် ဗြိတိသျှ သံရုံးများက ဆိုလျှင် သူတို့





မိသားစုများကို အစ္စရေးမှ ပြောင်းရွှေ့ဖို့ပင် စီစဉ်နေကြပြီ။

ညနေ လေ့ကျင့်ခန်းများ ပြီးချိန်ဆိုလျှင် ဂျေဆန်သည် သူ့ တပ်သား များကို စိတ်ဓာတ်တက်အောင် လုပ်နေရသည်။ သို့ရာတွင် သူ ကိုယ်တိုင်လည်း အခြေအနေကို ကောင်းကောင်း မသိရသဖြင့် အားမရှိလှ။

နောက်တစ်နေ့ ဖြစ်သော ဇွန်လ ၄ ရက်နေ့ အထက်မှ အမိန့်တစ်ခု ရောက်လာသည်။ သူ့ တပ်စုကို မနက်ဖြန် ဝ၆:ဝဝ နာရီတွင် ပြောင်းရွှေ့ရမည် ဆိုသည့် အမိန့် ဖြစ်သည်။ ပြောင်းရွှေ့ရမည့် နေရာကိုမူ ဖော်ပြထားခြင်း မရှိ။

ထို အမိန့်ကို သူ့ တပ်စုအား ပြောပြသည့် အခါတွင် အားတက်သွား ကြသည်။ ငုတ်တုတ်ထိုင်၍ အသေခံရသည်နှင့် စာလျှင် တစ်နေရာရာသို့ ပြောင်း၍ တစ်ခုခုကို လုပ်ရသည်က တော်သေးသည်။

'ဒီနေ့ည ကောင်းကောင်း အိပ်ကြပေ့၊ မနက်ဖြန်ဆိုရင် တို့ တစ်ခုခု လုပ်ရမှာ' ဟု ဂျေဆန်က တပ်သားများကို ပြောသည်။

တပ်သားများကို တန်းဖြုတ်ပြီး အိပ်ရာသို့ ဝင်ခါနီးတွင် သံပရာခွဲ ဦး ထုပ်ကလေးကို ဆောင်းထားသည့် တပ်သားကလေး တစ်ယောက် အနားသို့ ရောက်လာပြီး အိတ်ထဲမှ စာအုပ်ပြာကလေး တစ်အုပ်ကို ဆွဲထုတ်သည်။

'ကျွန်တော် မအိပ်ဘဲ ဘုရား ရှိခိုးနေလို့ မရဘူးလား ဗိုလ်ကြီး' ဟု မေး သည်။

'ရပါတယ်၊ ဒီနေ့ည ဆိုရင် မင်း ဆုတောင်းသံကို ဘုရားသခင်က သည်း နားထောင်နေမှာပဲ၊ ဒါပေမဲ့ စစ်ပွဲ တစ်ပွဲ မတိုက်ခင် ဘယ်ဘုရားစာကို ရွတ်ပြီး ဆုတောင်းမှာလဲ'

'ဒီလို အချိန်မျိုးမှာ ဆာလံကျမ်းဟာ အကောင်းဆုံးပေါ့ ဗိုလ်ကြီး၊ အိုဘုရားသခင်၊ တပည့်တော်အား လွတ်မြောက်ကြောင်းကို ပြ၍ ဖြေကြားတော် မူ၊ ကိုယ်တော်ထံ ကျွန်ုပ် ဆုတောင်းပါ၏ ဆိုတဲ့ အပိုဒ်ပေါ့'

ဂျေဆန်က ပြုံးကာ

'အေး၊ အေး ကောင်းတယ်၊ ပင်လယ်ဘက်ကို မဟုတ်ဘဲ ကျန်တဲ့ နယ်နိမိတ် သုံးဖက်ကို ထွက်မြောက်အောင် ပို့ပေးဖို့ ဆုတောင်း' ဟု ပြော သည်။

စစ်သားကလေးက ခေါင်းညိတ်ပြီး ထောင့် တစ်ထောင့်သို့ သွားကာ ဆာလံကျမ်းကို ခပ်တိုးတိုး ရွတ်နေသည်။

ဇွန်လ ၅ ရက်နေ့ မနက် စောစောတွင် သူတို့ အတွက် ဘတ်စ်ကား



www.burmeseclassic.com

www.burmeseclassic.com



များ ရောက်လာကြသည်။ တယ်လ်အဗီတွင် အလုပ်သမားတွေ စီးလေ့ရှိ
ခပ်စုတ်စုတ် ဘတ်စ်ကားများ ဖြစ်သည်။ ထို ဘတ်စ်ကားများဖြင့် ဆိုင်
ကျွန်းဆွယ်ဘက်သို့ သွားရမည်။ ထိုနေရာ၌ လေတပ်စခန်း တစ်ခု ရှိ
ဆီကိုစကီ ရဟတ်ယာဉ်များက သူတို့ကို စောင့်နေကြသည်။

ဘတ်စ်ကားများပေါ်မှ ဆင်းလာသည့် အခါတွင် တပ်သားများ
ကောင်းကင်ကို မကြာခဏ မော်ကြည့်မိကြသည်။ နယ်စပ်နှင့် နီးလာ
အီဂျစ်လေတပ် လေယာဉ်များက အချိန်မရွေး လာရောက် တိုက်ခိုက်နိုင်
ကြောင့် ဖြစ်သည်။

ဂျေဆန်က တပ်စု အလယ်ကောင်တွင် ရပ်ကာ တပ်သားများကို
ယောက် တစ်တွဲ စုစေပြီး ရဟတ်ယာဉ်ပေါ်သို့ တက်စေသည်။ ထိုစဉ် အ
အရာရှိ တစ်ယောက်က သူ့ကို ခေါ်သဖြင့် ဂျေဆန် သွားရသည်။

'သတင်းထူးတယ်ဟေ့၊ သတင်းထူးတယ်၊ ဒီနေ့ မနက် ၀၇း၀၀
မှာ တို့ လေယာဉ်တွေက ရန်သူ့ လေယာဉ်ကွင်းတွေကို ဗုံးသွားကြဲခဲ့တယ်
ဒါကြောင့် အီဂျစ် လေတပ် ဆိုတာ မရှိတော့ဘူးတဲ့၊ ကောင်းကင်မှာ တို့
ယာဉ်ပျံတွေချည်းပဲ ရှိတော့တယ်တဲ့၊ ဒီတော့ တို့ တာဝန်က မြေပြင်မှာ
မြေကို ဆက်သိမ်းနိုင်ဖို့ပဲ လိုတော့တယ်'

တပ်သားများက ဩဘာလက်ခုပ် တီးကြမည် အပြုတွင် ခပ်စော
ဆာလံကျမ်းကို ရွတ်ခဲ့သည့် စစ်သားကလေးက လက်တစ်ချောင်း ထော
သည်။ သူက သူ့ အိတ်ထဲမှ ကျမ်းစာအုပ်ကို ထုတ်ပြကာ

'မြင်တယ် မဟုတ်လား ဗိုလ်ကြီး၊ ကျွန်တော် ဆုတောင်းတာ
ဘုရားသခင်က ကြားသွားပြီ မဟုတ်လား' ဟု ပြောသည်။

'အေး ဟုတ်တယ်၊ ဒါပေမဲ့ တို့မှာ လုပ်စရာတွေ ရှိသေးတယ်၊ ခု
တစ်တွေ ဆက်ပြီး ချီတက်ရဦးမယ်၊ တင့်ကားတွေရော၊ ခြေလျင်တပ်တွေ
အားလုံး ဆိုပါတော့၊ တို့တစ်တွေ စူးအက် တူးမြောင်းကို ဖြတ်ပြီး ပိ
ဘေ့ကို သွားကြည့်ရဦးမယ်၊ ဒီလို မကြည့်ခင်မှာ တို့အနေနှင့် လုပ်စရာက
နည်းနည်း ရှိနေတယ်၊ အီဂျစ်တပ်တွေက ဆိုင်းနိုင်း သဲကန္တာရ အဝင်
ကတုတ်ကျင်းတွေ တူးပြီး အသင့် ပြင်ထားကြတယ်၊ ဒီတော့ ဒီကောင်တွေ
ရှင်းရမယ့် တာဝန်က ရှိနေသေးတယ်၊ တပ်သားလည်း များများ မလို
နည်းနည်းနှင့် ဝိုင်းရမှာ၊ ဒီတော့ တို့အထဲက ဘယ်သူ စေတနာ ဝန်ထမ်း လို
မလဲ၊ ငါက နံပါတ်ဘစ် စာရင်း သွင်းတယ်'





အားလုံးကပင် လက်များကို မြှောက်၍ သူတို့လည်း လိုက်မည်ဟု
း ပေးကြသည်။ ဂျေဆန်က သူ့ တပ်သားများကို ရွေးပြီး ခေါ်သည့်အခါ
ကျန်ရစ်သူတို့က သူတို့လည်း လိုက်မည်ဟု ဆိုကာ ရဟတ်ယာဉ်များပေါ်
သူထက်ငါ တိုးဝှေ့ တက်ကြသည်။

မောင်းသွားသည့် အချိန်တွင် သူတို့သည် အီဂျစ်တပ်များ စခန်းချနေ
နေရာနှင့် မနီးမဝေး သဲကန္တာရထဲက သဲခုံကြီးများ အနီးသို့ ရောက်နေ
သပြီ။ ရဟတ်ယာဉ်များကလည်း တပ်သားများကို ခေါက်တုံ့ ခေါက်ပြန်
ပေးနေကြသည်။ နောက်ပိုင်း ဆင်းသည့် ရဟတ်ယာဉ်များကို အီဂျစ်တပ်
ာ ကတုတ်များထဲမှ လှမ်းပစ်နေကြသည်။

စီစဉ်ထားသည့် အတိုင်း သူတို့ တပ်များသည် တိုက်စစ်ဆင်မည့် အစု
အကာအကွယ်ပေးမည့် အစုများ အဖြစ် ခွဲပြီး အသီးသီး နေရာယူမိကြ
။ ဂျေဆန်သည် သူ့ တပ်သားများကို ခေါင်းဆောင်ကာ ရိုင်ဖယ်များ၊ အုဇီ
တ်များ၊ ဘာဇူကာများဖြင့် ပစ်ခတ်ကာ အီဂျစ်စခန်းများ ဆီသို့ တက်လာ
ည်။

ထိုစဉ် သူတို့ ပစ်လိုက်သော ဒုံးပျံ တစ်ခုသည် လက်နက်ခဲယမ်း တင်
ဆောင်လာသည့် ယာဉ်တန်း တစ်ခုကို ထိမှန်သဖြင့် တဝုန်းဝုန်း ပေါက်ကွဲကာ
က်စလုံးမှ တပ်သားများ အများအပြား ဒဏ်ရာ ရကြသည်။ ပေါက်ကွဲနေ
မီးရောင်များထဲတွင် လဲကျ သေဆုံးနေသော သူ့ ရဲဘော် အချို့ကို
ဆန် မြင်ရ၏။ ဂျေဆန်က ရဲဘော်များကို ရှေ့သို့ မတက်သေးဘဲ ရပ်ဆိုင်း
စင်များ ယူလာရန် အမိန့် ပေးသည်။ သူတို့ မနားတမ်း လေ့ကျင့်ခဲ့
ထမ်းသယ် အသယ်အပို့ လေ့ကျင့်ခန်းများသည် ယခု လာ၍ အသုံး
နေလေပြီ။

ထို့နောက် ဂျေဆန်သည် သေနတ်ကို ကောက်ကိုင်ကာ လူမဆန်သော
ဖြတ်ခြင်း အမှုကို ဆက်လက် ကျူးလွန်လျက် ရှိသည်။ ငြိမ်းချမ်းရေး
ွက် လူသတ်ရခြင်းပေတည်း။

နေ့ တိုက်ပွဲ ပြီးဆုံးသွားသည့် အခါတွင်မူ သူတို့အဖို့ ချေမှုန်းခံရမည့်
ရာယ် မရှိတော့။

ဂျော်ဒန်နှင့် ဆီးရီးယား လေတပ်တို့သည်လည်း အီဂျစ် လေတပ်ကဲ့
င် အထိနာနေကြလေပြီ။ နောက်ဘက် ကွပ်ကဲမှု စစ်ကြောင်းသည် အတား

www.burmeseclassic.com

www.burmeseclassic.com



အဆီး မရှိဘဲ စူးအက်တူးမြောင်းသို့ ချီတက်နေလေပြီ။

အစ္စရေးသည် နယ်စပ် သုံးဖက်တွင် စစ်ပွဲကို တိုက်နေရသော်လ
စစ်တပ် သုံးတပ် မရှိပေ။ တစ်ခုတည်းသော အစ္စရေး စစ်တပ်သည် တော
ဘက်ကိုလည်း ပစ်ရသည်။ မြောက်ဘက်ကိုလည်း ပစ်ရသည်။ ထို့ပြ
စစ်ပန်းနေသော ၅၄ လေထီးတပ်ရင်းသည် ဆိုင်းနိုင်း ကျွန်းဆွယ်ကို တ
ခိုက် သိမ်းပိုက်ပြီးသည့် နောက်တွင် အပြင်းအထန် တိုက်ပွဲ ဖြစ်ပွားနေသေ
မြောက်ဘက်ရှိ ဂိုလန် တောင်ကုန်းဆီသို့ ဆက်လက် ချီတက်ခဲ့ရပြန်သ

ထိုသို့ ချီတက်လာစဉ် လမ်းတစ်လျှောက်တွင်လည်း ဂျေရုဆလင်
ကို သိမ်းပိုက်ရေး အတွက် လုံ့လွပ်ထိုး တိုက်ပွဲများ တိုက်ခဲ့ရသေးသည်။

ဗုဒ္ဓဟူးနေ့ည ဂိုလန် တောင်ကုန်းသို့ ရောက်သည့် အခါ၌ လေ
တပ်များက ဂျေရုဆလင်မြို့ကို သိမ်းပိုက်လိုက်ပြီ ဆိုသည့် သတင်းကောင်
ကြားရသည်။

ထိုအတောအတွင်းတွင် ဂျေဆန်၏ တပ်များက ဆီးရီးယား စခန်းမျ
သိမ်းပိုက်ခဲ့ကြသည်။ မြောက်ဘက်ရှိ စုပေါင်း ဘုံရိပ်သာ ရွာများကို နှစ်ပေ
များစွာ ပစ်ခတ်ခဲ့ကြသည့် အမြောက်ကြီးများ၏ အသံသည် တိတ်ဆိတ်သ
ခဲ့ကြလေပြီ။

စစ်ပွဲ စတင် ဖြစ်ပွားပြီး ခြောက်ရက် အကြာတွင်မူ စစ်ပွဲသည် ပြီး
သွားခဲ့လေပြီ။ အစ္စရေး နိုင်ငံ၏ မျက်နှာပြင်သည်လည်း ပြောင်းလဲသွားခဲ့
ပြီ။ မြောက်ဘက်တွင် အစ္စရေး နိုင်ငံ၏ တံတိုင်းကြီးသဖွယ် ဖြစ်နေသ
ဆိုင်းနိုင်း သဲကန္တာရကြီး ရှိလာပြီ။ ထို သဲကန္တာရကြီးသည် ဂျော်ဒန် နယ်
အထိ ရောက်သဖြင့် ဂျော်ဒန်ဘက်မှ လာသော ရန်သူတို့ကိုလည်း ကာကွ
ပြီးသား ဖြစ်နေသည်။ မြောက်ဘက်တွင် အစ္စရေး တပ်သားများသည် ဂို
ကုန်းမြင့်ကို သိမ်းပိုက်မိကာ ဆီးရီးယားကို ခြိမ်းခြောက်နိုင်သော အ
အထားတွင် ရှိနေလေပြီ။

ထို တိုက်ပွဲသည် ဘက်တစ်ဖက်မှ လွဲလျှင် ဘက်ပေါင်းစုံမှ အော
ပွဲဟု ဆိုနိုင်သည်။ ငြိမ်းချမ်းရေးကိုကား ယူဆောင်လာခဲ့ခြင်း မရှိ။

စက်တင်ဘာလ ၇ ရက်နေ့တွင် ခါတွန်းတွင် ကျင်းပသည့် အာ
ထိပ်သီး ညီလာခံက ဆုံးဖြတ်ချက် တစ်ခုကို ချလိုက်သည်။ အစ္စရေးနှင့် ဆေ
ဆွေးနွေးခြင်း မပြု။ အစ္စရေး နိုင်ငံကို အသိအမှတ် မပြု။ အစ္စရေးနှင့် ငြိမ်းခ
ရေး မလုပ်။





ဂျေဆန်သည် သားငယ်ကို လက်ထဲတွင် ပွေ့ချီ၍ လှုပ်ယမ်းနေရာမှ
းသည် အီဗာကို ပြောလိုက်သည်။

'အစ္စရေးကို အနားမပေး ဆိုတဲ့ ဆုံးဖြတ်ချက် တစ်ခုကိုလည်း ချဖို့
သေးတယ်'

ဂျေဆန်က ထိုသို့ ပြောနေစဉ် ကျည်ဆန်ကို လန့်သွားကြသော အာရပ်
သည် နောက်ထပ် စစ်ပွဲ အမျိုးအစားသစ် တစ်ခုကို ဆင်နွှဲရန် ပြင်ဆင်
ကြပြန်သည်။ ယင်းမှာ ခြိမ်းခြောက်ရေးနှင့် အတွင်းမှ လျှို့ဖျက်ရေး လုပ်
းတို့ ဖြစ်သည်။

ဂျာ ကဲလားမှာ ခေတ်သစ် အနုပညာ ပြတိုက်တွင် အလုပ် လုပ်နေလေပြီ။
တိကျကျ ပြောရလျှင် ၁၉၆၃ ခု အလုပ်သမားနေ့ မနက်ကတည်းက
ယောမြို့ရှိ ရှော့ကဖဲလား ပလာဇာသို့ အလုပ်သွားနေရသည်။ အဝင်ဝတွင်
ခြံရေး အစောင့်တို့၏ အထပ်ထပ် စစ်ဆေးခြင်းကို ခံရပြီးနောက် ၅၆ ထပ်ရှိ
ရုံးခန်းသို့ ဓာတ်လှေကားဖြင့် တက်လာခဲ့သည်။ အထပ် ၅၆ ထပ်ရှိ အခန်း
တ် ၅၆၀၀ မှာ သူ့ ရုံးခန်း ဖြစ်သည်။

ခမ်းနားသော သူ့ရုံးခန်းသို့ အသွားတွင် ရေနွား၊ ပီကာဆို၊ စေဇန်း၊
ဂိုးတို့၏ ပန်းချီကားများကို ချိတ်ထားသည့် စင်္ကြံများကို ဖြတ်သန်းလာ
သည်။ ရုပ်တုများလည်း ရှိသည်။ ရော့ကဲလား၏ နေရာသည် ကမ္ဘာတွင်
ကြီးဆုံးသော ပုဂ္ဂလိကပိုင် အနုပညာပြခန်း ဖြစ်သည်။

နယူးယော့ မြို့တော်ဝန် နယ်လဆန် ရော့ကဖဲလားနှင့် သူ့ ညီများ
သည် အလွန်မြင့်သည့် ၅၆ ထပ် တိုက်ခန်းတွင် သူတို့ လုပ်ငန်းများကို လုပ်
ကိုင်နေကြခြင်း ဖြစ်သည်။ အထပ်တိုင်း သူ ဝါသနာပါသည့် လုပ်ငန်းများ
တွက် ရုံးတွေ ဖွင့်ထားသည်။

ဂျော ကဲလားသည် ဟင်နရီ ကစ်ဆင်ဂျား၏ ထောက်ခံချက်ဖြင့် ရော့
ဖဲလား အတွက် နိုင်ငံတကာ ရေးရာများနှင့် ပတ်သက်သည့် မှတ်ချက်များ
တေသနများ၊ ထင်မြင်ချက်များ ရေးပေးရန် ထိုဌာနသို့ ရောက်လာခဲ့ခြင်း
သည်။

'ရော့ကဖဲလား သမ္မတ ဖြစ်လာရင် ကျင့်သုံးမယ့် နိုင်ငံခြား ပေါ်လစီ



www.burmeseclassic.com

www.burmeseclassic.com



ကို မင်းက အုတ်မြစ်ချပေးတဲ့ သဘောပေါ့လေ' ဟု ဟင်နရီ ကစ်ဆင်း က သူ့ကို ပြောခဲ့သည်။

ဂျော့ ကဲလားသည် ဟားဗတ် တက္ကသိုလ်မှ စောစောစီးစီး ထွက်ခဲ့သ နောင်တရခြင်း မဖြစ်။ ဟားဗတ် တက္ကသိုလ်ကြီးမှ ထွက်ပြီး တစ်နှစ် အ တွင် ပါမောက္ခကြီး တစ်ယောက်၏ လစာကို ရရှိနေပြီ ဖြစ်သဖြင့် နောင် ရစရာ အကြောင်းလည်း မရှိ။

ကြားပေါက် အလုပ်တွေကလည်း ရှိသေးသည်။ နွေရာသီ ဆို ဟားဗတ် တက္ကသိုလ် နိုင်ငံတကာရေးရာ နှီးနှောဖလှယ်ပွဲများတွင် ဆော်ဩ လုပ်ရသေးသည်။ ကစ်ဆင်းဂျားက သူ့ကို အထင်ကြီးလာသည်နှင့် အ အဆင့်အတန်းသည်လည်း မြင့်မားလာခဲ့သည်။ အုပ်ချုပ်ရေး ပညာရပ် ပါရဂူ ဒေါက်တာဘွဲ့ ရလာသည့် အချိန်တွင်ကား ဂျော့ ကဲလားသည် နှီး ဖလှယ်ပွဲမှ ထုတ်ဝေသည့် 'မြစ်ဆုံ' မဂ္ဂဇင်း၏ တွဲဖက် အယ်ဒီတာ ဖြစ် ခဲ့လေသည်။

ဟင်နရီ ကစ်ဆင်းဂျားသည် ဂျော့ ကဲလားကို ဘယ်တော့မှ မ ချီးမြှောက်စရာရှိလျှင် အမြဲ အမှတ်ရတတ်သည်။ ထိုသို့ ချီးမြှောက်ခြင်း လည်း ပုဂ္ဂိုလ်စွဲ သက်သက်ကြောင့် မဟုတ်။ ဂျော့ ကဲလားသည် ပညာထူး သည်။ သံတမန် ရေးရာများကို စိတ်ဝင်စားသည်။ ထို့ကြောင့် အလားအ ရှိသည့် လူငယ်ကလေး တစ်ယောက်ဟု ကစ်ဆင်းဂျား ယူဆသည်။

ထိုအတောအတွင်း ဟားဗတ် တက္ကသိုလ်ကလည်း သူ့ကို လက်မလွှ ချင်။ ဌာနမှူးက ကစ်ဆင်းဂျားနှင့် တွေ့ဆုံကာ ဂျော့ ကဲလားအား ဟား တက္ကသိုလ်တွင် ဆက်လက် အမှုထမ်းရန် ပြောပေးဖို့ တိုက်တွန်းသည်။ ဆင်းဂျားက ဂျော့ ကဲလားမှာ စိတ်ခါတ် ခိုင်မာသူ တစ်ဦး ဖြစ်၍ သူပြော ရမည် မဟုတ်ကြောင်းဖြင့် ပြန်ပြောသည်။

'ကျွန်တော့်အထင် ပြောရရင်တော့ ဂျော့ ကဲလားက ခင်ဗျားတို့ ဗတ်မှာ ကုပ်မနေချင်ဘူးဗျ၊ ဝါရှင်တန်က အိမ်ဖြူတော်မှာ လုပ်ချင်တယ် ထင်တယ်၊ ကောင်းပြီလေ၊ ကျွန်တော် တတ်နိုင်သမျှတော့ ပြောကြည့် မယ်' ဟု ကစ်ဆင်းဂျားက ပြောသည်။

ကစ်ဆင်းဂျားသည် ဂျော့ ကဲလားအား ဟားဗတ် တက္ကသိုလ် ဆက်လက် အမှုထမ်းရန် အတင်းအကျပ် မပြောပါ။ သူကိုယ်တိုင်ကလည်း တက်လမ်း အတွက် ကြိုးစားရာတွင် ဂျော့ ကဲလားလို လူတော်များကို အ





င်သေးသည်။ ထို့ကြောင့် လောလောဆယ်တွင် ရောက်ဖလားတို့ထံတွင် ပ် သွင်းပေးထားလိုက်သည်။ ဤသို့အားဖြင့် ဂျော့ ကဲလားလို လူတော် အား 'တကယ့် ကမ္ဘာလောက' တွင် အသုံးချကြည့်ချင်သည်။

၁၉၆၃ ခုနှစ် ဇွန်လတွင် ဂျော့ ကဲလားသည် ပါရဂူဘွဲ့ကို ဆွတ်ခူး ခဲ့သည်။ ထိုမျှမက အမေရိကန် ဖွဲ့စည်း အုပ်ချုပ်ပုံ ဥပဒေကို သစ္စာရှိပါမည် သော ကျမ်းသစ္စာ ကျိန်ဆိုခွင့် ရကာ အမေရိကန် နိုင်ငံသား တစ်ဦး ဖြစ် ခဲ့သည်။

အမေရိကန် နိုင်ငံသား ဖြစ်ခွင့် ရလိုက်ခြင်းသည် သူ့အဖို့ မွေးလက် အသစ် တစ်စောင်ကို ရလိုက်ခြင်းနှင့် တူသည်။ အနာဂတ် အတွက် လုံခြုံ ရှိရုံမျှမက အတိတ်ကိုလည်း မြုပ်နှံ နိုင်ခဲ့လေပြီ။

ဂျော့ ကဲလားကို ကြည့်ရသည်မှာ ဟန်ဂေရီ နိုင်ငံသား တစ်ယောက်နှင့် ရုံမျှမက ဟန်ဂေရီသို့ တစ်ခေါက်မျှပင် မရောက်ဖူးသူ တစ်ဦးနှင့် တူနေ သည်။ သူ့တွင် အဖေတို့ အမေတို့ ရှိပုံလည်း မရတော့။ ဟန်ဂေရီ ညီမ သို့ တ် သူ့ရည်းစား အနီကို ရှိခဲ့ဖူးဟန် မတူတော့။ တစ်ခါတစ်ရံတွင်သာ နှင်း တိုင်းကြီးထဲတွင် လမ်းပျောက်ပြီး အိမ်ပြန်မရောက်နိုင်ဘဲ မျက်စိလည်နေ သို့ ခြောက်အိပ်မက်မျိုးကို မက်တတ်သည်။ သုတေသန လုပ်ငန်း ကိစ္စကြောင့် တ်လျှင် မည်သည့် ဟန်ဂေရီ စာနယ်ဇင်းကိုမျှလည်း မဖတ်တော့။ ဂျော့ ားသည် ဂရိဒဏ္ဍာရီ ပုံပြင်လာ ဇီးယတ် နတ်မင်း၏ နဖူးပေါ်မှ မွေးပြီး ားမြောက်လာပြီးသူ တစ်ယောက် အဖြစ် နေ့ချင်း ကြီးလာသော အသွင်မှာ တူနေသည်။ သို့ရာတွင် ဂျော့ကဲလားကို ဖန်တီးသူမှာ ဇီးယတ် နတ်မင်း တ်။ ကစ်ဆင်းဂျား ဖြစ်သည်။ သည်အချက်သာလျှင် ကွာခြားတော့သည်။

ဖြင့် ဂျော့ ကဲလားသည် ကမ္ဘာတွင် အကြီးဆုံးမြို့ဟု အချို့က ထင်ကြသော ယော့မြို့သို့ ထွက်ခွာလာခဲ့သည်။ သူ့ အမြင်တွင်မူ အကြီးဆုံးမြို့ မဟုတ်။ င်တန်၏ အစွန်အဖျား မြို့စွန်သာ ဖြစ်သည်။

ဂျော့ ကဲလားသည် အင်္ကျီ အဝတ်အစား ချုပ်သည့်နေရာတွင် အယူ တစ်ခု ရှိသည်။ ယင်းမှာ အခြားမဟုတ်။ စက်ချုပ်ဆရာထံတွင် အပ်ချုပ် တ်အစား ကောင်းသည် ဆိုသည့် အယူအဆ ဖြစ်သည်။ ထို့ကြောင့် ကွယ် သူ သမ္မတ ကင်နေဒီ၏ စက်ချုပ်ဆရာ မည်သူ ဖြစ်သည် စုံစမ်းပြီး က် သူ့ အဝတ်အစားများကို ထို စက်ဆိုင်တွင် အရောင်မျိုးစုံ ချုပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြင့် ဂျော့ ကဲလားသည် အဝတ်အစား ဝတ်ရာတွင် ဖက်ရှင်လို ဖြစ်လာခဲ့သည်။ နယူးယော့ ဟားဗတ် တက္ကသိုလ် ကျောင်းသားဟောင်း ကလပ်တွင် နေ့လယ်စာ စားရင်း ယမကာ သောက်ရင်း တွေ့တတ်သ အင်ဒရူး အဲလီယော့ကိုပင် သူက အမေရိကန် ဆန်အောင် သွန်သင်နေ သေးသည်။

'ဟေ့လူ၊ အဲလီယော့၊ ဘာဖြစ်လို့ ရယ်ဒီမိတ် ချုပ်ပြီးသားတွေ ဝတ်တာလဲ ဆိုတာ ကျုပ် စဉ်းစားလို့ မရဘူးဗျာ၊ ခင်ဗျားလည်း တစ်နေ့ ဘဏ်သူဌေး ဖြစ်လာမယ့် လူ တစ်ယောက်ပဲ' ဟု ဂျော့ ကဲလားက ပြော သည်။

'ကျုပ်က သင်တန်း တက်နေတုန်း ရှိပါသေးတယ်ဗျာ၊ ပြီးတော့ ကျု တို့ နယူး အင်္ဂလန်နယ်က ယန်ကီတွေက ငယ်ငယ် ကတည်းက ချွေတာ အောင် မိဘက သင်လာတယ်ဗျ' ဟု အဲလီယော့က စိတ်ရှည်လက်ရှည် ရှ သည်။

သို့ရာတွင် လွန်ခဲ့သည့် နှစ်နှစ်၊ သူ့အသက် နှစ်ဆယ့်ငါးနှစ် ပြည့် က သူသည် သန်းပေါင်းများစွာ ကြွယ်ဝသော လုပ်ငန်းကြီး တစ်ခုကို အ မြှုပ်နှံခဲ့ကြောင်းကိုမူ ဂျော့ ကဲလားကို ဖွင့်ပြောခြင်း မပြု။

ရော့ကဖဲလား၏ လုပ်ငန်းများတွင် အလုပ် လုပ်ရသည့် အတွက် အခွင့်အရေး တွေ အများကြီးရသည်။ ဥပမာအားဖြင့် လူတိုင်း မရနိုင်သော ပဒေသာ လက်မှတ်များ၊ ပြဇာတ် လက်မှတ်များကို ရခြင်း ဖြစ်သည်။ အခန်းနံပါ ၅၆၀၀ တွင် အလုပ် လုပ်သည့် မိန်းမ ချောချောလှလှကလေးများ ရနိုင်ကြော ကိုကား အထူးပြောဖွယ်ပင် မလိုတော့။

ဂျော့ ကဲလားကလည်း ရသမျှသော ထို အခွင့်အရေးများကို အကုန် သည်။ ဂျော့ ကဲလားသည် ပြုံးပြုံးပြက်ပြက် တောက်ပနေသော ပြဇာတ် ပ ညပွဲများ၊ အထူးပွဲများသို့ သွားရသည်ကို နှစ်ခြိုက်သည်။ ရုရှားမှ ထ ပြေးလာသော ဘဲလေး ကချေသည် ညူရီယက်က နယူးယော့တွင် 'ငန်း ပျော်ရာ ရေကန်သာ' ကို ပထမဆုံး ကစဉ်ကလည်း ဂျော့ ကဲလားသည် အ မိတ်ကြားခြင်း ခံရသည့် ဧည့်သည်တော် ဖြစ်သည်။ ဒင်နီ ရော့ဆီက နယူး တေးသံစုံ တီးဝိုင်းနှင့် အတူ ဘားတော့ ဒုတိယ ပီယာနို ကွန်ချာတိုကို သည့်အခါ ဂျော့ ကဲလားသည် ရော့ကဖဲလား၏ မိသားစု ထိုင်ခုံတန်း



သော်ဝန်၏ လှပ ချောမောသည့် အတွင်းရေးမှူး ဆယ်လီ ဘိတ်စ်နှင့် အတူ ကြည့်နေသည်။

ဇာတ်စင်ပေါ်သို့ ဒင်နီ တက်လာသည့် အခါတွင် ဂျော့ ကဲလားက ယ်လီ အနီးသို့ ကပ်၍ လေသံဖြင့်

'ကိုယ့်အဖို့တော့ အိမ်ကျက်စာ အဟောင်းကို ပြန်ကျက်နေရသလိုပဲ၊ းတော့ကလည်း ဟန်ဂေရီယန် လူမျိုး၊ ဒင်နီက ကိုယ်တို့နှင့် ဟားဗတ် တုန်းက ကျောင်းနေဖက်'

'သူနှင့် သိသလား' ဟု ဆယ်လီက စိတ်အား ထက်သန်စွာ မေးသည်။

'ကိုယ်နှင့်က အဲလီယော့ဆောင်မှာ အတူ နေခဲ့တာလေ' ဟု သူ မယုတ် ဖြေသည်။

'အို ဟုတ်လား၊ ပျော်စရာကြီးနော်၊ ပြီးရင် ဇာတ်စင်နောက် သွားပြီး းပြောရအောင်လေ'

'အင်း သိပ်သွားလို့ မကောင်းဘူး ထင်တယ်၊ ဒင်နီက ပွဲ တစ်ပွဲ တီး င် သိပ်ပင်ပန်းတော့ အနားယူတတ်တယ်၊ နောက် တစ်ချိန်ချိန်ပေါ့'

တိုင်း ခမ်းနား၍ တိတ်ဆိတ်နေတတ်သော အခန်းနံပါတ် ၅၆၀၀ သည် ၄ ခုနှစ် ရော့ကဖဲလားက ရီပတ်ဗလစ်ကင် သမ္မတ အဖြစ် အရွေးခံရန် ဆင်နေသည့် အချိန်တွင် လှုပ်လှုပ်ရွရွ ဖြစ်နေသည်။ ကစ်ဆင်းဂျားမှာ ခဏခဏ ပေါက်လာတတ်သဖြင့် တက္ကသိုလ်က သင်တန်းများကို ဘယ် ချိန်တွင် ပို့ချခဲ့လေသည် မသိ။

ထုံးစံအားဖြင့် ဆိုလျှင် ကစ်ဆင်းဂျားသည် ရော့ကဖဲလား၏ နိုင်ငံ ရေးရာ အတိုင်ပင်ခံ အဖွဲ့ထဲတွင် ပါလေ့ရှိသည်။ သို့ရာတွင် ယခုမူ ကစ် ဂျားသည် အဆိုပြု စာတမ်းများကို ဂျော့ ကဲလားကိုသာ အရေးခိုင်းလေ့ သူကိုယ်တိုင်မှာမူ ရော့ကဖဲလား မိသားစုများနှင့် အတူ သမ္မတ ရွေး ကောက်ပွဲ မဲဆွယ်ရေး ကိစ္စများကို ဆွေးနွေးနေတတ်သည်။

ဂျော့ ကဲလားသည် ဆန်ဖရန်စစ္စကိုတွင် ကျင်းပသည့် ရီပတ်ဗလစ်ကင် ကွန်ဗင်းရှင်းသို့ သမ္မတလောင်း ရော့ကဖဲလားနှင့် အတူ လိုက်ပါသွား တ်သည်။ ကွန်ဗင်းရှင်းတွင် ရော့ကဖဲလား ရှုံးသွားပြီး ဘယ်ရီ ဂိုးဝါးတားက သမ္မတလောင်း အဖြစ် အရွေးခံရသည့် အခါတွင် ဂျော့ ကဲလားသည် ကစ် ဂျားနှင့် အတူ နေရစ်ကာ ရီပတ်ဗလစ်ကင် ပါတီ အတွက် နိုင်ငံခြားရေး



www.burmeseclassic.com

www.burmeseclassic.com



ရာ ဆေါ်ထင် စာတမ်းများကို ရေးဆွဲပေးနေရသည်။

ရွေးကောက်ပွဲ ညတွင်မူ ဂျော့ ကဲလားနှင့် ဟင်နရီ ကစ်ဆင်းဂျား သည် ဓါးမိုနီမိုန် ထွန်းထားသည့် ဟိုတယ် ခန်းမထောင့် တစ်ခုတွင် ရပ် ခိုင်တို့ ပါတီဝင်များ ပြည်နယ်ပေါင်း များစွာတွင် အရေးနိမ့်သွားသည့် သတ များကို နားထောင် နေကြသည်။

'ဘယ့်နှယ့်လဲ ဒေါက်တာ၊ ပွဲတော့ သိမ်းပြီ ထင်တယ်'

'မသိမ်းသေးပါဘူးဗျ၊ ဘယ်က သိမ်းရမှာလဲ'

'ဒေါက်တာ ဘာကို ဆိုလိုတာလဲ၊ ကျွန်တော်တို့က ထက်ဝက်လော ပဲ ရတော့တာ၊ သူတို့က ရှေ့က အပြတ်အသတ်'

'ကျွန်တော်တို့ မရှုံးပါဘူး၊ အဆက် လွတ်တော် အမတ် ဂိုး ရှုံးတာပါ၊ ခင်ဗျား ကြည့်နေ၊ ဒီမိုကရက်တွေ နိုင်ရင်လည်း ကျုပ်တို့လို ကျ ကျင်သူရဲ့ အကြံဉာဏ်ကတော့ လိုနေဦးမှာပဲ'

သူ့ ဆရာဟောင်း ဒေါက်တာ ကစ်ဆင်းဂျားသည် ဟန်ဆောင်နေ မှုသာ ဖြစ်သည်ဟု ဂျော့ ကဲလား ထင်လိုက်သည်။ ကစ်ဆင်းဂျားသ တက္ကသိုလ်သို့ ပြန်သွားပြီး စာပို့ချကာ မိမိမှာလည်း အခန်းနံပါတ် ၅၆၀၀ ပြန်သွားရုံမျှသာ ရှိတော့သည်ဟု သူ ထင်လိုက်သည်။

သို့ရာတွင် နောင် သုံးနှစ် အကြာ၌ သမ္မတ ဂျွန်ဆင်သည် အန္တ များလှသော ဗီယက်နမ် စစ်ပွဲ ညွှန်ကြီးထဲတွင် နစ်နေစဉ် ခပ်ဖိုင့်ဖိုင့်၊ မျက် တပ်ထားသည့် ဟားဗတ် တက္ကသိုလ်မှ အုပ်ချုပ်ရေးပညာ ပါမောက္ခ ဒေါက် ကစ်ဆင်းဂျားသည် ကာကွယ်ရေး ဝန်ကြီး မက်နာမာရာ၏ ရုံးခန်းသို့ ရော လာခဲ့သည်။ ကစ်ဆင်းဂျားက မိမိသည် လျှို့ဝှက် သတင်းပို့ချက် တစ်ခုကို ဆောင်ကာ ပြင်သစ် အစိုးရ အဆက်အသွယ်များမှ တစ်ဆင့် မြောက် ဗီယ နမ် ခေါင်းဆောင် ဟိုချီမင်းထံသို့ သွားရောက် ပို့ပေးမည်ဟု ကမ်းလှမ်း ပြုသည်။

အမေရိကန် ကာကွယ်ရေး ဌာနသည် သူ့ ကမ်းလှမ်းချက်ကို များ အထင်ကြီးသွားခဲ့သည်။ ထို့နောက် ကစ်ဆင်းဂျား အဖို့ အံ့သြစရာ မ သည့်တိုင် အခြားသူများ အံ့သြလောက်အောင် ကစ်ဆင်းဂျား၏ ကမ်းလှမ်းချ ကို လက်ခံကာ ကစ်ဆင်းဂျားအား မိမိတို့၏ လျှို့ဝှက် သံတမန် အဖြစ် မည်ဟု သဘောတူလိုက်သည်။

ဂျော့ ကဲလားသည် ထိုကိစ္စကို မသိသည့်တိုင် မဟာဗျူဟာ ကျွမ်း





ကစ်ဆင်းဂျား ဘာလုပ်နေကြောင်းကို စကားပြောနေရင်း တစ်စွန်းတစ်စ မိလိုက်သည်။

တစ်ခါသော် သူတို့နှစ်ယောက် အစားအသောက်များ အကြောင်းကို နေကြရင်း ကစ်ဆင်းဂျားက

'အသားမုန့်မှာတော့ ပရွှန်နေးမှာ စားရတာက အကောင်းဆုံးပဲဗျ၊ နေ့ညက ကျုပ် စားခဲ့ရတယ်' ဟု ပြောလိုက်မိသည်။

'ပရွှန်နေး ဆိုတာ ဘယ်မှာလဲ ဒေါက်တာ'

'ဩော် ဟုတ်သားပဲ၊ ပါရီမှာဗျ၊ ကျုပ်က ကျုပ်က ဟိုဒင်း တစ်ခု သွား အဲ လက်ချာ တစ်ခု သွားပေးလို့ ခဏ ရောက်ခဲ့တာ'

သည်လောက် ဆိုလျှင် ဂျော့ ကဲလားကလည်း ရိပ်မိလိုက်ပြီ။ ဒေါက် ကစ်ဆင်းဂျားသည် အမေရိကန် အစိုးရ၏ ကိုယ်စားလှယ် အဖြစ် ဝှက် ဆွေးနွေးပွဲ တစ်ခု သွားတက်နေခြင်း ဖြစ်ကြောင်း ရိပ်မိ၏။

သို့ရာတွင် ဒီမိုကရက် ပါတီ အစိုးရသည် မထင်ရှားသည့် သာမန် ာက္ခ တစ်ဦး၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် ရီပတ်ဗလီကင် ပါတီဘက် ပေးခဲ့သူ တစ်ဦးကို အဘယ်ကြောင့် ရွေးသနည်း ဆိုသည့် အချက်ကို ဂျော့ ား နားမလည်နိုင်။ သူတို့တွင် သူတို့ကိုယ်ပိုင် အဆက်အသွယ်များ မရှိ ပြီလော။ အဘယ်ကြောင့် ကစ်ဆင်းဂျားကိုမှ ရွေးသနည်း။

ကစ်ဆင်းဂျား၏ အခန်းကဏ္ဍသည် ထင်ထင်ရှားရှား ဖြစ်လာသည့် တွင်မှ ဂျော့ ကဲလားသည် ထို မေးခွန်းကို ဖြောင်မေးဖြစ်တော့သည်။

ဆင်းဂျားသည် ပါရီသို့ လျှို့ဝှက် သွားရောက်ကာ ဘာတွေ လုပ်နေ သည်။ ဗီယက်နမ် စစ်ပွဲမှာ အခြေအနေ ဆိုးသည်ထက် ဆိုးနေသည်။ ထို ဒဏ်ရာရသူများထဲတွင် သမ္မတ ဂျွန်ဆင် ကိုယ်တိုင် ပါနေသည်။ ပြည်သူ ကန့်ကွက်မှုများကြောင့် ဂျွန်ဆင်၏ နေရာတွင် သမ္မတ ရွေးကောက် ာမည်။

တစ်နည်း ပြောရလျှင် ဂျွန်ဆင်သည် နစ်ဆန်ကို သမ္မတ အဖြစ် သွဲ င်းပေးရတော့မည်။ သမ္မတ နစ်ဆန် အဖို့သော်မူ သူ့ ရာထူးတွင် တည်မြဲ အတွက် ကစ်ဆင်းဂျားလို အကြံပေး အရာရှိ မလို။ ဗီယက်နမ် စစ်ပွဲကို ိုက်ရုံသာ လိုသည်ကို သိသည်။ ထို့ကြောင့် နစ်ဆန်သည် ဗီယက်နမ် ကို ရပ်စဲပစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျော့ ကဲလားမှာလည်း ရောကဖဲလား၏ လုပ်ငန်းမှ ထွက်လာခဲ့ ကစ်ဆင်းဂျားနှင့် အတူ အိမ်ဖြူတော်သို့ ရောက်လာခဲ့သည်။

ဘရော့ဝေးရှိ ပြဇာတ်များသည် ပထမဆုံး ဇာတ်တိုက်သည့် နေ့တွင် အကော ဆုံး ဖြစ်လေ့ ရှိတတ်သည်။ ထိုနေ့တွင် စာရေးဆရာများကလည်း သူ ပြဇာတ်ကို အစအဆုံး ကြည့်ကြသည်။ တေးသံရှင်များကလည်း အသံ ကြသေး။ ပုံမှန် အသံဖြင့် တေးဆိုကြသည်။

စတူးနှင့် ဒင်နီတို့က နှစ်ယောက်တည်း တီးပြသွားသည့် အခါ ပြဇာတ် ဇာတ်ဆောင်များက သြဘာ လက်ခုပ်တွေ တီးကြသည်။ ဒါရိုက် ဆာ ဂျွန် ရှားလော့က မတ်တတ်ထကာ သူတို့ကို သြဘာပေးသည်။

'ခု တို့ကြည့်ခဲ့ရတဲ့ ပြဇာတ်ဟာ တော်တော် ကောင်းတဲ့ ပြဇာတ် တာ မင်းတို့ အားလုံး တွေ့ကြမှာပဲ၊ တို့ ဇာတ်ဆောင်တွေရဲ့ တာ ပြဇာတ်ရေးဆရာ ရေးထားတာကို သရုပ်ပေါ်အောင် မီအောင် သရုပ် နိုင်ဖို့ပဲ၊ ရှေ့လာမယ့် ပြဇာတ် ကရက်တွေမှာ တို့တစ်တွေဟာ ဒီအချ သတိထားကြရမယ်'

သြဘာလက်ခုပ်တွေ တီးကြသည်။ ဇာတ်ဆောင် တစ်ဦး ဖြစ်သူ မော်စတယ်က ထရပ်သည်။

'ဒီဇာတ်ဟာ ဆရာ အားကြိုးမာန်တက် လုပ်ထားတဲ့ ဇာတ်၊ ခု နှင့် ဒင်နီတို့ရဲ့ တီးလုံးတွေ ဆိုရင်လည်း ဘာမှ ပြောစရာ မရှိဘူး၊ စာရေး ဂျိမ်းဂျိုက်စ်သာ ကြားရင် သင်္ချိုင်းက ပြန်ထလာပြီး ချီးကျူးမယ် ထင်

ပရိသတ်က ထပ်၍ သြဘာ ပေးကြသည်။

ဒါရိုက်တာ ဆာဂျွန်က အမျိုးသမီး ခေါင်းဆောင် ဇာတ်ဆောင်ဘ လှည့်ကာ

'ကဲ မစ္စ ဟယ်မီတန်၊ မင်း ထင်မြင်ချက်ကိုလည်း နည်းနည်း ပြပါဦး'

ခေါင်းဆောင် မင်းသမီး ဟယ်မီတန်က သူ့ ထင်မြင်ချက်ကို သည်။ ဟယ်မီတန်က ဒါရိုက်တာ၏ အစွမ်းကို ချီးကျူးပြီးနောက်

'ကျွန်မ မရှင်းတာ တစ်ခုတော့ မေးချင်တယ်ရှင့်၊ နာမည်





ချင်းရေးဆရာကြီးနှင့် နာမည်ကျော် စန္ဒရားဆရာကြီးကို မေးချင်တာပါ၊ ဇာတ်ထဲမှာ ဘာဖြစ်လို့ ဇာတ်လိုက် မင်းသမီးကို ပွဲသိမ်း သီချင်း အဆိုမခိုင်း ဘာဖြစ်လို့ မင်းသားကို အဆိုခိုင်းတာလဲ'

ဒါရိုက်တာ ဆာဂျွန်သည် မမျှော်လင့်သော စကားကို ကြားလိုက်ရ ဖြင့် အံ့အားသင့်နေသည်။ သို့ရာတွင် အဖွဲ့သားများကမူ အံ့သြခြင်း ဖြစ်ကြ။ သူတို့သည် သီချင်းရေးဆရာများ ဖြစ်သော စတူးနှင့် ဒင်နီတို့၏ ပြေကို စောင့်နေကြသည်။

ဒင်နီက စန္ဒရားမှ ထလာကာ သူတို့ ထိုင်နေသည့် စားပွဲ အနီးသို့ ရောက်လာခဲ့သည်။

'ဒါက ဒီလိုပါ မစ္စ ဟယ်မီတန်၊ ဂျိုက်စ်ရဲ့ မူရင်း ဝတ္ထုမှာ အဓိက လိုချင်တာက စတီဖင်ဟာ သူ ပျောက်နေတဲ့ သူ့အဖေကို လိုက်ရှာနေတယ်၊ လွန်းကလည်း သေသွားတဲ့ သူ့သားကို လိုက်ရှာနေတယ်၊ ဒီတော့ ဇာတ်မှာ တို့နှစ်ယောက်ရဲ့ အခန်းက အဓိက ဖြစ်နေတယ်၊ ဒါကြောင့်မို့ပါ'

'ဒါပေမဲ့ ဝတ္ထုက ဇာတ်လိုက် မင်းသမီး မော်လီရဲ့ တစ်ယောက်တည်း ပြောခန်းနှင့် ဆုံးထားတယ် မဟုတ်လား၊ ဒီတော့ ဆရာတို့က ဇာတ်လိုက် သားကို ဦးစားပေးချင်တာနှင့် ဂန္ထဝင် ဝတ္ထုကြီးထဲက ဇာတ်လမ်း ပြောင်းထား ဖြစ်မနေပေဘူးလား'

ဇာတ်လိုက် မင်းသား ဇီးရီး မော်စတယ်က 'သောက်စကား သိပ်များ ပဲ' ဟု လှမ်းပြောသည်။

'ဒီမှာ ရှင် ဒီလောက် မရိုင်းစိုင်းပါနှင့်၊ ရှင့်ကိုယ် ရှင် ဇာတ်လိုက် သား အကျော်အမော် ဖြစ်ချင်ရင် ကိုယ့်ကိုယ်ကိုယ်လည်း သတိထားပါဦး'

'သောက်စကား သိပ်များတာပဲ' ဟု ဇီးရီး မော်စတယ်က ထပ်ပြော သည်။

ဤတွင် ဒါရိုက်တာ ဆာဂျွန်က ကြားဝင်သည်။

'ကဲ ကဲ မင်းသမီးရော ကျန်တဲ့ ဇာတ်ဆောင်တွေရော ငါ တစ်ခု ပြော တယ်၊ ဝတ္ထုက စာရေးဆရာ ဂျိမ်းဂျိုက်စ်ရဲ့ ဝတ္ထု၊ တို့လည်း ကောင်း င်း ကျွမ်းတာ မဟုတ်ဘူး၊ ဒီတော့ သူ့ ဝတ္ထုကို ဖတ်ပြီး ဆရာတွေ ရဲ့ အာဘော်ကို မီအောင် လုပ်ထားတာ၊ မင်းအဖို့လည်း ရှေ့မှာ သီချင်း င်းကောင်း တစ်ပုဒ် ထည့်ပေးထားပြီပဲ၊ ခု မင်းသားရဲ့ အဆို နောက် မှာ ထည့်ထားတာကတော့ ပြဇာတ် အနေနှင့် ကောင်းအောင် နည်းနည်းပါးပါး



www.burmeseclassic.com

www.burmeseclassic.com



ပြုပြင်ပြီး ထည့်ထားတာ၊ ဒီလောက်တော့ အနုပညာရှင်တွေမှာ လွတ်လပ်
ရှိတယ်’

‘ဘာပဲပြောပြော ကျွန်မ အနေနှင့်တော့ ကန့်လန့်ကာ ရှေ့မှာ ပ
သီချင်း တစ်ပုဒ်လောက်တော့ ဆိုချင်တယ် ရှင်၊ တကယ်တော့ ဒီပြဇာတ်
လာကြည့်တာ ဘယ်သူ့ကို ကြည့်ချင်လို့ လာကြတယ် မှတ်သလဲ’

‘အင်း၊ မင်းသားကို ကြည့်ချင်လို့ လာတာပေါ့ကွ’ ဟု ဓိုးရိုး
စတယ်က ဖြေသည်။

ဤတွင် မင်းသမီးက မင်းသားဘက်သို့ လှည့်ပြီး ‘သောက်ကြွား’
လှည့်ပြောသည်။

သို့ဖြင့် ဇာတ်တိုက်ခြင်း အစပြုလေပြီ။

နောက် သီတင်း ခြောက်ပတ် အကြာတွင် သူတို့ ပြဇာတ်အဖွဲ့သည်
စတန်သို့ မသွားမီ နယူးယော့တွင် စင်တင်သည်။ ဝါးဒေါ၏ အဆိုအရ
ကြည့်ကြသည့် ပညာရှင်များက ချီးကျူးကြကြောင်း၊ အထူးသဖြင့် ပြဇာ
ဆုံးခါနီးတွင် စုံတွဲ သီချင်း ထည့်ပေးသည်ကို သဘောကျကြကြောင်းဖြင့်
ပြသည်။

ဒင်နီနှင့် စတူးတို့သည် တစ်ယောက်ကို တစ်ယောက် ဝမ်းသာအား
ပွေ့ဖက်မိကြသည်။

ထိုနှစ် မတ်လတွင် ကျင်းပသည့် တိုနီ ပြဇာတ် အကယ်ဒမီပေးသ
အခမ်းအနားတွင် ဒင်နီ ရေးသည့် ‘မင်ဟတ်တန် ခရီးရှည်’ သီချင်းသည်
နှစ် အတွက် အကောင်းဆုံး သီချင်းဆု ချီးမြှင့်ခြင်း ခံရသည်။ စတူး၏ ပြဇာ
လည်း အကောင်းဆုံး ပြဇာတ် အဖြစ် ချီးမြှင့်ခံရသည်။

နောက်မျှား မကြာမီတွင် ဒင်နီ၏ ရုပ်ပုံသည် တိုင်းမဂ္ဂဇင်း မျက်နှာ
တွင် ဖော်ပြခြင်း ခံရသည်။

### အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

မေ ၁၅၊ ၁၉

ငါက နယူးယော့မှာ ရှိတဲ့ ဟားဗတ် တက္ကသိုလ် ကလပ်မှာ နေသူ



လေတော့ ဘွဲ့ရပြီး ဆယ်နှစ်အတွင်း ငါတို့ အတန်းသားတွေ ဘာတွေ
ဖြစ်နေတယ်၊ ဘယ် အလုပ်တွေကို လုပ်နေကြတယ် ဆိုတဲ့ အကြောင်းကို
မှတ်တမ်းတင် ထားတဲ့ ‘ဆယ်နှစ်ပတ်လည် အစီရင်ခံစာ’ ကို ငါ
ပထမဆုံး ဖတ်ရတယ်လို့ ထင်တယ်။

ကိုယ့် အတ္ထုပ္ပတ္တိကို ရေးပြီး သတင်းပို့ကြတဲ့ အထဲမှာ သိပ်
အောင်မြင်နေတဲ့ လူတွေထက် သိပ်မအောင်မြင်တဲ့ လူတွေက အတ္ထုပ္ပတ္တိ
ကို လန်ဘား ကျောက်တားတွေ ရေးလေ့ ရှိတာကို သတိပြုမိရဲ့။

တစ်ယောက်က ဆိုရင် သူ စစ်တပ်ထဲ ဝင်တာကို အရှည်ကြီး
ရေးထားပြီး ဘယ်လို မိန်းမမျိုးကို ရတဲ့ အကြောင်း၊ ကလေး ဘယ်
နှယောက် ရှိတဲ့ အကြောင်း၊ အဲဒီ ကလေးတွေက ကိုယ်အလေးချိန်
ဘယ်နှပေါင် ရှိတဲ့ အကြောင်း၊ သူ့အဖေရဲ့ ဖိနပ်စက်ရုံ လုပ်ငန်းဟာ
ဘယ်လောက် အောင်မြင်တဲ့ အကြောင်း၊ နယူး အင်္ဂလန် ပြည်နယ်က
နေပြီး ပွေတိုရီကိုကို ပြောင်းဖွင့်မယ့် အကြောင်း၊ နောင်မှာ ဆိုရင်
အရှေ့ဖျား နိုင်ငံတွေကို သွားဖွင့်မယ့် အကြောင်း… အရှည်ကြီးပဲ။

အဲ သူ့ မိန်းမနှင့် ကွာရှင်းတဲ့ အကြောင်းကျတော့ တိုတိုကလေးပဲ
ရေးထားတယ်။ ကြည့်ရတာကတော့ ကိုယ့် စိတ်ပျက် အားငယ်မှုကို
စကားလုံးနှင့် ဖုံးကွယ်ထားတာ ထင်ပါရဲ့။ နောက်ဆုံးတော့ ‘ဖိနပ်ဟာ
ကိုယ်နှင့် တော်ရင် စီးရမယ်’ တဲ့။ ဒါဟာ ဘဝ အဘိဓမ္မာတဲ့။ အင်း
ဖိနပ်သည် သားရယ်လို့ မပြောရဘူး။

အတိုချုပ် ပြောရရင်တော့ စာမျက်နှာ လေးမျက်နှာ ရှိတဲ့ သူ့
အကြောင်းဟာ ဘယ်လို အောင်မြင်စွာ ကျဆုံးရမလဲ ဆိုတာကို
ပြောထားတဲ့ အကြောင်းပါပဲ။

ဒင်နီရဲ့ အတ္ထုပ္ပတ္တိမှာတော့ သူ အိမ်ထောင်ကျတဲ့ နှစ်၊ သူ့သမီး
မွေးတဲ့ နှစ်၊ သူ ရေးတဲ့ သီချင်းတွေနှင့် သူ ဆုရတဲ့ နှစ်တွေကို ဖော်ပြ
ထားတယ်။ ဒီလောက်ပဲ ပါတယ်။

လင်းဗရိုစ်ရဲ့ အတ္ထုပ္ပတ္တိကလည်း လိုရင်းလောက်ပါပဲ။ သူနှင့်
သူ့ ဇနီး ဆာရာတို့ဟာ ဟားဗတ်မှာပဲ နေတဲ့ အကြောင်း၊ သူ့ရဲ့
ဆိုဖိုကလီးနှင့် ပတ်သက်တဲ့ ကျမ်းကို ဝေဖန်ရေးဆရာတို့က ချီးကျူး
ကြကြောင်း၊ မကြာခင်မှာ ကင်တာဘာရီ ကောလိပ်ကို ပြောင်းရွှေ့ပြီး
အမှုထမ်းမယ့် အကြောင်းတို့လောက်ပဲ ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဂျေဆန်နှင့် ဂျော့ ကဲလားတို့ကတော့ သူတို့ အတ္ထုပ္ပတ္တိကို မပို့ကြဘူး။ ဂျေဆန်ကတော့ အစ္စရေးမှာ အလုပ်တွေ များပြီး အ... ပြတ်နေလို့ ရေးမပို့နိုင်တာ။ ဒါကို ကိုယ် ကောင်းကောင်းသိတ...

ဂျော့ ကဲလားကတော့ တစ်ဖက်သားကို သံသယ ဖြစ်တတ်... ရောဂါ ရှိတယ်။ သူ့အကြောင်းကို သိပ်ပြောချင်ပုံ မရဘူး။ ကျောင်းတ... ကဆို မနည်း အစ်အောက်မေးမှ နည်းနည်းပါးပါး ပြောပြတယ်။

ငါ့ ရာဇဝင် အကျဉ်းချုပ်ကတော့ အမှန်အတိုင်း ရေးထားတာ... ကြွားတာလည်း မပါ။ ပိုတာလည်း မပါ။ ဖုံးကွယ်တာလည်း မ...

ငါ ရေတပ်ထဲကို နှစ်နှစ် ဝင်ပြီးတဲ့ အကြောင်းကို ဝါကျ တ... တည်းနှင့် ရေးထားတယ်။ တပ်ထဲ ဝင်ရတာကို ဂုဏ်ယူပြီး မ... ဘူး။ ဘဏ်တိုက်မှာ အလုပ် ခုနစ်နှစ် လုပ်ပြီးတဲ့နောက် ဘဏ်... ဒုတိယ ဥက္ကဋ္ဌ ဖြစ်လာတာကို ရေးတယ်။

ပြီးတော့ ကိုယ့်ဘဝမှာ အပျော်ဆုံးက ကိုယ့် သားသမီး... ကြီးပြင်း လူလားမြောက်အောင် ပြုစု ပျိုးထောင်ရတာပဲလို့ ရေးတ... အကြီးဆုံး စိတ်ပျက်မှုကတော့ ကိုယ့် အိမ်ထောင်ရေး ပြိုကွဲသွားတာ...

လူတွေကလည်း ကိုယ့်ရာဇဝင် အကျဉ်းကို ဂရုစိုက် ဖတ်ကြ... မဟုတ်ပါဘူး။ ဒါပေမဲ့ ရေးသင့်သလောက်ကိုတော့ ကုန်အောင် ... လိုက်ပါတယ်။

ပြီးတော့ ကိုယ်ဟာ ဘဏ်လုပ်ငန်းမှာ အောင်မြင်တဲ့ လုပ်ငန်း... တစ်ယောက် မဟုတ်သေးဘူး ဆိုတာကိုတော့ ဖော်ပြခြင်း မပြု... ဘူး။

ကိုယ် မဖော်ပြတာ တစ်ခု ရှိသေးတယ်။ ပထမ ရိပ်သာ လမ်း... ကြီးပေါ်မှာ ကိုယ်တို့လို အောင်မြင်တဲ့ လူငယ် လုပ်ငန်းရှင်... အတွက် မိန်းမ ချောချော သန့်သန့်ကလေးတွေ ရနိုင်တဲ့ နေရာ... မှိုပေါက်သလို ပေါ်နေတယ်။ ဒါပေမဲ့ ကိုယ့်အဖို့တော့ အထီးကျန်... ဖြစ်နေဆဲပဲ။ ဒီအကြောင်းကိုလည်း ကိုယ့်အတ္ထုပ္ပတ္တိထဲမှာ မဖော်... လိုက်ဘူး။

သီတင်းပတ် ကုန်တိုင်း ကိုယ့်ကလေးတွေနှင့် ဆက်သွယ်ဖို့ ကြ... စား ကြည့်တယ်။ (အင်ဒီက ၇ နှစ်၊ လစ်ဇီက ၄ နှစ်။) ဒါပေ... မအောင်မြင်ပါဘူး။ ကိုယ့် ဇနီးသည် ဖေ့ဟာ အရင်တုန်းက ယောက်...



တွေနှင့် အပျော် ကျူးခဲ့သလောက် ခုတော့ အရက်ကိုချည်း ဖိသောက်နေတယ်။ သူ့ မျက်နှာကို ကြည့်လိုက်ရင် သိတယ်။ အဲ မမူးတဲ့ အချိန်ဆိုလို့ တစ်ချိန်ပဲ ရှိတယ်။ အဲဒါကတော့ ကလေးတွေကို ကိုယ့်အကြောင်း မကောင်းပြောတဲ့ အချိန်ပဲ။ ကိုယ့်မှာလည်း သူ ပြောသမျှကို နားမထောင်အောင် ရှင်းပြဖို့ အချိန်မရဘူး။ ခနနေ့ အားလပ်ချိန် နှစ်နာရီကလေး အတွင်းမှာပဲ သူ မဟုတ်တရုတ် ပြောတာတွေကို ကလေးတွေ နားမထောင်အောင် ရှင်းပြချိန် ရတယ်။

ကိုယ့်မှာ အပျင်းဖြေစရာ ဆိုလို့ ဟားဗတ်က မိတ်ဆွေတွေနှင့် ဟားဗတ် ကလပ်ပဲ ရှိတယ်။ ၅၁ လမ်းက မိုးထိ တိုက်ကြီးရဲ့ အမိုးပေါ်မှာ ရဟတ်ယာဉ် ဆင်းဖို့ ကွင်း တစ်ခု ဝယ်ထားလိုက်ပေမယ့် အများအားဖြင့်တော့ ဟားဗတ် ကလပ်မှာပဲ အပေါင်းအသင်းတွေနှင့် ဘောလုံးပျော့ ရိုက်ရင်း အချိန် ကုန်ရတာပဲ။ ရှေ့နှစ်မှာ တက္ကသိုလ် ကောင်စီ လူကြီး အရွေးခံဖို့တော့ စိတ်ကူးထားတယ်။ ဒီလို အရွေးခံရရင် ဟားဗတ်ကို သွားလည်စရာ အကြောင်းပြချက်လည်း အလိုလို ရသွားတာပေါ့။

အတိုချုပ် ပြောရရင်တော့ ငါလည်း ဖိနပ်သည် သားလိုပါပဲ။ သိပ် ပျော်လှတယ် မဟုတ်ပါဘူး။ သူ့ထက် သာတာကတော့ ငါက ငါ မပျော်တာကို သူ့ထက် ဖုံးထားနိုင်တာ တစ်ခုပါပဲ။

...င်းဇရိုစ်သည် ကင်တာဘာရီ ကောလိပ်တွင် သူ့ဘဝသစ်ကို ပျော်အောင် ...ဖန်နေသည်။ ၁၉၆၈ ခုနှစ် နွေရာသီ တစ်ခုလုံး ကျောင်းဖွင့်လျှင် စာပို့ချနိုင် ... သူ့ မှတ်စု စာအုပ်များကို ပြန်ကြည့်သည်။ ထို့ပြင် သူ့ ဝါသနာ အတိုင်း ...င်းနစ် လေ့ကျင့်ခန်းကို စစ်သည်တော် တင်းနစ်ကွင်းသို့ သွား၍ ကျင့်...သည်။

ကောလိပ်ကျောင်းက ငှားသည့် ခပ်အိုအို အိမ်ကလေးတွင် သူတို့ ...ညည်းများကို နေရာ ချနေကြရင်း ဆာရာက မေးသည်။

'မောင် ဇန်တင်းကို အနိုင် ရိုက်ရင်တော့ မောင့်ကို ...က ဘယ်သော့ ... ခဲပေးမှာ မဟုတ်ဘူး ထင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ၊ တင်းနစ် ချန်ပီယံ ဗန်တင်းကို ပြောတာလား၊ သူ့ကို အ မရိုက်ပါဘူးကွာ၊ သူက ကိုယ်နှင့် တွဲရိုက်မယ့် ပါတနာလောက် သဘော ရင်ကို တော်ပါပြီ'

တင်းနစ်တွင် မနိုင်သည်က အရေးမကြီး။ ထို့ထက် အရေးကြီး ကိစ္စတွေ ရှိသေးသည်။ ကင်တာဘာရီ ကောလိပ်တွင် သူ့ထက် စော၍ နေသော ဂရိ ဂန္ထဝင် ပါရဂူ သုံးယောက် ရှေ့က ရှိနေသည်။ သူတို့ ဓနီး များကလည်း ပေါက်ပေါက်ရောက်ရောက် ရှိသည်။

ထုံးစံအရ သူတို့ သုံးစုံတွဲနှင့် ညစာ သီးခြား စားရဦးမည်။ တစ်ဦး ဖြစ်သည့် ဒန်းစတားက သူ့ကို စတင်၍ ထမင်းစားဖိတ်သည်။ စတား၏ လက်ရှိ ဓနီးမှာ ဒုတိယမြောက် ဓနီး ဖြစ်သည်။ ထိုဓနီးသည် နောက်ဆုံး ဓနီး မဟုတ်နိုင်သေးကြောင်းကိုလည်း အရိပ်နိမိတ်တွေ သည်။ ဆာရာကိုပင် ရိသဲ့သဲ့တွေ ပြောလိုက်သေးသည်။

'လူကြီးက ဘာရယ်လို့ ဟုတ်မထင်ပါဘူး၊ ဝါသနာနှင့် ထင်ပါရဲ့' အပြန်တွင် ဆာရာက လင်းဗရိုစ်ကို ပြောသည်။

လင်းဗရိုစ်က သူ့လက်ကို လှမ်းကိုင်ပြီး

'သုံးယောက် ရှိသွားပြီနော်' ဟု နောက်သည်။

နောက် သူတို့ကို ညစာစား ဖိတ်သည့် စုံတွဲမှာ ဂရိသမိုင်းဆရာ ဒရစ်ဆန်နှင့် ဓနီး အေမီလီယာ ဖြစ်သည်။ သူတို့နှစ်ဦးမှာ စိတ်သဘော တူသည်ဟု ဆိုရမည်။ အကြိုက်ချင်းလည်း တူသည်။ သူတို့ နှစ်ယောက် တောင်တက် ဝါသနာပါသည်။ လူတိုင်း သမိုင်းကို စိတ်ဝင်စားကြသည် လည်း အထင်ရောက်နေကြသူများ ဖြစ်သည်။

'ဟုတ်တော့လည်း ဟုတ်တာပေါ့လေ၊ အမှန်ကတော့ သမိုင်းက ဝင် စာပေတွေရဲ့ အခြေခံ မဟုတ်လား' ဟု ဆာရာက ပြောသည်။

သမိုင်း ဆရာက မကျေနပ်သေးဘဲ

'အခြေခံတင် မဟုတ်ဘူး ဆာရာ၊ အဆောက်အအုံ တစ်ခုလုံး ပါတ စာပေဟာ ကောင်းပါတယ်၊ ဒါပေမဲ့ ဖတ်လည်းပြီးရော ဘာ ကျန်ရစ်ခဲ့သ သမိုင်းကတော့ အချက်အလက်တွေ ကျန်ခဲ့တယ်'

'ဟုတ်တာပေါ့' ဟု စာပေပါရဂူ ဖြစ်သည့် လင်းဗရိုစ်က ဆိုသ သူ့မာနကိုမူ မနည်း မျိုသိပ်ထားရ၏။





ရာသည် စွပ်ပြုတ်နှင့် ဆင်းဒွစ်တို့ ပါသော နေ့လယ်စာကို မကြာခဏ စား င်း ဘန်တင်း၏ ဓနီး ဒေါ်တီနှင့် ခင်မင် ရင်းနှီးလာခဲ့သည်။

ဒေါ်တီမှာ သူ့ကိုယ် သူ အပေါင်းအသင်းဆုံ့သူဟု ယူဆသူ ဖြစ်သည်။ တီသည် ကင်တာဘာရီ ကောလိပ်ရှိ ဆရာများ၏ ဓနီးများကို အစု နှစ်စု ခွဲခြား ဆက်ဆံသည်။ တစ်စုမှာ အဆင့်အတန်း ရှိသူများ ဖြစ်ပြီး ကျန်တစ်စုမှာ အဆင့်အတန်း မရှိသူများ ဖြစ်သည်။ ထိုအထဲတွင် ဆာရာ အဆင့်အတန်း ရှိသူဟု သူ သတ်မှတ်သည်။ ထို့ကြောင့် ပြောစရာရှိလျှင် င့်လင်းလင်း ပြောသည်။ စိတ်တူ ကိုယ်တူ အဖြစ် သဘောထားသည်။

မတူသည်မှာ သူတို့ နှစ်ယောက်၏ အိမ်ထောင်ရေး ဖြစ်သည်။

'ဆာရာ ကိုယ့်ကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ၊ ဘာဖြစ်လို့ ဂရိ တစ် ာက်ကို လက်ထပ်တာလဲ ဟင်'

ဆာရာက ဂရိများသည် အသားညိုသည့်တိုင် ဥရောပတိုက်သားများသာ ကြောင်း၊ ယောကျ်ား ဟူသည်မှာ အတူတူသာ ဖြစ်ကြောင်းဖြင့် ပြောသည်။

'အံမယ်၊ ဒီလိုဆိုတော့ ဆာရာက ယောကျ်ားတွေ အကြောင်း ဘယ် ာက်များ သိဖူးလို့လဲ'

'သိလို့တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ သူတို့မှာ ဒီ လက်နက်ပဲ ရှိတာပဲ တ်လား'

ဒေါ်တီ၏ မျက်နှာသည် ရဲသွား၏။

ဆာရာက စကားလမ်းကြောင်းလွှဲကာ ကင်တာဘာရီက အဆင့်အတန်း သာ ကလေးများ အတွက် မည်သည့် သွားဆရာဝန် ကောင်းကြောင်းကို သည်။

င်တာဘာရီ ကောလိပ်တွင် ဆရာတွေ၊ ဆရာကတော်တွေလည်း ပေါင်းလို့ င်းလို့ ကောင်းသည်။ သို့ဖြင့် လင်းဗရိုစ်သည် ကင်တာဘာရီ ကောလိပ်တွင် သားကျလာကာ ပျော်စပြုလာသည်။ ဆာရာမှာလည်း ကျေးတော မြို့ လေးတွင် နေရသည်ကို ပျော်လာကာ စီးလီးယား ပိဋကတ်တိုက်မှ ဂန္ထဝင် များနှင့် ပျော်မွေ့နေလေသည်။ ထို့ပြင် နောက်ဆုံး ရောက်လာသည့် င်းများကိုလည်း အမြီးပြန် ခေါင်းပြန် ဖတ်ကာ ဥရောပတွင် ဖြစ်ပျက် သည့် သတင်းများကို ညစာ စားရင်း လင်းဗရိုစ်ကို ပြောပြတတ်သည်။

ကျောင်းသားတွေကလည်း ပညာ ယူရာတွင် စိတ်အား ထက်သန်ကြ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သူကလည်း ကျောင်းသားတွေကို စိတ်အား ထက်သန်စွာ ကြိုး
သင်သည်။ ဂရိ ပြဇာတ်တွေကို သင်သည့် နေ့များတွင် ဆိုလျှင် သူ့ အတ
တွင် ကျောင်းသားတွေ ပြည့်နေသဖြင့် လင်းဗရိစ် ကျေနပ်နေသည်။

လင်းဗရိစ် တစ်ယောက် စာကို ကြိုးစားပမ်းစား သင်သည့် သတ
သည် ဂန္ထဝင် စာပေ ဌာနမှူးထံသို့ ရောက်လာသည်။ ဌာနမှူးက လင်းဗ
အား နောက်ထပ် ခန့်ထားရေးနှင့် ပတ်သက်၍ ဂန္ထဝင်ဌာနမှ ဆရာမျာ
ထင်မြင်ချက်များကို တီးခေါက်ကြည့်ရန် အချိန်ရောက်ပြီဟု ယူဆသည်။
ဂန္ထဝင်၊ လက်တင် ဂန္ထဝင်ကို သင်သည့် ဆရာများ၊ သမိုင်း ဆရာမျာ
ရှေးဟောင်း သုတေသန ဆရာများကပါ ထောက်ခံကြလိမ့်မည်ဟု မျှော်
ထားသည်။

ခရစ် ဂျာစထရီး ဆိုသည့် ကျောင်းသား ချာတိတ်နှင့်သာ ပြဿ
မဖြစ်ခဲ့လျှင် လင်းဗရိစ် အတွက် အစစ အရာရာ ချောမော ပြေပြစ်နေပေလိ
မည်။

တခြားသော အချိန်မျိုးတွင် ဆိုလျှင် လိမ္မော်ရောင် လည်ဟိုက် ဆွယ်တာ
ဝတ်ထားသည့် သန်မာ တောင့်တင်းသော ခရစ် ဂျာစထရီး အိပ်ပျော်နေ
သည် ခြသေ့် တစ်ကောင် နေပူစာ လှုံရင်း အိပ်ပျော်နေသည့်နှယ် မျာ
ကြည့်၍ ကောင်းပေလိမ့်မည်။

ယခုမူ သူ အိပ်ပျော်နေသည်က တခြားအချိန် မဟုတ်၊ လင်းဗရိစ်
စာကို စိတ်ပါ လက်ပါ သင်နေစဉ် အိပ်ပျော်နေခြင်း ဖြစ်သည်။ ထို့ကြော
လင်းဗရိစ် စိတ်တိုသွားသည်။

'ဟေ့ ဂျာစထရီး၊ ထလေကွာ' ဟု လင်းဗရိစ် ပြောသည်။

ဂျာစထရီးသည် လှပသော ခေါင်းကို ထောင်ကာ အိပ်မှုန်စုံမွှား
လင်းဗရိစ်ကို ကြည့်နေသည်။

'ဟုတ်ကဲ့ ဆရာ' ဟု ဂျာစထရီးက တရိုတသေ ပြောရင်း ရှေ့ ခုံတ
ပေါ်တွင် တင်ထားသည့် ခြေထောက်ကို ရုပ်လိုက်၏။

'အင်း အိပ်ပျော်နေတာကို နှောင့်ယှက်ရတဲ့ အတွက် ဆောရီးကွာ
ဆိုစမ်းပါဦး၊ *Voco* ဆိုတဲ့ ကြိယာကို ပစ္စုပ္ပန် အပြုလုပ်ခံ ကြိယာ အဖြစ်
ပြစမ်းပါ'

'ခင်ဗျာ'





'*Voco* ဆိုတဲ့ ကြိယာ လေကွာ၊ ပထမဆုံး သုံးပြရတဲ့ ကြိယာလေ၊
ကို ပစ္စုပ္ပန် အပြုလုပ်ခံ ကြိယာ အဖြစ်'

'ကျွန်တော် ဒီနေ့ သင်တာကို ကောင်းကောင်း မသိလိုက်ဘူး ဆရာ'

'ဒါဖြင့် အရင်တစ်ပတ်ကလည်း မင်း အတန်း မတက်ဘူး ဆိုတာ
နေတာပေါ့၊ အတန်း မတက်ရင်လည်း အဲဒီနေ့က ဘာသင်သလဲ ဆို
လောက်တော့ မေးမြန်းပြီး ပြင်ဆင်လာဖို့ ကောင်းတာပေါ့'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော်'

'ကဲ ဒီလိုဆိုရင် ညနေ လေးနာရီ ငါးနာရီ ကြားမှာ ငါ့ရုံးခန်းကို လာ

'ကျွန်တော် လာနိုင်မှာ မဟုတ်ဘူး ထင်တယ် ဆရာ၊ ညနေမှာ ဘော
လေ့ကျင့်စရာ ရှိနေတယ်'

သူ့ အသံက ယဉ်ယဉ်ကျေးကျေးပင်။

'ဒါတွေ ငါ နားမလည်ဘူးကွာ၊ မင်းဘာသာ မင်း အမေရိကန် ပြည်
င်စု သမ္မတကြီးနှင့် ချိန်းထားထား၊ ဒါတွေ ငါ့အလုပ် မဟုတ်ဘူး၊ ညနေ
နာရီနှင့် ငါးနာရီကြားမှာသာ ရုံးခန်းကို လာခဲ့ပါ၊ မလာရင် မင်း တာဝန်

သင်တန်းဆင်းရန် နောက်ထပ် ဆယ်မိနစ် လိုသေးသည်။ သို့ရာတွင်
ရိစ်သည် စာကို ဆက် မသင်နိုင်တော့ဘဲ အတန်းကို လွှတ်ပေးလိုက်

ကျောင်းသားများသည် ဆရာ စိတ်ဆိုးနေပြီကို သတိပြုမိသဖြင့် တိတ်
တန်းစီ၍ ရှေ့တန်းသို့ ထွက်လာခဲ့ကြကာ တံခါးပေါက်ဆီသို့ သွား
သည်။ လင်းဗရိစ်၏ စားပွဲအနီးသို့ အရောက်တွင် ဟားမင်း ဆိုသည့်
သား တစ်ယောက်က ရပ်တန့်ကာ တောင်းပန်သည့် လေသံဖြင့်

'ကျွန်တော့်ကို ခွင့်လွှတ်ပါ ဆရာ၊ ဆရာ့ကို စကား နည်းနည်း ပြော

'ပြောပါ၊ မင်း ဘာပြောချင်လို့လဲ၊ ဂျာစထရီး အကြောင်းတော့ မပြော

'သူ့အကြောင်းကိုပဲ ပြောမလို့ပါ ဆရာ၊ ဂျာစထရီး ဆိုတာ ဘယ်သူလဲ
ဆရာ မသိဘူး ထင်ပါတယ် ဆရာ'

'ကျောင်းက ထုတ်တဲ့ သတင်းစာကို ဖတ်တာ၊ သူက ကျောင်း ဘော

www.burmeseclassic.com

www.burmeseclassic.com



လုံး အသင်း အလယ်တန်းက ကစားတာ မဟုတ်လား၊ မတတ်နိုင်ဘူး
ကျောင်းစာကို မလုပ်ရင် ထုံးစံအတိုင်း လုပ်ရမှာပဲ'

'ဆရာ့ကိုတော့ လေးစားပါတယ် ဆရာ၊ ဒါပေမဲ့ ကျောင်းမှာ
မရှိရင် ကောလိပ် ကျောင်းပေါင်းစုံ ဘောပွဲမှာ ကျွန်တော်တို့ ဘယ်တော့
နိုင်မှာ မဟုတ်ဘူး ဆရာ'

ဟားမင်းက ခပ်ပြတ်ပြတ်ပြောကာ အတန်းထဲမှ ချာခနဲ လှည့်
သွားသည်။

လင်းဗရိုစ်သည် ကင်တာဘာရီ ကောလိပ်ကျောင်း ရုံးခန်းတွင် ညနေ
နာရီမှ ငါးနာရီခွဲ အထိ ထိုင်စောင့်နေသည်။ အချို့ ကျောင်းသားများက
ရောက်လာကာ အတန်းထဲတုန်းက မရှင်းသည့် သင်ခန်းစာများကို လာ
ကြ၏။ အချို့ကလည်း ဆရာနှင့် ရင်းနှီးရန် လာကြသည်။

သို့ရာတွင် ဂျာစထရိုး ပေါ်မလာ။

လင်းဗရိုစ်သည် ဟားဗတ် တက္ကသိုလ် အပေါ်အင်္ကျီနှင့် လည်စည်း
ဝတ်လိုက်ပြီးနောက် အခန်းပြင်ဘက်သို့ ထွက်လာခဲ့သည်။ ဂန္ထဝင် ဌာန
ခန်းမှာ မပိတ်သေး။ စာရေးမကလေး လီယိုနာသည် လက်နှိပ်စက် တချောက်
ချောက် ရိုက်နေဆဲပင် ရှိသေးသည်။

လင်းဗရိုစ်က အခန်းထဲသို့ ခေါင်းပြူ ကြည့်လိုက်ရင်း

'လီယိုနာရေ၊ ဆရာ့ဖို့ စာလေး တစ်စောင် ရိုက်မပေးနိုင်ဘူးလား'

'ရပါတယ် ဆရာ' ဟု ဆိုကာ လီယိုနာက စက္ကူ အသစ် တစ်
ကို လက်နှိပ်စက်ထဲသို့ ထိုးထည့်လိုက်သည်။

'ဘာ ရိုက်ရမလဲ ဆရာ'

'အေး၊ ရိုက်၊ သို့ မဟာဌာနမှူး၊ အနုစာပေ ဌာန၊ ၁၉၆၉ ခုနှစ်
သား ဂျာစထရိုးသည် အလယ်တန်း လက်တင်ဘာသာတွင် ကျ
ရှိပါသည်၊ စာသင်ခန်းထဲတွင် သူ ပြုမူ နေထိုင်ပုံမှာ ပမာမခန့် ဖြစ်
မထိမ့်မြင် ပြုသည့် သဘောကို ဆောင်နေပါသည်၊ ထိုအတိုင်း ဆိုလျှ
လယ် သင်တန်းများတွင် သူ့အား ကျောင်းဆက်လက် တက်ခွင့် ပြု
နိုင်ဖွယ် မရှိတော့ပါ၊ သင်၏ စသည် စသည် ပေါ့ကွာ'

လင်းဗရိုစ်သည် ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ထိုစာ
များ တောက်လျှောက် ရွတ်ပြသွားသည်။ မော်ကြည့်လိုက်သည့် အခ





မ်းမသာ ဖြစ်နေဟန် တူသော စာရေးမကလေးကို တွေ့ရသည်။

'သူ့အကြောင်းကို ကျွန်မလည်း သိပါတယ် ဆရာ၊ ဒါပေမဲ့ ခေါ်
က အိုင်ဗီနွယ် ကောလိပ်တွေ ပြိုင်ပွဲမှာ ကျွန်မတို့ ကောလိပ် အနေနှင့်
နိုကို ထိန်းထားရမယ် ထင်ပါတယ် ဆရာ'

ဂျာစထရိုး၏ ကိစ္စတွင် စာရေးမကလေးကို မပါစေချင်။

'ဟုတ်ပြီလေ၊ ဆရာ နားလည်ပါတယ်၊ ပေး ပေး၊ စာကို ဆရာကိုယ်
ဌာနမှူးဆီကို ယူသွားမယ်'

နောက်တစ်နေ့တွင် လင်းဗရိုစ်၏ သင်တန်းများ မရှိ။ ထို့ကြောင့် စာ
ကြည့်တိုက်သို့ သွားကာ သူ့ သုတေသန လုပ်ငန်း အတွက် စာအုပ်များ၊
မ်းကိုးများကို လိုက်ရှာနေသည်။

စာကြည့်တိုက်ထဲတွင် ရှစ်နာရီလုံးလုံး ရေးမှတ်ပြီးနောက် သီတင်း
တ်ကုန် လေ့လာနိုင်ရန် အချို့ ဂျာနယ်များကို ငှားပြီး ပြန်လာခဲ့သည်။

ဘာကြောင့်မှန်း မသိ။ ကင်တာဘာရီ ကောလိပ် တောင်ကုန်းသို့
ရောက်သည့်အခါတွင် သူတို့ ဌာနဘက်သို့ လှမ်းကြည့်မိသည်။ သူ့အတွက်
တို့ ဘာတို့များ ရောက်နေမလား မသိ။ ဝင်ယူရန် သူ စိတ်ကူးရသည်။

အလုပ်ကိစ္စနှင့် ပတ်သက်သော စာများအပြင် လက်ရေးနှင့် ရေးထား
သည့် စာတစ်စောင်ကို တွေ့ရသည်။ စာမှာ ကောလိပ် အားကစား ပညာ
ဌာနမှ စာဖြစ်သည်။

ဆရာ ခင်ဗျား။

ဖြစ်နိုင်ပါက ကျွန်တော်နှင့် အမြန်ဆုံး လာတွေ့စေလိုပါသည်။
ကျွန်တော့် ရုံးခန်းတွင် ခုနစ်နာရီခွဲ အထိ ရှိပါသည်။

သင့်မိတ်ဆွေ
ဘီဂျီလို
(ဘောလုံး နည်းပြချုပ်)

ဤသို့ ဖြစ်လိမ့်မည်ကို သူ မျှော်လင့်ပြီးသား။ လင်းဗရိုစ်သည် နာရီ
ငုံ့ကြည့်လိုက်၏။ ဟိတ်ဟန် များလှသော ဘောလုံး နည်းပြချုပ်ကို သွား
တွေ့ဖို့ အချိန် ရှိသေးသည်။ လင်းဗရိုစ်သည် အားကစားရုံဆီသို့ လာခဲ့သည်။

ဘီဂျီလို၏ စားပွဲပေါ်တွင် ကောလိပ်မှ ရသည့် အားကစားဆု အုပ်များ
တန်း တင်ထားသည်။ ဘီဂျီလို၏ ကြမ်းတမ်း ကြံ့ခိုင်သော အသားအပေါ်က်



www.burmeseclassic.com

www.burmeseclassic.com



သည် ထိုရုပ်တုများ ထုရန် ထားသည့် နမူနာလို အောက်မေ့ရသည်။

'ဆရာရဲ့ လက်တင် ဘာသာ သင်တန်းမှာ ကျွန်တော်တို့ ကောင်း ဂျာစထရီး မလိုက်နိုင်ဘူး ဆိုတာ ကျွန်တော် သိပါတယ် ဆရာ၊ ခုလို မှာ ကျွန်တော်တို့ ကျောင်းက အားကစားသမားလေးတွေ တော်တော် ကြိုး နေရတယ် ဆိုတာ ဆရာ သဘောမပေါက်သေးဘူး ထင်တယ်'

'ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ဒါ ကျွန်တော့်ကိစ္စ မဟုတ်ဘူး ဒီလိုဆိုရင်လည်း သူ့အနေနှင့် လက်တင် ဘာသာကို ဘာဖြစ်လို့ ယူခဲ့ သလဲ၊ မယူခဲ့နှင့်ပေါ့'

'ဒါတော့ ကောလိပ်တွေရဲ့ ထုံးစံကို ဆရာလည်း သိသားပဲ ဆရာ ကျောင်းသား တစ်ယောက်ဟာ နိုင်ငံခြားဘာသာ တစ်ခုခုကိုတော့ ယူရ မဟုတ်လား'

'ဒီလိုဆိုရင်လည်း လက်တင်ဘာသာ မယူနှင့်ပေါ့၊ ခင်ဗျားရဲ့ အ တန့်တဲ့ အလယ်တန်း ဘောသမားက ဒီလိုခက်တဲ့ ရှေးဟောင်း ဘာသာကို ယူတာကိုး၊ တခြား ခေတ်သစ် နိုင်ငံခြားဘာသာတွေ ပြည့်လို့၊ ခုတော့ အ တွေထက် နှစ်ဆလောက် ခက်တဲ့ လက်တင်ဘာသာကို လာယူတာကိုး'

'ဒါကတော့ဗျာ၊ ဆရာကောင်းရင် ဘယ်ဘာသာ ဖြစ်ဖြစ် မခက်ပါဘူ ဟု ဘီဂျီလိုက ပြောသည်။

'ဘာဗျ'

'အမှန်ကတော့ ခင်ဗျားရဲ့ ဂန္ထဝင်ယူတဲ့ ကျောင်းသားတွေလည်း လောက် တော်တာ မဟုတ်ပါဘူး၊ ခင်ဗျားတို့ ဌာနက ဆရာတွေဟာ အ အားဖြင့် လူတော်တွေချည်းပဲ၊ ဆရာ ဒန်းစတား ဆိုရင် ဘာမှ ပြောစရာ ဘူး၊ ကျောင်းစာလည်း အပြကောင်းတယ်၊ ကျောင်းသားတွေကိုလည်း လည်တယ်၊ သူ့အတန်းက ကျောင်းသားတွေဟာ ကျွန်တော်တို့ ဘောလုံးအသင် မှာ ပါတာပဲ'

'ခင်ဗျားပြောတာ နည်းနည်း လွန်ပြီ ထင်တယ်ဗျာ'

'ဒီလိုဆို တစ်နည်း ပြောမယ်ဗျာ၊ ခင်ဗျားတို့ ဌာနက ကျောင်းသာ တွေ လက်တင်ဘာသာ တော်စေချင်ရင် ဆရာ ကောင်းကောင်းတွေကို ထ ငှားပါ'

'ဒါကတော့ ခင်ဗျား စော်ကားတာပဲ'

'မစော်ကားပါဘူး၊ ကျွန်တော် ပြောတာက ရှင်းရှင်းကလေးပဲ'





'ဘာ မစော်ကားရမှာလဲ၊ ခင်ဗျား ပြောတဲ့ အတိုင်း ဆိုရင် ခင်ဗျားတို့ ဘာသင်းတွေမှာ ဘောသမား ကောင်းကောင်းရဖို့ အတွက် ဘောကန်ကောင်း တဲ့ ကျောင်းသားကို ကျွန်တော်တို့ ဌာနကို ပို့ပေးမယ်၊ ကျွန်တော်တို့က သူတို့ ကျောင်းစာ မလိုက်နိုင်ရင် နေပေ့စေ၊ ဒီအတိုင်း ကြည့်နေရမယ် ဆိုတဲ့ သဘော ပေါ့'

အတန်ကြာ တိတ်ဆိတ်နေကြသည်။ ဘောလုံး နည်းပြချုပ်သည် သူ့ ကို စိုက်ကြည့်နေပြီးနောက် ပြုံးလိုက်သည်။

'ကျွန်တော်တို့ ကျောင်းထုံးစံကို ဆရာ သိသောက်ပြီလို့ ထင်တယ် လေ၊ ဒီတော့ ဆရာ အသာ လက်ရှောင်နေပါ၊ ကျွန်တော် သိသလောက်ဆို ရင် ဆရာဟာ ကျွန်တော်တို့ ကောလိပ်မှာ အမြဲတမ်းလည်း မဟုတ်သေးပါ ဘူး၊ ကန်ထရိုက်နှင့် လာလုပ်နေရတာပါ၊ ကျွန်တော်တို့ ဘောလုံးသမားတွေ မှာ လေ့ကျင့်ဖို့ ရာသီကောင်း စောင့်သလို ဆရာလည်း လေ့ကျင့်ဖို့ ရာသီ ကောင်း စောင့်ပါဦး'

လင်းဗရိစ် ထရပ်လိုက်သည်။

'ဘာလဲ၊ ခင်ဗျား ကျွန်တော့်ကို စစ်ကြေညာတာလား၊ ကောင်းပြီ ဒီ လို ဆိုရင် ကျွန်တော်ကလည်း အသင့်ပဲ၊ မနက်ဖြန်မှာ နှစ်လယ် စာမေးပွဲ ဖြေ မယ်၊ ဂျာစထရီး ဆိုတဲ့ကောင် အတန်းလစ်ရင် ဘာဖြစ်မလဲ ကြည့်သေးတာ ပေါ့'

'ဒါတော့ ခင်ဗျားသဘောပေါ့၊ ဒါပေမဲ့ တစ်ခုတော့ သတိထားပါ၊ ခင်ဗျား ရင်ဆိုင်နေရတဲ့ လူဟာ ဘောရာသီ ခြောက်ခုလုံးမှာ အရှုံး တစ်ခါမှ မရှိခဲ့ဖူးတဲ့လူ ဆိုတာကိုတော့ သတိထားပါ'

နောက်တစ်နေ့ မနက် စာမေးပွဲတွင် ဂျာစထရီးသည် လုံးဝ ပေါ်မလာ။ စာမေး ပွဲပြီးသည်နှင့် လင်းဗရိစ်သည် ရုံးခန်းသို့ ဒေါနှင့် မောနှင့် ထွက်လာခဲ့ကာ ဘောဌာနမှူးကို တွေ့ဆုံခွင့် တောင်းသည်။

'ကျွန်တော် ခုလိုလာပြီး အရေးတကြီး တွေ့ခွင့်တောင်းတဲ့ အတွက် ခွင့်လွှတ်ပါ ဆရာကြီး'

'ရပါတယ်၊ ဒါပေမဲ့ ဆရာ လာမယ် ဆိုတာ ကျုပ် သိပြီးသားပါ'

'ဘာလဲ ဆရာကြီး၊ ဘောလုံး နည်းပြချုပ် လာသွားပြီလား'

ဆရာကြီးက ခေါင်းညိတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဘီဂျီလိုဟာ သူ့ ဘောလုံးသမားတွေနှင့် ပတ်သက်လာရင် နည်းနည်းလေးမှ အထိမခံဘူး၊ သိပ် ကာကွယ်တာပဲ၊ ထိုင်ပါဦးလေ၊ အကျိုးအကြောင်း ပြောပြပါဦး'

လင်းဗရိစ်က ဆွဲချတစ်ဦးလို စွဲချက်တင်နေသည်ကို မဟာဌာနမှူးက နားထောင်နေသည်။ သူ့ မျက်နှာပေါ်တွင် မျက်မှောင်တစ်ခု တဖြည်းဖြည်း ပေါ်လာသည်။ အတန်ကြာ စဉ်းစားပြီးနောက် ဆရာကြီးက

'ဂျာစထရိုး အတန်း မတက်ဘူး ဆိုတာတော့ ဟုတ်တာပေါ့လေ၊ ဒါပေမဲ့ ဒီလို ကိုင်တွယ်လို့တော့ မဖြစ်ဘူး ထင်တယ်'

'ဒါဖြင့် ဆရာကြီးက ဘယ်လို ကိုင်တွယ်စေချင်လို့လဲ ခင်ဗျာ'

မဟာဌာနမှူးသည် သူ့ ဆံလည် ကုလားထိုင်ကို ကိုးဆယ် ဒီဂရီ ဖြစ်အောင် လှည့်လိုက်ပြီး ပြတင်းပေါက်မှ နေ၍ ဝင်ဆာ မြက်ခင်းပြင်ကြီးကို လှမ်းကြည့်နေလေ၏။

'မီလ်တန်ရဲ့ ကဗျာထဲကလိုပေါ့ဗျာ၊ ရပ်သူ ကြည့်သူ၊ စောင့်နေသူလည်း၊ သူငါ အကျိုး၊ သယ်ပိုးသည်သာ၊ မှတ်ယူရာ၏တဲ့ ဗျ၊ သူ့နေရာနဲ့ သူတော့ အသုံးကျတာပေါ့ဗျာ'

'အဲဒီ ကဗျာကို ရေးတုန်းက မီလ်တန်က မျက်စိ ကွယ်နေတယ် ဆရာကြီး၊ ကျွန်တော်က မျက်စိ မကွယ်ဘူး'

မဟာဌာနမှူးသည် သူ့စကားကို အသေအချာ စဉ်းစားပြီးနောက် တည်ငြိမ်စွာ ပြုံးလိုက်သည်။

'ဒီမှာ ဆရာ လင်းဗရိစ်၊ ခင်ဗျားကို စကားတစ်ခွန်းတော့ ပြောချင်တယ်ဗျာ၊ တရားဝင် စကားတော့ မဟုတ်ဘူး၊ အလွတ် သဘောပေါ့၊ ခင်ဗျားရဲ့ ကြိုးစားမှုနှင့် ခင်ဗျား အရည်အချင်းကို ကျုပ် ဘယ်လောက် လေးစားတယ် ဆိုတာ ခင်ဗျား သိပါတယ်၊ ခင်ဗျားဟာ အလွန် အလားအလာ ရှိတဲ့ ပညာရေး ဝန်ထမ်း တစ်ယောက်ရဲ့ ဘဝပဲ ရှိသေးတယ်၊ ရှေ့မှာ တက်လမ်းတွေ အများကြီး ရှိသေးတယ်'

'ကျွန်တော့် ပညာရေး ဝန်ထမ်းဘဝနှင့် ဒါနှင့် ဘာဆိုင်သလဲ ဆရာကြီး'

မဟာဌာနမှူးသည် သူ့ကို စိန်းစိန်းကြီး စိုက်ကြည့်ကာ

'ဆိုင်တယ်ဗျာ၊ သိပ် ဆိုင်တယ်'

'ကျွန်တော့်ကို ရှင်းမပြနိုင်ဘူးလား ဆရာကြီး'





'ကဲ ရှင်းရှင်း ပြောမယ်ဗျာ၊ ဂျာစထရိုး ကျွန်တော်တို့ အသင်းက ကောင်းကောင်း မကစားနိုင်ရင် ကျွန်တော်လည်း ခင်ဗျားလို ဒီကောလိပ်က ပြေးရမှာ'

'ဘာဖြစ်လို့လဲ ဆရာကြီး၊ ဆရာကြီးက အမြဲတမ်းခန့် ပါမောက္ခပဲ၊ သက်ဝင် ပြီးပြီပဲ'

'ကျွန်တော့်မှာ ကလေး သုံးယောက် ရှိတယ်ဗျာ၊ အိမ်ကိုလည်း အကြွေး ဝယ်ထားရတယ်၊ တစ်ခုခု ဖြစ်ရင် ကျုပ် လခကို ခတိုးဘဲ ရပ်ထားလိုက်တော့မှာ၊ ကင်တာဘာရီ ကောလိပ်က ကောင်စီဝင်တွေဟာ ဘော်ဘော်ဒန်ခိုး ရှိတယ် ဆိုတာ ခင်ဗျား မသိသေးဘူး ထင်တယ်၊ ဒီတော့ သူတို့က ကျုပ်တို့ ကောလိပ်ကို သိပ် အားကိုးတယ်'

'ဘာကို အားကိုးတာလဲ ဆရာကြီး၊ ကောလိပ် ဘောသင်းကို အားကိုးတာလား'

မဟာဌာနမှူးက စိတ်ပျက် လက်ပျက်ဖြင့်

'ဟုတ်တယ်ဗျ၊ ဘောလုံးသင်းကိုမှ အဟုတ်ကြီး ထင်နေတယ်၊ ကျွန်တော်တို့ ကျောင်းက ယေးလ်ကို ဖြစ်ဖြစ်၊ ဒါမောက်ကို ဖြစ်ဖြစ် နိုင်လိုက်တာနဲ့ ကျွန်တော်တို့ ကျောင်းသားတွေကလည်း အကြီးအကျယ် ဘဝင်မြင့်ပြီး ရာတကာမှာ ကိုယ်က ဗိုလ်လို့ ထင်နေကြတယ်၊ ခင်ဗျား သိအောင် ပြောပြမယ်၊ ဘောပွဲနိုင်ပြီးတဲ့ နောက်တစ်နေ့ ဆိုရင် ချက်လက်မှတ်တွေဟာ မိုးပေါ်က ကျလာသလို ပလူပျံနေတာပဲ၊ ဘောလုံးပွဲ ရာသီ တစ်ခုလုံး ကျွန်တော်တို့ ပြီ ဆိုတာနှင့် ဒေါ်လာ သန်းပေါင်း များစွာ ရောက်လာပြီး ငွေပဒေသာပင် ပေါက်ကုန်တာပဲ၊ ဒီတော့ ဒီလို အစဉ်အလာကို ခင်ဗျား လာပြီး ဖျက်မယ် ဆိုရင် ကျွန်တော်လည်း လက်ပိုက် ကြည့်နေလို့ရမှာ မဟုတ်ဘူး၊ အမှန်တော့ ခင်ဗျား ဒီကို ရောက်လာတာ သိပ် ကျေးဇူးတင်ဖို့ ကောင်းတယ်'

'ဘာဖြစ်လို့ ကျေးဇူးတင်ရမှာလဲ ဆရာကြီး၊ ကျွန်တော် ကျမ်းတွေကို များကြီး ရေးခဲ့တဲ့လူပါ၊ ဒီဌာန တစ်ခုလုံးက ဆရာတွေ ရေးခဲ့တဲ့ ကျမ်းတွေ ပေါင်းရင် ကျွန်တော် တစ်ယောက်တည်း ရေးသလောက် ရှိမှာ မဟုတ်ဘူး၊ ကိုယ့် အရည်အချင်းကြောင့် ကိုယ် ရောက်လာတာပဲ မဟုတ်လား'

မဟာဌာနမှူးက ခေါင်းကို ဖြည်းညင်းစွာ ယမ်းနေသည်။

'ခင်ဗျား တော်တော် ညံ့သေးတဲ့ လူပဲ၊ ကျုပ်တို့ ပညာရေးလောကသူများထက် သာချင်ရင် ဘယ်လို လုပ်ရမယ် ဆိုတာ ခင်ဗျား ဘာမှ မသိ



www.burmeseclassic.com

www.burmeseclassic.com



သေးဘူး'

'ဘယ်လို လုပ်ရဦးမှာလဲ ဆရာကြီး၊ ကျွန်တော် စာကို ကြိုးစားပြီး သင် တယ်၊ အရေးကြီးတဲ့ စာတမ်းတွေ စာအုပ်တွေ ရေးတယ်၊ ဒီလောက်ဆို လောက်ပြီပေါ့'

ပါမောက္ခက ပြုံးသည်။

'ဒီလောက်နှင့် မလုံလောက်သေးဘူးဗျ၊ စာတမ်းကလေး ရေးရုံ၊ စာ ကလေး သင်တတ်ရုံနှင့် ပါမောက္ခတန်း မခန့်ချင်ကြဘူး၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ကျောင်းသားတွေကလည်း ဒီလောက်နှင့် ခင်ဗျားကို အထင်ကြီး မဟုတ်ဘူး'

လင်းဗရိစ်သည် ငယ်ငယ်က လမ်းတွင် ရန်ဖြစ်ဖူး၏။ အကန်အကျော အထိုးအကြိတ်ကိုလည်း ခံခဲ့ရဖူး၏။ ဒဏ်ရာ အနာတရလည်း ဖြစ်ခဲ့ဖူး ယခု သူ ကြားလိုက်ရသည့် စကားများကမူ ထို့ထက် ပြင်းသည်။ ကိုယ်တွင် တွင် ပို၍ ဒဏ်ရာ အနာတရ ဖြစ်စေသည်။ ကင်တာဘာရီလို နယ်က တစ်နယ်မှ ကောလိပ်ကျောင်းကပင်လျှင် လူမှုရေး အကြောင်းများကြောင့် ကို ခပ်ဖယ်ဖယ် လုပ်နေပြီ ဆိုလျှင် ဟားဗတ် တက္ကသိုလ်တွင် သူ့ကို ပါမော မခန့်ခဲ့ခြင်းမှာလည်း ထိုသို့သော အကြောင်းများကြောင့် ဖြစ်လိမ့်မည်ဟု သဘောပေါက်လာခဲ့သည်။

သို့တိုင်အောင် လင်းဗရိစ်သည် ဘာကိုမျှ ပီပြင်အောင် မစဉ်းစား ဘဲ ဇဝေဇဝါ ဖြစ်နေသည်။ ကင်တာဘာရီ ကောလိပ်တွင် ဆက်လုပ်ရမည် လား၊ ထွက်ရမည်လား ဆိုသည်ကို သူ မဆုံးဖြတ်နိုင်။ လင်းဗရိစ်သည် ကုလား ထိုင်တွင် ထိတ်လန့်စွာ ထိုင်ရင်း မဟာဌာနမှူး နောက်ထပ် ဘာပြောဦးမည် နည်းဟု ရင်တထိတ်ထိတ် ဖြစ်နေသည်။

မဟာ ဌာနမှူးက လူကြီးလေသံဖြင့်

'ဒီတော့ နောက်ထပ် ဖြစ်လာမယ့် အလားအလာကို ကျွန်တော် ပြော ထားလိုက်မယ်၊ ခင်ဗျား အတန်းမှာ ရှိတဲ့ ဂျာစထရီးကို အအောင်ပေးလိုက် ဒီလို ရက်ရက်ရောရော လုပ်ပေးလိုက်တဲ့ အတွက် သူကလည်း ကျေးဇူး ပြန်ပြီး အကျိုးပြုပါလိမ့်မယ်၊ ခု ဂျာစထရီးဟာ လက်တင် ဘာသာ ဆို တစ်လုံးမှ နားမလည်ဘူး ဆိုတာ ခင်ဗျားနှင့် ကျွန်တော် သိပြီ၊ ဒါပေမဲ့ အခြေအနေမှာ ဒါတွေ အရေးမကြီးဘူး ဆိုတာကိုလည်း ခင်ဗျားရော ကျွန် တော်ရော သိကြပြီ၊ အရေးကြီးတာက လေ့ကို ငြိမ်ငြိမ်စီး လိုက်ဖို့ပဲ လိုတယ်





လို ငြိမ်ငြိမ်စီး လိုက်လာရင် အားလုံး အတွက် အနာဂတ် ကောင်းမှာပဲ ခင်ဗျား အတွက်လည်း ကောင်းမှာပဲ၊ အဲ လေ့ပေါ်မှာ ငြိမ်ငြိမ် လိုက်မလာဘဲ ကဲ့ဆော့ ခြေဆော့ လုပ်ရင်တော့ အားလုံး အတွက် မကောင်းဘူး၊ ခင်ဗျား အတွက်လည်း မကောင်းဘူး'

မဟာဌာနမှူးက ထိုင်ရာမှ ထကာ ပျူငှာစွာ လက်ကမ်းပေးသည်။

'ကျွန်တော် ဝမ်းနည်းပါတယ် ဆရာ၊ ဆရာ ပြောတာကို ကျွန်တော် လက်မခံနိုင်သေးပါဘူး'

မဟာဌာနမှူးက ရင်းနှီးစွာဖြင့်

'ဒီမှာ ဆရာ လင်းဗရိစ်၊ ခင်ဗျားကို ကျွန်တော် တစ်ခုတော့ ပြော ခဲ့မယ်ဗျာ၊ နှစ်ကုန်လို့ ခင်ဗျားကို ကျွန်တော်တို့ တက္ကသိုလ်က နှောင်းထားပ ဟားတော့ဘဲ ရပ်စဲပစ်လိုက်လို့ ရှိရင် ခင်ဗျား ဘယ် တက္ကသိုလ်မှာမှ အလုပ် မှာ မဟုတ်ဘူး'

'ခြိမ်းခြောက်တာလား ဆရာ'

'ခြိမ်းခြောက်တာ မဟုတ်ဘူးဗျ၊ အမှန်တရား၊ ခင်ဗျားဘာသာ ဘာ ကျမ်းတွေပဲ ရေးခဲ့ ရေးခဲ့ ခင်ဗျား အလုပ်လျှောက်တဲ့ တက္ကသိုလ်က ကျောင်း အုပ်တွေက ခင်ဗျားရဲ့ စာရိတ္တနှင့် ပတ်သက်လို့ ကျွန်တော်တို့ဆီကို ထောက်ခံ ချက် လှမ်းတောင်းမှာပဲ၊ ခင်ဗျားဟာ ကောလိပ်ကျောင်းဆရာ ဖြစ်ထိုက်တဲ့ အရည်အချင်း ရှိ မရှိ ဆိုတာနှင့် ပတ်သက်လို့'

မဟာဌာနမှူးသည် လေသံကို တမင် နှိမ့်လိုက်ပြီးနောက်

'ဒီတော့ ကျွန်တော် ဆက်ပြောဖို့ လိုသေးသလား'

'မလိုတော့ပါဘူး ဆရာ'

လင်းဗရိစ်က ဖြေသည်။ သို့ရာတွင် သူ့ အသံကိုပင် သူ ကောင်းကောင်း ပြန်မကြားတော့။

ဆရာ၏ မျက်နှာသည် ပြာနှမ်းသွား၏။

'ဖြစ်မှ ဖြစ်ရလေ မောင်ရယ်၊ ရက်စက်လိုက်ကြတာ၊ ယုတ်မာလိုက်ကြ တာ၊ ဒီလောက်ထိအောင်တောင် ဖြောင်ကျကျ လုပ်ကြသလား'

'ဟုတ်တယ်၊ ဆရာ ပြောတဲ့ အတိုင်းပဲ'

လင်းဗရိစ်သည် စုတ်ပြတ်နေသည့် ထိုင်ဖုံပေါ်တွင် စိတ်ထိခိုက် သည်။ သူ့ကိုယ်သူ ယုံကြည်မှု မရှိတော့။ ထိုမျှလောက် သူ စိတ်ထိခိုက်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ဆာရာ တစ်ခါမျှ မမြင်ဖူးသေး။

ဆာရာက အနီးတွင် ဝင်ထိုင်ကာ သူ့ကို သိုင်းဖက်လိုက်၏။

'ကင်တာဘာရီဟာ ကမ္ဘာကြီး အဆုံး မဟုတ်သေးပါဘူး မောင်ရယ် မောင့်ကို လိုချင်တဲ့ ကောလိပ်တွေ တစ်ပုံကြီးပါ'

လင်းဗရိုစ်သည် အတန်ကြာမျှ ခေါင်းငိုက်စိုက် ကျနေသည်။

'တကယ်လို့ သူတို့ ပြောတဲ့ အတိုင်း ဖြစ်နေရင်ကော၊ မဟာ ဌာနမှူး ပြောသလို မောင့်ကို လူဆိုးစာရင်းထဲ သွင်းလိုက်ရင်ကော၊ အဲဒီလို ဆိုရင် ဘယ့်နှယ် လုပ်မလဲ'

ဆာရာသည် အတန်ကြာအောင် စဉ်းစားနေသည်။ ထို့နောက် တစ်လုံးချင်း ပြောနေသည်။

'ဒီမှာ မောင်၊ မောင့်ကို ဆာရာ ဘာဖြစ်လို့ ချစ်ခဲ့တယ် ထင်သလဲ မောင်ဟာ သတ္တိကောင်းလို့ စိတ်သဘောထား ကောင်းလို့ ချစ်ခဲ့တာ၊ ဒီတော့ မောင် ဘာကြီးပဲ ဖြစ်နေနေ ဆာရာ မောင့်အနားမှာ အတူ နေမယ်၊ အေးအတူ ပူအမျှ မောင့်နောက်က ဖဝါး ခြေထပ် လိုက်မယ်၊ ဒီလောက် ဆိုရင် မလုံလောက်သေးဘူးလား'

လင်းဗရိုစ်က ခေါင်းကို မော့၍ ဆာရာ့ကို ကြည့်သည်။

'ဆာရာ့ကို မောင် မလိမ်ချင်ဘူး ဆာရာ၊ မောင့် တစ်သက်မှာ ဒီလောက် တစ်ခါမှ မကြောက်ဖူးသေးဘူး'

သူတို့ နှစ်ယောက် နောက်ထပ် စကားမပြောနိုင်မီ သားလေး အိပ်ခန်းထဲသို့ အော်ဟစ်၍ ပြေးဝင်လာသည်။

'ဒယ်ဒီ၊ ဂျေမီရယ် သားသားကို နောက်တစ်ခါ လုပ်ပြန်ပြီ'

'နောက်တစ်ခါ လုပ်ပြန်ပြီလား' ဟု လင်းဗရိုစ်က သူ့ သားငယ်ကို ပွေ့ချီရင်း မေးသည်။

'ဟုတ်တယ်၊ ဒါပေမဲ့ သားက ဒယ်ဒီ ပြောတဲ့ အတိုင်း ပြန်လုပ်လိုက်တယ်၊ သူ့ ဗိုက်ကို လက်သီးနှင့် ပိတ်ထိုးပစ်လိုက်တာပေါ့၊ သားက ထိုးတော့ ငိုနေရစ်ခဲ့တယ်'

လင်းဗရိုစ်က ပြုံးလိုက်ရင်း 'မိသားစုထဲမှာ ဗိုက်တာ တစ်ယောက်တော့ ရှိသေးရဲ့' ဟု သူ့ ဘာသာ သူ တွေးနေသည်။

ညစာ ထမင်းဝိုင်းတွင် စကားမပြောမိကြ။ စိတ်ထိခိုက်လာသော သူ့ ယောကျ်ား





…ယခုကဲ့သို့ စကားမပြောခြင်းသည် စိတ်သက်သာရာ ရစေသည်ဟု ဆာရာ …သည်။ ထိုစဉ် လင်းဗရိုစ်က ထိုင်ရာမှ ဖြုန်းခနဲ ထကာ အပေါ် အင်္ကျီ …ကောက်ယူလိုက်သဖြင့် ဆာရာ အံ့အားသင့်သွားသည်။

'ဘယ်သွားမလို့လဲ'

'မပြောတတ်သေးဘူး၊ ကင်တာဘာရီ ခန်းမဘက်ကို သွားမလားလို့၊ …သူမရှိရင် တော်တော် နေလို့ ကောင်းတဲ့ နေရာ၊ ဒီနေ့ည အဖြေလွှာတွေကို …ရမယ်၊ အဖြေလွှာတွေ မစစ်ခင် ခေါင်းရှင်းနေချင်တယ်'

သူ့ ယောကျ်ား ပြန်၍ စိတ် တည်ငြိမ်မှု ရသွားပြီဟု ရိပ်မိလိုက်သည်။

'ကောင်းတာပေါ့၊ မောင် သွားနေတုန်း ဆာရာက သီချင်း ခေတ်ပြား …ထဲက နှစ်ပုဒ်လောက် ရွေးထားမယ်၊ မောင် စာစစ်ရင်း နားထောင်ရအောင်'

လင်းဗရိုစ်က ဆာရာ၏ နဖူးကို ငုံ့၍ နမ်းသည်။

'ဟုတ်တယ်၊ ကိုယ့်မိန်းမဟာ ကိုယ့်အဖို့ ဒသမမြောက် ဂီတ နတ် …မီး'

'ကျေးဇူးပါပဲ မောင်ရယ်၊ ဒါပေမဲ့ မောင့်မိန်းမဟာ မောင့်မိန်းမပဲ …ချင်ပါတယ်၊ တခြား ဘာမှ မဖြစ်ချင်ပါဘူး၊ ကဲ သွားတော့ မောင် အဖြေ …တွေကို စစ်ပြန်လာတော့ ဆာရာ့ရဲ့ ရင်ခွင်ထဲကိုလာ'

…င်းဗရိုစ်သည် သူ့ ရုံးခန်း ကျဉ်းကျဉ်းကလေးထဲတွင် ထိုင်ရင်း ပြတင်း …ါက်မှ လှမ်းမြင်နေရသော ဝင်ဆာ မြက်ခင်းကြီးကို ကြည့်နေသည်။ နှင်းမှုန် …ကလေးများ ကျစ ပြုနေပြီ။ နှင်းမှုန်ကလေးများသည် လရောင်ထဲတွင် ခပ် …မှိန် လင်းလက် တောက်ပနေကြသည်။ တစ်ခါတစ်ရံတွင် ကျောင်းသား …င်သိုက် ဖြတ်သွားကြသည်ကို မြင်လိုက်ရ၏။ လေငြိမ်သဖြင့် သူတို့ …ယ်သံများကို အဝေးကပင် ကြားနေရသည်။

နာရီစင်မှ ခေါင်းလောင်း ဆယ်ချက် ထိုးသံကို ကြားရသည်။ သည်တော့ … သူ့ အလုပ်သိမ်းရန် သတိရသည်။ သူသည် စားပွဲပေါ်တွင် ပုံထားသည့် …အဖြေလွှာ စာအုပ် ပြာပြာကလေးများကို လှမ်းကြည့်ကာ မဟာ ဌာနမှူး …ခန်းသို့ တင်သွင်းရန် အတွက် အမှတ်များကို ကူးနေသည်။ အောင်ချက်က …ိပ်တော့ မဆိုးပါ။ အေ ရသူ နှစ်ဦး။ စီ ရသူ နှစ်ဦး။ ကျောင်းသား… … စာရင်းထဲသို့ ဝင်ကြသည်။ ချုပ်၍ ပြောရလျှင် နိုင်ငံခြား … …ရာ တစ်ဦး ဂုဏ်ယူလောက်သည့် အောင်ချက်မျိုး ဖြစ်သည်…



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဘောလုံးသမား တစ်ယောက်၏ အဖြေလွှာကိုမူ မ... သို့တိုင် ထိုကိစ္စကမူ သူနှင့် ဘာမျှ မဆိုင်။

နှစ်မိနစ် အတွင်းတွင် ဂရိတ်များကို ခွဲပြီး သွားသည်။ ဂျာစထ... အမည်ဘေးတွင်သာ ဟာလာဟင်းလင်း ဖြစ်နေသည်။

ကျရှုံးဟု ပြလိုက်ရလျှင် မည်သို့ ရှိမည်နည်း။ သို့မဟုတ် တ... တစ်စ ဖြေဟု ရေးလိုက်ရမည်လော။ သို့မဟုတ် စာမေးပွဲ ဖြေဆိုခြင်း ... ရေးလိုက်ရမည်လော။ သူ လုပ်လိုက်လျှင် ဘောသမားကလေး ဒုက္ခ... တော့မည်။

လင်းဗရိစ်သည် သူ့ အမည်ဘေးရှိ ဟာလာဟင်းလင်း ဖြစ်နေ... ကွက်လပ်ကို ငေးကြည့်နေမိသည်။

ပထမသော် ဘာလုပ်ရမည်ကို သူ စဉ်းစား၍ မရ။

အိမ်မှ ထွက်လာခဲ့ပြီး ကျောင်းက ရုံးခန်းကလေးထဲသို့ သူ လာခဲ့သ... ကို သူ သတိရသည်။ သူ ထွက်လာခဲ့ခြင်းမှာ အခြားကြောင့် မဟုတ်။ ဆ... ကို မျက်နှာချင်း မဆိုင်ရဲသဖြင့် ရှောင်ထွက်လာခဲ့ခြင်း ဖြစ်သည်။ သူ့ ... စိတ်ကို ထွန်းညှိပေးနေသည့် မီးရောင်ကို ရင်မဆိုင်ရဲသဖြင့် ရှောင်ထွက်လာ... ခြင်း ဖြစ်သည်။

ဆရာသည် သူ့ စိတ်ထဲတွင် ဖြစ်နေသည့် အကြောက်ကို နားမလည်... နိုင်။ ဆရာ၏ မိသားစုမှာ အဆင့်အတန်း ရှိသည်။ ပစ္စည်း ရှိသည်။ လုံ... ရှိသည်။ သူကမူ ယခုတိုင် တိုင်းတစ်ပါးသို့ လာ၍ အခြေချသူ တစ်ဦးဟု ... ကိုယ်သူ ထင်နေဆဲ ဖြစ်သည်။ သူ ရောက်နေသည့် တိုင်းပြည်သစ်တွင် အ... တွယ်အောင် မနည်း လုပ်ယူရဦးမည်ဟု ထင်နေသည်။

သို့ဆိုလျှင် ဆရာ၏ မျက်နှာကို ငဲ့ရလိမ့်မည်။ သူ ခေါင်းမာချင်တိုင်း ခေါင်းမာနေ၍ မဖြစ်သေး။

နည်းနည်း အလျှော့ပေးလိုက်လျှင် ကိစ္စ ပြီးနိုင်သည်။ မိမိသည် တ... ဆံပင် ကောင်းနေ၍ မဖြစ်။ သည်တိုင်းပြည်သည် ရှေးခေတ် ခေါမတို... မဟုတ်။ မိမိသည်လည်း ဆိုကရေးတီး မဟုတ်။ ဘာအတွက် မိမိက သ... ကောင်း လုပ်နေဦးမည်နည်း။ ဘာမဟုတ်သည့် ဘောသမားကလေး တစ်ယော... အတွက် သူ့ တက်လမ်းကို အဘယ်ကြောင့် စွန့်လွှတ်ခံရမည်နည်း။ အလျှော့... ပေးလိုက်တော့ ဘာဖြစ်သနည်း။ ဂျာစထရီး ဆိုသည့် ဘောသမားကို စာမေး... ချပစ်လိုက်ခြင်းကြောင့် မည်သည့် မူဝါဒကြီး ကောင်းသွားသနည်း။ မဖြ...





...နိုင်။ သူတို့နှင့် ရေလိုက် ငါးလိုက် နေလိုက်တော့မည်။ အလျှော့ပေး ...တော့မည်။

မိမိ၏ အလုပ် တည်မြဲရေးကို ကြည့်ရလိမ့်မည်။ ကိုယ့်ရှေ့ရေးကို ...ည့်ရလိမ့်မည်။ ဘာမဟုတ်သည့် ကိစ္စကြောင့် ဘဝပျက် မခံနိုင်။

လင်းဗရိစ်သည် ဖောင်တိန်ကို ကောက်ကိုင်လိုက်ပြီး ဂျာစထရီး အမည် ...ကွက်လပ်တွင် ဂရိတ် စီဟု ရေးခြစ်ပေးလိုက်သည်။

...ထဲသို့ ဝင်လာသည့် အခါ အိပ်ခန်းထဲတွင် တယ်လီဖုန်း ပြောနေသော ...ရာ၏ အသံကို ကြားရသည်။ သည်အချိန်ကြီး ဘယ်သူနှင့်များ စကား ...နေပါလိမ့်ဟု သူ တွေးသည်။

ဖွင့်ထားသော အိပ်ခန်းတံခါးဆီသို့ သူ လျှောက်လာခဲ့သည်။ ဆရာ ...စိတ်ပါ လက်ပါ စကားပြောနေသဖြင့် သူ ရောက်လာသည်ကို မသိလိုက်။

'ဆရာလည်း မကြံတတ်အောင် ဖြစ်နေပြီ၊ သူလည်း တော်တော်လေး ...ထိခိုက်နေတယ်၊ ဆရာကလည်း ဘာမှ အကူအညီ မပေးနိုင်ဘဲ ဖြစ်နေ ...ယ်'

ဆရာက သနားစဖွယ် ပြောနေသည်။

ဆရာသည် တစ်ဖက်မှ အသံကို နားထောင်နေ၏။ လင်းဗရိစ်ကလည်း ...သံမပေးဘဲ တိတ်ဆိတ်စွာ ရပ်နေသည်။

'အို ဟုတ်လား၊ ဒီလိုဆို သိပ်ကောင်းတာပေါ့၊ သူ့အတွက်လည်း အကူ ...ညီ ဖြစ်သွားတာပေါ့'

ဆရာသည် စိတ်အားထက်သန်စွာ ပြောသည်။

ဘယ်သူနှင့်များ စကား ပြောနေပါလိမ့်။ သူတို့ အတွင်းရေးကို ဘာ ...ကြောင့်များ လူစိမ်း တစ်ယောက်ကို ပြောပြနေပါလိမ့်။

'ကိုယ် ပြန်ရောက်ပြီ ဆရာ'

တိုးတိတ်စွာ သူ ပြောသည်။

ဆရာက သူ့ကို မော့ကြည့်လိုက်ပြီး ပြုံးလိုက်ရင်း တယ်လီဖုန်း စကား ...ဖြတ်လိုက်သည်။

'ဟော အိမ်ကလူ ပြန်လာပြီ၊ မနက်ဖြန် မနက်ကျမှ ထပ်ဆက်မယ် ...နော်'

ဆရာသည် သူ့ထံ လျှောက်လာကာ တစ်ချက် နမ်းလိုက်ရင်း



www.burmeseclassic.com

www.burmeseclassic.com



'မောင် ဘယ်လို နေသေးသလဲဟင်၊ တစ်ခုခု စားစရာ လုပ်လိုက်ရ
လေ'

'ဘီယာ တစ်လုံးလောက်တော့ သောက်ချင်တယ်'

လင်းဇရိစ်က ခပ်တိုးတိုး ပြောသည်။

'ခုကိစ္စက ကိုယ်တို့ အတွင်းရေး ကိစ္စ၊ ဆရာက ဘယ်သူတွေ
သွားတိုင်ပင်နေရကာလဲ'

မီးဖိုဘက်ဆီသို့ လျှောက်လာစဉ် လင်းဇရိစ်က တည်ငြိမ်စွာ မေးသည်။ သို့ရာတွင် သူ့အသံကမူ အတွင်းရေး ကိစ္စများကို အပြင်လူနှင့် တိုင်ပင်သည့် အတွက် မကျေနပ်သည့် လေသံ ပေါက်နေသည်။

'ဆရာ ပြောမလို့ပါ၊ တခြားသူ မဟုတ်ပါဘူး၊ ဖေဖေနှင့် ပြော
ပါ'

ဆရာက ရေခဲသေတ္တာကို ဖွင့်၍ ဘီယာ နှစ်လုံးကို ယူပြီး တစ်
ကို ကမ်းပေးသည်။

'ဘာဖြစ်လို့ သွားပြီး အသိပေးရတာလဲကွယ်'

'ဖေဖေ ကူညီနိုင်လိမ့်မယ်လို့ ထင်လို့ပါ၊ ကူညီလည်း ကူညီနိုင်မှာ
ဖေဖေက ဗင်ဒါဗစ်နှင့် သိတယ် မဟုတ်လား၊ ဗင်ဒါဗစ် ဆိုတာက ကင်း
ဘာရီ ကောလိပ်မှာ ကောင်စီ လူကြီး ဆိုတော့ ဩဇာရှိတာပေါ့၊ ဖေဖေကလည်း
ဗင်ဒါဗစ်ကို ပြောလိုက်ရင် အဆင်ပြေလိမ့်မယ်လို့ ထင်နေတယ်လေ၊ မကော
ဘူးလား မောင်'

လင်းဇရိစ် ဒေါသတွေ ဆူဝေလာသည်။

'ဒါဖြင့် ကိုယ်တို့ ပြဿနာ၊ အေးလေ ကိုယ်တို့ ပြဿနာ ဆိုတာ
ကိုယ့်ပြဿနာလို့ ပြောပါ၊ ကိုယ့် ပြဿနာကို အဖေ့ဆီ သွားပြီး ရှင်းခိုင်း
ပေါ့၊ ဒါကတော့ ကိုယ့်အပေါ်ကို ဆရာ သစ္စာဖောက်ရာ ရောက်တာပဲ'

သူ့စကားကြောင့် ဆရာ အံ့အားသင့်နေသည်။

'သစ္စာဖောက်ရာ ရောက်တယ် ဟုတ်လား၊ ဖြစ်မှ ဖြစ်ရလေ မော
ရယ်၊ ကျောင်းကို ထွက်သွားတုန်းက မောင့်ကို ကြည့်ရတာ တော်တော် စိ
ထိခိုက်နေတယ် မဟုတ်လား၊ ဒီတော့ ဆရာ အနေနှင့် ကူညီဖို့ ဝတ္တရား
တယ်လေ၊ ဖြစ်နိုင်ရင် မဟာဌာနမှူးကို လည်ပင်းတောင် ညှစ်သတ်လိုက်ချ
တယ်၊ မောင့်ကိစ္စမှာ ဖေဖေ ကူညီတာကို မောင် ဝမ်းမသာနိုင်ဘူးလား မော

သူ့ စိတ် ထိခိုက်နေသည်ကို မြင်သဖြင့် ဆရာ၏ အသံသည်





င်သွားသည်။

'တကယ်ဆိုရင် မောင့်ကို အသိပေးပြီးတော့မှ အကူအညီ တောင်းဖို့ ကောင်းတယ်၊ မောင့်သဘောကို မေးကြည့်ဖို့ ကောင်းတယ်၊ ကိုယ်က အိမ်ထောင်ဦးစီး မဟုတ်ဘူးလား၊ ပြီးတော့ ကိစ္စက ကိုယ့်ကိစ္စ'

'ဒီကိစ္စက ယောကျ်ားဖြစ်တာ မိန်းမဖြစ်တာနှင့် မဆိုင်ပါဘူး မောင်ရယ်၊ ဘာလဲ မောင်က မောင် ယောကျ်ား ဆိုပြီး မိန်းမကို ဆေးချိတ်တယ်လား၊ ဒီကိစ္စဟာ ရှင့် တစ်ယောက်တည်း ကိစ္စ မဟုတ်ဘူးရှင့်၊ မိသားစု တစ်စုလုံးရဲ့ ကိစ္စ'

'တော်ပြီကွာ၊ နောက်ထပ် မပြောနှင့်တော့'

လင်းဇရိစ်က စိတ်ဆိုးဆိုးဖြင့် ဘီယာ ပုလင်းကို ဆောင့်ချလိုက်သည်။ အရှိန်ကြောင့် ဘီယာ ပုလင်းသည် ချွင်ခနဲ ကွဲသွားသည်။

ထိုစဉ် 'မေမေ မေမေ' ဟူသော သားငယ်၏ အသံကို အိပ်ခန်းဘက်ဆီမှ ကြားရသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် စိုက်ကြည့်နေမိကြသည်။ အတန်ကြာမှ ဆရာက 'နေ၊ ဆရာ သွားမယ်' ဟု ဆိုကာ ခပ်တိုးတိုး ပြောသည်။

ဆရာသည် ထိတ်လန့်နေသော ခြောက်နှစ်ရွယ် သားငယ်ကို မိနစ်နှစ်ဆယ်ကြာမျှ ပြန်ချော့ သိပ်နေရသည်။ မီးဖိုထဲသို့ ပြန်လာသည့် အခါတွင် လင်းဇရိစ်သည် ပုလင်းကွဲများကို သိမ်းကာ စားပွဲကို အဝတ်ဖြင့် သုတ်ပြီးနေပြီ။ ဆရာသည် ဧည့်ခန်းထဲသို့ လိုက်လာခဲ့၏။ လင်းဇရိစ်က မီးလင်းဖိုရှေ့တွင် ထိုင်ကာ လက်ထဲတွင် ဝီစကီ တစ်ခွက်ကို ကိုင်ထားသည်။ သူ့ခြေသံကို ကြားသည့်တိုင် လှည့်မကြည့်။

'မောင် စကား ပြောဦးမလားဟင်' ဟု ခပ်တိုးတိုး မေးသည်။

လင်းဇရိစ်က လှည့်မကြည့်ဘဲ

'ဂျာစထရီး ဆိုတဲ့ ကောင်ကို စီ ဂရိတ်နှင့် အအောင်ပေးခဲ့ပြီးပြီ'

လင်းဇရိစ် မည်မျှ ခံစားနေရသည်ကို ဆရာ သိလိုက်ပြီ။

'ဒီကိစ္စက မောင့်ဘာသာ မောင် ဆုံးဖြတ်မယ် ဆိုတာ ဆရာ သိပါတယ် မောင်ရယ်၊ ဒီလို အလျှော့ပေးရတဲ့ အတွက် မောင် ဘယ်လောက်နာကျင်ရတယ် ဆိုတာကိုလည်း ဆရာ နားလည်ပါတယ်၊ ဆရာ့ဖေဖေကို ပြောမိတာက မောင် ခံစားနေရတာကို မကြည့်ရက်လို့ပါ'



www.burmeseclassic.com

www.burmeseclassic.com



လင်းဇရိစ်က မတုန်မလှုပ် ကျောက်ရုပ်။

'ဒီမှာ မောင်၊ မောင်သွားရာ နောက်ကို ဖဝါးခြေထပ် လိုက်မယ်လို့ ဆရာ ပြောခဲ့ပြီးသား၊ မောင်က ကင်တာဘာရီမှာ ပျော်တယ် ဆိုရင်လည်း ဆရာ နေမှာပဲ၊ ဘယ်လောက်ပဲ ဆင်းရဲ ဆင်းရဲ မောင့်အနားမှာ ဆရာ အမြဲ ရှိနေမှာပါ၊ ဆရာတို့ နှစ်ယောက် တစ်ယောက်ကို တစ်ယောက် နားလည် တယ် ဆိုရင် ဘယ်နေရာမှာပဲ နေရ နေရ ဆရာ ပျော်ပါတယ်'

'ဒီကိစ္စမှာ အလျှော့ပေး လိုက်ရတဲ့ အတွက် မောင်ဟာ သတ္တိကြောင် တဲ့ လူလို့ မထင်မိဘူးလား'

'ဘာဖြစ်လို့ ထင်ရမှာလဲ မောင်ရဲ့၊ ဆရာလည်း ကြောက်တာပဲ မောင့်ကို သူရဲကောင်းကြီး ဖြစ်ရမယ်၊ မှုနှင့် ပတ်သက်လာရင် တစ်ပြားသား မှ အလျှော့ မပေးရဘူးလို့ ဆရာ မတောင်းဆိုပါဘူး၊ တကယ်တော့ ဘဝမှာ စေ့စပ်ရေး လုပ်ရတာတွေ အများကြီးပါ၊ ခု မောင် အလျှော့ပေးလိုက်ရတယ် ဆိုတာ တခြားဟာတွေနှင့် စာရင် အသေးအဖွဲကလေးပါ'

လင်းဇရိစ်က သူ့ဘက်ကို မလှည့်။ ဆရာသည် ကုလားထိုင် နောက် သို့ လျှောက်လာခဲ့ကာ နောက်မှ နေ၍ လည်ကုပ်ကို လက်ဖြင့် အသာ အုပ် ကိုင်လိုက်သည်။ သူ့ အတွေ့သည် နှစ်သိမ့်မှုကို ရစေသည်။

'ဟုတ်တယ် ဆရာ၊ ဒီည တစ်ညလုံး ကျောင်းမှာ ထိုင်ပြီး ဒီကိစ္စကို ဘယ်လို လုပ်ရမလဲ ဆိုတာ စဉ်းစားနေတာ၊ ဒီစနစ်ကြီးကို တိုက်ရင် မောင်ဟာ လေနှင့် ပြိုင်ပြေးနေတဲ့ လီယာ မင်းကြီးလို ဒုက္ခ ရောက်မှာ၊ မောင်တို့ လုပ်ခဲ့ သမျှတွေ အကုန်လုံးကို စွန့်ခဲ့ရတော့မှာ၊ မောင်တို့ လုပ်ချင်တာတွေ အားလုံး ကိုလည်း စွန့်ခဲ့ရတော့မှာ'

'ခု ဒါတွေ ပြီးသွားပါပြီ မောင်ရယ်၊ မေ့ပစ်လိုက်ပါတော့နော်'

ဆရာက တိုးတိတ်စွာ ပြောသည်။

'မမေ့နိုင်ဘူး ဆရာ၊ နောင်လည်း ဘယ်တော့မှ မေ့နိုင်မှာ မဟုတ်ပါ ဘူး'

သူ မှန်ကြောင်းကို ဆရာ စိတ်ထဲက သိနေသည်။





၁၉၄၇ ခုနှစ် ကတည်းက ရှိခဲ့သည်။ သို့ရာတွင် တကယ့် လက်တွေ့တွင်မူ ၁၉၇၀ ပြည့်နှစ် သမ္မတ နစ်ဆင်က ဟင်နရီ ကစ်ဆင်းဂျားအား အကြံပေး အဖွဲ့ကို ခေါင်းဆောင်နိုင်းသည့် အခါတွင်မှ ထိုကောင်စီသည် တကယ့် လက် တွေ့ အကောင်အထည် ပေါ်လာခဲ့ကာ အမေရိကန် အစိုးရ နိုင်ငံခြားရေး ဌာနတွင် တန်ခိုးသြဇာ ကြီးလာခဲ့ခြင်း ဖြစ်သည်။

ထိုသို့ တန်ခိုးသြဇာ ကြီးလာခြင်းမှာလည်း ကစ်ဆင်းဂျား၏ ထက်မြက် မှုနှင့် စိတ်ကူးကောင်းမှုတို့ကြောင့် ဖြစ်သည်။ ထိုသို့ သြဇာ ကြီးလာသဖြင့် သမ္မတနှင့် တိုက်ရိုက် ဆက်ဆံနိုင်ခဲ့သည်။

နိုင်ငံခြားရေး ဝန်ကြီး၏ ရုံးခန်းမှာ ၂၁ လမ်းနှင့် ဗာဂျီနီယာ ...... လမ်းပေါ်ရှိ ကြီးကျယ် ခမ်းနားသည့် အဆောက်အအုံကြီး ဖြစ်သည်။ သို့ရာ တွင် အမျိုးသား လုံခြုံရေး ကောင်စီ ဥက္ကဋ္ဌ၏ ရုံးခန်းမှာ အိမ်ဖြူတော် အတွင်း ... ပြတင်းပေါက် မရှိသည့် အခန်း တစ်ခန်း ဖြစ်သည်။ ဥက္ကဋ္ဌ ဘိုက်ရာမှာ ...ကြီးရာထူး အဆောင်အယောင် အခမ်းအနားများ ရှိသည့်တိုင် သမ္မတကို ဆက်သွယ်နိုင်သူမှာ ကစ်ဆင်းဂျားသာ ဖြစ်သည်။

ကစ်ဆင်းဂျားသည် အမျိုးသား လုံခြုံရေး ကောင်စီထဲတွင် သူ့ တန်ခိုး သြဇာ အခြေခံကို တည်ဆောက်ရန် အတွက် ဟားဗတ် တက္ကသိုလ်မှ သူ့ တပည့်များကို ခေါ်လာခဲ့သည်။ ထိုအထဲတွင် အတော်ဆုံးမှာ ဂျော့ ကဲလား ဖြစ်သည်။ သူ့ကို ထိုရာထူးတွင် ခန့်ဖို့အတွက် သူ့ လုံခြုံရေးနှင့် ပတ်သက်၍ ခွင့်ပြုချက် ရအောင် မနည်း ကြိုးစားခဲ့ရသည်။

သူ့ကို ခန့်မည် ဆိုသည့် အခါတွင် အက်ဖ်ဘီအိုင် (ပြည်ထောင်စု ... စုံစမ်း စစ်ဆေးရေး ဗျူရို) က ဂျော့ ကဲလားကို အပြင်းအထန် စစ်ဆေးခဲ့ သည်။ စစ်ဆေးပုံမှာ ယဉ်ကျေးစွာ စစ်ဆေးခြင်း ဖြစ်သည့်တိုင် ထို နိုင်ငံတော် ၏ လုံခြုံရေးနှင့် ပတ်သက်သော ဌာနတွင် အမှုထမ်းရမည့်သူ ဖြစ်သဖြင့် အက်ဖ်ဘီအိုင်သည် စိတ်တိုင်းကျအောင် အချိန်ယူ၍ စစ်ဆေး မေးမြန်းခဲ့ သည်။

ပထမ သူ့အတွက် သီးသန့် ပြင်ဆင်ထားသည့် မေးခွန်းလွှာများကို ဖြေရသည်။ ယင်းတို့ အထဲတွင် အမည်၊ ယခင် အမည်ဟောင်းများ၊ ... ကတည်းက ယခုတိုင် သူ နေထိုင်လာခဲ့ဖူးသည့် နေရပ် လိပ်စာများ၊ ... လုပ် ခဲ့ဖူးသည့် အလုပ်များနှင့် ဝင်ငွေများ၊ သူ အမေရိကန် နိုင်ငံ အပေါ်တွင် သစ္စာ ရှိကြောင်း ထောက်ခံနိုင်မည့် အမေရိကန် မိတ်ဆွေတို့၏ အမည်များ ပေးသည်



www.burmeseclassic.com

www.burmeseclassic.com



တို့ကို ရေးပေးရသည်။ ဂျော့ ကဲလားက ကစ်ဆင်းဂျား၊ ပါမောက္ခ ဖင်လေး အင်ဒရူး အဲလီယော့တို့၏ အမည်များကို ရေးပေးသည်။ အက်ဖ်ဘီအိုင် လူများသည် ထို ပုဂ္ဂိုလ်များထံသို့ သွားရောက် စုံစမ်းကြောင်းကို နောက် ဂျော့ ကဲလား သိရသည်။

သို့ရာတွင် သူ့ကို လူတွေ့ စစ်ဆေးသည့် အခါတွင်မှု အရာရှိ နှစ် ယောက်က မေးခွန်းများကို ထပ်ပြန်တလဲလဲ မေးနေသဖြင့် ဂျော့ ကဲလား စိတ် တိုရသေးသည်။

'ဒီမှာ ခင်ဗျားတို့ကို ဒီ မေးခွန်းအကြောင်းကို ပြောတာ တစ်ဒါဇင် လောက် ရှိနေပြီ၊ နှစ်နှစ်သားလောက်တုန်းက ဘယ်နေရာမှာ နေခဲ့တယ် ဘယ်ကို ပြောင်းသွားတယ် ဆိုတာကို ဘယ်မှာ သေသေချာချာ မှတ်မိတော့ မလဲဗျ၊ ဒီလောက်တော့ ခင်ဗျားတို့လည်း နားလည်မှာပေါ့'

အက်ဖ်ဘီအိုင် အထက်တန်း အရာရှိ တစ်ဦးက လေသံ မှန်မှန်ဖြင့်

'ဟုတ်ပါတယ်၊ ကျွန်တော်တို့ နားလည်ပါတယ်၊ ဒါပေမဲ့ လူကြီးမင်း ရဲ့ အနေအထားကလည်း တော်တော်လေး အရေးကြီးတဲ့ အနေအထား ဖြစ် တယ် ဆိုတာ သဘောပေါက်စေချင်တယ်၊ တကယ်လို့ လူကြီးမင်းရဲ့ ဆွေ မျိုး သားချင်းတွေ ဟန်ဂေရီမှာ ရှိနေသေးတယ် ဆိုရင် ရန်သူတွေက အဲ လူတွေကို ဖမ်းထားပြီး လူကြီးမင်းကို အကျပ်ကိုင်ရင် ဘယ့်နှယ် လုပ်မလဲ ဒေါက်တာ ကဲလားမှာ အဖေ ရှိသေးတယ်နော်'

'ရှိတယ်၊ ညီ တစ်ယောက်လည်း ရှိသေးတယ်၊ သူတို့နှင့် မတွေ့တာ ၁၉၅၆ ခုနှစ်ကတည်းက မတွေ့တော့တာပဲ၊ ဒါလည်း ခင်ဗျားတို့ကို ပြောတာ အကြိမ်ပေါင်း မရေနိုင်တော့ဘူး'

'ဒေါက်တာ ကဲလားရဲ့ အဖေဟာ ဟန်ဂေရီ ပြည်သူ့ အစိုးရ အဖွဲ့က အရာရှိကြီး တစ်ဦး ဆိုတာ သိတယ်နော်'

'သတင်းစာတွေထဲမှာ ပါလို့ သိရတာပဲ၊ ကျွန်တော်က အရှေ့ ဥရောပ ရေးရာ ကျွမ်းကျင်သူ ဆိုတော့ ဒါတွေကို သိထားအောင် လုပ်ရတာပေါ့၊ ဒါဖြင့် တော့ အစ်စဗန် ကိုလော့စဒီဟာ (အဖေဟု ပြော၍ မထွက်ဘဲ ဖြစ်နေသဖြင့် နာမည်ကို ပြောရသည်။) ခင်ဗျားတို့ ပြောတဲ့အတိုင်း အပေါ်ကို ကန်အတင် ခံလိုက်ရပေမယ့် သူ့ အလုပ်က ဘာမှ အရေးမကြီးတဲ့ အလုပ်'

'ခုအထိ ပါတီမှာ ဒုတိယ လက်ထောက် အတွင်းရေးမှူး မဟုတ်လား' ဟု တစ်ယောက်က မေးသည်။





ဂျော့ ကဲလားက လှောင်၍ ရယ်လိုက်ပြီး

'ဒါကတော့ ခင်ဗျားလည်း ဖြစ်နိုင်တာပဲ၊ ဟန်ဂေရီမှာ ဆိုရင် ဒီ ရာထူး ဟာ သကြားလုံးထက်တောင် ပေါသေးတယ်'

'ဒါဖြင့် ခင်ဗျား အဖေဟာ သိပ် အရေးကြီးတဲ့ ပုဂ္ဂိုလ် မဟုတ်ဘူးပေါ့၊ ဒေါက်တာ ကဲလား ဒီလို ဆိုလိုချင်တာပေါ့'

'ဟုတ်တယ်၊ ခင်ဗျားတို့ ပြောတဲ့ အတိုင်း ဆိုရင် ကျွန်တော့် အဖေဟာ အောင်မြင်စွာ ကျဆုံးနေတဲ့လူ'

တစ်ချီ တစ်ချီတွင် မမျှော်လင့်သော မေးခွန်းတွေ ပါလာသေးသည်။

'ကွန်မြူနစ် ဝါဒ အပေါ်မှာ ခင်ဗျား ဘယ်လို မြင်သလဲ'

ဂျော့ ကဲလားက အရှေ့ ဥရောပတွင် ရှိသည့် တံဆိပ် အမျိုးမျိုးသော ကွန်မြူနစ် နိုင်ငံများနှင့် ပတ်သက်၍ ပြင်းထန် ရှည်လျားစွာ ဝေဖန် ပြောဆို လိုက်သည်။ ထိုအခါတွင်မှ သူ့ကို စစ်ဆေးသူများသည် ကျေနပ်သွားကြဟန် ရှိသည်။

တစ်နေ့လုံး စစ်ဆေး မေးမြန်းနေသည့်တိုင် မေးခွန်း တစ်ခုကြောင့် ဂျော့ ကဲလား လန့်သွားသည်။

'ခင်ဗျား အဖေကို ခင်ဗျား ချစ်သလား'

ဂျော့ ကဲလားသည် သင့်လျော်မည့် အဖြေကို အနည်းငယ် စဉ်းစားနေ သည်။

'ကျွန်တော့် အဖေဟာ ဖိနှိပ်တဲ့ နိုင်ငံရေး စနစ် တစ်ခုကို ကိုယ်စား ပြုနေတဲ့သူ၊ ကျွန်တော်က ဒီစနစ်ကို တစ်သက်လုံး ဆန့်ကျင်လာတဲ့လူ၊ ဒီတော့ ဒီလို ပုဂ္ဂိုလ် တစ်ယောက်ကို ကျွန်တော် မုန်းတာပေါ့'

သူ့ကို စစ်ဆေး မေးမြန်းနေသည့် အက်ဖ်ဘီအိုင် ကိုယ်စားလှယ် နှစ် ယောက်သည် လှုပ်ရှားသွားကြ၏။ အထက်တန်း အရာရှိ တစ်ဦး ဖြစ်သူက

'ဒေါက်တာ ကဲလားကို ကျွန်တော်တို့ မေးနေတာက ကိုယ်ရေး ကိုယ် တာ မေးခွန်း ခင်ဗျ၊ ဒါပေမဲ့ ဒေါက်တာ ကဲလား ဖြေတာက နိုင်ငံရေး အဖြေ ဖြစ်နေတယ်၊ ကဲ အချိန်လည်း တော်တော် ကုန်သွားပြီ ခင်ဗျ၊ ဒီတော့ ဒေါက် တာ ကဲလား ကိုယ်တိုင် ဒီမေးခွန်းကို ကိုယ့်ဘာသာ ကိုယ် မေးကြည့်စေချင် တယ်၊ ဒေါက်တာ ကဲလားရဲ့ အဖေကို ဒေါက်တာ ကဲလား မချစ်ဘူးလား'

'မချစ်ဘူး' ဟု တစ်ခွန်းတည်း ဖြေလိုက်လျှင် ကိစ္စ ပြီးပေလိမ့် သူ သည် ထိုစကားကို မထွက်ရက်။



www.burmeseclassic.com

www.burmeseclassic.com



'ဒီမှာ မှတ်တမ်းမဝင်တဲ့ စကား တစ်ခွန်းတော့ ပြောချင်တယ်ဗျာ ရေးတော့ မရေးပါနှင့်၊ ကျွန်တော် အလွတ် ပြောမယ်'

'ရပါတယ်၊ ပြောပါ'

'အမှန် ပြောရရင်တော့ ကျွန်တော် သူ့ကို မုန်းတယ်ဗျာ၊ ကျွန်တော် မွေးလာကတည်းက ကျွန်တော့်ကို ခွေးလို သဘောထား ဆက်ဆံခဲ့တယ်၊ ဒီ ကော့ ကျွန်တော် သူ့ကို လူတစ်ယောက် အနေနှင့် မုန်းတယ်၊ စက်ဆုပ်တယ် ဒီတော့ မှတ်တမ်းဝင် အဖြေကို ပေးရမယ် ဆိုရင် ကျွန်တော်ဟာ ကျွန်တော် အဖေကို ချစ်ခင် နှစ်သက်ခြင်း မရှိဘူးလို့ ပြောရင် ရတယ်၊ ကဲ ခင်ဗျား အနေနှင့် ရှင်းပြီ မဟုတ်လား'

'ဟုတ်ကဲ့၊ ရှင်းပါတယ်၊ ဒီလောက်ဆို လုံလောက်ပါပြီ၊ ကျေးဇူးတင် ပါတယ် ဒေါက်တာ ကဲလား'

သူတို့ ပြန်သွားကြသည့် အခါ ဂျော့ ကဲလားသည် စိတ်တွေ နောက်ကျို ကျ ရစ်ခဲ့သည်။ သူ့ အလုပ်အတွက် လုံခြုံရေး အရှုပ်အထွေး ကင်းရှင်းမှု ထောက်ခံ ချက် မရမှာကို စိုးရိမ်၍ မဟုတ်။ အက်ဖ်ဘီအိုင်က နိုင်ငံခြားသားများကို စစ်ဆေးရာတွင် များစွာ တင်းကျပ်ကြောင်းကို ကစ်ဆင်းဂျားက သူ့အား ကြို တင် အသိပေးပြီး ဖြစ်သည်။

သူ စိတ်ညစ်နေခြင်းမှာ နောက်ဆုံး မေးခွန်းကြောင့် ဖြစ်သည်။ သူ့တွင် အဖေနှင့် ပတ်သတ်၍ မည်သည့် ခံစားချက်မျှ မရှိတော့ဟု သူ ထင်ခဲ့သည်။ သို့ရာတွင် မှတ်တမ်းဝင် ထုတ်ဖော် ပြောဆိုခဲ့ခြင်းမျိုး တစ်ခါမျှ မရှိခဲ့သေး 'ကျွန်ုပ်သည် ကျွန်ုပ်၏ ဖခင်ကို ချစ်ခင်ခြင်း မရှိကြောင်း ကျမ်းကျိန်ပါသည်' ဟု ထွက်ခဲ့ရပြီ။

ထိုစကားသည် အမှန်လော။

မေ့ပျောက်နေသော ငယ်ငယ်တုန်းက အဖြစ်တို့သည် သူ့ စိတ်ထဲတွင် တရေးရေး ပြန်ပေါ်လာကြသည်။

'ဖေဖေ ဘာဖြစ်လို့ ငိုနေတာလဲ ဟင်၊ မေမေ့ကို လွမ်းလို့လား'

'ဟုတ်တယ် လူလေး၊ ချစ်ရတာဟာ သိပ်ကြောက်စရာ ကောင်းတယ် သိပ်ပြီး ခံစားရတယ်'

'ဖေဖေ၊ သားလည်း ဖေဖေ့ကို ချစ်တယ်'

'မချစ်နှင့်၊ မချစ်နှင့်၊ မင်းလောက် မိုက်တဲ့ ကောင် မင်းပဲ ရှိတယ်





သွားစမ်းကွာ၊ အနားမှာ လာရှုပ်မနေစမ်းနှင့်'

အမျိုးသား လုံခြုံရေး ကောင်စီ အမှုထမ်း အများစုသည် အိမ်ဖြူတော်ဝင်း အတွင်းရှိ ကိုလိုနီ ပုံစံ အဆောက်အအုံ ဒုတိယထပ် လေကောင်း လေသန့် သည့် ရုံးခန်းကျယ်ကြီးများတွင် ရုံးထိုင်လေ့ ရှိကြသည်။ ဂျော့ ကဲလားကမူ ထိုရုံးသို့ ရောက်ရသည်မှာ တက္ကသိုလ်သို့ ပြန်ရောက်ရသည်နှင့် တူသည်ဟု သူ့ လက်ထောက် တစ်ယောက်ကို ပြောဖူးသည်။

လုံခြုံရေး ကောင်စီ ရုံးခန်း စင်္ကြံများ တစ်လျှောက်ရှိ အခန်းငယ် ကလေးများမှာ သံတမန် ရေးရာ၊ ကာကွယ်ရေးနှင့် ကမ္ဘာ့ဒေသ အသီးသီး တို့၏ ရေးရာများနှင့် ပတ်သက်သည့် ကျွမ်းကျင်သူ လူငယ် အရာရှိများ၏ ခန်းများ ဖြစ်ကြသည်။ သူတို့သည် သူတို့ တိုင်းပြည်နှင့် သူတို့ ရာထူး တိုး တက်ရေး အတွက် ထိုအခန်းများတွင် နာရီပေါင်း များစွာ အလုပ် လုပ်ကြရ သည်။

သို့ရာတွင် ဂျော့ ကဲလားမှာမူ အလုပ် စဝင်ကတည်းက သီးသန့် နေရသည်။ သူ့အခန်းမှာ အိမ်ဖြူတော် မြေတိုက်ခန်းတွင် ရှိပြီး အထက်လူ ကြီးက အရေးရှိ၍ ခေါ်လျှင် ချက်ချင်း ရောက်နိုင်သည့် နေရာတွင် ရှိသည်။ အထက်လူကြီးသည် နေ့နေ့ညည အချိန်မရွေး ခေါ်တတ်သည်။

ဂျော့ ကဲလား၏ အခန်းသည် အစိုးရအဖွဲ့၏ အရေးကြီးသော ဌာန ခု ဖြစ်သည့် ဘဲဥပုံ စည်းဝေးခန်းနှင့် အရေးပေါ် စည်းဝေးခန်းတို့နှင့်လည်း နီးကလေး ဖြစ်သည်။

ဂျော့ ကဲလား၏ လစာမှာ တစ်လလျှင် ဒေါ်လာ နှစ်သောင်း ငါး သောင် ဖြစ်၍ နယူးယောတွင် သူ ရခဲ့သည့် လစာထက် နည်းသည့်တိုင် စကွဲ ား တာဝါတွင် တော်တော် ကောင်းသည့် အခန်းစုံ တစ်စုံကိုတော့ ငှားနေနိုင် သေးသည်။ စကွဲယား တာဝါမှာ အိမ်ဖြူတော်နှင့် လေးမိနစ်လောက် မော်တော် ား စီးလိုက်လျှင် ရောက်သည်။ ဂျော့ ကဲလားသည် မနက် ခုနစ်နာရီ ထိုး သည်နှင့် ရုံးသို့ ရောက်နေလေပြီ။

သို့ရာတွင် အိမ်ဖြူတော် ဝင်းထဲတွင် ကားရပ်စရာ နေရာက အခက် ားသည်။ ကစ်ဆင်းဂျား ဩဇာကို သုံးသည့်တိုင် ကားရပ်စရာ နေရာလေး စ်နေရာ ရဖို့ အတော် ခက်သည်။ ထို့ကြောင့် အရာရှိကလေး ပြောင်းသော ်သည့် ဂျော့ ကဲလားသည် ဝါရှင်တန် ကျောက်ရုပ်ကြီး အနီးရှိ အစိုးရ



www.burmeseclassic.com

www.burmeseclassic.com



အရာရှိများ အတွက် ကန့်သတ်ထားသည့် နေရာတွင် သူ့ကားကို ရပ်ပင် ပြန်လျှောက်လာကာ ကွန်စတီကျူးရှင်း လမ်းမကြီးကို ဖြတ်၊ ထိုမှ အိမ်ဖြူတော် ဝင်းတံခါးကို ဝင်ရသည်။

ဂျော့ ကဲလားမှာ လွန်စွာ အလုပ်များသူ ဖြစ်ရာ အုပ်ချုပ်ရေး ရုံး တွင် အလုပ် လုပ်နေကြသည့် အခြားသော အမျိုးသား လုံခြုံရေး အဖွဲ့ဝင် နှင့် တွေ့ချိန် မရှိလှ။ တစ်ခါတစ်ရံမှသာ တွေ့တတ်ကြသည်။ ကစ်ဆင် ကလည်း သူ့ လက်ထောက်များကို တွင်တွင် ဖိခိုင်းတတ်သည်။ ကစ် ဂျားသည် သတင်း အချက်အလက်များနှင့် ပတ်သက်၍ ပြည့်စုံနိုင်သမျှ ပြ အောင် သိချင်သူ ဖြစ်သဖြင့် လက်ထောက်များမှာ တခြားသို့ သွားချိန် အောက်ထပ် ဆင်းပြီး နေ့လယ်စာ စားရန်ပင် မနည်း အချိန်လုနေကြရ

ကစ်ဆင်းဂျားသည် ရုံးဆင်းလျှင်လည်း နောက်ဆုံးမှ ဆင်းသည်။ အခါတွင် ဂျော့ ကဲလားမှာလည်း သူ့ထက် ရုံးစောဆင်း၍ မဖြစ်တော့။ ဆင်းဂျား သူ့ အခန်းရှေ့မှ ဖြတ်သွားပြီး သူ့ကို မင်္ဂလာညဟု နှုတ်ဆက် မှ ရုံးခန်းက ထွက်ရတော့သည်။

ထို့ကြောင့် ဂျော့ ကဲလားတွင် လူမှုရေးအတွက် အချိန်မကျန်။ သူ မက အမှုထမ်းများ အားလုံးပင် တစ်နေကုန် အလုပ် လုပ်ထားရသဖြင့် အိမ် ပြန်လျှင် ကားကိုပင် ကောင်းကောင်း မမောင်းချင်တော့။ အသက် နှစ် ကျော် လူငယ်များပင်လျှင် မကြာခဏ နာဖျားမကျန်း ဖြစ်တတ်ကြသည်

ဂျော့ ကဲလား၏ တာဝန် တစ်ခုမှာ အမျိုးသား လုံခြုံရေး ကောင်စီ အ ထက်မြက်သည့် လူငယ်များကို ရှာဖွေ ခန့်ထားရာတွင် ကစ်ဆင်းဂျ ကူညီရန် ဖြစ်သည်။ ထို လူငယ် မျက်နှာသစ်များသည် အမျိုးသား လုံခြုံ ကောင်စီသို့ ရောက်ပြီး မကြာမီ အတွင်းတွင် ဖျော့တော့တော့ မျက်နှာမျ လာခဲ့ကြသည်။

ထိုနှစ် နွေဦးပေါက်တွင် ဂျော့ ကဲလားသည် လက်တင် အမေ ဌာနခွဲ အတွက် ခန့်ထားရန် ဂျော့တောင်း တက္ကသိုလ် ဘွဲ့ရ အမျိုးသမီး တစ်ဦးကို လူတွေ့ စစ်ဆေးခဲ့သည်။ အမျိုးသမီးမှာ ထူးချွန်သည့် အမျိုး ငယ် တစ်ယောက် ဖြစ်ပြီး စပိန်နှင့် ပေါ်တူဂီ ဘာသာတို့ကို ဂုဏ်ထူး အောင်မြင်ခဲ့သူ ဖြစ်သည်။ သူ့ထံတွင် ရီပတ်ဗလီကန် အမတ်များက ထော ခံသည့် စာများလည်း ပါလာသည်။ သူ့ဖခင်မှာ အရေးကြီးသည့် ဝါရှင်



ရှေ့နေကြီး တစ်ဦး ဖြစ်ကြောင်းလည်း စာထဲတွင် ဖော်ပြထားသည်။

ဂျော့ ကဲလားကမူ ထို အမျိုးသမီးငယ်ကို တင်းတင်းကျပ်ကျပ် မညှာ တာ စစ်ဆေးရန် စိတ်ကူးထားသည်။ မိမိတို့ လုပ်ငန်းတွင် ပါတီ နိုင်ငံရေး ဝင်ရောက်ခွင့် မပြုနိုင် ဟူသော ကစ်ဆင်းဂျား၏ မူကို သူလည်း စွဲစွဲမြဲမြဲ လိုက် နာသည်။ အကယ်၍ ထိုမိန်းကလေးသည် ခပ်ပုပု ခပ်ထထ ကောင်မလေး တစ်ယောက် ဖြစ်နေလျှင် သူတို့ အလုပ်တွင် ခန့်နိုင်။ အသက်လွှတ်တော် အမတ် တစ်ဦးဦး၏ ရုံးခန်းသို့ ပို့လိုက်ရုံသာ ရှိသည်။

အလုပ် လာလျှောက်သည့် ကေသီ (ကက်သရင်း) မှာ အသားအရေ ကြည်လင်၍ ရုပ်ချောသည်။ စွဲမက်စရာ ကောင်းသည်။ ထို့ကြောင့် ရုတ် တရက် ကြည့်လိုက်လျှင် မိမိတို့ လိုချင်သည့် မိန်းကလေးမျိုး မဟုတ်။ ဘာ တွေ့အကြုံမှ မရှိသည့် ဘွဲ့ရကလေး တစ်ယောက်ဟုသာ သူ ထင်လိုက်သည်။

သို့ရာတွင် သူ ထင်သလို မဟုတ်။ သူ့တွင် အတွေ့အကြုံ ရှိသည်။ လက်တင် အမေရိကတိုက်တွင် ငြိမ်းချမ်းရေး တပ်ဖွဲ့များနှင့် လိုက်၍ အလုပ် လုပ်ဖူးသည်။ ပေါ်တူဂီ ဘာသာ စကားကို ထပ်မံ လေ့လာလိုသည့် အတွက် ဘရာဇီးတုန်းက ဆန်ပေါလိုတွင် အလုပ် လုပ်ခဲ့ဖူးသည်။

ဂျော့ ကဲလား၏ အကဲဖြတ်ချက်က မှန်သည်။ ကေသီကို အမျိုးသား လုံခြုံရေး ကောင်စီတွင် အလုပ် ခန့်လိုက်သည်။

ထို့နောက်တွင် ကစ်ဆင်းဂျားနှင့် သွားရင်း ကော်ရစ်ဒါတွင် ကေသီ မကြာခဏ ဆုံဖြစ်ကြသည်။ ထို့နောက်တွင်မူ ကေသီကို သတိမရ။ ဂျော့ ကဲလားသည် ကစ်ဆင်းဂျားနှင့် အတူ အလုပ်တွေ များနေသည်။

စိမ့်နေအောင် အေးသည့် ဆောင်းတွင်း တစ်ညနေတွင် ဂျော့ ကဲလား သည် အိမ်ဖြူတော် အနောက်ဘက် တောင်ပံမှ ဆင်းလာခဲ့ကာ အိမ်ဖြူတော် တံခါးသို့ ထွက်လာခဲ့သည်။ ဂျော့ ကဲလားသည် လုံခြုံရေးကောင်စီ ရုံးခန်း ကို လှမ်းကြည့်ကာ မည်သည့် အခန်းက မီးပွင့်နေသနည်းဟု အကဲခတ် ခဲ့သည်။ ထိုစဉ် ရုံးခန်းထဲမှ ထွက်လာသော ကေသီနှင့် သွားတိုးသည်။

'ဘယ်လိုလဲ ကေသီ၊ အစောကြီး အိမ်ပြန်တော့မလို့လား' ဟု ဂျော့ ကဲလားက မေးသည်။

'အို ဒေါက်တာ ကဲလားပါလား၊ ဟုတ်တယ် ဒေါက်တာ၊ သန်းခေါင် ကျော် စောပြီး အိမ်ပြန်ရတဲ့ နေ့ ဆိုလို့ ဒီနေ့ တစ်နေ့ပဲ ရှိသေးတယ်'

'ဒီလိုဆို ဘော့စ်ကို တိုင်လိုက်မယ်နော်'

www.burmeseclassic.com

www.burmeseclassic.com



'ကိစ္စ မရှိပါဘူး၊ ကေသီက ရာထူး မတိုးချင်ရင်လည်း ရပါတ အဖြစ်ကို ပြောတာပါ၊ ကေသီ့ ဌာန အတွက် လက်ထောက် တစ်ယောက် ယောက်လောက် ခန့်ပေးရင် တော်ပါပြီ၊ ဒီမှာ တချို့ လူတွေက ထင်နေ တာက လက်တင် အမေရိကတိုက် ဆိုတာ မက္ကစီကို မြို့တော်ရဲ့ မြို့စွန်လော ပဲ ထင်နေကြတာတော့ ခက်တာပေါ့'

ဂျော့ ကဲလားက ပြုံးသည်။

'ကေသီရဲ့ ကားက ကျောက်တိုင်ကြီးနားမှာ ရပ်ထားတာလား'

ကေသီ ခေါင်းညိတ်သည်။

'အတော်ပဲ၊ ဒါဖြင့် ကိုယ်နှင့် လိုက်ခဲ့လေ၊ ကိုယ့်ကားလည်း အဲဒီ မှာပဲ၊ လမ်းမှာ လူဆိုးတို့ ဘာတို့ တွေ့ရင် အဖော်ရတာပေါ့'

ကွန်စတီကျူးရှင်း ရိပ်သာ လမ်းမကြီးကို ဖြတ်လာခဲ့ပြီးနောက် ကဲလားသည် ကေသီကို တစ်ချက် လှမ်းကြည့်လိုက်ရင်း ထူးဆန်းသေ အတွေး တစ်ခု ဝင်လာသည်။

သူနှင့် အတူ လာသူက မိန်းကလေး တစ်ယောက်။ ရုပ် ချော လှလှ။ လူမှုရေး ပေါင်းသင်း ဆက်ဆံရေး စကားတွေ ပြောဖို့ အချိန်ရယ် ကောင်းကောင်း မရ။ အလုပ်ထဲတွင် နှစ်နေခဲ့သည်။ ယခု ကေသီနှင့် အ အပြင်ထွက်၍ စားသောက်ရလျှင် ကောင်းမည်ဟု သဘောရသည်။

'ကောင်းသားပဲ ဒေါက်တာ၊ ဒါပေမဲ့ တခြားဟာတွေတော့ မသော ချင်ဘူး၊ ကော်ဖီလောက်ပေါ့'

ဂျော့ ကဲလားက သည်နားတစ်ဝိုက်တွင် သူ ကြားဖူးသည့် ပျော်ပွဲစား များကို စဉ်းစားပြီး ထို ပျော်ပွဲစားရုံ တစ်ခုသို့ သွားရန် ပြောသည်။

'ဟင့်အင်း၊ အဲဒီနေရာတွေကို ကေသီ မသွားချင်ဘူး၊ ကေသီ့အိမ် လိုက်ပြီး သောက်ပါလား'

ဂျော့ ကဲလားက သူ့ ဖိတ်ကြားချက်ကို လက်ခံသည်။

'ဟုတ်ပြီ၊ ကေသီ ရှေ့က မောင်း၊ ကိုယ် နောက်က လိုက်မယ်'

ကေသီမှာ တော်ဝင်လမ်းက အိမ်တစ်လုံး အပေါ်ထပ်ရှိ သုံးခန်း ခန်းခုံ တစ်ခုတွင် တစ်ယောက်တည်း နေသည်။

ကေသီက ကော်ဖီဖျော်သည့် စက်ဖြင့် အလုပ်များနေစဉ် နံရံပေါ်မှ စတာများကို သူ ငေးကြည့်နေသည်။ ပိုစတာများမှာ လက်တင် အမေရိ နိုင်ငံများ ခရီးကြို အဖွဲ့မှ ရောင်စုံ ပိုစတာများ ဖြစ်သည်။ သို့ရာတွင် ပိုစတ





စ်ခုမှာ ခရီးသွား ကြော်ငြာ မဟုတ်။

ဂျော့ ကဲလားက အဖြူအမည်း ရိုက်ထားသည့် ပိုစတာကြီး တစ်ခုကို ကဉ်ညွှိုးထိုးပြကာ

'ဟော့ ကေသီ၊ ဒီ ပိုစတာကြီးက ဘာလုပ်တာလဲ၊ သက်သက်မဲ့ နောက်ပြီး ချိတ်ထားတာလား'

'ဩော် နျူကလီးယား ပိတ်ပင်ရေး ပိုစတာကြီးကို ပြောတာလား၊ ကေသီက ကျောင်းတုန်းက နျူကလီးယား ဆန့်ကျင်ရေး လှုပ်ရှားမှုမှာ ရှေ့ န်းက ပါခဲ့ဖူးတယ်လေ၊ ကန့်ကွက်ပွဲတွေမှာတောင် လိုက်ခဲ့ဖူးသေးတယ်'

'ဟုတ်လား၊ ဒီလို ဆိုရင် ကိုယ် နားမလည်တာက'

'ဘာလဲ၊ အမျိုးသား လုံခြုံရေး ကောင်စီမှာ အလုပ်ရတာလား၊ ဒါမှ ဟုတ် အဲဒီ အလုပ်ကို ကေသီ ဘာဖြစ်လို့ ဝင်လုပ်တာလဲ ဆိုတာလား'

'အင်း၊ နှစ်ခုစလုံး ဆိုပါတော့'

ကေသီက သူ့အနီးတွင် ဝင်ထိုင်ပြီး ကော်ဖီ တစ်ခွက်ကို လှမ်းပေး သည်။

'ဒါကတော့ ဒီလိုလေ၊ ကေသီတို့ တိုင်းပြည်က လွတ်လပ်သော တိုင်း ပြည် မဟုတ်လား၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ဗီယက်နမ် စစ်ပွဲထဲကို ဝင် ိုက်တာဟာ မှားတယ်လို့ ထင်တယ်၊ ဒါပေမဲ့ ဒီ အစိုးရကို အကြမ်းဖက် ဖြုတ်ချတာမျိုးကိုလည်း ကေသီ မကြိုက်ဘူး၊ ဒီလိုဆိုရင် ကေသီ ဘယ်မှာ သောက်ခံချက် ရမလဲ၊ ကေသီတို့ရဲ့ နိုင်ငံရေး စနစ်ထဲမှာ ပြုပြင် ပြောင်းလဲ တွေ လိုတယ် ထင်တယ်၊ ကေသီ့ကို စိတ်ကူးယဉ်တဲ့သူများ ထင်နေမလား သိဘူး'

'ကောင်းတဲ့ စိတ်ကူးပါ၊ နို့ နေစမ်းပါဦး၊ အမျိုးသား လုံခြုံရေး ဌာနမှာ ကေသီတို့လို လူတွေ ရှိသေးသလား'

ကေသီက ပြုံးသည်။

'တစ်ယောက် နှစ်ယောက်တော့ ရှိတယ်၊ ဒါပေမဲ့ ကစ်ဆင်းဂျားရဲ့ အရိပ်ရှေ့မှာ သူတို့နာမည်တွေကို ထုတ်ပြောလို့ မဖြစ်ဘူးလေ'

ကေသီသည် စကားကျွံသွားပြီကို သိလိုက်သဖြင့် ချက်ချင်း ရပ်လိုက် ၏။

'ဘာ၊ ကိုယ့်ကို ကစ်ဆင်းဂျားရဲ့ အရိပ်တဲ့၊ ကိုယ့်ကို ဒီလိုပဲခေါ်နေကြ သလား'



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက်တာတို့ နှစ်ယောက်က တစ်တွဲတည်း မဟုတ်လား၊ အ
ကတော့ ဒေါက်တာ့ကို မနာလိုလို့ ပြောနေကြတာပါ၊ တချို့က ဆိုရင် ဒေါ
တာဟာ အိမ်ဖြူတော် အရေးကြီးတဲ့ ဌာနမှာ ရှိတဲ့ အရာရှိတွေ အနက် အ
ဆုံးလို့တောင် ပြောကြသေးတယ်'

'ပြီးတော့ကော ဘာတွေ ပြောကြသေးသလဲ'

'ပြီးတော့ ကေသီ့ကိုလည်း အရေးကြီးတဲ့ နေရာရအောင် ဒေါက်
လုပ်ပေးတယ်တဲ့၊ ထားပါတော့လေ၊ ဒီပြင် အကြောင်းကို ပြောရအောင်

'အင်း ကေသီ ပြောတော့ တခြား အမှုထမ်းတွေက ကိုယ့်အပေါ်
ဘယ်လို သဘောထားတယ် ဆိုတာ သိရတာပေါ့လေ၊ သူတို့က ကိုယ့်
ဘဝင်မြင့်တယ်၊ မောက်မာတယ်၊ ပြတ်တောင်းတယ်လို့ ထင်နေကြတယ်
တာ ကိုယ် သိပါတယ်'

သူ့ ထင်မြင်ချက်ကို တောင်းသည့် အနေဖြင့် ကေသီကို လှမ်းကြ
သည်။

'ဘာမှ ဝေဖန်ချက် မပေးလိုပါဘူး'

'ပေးစရာ မလိုပါဘူး၊ သူတို့ ထင်တာ မှန်သားပဲ၊ ကိုယ့်မှာ သူ
ပြောတဲ့ အချက်တွေ အားလုံး ရှိတယ်'

'ဟင့်အင်း၊ ကေသီကတော့ ဒေါက်တာ ပြောတာကို မယုံဘူး၊ ဒေါ
တာရဲ့ ရုပ်အကျီ အောက်က နှလုံးသား တစ်နေရာမှာ ဆန်တာကလော
ရှိတယ်လို့ ထင်တာပဲ'

'ဒီလို ထင်တဲ့ အတွက် ကျေးဇူးတင်ပါတယ်'

'အမှန်ကတော့ ကေသီတို့ ဘော့စ်ကလည်း ဒီအတိုင်းပဲ၊ ကစ်ဆင်
ဟာ တော်တော် ဆူဆူညံညံ လုပ်တတ်တဲ့လူ၊ ဒါကြောင့်မို့ ဒေါက်တာတို့
ယောက် တွဲလို့ ဖြစ်တာပေါ့၊ နှစ်ယောက်စလုံး ဥရောပ တိုက်သားတွေ ဖြ
ထင်တယ်'

'ကေသီက ကိုယ့် နောက်ကြောင်း ရာဇဝင်ကို ဘာသိလို့လဲ'

'အမယ်လေး၊ လူတိုင်း သိနေတာပါ၊ ဒေါက်တာလည်း သိသာ
ဓာသီတို့က အစိုးရနှင့် ပတ်သက်လို့ လျှို့ဝှက်ချက်ကို ထိန်းသိမ်းရမယ်
သစ္စာ ဆိုထားကြရတယ် မဟုတ်လား၊ ဒီတော့ လုပ်ဖော် ကိုင်ဖက်တွေ
အကြောင်းကိုမှ အတင်းအဖျင်း မပြောရရင် တခြား ဘာသွားပြောမှာလဲ'

'ဒါပေမဲ့ ကိုယ့်မှာ ကိုယ်ရေး ကိုယ်တာ ဘဝရယ်လို့မှ မရှိတာ'





'ဟင် ဒီလိုကြီးကတော့ မကောင်းပါဘူး၊ မိန်းကလေး တစ်ယောက်ကို
ပျော်အောင် လုပ်နိုင်တဲ့ အရည်အချင်း ဒေါက်တာ့မှာ ရှိပါတယ်'

'ကိုယ်ကတော့ မရှိဘူး ထင်တာပဲ၊ ကိုယ်ဟာ ဝါရှင်တန်မှာ စိတ်ကူး
ညံ့ဆုံး လူတစ်ယောက် ဖြစ်မယ် ထင်တယ်'

'ဒါပေမဲ့ ဒေါက်တာက အတော်ဆုံး လူတစ်ယောက်တော့ ဖြစ်နိုင်ပါ
တယ်၊ ဒေါက်တာ ရေးတဲ့ ဆောင်းပါးတွေကို နိုင်ငံခြားရေးရာ ဂျာနယ်မှာ
ကေသီ ဖတ်ဖူးပါတယ်၊ တချို့ ဆောင်းပါး အယူအဆတွေကို သဘော မတူ
ပေမဲ့ ဒေါက်တာ့ရဲ့ ဆောင်းပါးတွေဟာ တော်တော် ကောင်းပါတယ်'

ဂျော့ ကဲလ်ဘားက သူ့ပခုံးကို အသာ တို့လိုက်ကာ

'သိပ်လည်း မြှောက်မနေနှင့်ဦး၊ ကေသီ့မှာကော ကေသီ့ကို ပျော်အောင်
လုပ်ပေးနိုင်တဲ့သူ မရှိဘူးလား'

'ဟင့်အင်း၊ ခုလောလောဆယ်တော့ မရှိသေးဘူး'

'ဒီလိုဆိုရင် အဲဒီ ရာထူးကို ကိုယ် မလျှောက်နိုင်ဘူးလား'

ကေသီက ပြုံးလျက်

'လျှောက်နိုင်ပါတယ်၊ ဒါပေမဲ့ ဒေါက်တာ့ကို အင်တာဗျူး လုပ်ရဦး
မယ်နော်'

'ဒီလိုဆို သောကြာနေ့ ညမှ ညစာ သွားစားကြမယ်လေ'

ကေသီက ခေါင်းညိတ်ပြသည်။

'ကောင်းသားပဲ၊ ဒီလိုဆို ကေသီ ကိုးနာရီမှာ အလုပ်တွေ ပြီးအောင်
လုပ်ထားမယ်၊ ဘယ့်နှယ့်လဲ'

'ကောင်းတယ်၊ ဒီအချိန် ဆိုရင် ကိုယ့်အဖို့တော့ အစောကြီး ရှိသေးတယ်၊
ဒါပေမဲ့ ရပါတယ်၊ ကိုယ် ကြိုးစားပါ့မယ်'

ကော်ပီး ခရစ္စမတ်'

၁၉၇၃ ခုနှစ် ဒီဇင်ဘာလတွင် လင်းဗရိစ် မိသားစု အဖို့ ကျင်းပစရာ
တွေ အများကြီး ရှိနေသည်။

လွန်ခဲ့သည့် တစ်ပတ်ကပင် လင်းဗရိစ်အား နောက်နှစ် ဇူလိုင်လ တစ်
ရက်နေ့မှ စ၍ ကင်တာဘာရီ တက္ကသိုလ်တွင် အမြဲတမ်း ပါမောက္ခ အဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ခန့်အပ်ခြင်း ခံခဲ့ရသည်။ မဟာဌာန တစ်ခုလုံးက သူ့ကို ကန့်ကွက်မဲ တညီတညွတ်တည်း ဆုံးဖြတ်လိုက်ကြသည်။ မယုံနိုင်စရာတော့ ကောင်းသည်

လင်းဗရိစ်က စာသင်ကောင်းသည်။ ထို့ကြောင့် ဆောင်းရာသီ သင်တန်းများသို့ တက်ရောက်ရန် စာရင်းပေးထားသည့် အရေအတွက် အများကြီး ဖြစ်နေသည်။ ထို အတိုင်းသာ ရှိနေမည် ဆိုလျှင် မဟာဌာနသည် နောက်ထပ် ဌာနခွဲ တစ်ခုကို ဖွင့်ကာ သူ့ကို မဟာဌာနမှူး ခန့်ရန် အလား အလာ ရှိနေသည်။

သားငယ်မှာ ကျောင်းတွေ မကြာခဏ ပြောင်းရသည့်တိုင် ရော သည့် ကျောင်းတိုင်းတွင် ပျော်သည်။ ကလေးတန်း ဟော်ကီ ပြိုင်ပွဲတွင်လည်း ဝင်ရောက် ယှဉ်ပြိုင်နိုင်သည်။ ထို့ပြင် ဆာရာကလည်း ဟားဗတ် တက္ကသိုလ် ပုံနှိပ်တိုက်မှ ထုတ်ဝေသည့် ဂရိ ဂန္ထဝင် ကျမ်းများကို အချိန်ပိုင်း တည်းဖြတ် သူ အဖြစ် လျှောက်ထားသည်တွင် အဆင်ပြေသွားသည်။

ကင်တာဘာရီ ကောလိပ် ဘောလုံးသင်းမှာလည်း ပွဲတိုင်း နိုင် သည်။ ဘောလုံးရာသီ ကွင်းပိတ်ပွဲတွင် ကင်တာဘာရီ ကောလိပ်သင်းသည် သူနှင့် ပြိုင်ဘက်ဖြစ်သည့် ဒါ့မောက် ကောလိပ် ဘောသင်းကို ၃၃ မှတ် အနိုင်ရလိုက်ပြီ။ ဂျာစထရီးမှာလည်း တက္ကသိုလ် ဘောလုံးသင်းတွင် ခေါင်း ဆောင် ဖြစ်သွားပြီ။ မဟာဌာနမှူးမှာလည်း ကင်တာဘာရီ ကောလိပ် ကျောင်း အုပ်ကြီး ဖြစ်သွားပြီ။

လင်းဗရိစ် အဖို့ အောင်ပွဲတွေချည်း။ ပျော်စရာတွေချည်း။

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

အောက်တိုဘာ ၁၆၊ ၁၉

မနေ့က ဆန္ဒပြပွဲတွေ လုပ်တဲ့နေ့။ တစ်နိုင်ငံလုံးမှာ ဗီယက်နမ် စစ် ကန့်ကွက်တဲ့ ဆန္ဒပြပွဲတွေ ကျင်းပခဲ့ကြတယ်။

ဝါရှင်တန်၊ နယူးယော့နှင့် ဘာကလေး စတဲ့ မြို့တွေမှာ ဆန္ဒ ပြပွဲတွေ ဖြစ်တာကို ဘာမှ အံ့သြစရာ မရှိဘူး။ ဒါပေမဲ့ ပစ်စ်ဘာ မိနီပိုးလစ်နှင့် ဒင်းဗားတို့လို မြို့တွေမှာ ဆန္ဒပြပွဲတွေ ဖြစ်တာကိုတော့ အမာခံ ဂိုဏ်းသားတွေ တော်တော် အံ့သြသွားကြတယ်။





အံ့သြစရာ အကောင်းဆုံးကတော့ ဆန္ဒပြတဲ့ လူတန်းကြီးဟာ ဝေါ လမ်းမကြီးထဲကို ဝင်လာပြီး ဆန္ဒပြတဲ့ ကိစ္စပဲ။

နေ့လယ်ချိန် ငြိမ်းချမ်းရေး ဆန္ဒပြပွဲမှာ ပါဝင်ကြဖို့ လုပ်ငန်းရှင် ကြီးတွေကို ငါ လိုက်ဆော်သြတယ်။ ပြီးခဲ့တဲ့ တစ်ပတ်လုံးလုံး လုပ် ငန်းရှင်ကြီးတွေ၊ ကုမ္ပဏီ ပိုင်ရှင်ကြီးတွေကို တယ်လီဖုန်းဆက်ပြီး စစ် ဆန့်ကျင်ရေး ဆန္ဒ ပြပွဲမှာ ပါဝင်ကြဖို့ တိုက်တွန်းတယ်။ ဗီယက်နမ် စစ်ပွဲဟာ တို့အဖို့ စာရိတ္တ အရလည်း မှားတဲ့ အလုပ် ဖြစ်ကြောင်း၊ စီးပွားရေး အရလည်း မှားတဲ့ အလုပ်ဖြစ်ကြောင်း (ဒုတိယ အကြောင်း ပြချက်ကို ပိုပြီး သဘောကျကြတယ်။) သူတို့ကို ရှင်းပြတယ်။ တချို့ က ငါ့ကို ဆဲကြတယ်။ တချို့က တယ်လီဖုန်းကို ချသွားကြတယ်။ ဒါပေမဲ့ ငါ့ကို ထောက်ခံသူတွေလည်း အများအပြား ရပါတယ်။

ဒါပေမဲ့ ခုလို လူတစ်သောင်းလောက် ချီတက် ဆန္ဒပြလိမ့်မယ် လို့တော့ ငါ မထင်ခဲ့ဘူး။ လမ်းမ ဆန္ဒပြပွဲတွေထဲမှာဖြင့် ရာဇဝင်မှာ အကြီးဆုံး ဆန္ဒပြပွဲလို့တောင် တိုင်း သတင်းစာထဲမှာ ဆောင်းပါးရှင် တစ်ယောက်က ရေးသွားတယ်။

အဲဒီနေ့က ရာသီဥတုကလည်း ကောင်းတယ်။ နေရောင်က ပွင့် လို့။ တို့တစ်တွေ လက်မောင်းမှာ လက်ပတ် အနက်တွေကို ဝတ်ပြီး ချီတက်လာခဲ့ကြတယ်။ ကောင်းကင်မှာ လေယာဉ်တွေက ဝဲပြီး ‘ငြိမ်း ချမ်းရေး’ ဆိုတဲ့ စာလုံးကို သရုပ်ဖော်ကြတယ်။ ထရီနတီ ဘုရားရှိခိုး ကျောင်းဟောင်းကြီးကို ရောက်တော့ တို့ ဆန္ဒပြပွဲကို ရပ်လိုက်တယ်။ အဲဒီ ဘုရားရှိခိုးကျောင်း တစ်ကျောင်းလုံး လူတွေကို ဖွေးဖွေးလှုပ်နေ တာပဲ။ အဲဒီမှာ အရေးကြီးတဲ့ လုပ်ငန်းရှင်ကြီးတွေက တစ်ယောက်ပြီး တစ်ယောက် စင်မြင့်ပေါ် တက်ပြီး ဗီယက်နမ်မှာ ကျဆုံးသွားကြရတဲ့ တို့ အမေရိကန် လူငယ်တွေရဲ့ နာမည်တွေကို ရွတ်ကြတယ်။

စင်မြင့်ပေါ် တက်ပြောသူတွေထဲမှာ ဝန်ကြီးဟောင်းတွေလည်း ပါတယ်။ ကုမ္ပဏီကြီးတွေက အုပ်ချုပ်ရေး အရာရှိကြီးတွေလည်း ပါ တယ်။ သူတို့ကတော့ တော်တော် သတ္တိကောင်းတဲ့ လူတွေလို့ ဆိုရ မယ်။ သူတို့ ကုမ္ပဏီတွေဟာ ဗီယက်နမ် စစ်ပွဲကြောင့် အမြတ်အစွန်း ရနေပေမယ့် သူတို့လည်း ဗီယက်နမ် စစ်ကို မလိုလားကြဘူး ဆိုတာ ကို ပြခဲ့ကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ မျိုးရိုး နာမည်ကြောင့်လား၊ ဘာလားတော့ မသိဘူး။ ငါ့ လည်း စင်မြင့်ပေါ် တက်ပြီး တရားဟောနိုင်းတယ်။ ငါ့အဖို့ ဂုဏ် စရာကြီးပေါ့။

ဒီနေ့ကတော့ ဆန္ဒပြပွဲ ပြီးတဲ့ နောက်တစ်နေ့။ ဒီနေ့ မန သတင်းစာတွေထဲကို ကြည့်လိုက်တော့ ဝေါလမ်းက ငါတို့ ဆန္ဒပြပွဲ ဗဟို ပန်းခြံထဲက ဆန္ဒပြပွဲထက်တောင် လူများတာ တွေ့ရတယ်။ ဂုဏ် ဆောင်းဘီ ဝတ်ပြီး ဂီတာ ကိုင်ထားတဲ့ ကောင်လေးတွေက တို့ အပြာရောင် ဖလန်နယ် ဝတ်တဲ့ ကုမ္ပဏီ အမှုထမ်းတွေမှာလည်း ဆန့်ကျင်တဲ့ ဆန္ဒ ရှိတယ် ဆိုတာ တွေ့ရတော့ အံ့သြနေကြတယ်

ရုံးလည်း ရောက်ရော ပြဿနာ ပေါ်တော့တာပဲ။ ငါနှင့် လု ဖော်ကိုင်ဖက်တွေ၊ တို့လို ကုမ္ပဏီ အရာရှိကြီးတွေက ငါ လုပ်နေတာ ကို မကျေမနပ် ဖြစ်နေကြတယ်။ တစ်နေ့က ဆိုရင် ငါ့ကို တိုင်းချ ပြည်ချစ်စိတ် မရှိတဲ့ လူလို့တောင် ပြောလိုက်ကြသေးတယ်။ တိုင်းပြည် ကိုလည်း သစ္စာ မရှိဘူးတဲ့။ သူတို့ အပေါ်မှာလည်း သစ္စာ မရှိဘူးတဲ့

သူတို့ ဆဲတာ ဆိုတာကို ငါ သည်းခံပါတယ်။ ဒါပေမဲ့ ကိုးနာ ခွဲမှာ တယ်လီဖုန်းက ကြားလိုက်ရတဲ့ အသံကြောင့်တော့ ငါ တော်တော် စိတ်ပျက်သွားတယ်။ တယ်လီဖုန်း လာလို့ ကောက်ကိုင်လိုက်တော့ ဖုန်းထဲက 'ဟော့ကောင် သောက်ရူး၊ မင်း ဘာတွေ လျှောက်လုပ်နေတာ လဲ' တဲ့။ တခြားသူ မဟုတ်ဘူး။ အဖေရယ်လေ။

မိနစ် နှစ်ဆယ်လုံးလုံး တယ်လီဖုန်းထဲက နေပြီး ငါ့ကို ကြိမ် နေတယ်။ ငါဟာ တော်တော်မိုက်တဲ့ အကြောင်း၊ မနေ့က ဆန္ဒပြ ကြောင့် တိုင်းပြည်မှာ အရှက်တကွဲ အကျိုးနည်း ဖြစ်ရတဲ့ အကြောင်း ငါတို့ ကုမ္ပဏီဟာ ကာကွယ်ရေး ဌာနနှင့် ကန်ထရိုက် စာချုပ် ချုပ် ထားပြီး စစ်ပစ္စည်းတွေကို ရောင်းနေတဲ့ အကြောင်း၊ ငါဟာ ဘာမှ နား မလည်တဲ့ ဝမ်းတွင်းရူး တစ်ယောက် ဖြစ်တဲ့ အကြောင်း။ ငါက ပြ ပြောဖို့ ကြိုးစားပေမယ့် ပြောခွင့် မပေးဘူး။ တစ်လျှောက်လုံး သူ ချည်း ဖိကြိမ်းနေတယ်။ နောက်ဆုံးမှာ မေးခွန်း တစ်ခု မေးတယ်

'မင်းလုပ်တဲ့ အပြုအမူဟာ အဲလီယော့မျိုးရဲ့ ဂုဏ်သိက္ခာကို ထိ ခိုက်တယ် ဆိုတာ မင်း သိရဲ့လား' တဲ့။

ဒီမေးခွန်းကို ခါတိုင်းလည်း ငါ့ကို မေးလေ့ရှိတယ်။ အဲဒီတု





ကတော့ ငါ ဘာမှ မပြောခဲ့ဘူး။ ခုတော့ ငါ့မှာ ပြောစရာ ရှိလာပြီလေ။

၁၇၇၆ ခုနှစ်တုန်းက ကျွန်တော်တို့ အဘိုး အင်ဒရူး အဲလီယော့ ဟာ အမေရိကန် လွတ်လပ်ရေး စစ်ပွဲမှာ ပါခဲ့တယ်၊ ဒီလို ပါခဲ့တဲ့ အတွက် တတိယမြောက် အင်္ဂလိပ် ဂျော့ ဘုရင်ကို သစ္စာ ဖောက်ရာ ရောက်သလား၊ အဘိုးဟာ သူ့ ယုံကြည်ချက်ကို စိုက်လိုက်မတ်တတ် လုပ်သွားခဲ့တယ် မဟုတ်လားလို့ ပြန်မေးလိုက်တယ်။

အဖေ့ အသံ တိတ်သွားတယ်။ ဘာမှ ပြန်မပြောနိုင်ဘူး။ သူ ဒီလို တိတ်နေတုန်းမှာ ငါက

'ဒါကြောင့် တော်လှန်ရေး ဖြစ်ပြီး ကျွန်တော်တို့ တိုင်းပြည် လွတ်လပ်ခဲ့တာ' လို့ ပြောလိုက်တယ်။ ပြီးတော့ အဖေ့ကို ယဉ်ယဉ် ကျေးကျေး နှုတ်ဆက်ပြီး တယ်လီဖုန်းကို ချလိုက်တယ်။

ငါ့ တစ်သက်မှာ အဖေ့ကို ဆန့်ကျင်ပြလိုက်တာ ဒီအကြိမ်ဟာ ပထမဆုံး အကြိမ်ပဲ။

ဒရူး၏ အဖြစ်သည် ခြွင်းချက်မဟုတ်။ ဗီယက်နမ် စစ်ပွဲသည် အမေရိကန် မျိုးတိုင်းကို စိတ်ဝမ်း ကွဲစေခဲ့သည်။ သိမ်းငှက်နှင့် ချိုးငှက်များ၊ ဆင်းရဲနှင့် မ်းသာ၊ သားသမီးနှင့် မိဘ စသည်တို့ အကြား ကွဲလွဲမှုတွေ ပေါ်ပေါက်လာ သည်။

ထိုကိစ္စကြောင့် ဂျော့ ကဲလားနှင့် ကေသီတို့ အကြားတွင်လည်း သဘော ကွဲလွဲမှုတွေ ပေါ်ပေါက်လာသည်။ အောက်တိုဘာလ ၁၅ ရက်နေ့တွင် ကေသီ သည် ရုံးမှ ခွင့်ယူကာ ဝါရှင်တန်တွင် ကျင်းပသည့် ဆန္ဒပြပွဲသို့ လိုက်ပါသွား သည်။ နောက်တစ်နေ့ မနက် ဂျော့ ကဲလားနှင့် တွေ့သည့် အခါတွင် ကေသီ လက်မောင်းတွင် လက်ပတ် အနက်ကို ပတ်လျက်သား။ မေ့၍ မဖြုတ်ခဲ့မိ။

ပျော်ပွဲစားရုံထဲသို့ အရောက်တွင် စားပွဲထိုးက စားပွဲကို လိုက်ပြရင်း 'အစ်မ အပေါ်အင်္ကျီကို သိမ်းထားမလား' ဟု မေးသည်။

'အေး၊ သိမ်းမယ်' ဂျော့ ကဲလားက ဖြေသည်။

'ဟင့်အင်း၊ နေပေစေ၊ နည်းနည်းချမ်းလို့ ဝတ်ထားလိုက်မယ်' ဟု ကေသီက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသီက အပေါ်အင်္ကျီကို ပခုံးပေါ်တွင် လွှမ်းထားလိုက်သည်။ လက်ပတ် အနက်ကြီး တပ်ထားသည့် အင်္ကျီလက်က ထင်းထင်းကြီး ပေါ်နေသည်။

'ကေသီ၊ မင်း ဘာလုပ်နေတယ် ဆိုတာ ကိုယ့်ကိုယ်ကိုယ် သိရဲ့လား'

ဂျော့ ကဲလားက စိုးရိမ်တကြီးဖြင့် ပြောသည်။

'သိပါတယ်၊ ကေသီ့ကို ချိန်းတွေ့တယ် ဆိုရင် ကေသီရဲ့ ယုံကြည်ချက်ကိုလည်း ချိန်းတွေ့ရမှာပေါ့၊ လူနှင့် ယုံကြည်ချက်ကို ခွဲလို့မှ မရတာ'

'လူတွေက ကြည့်နေတယ်ကွ၊ ဒီမှာ အရေးကြီးတဲ့ လူကြီး လူကောင်းတွေချည်းပဲ လာတာ'

'ဒီလောက် မစိုးရိမ်ပါနှင့် ဒေါက်တာ၊ ကြည့်တော့ ကောင်းတာပေါ့၊ ဒီနေရာက အိမ်ဖြူတော် ဝင်းတံခါးထက် အထက်လူကြီးတွေနှင့် ပိုနီးတယ် မဟုတ်လား၊ သူတို့ မြင်သွားတော့ ကောင်းတာပေါ့'

ဂျော့ ကဲလားက စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းယမ်းသည်။

'ညစာ ထမင်းစားပွဲမှာတောင် မင်းနှင့် ကိုယ့်ကြားမှာ အတိုက်အခိုက် ရပ်စဲရေး မလုပ်နိုင်တော့ဘူးလား'

'လုပ်နိုင်ပါတယ်၊ ကေသီက အမြဲ ငြိမ်းချမ်းချင်တဲ့လူ၊ တိုက်ခိုက်တာကို ဘယ်တော့မှ မလိုလားဘူး၊ ဒီတစ်ကြိမ်တော့ အလျှော့ ပေးလိုက်ပါမယ် စိတ်မညစ်ပါနှင့်'

ကေသီက အင်္ကျီမှ လက်ပတ် အနက်ကို ဖြုတ်နေသည်။

စောစောက ထို လက်ပတ် အနက်ကို သတိမထားမိသူများပင် ယခုမှ လက်ပတ်ကို မြင်နေကြရသည်။ ကေသီက လက်ပတ် အနက်ကို ဖြုတ်ယူပြီး ဂျော့ ကဲလားသို့ လှမ်းပေးလိုက်သည်။

'ကဲ ဒေါက်တာ ကဲလား၊ ဒီ လက်ပတ် အနက်ကို ဒေါက်တာ ကြိုက်သလို သုံးနိုင်ပါပြီ'

ကေသီသည် သူ ပြောချင်သည့် စကားတို့ကို ပြောပြီးသဖြင့် ထိုအကြောင်းကို နောက်ထပ် မပြောတော့ဘဲ ကိုယ်ရေး ကိုယ်တာ အကြောင်းများကို ပြောနေသည်။ ဟင်နရီ ကစ်ဆင်းဂျားသည် နန်စီ မက်ဂျင်းကို လက်ထပ်မည်ဟု ဆိုသည့် ကိစ္စမျိုးလည်း ပါသည်။

၁၉၇၀ ခု ဧပြီလ ၂၆ ရက်နေ့တွင် သမ္မတ နစ်ဆင်က အမေရိကန် တပ်သား





သုံးသောင်း နှစ်ထောင်ဖြင့် ကမ္ဘောဒီးယားကို တိုက်ရန် ဆုံးဖြတ်လိုက်သည်။ အရှေ့တောင် အာရှတွင် ရောက်နေသည့် တပ်များနှင့် ထို အစီအစဉ်များကို ... နိုင်း အတည်ပြုပြီးပြီ။ အရေးကြီးသည့် ဝန်ကြီးများသည်ပင် ထို ဆုံးဖြတ်ချက်ကို ... သိလိုက်ကြ။

ထိုနေ့ညနေတွင် ကမ္ဘောဒီးယားကို တိုက်ခိုက်မှုနှင့် ပတ်သက်၍ ဖြစ်ပေါ်လာနိုင်သော အကျိုးဆက်များကို ဆွေးနွေးရန် အမျိုးသား လုံခြုံရေး ... ကောင်စီ အစည်းအဝေး ကျင်းပသည်။ သို့ရာတွင် တိုက်ခိုက်မည် ဆိုသည့် ဆုံးဖြတ်ချက် ချပြီးကြောင်းကို သိသူ သိပ် မရှိသေး။ တိုက်ခိုက်မှုကို လေးဆယ့်... နာရီ အကြာတွင် စတင်မည် ဖြစ်သည်။

ကစ်ဆင်းဂျားက သူ့ရှေ့တွင် စုဝေးနေသည့် အရာရှိများအား အခြေအနေကို 'ဓမ္မဓိဋ္ဌာန် ကျကျ' တင်ပြသည်။

'ကျွန်တော်တို့မှာ ရွေးရမယ့် လမ်းတွေက မကောင်းတဲ့ လမ်းတွေချည်းပဲ၊ မြောက် ဗီယက်နမ်တွေ ကမ္ဘောဒီးယားကို ဝင်တိုက်တာကို ဒီအတိုင်း ကြည့်နေမလား၊ ဒါမှမဟုတ် သူတို့ကို တားဆီး ရပ်တန့်ဖို့ အတွက် ကျွန်တော်တို့ တပ်တွေကို သုံးမလား၊ တိုက်ပွဲကို အောင်မြင်အောင် တိုက်နိုင်ရင်တော့ ...အဓိပ္ပာယ်ရှိတဲ့ ငြိမ်းချမ်းရေးကို လုပ်ဖို့ ခြေလှမ်း တစ်လှမ်း ဖြစ်မှာပဲ၊ ဘာ ပြောချင်ကြသေးသလဲ'

အရာရှိ အများစုကမူ သူ တင်ပြသည့် ကိစ္စကို များစွာ သံသယ ရှိနေကြသည်။

ကစ်ဆင်းဂျား၏ လက်ထောက် အရာရှိများထဲတွင် ကေသီသည် ငယ်ဆုံး၊ အဆင့် အနိမ့်ဆုံး အရာရှိ တစ်ယောက် ဖြစ်သည်။ ကေသီသည် ...ရင့်စွာ လက်ကို မြှောက်လိုက်၏။

'တကယ်လို့ အမေရိကန်က ဗီယက်နမ် စစ်ကို တိုးချဲ့ပြီး ကမ္ဘောဒီးယားကို ဝင်ရောက် တိုက်ခဲ့ရင်တော့ အမေရိကန် ပြည်က တက္ကသိုလ် ပရိဝုဏ်...တွင်းမှာ ပေါက်ကွဲမှုတွေ ဖြစ်လာနိုင်ပါတယ်'

'မိခင်တချို့၊ နိုင်ငံရေးကို ဘာမှ နားမလည်တဲ့ လူငယ် တချို့ကြောင့် ...တော့ တို့ ဆုံးဖြတ်ချက်ကို ပြောင်းမှာ မဟုတ်ဘူး' ဟု ကစ်ဆင်းဂျားက ...ည်ငြိမ်စွာ ပြောသည်။

'ဒါတော့ မပြင်းထန်လွန်းဘူးလား ဒေါက်တာ ကစ်ဆင်းဂျား'

ကေသီ ပြန်မပြောဘဲ မနေနိုင်။



www.burmeseclassic.com

www.burmeseclassic.com



'ဒါကတော့ မင်း အပေါ်ယံ ကောက်ချက်ချတာပဲ ဖြစ်ပါလိမ့်မယ်'

ဧပြီလ ၃၀ ရက်နေ့တွင် စစ်ကို တိုးချဲ့ရန် သမ္မတ နစ်ဆင်က ကြေညာသည်။ အမေရိကန် တပ်များက ကမ္ဘောဒီးယားကို ဝင်တိုက်မည် ဖြစ်ကြောင်း ဧပြီ ၂၈ ရက်နေ့တွင် သမ္မတက အမျိုးသား လုံခြုံရေး ကောင်စီသို့ အကြောင်းကြားသည်။

အမျိုးသား လုံခြုံရေး ကောင်စီဝင် တော်တော်များများက ထို ဆုံးဖြတ်ချက်ကို မကျေနပ်ကြ။ တစ်နေ့က ကစ်ဆင်းဂျား ကြီးမှူး လုပ်သည့် ဆွေးနွေးပွဲမှာ အစမ်းသဘောမျှသာ ဖြစ်သည်ဟု ယူဆခဲ့ကြသည်။ အမျိုးသား လုံခြုံရေး ကောင်စီ အဖွဲ့ဝင် တော်တော်များများပင် ကစ်ဆင်းဂျား အခန်းထဲသို့ ဒေါသတကြီး ဝင်ရောက်လာခဲ့ကာ ကောင်စီဝင် အဖြစ်မှ နုတ်ထွက်သွားကြသည်။

လုံခြုံရေး ကောင်စီတွင် အမှုထမ်းနေကြသော အရာရှိငယ်များကလည်း မကျေနပ်ကြ။ အချို့မှာ အလုပ်မှ နုတ်ထွက်သွားကြသည်။ ထိုအထဲတွင် ကေသီက ပထမဆုံး။ ကေသီသည် ပြင်းထန်စွာ ရေးထားသော နုတ်ထွက်စာ တစ်စောင်ကို ကစ်ဆင်းဂျား၏ အတွင်းဝန် တစ်ဦးသို့ ပေးပစ်ခဲ့ပြီးနောက် မလှမ်းမကမ်းရှိ ဂျော့ ကဲလား၏ ရုံးခန်းသို့ ထွက်လာခဲ့သည်။

'ရှင်တို့ တော်တော် ရက်စက်တဲ့ လူတွေ၊ ဟင် တော်တော် ယုတ်မာတဲ့ လူတွေ၊ ရှင်တို့ဟာ ဘယ်သူ့ မျက်နှာကိုမှ မထောက်ဘူး၊ ဘာကိုမှလည်း ... ဘူး၊ လူ့အသက် သွေးတွေနှင့် ရှင်တို့ တက်လမ်းကို ရှင်တို့ ခင်းနေကြတယ်'

'ကေသီ၊ အေးအေးဆေးဆေး ပြောပါ၊ ကိုယ်ပြောတာ နားထောင်ဦး'

'မထောင်နိုင်ဘူး၊ ကေသီ ပြောတာ နားထောင်၊ ဒီနေ့က စပြီး ကော... အိမ်ဖြူတော်ကလည်း ထွက်တယ်၊ ရှင့်ဘဝထဲကလည်း ထွက်တယ်၊ ဒါပဲ'

'ကေသီ၊ သေသေချာချာ စဉ်းစားပါဦး၊ ဒီကိစ္စက ကိုယ်နှင့်'

'ဒါပေမဲ့ ရှင်သိပါတယ်၊ ရှင် အစောကြီး ကြိုသိတယ်၊ ဒါတော... ကျွန်မကို မပြောဘူး၊ ရှင် ကျွန်မကို မယုံဘူးပေါ့'

'သြော်၊ မင်းက ဒီလောက် အရှုးအမူး ဖြစ်နေတော့ မင်းကို ပြော... ခက်သားပဲ'

'အရူးအမူး ဖြစ်နေတာ မဟုတ်ဘူးရှင့်၊ လူလူချင်း စာနာတာ၊ လူ...





...ချင်း စာနာတာ'

သူက ဘာမျှ ပြန်မပြောရသေးမီ ကေသီသည် အခန်းထဲမှ ထွက်သွားသည်။

ငါမှားတာပဲ။ ငါနှင့် သူနှင့်ဟာ အယူအဆ မတူဘူး ဆိုတာ သိခဲ့လျက်သားနှင့် တို့နှစ်ယောက် ချစ်ခဲ့မိတာ မှားတာပဲ။ ဟုတ်တယ် ဒေါက်တာ ကစ်ဆင်းဂျား ပြောတာ မှန်တယ်။ မိန်းမ ဆိုတာ အပျော်သက်သက်လောက်ပဲ ကောင်းတာ။

နောက် တစ် ပတ် ခန့် ကြာသွားသည်။ ထိုတစ်ပတ် အတွင်း ကင့်စတိတ် တက္ကသိုလ် ကျောင်းသားများ၏ စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွင် ကျောင်းသား လေးဦး ဒဏ်ရာရ သေဆုံးသွားခဲ့ကြသည်။ ခြောက်ရက်မြောက်သည့် နေ့တွင် တက္ကစီ ဒရိုင်ဘာ တစ်ဦး ဒေါက်တာ ဂျော့ ကဲလား အိမ်ရှေ့သို့ ရောက်လာသည်။ သူ့ လက်ထဲတွင် စုတ်ပြတ်နေသည့် လက်ဆွဲ သေတ္တာ တစ်လုံးကို ကိုင်လျက်။

အထဲတွင် ကေသီ၏ အခန်းတွင် သူ ထားခဲ့သော ရုပ်အင်္ကျီများ၊ လည်စည်းများနှင့် ဘောင်းဘီများကို တွေ့ရသည်။ သေဆုံးသွားသော ကျောင်းသား လေးဦး၏ ပုံကို သတင်းစာများမှ ဖြတ်ကပ်ထားသည့် စက္ကူ တစ်ရွက်ကိုလည်း တွေ့ရ၏။

စာရွက်ပေါ်တွင် 'သူတို့မှာ ဒေါက်တာ ဂျော့ ကဲလား၏ ကလေးများ ဖြစ်သည်' ဟု ရေးထားသည်။

...ပြင်ထဲက အဲလစ်သည် မှန်ကြည့်လိုက်ရုံဖြင့် သူ၏ အံ့ဩဖွယ် နတ်သမီး ...ိုင်းပြည်သို့ ရောက်သွားတတ်သည်။ လင်းဗရိစ်မှာမူ အင်္ဂလိပ် မီးရထားတွဲ ...ခ်တွဲ၏ ဖုန်တက်နေသော မှန်ပြတင်းမှ လှမ်းကြည့်ရင်း သူ၏ အံ့ဩဖွယ် ...ိုင်းပြည် ဖြစ်သော အောက်စဖို့ တက္ကသိုလ်ကို လှမ်းမြင်နေရသည်။

ရုံထားသည် အောက်စဖို့ တက္ကသိုလ် ဘူတာရုံသို့ မရောက်မီ အချိန် ...း၁ ပြလာ၏။

အေးစိမ့်သော ထိုနေ့ ညနေစောင်း၌ ပါမောက္ခကြီး ဝိုင်လီသည် လင်း



www.burmeseclassic.com

www.burmeseclassic.com



ဗရိစ်တို့ သားအဖ သုံးယောက်အား ကိုလံဗတ်စ်က အမေရိကတိုက်ကို ... မိ နှစ်သုံးရာလောက် ကတည်းက စာပေများကို ပို့ချခဲ့ရာ အောက်... တက္ကသိုလ်မှ စာသင်ခန်းများကို လိုက်ပြနေသည်။ မူလ တက္ကသိုလ် ကျော... တိုက်များ ဖြစ်သည့် မာတန်နှင့် စိန့်အက်ဒမန် ကျောင်းတိုက်တို့မှာ ... ထောင်ခါစ ၁၂၅၀ ခုနှစ်မှ အစိတ်အပိုင်း အချို့ ကျန်နေသေးသည်။ ... ဆီတာ၊ အိုရီယယ်နှင့် နယူးကောလိပ်တို့တွင်လည်း အလယ်ခေတ်၏ အ... အသက်များ ကျန်နေသေးသည်။

ဆယ့်ငါးရာစုနှစ်က တည်ထောင်ခဲ့သည့် မက်ဒလင်း ကောလိပ်... အောက်စဖို့ တက္ကသိုလ်၏ ရတနာ တစ်ပါးပေ။ ချာဝယ် မြစ်ဘေးတွင် ... သည့် ဥယျာဉ်လေးတွေက အနားသတ်ပေးလျက်။ ဥယျာဉ်ထဲတွင် သမင်က... တွေပင် တွေ့ရသေးသည်။ လင်းဗရိစ်၏ သားငယ်မှာ တကယ်ပင် နတ်သ... တိုင်းပြည်သို့ ရောက်နေသည့်နှယ် ဖြစ်နေသည်။

ခရိုက်စ်ချပ် ကျောင်းတိုက်ကြီးကလည်း အနား ခြောက်ဖက် ရှိသည့် မျှော်စင်ကြီးနှင့်။ ထို ကောလိပ်မှာ ပါမောက္ခ ဝိုင်လီ အလုပ် လုပ်သည့် ကော လိပ် ဖြစ်သည်။ ပါမောက္ခ ဝိုင်လီသည် လင်းဗရိစ်တို့ မိသားစုအား ကောလိ... ညွှန်သည့် ရိပ်သာတွင် နေရာချပေးထားသည်။

မဟာ ရင်ပြင်တွင် ရပ်ရင်း လင်းဗရိစ်က

'သား၊ ဘယ့်နှယ်လဲဟေ့' ဟု မေးသည်။

'အားလုံး အဟောင်းတွေချည်းပဲနော်' ဟု သားငယ်က ပြောသည်။

'အဲဒီ အဟောင်းတွေဟာ စိတ်ကူးသစ်တွေ ပေါ်လာဖို့ အကောင်းဆုံး နေရာတွေပေါ့ကွာ'

'အေး၊ မင်းပြောတာ မှန်တယ်' ဟု ပါမောက္ခ ဝိုင်လီက ထောက်ခံ သည်။

ထို့နောက် ပါမောက္ခ၏ မောရစ်မိုင်နာ ကားကလေးဖြင့် အယ်ဒီဆန် ကရဲဆင့်ရှိ သူတို့ အိမ်ကလေးသို့ လာခဲ့ကြသည်။ ထိုနှစ်တွင် သူတို့ နေရမည့် အိမ်ကလေး ဖြစ်သည်။

နောက်တစ်နေ့တွင် ဘော့ဒလီယန် စာကြည့်တိုက် အဝင်ဝတွင် လင်းဗရိစ် သည် ဒေါက်တာ ဝိုင်လီနှင့် တွေ့သည်။ ဒေါက်တာ ဝိုင်လီက သူ့ကို အသက် ခပ်ကြီးကြီး ပိဋကတ်တိုက်မှူးနှင့် မိတ်ဆက်ပေးသည်။ ပိဋကတ်တိုက်မှူးက





...သူ့အား အောက်စဖို့ တက္ကသိုလ်တွင် ရှေး အစဉ်အလာ ထုံးစံအတိုင်း 'စာ ...ဖတ် ကျမ်းသစ္စာ' ကို ရွတ်ဆိုစေသည်။

'ဤပိဋကတ်တိုက် ပိုင်ဆိုင်သော၊ သို့မဟုတ် သိမ်းဆည်းထားသော ...ရွက် စာတမ်း၊ သို့မဟုတ် အခြားအရာ ပစ္စည်း တစ်ခုခုအား တခြားသို့ ...ယူသွားခြင်း မပြုရန်၊ ထိုအရာများပေါ်တွင် မျဉ်းသားခြင်း၊ မှတ်သားခြင်း၊ ...ပျက်စီးအောင် လုပ်ခြင်း၊ ထိခိုက်အောင် လုပ်ခြင်း။ အလားတူ ပစ္စည်းများကို ...ကြည့်တိုက်ထဲသို့ ယူဆောင်လာခြင်း၊ သို့မဟုတ် ယင်းတို့ကို ပျက်စီးစေရန် ...တောက် မီးလျှံတို့ကို ထွန်းညှိခြင်း စသည်တို့ကို မပြုလုပ်ပါကြောင်း ကတိ ...ပြုပါသည်...'

ဟုတ်သည်။ ထို ပိဋကတ်တိုက်ထဲမှ မည်သည့် စာအုပ်ကိုမျှ အပြင်သို့ ...ယူ ဖတ်ရှုခွင့် မပြု။ အင်္ဂလန် ပြည့်ရှင် ဘုရင် ဖြစ်ခဲ့သည့် အော်လီဗာ ...ရွမ်းဝဲလ်သည်ပင်လျှင် ထို အခွင့်အရေးကို မရခဲ့စဖူး။

သို့ဖြင့် လင်းဗရိစ်သည် ထို ပိဋကတ်တိုက်သို့ လာ၍ သုတေသန ...လုပ်ငန်း အတွက် ဖတ်ချင်သည့် စာများကို မွှေနှောက် ဖတ်ရှုသည်။ မနက် ...တိုင်း ခေါမ ရုပ်တုကြီး အနီးမှ ဖြတ်ကာ ဂန္ထဝင်တို့၏ ဂန္ထဝင်များကို သို ...မ်းထားရာ ဖြစ်သော ထို မည်းမှောင်သည့် အခန်းကျဉ်းကလေးထဲသို့ ရောက် ...လာတတ်သည်။

ပထမ သီတင်းပတ် တစ်ညနေတွင် လင်းဗရိစ်သည် ဘရော့လမ်းမှ ခရိုက်ချပ် ကောလိပ် လည်စည်း တစ်ခုကို ဝင်ဝယ်သည်။ သူလည်း အောက် စဖို့ တက္ကသိုလ်သား တစ်ယောက်နှင့် တူချင်သည်။

လင်းဗရိစ်သည် နေ့လယ်စာကို ကျောင်းတွင် ပါမောက္ခ ဝိုင်လီနှင့် အတူ စားလေ့ရှိသည်။ နေ့လယ်စာဝိုင်းတွင် သူ့လိုပင် ဂရိဘာသာ သုတေသီ များနှင့် သာမက အခြားသော ပညာရပ်များတွင် ထင်ရှားသော ပညာရှင်များ နှင့်လည်း တွေ့ရသည်။

လင်းဗရိစ်မှာ ပါမောက္ခ ဝိုင်လီ၏ အရေးပေးခြင်း ခံရသူ ဖြစ်ကြောင်း မကြာမီ သိသွားကြသည်။ ထို့ကြောင့် ဘာသာဗေဒ အသင်းတွင် လင်းဗရိစ် ...ဟောပြော ပို့ချမည့် နေ့သို့ အရောက်တွင် သူ့အား ဝိုင်း၍ ဝေဖန်မည့်သူ... ...လာရောက် နားထောင်ကြသည်။

သူ့ ဟောပြောချက်မှာ ဆိုစရာ မရှိ။ သူ ပို့ချခဲ့သည့် ဟောပြောချက် များတွင် အကောင်းဆုံးဟုပင် ဆိုနိုင်သည်။ ပါမောက္ခ ဝိုင်လီသည် ချက်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ထကာ

'ခု ခင်ဗျားတို့တစ်တွေ အလွန် ထူးခြားတဲ့ တင်ပြချက်ကို ကြားနာပြီး ကြပြီလို့ ထင်တယ်၊ ပါမောက္ခ လင်းဗရိစ် မပင်ပန်းသေးဘူး ဆိုလို့ ရှိရင် မေးခွန်း တစ်ခု နှစ်ခုတော့ ဖြေနိုင်လိမ့်မယ် ထင်ပါတယ်' ဟု ပြောသည်။

မမြင်ရသော ဓားများကို ဖော့ယမ်းပြသည့်နှယ် လက်လေးချောင်း ထောင်လာသည်။

သူတို့ မေးသည့် မေးခွန်းများမှာ သုတေသီ တစ်ဦး အနေဖြင့် လင်းဗရိစ် မည်မျှ နက်နက်နဲနဲ လေ့လာထားကြောင်းကို အကဲစမ်းသည့် မေးခွန်းများ ဖြစ်သည်။ လင်းဗရိစ်က ပြုံးပြုံးဖြင့် ဖြေသွားသည်။ တက္ကသိုလ် ဆရာများ အားလုံးလောက်ကပင် သူ့ကို မတ်တတ်ရပ်စောင့်၍ လက်ဆွဲ နှုတ်ဆက်ကြပြီး သူတို့နှင့် အတူ နေ့လယ်စာ လာစားရန် ဖိတ်ကြသည်။

လင်းဗရိစ်နှင့် ဆာရာတို့သည် ဝမ်းသာအားရဖြင့် အိမ်သို့ လက်ချင်း ပြန်လာခဲ့ကြသည်။ လမ်းတွင် ဆာရာက 'မောင် ဒီမှာ အောင်မြင်နေတာ ဟားဗတ်က လူတွေကို သိစေချင်လိုက်တာ' ဟု ပြောသည်။

'မပူပါနှင့်ကွာ၊ မကြာခင် သူတို့ သိမှာပါ'

ဆောင်းရာသီ အားလပ်ရက်များ ကုန်ဆုံး၍ သင်တန်းများ ပြန်လည် ဖွင့်သည့် အခါ၌ လင်းဗရိစ်သည် အောက်စဖို့ တက္ကသိုလ်တွင် မပါမပြီးသူ တစ်ယောက် ဖြစ်နေလေပြီ။ အောက်စဖို့ တက္ကသိုလ် ပုံနှိပ်တိုက် ဌာနမှူးက ဆိုလျှင် နောက် ထွက်မည့် သူ့ စာအုပ်ကို ရိုက်ချင်သဖြင့် ထမင်းပွဲများတွင် လင်းဗရိစ် အနီး တွင် ကပ်ထိုင်လေ့ ရှိသည်ကို တွေ့ရသည်။

အောက်စဖို့ တက္ကသိုလ် ပုံနှိပ်တိုက်က ထုတ်ဝေသည့် ယူရီပီဒီးစ်နှင့် ပတ်သက်သော ကျမ်း ဝေဖန်ချက် ရေး၍ ဘွဲ့ယူမည့် သူများနှင့် ဘွဲ့လွန် သင်တန်းများ အတွက် နှီးနှော ဖလှယ်ပွဲများကို ပေးရာ ထို နှီးနှောပွဲများတွင် ပါမောက္ခ ဝိုင်လီက လင်းဗရိစ်ကိုပါ ပွဲထုတ်ပြီး ပို့ချချက်များ ပြုလုပ်စေသည်။

ဤတွင် ကံကြမ္မာ၏ လှည့်စားချက် တစ်ခုကို တွေ့ရသည်။ လင်း ဗရိစ် ပို့ချသည့် ယူရီပီဒီးစ် ပြဇာတ်များတွင် ဇာတ်လိုက် မင်းသမီးက သူ့ ခင် ပွန်းသည် အတွက် ကိုယ်ကျိုး စွန့်ခွာသွားသည်။ ဤသို့ဖြင့် သူတို့ နှစ်ဦး၏ အိမ်ထောင်ရေးသည် အရှည် တည်တံ့ခဲ့သည်။ ယခု သူတို့ ကိစ္စတွင်မူ နှီးနှော ဖလှယ်ပွဲသည် လင်းဗရိစ်နှင့် ဆာရာတို့၏ ဆက်ဆံရေးကို အဖုအထစ် ဖြစ်





စေခဲ့သည်။

ဤသည်မှာလည်း ရှောင်လွှဲ၍ မရနိုင်။ လင်းဗရိစ်သည် အောက်စဖို့ တက္ကသိုလ်တွင် အောင်မြင်မှု ရကာ နာမည်ကြီးလာသည်နှင့် အမျှ ယစ်မူးလာ သည်။ သူ့ကိုယ်သူ ပညာနတ်သားဟု ထင်လာသည်။

ထို ပညာနတ်သားကို ကိုးကွယ်သူ တစ်ဦးမှာ ဆံပင် ငွေရောင်နှင့် အသက် ၁၉ နှစ်အရွယ် ကျောင်းသူကလေး တစ်ဦး ဖြစ်သည့် ဖီလစ် ဟင်ဒန် ဖြစ်သည်။

နှီးနှော ဖလှယ်ပွဲတွင် လင်းဗရိစ်သည် ဖီလစ်ကို အချက် နှစ်ချက် ကြောင့် သတိပြုမိခဲ့ခြင်း ဖြစ်သည်။ တစ်ချက်မှာ ဂရိ ဘာသာစကား အပြော ကောင်းခြင်း ဖြစ်သည်။ သူ့ အသံထွက်သည် အလွန် အဆင့်မြင့်သည့် အောက် စဖို့ တက္ကသိုလ် စံချိန်ထက်ပင် သာလွန်နေသေးသည်။ နောက် တစ်ချက်မှာ မျက်စဖွယ် ကောင်းသော သွယ်လျသည့် သူ့ ခန္ဓာကိုယ် ဖြစ်သည်။ ဖားလျား ကျနေသော အောက်စဖို့ တက္ကသိုလ် ကျောင်းသူ ဝတ်စုံကြီးထဲမှာပင် သူ့ ကိုယ်လုံးသည် ကောက်ကြောင်း ဆွဲထားသလို အထင်းသား ပေါ်လွင် ထင်ရှား နေသည်။ လင်းဗရိစ်သည် သူ့ ခြေတံများကို ကြည့်၍ မဝနိုင်အောင် ဖြစ်ကာ မျက်လုံးကို မနည်း ကြိုးစား၍ လွှဲနေရသည်။

ဖီလစ် အောက်စဖို့ တက္ကသိုလ်သို့ လာတက်ခြင်းမှာ အောက်စဖို့ တက္ကသိုလ် မဟာပညာကျော်တို့နှင့် ရင်းနှီးရန် ဖြစ်သည်။ နှီးနှော ဖလှယ်ပွဲ သို့ လာတက်ခြင်းမှာလည်း ပါမောက္ခ ဝိုင်လီ ကိုယ်တိုင်အား ဖြားယောင်း သွေးဆောင်ရန် ဖြစ်သည်။

သို့ရာတွင် ယခုမူ လင်းဗရိစ်ကို သူ သဘောကျသွားပြီ။ လင်းဗရိစ် သည် သူ့ထက် 'စီနီယာ' ဖြစ်သည့်တိုင် ပျိုမြစ် နုနယ်သည့် ရွှမ်းအားတွေ ကျန်သေးသည်ဟု သူထင်သည်။

လင်းဗရိစ်ကလည်း ထို ပျိုမျစ် နုနယ်ခြင်းဖြင့် ဖီလစ်ကို ဆွဲဆောင် နေသည်ဟု သူ့ကိုယ်သူ ထင်သည်။ ဖီလစ်နှင့် သူ့ အခန်းဖော် ဂျိမ်းတို့က နှီးနှောဖလှယ်ပွဲသို့ တက်ရောက်သည့် ကျောင်းသား ကျောင်းသူ ကိုးယောက် နှင့် ဆရာ နှစ်ယောက်တို့ကို ဖိတ်ကြား၍ ညစာစားပွဲကလေး တစ်ခု လုပ်သည့် အချိန်မှ စ၍ သူတို့ ဇာတ်လမ်း အစပြုခဲ့ခြင်း ဖြစ်သည်။ အောက်စဖို့ တက္ကသိုလ် ထုံးစံအတိုင်း သူတို့ ဖိတ်ကြားချက်တွင် ဇနီးများကို ထည့်သွင်း ဖိတ်ကြားခြင်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာသည် ထိုသို့ တစ်ယောက်တည်း ဖိတ်ကြားခြင်းမျိုးကို ရိုးနေပြီ ဖြစ်သည့်တိုင် ယခုမူ နည်းနည်းတော့ စိတ်ထိခိုက်စ ပြုလာသည်။ လင်းဇရိစ်မှာ ကောလိပ် အသီးသီးက ဖိတ်သည့် ဟိုင်းတေဘယ် ခေါ် ညစာ စားပွဲများသို့ တက်ရမြဲ ဖြစ်သည်။ အထူးသဖြင့် လည်စည်းနက် တပ်ရသည့် ညစာ ပွဲမျိုးသို့ သွားရတတ်သည်။ အရင်တုန်းက ဆိုလျှင် လင်းဇရိစ်သည် အပြင် ထွက်လျှင် လိပ်ပြာတောင် လည်စည်းကို စည်းရန် အလွန် ဝန်လေးတတ် သည်။ ယခုမူ ကျောင်းက ညစာ စားပွဲသို့ သွားလျှင် သူ အလွန် မုန်းသည့် လည်စည်းနက်ကို ဝတ်တတ်နေပြီ။

လင်းဇရိစ်သည် အပျော်သဘော တွဲနေခြင်း ဖြစ်သည်ဟု ဆရာ စိတ် ကို ဖြေသည်။ နှစ်ကုန်၍ အမေရိကန် ပြည်ထောင်စု ဟားဗတ်သို့ ပြန်လျှင် ကိစ္စ ပြတ်သွားလိမ့်မည်။ ထိုအခါတွင် သူကိုယ်တိုင်မှာလည်း ဟားဗတ်က ပါရဂူဘွဲ့ ယူရန် စာကျက်ရဦးမည်။ သို့ဆိုလျှင် သူတို့ လင်မယား၏ ဆက် ဆံရေးသည် ပုံမှန်သို့ ပြန်ရောက်သွားလိမ့်မည်ဟု မျှော်လင့်ထားသည်။

ဖိလစ်နှင့် ဂျိမ်းတို့မှာ ဟီလဒါ ကောလိပ်ကျောင်းတွင် တက်နေကြသော်လည်း အဆောင်တွင် မနေကြ။ ဂရက်ရှမ်လမ်းက အိမ်ကလေး တစ်အိမ်ကို ငှားနေ ကြသည်။ ထို ညှိခံပွဲကလေးတွင် အိမ်ရှင် ကျောင်းသူ နှစ်ယောက်တို့က သူတို့ကို အပေါစား ဝိုင်အရက်ဖြူနှင့် ဧည့်ခံသည်။ ထို့နောက် သူတို့ ဘာသာ ဖြစ်သလို ချက်ပြုတ်ထားသည့် အစားအစာတို့ကို ထို့ထက် ညံ့သည့် ဝိုင် အရက်နီဖြင့် ကျွေးမွေးသည်။

ညှိခံပွဲ အပြီးတွင် ပထမဆုံး ပြန်သူမှာ ပါမောက္ခ ဝိုင်လီ ဖြစ်သည်။ သူနှင့် သူ့ဇနီး ဟီသာတို့၏ ဆက်ဆံရေးမှာ အောက်စဖို့တွင် နာမည် မကောင်း ချင်။ သူ့ ဇနီးမှာ သူ့ အပေါ်တွင် အလွန် နိုင်သည်ဟု ပြောကြသည်။ ထို့ ကြောင့် ဝိုင်လီသည် ညှိခံပွဲများသို့ လာလျှင် ယဉ်ကျေးမှုအရ နေသင့်သလောက် သာ နေပြီး တတ်နိုင်သမျှ စောစော ပြန်လေ့ ရှိသည်။ အခြား ကျောင်းသား များကလည်း အကြောင်းပြချက် ကိုယ်စီနှင့် တစ်ယောက်ပြီး တစ်ယောက် လစ်ခနဲ ပျောက်သွားကြသည်။ အချို့က စာကျက်စရာ ရှိသည်။ အချို့က ချိန်း ထားတာ ရှိသည် စသဖြင့်။

ည ဆယ်နာရီ သာသာတွင် မော်တော်ဆိုင်ကယ်စီး ဦးထုပ်ကို ဆောင်း ထားသည့် လူငယ် တစ်ယောက် ပေါက်လာသည်။ ထိုလူငယ်မှာ ထရီနစ်





ဆေးကောလိပ်တွင် တက်နေသည့် တတိယနှစ် ဆေးကျောင်းသား ဖြစ်ပြီး ဂျိမ်း၏ 'ယောကျ်ားကလေး မိတ်ဆွေ' ဖြစ်သည်။ ဂျိမ်းက သူ့ မော်တော် ဆိုင် ကယ်စီး ဦးထုပ်ကို ကောက်ဆောင်းကာ မော်တော် ဆိုင်ကယ်နောက်တွင် နေ့ ခနဲ ပါသွားသည်။ သူတို့သည် ကျောင်းသား၏ အခန်းသို့ မသွားခင် တစ်ခွက် တစ်ဖလား မော့ရန် ပျော်ပွဲစားရုံသို့ ထွက်သွားကြခြင်း ဖြစ်သည်။

အိမ်တွင် ဖိလစ်နှင့် လင်းဇရိစ်တို့ နှစ်ဦးတည်းသာ ကျန်ရစ်ခဲ့ကြ သည်။

လင်းဇရိစ်သည် သူ့ကို တစ်ချက် ကြည့်လိုက်၏။ နုပျိုသော ကိုယ် ခန္ဓာကလေးအား သူ ဆာလောင် မွတ်သိပ်နေသည်ကို ရိပ်မိ ရိပ်မိပါလေ သလား မသိ။

'ပန်းကန် ခွက်ယောက်တွေကို ကိုယ် ကူသိမ်းပေးမယ်လေ'

'ကျေးဇူး'

လင်းဇရိစ်သည် ချက်ချင်း ကြောက်လန့်သွားကာ ဇဝေဇဝါ ဖြစ်နေ သည်။ သူသည် တခြား တစ်ပါးသော မိန်းမတို့ကို မတို့ မထိခဲ့သည်မှာ ဆယ်နှစ်နီးပါး ရှိပြီ မဟုတ်လော။

ဘယ်ကနေ စရမှန်းတောင် မသိတော့။

စားပြီးသား ပန်းကန်များကို ကြွေလက်ဆေး ခွက်ထဲသို့ ထည့်နေစဉ် လင်းဇရိစ်သည် နောက်မှ ရပ်လိုက်ပြီး သူ့ခါးကို ဖက်လိုက်သည်။ ဖိလစ်က သူ့ လက်နှစ်ဖက်ကို လှမ်းဆုပ်လိုက်ပြီး ရင်ညွန့်ဆီသို့ ရွှေ့ပေးလိုက်၏။ ဘာ စကားမျှ ပြောစရာ မလိုတော့။ ဖိလစ်သည် နောက်သို့ လှည့်ကာ သူ့ကို အငမ်းမရ ဖက်နမ်းနေသည်။

နောက်တစ်နေ့ မနက် မနက်စာ စားပွဲတွင်သော် လည်းကောင်း၊ နေ့လည်စာ များ အတွင်း ထမင်းဝိုင်းများတွင်သော် လည်းကောင်း လင်းဇရိစ် မလုံမလဲ ဖြစ်နေသည်။ သူတို့ အကြောင်းကို ဆရာများ ရိပ်မိလေသလား။ ဆရာသည် သူ့အကြောင်းကို ကောင်းကောင်း သိသူ ဖြစ်ရာ သူ့ မျက်နှာကို ကြည့်ကာ ထို မျက်နှာပေါ်တွင် ပေါ်နေသည့် သူ့ ပြစ်မှု၏ လျှို့ဝှက်သင်္ကေတ စာလုံးများကို အဓိပ္ပာယ် ပြန်နေသည်လော။

လင်းဇရိစ်သည် ဆရာကို ပို၍ ချစ်ခင်ဟန် ပြရန် လိုသည်ဟု ထင် သည်။ ထိုကြောင့် နဂိုကထက် သူ့ကို ချစ်ပြ၏။ သို့ရာတွင် ကြာလာသော



www.burmeseclassic.com

www.burmeseclassic.com



အခါ ထိုသို့ ဟန်ဆောင်ရသည်ကို သူ စက်ဆုပ်လာလေပြီ။

ဆာရာကမူ မိန်းမကောင်း မိန်းမမြတ် ပီသသည်။ သစ္စာ ရှိ
မယား ဖြစ်သည်။ မိခင်ကောင်း တစ်ယောက် ဖြစ်သည်။ သို့ရာတွင်
ဆန္ဒကိုမူ ဖြည့်စွမ်းပေးနိုင်သူ မဟုတ်။ ယခု ပို၍ ဝလာသောကြောင့်၊
ခါးတုတ်လာသောကြောင့် မဟုတ်။ သူ မှတ်မိသလောက် ပြန်စဉ်းစား
အခါတွင် ဆာရာသည် ဘယ်တုန်းကမှ ရမ္မက်သွေးကို ကြွအောင် လုပ်ပြ
သော မိန်းမမျိုး မဟုတ်ကြောင်း သူ ပြန်သတိရသည်။

ထို့ကြောင့်ပင်လျှင် သူသည် ဖိလစ်ကို ထိုမျှ စွဲလမ်းနေခြင်း ဖြစ်
ထင်သည်။ ဖိလစ်သည် သူ့ ရင်ထဲတွင် ကာလအတန်ကြာ ကိန်းဝပ်နေခဲ့သ
ခံစားချက်တို့ကို ပြန်လည် ရှင်သန်လာစေခဲ့သည်။ ကိုယ်ခန္ဓာအားဖြင့်သ
မဟုတ်။ ပညာအရာတွင်လည်း ထက်သန်သည်။

ထို့ပြင် သူ့ကို စွဲလမ်းစေသည့် တခြား အကြောင်း တစ်ရပ်လည်း
သေးသည်။ ထိုအကြောင်းကို လင်းဗရိစ် အစက ကောင်းကောင်း သတိမ
မိ။ ယင်းမှာ အခြားမဟုတ်။ သူတို့ နှစ်ယောက်၏ အချစ်သည် တိတ်တ
အချစ် ဖြစ်သောကြောင့် ဖြစ်သည်။

ဆာရာသည် သူတို့ နှစ်ယောက် အကြောင်းကို မရိပ်မိဟု သူ ထင်သည်။
တိုင်အောင် ဆာရာ ရှေ့သို့ ရောက်သည့်အခါတိုင်း သူ စိတ်မလုံ။ ဖိလစ်နှ
ချိန်းတွေ့လျှင် ညနေစောင်း သို့မဟုတ် ညဦးပိုင်း အချိန်မျိုးတွင် ချိန်းရသည်
ညပိုင်းကို ချိန်း၍ မဖြစ်။

တစ်ခါတွင်မူ ကောလိပ် ညစာ စားပွဲ တစ်ခု ရှိသည်ဟု အကြောင်း
ထွက်ခဲ့သည်။ ယုံလွယ်တတ်သော၊ သစ္စာ ရှိသော (ပျင်းရိ ငြီးငွေ့နေသော
ဆာရာကလည်း ဘယ်တော့မှ စစ်ဆေး မေးမြန်းလေ့ မရှိ။ ဆာရာက ထို
အတီးအတ နိုင်နေပြန်လျှင်လည်း လင်းဗရိစ် စိတ်ပျက်သည်။

ထိုအတွင်းတွင် ဖိလစ်က သူနှင့် အတူ တစ်ပတ်လောက် လာနေဖို့
ဆာသည်။ သို့ရာတွင် လင်းဗရိစ် အဖို့ အိမ်မှ ထွက်ရန် အကြောင်း ရှာ၍ မ
စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် ဆိုလျှင် အောက်စဖို့ တက္ကသိုလ်က ညေ
ပွဲများသည် အလိုလို ရပ်ထားလေ့ ရှိကြသည်။

ဤတွင် ကံတရားက သူ့ကို မီးဝါ ပြသည်။ ရှေ့ဆက် ချီတက်။ သို့
တွင် သတိထား ဆိုသည့် သဘော ဖြစ်သည်။ အမေရိကန် နိုင်ငံတကာ ဘ





င်နန်း ကော်မရှင် အဖွဲ့ဝင် တစ်ဦး ဖြစ်သော ဟာရီဆန် (ဆာရာ၏ အဖေ)
ည် အစိုးရ ကိစ္စ တစ်ခုဖြင့် လန်ဒန်သို့ ဆယ်ရက်ကြာ ရောက်လာခဲ့သည်။
ဖေသည် ခါတိုင်းလို ရက်ရောတတ်သူ ဖြစ်သည့် အတိုင်း သူ တည်းသည့်
လဲရစ် ဟိုတယ် သူ့ အခန်းဆောင်တွင် သမီး၊ သမက်နှင့် မြေးငယ်တို့အား
လာနေရန် ခန်းစုံ တစ်ခုကို ငှားထားလိုက်သည်။ အောက်စဖို့တွင် ရောက်
သည့် သူတို့တစ်တွေ အနားယူရန် ဖြစ်သည်။

အဖေ ရောက်လာသည်ဟု ကြားသည်နှင့် ဆာရာသည် တိုင်း သတင်း
ကြီးထဲက ဇာတ်ပွဲ အစီအစဉ်များကို လျှောက်ကြည့်သည်။ သူ့ ယောက်ျား
င်းဗရိစ်ကမူ အကြောင်းပြချက် တစ်ခု ရှာကာ ဂလောက်ဆက်ရှိုင်းယား
ယ်သို့ သီတင်းကုန်ရက်တွင် အားလပ်ရက် ခရီးထွက်ရန် ချောင်းနေသည်။

ထို့နောက်တွင်မူ သူနှင့် ဖိလစ်တို့သည် ရာဇဝင်တွင် ထင်ရှားသည့်
တော့စပိုး ရှေးခေတ် ပျော်ပွဲစားရုံတွင် တစ်ညနေလုံး လွတ်လွတ်လပ်လပ် နေ
င်ပြီ။ သူတို့ ကိုယ်တိုင် ရာဇဝင်ကို ရေးနိုင်ပြီ။

ဆာရာသည် ကလဲရစ် ဟိုတယ်ကို သဘောကျနေသည်။ ဆာရာ ကိုယ်တိုင်က
ခမ်းနားသည့် ဟိုတယ်ကြီးများကို ကြိုက်သောကြောင့် မဟုတ်။ သူ့ အခန်း
တွင် အပူငွေ့ ပေးထားသောကြောင့် ဖြစ်သည်။

အဖေ၏ မေတ္တာစောင်ကို ခြုံရသောကြောင့် ဖြစ်သည်။

အဖေသည် ဖျော့တော့နေသော သူ့ သမီးကို မြင်ရသည့် အခါတွင်
ဆုတ်၍ မပြောဘဲ မနေနိုင်။ ဆာရာကို ကြည့်ရသည်မှာ အရင်ကလောက်
ဆက်ထက်သန်သန် မရှိတော့ဟု ထင်သည်။ ဆာရာ၏ အချက်ပြ မီးချောင်းသည်
ငြိမ်းသွားသည့်နှယ် ထင်ရသည်။ ဆာရာကမူ အောက်စဖို့ တက္ကသိုလ်က အေး
က်သော ရာသီဥတုကို အကြောင်းပြ၏။ သို့ရာတွင် သူက မှေးမှိန်နေသလောက်
င်းဗရိစ်က ရှင်လန်း တက်ကြွနေသည်ကိုမူ သူ မည်သို့အကြောင်းပြမည်
သိ။

လင်းဗရိစ် ပြင်းပြင်းထန်ထန် အလုပ် လုပ်ရခြင်းသည် သူ့ စရိုက်နှင့်
ကိုက်သည်ဟု ဆာရာက ဆိုသည်။ လင်းဗရိစ်၏ ဘာသာဗေဒ အသင်း
ပြောချက်ကို လူကြိုက် များကြကြောင်း၊ သားငယ်က မူလတန်းကျောင်းတွင်
ထူးချွန်ကြောင်း၊ ဘောလုံးသင်းတွင် ပါနေပြီ ဖြစ်ကြောင်းဖြင့် ပြောပြ
သည်။



www.burmeseclassic.com

www.burmeseclassic.com



'ငါ့မြေးက ဘယ်ဆိုးလို့တုံး' ဟု အဘိုးက ပြောသည်။

'ပြီးတော့ လက်တင် ဘာသာလည်း သိပ်တော်တာ ဖေဖေရဲ့၊ အင်္ဂလိ စာကိုလည်း ငယ်ငယ်ကလေး ကတည်းက သင်ခဲ့ရတာကိုး' ဟု ဆရာ ဂုဏ်ယူသည်။

'အင်း၊ သူတို့က တို့ထက် ယဉ်ကျေးမှုမှာ ရှေ့တန်းတောင် ရောက်နေ ပြီ ထင်ပါရဲ့၊ ပြဇာတ်မှာ ဆိုရင် တို့ထက် အများကြီးသာတယ်၊ ဆာအေး လီဇီယာရဲ့ အော်သယ်လို ပြဇာတ်ကို ကြည့်ချင်လို့ ဖေဖေတို့အတွက် လက်မှတ် လေးစောင် ဝယ်ပေးပါလို့ သံရုံးကို မှာထားတယ်'

'အို ဟုတ်လား၊ အဲဒီ ပြဇာတ်ကို သိပ် ကြည့်ချင်နေတာ၊ အတော် ဘယ်နေ့ ကြည့်ရမှာလဲ ဖေဖေ'

'အစောဆုံးကတော့ စနေနေ့ နေ့လယ်ပွဲမှ ရမှာ'

ဤတွင် လင်းဇရိုစ်က

'ဟာ ဒုက္ခပဲ၊ အဲဒီနေ့မှာ ကျွန်တော် အားမှာ မဟုတ်ဘူး၊ ကျွန်တော် စာအုပ်က စာမူကြမ်းက အဲဒီနေ့မှာ ပြီးမှာ ဖေဖေ၊ အဲဒီနေ့မှာ ပါမောက္ခ ပိုင်လီ က အဲဒီကျမ်းကို သူနှင့် အတူ နောက်ဆုံး တည်းဖြတ်ကြမယ် ဆိုပြီး ကျွန်တော် ကို ခေါ်ထားတယ်၊ ဆရာ့ကိုတောင် မပြောမိသေးဘူး'

'ဟင့်အင်း၊ သားကတော့ ကျောင်းကို မပြန်ချင်သေးဘူး၊ လန်ဒန်မှာ ဘိုးဘိုးကြီးနှင့် နေချင်သေးတယ်' ဟု သားငယ်က ဝင်ပြောသည်။

'ဒီလိုဆို သားက မေမေတို့၊ ဘိုးဘိုးကြီးတို့နှင့် နေရစ်ခဲ့လေ၊ ကျွန် တော့်ကိုတော့ ခွင့်လွှတ်ပါ ဖေဖေ၊ ပါမောက္ခ ပိုင်လီက ဒီလို အခွင့်အရေး ပေးခဲ့တယ်၊ ဒီတော့ လက်လွှတ်ဖို့ မကောင်းဘူး ထင်တယ်၊ မဟုတ်ဘူးလား ဆရာ'

ဆရာ ရင်ထဲကတော့ နာသည်။ သို့ရာတွင် သဘောမတူ၍ မဖြစ် တော့။ ဝန်လေးစွာဖြင့်ပင် ကြံရာပါ လုပ်ရတော့သည်။

'ဟုတ်တယ် ဖေဖေ၊ သွားမှ ကောင်းမှာ၊ မောင်က ဘယ်နေ့လောက် ပြန်မှာလဲ'

'မကြာပါဘူး၊ တနင်္ဂနွေနေ့ ညစာ အမီ လန်ဒန်ကို ပြန်ရောက်မှာပါ'

ဝစ်ကွန်ဇီမြို့က အနှစ် ၇၀၀ သက်တမ်းရှိသည့် ဂျောအင်း ပျော်ပွဲစားရုံ သည် တစ်ခါတုန်းက ရှင်ကင်နင်၏ သချိုင်းကို လာရောက် ဖူးမြော်ကြသည့်





ခမ္မခရီးသည်တို့ အတွက် မဗ္ဗသာလာကြီး ဖြစ်ခဲ့သည်။

ယနေ့တွင်မူ ထို အဆောက်အအုံကြီးသည် နှစ်ဆယ်ရာစုနှစ် ကာမဂုဏ် ခရီးသည် နှစ်ဦး၏ ရိပ်မြုံ ဖြစ်နေလေပြီ။

'ဆရာ ဘယ်လို သဘောရသလဲဟင်'

ဖိလစ်က ဗောဒကာ ပုလင်းကလေး တစ်လုံးကို ဖွင့်လိုက်ရင်း ဟို ဘယ်က ဖန်ခွက်ထဲသို့ လောင်းထည့်နေသည်။

'အလယ်ခေတ်တုန်းက မိုတယ်မျိုးပေါ့'

လင်းဇရိုစ်သည် မလုံမလဲ ဖြစ်နေသည်။ သူတို့ ရောက်နေသည့် နေ ရာသည် အောက်စဖို့ တက္ကသိုလ်နှင့် ဘာမျှ မဝေး။ တစ်ယောက်ယောက် မြင် သွားနိုင်သည်။ ထို့ထက် အရေးကြီးသည့် အချက် ရှိသေးသည်။ စောစော တုန်းက သူ့စိတ်သည် မလုံမလဲ ဖြစ်နေခဲ့ရာမှ ယခုမူ ထိတ်လန့် ခိုးနှိုးသည့် စိတ်သည် ဘွားဘွားကြီး ပေါ်လာသည်။

သူ့ ရင်ထဲတွင် ထပ်ပြန်တလဲလဲ ပဲ့တင်ထပ်နေသည့် အသံ တစ်ခုကို သူ တိတ်သွားအောင် မလုပ်နိုင်။

'လင်းဇရိုစ်၊ မင်းဟာ ကိုယ့်မိန်းမ အပေါ် သစ္စာဖောက်နေတာ၊ ဒါဟာ ဒုစရိုက်ကွ၊ ကာမေသု မိစ္ဆာက ကျူးလွန်နေတာကွ၊ မင်းမှာ မယား ရှိတယ်၊ သား ရှိတယ်၊ မင်းတို့ လက်ထပ်တုန်းက ဘုရားရှေ့မှာ ဆိုခဲ့တဲ့ ကျမ်းသစ္စာတွေ ဟာ ဘယ်ရောက်ကုန်ပြီလဲ'

သူ့ ရင်ထဲက ထပ်တလဲလဲ မေးနေသော အသံများကို သူ တိတ်ဆိတ် သွားအောင် မလုပ်နိုင်။

အို ဒီကျမ်းသစ္စာတွေက ကြာခဲ့ပြီပဲ။ တစ်ခါတုန်းက ဆိုခဲ့တဲ့ ကျမ်း သစ္စာတွေ။ ပြီးတော့ တခြား တိုင်းပြည်မှာ ဆိုခဲ့တဲ့ ကျမ်းသစ္စာတွေ။ ဒီမှာ ဒီနေရာမှာ ဆိုခဲ့တဲ့ ကျမ်းသစ္စာ မဟုတ်ဘူး။ အမျိုးသမီးကလည်း အရင် အမျိုး သမီး မဟုတ်ဘူး။ ပြောင်းသွားပြီ။ ခေတ်ကလည်း အရင်ခေတ် မဟုတ်ဘူး။ ပြောင်းသွားပြီ။

'ဆရာ ဘယ်မှာလဲလို့'

ဖိလစ်၏ ခေါ်သံက သူ့ အတွေးများကို ပြိုကွဲသွားစေသည်။ ဖိလစ်၏ လက်များသည် သူ့ ခန္ဓာဗေဒ၏ အတွင်းပိုင်းကျသော ဒေသများသို့ ရောက် နေကြောင်းကို သူ ပထမဆုံး အကြိမ် သတိပြုမိ၏။

'ဘယ်လိုလဲ ဆရာ၊ ဆုတ်ခွာသွားတာလား၊ ကြောက်နေတာလား'

www.burmeseclassic.com

www.burmeseclassic.com



ဖိလစ်၏ အသံက မှုန့်ကူချွဲသည့် အသံ။

'ဟင့်အင်း၊ ဆုတ်ခွာတာလည်း မဟုတ်ဘူး၊ ကြောက်တာလည်း မဟုတ်ဘူး'

'ကဲ ဆရာကြီး၊ ငိုင်မနေနှင့်၊ လာ'

အကျႌမှ ဇစ်ကို ဆွဲဖြုတ်လိုက်သံများ ပေါ်လာသည်။ ဖိလစ်သည် အခန်း အလယ်ကောင်တွင် ရပ်ရင်း သူ့ကို မြူဆွယ်နေသည့်နှယ်။ အလယ် ခေတ် ပျော်ပွဲစားရုံ တစ်ခုထဲက အက်ဖရိုဒိုက် ကာမနတ်မိမယ် တစ်ပါး။

ဖိလစ်က အိပ်ရာမှ သူ့ကို လက်ယပ်ခေါ်နေသည်။ သူ ဘာကိုမှ မစဉ်း စားနိုင်တော့။

တနင်္ဂနွေ ညနေပိုင်းတွင် သူတို့နှစ်ယောက် အောက်စဖို့သို့ ပြန်လာခဲ့ကြသည်။ မှောင်ရီပျိုးစတွင် ရောက်သွားကြ၏။ ဖော်လီ တံတားလမ်းမှ မောင်းလာခဲ့ပြီး ဖိလစ်က သူ့ အိမ်တွင် ချပေးခဲ့သည်။

သူတို့ နှစ်ယောက် တွေ့ခဲ့ကြစဉ် အရှိန်အဟုန်တွေ ပြေလျော့သွားသည့် အခါတိုင်း လင်းဗရိစ်သည် ရင်ထဲမှာ ကြီးစိုးနေသော နောင်တကို ဖျောက်ပစ်ရန် ကြိုးစားသည်။ သို့ရာတွင် မရ။ စိတ်ထဲက ၇၀ ပြည့်လွန် နှစ်များ၏ စာရိတ္တသစ်ကို လက်ခံသည့်တိုင် သူ့သြတ္တပ္ပစိတ်သည် ၅၀ ပြည့်နှစ်များ ထဲတွင် ကျန်ရစ်ခဲ့သည်။ စွန့်စားခန်းသည် ဘာမျှ မကြာလိုက်။ သို့ရာတွင် ထို စွန့်စားခန်း အတွက် တန်ရာ တန်ဖိုးကို တစ်နေ့တော့ ပေးရလိမ့်မည်ဟု သူ ထင်ခဲ့သည်။ သို့တိုင်အောင် သည်မျှ မြန်မြန်ဆန် ပေးရလိမ့်မည်ဟုကား သူ တစ်ခါမျှ မထင်ခဲ့။

အယ်ဒီဆန်ကရဲဆင့်ရှိ သူ့အိမ်သို့ ရောက်သည့် အခါ၌ အမျက်ဒေါသ အပေါင်း တို့ ဝင်စားရာသည့် သူ့ကို စောင့်နေသည်ကို တွေ့ရသည်။

'အိမ်တံခါးကြီး ဖွင့်ပြီး ထွက်သွားရသလားကွ'

အမှောင်ထဲတွင် တစ်ဝက် ရောက်နေသည့် ပါမောက္ခ ဝိုင်လီက ပြော သည်။

'ဟုတ်လား ဆရာ၊ ဆောရီး ဆရာ၊ ဆရာ စောင့်နေရတာ အားနာစရာ ကြီး၊ ဆရာ လာမယ် ဆိုတာ မသိတော့'

လင်းဗရိစ်က ပျာပျာသလဲ တောင်းပန်သည်။



'လာစရာ မရှိပါဘူး၊ မင်းကို တယ်လီဖုန်း ဆက်တယ်၊ ဆက်လို့ မရ လို့ လာတာ၊ မတွေ့တော့ စာတစ်စောင် ရေးထားပစ်ခဲ့မလို့၊ ဒါပေမဲ့ တံခါး ကြီး ပွင့်နေတာ တွေ့လို့ ဝင်ကြည့်တာ'

သူ့ အသံက မကျေနပ်သည့် အသံ။

အတန်ကြာ တိတ်ဆိတ်နေကြသည်။

'မင်း တော်တော် သောက်သုံးမကျတဲ့ ကောင်၊ အလကားကောင်'

'ဆောရီး ဆရာ၊ ကျွန်တော် ဘာဖြစ်လို့လဲ'

လင်းဗရိစ်သည် အတန်းပိုင် ဆရာရှေ့က ကျောင်းသားကလေး ပြန် ဖြစ်သွားသည်။

'မင်း အကျင့်စာရိတ္တနှင့် ပတ်သက်လို့ ငါ ဘာမှ မပြောလိုဘူး၊ ဒါပေ မဲ့ မင်း လုပ်ပုံနှင့် ပတ်သက်လို့တော့ ငါ ပြောချင်တယ်၊ မင်း လုပ်ပုံဟာ နည်း နည်းလေးမှ မဟုတ်ဘူး၊ မိန်းမ တစ်ယောက်နှင့် ကျူးလွန်တယ် ဆိုတာ ဘာမှ ဆန်းပါဘူး၊ ဒီပြင် နေရာတွေမှာ ဖြစ်သလို အောက်စဖို့ တက္ကသိုလ်မှာလည်း ရှိတာပဲ၊ ဒါပေမဲ့ ကိုယ့် ကျောင်းသူကို ရှောင်ရတယ်ကွ၊ ကိုယ့် တပည့်မကို ရှောင်ရတယ်၊ ခု ကြည့်စမ်း၊ ကောင်မလေးက မင်းအသက် တစ်ဝက်လောက်ပဲ ရှိတယ်'

တစ်ဖက်သတ် ဖိပြောနေသည့် အတွက် လင်းဗရိစ် စိတ်တိုလာသည်။ ထို့ကြောင့် လင်းဗရိစ် အရဲစွန့်၍ မေးသည်။

'ဆရာ ကျွန်တော့်ဆီကို လာတာ ဒီကိစ္စနှင့်လား'

'မဟုတ်ဘူးကွ၊ ဒါက နိဒါန်းပဲ ရှိသေးတယ်၊ ဆရာက ဖုန်းဆက် တယ်၊ မင်းနှင့် စကားပြောချင်လို့'

ဒုက္ခပဲ၊ တကယ်ဆို ငါက စပြီး ဆက်ဖို့ ကောင်းတယ်ဟု သူ တွေးမိ သည်။

'ဆရာကြီးနှင့် ဆွေးနွေးနေတုန်း ဆိုရင် ခွင့်လွှတ်ပါတဲ့၊ အရေးကြီးလို့ တဲ့'

လင်းဗရိစ် စိုးရိမ်သွားသည်။

'ဘာဖြစ်လို့တဲ့လဲ ဆရာ၊ သူ့ အဖေများ တစ်ခုခု ဖြစ်လို့လား'

'မဟုတ်ဘူးကွ၊ မင်း သားရယ်၊ တော်တော် နေထိုင်မကောင်း ဖြစ်နေ တယ်တဲ့၊ ဆေးရုံကို တင်ထားလိုက်ရတယ်တဲ့၊ ငါ့ဆီကို တယ်လီဖုန်း ဆက် တုန်းက တော်တော် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်တဲ့ပုံပဲ

www.burmeseclassic.com

www.burmeseclassic.com



လင်းဗရိစ် တစ်ကိုယ်လုံး အေးစက်သွားသည်။

'အသက်မှ ရှိသေးရဲ့လား ဆရာရယ်'

လင်းဗရိစ်သည် ဝိုင်လီကို အသနားခံသည့်နှယ် ကြည့်နေသည်။

'မကြာခင် ကောင်းသွားမယ်လို့တော့ ပြောတာပဲ၊ သိပ်ဆိုးေ အချိန်တုန်းက မင်းမှ မရှိဘဲ၊ သူ့အဖေ အနားမှာ ရှိလို့ တော်သေးတာေ

'ခု သူ ဘယ်မှာတဲ့လဲ ဆရာ၊ ကျွန်တော့် သားလေး ဘယ်မှာတဲ့

'ပက်ဒင်တန် ကလေးဆေးရုံမှာ'

လင်းဗရိစ် အိမ်ထဲမှ ပြေးထွက်သွားချင်လှပြီ။ သို့ရာတွင် တစ်စုံတ ကြောင့် ပြေးမထွက်နိုင်သေး။

'ကျွန်တော် ဘယ်သွားနေသလဲ ဆိုတာကော ဆရာ သိသွားသလာ ဆရာ'

'မသိဘူး၊ ငါကလည်း ပြောဖို့ မသင့်ဘူးလို့ ယူဆလို့ မပြောလိုက်ဘူ ပြောဖို့က မင်းတာဝန်ပဲ'

ပါမောက္ခ ဝိုင်လီက ဖြေသည်။

တနင်္ဂနွေနေ့ ဖြစ်သဖြင့် လန်ဒန်က မီးရထားများသည် ဥပုသ် တည်ဆော နေသော ပက်ကျိများလို အလွန် နှေးကွေးသည်။ လမ်း တစ်လျှောက်လုံး လင်း ဗရိစ် တွေးလိုက်လာသည်။ လန်ဒန် မရောက်မီ သူများ သေသွားခဲ့လျှင်

အီစတာ ပွဲတော် တစ်ခုနှင့် တစ်ခု အကြား ခရစ်တော်ကို နည်းနည်း ကလေးမျှ မတွေးခဲ့သည့် လင်းဗရိစ်သည် ခရစ်တော်ကို အောက်မေ့ရင်း သာ လေး အသက် ချမ်းသာပါစေကြောင်း တဖွဖွ ဆုတောင်းလာခဲ့သည်။

'ကိုယ်တော် ဘုရား၊ တပည့်တော်၏ အပြစ်အတွက် တန်ရာ တန်ဖိုး ပေးဆပ်ပါမည် ဘုရား၊ တပည့်တော်ကို ဒဏ်ခတ်ပြီး သားငယ်ကို အသက် ချမ်းသာရာ ရအောင် စောင်မတော်မူပါ ဘုရား'

ဆေးရုံပေါ်သို့ တက်လာသည် အထိ ထို အတွေးများသည် သူ့ ခြောက်လှန့်နေကြဆဲ။ ဆေးရုံကြီး တစ်ခုလုံးသည် မှိန်ဖျော့ဖျော့ မှောင်ရီလျှ ရှိကာ ဟာလာဟင်းလင်း ဖြစ်နေသည်ဟု သူ့ စိတ်တွင် ထင်နေသည်။

လူစီကာရိုး လူနာဆောင် ရှေ့ စင်္ကြံတွင် ဆရာနှင့် သူ့ အဖေကို လှမ်း မြင်လိုက်ရသည်။

'ဘယ့်နှယ့် နေသေးသလဲဟင်၊ သက်သာပြီလား'



အမောတကော မေးမိသည်။

'သက်သာသွားပါပြီ၊ ဆရာ ဝိုင်လီက အကြောင်းစုံ ပြောပြီးပြီ မဟုတ် သား'

'ဟင့်အင်း၊ မပြောဘူး'

ဆရာက ဖြစ်ပျက်ပုံကို အတိုချုပ်၍ ပြောပြသည်။ ထိုအကြောင်းကို သူ ပြန်မပြောချင်တော့။ သည်အကြောင်းကို ပြန်ပြောရလျှင် နောက်ထပ် ငို မိလိမ့်ဦးမည် ထင်သည်။

'မနေ့ညက သားလေး နိုးလာတော့ အဖျားက တော်တော့်ကို ကြီးနေ တယ်'

'ကြီးဆို တစ်ရာ ငါးတောင် ရှိတယ်၊ ဆေးရုံကို ခေါ်လာလို့ တာဝန်ကျ ဆရာဝန်က ဘာဖြစ်တယ် ဆိုတာ သေသေချာချာ သိလိုက်ပါတယ်၊ ဆရာဝန် က ကလေးကို'

အဖေက ဆက်ပြောသည်။

'ဘာ ဆရာဝန်မ၊ ဟုတ်လား'

လင်းဗရိစ်က မစောင့်နိုင်ဘဲ မေးသည်။ ချက်ချင်း သတိရသွားကာ

'ဆောရီး ဖေဖေ၊ ဆက်ပြောပါ၊ ဘာဖြစ်တာတဲ့လဲ'

'အဆုတ် အအေးမိသွားတာ၊ ခုတော့ စိတ်အေးအေးထားပါ၊ ခု အဆိုး ဆုံး အချိန်ကို ကျော်လာပါပြီ'

အဖေက ပြောသည်။

အရေးကြီးသည့် အချိန်က သူ မရှိသည့် အတွက် သူ့ကိုယ်သူ ကျိန်ဆဲ မိသည်။

ထိုစဉ် ဒေါက်တာ ရာမာ ချာတာဂျီ အခန်းထဲမှ ထွက်လာသည်။

'ဟော ဟော ဆရာမ ထွက်လာပြီ၊ ကလေးကို ကြည့်လို့ ပြီး ထင်တယ်'

လင်းဗရိစ်သည် အမျိုးသမီး ဆရာဝန်များကို အထင်ကြီးသူ မဟုတ်။ ထိုအထဲတွင် အိန္ဒိယ အမျိုးသမီး ဖြစ်နေသည်ကို တွေ့ရသည့် အခါတွင် ပို၍ စိတ်ပျက်သွားသည်။

ဒေါက်တာ ရာမာ ချာတာဂျီသည် သူတို့ဆီသို့ လျှောက်လာရင်း ပြုံး လျက်

'ခု ကောင်းကောင်း အိပ်ပျော်သွားပါပြီ၊ ဒီက ပါမောက္ခ လင်းဗရိစ် နော်၊ ကလေးက တဖွဖွ မေးနေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော့် ကလေးကို ခု ကြည့်ချင်တယ် ဒေါက်တာ၊ ပြီးရင် ဒေါ်တာတို့ ဌာနမှူးကိုလည်း တွေ့ချင်ပါတယ်'

'တစ်ချိန်တည်း လုပ်လို့ ရပါတယ်ရှင်၊ ကျွန်မက ကလေး အထူး ဌာနက ဌာနမှူးပါ'

ဒေါက်တာ ရာမာ ချာတာဂျီက ဖော်ရွေစွာ ပြောသည်။

နောက်ရက်များတွင် ဆာရာသည် သားငယ်၏ ဘေးအနားမှ မခွာတော့။ လူ ခုတင်၏ ဘေးတွင် ခေါက်ခုတင်ကလေး တစ်လုံး ထိုး၍ အိပ်သည်။

လင်းဗရိစ်မှာလည်း နေ့လယ်ချိန်များတွင် ဆေးရုံတွင်သာ အ ကုန်သည်။ သူတို့ နှစ်ယောက်သည် မှန်ခန်းကလေးထဲတွင် ထိုင်ကာ သား နှင့် တစ်ယောက် တစ်လှည့်စီ စကားပြောကြသည်။ သို့ရာတွင် သူတို့ ယောက်မှာမူ တစ်ယောက်နှင့် တစ်ယောက် စကားမပြောမိကြ။

ဆာရာ့ကို ကြည့်ရသည်မှာ အေးတိအေးစက် နိုင်လှသည်။ သို့ရာ ယင်းမှာ သားငယ်အတွက် စိုးရိမ်မှုကို ဖုံးကွယ်လိုခြင်းကြောင့် ဖြစ်မည် လင်းဗရိစ် ထင်သည်။ ပြီးခဲ့သည့် တနင်္ဂနွေက သူ့ကို တယ်လီဖုန်း ဆက် သည်ကိုလည်း ဆာရာ မေ့သွားလောက်ပြီဟု သူ ထင်သည်။

ညနေ့သည်ချိန် ကုန်သွားသည့် အခါတွင် လင်းဗရိစ်နှင့် သူ့ ယော တို့သည် ညစာ စားကာ ဟိုက်ပတ် ဥယျာဉ်ထဲတွင် လမ်းလျှောက်ကြသ

သူတို့ နှစ်ယောက်စလုံး စိတ်ဝင်စားသည့် အကြောင်းအရာမျ ပြောကြရာ မကြာမီ ပြောစရာ စကားတွေ ကုန်သွားကြသည်။ တစ်ညနေ လင်းဗရိစ်က တက္ကသိုလ်တွင် ရှိစဉ်က သူ့ကို ကျောင်းသား တစ်ယောက် ဓားနှင့် ထိုးသည့် အကြောင်းကို စကားစပ်မိသွားသည်။ သူ့ စိတ်ထဲတွင်လ သူ့ကိုယ်သူ ဂျူးလီယပ် ဆီဇာ ဓားထိုး ခံရသလောက် ကြီးကျယ်သည်ဟု ခဲ့သည်။

သူ ပြောနေစဉ် ဆာရာ၏ အဖေသည် ဘာမျှ ဝင်မပြော။ တ တလေမျှသာ ဝင်ပြောသည်။

ဟိုတယ်သို့ ပြန်ရောက်သည့် အခါတွင် ဆာရာ၏ အဖေသည် သ နှုတ်ဆက်ပြီး သူ့ အခန်းသို့ ခပ်သုတ်သုတ် ထွက်သွားသည်။

သောကြာနေ့ မနက်စောစောတွင် ဒိန်းမလား မော်တော်ကားကြီး တစ်စီးသ





ဘာ ဟယ်မီတန် အတွက် ရောက်လာသည်။

ထိုနေ့ တစ်နေ့လုံး အလုပ်များဦးမည်။ သူနှင့် လင်းဗရိစ်တို့သည် ပ ကန် ကလေးဆေးရုံသို့ သွားကာ ဆာရာတို့ သားအမိကို သွားခေါ်ရမည်။ နောက် အောက်စဖို့ တက္ကသိုလ် ဆေးရုံသို့ သွားပို့ရမည်။ ထို့နောက် ဂျီနီဗာ ထွက်မည့် နောက်ဆုံး လေယာဉ်ကို စီးရန် အတွက် ဟီးသရိုး လေဆိပ်သို့ သွားရဦးမည်။

မိမိသည် အစိုးရ ကိုယ်စားလှယ် အဖွဲ့ဝင် တစ်ဦး အနေဖြင့် ရောက် ခြင်း ဖြစ်ရာ ထို တာဝန်တို့ကို ရှေ့ဆိုင်း၍ မဖြစ်။

ဆေးရုံဝတွင် ဒေါက်တာ ဗီဗီယန် စတုန်းက သူတို့ကို ကြိုနေသည်။ ထို့နောက် လေးငယ်ကို ခုတင် တစ်ခုတွင် နေရာ ချပေး၏။

မျက်တွင်း ဟောက်ပက်နေသော ဆာရာ၏ မျက်နှာကို ကြည့်၍ ဒေါက်တာ ဗီဗီယန်က

'ရာမာ ချာတာဂျီက ပြောလိုက်တယ်လေ၊ ဆာရာ တစ်ယောက်တည်း လေး ခုတင်ဘေးမှာ ခေါက်ခုတင်ကလေးနှင့် တစ်ပတ်လုံးလုံး အိပ်နေရ ယ်တဲ့၊ ဒီတော့ အိမ်ပြန်ပြီး ကောင်းကောင်း အနားယူလိုက်ပါ၊ ကျွန်မတို့ မှာ နှစ်ယောက်စလုံးကို တစ်ပြိုင်နက် မကုချင်ဘူးနော်'

အိမ်သို့ ပြန်ရောက်သည့် အခါတွင်မှ ကလေးကိစ္စနှင့် ပတ်သက်၍ တစ်လုံးမျှ နှစ်ယောက်ချင်း မပြောရသေးကြောင်းကို လင်းဗရိစ် သတိရ ည်။ ဆာရာ ပင်ပန်းသောကြောင့် တစ်ကြောင်း၊ စိုးရိမ်သောကကြောင့် တစ် ကြောင်း စကားမပြောဘဲ နေခြင်း ဖြစ်မည်ဟု သူ ထင်သည်။ သို့ရာတွင် ယခု တို့ ဆက်သွယ်ရေး လမ်းကြောင်းကို ပြန်ဖွင့်မှ ဖြစ်မည်။

လင်းဗရိစ်က စကားမရှိ စကားရှာကာ

'သက်သာသွားလို့ တော်သေးတာပေါ့နော်'

ဆာရာက ဘာမျှ ပြန်မပြော။ သူ့ကို ကျောပေးကာ ဆေးရုံမှ ပြန် လာသည့် အထုပ်အပိုးများကို ဖြေနေသည်။

'ဆာရာတော့ တော်တော် ပင်ပန်းသွားမှာပဲနော်၊ မောင် ပြောတာ ရာ တစ်ယောက်တည်း ပူစနေရတာကို ပြောတာပါ၊ အဖေ က်နေလို့ တော်သေးတာပေါ့'

ဆာရာက ဆတ်ခနဲ လှည့်လိုက်သည်။ သူ့ မျက်နှာသည် ဒေါသကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နီရဲနေ၏။

'သူက ရှင့်အဖေ မဟုတ်ပါဘူး၊ အဖေ ရှေ့မှာမို့ ဒီက ဘာတစ် မပြောဘဲ သည်းခံနေတာ၊ အူထဲက ယားလှပြီ၊ ခု ကျွန်မ ဆေးရုံမှာ က အနား သွားနေမယ်၊ ကျွန်မ ပြန်လာရင် ရှင့်ကို ဒီအိမ်မှာ မတွေ့ပါရစေ ရှင်တင် မဟုတ်ဘူး၊ ရှင့် အဝတ်အစားတွေရော၊ ရှင့် စာအုပ်တွေရော၊ တစ်ခုမှ မမြင်ချင်ဘူး၊ ကျွန်မ စာအုပ်တွေသာ ချန်ပစ်ခဲ့'

'ဆရာ ဘာဖြစ်တာလဲ'

'ဘာဖြစ်တာလဲ ဆိုတာ သိချင်ရင် နားထောင်၊ ဆယ့်နှစ်နှစ် လုံး ရှင်နှင့် ပေါင်းလာခဲ့တယ်၊ ရှင့်ကို ကျွန်ခံလာခဲ့တယ်၊ ရှင့် သုတေသန လုပ် တစ်ဝက်ကို ကူလုပ်ပေးခဲ့တယ်၊ အဝီစိထိအောင် ကျနေတဲ့ ရှင့် စိတ်ဓာ မြှင့်ပေးခဲ့တယ်၊ ရှင့်စကားကို နားထောင်ခဲ့တယ်၊ ရှင့်ကို စာနာခဲ့တယ်၊ ရှ ချင်ရင်တောင်မှ ငိုနိုင်အောင် ကျုပ်ကိုယ်ကျုပ် လက်ကိုင်ပဝါလို အသုံးချခဲ့တ

'ဆရာရယ်၊ နေစမ်းပါဦး'

'မနေနိုင်ဘူး၊ ကျုပ် ဆက်ပြောမယ်၊ ဒီလောက် ဒုက္ခဆင်းရဲ ခံခဲ့ရ တွေကို ကျုပ် မမှုပါဘူး၊ ခါးစည်း ခံနိုင်ပါတယ်၊ ရှင်နှင့် ကလေး တစ်ယော မွေးလာခဲ့ရတာကိုလည်း ကျွန်မအဖို့ ခံနိုင်ပါသေးတယ်၊ ဪ သူ စိတ် သာအောင် ငါ တတ်နိုင်သမျှ ပါရမီ ဖြည့်စွမ်းမယ်လို့ အောက်မေ့မိခဲ့တ ခုတော့ ရှင်က ကမ္ဘာပေါ်မှာ အောက်စဖို့ ဆိုတဲ့ အကြီးဆုံး မြို့ကလေး မြို့ကို ရွေးပြီး အလုပ် လုပ်ချင်သတဲ့၊ ကိစ္စ မရှိသေးပါဘူး၊ ဒီက ကောင်မ လာခဲ့ပါတယ်၊ ဒါပေမဲ့ ဒီရောက်တော့ ရှင် ဘာလုပ်သလဲ၊ ကျုပ်ကို အ ခဲ့တယ်၊ ဒီမှာ ဟို ကလေကချေ ကောင်မကလေးနှင့် ရှင်နှင့် ညားနေကြ ကို လူတိုင်း သိတယ်ရှင့်၊ လူတိုင်း သိတယ်၊ ဒီအထဲမှာ ကျုပ်ကို အရှက်ခွဲ အားမရသေးဘူး၊ အဖေ ရှေ့မှာတောင် လာပြီး စော်ကားပြလိုက်သေးတ

ဆရာ သည်မျှ ဒေါသတကြီး ပြောဆိုသံကို သူ တစ်ခါမျှ မကြားဖူး

'ဆရာရယ် ဒီလောက် ပုံကြီး မချဲ့ပါနှင့်ကွာ၊ ဟုတ်ပါတယ်၊ ကို ဒီတစ်ခါ မှားမိတယ် ဆိုတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ကိုယ် မင်း အပေါ် သစ္စာမဖောက်ပါဘူး၊ ဒီကောင်မကလေးဟာလည်း ကိုယ့်ဘဝမှာ ဘာမှ အ မကြီးပါဘူး၊ ဟုတ်ပါတယ်၊ ကိုယ် မှားပါတယ်၊ ကိုယ် ကျူးလွန်မိပါတ ဒါလည်း ဘယ်သူမဆို ဖြစ်တတ်ပါတယ်'

'ဒီမှာ ရှင်နှင့် ကျုပ် အကြင်လင်မယားလို ပေါင်းသင်းနေတယ် ဆို





ပြောသလို မှားယွင်းမိတယ် ဆိုတာကို လက်ခံနိုင်တယ်၊ ဒါပေမဲ့ ခုဟာ ကျုပ်ကို မချစ်တော့လို့ ပြောနေတာ၊ ဒီမှာ ရှေ့လျှောက် ဟန်ဆောင် မနေ င် ကောင်းမယ် ထင်တယ်၊ တကယ်ကတော့ ကျုပ်တို့ အကြင် လင်မယား မနေခဲ့ကြတာ ကြာပြီပဲ'

'ဒါဖြင့် မင်းက ကွာရှင်းချင်တယ် ဆိုတဲ့ သဘောလား'

'ဟုတ်တယ်၊ မြန်မြန် ကွာရှင်းလေ ကောင်းလေပဲ'

'ကလေး မျက်နှာကို မထောက်တော့ဘူးလား၊ ကလေး မျက်နှာကို ထောက်ရမယ်ကွ၊ မကွာနိုင်ဘူး၊ ဒီလို လုပ်ရင် သူ့အပေါ်မှာ ဘယ် တရားမလဲ'

'ဒီမှာ၊ ကလေးက ပေါက်စကလေး မဟုတ်တော့ဘူးရှင့်၊ ကျုပ်တို့ ဘာ နေတယ် ဆိုတာကို နားလည်တတ်တဲ့ အရွယ်၊ ဒါကြောင့်မို့ ကလေး က်နှာ ထောက်ပြီး အတူနေပါ ဆိုတဲ့ အဓိပ္ပာယ် မရှိတဲ့ စကားတွေကို ပြော နေပါနှင့်'

'ကဲ ငါက ကွာရှင်းခွင့် မပေးနိုင်ဘူးကွာ'

ဆရာက သူ့ မျက်နှာကို စိန်းစိန်းကြည့်ကာ 'ဘာ ကွာရှင်းခွင့် မပေး ဘူး ဟုတ်လား၊ ကျုပ်က ရှင့် ကစားစရာ ရုပ်သေးရုပ်ကလေး မဟုတ်ဘူး ခွေးကလေး ကြောင်ကလေးလည်း မဟုတ်ဘူး'

က်ဖက်ရည် သောက်ပြီးချိန်လောက်တွင် လင်းဇရိစ်သည် ဂရက်ရှမ်လမ်း ရှေ့မှ ခေါင်းလောင်းကို နှိပ်လိုက်သည်။ ဖိလစ်က သူ့ကို တွေ့ရသဖြင့် သာနေသည်။ သို့ရာတွင် လက်ထဲတွင် လက်ဆွဲ သေတ္တာကို ကိုင်ထား ဖြင့် အံ့အားသင့်နေသည်။

'ဟင် ဆရာ၊ အထုပ်တွေ အပိုးတွေနှင့် ဘယ်သွားမလို့လဲ'

'ဘယ်မှ မသွားဘူး၊ ဆရာက ကိုယ့်ကို မောင်းထုတ်လိုက်ပြီ၊ ဒါ ကြောင့် ဒီနေ့ တစ်ညတော့ မင်းဆီမှာ တည်းရလိမ့်မယ်'

ဖိလစ်က ပြုံးလိုက်ရင်း

'ရပါတယ်၊ ဆရာ အတွက်ရော ဆရာ စာအုပ်တွေ အတွက်ရော နေရာ ပါတယ်'

သို့ရာတွင် အိမ်ထဲသို့ ထိုင်မိသည်နှင့် ဖိလစ်က သူ နေနိုင်သည့် တန့်အသတ်ကို ပြောသည်။

'ဆရာ အခက်အခဲ တွေ့နေတုန်းမှာ ကူညီချင်ပါတယ် ဆရာ



www.burmeseclassic.com

www.burmeseclassic.com



မဲ့ အကန့်အသတ် မရှိ နေလို့တော့ မဖြစ်ဘူးနော်'

'နှစ်ပတ်လောက် ဆိုရင်ကော'

'မဖြစ်ဘူး ထင်တယ်၊ နှစ်ရက် သုံးရက်လောက် ဆိုရင်ကော'

'အေးလေ၊ ဒီလောက် ရရင်လည်း ဖြစ်ပါတယ်၊ ဒီမှာ မင်း အခန်းဖော် ဂျိမ်းနှင့် မော်တော်ဆိုင်ကယ်သမားကလည်း ရှိသေးတယ် မဟုတ်လား'

'အို သူတို့က အကြောင်းမဟုတ်ပါဘူး'

'ဒါဖြင့် ဘာဖြစ်လို့လဲ'

'ဖိလစ်က ရှုပ်ရှုပ်ယှက်ယှက် မနေချင်ဘူး'

နောက်တစ်နေ့ မနက် ဆေးရုံသို့ ရောက်သည့် အခါတွင် သားငယ် စိတ်ထိခိုက် စေမည့် စကားတို့ကို သူတို့ နှစ်ယောက်စလုံးက သတိထား၍ ရှောင်ကြသည်။

နေ့လယ်စာ စားချိန် သူ့ အခန်းမှ ထွက်လာသည့် အခါတွင် ဆရာက 'တစ်နေ့ရာရာ သွားပြီး စကားပြောရအောင်' ဟု သံပြတ်ဖြင့် ပြောသည်။

လင်းဗရိစ်မှာ ပြန်လည် သင့်မြတ်ရေး စကားများကို ကြားရမည် ထင်သဖြင့် ဝမ်းသာ သွားသည်။ သို့ရာတွင် ကြာကြာ ဝမ်းမသာနိုင်။

ဆရာ ပြောချင်သည့် စကားမှာ ပြန်လည် သင့်မြတ်ရေး မဟုတ်။ ကျ ရှင်းရေး ကိစ္စတွင် စည်းကမ်းချက်များကို သတ်မှတ်ခြင်း ဖြစ်သည်။ စင်စ ဆရာသည် သူ့ကို စကားပြောနေခြင်း မဟုတ်။ သူ့ကို အနီးတွင် ထား သူတစ်ယောက်တည်း ပြောနေခြင်း ဖြစ်သည်။ ဆရာသည် စေ့စပ်ခြင်းလည်း မလုပ်။ ဆွေးနွေးခြင်းလည်း မပြု။ သူ လိုချင်သည့် စည်းကမ်းချက်များ ပြောနေသည်။

ဆရာသည် မယားစရိတ် မတောင်း။ သို့ရာတွင် ကလေးကို ထောက် ရာတွင်မူ သူလည်း အချိုးကျ ပေးသင့်သည်ဟု ယူဆသည်။ သို့တိုင် ကလေး ကျောင်းစရိတ် သိပ်မကုန်သဖြင့် သူ့ ထောက်ပံ့ငွေသည် မများ။ ကလေး နောင်နှစ်တွင် ယခု ကျောင်းမှာပင် ဆက်ထားမည်ဟု ဆိုသည်။

'ဒါဖြင့် မင်းက အောက်စဖို့မှာ ဆက်နေမယ်ပေါ့'

'ဟုတ်တယ်၊ ဒါပေမဲ့ ဒါက ရှင့်ကိစ္စ မဟုတ်ပါဘူး'

ဆရာက အေးစက်စွာ ဖြေသည်။

'တစ်ခုတော့ ကိုယ်ပြောမယ် ဆရာ၊ ကိုယ့်သားကို ကိုယ်နှင့် ဝေး ပင်လယ်ကြီး ခြားနေတဲ့ဆီမှာတော့ မထားရစ်ခဲ့ချင်ဘူး၊ ပြီးတော့ မင်းက





ီမှာ ဘာလုပ်ဖို့ နေရစ်ခဲ့ဦးမှာလဲ'

ဆရာက ခပ်လျောင်လျောင်ဖြင့်

'ကျွန်မက အောက်စဖို့မှာ မော်တော်ကားပြင်ဖို့ နေရစ်ခဲ့ရမှာလား ရှင်၊ အောက်စဖို့ ရောက်ရင် လူတွေ ဘာလုပ်ကြသလဲ၊ ရှင် သိမှာပေါ့၊ ကျွန်မ အောက်စဖို့က ဘွဲ့တစ်ခုခုကို ရအောင် ယူမယ်၊ ရှင့် ကလေးနှင့် တွေ့ချင်တယ် ဆိုရင် ခရစ်စမတ်တို့၊ နွေရာသီတို့မှာ လာခဲ့ပေါ့'

'အေး အတ္တလန်တိတ် သမုဒ္ဒရာကို ဖြတ်လာခဲ့ရတဲ့ ခရီး တစ်ခုဟာ ဘယ်လောက် ကုန်ကျသလဲ ဆိုတာ မင်း သိရဲ့လား'

'ဒီလိုဆိုရင် မလာဘဲနေပေါ့၊ ကျွန်မက ခရစ်စမတ် ဆိုရင် အဖေတို့ အမေတို့ လာမှာပဲ၊ ရှေ့စကားတွေ ဆက်မပြောခင် တစ်ခွန်းတော့ ရှင်းရှင်း ပြောထားချင်တယ်၊ ကလေးကို စိတ်ဓာတ် သိမ်ငယ်တဲ့ ဒုက္ခိတ ကလေးတော့ ဖြစ်စေချင်ဘူး၊ ရှင်နှင့် ပတ်သက်လို့ ကလေးကို ကျွန်မ မကောင်း တစ်ခွန်း မပြောဘူး၊ စိတ်ချပါ၊ ရှင်တို့ သားအဖ နှစ်ယောက်ကိုလည်း မကြာခဏ တွေ့ပေးဖို့ ကျွန်မ စီစဉ်မယ်'

'မင်းကို ရုံးတက်ပြီး ခေါ်လိုမှ စွဲရင်ကော ဘယ့်နှယ် လုပ်မလဲ'

လင်းဗရိစ်က သွေးတိုးစမ်းကြည့်သည်။

'အချိန်ကုန် လူပန်း မခံပါနှင့် ရှင်၊ ကျွန်မ အဖေရဲ့ ရှေ့နေတွေက ရှင့် အမှုန့် ဖြစ်သွားအောင် ကြိတ်ပစ်လိုက်မှာပေါ့'

င်းဗရိစ်သည် အတ္တလန်တိတ် သမုဒ္ဒရာကို ဖြတ်သည့် ခရီး တစ်လျှောက် အရက်ကို ဆက်တိုက် သောက်လိုက်လာခဲ့သည်။ သူ အရက်သောက် ည့် ကိစ္စကို အကြောင်းရှာရာတွင် စာထဲ ပေထဲက စာ တစ်ကြောင်းကို သွား တွေ့သည်။ ထို စာပိုဒ်မှာ ဗာဂျီး၏ ကျမ်းထဲက စာပိုဒ် ဖြစ်သည်။

'မိန်းမ ဟူသမျှသည် စုန်းမများ ဖြစ်နိုင်သည်' တဲ့။

အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဩဂုတ် ၆၊ ၁၉၅၀။

ဒီနေ့ လင်းဗရိစ်က ဖုန်းဆက်ပြီး မယုံနိုင်စရာ သတင်း တစ်ခုကို



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ သူနှင့် ဆာရာတို့ ကွာရှင်းကြတော့မယ်တဲ့။

ဘုရားရေ။ သူတို့ နှစ်ယောက်မှ မတည့်ကြတော့ဘူး ဆို လောကကြီးမှာ အိမ်ထောင်ပြုတယ် ဆိုတာ ရှိမှ ရှိပါဦးမလား မ တော့ဘူး။ တယ်လီဖုန်းထဲကမို့လို့ ထင်ပါရဲ့။ အသေးစိတ်တော့ ဘာ မပြောဘူး။ ဒါပေမဲ့ သီတင်းပတ် အကုန် သူ ရောက်လာရင်တော ခရေစေ့တွင်းကျ ပြောမယ် ထင်တာပဲ။ သူ့ကို ဖိတ်မှ ကောင်းမယ် ကြည့်ရတာ တော်တော် အထီးကျန် ဖြစ်နေပုံရတယ်။

လင်မယား ကွာရှင်းတယ် ဆိုတာ ဘယ်လောက် စိတ်ဆင်းရဲစ ကောင်းတယ် ဆိုတာ လင်းဗရိစ် မသိသေးဘူး။ ဘယ်လို အ အနေမျိုးမှာပဲ ဖြစ်ဖြစ် ကွာရှင်းရတယ် ဆိုတာဟာ တော်တော် ဆိုး ကိစ္စ။ ကွာရှင်းတဲ့ အတွက် ကလေးတွေ အတွက် ဆိုးတယ်လို့ ပြေ ကြပေမယ့် တကယ် ခံစားရဆုံးကတော့ အဖေ လုပ်သူတွေပဲ။

ငါ့မှာ သားနှင့် သမီးက ဆော်ဒါမှာ နေရတဲ့ အတွက် တစ်ပ တစ်ခါတော့ တွေ့ခွင့်ရပါရဲ့။ ဒါပေမဲ့ ကိုယ့်သား ကိုယ့် သမီး ဆို တကယ် တွေ့ရတာကတော့ နွေရာသီ ကျောင်းပိတ်ရက်ကလေးပါ

မိဘ ဆိုတာ အချိန်ပိုင်းနှင့် လုပ်ရတဲ့ အလုပ်မျိုး မဟုတ်ဘူ ဆိုတာ ငါ တွေ့လာရတယ်။ မိဘ လုပ်ရတာဟာ ကောင်းကင်ဘ ကစားတဲ့ သူနှင့် တော်တော် တူတယ်။ လွဲနေတဲ့ ဒန်းပေါ်က ပြု ကျလိုက်တာနှင့် ပြန်ထဖို့ မလွယ်တော့ဘူး။ အမြင့်က လိမ့်ကျသွ တာပဲ။ ပြန်ထဖို့ မလွယ်တော့ဘူး။

ဆောင်းတွင်း တစ်တွင်းလုံး နွေကျောင်းပိတ်လို့ ကလေးတွေ အိမ်ပြန်လာရင် သူတို့နှင့် ဘယ်လို နေမယ်၊ ဘယ်လို ထိုင်မယ် ဆိုတာ တွေ စိတ်ကူးလိုက်ရတာ။ ကနေဒါကို သွားလည်မယ်၊ ဘယ်နေရာ တွေကို လျှောက်ကြည့်မယ်နှင့် စိတ်ကူးလိုက်ရတာ။ ဒါပေမဲ့ တကယ် ကျတော့ ငါဟာ အဖေ ဆိုတဲ့ ဂုဏ်ထူးဆောင်ဘွဲ့ ရထားတဲ့ အ ပေး ပုဂ္ဂိုလ် တစ်ယောက် သက်သက်၊ အတိုင်ပင်ခံ ပုဂ္ဂိုလ် တစ်ယော သက်သက်ပဲ။

အင်ဒီက ငယ်လည်း ငယ်သေးတော့ သူတို့ လူငယ် မျိုးဆက် တို့တစ်တွေ ဗီယက်နမ် စစ်ပွဲမှာ ဝင်တိုက်နေတာကို မကျေနပ်ဘူ မုန်းတယ်တဲ့။ ဒီအထဲမှာ ငါ့ကိုလည်း အပြစ် တင်လိုက်သေးတယ်





အပြစ်မဲ့တဲ့ အရပ်သားတွေ အပေါ်မှာ ငါကိုယ်တိုင် နပမ်းဗုံးတွေ ကြဲ ချတဲ့ အတိုင်းပဲ။

ကျောင်းက သူငယ်ချင်းတွေက ပြောတယ်။ ခု တိုက်နေတာဟာ ဝေါ လမ်းက စစ်ပွဲတဲ့။ ငါ ကိုယ်တိုင်ပဲ ဝေါ လမ်းမကြီး ဖြစ်နေတဲ့ အတိုင်းပဲ။ တကယ်တော့ ငါက ဝေါ လမ်းက ဘဏ်တိုက် အရာရှိ ကလေး တစ်ယောက်ပဲ ရှိသေးတယ်။

ငါက ငါလည်း သူတို့ဘက်မှာ ရှိတယ် ဆိုတာ ရှင်းပြပါတယ်။ ပြီးတော့ စစ်ဆန့်ကျင်ရေး ဆန္ဒပြပွဲတွေကို ငါကိုယ်တိုင် ညေးရုံးခဲ့တဲ့ အကြောင်း၊ တတ်နိုင်သလောက် ကူညီခဲ့တဲ့ အကြောင်းတွေ ပြောတော့ ဒါက ဟန်ပြတွေပါတဲ့။

ငါက ဒီလို အသုံးအနှုန်းမျိုး မသုံးဖို့ ပြောတော့ ငါဟာလည်း ငါတို့ မျိုးဆက်ကြီး တစ်ခုလုံးလို ကြောင်သူတော်တဲ့။ ဟန်ဆောင်နေတဲ့ လူတွေတဲ့။ ကြည့်စမ်း၊ ငါလည်း မျိုးဆက်ကြီး တစ်ခုလုံး ဖြစ်သွားရ ပြန်ပြီ။

ငါလည်း သူ ရန်လိုနေတာကို ပျော့ပျောင်းသွားအောင် တတ်နိုင် သမျှတော့ ကြိုးစားပါသေးတယ်။ ဒါပေမဲ့ နွေ ကျောင်းပိတ်ရက် တစ်လ လောက် အချိန်ကလေးနှင့် ရမှာ မဟုတ်ဘူး။

သမီးလေး လစ်ဇီကလည်း ပြဿနာပဲ။ တစ်ယောက်တည်း ငေး နေပြီး လမ်းလျှောက် ထွက်ရင်လည်း တစ်ယောက်တည်း ထွက်သွား တယ်။ ငါက လိုက်မယ် ဆိုတော့လည်း မလိုက်ရဘူးတဲ့။ ဒါနှင့် သူ နှင့် စကားပြောဖို့ မကြာခဏ ကြိုးစားကြည့်ပြန်တယ်။ ဒါပေမဲ့ သူက မကျေနပ်ဘူး။ နောက်ဆုံးတော့ သူ မကျေနပ်တာက အင်ဒီလို နိုင်ငံ ရေး ကိစ္စကြောင့် မကျေနပ်တာ မဟုတ်ဘူး။ ကိုယ်ရေး ကိုယ်တာ ကြောင့် မကျေနပ်တာ။

ဖေဖေတို့က သမီးတို့ကို တကယ်ချစ်တာ မဟုတ်ဘူးတဲ့။ တကယ် ချစ်တာ ဆိုရင် ဖေဖေတို့ ဘာဖြစ်လို့ ကွဲမှာလဲတဲ့။ သမီး ဆော်ဒါ ကျောင်းဆောင်ကို သိပ်မုန်းတယ်တဲ့။ မိဘမဲ့ကျောင်းနှင့် အတူတူပဲ။ သမီးတို့ အဆောင်မှာ ဆိုရင် မိစုံ ဖစုံ ရှိတဲ့ ကလေး ဆိုလို့ ငါး ယောက်ထက် ပိုမှာ မဟုတ်ဘူးတဲ့။ ကျန်တဲ့ ကလေးတွေက မိဘ ကွဲ နေတဲ့ ကလေးတွေချည်းပဲတဲ့။



www.burmeseclassic.com

www.burmeseclassic.com



သူနှင့် ဒီလို ပြောပြီးတဲ့နောက် သမီးကလေးကို နေ့ကျောင်းမှာ ပို့နိုင်ဖို့ ကိုယ့်ဆီမှာ ပြန်ခေါ်ချင်တဲ့ အကြောင်း ဖေ့ကို ပြောတယ်။

ဒါပေမဲ့ ဖေ့ကလည်း ဖေ့ပဲ။ ဒီလိုလုပ်လို့ ဘယ်ရမလဲ၊ မလွှ ဘူး။ မပေးနိုင်ဘူးတဲ့။ ဘာဖြစ်လို့များ ဒီလောက် ရန်လိုပြီး ဒီလော အာဃာတ ပြင်းနေရသလဲ မသိဘူး။ သူလည်း ဆန့်ဖရန့်စစ္စကိုက သူဌေးကြီး တစ်ယောက်နှင့် လက်ထပ်တော့မှာပဲ။ ဘာဖြစ်လို့ ကန့် လန့် လုပ်နေရတာလဲ။ (အင်း ဒီငနဲတော့ ကံကောင်းပါစေလို့ ဆု တောင်းလိုက်ပါတယ်။)

ကလေးတွေကို ပြန်ခေါ်ဖို့ စဉ်းစားရင်း ငါ နောက်တစ်ကြိမ် လက်ထပ်ဖို့လည်း စဉ်းစားခဲ့သေးတယ်။ ဒါပေမဲ့ ဒုတိယအကြိမ် ဒုက္ခတွင်း ဆင်းရလောက်အောင် ယုံကြည်စရာကောင်းတဲ့ မိန်းမ ဆိုလို့ တစ်ယောက်မှ မတွေ့သေးတာက ခက်တယ်။

လင်းဗရိစ်ကတော့ ခုလို ဖြစ်ရတာဟာ ခံစားရပေမယ့် ဒါဟာ အကောင်းဆုံးပါပဲလို့ တယ်လီဖုန်းက ပြောတယ်။ အင်း သူ မှားနေ တယ် ဆိုတာ သူ မသိသေးဘူး။

ဆိုးတာက မယားတစ်ယောက် ဆုံးရှုံးလို့ ဆိုးတာ မဟုတ်ဘူး။ သား တစ်ယောက် ဆုံးရှုံးလို့ ဆိုးတာ မဟုတ်ဘူး။

လောကကြီးမှာ ငါတို့ လုပ်နေတဲ့ အလုပ်တွေကို အဓိပ္ပာယ် ရှိ အောင် လုပ်ပေးတဲ့ တစ်စုံတစ်ရာကို ဆုံးရှုံးခဲ့လို့ပဲ။

၁၉၇၃ ခုနှစ် ဇန်နဝါရီလ ကုန်ခါနီး ဖြစ်သည်။

ဂျော့ ကဲလားသည် ဂျော့တောင်း တက္ကသိုလ် ဥပဒေပညာ ဌာန အဆောက်အအုံ လှေကားထစ်များပေါ်တွင် ရပ်နေသည်။

မွန်းတည့် ဆယ့်နှစ်နာရီ ထိုးသည်နှင့် ကျောင်းသားများသည် ကျောင်း ခန်းများထဲမှ ထွက်လာကြသည်။ ထိုအထဲတွင် ကေသီလည်း ပါသည်။

'ကေသီ'

ဂျော့ ကဲလားက မရဲတရဲ ခေါ်သည်။

'ဗွတ်ဘိုင် ဂျော့'





ကေသီက သူ့ကို နှုတ်ဆက်ပြီး တစ်ဖက်သို့ လှည့်ထွက်သွားသည်။

'ကေသီ ခဏနေပါဦး၊ စကားကလေး တစ်ခွန်း နှစ်ခွန်းလောက် ပြော ချင်လို့ပါ'

'စက္ကန့် နှစ်ဆယ်လောက်တောင် စကား မပြောချင်ဘူး ဒေါက်တာ'

ကေသီက ရှေ့မှ ခပ်သွက်သွက် လျှောက်သည်။

ဂျော့ ကဲလားက နောက်မှ လိုက်သည်။

'အမေရိကန်နှင့် မြောက်ဗီယက်နမ်တို့တောင် ငြိမ်းချမ်းရေး လုပ်နိုင် သေးရင် ကိုယ်တို့ ဘာဖြစ်လို့ မလုပ်နိုင်ရမှာလဲ'

ကေသီ ချာခနဲ လှည့်လိုက်သည်။

'ဒေါက်တာ၊ ရှင်နှင့် ကစ်ဆင်းဂျားတို့က အပစ်အခတ် ရပ်စဲရေး ရ အောင် လုပ်ပြီးပြီ၊ ရှင်တို့က နိုင်ငံထကာ သူရဲကောင်းတွေ ဖြစ်နေပြီ၊ ဘာဖြစ် လို့ အသေးအမွှား လူတစ်ယောက် အတွက် အချိန်ကုန် ခံနေရတာလဲ'

'မင်းဟာ ကိုယ့်အတွက် အရေးကြီးဆုံး လူတစ်ယောက် ဖြစ်နေလို့ပါ ကေသီ'

'ရှင်ပြောနေတဲ့ ပေါက်ကရ စကားတွေကို ကျွန်မ ယုံမယ်လို့ ထင်သလား'

'မင်းကို သဘောပေါက်အောင် ရှင်းပြဖို့ အခွင့်အရေးတော့ ပေးသင့်ပါ တယ် ကေသီ၊ မင်းလည်း ရှေ့နေ တစ်ယောက်ပဲ၊ ရာဇဝတ်ကောင် တစ် ကောင်တောင်မှပဲ သူ့ကိုယ်သူ ခုခံ ကာကွယ်ပိုင်ခွင့် ရှိသေးတာပဲ၊ ကော်ဖီ သွား သောက်ရအောင်ပါ'

'ကောင်းပြီလေ၊ ဒါပေမဲ့ တစ်ခွက်ပဲ သောက်မယ်နော်'

ကေသီ ပြုံး၍ ပြောသည်။

'ကေသီ ရှိတဲ့ နေရာကို ဘယ်လိုလုပ် သိသလဲ၊ တယ်လီဖုန်းကို ခိုးနားထောင် တယ် ထင်တယ်'

ကေသီက မေးသည်။ ဂျော့ ကဲလားက စိတ်ပျက် လက်ပျက်ဖြင့် ခေါင်းယမ်းသည်။

'မဟုတ်ပါဘူး၊ လုံခြုံရေး ကောင်စီမှာ လုပ်နေတဲ့ မင့် မိတ်ဆွေဟောင်း တစ်ယောက်က ပြောလိုက်လို့ပါ'

'ကေသီရဲ့ မိတ်ဆွေ ဆိုရင် ရှင့်ကို ကေသီက မတွေ့ချင်ဘူး ဆိုတာကို ရော ပြောလိုက်မှာပေါ့'



www.burmeseclassic.com

www.burmeseclassic.com



ဂျော့ ကဲလားသည် သူ့ဆရာ ကစ်ဆင်းဂျားလို ဖွဲ့ကောင်းသည့် စာရေးသမား ဖြစ်သည်။

'ဟုတ်ပါတယ် ကေသီ၊ ကိုယ်ဟာ ရိုင်းချင် ရိုင်းမယ်၊ မရိုးသားဘူးလို့ ဆိုရင်လည်း ဆိုနိုင်ပါတယ်၊ ဒါပေမဲ့ ကိုယ် ခု သင်ခန်းစာ ရသွားပါပြီ၊ မင်းကို မယုံမကြည် ဖြစ်ခဲ့မိတဲ့ အတွက် ကိုယ့်ကိုယ်ကိုယ် ဒဏ်ခတ်ပြီးပါပြီ'

'ရှင်းရှင်း ပြောရရင်တော့ ရှင်ဟာ ကျွန်မကိုသာ မယုံတာ မဟုတ်ပါဘူး၊ ရှင့်ကိုယ် ရှင်တောင် ယုံကြည် စိတ်ချတဲ့လူ မဟုတ်ပါဘူး၊ ရှင့်မှာ ခက်နေတာ အဲဒါပဲ'

ကေသီ၏ အသံမှာ စောစောကလောက် ရန်လိုခြင်း မရှိတော့။ အနည်းငယ် ပျော့ပျောင်းလာသည်။

'လူတစ်ယောက်ဟာ သုံးနှစ် အတွင်း ပြောင်းလဲသွားနိုင်တယ် ဆိုတာကို မင်း မယုံတော့ဘူးလား'

'ဒါကတော့ စောင့်ကြည့်ရဦးမှာပေါ့'

'ဒီလိုဆို မင်း ယုံအောင် ကိုယ် ပြပါရစေ'

ကော်ဖီကို မော့သောက်လိုက်ပြီး ထိုင်ရာမှ ထသည်။

'ကေသီ့မှာ စာမေးပွဲအတွက် စာကျက်စရာ ရှိသေးတယ်၊ အဲဒီတော့ ယုံအောင် လုပ်ပြပေါ့၊ ခု လောလောဆယ်တော့ စာကျက်ရဦးမယ်'

'ပြမယ်လေ၊ ခု စာကြည့်တိုက်ကို လိုက်ပို့ရမလား'

'လိုက်မပို့ရင် ကောင်းမယ် ထင်တယ်၊ ရှင်နှင့် ရှင့်ဆရာ ကစ်ဆင်းဂျားတို့က တက္ကသိုလ် နယ်မြေမှာ မလိုလားအပ်တဲ့ လူတွေ ဖြစ်နေသေးတယ်'

သူတို့သည် မကြာခဏ တစ်ယောက်နှင့် တစ်ယောက် ပြန်တွေ့ကြသည်။ ပထမတွင် တစ်ပတ်လျှင် တစ်ကြိမ်ကျ တွေ့ကြသည်။ နှစ်ယောက်စလုံးသည် သူတို့၏ ခံစားချက်များကို သတိထား၍ ဖုံးကွယ်ထားကြသည်။ သို့ရာတွင် ဂျော့ ကဲလားသည် ယခင်က သူ မှားခဲ့သည့် အမှားများကို ပြင်ရန် တကယ် ကြိုးစားလာသည်ကို တွေ့လာရသည်။

ဂျော့ ကဲလားသည် သူ့ ကလေးဘဝ အကြောင်းကို ပထမဆုံး အကြိမ်အဖြစ် ပြောပြသည်။ သူ ချစ်သော တိုင်းပြည်ကို ဘာကြောင့် စွန့်ခွာ လာခဲ့သည့် အကြောင်း၊ မိတ်ဆွေ သူငယ်ချင်း ဆွေမျိုးသားချင်း ဆို၍ တစ်ယောက်မျှ မရှိသော တိုင်းပြည်သို့ မည်သို့ ရောက်လာခဲ့ကြောင်း၊ ထိုစဉ်က သူသည်





အင်္ဂလိပ်စကား ဆို၍ ဆယ်လုံး ပြည့်အောင်ပင် မပြောတတ်ကြောင်း၊ ထိုတိုင်းပြည်တွင် နေသားကျရန် သူ တောင့်တခဲ့မိကြောင်း။

သို့ရာတွင် ဂျော့ ကဲလားသည် တချို့ တစ်ဝက်ကို ချန်ထားသေးသည်။ အဖေနှင့် သူ မသင့်မြတ်ကြောင်းကို ရိုးတိုးရိပ်တိပ် ပြောသည်။ သို့ရာတွင် အမေ့ကို အကြောင်းကို တစ်လုံးမျှ မပြော။

အပေါင်းအသင်းများ အပေါ်တွင် အမြဲတမ်း သတိထားသည့် ကိစ္စနှင့် ပတ်သက်၍မူ အမေရိကန်ပြည်တွင် သူလျှိုတွေ အနှံ့ ဖြစ်နေသဖြင့် သတိထားကြောင်း ပြောပြတတ်သည်။

ဂျော့ ကဲလားသည် အမှန် အားလုံးကို မဟုတ်သည့်တိုင် အမှန်ကိုတော့ ပြောပြသည်။ သူက သည်လို တစ်ပိုင်းတစ်စ ဖွင့်ဖွင့်လင်းလင်း ဆက်ဆံလာသည့် အခါတွင် ကေသီကလည်း သူ့ကို ပြန်၍ ကြည်သာလာခဲ့သည်။

တစ်ညနေတွင် နှစ်ယောက်သား လမ်းလျှောက်ကြရင်း ကေသီက

'ရှင့် အရင်းအနှီးဆုံး မိတ်ဆွေ ဘယ်သူလဲ' ဟု မေးသည်။

'ဟင့်အင်း၊ မသိဘူး၊ ကိုယ့်ဘဝမှာ မရှိဘူး ထင်တာပဲ'

ဂျော့ ကဲလားက အမှတ်တမဲ့ ဖြေသည်။

'ငယ်ငယ်တုန်းကကော မရှိဘူးလား'

'မရှိပါဘူး၊ ကိုယ်က တစ်ကိုယ်တော် သမားပဲ၊ သိပ် အပေါင်းအသင်းနှင့် နေတတ်တာ မဟုတ်ဘူး'

ကေသီက လမ်းလျှောက်နေရာမှ ရပ်လိုက်သည်။

'တော်တော်တော့ ဆန်းတယ်နော်၊ ရှင်နှင့် ကျွန်မနှင့် ချစ်လာကြတာ ကြာပြီ၊ ဒါပေမဲ့ ကျွန်မတို့ဟာ မိတ်ဆွေတောင် မဖြစ်ကြသေးပါလား၊ ကျွန်မကို မိတ်ဆွေ တစ်ယောက်လိုတောင် သဘောမထားသေးဘူးပေါ့၊ ဟုတ်လား'

'အို မဟုတ်ပါဘူး'

'တရားရုံးမှာသာ သက်သေလိုက်ရင်တော့ ရှင်ဟာ တော်တော် ညံ့တဲ့ သက်သေပဲ၊ ကျွန်မက ပြန်လှန် မေးခွန်း ထုတ်လိုက်တာနှင့် ရှင်း ထွက်ချက်တွေကို ရှင် ပြန်ပြောင်း ထွက်နေတယ်၊ အရင်းနှီးဆုံး မိတ်ဆွေ မရှိဘူးလို့ ရှင်ပဲ ပထမ စပြောခဲ့တယ် မဟုတ်လား'

'ဩော် လက်စသတ်တော့ မင်းက တရားခွင်မှာ စမ်းတဲ့ နည်းတွေနှင့် ကိုယ့်ကို လာစမ်းနေတာကိုး၊ ကိုယ်က အစမ်းသပ်ခံ ပုံးကလေး ဆိုပါတော့'

'မဟုတ်ပါဘူး၊ ရှင်က ကျွန်မ မိတ်ဆွေပါ၊ ကျွန်မလည်း ရှင့် မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ချင်တယ်လေ'

'ကေသီ၊ မင်းဟာ တော်တော် အံ့ဩစရာ ကောင်းတဲ့ မိန်းကလေး ယောက်ပဲ၊ ကိုယ့်လို ရေခဲတုံးလိုကောင်ကို ဘာကြောင့်များ ဒီလောက် အ တယူ လုပ်နေရသလဲ ဆိုတာ ကိုယ် လုံးလုံး စဉ်းစားလို့ မရဘူး'

'ဘာဖြစ်လို့ စိတ်ဝင်စားနေရသလဲ ဆိုတော့ ရှင်က ထက်မြက်တဲ့ တစ်ယောက်မို့လို့၊ ပြီးတော့ ယောကျ်ား တစ်ယောက် အနေနှင့် ဆွဲဆော ရှိတဲ့ လူတစ်ယောက်မို့လို့၊ ပြီးတော့ ရှင့်ကို ပျော်စေချင်တဲ့ စေတနာ ရှိ

ဂျော့ ကဲလားက ကေသီ၏ ခါးကို ဖက်လိုက်သည်။

'ကေသီ့ကို ကိုယ် ချစ်တယ်'

'ဟင့်အင်း၊ ခု မချစ်သေးပါဘူး၊ နောက်တော့မှ ချစ်လာမှာပါ'

ထိုနှစ် ဇွန်လတွင် ကေသီသည် ဥပဒေ စာမေးပွဲကို အောင်မြင်ခဲ့ပြီး မေရီလ ပြည်နယ် ဝတ်လုံ စာမေးပွဲကိုလည်း အောင်မြင်ခဲ့သဖြင့် ဝါရှင်တန်တွင် နေ လိုက်ခွင့်ရခဲ့သည်။ အစိုးရ ဌာနများနှင့် ပုဂ္ဂလိက ကုမ္ပဏီများက သူ့ ဌာနများတွင် အလုပ် လုပ်ရန် ဌားကြသော်လည်း ကေသီ လက်မခံ။ ၁၉ ခုနှစ်တွင် နေဒါး အကျိုးဆောင် ရှေ့နေ လုပ်ငန်း ဌာနတွင် ဝင်ရောက် ကိုင်သည်။

အောင်မြင်မှုသည် ဒင်နီ၏ ပတ်ဝန်းကျင်တွင် ရောင်ခြည်စက်ဝန်း တစ်ခု ဖြာကျနေသည်။ ဒင်နီသည် ချမ်းသာ၍ နာမည်ကျော်ကြားနေပြီ။ သူ့ဘဝတွ ချီးကျူး သြဘာသံတွေ ပြည့်လျက်။ သူ့အိမ်တွင် ဆု တံဆိပ်တွေ ပြည့်လျ သူ့ အိပ်ရာတွင် မိန်းမချော မိန်းမလှတွေ ပြည့်လျက်။ လူတစ်ယောက် လိုချ တောင့်တသော အရာတွေ သူ့တွင် ပြည့်လျက်။

သို့ရာတွင် သူ့ အိမ်ထောင်ရေးတွင်တော့ သည်လို မဟုတ်။

၁၉၇၃ ခု နွေဦးပေါက် တစ်ညနေတွင် သူ့ မော်တော်ကား ဒရိုင်ဘ သည် လေဆိပ်တွင် သူ့ကို စောင့်ကြိုနေသည်။ ဒင်နီသည် ဘရိုင်ယန်မော သူ့အိမ်သို့ ကားကို အမြန် မောင်းခိုင်းသည်။ အိမ်သို့ ပြေးဝင်လာခဲ့ပြီးနော သူ့ နောက်အောင်မြင်မှု တစ်ခုကို ကြေညာသည်။ လော့စ် အိန်ဂျယ်လီ ဖီလ





နေ့စ် တေးသံစုံ တီးဝိုင်းကြီးက သူ့အား အုပ်ချုပ်ရေးမှူး ခန့်အပ်လိုက်သော ကြောင့် ဖြစ်သည်။ လော့စ် အိန်ဂျယ်လီ တီးဝိုင်းက သူ့ကို မရမက လိုချင် သဖြင့် လက်ရှိ သူ ဦးစီးနေသည့် ဖီလာဒယ်ဖီးယား တီးဝိုင်းတွင်လည်း ဆက်လက်၍ အုပ်ချုပ်ရေးမှူး လုပ်ရန် သဘောတူသည်။

'သိပ်ကောင်းတာပဲနော် ဖေဖေ၊ ဒီလိုဆို သမီးတို့ ကယ်လီဖိုးနီးယားကို ပြောင်းနေရတော့မှာပေါ့'

သမီးငယ် ဆီလဗီက ပြောသည်။

'ဖေဖေတို့ နှင်းတောတွေ ရေခဲပြင်တွေ ကြားထဲမှာ မနေရတော့ဘူး၊ ပေမဲ့ ပြောင်းဖို့ မပြောင်းဖို့ကတော့ မေမေ ဆုံးဖြတ်ပါစေ'

မာရီယာကို သူ လှမ်းကြည့်သည်။ မာရီယာ့ မျက်နှာက မတုန်မလှုပ်။ ဘာမျှ မပြော။

ညစာဝိုင်းတွင် ကလေးတွေ ထသွားပြီး သူတို့ နှစ်ယောက်တည်း ကျန်ရစ် သည်။

'မာရီယာ ဘာဖြစ်လို့လဲ'

'မာရီယာ စကားနည်းနည်း ပြောချင်တယ်'

'ဘာကိစ္စလဲ၊ ကယ်လီဖိုးနီးယားကို ပြောင်းဖို့ မပြောင်းဖို့ ကိစ္စလား'

'မဟုတ်ဘူး၊ ရီနာ ဆိုတဲ့ အမျိုးသမီး ကိစ္စ'

'ဘယ်က ရီနာလဲကွ'

'မသိချင်ယောင် ဆောင်မနေစမ်းပါနဲ့ ရှင်၊ ဆောင်းပါးရှင် ရီနာပေါ့၊ သူ့ ဆောင်းပါးတွေက ဖီလာဒယ်ဖီးယားလို မြို့ကလေးမှ တောင် အုတ်အော် သောင်းတင်း ဖြစ်နေတယ် ရှင့်'

'ပြောစမ်းပါဦး၊ ရီနာ ဆိုတဲ့ မိန်းမ ဘာ ကောလာဟလတွေ အတင်း အဖျင်းတွေများ ရေးပြန်ပြီလဲ'

'အတင်းအဖျင်း မဟုတ်ပါဘူး၊ သတင်းပါ၊ နာမည်ကျော် စန္ဒရား ဆရာ တစ်ယောက်နှင့် ရုပ်ရှင် မင်းသမီး ရေကူးဝတ်စုံ ဝဲ၍တို့ မယ်လီဘူ ကမ်းခြေ စားရုံ အတူ သွားပြီး အိစီကလီကလေးတွေ ပြောတဲ့ အကြောင်းပါ'

'ဒီလို မဟုတ်က ဟုတ်က သတင်းတွေကို မင်း ယုံသလား'

'ကျွန်မ မသေချာတာ တစ်ခုပဲ ရှိတယ်၊ ဒီ သတင်းမှာ ရှင့်ရဲ့ သတင်း ကိုယ်စားလှယ်ဆီက ထွက်သလား၊ သူ့ရဲ့ သတင်း ကိုယ်စားလှယ်ဆီက ထွက်

www.burmeseclassic.com



သလား၊ ဒါပဲ ကျွန်မ မသေချာတာ'

'ကိုယ် ရှင်းပြပါဦးမယ်'

'မရှင်းနှင့် စန္ဒရား ဆရာကြီး၊ ဒီတစ်ခါ ရှင် နားထောင်ရမယ့် အလှည့် ရှင်နှင့် ပေါင်းသင်းလာပြီး ကတည်းက ကျွန်မ ဒါတွေကို သည်းခံခဲ့တ ရှင်က နာမည်ကျော် စန္ဒရား ဆရာကြီး၊ ကျွန်မက ရှင့်ကို မဆွဲဆောင်နိုင်ခဲ့ အလိုဆန္ဒကို မဖြည့်နိုင်ခဲ့ဘူး၊ ဒါကြောင့် သူလည်း ယောကျ်ားပဲလေ၊ ဒီလော တော့ ရှိမှာပေါ့လို့ ကြိတ်မှိတ် သည်းခံခဲ့တယ်၊ ခုတော့ ရှင်က တိတ်တိတ် ကမြင်းရုံတင် မကဘူး၊ သတင်းစာတွေ ဂျာနယ်တွေမှာ ဟိုးလေးတကျော် အောင် လုပ်တယ်၊ ရှင် ယောကျ်ား ပီသကြောင်းကို တိုင်းသိ ပြည်သိ အောင် လုပ်တာပေါ့ ဟုတ်လား'

အတန်ကြာ တိတ်ဆိတ်နေသည်။

'ဒီကိစ္စတွေကို ဘာဖြစ်လို့ ခုမှ လာပြောတာလဲ'

'ခုမှ ပြောတာ မဟုတ်ဘူးရှင့်၊ ပြောမလို့ လုပ်တာ ကြာလှပြီ၊ ခု မနေနိုင်လို့ ပြောတာ'

'ဒီမှာ မာရီယာ၊ တို့ အိမ်ထောင်ရေး သက်တမ်းမှာ ဒါမျိုးတွေ ခဲ့ဖူးပေါင်း များလှပြီ၊ မင်းက ခုမှ ဘာဖြစ်လို့ အဆန်းလုပ် ပြောနေသ ဆိုတာ ငါ နားမလည်နိုင်ဘူး၊ ငါဟာ ငါ့ကိုယ် ငါ သူတော်ကောင်းကြီး ဘယ်တုန်းကမှ မပြောခဲ့ဘူး၊ ဒါပေမဲ့ ငါဟာ ခုထိ လင်ကောင်း တစ်ယော ငါ ဆိုလိုတာက မင်းနှင့် ကလေးတွေကို ငါ ဂရုစိုက်ခဲ့တာချည်းပဲ၊ မဟုတ် လား'

'ဟုတ်ပါတယ်၊ တခြားနည်းတွေနှင့် ဂရုစိုက်ခဲ့ပါတယ်၊ ဒါပေမဲ့ စိ ဓာတ်နှင့်တော့ ရှင် တစ်ခါမှ ဂရုမစိုက်ခဲ့ဘူး၊ ရှင့် သမီးလေးတွေဟာ အ ငတ်နေတယ် ရှင့်၊ အဖေရဲ့ ချစ်ခင် ယုယမှု ငတ်နေတယ်၊ ရှင့် သတင်း လိုက်ရတုန်းက ကလေးတွေ ဘယ်လို ခံစားနေရသလဲ ဆိုတာ ရှင် မြင်စေ တယ်'

နောက်တစ်နေ့တွင် ပြဇာတ် နှစ်ခုတွင် တီးစရာ ရှိသည်။ ထို့ကြေ ဒင်နီသည် မာရီယာကို ကြိုးစား၍ ဖျောင်းဖျသည်။

'လောကကြီးမှာ ကိုယ့် ချစ်တဲ့သူ ဆိုလို့ တစ်ယောက်ပဲ ရှိပါတယ် ဒါကို မာရီယာ ယုံသလား၊ မယုံဘူးလား'

'ယုံပါတယ်၊ အဲဒီ တစ်ယောက်ဟာ ရှင်ပဲ မဟုတ်လား၊ ရှင်



လောကမှာ ရှင့်ကိုယ်ရှင်ပဲ ချစ်တဲ့လူ'

အတန်ကြာ တိတ်ဆိတ်နေသည်။

'ကျွန်မ ဒီအတိုင်း ဆက်ပြီး သည်းမခံနိုင်ဘူး၊ ဒါပဲ'

တိတ်ဆိတ်သွားကြပြန်သည်။

'မင်း ကွာရှင်းခွင့် တောင်းနေတာလား'

မာရီယာ ပို၍ ဒေါသထွက်လာသည်။

'ကျွန်မက စိတ်ဖောက်ပြန်နေတဲ့ မိန်းမ တစ်ယောက် မဟုတ်ဘူးရှင့်၊ ဒီလို အခြေအနေမှာ ဒီလိုပဲ လုပ်ချင်တယ်၊ ဒါပေမဲ့ ခက်တာက ကျွန်မတို့က ခရင်ဂျီ ဘာသာဝင်တွေ၊ ရှင်က မဟုတ်တော့ရင်တောင် ကျွန်မက ခုထိ ခရင်ဂျီ ဘာသာဝင် တစ်ယောက်၊ ဒီလိုလုပ်ရင် ကလေးတွေ စိတ်ဆင်းရဲရမယ်'

'ဒီတော့ မင်း ဘာလုပ်ချင်သလဲ'

'ကျွန်မတို့ တစ်ခန်းစီ ခွဲအိပ်ကြရင် ကောင်းမယ်'

ဒင်နီသည် သူ့ကို တအံ့တသြ ကြည့်နေသည်။

'မင်း တကယ် ပြောနေတာလား၊ ဒီလိုဆိုရင် တို့ လင်မယား နှစ် ယောက် ဖိုမ ဆက်ဆံရေး ကိစ္စ နိဂုံးချုပ်ပြီလား'

'ရှင်နှင့် ကျွန်မ ကြားမှာတော့ နိဂုံးချုပ်ပြီ'

မာရီယာ၏ နောက်ဆုံး ထိုးနှက်ချက်ကြောင့် ဒင်နီ ယိုင်သွားသည်။

'ဘာလဲ၊ ဒီပြင် ယောကျ်ားတွေနှင့်တော့ ရှိချင် ရှိမယ်ပေါ့'

'ကျွန်မ အနေနှင့် မရှိသင့်ဘူးလို့ ရှင် ခိုင်ခိုင်လုံလုံ အကြောင်းပြလေ'

'မင်းဟာ ငါ့ မယား၊ ကလေးတွေ အမေ၊ ငါဟာ မင်း ယောကျ်ား ကလေးတွေ အဖေ' ဟု သူ ပြောလိုက်ချင်သည်။ သို့ရာတွင် ခြေဖြစ် ဒေါသတွေ ရင်ထဲမှာ အလိပ်လိုက် တက်လာသည်။

'မာရီယာ၊ မင်း မလုပ်ရဘူး၊ ကိုယ့်အပေါ်မှာ ဒီလို မလုပ်ရဘူး'

'လုပ်ရမယ် မလုပ်ရဘူး ဆိုတာ ရှင် ဆုံးဖြတ်စရာ မလိုပါဘူး၊ လုပ် သလား မလုပ်သလား ဆိုတာကိုလည်း ရှင် သိစရာ မလိုပါဘူး'

၁၉၇၂ ခုနှစ် နွေဦးပေါက်သို့ အရောက်တွင် ဂျေဆန်သည် ကိုက်ပွဲပေါင်း များ စွာကို တိုက်ခဲ့ပြီးပြီ။ ဆိုင်ရာတို့က သူ့ကို ခွင့်ပေးလိုက်သဖြင့် ဂျေဆန်သည်

www.burmeseclassic.com

www.burmeseclassic.com



စုပေါင်း လယ်ယာ ရွာကလေးသို့ ပြန်လာခဲ့သည်။ ငါးနှစ်အရွယ် သားကြီး ဂျိုရှုဝါနှင့် သုံးနှစ်သား ဘင်တို့နှင့် ရင်းရင်းနှီးနှီး ပြန်နေရသည်။

မိသားစုနှင့် နေရသဖြင့် သူ ပျော်သည်။ ကားရုံထဲ ဝင်၍ ကားပြင်သည်ကပင် ပျော်စရာ ကောင်းနေသည်။

'ဖေဖေ မော်တော်ကား ဘာဖြစ်လို့လဲ၊ ပျက်သွားလို့လား'

ဂျေဆန်က လှန်ထားသော ကားစက်ခေါင်းဖုံး အောက်မှ ခေါင်းပြူထွက်သည်။

'မပျက်ပါဘူးကွာ၊ ကောင်းပါတယ်၊ ဒါပေမဲ့ ဖေဖေတို့ အမေရိကမှာ ပြောသလို ပြောရင်တော့ ကားကို စွပ်ပြုတ် တိုက်နေတာ'

'ဖေဖေကလည်း ဘာတွေ ပြောနေတာလဲ၊ ကားကို ဘယ်လိုလုပ်ပြီး စွပ်ပြုတ်တိုက်မှာလဲ'

'တို့ဆီမှာ ကားကို မြန်မြန်ပြေးအောင် ဟိုနား ဒီနား ပြင်ပေးတာကို စွပ်ပြုတ်တိုက်တာလို့ ခေါ်တယ်ကွ၊ မှတ်ထား၊ လာ သားကြီး ရော့ ကြည့်လှည့်'

ဂျေဆန်က သားကြီးကို မြှောက်ပြီး အဖုံး ဖွင့်ထားသည့် မော်တော်ကား စက်ခေါင်းကို ပြသည်။

'အဲဒီရှေ့က ဟာကြီးကို ကာဗရိုက်တာလို့ ခေါ်တယ်၊ လေမှုတ်ပေးတာ'

နောက် သုံးရက်လုံးလုံး ဂျေဆန်သည် ညနေစောင်းလျှင် သားကြီးကို ခေါ်ပြီး မော်တော်ကား အင်ဂျင် အလုပ် လုပ်ပုံကို ရှင်းပြသည်။

ဂျေဆန်သည် အိမ်တွင် ရှိစဉ် သားနှစ်ယောက်ကို အစစ အရာရာ သွန်သင်သည်။

သားငယ် ဘင်ကိုလည်း ရေကူး သင်ပေးသည်။ ရိပ်သာရှိ ရေကူးကန်ထဲသို့ သားငယ်ကို ချပေးပြီး သင်သည်။

'ခြေကို အမြဲခတ်နေ၊ အေး ဟုတ်ပြီ၊ အမယ် ငါ့သားကြီးက တော်တော်ခတောင် ကူးတတ်နေပြီပဲ၊ မကြာခင် တကယ့် ငါးကလေး ဖြစ်တော့မှာ'

'သားက ငါးကလေး မဟုတ်ပါဘူး ဖေဖေရဲ့၊ ကောင်ကလေးပါ'

အီဗာသည် သူတို့နှင့် မလှမ်းမကမ်း သစ်ပင်ရိပ် အောက်တွင် ထိုင်ရင်း သားအဖတွေ ဆော့ကစား နေပုံကို ကြည့်၍ ကြည်နူးနေသည်။ ထိုမျှ ပျော်စရာ ကောင်းသည့် နေ့ရက်များသည် ဘယ်တော့မှ မဆုံးပါစေနှင့်ဟုပင် ဆု



တောင်းမိသည်။

တစ်ခါတစ်ရံတွင်လည်း အီဗာသည် သူတို့ နှစ်ယောက်စာ အတွက် လယ်သမားတွေ စားလေ့ရှိသော ဟောဟင်း ထောထမင်းကို ချက်ပြီး ဝိုင်းဖွဲ့ အရက်နီဖြင့် မြည်းကြသည်။ အိမ်ထောင်ကျပြီး သားသမီးတွေ ရလာသည့် အခါတွင် အီဗာသည် အများကြီး ပြောင်းသွားသည်။ သူ့ တစ်သက်တွင် ထိုမျှ လောက် တစ်ခါမျှ ကြည်နူး ဝမ်းသာသည့် အရမ်းကို မတွေ့ခဲ့သေး။

နှုလိုင်လထဲတွင် ကမ္ဘာကျော် ရေဝတီ တေယောဆရာကြီး အိုင်းဇက်စတန်း သူတို့ စုပေါင်း ရွာကလေးသို့ ရောက်လာကာ ရွာလယ် ဘုံရိပ်သာ ထမင်းစားခန်းတွင် ပဒေသာကပွဲ တင်ဆက်ပြီး ခေတ်ပြိုင် အများအပြားကို လှူခဲ့သည်။

အီဗာက ထို ဓာတ်ပြားများကို ငှားလာကာ သူတို့တွင် ရှိသည့် ဓာတ်စက်ဖြင့် ဖွင့်ကြည့်သည်။ ထိုအထဲတွင် ဒင်နီ ခေါင်းဆောင်သည့် ဗီတာခယ် ပီးယား၏ တေးသံစုံ တီးဝိုင်းကြီးက မင်ဒဲယ်လွန်၏ တေယော ကွန်ချာတို တစ်ပုဒ် တီးထားသည့် ဓာတ်ပြားလည်း ပါသည်ကို ဂျေဆန် သတိပြုလိုက်မိ၏။

ဒင်နီ၏ လက်သံကို ကြားရသည့် အခါတွင် လွမ်းမောခဲ့ရသော တက္ကသိုလ် နေ့ရက်များကို ဂျေဆန် သတိရသည်။

အီဗာက ငေးငိုင်နေသော သူ့အနားသို့ ရောက်လာကာ သူ့ လက်ကို ညင်သာစွာ လှမ်းဆုပ်သည်။

'အစ်ကို အိမ်ကို လွမ်းနေသလား ဟင်'

'ခု မလွမ်းသေးပါဘူးကွယ်၊ ငြိမ်းချမ်းရေး ရမှပါ၊ ငြိမ်းချမ်းရေး ရရင် အစ်ကိုတို့ မိသားစု ဟားဗတ်ကို တစ်ခေါက်လောက် သွားလည်ရမယ်'

'ပြီးတော့ ဒဗ္ဗနေး တိုင်းပြည်ကိုလည်း လိုက်ပို့ရမယ်နော်'

'အေးပေါ့၊ ယဉ်ကျေးမှုနှင့် ပတ်သက်လို့ အရေးကြီးတဲ့ နေရာ အားလုံးကို လိုက်ပို့မှာပေါ့၊ ဒါပေမဲ့ ငြိမ်းချမ်းရေး ရမှ ဖြစ်မှာပါကွယ်'

အစ္စရေး နိုင်ငံက တိုက်နေရသည့် စစ်ပွဲများကို ဂျေဆန် ပြန်၍ သတိရသွားသည်။

'အဲဒီအခါကျရင် အီဗာတို့က အဘိုးကြီး အဘွားကြီး ဖြစ်သွားလို့ ခရီး သွားနိုင်ပါဦးမလား မသိဘူး'

'အီဗာက တယ်ပြီး အဆိုးမြင်တတ်တာကိုး'

'အဆိုးမြင်တာ မဟုတ်ပါဘူး အစ်ကိုရယ်၊ အမှန် မြင်တာပါ၊

www.burmeseclassic.com

www.burmeseclassic.com



ကြောင့်မို့ အီဗာတို့ ခရီးသွားရမယ့် ရက်ကို ယာယီဖြစ်ဖြစ် အသတ်မှတ် ခိုင်း နေတာပေါ့'

'ဟုတ်ပြီ၊ ဒီလိုဆိုရင် အစ်ကိုက အစ်ကိုတို့နှစ်က အတန်းထဲမှာ ခေါင်း ဆောင်၊ ဒီတော့ အစ်ကိုတို့ ဘွဲ့ရ နှစ်ဆယ့် ငါးနှစ်မြောက် ငွေရတုသဘင် တွေ့ဆုံပွဲကို သွားမယ်'

'နောက် ဘယ်နှစ်နှစ် လိုသေးသလဲ'

'မလိုတော့ပါဘူး၊ ဆယ့်တစ်နှစ်ပဲ လိုပါတော့တယ်'

'ကောင်းတယ်'

အီဗာက ပြုံးသည်။ အီဗာက အတည် ပြောနေခြင်း ဖြစ်သဖြင့် ဂျေဆန် အံ့သြသွားသည်။

'ဒီလောက် စောင့်နိုင်တယ် မဟုတ်လား'

'စောင့်နိုင်ပါတယ်၊ ကောင်းတာပေါ့၊ နောက် ဆယ့်တစ်နှစ် ဆိုရင် သားကြီး စစ်ထဲ မဝင်မီ တစ်နှစ် အလိုပေါ့၊ အတော်ပဲ'

'ဩော် အီဗာက အစ်ကို့ထက်တောင် ကြိုတွေးထားတာကိုး'

အီဗာက ခေါင်းညိတ်ပြသည်။

'တွေးရမယ် အစ်ကိုရဲ့၊ အစ္စရေး မိခင်တိုင်းဟာ ကိုယ့်သားတွေ မွေး တဲ့ရက်ကို ကောင်းကောင်း မှတ်မိတယ်၊ သားငယ် ဆိုရင် တပ်ထဲဝင်ပြီး စစ်မှု ထမ်းဖို့ နောက် ဆယ့်လေးနှစ် စောင့်ရဦးမယ်'

သူတို့ နှစ်ယောက် တိတ်ဆိတ်နေကြသည်။ သူတို့ သားငယ်များသည် တစ်နေ့တွင် စစ်မှုထမ်းကာ စစ်ပွဲများကို ဆက်တိုက် နေရဦးမည်ကို တွေး၍ ရင်လေးနေကြသည်။

ဂျေဆန်က ထိုင်ရာမှထကာ အီဗာ့ လက်ကို ဆွဲကိုင်၍ ထူလိုက်သည်။

'အစ်ကို တပ်ကို မပြန်ခင် စကားတစ်ခွန်းတော့ ပြောခဲ့ချင်တယ်၊ ဒီ စကားကို အီဗာ အမြဲ သတိရနေစေချင်တယ်လေ၊ ကိုယ်တို့ ကလေးတွေကို ရိုင်ဖယ် သေနတ်တွေနှင့် မကစားစေချင်ဘူး၊ တင်းနစ် ရိုက်တံတွေနှင့် ကစား တာကို မြင်ချင်လို့'

'အီဗာကလည်း ကိုယ့် ယောကျ်ားကို တင်းနစ် ရိုက်တံနှင့် ကစားနေ တာကိုပဲ မြင်ချင်တာပေါ့ အစ်ကိုရယ်'

ဆိုင်ရာတို့က သူ့ကို သတ်မှတ်ပေးခြင်း မရှိသည့် အတွက် ဂျေဆန်သည် တပ်





ခု ခြောက်လလောက် အနားယူပြီး အိမ်တွင် နေမည်ဟု စိတ်ကူးခဲ့သည်။ သို့ရာတွင် ထို အပျော်ဆုံးနေ့များသည် ဘာမျှ မကြာလိုက်။ ရက်ကိုးဆယ်သာ ကြာလိုက်သည်။

၁၉၇၂ ခု စက်တင်ဘာလ ၅ ရက်နေ့တွင် 'အနက်ရောင် စက်တင်ဘာ' ဟု အမည်ပေးထားသည့် အကြမ်းဖက်သမား ရှစ်ယောက်တို့သည် မြူးနစ်မြို့ ရှိ အိုလံပစ် ရွာကလေးကို ဝင်ရောက် စီးနင်းကာ အစ္စရေး အားကစားသမား နှစ်ယောက်ကို ပစ်သတ်ခဲ့ပြီး ဆယ့်နှစ်ယောက်ကို ဖမ်းဆီးသွားခဲ့သည်။

ရေဒီယိုမှ ထိုသတင်းကို ကြေညာသွားသည်နှင့် ဂျေဆန်သည် တပ်သို့ ပြန်ပြေးလာခဲ့သည်။ ထိုပြဿနာသည် သူတို့အဖို့ အရေးကြီးသည့် ပြဿနာ ဖြစ်သည်။ သည်လို အချိန်မျိုးတွင် သူတို့ လေထီးတပ်သားများကို လိုသည်။

အသေခံ တပ်များသည် မိမိတို့ အားကစားသမားများကို ကယ်တင်ရန် အသင့် ဖြစ်နေကြပြီ။ သို့ရာတွင် ကာကွယ်ရေး ဝန်ကြီး မိုရှေဒါယန်း၏ ထို အစီအစဉ်ကို အစိုးရ အဖွဲ့က ပယ်ချလိုက်သည်။ ဂျာမန် အစိုးရသည် နိုင်နင်း စွာ ကိုင်တွယ်နိုင်လိမ့်မည်ဟု အစိုးရ အဖွဲ့က မျှော်လင့်သည်။

သို့ရာတွင် ဂျာမန်တို့၏ ကြိုးပမ်းမှုများ အောင်မြင်ခြင်း မရှိဘဲ အစ္စရေး အားကစားသမားများ အားလုံး အသတ်ခံလိုက်ရသည့် အခါတွင် အစ္စရေး ကွန်မင်ဒိုများသည် အကြီးအကျယ် စိတ်ပျက်ကာ ဒေါသအမျက် ချောင်းချောင်း ထွက်နေကြသည်။

'တို့ အားကစားသမားတွေကို ဘယ်သူတွေ သတ်သလဲ ဆိုတာ ဘို့ ရအောင် စုံစမ်းမယ်၊ စုံစမ်းလို့ သိရရင် တို့ အားကစားသမားတွေ အတွက် လက်စားချေမယ်' ဟု ကွန်မန်ဒို တပ်မှူးချုပ်က ပြောသည်။

ဂျေဆန်ကမူ လက်ယားနေလေပြီ။

အစ္စရေး ထောက်လှမ်းရေး အဖွဲ့သည် မြူးနစ် လူသတ်ပွဲကို ကျူးလွန်သွားသူ များအား ကြာကြာ မစုံစမ်းလိုက်ရ။ ထို အစီအစဉ်ကို ရေးဆွဲပေးလိုက်သူမှာ အယ်ဖာတာ အဖွဲ့၏ ထောက်လှမ်းရေး အကြီးအကဲနှင့် ယာဆာ အာရဖတ်၏ လက်ထောက် တစ်ဦး ဖြစ်သူ အာဘူ ယူစွတ် ဖြစ်ကြောင်း သိလာခဲ့ရသည်။ အစ္စရေး ထောက်လှမ်းရေး အဖွဲ့သည် ဘေရွတ်တွင် အခြေစိုက်သည့် အာဘူ ယူစွတ်၏ ရုံးခန်းကိုပင် ရှာတွေ့ပြီးပြီ။

ကွန်မင်ဒို တပ်ဖွဲ့များသည် အစီအစဉ်များကို ရေးဆွဲကြသည်။ မိမိတို့



www.burmeseclassic.com

www.burmeseclassic.com



တပ်များသည် လေဘာနွန်နိုင်ငံ မြို့တော် ဘေရွတ် မြို့ထဲသို့ တိတ်တဆိတ် ခိုးဝင်ကာ ရေဝတီတို့ကို သတ်ဖြတ်ခဲ့သည့် အကြမ်းဖက်သမားများကို လက်စားချေရန် ဖြစ်သည်။

ဧပြီလ ၁၀ ရက်နေ့ ညတွင် မြေထဲ ပင်လယ်ကို ဖြတ်ကာ ဘေရွတ်မြို့ အနီး ကမ်းခြေတွင် ကျောက်ချ ရပ်နားလိုက်သည့် အစ္စရေး ကင်းစောင့်သင်္ဘော တစ်စင်းပေါ်တွင် လိုက်ပါသွားသော ကွန်မင်ဒို ဒါဇင်ပေါင်းများစွာထဲတွင် ဂျေဆန်လည်း ပါသွားသည်။ သူတို့ အားလုံးမှာ အရှေ့ အလယ်ပိုင်း၏ 'ရီဗီယားရား' ဟု ခေါ်ကြသော ဘေရွတ်မြို့၏ ညခင်းကို လှည့်လည်ကြည့်ပြီး ပြန်လာကြသည့် ကမ္ဘာလှည့် ခရီးသည်များ သဏ္ဌာန် ဝတ်ဆင်ထားကြသည်။

အစ္စရေး ကွန်မင်ဒိုများသည် ရော်ဘာလှေများပေါ်သို့ တက်ကာ အစ္စရေး ထောက်လှမ်းရေး အဖွဲ့က ကြိုတင် ငှားထားသည့် ကားများရှိရာ မှောင်မည်းနေသည့် ညကလပ် တစ်ခုဆီသို့ တိတ်ဆိတ်စွာ လှော်ခတ်လာခဲ့ကြသည်။ ထို့နောက် သူတို့ တာဝန်ကျရာ နေရာ အသီးသီးသို့ အစုခွဲ၍ ထွက်ခွာလာခဲ့ကြသည်။

ဂျေဆန်သည် ခါလစ် ဘင် အယ် ဝါလစ် ဟိုတယ်သို့ ထွက်လာသည့် ကားတစ်စီးပေါ်တွင် လိုက်လာခဲ့သည်။ ထိုနေရာမှာ ယာဆာ အာရဖတ် ဌာနချုပ် လုပ်ထားသည့် ဟိုတယ် ဖြစ်ကြောင်း ဓာတ်ပုံထဲတွင် ညွှန်းထားသည်။ မော်တော်ကားသည် ဟိုတယ် အနီးတွင် ထိုးရပ်လိုက်သည်။

သူတို့ ငါးယောက်သည် ကားပေါ်မှ ဆင်းကာ ဟိုတယ်ထဲသို့ ဝင်လာခဲ့ကြသည်။ ရုံးခန်းမှာ တတိယ အထပ်တွင် ရှိပြီး လက်နက်ကိုင် အစောင့် နှစ်ယောက် ချထားသည်။ ဂျေဆန်နှင့် သူ့ ရဲဘော် ကွန်မင်ဒို အုရီတို့က ထို အစောင့် နှစ်ယောက်ကို အသံ မထွက်အောင် စီရင်ပြီး အထဲသို့ ဝင်ရန် ဖြစ်သည်။

သို့ရာတွင် သူတို့ လက်ဦးမှု မရလိုက်။ အစောင့် တစ်ယောက်က သူတို့ကို စတင် ပစ်ခတ်သည်။ ကွန်မင်ဒိုများ အခန်းဝသို့ ရောက်သည့် အခါတွင် အာဘူ ယူစွတ်မှာ အခိုင်အမာ ကာကွယ်ထားသည့် သူ့ အိပ်ခန်းထဲတွင် ရောက်နေလေပြီ။

ဂျေဆန်နှင့် သူ့ ရဲဘော်များသည် ပိတ်ထားသော အာဘူ ယူစွတ်၏ အခန်းတံခါးကို စက်သေနတ်များဖြင့် တရစပ် ပစ်ကြသည်။ အထဲသို့ သူတို့ ရောက်သွားသည့် အခါတွင် အာဘူ ယူစွတ်မှာ သူတို့ လက်ချက်ကြောင့် ကျ





ဆုံးသွားပြီး သူ့ဇနီးမှာလည်း ဒဏ်ရာ ပြင်းစွာ ရနေသည်ကို တွေ့ရသည်။

ဂျေဆန်က အခြေအနေကို သေချာစွာ ကြည့်ရှုမည် ပြုစဉ် အုရီက 'ရဲတွေ လာကုန်ပြီ၊ ရဲကားတွေ လာကုန်ပြီ' ဟု အော်သည်။

'လာပြီ၊ လာပြီ' ဟု ဆိုကာ အာဘူ ယူစွတ်၏ အံဆွဲကို မွှေနှောက်ပြီး ရသမျှ စာရွက်စာတမ်းများကို သယ်လာခဲ့သည်။

ဟိုတယ် အောက်သို့ ရောက်သည့် အခါတွင် ဝိုင်းလာသည့် ရဲများဆီသို့ ရှဲသွားစေရန် လက်ပစ်ဗုံး တစ်လုံးကို ဖောက်ခွဲပစ်လိုက်ပြီး ကားပေါ်သို့ ခုန်တက်ကာ ပင်လယ် ဆိပ်ကမ်းဆီသို့ အတင်း မောင်းလာခဲ့ကြသည်။

အခြား အဖွဲ့များမှာ ပြန်ရောက်နေကြပြီ။ ဂျေဆန်တို့ အစု ပြန်လာသည်ကို မြင်သည့် အခါတွင် လက်ပြ နှုတ်ဆက်ကာ ရော်ဘာလှေများပေါ်သို့ ခုန်ချကြသည်။ ဂျေဆန်တို့ အဖွဲ့လည်း လှေပေါ်သို့ ခုန်ဆင်းကာ ပင်လယ် ဘက်သို့ အပြင်း လှော်လာခဲ့ကြသည်။

နာရီ အနည်းငယ်ကြာသည့် အခါ၌ကား သူတို့အဖွဲ့သားများ အားလုံးသည် အစ္စရေး နိုင်ငံတွင်းရှိ ကွန်မင်ဒို ဌာနချုပ်သို့ ပြန်ရောက်လာနေကြလေပြီ။

အဖွဲ့သားများက သူတို့ အတွေ့အကြုံများကို အသီးသီး ပြန်ပြောပြကြသည်။ သို့ရာတွင် ဂျေဆန်၏ အောင်ပွဲမှာ အရေးအကြီးဆုံး ဖြစ်သည်။

'ကဲ ရဲဘော်၊ ခင်ဗျား တိုက်ပွဲ အကြောင်းကို ပြောပြပါဦး'

ဂျေဆန်က တစ်လုံးချင်း ဖြည်းညင်းစွာ ပြောပြ၏။

'မြူးနစ်မှာ ကျွန်တော်တို့ အားကစားသမားတွေကို သတ်ခဲ့တဲ့ လူကိုတော့ သတ်ခဲ့ရပြီ'

ဂျေဆန်၏ အသံမှာ အားရပါးရ ရှိသည်။

'ချီးကျူးပါတယ်'

'ဒါပေမဲ့ အပြစ်မရှိတဲ့ လူတချို့ကိုလည်း သတ်ခဲ့ရတယ်ဗျာ'

ဂျေဆန်သည် တိတ်ဆိတ်သွား၏။

'ဒီမှာ ရဲဘော်၊ ကိုယ်တို့ဟာ စစ်တိုက်နေတာ၊ လေတပ်က သွားပြီး စစ်စခန်းမှတ်တွေကို ဗုံးကြဲ တိုက်ခိုက်ရင် တိုက်ရိုက် ထိတယ်ပဲ ထား၊ မဆိုင်တဲ့ အရပ်သားတွေတော့ ခံရသေးတာပဲ၊ ဒါတော့ မတတ်နိုင်ဘူး'

'ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ လေတပ်က ပေ ထောင်ပေါင်းများစွာ အမြင့်ကနေ တိုက်ခိုက်တာ ဆိုတော့ မျက်နှာတွေကို မြင်ရတာ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ခင်ဗျ'

တပ်မှူးက သူ့ကို ပခုံး သိုင်းဖက်လိုက်ကာ

'ဒီမှာ ရဲဘော်၊ ကိုယ်ပြောတာ နားထောင်စမ်း၊ မင်းဟာ နိုင်ငံတော် ကာကွယ်နေတဲ့ တပ်သား တစ်ယောက်၊ ဒီကောင်တွေဟာ တို့လူမျိုး ထော ဆေါင်းများစွာကို သတ်ခဲ့ပြီးပြီ၊ နောက်ထပ်လည်း သတ်ကြဦးမှာပဲ၊ ဒီကော မင်းဟာ တို့လူမျိုးတွေရဲ့ အသက် ရာပေါင်းများစွာကို ကယ်တင်တာနှင့် အ တူပဲ၊ အသက် ရာပေါင်းများစွာတောင် မကဘူး၊ ထောင်ပေါင်းများစွာတော ဖြစ်ချင် ဖြစ်ဦးမယ်၊ ဂုဏ်ယူစမ်းပါကွာ'

ဂျေဆန်သည် ခေါင်းကို ယမ်း၍ ထွက်လာခဲ့ပြီး မော်တော်ကားဆီ လျှောက်လာခဲ့ကာ ဘုံရိပ်သာရွာဆီသို့ မောင်းလာခဲ့သည်။

သူ ရောက်သွားသည့် အခါတွင် မနက် အစောကြီး ရှိသေးသည ကလေးများက ကျောင်းသို့ သွားနေကြသည်။ သားနှစ်ယောက်က သူ့ကို မြ သဖြင့် ပြေးလာကြသည်။

သူသည် သားနှစ်ယောက်ကို မြှောက်ချီ နမ်းရှုပ်ရင်း တွေးနေသည

အဖေ လူသတ်ကွင်းကို သွားနေရတာဟာ မင်းတို့ နှစ်ယောက်ကြော သွားနေရတာ။ မင်းတို့ နှစ်ယောက်ကို ကာကွယ်ဖို့ သွားနေရတာ။ သား ကြီးလာရင် ကမ္ဘာကြီးဟာ အသိဉာဏ် ရှိလာကောင်းပါရဲ့လို့ အောက်မေ့ တာပဲ။

နှစ်ပတ်ကြာသည့် အခါတွင် တပ်မှူးက ဂျေဆန်အား ရုံးခန်းသို့ ခေါ်သည် တပ်မှူး မျက်နှာ တစ်ခုလုံး အပြုံးတွေ ဝေလျက်။

'ငါ့မှာ စီမံကိန်း တစ်ခု ရှိတယ်၊ မင်းတော့ သဘောကျမယ် ထင်တ ပဲ'

'ကျမယ် မထင်ဘူး တပ်မှူး'

ဂျေဆန်က နောက်သည်။

'ဟော့ကောင်၊ တကယ် ပြောတာကွ၊ မင်းက ဟားဗတ်က ထွက်လာ ကောင် ဆိုတော့ မင်း သဘောကျမှာ၊ ကိစ္စက အမေရိကကို သွားရမယ်၊ အစိုးရက အစ္စရေး နိုင်ငံရဲ့ သိက္ခာကျနေတာနှင့် ပတ်သက်လို့ စိုးရိမ်မကော ဖြစ်နေတယ်၊ အထူးသဖြင့် လူငယ်တွေထဲမှာ ဆိုပါတော့၊ အမေရိက တက္ကသိုလ်တွေမှာ ရှိနေတဲ့ ရေဝတီ ကျောင်းသား လူငယ်တွေ ကြားထဲ





အစ္စရေး နိုင်ငံနှင့် ပတ်သက်လို့ အထင်သေး အမြင်သေး ဖြစ်နေတာတွေ ရှိ တယ်၊ ဒီတော့ တက္ကသိုလ် နယ်မြေတွေကို လှည့်ပြီး ဟောနိုင် ပြောနိုင်မယ့် လူမျိုး လိုနေတယ်'

'ကျွန်တော်က စကားမှ မပြောတတ်တာပဲ တပ်မှူး'

'ဒါပေမဲ့ မင့်မှာ အလွန် နားထောင်လို့ ကောင်းတဲ့ အမေရိကန် အသံ ထွက် ကျန်နေသေးတယ်လေ၊ ဒီလောက်ဆိုရင် လုံလောက်ပြီ၊ ပြီးတော့ မင်း နှင့် ငါနှင့် စတွေ့ ကတည်းက ငါ သတိထားမိတယ်၊ မင်းက ချစ်စရာ ကောင်း အောင်လည်း နေပြတတ်တယ်'

'နေပြတတ်တယ်လို့ ပြောတာ မှန်တယ် တပ်မှူး၊ တိကျတယ်'

'အေးလေ ဘယ်လိုပဲဖြစ်ဖြစ် မင်း သွားမယ် ဆိုရင် ဂျူရုဆလင်ကို သွားပြီး နိုင်ငံခြားရေးရုံးက မင်းကို မှာစရာရှိတာ မှာလိမ့်မယ်၊ ဒီတော့ ဂျူရု ဆလင်ကို သွားရင် အီဗာကိုပါ ခေါ်သွားနိုင်တယ်၊ အားလပ်ရက် လျှောက်လည် တဲ့ သဘောပေါ့ကွာ၊ ဟိုရောက်ရင် အရင်တုန်းကလို မင်းမှာ ချစ်စရာ ကောင်း တဲ့ အမူအရာလေးတွေ ပြန်ပေါ်ချင် ပေါ်မှာပါ'

ဂျူရုဆလင် လမ်းမများပေါ်တွင် နှစ်ယောက်သား လျှောက်လည်ကြသည်။ ဂျေဆန် အစ္စရေးသို့ ရောက်လာစဉ်က သူတို့ နှစ်ယောက် ဂျူရုဆလင်မြို့ တစ်ဝက်ကိုသာ လည်ခဲ့ခြင်း ဖြစ်ကြောင်းဖြင့် အီဗာက ပြောသည်။

ဇလကုန်ခါနီးတွင် ဂျေဆန်သည် နယူးယော့သို့ ရောက်လာခဲ့သည်။ ဆယ် နှစ် အတွင်း အမေရိကန် မြေပေါ်သို့ ပထမဆုံး အကြိမ် ပြန်၍ ခြေချမိခြင်း ဖြစ်သည်။ ဇာတိသို့ ပြန်ရောက်ပြီ။ သူ လွမ်းခဲ့သော နေရာများကို ပြန်တွေ့ ပြီ။ သူ့ မိဘများ၏ နေရပ်သို့လည်း ပြန်ရောက်ပြီ။ မိဘများနှင့် သူသည် တယ်လီဖုန်း ပြောခ ဆယ်ဆင့်စာလောက်သာ ဝေးတော့သည်။

အီဗာနှင့် မခွဲခွာမီတုန်းက သူ့ မိဘများနှင့် ပတ်သက်၍ ဘာလုပ်ရ မည်ကို စဉ်းစားခဲ့ကြသည်။ သို့ရာတွင် အဖြေ မရခဲ့။ အီဗာကမူ မိဘများကို သွားတွေ့သင့်သည်ဟု ပြောသည်။

အီဗာက ပြောရသည်မှာ လွယ်ပါ၏။ သူ့အဖို့မူ ထိုကိစ္စသည် အလုပ်ရ ှုပ်နေသည်။ သူ လုပ်ပုံကြောင့် သူ့ မိဘများ စိတ်ထိခိုက်ခဲ့ရသည်ကို သူ သိသည်။ သူ့ လုပ်ရပ်သည် မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ မိဘများ

www.burmeseclassic.com

www.burmeseclassic.com



အပေါ်တွင် သူ မှားခဲ့သည်ဟု သူ ထင်နေသည်။

'အစ်ကို့ မိဘတွေနှင့် အစ်ကို ငြိမ်းချမ်းရေး မလုပ်နိုင်ရင် အစ်ကို့ စိ… လည်း ဘယ်တော့မှ ငြိမ်းချမ်းမှာ မဟုတ်ဘူး၊ ဒီတော့ အစ်ကို တစ်ခုခု… လုပ်ရမှာပဲ၊ ဒီလိုမှ မလုပ်ရင် အစ်ကိုလည်း ဘယ်နည်းနှင့်မှ ရင့်ကျက်လာ… မဟုတ်ဘူး'

'ဒါပေမဲ့ ကိုယ်က အသက် လေးဆယ် ရှိပြီကွ'

'ဒီလို ဆိုရင်လည်း အစ်ကို လူကြီး ဖြစ်အောင် လုပ်ရဦးမယ်'

အီဗာ ပြောလိုက်သည့် စကားများကို သူ ကြားယောင်နေသည်။

ဂျေဆန်သည် ဟိုတယ် အခန်းထဲတွင် ထိုင်ရင်း တယ်လီဖုန်း… ကောက်ကိုင်ရန် ဝန်လေးနေသည်။ ဂျေဆန်သည် နွေရာသီ ဝတ်စုံကို ကော… ဝတ်ကာ အပြင်သို့ လမ်းလျှောက် ထွက်လာခဲ့၏။ အစ္စရေးတွင် မတွေ့ဖူးသ… ဖိမ်ခံ ပစ္စည်းများကို လျှောက်ကြည့်ဖို့ ပဉ္စမရိပ်သာ လမ်းမကြီးဘက်သို့ ထွ… ရန် စိတ်ကူးလာခဲ့သည်။ သို့ရာတွင် ၄၄ လမ်း ထောင့်သို့ ရောက်သည့် အခ… တွင် ဟားဗတ် တက္ကသိုလ် ကျောင်းသားများ၏ ကလပ်သို့ ရောက်သွားသည်…

ကလပ်ဝင်ကြေးများကို မပေးသည်မှာ ကြာလှပြီ။ သို့ရာတွင် အပေ… ထပ်ခန်းတွင် ရှိသည့် အင်ဒရူး အဲလီယော့နှင့် တွေ့မည်ဟု အကြောင်းပြ… အပေါ်ထပ်သို့ တက်လာခဲ့သည်။

ငါးထပ်သို့ ဓာတ်လှေကားဖြင့် တက်လာခဲ့သည်။ ညနေ ဘော… ပျော့ ရိုက်သည့် အချိန်ဇယားကို လှမ်းကြည့်၏။ သူထင်သည့် အတိုင်းပ… ညနေ ငါးနာရီတွင် ဘောလုံးပျော့ ရိုက်ကွင်း တစ်ကွင်းကို အင်ဒရူး အဲလီ… ယော့ ယူထားသည်ကို တွေ့ရသည်။

သူသည် နာရီကို ငုံ့ကြည့်လိုက်၏။ နောက်ထပ် မိနစ် နှစ်ဆယ်သ… စောင့်ရတော့မည်။

အင်ဒရူးသည် သူ့ မျက်လုံးများကို မယုံနိုင်။ ဝမ်းအသာကြီး သာနေသည်…

'ဟော့ ဂျေဆန်၊ မင်း ဘာမှ မပြောင်းပါလား၊ တို့တစ်တွေမှာ… ခေါင်းတွေ ပြောင်နေပြီး ဗိုက်တွေ ရွဲကုန်ပြီ၊ မင်းကတော့ ကျောင်းရော… ကျောင်းသားသစ်ကလေး အတိုင်းပဲ ရှိသေးတယ်၊ ပြောစမ်းပါဦး၊ ဘာ… တွေများ စားလို့လဲ'

'စစ်တပ်ထဲမှာ ဆယ်နှစ် အမှုထမ်းလို့ကွ'





'အမယ်လေး၊ ဒီလိုဆို တော်ပါပြီ မောင်ရာ၊ ဗိုက်ရွဲချင် ရွဲပါစေတော့ …အေးနေပါရစေ၊ ဘောလုံးပျော့ ဝင်ရိုက်ဦးမလား၊ ကိုယ့်ကွင်းမှာ ဝင်ရိုက် …ား၊ ကိုယ်နှင့် ရိုက်မယ့်လူက ခပ်ဝဝ စတော့ အရောင်းအဝယ် ပွဲစား တစ် …ာက်'

'ရိုက်ချင်တယ်၊ အဝတ်အစား ရှိလား'

'ချွေး သိပ်မထွက်ပါဘူး၊ ဒါနှင့် ရိုက်လို့ ရပါတယ်၊ ရိုက်ပြီးရင် ညစာ … ဘာလေး စားရအောင်'

'မောင်ရင့် မိန်းမက အိမ်မှာ မျှော်နေမှာပေါ့'

'မမျှော်ပါဘူး၊ ထားပါလေ၊ ဒါက ဖြည်းဖြည်းတော့ ပြောတာပေါ့'

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဇွန် ၂၊ ၁၉၇၃။

ဒီနေ့ ဂျေဆန်ကို တွေ့ရလို့ တော်တော် ဝမ်းသာရသေးတယ်။ မတွေ့ရ တာ ကြာလှပြီပဲ။ ဒါပေမဲ့ နည်းနည်းတော့ စိတ်မာတ်ကျနေပုံရတယ်။

ဒါပေမဲ့ ရုပ်ကတော့ နည်းနည်းလေးမှ မကျဘူး။ အရင်တုန်း ကလိုပဲ။ သူ့ကို ကြည့်ရတာ အသက် နှစ်ဆယ်ကျော် အားကစားသမား ကလေး တစ်ယောက်လိုပဲ။ သူနှင့် ယှဉ်လိုက်တော့ ကိုယ်ဟာ ခပ်ဖိုင့်ဖိုင့် ခပ်အစ်အစ် လူလတ်ပိုင်း တစ်ယောက် ဖြစ်နေတယ်။ ကိုယ်ကတော့ အရင်တုန်းကလည်း ဒီအတိုင်းပါပဲလေ။

ဒါပေမဲ့ သူ့ကို ကြည့်ရတာ တစ်မျိုး ဖြစ်နေတယ်။ ဘယ်လို နာမဝိသေသနမျိုးကို တပ်ရမလဲ မသိဘူး။ ဘာပြောရမလဲ၊ တည်တည်ကြည် လေးနက်နေတယ်လို့ ဆိုရမလား။ အိမ်ထောင်ရေးလည်း အဆင်ပြေ တယ်။ သားသမီးတွေကိုလည်း ချစ်တယ်။ ဒါပေမဲ့ သူ့မှာ အရင်တုန်း ကလို ပျော်ပျော်ရွှင်ရွှင် နေတာမျိုး မရှိတော့ဘူး။ ကျောင်းတုန်းက ပွေခဲ့ကြတာတွေ ပြန်ပြောကြတော့ တစ်လျှောက်လုံး ပြုံးတယ် ဆိုရုံပဲ ပြုံးတယ်။ တစ်ခါမှ မရယ်ဘူး။ သူ့ကို ကြည့်ရတာ ပျော်ပုံ မရတော့ ဘူး။

အင်း ဟုတ်မှာပါပဲလေ။ ဒီနှစ်တွေ အတွင်းမှာ သူ တွေ့ခဲ့ရတာတွေ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း တော်တော် စိတ်ထိခိုက်စရာတွေပဲ မဟုတ်လား။ သူက
မပြောပါဘူး။ စဉ်းစားကြည့်လေ။ ကိုယ့် ချစ်သူဟာ အကြ
သမားတွေရဲ့ သတ်ဖြတ်တာကို ခံခဲ့ရတယ်။ ပြီးတော့ တကယ်
အကျေ တိုက်နေတဲ့ စစ်ပွဲ အလယ်မှာ နေခဲ့ရတယ်။ ဒီတော့
ကြည် လေးနက်နေမယ် ဆိုရင်လည်း သိပ်တော့ ပြောစရာ
ပေါ့။ ဒါပေမဲ့ ဘယ်လိုပဲ ဖြစ်ဖြစ် သူ့ကို ကြည့်ရတာ တစ်ခုခု ဖြ
ရတယ်။ ဒါနှင့် ကိုယ်က အစ်အောက် မေးကြည့်တော့ စကားတ
ထွက်လာတယ်။ ကိုယ် ရှုံးပြီ အင်ဒရူးတဲ့။

ကိုယ် တော်တော် အံ့သြသွားတယ်။ ကိုယ်တို့ အတန်းဖေ
ထဲမှာ သူဟာ ကိုယ်နှင့် အရင်းနှီးဆုံး။ သူ့အကြောင်းကို ကိုယ်
ဆုံး။ သူ ဘာတွေ လုပ်နေတယ်၊ သူ ဘာကြောင့် လုပ်နေရတယ်
တာကို ကိုယ် အသိဆုံး။ သူဟာ သူ ယုံကြည်တဲ့ ယုံကြည်
တစ်ခု အတွက် အစစ အရာရာကို စွန့်လွှတ်ခဲ့တယ်။ နာမည်ကျေ
မှုတို့ကို စွန့်ခဲ့တယ်။ ဆုတံဆိပ်တွေကို စွန့်ခဲ့တယ်။ အမေရိကန်
ရှိခဲ့ရင် သူဟာ ကမ္ဘာကျော် တင်းနစ် ချန်ပီယံ တစ်ယောက် ဖြ
သေချာတယ်။ ကိုယ်တို့ တစ်တွေထဲမှာ ဒီကောင်ဟာ တင်းနစ် အ
ဆုံး။

သူ ဘာကြောင့် ဒီလို တည်ကြည် လေးနက်နေသလဲ။ သူ
ကြောင့် စိတ်ထဲမှာ လေးနေသလဲ ဆိုတာကို နောက်တော့ သိ
တယ်။ ကိုယ်က ခြောက်ရက် စစ်ပွဲမှာ အစ္စရေး တပ်မတော်ရဲ့
ရည် ခိုက်ရည်တွေကို သတင်းစာတွေကရော၊ သာမန် လူတွေ
ဘယ်လို ဩဘာ ပေးကြတဲ့ အကြောင်း၊ အမေရိကန် ပြည်သူ
အဲဒီ စစ်ပွဲမှာ အစ္စရေးကို အထင်ကြီးသွားကြတဲ့ အကြောင်း ပြေ
သူ့ ပွင့်ထွက်လာတယ်။

သူက သတင်းစာတွေက ပုံကြီးချဲ့နေကြတာတဲ့။ အလွ
မြှောက်ပင့် ရေးကြတာတဲ့။ ဘယ်လိုပဲ ယုံကြည်ချက် ရှိလို့ တိုက်
သူများရဲ့ အသက်ကို သတ်ရတာဟာ ကောင်းတဲ့ အလုပ် မဟုတ်
သူ့ကြောင့် ကလေးတွေ မိဘမဲ့ ဖြစ်ခဲ့ရတာတွေကို တွေးရင် စိတ်
တယ်တဲ့။

ဒီလိုမျိုး အတွေးမျိုးတွေ ရှိနေရင် ဘယ့်နှယ်လုပ် စစ်သား





ဖြစ်နိုင်ပါတော့မလဲလို့ ကိုယ်က ပြောလိုက်တယ်။

ဒီတော့ သူက ဝမ်းပန်းတနည်းနှင့် ကိုယ့်ကို ကြည့်နေတယ်။
သူ ဒီလို ဝမ်းပန်းတနည်း ဖြစ်နေတာမျိုးကို တစ်ခါမှ မတွေ့ဖူးသေးဘူး။

'သူငယ်ချင်းရယ်၊ စစ်သားဆိုတာ တင်မြှင့်နက်တည်းမှာ စစ်သား
ကောင်းလည်း ဖြစ်ချင်တယ်၊ လူလည်း ဆန်ချင်တယ် ဆိုတာ ဘယ်မှာ
ဖြစ်နိုင်ပါ့မလဲ' လို့ ပြောတယ်။

ကိုယ်တို့တစ်တွေဟာ ခုအချိန်အထိ လောကကြီးရဲ့ ဖိစီး နှိပ်စက်
မှုတွေကို ခံနေကြရတုန်းပဲ ဆိုတာ သဘောပေါက်လာတယ်။ ကိုယ်တို့
မှာ ရာထူး တက်ဖို့ ကိစ္စ၊ ငွေရေး ကြေးရေး ကိစ္စ၊ ကျောင်းစွင့် ကိစ္စ၊
ကလေးတွေကို ထိန်းသိမ်းရေး ကိစ္စ၊ ကလေးတွေက ဗီဆန်တဲ့ ကိစ္စ
စတဲ့ လူလတ်ပိုင်း အရွယ်တွေ တွေ့နေကျ အကျပ်အတည်းတွေကို
တွေ့နေကြရတယ်။

တို့တစ်တွေက ကျော်ကြားမှုနှင့် ပိုက်ဆံနောက်ကို လိုက်နေကြ
တယ်။ ဒါပေမဲ့ ဂျေဆန် တစ်ယောက်ကတော့ လောကမှာ ဘာမှ
မလိုချင်ဘူး၊ လူသား တစ်ယောက် ဖြစ်ချင်တယ်တဲ့။

လူသား တစ်ယောက် ဖြစ်အောင် မလုပ်နိုင်တော့ဘူး ထင်လို့
စိတ်မကောင်း ဖြစ်နေတယ်။

နယူးယော့တွင် ရှိနေစဉ် ဂျေဆန်သည် ဟောပြောပွဲ ဆယ့်နှစ်ပွဲ လုပ်ခဲ့သည်။
သူ့ ဟောပြောပွဲ ပရိသတ်ထဲတွင် နိုင်ငံရေး ခေါင်းဆောင်များ၊ အစ္စရေး နိုင်ငံ
မိတ်ဆွေများ အသင်းဝင် ထောင်ပေါင်းများစွာတို့ ပါဝင်ကြသည်။

မိတ်ဆွေများတွင် မကပါ။ အချို့သော ဟောပြောပွဲများတွင်
ဆန်သည့် ရေဝတီ လူငယ်များကိုလည်း တွေ့ခဲ့ရသေးသည်။ မေးခွန်း မေးချိန်
များတွင် ထို လူငယ်များသည် 'နယ်ချဲ့ လူမျိုး တစ်မျိုး' အား ကိုယ်စား
နေသည့် အတွက် သူ့ကို ဝေဖန် တိုက်ခိုက်ကြသည်။ အစ္စရေး နိုင်
နယ်ချဲ့လိုသော သဘော မရှိကြောင်း၊ အခြားသော တိုင်းပြည်များ
ကချေစီ နိုင်ငံ တစ်ခု တည်ထောင်ရန်သာ စိတ်ကူးကြောင်း သူက
သည်။ ထိုမျှမက မိမိ တစ်ဦးတည်း၏ အထင်ဖြင့် ပြောရမည် ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



သည် မိမိနိုင်ငံ တည်မြဲရေးကို အာရပ်တို့က အသိအမှတ် ပြုခဲ့လျှင် သိမ်းပိုက်ထားသည့် နယ်မြေများကို စွန့်လွှတ်ရန်ပင် အသင့် ရှိသည် ထင်ကြောင်းပြောခဲ့သည်။

ဟောပြောပွဲ ပြီးသည့် အခါတွင် သူ ရှိရာ စင်မြင့်သို့ လာကာ သူ့ကိုချီးကျူးကြသည်။ မိတ်ဆက်ကြသည်။ လက်ဆွဲ နှုတ်ဆက်ကြသည်။ ကျန်းမာစေကြောင်း ဆုတောင်းကြသည်။ နောက်ဆုံးတွင် သူ့အနီးတွင် လင်မယားတစ်စုံတွဲသာ ကျန်ရစ်ခဲ့ကြသည်။

ကြည့်လိုက်တော့ အဖေနှင့် အမေရယ်။ မျက်နှာချင်းဆိုင် ရပ်မိလျက်သား ဖြစ်နေကြသည်။

သူတို့ သုံးယောက်စလုံးသည် ပထမဆုံး စကားလုံးကို ပြောရန် ခက်ခဲလေးနေကြသည်။ သို့ရာတွင် သူတို့၏ မျက်လုံးများကမူ စကားလုံး ရာထောင်ကို ပြောဆိုပြီးကြပြီ။ အဖေနှင့် အမေတို့ မျက်လုံးများက သားကို ချစ်ခင်လျက် ရှိကြောင်း၊ မြတ်နိုးလျက် ရှိကြောင်း၊ သူ့ မျက်လုံးများက အဖေတို့အမေတို့ကို ချစ်ခင် ရှိသေလျက် ရှိကြောင်း၊ စိတ်သက်သာရာ ရကြောင်းနှစ်ဖက်စလုံးမှ မိသားစု တစ်တွေ သင့်မြတ်စွာ ချစ်ကြည်စွာ နေလိုကြောင်း။

'အဖေနှင့် အမေရယ်၊ ဝမ်းသာလိုက်တာ'

'ငါ့သားကြီးက ချောလာလိုက်တာ'

အမေက ခပ်တိုးတိုး ပြောသည်။

'ဟုတ်တယ် အမေ၊ ကျွန်တော်က အန္တရာယ်တွေ အခက်အခဲတွေနှင့်တွေ့မှ ကိုက်တယ်၊ အဖေတို့ အမေတို့ကို ကြည့်ရတာလည်း တော်တော် ကျန်းမာသားပဲ၊ ညီမလေး ဂျူလီရော'

'သူလည်း နေကောင်းပါတယ်၊ ခုတော့ ကယ်လီဖိုးနီးယားမှာ ရောက်နေတယ်ကွ၊ ဆန်တာ ဘာဘရာက ရှေ့နေ တစ်ယောက်နှင့် အိမ်ထောင်ကျတယ်'

'အဆင်ပြေတယ် မဟုတ်လား'

'အင်း ပြေတယ် ပြောပါတော့၊ သူနှင့် သမီးလေး စမန်သာကတော့နွေရာသီ ရောက်ရင် ပြန်ပြောင်းလာကြတော့မှာ၊ သူတို့ ကွာရှင်းခွင့် ကိစ္စတွေပြီးသွားရင်ပေါ့လေ'

'ဘာလဲ၊ နောက် တစ်ယောက်နှင့်လည်း ကွာပြန်ပြီလား'

အဖေက ခေါင်းညိတ်ပြသည်။





'မိဘတွေကတော့ မင်းကို အမှတ်ရနေကြတာပဲ' ဟု အဖေက ဆို့နင့်သည့် အသံဖြင့် ဆက်ပြောသည်။

ဂျေဆန်က စင်မြင့်ပေါ်မှ ခုန်ဆင်းလိုက်ပြီး အဖေနှင့် အမေတို့ကိုအတန်ကြာ ပွေ့ဖက်ထားမိသည်။

'မင်း အိမ်လာဖို့ အချိန် ရပါဦးမလား'

'လာမှာပေါ့ အဖေရ'

ဂျေဆန်က ဖြေသည်။

နောက်တစ်နေ့ ညစာ ထမင်းဝိုင်းတွင် ဂျေဆန်က အီဗာနှင့် သူ့ သားငယ်နှစ်ယောက်တို့၏ ဓာတ်ပုံများကို ထုတ်ပြသည်။ အဖေနှင့် အမေတို့မှာ မြေးတို့ကို မြင်ရသဖြင့် စိတ်ထိခိုက်နေသည်။ သား၏ အိမ်ထောင်ရေး အဆင်ပြေသည့် အတွက်လည်း ဝမ်းသာကြသည်။

'ဒီ ဓာတ်ပုံတွေကို တို့များကို ပေးခဲ့နော်'

'ယူလိုက်လေ၊ အမေတို့ဖို့ ယူလာတာပါ'

ည ၁၁ နာရီ ထိုးပြီးသည့် အခါတွင် အမေက ပင်ပန်းသဖြင့် ခွင့်ချင်ပြီဆိုကာ အိပ်ရာထဲသို့ ဝင်သွားသည်။ ဂျေဆန်တို့ သားအဖသည် ဆယ်နှစ်အတွင်းပထမဆုံး အကြိမ် နှစ်ယောက်တည်း စကားပြောဖြစ်ကြသည်။

ဂျေဆန်က ပထမ စ၍ ပြောသည်။

'ကျွန်တော် လုပ်တာတွေနှင့် ပတ်သက်လို့ အဖေတို့ အမေတို့ တော်တော် စိတ်ထိခိုက်မှာပဲနော်'

'ရပါတယ်ကွာ၊ တောင်းပန်ချင်း တောင်းပန်ရင် ငါက တောင်းပန်ရမှာပါ၊ ငါက မင်း ယုံကြည်ချက်တွေကို အလေးမှ မထားခဲ့ဘဲကိုး'

'ရပါတယ် အဖေရယ်'

'နေဦး၊ ငါ ဆုံးအောင် ပြောဦးမယ်၊ ငါတို့ရဲ့ အတ်သွေး၊ ငါတို့ရဲ့အမွေအနှစ်နှင့် ပတ်သက်လို့ မင်း ငါ့ကို သင်ခန်းစာ ပေးလိုက်တာပဲ၊ ခုမှငါဟာ ရာနှုန်းပြည့် အမေရိကန် တစ်ယောက် ဖြစ်သလို တစ်ပြိုင်နက်တည်းမှာလည်း ရေဝတီ တစ်ယောက် ဖြစ်နိုင်သားပဲ ဆိုတာ သဘောပေါက်ခဲ့တယ်၊ ၆ ရက် စစ်ပွဲဟာ တို့အဖို့ အလင်းရောင်ကြီး တစ်ခု ဖြစ်ခဲ့ရတာပဲ၊ အဲဒီတော့မှ တို့ဟာ တို့အမျိုး အတွက် ဂုဏ်ယူတတ်လာခဲ့ကြတယ်'

အဖေက စကားကို ရပ်လိုက်၏။ ဂျေဆန် ဘာပြန်ပြောရမည် မသိ။



www.burmeseclassic.com

www.burmeseclassic.com



အဖေက စကားကို ဆက်သည်။

'စစ်ထဲမှာ ရောက်နေတယ် ဆိုတော့ ပူတော့ ပူတာပေါ့ကွာ၊ ဒါပေ မင်း ခုလို တိုက်လာခဲ့တဲ့ အတွက် တို့နှစ်ယောက် ဒီစကားမျိုးတွေကို ပြေ နိုင်တာပေါ့၊ ဒါအတွက်တော့ ကျေးဇူးတင်တယ်'

သားအဖ နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ပွေ့ဖက် ကြသည်။

တယ်လ်အဗီ လေယာဉ်ကွင်းသို့ လေယာဉ်ဆိုက်လာသည့် အခါတွင် အီဗာနှ သားနှစ်ယောက်က ကြိုနေကြသည်။ တစ်ယောက်ကို တစ်ယောက် ပွေ့ဖက် နှုတ်ဆက်ကြသည်။ သားငယ် ဘင်နီက

'ဒက်ဒီ သားဖို့ လက်ဆောင်တို့ ဘာတို့ ပါလာရဲ့လား'

'ပါတာပေါ့ကွ၊ ဒါပေမဲ့ အကောင်းဆုံး လက်ဆောင်ကတော့ မပါလာ သေးဘူး၊ အောက်တိုဘာလလောက်မှ ရောက်လာမှာ'

'ဘာလက်ဆောင်လဲ ဒက်ဒီ'

'မင်းဖို့ အဘိုးနှင့် အဘွားလေ'

စက်တင်ဘာလ ၂၂ ရက်နေ့၊ မနက် ၁၁ နာရီ၌ အိမ်ဖြူတော်-အရှေ့ခန်းဆော တွင် ဒေါက်တာ ဟင်နရီ ကစ်ဆင်းဂျားသည် ကျမ်းသစ္စာ ကျိန်ဆို၍ ရာထူ ကို လက်ခံကာ ၅၆ ယောက်မြောက် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး တာဝ များကို ထမ်းဆောင်သည်။

ကျမ်းသစ္စာ ကျိန်ဆိုပွဲသို့ တက်ရောက်ခွင့်ရသူ အနည်းငယ်တို့ အန ဂျော့ ကဲလားလည်း ပါသည်။ ဂျော့ ကဲလားသည် အမေရိကန် နိုင်ငံခြားရေ ဝန်ကြီးသစ်၏ အထူး အကြံပေး အရာရှိ ဖြစ်သောကြောင့် ဖြစ်သည်။

ရာထူးကို လက်ခံပြီးနောက် ကစ်ဆင်းဂျားက ခပ်တိုတို မိန့်ခွန်းပြေ သည်။

'ကျွန်တော်လို လူမျိုး တစ်ယောက်က အမေရိကန် ပြည်ထောင်စု သမ္မတကြီးနှင့် ယှဉ်ပြီး ရပ်နိုင်တဲ့ အခြေအနေမျိုး ရှိတဲ့ တိုင်းပြည် ဆို ကမ္ဘာမှာ ဘယ်တိုင်းပြည်မှ မရှိပါဘူး' ဟု မှတ်သားဖွယ် ပြောသည်။





အမေရိကန်တို့သည် မိမိကဲ့သို့သော နိုင်ငံခြား ဇာတိ တစ်ယောက်ကို သည်း အလားတူ အခွင့်အရေးတွေ ပေးလိမ့်မည်ဟု ဂျော့ကဲလား မျှော်လင့် သည်။

ဆရာ၊ စကားနည်းနည်း ပြောချိန်ရမလား ဆရာ'

အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးသစ်သည် စားပွဲပေါ်မှ သူ့ကို ကျော် ကြည့်လိုက်၏။

'ရပါတယ် ဂျော့၊ ဘာလဲ၊ ဘယ်လို ပြဿနာမျိုးကို ခင်ဗျား တင်ပြ ချင်သေးလို့လဲ'.

'ပြဿနာတော့ မဟုတ်ပါဘူး ဆရာ၊ ပဟေဠိ တစ်ပုဒ် ဆိုပါတော့ ဆရာနှင့် ကျွန်တော်တို့က ရုရှား သံရုံးက အင်ဒရေယက်နှင့် အဆက်အသွယ် ခဲ့သူတွေ ဆိုတော့'

'အင်း ရန်သူတွေထဲက အကောင်းဆုံး မိတ်ဆွေ ဆိုပါတော့'

'သူက ဆန်ဆူစီမှာ နေ့လယ်စာ စားဖို့ ကျွန်တော့်ကို ဖိတ်ထားတယ် ဆရာ'

ကစ်ဆင်းဂျားက ပြုံးလိုက်သည်။

'သင့်မြတ်ရေး ကာလတုန်းက ကျုပ်တို့ စားခဲ့တာကလေးတွေကို စား နေကြရဦးမယ်ပေါ့'

'တကယ် ပြောတာပါ ဆရာ၊ သူတို့ သံရုံးကို အသစ် ရောက်လာတဲ့ သဉ်ကျေးမှူး သံအရာရှိနှင့် ကျွန်တော့်ကို မိတ်ဆက်ပေးချင်လို့တဲ့'

'ဩော် ဟုတ်ပြီ၊ ယာကူရုကင် ဆိုတဲ့လူ'

ကစ်ဆင်းဂျားသည် ဓာတ်ပုံ ရိုက်ထားသလို မှတ်ဉာဏ်ကောင်းသူ ဖြစ် သည်။

ဂျော့ ကဲလားက ခေါင်းညိတ်ပြလိုက်ပြီး

'ဘာကိစ္စများ ဖိတ်သလဲ မဆိုနိုင်ဘူး'

'ဒါက ကျုပ်က ခင်ဗျားကို ပြန်မေးရမယ့် ကိစ္စလေ'

ဆန်ဆူစီ ပျော်ပွဲစားရုံသည် အိမ်ဖြူတော်နှင့် အနီးဆုံးတွင် ရှိသည့် အ ဆုံး ပျော်ပွဲစားရုံ တစ်ခု ဖြစ်သည်။ သမ္မတ၏ လူများဖြစ်သော ား လစ်မင်း စသူတို့သည်လည်း ထို ပျော်ပွဲစားရုံသို့ မကြာခဏ



www.burmeseclassic.com

www.burmeseclassic.com



ထို ပျော်ပွဲစားရုံတွင် အိမ်ဖြူတော်မှ အထက်တန်း အရာရှိကြီးများ (တခါ တစ်ရံတွင် ဂျော့ ကဲလားတို့လို အလတ်တန်းစား အရာရှိများ) မကြာခဏ လာရောက်ကာ နိုင်ငံခြား သံတမန်များ၊ ဝါဒရေးရာ အရေး ရန်သူ ဖြစ်နေသော နိုင်ငံများမှ သံတမန်များနှင့် အတူတကွ လာရောက် စားသောက်ကြသည်ကို တွေ့ခဲ့ဖူးသဖြင့် ရိုးနေလေပြီ။

ဂျော့ ကဲလား အဖို့လည်း ထိုအကြိမ်သည် ပထမဆုံး အကြိမ် မဟုတ် သို့ရာတွင် ရုရှားသံရုံးသည် သူ့ကို အဘယ်ကြောင့် အထူး သဘောကျနေသည် ကို သူ နားမလည်နိုင်။ ပထမသော် သူ ရုရှားစကား ကောင်းကောင်း ပြော တတ်ခြင်းကြောင့် ဖြစ်မည်ဟု ထင်လိုက်သည်။ သို့ရာတွင် တကယ် စကား ပြောကြသည့် အခါတွင်မူ ရုရှားလို မပြော။ အင်္ဂလိပ်လို ပြောကြခြင်း ဖြစ် သည်။

သို့တိုင်အောင် ထုံးစံအရ ဂျော့ ကဲလားသည် သူ ပြောခဲ့သမျှ စကား များနှင့် အကြောင်းအရာတို့ကို အသေးစိတ် ဖော်ပြထားသည့် 'စကား ပြော ဆိုမှု မှတ်တမ်းလွှာ' ဟု ခေါ်သော အစီရင်ခံစာ တစ်စောင်ကို အထူး စုံစမ်း ရေး ဗျူရို (အက်ဖ်ဘီအိုင်) သို့ တင်သွင်းရမြဲ ဖြစ်သည်။

ဆိုင်ရာတို့ကလည်း ဂျော့ ကဲလားကို ဘာမျှ သံသယ မဖြစ်ကြ။ ရုရှား များက သူ့ကို အထင်ကြီးစွာ ဆက်ဆံကြသည့် အတွက် သူ့ အရှိန်အဝါသည် ပို၍ပင် ကြီးမားနေသေးသည်။ နိုင်ငံခြားရေး ဌာနနှင့် စီအိုင်အေတို့ကလည်း ဂျော့ ကဲလားသည် တစ်နေ့တွင် ရုရှားတို့ဘက်မှ ဘက်ပြောင်း ထွက်ပြေးလာ သူများကို အနံ့ခံရာတွင် အသုံးဝင်လိမ့်မည်ဟု မျှော်လင့်ထားကြသည်။

ထိုနေ့က နေသာနေသည်။ ဂျော့ ကဲလားသည် ပင်ဆယ်ဗေးနီးယား ရိပ်သာ လမ်းမကြီးကို ဖြတ်ကူးခဲ့ပြီးနောက် ၁၇ လမ်းအတိုင်း ပျော်ပွဲစားရုံသို့ လျှောက် လာခဲ့သည်။

အင်ဒရေယက်မှာ လူလတ်ပိုင်း အရွယ်ဖြစ်ပြီး ခေါင်းပြောင်ပြောင်နှင့် ဖြစ်သည်။ အပြာရောင် ရုရှားဝတ်စုံ ပွပွကြီးကို ဝတ်ထားသည်။ သူ့ကို မြင် သောအခါတွင် အင်ဒရေယက်က စားပွဲ တစ်လုံးဆီသို့ ခေါ်သွားသည်။ အပြာ ရောင် ဘလေဇာ အင်္ကျီနှင့် လည်စည်း အစင်းကို ဝတ်ထားသည့် လူ ခပ်ငယ် ငယ် တစ်ယောက်က စားပွဲမှ ထ၍ သူ့ကို လက်ဆွဲ နှုတ်ဆက်သည်။

'ယာကူရှကင်၊ ဟောဒီက ဂျော့ ကဲလားတဲ့၊ သတိထားနော်၊ အမေ





ရောပ တိုင်းပြည်တွေ အကြောင်းကို ကျွန်တော်တို့ထက် ပိုသိတယ်'

အင်ဒရေယက်က နောက်သည်။

'ကျွန်တော် သတိထားပြီး အကောင်းဆုံး ဆက်ဆံပါ့မယ်'

သံအရာရှိက ချောမောသည့် အင်္ဂလိပ် စကားဖြင့် ပြန်ပြောသည်။

ဂျော့ ကဲလားသည် အင်္ဂလိပ်စကားပြော ကောင်းသော သံအရာရှိကို ကြည့်၍ အံ့သြသွားသည်။ သူ့ အသံထွက်သည် မိမိ၏ အသံထွက်နှင့် အတူ တူပင်။ ဘာမျှ ပြောစရာ မရှိ။

'ကဲ ဆို ဘာသောက်မလဲ၊ ဘလတ်ဒီ မေရီလား၊ ရှန်ပိန် ကောင်းကောင်း လား'

အင်ဒရေယက်က မေးသည်။

'ဒီမှာ ရုရှား ဗော့ဒကာ ကောင်းကောင်း ရတယ်ဗျ၊ ဒါကြောင့် ဘလတ်ဒီမေရီကို သောက်ရအောင်'

အင်ဒရေယက်က စားပွဲထိုးကို လက်သုံးချောင်း ထောင်ပြလိုက်သည်။ စားပွဲထိုးသည် အလိုလို သိနေသကဲ့သို့ နောက်ထပ် ဘာမျှ မမေး။ ခေါင်း ညိတ် ထွက်သွားသည်။

သူတို့ ပြောသည့် စကားများမှာ ဘာမျှ အရေးမကြီးသည့် အပေါ်ယံ စကားများ ဖြစ်ပြီး အလွန် ဖော်ဖော်ရွေရွေ ရှိသည့် စကားများသာ ဖြစ်သည်။ ထို စကားများ နောက်ကွယ်မှ အဓိပ္ပာယ်ကို ဂျော့ ကဲလား စဉ်းစားနေသည်။

သို့ရာတွင် စားစရာများ ရောက်လာသည့် အခါတွင်မူ အင်ဒရေယက် သည် သူ့အား ဟန်ဂေရီသို့ တစ်ခေါက်မျှ ပြန်ရောက်ခြင်း ရှိ မရှိကို မေးနေ သည်။ အမှန်အားဖြင့် ဂျော့ ကဲလားသည် အမေရိကန် နိုင်ငံသား တစ်ယောက် ဖြစ်နေပြီ။ ထို မေးခွန်းကို မေးစရာ အကြောင်း မရှိတော့။ ထို့နောက် အသေး အဖွဲ့ကလေးများသို့ ရောက်သွားကြပြန်သည်။

ဂျော့ ကဲလားက အရင်းရှင် တိုင်းပြည် တစ်ပြည်တွင် နေရသည့် အတွက် မည်မျှ ပျော်စရာ ကောင်းကြောင်း၊ ဝါရှင်တန်သည် မိန်းမချော မိန်း ကလေးတွေ ပေါသည့်မြို့ ဖြစ်ကြောင်း၊ ဝါရှင်တန်က အထက်တန်း အသိုင်းအဝိုင်း တွင် ကျင်လည်ရသည်မှာလည်း ပျော်စရာ ကောင်းကြောင်း၊ မကြာမီ ... ကောင်လည်း တွေ့လာရမည် ဖြစ်ကြောင်းဖြင့် အမှတ်တမဲ့ ပြောသွားသည်။

ထိုစကားများကို နားထောင်နေစဉ် ခပ်ငယ်ငယ် သံမှူး ... များသည် တဖိတ်ဖိတ် တောက်နေသည်ကို ဂျော့ ကဲလား သတိထားလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိသည်။ အလားအလာ ရှိနိုင်သည်ဟု ဂျော့ ကဲလား တွက်သည်။ ကွန်မြူ နိုင်ငံမှ ထွက်ပြေးလာသူ တစ်ယောက် ကောင်းကောင်းမွန်မွန် အလုပ်အ ရ မရကို သွယ်ဝိုက် စုံစမ်းခြင်းလည်း ဖြစ်ကောင်း ဖြစ်နိုင်သည်။

နေ့လယ်စာ စားပြီး ပြန်လာသည့် အခါ၌ ဂျော့ ကဲလားသည် သူ့ 'စကားပြောဆိုမှု အမှာစာ' တွင် သူ့ ထင်မြင်ချက်ကို ထိုအတိုင်း ရေး လိုက်သည်။

နောက် သုံးနာရီခန့် ကြာသည့် အခါတွင် အမေရိကန် နိုင်ငံခြား ဝန်ကြီး ကစ်ဆင်းဂျားသည် သူ့ အခန်းပေါက်ဝတွင် ခေါင်းပြူကာ

'ဘယ့်နှယ့်လဲ' ဟု မေးသည်။

'ဆရာ ပြောတာ မှန်တယ် ဆရာ၊ အမဲကတော့ အကောင်ကြီးပဲ'

နောက်လေးရက် အကြာတွင် ယာကူရှကင်သည် ကြွ၍ ဝင်လာသည် အကြောင်းပြကာ သူ့ ရုံးခန်းသို့ ရောက်လာပြီး သူတို့နှစ်ယောက် တွေ့ရသည် အတွက် ဝမ်းသာကြောင်း ပြောသည်။ အမှန်ကမူ ဂျော့ ကဲလားကို ညစာ လာဖိတ်ခြင်း ဖြစ်သည်။

သူတို့ နှစ်ယောက်သည် ရက်ချိန်းလိုက်ကြ၏။ နေရာကမူ ရှရှား သဘောကျသည့် ဝပ်ကိုဆင် ရိပ်သာ လမ်းမကြီးပေါ်ရှိ ပျော်ပွဲစားရုံ တစ် ဖြစ်သည်။ ထို ပျော်ပွဲစားရုံမှာ သီးသန့်နေရာ ဖြစ်သည်ဟု နိုင်ငံခြားရေး ဌာ က ပြောစမှတ် ပြုကြသည်။ ထိုနေရာသို့ လာရောက်သူများမှာ အများအား အခြားသူများအား စောင့်ကြပ် ကြည့်နေသည်ကို အကဲခတ်ကြသည့် စီအိုင် များနှင့် ကေဂျီဘီ အဖွဲ့ဝင်များ လာလေ့ ရှိကြသည်ဟု နာမည်ကြီးသည်။

ယခု တစ်ကြိမ်တွင်လည်း ဘာမျှ လေးလေးနက်နက် မပြောကြ။ အ လာပ သလ္လာပ သဘောမျိုးသာ ဖြစ်သည်။ သောက်စရာ ယမကာမှာ ဆော် အရက် ဖြစ်ပြီး နှစ်ယောက်စလုံးပင် သူ မူးသလား ကိုယ် မူးသလား ဆိုသည် ကို အကဲခတ်နေကြသည်။

ယာကူရှကင်က

'ဒီမှာ ဂျော့ ကဲလား၊ ဒီမြို့မှာ နေရတာ တော်တော် စရိတ်ကြီးတာ ဗျ၊ ခင်ဗျားတို့ နိုင်ငံခြားရေး ဌာနက လခ တော်တော် ကောင်းသလား'

ယာကူရှကင်က မေးသည်။

'မဆိုးပါဘူး၊ တစ်နှစ်ကို ဒေါ်လာ သုံးသောင်း ခြောက်ထောင်လော





တော့ ရပါတယ်'

'ရူဘယ်ငွေနှင့် ဆိုရင် ဘယ်လောက်လောက် ရှိမလဲ'

'မပြောတတ်ဘူးဗျ'

ဂျော့က ပြုံးသည်။

'ကျွန်တော်လည်း ဒေါ်လာနှင့် ရမယ် ထင်တာပဲဗျ၊ သေသေချာချာ တော့ မပြောတတ်ဘူး'

'အမေရိကမှာတော့ ဒေါ်လာကိုပဲ သုံးကြတာပဲဗျ'

သူတို့ နှစ်ယောက်၏ စကားလမ်းကြောင်းသည် အရေးကြီးသည့် ကိစ္စ တစ်ခုသို့ ဦးတည်နေပြီ ဖြစ်ကြောင်းကို ဂျော့ ကဲလား သတိပြုမိလိုက်သည်။

ဂျော့ ကဲလားက ဘောလုံးကို ရုရှားသံမှူးဘက်သို့ ပုတ်ထုတ်လိုက်သည်။

'ခင်ဗျားမှာကော၊ ခင်ဗျားရတဲ့ လခနှင့် ဝါရှင်တန်မှာ နေရတာ လောက်ရဲ့လား'

နှစ်ယောက်သား တိတ်ဆိတ်သွားကြသည်။ စစ်ဘုရင်သမား နှစ်ယောက် သည် တစ်ယောက်ကို တစ်ယောက် အကဲခတ်နေကြသည်။

'ကျွန်တော်လည်း ခင်ဗျားကို အဲဒါပဲ မေးမလို့၊ ခင်ဗျားကော လောက် ရဲ့လား'

တော်တော် ညံ့တဲ့ ငနဲပဲ။ ငါ့ကို သိမ်းသွင်းဖို့ ကြိုးစားနေပြန်ပြီ ထင် တယ်ဟု ဂျော့ ကဲလား စိတ်ထဲမှ တွေးနေသည်။

သို့ရာတွင် ဣန္ဒြေမပျက်အောင် နေလိုက်သည်။

'ငွေရေး ကြေးရေး အတွက်တော့ သိပ် ပြဿနာ မရှိပါဘူး၊ ကျွန်တော် ကလည်း အသုံးအစွဲမှ သိပ်မရှိတာ'

'ဟုတ်ပါတယ်၊ ခင်ဗျားကို ကြည့်ရတာ ဘာမှ လိုလေသေး မရှိတဲ့ ပုံပဲ ဒီလိုဆို ခင်ဗျားကို ကျွန်တော်တို့ . . . ကျွန်တော်တို့ ကူညီစရာ မလိုတော့ဘူးပေါ့'

စကားပြတ်အောင် မပြောသေးဘဲ မတင်မကျ ပြောထားလျှင် ကောင်း မည်ဟု ဂျော့ ကဲလား သဘောရသည်။

'ကူညီချင်တဲ့ စေတနာ ရှိတယ် ဆိုတာ သိရတဲ့ အတွက် ကျေးဇူးတင် ပါတယ်ဗျာ၊ ဒါပေမဲ့ ခင်ဗျားတို့ သံရုံးက ကျွန်တော်လို လူတစ်ယောက်ကို ဘာဖြစ်လို့ ကူညီချင်ရတာလဲ'

'ဒါကတော့ ခင်ဗျားဟာ တစ်ခါက ဆိုရှယ်လစ် တစ်ယောက် ဖြစ်ခဲ့ ဘာကိုးဗျ၊ ပြီးတော့ တစ်ခါတလေမှာလည်း ခင်ဗျားက ကိုယ့် အတိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ပြန် လွမ်းချင် လွမ်းနေဦးမှာကိုး'

'အိုး ဘယ်တော့မှ မလွမ်းဘူး'

'စနစ်ကိုတော့ မလွမ်းဘူးပေါ့ဗျာ၊ ဒါပေမဲ့ ကိုယ့်တိုင်းပြည်ကိုတော့ လွမ်းမှာပေါ့၊ ခုလို ကိုယ့်လူမျိုးကို စွန့်ခဲ့ရတော့ နည်းနည်းမှ မခံစားရဘူးလား'

'ကျွန်တော်က အမေရိကန် လူမျိုးပဲ'

ဂျော့ ကဲလားက ခပ်ပြတ်ပြတ် ဖြေသည်။

ယာကူရှကင်သည် သူ့ တုံ့ပြန်ချက်ကို အကဲခတ်ကာ အိတ်ထဲသို့ နှိုက်၍ ပစ္စည်း နှစ်ခုကို ထုတ်လိုက်သည်။

'ဆေးပြင်းလိပ် သောက်မလား၊ ဟားဗနား ဆေးပြင်းလိပ်လေ၊ ကျွန်တော်တို့ သံရုံးက ချောစာအိတ်နှင့် မှာတာ၊ ခင်ဗျားတို့တော့ သောက်ချင်မှ သောက်ဖူးမယ် ထင်တယ်'

'ကျေးဇူးတင်ပါတယ်၊ ကျွန်တော် ဆေးလိပ် မသောက်တတ်ပါဘူး'

ယာကူရှကင်က ဆေးပြင်းလိပ်ကို မီးညှိလိုက်ပြီး ကွင်းကလေးတွေ ဖြစ်အောင် မှုတ်ထုတ်နေသည်။ ထို့နောက် တမင် လုပ်ထားသည့် ခပ်ဆိုင်းဆိုင်း လေသံမျိုးဖြင့် ပြောသည်။

'ဒီမှာ ဒေါက်တာ ကဲလား၊ ခင်ဗျား စိတ်ဝင်စားမယ့် သတင်းတချို့ ကျွန်တော့်မှာ ရှိတယ်'

ယာကူရှကင်က ရုတ်တရက် လေသံ ပြောင်းသွားသည့် အတွက် ဂျော့ ကဲလားသည် ပို၍ သက်ာမကင်း ဖြစ်လာသည်။

'ဟာ ကျွန်တော်က ရုရှားသံရုံးက လာတဲ့ သတင်း ဆိုရင် သိပ် စိတ်ဝင်စားတာပေါ့ဗျာ'

ဂျော့ ကဲလားက အရေးမကြီးဟန်ဖြင့် နောက်သလို ပြောင်သလို ပြောသည်။

'သတင်းကတော့ ခင်ဗျား အဖေရဲ့ အခြေအနေနှင့် ပတ်သက်တဲ့ သတင်းပဲဗျ၊ ခင်ဗျားလည်း သိချင်မှာပဲ'

'ကျွန်တော့် အဖေ ပါတီမှာ အဆင့် တက်သွားတာ ကျွန်တော် သိသားပဲ'

ဂျော့ ကဲလားက ထောင်းခနဲ ဖြစ်သွားသည်။

'ကျွန်တော် ပြောတာက ခင်ဗျား အဖေရဲ့ ကျန်းမာရေး အခြေအနေကို ပြောတာပါ'





'ဘာဖြစ်လို့လဲ၊ သူ မကျန်းမာဘူးလား'

'အဆုတ်ကင်ဆာ ဖြစ်နေတယ်'

'ဟင် ဟုတ်လား၊ ဒုက္ခပဲဗျာ'

'အင်း သူ့ခမျာ တော်တော်တော့ ခံစားရမှာပဲ'

'ခံစားရမယ် ဆိုတာ ဘာကို ဆိုလိုတာလဲ'

ယာကူရှကင်က အားပေး နှစ်သိမ့်ဟန်မျိုးဖြင့်

'ခင်ဗျားပဲ စဉ်းစားကြည့်လေ၊ ခင်ဗျားလည်း အရှေ့ ဥရောပ ရေးရာတွေကို ကျွမ်းကျင်သူ တစ်ယောက်ပဲ၊ ဟန်ဂေရီက ဆေးရုံတွေက အခြေအနေတွေကို ခင်ဗျား သိမှာပေါ့၊ ဒီမှာလို ဆေးဝါးပစ္စည်းတို့ ဘာတို့ စုံစုံလင်လင် ရတာမှ မဟုတ်တာ၊ ဒီတော့ သူ ဘယ်လောက် ကြာကြာ ခံနိုင်မှာလဲ၊ အလွန်ဆုံး တစ်နှစ်ပေါ့၊ ဒါမှမဟုတ်ရင်လည်း လေးငါး ခြောက်လပေါ့'

ယာကူရှကင်က ပင်ပန်းနေသည့် သမားတော်ကြီး တစ်ဦးလို သက်ပြင်းချသည်။

'အင်း ခက်တယ်ဗျာ၊ လက်နက် အပြိုင်အဆိုင် တပ်နေကြတော့ လူသားတွေရဲ့ တိုးတက်ရေး ကိစ္စဟာ နောက်တန်းကို ရောက်နေတယ်၊ ခင်ဗျား အဖေဟာ အမေရိကမှာ ဆိုရင်တော့ ကောင်းကောင်းမွန်မွန် ပြုစုနိုင်တာပေါ့ဗျာ၊ ဒီမှာက အနုအကျင် ပျောက်ဆေးတို့ ဘာတို့က အများကြီး တိုးတက်နေတယ် မဟုတ်လား'

'ပါတီ ခေါင်းဆောင်တို့ ဘာတို့ ဆိုရင်တော့ အနောက်တိုင်း ဆေးတွေ လိုသလောက် ရပါတယ်ဗျာ'

'ဒါပေမဲ့ ခင်ဗျား အဖေက ပါတီမှာ ဒီလောက် အဆင့် မမြင့်ဘူးလေ၊ ဒါကို ခင်ဗျားလည်း အသိ ကျွန်တော်လည်း အသိ'

ယာကူရှကင်သည် စကားကို ရပ်လိုက်ပြီး ဟားဗနား ဆေးပြင်းလိပ်မှ နောက်ထပ် မီးခိုး တစ်ကွင်းကို မှုတ်ထုတ်လိုက်ပြန်သည်။

'ဒါတော့ ကျွန်တော်လည်း ဘယ်တတ်နိုင်မလဲဗျာ'

ဂျော့ ကဲလားက စိတ်ပျက်သည့် လေသံဖြင့် ပြောသည်။ ယာကူရှကင်က ပြုံးလိုက်ရင်း

'အဖေဟာ အဖေပဲလေ၊ ကျွန်တော်သာ ခင်ဗျားနေရာမှာ ဆိုရင်တော့ ကျွန်တော် အတတ်နိုင်ဆုံး ကူညီဖို့ ကြိုးစားမှာပဲ၊ အသက်ထွက်တောင် ညည်းညည်းသာသာ အသက်ထွက်အောင်ပေါ့ဗျာ၊ အင်း ကျွန်တော် နည်းနည်းပါးပါး

www.burmeseclassic.com

www.burmeseclassic.com



ကူညီနိုင်တာတော့ ရှိပါတယ်လေ'

'ဒီလိုဆိုလည်း ကူညီပေါ့ဗျာ'

သူတို့ နှစ်ယောက်သည် အတန်ကြာ တိတ်ဆိတ်နေကြသည်။ လက်ဖက်ရည်ပွဲ တစ်ချို့ သတ်ပြီး နားနေကြပုံနှင့် တူသည်။

'ဒီလို လွယ်လွယ်တော့ မဖြစ်ဘူးဗျာ'

'ဟော့လူ ခင်ဗျား ဘာရည်ရွယ်ချက်နှင့် ပြောနေတာလဲ'

'ဒီမှာ ဂျော့ ကဲလား၊ ကျွန်တော်ဟာ ခင်ဗျားကို သူလျှိုလုပ်ဖို့ ပြောနေတယ်လို့ ထင်ရင်တော့ ခင်ဗျား မှားသွားလိမ့်မယ်'

'ဒါပေမဲ့ ကျွန်တော်က တစ်ခုခု လုပ်ပေးရမယ် မဟုတ်လား'

ဂျော့ ကဲလားက အတင်းမေးသည်။

'ဒါပေါ့၊ ဒါပေမဲ့ ကျွန်တော် တောင်းတဲ့ အကူအညီက တရားဥပဒေဘောင်အတွင်းက လုပ်ပေးရမယ့် ကိစ္စပါ၊ ဥပဒေပြင်က မဟုတ်ပါဘူး၊ ခင်ဗျားတို့ အစိုးရရဲ့ ဗျူရိုကရေစီ ပိတ်ဆို့မှုတွေကို ဖွင့်ပေးဖို့လောက်ပါ၊ ကျွန်တော် ပစ္စည်း တစ်ခု ရအောင် ကြိုးစားနေတာ လပေါင်း တော်တော်ကြာပြီ၊ ဒါပေမဲ့'

'ဘာလဲ၊ အဲဒါကို ကျွန်တော်က ခိုးပေးရမယ်ပေါ့'

'မဟုတ်ပါဘူး၊ ခိုးပေးဖို့ မဟုတ်ပါဘူး၊ ပစ္စည်းက ကိရိယာ အသေးစားကလေး တစ်ခုပါ၊ ကျွန်တော်တို့ ဝယ်မယ် ဆိုပြီး ကမ်းလှမ်းထားတာ ကြာလှပြီ၊ ကျွန်တော် ပြောတာ ကြားတယ်နော်၊ ကျွန်တော်တို့က ဝယ်မှာ ကိရိယာက ရာသီဥတု ဂြိုဟ်တုက ရိုက်တဲ့ ဓာတ်ပုံတွေကို အားကောင်းအောင် လုပ်ပေးတဲ့ ဖစ်လတာကလေးဗျာ၊ ဒါက ဘာမှ ခက်ခဲတဲ့ ကိစ္စ မဟုတ်ပါဘူး၊ ဒါပေမဲ့ ခင်ဗျားတို့ ကုန်သွယ်ရေး ဝန်ကြီးဌာနက ဒါကို ကတ်သီး ကတ်သတ် လုပ်နေတယ်'

'ဒီတော့ မြန်မြန် ရောင်းအောင် ကျွန်တော်က တွန်းအား ပေးရမယ်ပေါ့'

'တွန်းအား ပေးတယ် ဆိုတဲ့ စကားက ပြင်းထန်နေသေးတယ်ဗျာ၊ အသာ တို့ပေးလိုက်ရုံပါ၊ ခင်ဗျား ပြောဖို့က တေလာ အာအိတ် ၈၀ ဟာ စစ်ရေး အရ ဘာမှ တန်ဖိုး မရှိဘူး ဆိုတာကလေးကို ပြောလိုက်ရုံပါ၊ အေးလေ ဒါတော့ ခင်ဗျားလည်း စဉ်းစားဦးပေါ့၊ စဉ်းစားပြီးရင်သာ ကျွန်တော့်ကို ဖုန်းဆက်လိုက်ပါ၊ အေးဗျာ၊ ဒီနေ့ ညနေကတော့ တော်တော် ကြည်နူးစရာ



ကောင်းတဲ့ ညနေခင်းပါ'

'ဟုတ်ပြီလေ၊ ကျေးဇူးတင်ပါတယ်'

ဂျော့ ကဲလားသည် ယာကူရှကင်၏ မျက်လုံးများကို မကြည့်ဘဲ ပြောသည်။

ဆိုဗီယက် သံရုံး၊ ယဉ်ကျေးမှု သံမှူး ယာကူရှကင်နှင့် ဒုတိယ အကြိမ် တွေ့ဆုံပွဲနှင့် ပတ်သက်၍ အက်ဖ်ဘီအိုင်သို့ ပေးပို့သော 'စကား ပြောဆိုမှု မှတ်တမ်းလွှာ' တွင် ဂျော့ ကဲလားက အောက်ပါအတိုင်း ရေးထားသည်။

ကျွန်တော်က သူ့ကို သိမ်းသွင်းရန် ကြိုးစားသည်။ သူကလည်း ကျွန်တော့်ကို သိမ်းသွင်းရန် ကြိုးစားသည်။ ကစားပွဲမှာ သရေပွဲ အဖြစ် ပြီးသွားသည်။

သို့ရာတွင် နောက်တစ်နေ့တွင်မူ ဂျော့ ကဲလားသည် အဖေ့ အတွက် စိုးရိမ်သောက ရောက်နေသည်။ သူ့အဖေသည် ဘူဒါပက်စ် ဆေးရုံ တစ်ခုပေါ်တွင် ရောက်နေရှာပြီဟု တွေးမိလိုက်သည့် အခါတွင် သူ့အဖေကို မုန်းတီးခြင်း မရှိတော့။

ဂျော့ ကဲလားသည် သုံးရက်လုံးလုံး စိတ်ပင်ပန်း ဆင်းရဲခဲ့ရသည်။ ရုရှားများသည် သူ့ကို တစ်ပတ်ရိုက်နေလေသလောဟု သူ့ စိတ်ထဲတွင် ထင်နေဆဲ ဖြစ်သည်။ သူ သိသလောက် ဆိုလျှင် သူ့ အဖေသည် ပါတီ ခေါင်းဆောင်များ အတွက် သီးသန့်ထားသည့် အနားယူ စခန်း တစ်ခုတွင် ကျန်းမာ ပကတိ ချမ်းသာစွာ ရှိနေသည်။ သို့ရာတွင် သေချာပေါက် မည်သူမျှ မပြောနိုင်။

ယာကူရှကင်ကလည်း သူ ထိုသို့ ဖြစ်လိမ့်မည်ကို မျှော်လင့်ပြီးသား ဖြစ်သည်။ စတုတ္ထမြောက် မနက်တွင် ဂျော့ ကဲလားသည် စာများကို ယူရန် အောက်ထပ်သို့ ဆင်းလာသည့် အခါ၌ကား လူကိုယ်တိုင် လာပို့သွားသော မနီလာ စာအိတ်ကြီး တစ်လုံးကို တွေ့ရသည်။

ထို စာအိတ်ကြီးထဲတွင်မူ ရင်ဘတ်ကို ရိုက်ထားသည့် ဓာတ်ပုံနှစ်ပြား နှစ်ချပ် ပါပြီး ရုရှား သံမှူး၏ စာတစ်စောင် ပါသည်။

ဂျော့ ခင်ဗျား စိတ်ဝင်စားလိမ့်မည်ဟု ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

စက်တင်ဘာ ၃၀၊ ၁၉၇၃

ဂျော့ ကဲလား ဘာဖြစ်နေမှန်း မသိဘူး။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဒီနေ့ ညနေ ကိုယ့်ဆီကို လာပြီး ဝါရှင်တန် တစ်ဝိုက်မှာ ဆရာဝန် ကောင်းကောင်းများ ရှိသလားလို့ မေးတယ်။

ကိုယ်လည်း နားမလည်နိုင်အောင် ဖြစ်နေတယ်။ ဘာဖြစ်လို့ ကိုယ့်ကို လာမေးရသလဲ။ ကိုယ်က ဆေးဝါး အကြောင်း ဘာနား လည်တာ မှတ်လို့။ သူ့ ရပ်ကွက်မှာ ရှိတဲ့ မိတ်ဆွေတွေကို ဘာဖြစ်လို့ မမေးသလဲ။ အဲဒီနားမှာ ဆရာဝန်တွေ ပြည့်လို့။

သူက အရေးကြီးတဲ့ အကြောင်း၊ ဒီကိစ္စကို ဘယ်သူမှ မသိစေဘဲ လျှို့ဝှက်ထားဖို့ အကြောင်း ပြောတယ်။ ကိုယ်ကလည်း တတ်နိုင်သမျှ ကူညီမယ့် အကြောင်း၊ ဒါပေမဲ့ အကြောင်းစုံကို သိချင်တဲ့ အကြောင်း သူ ဘယ်လို ဆရာဝန်မျိုးကို တွေ့ချင်တဲ့ အကြောင်းကို မေးလိုက်တယ်။

ပထမတော့ သူ ပေးတဲ့ အဖြေက တော်တော် ဆန်းတယ်။ ယုံကြည် စိတ်ချရတဲ့ ဆရာဝန်ကို လိုချင်တယ်တဲ့။

ဂျော့ ကဲလားဟာ အာရုံကြော အားနည်းပြီး တစ်စုံတစ်ခု ဖြစ်နေလို့လားလို့ ထင်မိသေးတယ်။ လုံခြုံရေး ဌာနမှာ လုပ်တဲ့ အမှုထမ်း အရာထမ်းတွေမှာ တင်းကျပ်မှုတွေ များလွန်းတယ် မဟုတ်လား။

ဒါပေမဲ့ ဒီလိုလည်း မဟုတ်ဘူး။ သူ သိချင်တာက ဒီနေရာ တစ်ဝိုက်မှာ ရှိတဲ့ အကောင်းဆုံး အကျိတ်ရောဂါ ပါရဂူကို ပြောနေ တာ။

သူ့စကား ကြားရတော့ ကိုယ် တော်တော် အံ့သြသွားတယ်။ ဘာဖြစ်လို့ ကင်ဆာရောဂါ ပါရဂူ တစ်ယောက်ကို တွေ့ချင်ရတာလဲ။ ကိုယ်ကလည်း မေးပိုင်ခွင့် မရှိဘူးလို့ ထင်တယ်လေ။

ဒီတော့ ကိုယ်က ကိုယ့်မှာ ဆရာဝန် မိတ်ဆွေ ရှိတဲ့ အကြောင်း သူတို့ကို စုံစမ်းပြီး အကြောင်းပြန်မယ့် အကြောင်း ပြောလိုက်တယ်။ သူက ဆက်ဆက် အကြောင်းပြန်ဖို့ တဖွဖွ မှာသွားတယ်။



ဒီတုန်းမှာ တယ်လီဖုန်း အော်ပရေတာက ပထမ သုံးမိနစ် စေ့ သွားပြီ ဖြစ်တဲ့ အကြောင်းကို ကြားဖြတ် ပြောတယ်။ ဒီတော့ သူက တယ်လီဖုန်းခွက်ထဲကို နောက်ထပ် ပိုက်ဆံ ထည့်လိုက်တယ်။ နောက် နေ့ ဒီအချိန်မှာ ထပ်ဆက်မယ်လို့ ပြောပြီး ချသွားတယ်။

သူက တယ်လီဖုန်း ချသွားတော့ ကိုယ်လည်း တက္ကသိုလ်ရုံးကို ဆက်ပြီး ဂျော့ ကဲလား လိုချင်တဲ့ ဆရာဝန် တစ်ယောက်ကို ကွန် ပျူတာမှာ ရှာပေးစမ်းပါလို့ လှမ်းပြောတယ်။ ဂျော့ ကဲလား နာမည် ကိုတော့ ထည့် မပြောဘူးပေါ့။ ခဏနေတော့ ပီတာ ရိုက်ဒါ ဆိုတဲ့ ဆရာဝန်ကို သွားတွေ့တယ်။ သူက ကိုယ်နှင့် အတန်းတူ။ ခုတော့ ဂျွန်ဟော့ပကင်း ဆေးတက္ကသိုလ်မှာ ကင်ဆာ ရောဂါ ပါမောက္ခ ဖြစ် နေတယ်။ နေတာကလည်း သိပ် မဝေးဘူး။ ဆော်လတီမိုးမှာ နေတယ်။

ကိုယ်ဟာ ဂျော့ ကဲလား ကျန်းမာရေး အတွက် စိတ်မကောင်း ဖြစ်နေတုန်းမှာ တခြား ကိစ္စ တစ်ခု အတွက်လည်း စိတ်ပူနေတယ်။

ကိုယ့်ဆီကို တယ်လီဖုန်းဆက်တဲ့ နေရာမှာ ကိုယ်ပိုင် တယ်လီ ဖုန်းက မဆက်ဘဲ ပိုက်ဆံပေးရတဲ့ လမ်းဘေး တယ်လီဖုန်းက ဘာဖြစ် လို့ ဆက်ရတာလဲ။

ဟော့ပကင်း ဆေးတက္ကသိုလ် ကင်ဆာ ရောဂါ ဗေဒ ပါမောက္ခ ပီတာ ရိုက်ဒါ သည် ဂျော့ ကဲလားကို တွေ့တွေ့ချင်း မိတ်ဆက်လိုက်သည်။

'ကတ် ပေါ့ဇ်ဗီးယား'

'ခင်ဗျား ဘာပြောတာလဲ၊ ကျွန်တော် နားမလည်ဘူး၊ ဘာဖြစ်လို့ ကျွန် တော့်ကို ရုရှားလို ပြောတာလဲ'

'ဒုက္ခပါပဲဗျာ'

ခေါင်းပြောင်ပြောင် အရပ်မြင့်မြင့်နှင့် ဆရာဝန်က ပြန်ပြောသည်။ ဂျော့ ကဲလား၏ စကားကြောင့်လည်း တော်တော် စိတ်ပျက်သွားပုံ ရသည်။

'ဒုက္ခပဲ၊ ခင်ဗျား ကျွန်တော့်ကို မမှတ်မိဘူးလား၊ ဆလပ် ဘာသာ သင် တန်း ၁၆၈ တက်တုန်းက ကျွန်တော်က ခင်ဗျားဘေးမှာ ထိုင်တာလေ၊ ဒါ ပေမဲ့ ခင်ဗျားက အဲဒီတုန်းက ဂရုစိုက်ပြီး အတန်းတက်နေတော့ ကျွန်တော့်ကို

www.burmeseclassic.com

www.burmeseclassic.com



မှတ်မိချင်မှ မှတ်မိမှာပါ'

'အား ဟုတ်ပြီ၊ ကျွန်တော် မှတ်မိပြီ၊ ကျွန်တော်တို့ တစ်နေရာရာ သွားပြီး စကားပြောချင်တယ်ဗျာ'

'ရပါတယ်၊ ခင်ဗျားမှာ ဓာတ်မှန် တချို့ ရှိတယ်ဆို၊ ကျွန်တော့် ရုံးခန်း သွားပြီး ကြည့်မယ်လေ'

ဂျော့ ကဲလားက ဓာတ်မှန်ထည့်ထားသည့် စာအိတ်ဝါကြီးများကို ... ကာ ဝတ်ရုံဖြူ ဝတ်ထားသည့် ဆရာဝန်နောက်သို့ လိုက်လာခဲ့သည်။ ဆရာဝန် က သူ့ အခန်းတံခါးကို ပိတ်လိုက်သည့် နောက်မှာပင် ဂျော့ ကဲလားသည် ဓာတ်မှန်အိတ်များကို မချသေး။

'ဒီမှာ ဒေါက်တာ၊ ပထမဆုံး ဒေါက်တာ့ကို ရှင်းပြချင်တာ တစ်ခု ရှိ တယ်'

ဂျော့ ကဲလားက အားကိုးသည့် အသံဖြင့် ပြောသည်။

'ဒေါက်တာတွေ ဘာတွေ လုပ်မနေပါနှင့်ဗျာ၊ ရိုက်ဒါလို့ ခေါ်ပေါ့'

'ဟုတ်ပြီ၊ ရိုက်ဒါ၊ ကျွန်တော် နိုင်ငံခြားရေး ဌာနမှာ လုပ်နေတယ် ဆိုတာ ခင်ဗျား သိပြီးသား၊ ဒီ ဓာတ်မှန်တွေဟာ လုံခြုံရေးအရ အရေးကြီး တယ်ဗျာ'

'ခင်ဗျား ပြောတာ ကျွန်တော် နားမလည်ဘူး'

'ဒီ ဓာတ်မှန်တွေဟာ အထက်တန်း ကွန်မြူနစ် ခေါင်းဆောင်ကြီး တစ် ယောက်ရဲ့ ဓာတ်မှန်တွေဗျ၊ အဲဒီတိုင်းပြည်က ခက်ခက်ခဲခဲ ခိုးထုတ်လာရတာ ခု ကျွန်တော်တို့ ပြောတဲ့ စကားတွေကိုလည်း အထက်ကို ရေးတဲ့ အစီရင်ခံစာ ထဲမှာ မပါစေချင်ဘူး၊ ဒီ ဓာတ်မှန်ကို ဘာကြောင့် စစ်ဆေးရတယ် ဆိုတာ လည်း ခင်ဗျားကို ကျွန်တော် ပြောမပြနိုင်ဘူး'

'ဟုတ်ပြီလေ၊ ကျွန်တော် နားလည်ပါပြီ၊ အဲဒီတိုင်းပြည်က ခေါင်း ဆောင်ကြီးတွေ ကျန်းမာရေး အခြေအနေ ဘယ်လို ရှိတယ် ဆိုတာ ခင်ဗျားတို့ အနေနှင့် သိဖို့ လိုတယ် ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျွန်တော့် ကို စိတ်ချနိုင်ပါတယ်'

ရိုက်ဒါက နောက်တွင် မီးလုံး တစ်လုံး ထွန်းထားသည့် ဗီရိုထဲသို့ ... ၍ ဓာတ်မှန်ပြားများကို ချိတ်လိုက်သည်။

'တစ်ခုတော့ ကျွန်တော် နားမလည်ဘူးဗျာ၊ ခင်ဗျားက ဒီ ဓာတ်မှန် ပြားကို ဘာဖြစ်လို့ ကင်ဆာရောဂါ ပါရဂူ တစ်ယောက်ဆီမှာ လာပြရတာလဲ





'ဘာဖြစ်လို့လဲ'

'ဘာဖြစ်လို့ရမှာလဲ၊ ဓာတ်မှန်ပြား ဖတ်တာလောက်တော့ ဘယ် ဆေး ကျောင်းသား သွားပြပြ ဖတ်နိုင်တာပဲ၊ ဟောဒီမှာ လက်ဝဲဘက် အဆုတ်ရဲ့ အထက်ပိုင်းက အဖြူကွက်ကြီး မြင်တယ် မဟုတ်လား၊ အဲဒါ စားသွားပြီဗျ ... ရှိတော့ဘူး၊ လူနာဟာ သိပ်ကြာကြာ နေရတော့မှာ မဟုတ်ဘူး၊ အလွန်ဆုံး ... ခြောက် လပိုင်းပဲ၊ ခင်ဗျား သိချင်တာ ဒါပဲ မဟုတ်လား'

ရိုက်ဒါက ဂျော့ ကဲလားဘက်သို့ လှည့်၍ မေးသည်။

ဂျော့ ကဲလားသည် စကားမပြောနိုင်အောင် ဖြစ်နေသည်။ အတန်ကြာ မှ အသံတုန်တုန်ဖြင့် မေး၏။

'ဒါဖြင့် လူနာဟာ တော်တော် ခံစားနေရဘယ်ပေါ့'

'ကျွန်တော် တတ်နိုင်သလောက်တော့ တိကျအောင် ခန့်မှန်းချက် ပေး ရမယ်လေ၊ ကင်ဆာက အာရုံကြောတွေထဲကို ရောက်သွားပြီ ခင်ဗျ၊ အဲဒီတော့ ... ဘက် အထက်ပိုင်း အဲဒီနေရာမှာ တော်တော်လေး ခံစားရမယ်၊ အဲဒီ ... လူနာဟာ လက်မောင်းတွေဆီကို ရောက်လာမယ်'

ဂျော့ ကဲလားသည် နောက်ထပ် ဘာမေးရမည်ကိုပင် မသိတော့။

'ကဲ ဆို၊ နောက်ထပ် ဘာသိချင်သေးသလဲ'

'အင်း ဟိုဒင်းပေါ့ဗျ၊ ဒီလူနာဟာ ခင်ဗျား လူနာဖြစ်ရင် ခင်ဗျား ဘယ် လို ကုမလဲ'

'အင်း ရောဂါ ပျောက်အောင် ကုဖို့ ဆိုတာကတော့ တော်တော် အခွင့် အလမ်း နည်းသွားပြီ၊ ဒါပေမဲ့ ဓာတ်ကင်ရင်တော့ အသက်တော့ နည်းနည်း ... ရှည်နိုင်တာပေါ့ဗျာ၊ ကျွန်တော်တို့ ဆီမှာ အင်ဒရီယန်မိုင်စင်တို့၊ ... တင်တို့ ဆိုတဲ့ ဆေးတွေ ပေါ်နေပြီပဲ၊ ဆိုင်တိုဇန် ဆိုတဲ့ ဆေးတွေ ပေါ်နေပြီပဲ၊ ... ဆေးတွေကို တစ်မျိုးချင်း ဖြစ်ဖြစ် အားလုံးဖြစ်ဖြစ် သုံးရမှာပဲ'

'အဲဒီလို ဆိုရင် အနာအကျင်တော့ သက်သာမှာပေါ့'

'တော်တော်များများတော့ သက်သာကြတာပဲ၊ မသက်သာရင်လည်း ကျွန်တော်တို့ဆီမှာ မူးယစ်ဆေးတွေ၊ စိတ်ငြိမ်ဆေးတွေ အများကြီး ရှိတာပဲ ... သူတို့ကို သုံးရမှာပေါ့'

'ဒါဖြင့် အဲဒီ ဆေးတွေကို သုံးရင် ဒီလောက် အခြေအနေဆိုးနေတဲ့ ... မှာ တစ်ယောက်ဟာလည်း ညင်ညင်သာသာနှင့် အသက်ထွက်နိုင်တယ်ပေါ့'

'အင်း၊ ဆရာဝန်ရဲ့ အလုပ်မှာ အဲဒီ အလုပ်ဟာ အရေးကြီးဆုံး အစိတ်



www.burmeseclassic.com

www.burmeseclassic.com



အပိုင်းပဲလို့ ပြောရတော့မယ် ထင်တယ်'

ရိုက်ဒါ၏ အသံမှာ တိုးတိတ် ညင်သာနေသည်။

'ကျေးဇူးပဲဗျာ'

ဂျော့ ကဲလားသည် အခန်းထဲမှ ဣန္ဒြေမပျက် ထွက်သွားနိုင်ရန် ဟန်ဆောင်နေရသည်။

'ရပါတယ်ဗျာ၊ ကိစ္စ မရှိပါဘူး၊ ဒါပေမဲ့ ခင်ဗျားကို တစ်ခုတော့ မေးချင်တယ်ဗျာ၊ ကျွန်တော့်ကို စိတ်ချပါ'

'ဘာ မေးချင်တာလဲ'

'အဲဒါ ဘယ်သူ့ ဓာတ်မှန်လဲ၊ ဘရက်ဇညက်လား'

'ဝမ်းနည်းပါတယ်ဗျာ၊ ဒါတော့ ပြောလို့ မဖြစ်လို့ပါ'

ဂျော့ ကဲလားက ခပ်တိုးတိုး ပြောသည်။

ဂျော့ ကဲလားက ကုန်သွယ်ရေး ဝန်ကြီးဌာနရှိ စတီဖင်ကို ဖုန်းဆက်ပေးရန် သူ့အတွင်းဝန်ကို လှမ်းပြောသည်။ စတီဖင်မှာ မတ်ဆာချူးဆက် စက်မှု တက္ကသိုလ်မှ ဆင်းလာသော စက်မှု သိပ္ပံ ပညာရှင် ကျွမ်းကျင်သူ တစ်ဦး ဖြစ်ပြီး ဂျော့ကဲလားနှင့် ညစာစားပွဲ တစ်ခုတွင် တွေ့ကာ သူ့ကိုယ်သူ လာ၍ မိတ်ဆက်ခဲ့သူသည်။ ကြီးမြင့်လိုသော ဆန္ဒရှိသည့် လူငယ်များ ထုံးစံ ဝါရှင်တန် အိမ်ဖြူတော်သို့ ရောက်လာသည်နှင့် အထက် အရာရှိများနှင့် ဝင်ဆံ့အောင် ကြိုးစားနေသူ တစ်ဦးလည်း ဖြစ်သည်။

'ဒေါက်တာ ကဲလားလား၊ ဒေါက်တာ့ အသံကို ကြားလိုက်ရလို့ ဝမ်းသာတယ် ခင်ဗျ၊ ကျွန်တော် ဘာလုပ်ပေးရမလဲ'

'ကိစ္စကလေး တစ်ခု ရှိလို့ဗျ၊ သိပ်တော့ အရေးမကြီးပါဘူး၊ တောယ်အာအိတ်စ် ၈၀ ကိစ္စနှင့် ပတ်သက်လို့ ခင်ဗျားများ သိမလားလို့'

'ဂြိုဟ်တုက ဓာတ်ပုံ ရိုက်ရာမှာ သုံးတဲ့ ဖစ်လတာ မဟုတ်လား'

စတီဖင်က ထိုကိစ္စများကို သူ ကျွမ်းဝင်ကြောင်း ပြချင်နေသည်။

'ဟုတ်တယ်၊ အဲဒီ ပစ္စည်းက ဘယ်လို ပစ္စည်းလဲ ဆိုတာ ကျွန်တော်လို လူပြိန်း တစ်ယောက် နားလည်အောင် ရှင်းပြနိုင်မလား'

'ရပါတယ်၊ ဒီလိုလေ၊ အဲဒီ ပစ္စည်းက ရာသီဥတု ဂြိုဟ်တုတွေမှာ ဓာတ်ပုံ ရိုက်တော့ ဓာတ်ပုံကို ကြည်လင် ပြတ်သားအောင် လုပ်ပေးတဲ့ ပစ္စည်း ဒီပစ္စည်းတွေကို သုံးပြီး ရိုက်တော့ ဒေါက်တာတို့လို အရေးကြီးတဲ့ ပုဂ္ဂိုလ်တွေ





မိုးထဲ လေထဲ ထီးပါဘဲ မိုးမိတဲ့ အဖြစ်မျိုး မဖြစ်တော့ဘူးပေါ့ ဟဲဟဲ'

'ဒီလောက်ပဲ ဆိုရင်တော့ ဘာမှ အရေးမကြီးပါကလား၊ စစ်ရေးအရကော ဘာများ တန်ဖိုး ရှိသလဲ'

'ဒါကတော့ ကိုယ်က ဘာအတွက် သုံးမလဲ ဆိုတဲ့ အချက်ပေါ်မှာ တည်တယ်လေ၊ ဂြိုဟ်တု ဓာတ်ပုံက ကြည်လင် ပြတ်သားနေရင် ရန်သူရဲ့ ဒုံးပျံစခန်း တစ်ခုကို ဒုံးပျံနှင့် ကောင်းကောင်းချိန်နိုင်တာပေါ့'

'ဒါဖြင့် ဒီလို ကိစ္စမျိုးကို ခင်ဗျားတို့ ဘယ်လို သဘောထားသလဲ'

'ကျွန်တော်ကတော့ အကြမ်းဖျင်း ပြောနေတာ ခင်ဗျ၊ ဒီလောက် ပြောဘာတောင် လွန်လှပြီ၊ ကျွန်တော့်ရဲ့ ထင်မြင်ချက်ကို လိုချင်ရင်တော့ နိုင်ငံခြားရေး ဝန်ကြီးအဖွဲ့က ဘယ်လို ဆုံးဖြတ်သလဲ ဆိုတဲ့ အချက်ပေါ်မှာ တည်နေတယ်'

'ကစ်ဆင်းဂျား ဆုံးဖြတ်ရင်ကော'

'ဟာ သိပ်ဖြစ်တာပေါ့ ခင်ဗျာ'

'ကျေးဇူးတင်တယ် စတီဖင်၊ စကားမစပ် ခင်ဗျား တင်းနစ် ကစားတယ်နော်'

'နည်းနည်းပါးပါးပါ'

'ဟုတ်ပြီလေ၊ နောက်တစ်ပတ်ထဲကျရင် ခင်ဗျားကို ခေါ်မယ်၊ တင်းနစ်ကလေး ဘာလေး ရိုက်ရအောင်'

သည့်တစ်ကြိမ်တွင်မူ ဂျော့က ယာကူရှကင်ကို ထမင်းစားဖိတ်သည်။ ချော်ပွဲစားရုံမှာ ရုရှားတွေ ကြိုက်တတ်သည့် အီတလီ ဟိုတယ် ဖြစ်သည်။ စားသောက်ဖွယ်များကို မှာပြီးသည်နှင့် ဂျော့ ကဲလားက လိုရင်းကိစ္စကို ပြောသည်။

'ခင်ဗျား ပြောထားတဲ့ ကိစ္စကလေးကို ကုန်သွယ်ရေး ဝန်ကြီးဌာနကို စုံစမ်းပြီးပြီ၊ ခင်ဗျားတို့ အစိုးရက ကမ်းလှမ်းတဲ့အတိုင်း လိုတဲ့ ပစ္စည်းကတော့ မြန်မြန် ရပါလိမ့်မယ်'

ယာကူရှကင်က ရက်ရောစွာ ပြုံးလိုက်ရင်း

'ဟာ သိပ်ဝမ်းသာစရာကောင်းတဲ့ သတင်းပေါ့ ခင်ဗျာ၊ ကျေးဇူးတင်တယ်ဗျာ၊ ကျွန်တော့်ဘက်က အပြန်အလှန် ကူညီနိုင်တာ ရှိရင်လည်း ပြောပါ၊ ကူညီပါ့မယ်'

www.burmeseclassic.com

www.burmeseclassic.com



ဂျော့က မိမိတို့ အနီးတွင် တခြား ဧည့်သည်များ ရှိ မရှိကို မသိမသာ လှမ်း၍ အကဲခတ်သည်။

သို့ရာတွင် ယာကူရှုကင်က သူ့ စိတ်ထဲတွင် ဖြစ်နေသည်ကို ရိပ်မိလိုက်ပြီ။ ထို့ကြောင့် သူကပင် စပြောသည်။

'ခုဆို ခင်ဗျား ဇာတိမြို့ကို မှတ်မိမှာတောင် မဟုတ်တော့ဘူး၊ ဘူတာပက်စ်မှာ မိုးထိ တိုက်ကြီးတွေ၊ ခေတ်မီ ဆေးရုံကြီးတွေ ရှိနေပြီဗျ၊ ပစ္စည်းကိရိယာတို့ ဆေးဝါးတို့ကလည်း အစုံပဲ'

'တော်တော် ပြည့်စုံသလား'

'ခင်ဗျားတို့ အနောက်တိုင်းမှာ ရှိတဲ့ ပစ္စည်း ကိရိယာတွေ အစုံ ရှိပါတယ်၊ မယုံရင် စုံစမ်းကြည့်ပေါ့'

ဂျော့ ကဲလား စိတ်သက်သာရာ ရသွားသည်။ ဂျော့ ကဲလားသည် သူ့အဖေ အတွက် အသုံးတည့်မည့် ဆေးဝါတွေကို မှတ်မိနေလေပြီ။

'အင်ဒရီယန်မိုင်စင်တို့၊ စစ္စပလန်တင်တို့၊ ဆိုင်တိုဇန်တို့ရော ရှိရဲ့လား'

'လိုအပ်လာရင် ရပါတယ်ဗျာ'

'အင်း ဒီလိုဆိုရင်တော့ မဆိုးပါဘူး'

သည့်နောက်တွင်မူ အခြား အကြောင်းအရာများကို ပြောချိန်တန်ပြီ ဖြစ်ကြောင်း စစ်တုရင် ကစားသမား နှစ်ယောက်စလုံး သိကြသည်။

ဂျော့ ကဲလားသည် အရှေ့ ဥရောပဆိုင်ရာ လက်ထောက် နိုင်ငံခြားရေး ဝန်ကြီး အဖြစ် ပေါ်လစီဆိုင်ရာ အဆိုပြုလွှာများကို ရေးဆွဲရသည်။ သို့ ရေးဆွဲရာတွင် သူ့ ဆရာ နိုင်ငံခြားရေး ဝန်ကြီး ကစ်ဆင်ဂျား၏ အတွေးအခေါ်နှင့် ကိုက်ညီအောင် တစ်ဖက်က သတိထားရသည့်တိုင် ရေးဆွဲရာတွင်မူ သူ့ ကိုယ်တိုင် ရေးဆွဲခြင်း ဖြစ်သည်။ ထိုသို့ ရေးဆွဲပြီးသား ပေါ်လစီဆိုင်ရာ အဆိုပြုလွှာများကို သီတင်းပတ်ကုန်တိုင်း ကစ်ဆင်ဂျားထံသို့ တင်ပြရသည်။

ယခုမူ ဂျော့ ကဲလားသည် ထိုပေါ်လစီ အဆိုပြုလွှာများကို ရေးဆွဲရာတွင် များစွာ ကျွမ်းကျင်လျက် ရှိကာ ကစ်ဆင်ဂျား၏ အတွေးအမြင်များကိုသာမက သူ့ စကားလုံးများကိုပင် ထည့်သွင်း အသုံးပြုတတ်နေလေပြီ။ လိုနေသောကြာနေ့ ညနေက ဌာန အသီးသီးသို့ ပေးပို့သည့် မှတ်တမ်းများ စာများထဲတွင် ကုန်သွယ်ရေး ဝန်ကြီးဌာနရှိ အလတ်တန်း အရာရှိများထံသို့ ပို့သေ





သည့် အဆိုပြုလွှာ တစ်စောင်လည်း ပါသည်။

တေလာ အာအိတ်စ် ၈၀ ပစ္စည်းများ ရောင်းချရေးကို ဆိုင်းငံ့ထားရန် အကြောင်းမရှိပါ။ ထိုပစ္စည်းများသည် စစ်ရေးအရ တန်ဖိုးဘာမျှ မရှိ။ ကျွန်ုပ်တို့ အနေဖြင့် ထို ပစ္စည်းများကို ရောင်းချနိုင်သည်။ သူတို့က ခိုးယူသွားလျှင် ကိုယ့်တွင် ပိုက်ဆံ မရရုံသာ ရှိမည်။

ကစ်ဆင်ဂျား။

ဂျော့ ကဲလားသည် သူ ယူလာသော စာရွက်စာတမ်းများကို ရှေ့တွင် ချကာ ထိုအထဲတွင် ပါသည့် အကြောင်းအရာများကို နိုင်ငံခြားရေး ဝန်ကြီး ကစ်ဆင်ဂျားအား ရှင်းပြနေသည်။

ယင်းတို့အနက် အများမှာ ပေါ်လစီ ဆိုင်ရာ ညွှန်ကြားချက်များ ဖြစ်သည်။

'ဒီပစ္စည်းတွေက စစ်ရေးအရ တန်ဖိုး မရှိဘူး ဆိုတာ ဆိုင်ရာတွေနှင့် ညှိနှိုင်း မေးမြန်းကြည့်ပြီးပြီလား'

'ကုန်သွယ်ရေး ဝန်ကြီး ဌာနက အမ်အိုင်တီ ကျောင်းဆင်း ကျွမ်းကျင်သူ တစ်ယောက်ကို မေးမြန်း ကြည့်ပြီးပါပြီ၊ သူ့ နာမည်က ဖက်စတားပါ'

ဂျော့ ကဲလားက ဖြေသည်။

'အဲဒီလူကို ကျုပ် မသိပါလား၊ သူက လူသစ်လား'

ဂျော့ ကဲလားက ခေါင်းညိတ်ပြသည်။

'ကျွန်တော် သူ့အကြောင်းကို လေ့လာ ပြီးပါပြီ၊ ဒီကိစ္စမှာ သူ့ထက် ကျွမ်းကျင်တဲ့ လူရယ်လို့ သိပ်မရှိပါဘူး'

'ဒီလူကို ကျွန်တော် ကိုယ်တိုင် ခေါ်တွေ့ဖို့ လိုဦးမလား'

ဂျော့ ကဲလား စိတ်သည် ယောက်ယက်ခတ်နေသည်။

'ဟုတ် ဟုတ်ကဲ့၊ ဒီကိစ္စနှင့် ပတ်သက်လို့တော့ ဝန်ကြီး ကိုယ်တိုင် တွေ့ဖို့ လိုမယ် မထင်ပါဘူး ဝန်ကြီး'

'ကောင်းပြီလေ၊ ခင်ဗျား အလုပ် လုပ်တာ သေချာပါတယ်၊ ထားခဲ့လေ၊ ကျွန်တော် လက်မှတ် ထိုးလိုက်ပါ့မယ်'

'ဟုတ်ကဲ့ ဝန်ကြီး'

ကစ်ဆင်ဂျားက သူ့ကို မော်ကြည့်သည်။

'ကဲ သီတင်းပတ်ကုန်မှာ ကောင်းကောင်း နားဗျာ၊ ခင်ဗျားလုပ်ကို သိပ်လည်း



www.burmeseclassic.com

www.burmeseclassic.com



ဖိလုပ်မနေနှင့်၊ ကျန်းမာရေးလေး ဘာလေး ဂရုစိုက်ဦး'

ဂျေဆန်၏ မိဘများသည် ရည်မှန်းထားသည့် အတိုင်း ၁၉၇၃ ခု အောက်တိုဘာလဆန်းတွင် အစ္စရေးသို့ မသွားဖြစ်ခဲ့ကြ။ ဟီဗရူး ဘာသာဝင်တို့၏ ယွန်းကပူး ပွဲတော်နေ့တွင် အီဂျစ်နှင့် ဆီးရီးယား တပ်များက အစ္စရေးကို အလုံးအရင်းဖြင့် ဝင်ရောက် တိုက်ခိုက်ကြသောကြောင့် ဖြစ်သည်။

အစ္စရေးတို့မှာ အငိုက်မိသွားကာ ရက် အနည်းငယ် အတွင်းတွင် လုံးဝပြိုကွဲ ကျဆုံးတော့မည့် အခြေအနေ ရောက်သွားသည်။

ရန်သူက ဝင်တိုက်ပြီ ဆိုသည့် သတင်းများ စစ်ဦးစီး ဌာနချုပ်သို့ ရောက်လာသည့် အခါ၌ကား အီဂျစ် တင့်ကားများသည် စူးအက် တူးမြောင်းကို ဖြတ်ကျော်လာခဲ့ကာ နယ်စပ်ရှိ အစောင့် တပ်ဖွဲ့များကို သုတ်သင် ရှင်းလင်း ပြီးခဲ့ပြီ။ ထိုအတိုင်းသာ ဆိုလျှင် ရန်သူ တပ်များသည် တယ်လ်အဗီ မြို့တော်သို့ပင် အခုအခံ မရှိ ချက်ချင်း ရောက်လာတော့မည့်ပုံ ဖြစ်နေသည်။

မြောက်ဘက်မှ အခြေအနေမှာ ထိုထက်ပင် ဆိုးသေးသည်။ ဆီးရီးယားတင့်ကား ရာပေါင်းများစွာတို့သည် နယ်စပ်သို့ တိုးဝင်လာခဲ့ကြကာ လူဦးရေထူထပ်သည့် မြို့များနှင့် နာရီ အနည်းငယ် အကွာတွင် ရောက်နေကြပြီ။

အစ္စရေးတပ် အနည်းငယ်တို့သည် ရန်သူတို့၏ ချီတက်မှုကို နှေးကွေးသွားစေရန် ဆိုသည့် ရည်ရွယ်ချက်ဖြင့် နောက်မဆုတ်ဘဲ ကာကွယ်နေကြရသည်။ သူတို့ ပေးရမည့် တန်ဖိုးက မနည်း။ သို့ရာတွင် အခြားလမ်း ရွေးစရာ မရှိတော့။

အစ္စရေး ရေဒီယိုက ယွန်းကပူး ဥပုသ်ကို ရပ်ဆိုင်းကာ အရန်တပ်များချက်ချင်း တပ်သို့ ပြန်လာကြရန် ကြေညာသည်။ စုပေါင်းရိပ်သာတွင် ရောက်နေသည့် ဂျေဆန်ထံသို့လည်း အမိန့် ရောက်လာသည်။

'ဘယ်လို ဖြစ်တာလဲဗျာ' ဟု ဂျေဆန်က မေး၏။

'ဘာမှ မေးမနေနှင့် ရဲဘော်၊ စစ်ဌာနချုပ်မှာလည်း ယောက်ယက် ခတ်နေပြီ၊ ကျွန်တော်တို့ တာဝန်က ဆီးရီးယား တင့်ကားတွေကို တားထားဖို့ပဲ ရှိသမျှ အရန် တပ်သားတွေကို စုပြီး ဂိုလန်တောင်ကုန်းကို သွားပါ၊ ဟိုမှာ ရှိတဲ့ တပ်တွေနှင့် ပေါင်းပြီး ခုခံပါ၊ ပြီးတော့ ဗိုလ်ချုပ် အိုင်တန်ဆီကို သွား သတင်း





ပို့၊ သူက ခင်ဗျားကို ကွပ်ကဲမှု တာဝန် ပေးလိမ့်မယ်'

'ကျွန်တော်က ဘယ်တပ်ကို ကွပ်ကဲရမှာလဲ'

'မသေဘဲ ကျန်နေတဲ့ တပ်ပေါ့ဗျာ၊ ဒါတော့ ဘယ်တပ်လဲ ဆိုတာ ကျုပ်လည်း မသိဘူး'

ဂျေဆန်နှင့် စုပေါင်း ရိပ်သာရွာရှိ အရန်တပ်သား လေးငါးယောက်တို့သည် ထရပ်ကားများကို ယူကာ ကြမ်းတမ်းသော လမ်းအတိုင်း မောင်းလာခဲ့ပြီး စစ်မျက်နှာသို့ ထွက်လာခဲ့ကြသည်။ လမ်းတစ်လျှောက်တွင်လည်း ရှေ့တန်း စစ်မျက်နှာသို့ သွားနေသည့် တပ်သားမှန်သမျှကို ကားပေါ်သို့ တင်လာခဲ့ကြသည်။ အချို့မှာ ယူနီဖောင်းပင် မပါ။ ဂျင်းဘောင်းဘီများနှင့် စပို့ရှပ်များကို ဝတ်ထားကြပြီး သေနတ်တွေ၊ ခဲယမ်းမီးကျောက်တွေကို သယ်လာကြသည်။ တစ်လမ်းလုံး မည်သူမျှ စကားမပြောမိကြ။

သူတို့သည် ကွပ်ကဲမှု ဌာနချုပ်ရှိရာ နာဖာသို့ လာခဲ့ကြခြင်း ဖြစ်၏။ သို့ရာတွင် ဆီးရီးယား တင့်ကားများက သူတို့ထက် အရင် နာဖာသို့ ရောက်နေကြလေပြီ။ ဗိုလ်ချုပ် အိုင်တန်မှာလည်း ဆုတ်သွားခဲ့ပြီ။

သူတို့ တစ်သိုက်သည် လမ်းဘေးတွင် ဖြစ်သလို ခေန်းချနေသော ဗိုလ်ချုပ် အိုင်တန်၏ ဌာနချုပ်ကို တွေ့ရသည်။ ကျဆုံး ဒဏ်ရာရသည့် တပ်သားတွေ များလွန်းသဖြင့် ဂျေဆန် အံ့အားသင့်နေသည်။ အကောင်းပကတိ ကျန်ရစ်သည့် တပ်သား ဟူ၍ မရှိတော့။ အရန် တပ်သားများက အခြေအနေကို ထိန်းပေးနေရသည်။

ဗိုလ်ချုပ် အိုင်တန်က အခြေအနေကို ရှင်းနေစဉ် နားထောင်နေသည့် တပ်သားများ အရာရှိများထဲတွင် မိမိနှင့် အတူ လေထီး ကွန်မင်ဒို တပ်ထဲတွင် အမှုထမ်းခဲ့သော ယိုနီကို တွေ့လိုက်ရသည်။ တပ်မှူး၏ အမိန့်ကို နားထောင်နေစဉ် သူတို့ အချင်းချင်း ခေါင်းညိတ်ပြီး နှုတ်ဆက်မိကြသည်။

'ဘားရတ် သံချပ်ကာ တပ်ဖွဲ့ဟာ လုံးဝ နီးပါး ချေမှုန်း ခံလိုက်ရတယ်၊ ရန်သူက တို့ထက် အင်အား အရေအတွက်လည်း များတယ်၊ တင့်ကား အရေအတွက်လည်း များတယ်၊ သူတို့မှာ နောက်ဆုံးပေါ် တီ ၆၂ ရုရှားတင့်ကားတွေ ပါလာတယ်၊ ဒါပေမဲ့ တို့အနေနှင့် တို့ လက်နက် အကူအညီ ရောက်လာသည့် အထိ ခံတိုက်ရမှာပဲ၊ ဒီတော့ မင်းတို့ အနေနှင့် မင်းတို့ တပ်သားတွေကို စုစည်းပြီး တင့်ကားပစ် ဒုံးတွေ ကိုင်တွယ်တတ်အောင် သင်ပေးပါ၊

www.burmeseclassic.com

www.burmeseclassic.com



ခဲယမ်းမီးကျောက်ကို အလဟဿ မဖြုန်းတီးပါနှင့်'

'ကျွန်တော်တို့ တပ်ကူတွေက ဘယ်တော့လောက် ရောက်မှာလဲ ဗိုလ်ချုပ်'

ဂျေဆန်က မေးသည်။

'ဒါတော့ ဘုရားသခင်မှ သိမှာပဲကွ၊ ဒါပေမဲ့ ခု တို့မှာရှိတဲ့ အင်အားကတော့ ဒါ အကုန်ပဲ၊ မင်း မြင်တဲ့ အတိုင်းပဲ'

ဗိုလ်ချုပ် အိုင်တန်က ဖြေသည်။

'ရပါတယ် ဗိုလ်ချုပ်၊ ကျွန်တော်တို့ ရှိတာနှင့် တိုက်ပါ့မယ်၊ ကျွန်တော်တို့ တပ်မတော်က ဂီဒီယွန်ရဲ့ တပ်မတော်ပေါ့'

ယိုနီက ပြောသည်။

'ဂီဒီယွန်ရဲ့ တပ်မတော်ကမှ ကျွန်တော်တို့ထက် အင်အား များသေးတယ်'

ဂျေဆန်က အရွှန်းဖောက်သည်။ သို့ရာတွင် အရွှန်းအပြက် စကားသည် ကြီးစင်ပေါ် တက်ခါနီး လူ၏ အရွှန်းအပြက် စကားကဲ့သို့ ဖြစ်နေသည်။

အစည်းအဝေး ပြီးသည့် အခါ၌ အရာရှိ နှစ်ယောက်သည် သူတို့ အမိန့်ကို စိုးရိမ်တကြီး စောင့်မျှော်နေကြသည့် အရန် တပ်သားများထံသို့ ပြန်လာခဲ့ကြသည်။

'ခင်ဗျားကတော့ စက်တွေအကြောင်း နည်းနည်းပါးပါး နားလည်တဲ့လူပဲ၊ ခု ပျက်သွားတဲ့ ကျွန်တော်တို့ တင့်ကားတွေကို ပြင်သုံးလို့ ရနိုင်ပါ့မလား'

ယိုနီက ဂျေဆန်ကို မေးသည်။

'ပြင်လို့တော့ ရမယ် ထင်တာပဲ၊ ဒါပေမဲ့ ပြင်လို့ ရဦး ကျွန်တော်တို့ ဘာတတ်နိုင်တော့မှာလဲ၊ ရန်သူ အင်အားက ကျွန်တော်တို့ထက် အဆ ငါးဆယ်လောက် များနေတာ'

'ကျွန်တော်တို့ အဖို့တော့ တစ်နည်းပဲ ရှိတော့တာပေါ့လေ၊ သူတို့က ကျွန်တော်တို့ထက် တင့်ကား အရေအတွက် သာနေရင် ကျွန်တော်တို့ အားကိုးရမှာက အချိန်ကိုက် တိုက်နိုင်ဖို့ပဲ ရှိတော့တာပေါ့၊ မနက်ဖြန် ၁၆:၀၀ နာရီမှာ တိုက်ဖို့ ခင်ဗျား တင့်ကားတွေ အဆင်သင့် ဖြစ်မလား'

'ဘာ၊ ကျွန်တော်တို့က တိုက်မယ် ဟုတ်လား၊ ခင်ဗျား ဘုရားသခင်ကို တကယ် ယုံလား'

ဂျေဆန်က တအံ့တသြ မေးသည်။





'ခု မဖြေသေးဘူးဗျာ၊ ပြီးတော့မှ ဖြေမယ်၊ ခုလောလောဆယ်တော့ ခင်ဗျား တင့်ကားတွေ အခြေအနေ မြန်မြန် ကောင်းပါစေလို့ ဆုတောင်းရမှာပဲ'

စက်ပြင်သမားများကို ဆဲဆို ကြိမ်းမောင်းပြီးနောက် ဂျေဆန်သည် ယိုနီ အတွက် တင့်ကား ဆယ့်နှစ်စီးလောက်ကို ပြင်ပေးနိုင်ခဲ့သည်။ ထို တင့်ကား များမှာ အနည်းဆုံး မောင်းလို့တော့ ရသည်။ လေထီးတပ် အရာရှိ ယိုနီသည် ထို တင့်ကား ဆယ့်နှစ်စီးဖြင့် ဆီးရီးယန်း တင့်ကားများကို တိုက်ရန် ရှေ့တန်းသို့ ထွက်သွားခဲ့သည်။

ထိုအတောအတွင်းတွင် ဂျေဆန်သည် ထိတ်လန့် တုန်လှုပ်နေသည့် တပ်သားငယ်များကို ခေါင်းဆောင်ကာ နာဖာ စခန်းကို ပြန်သိမ်းရန် ကြိုးစားကြည့်သည်။ သူတို့ ရည်မှန်းချက်ကို ရောက်ခါနီးတွင် ဆီးရီးယန်း တပ်သားတွေ အပြည့် တင်လာသည့် ရုရှားလုပ် အီလျူးရှင်း ရဟတ်ယာဉ်ကြီး သုံးစင်း မိုးကုပ် စက်ဝိုင်းတွင် ပေါ်လာသည်။

'ဟေ့ ရဲဘော်တွေ၊ ခုတိုက်ပွဲမှာ တို့က အလစ်အငိုက် ဦးဖို့ အရေးကြီးတယ်၊ ဒီတော့ ဒီကောင်တွေ သူတို့ ပစ္စည်းတွေကို မသယ်မီမှာ တို့က အဆင်သင့် ရှိနေရမယ်၊ ရဟတ်ယာဉ်ပေါ်က ဆင်းလာတာနှင့် ကိုယ်က ဦးအောင်ပစ်'

သူ့ ရဲဘော်များက ခေါင်းညိတ်ပြသည်။ စကား တစ်လုံးမျှ မပြော။

ရဟတ်ယာဉ်ပေါ်မှ ပထမဆုံး ဆင်းလာသည့် ဆီးရီးယန်း တပ်သားများက စတင် ပစ်ခတ်သဖြင့် အစ္စရေး တပ်သားများ အများအပြား ကျသွားကြသည်။ သို့ရာတွင် ဂျေဆန်က ရှေ့ကို အတင်း တက်နေသည်။ ဂျေဆန်သည် ပြေးနေလျက် တန်းလန်းက ခါးကြားထဲက လက်ပစ်ဗုံး တစ်လုံး ဆွဲထုတ်ကာ ရဟတ်ယာဉ်ပေါ်မှ ဆင်းနေသည့် ဆီးရီးယန်း ကွန်မင်ဒို တပ်သားများ ကြား ထဲသို့ ပစ်ချလိုက်သည်။ လက်ပစ်ဗုံးသည် ရဟတ်ယာဉ် အနီးတွင် ကျရောက် ပေါက်ကွဲသွားကာ ဆီးရီးယန်း ကွန်မင်ဒိုများမှာ ဖရိုဖရဲ ဟိုပြေး သည်ပြေး ဖြစ်ကုန်ကြသည်။

သို့ရာတွင် ဆီးရီးယန်း တပ်များမှာ လက်ရွေးစင် တပ်များ ဖြစ်သည် အတွက် အချို့မှာ ထွက်ပြေးခြင်း မရှိဘဲ အနီးကပ် တိုက်ပွဲ တိုက်ရန် အသင့် ပြင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဂျေဆန်သည် ထို အနီးကပ် တိုက်ပွဲ သင်တန်းများကို ကြာရှည် လေ့ကျင့်ခဲ့ရသူ တစ်ဦး ဖြစ်သည့်တိုင် တကယ် တွေ့တွေ့ဆိုင်ဆိုင် တိုက်ရသည်မှာ ယခု အကြိမ်သည် ပထမဆုံး အကြိမ် ဖြစ်သည်။ သူက သတ်ရမည့်သူ သို့မဟုတ် သူ့ကို သတ်မည့်သူ၏ မျက်နှာကို မြင်ရဖူးသည်မှာလည်း ယခု အကြိမ်သည် ပထမဆုံး အကြိမ် ဖြစ်သည်။

နောက်ဆုံးတွင် အစ္စရေး တပ်များက အနိုင် ရလိုက်ကြသည်။ အခြား ရဟတ်ယာဉ် နှစ်စင်း ကြောက်လန့်ကာ လှည့်ပြန်ပြေးကြသည်။ ထိုနေရာ တစ်ဝိုက်တွင် နှစ်ဖက်စလုံး ကျဆုံးသော အလောင်းများ ဒဏ်ရာရသူများနှင့် ပြန့်ကျဲနေတော့သည်။

သူ့ အင်္ကျီတွင် သွေးတွေ စွန်းပေနေသည်ကို မြင်လိုက်သည့် အခါ၌ ဒဏ်ရာ ရသွားပြီဟု ဂျေဆန် ထင်လိုက်မိသည်။ နောက်မှ အခြား တပ်သား တစ်ဦး၏ သွေးဖြစ်ကြောင်း တွေ့ရသည်။

သူ့ အနီးသို့ ရဲဘော် တစ်ယောက် ပြေးလာကာ

'သူတို့ တပ်သား သုံးဆယ် ကျသွားတယ် ဗိုလ်ကြီး၊ ဒီကောင်တွေ နောက်တစ်ခါ လာတိုက်ရဲတော့မှာ မဟုတ်တော့ဘူး'

'တို့ဘက်က ဘယ်လောက် ကျသလဲ'

'လေးယောက် ဗိုလ်ကြီး၊ နှစ်ယောက် သုံးယောက်ကတော့ ဒဏ်ရာ တော်တော်လေး ပြင်းတယ်၊ ခု ဆေးမှူးကို ခေါ်ထားတယ်'

ဂျေဆန်သည် ဇဝေဇဝါဖြင့် ခေါင်းညိတ် ပြလိုက်ပြီး မိုးကုပ် စက်ဝိုင်းကို ငေးကြည့်နေသည်။

တိုက်ပွဲ အရှိန်သည် တဖြည်းဖြည်းနှင့် ကျဆင်းသွားခဲ့သည်။

မိမိတို့ဘက်မှ တင့်ကားများနှင့် တပ်သားသစ်တွေ ရောက်လာကာ ထို တင့်ကားများနှင့် ဆီးရီးယား ပြည်ထဲသို့ ဝင်လာနိုင်ခဲ့ကြသည်။ တဖြည်းဖြည်းနှင့် ဒမတ်စကတ် မြို့အနီး အမြောက်တစ်ကမ်း အကွာသို့ ရောက်လာခဲ့ကြသည်။

အောက်တိုဘာလ ၁၁ ရက်နေ့ စနေနေ့၊ ယွန်းကပူး ဥပုသ် ပြီး၍ တစ်ပတ် အကြာတွင်မူ ဆီးရီးယား စစ်မျက်နှာမှာ ငြိမ်သက်သွားခဲ့ကာ အစ္စရေး တပ်များအား ဆိုင်းနိုင်း စစ်မျက်နှာသို့ ပြောင်းရွှေ့ ပေးနိုင်ခဲ့သည်။ ထို စစ်မျက်နှာတွင်မူ တိုက်ပွဲ ပြင်းထန် နေသေးသည်။





ဂျေဆန်သည် ရဟတ်ယာဉ် တစ်စင်းပေါ်သို့ တက်လာခဲ့ရာ ယိုနီကို တွေ့ရသဖြင့် သူ့အားတွင် ဝင်ထိုင်သည်။

'အရင် အပတ်ထဲတုန်းက ကျူပ်က ခင်ဗျားလောက် မအိပ်ခဲ့ရဘူးဗျ မယုံရင် ဘီယာကြေး လောင်းမလား'

ဂျေဆန်က နွမ်းနယ်သည့် အသံဖြင့် ပြောသည်။

'ဗိုလ်ကြီးကမှ နည်းနည်း အိပ်ရသေးတယ်၊ ကျွန်တော် တစ်ရေးမှ မအိပ်ခဲ့ရဘူး'

'ဆောရီးဗျာ၊ ဒီလိုဆို ကျွန်တော် ရှုံးသွားတာပေါ့၊ ကျွန်တော်က မနေ့ညက နှစ်နာရီလောက် ကောင်းကောင်း အိပ်ခဲ့ရတယ်၊ ကျွန်တော်ကပဲ တိုက်ပါ့မယ်'

'ဒီလိုဆို အမှတ်တရပေါ့ဗျာ' ဟု ယိုနီက ပြုံး၍ ပြောသည်။

သူတို့ နှစ်ယောက်သည် ဆိုင်းနိုင်း စစ်မျက်နှာသို့ လာခဲ့ကြသည်။

သူတို့တွင် သတ္တိတွေ မကုန်သေး။ သို့ရာတွင် လက်နက်ခဲယမ်း မီးကျောက်ကတော့ ကုန်နေပြီ။

ဂျော့ ကဲလားသည် မလုံမလဲ ဖြစ်နေသည်။

တကယ်တော့ ထိုကိစ္စသည် ဘာမျှ ကြီးကျယ်သည့် ကိစ္စမဟုတ်။ တကယ့် အသေးအဖွဲကလေး။ ယခုမူ သူ့ စိတ်ထဲတွင် ထိုကိစ္စသည် ကြီးကျယ်သည့် ကိစ္စကြီး တစ်ရပ် ဖြစ်လာခဲ့ကာ နိုင်ငံတော် သစ္စာဖောက်မှုကြီး တစ်ခုကို ကျူးလွန်သည့်နှယ် ထင်နေသည်။ ထို့ကြောင့် ထိုကိစ္စကို မည်သူ့နှင့်မျှ ထုတ်ဖော် တိုင်ပင်ခြင်း မပြုရဲ။ ကောသီကိုပင် ထုတ်မပြောဝံ့။

ဂျော့ ကဲလားသည် သိပ္ပံ မဂ္ဂဇင်း မှန်သမျှကို ရှာဖွေကာ သတင်းစာ အာအိတ်စ် ၈၀ နှင့် ပတ်သက်၍ ဖတ်ကြည့်သည်။ သို့ရာတွင် ထိုပစ္စည်းသည် စစ်ရေးအရ လွန်စွာ အရေးကြီးသည့် ပစ္စည်း ဆိုသည့် သဘောမျိုး ရေးသား ချက် ဆို၍ တစ်ခုမျှ မတွေ့ရ။

သို့တိုင်အောင် မိမိ ပြုခဲ့သော အမှုကို ဆိုင်ရာတို့က သိရှိသွားမည် လောဟု ဂျော့ ကဲလား အကြောက်ကြီး ကြောက်နေသည်။ ကိစ္စ ပြေလာခဲ့လျှင် မှုကား မိမိသည် ဖခင်အတွက် လုပ်ရပါသည်ဟု အကြောင်းပြ၍သည်း ရှည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်။ အစိုးရဝန်ထမ်း ဖြစ်လာခဲ့လျှင် တစ်ဖက်တွင် ရှိနေသော ကိုယ့် အခြေကိုလည်း သေခါမှ သေစေ ထိုအတိုင်း ကြည့်နေရမည်သာ ဖြစ်သည်။

ယခုအထိ သူ့အဖေနှင့် ပတ်သက်၍ ဘာမျှ သတင်း မရသေး။ ရုရှားသံရုံးမှ ယာကူရှကင်ကိုလည်း သွား၍ မဆက်သွယ်ရဲ။ သူတို့ နှစ်ယောက် ရင်းနှီးစွာ ဆက်ဆံနေကြသည်ဟု ဆိုင်ရာတို့က ထင်သွားမည်ကို သူ စိုးရိမ်သည်။

မိမိသည် တရားဥပဒေနှင့် ငြိစွန်းသော အလုပ်ကို ဘာမျှ လုပ်ခြင်း မဟုတ် ဟူသော ဖြေသိမ့်မှုဖြင့် ဂျော့ ကဲလားသည် သူ့ မလုံမလဲ စိတ်ကို ဖျောက်ရသည်။ နိုင်ငံခြားရေး ဌာန၊ ကာကွယ်ရေး ဌာန၊ ကုန်သွယ်ရေး ဌာနနှင့် သမ္မတရုံးတို့ကြားတွင် စာအဆက်အသွယ်တွေ တစ်လှေကြီး ရှိနေရာ ထိုအထဲမှ ထူး၍ သူ့ကိစ္စကို အစခံရမည် မဟုတ်ဟုလည်း သူ့ကိုယ်သူ နှစ်သိမ့်ရသည်။ ထိုခါကျမှသာလျှင် ညတွင် ကောင်းစွာ အိပ်ပျော်နိုင်တော့သည်။

သို့ရာတွင် ကမ္ဘာ့ အခြေအနေတွေ ရှုပ်ထွေးလာပြန်သဖြင့် သူ့အကြောက်သည် ပြန်၍ ပေါ်လာပြန်သည်။ ၁၉၇၄ ခုနှစ် မေလတွင် အနောက်ဂျာမနီ အစိုးရ ခေါင်းဆောင် ဝီလီ ဘရန့်မှာ သူ့ လက်ထောက် တစ်ဦး ကွန်မြူနစ် ဖြစ်နေသည်ဟု ဆိုကာ ရာထူးမှ ဖယ်ရှားခြင်း ခံရသည်။

တစ်ခါတစ်ရံတွင်လည်း သူ့နောက်မှ အက်ဖ်ဘီအိုင် လိုက်နေသလိုလို၊ သူ့အိမ်က တယ်လီဖုန်းကို ကြားဖြတ် နားထောင်သလိုလို စိတ်တွင် သက်မကောင်း ဖြစ်နေသည်။ သူ့ဆရာ နိုင်ငံခြားရေး ဝန်ကြီး ကစ်ဆင်းဂျားနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများသို့ လိုက်သွားစဉ်မှာပင် သူ့ စိတ်ထဲမှာ လုံခြုံမှု မရှိဘဲ ဖြစ်နေသည်။ ဂျေရုစလင်ရှိ ကင်း ဒေးဗစ် ဟိုတယ်တွင် တည်းခိုနေစဉ်မှာသော် လည်းကောင်း၊ ကိုင်ရိုရှိ နိုင်းလ် ဟီလတန် ဟိုတယ်တွင် တည်းခို နေစဉ်မှာသော် လည်းကောင်း သူ့ အခန်း ဖုန်းနံပါတ်ကို တစ်ယောက်ယောက်က ခိုး၍ နားထောင်နေသည်ဟု သူ ထင်မိသည်။

တစ်ညနေ ဆီးရီးယား အစိုးရ ကိုယ်စားလှယ်များနှင့် ရှည်လျား၍ ရလဒ်မဲ့သော ဆွေးနွေးပွဲများကို ပြုလုပ်ပြီးနောက် အမေရိကန် နိုင်ငံခြားရေး ဝန်ကြီး ကစ်ဆင်းဂျားသည် အစ္စရေးသို့ လေယာဉ်ဖြင့် ပြန်လာခဲ့သည်။

ကစ်ဆင်းဂျားသည် သူ့ အနီးသို့ လာထိုင်ရန် ဂျော့ ကဲလားကို အချက်ပြလိုက်သည်။

'ဒီမှာ ကျုပ်ပြောမယ်၊ ကျုပ်မှာ အမေရိကန် ပြန်စရာ ကိစ္စတွေ ပေါ်နေ





တယ်၊ အရှေ့ အလယ်ပိုင်း ကိစ္စတွေနှင့် အချိန်ကုန်ပြီး တခြား ပြဿနာတွေကို ဒီအတိုင်း ပစ်ထားတယ် ဆိုပြီး ဝါရှင်တန်က တချို့ အသိုင်းအဝိုင်းက ကျုပ်ကို ပြောနေကြပြီ၊ ကျုပ် တစ်ကိုယ်တည်း တစ်ပြိုင်နက်တည်းမှာ နေရာ နှစ်ဆယ်လောက် ခွဲမနေနိုင်ဘူး ဆိုတာ သူတို့ နားမလည်ဘူး၊ ကျုပ် ပြန်ရမယ်၊ ဒီတော့ တချို့ ပြဿနာတွေကို ခင်ဗျားကိုပဲ လွှဲပေးခဲ့ရတော့မှာပဲ'

'ဘယ်လို တာဝန်ပါလဲ ဝန်ကြီး'

'ခင်ဗျားလည်း သိသားပဲ၊ သမ္မတက အရှေ့ အလယ်ပိုင်းကို ခရီးထွက်ဖို့ စီစဉ်ထားတယ်၊ ပြီးရင် ရုရှားကို သွားမယ်၊ ဒီတော့ စိတ်ချရတဲ့ လူတစ်ယောက်ယောက်ထဲက မော်စကိုကို အရင်သွားနှင့်ပြီး ပြင်ဆင်စရာ ရှိတာကို ပြင်ဆင်ရမယ်၊ ဒီတော့ ကျုပ် အနေနှင့် ကြည့်ရင် ခင်ဗျားထက် စိတ်ချရမယ့်လူ တစ်ယောက်မှ မရှိဘူး'

'ဝန်ကြီး ကျွန်တော့်ကို မြှောက်နေပြီ ထင်တယ်'

'တကယ် ပြောတာဗျ၊ ဒါကြောင့် ခင်ဗျားကို ကျုပ် လက်ထောက်အဖြစ် ခေါ်ထားတာပေါ့၊ ဒီတော့ မနက်ဖြန် မနက်ကို ခင်ဗျား ပါရီကို သွားပါ၊ ဒီ သုံးရက် အတွင်းမှာ စကရီးကရော့နှင့် အယ် ဟတ်တို့ ရောက်လာလိမ့်မယ်၊ သူတို့ ရောက်လာရင် သူတို့နှင့် အတူ မော်စကိုကို သွားနှင့်ပါ'

ဂျော့သည် ထိုမျှ ကြီးလေးသည့် တာဝန်ကို ပေးခြင်း ခံရသည့် အတွက် ဝမ်းသာသွားသည်။

'ကောင်းပါတယ်၊ ဒါပေမဲ့ ကျွန်တော် သူတို့ကို စောင့်ရင်း ဘာလုပ်နေရမှာလဲ'

ကစ်ဆင်းဂျား၏ အဖြေကို ကြားလိုက်ရသည့် အတွက် ဂျော့ ကဲလားသည် မုန်တိုင်းကြီး ဝင်ဆောင့်သလို တုန်လှုပ်သွားသည်။

'ဘူဒါပက်စ်ကို သွားပေါ့ဗျ'

ဘာကို ပြန်ပြောရမည် မသိ။

ကစ်ဆင်းဂျားက ခပ်တိုးတိုးဖြင့်

'ခင်ဗျား အဘိုးကြီးလည်း ကြာကြာ နေရတော့မှာ မဟုတ်ဘူး၊ ဒီတော့ အဘိုးကြီး မဆုံးခင်မှာ စိတ်ချမ်းသာသွားအောင် သွားပြီး တွေ့အေးလိုက်ပါဗျာ'

'ဝန်ကြီး ဘယ်လိုလုပ် သိသလဲ' ဟု သူ မေးသည်။ (ဘယ်လောက် သိသလဲဟုလည်း သူ စဉ်းစားသည်။)

'ဒါကတော့ ကျုပ် အလုပ်ပဲလေ၊ ဘူဒါပက်စ်ကို သွားရင် ကျုပ် ပထမ



www.burmeseclassic.com

www.burmeseclassic.com



ဆုံး အခေါက် ပီကင်း သွားတုန်းက သုံးခဲ့တဲ့ နည်းကလေးတွေ ယူသွား ပါရီကို ရောက်ရင် ကရီလန် ဟိုတယ်မှာ တည်း၊ အအေးမိလို့ ဆိုပြီး အပြင် မထွက်နှင့်၊ ပြီးတော့မှ လေဆိပ်ကို အသာ ထွက်လာပြီး ဘူဒါပက်စ်ကို လို သွား၊ လေယာဉ်ပျံ စီးလိုက်ရင် နှစ်နာရီပဲ ကြာတာပဲ၊ ပြီးတော့ ပြန်လာ ဘယ်သူ သိမှာလဲ'

ဂျော့ ကဲလားသည် ယခုတိုင် ဘာပြန်ပြောရမည် မသိသေး။

'ကျွန်တော်တော့ ဘာပြောရမှန်းတောင် မသိတော့ပါဘူး ဝန်ကြီး' သာ အထစ်ထစ် အငေါ့ငေါ့ ပြောနိုင်တော့သည်။

'ကဲ ဘာမှ ပြောမနေနှင့်၊ နိုင်ငံခြားရေး ဝန်ကြီး သက်တမ်းမှာ ခင်ဗျား ကူညီခဲ့တာတွေ အတွက် ကျုပ် ဒီလောက်ပဲ ကျေးဇူးဆပ်နိုင်သေးတယ်'

ကစ်ဆင်းဂျားက သူ့ လက်မောင်းကို ပုတ်၍ ပြောသည်။

ဘူဒါပက်စ် လေဆိပ်မှ အကောက်ခွန် အရာရှိများမှာ ဝတ်ကျေ တန်းကျေ လောက်သာ စစ်ဆေးကြသည်။ ဂျော့ ကဲလား၏ သံတမန် နိုင်ငံကူး လက်မှတ် စာအုပ် အနီကို စစ်ဆေးသည့် အရာရှိကသာလျှင် သေချာစွာ ကြည့်ပြီးနောက် 'အိမ်ပြန်လာတာကို ကြိုဆိုပါတယ် ဒေါက်တာ ကဲလား' ဟု ဆိုသည်။

သူ့ ဇာတိမြို့ကို ပြန်ရောက်ရသည်မှာ စိတ်ထဲတွင် တစ်မျိုး ဖြစ်နေသည်။ သူ ထွက်ပြေးလာခဲ့သည့် ကာလများနှင့် စာလျှင် ဘူဒါပက်စ် မြို့တော်သည် ပို၍ တောက်တောက်ပပ ဖြစ်ကာ စတိုးဆိုင်များတွင်လည်း ပစ္စည်းတွေ ပို၍ စုံလင်နေသည့်တိုင် အခြေခံအားဖြင့်မူ ဘာမျှ ပြောင်းလဲခြင်း မရှိ။ ရာကိုဇီ လမ်းမကြီးမှာလည်း ယခင်ကနှင့် ဘာမျှ မထူး။ အချို့ နေရာများတွင် ခေတ်ပေါ် အဆောက်အအုံများသည် ရှေးခေတ် အဆောက်အအုံများ အားတွင် ထီးထီးကြီးတွေ ရပ်နေကြသည်။

ဟီလတန် ဟိုတယ်၏ မျက်နှာစာမှာ စိန့်စတီဖင် ဘုရားရှိခိုး ကျောင်း ကြီးကို မျက်နှာမူထားသည်။ သူ တည်းနေသည့် အင်တာနေရှင်နယ် ဟိုတယ် မှာမူ အမေရိကန် ဟိုတယ်တွေကို တုပြီး ဆောက်ထားသည့် ကွန်ကရစ် အဆောက် အုံကြီး ဖြစ်သည်။

ဂျော့ ကဲလားသည် ဟိုတယ်တွင် စာရင်းသွင်းပြီးနောက် ရေချိုးပြီး အဝတ်အစား လဲသည်။ ထို့နောက် ဘူဒါပက်စ်သို့ ရောက်လာသည့် ရည်ရွယ် ချက် ဖြစ်သော အဖေနှင့် တွေ့ဆုံရေး ကိစ္စအတွက် အပြင်သို့ ခပ်သုတ်သုတ်





ထွက်လာခဲ့သည်။

ဂျေရုဆလင်မှ သူ မထွက်လာမီတွင် ကစ်ဆင်းဂျားက သူ့အဖေ တက် နေသည့် ဆေးရုံနှင့် ဆေးကုသမှု ယူနေသည့် နေရာကို အသေးစိတ် ပြော ပြလိုက်သည်။ တယ်လီဖုန်း နံပါတ်ပင် ပေးလိုက်သေးသည်။

ဆေးရုံသို့ တယ်လီဖုန်းဆက်၍ အကြောင်းကြားရမည်လား၊ သို့မဟုတ် အမှတ်တမဲ့ သွားတွေ့ရမလားဟု သူ စဉ်းစားသည်။ ဆေးရုံမှ ဆရာဝန် တစ် ယောက်ကို တယ်လီဖုန်းဆက်၍ အကျိုးအကြောင်း ပြောပြပြီး သူ့ထံ အကြံ ဉာဏ် တောင်းသည်က ပိုကောင်းမည်ဟု သူ သဘောရသည်။

မိနစ် အနည်းငယ် အကြာတွင် ဂျော့ ကဲလားသည် ပြည်သူ့ ဆေးရုံ ကြီး ကုသရေးဌာနမှူး ဒေါက်တာ ရော်ဇာနှင့် အဆက်ရနေပြီ။

ယခုကဲ့သို့ လာရောက်မည် ဆိုလျှင် များစွာ ဝမ်းသာမည် ဖြစ်ကြောင်း သမားတော်ကြီးက တတိယမြောက် ပြောပြီးသည့် အခါတွင် ဂျော့ ကဲလားက သူ့အဖေ၏ ကျန်းမာရေး အခြေအနေကို စုံစမ်း မေးမြန်းသည်။

'ဟုတ်ကဲ့၊ ဘယ်လို ပြောရမလဲ ခင်ဗျာ၊ အင်း ဒီလို အခြေအနေမျိုးမှာ ဒီပ်တော့ မတက်နိုင်တော့ဘူး ထင်တယ်၊ ဒါပေမဲ့ သူ့ အခြေအနေကတော့'

'ဆေးတို့ ဘာတို့ကော တိုက်သေးသလား'

'တိုက်တာပေါ့ ခင်ဗျာ၊ ဆေးမှ နောက်ဆုံးပေါ် ဆေးတွေ၊ ဆွစ်ဇာလန် ကတောင် မှာယူရတာ'

'ဝေဒနာကကော တော်တော် ခံရသလား'

'ဟုတ်ကဲ့၊ ခံရတယ်လို့လည်း ပြောနိုင်တယ်၊ မခံရဘူးလို့လည်း ပြော နိုင်တယ်'

'ဘယ်လိုလဲ ရှင်းပါဦး'

'ဒီလိုလေ၊ သူ့ကို မူးယစ်ထုံထိုင်းဆေး ခပ်ပြင်းပြင်း ပေးလိုက်ရင် နာမကျင်တော့ဘူး၊ သတိ တစ်ဝက်လောက် ရတဲ့ အခြေအနေမှာပဲ ရှိတော့ တယ်၊ စကားလည်း ပြောလို့ မရတော့ဘူး၊ ဒီတော့ ညည ဆိုရင် သူ ကောင်း ကောင်း အိပ်နိုင်အောင် လုပ်ပေးရတာပေါ့'

'ဒါဖြင့်ရင် စကားပြောချင်တယ် ဆိုရင် အနာအကျင် ပျောက်ဆေးတွေ ကို သုံးလို့ မဖြစ်တော့ဘူးပေါ့'

'ဒေါက်တာရဲ့ အဖေကတော့ နာချင်ရင် နာပစေ စကားပြောချင်နေပုံ ရတယ်၊ သူ နိုးလာရင် ဒေါက်တာ ရောက်နေကြောင်းကို ပြောပြပြီး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လာခေါ်မယ်လေ၊ ဒီနေ့ ညနေ ငါးနာရီလောက်ပေါ့'

'သူ့ အနားမှာ ဘယ်သူ ရှိသေးလဲ'

'မစ္စက် ဒိုးနတ် ရှိတယ် ခင်ဗျ၊ သူက ည ဆိုရင် ဆေးရုံမှာ အိပ်တယ်'

'မစ္စက် ဒိုးနတ် ဆိုတာ ဘယ်သူလဲ'

'ရဲဘော် ကိုလော့စကီရဲ့ သမီးလေ၊ ဒေါက်တာရဲ့ ညီမလေ'

'ဪ ဟုတ်လား'

ဂျော့ ကဲလားသည် တယ်လီဖုန်းကို အသာ ချလိုက်သည်။ ဆေးရုံတွင် ထိပ်တိုက် ရင်ဆိုင်မှုနှင့် တွေ့ရဦးတော့မည်။

သူ့တွင် အချိန် ပိုနေသည်။ ထို့ကြောင့် အားတင်းကာ သူ့ မွေးရာဇာတိ ဘူဒါပက်စ် မြို့ကြီးကို လျှောက်ကြည့်မည်ဟု စိတ်ကူးသည်။

ဘူဒါပက်စ် မြို့တော်ကြီးထဲသို့ သူ ပထမဆုံး အကြိမ် ရောက်သွားခြင်းသည် ရေကူးသမား တစ်ယောက် ရေခဲရေထဲသို့ ဖြုန်းခနဲ ဆင်းကူးလိုက်ခြင်းနှင့် တူနေသည်။ သို့ရာတွင် အထဲသို့ ရောက်ပြီး လှုပ်ရှားလိုက်သည်နှင့် သူသည် နွေးလာကာ ပျော်စရာ ကောင်းလာသည်။ သူ့ ပတ်ဝန်းကျင်တွင် ပြောဆိုနေကြသည့် မိခင်ဘာသာ စကားဖြစ်သော ဟန်ဂေရီ စကားကို ကြားရသည့်အတွက် သူ ပျော်သည်။

အင်္ဂလိပ် စကားပေါင်း ငါးသောင်းကျော်လောက် ပြောအပြီးတွင် အိမ်သို့ ပြန်ရောက်ရသည့် အတွက် သူ ဝမ်းသာနေသည်။

သို့ရာတွင် ညနေ ငါးနာရီ ထိုးခါနီးလာသည့် အခါတွင်မူ သူ့ ပေါ့ပါးရွှင်လန်းမှုတို့သည် ကုန်ဆုံးသွားကြပြီ။ ဂျော့ ကဲလားသည် ဒေါက်တာ ရော်ဇာ၏ တယ်လီဖုန်း ခေါ်သံကို စောင့်ရန် ဟိုတယ်သို့ ပြန်လာခဲ့သည်။

ခြောက်နာရီ ထိုးဖို့ ဆယ့်ငါးမိနစ် အလိုတွင် တယ်လီဖုန်း ခေါ်သံကို ကြားရသည်။

'လူနာတော့ နိုးနေပြီ ခင်ဗျ၊ ဒေါက်တာ ကဲလား ရောက်နေတယ် ဆိုတာလည်း ပြောထားတယ်'

'ဒီတော့'

'သူကလည်း တွေ့ချင်နေတယ်၊ ဒီတော့ တက္ကစီ တစ်စီး ခေါ်ပြီး ဆေးရုံကို လာခဲ့ပေတော့'

ဂျော့ ကဲလားသည် မိုးကာ အင်္ကျီကို ကောက်ယူကာ တက္ကစီ ရှာရန်





အောက်ထပ်သို့ ဆင်းလာခဲ့သည်။

ညနေ ယာဉ် အသွားအလာ ထူထပ်ချိန် ဖြစ်သဖြင့် လမ်းမကြီးပေါ်ရှိ နောက်ဆုံးပေါ် အချက်ပြ လမ်းမီးများပင် ယာဉ်ကြောများကို နိုင်အောင် မရှင်းနိုင်။ သူ့ တက္ကစီ ခရီးသည် အဆုံးပင် မသတ်တော့။

သူ့ ရင်သည် တဒိတ်ဒိတ် ခုန်နေသည်။

ဂျော့ ကဲလားသည် ခုန်နေသော ရင်ကို ငြိမ်အောင် ကြိုးစားရင်း ဆေးရုံ လှေကားအတိုင်း တက်လာခဲ့သည်။

လှေကားထိပ် စားပွဲ တစ်လုံးတွင် ထိုင်နေသည့် အသက် ခပ်ကြီးကြီး၊ ခပ်ဝဝ အမျိုးသမီးကြီး အနီးသို့ လျှောက်လာခဲ့ကာ သူ့ လာရင်းကိစ္စကို ပြောပြသည်။ အမျိုးသမီးကြီးက ဖော်ဖော်ရွေရွေဖြင့် တယ်လီဖုန်း ကောက်ဆက်လိုက်ပြီး မကြာမီတွင် မေးရိုးကြီးကြီးနှင့် ဒေါက်တာ ရော်ဇာ ပေါ်လာကာ သူ့ကို ကျိုးနွံစွာ နှုတ်ဆက်သည်။

သူတို့သည် လူနာဆောင်များကို ဖြတ်ကာ သူ့ အဖေ ရှိရာ သီးသန့် လူနာခန်းသို့ ခပ်သုတ်သုတ် လာခဲ့ကြသည်။

'ဆိုရှယ်လစ် နိုင်ငံတွေမှာတော့ ဒီလို ဆေးရုံမျိုး သိပ် မရှိဘူး ခင်ဗျ'

ဒေါက်တာ ရော်ဇာက ဆေးရုံသစ်ကြီးကို တည်ဆောက်ဆဲ ဖြစ်ကြောင်း၊ မည်သို့ မည်ပုံ တည်ဆောက်ရကြောင်း၊ အနောက်နိုင်ငံများတွင် ပေါ်ပေါက်နေသည့် ဆေးပညာ ဆိုင်ရာ နည်းပညာများကို များစွာ အားကျကြောင်းဖြင့် ငြီးငွေ့ဖွယ် ပြောလာသည်။

ဘာ အဓိပ္ပာယ်ဖြင့် သည်စကားများကို ပြောလာသနည်း။ ထို ဆေးရုံကြီးသို့ ဒေါ်လာ သန်းချီ၍ လှူရန် ကွန်ဂရက်သို့ ပြောပေးစေလိုသောကြောင့် လော။

ခပ်မှိန်မှိန် မီးထွန်းထားသည့် စင်္ကြံကလေး တစ်ခုထဲသို့ ကွေ့လိုက်သည့် အခါ ထိပ်တွင် အမျိုးသမီး တစ်ယောက် ထိုင်နေသည်ကို ခပ်ဝါးဝါး မြင်လိုက်ရသည်။

သူ့ ညီမငယ် ဖြစ်လိမ့်မည်ဟု သူ့ ပကတိ ဉာဏ်က ပြောနေသည်။ သို့ရာတွင် သူ့ ညီမ မာရီကာမှာ သူ့ထက် သုံးနှစ်ငယ်သည်။

အနီးသို့ သူတို့ ရောက်သွားသည့် အခါတွင် အမျိုးသမီးက သူ့ကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးများကမူ သူ့ ညီမငယ် မာရီကာ၏ မျက်လုံးတွေ။ သို့ရာတွင် သူ့ ညီမငယ်၏ မျက်လုံးများသည် မိန်းမကြီး တစ်ယောက်၏ မျက်နှာပေါ် တွင် ရောက်နေသည်။

'ညီမလေး မာရီကာ၊ ကိုကိုလေ'

ဂျော့ ကဲလားက ပြောသည်။ အမျိုးသမီးကမူ သူ့ကို စိန်းစိန်းကြီး ကြည့်နေသည်။ သူ့ မျက်လုံးများက လေဆာ ရောင်ခြည်ကဲ့သို့ တောက်ပ လျက်။

'မာရီကာ၊ ကိုကို့ကို စကား မပြောတော့ဘူးလား'

သူတို့ နှစ်ယောက်သည် အတန်ကြာ တိတ်ဆိတ်နေကြသည်။ နောက် ဆုံးတွင် မာရီကာက ငြိမ်သက်သည့် ဒေါသသံဖြင့်

'ဘာဖြစ်လို့ လာနေရတာလဲ၊ ကိုကို ဒီတိုင်းပြည်သားမှ မဟုတ်တော့ တာ၊ ကိုကို့ကို ဝင်ခွင့် မပေးဖို့ ဆရာဝန်ကို ပြောပြီးပြီ'

ဂျော့ ကဲလားက ဒေါက်တာ ရော်ဇာကို လှည့်ကြည့်သည်။ ဒေါက်တာ ရော်ဇာက ခေါင်းညိတ်ပြ၏။

'ဟုတ်တယ်၊ မစ္စက် ဒိုးနတ်က ဝင်ခွင့် မပေးပါနဲ့တဲ့၊ ခင်ဗျား အဖေ ကသာ တွေ့ချင်လို့ ပြောနေတာ'

မာရီကာ မျက်နှာကို တစ်ဖက်သို့ လွှဲသွားသည်။

'ခု ဝင်ကြည့်တော့မလား' ဟု ဒေါက်တာ ရော်ဇာက မေးသည်။

ဂျော့ ကဲလားက ခေါင်းညိတ်၏။ အသံကြိုးမျှင်များသည် သွက်ချာ ပါဒ လိုက်သွားကြပြီ။

အခန်းထဲသို့ ရောက်သည့် အခါတွင် သူသည် အတန်ကြာ ရပ်နေမိ သည်။ ခေါင်းအုံးပုံများထဲမှ အဝတ်ဖြူဖြူ ဝတ်ထားသည့် ဖျော့တော့ ကြုံလှီ နေသည့် သဏ္ဍာန်တစ်ခုကို ငေးကြည့်နေသည်။

သူ့ အဖေသည် သူ ရောက်လာသည်ကို သိပုံရသည်။

'ဂျော့လား' ဟု အသံကွဲကွဲဖြင့် မေးသည်။ ထိုမျှသော စကားလုံး ကလေးများ ကြားတွင် ချောင်းဆိုးသံက ပုဒ်ဖြတ် ပေးနေသည်။

'ဟုတ်ပါတယ် ဖေဖေ' ဟု ဆိုကာ မလှုပ်မယှက် ရပ်နေသည်။

'ဒီနားကို လာလေ၊ မကြောက်ပါနဲ့၊ သေတယ် ဆိုတာ မကူးစက်တတ် ပါဘူး'

ဂျော့ ကဲလားသည် တုန်တုန်ယင်ယင်ဖြင့် ရှေ့သို့ တိုးလာခဲ့သည်။





'ကဲ ဒေါက်တာတို့ နှစ်ယောက် စကား ပြောရစ်ကြဦး' ဟု ဆိုကာ ဒေါက်တာ ရော်ဇာက အပြင်သို့ ထွက်သွားသည်။

'ဒီမှာ ထိုင်'

အဖေက အရိုး ငေါငေါ ထွက်နေသော လက်ဖြင့် ခုတင် အနီးရှိ သစ် သား ကုလားထိုင် တစ်လုံးကို ထိုးပြသည်။

ဂျော့ ကဲလား အသာ ဝင်ထိုင်၏။

ဂျော့ ကဲလားသည် သူ့ အဖေ မျက်နှာကို စေ့စေ့ မကြည့်ရဲ။ တစ် ယောက်နှင့် တစ်ယောက် အမြင်အာရုံချင်း မတိုက်မိအောင် ကြိုးစားကြသည်။ သို့ရာတွင် မရ။ နောက်ဆုံးတွင် သူတို့ အကြည့်များသည် တိုက်မိသွားကြကာ တစ်ယောက်ကို တစ်ယောက် စိုက်ကြည့် နေကြသည်။

အဖေသည် ကြုံလှီ ဖျော့တော့နေသည့်တိုင် အကြည့်ကမူ စက်ထန်နေဆဲ။ ဂျော့ ကဲလားသည် သူ့ကို စိုက်ကြည့်နေသည်။ သူ ငယ်ငယ်တုန်းက ကြောက် ခဲ့ရသည့် အဖေ။ သူ့ကို ဘီလူးကြီး တစ်ကောင်လို လွှမ်းမိုး အရိုက်ထိုးခဲ့သည့် အဖေ။ ယခုတော့ သေးကွေး ကျုံ့ဝင်ပြီး သနားစရာ ကောင်းနေသည်။

ခက်ခဲစွာ ရှူရှိုက်နေသော အဖေ၏ အသက်ရှူသံကို သူ နားထောင်နေ သည်။

'ကလေးတွေ ဘာတွေ ရပြီလား'

'မရသေးပါဘူး အဖေ'

'ငါ့လို နာဖျားမကျန်းဖြစ်ရင် ဘယ်သူ လာကြည့်မှာလဲ'

'အိမ်ထောင်ပြုမယ်လို့တော့ စိတ်ကူးတာပဲ ဖေဖေ'

ထိုကိစ္စကို မေးချင်သဖြင့် သူ့ကို ခေါ်လေသလားဟု ဂျော့ ကဲလား တွေးနေသည်။

သူတို့နှစ်ယောက်သည် အတန်ကြာ ဆိတ်ဆိတ်နေကြသည်။

'ဖေဖေကော နေလို့ သက်သာရဲ့လား'

'ကောင်းတော့မှာ မဟုတ်ပါဘူး'

သူ့အဖေက တစ်ချက် ရယ်၍ ပြောသည်။ ရယ်လိုက်သဖြင့် သူ့ ဝေဒနာက နာကျင်သွားသည်။

'မင်းနှင့် ခုလို မမျှော်လင့်ဘဲ စကားပြောခွင့် ရလို့ အဖေ ဝမ်းသာ တယ်၊ မင်းကို ပြောချင်တာ တစ်ခု ရှိလို့'

အဖေသည် စကားကို ရပ်လိုက်ပြီး အသက်ကို ခက်ခဲစွာ ရှူနေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အင်းလေ မပြောတော့ပါဘူး၊ ဟို ဗီရို အံဆွဲကို ဖွင့်ပေးစမ်းပါကွာ'

အဖေက ခုတင်ဘေးတွင် ရှိသည့် ဗီရိုကြီး တစ်လုံး၏ အံဆွဲကို လက်ညှိုးထိုးပြသည်။

ဂျော့ ကဲလားက အနီးတွင် ရှိသည့် ဗီရို အံဆွဲကို ဖွင့်ပေး၏။

အံဆွဲထဲတွင် ဘာသာပေါင်း များစွာဖြင့် ထုတ်ဝေသော သတင်းစာများမှ ဖြတ်ပိုင်းများကို တွေ့ရသည်။ အချို့မှာ ဝါကြင့်ကာ အချို့မှာ စုတ်နေကြပြီ။

'အဲဒီ ဖြတ်ပိုင်းတွေကို ကြည့်စမ်း'

ထို ဖြတ်ပိုင်းများမှာ ဂျော့ ကဲလားနှင့် ပတ်သက်၍ ကမ္ဘာ့ သတင်းစာ အသီးသီးတို့က ရေးသားထားသည့် သတင်းများ ဖြစ်သည်။ သူ့ ကိုယ်ရေး အတ္ထုပ္ပတ္တိကို ဘယ်ကများ ရလေသည် မသိ။ မနေ့က ထုတ်သည့် အင်တာ နေရှင်နယ် ထရီဗြွန်း သတင်းစာထဲတွင် သူ့အကြောင်း ပါလိုက်သေးသည်။ ဂျော့ ကဲလားသည် ထိုဖြတ်ပိုင်းများကို ကြည့်၍ အံ့အားသင့်နေသည်။

'ဘာတွေ တွေ့သလဲ'

'အလကား တောရမ်းမယ်ဘွဲ့တွေပါ ဖေဖေရယ်၊ အဖေကော ဘာများ တွေ့လို့လဲ'

အဖေသည် အနိုင်နိုင် အားယူကာ တံတောင်ဆစ်ပေါ်တွင် ထောက် လိုက်ရင်း

'အဖေ တွေ့တာက မင်း မျက်နှာပေါ့ကွ၊ သတင်းစာတွေထဲမှာ ပါတဲ့ မင်း မျက်နှာပေါ့၊ ဒီတော့ မင်းကြောင့် အဖေ ဘယ်လို ဖြစ်သလဲ သိလား'

ဂျော့ ကဲလားသည် ထို အမေးကို မျှော်လင့်ပြီးသား ဖြစ်သည်။

'ကျွန်တော် တောင်းပန်ပါတယ် အဖေ၊ ကျွန်တော်'

'မဟုတ်ဘူး၊ ငါ ပြောတာ နားထောင်ဦး၊ ငါပြောတာ ဒီ အဓိပ္ပာယ် မဟုတ်ဘူး၊ မင်း အတွက် ငါ ဂုဏ်ယူတာကို ပြောမလို့၊ မင်းက ကမ္ဘာ့ ခေါင်း ဆောင် တစ်ဦး ဖြစ်နေပြီ'

'ကျွန်တော်က မှားတဲ့ဘက်မှာ ခေါင်းဆောင် သွားဖြစ်နေတာပါ အဖေ'

'ဒီမှာ ငါ့သား၊ နိုင်ငံရေးမှာ မှားတဲ့ဘက်ရယ်လို့ မရှိဘူးကွ၊ နိုင်တဲ့ ဘက်ပဲ ရှိတယ်၊ မင်းက တကယ့် နိုင်ငံရေး ခေါင်းဆောင် ဖြစ်အောင်လုပ်တဲ့ အတတ်ပညာတွေတောင် ရနေပြီကိုး၊ တစ်နေ့မှာ ကစ်ဆင်းဂျားဟာ အမှား တစ်ခုခုကြောင့် သွားရမှာပဲ၊ အဲဒီတော့ မင်းက နိုင်ငံခြားရေး ဝန်ကြီး ဖြစ်ဦး





မှာပေါ့'

'အဖေ လိုရာ ဆွဲတွေးနေတာပဲ ဖြစ်မှာပေါ့'

ဂျော့ ကဲလားက ပြုံး၍ ပြောသည်။ သူ့ကိုယ်သူလည်း မနည်း ဣန္ဒြေ ဆောင်ထားရသည်။ သူ့ တစ်သက်တွင် သည်တစ်ကြိမ်သည် အဖေ၏ ချီး မွမ်းမှုကို ပထမဆုံးအကြိမ် ကြားရခြင်း ဖြစ်သည်။

'အင်း မင်းက ကစ်ဆင်းဂျားလို ထက်လည်း ထက်တယ်၊ ပညာလည်း တတ်ပါတယ်၊ သူ့ထက် သာတာလည်း ရှိသေးတယ်၊ မင်းက ရေဝတီ မဟုတ် ဘူးကွ၊ အင်း မင်း သည်ထက် သည်ထက် ကြီးပွားတာကို အဖေ မြင်ရမှာ မဟုတ်တဲ့ အတွက် စိတ်တော့ မကောင်းဘူး'

ဂျော့ ကဲလား၏ မျက်လုံးထဲတွင် မျက်ရည်တွေ ဝဲလာသည်။ ဂျော့ ကဲလားသည် ရယ်စရာ မောစရာတို့ကို ပြော၍ မျက်ရည်တို့ကို ကြိုးစားထိန်း သည်။

'အဖေကတော့ တကယ့်ကို အမာခံ ဆိုရှယ်လစ်ကြီး တစ်ယောက်ပေါ့'

အဖေက ခြောက်ကပ်ကပ်ဖြင့် ရယ်သည်။

'ဒီမှာ ငါ့သား၊ ကမ္ဘာ့ လောကကြီးကို ဖန်တီးနေတဲ့ အဘိဓမ္မာ တစ်ခု တည်းပဲ ရှိတယ်ကွ၊ သိရဲ့လား၊ အဲဒါက အောင်မြင်မှု'

အဖေသည် ဂျော့ ကဲလားကို အကြာကြီး စိုက်ကြည့်နေပြီးနောက် တစ် ချက် ယဲ့ယဲ့ ပြုံးသည်။

'အိမ်ပြန်လာတာကို ကြိုဆိုပါတယ်ကွာ'

နောက် မိနစ်နှစ်ဆယ် အကြာတွင် ဂျော့ ကဲလားသည် သူ့အဖေ အခန်းထဲမှ ထွက်လာခဲ့ကာ အခန်းတံခါးကို ဖြည်းညင်းစွာ ပိတ်ခဲ့သည်။ မာရီကာမှာ ယခင်နေရာတွင် ထိုင်နေဆဲ။ သူ့ မျက်နှာကလည်း ပြောင်းလဲခြင်း မရှိ။ ဂျော့ ကဲလားသည် သူ့ဘေးတွင် ဝင်ထိုင်လိုက်သည်။

'ညီမလေး စိတ်ဆိုးမယ် ဆိုရင်လည်း ဆိုးထိုက်ပါတယ်ကွာ၊ ကိုကို ရှင်းပြပါ့မယ်၊ ဒီအတောအတွင်းမှာ စာမရေး ဖြစ်တာကတော့'

'စာမရေး ဖြစ်ရုံတင် မကပါဘူး၊ ကိုကို ပျက်ကွက်ခဲ့တာတွေ အများ ကြီးပါ'

'ကိုကို သိပါတယ်ကွာ၊ ကိုကို သိပါတယ်'

'ကိုကို မသိပါဘူး၊ မာရီကာတို့ကို စွန့်ပစ် ထွက်သွားတုန်းက ကိုကို



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေ လုပ်နေတယ် ဆိုတာ သဘောပေါက်ခဲ့ရဲ့လား၊ ဖေဖေ့ မျက်နှာကိုကော ထောက်ရဲ့လား၊ မာရီကာ့ မျက်နှာကိုကော၊ အနီကို့ မျက်နှာကိုကော'

သူသည် ရုတ်တရက် ချမ်းစိမ့်လာသည်။ လွန်ခဲ့သည့် နှစ်ပေါင်းများ စွာက ဆောင်းတစ်နေ့တွင်လည်း ထိုနည်းတူ သူ ဖြစ်ခဲ့ဖူးပြီ။ ထိုအကြောင်း ကို ပြန်စဉ်းစားလိုက်တိုင်း၊ သို့မဟုတ် အိပ်မက် မက်သဖြင့် ပြန်၍ စဉ်းစား ဖြစ်တိုင်း စူးရှသော ရှက်စိတ်ကို သူ ခံစားရသည်။ ထိုစဉ်ကမူ သူ တစ် ယောက်တည်းသာ သိသဖြင့် တော်သေးသည်ဟု သူ့ကိုယ်သူ ဖြေသိမ့်ခဲ့သည်။ ယခုမူ အားလုံး သိနေကြပြီ။

'ကိုကို သူ့ကို ရှာခဲ့ပါသေးတယ်ကွာ'

'ကိုကို သူ့ကို စွန့်ပစ်သွားခဲ့တယ်လေ၊ ကိုကို စွန့်ပစ်လို့ သူ အဲဒီမှာ ဒဏ်ရာ အနာတရနှင့် ကျန်ခဲ့ရတယ်'

'ဘယ်မှာလဲ၊ သူ့ကို ဘယ်မှာ မြှုပ်သလဲ'

'ခု မြူနီစီပယ် တိုက်ခန်း အဟောင်းကလေးထဲမှာ'

ဂျော့ ကဲလားသည် သူ့စကားကို မယုံနိုင်အောင် ဖြစ်နေသည်။

'ဘာရယ် သူ မသေဘူးပေါ့၊ ဟုတ်လား၊ အသက်ထင်ရှား ရှိတုန်းပေါ့'

'ရှိပါသေးတယ်၊ အသက်ရှိတယ် ဆိုရုံပါပဲ'

'ခု ဘာလုပ်နေသလဲဟင်'

'ဘာလုပ်ရမှာလဲ၊ တငုတ်တုတ်တုတ်နှင့် ထိုင်နေတာပေါ့၊ သူ ထိုင်ရုံ တတ်နိုင်တော့တယ်'

'သူ့ကို ကိုကို တွေ့ချင်တယ်'

'မတွေ့ပါနှင့်တော့၊ ဒီလောက် ဒုက္ခပေးခဲ့ရရင် တော်လောက်ရောပေါ့ သူ့ကို နောက်ထပ် စိတ်ဆင်းရဲအောင် မလုပ်ပါနှင့်တော့'

'ညီမလေးရယ် ကိုကို တွေ့ပါရစေ၊ တွေ့ချင်လို့ပါ ကူညီချင်လို့ပါ'

မာရီကာက ခေါင်းကို ယမ်းပြီး သူ့စကားကို တိတ်ဆိတ်စွာ အဆုံး သတ်သည်။

'လွန်ခဲ့ပါပြီ၊ ဒါက လွန်ခဲ့တဲ့ ဆယ့်ရှစ်နှစ်လောက်တုန်းက ပြောရ ကောင်းတာ'

မာရီကာသည် တစ်ဖက်သို့ လှည့်သွားသည်။ သူ့ကို နောက်ထပ် စကားမပြောတော့။





နောက်တစ်နေ့ မနက် ဆေးရုံသို့ ရောက်သော အခါတွင် သူ့ အဖေသည် မနေ့ညက အိပ်ပျော်နေစဉ် ညင်သာစွာ ကွယ်လွန်သွားသည်ဟု ဂျော့ ကဲလား သိခဲ့ရသည်။

နောက်တစ်နေ့ ပါရီသို့ ထွက်မည့် ပထမဆုံး လေယာဉ်ဖြင့် လိုက်လာ ခဲ့သည်။ သူ့ တစ်သက်တွင် ထိုမျှလောက် တစ်ခါမျှ အထီးကျန် မဖြစ်စဖူး။

ဝါရှင်တန် ဒါးလက်စ် လေဆိပ်မှ အကောက်ခွန် ကိစ္စများကို ရှင်းလင်းပြီးသည် နှင့် ဂျော့ ကဲလားသည် နေဒါး ဥပဒေ အကျိုးဆောင် လုပ်ငန်းရှိ ကေသီထံ ဖုန်းဆက်သည်။

'ဟင် ပြန်ရောက်ပြီလား၊ ခရီးက ဘယ့်နှယ့်လဲ၊ မော်စကိုမှာ အဆင် ပြေခဲ့တယ် ဆို၊ သတင်းစာတွေထဲမှာ ပါတယ်'

'ပြောရရင်တော့ အရှည်ကြီးပဲ၊ ခု ကေသီ့ဆီက တစ်ခု တောင်းချင်တာ ရှိတယ်'

'ဒေါက်တာ ကဲလား စကားက ကြောက်စရာကြီးပါလား၊ ဒေါက်တာက ဘယ်ကိစ္စ ဖြစ်ဖြစ် အကြံအစည် တစ်ခုနှင့် လုပ်တာချည်းပဲ၊ ဆိုပါဦး၊ ဘာ တောင်းချင်တာလဲ'

'ဓနီး တစ်ယောက်'

တစ်ဖက်မှ အသံသည် ရုတ်တရက် တိတ်သွားသည်။

'ဘာလဲ၊ နောက်နေတာလား'

'ကိုယ် ဘယ်တုန်းက ရယ်စရာ ပြောတတ်လို့လဲ၊ ဘယ်လိုလဲ ကေသီ၊ ကိုယ့်ကို လက်ထပ်နိုင်မလား'

'ဒေါက်တာ နေရာနှင့် အချိန်ကို သတ်မှတ်ပေးမှ ကေသီ့ဘက်က အင်း လို့ ပြောနိုင်မှာပေါ့'

'မြူနီစီပယ် ဗဟို ရုံးကြီးက စာရေးကြီးရဲ့ အခန်းမှာ လာမယ့် သော ကြာနေ့ မွန်းတည့်၊ ဘယ့်နှယ့်လဲ'

'ဒီလို ဆိုရင် အချိန် အတိအကျနော်၊ တစ်မိနစ် နောက်ကျရင် ထွက် သွားမှာပဲ'

ကေသီက နောက်သည်။

'ကေသီ နောက်ကျရင်တော့ ကိုယ် စောင့်မယ် ဆိုတာ ...
ဒီတော့ ဒီကတိကို သဘောတူပြီနော်'



www.burmeseclassic.com

www.burmeseclassic.com



'ကဇာတီလို့ မပြောပါနှင့်၊ အောင်မြင်တဲ့ စေ့စပ် ဆွေးနွေးပွဲလို့ ပြောပါ' တယ်လီဖုန်းကို ချလိုက်မည် ပြုသည်။ ထိုစဉ် စကား တစ်ခွန်းကို သတိရသဖြင့် ပြောဖြစ်လိုက်သည်။

'ဂျော့ရယ်၊ ဂျော့ကို ကေသီ ချစ်ပါတယ်'

လက်ထပ်ပြီးသည့် နောက်တွင် သူတို့ မိဘများက သူတို့ တောအိမ်ကလေးတွင် မင်္ဂလာ ညှော်ခံပွဲကလေး ပြုလုပ်ပေးသည်ကို ကေသီက သဘောတူလိုက်သည်။ ထို ညှော်ခံပွဲတွင် ကေသီ၏ သူငယ်ချင်းများ၊ ဥပဒေ အကျိုးဆောင် လုပ်ငန်းမှ လုပ်ဖော်ကိုင်ဖက်များ၊ သူ့အဖေ၏ မိတ်ဆွေ ရှေ့နေများ လာကြသည်။ ဂျော့ ကဲလားကမူ ညှော်သည် နှစ်ယောက်သာ ဖိတ်သည်။ ယင်းမှာ နိုင်ငံခြားရေး ဝန်ကြီး ကစ်ဆင်းဂျားတို့ ဇနီးမောင်နှံ ဖြစ်သည်။

အိမ်ဖြူတော်တွင် အလုပ် လုပ်နေသည့် ရီပတ်ဗလစ်ကင် ပါတီဝင် အစိုးရ အရာရှိ တစ်ဦးအဖို့ ၁၉၇၄ ခုနှစ် ဇူလိုင်လသည် မင်္ဂလာခရီး မထွက်နိုင်လောက်အောင် အလုပ်များသော ရာသီဖြစ်သည်။ ကေသီသည် ဂျော့ ကဲလား နေသည့် မြို့ပေါ်မှ အိမ်သို့ ပြောင်းလာခဲ့သည်တိုင် သူတို့နှစ်ယောက်သည် တစ်ယောက်နှင့် တစ်ယောက် မတွေ့ဖြစ်ကြ။ ည မိုးချုပ်မှသာ မျက်နှာချင်း ဆိုင်မိကြသည်။

ထိုအချိန်၌ သမ္မတ နစ်ဆင်မှာ ဝါးတားဂိတ် အရေးကိစ္စကြောင့် သမ္မတ အဖြစ်မှ နုတ်ထွက်ရတော့မည်မှာ သေချာသလောက် ဖြစ်နေလေပြီ။

ကစ်ဆင်းဂျားမှာလည်း စိတ်ဒုက္ခ ရောက်နေသော သမ္မတကြီးကို အားပေး နှစ်သိမ့်နေရသဖြင့် အိမ်ဖြူတော်ရှိ ဌာန အားလုံးကို ဂျော့ ကဲလားက ဝင်ကူ လုပ်ပေးနေရသည်။

ဂျော့ ကဲလား၏ မင်္ဂလာဆောင်တွင် ပန်းစက္ကူ ကြဲဖို့လိုလျှင် မပူရ။ ညနေစောင်းများတွင် အရာရှိတွေ ယူလာသည့် စာရွက်တွေ တစ်ထမ်းကြီး ရှိသည်။ သို့ရာတွင် ထိုစက္ကူများသည် သုံး၍ ရသော စက္ကူများ မဟုတ်ပါ။ ဝါးတားဂိတ် ကိစ္စနှင့် ပတ်သက်သော မှတ်တမ်းများ ဖြစ်သဖြင့် ဂျော့ ကဲလားသည် ထို စက္ကူများကို ဖတ်ပင် မဖတ်နိုင်ဘဲ ရောက်လာသည်နှင့် မီးလောင်အိတ်ထဲသို့ ထိုးထည့်ကာ ယင်းတို့ကို မော်တော်ကားပေါ်သို့ တင်ပေးလိုက်ရသည်။





တစ်နေ့တွင်မူ ဂျော့ ကဲလားသည် မနက် သုံးနာရီလောက်မှ သမ္မတ အိမ်ဖြူတော်ရှိ ရုံးခန်းမှ အိမ်သို့ ပြန်ရောက်လာသည်။ ထိုစဉ် ကေသီကလည်း အိပ်ရာမှ နိုးနေသည်။

'အင်း၊ မောင့်ကို ည အိပ်ရာဝင် ယမကာ တိုက်ရမလား၊ မနက်စာ ကျွေးရမလားတောင် မပြောတတ်တော့ဘူး၊ တခြားလူ ဆိုရင်လည်း မယားငယ် ဆီ သွားအိပ်နေတယ်လို့တောင် စွပ်စွဲမိလိမ့်မယ်'

ကေသီက နောက်သည်။

'အချိန်ပိုင်းလောက်ပဲ ကျန်ပါတော့တယ်ကွာ၊ ဟိတ်ကတော့ သိပ်မကြာတော့ဘူး ထင်တယ်လို့ ပြောတာပဲ'

'အကောင်းဆုံးကတော့ သမ္မတ မြန်မြန် နုတ်ထွက်ပေးလိုက်ရင် အကောင်းဆုံးပဲ၊ ဒီလိုဆို တစ်တိုင်းပြည်လုံးလည်း စိတ်မဆင်းရဲ ရတော့ဘူး ပေါ့'

'ဒါကတော့ ရက်စက်လွန်းပါတယ်ကွာ'

'နို့ သူကလည်း ရက်ရက်စက်စက် လုပ်ထားတာကိုး'

'ဒါကတော့ကွာ ဘယ် နိုင်ငံရေးသမားပဲ ဖြစ်ဖြစ် ဒီလောက်တော့ လုပ်ကြတာပါပဲ၊ နိုင်ငံရေးသမားတွေ ဒီလို လုပ်ထားတဲ့ အထောက်အထားတွေ မောင်တို့မှာ ဗီရိုတွေနှင့် အပြည့် ရှိတယ်'

'ဒီအထဲမှာ မောင်တော့ မပါသေးပါဘူးကွယ်၊ မောင်က စိတ်သဘောထားကြီးတဲ့ အစိုးရဝန်ထမ်း တစ်ယောက်ပါ၊ မဟုတ်ဘူးလား'

ကေသီက သူ့ကို ဖက်လိုက်သည်။

'ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့'

ဂျော့ ကဲလားက ရွှင်လန်း ဟန်ဆောင်၍ အဖြေ ပေးသည်။

'ဒီတော့ မောင်လည်း ထွက်ပေးလိုက်ပေါ့၊ ခုနေ ဘာပြဿနာမှ မဖြစ်ခင် ထွက်တော့ နာမည် မပျက်ဘူးပေါ့၊ သမ္မတ နစ်ဆင် ထွက်ရင် မောင်လည်း ထွက်ရမှာပဲ မဟုတ်ဘူးလား'

'ဘယ်ထွက်လို့ ဖြစ်မှာလဲ ကေသီရယ်၊ ဒီအချိန်ဟာ အစိုးရ အဖွဲ့က မောင့်ကို အလိုဆုံး အချိန်'

ယခု အချိန်သည် သူ့ တက်လမ်းတွင် လှေကား သုံးလေးထစ် ကျော်၍ ခုန်ရမည့် အချိန် ဖြစ်သည်ကိုမူ ဂျော့ ကဲလား မပြောမိ။

'ဒါမှ ကိုယ့် ယောက်ျားကွ၊ တိုင်းပြည်ကို တကယ် ချစ်တဲ့လူ'



www.burmeseclassic.com

www.burmeseclassic.com



ကေသီက ပါးကို နမ်းသည်။

ဩဂုတ်လ ၉ ရက်နေ့ မနက် ဆယ့်တစ်နာရီခွဲတွင် နိုင်ငံခြားရေး ဝန်ကြီး ကစ်ဆင်းဂျားက သူ့ ရုံးခန်းသို့ လာရန် ဂျော့ ကဲလားကို ဖုန်းဆက်၍ ခေါ် သည်။ အိမ်ဖြူတော် အရာရှိချုပ်လည်း ရောက်နေသည်။

'မောနင်း ဟိတ်'

ဂျော့ ကဲလားက စစ်ဦးစီးချုပ် ဟိတ်ကို သူ တတ်သလို စစ်သားဟန် အရိုအသေပြုရင်း ရွှင်လန်းစွာ နှုတ်ဆက်သည်။

ဟိတ်က သူ့ကို ခေါင်းညိတ် နှုတ်ဆက်ပြီး ကုလားထိုင် တစ်လုံးတွင် ထိုင်နေသော နိုင်ငံခြားရေး ဝန်ကြီး ကစ်ဆင်းဂျား ဘက်သို့ မေးငေါ့ပြသည်။ ကစ်ဆင်းဂျား၏ လက်ထဲတွင်မူ စက္ကူဖြူဖြူကလေး တစ်ရွက် ကိုင်လျက်

'ဟင် ထွက်စာ တင်ပြီလား' ဟု ဂျော့ ကဲလားက အလန့်တကြား မေးသည်။ ကစ်ဆင်းဂျားက ခေါင်းညိတ်ပြပြီး ရိုးရိုးရှင်းရှင်း ရေးထားသည့် စာရွက်ကို လှမ်းပေးသည်။

နိုင်ငံခြားရေး ဝန်ကြီး

အမေရိကန် ပြည်ထောင်စု သမ္မတကြီး အဖြစ် ယခု အချိန်မှ စ၍ နုတ်ထွက်ပါကြောင်း။

မှန်ကန်စွာဖြင့်

ရစ်ချတ် နစ်ဆင်

ဂျော့ ကဲလားသည် ထိုစာတိုကလေးကို အထပ်ထပ် ဖတ်ပြီးနောက် ကာကွယ်ရေး ဝန်ကြီး ဟိတ်ကို လှမ်းကြည့်လိုက်သည်။

'ခု သမ္မတကြီး ဘယ်မှာလဲ'

'တိတိကျကျ ပြောရရင်တော့ ဒီအချိန်မှာ ဘာ သမ္မတမှ မရှိတော့ဘူး ဗျ'

ကစ်ဆင်းဂျားက ပြောသည်။ ဟိတ်က

'ဘယ်လိုလဲ၊ ဂျော့၊ ခု အမေရိကန် ပြည်ထောင်စုမှာ တန်ခိုးဩဇာ အကြီးဆုံး၊ တစ်ခါတလေ ကမ္ဘာမှာ တန်ခိုး အကြီးဆုံး ပုဂ္ဂိုလ် သုံးယောက် ကတော့ အမိုးတစ်မိုးအောက်မှာ အတူ ရပ်မိနေကြပြီဗျ၊ ဘယ့်နှယ့်လဲ မကောင်း ဘူးလား'

ဂျော့ ကဲလားက





'အရေးကြီးတဲ့ ပုဂ္ဂိုလ် သုံးယောက် ဟုတ် မဟုတ်တော့ ကျွန်တော် မပြောတတ်ဘူး၊ ဒါပေမဲ့ စိတ်ထဲမှာတော့ တစ်မျိုးကြီးပဲ ခင်ဗျ'

ကစ်ဆင်းဂျားသည် ကုလားထိုင်မှ ထသည်။

'ကဲ ဒီအတိုင်း နေလို့ မဖြစ်သေးဘူး၊ ဂျရယ် ဖို့ရဲ့ သမ္မတ ကျမ်းကျိန် ပွဲကို တက်ရဦးမယ်၊ သွားကြစို့'

သမ္မတ ဖို့သည် ကစ်ဆင်းဂျားကို နိုင်ငံခြားရေး ဝန်ကြီး နေရာတွင် ဆက်ခန့် သည်။ ကမ္ဘာတွင် အမေရိကန်တို့ မျက်နှာပန်း လှစေရန် ဖြစ်သည်။

ကာကွယ်ရေး ဝန်ကြီး ဟိတ်ကို သူ လိုချင်သည်။ သို့ရာတွင် အိမ်ဖြူ တော်တွင် နစ်ဆင်၏ လူများကို ဆက်ထား၍ မသင့်။ ထို့ကြောင့် သူ့ကို နေတိုး အဖွဲ့ တပ်များ၏ စစ်ဦးစီးချုပ် အဖြစ် ခန့်လိုက်သည်။

ထို့နောက် ကမ္ဘာ့ ခေါင်းဆောင် တစ်ယောက် အဖြစ် လူရာဝင်နိုင်ရန် အတွက် ဖို့သည် ကစ်ဆင်းဂျားကို ခေါ်၍ ဘရက်ဇနက်နှင့် ထိပ်သီး ဆွေးနွေး ပွဲ တစ်ခု ကျင်းပသည်။ သဘာဝ ကျစွာပင် ဆွေးနွေးပွဲသို့ ဂျော့ ကဲလား လိုက် ပါရသည်။ ဂျော့ ကဲလားသည် လွန်စွာ အရေးကြီးသည့် ပုဂ္ဂိုလ် တစ်ဦး ဖြစ် လာခဲ့ကာ အပြန်ခရီးတွင် သမ္မတကြီးက သူ့အခန်းသို့ ဖိတ်၍ တိုင်ပင် ဆွေး နွေးရသည် အထိ ဖြစ်လာသည်။

'ဘာတွေ ပြောခဲ့သလဲ'

သူ့နေရာ ထိုင်ခုံသို့ ပြန်အရောက်တွင် ကစ်ဆင်းဂျားက မနာလိုဟန် ဖြင့် မေးသည်။

'ဝန်ကြီးကတော့ ယုံမှာ မဟုတ်ဘူး၊ တခြား အကြောင်း မဟုတ်ဘူး ခင်ဗျ၊ ဘောလုံး အကြောင်း ပြောတာ'

'ခင်ဗျားက ဘောလုံး အကြောင်းကို ဘာမှ နားမလည်တာ'

'ဟားဗတ် တက္ကသိုလ်က ကျွန်တော့်ကို သင်ပေးလိုက်တဲ့ ပညာ တစ်ခု ရှိတယ် ခင်ဗျ၊ အဲဒါကတော့ တခြား မဟုတ်ဘူး၊ ကိုယ် ပြောနေတဲ့ အကြောင်း အရာ တစ်ခုကို နားလည်သယောင် ဟန်ဆောင်တတ်တဲ့ ပညာ ခင်ဗျ'

ဂျော့ ကဲလားနှင့် ကေသီတို့သည် ဝါရှင်တန် အထက်တန်းလွှာ အသိုင်းအဝိုင်း တွင် အထင်ရှားဆုံးသော ငယ်ရွယ်သူ ဇနီးမောင်နှံ တစ်စုံ ဖြစ်လာခဲ့ကြသည်။

သူ့ ဇနီးသည် ပါတီနိုင်ငံရေး လုပ်ရာတွင် ကျွမ်းကျင်သူ ဖြစ်ကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဂျော့ ကဲလား မကြာမီ တွေ့လာခဲ့ရသည်။ ကေသီသည် စကားဝိုင်းတွင် သူ့ ယောကျ်ား ဝင်နိုင်အောင် လမ်းခင်းပေးတတ်သူ၊ အထူးသဖြင့် စတော့ဈေး မဏ္ဍိုင်နှင့် ဆက်သွယ်ရာတွင် ကျွမ်းကျင်သူ ဖြစ်သည်။ သတင်းစာများကလည်း အလားအလာ ရှိသည့် ဒေါက်တာ ဂျော့ ကဲလားနှင့် ဇနီးသည် ကေသီတို့ကို ချီးမွမ်းရေးကြသည်။

အခက်အခဲ တစ်ခုတော့ ရှိသည်။ ယင်းမှာ ဂျော့ ကဲလားသည် အိမ်ထောင်သည် ဘဝတွင် လိုက်လျောညီထွေ မနေတတ်ခြင်းပင် ဖြစ်သည်။

ညတိုင်း ဧည့်ခံပွဲတွေ ရှိသည် မဟုတ်။ ရုံးမှ အိမ်သို့ သူ ပြန်လာသည့် အခါတွင် သူ့အဖို့ ကေသီ တစ်ယောက်မှ အပ တခြား ဘယ်သူမျှ စကားပြောဖော် မရှိ။ တစ်ခါတစ်ရံတွင် သူက နေ့ခင်းက တွေ့ခဲ့သည့် ပြဿနာများကို ပြောပြသော်လည်း ကေသီက အမြဲ စိတ်မဝင်စားနိုင်။

လက်ထပ်ခဲ့စဉ်က ဘုန်းတော်ကြီး ရှေ့တွင် ကတိသစ္စာတွေ ဆိုခဲ့ကြသော်လည်း ဂျော့ ကဲလားသည် ထို ကတိသစ္စာများကို အစဉ်အမြဲ မစောင့်ထိန်းနိုင်။ ဂျော့ ကဲလားသည် ပေးဆပ်တတ်သော်လည်း မျှဝေ ခံစားခြင်း မပြုတတ်။ သူသည် အချစ်ကို ပေးရုံသာ ပေးတတ်ပြီး ချစ်ကြောင်းကို မပြတတ်။

သို့တိုင်အောင် ကေသီ စိတ်မပျက်ပါ။ စိတ်ရှည်စွာ စောင့်နေဆဲ ဖြစ်ပါသည်။ သို့ရာတွင် သူ့ ယောကျ်ားသည် တစ်နေ့တွင်မူ ရင်းနှီး ကျွမ်းဝင်ခြင်း၏ အတတ်ပညာကို ပိုင်နိုင်လာလိမ့်မည်ဟု ကေသီ မျှော်လင့်သည်။ ဂျော့ ကဲလားသည် အခြားသော ကိစ္စများတွင် ထိုသို့ တတ်မြောက် ကျွမ်းကျင်လာခဲ့သည် မဟုတ်လော။

ထို အတောအတွင်းတွင်မူ ကိုယ့်ဘဝမှာပင် ကိုယ် နေကြရဦးမည်။ ကိုယ့်လမ်း ကိုယ် လျှောက်ရဦးမည်။ ဂျော့ ကဲလား၏ ဘဝတွင် ရာထူးတက်ရေးသည် အရေးကြီးသည်။ သို့ရာတွင် ကေသီ၏ ဘဝတွင် ယုံကြည်ချက် ရှိသည်။

လွန်ခဲ့သည့် သုံးနှစ်က အမေရိကန် ကွန်ဂရက် လွှတ်တော်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ၂၇ ကြိမ်မြောက် ပြင်ဆင်ချက်ကို အတည်ပြုခဲ့သည်။ ထို ပြင်ဆင်ချက်အရ ကျား မ အခွင့်အရေး ခွဲခြားခြင်းကို ဆန့်ကျင်သည်။ ထို ဥပဒေ ပြင်ဆင်ချက်ကို ပြည်နယ် သုံးပုံ နှစ်ပုံက လက်ခံလျှင် ကျား မ အဆင့်အတန်း တူညီမှုသည် တစ်တိုင်းပြည်လုံး၏ ဥပဒေ ဖြစ်လာတော့မည်။

ကေသီသည် ထိုကိစ္စ အတွက် လက်မခံသေးသည့် ပြည်နယ်များတွင် လိုက်၍ တရားဟောရန် အမျိုးသမီး အဖွဲ့နှင့် လိုက်ဖို့ အထုပ်တပြင်ပြင် ဖြစ်





နေသည်။

'အလကားဟာတွေပါကွယ်၊ ဘာလုပ်စရာ လိုလို့လဲ၊ မင်းက သတ္တိ ရှိတဲ့ မိန်းမ၊ လွတ်လွတ်လပ်လပ် တွေးခေါ်နိုင်တဲ့ မိန်းမ၊ အရည်အချင်း ရှိတဲ့ မိန်းမ၊ တန်းတူ ညီမျှမှု ရှိလို့ပဲ မင်းဟာ ရှေ့နေကြီး တစ်ယောက် ဖြစ်နေပြီ မဟုတ်လား၊ မင်း လျှောက်တယ် ဆိုရင် တရားလွှတ်တော်ချုပ် တရားသူကြီး တောင် ဖြစ်နိုင်သေးတယ်'

'ရှင့် အဘိဓာန်မှာ အများကောင်းကျိုးတို့၊ ပရဟိတတို့ ဆိုတဲ့ စကားလုံးတွေ မရှိတော့ဘူးလား၊ ခု ကျွန်မ လုပ်နေတာ ကျွန်မအတွက် မဟုတ်ဘူးရှင့်၊ သန်းပေါင်း များစွာသော အမျိုးသမီးတွေ အတွက် လုပ်နေတာ၊ ယောကျ်ား တစ်ယောက်ရဲ့ အလုပ်ကို လုပ်ပြီး မိန်းမ တစ်ယောက်ရဲ့ လခကိုသာ ရနေကြတဲ့ အမျိုးသမီးတွေ အတွက် လုပ်နေတာ'

'မင်း စကားပြောတာက ဝါဒ ဖြန့်ချိရေး စာအုပ်နှင့် တူလိုက်တာ'

'ရှင်ကတော့ ဒီလိုပဲ ထင်မှာပေါ့၊ ညစာ ထမင်းဝိုင်းမှာ ရှင်ပြောတဲ့ စကားတွေကလည်း အစိုးရ ဌာန ဆိုင်ရာ မှတ်တမ်းတွေနှင့် ဘာထူးသေးလို့လဲ၊ တစ်ခါလာလည်း ကမ္ဘာ့ နိုင်ငံရေး၊ တစ်ခါလာလည်း အာဖဂန်နစ္စတန် ကိစ္စတို့ ဘာတို့၊ ဒါတွေကို ကျွန်မ စိတ်ဝင်စားတယ်လို့ ထင်နေသလား'

'ငါက ငြီးငွေ့စရာကောင်းတဲ့ ကောင်လို့ မင်း ပြောနေတာလား'

'မဟုတ်ဘူးရှင့်၊ ကမ္ဘာကြီးမှာ ဖြစ်ပျက်နေတဲ့ ကိစ္စတွေ အားလုံးဟာ ရှင့် ရုံးခန်းထဲမှာ ဖြစ်ပျက်နေတယ်လို့ ရှင် ထင်နေတယ်လို့ ပြောတာ၊ ရှင်ဟာ တခြားလူတွေရဲ့ စိတ်ဝင်စားမှုကိုကော မလေးစားတော့ဘူးလား'

'ကိုယ်က တခြားကြောင့် ပြောနေတာ မဟုတ်ပါဘူး၊ မင်း လိုက်သွားရင် ကိုယ်တို့ ခွဲနေရမှာမို့လို့ ပြောနေတာပါ'

ဂျော့ ကဲလားက ကိုယ်ရေးကိုယ်တာကိစ္စကို လမ်းကြောင်း ပြောင်းသည်။

'အမယ်လေး၊ ဒါက အလွယ်ကလေးပါ၊ ခွဲမနေချင်ရင် ရှင် ခွင့်ယူပြီး ကျွန်မနှင့် လိုက်ခဲ့ပေါ့'

ကေသီ့ အမူအရာက ခပ်လှောင်လှောင်။

ဂျော့ ကဲလားက တားသည့်တိုင် ကေသီကို တား၍ မရ။ နောက်ဆုံးတွင် ကေသီကို လေယာဉ်ကွင်းသို့ လိုက်ပို့ခဲ့ရသည်။

ကေသီသည် ဟောပြောပွဲ များစွာကို ရောက်ခဲ့သည်။ ရှောင် မရနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသမီးများမှာ သဘောမပေါက်နိုင်ကြသဖြင့် သူ အံ့သြရသည်။ အမျိုးသမီးများစုမှာ သူတို့၏ 'ဒုတိယတန်းစား' အဆင့်အတန်းကလေး ပျောက်သွားမည်ကိုပင် စိုးရိမ်နေကြသည်။ ထို အခြေအနေမျိုးတွင် အရိုးစွဲ နေခဲ့ရပြီ ဖြစ်သဖြင့် ကိုယ်ပိုင် ခြေထောက်ပေါ်တွင် ရပ်ရန် မဝံ့မရဲ ဖြစ်နေကြသည်။ သူ့အလုပ်မှာ အမျိုးသမီးများအား မိမိတို့၏ တန်ဖိုးကို မြှင့်တင်ကြရန် ဟောပြောရသည့် အလုပ် ဖြစ်သည်။ သူတို့ကို သဘောပေါက်အောင် ဟောရ ပြောရသည်မှာလည်း မောပါဘိ။

သို့ဖြင့် သုံးလကြာမျှ သူတို့ ကွဲနေကြသည်။ တယ်လီဖုန်းဖြင့် တစ်ခါ တစ်ရံ အဆက်ရပါ၏။ သို့ရာတွင် လူချင်းတွေ့သည်မှာမူ မိန်းတွင် နေနေသည့် အင်ဒရူး အဲလီယော့က အောက်မေ့ဖွယ်နေ့ ကျင်းပသည့် ညှော်ခံပွဲကျမှ လူချင်း တွေ့ဖြစ်ကြတော့သည်။

သူတို့ နှစ်ယောက် ဝါရှင်တန်သို့ လေယာဉ်ဖြင့် ပြန်လာခဲ့စဉ် ကေသီက

'ရှင့် ကျောင်းနေဖက် သူငယ်ချင်းက ချောသားပဲ၊ ဘာဖြစ်လို့ နောက် အိမ်ထောင် မပြုသလဲ မသိဘူး'

'သူ့ကိုယ်သူ မယုံကြည်လို့ နေမှာပေါ့'

'ဟုတ်မယ်၊ ကေသီလည်း ဒီလိုပဲ ထင်တယ်၊ ဒါပေမဲ့ ဘာဖြစ်လို့ မယုံကြည်ရမှာလဲ၊ တစ်ဖက်သားကိုလည်း ကြင်နာတတ်တယ်၊ မျှမျှတတလည်း ရှိတယ်၊ ပြီးတော့ ရယ်စရာ မောစရာလည်း ပြောတတ်တယ်၊ သူ့မှာ ဇနီးကောင်း တစ်ယောက် လိုနေတယ်လို့ ထင်တယ်လေ'

'ဒါကလည်း အချိန် ပေးနိုင်ဦးမှကွ၊ သင့်တော်တဲ့ မိန်းမများ မမြင်ဘူး လား'

'အမယ်လေး၊ အများကြီးပါ၊ ကေသီ ရှာပေးနိုင်ပါတယ်၊ ကေသီလို မိန်းမတွေပေါ့'

ကေသီက ပြုံးသည်။

'ဒီလိုဆို ကိုယ် ကံကောင်းတာပေါ့ နော်'

ဂျော့ ကဲလားက သူ့လက်ကို လှမ်းဆုပ်လိုက်၏။

'ဟုတ်တယ်၊ မောင် ကံကောင်းတယ်၊ ခုမှပဲ သိတော်မူတယ်နော်'

၁၉၇၅ ခုနှစ် နိုဝင်ဘာလ တစ်ညနေ၌ ဂျော့ ကဲလားသည် သူ့ ရုံးခန်းထဲတွင် ထိုင်ကာ ဒေသဆိုင်ရာ အစီရင်ခံစာ တစ်ခုနှင့် ပတ်သက်၍ သူ့ ထင်မြင်ချက်များ





ကို တင်ပြရန် ပါးစပ်မှ နှုတ်တိုက် ရွတ်ချပေးနေစဉ် ကစ်ဆင်းဂျားး ရောက်လာသည်။

'ဝန်ကြီး ဘာပြဿနာ ပေါ်လာလို့လဲ၊ ဝန်ကြီး ကြည့်ရတာ တစ်မျိုးပဲ'

'ကျွန်တော် စိတ်ညစ်နေတယ်ဗျာ'

ကစ်ဆင်းဂျားက ကုလားထိုင် တစ်လုံးတွင် ဝင်ထိုင်သည်။

'ဘာဖြစ်လို့လဲ'

'သမ္မတက ပြောနေတယ်၊ လူတစ်ယောက်တည်း နိုင်ငံခြားရေး ဝန်ကြီး ရာထူးရော၊ လုံခြုံရေး ကောင်စီ ဥက္ကဋ္ဌ ရာထူးရော ယူထားတာ မကောင်းဘူးတဲ့'

'ဒါပေမဲ့ ဝန်ကြီးက ဒီ နှစ်နေရာစလုံးမှာ ကောင်းကောင်း လုပ်နိုင်နေတာပဲ'

'ကျွန်တော်လည်း ဒီလိုပဲ ထင်တာပေါ့လေ၊ ဒါပေမဲ့ သူက ကျွန်တော့်ကို လုံခြုံရေး ကောင်စီ ဥက္ကဋ္ဌက နုတ်ထွက်စေချင်တယ်၊ ဒါပေမဲ့ နုတ်ထွက်လိုက် ရင် ကျွန်တော့် အနေအထားကို တစ်မျိုး မြင်သွားကြလိမ့်မယ် ထင်တယ်'

'တစ်ခုတော့ ရှိပါတယ် ဝန်ကြီး၊ ဒီလို နုတ်ထွက်လိုက်ရတဲ့ အတွက် ဝန်ကြီးရဲ့ သြဇာ အာဏာကတော့ လျော့ကျမသွားပါဘူး'

ဂျော့ ကဲလားက တကယ် စိတ်မကောင်း ဖြစ်သွားသည်။

'ဟုတ်ပါတယ်၊ နောက် ဆက်ခံမယ့် သူက ကျွန်တော်နှင့် ဆက်ဆံရေး ကောင်းနေတော့ ကျွန်တော့်အဖို့ ပိုပြီးတောင် ကောင်းပါသေးတယ်'

'နောက်ဆက်ခံမယ့် လူက ဘယ်သူပါလဲ ဝန်ကြီး'

ကစ်ဆင်းဂျားက ဟားဗတ် တက္ကသိုလ် ကျူတာဟောင်း ဂျော့ ကဲလားကို ရယ်ချင်ပက်ကျိ မျက်နှာဖြင့် ကြည့်ရင်း ပြောသည်။

'ခင်ဗျားလေ'

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

နိုဝင်ဘာ ၃၊ ၁၉၇၅။

ကိုယ်နှင့် အခန်းဖော်ရဲ့ ပုံကို ဒီနေ့ထုတ်တဲ့ နယူးယော့တိုင်း သတင်းစာ ကြီးထဲမှာ တွေ့လိုက်ရတယ်။

ဂျော့ ကဲလားဟာ အမျိုးသား လုံခြုံရေးကောင်စီ ဥက္ကဋ္ဌ အဖြစ် ကစ်ဆင်းဂျားရဲ့ နေရာမှာ ခန့်အပ်ခြင်း ခံရတယ်လေ။ ခုဆို သူဟာ



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖြူတော် အနောက်ဆောင်ကို ရောက်သွားပြီး သမ္မတရဲ့ ရုံးခန်း တံခါးကို အချိန်မရွေး ခေါက်နိုင်တဲ့ အဆင့်မှာ ရောက်သွားပြီ။ အစိုးရ စက်ယန္တရားကြီးရဲ့ ဘီးကို သူ ကိုင်နိုင်တဲ့ အနေအထားပေါ့။

ဒီနေ့ည ခုနစ်နာရီ သတင်းမှာ ဂျော့ ကဲလားဟာ ဒီထက်ကြီးတဲ့ နေရာကိုတောင် ဆက်ခံရလိမ့်မယ်လို့ သတင်း ဝေဖန်သူတွေက အကဲ ဖြတ်နေကြတယ်။

သမ္မတ ဖို့ဟာ နိုင်ငံခြားရေး ဝန်ကြီး အဖြစ် သူ ကိုယ်တိုင် တစ်ယောက်ယောက်ကို ရွေးချယ် ခန့်ထားချင်နေတယ်လို့ သတင်း ဖြစ်နေတယ်။ သမ္မတ အဖြစ် ထပ် အရွေးခံရရင် (ဒါကလည်း ဖော် တော် သေချာတယ်) အစိုးရ အဖွဲ့ကို ပြန်ဖွဲ့မယ်တဲ့။ အဲဒီမှာ ဂျော့ ကဲလားတို့က အဓိက ဇာတ်ဆောင်ပေါ့။ ပွတာပေါ့။ ဂျော့ ကဲလား ကတော့ ကမ္ဘာကြီးကို ကိုင်လှုပ်ယမ်းနေနိုင်တဲ့ အနေအထားကို ရောက် သွားပြီပေါ့။ သူ့မှာ ကျော်ကြားမှု ရှိတယ်။ အာဏာ ရှိတယ်။ ပြီးတော့ မယားကောင်းလည်း ရှိတယ်။ တချို့ လူတွေကျတော့လည်း တယ်လို့ ကံကောင်းကြပါကလား။

ကိုယ် တစ်ခုတော့ စဉ်းစားမိတယ်။ ကိုယ် အိမ်ဖြူတော်ကို တယ်လီဖုန်း ဆက်ပြီး ဂျော့ ကဲလားကို ခေါ်ရင် ကိုယ့်ကို လက်ခံ စကားပြောပါ့မလားလို့။

ဂျော့ ကဲလားအား လုံခြုံရေးကောင်စီ အကြီးအကဲ ခန့်အပ်လိုက်သည့် အကြွ ချီးကျူးသည့် ကြေးနန်းများ၊ စာများသည် အိမ်ဖြူတော်သို့ ဝင်လာမစဲ ကာ သဲ ဖြစ်နေသည်။ ညနေစောင်းတွင် သူ့ အတွင်းရေးမှူးက လက်ဆွဲအိတ်ကြီး နှစ်လုံး ပြည့်နေသော စာများ၊ ကြေးနန်းများကို လာပို့သည်။ အိမ်ရောက်လျှင် ဇနီးသည် ကေသီနှင့် အတူ ဖတ်နိုင်ရန် ဖြစ်သည်။

'ဒီ လက်ဆွဲအိတ်ကြီး ကိုင်ပြီး ငါက မော်တော်ကား ရပ်တဲ့ဆီ ဆွဲသွား ရမှာလားကွ'

ဂျော့ ကဲလားက ပြောသည်။ ထို့နောက် သတိရသွားသဖြင့်

'အေး၊ ထားခဲ့၊ ကိစ္စ မရှိဘူး၊ ငါ့ကားက အရင်နေရာမှာ ရပ်ထားကာ





မဟုတ်ဘဲ၊ သမ္မတရဲ့ ကားရုံထဲမှာ ရှိတာ၊ နီးနီးကလေးရယ်'

ကေသီက လှေကားဝမှ သူ့ကို ကြိုဆို နှုတ်ဆက်ကာ ဖက်လိုက်သည်။

'ဒီနေ့ အထိမ်းအမှတ်ပွဲ အဖြစ် ညစာ ကောင်းကောင်း ပြင်ထားတယ်'

'ဘယ်သူ့ကို ဖိတ်ထားသေးသလဲ'

'ဟင့်အင်း၊ မောင်နှင့် ကေသီ နှစ်ယောက်တည်းပဲ၊ နည်းနည်းမါးပါး သောက်ဦးမလား'

'သိပ်ကောင်းတာပေါ့'

သူ့ကို ဧည့်ခန်းထဲသို့ ဆွဲခေါ်သွားစဉ် ကေသီက လေသံကလေးဖြင့်

'ဒီနေ့ည မောင် တအံ့တသြ ဖြစ်သွားအောင် လုပ်ထားတယ်၊ သိမ်းထား တာ ကြာလှပြီ၊ ကြည့်စမ်း'

ကေသီက ကော်ဖီ စားပွဲကို ညွှန်ပြသည်။ စားပွဲပေါ်တွင်မူ ဖန်ခွက် အချို့နှင့် ပုလင်း နှစ်လုံး။

'ဟာ ဟန်ဂေရီယန် ရှန်ပိန်ပါလား၊ ကေသီ ဘယ်က ရလာတာလဲ'

ဂျော့ အံ့အားသင့်နေသည်။

'အမယ်လေး၊ လွယ်လွယ် ရလာတာ မဟုတ်ဘူးရှင့်၊ ပြောပြမယ်'

သူတို့သည် ရှန်ပိန် နည်းနည်း သောက်ကြသည်။ အမြည်း နည်းနည်း စားကြ၏။ ဧည့်ခန်းတွင် ချစ်ကြ၏။ ထို့နောက် ထပ်သောက်၍ မူးကြ၏။

'မောင် ယူလာတဲ့ ကြေးနန်းတွေကလည်း တစ်ဖွေ့ တစ်ပိုက်ကြီးပါလား'

'ဟုတ်လား၊ မိတ်ဆွေ ပေါတာကိုး'

'အေးလေ၊ မောင်က သမ္မတ ရုံးခန်းနှင့် တစ်လှမ်းလောက်ပဲ ကွာတာ ဆိုတော့ အသိဖွဲ့ချင်သူတွေလည်း ပါမှာပေါ့၊ မှန်းစမ်း၊ ဖောက်ကြည့်ရအောင်၊ အဲဒီထဲမှာ ကောင်မတွေ ဘယ်နှစ်ယောက် ပါမလဲ မသိဘူး'

သူတို့သည် တခစ်ခစ်ရယ်ရင်း စာများကို အတူ ဖတ်ကြသည်။

ပြည်နယ်တိုင်းရှိ ဘုရင်ခံများက ကြေးနန်း ရိုက်ကြသည်။ မြို့ကြီးများမှ မြို့တော်ဝန်များက ကြေးနန်း ရိုက်ကြသည်။ ဒီမိုကရက်များရော၊ ရီပတ်ဗလစ် ကင်များကပါ ချီးကျူးစာတွေ ပို့ကြသည်။ သံတမန် ဖြစ်လိုသူ၊ နိုင်ငံ ခေါင်းဆောင် ဖြစ်လိုသူတိုင်းက စာတွေ ပို့ကြသည်။

ဟိုလီဝုဒ်မှ ရုပ်ရှင် ပညာသည်တွေကလည်း ထို့ အတူ

'နောင်ဆိုရင် ခရီးသွားရင် မောင် တစ်ယောက်တည်း သွားလို့ မဖြစ် တော့ဘူး၊ တချို့ စာတွေက သမီး မပေးရုံ တစ်မည်ပဲ ရှိတော့တယ်'



www.burmeseclassic.com

www.burmeseclassic.com



ဂျော့ ကဲလားမှာ ပျော်၍ မဆုံး။ ယခုမှ အစရှိသေးသည်။ နောင် သည် ထက် ကောင်းတာတွေ လာဦးမည်။

'ဟင် ဒီစာက ဘာလဲ၊ ခေတ်ဟောင်းက မိုက်ကယ် ဆောင်းဒါးတဲ့၊ ဘယ်သူလဲ'

ကေသီက စာတစ်စောင်ကို ဖတ်ရင်း မေးသည်။

'ပြစမ်း'

ဂျော့ ကဲလားသည် ကြေးနန်းကို ယူဖတ်သည်။ ဖတ်ရင်း တဖြည်းဖြည်း အဓိပ္ပာယ်ကို နားလည်လာသည်။

ဝိုင်နာ ကဲလား ဘ၀မှ ယခုဘ၀ အထိ လျှောက်ခဲ့ရသည့် လမ်းမှာ ခရီး ရှည်ကြီး ဖြစ်ပါသည်။ မင်းရဲ့ ပထမဆုံးသော အင်္ဂလိပ်စာပြဆရာ မိုက်ကယ်က အောင်မြင်စေရန် ဆုတောင်းလိုက်ပါသည်။ ရှီကာဂို ရောက်လျှင် ဝင်ပါ။

ခေတ်ဟောင်းက

မိုက်ကယ် ဆောင်းဒါး။

'ဘာ အဓိပ္ပာယ်လဲ'

ကေသီက ပြောသည်။

'အလကားပါ'

ဂျော့ ကဲလားက စာရွက်ကို လုံးခြေပစ်လိုက်ပြီးနောက် မီးလင်းဖိုထဲသို့ ပစ်ထည့်လိုက်သည်။

တစ်ယောက်တည်းသာ ဖော်မပါလျှင်
ဝက်ပါလမ်း ထိုမြို့တန်းလည်း
နတ်ပန်းဥယျာဉ်၊ နန္ဒဝန်တည့်

ကျောင်းတုန်းက ဖတ်ခဲ့ရသည့် အင်ဒရူး မာဗယ်၏ ကဗျာကလေးကို သူ သတိရသည်။

ဆာရာနှင့် ခွဲကာ သူ တစ်ယောက်တည်း နေခဲ့သည်မှာ သုံးနှစ် သုံးမိုးရှိပြီ။ ကဗျာဆရာသည် ပညာရှာ သုတေသီတို့ အတွက် ထိုကဗျာကို ရေးစပ်





ခဲ့လေသလား မသိ။ ဟုတ်သည်။ သူ့လို ထူးချွန်သည့် ပါမောက္ခ တစ်ယောက် အဖို့ လုပ်စရာတွေ အများကြီး ရှိသည်။ ပညာ ရှာစရာတွေ အများကြီး ရှိသည်။ ကြင်ရာကို မငဲ့နိုင်ဟု လင်းဗရိုစ် တွေးမိသည်။

ကင်တာဘာရီသို့ ပြန်လာပြီးနောက် လင်းဗရိုစ်သည် သူတို့ ဝယ်ထားသည့် အိမ်ကလေးကို ရောင်းလိုက်ပြီး တက္ကသိုလ်မှ ငှားသည့် မာလ်ဘာရိုရိပ်သာ အပေါ်ထပ် အခန်း တစ်ခန်းကို ငှားနေခဲ့သည်။

ဂန္ထဝင်ဌာန မဟာဌာနမှူး အဖြစ် သူ့ ဆောင်ရွက်ချက်တို့မှာလည်း အားရလောက်သည်။ သူ့ ဂန္ထဝင် သင်တန်းသို့ တက်သည့် ကျောင်းသားဦးရေ များလာသည်။ ဂန္ထဝင် အဓိက ကျောင်းသားဦးရေ နှစ်ဆ တိုးလာသည်။

လင်းဗရိုစ်သည် စိတ်ဆိုးနေသော လူငယ် တစ်ယောက် ဟုတ် မဟုတ် မှာ အငြင်းပွားဖွယ်ရာ ရှိသည်။ သို့ရာတွင် ဒေါသ ထွက်နေသော လူလတ်ပိုင်း အရွယ် ဖြစ်သည်မှာကား သေချာသည်။ နေ့ရော ညပါ အလုပ်လုပ်ရန် ဒေါသက လောင်စာ ဖြည့်ပေးနေသလော မဆိုနိုင်။

ကျောင်းဆင်းသည်နှင့် လင်းဗရိုစ်သည် သူ့ အခန်းသို့ ပြန်လာကာ အေးစက်၍ အာဟာရ တန်ဖိုး ရှိ မရှိ အငြင်းပွားစရာ ဖြစ်သော ညစာကို အငမ်းမရ စားသောက်ပြီးနောက် သူ့ စားပွဲတွင် ထိုင်သည်။

နည်းနည်း ပင်ပန်းသွားသည်နှင့် ဂရိပြည်ထွက် ရက်ဆိနာ အရက်ကို နည်းနည်း သောက်သည်။ ခေတ်သစ် ဂရိ အရက်သည် ဂန္ထဝင် ပြဇာတ်ဆရာတို့ကို သူ့ ခေါင်းထဲတွင် ပြန်လည် ဆန်းသစ်လာစေသည်။ ပြဇာတ်ဆရာ ယူရီပီဒီးစ်နှင့် ပတ်သက်သည့် သုတေသနမှာလည်း အံ့မခန်း ဖြစ်လောက်သည်။ ယူရီပီဒီးစ်နှင့် ပတ်သက်လာလျှင် အကြွင်းအကျန် မရှိအောင် စေ့ငသည်။

လင်းဗရိုစ်မှာ စကားပြောဖော် မရှိ။ အပေါင်းအသင်း မရှိ။ ညှော်ခံပွဲများသို့လည်း တက်လေ့ မရှိ။ အရေးကြီးသည့် တက္ကသိုလ် အုပ်ချုပ်ရေး အဖွဲ့ဝင်တို့ တက်ရောက်သည့် ညှော်ခံပွဲမျိုးကိုသာ သူ သွားတတ်သည်။ မဟာဌာနမှူး ပင်စင်ယူလျှင် သူ ဖြစ်မည်ဟု သတင်းပြေးနေသောကြောင့် ဖြစ်သည်။

လင်းဗရိုစ်သည် စိတ်ဆိုးဆိုးဖြင့် မိန်းမဟူသမျှကို ဆေးစွာ ရှောင်သည်။

တစ်ခါတစ်ရံတွင် လင်းဗရိုစ်သည် ညဉ့်နက်သန်းခေါင်တွင် အိပ်ရာနိုးလာကာ မျက်လုံးတွေ အကြောင်သားဖြင့် ဖြစ်နေသည်။ အလုပ်စားပွဲတွင် ထိုင်ပြီး မောပန်း နွမ်းနယ်လာအောင် အလုပ်လုပ်သည့် နည်းသာလျှင် သူ့



www.burmeseclassic.com

www.burmeseclassic.com



ရောဂါကို ကုနိုင်သည်။ သူသည် ခံစားချက်အရ သေသူ တစ်ယောက် ဖြစ်နေပြီ။

သူ့ တစ်ကိုယ်လုံးတွင် ရှင်သန်နေသော အရာဆို၍ အသိဉာဏ် တရားသာ ရှိတော့သည်။ ထို အသိဉာဏ် ရှင်သန်နေအောင် သူသည် သုတေသန လုပ်ငန်း တည်းဟူသော အကြောဆေးများဖြင့် ထိုးပေး၏။ သို့ဖြင့် သူ့အား ပညာရေး လောကသစ်ကြီး တစ်ခုထဲသို့ ဝင်ရောက်ရန် နိုင်ငံကူး လက်မှတ် ထုတ်ပေးမည့် ကျမ်းကြီး တစ်ခုကို ပြီးစီးလုနီး ဖြစ်သွားသည်။

သူ ပေးရသည့် တန်ဖိုးသည် အထီးကျန် ဘဝဖြစ်လျှင် ထိုတန်ဖိုးနှင့် ညီမျှအောင်တော့ ပြန်ယူရပေလိမ့်မည်။

ထိုကာလများ အတွင်း လင်းဗရိစ်သည် တစ်ကြိမ်သာလျှင် ခံစားချက်၏ အလိုကို လိုက်ဖူးသည်။ သူ မဟာဘွဲ့ရရှိသည့် ဒုတိယ နှစ်ဝက် တစ်ညတွင် သူ့ညီ အဲလက်က ဖုန်းဆက်ကာ သူတို့ အဖေ ဆုံးသွားပြီ ဖြစ်ကြောင်း ပြောသည်။

လင်းဗရိစ်သည် သချိုင်းထဲတွင် သူ့ အမေနှင့် ညီမကို ဖက်ထားသည်။ လင်းဗရိစ်သည် ငိုပစ်လိုက်၏။

သူ့ ညီ အဲလက်က ကျင်း တစ်ဖက်မှ နေ၍ ခပ်တိုးတိုး ပြောသည်။

'အဖေက အစ်ကို့ အတွက် သိပ် ဂုဏ်ယူတာ၊ အစ်ကိုဟာ အဖေ့ကို ဂုဏ်ရှိအောင် လုပ်ပေးတဲ့ လူပါတဲ့'

လင်းဗရိစ်သည် ခေါင်းညိတ်ရုံသာ တတ်နိုင်တော့သည်။

ထိုညတွင် လင်းဗရိစ်သည် ကင်တာဘာရီသို့ ပြန်လာခဲ့ကာ စားပွဲတွင် ထိုင်ပြီး အလုပ် လုပ်နေသည်။

တယ်လီဖုန်းသံ မြည်လာ၏။ ဆာရာရယ်။

'ဘာဖြစ်လို့ ဆာရာ့ကို အကြောင်း မကြားတာလဲ၊ အကြောင်းကြားရင် လေယာဉ်နှင့် အသုဘကို လာပို့မှာပေါ့'

ဆာရာ၏ အသံက တိုးတိုးညင်းညင်း။

'မင်း ဘယ်လိုလုပ် သိသလဲ'

'ဟားဗတ် အသင်းက လူတစ်ယောက်က တယ်လီဖုန်း ဆက်တယ်၊ စိတ်မကောင်းလိုက်တာ ကိုရယ်၊ အဖေဟာ သိပ် သဘောကောင်းတဲ့လူ'

'မင်းကိုလည်း ချစ်ပါတယ်ကွာ'





လင်းဗရိစ်သည် ထို အခွင့်အရေးကို ချက်ကောင်းယူကာ

'သူ့မြေး အကြီးဆုံးကို သိပ်တွေ့ချင်တာ၊ တွေ့မသွားရရှာဘူး'

'နာတာလူး ပွဲတော်တုန်းကတော့ တွေ့သွားရပါတယ်၊ ကို့ မိဘများဆီကို ဆာရာ လတိုင်း စာရေးပါတယ်၊ ကလေးတွေရဲ့ ဓာတ်ပုံတွေလည်း ပို့ပါတယ်၊ ကိုက အကြောင်းကြားရင် သားကြီးကို အသုဘကို ခေါ်လာမှာပေါ့၊ သူ့အတွက် အရေးကြီးတယ် မဟုတ်လား'

'သားကြီးကော နေကောင်းတယ် မဟုတ်လား'

'ကောင်းပါတယ်၊ ဒါပေမဲ့ သူ့ အဘိုး သတင်းကို ကြားရလို့ စိတ် ထိခိုက်နေတယ်၊ လက်တင်ဘာသာ သင်တန်းမှာ ပထမရတယ်'

လင်းဗရိစ်သည် ပြောရင်း ဆိုရင်း ဆာရာနှင့် တယ်လီဖုန်း စကား မပြတ်ချင်သေးဘဲ တစ်ဆက်တည်း ပြောချင်နေသည်။

'ဆာရာရဲ့ အလုပ်ကကော ဘယ့်နှယ်လဲ'

'မဆိုးပါဘူး၊ ခုတော့ ဟားဗတ် တက္ကသိုလ် သုတေသန အသင်းက ဆာရာ့ရဲ့ ဆောင်းပါးကို လက်ခံလိုက်တယ်'

'ချီးကျူးပါတယ်၊ ဘာအကြောင်းကို ရေးထားတာလဲ'

'အပိုလိုနီးယပ်စ်ရဲ့ အကြောင်းပါ၊ ဆာရာ နောက်ဆုံးနှစ် စာမေးပွဲက စာတမ်းကို အနှစ်ချုပ် ပြန်ရေးထားတာပါ'

'ကောင်းတယ်၊ ကိုယ် စောင့်ဖတ်မယ်လေ၊ ဆာရာရဲ့ ပါရဂူဘွဲ့ယူ စာတမ်းကကော'

'ရေးတော့ ရေးနေတာပဲ၊ နွေဦးပေါက်လောက်မှ ပြီးမယ် ထင်တယ်၊ ပထမပိုင်းကို ဆရာ ကင်မရွန်းက ကြည့်ပေးတယ်၊ ဒုတိယပိုင်းကိုတော့ ဆရာ ဂျိမ်းက ဖတ်ပေးတယ်'

'ဆရာ ဂျိမ်းက ဘောလီယယ် ကောလိပ်က နောက် ကျူတာ အသစ် မဟုတ်လား၊ ပရီးပါတီးယက်စ်နှင့် ပတ်သက်တဲ့ ကျမ်းကို သိပ် သဘောကျတယ်လို့ ပြောလိုက်ပါ၊ ဆာရာကော ခု ဘာစာတမ်း ရေးနေသလဲ'

'ကိုယ် မဝါးနိုင်တာကို စားမိပြီ ထင်တယ်၊ ဆာရာရဲ့ စာတမ်းက ကယ်လင် မားကတ်စ်နှင့် လက်တင် ကဗျာ အကြောင်း'

ဆာရာ ရယ်သည်။

'အမယ်လေး၊ တော်ရုံ တန်ရုံ ယောကျ်ားလေးတောင် သူတို့ကို လေ့လာလိုက်ရင် စောစော ကိစ္စတုံးကုန်တာ၊ အင်းလေ ကိုယ်က မိန်းမ ဆန်ဆန်ကျင်



www.burmeseclassic.com

www.burmeseclassic.com



ရေးသမား မဟုတ်ပါဘူး၊ တော်ရုံ တန်ရုံ လူလို ပြောဖို့ ကောင်းတာ၊ ပါးစပ်က ဘယ့်နှယ် မှားထွက်မိမှန်း မသိဘူး'

တယ်လီဖုန်းကို မချချင်သေး။ ထို့ကြောင့် နောက်ထပ် ပြောစရာ အကြောင်းကို အပြေးအလွှား ရှာကြည့်သည်။

'ဒါဖြင့် ဇွန်လထဲမှာ ဒီဂရီ ရတော့မယ်ပေါ့'

'မျှော်လင့်ရတာပဲ'

'ပြီးရင် အမေရိကကို ပြန်လာမယ်ပေါ့၊ ဟုတ်လား'

'ဒါတော့ သိပ် မသေချာသေးဘူး၊ ဒါပေမဲ့ ဒီကိစ္စက ကို နောက်လထဲမှာ အောက်စဖို့ကို လာမှာ မဟုတ်လား၊ အဲဒီတော့မှ မျက်နှာချင်းဆိုင် ဆွေးနွေးရမယ်လေ'

'သိပ်လာချင်တာပဲ'

'သားကြီးကလည်း လာစေချင်လှပြီ၊ အချိန်ရရင် လေယာဉ်ကွင်းကို လာကြိုမယ်လေ'

'တယ်လီဖုန်းဆက်လို့ ကျေးဇူးတင်တယ် ဆာရာ၊ ဆာရာ အသံကို ကြားရလို့ တော်တော် စိတ်ချမ်းသာသွားတယ်'

တယ်လီဖုန်းကို ချလိုက်သည်။ သူ့ အသံကို ကြားရုံတင် မဟုတ်။ သူ့ မျက်နှာကလေးကိုပါ မြင်ချင်သည်။

'ကြည့်စမ်း၊ ကြည့်စမ်း၊ စကားပြောလိုက်တာကလည်း တကယ့် အင်္ဂလိပ်သံ ပါလား'

လင်းဗရိုစ်က သူ့သားကြီး၏ စကားကို နားထောင်၍ ပြောသည်။

'ဒီအတိုင်းပဲ ဖြစ်ရမှာပေါ့ ကိုရဲ့၊ သူက တစ်သက်လုံး ဒီမှာ နေလာတာ ကိုး'

သူတို့ တစ်စုသည် အောက်စဖို့လမ်းက အိမ်ဧည့်ခန်းတွင် ထိုင်ရင်း ရေခဲစိမ် ကော်ဖီကို သောက်နေကြသည်။

'သားကြီးကို ကြည့်ရတာ ကိုယ့်ကို စိမ်းနေသလိုပဲ နော်၊ ဒယ်ဒီလို့ တစ်ခွန်းပဲ ပြောပြီး ပျောက်သွားတယ်၊ မပေါ်လာတော့ဘူး'

'လင်းရဲ့ သားက အရေးကြီးတဲ့ ကိစ္စတွေ ရှိတယ်လေ၊ ဒီနေ့ ညနေမှာ စိန်ကျော့ကျောင်းနှင့် ကရစ်ကက်ရိုက် ပြိုင်ပွဲ ရှိတယ်'

လင်းဗရိုစ်က ရယ်သည်။





'ဖြစ်မှ ဖြစ်ရလေကွာ၊ ဟားဗတ် တက္ကသိုလ် ဆရာရဲ့ သားက ကရစ်ကက် ရိုက်သတဲ့၊ နောက်ကျရင် ဆာဘွဲ့တွေ ဘာတွေ ရဖို့ပဲ ကျန်တော့တယ်'

'မရဘူးလို့ ဘယ်သူ ပြောနိုင်သလဲ'

'ဆာရာကော ဘယ်တော့ အမေရိကန်ကို ပြန်မယ်လို့ စဉ်းစားထားသလဲ'

လင်းဗရိုစ်က ကော်ဖီ တစ်ကျိုက်ကို သောက်လိုက်သည်။

'အနည်းဆုံး တစ်နှစ်တော့ မပြန်နိုင်သေးဘူး'

'ဒုက္ခပါပဲ'

'ဟုတ်တယ်၊ ပြန်လို့ မဖြစ်တဲ့ အကြောင်းတွေ ရှိသေးတယ်'

'ဘယ်လို အကြောင်းတွေလဲ'

'သားကြီးကို အင်္ဂလန်မှာပဲ ပညာ ပြီးဆုံးအောင် သင်စေချင်တယ်၊ ကလေးက စာ သိပ်တော်တော့ ဆရာကြီးကလည်း ဒီမှာပဲ ဆက်သင်စေချင်တယ်၊ ဒီက ဆယ်တန်း အောင်ရင် ဘယ်ကောလိပ်ကို ဖြစ်ဖြစ် ဝင်လို့ ရတယ်'

'သူ့ကို ဟားဗတ်မှာ ထားမယ်လို့ ကိုယ်တို့နှစ်ယောက် သဘော တူထားခဲ့ကြတယ်လေ'

'ဒါကတော့ အချိန် ရောက်လာရင် သူ့ ဘာသာသူ ဆုံးဖြတ်တာက ကောင်းမယ် ထင်တယ်၊ ခုတော့ ငယ်လည်း ငယ်ပါသေးတယ်'

သူတို့ နှစ်ယောက်သည် အတန်ကြာ တိတ်ဆိတ်နေကြသည်။

'ဒီပြင် အကြောင်းတွေကကော'

'ဆန်မာဗီး ကောလိပ်မှာ ဂန္ထဝင် နည်းပြဆရာ ရတယ်'

'လုပ်ငန်းအရတော့ ချီးကျူးပါတယ်၊ ဒါပေမဲ့ ပုဂ္ဂိုလ် အရတော့ ကန့်ကွက်ရလိမ့်မယ်'

'ဆာရာ လုပ်တာ တစ်ခုကို ကန့်ကွက်ပိုင်ခွင့် များကော ရှိသေးလို့လား'

ဆာရာက ခပ်ပြုံးပြုံး မေးသည်။

'ကိုယ် ဆိုလိုတာက ဆာရာကို ကိုယ် သတိရတယ်၊ ကိုယ်တို့ အိမ်ထောင်သည် ဘဝကို လွမ်းတယ်၊ ဆာရာဟာ နောင်မှ နောင်တတို့ ဘာတို့မရှိဘူးလားလို့ ကိုယ် တွေးနေတယ်'

'နောင်တ ရတာတော့ ရှိတာပေါ့လေ၊ အမှန်ပြောရရင်တော့ လင်းနှင့် ဆာရာတို့ ကွာရှင်း ပြတ်စဲလိုက်တဲ့ နေ့ဟာ ဆာရာ ဘဝမှာ အမှောင်ဆုံး နေ့ပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီလိုဆိုရင် ကိုယ်တို့ အနေနှင့် နောက်တစ်ခါ အိမ်ထောင်သစ်ကို ပြန်တည်ဆောက်ဖို့ အခွင့်အရေး ရှိသေးတယ်လို့ ထင်သေးသလား'

ဆာရာက သူ့ကို ဝမ်းပန်းတနည်းဖြင့် မော့ကြည့်ပြီး ခေါင်းကို ယမ်းနေသည်။

ဇူလိုင်လ တစ်လလုံး ဆာရာသည် လင်းဗရိုစ်အား သားကြီးနှင့် အတူ သူ့အိမ်တွင် နေခွင့် ပြုပြီး သူကိုယ်တိုင်မှာမူ တခြားသို့ ထွက်သွားသည်။ ဆာရာသည် နောက် တစ်ယောက်များ တွေ့နေပြီလားဟု သူ သံသယ ရှိချင်သည်။ ဆာရာက သူ့ ခရီးစဉ်ကို ရေရေရာရာ မပြောသည့် အခါတွင် ပို၍ သံသယ ကြီးလာသည်။

သူ့ စာတမ်း အတွက် ဂရိပြည်က နေရာဟောင်းများကို လျှောက်ကြည့်လေ့လာဦးမည်ဟု ပြောသည်။

'ဘယ်သူနှင့် သွားမှာလဲ' ဟု လင်းဗရိုစ်က ပြောင်ပြောင်ပင် မေးသည်။

'အို သန်းပေါင်း များစွာသော ဂရိ လူမျိုးတွေနှင့်ပေါ့'

သို့ရာတွင် သူ့ ဇနီးဟောင်း၏ ခရီးဖော်သည် မည်သူ ဖြစ်သည်ကို လင်းဗရိုစ် ကြာကြာ မစောင့်လိုက်ရ။ သားကြီး၏ စကားများထဲတွင် ဆရာ ဂျိမ်း ဆိုသည့် စကားသည် မကြာခဏ ပါလာတတ်သည်။ ဆရာ ဂျိမ်းမှာ ဘောလီယယ် ကောလိပ်မှ ဂန္ထဝင် နည်းပြဆရာ ဖြစ်သည်။

'အဲဒီ လူကို ဖေဖေ တွေ့ချင်တယ်ကွာ'

'အို ဖေဖေ တွေ့ရင် သိပ် သဘောကျမှာ၊ ဒီလူက အရမ်း တော်တဲ့လူ'

သူ့သားသည် အင်္ဂလိပ်ကလေး တစ်ယောက် ဖြစ်နေပြီ။

ထိုနှစ် ဇူလိုင်လတွင် လင်းဗရိုစ်သည် အဖေ တစ်ယောက် ဖြစ်ရန် ကြိုးစားသည်။ သားကြီး ရိုက်သည့် ကရစ်ကက် ရိုက်ပွဲများကို လိုက်ကြည့်သည်။ သားကြီးနှင့် အတူ ဇာတ်ပွဲတွေ သွားကြည့်သည်။ ညစာ ထမင်းဝိုင်းတွင် သားကြီးနှင့် စကားတွေ ပြောသည်။

သို့ရာတွင် သူတို့နှစ်ယောက် ကြားတွင် အတ္တလန်တိတ် သမုဒ္ဒရာလောက် ကျယ်သော ချောက်ကမ်းပါးကြီး ခြားနေသည်။





သားကြီးက အင်္ဂလိပ် ကျောင်းသားကလေးများ ထုံးစံ ယဉ်ကျေး သိမ်မွေ့သည်။ သဘောကောင်းသည်။ ခင်မင်တတ်သည်။ သို့ရာတွင် သူတို့ နှစ်ယောက် ကြားတွင် ပြောစရာ စကားရယ်လို့ သိပ်မရှိ။ အထက်တန်းကျောင်း ပညာရေး အကြောင်းကိုသာ ပြောစရာ ရှိသည်။ သူ့ သားကြီးအား ဟားဗတ် တက္ကသိုလ် အကြောင်းကို ပြော၍ မြူဆွယ်ကြည့်သည်။

'သားကြီးကို တစ်ခု ပြောရဦးမယ်၊ ဟားဗတ် တက္ကသိုလ်မှာ နေရတာဟာ ဘဝကို ပြောင်းလဲသွားစေနိုင်တဲ့ အခွင့်အရေးကြီးကွ၊ အေးလေ ဖေဖေ့အဖို့တော့ ဒီအတိုင်း ဖြစ်ခဲ့တာပဲ'

သူ့သားက သူ့ကို ကြည့်ပြီး

'သားကတော့ ခုလို နေရတာကိုပဲ သဘောကျတယ်'

လင်းဗရိုစ်သည် သူ့သားနှင့် တစ်လ နေခဲ့သည်။ သူ့သားကြီးသည် သူ့အမည်ကို ခံထားသည်တော့ မှန်ပါ၏။ သို့ရာတွင် အခြား နေရာများတွင်မူ သူနှင့် မတူတော့။

ဇူလိုင်လကုန်တွင် ကြေးနီရောင် အသားတွေ ညိုလာသည့် ဆာရာသည် ဂရိမှ ပြန်လာသည်။ သူနှင့်အတူ နီညိုရောင် ဖြစ်လာသည့် ဆရာ ဂျိမ်းလည်း ပါလာသည်။ သူတို့နှစ်ယောက် လက်ထပ်ဖို့ ဆုံးဖြတ်ပြီးပြီဟု သူ့ကို ပြောသည်။

သားကြီးက ဝမ်းသာအားရ အော်ကာ အရပ်မြင့်မြင့် မျက်မှန်တပ်ထားသည့် နည်းပြဆရာ၏ ရင်ခွင်သို့ ပြေးဝင်သည်။

လင်းဗရိုစ်သည် တော်တော် စိတ်ဓာတ်ကျသွား၏။

လင်းဗရိုစ်သည် သူ့ စိတ်ပျက်မှုကို ကြိုးစား ဖုံးကွယ်ကာ ဆရာ ဂျိမ်းကို လက်ဆွဲ နှုတ်ဆက်သည်။

အင်္ဂလိပ် ကျောင်းဆရာက

'ကျေးဇူးတင်ပါတယ် ဆရာ၊ ကျွန်တော်က ဆရာ့ ကျမ်းတွေကို သဘောကျတဲ့ လူပါ၊ ခု ဆရာ ရေးနေတဲ့ ဂန္ထဝင် ဆောင်းပါးတွေကိုလည်း ကျွန်တော် အမြဲဖတ်ပါတယ်၊ ဘယ်တော့လောက် အဆုံးသတ်မှာလဲ ဆရာ'

သူက ရိုးသားစွာ ပြောသည်။

'အင်း၊ ပြီးခဲ့တဲ့ အပတ်ကတော့ ဟားဗတ်ကို ပို့လိုက်ပြီ'

လင်းဗရိုစ်သည် သူ့ အောင်မြင်မှုကို ပြောရသည့်တိုင် အားမရှိ။ သူ့ ရင်ထဲတွင် ဟာလာ ဟင်းလင်း။

www.burmeseclassic.com

www.burmeseclassic.com



အောက်စဖို့ တက္ကသိုလ်တွင် သူ ဆက်နေရန် အကြောင်းမရှိတော့။ နောက် တစ်နေ့ မနက်တွင် လေယာဉ်ဖြင့် ဘော်စတန်သို့ လိုက်လာခဲ့ပြီး ညနေပိုင်းတွင် ကင်တာဘာရီသို့ သွားကာ သူ့ ဆောင်းပါးများနှင့် ပတ်သက်၍ ဟားဗတ် တက္ကသိုလ် ပုံနှိပ်တိုက်၏ ဆုံးဖြတ်ချက်များကို မေးမြန်း စုံစမ်းသည်။

မကြာမီ မိန်းမ လက်ရေးနှင့် ရေးထားသည့် ဖိတ်စာ တစ်စောင် အောက်စဖို့ တက္ကသိုလ်မှ ရောက်လာသည်။

လင်းဗရိစ်သည် ဖိတ်စာကို သူ့ အတွင်းရေးမှူး ရှေ့တွင် မဖောက်ရဲ ထို့ကြောင့် အိမ်သာထဲသို့ ပြေးဝင်ကာ တံခါးကို ပိတ်ပြီး စာအိတ်ကို ဖောက် သည်။

ဖိတ်စာကို အထပ်ထပ် အပြန်ပြန် ဖတ်သည်။ ဟုတ်သည်။ ဆရာ ဂျိမ်း နှင့် ဆာရာတို့၏ မင်္ဂလာဆောင် ဖိတ်စာ။

သူ ရှိုက်ကြီးတငင် ငိုမိသည်။

ခင်နီသည် ငြီးငွေ့စ ပြုလာသည်။

ဂီတကို ငြီးငွေ့ခြင်း မဟုတ်။ လက်ခုပ် သြဘာသံကို ငြီးငွေ့ခြင်း မဟုတ်။ သူ ငြီးငွေ့ခြင်းမှာ သူ၏ အနီးတွင် ပတ်ပတ်လည် ဝိုင်းရံနေသည့် မိန်းမများကို ငြီးငွေ့ခြင်း ဖြစ်သည်။

အပျော်အပါး လိုက်စားခဲ့သဖြင့် သက်တမ်း လေးဆယ် ရှိသော သူ၏ ခန္ဓာကိုယ်သည်လည်း ပင်ပန်း နွမ်းနယ်လှချေပြီ။ နည်းနည်းကလေး လှုပ်ရှား လိုက်သည်နှင့်ပင် အသက်ရှူ၍ မဝနိုင်ဘဲ မောနေတတ်သည်။

ခင်နီသည် ဘယ်တုန်းကမျှ အားကစားသမား တစ်ယောက် မဖြစ်ခဲ့ သို့ရာတွင် ဟိုလီဝုဒ်ရှိ အိမ်မှာ ဖြစ်စေ၊ မိတ်ဆွေ တစ်ဦးဦး၏ အိမ်မှာ ဖြစ်စေ ကြုံ၍ ရေကူးကန်ထဲမှာ ရေကူးလျှင် ရေကူးကန် တစ်လျားကိုပင် မကူးနိုင် တော့။ ယခုအချိန်ကျမှသာ ဟားဗတ် တက္ကသိုလ်ကို ပြန်တက်ရလျှင် ကိုး ငါးဆယ် ရေကူး လေ့ကျင့်ခန်းကိုပင် လုပ်နိုင်မည် မဟုတ်တော့ချေ။

နောက်ဆုံးတွင် ခင်နီသည် ဘီဗာလီ တောင်ကုန်း ရပ်ကွက်ရှိ သမား တော် တစ်ဦးထံ ပြရန် ဆုံးဖြတ်ရသည်။





သူ့ တစ်ကိုယ်လုံး လက်မတိုင်းနှင့် သုံးဆယ့်နှစ် ကောဋ္ဌာသကို စစ် ဆေးပြီးနောက် ဒေါက်တာ ဝှစ်တနေ၏ မှန်စားပွဲကြီးတွင် ထိုင်သည်။

'ဘယ်လိုလဲ ဒေါက်တာ၊ ကျွန်တော် သေတော့မှာလား'

'သေတော့မယ်ဗျ' ဟု ဒေါက်တာက ပြုံးစစဖြင့် ပြောသည်။ ထို့နောက် ချက်ချင်းပင်

'ဒါပေမဲ့ နောက်ထပ် အနည်းဆုံး အနှစ် သုံးလေးဆယ်တော့ ကြာဦး မှာ'

'ဒါဖြင့် ဘာဖြစ်လို့ ကျွန်တော် ဒီလောက် မောနေရတာလဲ'

'ဒါတော့ ကိုယ် နေတာ ထိုင်တာကိုလည်း ကြည့်ဦးလေ၊ မိန်းမ ကိစ္စ မှာ ဒီလောက် အလုပ်များတဲ့ လူတစ်ယောက်ဟာ ဒီလောက်တော့ ရှိမှာပေါ့၊ ဒါပေမဲ့ ဖိုမ ကိစ္စများလို့ သေတဲ့ လူရယ်လို့ တစ်ယောက်မှ မရှိဘူး ဆိုတာ တော့ ခပ်မြန်မြန် ဖြည့်စွက် ပြောလိုက်ရဦးမယ်၊ ပြီးတော့ ခင်ဗျားမှာ ဖိုမ ကိစ္စ တစ်ခုတည်း မဟုတ်ဘူးဗျ၊ သီချင်းစပ်တယ်၊ ဓာတ်တိုက်ရတယ်၊ တီးဝိုင်းမှာ ခေါင်းဆောင်ရတယ်၊ ဒီတော့ လှုပ်ရှားတာတွေက သိပ်များနေတာပေါ့၊ လေယာဉ် မှူး တစ်ယောက်သာ ခင်ဗျားလောက် လှုပ်ရှားနေရင် အဲဒီ လေယာဉ်မှူးဟာ မြေကြီးပေါ်ကို ထိုးကျတာ ကြာလှပြီ၊ ကျွန်တော် ပြောတာ နားလည်ရဲ့လား'

'နားလည်ပါတယ်'

'ခင်ဗျားက ခင်ဗျား ကိုယ်ခန္ဓာကြီးကို အသုံးချတာ သိပ်များနေတယ် လေ၊ ဒီတော့ ခင်ဗျား လှုပ်ရှားမှုတွေကို နည်းနည်းပါးပါး လျှော့မချနိုင်ဘူး လား'

'ဒါတော့ မဖြစ်ဘူး ထင်တယ်၊ ကျွန်တော့်မှာ လုပ်ချင်တာတွေလည်း ရှိတယ်၊ ဒါတွေက မလုပ်လို့ မဖြစ်တာတွေချည်းပဲ၊ ဒေါက်တာကတော့ ထူး ဆန်းနေမလား မသိဘူး'

ဒေါက်တာ ဝှစ်တနေက ကြားဖြတ်၍ ပြောသည်။

'အို အို မထူးဆန်းပါဘူး၊ ဒီနေရာက လော့စ်အိန်ဂျယ်လီလေ၊ အပျော် အပါး ကြိုက်သူတွေရဲ့ ကောင်းကင်ဘုံ၊ ငယ်ငယ်ရွယ်ရွယ်နှင့် သေပြီး အလော လှလှကလေး ထားခဲ့ချင်တဲ့ သူတွေထဲမှာ ခင်ဗျား ပထမ မဟုတ်ပါဘူး'

'မဟုတ်ဘူး ဆရာ၊ ကျွန်တော်က ငယ်ငယ်ရွယ်ရွယ်နှင့် သေချင်တာ မဟုတ်ဘူး၊ ငယ်ငယ်ရွယ်ရွယ်ပဲ ဖြစ်နေချင်တာ၊ ဒီထက် အသက်မကြီးချင် ဘာ၊ ကျွန်တော့်လို အပျော်အပါး ကြိုက်တဲ့ လူနာတွေကို ပေးခဲ့တဲ့ ဆေးများ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလား၊ ကျွန်တော့် လှုပ်ရှားမှုတွေကိုတော့ မလျှော့နိုင်ဘူး ခင်ဗျ'

'သူတို့ကတော့ ကျွန်တော့်ဆီ တစ်ပတ် တစ်ခါ လာပြီး နှုပ်ဖို့ လန်းဆန်းတဲ့ ဆေးကလေး ဘာလေး ထိုးကြတာပဲ'

'အဲဒီဆေးထဲမှာ ဘာပါသလဲ'

'အများအားဖြင့်တော့ အစွမ်းထက်တဲ့ ဗီတာမင် အားဆေးတွေပါပဲ ပြီးတော့ ဟိုဆေး ဒီဆေးလေးလည်း နည်းနည်း ထိုးတာပေါ့ဗျာ၊ နည်းနည်း အားကောင်း မောင်းသန် ဖြစ်လာအောင်ပေါ့၊ ခင်ဗျား ထိုးချင်တယ်ဆို စမ်းထိုးကြည့်သေးတာပေါ့'

နုပျိုခြင်းကို ရမည် ဆိုသည့် အခါတွင် ဒင်နီသည် ဝမ်းသာသွားသည်။

'ခု ထိုးလို့ကော မရဘူးလား ဆရာ'

'ရပါ့ဗျာ'

ဒေါက်တာ ဝှစ်တနေက ပြုံးသည်။ ထို့နောက် ထိုင်ရာမှ ထ၍ သူ့ဆေးကို စပ်သည်။

လွန်ခဲ့သည့် နှစ်များအတွင်း သူနှင့် သူ့ဇနီး မာရီယာတို့သည် အတွင်းကျိတ် မကျေမနပ် ဖြစ်နေရာမှ အပေါ်ယံအားဖြင့်တော့ ကြည်ဖြူယောင် ပြလာနိုင်ခဲ့ကြသည်။ သူ ဖီလာဒယ်ဖီးယားသို့ ရောက်လာလျှင် သူတို့ လင်မယား နှစ်ယောက်သည် ပျော်ရွှင် ချမ်းမြေ့သော ဇနီးမောင်နှံနှယ် ဟန်ပြကြသည်။ သူတို့ သမီးငယ်များ အတွက် ချစ်ခင်သော မိဘများ ဟန်ဆောင်ခဲ့ကြသည်။ ဒင်နီ၏ ဟိုလီဝုဒ်က 'လူပျိုဘဝ' အကြောင်းကို တစ်ခွန်းမျှ မပြောကြ။

ယခုအချိန်တွင် သမီးငယ်များမှာလည်း ဘော်ဒါသို့ ရောက်နေကြပြီ ဖြစ်သဖြင့် မာရီယာသည် သူ့ ဘဝကို ထူထောင်ရန် ပြင်ဆင်ရသည်။ သူတို့ လင်မယား၏ အတုအယောင် အိမ်ထောင်ရေး နောက်တွင် တကယ် စစ်မှန်သော အရာကို ရှာရဦးမည်။

သူ့ အသက်သည် သုံးဆယ့်ရှစ်နှစ် ရှိပြီ။ တစ်ခါက သူသည် အကသင် ဆရာမ ဖြစ်ခဲ့သော်လည်း သည်အရွယ်တွင် အက သင်၍ မကောင်းတော့။ အကသင်ကျောင်း တံခါးသည် သူ့အတွက် ပိတ်သွားလေပြီ။ သူ့တွင် ဦးနှောက်နှင့် ပညာရေး အခြေခံ ရှိသော်လည်း အလုပ် ဈေးကွက်တွင် ရောင်းကောင်းမည့် ကျွမ်းကျင်မှု ဆို၍ သူ့တွင် ဘာမျှ မရှိ။

နောက်ဆုံး၌ မာရီယာသည် သူတို့မြို့ရှိ ရုပ်မြင်သံကြား အသံလွှင့် ဌာန





တစ်ခုတွင် သွား၍ အလုပ်လျှောက်သည်။ ဒင်နီနှင့် အတူ စတူဒီယိုထဲသို့ လိုက်သွားဖူးသဖြင့် ရုပ်မြင်သံကြား လုပ်ငန်း သဘောကိုလည်း အနည်းအကျဉ်း နားလည်သည်ဟု သူ ယူဆသည်။

ဖီလာဒယ်ဖီးယား သံစုံ တီးဝိုင်းကြီး ခေါင်းဆောင်၏ ဇနီး ဖြစ်သဖြင့် မာရီယာသည် သူတို့မြို့တွင် အတော်အတန် ထင်ရှားသူ တစ်ယောက် ဖြစ်သည်။ ထို့ကြောင့် ရုပ်မြင်သံကြား ကုမ္ပဏီ လူကြီးများက ပရိသတ် များလာအောင် သူ့ကိုလည်း အသံ သက်သက်မျှသာမကဘဲ ရုပ်မြင်သံကြားပေါ်တွင် အရုပ် ထင်နေစေချင်ကြသည်။

ထို့ကြောင့် ရုပ်မြင်သံကြား ကုမ္ပဏီ ဥက္ကဋ္ဌ မစ္စတာ မိုရန်က သူ့ကို တိုက်တွန်းသည်။

'ကျွန်မ မလုပ်ပါရစေနှင့်၊ ကင်မရာ ရှေ့မှာ ရောက်ရင် ကျွန်မက မနေတတ် မထိုင်တတ်နှင့် ပုံပျက် ပန်းပျက် ဖြစ်နေပါလိမ့်မယ်'

'ရပါတယ် မစ္စက် ဒင်နီ၊ ဘာခက်တာမှတ်လို့၊ စားပွဲ တစ်လုံးမှာ ထိုင်ပြီး နည်းနည်းပါးပါး ပြောရတာပဲ၊ ဘာမရစရာ ရှိလဲ'

'မဖြစ်လို့ပါ၊ ကျွန်မ အသံထွက် ကင်မရာ ရှေ့မှာသာ ထိုင်ရရင် ကျွန်မ အသံထွက်တော့မှာ မဟုတ်ဘူး၊ တစ်ခုတော့ ရှိတယ်၊ အရုပ်ကို သက်သက် ရိုက်ပြီး နောက်မှ အသံ ထပ်ယူမယ် ဆိုရင်တော့ ဖြစ်နိုင်တယ်'

'အို ဒီလောက် လိုက်လျှောရင် ရတာပေါ့'

မာရီယာ အံ့အားသင့်နေသည်။

'ဟုတ်ပြီလေ၊ ဒီလိုဆိုရင် အရုပ်သက်သက် ရိုက်ယူမယ်၊ နောက်တော့ မစ္စက် ဒင်နီ အသံကို တိပ်နှင့် သွင်းယူတာပေါ့'

'ခုတော့ မလုပ်ပါနှင့်ဦး၊ ဒါရိုက်တာရဲ့ အစီအစဉ်ကို သိပါရစေဦး'

'တစ်စက္ကန့်လောက် ရရင်လည်း ကျေနပ်ပါတယ်'

'ဒီလို လုပ်ပါလား၊ မာရီယာကို စားပွဲ တစ်လုံးမှာ ထိုင်လျက် ရိုက်ပါ၊ အဝေးရိုက်ချက်ပေါ့၊ အကြောင်းအရာကို ပြောတော့မှ တဖြည်းဖြည်း ရွှမ်းနှင့် ရိုက်လာပြီး ရိုက်ကွင်းထဲက တဖြည်းဖြည်း ဖျောက်ပစ်လိုက်၊ မကောင်းဘူးလား'

'သိပ်ကောင်းတာပေါ့၊ ကျွန်တော်တော့ မာရီယာကို အထင်ကြီးသွားပြီ'

'ဘာကို အထင်ကြီးတာလဲ၊ မာရီယာ ခေါင်းထဲတာကို အထင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တာလား'

'မဟုတ်ပါဘူး၊ မာရီယာရဲ့ ကင်မရာ အတွေ့အကြုံကို အထင်ကြီးတာပါ၊ တချို့ ဒါရိုက်တာတွေထက်တောင် ကင်မရာ အတွေ့အကြုံ ရှိနေပါလား'

'သိပ်လည်း မြှောက်မနေနှင့်ဦးနော်၊ မာရီယာက နားလည်လို့ ပြောတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဒင်နီ စန္ဒရား တီးတာကို ရိုက်တော့ ရုပ်မြင်သံကြားစတူဒီယိုတွေထဲကို မကြာခဏ လိုက်သွားဖူးတယ်လေ၊ လိုက်သွားတာကတော့ သူ ကော်ဖီတွေ အချိုတွေ အသောက်များမှာ စိုးလို့ သူ့ကို ကျွေးမွေးဖို့ လိုက်သွားတာပါ'

ဟားဗတ် တက္ကသိုလ် ဂန္ထဝင် မဟာဌာနမှူး ဟတ်ရှုန်း ကွယ်လွန်သွားသည့်အခါ ထိုနေရာတွင် မည်သူ့ကို ခန့်မည်နည်းဟု တက္ကသိုလ် အာဏာပိုင်များ စဉ်းစားလာခဲ့ကြသည်။

ယခင်ကမူ ထိုနေရာမျိုးကို အာဏာပိုင်တို့က အချင်းချင်း တိုင်ပင်ပြီး လက်တို့ ခန့်ထားလိုက်ကြသည်။ တယ်လီဖုန်း ကောက်ဆက်ပြီး ခန့်လိုက်ရုံမျှသာ ဖြစ်သည်။ ယခုမူ ထိုသို့ လုပ်၍ မရတော့။ ပြည်နယ် တက္ကသိုလ် ဥပဒေများကို ပြင်လိုက်သဖြင့် ပါမောက္ခ ရာထူး ခန့်အပ်လိုလျှင် ကျား မ မရွေး လူမျိုးမရွေး လျှောက်လွှာခေါ်ကာ ထိုအထဲမှ အရည်အချင်းစစ် စာမေးပွဲ ကျင်းပပြီး ရွေးရသည်။

တက္ကသိုလ် အာဏာပိုင်များသည် အစည်းအဝေး ထိုင်ပြီးနောက် ကမ္ဘာတွင် ရှိသည့် ဂရိစာပေ ပါမောက္ခများ စာရင်းကို စုဆောင်းပြီး သူတို့ကို ဖိတ်ခေါ်၍ သူတို့ကို ဆုံးဖြတ်ခိုင်းသည်။ လင်းဗရိုစ်မှာ သူ့ နောက်ဆုံး ကျမ်းကို ပုံနှိပ် ထုတ်ဝေခြင်း မပြုရသေးမီ စာမူဘဝ ကတည်းကပင်လျှင် ပို၍ နာမည်ကြီးလာရာ သူ့ကိုလည်း ထို အကဲဖြတ် အဖွဲ့သို့ ဖိတ်ကြားသည်။

နောက်ဆုံး ပြင်ဆင်လိုက်သည့် တက္ကသိုလ် ဥပဒေအရ လျှောက်ထားသူများသည် ဟားဗတ်သို့ လာရောက်၍ ပရိသတ်ရှေ့တွင် ဂရိစာပေနှင့် ပတ်သက်၍ ပို့ချချက်များကို ပြုလုပ်ရမည် ဖြစ်သည်။

'ကျွန်တော်တို့လည်း ဒီလိုလုပ်တာဟာ သိပ် အဓိပ္ပာယ် မရှိဘူး ဆိုတာ သိပါတယ်၊ ဒါပေမဲ့ ဥပဒေက ဒီအတိုင်း ဆိုထားတော့ မတတ်နိုင်ဘူးလေ၊





ကျွန်တော်တို့ကတော့ ခင်ဗျားကို သိထားတာ ကြာလှပါပြီ၊ ခင်ဗျား ကျမ်းတွေလည်း အများကြီး ထွက်ပြီးပြီ၊ အထူးသဖြင့် ခင်ဗျား ပို့ချချက်တွေကိုလည်း ကျွန်တော်တို့ သိပြီး ကြားပြီးသားပဲ၊ ဒါပေမဲ့ စည်းကမ်းနှင့် ညီသွားအောင် နည်းနည်းတော့ ပြောပါ၊ ဘယ့်နှယ့်လဲ'

'ဟုတ်ကဲ့ ပြောတာပေါ့'

လင်းဗရိုစ်သည် ဟားဗတ်သို့ အောင်ပွဲခံ၍ ပြန်ရတော့မည်ကို တွေးမိက ဝမ်းသာနေသည်။

'ဒီနေ့ည ဟောပြော ပို့ချမယ့် ပုဂ္ဂိုလ်ရဲ့ ကျမ်းတွေထဲမှာ အထင်ရှားဆုံးကတော့ ဆိုဖိကလီရဲ့ ဇာတ်ဆောင် မင်းသမီး လီမိုဆင်းကို လေ့လာထားတဲ့ ကျမ်းနှင့် ယူရီပီဒီးစ်ရဲ့ ပြဇာတ်တွေကို လေ့လာထားတဲ့ ကျမ်းများ ဖြစ်ပါတယ်၊ အဲဒီကျမ်းကတော့ ပုံနှိပ် ထုတ်ဝေခြင်းတောင် မပြုရသေးဘူး၊ ကျွန်တော် ကံကောင်းတဲ့ အတွက် စာမူဘဝ အဖြစ် ဖတ်ခဲ့ရတာပါ။

'ဒီနေ့ ညနေမှာ ပါမောက္ခ လင်းဗရိုစ်ဟာ ယူရီပီဒီးစ်ရဲ့ နောက်ဆုံးပြဇာတ် ဖြစ်တဲ့ အီလီဖဂင်းနီယား ပြဇာတ် အကြောင်းကို ဟောပြောပါလိမ့်မယ်၊ ခု အဲဒီကျမ်းတွေကို ပြုစုတဲ့ ပါမောက္ခ လင်းဗရိုစ်ကို ဒီ စင်မြင့်ပေါ်ကို တက်ရောက်ဖို့ ဖိတ်ခေါ်ခွင့် ရတဲ့ အတွက် ကျွန်တော် ဝမ်းသာပါတယ်'

လင်းဗရိုစ်သည် ထိုင်ရာမှ ထကာ ပါမောက္ခ ဝုစ်တမင်းကို လက်ဆွဲနှုတ်ဆက်သည်။ ထို့နောက် တရားဟော စင်မြင့်ဆီသို့ သွားကာ သူ့ မှတ်စုများကို ရှေ့ခုံပေါ်တွင် တင်သည်။ ရှေ့မှ အသံဖမ်းခွက် အနေအထားကို ပြင်ရင်း ပရိသတ်ကို လှမ်းကြည့်လိုက်သည်။ ခန်းမဆောင်ကြီးတွင် သည်လောက်လူတွေ ပြည့်လျှံနေသည်ကို သူ တစ်ခါမျှ မမြင်စဖူး။

မိမိ၏ ပညာ ဂုဏ်သတင်းသည် သည်မျှပင် ကြီးမားနေပြီလော။ သို့မဟုတ်လျှင်လည်း ယနေ့ည ပရိသတ်သည် နောက်လာမည့် ဂရိ စာပေ ပါမောက္ခကို လာ၍ အကဲခတ်ကြခြင်းလော။

ပုံမှန်အတိုင်း ဆိုရလျှင် သည်မျှ များပြားသည့် ပရိသတ် ရှေ့တွင် စကားပြောရသည်မှာ လွန်စွာ ပင်ပန်းစရာ ကောင်းပေလိမ့်မည်။ သို့ရာတွင် လင်းဗရိုစ်သည် ထူးထူးဆန်းဆန်း ပေါ့ပါး ရွှင်လန်းနေသည်။ ထိုအချိန်အခါမျိုးကို သူ့ စိတ်ကူးထဲတွင် မကြာခဏ မျှော်မှန်းကြည့်ခဲ့ပြီးသား ဖြစ်သဖြင့် ယခု လက်တွေ့ မြင်လိုက်ရသည့် အခါတွင် ထူးခြားခြင်း မရှိတော့။



www.burmeseclassic.com

www.burmeseclassic.com



လင်းဗရိစ်သည် စကားပြော၍ အရှိန် ရလာသည်။ အရှိန်ရလာသည်နှင့် အမျှ ရှေ့က မှတ်စုကို ငုံ့မကြည့်တော့။ ပရိသတ်ကို မျှော်ကြည့်ကာ တက်ရောက်လာသည့် ပရိသတ်ထဲက အရေးကြီးသည့် ပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်စွာ မျက်လုံးချင်း စကား ပြောနေကြသည်။ ထိုအထဲတွင် ဟားဗတ် တက္ကသိုလ် အဓိပတိ ဒါးရက်ဘော့လည်း ပါသည်။

လင်းဗရိစ်သည် ပြဇာတ်ထဲမှ မင်းသမီးက သားငယ် အိုရက်စတေးကို ပွေ့၍ ဝင်လာသည့် အခန်းကို အားရပါးရ ပြောနေစဉ် ရုတ်တရက် အသက်ရှူ မှားသွား၏။

သူ စကားပြော ကောင်းသဖြင့် နားစိုက်၍ ထောင်နေကြသည့် ပရိသတ်သည် ထိုအချက်ကို သတိမထားလိုက်မိကြ။ သို့ရာတွင် လင်းဗရိစ် မှာမူ မြင်ကွင်း တစ်ခုကို မြင်လိုက်သဖြင့် တုန်လှုပ်သွားသည်။

ဟုတ်မှ ဟုတ်ရဲ့လားဟု သံသယ ဖြစ်မိသည်။ သူ့ စိတ်ထဲက ထင်နေခြင်းလားဟု သူ ဇဝေဇဝါ ဖြစ်နေသည်။ သူ့ ဇနီးဟောင်း ဆာရာသည် နောက်ဆုံးတန်းတွင် တိုင်တစ်တိုင်ကို မှီ၍ ရပ်နေသည်ကို သူ မြင်လိုက်ရသောကြောင့် ဖြစ်သည်။

စိတ်ထဲတွင် ယောက်ယက်ခတ်နေသည့်တိုင် လင်းဗရိစ်သည် ကစဉ့်ကလျား ဖြစ်နေသော စိတ်ကို စုစည်းကာ ဟောပြော ပို့ချချက်ထဲမှ ရောက်နေသည့် နေရာကို ချက်ချင်း ရှာတွေ့သဖြင့် တော်သေးသည်။

သို့ရာတွင် ဖတ်နေသည့် သူ့ အသံနှင့် သူ့ လေသံ ပြောင်းသွားသည့် အတွက် ပရိသတ်မှာလည်း အရှိန်ပျက်သွားသည်ကို သူ သတိထားလိုက်မိသည်။

သူ့ စိတ်ထဲတွင်မူ စာတမ်း ဖတ်သည့် ကိစ္စကို မြန်မြန် ပြီးသွားစေချင် လှပြီ။

သူ မဟုတ်ဘူး၊ သူ လာတာ မဟုတ်ဘူး၊ လာရင်လည်း သူ မဟုတ်ဘူးလို့ အောက်မေ့ပြီး ငါ့ စာတမ်းကို ပြီးအောင် ဖတ်ရမယ်။ သူ့ စိတ်ထဲက အားတင်းသည်။ ထို့ကြောင့် လင်းဗရိစ်သည် စာတမ်း နောက်ဆုံး မျက်နှာကို ဖတ်ရင်း နောက်ဆုံးတန်းများဆီသို့ လှမ်းကြည့်လိုက်သည်။

ဆာရာမှ ဆာရာ အစစ်။ ခါတိုင်းထက်ပင် လှနေသည်။

သူ့ ဇနီးဟောင်း ဆာရာသည် အင်္ဂလန်ပြည် အောက်စဖို့ တက္ကသိုလ်တွင် ရောက်နေရမည့် အစား အဘယ်ကြောင့် ဟားဗတ် တက္ကသိုလ် ခန်းမထဲတွင် ရောက်နေသနည်း။





အလင်းရောင်ထက် မြန်သော အတွေးဖြင့် လင်းဗရိစ်သည် သူ့ စိတ်ထဲတွင် တွေးနေသည်။ ငါ့ တစ်သက်မှာ ဒီ အချိန်ဟာ အရေးကြီးဆုံး အချိန်။ စာတမ်းကို ပြီးအောင် ဖတ်၊ ကြွေ မပျက်နှင့်ဟု သူ့ကိုယ်သူ သတိပေးသည်။

နောက်ဆုံးတွင် လင်းဗရိစ်သည် စာတမ်းကို ချောမောစွာ ဖတ်ပြီးသွားသည်။ ဖတ်ပြီးနောက် အဓိပ္ပာယ်ကို ရှင်းပြရန် ခေါင်းကို မော့လိုက်သည်။ သူ့ နိဂုံးချုပ် စကားများ အပြီးတွင် ပရိသတ်က သောင်းသောင်းဖြဖြ သြဘာ ပေးကြသည်။

အဓိပတိနှင့် မဟာဌာနမှူးများက မပြန်မီ သူ့ကို လာ၍ လက်ဆွဲ နှုတ်ဆက်ကြသည်။

ထိုစဉ် ဆာရာသည် သူ့ခင်ပွန်းဟောင်းကို နှုတ်ဆက်ရန် စင်မြင့် အနီးသို့ ရောက်လာသည်။

'သိပ်ကောင်းတာပဲ လင်းရယ်၊ နောက်ဆုံး အခန်းက တော်တော်ကို ကြိုးစားပြီး သုတေသန လုပ်ထားတာနော်'

'ဟာင် ဘယ်လို ဖြစ်တာလဲ၊ ကိုယ်က မင်း အင်္ဂလန်မှာ စာသင်နေတယ်လို့ ထင်နေတာ'

လင်းဗရိစ်က အရေးမကြီးဟန်ဖြင့် ပြောသည်။

'ဟုတ်တယ်လေ၊ ဒါပေမဲ့ ဟားဗတ် တက္ကသိုလ်က ဆာရာကို အဲဒီ ဌာန အတွက် လာလျှောက်ဖို့ ဖိတ်လို့ ရောက်လာတာ၊ မနက်ဖြန် မနက်မှာ ဟယ်လင်းနစ် ကဗျာနှင့် ပတ်သက်တဲ့ စာတမ်းကို ဖတ်မလို့'

ဆာရာ၏ စကားကို သူ မယုံနိုင်။

'ဘာဖြစ်တယ်၊ ဆာရာကိုလည်း ဂရိဘာသာ အဲလီယော့ ပါမောက္ခ အဖြစ် လျှောက်ခိုင်းတယ် ဟုတ်လား'

ဆာရာက ခေါင်းညိတ်ပြသည်။

'ကိုယ်နှင့် မတန်မရာ ဆိုတာတော့ သိပါတယ်၊ ရချင်း ရရင် လင်းပဲ ရှာပေါ့၊ လင်းရဲ့ ကျမ်းတွေနှင့်တင် လုံလောက်နေပါပြီ'

'ဆာရာက စာတမ်း သုံးစောင်ပဲ ရေးဖူးသေးတယ် မဟုတ်လား၊ ရှေးဖူး ဘာနှင့် သူတို့က လာလျှောက်ဖို့ ဖိတ်သလား'

'အတိအကျ ပြောရရင်တော့ လေးစောင်၊ ပြီးတော့ ဆာရာ့ရဲ့ ကျမ်း တစ်ကျမ်းလည်း ထွက်သေးတယ်'

'ကျမ်း ဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်၊ ဆာရာရဲ့ ပါရဂူဘွဲ့ယူ စာတမ်းကို အောက်စဖို့ တက္ကသိုလ်က ကြိုက်လို့၊ ဒီနှစ် နွေဦးပေါက်မှာ စာအုပ်အဖြစ် ရိုက်မယ်လေ၊ ဟားဗတ် တက္ကသိုလ် အာဏာပိုင်တွေက ဒီကျမ်း တစ်စောင်ကို တွေ့ဖူးသွားလို့ ခေါ်တယ် ထင်တာပဲ'

'အို ဟုတ်လား၊ ဝမ်းသာလိုက်တာ ဆာရာရယ်'

'ကဲ ကဲ သွားတော့၊ ဟိုမှာ ဆရာကြီးတွေက လင်းနှင့် ညစာ စားဖို့ စောင့်နေကြလိမ့်မယ်'

ဆာရာက တိုးတိတ် ညင်သာစွာ ပြောသည်။

လင်းဗရိုစ်အတွက် ဂုဏ်ပြု ညစာ စားပွဲကို ဟားဗတ် တက္ကသိုလ် ကလပ် သီးသန့် ခန်းဆောင်တွင် ကျင်းပသည်။ ယခုပွဲသည် သူ့အတွက် အရေးကြီးသည့် ဧည့်ခံပွဲ ဖြစ်ကြောင်းကို လင်းဗရိုစ် သတိပြုမိသည်။ သူ့အား တစ်ခါက ဟားဗတ်တွင် ခန့်အပ်ရန် ငြင်းပယ်ခဲ့သူတို့ ရှေ့၌ သူသည် စကားပြောကောင်းသူ၊ ပညာအရာတွင် ဆည်းပူးထားသူ၊ လူချစ် လူခင် များသူ အဖြစ် သူတို့ ရှေ့တွင် ပြဖို့ လိုသည်။

ညစာပိုင်း သိမ်းခါနီးတွင် စကားစပ်မိရာက ပါမောက္ခ တစ်ဦးက

'ဆရာ လင်းဗရိုစ်၊ ဒေါက်တာ ဖရန်စစ် ဂျိမ်းရဲ့ ကျမ်းကို ဘယ်လို ထင်သလဲ' ဟု ကောက်မေးသည်။

'ဘယ် ဒေါက်တာ ဖရန်စစ်လဲ ဆရာ၊ ပရိုပါတီးနတ်စ်ကို ရေးတဲ့ ဒေါက်တာ ဖရန်စစ်လား'

'မဟုတ်ဘူးဗျ၊ သူ့ဇနီး၊ အဲ ခင်ဗျား ဇနီးဟောင်းရဲ့ ကျမ်းကို ပြောတာ'

'ဪ ဟုတ်ကဲ့၊ ကျွန်တော် မဖတ်ရသေးဘူး ဆရာ'

'သုတေသနမှာတော့ တော်တော်ကို ကြိုးကြိုးစားစား လုပ်ထားတဲ့ ကျမ်းပဲဗျ၊ ကျွန်တော် ထင်ပါတယ်၊ ဒေါက်တာ ဖရန်စစ်ဟာ ခင်ဗျားရဲ့ ကြိုးကြပ်မှုနှင့် ဒီလောက် တော်လာတာပဲ ဖြစ်မှာပဲ၊ လက်တင်ကဗျာနှင့် ဟယ်လင်နစ် ကဗျာတို့ ဆက်စပ်လာပုံကို ရေးတဲ့ နေရာမှာ အသစ် တွေ့ရှိချက်တွေ ထောင့်သစ်တွေ ပါတယ်ဗျ'

'ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဖတ်ကြည့်ပါဦးမယ်'

နောက်တစ်နေ့တွင် လင်းဗရိုစ်သည် ဟားဗတ် တက္ကသိုလ် ပရိဝုဏ်ထဲတွင်





ရည်ရွယ်ချက် မရှိ လျှောက်သွားနေမိသည်။ ကွက်လပ်ကြီး တစ်ခုလုံးကို ကွန်ကရစ် ခင်းထားသည့်တိုင် တက္ကသိုလ် နယ်မြေသည် ခါတိုင်းလိုပင် လွမ်းမောဖွယ် ကောင်းနေသည်။

ညနေ လေးနာရီတွင် မဟာဌာနမှူး ဝုစ်တလေက သူ့ထံ တယ်လီဖုန်း ဆက်သည်။ ဌာနမှူးက သူ့ကို နိဒါန်းသွယ် မနေဘဲ သတင်းကို ပြောသည်။

'ကျွန်တော်တို့ ဆာရာ့ကို ခန့်လိုက်ပြီ'

'အို ဟုတ်လား၊ သူ့ စာအုပ်က တော်တော် ကောင်းသလား ဆရာ'

လင်းဗရိုစ် အံ့အားသင့်နေသည်။ သူ့ တစ်ကိုယ်လုံးသည် အေးစက်သွားသည်။

'ဟုတ်တယ်၊ တော်တော် ကြိုးစားထားတဲ့ ကျမ်းပဲ၊ ဒါပေမဲ့ ပို အရေးကြီးတာက မှန်တဲ့ အချိန်မှာ မှန်တဲ့လူကို ရွေးလိုက်ရတာပဲ'

'ဆရာ ဆိုလိုတာက သူဟာ အမျိုးသမီး ဖြစ်နေလို့ ရွေးတယ် ဆိုပါတော့'

'ဒီလိုလေ၊ ကျွန်တော်တို့ တက္ကသိုလ်က ခု နောက်ဆုံး ပြဋ္ဌာန်းလိုက်တဲ့ ကျားမ မခွဲခြားဘဲ အလုပ် ခန့်ထားရမယ် ဆိုတဲ့ ဥပဒေကို လက်တွေ့ ပြချင်နေတယ်၊ ဒီတော့ အရည်အချင်းတူ နှစ်ယောက်ကို ရွေးတဲ့ အခါမှာ အာဏာပိုင်တွေ အနေနှင့်...'

'ဟုတ်ပါပြီ ဆရာ၊ ဒီလောက်ဆိုရင် ကျွန်တော် နားလည်ပါပြီ၊ ကျွန်တော်တို့ နှစ်ယောက် အရည်အချင်း တူနေတော့ အမျိုးသမီး ဖြစ်တဲ့ သူ့ကို ဦးစားပေးရတယ်ပေါ့'

'ဝမ်းနည်းပါတယ် လင်းဗရိုစ်၊ ခင်ဗျားအတွက် တော်တော် စိတ်ထိခိုက်မယ် ဆိုတာ ကျွန်တော် နားလည်နိုင်ပါတယ်'

မဟာဌာနမှူးသည် ညင်သာစွာ ပြောကာ တယ်လီဖုန်းကို ချလိုက်သည်။

ရက်စက်လိုက်တာ ဆာရာရယ်၊ အနှစ် လေးဆယ်လုံးလုံး ဒီ ရည်ရွယ်ချက်ကြီးနှင့် လုပ်လာခဲ့တဲ့ကောင် တစ်ယောက် ဘယ်လို ဖြစ်မယ် ဆိုတာ ဆရာတို့ မစဉ်းစားမိကြတော့ဘူးလား၊ ဒီလို တက္ကသိုလ်မျိုးမှာ ပါမောက္ခ ဖြစ်ချင်လွန်းလို့ အရာရာကို ကျွန်တော် စွန့်လွှတ်ခဲ့တယ်၊ အပေါင်းအသင်းတွေ တောင် ရှောင်ခဲ့တယ်၊ ခုတော့ ကျွန်တော် စွန့်လွှတ်ခဲ့ရသမျှတွေဟာ အလကား ပဲပေါ့။



www.burmeseclassic.com

www.burmeseclassic.com

ငယ်ငယ်ကလေး ကတည်းက တက္ကသိုလ် ကျောင်းဝင်းထဲမှာ ထမင်းရောင်းပြီး ပါမောက္ခ ဖြစ်ရမယ်ဟဲ့လို့ ကြိုးစားခဲ့ရတဲ့ ကျွန်တော့်အဖို့ ခုတော့ တံခါးကြီး ပိတ်သွားပြီပေါ့။

လင်းဗရိစ်သည် စိတ်ထဲတွင် မချိတင်ကဲ ဖြစ်နေသည်။

လောလောဆယ်တွင် လင်းဗရိစ်သည် အရက်ကို မူးအောင် သောက်ပစ်လိုက်ချင်သည်။

လင်းဗရိစ်သည် မာရသွန် ဟိုတယ် ထောင့်ကျကျ အခန်း တစ်ခန်း၏ စားပွဲတွင် တစ်ယောက်တည်း ထိုင်နေသည်။ စားပွဲထိုးအား သူ့ ခွက်ထဲတွင် လျော့သွားတိုင်း ပြည့်နေအောင် ဖြည့်ထားရန် မှာထားသည်။

ပျော်ပွဲစားရုံကို အုပ်ချုပ်နေသည့် ညီငယ် အဲလက်က မကြာခဏ ပေါက်လာကာ

'အစ်ကို၊ ထမင်းလေး ဘာလေး စားဦးဗျာ၊ အရက်ချည်းပဲ သောက်နေရင် ဒုက္ခ ရောက်သွားလိမ့်မယ်'

'ဒုက္ခရောက်တော့ ကောင်းတာပေါ့ကွာ၊ ငါက ဒုက္ခရောက်ချင်နေတာ ငါ့စိတ် ဒုက္ခရောက်နေသလို ငါ့ ခန္ဓာကိုယ်ကြီးကိုလည်း ဒုက္ခရောက်စေချင်နေတာ'

ည ကိုးနာရီ ထိုးသည့် အခါတွင်မူ လင်းဗရိစ်သည် တော်တော် မူးနေလေပြီ။ ထိုစဉ် မျက်ရည် ဝဲနေသော မူးယစ်ခြင်း ကြားမှာ အသံ တစ်သံ ပေါ်လာသည်။

'ထိုင်မယ်နော် လင်း'

သည်အချိန်တွင် ကမ္ဘာပေါ်တွင် သူ နောက်ဆုံး တွေ့ချင်သူ ဖြစ်သည့် ဆရာ။

'အို ဂုဏ်ယူပါတယ် ဒေါက်တာ ဖရန့်စစ်၊ အတော်ဆုံးလူ ရတာပေါ့နော်'

'ဆရာ ပြောတာကိုလည်း နားထောင်ပါဦး လင်းရယ်'

ဆရာက စားပွဲတွင် ဝင်ထိုင်ပြီး တိုးတိတ်စွာ ပြောသည်။ ဆရာ အတန်ကြာမှ

'ဆရာ မလုပ်တော့ဘူး'

'ဘာ'





'ခုလေးတင် မဟာဌာနမှူးနှင့် တွေ့ခဲ့ပြီးပြီ၊ ဆရာ စဉ်းစားပြီးပြီလို့၊ အလုပ်ကို လက်မခံတော့ဘူးလို့ ပြောခဲ့ပြီးပြီ'

'ဟင် ဘာဖြစ်လို့ လက်မခံရမှာလဲ၊ ပညာရေး လောကမှာ ထိပ်ဆုံး ရာထူး၊ အမြင့်ဆုံး ရာထူး၊ ဘာဖြစ်လို့ လက်မခံရမှာလဲ'

'လင်းကြောင့် လက်မခံတာ၊ မနေ့ညက လင်း စင်မြင့်ပေါ် တက်မြီး စာတမ်းဖတ်တော့ လင်းဟာ အထိုက်တန်ဆုံးလို့ ဆရာ မြင်တယ်လေ'

'ဆရာ မင်း ရူးနေသလားဟင်၊ ဒါမှမဟုတ် မင်းဟာ ငါ့ကို လှောင်ပြောင်တဲ့ နည်းနှင့် ရက်ရက်စက်စက် ကလဲ့စား ချေနေတာလား၊ ဟားဗတ် တက္ကသိုလ်က အဲလီယော့ ပါမောက္ခ ရာထူးကို ဘယ်သူမှ မငြင်းခဲ့ဖူးဘူးကွ'

'ခု ဆရာ ငြင်းခဲ့ပြီလေ'

ဆရာက စောစောတုန်းကလိုပင် ခပ်တိုးတိုး ပြောသည်။

'ဒါဖြင့် ဘာဖြစ်လို့ အချိန်ကုန် လူပန်း စရိတ်ပွန်းခံပြီး လာလျှောက်နေရသေးတာလဲ'

'ရှင်းရှင်း ပြောရရင်တော့ ဆရာလည်း ဒီ မေးခွန်းကို တစ်နေ့လုံး မေးနေတာပဲ'

'ဒီတော့'

'ပညာရှင် တစ်ယောက် အနေနှင့် ဆရာ ထိုက်တန်ရဲ့လား မတန်ဘူးလား ဆိုတာ ကိုယ့်ကိုယ်ကိုယ် စမ်းသပ် ကြည့်ချင်တယ်လေ၊ ဆရာ့မှာ ကိုယ့်ကိုယ်ကိုယ် ထင်နေတာကလေး ရှိတယ်လေ၊ ဒီတော့ ဆရာဟာ တက္ကသိုလ်ကြီးတွေမှာ လုပ်နိုင်တဲ့ အရည်အချင်း ရှိသလား မရှိဘူးလား ဆိုတာ သိချင်တယ်'

'ရှင်းရှင်း ပြောပါကွယ်၊ အမှန်တော့ ကိုယ်က မင်းကို အထင်သေးတယ် ဆိုပြီး မင်း လက်စားချေတဲ့ သဘောနှင့် လုပ်ပြချင်တာ မဟုတ်လား၊ ကိုယ့်လက်ထဲမှာ အင်မတန် အဖိုးတန်တဲ့ စိန်စီတဲ့ သရဖူကြီး ရောက်လာပါလျက်နှင့် လက်မခံဘူး ဆိုတာ ကိုယ် ခုထိ နားမလည်နိုင်သေးဘူး'

'အစတုန်းကတော့ မာန်တက်နေလို့ သိပ် မသိဘူးပေါ့လေ၊ နောက်တော့မှ ကိုယ်လုပ်တာဟာ မှားနေတယ် ဆိုတာ သဘောပေါက်လာတယ်၊ ဆရာရဲ့ ကျောင်းဆရာ အလုပ်ဟာ ဘဝရဲ့ အစနှင့် အဆုံး မဟုတ်ဘူးလေ၊ ဆရာ အိမ်ထောင်ရှင်မကောင်း တစ်ယောက် ဖြစ်ချင်တယ်၊ ဆရာ ဆိုလိုတာက ဒီလိုပါလေ၊ စာသင်ပြီးတဲ့ အချိန်တွေမှာ အိမ်ထောင်ရှင်မကောင်း တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်ချင်တယ်၊ စာကြည့်တိုက်တွေဟာ ဆယ်နာရီ ဆိုရင် ပိတ်တာပဲ၊ ဒါပေမဲ့ အိမ်ထောင်သည် ဘဝကတော့ စာကြည့်တိုက်လို အချိန်နှင့် ပိတ်လို့ ဖွင့်လို့ မရဘူးလေ၊ သူ့မှာ တစ်နေ့ကို နှစ်ဆယ့် လေးနာရီ လုံးလုံး အလုပ်တွေ ရှိတယ်၊ အထူးသဖြင့် အောင်မြင်တဲ့ အိမ်ထောင်ရှင်မကောင်း တစ်ယောက် အဖို့ပေါ့လေ'

လင်းဗရိစ်က သူ့စကားကို မည်သို့မျှ ထင်မြင်ချက် မပေး။ အနည်းဆုံး ချက်ချင်းတော့ ထင်မြင်ချက် မပေး။ အရက်ကြောင့် ရီဝေဝေ ဖြစ်နေသော ခေါင်းထဲတွင် လင်းဗရိစ်သည် ထိုစကားများ၏ အဓိပ္ပာယ်ကို စဉ်းစားနေသည်။

'ကဲ လင်း၊ တော်ပြီကွယ်၊ မသောက်ပါနှင့်တော့၊ ဒီနေရာကို လင်းကို ပေးကြမှာပါ'

ဆရာက ကြင်နာစွာ ပြောသည်။

လင်းဗရိစ်သည် စားပွဲတစ်ဖက်ရှိ သူ့ ဖနီးပောင်းကို လှမ်းကြည့်နေသည်။

'ကိုယ် ရသွားတယ် ဆိုရင် ဆရာ ဝမ်းသာမယ် ဆိုတာ ကိုယ် ယုံပြီးသားပါ၊ အမှန်ကတော့ ကိုယ်ဟာ အလကား ကောင်ပါကွယ်၊ ဝမ်းသာဖို့တောင် မထိုက်တော့ပါဘူး'

'ဆရာကတော့ စိတ်မကောင်းတာ တစ်ခုပါပဲ၊ ဆရာတို့ နှစ်ယောက် ဟိုတုန်းက ပျော်ပျော်ရွှင်ရွှင် နေခဲ့တာတွေကို တွေးမိပြီး စိတ်မကောင်းဘူးလို့ ပြောတာပါ'

ဆရာက ခပ်တိုးတိုး ပြောသည်။

လင်းဗရိစ်၏ ရင်ထဲတွင်မူ အလုံးကြီး ဆို့နေသည်။

'ကိုယ့်ဘဝမှာ အပျော်ဆုံးနေ့တွေ'

ဆရာက စိတ်ထိခိုက်ဟန်ဖြင့် ခေါင်းညိတ်ပြသည်။ သူတို့ နှစ်ယောက်သည် ကွယ်လွန် အနိစ္စ ရောက်သွားသော မိတ်ဆွေ တစ်ယောက် အတွက် စိတ်မကောင်းသည့်နှယ် ဖြစ်နေကြသည်။

သူတို့ နှစ်ယောက်သည် အတန်ကြာမျှ တိတ်ဆိတ်စွာ ထိုင်နေကြသည်။ ဆရာက မနေတတ် မထိုင်တတ်သလို ဖြစ်လာသဖြင့် ပြန်ရန် ထလိုက်သည်။

'မှောင်နေပြီ၊ ဆရာ ပြန်တော့မယ်'

'နေပါဦး ဆရာ၊ တစ်စက္ကန့်လောက်ပါ'





လင်းဗရိစ်က သူ့ကို ပြန်ထိုင်ရန် အချက်ပြသည်။

သူ့တွင် အရေးကြီးသည့် ပြောစရာ စကားတွေ ရှိသည်။ ယခု အချိန်တွင်မှ မပြောလိုက်လျှင် နောင် ဘယ်တော့မှ ပြောခွင့် ရတော့မည် မဟုတ်။

'ကိုယ်တို့ အိမ်ထောင် ပြိုကွဲသွားအောင် လုပ်ခဲ့မိတဲ့ အတွက် ကိုယ် တောင်းပန်ပါတယ် ဆရာ၊ ကိုယ့်စကားကို ယုံမယ် ဆိုရင် ဘာကိုပဲ ဖြစ်ဖြစ် ကိုယ် စွန့်လွှတ်ပါတယ်၊ ကိုယ်တို့ နှစ်ယောက် အတူ ပြန်နေရမယ် ဆိုရင် ဘာကိုပဲ ဖြစ်ဖြစ် ကိုယ် စွန့်လွှတ်ပါတယ်၊ ဟားဗတ် တက္ကသိုလ်က ထွက်ခဲ့ရမယ် ဆိုရင်လည်း ထွက်ပါ့မယ်၊ ဆရာ ကိုယ်ပြောတာ ယုံရဲ့လား ဟင်'

လင်းဗရိစ်သည် သူ့ ဖနီးပောင်းကို တမ်းတစွာ ကြည့်ရင်း အဖြေကို စောင့်သည်။

ဆရာက မည်သို့မျှ မပြော။

'ဘယ့်နှယ့်လဲ ဆရာ၊ ကိုယ် ပြောတာ ယုံရဲ့လား'

'ယုံပါတယ် လင်းရယ်၊ ယုံပါတယ်၊ ဒါပေမဲ့ နောက်ကျသွားပြီ'

ဆရာသည် ထိုင်ရာမှ ထသည်။

'ဂွတ်နိုက် လင်း'

ဆရာက ခပ်တိုးတိုး ပြောကာ သူ့ နဖူးကို ငုံ့နမ်းပြီး ထွက်သွားသည်။

ကမ္ဘာကြီး၏ ထိပ်ပေါ်တွင် သူ တစ်ယောက်တည်း။

၁၉၇၄ ခုနှစ် နွေဦးပေါက်တွင် ဂျေဆန်၏ မိဘများသည် အစ္စရေးသို့ အလည် ရောက်လာခဲ့ကြသည်။ ပထမဆုံး အလည် ရောက်လာကြခြင်းပေတည်း။

ဂျေဆန်နှင့် အီဗာတို့က သူတို့ကို ဂိုလန် ကုန်းမြင့်မှ ဆိုင်းနိုင်း ကျွန်းဆွယ် အထိ အစ္စရေး တစ်ပြည်လုံး လိုက်ပို့ကြသည်။ ပြန်ခါနီး ငါးရက် အလိုတွင် ဘယ်ကိုမျှ မသွားဘဲ ဂျေရုစလင် မြို့ဟောင်းကို လျှောက်ကြည့်ကြသည်။ ဂျေဆန်၏ အမေက ဂျေရုစလင် မြို့သည် ကမ္ဘာပေါ်တွင် အလှဆုံးမြို့ဟု ချီးကျူးသည်။

'အဖေတို့ အမေတို့က ချစ်စရာ ကောင်းတယ်နော်'

သူတို့ကို ဘင်ဂူရီယွန် လေဆိပ်သို့ လိုက်ပို့ရင်း အီဗာက ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



'အဘိုးကြီး အဘွားကြီး ကြည့်ရတာ ဘယ့်နှယ့်လဲ၊ ပျော်ပုံရရဲ့လား'

'ပီတိထက် ပိုတဲ့ ခံစားမှုရယ်လို့ ရှိရင် အဲဒီ ခံစားမှုကို သူတို့ ရသွားကြတာပေါ့၊ အကြည်နူးဆုံးကတော့ အဘိုးကြီးက သူ မြေးတွေကို နမ်းပြီး နှုတ်ဆက်နေတာပဲ၊ နှုတ်ဆက်တာတောင် ရှာလုံ ဆိုပြီး ဟီဗရူးလို နှုတ်ဆက်သွားတယ်၊ နောက် တစ်နှစ် ဆိုရင် လာကြဦးမှာပဲ၊ သေချာတယ်'

အီဗာ ပြောသည့် အတိုင်းပင်။ နောက်နှစ် ၁၉၇၅ ခုနှစ်တွင်ရော ၁၉၇၆ ခုနှစ်တွင်ရော အစ္စရေးသို့ နှစ်တိုင်း ရောက်လာခဲ့ကြသည်။ နောက်တစ်ခေါက်တွင်မူ သမီး ဖြစ်သူ ဂျူလီပင် ပါလာလိုက်သေးသည်။

ယခု အချိန်၌ ဂျေဆန်သည် တပ်ထဲတွင် နည်းပြဆရာ ဖြစ်နေပြီ။ အစ္စရေးတပ်မတော်၏ အကောင်းဆုံး တပ်ဖွဲ့များတွင် အမှုထမ်းရသည်။ ကုလားထိုင်တွင် ထိုင်လုပ်ရသော အလုပ် မဟုတ်။ ယခင် တာဝန်များကဲ့သို့ပင် စွန့်စွန့်စားစား လုပ်ရသည့် တာဝန်များ ဖြစ်သည်။ သို့ရာတွင် ယခင် တာဝန်များလောက်တော့ အန္တရာယ် မများ။

သူ့တာဝန်မှာ တယ်လ်အဗီ မြို့ပြင်ရှိ တပ်ဖွဲ့များသို့ သွားကာ စိတ်ဓာတ်ရေးရာ အရရော၊ ကိုယ်ခန္ဓာ အရပါ အထူးတပ်ဖွဲ့များ အတွက် သင့်လျော်မည့် တပ်သားသစ်များကို ရွေးချယ် သင်တန်း ပေးရခြင်း ဖြစ်သည်။ ဂျေဆန်သည် ယွန်းကပူး စစ်ပွဲတုန်းက သူရသတ္တိ ဆုတံဆိပ်များ ရခဲ့သည့် တပ်မှူး ယိုနီ၏ တိုက်ရိုက် ကွပ်ကဲမှု အောက်တွင် တာဝန်ယူနေရသည်။

ယိုနီမှာ ဟားဗတ် တက္ကသိုလ်တွင် တစ်နှစ်သာ နေခဲ့ရပြီး စစ်ဖြစ်သဖြင့် ပြန်လာခဲ့ရရာ ယခု အချိန်တွင် ဘွဲ့ယူရန် ဆက်လက် ကြိုးစားနေသူဖြစ်သည်။ ညနေခင်းများတွင် ဂျေဆန်သည် ယိုနီနှင့် အတူ ထိုင်၍ ဟားဗတ် တက္ကသိုလ် ပရိဝုဏ်ထဲက အကြောင်းတွေကို ပြောမိကြသည်။ တက္ကသိုလ် ရင်ပြင် ဝိုက်ဒင်နား စာကြည့်တိုက်၊ ပီဗော့ကတ်တိုက်ကြီး၊ ချားလ် မြစ်ကမ်း တစ်လျှောက်မှ အပြေးကျင့်သည့် နေရာများ . . .။

ထိုစဉ်ကမူ ပျော်စရာ ကောင်းလိုက်သည့် ဖြစ်ခြင်း။ ပူပင်စရာ မရှိ ရှုပ်ထွေးခြင်း မရှိ။ ဂျေဆန်သည် သူနှင့် စကား ပြောရင်း ဟားဗတ်ကို လွမ်းလာကာ တစ်ခေါက်လောက် ပြန်ကြည့်ချင်သည်။

ဂျေဆန်သည် ထိုအကြောင်းကို အီဗာနှင့် ဆွေးနွေးကြည့်သည်။ စစ်တပ်မှ လုပ်သက်စေ့၍ ထွက်ရပြီးသည့်နောက် တစ်နှစ်လောက် သွားနေရလျှင်





ကောင်းမည်ဟု နှစ်ယောက် သဘောတူကြသည်။ တက္ကသိုလ် ဥပဒေတန်းတွင် သူ့ အသက် ၃၉ နှစ် အရွယ်ကို ကျောင်းဝင်ခွင့် ပြုလျှင် ဥပဒေဘွဲ့ကို ယူပြီး အစ္စရေးတွင် အမေရိကန် ကုမ္ပဏီကြီးများ အတွက် အကျိုးဆောင် လုပ်ငန်း လုပ်ရလျှင် ကောင်းမည်ဟု သူ တွေးမိသည်။

'ဘယ်လို သဘောရသလဲ အီဗာ၊ ကလေးတွေကကော ဟိုမှာ ပျော်မှ ပျော်ပါ့မလား မသိဘူး'

အီဗာကို မေးသည်။ အီဗာက ပြုံးသည်။

'သူတို့ မပျော်ပေမယ့် သူတို့ အဖေကတော့ ပျော်မှာပေါ့ အစ်ကိုရဲ့၊ အီဗာကလည်း အစ်ကိုနှင့် ရပြီးတဲ့နောက် ကတည်းက ဟားဗတ် အကြောင်းကို ကြားနေရတော့ အီဗာလည်း ရောက်ဖူးချင်နေတယ်၊ ဒီတော့ တက္ကသိုလ် ဝင်ခွင့် ရအောင်သာ လျှောက်ပါ'

ကျောင်းနှင့် ကင်းကွာခဲ့သည်မှာ ကြာခဲ့ပြီ။ သို့တိုင် ဂျေဆန်သည် ဟားဗတ် ဥပဒေ သင်တန်းသို့ တက်ရောက်ခွင့် ရခဲ့သည်။ အထူးသဖြင့် သူ့ ကျောင်းနေဖက် သူငယ်ချင်း ဖြစ်သူ အင်ဒဆင်မှာ ဥပဒေပညာ မဟာဌာန လက်ထောက် ဌာနမှူး ဖြစ်နေသည့် အတွက် အလွယ်တကူ ဝင်ခွင့် ရခဲ့ခြင်း ဖြစ်သည်။

သူ့ ကျောင်းဝင်ခွင့် လျှောက်လွှာကို လက်ခံ ရရှိကြောင်း ပြန်စာထဲတွင် အင်ဒဆင်က 'ခင်ဗျားကတော့ ခုလောက် ဆိုရင် တပ်ထဲမှာ မေဂျာလောက် ဖြစ်နေမှာပဲ၊ ဒါပေမဲ့ ကျွန်တော့် စိတ်ထဲမှာတော့ ကက်ပတိန်လို့ပဲ ထင်တယ်၊ ကက်ပတိန် ဆိုတာ ကျောင်းမှာ ဘောလုံးပျော့ ရိုက်တဲ့ အသင်းရဲ့ ကက်ပတိန်လေဗျာ'

ဂျေဆန်သည် ၁၉၇၆–၇၇ ခုနှစ် ပညာသင်နှစ် အတွက် တတိယနှစ် ဥပဒေ သင်တန်းသား အဖြစ် ဝင်ခွင့်ရခဲ့သည်။ ဂျေဆန်နှင့် အီဗာတို့သည် ကလေးများကို ခေါ်၍ အမေရိကသို့ လာခဲ့ကြသည်။ ကလေးတွေကို အဘိုး အဘွားများထံ အပ်ပစ်ခဲ့ပြီး သူတို့ နှစ်ယောက်က ဟားဗတ် တက္ကသိုလ်ရှိရာ ကိန်းဗရစ် မြို့ကလေးတွင် အခန်းရှာကြသည်။

ထိုသို့ အစစ အရာရာ စီစဉ်ပြီးနောက် အစ္စရေးသို့ ပြန်လာ[illegible] တပ်မှ နုတ်ထွက်သည့် ကိစ္စ၊ ပြောင်းရွှေ့ရေး ကိစ္စတို့ကို စီစဉ်ကြသည်။ သူသည် တပ်သား မဟုတ်တော့။ အစ္စရေး ဥပဒေအရ အသက် ငါးဆယ့် ငါးနှစ် အထိ တစ်နှစ်လျှင် တစ်လသာ အမှုထမ်းရတော့မည့် အရန် [illegible]သား တစ်ဦးမျှသာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တော့သည်။

သူ တပ်မှူး ယိုနီကို သွား၍ နှုတ်ဆက်သည့် အခါတွင် ယိုနီက ပြော သည်။

'ချားလ် မြစ်ကမ်းက ပြေးလမ်းတွေမှာ အပြေး ကျင့်ရင် ကျွန်တော့်ကို သတိရပါဗျာ၊ ပြီးတော့ ကိန်းဗရစ် မြို့ကလေးရဲ့ ပို့စကတ် တစ်ခုလောက် လည်း ပို့လိုက်ပါ'

သူတို့ နှစ်ယောက်သည် ရယ်မော နှုတ်ဆက်ပြီး ခွဲခဲ့ကြသည်။

သို့ရာတွင် ဇွန်လ ၂၇ ရက်နေ့တွင်မှ အရာရာသည် ပြောင်းလဲသွားခဲ့သည်။

တယ်လ်အဗီမှ ပါရီသို့ ထွက်ခွာသွားသည့် ပြင်သစ် လေကြောင်း ကုမ္ပဏီပိုင် ပျံသန်းမှု အမှတ် ၁၃၉ လေယာဉ်သည် အေသင်တွင် ခရီးသည်များကို တင်၍ ဆက်လက် ပျံသန်းလာခဲ့စဉ် အပိုင်စီးခြင်း ခံခဲ့ရသည်။

ယင်းလုပ်ရပ်မှာ ပါလက်စတိုင်း ပြောက်ကျားတို့၏ စံဖြင့် ကြည့်လျှင်ပင် လုပ်ရိုးလုပ်စဉ် မဟုတ်။

လေယာဉ်သည် လစ်ဗျားတွင် ဆီထည့်ရန် ခဏရပ်၍ ဆီထည့်ပြီးနောက် ယူဂန်ဒါပြည် အင်တက်ဘီမြို့သို့ ပျံသန်းလာခဲ့သည်။ ထိုစဉ် လေယာဉ်ပေါ်တွင် ပါလာသည့် ခရီးသည် ၃၅၀ တို့ကို ကင်ပါလာ လေဆိပ်ဟောင်း အဆောက်အအုံ ထဲသို့ မောင်းသွင်းကာ ဓားစာခံများ အဖြစ် ဖမ်းဆီးထားလိုက်ကြသည်။

နောက်တစ်နေ့တွင် ပြန်ပေးဆွဲသူများက သူတို့ တောင်းဆိုချက်များကို တင်ပြလိုက်ကြသည်။

အစ္စရေး အကျဉ်းထောင်ထဲတွင် ရောက်နေသည့် သူတို့ ရဲဘော် လေးဆယ် အပါအဝင် သူတို့ ရဲဘော် ငါးဆယ်ကို လွှတ်ပေးရန်နှင့် သန်းပေါင်း များစွာသော ဒေါ်လာများကို တောင်းထားသည်။

အစ္စရေး အစိုးရ၏ ပေါ်လစီမှာ အကြမ်းဖက်သမားများနှင့် မည်သည့် အခါမျှ စေ့စပ် ဆွေးနွေးခြင်း မပြုသည့် ပေါ်လစီ ဖြစ်သည်။ သို့ရာတွင် ဓား စာခံများ၏ ဆွေမျိုးများက အစ္စရေး ဝန်ကြီး အဖွဲ့ကို ဝိုင်းကာ သူတို့ ချစ်ခင် သူများနှင့် လဲပေးရန် တောင်းပန်ကြသည်။ အစ္စရေး အစိုးရသည် တွေဝေ ပြုလာကြသည်။

သာမန် အခြေအနေမျိုး ဆိုလျှင် ထိုပြဿနာမျိုးကို အကြမ်းဖက်ဂိုဏ်း နှိမ်နင်းရေး တပ်ဖွဲ့များသို့ တာဝန် ပေးလိုက်ရုံသာ ရှိသည်။ သို့ရာတွင်





ကိစ္စတွင်မူ ဓားစာခံများမှာ မိုင် ငါးထောင် အဝေးတွင် ရောက်နေသည်။ ထို့ကြောင့် စစ်ဖက်ဆိုင်ရာတို့ အဖို့ ကယ်ဆယ်ရေး စစ်ဆင်မှုများကို လုပ်ရန် မဖြစ်နိုင်ဘဲ ဖြစ်နေသည်။ သို့မဟုတ် ခဲယဉ်းနေသည်။

အကြမ်းဖက်သမားများတို့၏ တောင်းဆိုချက်ကို ရေဒီယိုမှ ကြားလိုက် ရသည့် အခါ၌ ဂျေဆန်သည် ကလေးများအား အီဗာ စာသင်နေသည့် အခန်း ထဲသို့ ဝင်လာခဲ့သည်။ အီဗာမှာ ကလေး သုံးယောက်ကို နာရီ ကြည့်တတ် အောင် သင်ပေးနေသည်။ ဂျေဆန်က အီဗာကို အပြင်သို့ ထွက်လာရန် အချက် ပြလိုက်၏။

'အစ်ကို သွားမယ်' ဟု ဂျေဆန်က ခပ်ပြတ်ပြတ် ပြောသည်။

'ဘယ်ကို သွားမှာလဲ'

'တပ်ထဲကို ပြန်ဝင်မယ်'

'အစ်ကို ရူးနေသလား ဟင်၊ တပ်ထဲ သွားတော့ကော ဘာလုပ်နိုင်မှာလဲ၊ ပြီးတော့ အစ်ကိုက တပ်က အနားယူပြီးပြီ မဟုတ်လား'

'အီဗာ့ကို ရှင်းပြဖို့ အချိန် မရှိဘူးကွာ၊ အစ်ကို့ ဘဝ သက်တမ်း တစ်ဝက်လောက် အကုန်ခံပြီး အကြမ်းဖက်သမားတွေကို လိုက်ဖမ်းပြီး ထောင်ထဲ ရောက်အောင် ပို့ခဲ့ရတာ၊ ခု ဒီကောင်တွေကို ပြန်လွှတ်လိုက်မယ် ဆိုရင် အစ်ကိုတို့ လုပ်ခဲ့သမျှတွေဟာ အချည်းနှီးပဲ ဖြစ်ကုန်တော့မှာပေါ့၊ သူတို့ကို ပြန်လွှတ်လိုက်ရင် ကမ္ဘာဟာ အကြမ်းဖက်သမားတွေရဲ့ ကစားကွင်းကြီး ဖြစ်နေတော့မှာပေါ့'

အီဗာ၏ မျက်လုံးထဲတွင် မျက်ရည်တွေ ဝဲလာကြသည်။

'အစ်ကို၊ အီဗာ့မှာ မဆုံးရှုံးဘဲ ကျန်ရစ်ခဲ့တာတွေထဲမှာ အီဗာ ချစ်တာ မြတ်နိုးတာ ဆိုလို့ အစ်ကို တစ်ယောက်ပဲ ကျန်တော့တယ် အစ်ကို၊ အစ်ကို့ ဘဝ တစ်လျှောက်လုံး တိုင်းပြည် အတွက် စွန့်လွှတ်မှုတွေ လုပ်ခဲ့ပြီးပြီ မဟုတ် လား၊ အစ်ကို့ ကလေးတွေ အတွက် သူရဲကောင်း မလိုပါဘူး အစ်ကိုရယ်၊ အဖေ တစ်ယောက်သာ လိုပါတယ်'

သူ့ စကားများသည် ဂျေဆန်ကို တားဆီး၍ မရတော့မှန်း အီဗာ ချက်ချင်း သဘောပေါက်လာသဖြင့် မပြောတော့ဘဲ ရပ်လိုက်သည်။ သူ့ရှေ့တွင် ဂျေဆန် တစ်ယောက်လုံး ရပ်နေသေးသည့်တိုင် အီဗာသည် သူ့ အခန်းတွင် ဂျေဆန် တစ်ယောက် ရှိတော့ဟု ထင်နေသည်။

'အစ်ကိုဟာ မပြောင်းလဲတော့ဘူးလား အစ်ကိုရယ်၊ အစ်ကိုဟာ အရင်



www.burmeseclassic.com

www.burmeseclassic.com



တုန်းကလိုပဲ ဘာလို့ စိတ်မြန်လက်မြန် ဖြစ်နေရတာလဲ ဟင်'

'အီဗာ့ဆီက သင်ခန်းစာတွေ ရခဲ့လို့ ဒီလို ဖြစ်နေတာ အီဗာ၊ အစ်ကိုတို့ အစ္စရေး တိုင်းပြည်ရယ်လို့ တည်ရှိနေတာဟာ တခြားကြောင့် မဟုတ်ဘူး၊ ကမ္ဘာ အရပ်ရပ်မှာ ရှိတဲ့ ရေဝတီ လူမျိုးတွေကို ကာကွယ်ဖို့ အတွက် ရှိနေရတာ'

အီဗာသည် သူ့ရင်ခွင်တွင် မျက်နှာအပ်၍ တိတ်ဆိတ်စွာ ငိုနေသည်။ သူ့ကြောင့် ဂျေဆန် တစ်ယောက် တကယ်ပင် ရေဝတီ စစ်စစ် ဖြစ်လာခဲ့သည်ကိုလည်း သူ သဘောပေါက်သည်။ ယခုတော့ ဂျေဆန်၏ တိုင်းပြည်ချစ်စိတ်သည် မိသားစု သံယောဇဉ်ထက်ပင် ကျော်လွန်သွားလေပြီ။

ထို့ကြောင့် ဘာမျှ နောက်ထပ် မပြောတော့ဘဲ သူ့ကို သွားခွင့်ပြုလိုက်သည်။ သူ့တွင် ကိုယ်ဝန် ရှိစပြုနေသည်ကိုပင် မပြောလိုက်မိ။

'ခင်ဗျားနှင့် ဘာဆိုင်လို့လဲ ရဲဘော်ရ၊ လူငယ်ကလေးတွေ ရှိပါတယ်၊ ဒါ သူတို့ လုပ်ပါလိမ့်မယ်'

'စစ်ဆင်ရေး တစ်ခု လုပ်မယ် ဆိုရင်တော့ ကျွန်တော် ပါချင်တယ် တပ်မှူး'

'နေစမ်းပါဦး၊ စစ်ဆင်ရေး တစ်ခု ရှိတယ် ဆိုတာ ခင်ဗျားကိုလည်း ကျုပ် ဘာမှ မပြောရသေးပါကလား။အစိုးရ အနေနှင့် အန္တရာယ် ကြီးလွန်းတယ်လို့ မြင်တယ်လေ၊ ရှင်းရှင်း ပြောရရင် ကျုပ်တို့မှာ ငါးဆယ်-ငါးဆယ် အခွင့်အရေး ရှိသည့်တိုင်အောင် ဘာမှ အစီအစဉ် မလုပ်ရသေးဘူး'

'ဒီလို ဆိုရင် အဲဒီ အစီအစဉ် ဆွဲမယ့် အစည်းအဝေးကို ကျွန်တော် တက်ပါရစေ တပ်မှူး'

သူတို့ နှစ်ယောက် ငြင်းခုံနေကြစဉ် ဗိုလ်ချုပ် ဇဗီက ကြားဖြတ် ပြောသည်။

'ဟော့လူတွေ ဘာတွေ ငြင်းခုံနေတာလဲ၊ ဒီအချိန် ရန်ဖြစ်နေချိန် မဟုတ်ဘူး၊ အလို ဂျေဆန်လည်း ရောက်နေတာကိုး'

ဗိုလ်ချုပ် ဇဗီမှာ မူလက အထူး တပ်ဖွဲ့ တပ်မှူး ဖြစ်သော်လည်း ယခု ကာကွယ်ရေးတပ်များ အားလုံး၏ ထောက်လှမ်းရေးမှူး ဖြစ်နေသည်။

'ကျွန်တော် တပ်ထဲကို တာဝန်ယူဖို့ လာသတင်းပို့နေတာပါ ဗိုလ်ချုပ်'

တပ်မှူး ယိုနီက





'ဒါလောက်တောင် ရှိလှတာ ကျုပ် မေးမယ်၊ ကျုပ်တို့ ငြင်းခုံနေချိန် မရဘူး၊ ကျုပ် မေးတာကို တစ်မိနစ် အတွင်း ဖြေပါ၊ ခု ခင်ဗျား ဝင်လာတာကို အစောင့်တွေက ဘာဖြစ်လို့ မောင်းထုတ်မပစ်သလဲ၊ ခင်ဗျားကို မောင်းထုတ်ပစ်သင့်သလား မပစ်သင့်ဘူးလား ဆိုတာ ဖြေပါ၊ မြန်မြန် ဖြေပါ'

တပ်မှူး ယိုနီက ခပ်မာမာ ပြောသည်။

ဂျေဆန်သည် ချက်ချင်း စဉ်းစားပြီး အဖြေ ပေးသည်။

'ဒီလိုဆို ကျွန်တော် ဖြေမယ်၊ တပ်မှူး အနေနှင့် အိုက်ခ်မန်း ဆိုတဲ့ စစ်ရာဇဝတ်ကောင်ကို လိုက်ရှာဖို့ လူတွေ ရွေးတုန်းက သူတို့ ညှဉ်းပန်းရေး စခန်းမှာ နေခဲ့ဖူးတဲ့ လူတွေကို ရွေးတယ် မဟုတ်လား၊ ဒီလို ညှဉ်းပန်းရေး စခန်းမှာ နေခဲ့ဖူးတဲ့သူမှ သူတို့ကို လက်စားချေချင်တဲ့ စိတ်နှင့် အပြင်းအထန် လိုက်ရှာမယ် ထင်လို့ တပ်မှူး ရွေးခဲ့တယ် မဟုတ်လား၊ ခုလည်း ဒီအတိုင်းပေါ့၊ ဒီကောင်တွေဟာ ကျွန်တော့်ရဲ့ အချစ်ဦး၊ အေးလေ ကျွန်တော့်ရဲ့ တစ်ဦးတည်းသော ချစ်သူကို သတ်ပစ်ခဲ့ကြတယ်၊ ဒီတော့ ဒီကောင်တွေကို နာကြည်းတဲ့သူ ဆိုလို့ ဒီတပ်စုတွေထဲမှာ ကျွန်တော့် အပြင် ရှိမယ် မထင်ဘူး၊ ဒါကြောင့် ကျွန်တော့်ကို ရွေးဖို့ ပြောတာပါ'

ထို့နောက် ဂျေဆန်သည် ဟန်ဆောင် မနေနိုင်တော့ဘဲ နဖူးပေါ်တွင် စီးကျလာသည့် ချွေးပေါက်ကို အင်္ကျီလက်ဖြင့် သုတ်လိုက်သည်။

'ပြီးတော့ကော တပ်မှူးတို့ တပ်ထဲမှာလည်း ကျွန်တော့်ထက် ကောင်းတဲ့ စစ်သား မရှိဘူးလို့ ထင်လို့ပါ'

ဗိုလ်ချုပ် ဇဗီနှင့် ယိုနီသည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကြသည်။

'ကောင်းပြီလေ၊ သူတို့ကို သွားကယ်ဖို့ အစီအစဉ်ကတော့ ဆော်ဆော်မိုက်မဲတဲ့ စီမံကိန်းပဲ၊ ဒီစီမံကိန်းကို အကောင်အထည် ဖော်မယ် ဆိုရင်တော့ ရူးနေတဲ့ ဂျေဆန် ဆိုတဲ့ လူတစ်ယောက်ကို ကျုပ်တို့ ခေါ်မယ်၊ ဒါပဲ'

အထူးတပ်ဖွဲ့က စီမံကိန်းကို ရေးဆွဲနေစဉ် အစ္စရေး အစိုးရသည် အကြမ်းဖက်သမားများနှင့် စေ့စပ် ဆွေးနွေးမှုများကို လုပ်ရန် ကြိုးစားနေသည်။ အချိန်ဆွဲသည့် အနေဖြင့် လုပ်နေခြင်း ဖြစ်သည်။

နောက် လေးဆယ့် ရှစ်နာရီ ကြာသည့် အခါတွင် အကြမ်းဖက်သမားများသည် ရေဝတီ မဟုတ်သူများကို ပြန်လွှတ်ပေးလိုက်ပြီး ပြင်သစ်ပြည်သို့



www.burmeseclassic.com

www.burmeseclassic.com



ပို့လိုက်သည်။ ဓားစာခံများက ကြက်သီးထစရာ အဖြစ်အပျက်ကို ပြောပြသည်။ နာဇီ အကျဉ်းစခန်းမှာကဲ့သို့ပင် အကြမ်းဖက်သမားများသည် ရေဝတီများကို အခြားသူများနှင့် ရွေးထုတ်ပြီး အခန်း တစ်ခန်းထဲတွင် လှောင်ပိတ်ထားလိုက်ကြသည်။

လူထုကလည်း အပြစ်မဲ့ အရပ်သားများ အသက်ကို မသေစေချင်သည့်အတွက် အကြမ်းဖက်သမားများ၏ တောင်းဆိုချက်များကို လိုက်လျော ပေးလိုက်ရန် ပြင်းပြင်းထန်ထန် တောင်းဆိုနေကြသည်။ အစိုးရက လိုက်လျောတော့မည့် ဆဲဆဲတွင် အစည်းအဝေးသို့ ဗိုလ်ချုပ် ဇဗီ ရောက်လာကာ သူ့ တပ်ဖွဲ့များသည် ဓားစာခံများကို သွားရောက် ကယ်ရန် စီမံကိန်း တစ်ခုကို ရေးဆွဲပြီးကြောင်းဖြင့် တင်ပြသည်။ ဝန်ကြီးများက စဉ်းစားဦးမည်ဟု အဖြေပေးသည်။

ထိုအတောအတွင်းတွင် ဗိုလ်ချုပ် ဇဗီသည် အင်တက်ဘီ လေဆိပ်ကို အတင်း ဝင်ရောက် စီးနင်း တိုက်ခိုက်ရန် စီမံကိန်းကို အစမ်း လုပ်ကြည့်ရန်အတွက် သူ့ ဌာနချုပ်သို့ ပြန်လာခဲ့သည်။

အင်တက်ဘီ လေဆိပ်ကို ဆောက်ခဲ့သူမှာ ရေဝတီ ဗိသုကာများ ဖြစ်သည်။ ထို့ကြောင့် သူတို့တွင် လေဆိပ် အဆောက်အအုံ ပုံစံများ အသေးစိတ် ရှိနေသည်။ ထိုပုံစံများကို ကြည့်၍ အသေးစိတ် ပုံစံကလေးကို ဆောက်ကြည့်သည်။ ပါရီသို့ ပြန်လွတ်လာသော ဓားစာခံများ၏ စကားကို ထောက်၍ လေဆိပ်ရှိ ရေဝတီ အမျိုးသားများအား ပိတ်လှောင်ထားရာ အခန်းကို သူတို့ တပ်ထောက်၍ ရှာဖွေနိုင်ခဲ့ကြသည်။

စစ် ပရိယာယ်များကို အသေးစိတ် ရေးဆွဲရသည့် အစည်းအဝေးသို့ တပ်မှူးဟောင်း တစ်ယောက် အနေဖြင့် ဂျေဆန်လည်း တက်ရောက်သည်။ သွားရမည့် ခရီးမှာ ဝေးသဖြင့် တပ်သားများများ မထည့်နိုင်။ အလစ် အငိုက် တိုက်သည့် နည်းပရိယာယ်ကိုပင် အဓိက ထားရတော့မည်။

သူတို့ လေဆိပ်တွင် ရှိသည့် ဟာကျူလီ စီ ၁၃၀ ပို့ဆောင်ရေး လေယာဉ်ကြီးများမှာ နေးသည့်တိုင် အင်တက်ဘီသို့ ရောက်အောင် တောက်လျှောက် ပျံသန်းနိုင်သည်။ သို့ရာတွင် ရေဝတီ အမျိုးသား ဓားစာခံများကို အတင်း ဝင်ခေါ်ပြီး လေယာဉ်ပေါ်သို့ တင်နေစဉ် ရန်သူ ယူဂန်ဒါတပ်တို့က သည်အတိုင်း ကြည့်နေမည် မဟုတ်။ အချိန်တိုတိုနှင့် ကိစ္စ ပြီးနိုင်မှ ဖြစ်မည်။ သို့မဟုတ်လျှင်





ယူဂန်ဒါ စစ်တပ်ကြီး တစ်တပ်လုံး ရောက်လာလိမ့်မည်။

ပို၍ သေချာအောင် ဆိုကာ သူတို့သည် ယူဂန်ဒါ သမ္မတ အီဒီ အာမင်၏ သွားလာပုံကို ရိုက်ထားသည့် ရုပ်ရှင်များကို ကြည့်ကြသည်။ အာမင်သည် မြို့ထဲသို့ ထွက်လျှင် အနက်ရောင် မာစီဒီး ကားကြီးကို စီးတတ်သည်။

'ဟုတ်ပြီဗျ၊ အနက်ရောင် မာစီဒီး ကားကြီး တစ်စီး လိုတယ်၊ ဒီကားကြီးနှင့် ဆိုရင် အာမင် ရောက်လာတယ်လို့ ထင်မှာပဲ၊ ဒီလို ဆိုရင် ကျွန်တော်တို့ အတွက် ဆယ့်ငါး စက္ကန့်လောက် စက္ကန့် နှစ်ဆယ်လောက် အချိန်ရတယ်၊ မဟုတ်မှန်း သိသွားတော့ တစ်မျိုးပေါ့၊ ဘာပြောပြော နည်းနည်း အချိန်ရတယ်'

'ဟုတ်ပြီ၊ ဒီလိုဆိုရင် တို့အတွက် မာစီဒီး တစ်စီး ရှာပေး'

ဗိုလ်ချုပ် ဇဗီက သူ့ တပ်ရေးကို လှမ်းပြောသည်။

အင်တက်ဘီ လေဆိပ်သို့ သွားတိုက်ရန် တိုက်ခိုက်ရေး အဖွဲ့ဝင် နှစ်ရာလောက် ခေါ်သွားမည်။ ဂျစ်ကားနှင့် လင်းရိုဗာကား အနည်းငယ်ကို ယူသွားမည်။ ထို တပ်သားများနှင့် ပစ္စည်းများကို ပို့ဆောင်ရေး လေယာဉ် သုံးစင်းဖြင့် သယ်မည်။ စတုတ္ထ လေယာဉ်ကိုမူ မိုးပျံ ဆေးရုံ လေယာဉ် အဖြစ် ထားမည်။ အောင်မြင်ခဲ့လျှင် အထိအခိုက် ဆယ်ယောက်မှ အယောက် ငါးဆယ် အထိ ရှိနိုင်သည်ဟု ခန့်မှန်းသည်။

ထိုနေ့ ညနေပိုင်းတွင် တပ်ရေးသည် သူ ရှာ၍ ရခဲ့သော တစ်စီးတည်းသော မာစီဒီးကားဖြင့် ပြန်ရောက်လာသည်။ ကားက အဖြူရောင်။ ဒီဇယ် အင်ဂျင် တပ်ထားသည့် ကား၊ ပန်းနာရင်ကျပ် ရောဂါ စွဲနေသည့် မြင်း တစ်ကောင်လို ချောင်းတဟွတ်ဟွတ်နှင့်။ ဖုတ်ချက် ဖုတ်ချက်။

'ဒီ ကားစုတ်ကြီးနှင့် ဘာလုပ်လို့ရမှာလဲကွ၊ အနက်ရောင် သုတ်လို့ ရတယ် ထားဦး၊ မင်း ကားကြီးက စက်တောင် ကောင်းကောင်း နိုးလို့ မရတာ၊ အကုန် သေကုန်မှာပေါ့'

ဗိုလ်ချုပ် ဇဗီက မာန်သည်။

'ကားကို ဂျေဆန်ကို အပြင်ခိုင်းပါလား၊ ဒီလူက မော်တော်ကား ပြင်တတ်သားပဲ'

ယိုနီက ပြောသည်။

'ဟုတ်ပြီလေ၊ ကျွန်တော့်ကို ကားပြင်တဲ့ ပစ္စည်းတွေသာ ပေးပါ၊ ကျွန်တော် ပြင်ပါ့မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဂျေဆန်က ပြောသည်။

ဂျေဆန်သည် တစ်ညနေလုံး တစ်ညလုံး ကားဟောင်းကြီးကို ချွေး…လုံးလုံးဖြင့် ပြင်သည်။ အခြားသော တပ်သားများအားလည်း ကားကို ဆေး…က် အမှတ်ခိုင်းသည်။ လိုအပ်သည့် အပိုပစ္စည်း စာရင်းကိုလည်း ပေးသည်။

'နေစမ်းပါဦး၊ ဒီပစ္စည်းတွေကို ကျုပ်က ဘယ်က ရှာပေးရမှာလဲ၊ …မနီကို မှာပေးရမှာလား'

ယိုနီက မေး၏။

'လွယ်ပါတယ်ဗျာ၊ မာစီဒီး တက္ကစီတွေ ရှိတယ် မဟုတ်လား၊ သူတို့…က အပို ပစ္စည်းတွေ သွားခိုးပေါ့'

သို့ဖြင့် ယိုနီသည် မော်တော်ကား အပိုပစ္စည်း ခိုးပေးမည့် 'သူခိုး' များ…ကို လိုက်ရှာရပြန်သည်။

…သာကြာနေ့တွင် ပုံစံငယ် ပြုလုပ်ထားသည့် အင်တက်ဘီ လေဆိပ် ပုံစံငယ်…ထဲတွင် သူတို့ တပ်ဖွဲ့များ အပြည့်အစုံ အစမ်း လေ့ကျင့်သည်။ လေယာဉ်မှ…ခင်း ခါးစာခံများကို ကယ်၊ ထို့နောက် လေယာဉ်ပျံပေါ် ပြန်ရောက်သည်…သော် တစ်နာရီနှင့် ခုနစ်မိနစ် ကြာသည်။

'ကြာလွန်းနေသေးတယ်၊ တစ်နာရီထက် မကျော်မှ ဖြစ်မယ်၊ ဒီအတိုင်း…ရိုရင် ပြန် လေ့ကျင့်ကြဦး'

ယိုနီက နွမ်းနယ်နေသည့် တပ်သားများကို ပြောသည်။

တပ်သားများသည် ညစာ စားရန် ခဏ နားပြီး နောက်တစ်ကြိမ် ထပ်…လေ့ကျင့်သည်။ ယခု အချိန်တွင်မူ အချိန်တိုသွားသည်။ ၅၉ မိနစ်၊ ၃၀…စက္ကန့်။

လေ့ကျင့်ခန်း ပြီးသည့် နောက်တွင် ယိုနီသည် သူ့ တပ်သားများကို…ဆေးခေကာ ခပ်တိုတို မိန့်ခွန်းပြောသည်။

'အကြမ်းဖက်သမားတွေက မနက်ဖြန် ညနေမှာ အကြောင်းပြန်ဖို့…နောက်ဆုံး ရာဇသံ ပေးထားတယ်၊ အဲဒီ အချိန် အထိမှ အကြောင်း မပြန်ရင်…ဓားစာခံတွေကို ပစ်သတ်မယ်တဲ့၊ ဒီတော့ တို့က အချိန် စောရောက်ဖို့ လိုတယ်၊…ပေမဲ့ ခက်တာက ဝန်ကြီးအဖွဲ့ကလည်း တို့ စီမံကိန်းကို မနက်ဖြန် မနက်…မှ မဲခွဲ ဆုံးဖြတ်မှာ၊ ဒီတော့ မတတ်နိုင်ဘူး၊ တို့က စောစောစီးစီး ကြိုလုပ်…ထားမှ ဖြစ်မယ်၊ တို့ စစ်ဆင်ရေး စနေတုန်းမှာ ဝန်ကြီးအဖွဲ့က အချက်ပြ





ကြေးနန်းနှင့် သတင်း ပို့လိမ့်မယ် ထင်တာပဲ၊ ခုအချိန်က စပြီး တပ်ထဲက အပြင်ကို ဘယ်သူမှ မထွက်ပါနှင့်၊ တယ်လီဖုန်းကြိုးတွေကို ဖြတ်ထားပါ၊ ခု လောလောဆယ်တော့ အိပ်ပြီး အနားယူကြ'

တပ်သားများသည် လူစုခွဲကာ အနီးရှိ အခန်းများထဲသို့ သွားပြီး သူတို့ အိပ်ရာထဲသို့ ဝင်ကြသည်။ ဂျေဆန် တစ်ယောက်သာလျှင် ယိုနီနှင့် စကား ပြော၍ ကျန်ရစ်ခဲ့သည်။

'ခင်ဗျား ဝင်ကူတဲ့ အတွက် ကျေးဇူးတင်တယ် ဂျေဆန်'

'ဒါပေမဲ့ ကျွန်တော့်ကို ဘာဖြစ်လို့ လိုက်ခွင့် မပြုတာလဲ ဗိုလ်မှူး'

'ခင်ဗျား စဉ်းစားကြည့်လေ၊ ခုသွားမယ့် တပ်သားတွေရဲ့ ပျမ်းမျှ အသက်က ၂၃ နှစ်ပဲ ရှိတယ်၊ ခင်ဗျားက ၄၀ နား ကပ်နေပြီ၊ ဒီအရွယ် ဆိုရင် အင်မတန် တော်တဲ့ အားကစားသမားတွေတောင် ကျစ ပြုနေပြီဗျ၊ တုံ့ပြန်မှု စွမ်းအားက ကျသွားပြီ'

'ကျွန်တော် ရပါသေးတယ် တပ်မှူး၊ မော်တော်ကားတွေ ပြင်ဖို့ပဲ ဖြစ်ဖြစ် လိုက်သွားပါရစေ'

'ဒီမှာ ရဲဘော်၊ ဒါဟာ စိတ်နောက် ကိုယ်ပါ လုပ်ရတဲ့ ကိစ္စ မဟုတ်ဘူး၊ ခင်ဗျား နေရစ်ခဲ့ရမယ်၊ ဒါ အမိန့်'

ဂျေဆန်သည် ဘာမျှ မပြောတော့ဘဲ ခေါင်းညိတ်၍ ထွက်လာခဲ့သည်။ ရုံးခန်းမှ ထွက်ကာ အတွေ့အကြုံများကို ဖြတ်သန်းခဲ့ရသူ တစ်ဦးပီပီ အစောင့်များ မမြင်အောင် ရှောင်ကွင်းကာ ည အမှောင်ထဲတွင် ပျောက်ကွယ်သွားသည်။

ဇူလိုင်လ ၃ ရက်နေ့ မွန်းလွဲချိန်တွင် 'မိုးကြိုးသွား' စစ်ဆင်ရေးကို စသည်။

ပထမဦးဆုံး ဆေးပစ္စည်းများကို လေယာဉ်ပေါ်သို့ တင်သည်။ ထို့နောက် စစ်သုံး မော်တော်ယာဉ်များ၊ ထို့နောက် အနက်ရောင် မာစီဒီး ကားကြီး၊ နောက်ဆုံးတွင် မိုင် ငါးထောင် ဝေးသည့် ကယ်ဆယ်ရေး လုပ်ငန်းကို ဆောင်ရွက်မည့် တပ်သားများ။

ဟာကျူလီ ပို့ဆောင်ရေး လေယာဉ်ကြီး လေးစင်းသည် ပြေးလမ်း အတိုင်း ပြေးလာကာ အပေါ်သို့ တက်သွားပြီး တောင်ဘက်သို့ ဦးတည် ပျံ သွားကြသည်။ အစ္စရေး နယ်မြေ တောင်ဘက်စွန်းရှိ အယ်ရှိတ်သို့ အရောက် တွင် ခဏ နား၍ ဆီဖြည့်မည်။ ဆီဖြည့်ပြီးလျှင် ထို လေယာဉ်များသည် သတ်



www.burmeseclassic.com

www.burmeseclassic.com



မှတ်ထားသည့် အဝေးဆုံး ခရီးကို တောက်လျှောက် ပျံသန်းနိုင်ပြီ။

လေယာဉ်ကြီးများက အယ်ရိုက် လေယာဉ်ကွင်းသို့ ဆင်းသက်လာသည့် အခါတွင် ယိုနီက သူ့ တပ်သားများ၏ စိတ်ဓာတ် အခြေအနေကို ဆရာဝန်များအား အစမ်းသပ်ခိုင်းသည်။ ဆေးမှူး တစ်ယောက်က ခေါင်းယမ်းပြကာ သူ့အနီးသို့ ကပ်၍

'ဒရမ္မာမိုင်း ဆေးလုံး တိုက်ရမယ် ထင်တယ်'

ဝမ်းပျက်သူမှာ ထို တစ်ယောက်သာ ရှိသည်ဟု သူ ထင်သည်။ ယိုနီသည် လေယာဉ် ဆိုက်လျှင် လှေကားပေါ်မှ ခုန်ဆင်းကာ ဒုတိယ လေယာဉ်တွင် လိုက်ပါလာသည့် ဗိုလ်ချုပ် ဇဗီဆီသို့ သွားသည်။ ထိုအချိန်တွင် ဝန်ကြီးအဖွဲ့သည် သူတို့ ကိစ္စ ဆုံးဖြတ်ရန် အစည်းအဝေး ကျင်းပနေပြီ။

ဇဗီ၏ လေယာဉ်ပေါ်တွင်လည်း နေထိုင်မကောင်းသည့် တပ်သားတွေ ပါလာသည်။

'ကျွန်တော့် လေယာဉ်က ယိုအာ ဆိုတဲ့ ကောင်လည်း ဒီမှာပဲ ထားခဲ့ရလိမ့်မယ် ထင်တယ်၊ ဒီကောင့် အခြေအနေက သိပ် မကောင်းဘူး'

'သူ့ တာဝန်က ဘာလဲ'

ယိုနီက မေးသည်။

'မာစီဒီးကို မောင်းဖို့ တာဝန် ပေးထားတယ်'

သူတို့ နောက်မှ အသံ တစ်သံ ထွက်လာသည်။

ကြည့်လိုက်သည့် အခါတွင် လေယာဉ် အပိုဘီးကြီး နောက်မှ ထွက်လာသော ဂျေဆန်။ လက်ပစ်ဗုံးများကို စီ၍ စလွယ်သိုင်းလျက်။ ကလာရှနီကော့ ရိုင်ဖယ်ကို ပခုံးတွင် လွယ်လျက်။

'ဟေ့ ရဲဘော်၊ ဘယ်လို ဖြစ်တာလဲ'

ဇဗီက အံ့အားသင့်စွာ မေးသည်။

'ကျွန်တော် မနေ့ညက တစ်ညလုံး ကားနှင့် အပြင်း မောင်းလိုက်လာတာ၊ ကျွန်တော့်ကို ချန်မပစ်ခဲ့ပါနှင့်၊ ကျွန်တော် လိုက်ပါရစေ၊ ခု လူလိုနေတုန်းမှာ ကျွန်တော် လိုက်ပါ့မယ်'

ဂျေဆန်က အရေးတကြီး ပြောသည်။

ယိုနီနှင့် ဇဗီသည် တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်ကြသည်။ ဇဗီက ချက်ချင်း ဆုံးဖြတ်ချက် ချပေးသည်။

'ကဲ နေမကောင်းတဲ့ ယိုအာကို ထားခဲ့၊ ဂျေဆန် လေယာဉ်ပေါ်တက်'





၁၅း၃၀ နာရီတွင် သူတို့သည် အယ်ရိုက် လေဆိပ်မှ တက်လာခဲ့ကာ အီဂျစ်နှင့် ဆော်ဒီ အာရေးဗီးယား ကြားရှိ ပင်လယ်နီပေါ်မှ ပျံလာခဲ့ကြသည်။

အောက်တွင် ရုရှား ရေတပ် သင်္ဘောများကို မြင်ရသည်။ သူတို့တွင် ရေဒါများ ပါလာမည် မုချ။ လေယာဉ် လေးစင်းသည် ပင်လယ် မျက်နှာပြင်နှင့် ကပ်လုနီးပါး နိမ့်ဆင်းလာခဲ့ကြသည်။ သူတို့ကို ကြည့်ရသည်မှာ လေယာဉ်နှင့် မတူ၊ ငါးပျံကြီးတွေနှင့် တူနေသည်။

နောက် ဆယ့်ငါးမိနစ် ကြာသည့် အခါတွင် အသံချဲ့စက်မှ ကြေညာချက် ပေါ်လာသည်။

'အားလုံး ကောင်းတယ်၊ ရေဒီယို ကြိုးမဲ့ ကြေးနန်း အဆက်အသွယ်တွေ အားလုံးကို ဖြတ်လိုက်ပြီ၊ အိမ် အပြန်ကျမှ ပြန်ပြီး ဆက်သွယ်'

ယိုနီသည် လေယာဉ် ဦးခန်းထဲမှ ထွက်လာကာ သူ့ တပ်စုကို စကားပြောသည်။

'ခု တို့ စစ်ဆင်ရေး စနေပြီ၊ နောက်ထပ် ခုနစ်နာရီ အချိန်ရသေးတယ်၊ တို့ လုပ်ရမယ့် အလုပ်က လေးဆယ့် ငါးမိနစ် အတွင်း ပြီးအောင် အကောင်းဆုံး လုပ်ရမယ်၊ ဒီတော့ မင်းတို့ ပစ္စည်းတွေ အားလုံး စစ်ဆေးထားပါ၊ ခု လောလောဆယ် ကောင်းကောင်း အိပ်ပါ'

အီဒီ အာမင်၏ ယူနီဖောင်း ပုံသဏ္ဌာန် ဝတ်ထားသည့် တပ်သား တစ်ယောက်က ဓာတ်စင်ပေါ်တွင် လိမ်းလေ့ ရှိသည့် မိတ်ကပ် ဆေးဘူးတောင့်ကို ဂျေဆန်သို့ လှမ်းပေးသည်။

'ဒီမှာ ရဲဘော်၊ ခင်ဗျားက ကျွန်တော့် ဒရိုင်ဘာ ဟန်ဆောင်မယ် မဟုတ်လား၊ ဒီလိုဆိုရင် ဒီ မိတ်ကပ်နှင့် ခင်ဗျား မျက်နှာကို မည်းအောင် လုပ်လိုက်၊ ပြီးတော့ ခေါင်းက ဆံပင်ကိုလည်း အနက်ဆိုးလိုက်၊ ယူဂန်ဒါ ပြည်သား ဆိုတာ ဆံပင် နီကြောင်ကြောင် မဟုတ်ဘူး'

ဂျေဆန်က ခေါင်းငိုက်ပြီး မိတ်ကပ် ဆေးဘူးတောင့်ကို လှမ်းယူသည်။

'မြန်မြန် စချင်ပြီဗျာ၊ စောင့်နေရတာ သိပ် အသည်းယားတာပဲ'

သူ့ ရဲဘော်က ပြောသည်။

'ကျွန်တော်ကတော့ ရိုးနေပြီဗျ၊ တစ်ခါ ပီအယ်အို ခေါင်းဆောင် တစ်ယောက်ကို သွားပစ်တုန်းက အပြင်ဘက်မှာ သုံးရက်လုံးလုံး ထိုင်စောင့်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတယ်'

'အဲဒီတုန်းက အစ္စရေး နယ်စပ်နှင့် ဘယ်လောက် ဝေးသလဲ'

'ရှစ်မိုင်'

'ခုဟာက မိုင်ပေါင်း ထောင်ချီဝေးတာဗျ'

'ဘာမှ ကြောက်စရာ မလိုပါဘူးဗျာ'

'ဝတ္ထု ဖတ်မလား'

'ဘာ ဝတ္ထုလဲ'

'နာဇာရက်မှ အမြောက်များ ဆိုတဲ့ ဝတ္ထု'

'ဒီအချိန်မှာ ဒါတွေ ဖတ်မနေပါနှင့်ဗျာ၊ ဖတ်ချင်း ဖတ်ရင် သမ္မာကျမ်းစာ ဖတ်ပေါ့'

'ဒါက စိတ် တက်ကြွတယ်ဗျ'

ဂျေဆန်က ဘာမျှ မပြောတော့ဘဲ အိတ်ထဲမှ စာအုပ်ကလေး တစ်အုပ်ကို ထုတ်ကြည့်နေသည်။

'ဘာတွေ ဖတ်နေတာလဲဗျ' ဟု တပ်သားက မေးသည်။

'ဓာတ်ပုံတွေ ကြည့်နေတာပါဗျာ'

'ဘာ ဓာတ်ပုံလဲ၊ ကျွန်တော်တို့ သွားတိုက်မယ့် အင်တက်ဘီ လေဆိပ် ဓာတ်ပုံလား'

'မဟုတ်ဘူး၊ ကျွန်တော့် မိသားစုရဲ့ ပုံ'

နောက် ခြောက်နာရီခွဲ အကြာတွင် သူတို့ လေယာဉ် လေးစင်းသည် ကင်းယားပြည်ကို ကျော်ဖြတ်ခဲ့ကြသည်။ ညက မှောင်မည်းလျက်။ သူတို့သည် နောက်မိနစ် အနည်းငယ် ဆိုလျှင် ဝိတိုရိယ အိုင်ကြီးပေါ်မှ ဖြတ်သန်းကာ အင်တက်ဘီ လေဆိပ်သို့ ရောက်တော့မည်။ သုည နာရီသည် တဖြည်းဖြည်း နီးကပ်လာနေပြီ။

ယိုနီက လေယာဉ်ထဲတွင် လျှောက်ကာ တပ်သားများ အဆင်သင့် ဖြစ်မဖြစ်ကို လိုက်စစ်သည်။ မာစီဒီး ကားကြီးနားသို့ ရောက်သည့် အခါ အတွင်းသို့ လှမ်းကြည့်လိုက်သည်။ မည်းနက်နေအောင် မျက်နှာကို မိတ်ကပ်လိမ်းထားသည့် ဂျေဆန်က သူ့ ပစ္စတိုကို စစ်ဆေးနေသည်။

ယခုအချိန် အထိမူ အားလုံး အချိန်ကိုက်ပင်။ အချိန်ဇယား အတိုင်း ဆင်းသက်





မည့် ဗြိတိသျှ ကုန်တင် လေယာဉ် တစ်စင်း အဖြစ် စာရင်း ပေးထားသည့် သူတို့ ပထမဆုံး လေယာဉ်သည် အင်တက်ဘီ လေဆိပ် ထိန်းသိမ်းရေး မျှော်စင်သို့ လှမ်းပြီး ဆင်းခွင့် တောင်းနေသည်။ ရှေ့ဆုံးမှ လေယာဉ်သည် လမ်းပြ လေယာဉ်၏ နောက်မှ ကပ်လိုက်သွားကာ မြေပြင်သို့ ဆင်းသွားပြီး ကိုက် တစ်ရာခန့် အကွာတွင် ရပ်လိုက်သည်။ ပထမ လေယာဉ်သည် လေဆိပ် အဆောက်အအုံသစ်ဆီသို့ မောင်းသွားကာ ဘယ်ဘက်သို့ မသိမသာ ကပ်သွားပြီး မီးများကို ထွန်းပေးလိုက်သည်။ နောက်မှ ဆင်းလာသော လေယာဉ် သုံးစင်း ဆင်းနိုင်ရန် ဖြစ်သည်။ အခုအထိ သူတို့ကို မည်သူကမျှ သတိမပြုမိကြသေး။ နောက် ဆိုက်လာသည့် လေယာဉ် သုံးစင်းသည် လေယာဉ်ကွင်း မှောင်ရိပ် တစ်နေရာသို့ ရွှေ့သွားကြသည်။ အထဲမှ တပ်သားများ ဆင်းလာကြသည်။

ကွန်မင်ဒို တပ်သား တစ်ဒါဇင်ခန့်က ခုန်ဆင်းလာကာ ဂျေဆန်၏ မာစီဒီးကား ဆင်းလာနိုင်ရန် လေယာဉ် လှေကားကို ထောင်ပေးကြသည်။ မော်တော်ကားသည် လျှောခနဲ ဆင်းလာကာ ဓားစာခံများ ထားသည့် အဆောက်အအုံဆီသို့ မောင်းသွားသည်။

သူ့ ကားနောက်မှ တပ်သားများ စီးနင်း လိုက်ပါလာသည့် လင်းရိုဗာ နှစ်စီး ပါလာသည်။ ထို အခြင်းအရာ အားလုံးကို ထိန်းသိမ်းရေး မျှော်စင်ပေါ်မှ မြင်နေရသည်။ ထိုစဉ် သူတို့ ကားပေါ်မှ လူများကို စစ်ဆေးရန် အတွက် ယူဂန်ဒါ စစ်သား နှစ်ယောက် အနီးသို့ ရောက်လာကြသည်။ ယိုနီနှင့် အခြား ကွန်မင်ဒို တစ်ဦးတို့က သူတို့ကို အသံတိတ် ပစ္စတိုဖြင့် ပစ်သတ်လိုက်ကြသည်။

'ခြေကျင် ဆင်းလျှောက်ရင် ကောင်းမယ်' ဟု ယိုနီက တိုးတိုး ပြောသည်။

သူတို့ အားလုံး ကားများပေါ်မှ ဆင်းကာ လေဆိပ် အဆောက်အအုံဆီသို့ ပြေးလာခဲ့ကြသည်။ စက္ကန့် အနည်းငယ် အတွင်းမှာပင် သူတို့သည် ဓားစာခံများကို လှောင်ထားရာ အခန်းထဲသို့ ရောက်လာခဲ့ကြသည်။ ဓားစာခံများမှာ ကြမ်းပြင်ပေါ်တွင် အိပ်ရန် ပြင်နေကြသည်။ အခန်းထဲတွင် မီးရောင်တွေ လင်းနေသဖြင့် အကျဉ်းသားများကို ကောင်းစွာ မြင်ရသည်။ အလင်းရောင် ရှိသဖြင့် ကယ်ဆယ်သူတို့ အတွက်လည်း ကောင်းနေသည်။

အကြမ်းဖက်သမား တစ်ယောက်က အခြေအနေကို ချက်ချင်း သဘော ပေါက်သွားကာ သူတို့ကို ပစ်သည်။ သူ့ကို ချက်ချင်း ပစ်သတ်လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခြား အကြမ်းဖက်သမား နှစ်ယောက်ကလည်း သေနတ်ကို ဆက်တိုက်ပစ်ပြီး ပြေးလာကြသည်။

ခရီးသည်များမှာ သေနတ်သံများကြောင့် ကြောက်လန့်ကာ ထပြေးမည်ပြုကြသည်။ ကွန်မင်ဒို တပ်သား တစ်ယောက်က အသင့် ပါလာသည့် အသံချဲ့စက်ဖြင့် သူတို့ကို ဟီဗရူး ဘာသာ၊ အင်္ဂလိပ် ဘာသာဖြင့် ပြောသည်။

'ကျွန်တော်တို့ အစ္စရေး တပ်မတော်သားတွေပါ၊ ကဲ ထွက်ကြ၊ ထွက်ကြ'

ဂျေဆန်သည် သေနတ်ကို အသင့် ပြင်၍ တံခါးဝသို့ ရောက်လာသည်။ အသက်ကြီးကြီး အမျိုးသမီးကြီး တစ်ဦးက 'မောင်ရင်တို့က တို့လူမျိုးတွေ ဟုတ်ရဲ့လားကွယ်' ဟု မေးသည်။

'ဟုတ်တယ် ဟုတ်တယ်၊ မြန်မြန် ထွက်ကြ'

ထိုစဉ် ခရီးသည်များ နောက်တွင် တလှုပ်လှုပ် ဖြစ်နေသော မသကာဖွယ် လူတစ်ယောက်ကို ဂျေဆန် လှမ်းမြင်လိုက်ရသည်။

'ဟိုနောက်ကဟာ ဘယ်သူလဲ၊ တို့လူလား'

ဂျေဆန်က ဟီဗရူး ဘာသာဖြင့် လှမ်းမေးသည်။

ခရီးသည် အဖြစ် ရှေ့မှ ရပ်နေသည့် အမျိုးသမီး တစ်ဦးက 'မဟုတ်ဘူး၊ မဟုတ်ဘူး၊ ကျွန်မတို့ လူမဟုတ်ဘူး၊ သူတို့လူ' ဟု လှမ်းအော်သည်။

အကြမ်းဖက်သမားက လက်ပစ်ဗုံး တစ်လုံးကို ထုတ်ပြီး ပင်ကို ဖြုတ်နေသည်။ ဂျေဆန်က သေနတ်ဖြင့် ချိန်ပြီး ထို အကြမ်းဖက်သမားကို ပစ်ချလိုက်သည်။ ထိုလူ လဲကျသွားသည်နှင့် လက်ပစ်ဗုံးသည် သူတို့ဘက်သို့ လိမ့်လာသည်။ ဂျေဆန်သည် လက်ပစ်ဗုံးဆီသို့ ပြေးကာ ကောက်ယူပြီး အခန်းဆောင် တစ်နေရာသို့ လွှင့်ပစ်လိုက်သည်။ လက်ပစ်ဗုံးသည် ဝုန်းခနဲ ပေါက်သွားသည်။ မည်သူမျှ ထိခိုက်ခြင်း မရှိ။

ယိုနီသည် ခန်းဆောင်ထဲတွင် လျှောက်ပြီး အစောင့်များ အားလုံးကို သုတ်သင်ပြီးခြင်း ရှိ မရှိ လိုက်ကြည့်နေသည်။ အခြား ယူဂန်ဒါ တပ်သားများနှင့် တိုက်နေကြသဖြင့် အပြင်ဘက်မှ သေနတ်သံများကို ကြားနေရသည်။

ယိုနီသည် အသံချဲ့ မိုက်ကရိုဖုန်းကို ကောက်ယူပြီး စကားပြောသည်။

'အားလုံး နားထောင်ပါ၊ ခု အပြင်မှာ လေယာဉ်တွေ အသင့် စောင့်နေတယ်၊ လေယာဉ်တွေပေါ်ကို အမြန်ဆုံး တက်ပါ၊ အပြင်မှာ ကျွန်တော်တို့ ရဲဘော်တွေ စောင့်နေတယ်၊ အကာအကွယ် ပေးလိမ့်မယ်၊ လမ်းမလျှောက်နိုင်





တဲ့ သူတွေ ဂျစ်ကားတွေပေါ်ကို တက်ပါ၊ ကဲ သွားကြမယ်'

ထိတ်လန့် တုန်လှုပ်နေသော ခရီးသည်များသည် သူ့ စကားအတိုင်း လိုက်နာကြသည်။ ပျော်လွန်း၊ ထိတ်လန့် တုန်လှုပ်လွန်းသဖြင့် အိပ်မက် မက်သကဲ့သို့ ဖြစ်နေသည်။

သူတို့တစ်တွေ လေယာဉ်များဆီသို့ သွားနေကြစဉ် ထိန်းသိမ်းရေး မျှော်စင်ပေါ်မှ နေ၍ ယူဂန်ဒါ တပ်သားများက တရစပ် ပစ်ခတ်နေကြသည်။ ကွန်မန်ဒိုများ ဝိုင်းရံ လိုက်လာသည့် ခရီးသည်များထဲတွင် ဂျေဆန်သည် ပစ်ခတ်မှုထဲတွင် ရင်ဘတ်ကို ထိသွားသည့် ခရီးသည် တစ်ယောက်ကို တွဲလာခဲ့သည်။ လေယာဉ်သို့ ရောက်သည့် အခါတွင် အပေါက်ဝတွင် စောင့်နေသည့် ဆေးမှူးများထံ ထိုလူကို မတင်ပေးလိုက်သည်။ ထို့နောက် သူကိုယ်တိုင်လည်း တွယ်တက်လာခဲ့သည်။ ဆရာဝန်များမှာ လေယာဉ်ထဲတွင် ဒဏ်ရာရသူများကို ကုသပေးနေကြသည်။

ဂျေဆန်က သူ တင်ပေးလိုက်သည့် လူနာကို အိပ်ရာ တစ်ခုပေါ်သို့ တင်ပေးနေစဉ် လမ်းလျှောက် စကားပြောစက်ဖြင့် ပြောနေသည့် ဆက်သွယ်ရေး တပ်သား တစ်ဦး၏ အသံကို ကြားလိုက်ရသည်။

'ဟင် ဟုတ်လား ဒုက္ခပဲ'

'ဟေ့ ရဲဘော် ဘာဖြစ်နေတာလဲ'

'တပ်မှူး ယိုနီရယ် ထိသွားတယ်တဲ့'

ဂျေဆန်သည် လျှပ်စစ်ဖြင့် အတို့ ခံလိုက်ရသလို ဖြစ်သွားသည်။ ရိုင်ဖယ်ကို ဆုပ်ကိုင်ပြီး လေယာဉ်တံခါးဆီသို့ ပြေးလာခဲ့သည်။ ဂျေဆန်သည် လေယာဉ်ပေါ်မှ ခုန်ချပြီး လေဆိပ် အဆောက်အအုံဆီသို့ စွတ်ပြေးလာခဲ့သည်။ သူတို့ ရဲဘော်များသည် တပ်မှူး ယိုနီကို ထမ်းစင် တစ်ခုပေါ်သို့ တင်နေကြသည်ကို လှမ်းမြင်ရသည်။ ထိန်းသိမ်းရေး မျှော်စင်ပေါ်မှ ပစ်နေသည့် ကျည်ဆန်များသည် မိုးသီး မိုးပေါက်များလို သူတို့ အနီးတွင် ကျနေကြသည်။

သေနတ်တစ်ကမ်း အကွာသို့ ရောက်လာသည်နှင့် ဂျေဆန်သည် မျှော်စင်ကို သေနတ်ဖြင့် လှမ်းပစ်သည်။ ယိုနီကို ပစ်ခဲ့သည့် ကျည်ဆန်ကို ကျည်ဆန်ဖြင့် တုံ့ပြန်ရမည်ဟုသာ သူ နားလည်သည်။

ထိုစဉ် ဇဗီ၏ အသံကို တစ်နေရာမှ ကြားရသည်။

'ဗျို့ ဂျေဆန်၊ လာခဲ့တော့၊ အားလုံး လေယာဉ်ပေါ်ကို ရောက်ကုန်ပြီ၊ ထွက်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ဂျေဆန် ဂရုမစိုက်နိုင်။ မျှော်စင်ကို ဆက်လက် ပစ်နေသည်။ မျှော်စင်ပေါ်မှ ရန်သူ တစ်ယောက် အောက်သို့ ကျသွားသည်ကို မြင်လိုက်ရသည်။

'ဟေ့ ဂျေဆန်၊ ပြန်လာခဲ့၊ ဒါ အမိန့်'

ဇဗီ၏ အသံကို နောက်တစ်ကြိမ် ကြားရသည်။

သို့တိုင် ဂျေဆန်သည် စိတ်ဆိုးဆိုးဖြင့် သေနတ်တွင် ကျည်ဆန် ကုန်သွားသည် အထိ မျှော်စင်ကို ပစ်ခတ်နေဆဲ။ အပေါ်သို့ တက်သွားသော ဟာကျူလီ လေယာဉ်ကြီး တစ်စင်း၏ အသံကို ကြားသည့် အခါတွင်မှ ဂျေဆန်သည် သတိ ပြန်ရလာသည်။ ဂျေဆန်သည် ရိုင်ဖယ်ကို မြေကြီးပေါ်သို့ ပစ်ချခဲ့ပြီးနောက် အနီးဆုံး လေယာဉ်ဆီသို့ လှည့်ပြေးလာခဲ့သည်။

ထိုအခါတွင်မှ သူ့ ညာဘက် ပခုံးနှင့် ရင်ဘတ်ကိုလည်း ကျည်ဆန် ထိလာသည်ကို သူ သတိပြုမိတော့သည်။

ဂျေဆန်သည် ဒယီးဒယိုင် ဖြစ်လာသည်။ သို့ရာတွင် လဲကျ မသွားအောင် သူ့ကိုယ်သူ ထိန်းသည်။ ရဲဘော်များက ကျည်ဆန်တွေ ကြားထဲက လာကူမည် ဆိုသည်ကိုလည်း လက်မခံ။ လေယာဉ် တံခါးပေါက်သို့ ရောက်သည့် အခါတွင် သူ့ကို ဆွဲတင်လိုက်ကြသည်။ ကွန်မင်ဒို တစ်ယောက်က ရင်ဘတ်မှ သူ့ ဒဏ်ရာကြီးကို ကြည့်၍ ပါးစပ် အဟောင်းသား ဖြစ်နေသည့် အခါမှပင် ပြင်းထန်စွာ ဒဏ်ရာရခဲ့ကြောင်းကို နားလည်တော့သည်။

သို့ရာတွင် ဘာကိုမှ မခံစားရ။

ဆရာဝန်က သူ့ ရှပ်အင်္ကျီကို ဖြဲသည်။ ထိုစဉ် လေယာဉ် တံခါး ပိတ်သွားသံ ကြားရပြီး 'တို့နိုင်ပြီ၊ တို့နိုင်ပြီ' ဟူသော အသံ တစ်သံကို ကြားလိုက်ရသည်။

ဂျေဆန်က မျက်နှာ ဖြူဖပ် ဖြူရော် ဖြစ်နေသည့် ဆရာဝန်ကို ကြည့်၍ မေးသည်။

'ကျွန်တော်တို့ နိုင်တယ်နော် ဆရာ'

'စိတ်အေးအေး ထားပါ ရဲဘော်၊ ခု ကျွန်တော်တို့ နိုင်ပြီ၊ အိမ်ကို ပြန်ရတော့မယ်၊ တစ်ယောက်ကလွဲရင် ဓားစာခံ အားလုံးကို ကယ်ခဲ့ပြီးပြီ၊ အောင်ပွဲတွင် မကဘူးဗျ၊ အံ့ဘနန်း ကိစ္စကြီး'

လေယာဉ်သည် ဦးလှည့်ကာ ပြေးလမ်းတွင် အရှိန်ပြင်းစွာ ပြေးလာပြီးနောက် အပေါ်သို့ တက်လာသည်။ ယူဂန်ဒါ နယ်မြေထဲမှ ထွက်လာခဲ့ပြီ။ သူတို့ လုပ်ငန်း အောင်ပြီ။





ဂျေဆန်သည် ငြိမ်ငြိမ်မနေနိုင်။ သူ့တွင် မေးစရာတွေ ရှိသည်။ ပြောစရာတွေ ရှိသည်။

သူ့တွင် အချိန် သိပ်မရှိတော့သည်ကို သူသိသည်။

'ယိုနီကော၊ ကျသွားပြီလားဟင်'

ဆရာဝန်က ခေါင်းညိတ်ပြသည်။

'နာတယ်ဗျာ၊ ယိုနီဟာ ကျွန်တော်တို့ အထဲမှာ အတော်ဆုံး လူ၊ ကျွန်တော် သိသမျှ လူတွေထဲမှာ အရဲရင့်ဆုံး လူ'

'ဒါကြောင့်မို့ အသက်စွန့်သွားတာပေါ့ ရဲဘော်'

သူ့အနီးတွင် ရောက်လာသည့် ဇဗီက ပြောသည်။

'ဟုတ်တယ်၊ စစ်ပွဲမှာ ကိုယ်ကျိုး မစွန့်တဲ့ လူရယ်လို့ မရှိဘူး'

ဂျေဆန်က ကြိုးစား၍ ပြုံးသည်။ သွေးတွေ ဒလဟော ထွက်နေသဖြင့် ခေါင်းထဲတွင် မူးရိပ်ရိပ် ဖြစ်လာသည်။

'ဂျေဆန် ငြိမ်ငြိမ်နေလေ၊ သိပ် စကားမပြောနှင့်'

'ကျွန်တော့်အတွက် မစိုးရိမ်ပါနှင့် ဗိုလ်ချုပ်၊ ကျွန်တော့်မှာ ရှေ့လျှောက် နားချိန်တွေ အများကြီး ရတော့မှာပါ၊ အီဗာ့ကိုသာ ပြောလိုက်ပါ၊ ကျွန်တော် ... ကျွန်တော်ဟာ သူနှင့် ကလေးတွေ အတွက် လုပ်သွားတယ် ဆိုတာကို ပြောပေးပါ'

ဂျေဆန်သည် စကားလုံးများကို အားယူ၍ ပြောနေသည်။

တပ်မှူးသည် ဘာမျှ ပြန်မပြောနိုင်။ ခေါင်းကို ညိတ်ရုံသာ တတ်နိုင်တော့သည်။

'ပြီးတော့... ပြီးတော့... ကျွန်တော် ငြိမ်းချမ်းခြင်းကို ရသွားပြီ ဆိုတာ... ပြောလိုက်ပါနော် ဗိုလ်ချုပ်၊ ကျွန်တော် ငြိမ်းချမ်းခြင်းကို ရသွားပြီ ဆိုတာ...'

သူ့ခေါင်းသည် တစ်ဖက်သို့ စောင်းကျသွားသည်။ ဆရာဝန်က လက်မောင်းရှိ သွေးကြောကို စမ်းကြည့်သည်။ သွေးကြောကို ရှာ၍ မရတော့။

'သတ္တိ သိပ်ကောင်းတဲ့လူ၊ ရန်သူက ပစ်လိုက်တဲ့ လက်ပစ်ဗုံးကို ကောက်ပြီး တခြားကို လွှင့်ပစ်လိုက်တာ'

ဇဗီသည် စကားကို ဆုံးအောင် မပြောနိုင်။ ချာခနဲ လှည့်လိုက်ပြီး လေယာဉ် နောက်ပိုင်းသို့ လျှောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် အောင်ပွဲရ၍ ပြန်လာခဲ့ကြသည်။ အောင်ပွဲကိုသာ မဟုတ်။ ဝမ်းနည်းမှုကိုလည်း ရခဲ့သည်။

ဇူလိုင်လ ၄ ရက်နေ့ မနက် ခြောက်နာရီတွင် ဂျေဆန်၏ အဖေသည် ထုံးစံအတိုင်း အိပ်ရာမှ နိုးလာသည်။ ရေကူးကန်ထဲတွင် ရေကူးပြီးနောက် ဝတ်ရုံကို ခြုံကာ အိမ်ထဲသို့ ပြန်ဝင်လာပြီး မှတ်ဆိတ်ရိတ်သည်။ သူတို့ ကျင်းပမြဲဖြစ်သော လွတ်လပ်ရေးနေ့ ကောင်လုံးကင် ပျော်ပွဲစားသို့ လာမည့် ဧည့်သည်များ အတွက် ပြင်ရ ဆင်ရဦးမည်။

ဂျေဆန်၏ အဖေသည် အဝတ်အစားလဲခန်းတွင် ထိုင်ပြီး မနက်သတင်းများကို နားထောင်ရန် ရုပ်မြင်သံကြား စက်ကို ဖွင့်လိုက်သည်။ အစ္စရေး ကွန်မင်ဒိုတို့က အင်တက်ဘီ လေဆိပ်ကို စီးနင်း တိုက်ခိုက်သည့် သတင်းကို လွှင့်နေပြီ။

ထို တိုက်ခိုက်မှုသည် စစ်သမိုင်း တွင်ရစ်မည့် တိုက်ခိုက်မှု ဖြစ်ကြောင်း၊ သမိုင်းတွင်ခြင်းမှာ ခရီး အကွာအဝေးကြောင့်သာ မဟုတ်၊ တပ်သား နှစ်ဦး ကျဆုံးသည်မှ အပ ဓားစာခံများကို အောင်မြင်စွာ ကယ်တင်နိုင်ခဲ့သည့် အတွက် ဖြစ်ကြောင်းဖြင့် သတင်း ဝေဖန်သူက ပြောဆိုသွားသည်။

ဂျေဆန်၏ အဖေသည် သတင်းကို နားထောင်၍ ကျေနပ်စွာ ပြုံးသည်။ ယုံနိုင်စရာပင် မရှိ။ အစ္စရေး နိုင်ငံသည် မိမိလူမျိုး တည်မြဲရေး အတွက် မည်သည့် အလုပ်ကို မဆို လုပ်မည် ဖြစ်ကြောင်း ဂျေဆန် ပြောဖူးသည့် စကားသည် တကယ် အမှန်ပင် ဖြစ်နေပြီ။ သည်နေ့မနက် ဧည့်သည်တွေ ရှေ့တွင် သူ့သား ဂျေဆန်၏ အကြောင်းကို ပြော၍ ဂုဏ်ယူဖွယ် ဖြစ်ဦးမည်။

ရုပ်မြင်သံကြားက ကုလသမဂ္ဂရှိ အစ္စရေး သံအမတ်နှင့် တွေ့ဆုံခန်းကိုလည်း ထုတ်လွှင့်ပေးသည်။ အစ္စရေး လုပ်ခဲ့သည့် အလုပ်သည် မည်မျှ လေးနက်သည့် အဓိပ္ပာယ်ကို ဆောင်ကြောင်းဖြင့် သံအမတ်ကြီးက ရှင်းပြသည်။

'အကြမ်းဖက်သမားတွေရဲ့ ခြိမ်းခြောက်မှုကို အရှုံး မပေးဘဲ တုံ့ပြန်တဲ့နည်း တစ်နည်း ရှိတယ်၊ အကြမ်းဖက်မှုဟာ ယဉ်ကျေးတဲ့ ကမ္ဘာရဲ့ ဘုံရန်သူဖြစ်တယ်၊ ခု ကျွန်တော်တို့ လုပ်ခဲ့တဲ့ လုပ်ငန်း အတွက် ကျွန်တော်တို့ ဂုဏ်ယူတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ဒီလုပ်ငန်းဟာ ကျွန်တော်တို့ အစ္စရေး လူမျိုး





တစ်ရာကျော်ရဲ့ အသက်ကို ကယ်နိုင်ခဲ့ရုံမျှမက လူ့ လွတ်လပ်ခွင့် အတွက် ထူးခြားတဲ့ လုပ်ဆောင်ချက် တစ်ရပ်လည်း ဖြစ်တယ်'

'မှန်တယ်၊ မှန်တယ်'

ဂျေဆန်၏ အဖေသည် ကောင်းချီးပေးကာ မုတ်ဆိတ်ကို ရိတ်နေသည်။

မနက် ၁၁ နာရီလောက်တွင် မိတ်ဆွေတွေ ရောက်လာကြသည်။ ၁၂ နာရီခွဲတွင် အသားညှပ် မုန့်များကို ဆန်ခါပေါ်တွင် တင်ရန် အပြင်သို့ ယူလာကြသည်။ ထိုစဉ် အိမ်စောင့်ထိန်း မိန်းမကြီး ဂျင်နီက ရပ်ဝေး တယ်လီဖုန်း ခေါ်ကြောင်း လာပြောသည်။

သောက်ကျိုးနည်း လွတ်လပ်ရေးနေ့ကြီးမှာတောင် ရုံးအလုပ်က အိမ်ကို လိုက်လာရသလားကွဟု ဂျေဆန်၏ အဖေ စိတ်တိုတိုနှင့် ဆိုမိသည်။

အဖေသည် မီးဖိုချောင်ထဲမှ တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ဖန်ခွက်သံ၊ ပန်းကန်သံတွေက တချွင်ချွင် မြည်လျက်။ ရုံးကိစ္စကို မြန်မြန်ပြတ်အောင် ပြောမည်ဟု စိတ်ကူးထားသည်။

အီဗာ၏ အသံကို ကြားလိုက်သည့် အခါတွင် သူ သိလိုက်ပြီ။ သူသည် အတန်ကြာ တိတ်ဆိတ်စွာ နားထောင်ပြီးနောက် ညနေပိုင်းတွင် ပြန်ခေါ်မည် ဆိုကာ တယ်လီဖုန်းကို ချလိုက်သည်။

ဖြူဖပ်ဖြူရော် ဖြစ်နေသော သူ့ မျက်နှာကြောင့် အားလုံး ထိတ်လန့်သွားကြသည်။

'အဖေကြီး ဘာဖြစ်လို့လဲဟင်' ဟု ဇနီးသည်က မေးသည်။

အဖေက အမေ့ကို တစ်နေရာသို့ ခေါ်သွားကာ ခပ်တိုးတိုး ပြောသည်။ အမေသည် အံ့အားသင့်လွန်းစွာဖြင့် ရုတ်တရက် မငိုနိုင်။ အဖေက သက်ပြင်းကြီး တစ်ချက် ချ၏။ နောက် သူ့ သတိကို ထိန်းချုပ်ကာ သတင်းကို ပရိသတ်အား ပြောပြသည်။

'အင်တက်ဘီ လေဆိပ်ကို အစ္စရေး ကွန်မင်ဒိုတွေ ဝင်တိုက်တဲ့ သတင်းကို မိတ်ဆွေတို့လည်း ကြားပြီး ဖြစ်ပါလိမ့်မယ်'

အားလုံးက အံ့သြ ချီးမွမ်းကြသည်။

'သူတို့တစ်တွေဟာ တခြား ဘယ်နိုင်ငံမှ ကြိုးစားခြင်း မပြုတဲ့အလုပ်မျိုးကို အောင်မြင်စွာ လုပ်နိုင်ခဲ့ကြပါတယ်၊ သူတို့ဟာ ကမ္ဘာမှာ တစ်ဦးတည်း ဖြစ်နေတဲ့ အတွက် ဒီလို စွန့်စားခဲ့ကြခြင်း ဖြစ်ပါတယ်၊ ဒီလို တစ်ဦးတည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ခဲ့ရတဲ့ အတွက် သူတို့ဟာ ရဲရင့် ပြောင်မြောက်စွာ တိုက်ပွဲ ဝင်ခဲ့ကြတယ်၊ ကျွန်တော်ဟာ အဲဒီ အတွက် အများကြီး ဂုဏ်ယူတယ်၊ ဘာဖြစ်လို့လဲ ဆိုတော့ ကျွန်တော့်သား ဂျေဆန်ဟာ ဒီလို သွားရောက် တိုက်ခိုက်တဲ့ အထဲမှာ တပ်သား တစ်ဦး ဖြစ်ပြီး . . .'

မိတ်ဆွေများက တီးတိုး ပြောကြသည်။

'ကျဆုံးခဲ့ရတဲ့ တပ်သား တစ်ဦးလည်း ဖြစ်လို့ပါပဲ'

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဇူလိုင် ၅၊ ၁၉၇၆။

တို့နေတဲ့ မိန်းပြည်နယ်ကို နယူးယော့တိုင်း သတင်းစာဟာ တစ်ရက်နောက်ကျပြီးမှ ရတယ်။ စိတ်မကောင်းစရာ သတင်းကို ဒီနေ့မှပဲ ငါ သိရတော့တယ်။ တယ်လ်အဗီ လေဆိပ်ကို ပြန်ရောက်လာတဲ့ ဓားစာခံများနှင့် သူတို့ကို သောင်းသောင်းဖြဖြ ကြိုဆိုနေကြတဲ့ ပရိသတ်ကို ညပိုင်း ရုပ်မြင်သံကြားမှာ ကြည့်လိုက်ရတယ်။ မယုံနိုင်စရာ ဓားစာခံတွေကို ကယ်တင်ခဲ့တဲ့ ကွန်မင်ဒို တပ်သားတွေရဲ့ ပုံကိုတော့ မမြင်ရဘူး။ အေးလေ။ ဒါကလည်း ကွန်မင်ဒိုတပ် ဆိုတာ အထူး လျှို့ဝှက်ထားရတဲ့ တပ်မျိုး ဆိုတော့ ဓာတ်ပုံ ရိုက်ပြလို့ ဘယ်ဖြစ်ပါ့မလဲ။

ဇူလိုင်လဟာ ငါနှင့် ကလေးတွေနှင့် အတူနေတဲ့ လ ဖြစ်တော့ သူတို့နှင့် အတူ မီးရှူးမီးပန်းတွေ လွှတ်၊ ပျော်ပွဲရွှင်ပွဲတွေကို လိုက်ပို့နှင့် ဖခင် တစ်ယောက်ရဲ့ တာဝန်ကို ထမ်းဆောင်နေရတော့ အင်တက်ဘီ လေဆိပ် တိုက်ခိုက်မှုဟာ ငါသိတဲ့ လူ တစ်ယောက်ယောက်နှင့် ပတ်သက်နေတယ်တို့ ဘယ်မှာ သိပါ့မလဲ။

အင်တက်ဘီ လေဆိပ် တိုက်ခိုက်မှုမှာ ကျဆုံးခဲ့တဲ့ အစ္စရေး အရာရှိ နှစ်ဦးအနက် တစ်ဦးဟာ ငါနှင့် ကျောင်းနေဖက် ဂျေဆန် ဂီးလ်ဗတ် ဖြစ်လိမ့်မယ်လို့ နည်းနည်းကလေးမှ မတွေးမိခဲ့ဘူး။ သူ့ရဲ့ ဓာတ်ပုံကို ဇူလိုင်လ ၅ ရက် နေ့ထုတ် နယူးယော့တိုင်း သတင်းစာထဲမှာ ပါလာတော့ ငါ တော်တော် အံ့အားသင့်သွားရတယ်။ ဒါတောင်မှ ငါကိုယ်တိုင် မမြင်ရသေးဘူး။ နယူးယော့မှာ ရှိတဲ့ နီဝေါက လှမ်းပြီး





ဖုန်းဆက်လို့ သိရတာ။

ရုတ်တရက်တော့ ကြားရတဲ့ သတင်းကို မယုံနိုင်အောင် ဖြစ်နေတယ်။ ဂျေဆန် ဆိုတဲ့ အကောင်ဟာ အင်မတန် စိတ်ကောင်း ရှိတဲ့ကောင်။ ဒီလိုကောင်မျိုးဟာ စောစော မသေနိုင်ဘူးလို့ ငါ ထင်ထားခဲ့တယ်။

ကလေးတွေနှင့် မတွေ့ခင်မှာ ကိုယ့်ကိုယ်ကိုယ် မနည်း ကြံခြေမပျက်အောင် လုပ်ယူရတယ်။ ဒါနှင့် ကလေးတွေကို ရွာကို နေ့လယ်စာ စားဖို့ ပြန်လွှတ်လိုက်ပြီး ငါ တစ်ယောက်တည်း လှေကလေး တစ်စင်းနှင့် ကန်ထဲကို လှော်လာခဲ့တယ်။

ကမ်းနှင့် တော်တော် ဝေးလာတော့မှ ခတ်တက်တွေကို ချထားလိုက်ပြီး လှေကလေးကို ရေထဲမှာ မျှောထားလိုက်တယ်။ ကိုယ် ကြားရတဲ့ သတင်းကို ခုမှပဲ သေသေချာချာ ပြန်ပြီး စဉ်းစား သုံးသပ်နိုင်တော့တယ်။

ကံကြမ္မာဟာ တော်တော် မတရားပါကလား ဆိုတာကို တွေးမိတိုင်း ရင်ထဲမှာ နာနေတယ်။ ကမ္ဘာကြီးပေါ်မှာ ဘယ်သူဟာ နေလိုက်ပြီး ဘယ်သူ သေထိုက်တယ်လို့ ဆုံးဖြတ် စီရင်နိုင်တဲ့ ဘုရားသခင် ဆိုတာမျိုး တကယ် ရှိရင် ဂျေဆန်ဟာ ကိုယ် သိသမျှ လူတွေထဲမှာ အနေထိုက်ဆုံး လူ။ အရှင်ထိုက်ဆုံး လူ။

ငါ ငိုပစ်လိုက်ချင်တယ်။ ဒါပေမဲ့ မျက်ရည် ထွက်မလာဘူး။ ဒါနှင့် ငါဟာ လှေထဲမှာ ထိုင်ပြီး အဖြစ်အပျက်တွေကို စဉ်းစားနေတယ်။ ဂျေဆန်သာ ရှိရင် ငါ ဘာလုပ်ချင်သလဲ။ ဂျေဆန်က ငါ့ကို ဘာဖြစ်စေမလဲ ဆိုတာကို စဉ်းစားနေမိတယ်။

လှေကို ကမ်းကို ပြန်လှော်လာခဲ့ပြီး လောင်းအိုင်းလင်းမှာ ရှိတဲ့ သူ့ မိဘတွေဆီကို ဖုန်းဆက်တယ်။ အိမ်ဖော် မိန်းမကြီးက သူတို့နှစ်ယောက်စလုံး မနေ့ညက လေယာဉ်နှင့် အစ္စရေးကို လိုက်သွားကြပြီလို့ ပြောတယ်။ အသုဘကို ပို့ဖို့တဲ့။ ငါလည်း သွားပို့သင့်တယ်လို့ ထင်တယ်လေ။ ဒါနှင့် အိမ်ဖော် မိန်းမကြီးကို မေးကြည့်တော့ အသုဘ ဒီနေ့ပဲ ချဖို့ အစီအစဉ် ရှိတယ်လို့ ပြောပြတယ်။ ရေဟူဒီတွေမှာ အသုဘကို ချက်ချင်း ချရတဲ့ ထုံးစံ ရှိတယ် ထင်တာပဲ။ အခုနေ ခုလောက် ဆိုရင် ဂျေဆန်ရဲ့ အလောင်းကို မြေမှာ ချနေကြပြီလား မသိဘူး။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော် အဘွားကြီးကို ကျေးဇူးတင်ကြောင်း ပြောပြီး ဖုန်းကို ချလိုက်တယ်။

ညနေစောင်းလို့ ကလေးတွေ ပြန်လာကြတော့ သူတို့ကို ဆင်ဝင်အောက်မှာ အထိုင်ခိုင်းပြီး ကိုယ့် သူငယ်ချင်း အကြောင်းကို ပြောဖို့ ကြိုးစားတယ်။ သူတို့ကလည်း ဂျေဆန်ရဲ့ နာမည်ကို မကြာခဏ ကြားဖူးနေကြတယ်။ ဂျေဆန်ရဲ့ စွန့်စားခန်းကို စိတ်ပါလက်ပါ နားထောင်နေကြတယ်။ ဒါပေမဲ့ သူတို့ကို ကြည့်ရတာ ရွှန်ဝိန်းရဲ့ ရုပ်ရှင်ဇာတ်လမ်း တစ်ခုကို နားထောင်နေကြသလိုပဲ။ သိပ် ထူးခြားဟန် မပြဘူး။

ဒီတော့ ကိုယ်က ဂျေဆန်ဟာ အရေးတော်ပုံ တစ်ခု အတွက် အသက်ကို စွန့်လွှတ်သွားခြင်း ဖြစ်တဲ့ အကြောင်းကို ပြောပြပြန်တယ်။ ဒါပေမဲ့ သူတို့ အဖို့တော့ ဘာမှ မထူးခြားသလိုပဲ။

ဒီတော့ ကိုယ်က သူတို့တစ်တွေဟာ အမိတိုင်းပြည်ကို ကာကွယ်ဖို့ တိုက်ခိုက်နေခြင်း ဖြစ်တဲ့အကြောင်း၊ မိမိတို့၏ မူကို ကာကွယ်ဖို့ တိုက်ခိုက်နေခြင်း ဖြစ်တဲ့အကြောင်း၊ ကိုယ်တို့ရဲ့ ဘိုးလေးများဟာလည်း ၁၇၇၆ ခုနှစ်က ဒီလိုပဲ ဗြိတိသျှတို့ကို တိုက်ခိုက်ခဲ့ရတဲ့ အကြောင်းကို ပြောပြရပြန်တယ်။

အထူးသဖြင့် သားကြီး အင်ဒီက ကိုယ် ပြောတာကို စိတ်ဝင်စားပုံ မရဘူး။ အကြမ်းဖက်မှု ဆိုတာ ဘယ်သူက လုပ်လုပ် မကောင်းဘူးတဲ့။ ဒါပဲ ပြောတယ်။

ဟုတ်ပြီလေ။ ဒီလိုဆိုရင် သူ့ကို သဘောပေါက်အောင် အတင်း မလုပ်တော့ဘူး။ အတင်း လုပ်လို့ ရတဲ့ အရာမှ မဟုတ်တာပဲကိုး။ အလိုလိုက်ခံရလို့ ပျက်စီးနေတဲ့ ဆယ်ကျော်သက်ကလေး တစ်ယောက်ကို မူတွေ၊ အယူအဆတွေ သွားပြောနေလို့ ဘာအကျိုးထူးဦးမှာလဲ။

ဒီနေ့ ညမှာ မီးပန်း လွှတ်ဖို့ မြို့ထဲကို မီးပန်းတွေ သွားဝယ်မယ် ဆိုတော့မှ အင်ဒီ စိတ်အား ထက်သန်လာတယ်။

ဒီနေ့ညမှာ ဂျေဆန် အတွက် ရည်စူးပြီး လွတ်လပ်ရေး မီးရှူး မီးပန်း လွှတ်မယ်။





အမျိုးသား လုံခြုံရေးကောင်စီ အကြံပေး အရာရှိ အဖြစ် ပထမ တစ်လလုံးကို လေထဲတွင် အချိန် ကုန်ခဲ့ရသည်။ ဂျော့ ကဲလားသည် သမ္မတ ဖို့နှင့် လည်းကောင်း၊ နိုင်ငံခြားရေး ဝန်ကြီး ကစ်ဆင်းဂျားနှင့် လည်းကောင်း၊ သတင်းထောက်များနှင့် လည်းကောင်း ပီကင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင် စသည်တို့သို့ သွားခဲ့ရသည်။ ထိုခရီးများသည် ဇနီးမယားတို့ လိုက်ပါရသော ခရီးများ မဟုတ်ကြောင်းကို ကေသီ နားလည်ပြီး ဖြစ်သည်။ ထို့ကြောင့် ကေသီသည် ခင်ပွန်းသည် မရှိသည့် အချိန်များတွင် နျူကလီးယား ဆန့်ကျင်ရေး အဖွဲ့ ရုံးတွင် လုပ်အားပေးနေသည်။

ဂျော့ ကဲလား ပြန်ရောက်လာသည့် အခါတွင် နိုင်ငံခြားရေး ဝန်ကြီး ကစ်ဆင်းဂျားက သူ့အား မဟာဗျူဟာ လက်နက် ထိန်းချုပ်ရေး (ဆော့) အစည်းအဝေးများ အတွက် ပြင်ဆင်ရန်ဟု ဆိုကာ သူနှင့်အတူ မော်စကိုသို့ ခေါ်သွားပြန်သည်။

ထိုအတောအတွင်း အမေရိကန် ကွန်ဂရက် လွှတ်တော်က ကစ်ဆင်းဂျားအား ဝေဖန် တိုက်ခိုက်မှုများသည် အရှိန်ပြင်းလာခဲ့သည်။ ကစ်ဆင်းဂျားမှာ လူထု ဝေဖန်ချက်နှင့် ပတ်သက်လာလျှင် အရေပါးသူ ဖြစ်သည့် အတွက် တော်တော် စိတ်ပျက်နေလေပြီ။ တစ်နေ့တွင်မူ မော်စကိုမှ နေ၍ အမေရိကသံရုံးရှိ လျှို့ဝှက် တယ်လီဖုန်းဖြင့် ဝါရှင်တန်သို့ လှမ်းပြောနေသော ကစ်ဆင်းဂျား၏ အသံကို ဂျော့ ကဲလား ကြားလိုက်ရသည်။

'သမ္မတကြီး ခင်ဗျား၊ သမ္မတကြီးကို လေးစားပေမယ့် စကား တစ်ခွန်းတော့ ပြောပါရစေ၊ လူထုတွေက ကျွန်တော့် အပေါ်မှာ ယုံကြည်မှု လျော့ပါးလာတယ် ဆိုရင် ကျွန်တော့် အနေနှင့် နုတ်ထွက်လွှာ တင်သွင်းဖို့ အဆင်သင့်ပါ'

ဂျော့ ကဲလားသည် အသက်ကိုမျှ ကောင်းကောင်း မရှူနိုင်။ သမ္မတ ဖို့က ကစ်ဆင်းဂျား၏ နုတ်ထွက်လွှာကို မည်သို့ အကြောင်းပြန်မည်နည်းဟု သူ စိတ်ထိတ်ထိတ် ဖြစ်နေသည်။

တစ်နေ့တွင်မူ ကွန်ဂရက် လွှတ်တော် အမတ်များနှင့် အမေရိကန် သမ္မတသည် ကစ်ဆင်းဂျားကို ထုတ်ပစ်ကြလိမ့်မည်ဟု သူ ထင်သည်။ ထို အခါတွင် နိုင်ငံခြားရေး ဝန်ကြီး မည်သူ ဖြစ်မည်နည်းဟု သူ တွေးသည်။

သူမှအပ မည်သူမျှ မဖြစ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



အမေရိကန် မဲဆန္ဒရှင်များသည် ဂျင်မီ ကာတာကို သမ္မတ အဖြစ် ရွေးကောက်တင်မြှောက်ကာ အိမ်ဖြူတော်သို့ ပို့လိုက်ပြီး ဂျုရယ် ဖို့ကို ပန်းစပရင်းရှိ ဂေါက်ကွင်းများသို့ ပို့လိုက်သည်။ ဝါရှင်တန် မြို့တော်သည် အနည်းဆုံး လေးနှစ်မျှလောက်တော့ ဒီမိုကရက် ပါတီဝင်တို့၏ မြို့တော် ဖြစ်နေပေလိမ့်ဦးမည်။ ရီပတ်ဗလစ်ကင် ပါတီနှင့် နီးစပ်သည့် ဂျော့ ကဲလားတို့လို လူတွေ အတွက် အိမ်ဖြူတော်တွင် နေရာ မရှိတော့။ ဂျော့ ကဲလား၏ နေရာတွင် ဟားဗတ် တက္ကသိုလ်တုန်းက သူ့ဆရာ ဖြစ်ခဲ့ဖူးသည့် ဘရီဇင်းစကီး ရောက်လာခဲ့သည်။

ကေသီမှာ သူ့ယောက်ျား အိမ်ဖြူတော်မှ ထွက်လာခဲ့ရသဖြင့် တိတ်တိတ် ကျိတ်၍ ဝမ်းသာနေသည်။ ဝါရှင်တန်သည် သူ့ ဇာတိ ဖြစ်သည့်တိုင် သူ မနေချင်။ ထို့ပြင် သူ့ယောက်ျားသည် သူ့ထက် နိုင်ငံရေးကို ပို၍ အသားပေးသည်ကိုလည်း သူ မကြိုက်နိုင်။

ဂျော့ ကဲလားသည် သူ မှန်းထားသည့် နိုင်ငံခြားရေး ဝန်ကြီး မဖြစ်လာဘဲ အိမ်ဖြူတော်မှ ထွက်ခဲ့ရသဖြင့် စိတ်တော့ ပျက်သည်။ သို့ရာတွင် စိတ်ပျက်နေရုံဖြင့် မပြီး။ ထို့ကြောင့် အလုပ် တစ်ခုကို ရှာရသည်။ သူ့ဆီသို့ လာ၍ အုပ်ချုပ်ရေး ပညာရပ်များကို သင်ကြား ပို့ချပေးရန် တက္ကသိုလ်များက ကမ်းလှမ်းကြသည်။ အိမ်ဖြူတော် အတွေ့အကြုံများကို စာအုပ် ရေးရန် ပုံနှိပ်ထုတ်ဝေသူများက ကမ်းလှမ်းကြသည်။ သူ့ စိတ်ထဲတွင်မူ သူ၏ အိမ်ဖြူတော် အတွေ့အကြုံတို့သည် ပြီးဆုံးခြင်းသို့ မရောက်သေးဟု ထင်နေသည်။

နောက်ဆုံး၌ ဂျော့ ကဲလားသည် နယူးယော့ ငွေရင်း မြှုပ်နှံမှု ကုမ္ပဏီကြီး တစ်ခုတွင် နိုင်ငံတကာ ကုန်သွယ်ရေး အတိုင်ပင်ခံ ရာထူးကို လက်ခံလိုက်သည်။ လစာမှာလည်း သူ ထင်သည်ထက် အများကြီး ပိုနေသည်။

'ခု ကိုယ်က အရင်းရှင်ထက်တောင် ဆိုးသွားပြီကွ၊ အစိုးရ အရင်းရှင် ဖြစ်နေပြီ' ဟု ပြောသည်။

ကေသီကမူ သားသမီး လိုချင်သည်။ သည်ဝင်ငွေ၊ သည်အလုပ်မျိုးနှင့်ဆိုလျှင် သားတွေ သမီးတွေ ရှိမှ ကောင်းမည်။

ကေသီက ဝါရှင်တန်တွင် မနေဘဲ ကျေးလက်တွင် အိမ်တစ်လုံး ဝယ်ရန် တိုက်တွန်းသည်။

ဂျော့ ကဲလားက သူ့ဇနီး အလိုသို့ လိုက်ကာ ကွန်နယ်တီကတ်နယ် ဒေရီယန်တွင် ကျူးဒါးခေတ် အိမ်ကြီး တစ်လုံးကို ဝယ်လိုက်သည်။ ဂျော့





ကဲလား အဖို့သော်မူ နေ့စဉ် ရုံးသွား ရုံးပြန် ခရီးရှည်သည့် အတွက် အနည်းငယ် ပင်ပန်းသည်။ သို့ရာတွင် ကိစ္စမရှိ။ လမ်းတွင် နေ့စဉ် သတင်းစာများကို ဖတ်သွားနိုင်သည်။ ကမ္ဘာကြီးတွင် ဖြစ်ပျက်နေသည့် အရေးအခင်းများကို ကောင်းကောင်း သိရသည်။ သို့ရာတွင် ထို အရေးအခင်းများတွင် သူ ပါဝင်နိုင်ခြင်း မရှိတော့။

ဝါရှင်တန်မှ ပြောင်းလာပြီး နှစ်နှစ်ကြာသည့် အခါတွင်မူ ဂျော့ ကဲလားတွင် ပိုက်ဆံတွေ သုံးမကုန်နိုင်အောင် ဖြစ်နေပြီ။ သည် ပိုက်ဆံတွေကို ကုန်အောင် မည်သို့ သုံးရမည်ကိုပင် မသိတော့။ သူ့ဇနီး ကေသီတွင်လည်း အချိန်တွေ သုံးမကုန်အောင် ဖြစ်နေပြီ။

ဂျော့ ကဲလားက သူ့အား နယူးယော့ ပြည်နယ် ဥပဒေ ရှေ့နေ စာမေးပွဲကို ဖြေဆိုပြီး အကျိုးဆောင် လုပ်ငန်း ကုမ္ပဏီ တစ်ခုတွင် အလုပ် လုပ်စေချင်သည်။ သို့ရာတွင် ကေသီက ထိုအလုပ်ကို မကြိုက်။ အနီးရှိ ဗရစ်ချ်ပို့ တက္ကသိုလ် ဥပဒေ ဌာနတွင် တစ်ပတ်လျှင် တစ်ရက် ဝင်၍ သင်တန်း ပို့ချသည်။

ကေသီက လင်ရယ် မယားရယ်လို့ ဖြစ်လာပြီးနောက် ကိုယ့်အိမ်မှာ ကိုယ့်သားသမီးတွေနှင့် နေချင်သည်။ ဂျော့ ကဲလားက သည်လို မနေချင်။ အပြင်ထွက်၍ အရက်သောက်လိုက် တခြား မိန်းမတွေနှင့် ပွေလိုက်။

ဂျော့ ကဲလား၏ ကားနောက် အံထဲတွင် ဝီစကီ ပုလင်းတွေ များသည်ထက် များလာကာ သူ့ ကားပေါ်တွင်လည်း မိန်းမတွေ တစ်ယောက်ပြီး တစ်ယောက် ပြောင်းနေသည်။

'ရှင် ဒီလိုနေရတာ ပျော်ရဲ့လား'

တစ်နေ့တွင် ကေသီက မီးရထားဖြင့် ပြန်လာသည့် ဂျော့ ကဲလားကို အိမ်သို့ ကားဖြင့် ခေါ်လာရင်း လမ်းတွင် မေးသည်။

'မင်း မေးတာ ဘာသဘောလဲ'

ဂျော့ ကဲလား အသံက အရက်မူးနေသည့်ပမာ အာလေး လျှာလေး ဖြင့်။

'သြော် ရှင်နှင့် ကျွန်မနှင့် ကြားမှာ အဆင်ပြေနေတဲ့ ပုံမျိုး ဟန်ဆောင်နေရတာကို မငြီးငွေ့သေးဘူးလားလို့ မေးတာပါ၊ ကျွန်မကို အိမ်မှာ တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ထားပြီး ရှင်သွားချင်ရာ သွား၊ ပွေချင်ရာ ပွေနေရတာကို မမုန်းသေးဘူးလားလို့ မေးတာပါ'

'မမုန်းပါဘူး၊ တချို့ အလုပ်တွေကို ရထားပေါ်မှာ လုပ်ရတာ'

'ရှင် မမူးတုန်းမှာ ကျွန်မတို့ အိမ်ထောင်ရေးလို့ ခေါ်နေကြတဲ့ ကိစ္စကို ဆွေးနွေးချင်တယ်'

'တို့ ကိစ္စက ဘာ ဆွေးနွေးစရာ ရှိသလဲကွ၊ ဘာလဲ မင်းက ကွာရှင်းချင်လို့လား၊ ရပါတယ်၊ အချိန်မရွေးပဲ၊ မင်းလည်း ရုပ်ရှိတဲ့ မိန်းမ တစ်ယောက်ပဲ၊ လင် အသစ် တစ်ယောက်တော့ အချိန်မရွေး ရနိုင်ပါတယ်'

ကေသီသည် စိတ်လှုပ်ရှားလွန်းသဖြင့် မော်တော်ကားကို ဆက် မမောင်းနိုင်တော့။ လမ်းဘေးက သစ်ပင် တစ်ပင်ကို ဝင်တိုက်မိမည် ပြုသဖြင့် ကားကို ဘေးသို့ ဆွဲချလိုက်ရသည်။

'ဩော် ရှင်က ဒီလို သဘော ရှိတယ်ပေါ့ ဟုတ်လား'

ဂျော့ ကဲလားက သူ့ကို စိုက်ကြည့်ပြီး စိတ်မကောင်းစွာဖြင့် ပြောသည်။

'မင်းကို ငါ စိတ်မချမ်းမသာ မဖြစ်စေချင်ပါဘူးကွာ'

'မဟုတ်ပါဘူး၊ စိတ်မချမ်းမသာ ဖြစ်အောင် လုပ်မိတာက ကျွန်မပါ'

'မဟုတ်ပါဘူးကွာ၊ လုံးဝ မဟုတ်ပါဘူး'

'ဒါဖြင့်ရင် ရှင် ဘာဖြစ်နေတာလဲ၊ ကျွန်မတို့ နှစ်ယောက်ကြားမှာ ဘာဖြစ်လို့ ဒီလို ဖြစ်နေရတာလဲ'

ဂျော့ ကဲလားသည် ရှေ့သို့ စိုက်ကြည့်နေသည်။ ထို့နောက် သူ့မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်ပြီး

'ကိုယ့်ဘဝက အလကား ဘဝပါကွာ'

'ဘယ်နေရာမှာ အလကား ဖြစ်တာလဲ'

'နေရာတကာမှာပဲ၊ အမှန်ကတော့ မင်းနှင့် ဘာမှ မဆိုင်ပါဘူး၊ ကိုယ့်ဘဝဟာ အလကားပဲ၊ လုပ်သာ လုပ်လို့နေရတယ်၊ ဘာမှ အဓိပ္ပာယ် မရှိဘူး၊ ခြေနင်းခုံပေါ်မှာ ရပ်ပြီး စက်ဘီး စီးနေရသလိုပဲ၊ ဘယ်ကိုမှ မရောက်ဘူး၊ တစ်နေရာအည်းမှာပဲ ရပ်နေတာပဲ၊ ဘီးကတော့ လည်နေတာပေါ့လေ၊ ကိုယ့်ခု အသက် လေးဆယ့် နှစ်နှစ် ရှိပြီ၊ လေးဆယ့် နှစ်နှစ်နှင့် အညွန့် တုံးသွားရတာပဲ'

'ဘာဖြစ်လို့ အညွန့် တုံးရမှာလဲ၊ ရှင်က လူတော် တစ်ယောက်ပဲ၊ ရှေ့





မှာ အလားအလာတွေ အများကြီး ရှိသေးတယ်'

ကေသီက ရိုးသားစွာ ပြောသည်။ ဂျော့ ကဲလားက ခေါင်းကို ယမ်းသည်။

'မင်း မသိပါဘူးကွာ၊ ကိုယ့်ဘဝက ဘာမှ မျှော်လင့်ချက် မရှိတဲ့ ဘဝဆိုတာ မင်း နားမလည်ပါဘူး၊ အရင်တုန်းကတော့ ဟုတ်တာပေါ့လေ၊ ဒါပေမဲ့ လုပ်ရင်း ကိုင်ရင်းနှင့် တစ်နေရာမှာ ငါ့ အခွင့်အရေး လက်လွတ်ခဲ့ရတယ်၊ ရှေ့လျှောက် အခြေအနေက ဘာမှ ပြောင်းလဲစရာ မရှိတော့ပါဘူး၊ ကိုယ့်ဘဝဟာ ဒီအတိုင်းပဲ နေတော့မှာပါ'

ကေသီက သူ့ ပခုံးကို ကြင်နာစွာ ဖက်လိုက်ကာ

'ဂျော့ရယ် ကေသီတို့ လိုနေတာက ကွာရှင်းဖို့ ကိစ္စ မဟုတ်ပါဘူး၊ ဒုတိယ အကြိမ် မင်္ဂလာဦး ခရီး ထွက်ဖို့ပါ'

ဂျော့ ကဲလားသည် သူ့ကို ငေးစိုက်ကြည့်နေသည်။ သူတို့ နှစ်ဦး၏ တွယ်တာမှုကို ရုတ်တရက် သဘောပေါက်လာဟန် တူသည်။ ဟုတ်သည်။ အမှန်ကတော့ သူ့ဘဝတွင် အကောင်းဆုံး ဆို၍ ကေသီ တစ်ဦးသာ ရှိသည်။

'ဒါဖြင့် ကိုယ်တို့ဘဝမှာ မျှော်လင့်ချက် ရှိသေးတယ်ပေါ့နော်'

'ဘာဖြစ်လို့ မရှိရမှာလဲ၊ မောင့်မှာလည်း ရှိတယ်၊ ကေသီမှာလည်း ရှိတယ်၊ နှစ်ယောက်စလုံးမှာ ရှိတယ်'

ဂျော့ ကဲလားနှင့် ကေသီတို့၏ ဥရောပ ခရီးသည် ကေသီ မျှော်လင့်သည့် အားလပ်ရက်ခရီး သက်သက်မျှသာ မဟုတ်။ သူတို့ နှစ်ဦး၏ အနာဂတ် ဆက်ဆံရေးတွင် တောက်ပသည့် မျှော်လင့်ချက်ကို ပြန်လည် ထွန်းညှိပေးလိုက်သည့် ခရီးလည်း ဖြစ်သည်။

သူတို့ ရောက်လေရာ တိုင်းပြည်များတွင် အထက်တန်း အစိုးရ အရာရှိကြီးများက သူတို့ လင်မယားကို တခမ်းတနား ဆီးကြိုကြသည်။ ထို့ကြောင့် ရာထူးမှ ပြုတ်နေသည့်တိုင် သူတို့က ထိုကဲ့သို့ ကြိုဆိုလိုက်ကြခြင်းကြောင့် ဂျော့ ကဲလားသည် အားတက်လာခဲ့သည်။

အမှန်အားဖြင့် ဂျော့ ကဲလား၏ နိုင်ငံရေး ဉာဉ်သည် ခါတိုင်းထက်ပို ထက်မြက်လာသည်ဟု ထင်ရသည်။ လန်ဒန်တွင် လာမည့် ရွေးကောက်ပွဲတွင် ကွန်ဆာဗေးတစ်ပါတီကို ခေါင်းဆောင်မည့် ပါလီမန် အမတ် မစ္စကီ သက်ရှားက က သူတို့ နှစ်ယောက်ကို ညစာ ဖိတ်ကျွေးလိုက်သည်။ မစ္စကီ သက်ရှားက



www.burmeseclassic.com

www.burmeseclassic.com



ကျော့ ကဲလား၏ ပထဝီ နိုင်ငံရေး သဘောတရားနှင့် ကေသီ၏ ဦးထုပ်ကို သဘောကျနေသည်။

ဂျာမနီနှင့် ပြင်သစ်တို့တွင်လည်း ထို့အတူပင်။ ပြင်သစ်တွင် ဆိုလျှင် နိုင်ငံခြားရေး ဝန်ကြီး ပွန်ဆေးက သူ့ ကျေးလက်အိမ်တွင် သူတို့ နှစ်ယောက်ကို ညစာ ဖိတ်ကျွေးခဲ့သည်။ ဤသည်မှာ ပြင်သစ်လူမျိုးတို့ လုပ်ခဲသည့် ထုံးစံ ဖြစ်သည်။

ဥရောပ ခရီးတွင် နောက်ဆုံး အဖြစ် ဘရပ်ဆဲတွင် သူတို့ နားကြသည်။ ကေသီက နောက်ဆုံးအရစ် အဖြစ် ဈေးထွက်ဝယ်စဉ် ကျော့ ကဲလားက အမျိုးသား လုံခြုံရေး ကောင်စီတွင် သူနှင့် လုပ်ဖော် ကိုင်ဖက် ဖြစ်ခဲ့၍ ယခု နေတိုး စစ်ဌာနချုပ် ဦးစီးချုပ် ဖြစ်သူ အလက်ဇန်ဒါ ဟိတ်နှင့် နေ့လယ်စာ စားကြသည်။ ဗိုလ်ချုပ် ဟိတ်သည် သူ့ ထုံးစံအတိုင်း လက်ရှိ အိမ်ဖြူတော် သမ္မတနှင့် ပတ်သက်၍ သူ့အမြင်ကို ပွင့်လင်းစွာ ပြောပြသည်။

'သမ္မတ ကာတာကိုတော့ ကျွန်တော် သိပ် အားမရဘူးဗျာ၊ သူ့ နိုင်ငံခြားရေး ပေါ်လစီတွေကလည်း တစ်ခုမှ မအောင်မြင်ဘူး၊ အလျှော့ချည်း ပေးနေတာပဲ၊ အမှန်ကတော့ ကျွန်တော်တို့ အနေနှင့် မဟာအင်အားကြီး နိုင်ငံလို ပြုမူ နေထိုင်ရမယ်ဗျ၊ ဒါမှ ရုရှားတွေ ကျွန်တော်တို့ကို လေးစားလာမှာပေါ့၊ ကျွန်တော် ပြောလိုက်မယ်၊ ၁၉၈၀ ခု ရွေးကောက်ပွဲမှာ ကာတာ ရှုံးမှာပဲ၊ ကာတာဟာ ထိုင်နေတဲ့ ဝမ်းဘဲပဲ၊ သူ ရှုံးမှာ သေချာတယ်'

'ဒါဖြင့် ကျွန်တော်တို့ ဘက်က ဘယ်သူ့ကို တင်ပြီး ပြိုင်မှာလဲ'

ဟိတ်က ခပ်မိန့်မိန့် ပြုံးကာ

'ကျွန်တော် ဝင်ပြိုင်ရမလားလို့၊ စိတ်ကူးနေတယ်'

'ဟာ သိပ်ကောင်းတာပေါ့၊ ကျွန်တော်တို့လည်း တတ်နိုင်တာ ကူရမှာပေါ့'

'ကျွန်တော် တစ်ခု ပြောထားလိုက်မယ်၊ ကျွန်တော်သာ သမ္မတ ဖြစ်ရင် နိုင်ငံခြားရေး ဝန်ကြီးဟာ ခု ကျွန်တော့်ဘေးမှာ ထိုင်နေတဲ့ သူပဲ ဖြစ်ရမှာပေါ့'

'ကျွန်တော့်ကိုလည်း သိပ် မြှောက်မနေပါနှင့် ဗိုလ်ချုပ်'

'တကယ် ပြောတာပါ၊ ကဲ ခင်ဗျား စဉ်းစားကြည့်လေ၊ ဒီထက် သင့်တော်တဲ့ လူ တစ်ယောက်ကို ခင်ဗျား ပြောနိုင်မလား'





'ဟုတ်ပါတယ်၊ သိပ်တော့ မရှိပါဘူး'

အိမ်အပြန်တွင် လေယာဉ် မပါဘဲ သည်အတိုင်း ပျံသွားလျှင်ပင် ရလိမ့်မည် ထင်သည်။

၁၉၆၀ ပြည့်လွန် နှစ်များတွင် ဒင်နီသည် အိမ်တိုင်း အိမ်တိုင်းတွင် ကြားရသော အမည် ဖြစ်သည်။ ၁၉၇၀ ပြည့်လွန် နှစ်များတွင် အိမ်တိုင်း အိမ်တိုင်းတွင် မြင်ရသော မျက်နှာ ဖြစ်သည်။ ရုပ်မြင်သံကြားမှ ဘေးဂီတများကို တိုက်ရိုက် အသံ လွှင့်ပေးသည့် အတွက် သူ့မျက်နှာသည် သန်းပေါင်း များစွာသော အိမ်များတွင် မကြာခဏ တွေ့နေရသည်။

'ခင်ဗျား ယောကျ်ားနှင့် ပတ်သက်လို့ ကျွန်တော် အလေးအနက် ပြောချင်တာ တစ်ခု ရှိတယ် မာရီယာ'

ရုပ်မြင်သံကြား ကုမ္ပဏီ ဒါရိုက်တာ လူကြီး မိုရန်က မာရီယာကို ပြောသည်။ မာရီယာသည် ဒဗလျူအိတ်ချ်ဝိုင်ဝိုင် ရုပ်မြင်သံကြား ကုမ္ပဏီတွင် အလုပ် လုပ်လာခဲ့သည်မှာ သုံးနှစ် ရှိပြီ။ ဝင်စတုန်းက လက်ထောက် ညွှန်ကြားရေးမှူး အဖြစ် အလုပ်ဝင်ခဲ့ခြင်း ဖြစ်သော်လည်း မာရီယာသည် ထုတ်လုပ်သူ ဒါရိုက်တာ အဖြစ်သို့ ရောက်နေပြီ။ မကြာမီ အစီအစဉ် ထုတ်လွှင့်ရေး ဒါရိုက်တာ အဖြစ် ရာထူးတိုးတော့မည်ဟုလည်း သတင်း ဖြစ်နေသည်။

သူတို့ နှစ်ယောက်သည် သောကြာနေ့ ညနေများတွင် ရှယ်ရီဝိုင် အရက်ချိုကို သောက်ရင်း ရုပ်မြင်သံကြား ကုမ္ပဏီ၏ ရှေ့ လုပ်ငန်းစဉ်များကို မကြာခဏ ဆွေးနွေးဖြစ်ကြသည်။

'ကျွန်တော့် အနေနှင့် ပွင့်ပွင့်လင်းလင်း ပြောသင့်တယ်လို့ ထင်တယ်လေ၊ ဒင်နီဟာ ကျွန်တော်တို့ အပေါ်မှာ နည်းနည်းမှ မတရားဘူး၊ ကျွန်တော်တို့ ဆိုတာ ကျွန်တော်တို့ရဲ့ ဖီလာဒယ်ဖီးယား မြို့အပေါ်ကို ဆိုလိုတာပါ ကြည့်လေ၊ သူ့ရဲ့ ပထမဆုံး ရုပ်မြင်သံကြား ဇာတ်လမ်းကို ဒီမှာ မရိုက်ဘဲ လော့စ် အိန်ဂျယ်လီက ကုမ္ပဏီတွေကို ပေးလိုက်တယ်၊ တကယ်ဆို ကျွန်တော်တို့ဆီမှာ *WHYY – TV* ရိုက်ပါလား'

'ဒါကတော့ သူ့ကို လော့စ် အိန်ဂျယ်လီ ကုမ္ပဏီက အကျပ်ကိုင်လို့



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မှာပါ၊ ပြီးတော့ သူ့ဆရာ လင်နီ ဘန်းစတိန်းကိုလည်း ကူလုပ်ပေးနေရတော့ ဆရာ့ သဘောကိုလည်း လိုက်ရဦးမှာပေါ့'

'အို ဒါကတော့ ဆရာက ဆရာပဲ၊ သူလည်း သူ့ဝိုင်းနှင့် သူ တီးနေတဲ့ ကိစ္စပဲ၊ ဘာ ဝင်ကူပေးစရာ ရှိသလဲ၊ ခုဆို ကြည့်စမ်း အဲဒီကားက ရုပ်မြင်သံကြား ဇာတ်လမ်းက တော်တော် ဝင်ငွေ ရသွားပြီ၊ တကယ်ဆို ကျွန်တော်ကို့ဆီမှာ ရိုက်ပါလား၊ ကျွန်တော်တို့ မြို့ဟာ သူ့ကို ဂီတဆရာကြီး ဖြစ်အောင် လုပ်ပေးလိုက်တဲ့ မြို့၊ သူ့ကို တေးသံစုံ တီးဝိုင်း ခေါင်းဆောင် အဖြစ် ပထမဆုံး ချီးမြှောက်လိုက်တဲ့မြို့၊ ကျွန်တော် ပြောတာကို မာရီယာ သဘော မတူဘူးလား'

'မစ္စတာ မိုရန်၊ ဒါတော့ မတရားဘူး၊ ကျွန်မကိုပါ အကျပ်တွေ့အောင် လုပ်နေတာနှင့် တူတူပဲ'

'ဒီမှာ မာရီယာ၊ ကျွန်တော်နှင့် အတူတူ အလုပ် လုပ်လာတာ ကြာပါပြီ၊ ကျွန်တော်ဟာ ဘယ်တော့မှ တစ်ဖက်စီးနင်း လုပ်တတ်တဲ့ လူမျိုး မဟုတ်ဘူး၊ ဘယ်အလုပ်မှာ ဖြစ်ဖြစ် သူ့ဖို့ ကိုယ့်ဖို့ မျှမျှတတ ကြည့်တတ်တဲ့ လူပါ၊ ခု မာရီယာကို ဒီစကား ပြောနေတာက စန္ဒရား ဆရာ ဒင်နီရဲ့ ဇနီး အဖြစ် ပြောနေတာ မဟုတ်ဘူး၊ ကျွန်တော့် လုပ်ငန်းက ဒါရိုက်တာ လူကြီး တစ်ယောက် အနေနှင့် တိုင်ပင်တာ၊ ဒီတော့ ကျွန်တော် တရားသဖြင့် ပြောရရင် နောက် ရုပ်မြင်သံကြား အစီအစဉ် တစ်ခုကို ကျွန်တော်တို့ဆီမှာ ရိုက်မပေးသင့်ဘူးလား'

'ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့'

'ကျွန်တော် ပြောချင်တာက ဒီလိုပါလေ၊ ခု မဂ္ဂဇင်းတွေထဲမှာ ပါတဲ့ အင်တာဗျူးတွေကို ဖတ်ကြည့်လိုက်တော့ သူ့ရဲ့ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်တိုင်း ခင်ဗျားနှင့် တိုင်ပင်ပြီးမှ ချတယ်လို့ ဖတ်လိုက်ရတယ်၊ ဒီအတိုင်း တကယ်ပဲလား၊ ဒါမှမဟုတ် ဒါတွေဟာ အမှားတွေကို ရေးထားတာလား'

မာရီယာသည် တိတ်ဆိတ်နေသည်။ နောက်ထပ် ဘာသတင်းတွေများ သူ ဖတ်အားသလဲဟုလည်း တွေးနေသည်။

တစ်ခါတလေ အားလပ်ချိန်များတွင် မာရီယာသည် သူ့ အိမ်တွင်းရေး အဆင်မပြေသည့် ကိစ္စများ အကြောင်း မိုရန်ကို ပြောပြခဲ့ဖူးသည်။ မိုရန်ကလည်း သူ့ အိမ်တွင်းရေးများကို ပြောပြခဲ့ဖူးသည်။ မိုရန်တို့ လင်မယား ကွာရှင်းခဲ့ကြ





သဖြင့် ဗရင်ဂျီ မိဘများ စိတ်ဆင်းရဲခဲ့ရသည်ကိုလည်း သူသိသည်။ မိုရန် အဖို့ သားသမီးတွေနှင့် ဝေးမြေ ရပ်ခြား ရှင်ကွဲ ကွဲနေရသည်ကိုလည်း သူ သိသည်။

ထိုသို့ စကားလက်ဆုံ ကျမိပြီ ဆိုလျှင် သူတို့ နှစ်ယောက်စလုံး စကားလက်စ မပြတ်ချင်ကြ။ သူတို့ နှစ်ယောက်စလုံး အဖို့ ပြန်စရာ အိမ် မရှိ။ အိမ်ပြန်ရောက်လျှင် ဘာမျှ ကြည်မွေ့စရာ မရှိ။

သို့တိုင်အောင် မာရီယာသည် သူ့ အိမ်ထောင်ရေး ဘဝ အကြောင်းကို မိုရန်အား မပြောချင်။ တစ်နေ့တွင် မိုရန်သည် ထိုအကြောင်းကို စကား စလာလိမ့်မည်ဟုကား တွက်ထားသည်။

ယခုမူ သူတို့သည် ထိုကိစ္စကို စကားစပ်မိနေကြလေပြီ။

'ဘာဖြစ်လို့ တိတ်နေတာလဲဟင်၊ ဘာလဲ ကျွန်တော်တို့ ရုပ်မြင်သံကြားမှာ သူ လာရိုက်ဖို့ သူ့ကို ဘယ်လို ဆွယ်ရမယ် ဆိုတာကို စဉ်းစားနေတာလား'

မိုရန်က မျှော်လင့်တကြီး မေးသည်။

'ရှင်းရှင်း ပြောရရင်တော့ ကျွန်မ သူ့ကို သိပ် မပြောချင်ဘူး မစ္စတာ မိုရန်၊ ကျွန်မတို့ အလုပ်နှင့် အိမ်ထောင်ရေးကိစ္စကို သတ်သတ် ခွဲခြားထားချင်တယ်၊ မရောချင်ဘူး'

မာရီယာသည် အတန်ကြာ တိတ်ဆိတ်နေသည်။ ခဏကြာမှ သတိရလာကာ

'ဪ တစ်ခုတော့ ရှိတယ်၊ ကျွန်မ စိတ်ကူးရပြီ၊ ဟုတ်တယ်၊ ရှင်ပြောသလို သူဟာ ဖီလာဒယ်ဖီးယားကို ကျေးဇူးဆပ်သင့်တယ် ဆိုတာ မှန်တယ်၊ ဒီတော့ သူ့ကို ကျွန်မတို့ ရုပ်မြင်သံကြားမှာ စီးရီး တစ်ခု အရိုက်ခိုင်းမယ်၊ ဘယ်လို စီးရီးလဲ ဆိုတာတော့ စဉ်းစားသေးတာပေါ့'

'ဒါဖြင့် ဒီလိုလုပ်လေ၊ စန္ဒရား တစ်ကိုယ်တော် တီးခိုင်းရင်ကော'

'သူဟာ ကျွန်မတို့ မျိုးဆက်မှာတော့ အတော်ဆုံး စန္ဒရားဆရာပဲ'

'အတော်ဆုံးပါဗျာ၊ နံပါတ်တစ်မှာ ရှိပါတယ်၊ ဒီတော့ သူ့ကို'

'သူ့ကို ခလုတ်နှိပ် ဂီတရဲ့ သမိုင်းနှင့် ပတ်သက်လို့ သူ့ကို အစဉ်လိုက် သရုပ်ဖော်ခိုင်းရင် မကောင်းဘူးလား'

'ကောင်းတယ်၊ ရှေး စန္ဒရားကြီးတွေ ပေါ်တဲ့ ခေတ်ကနေပြီး နောက်ဆုံး ဆင်သီဆိုက်ဇာတွေ ပေါ်တဲ့ ခေတ်အထိ ခလုတ်နှိပ် ဂီတရဲ့ ဖွံ့ဖြိုး တိုးတက်လာပုံ အကြောင်းကို သရုပ်ဖော်ခိုင်းရမယ်၊ ကောင်းတယ် ကောင်းတယ်'



www.burmeseclassic.com

www.burmeseclassic.com



ဒင်နီက ထို စိတ်ကူးကို အလွယ်တကူ လက်ခံသဖြင့် မာရီယာ အံ့ဩရသေးသည်။

'စည်းကမ်းချက် နှစ်ချက်တော့ တောင်းချင်တယ်၊ ပထမ တစ်ချက်က အသံသွင်းတဲ့ တိပ်ခွေတွေကို ကိုယ် ဖီလာဒယ်ဖီးယားမှာ စတီးတဲ့ တိပ်ခွေမျိုးတွေနှင့် သွင်းပေးရမယ်၊ ဒါမှ ရာဇဝင် အကြောင်းကို ပေါ်မှာ'

'ရတယ်'

'ဒုတိယ စည်းကမ်းချက်က မာရီယာက ပရိဂျူဆာ လုပ်ရမယ်'

'ဖြစ်ပါ့မလား'

'ဘာဖြစ်လို့ မဖြစ်ရမှာလဲ၊ ကိုယ်တို့ စီးရီးဟာ တခြား ရုပ်မြင်သံကြားက ထုတ်လွှင့်နေတဲ့ စီးရီးတွေနှင့် ပြိုင်ရမှာ၊ ဒီတော့ ကိုယ့် စီးရီးမှာ အကောင်းဆုံး စတူဒီယို အဖွဲ့သားတွေဟာ ကိုယ်ကြိုက်တဲ့ လူတွေချည်းပဲ ဖြစ်စေချင်တယ်၊ မာရီယာက ကိုယ် သဘောအကျဆုံး ပရိဂျူဆာ၊ ဒီတော့'

'မာရီယာရဲ့ ဖြတ်တောက် တည်းဖြတ်ထားတဲ့ ကား၊ ဖြတ်စတွေကို ကြည့်ပြီးပြီလား'

'ဟင့်အင်း၊ ဒါတွေကိုတော့ မကြည့်ရသေးဘူး၊ ဒါပေမဲ့ မနေ့ညက မာရီယာ တည်းဖြတ်တဲ့ ဗီဒီယို တစ်ခုကိုတော့ ကြည့်လိုက်ရတယ်၊ ကောင်းသားပဲ'

'ဟုတ်ပြီလေ၊ ဒီလိုဆိုရင် မာရီယာ ပရိဂျူဆာ လုပ်မယ်'

ဒင်နီသည် ရေချိုး၊ အဝတ်အစားလဲ၊ မိတ်ကပ် နည်းနည်း လိမ်းပြီး ရှစ်နာရီထိုးသည်နှင့် နောက်ဆုံး တိပ်ခွေကို ရိုက်ရန် စတူဒီယိုထဲသို့ ဆင်းလာခဲ့သည်။

ပထမ နာရီဝက်မှာ ချောချောမောမောပင်။ ဒင်နီက ဂီတ ပညာရှင်ကြီး လစ်ဇ်၏ ငယ်ငယ် ကလေးဘဝ၊ အဖေက ငယ်ငယ်က ဂီတပညာရှင်ဖြစ်ရန် အတင်းအကျပ် သင်ပေးခဲ့ပုံ၊ အသက် ကိုးနှစ် အရွယ်တွင် ပထမဆုံး ပွဲဝင်၍ တီးခဲ့ပုံ၊ လစ်ဇ်၏ ဂီတဆရာများ အကြောင်းတို့ကို အကျဉ်းချုပ်၍ ပြောသွားသည်။

မာရီယာသည် အသံထိန်း အခန်းထဲမှ နေ၍ သူ့ ခင်ပွန်းကို လှမ်းကြည့်နေသည်။ သည်အချိန်တွင် သူ့ ခင်ပွန်းသည် သူ့ ဆရာ လင်ဒေါက်ကို သတိရနေပေလိမ့်မည်ဟုလည်း တွေးနေသည်။





ဒင်နီက ဂီတပညာရှင်ကြီး လစ်ဇ် အသက် ဆယ့်ခြောက်နှစ် အရွယ်တွင် လန်ဒန်နှင့် ပါရီသို့ သွား၍ တီးခဲ့ပုံတို့ကို အသေးစိတ် ပြောပြနေသည်။

'ဒီအချိန်မှာ တီးရတဲ့ ပွဲတွေကလည်း များ၊ ခရီးကလည်း ပန်းတော့ လူက ကျန်းမာရေးကို တော်တော် ထိခိုက်လာတယ်၊ အမှန်ကတော့ အဲဒီခေတ်ဟာ ဂျက်လေယာဉ်တွေ မပေါ်သေးပေမဲ့ ဆရာကြီးဟာ ခု ကျွန်တော်တို့ ခေတ် ဂျက်လေယာဉ်ခေတ်က လူတွေလိုပဲ ခရီးကို ဆက်တိုက် သွားနေရတယ်၊ ဂျက်လေယာဉ်ခေတ်လို ခရီးတွေ ဆက်တိုက် သွားနေရပေမယ့် အမှန်ကတော့ ဂျက်လေယာဉ် မပြောနှင့် မီးရထားတောင် မပေါ်သေးဘူး၊ ဒီတော့ သိပ် ခရီးပန်းတာပေါ့'

ဒင်နီက လစ်ဇ်၏ အနောက်ပိုင်း ဥရောပပွဲများ အကြောင်းကို ပြောနေသည်။

'ဒါနှင့် သိပ် ပင်ပန်းလွန်းမက ပင်ပန်းတော့ သားအဖ နှစ်ယောက် ပင်လယ်ကမ်းခြေမှာ သွားပြီး အပန်းဖြေကြရတယ်၊ လူမမာ နာလန်ထပေါ့လေ၊ သားငယ်ရဲ့ ဂီတပညာရှင်ရဲ့ ဇာကြောင့်သာ လိုက်ပို့ရတယ်၊ အဖေကလည်း လူကြီး၊ သူက ပိုပြီး ခရီးပန်းတာပေါ့၊ ဒီတော့ လစ်ဇ်ရဲ့ အဖေလည်း ဟိုရောက်တော့ အူရောင်ငန်းဖျား ရောဂါ ဖြစ်ပြီး အဲဒီ နာလန်ထ ခခန်းမှာပဲ ကွယ်လွန်သွားခဲ့တယ်၊ သူ့အဖေ ဆုံးခါနီးမှာ ပြောသွားတဲ့ စကား တစ်ခွန်းကတော့ တော်တော် မှတ်သားဖို့ ကောင်းတယ်၊ အဲဒီစကား တစ်ခွန်းကတော့ မင်း ဂီတကို မိန်းမတွေ ဖျက်ဆီးမှာ ငါ တွေးပြီး ရင်လေးတယ် ဆိုတဲ့ စကားပဲ'

မာရီယာသည် သူ့ စကားကို နားထောင်ရင်း ရင်တွေ ခုန်သွားသည်။ သူ့ စကားသည် မိမိကို ရည်ရွယ် ပြောနေသော စကားပေလား။ မိမိ ကျွမ်းကျင် အမြတ်အစွန်း ရရှိရေး အတွက် သူ့ကို အသုံးချနေသည်ဟု ပြောနေသလား။ နှစ်ကိုယ်ချင်း မပြောဖြစ်ခဲ့သည့် စကားများကို လူပုံ ပရိသတ် အသံဖြင့် ပြောနေလေသလား။ သို့မဟုတ် သူ မိန်းမတွေနှင့် ရှုပ်ထွေးခဲ့သည်ကို နောင်တရ၍ ပြောနေခြင်းပေလား။

မာရီယာ မဝေခွဲနိုင်။

ရုပ်မြင်သံကြား ရိုက်နေစဉ် ဖလင် ကုန်သွားခြင်း၊ တိပ်ခွေ ကုန်သွားခြင်း အချို့သော ရိုက်ချက်များကို မကြိုက်၍ ပြင်ရိုက်ရခြင်း စသည့် အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



များကြောင့် ခဏ ရပ်နားသည်မှ လွဲလျှင် တောက်လျှောက် ရိုက်ချသွားသည်။ ည ဆယ်နာရီ ထိုးပြီးသည့် နောက်ပိုင်းတွင်မူ အခက်ဆုံး အပိုင်းသို့ ရောက်လာသည်။

လစ်ဇ်သည် သူ တစ်ဦးတည်းသာ တီးနိုင်အောင် သူ့ ဂီတများကို ခက်ခက်ခဲခဲ ရေးခဲ့ကြောင်း၊ နောက်တွင် ပုံနှိပ်သည့် အခါကျမှ အခြားသူများပါ တီးနိုင်အောင် တချို့ သင်္ကေတများကို လွယ်ကူအောင် ပြင်ပေးခဲ့ရကြောင်း ဖြင့် ရှင်းပြသည်။

ဒင်နီသည် သည်နေရာသို့ အရောက်တွင် ဂီတ ပညာရှင်ကြီး ကိုယ်တိုင် တီးခဲ့သည့် တီးကွက်များကို သူကိုယ်တိုင် တီးပြချင်လာသည်။ အခက်ဆုံး အပိုင်းကို ရိုက်ရတော့မည်။

ထို့ကြောင့် မာရီယာက ရိုက်ကူးရေး အဖွဲ့သားများအား ဆယ်မိနစ် နားချိန်ပေးကာ ရိုက်ချက် ပျက်မသွားအောင် အားလုံးကို ထပ်မံ စစ်ဆေးခိုင်းသည်။ ဒင်နီ၏ အကောင်းဆုံး အပိုင်းကို စက်ချွတ်ယွင်း၍ ပျက်သွားသည် မျိုး၊ ပြန်ရိုက်ရသည်မျိုး မဖြစ်စေချင်။

အားလုံး ပြင်ဆင်ပြီးနောက် ပြန်ရိုက်ကြသည်။

'ကင်မရာ ဖွင့်ထားပြီ၊ ရိုက်မယ်၊ အသင့်ပြင်ပါ'

မာရီယာက စတူဒီယိုထဲရှိ အသံချဲ့စက်မှ နေ၍ ဒင်နီကို လှမ်းပြောသည်။

ပထမတွင် မီဒီယန်ရှော့ ခေါ် အလတ် ရိုက်ချက်ဖြင့် ရိုက်သည်။ ထို ရိုက်ချက်တွင် ဒင်နီက သူ တီးတော့မည့် အကြောင်းကို ရှင်းပြနေသည်။ ထို့နောက် ကင်မရာက တဖြည်းဖြည်း နောက်သို့ ဆုတ်လာကာ စန္ဒရားတွင် ထိုင်နေသည့် ဒင်နီကို အဝေး ရိုက်ချက်ဖြင့် ရိုက်သည်။ အရေးကြီးသည့် အစိတ်အပိုင်းသို့ ရောက်လျှင် ကင်မရာကို နောက်ကျောဘက်မှ တဖြည်းဖြည်း ကပ်လာပြီး ပခုံးမှ ကျော်ကာ ခလုတ်ပေါ်မှ သူ့ လက်များ လှုပ်ရှားနေပုံကို အနီး ရိုက်ချက်ဖြင့် ရိုက်မည်။

၁၀ နာရီ ၄၅ မိနစ်တွင် ဖရန့်ဇ် လစ်ဇ်၏ တီးလုံးကို စတီးသည်။ ချောချောမောမော မဖြစ်။

ဒင်နီသည် အီးဖလက်ကွန်ရှာတိုဖြင့် စန္ဒရား တီးလုံးကို တစ်ဦးတည်း ဝင်သည်။ သို့ရာတွင် ပင်ပန်းနေသဖြင့် သူ့ လက်သည် စန္ဒရား ခလုတ်များ ပေါ်တွင် တရွတ်ဆွဲကာ စည်းချက် လွတ်နေသည်။





သုံးကြိမ် ပြန်တီးသည့်တိုင် မရ။

'၁၁ နာရီ ထိုးနေပြီ၊ ပင်ပန်းရောပေါ့၊ မနက်ကျမှ ရိုက်ပါတော့လား'

မာရီယာက အသံချဲ့စက်မှ လှမ်းပြောသည်။

'ကိစ္စ မရှိဘူး၊ ဒီစီးရီးကို ဒီနေ့ည ပြီးအောင် ရိုက်ရမယ်၊ ကိုယ့်ကို ခဏလောက် အနားပေးပါ၊ ရပါတယ်'

'ကဲ ဒီလိုဆို အားလုံး ငါးမိနစ် နားမယ်'

အားလုံးပင် ကိုယ့်အခန်းကို ပြန်ကြသည်။ ဒင်နီသည် ဒေါက်တာ ဝှစ်တနေ ပေးထားသည့် မီဂါဗီတာမင် ဆေးလုံးများကို စားသည်။ မီးလုံးများ ပတ်ပတ်လည် ထွန်းထားသည့် မှန်ထဲတွင် သူ့ကိုယ်သူ ပြန်ကြည့်သည်။ အသက်ကို အားရပါးရ ရှူပြီး ကိုယ်ကို ဖြေလျှော့သည်။

ဤတွင် သူ့ ချွတ်ယွင်းချက်ကို သွားတွေ့သည်။ သူ့ လက်ဝဲဘက် လက် လက်မနှင့် လက်ညှိုးသည် မသိမသာ တုန်နေသည်။

ပထမသော် လစ်ဇ်၏ တီးလုံးကို အပြင်း တီးလာခဲ့သဖြင့် သူ့ လက် များသည် ခဏမျှ အကြောလိုက် တုန်နေခြင်း ဖြစ်သည်ဟု ထင်လိုက်သည်။ သို့ရာတွင် မဟုတ်။ သတိထားပြီး လက်ကို မတုန်အောင် ချုပ်တည်းထား သည့် ကြားကပင် သူ့ လက်ချောင်းကလေး နှစ်ချောင်းသည် တဆတ်ဆတ် တုန်နေကြသည်။ ညာဘက်လက်ဖြင့် ဖမ်းဆုပ် လိုက်သည့် အခါတွင်မှ အတုန် ရပ်သွားသည်။

ပင်ပန်းသောကြောင့် ဖြစ်မည်ဟု သူ ထင်သည်။ သူသည် ဆယ်နာရီ လုံးလုံး မရပ်မနား စန္ဒရား တီးနေခဲ့သည် မဟုတ်လော။ သို့ဖြင့် စတူဒီယို ထဲသို့ နောက်တစ်ကြိမ် ထွက်သာ လာခဲ့ရသည်။ သူ့ကိုယ်သူ မသေချာ။

စတူဒီယိုထဲသို့ ပြန်ဝင်လာခဲ့စဉ် သူ စိတ်ကူး တစ်ခု ရသည်။ ထို့ကြောင့် မာရီယာကို သူ လှမ်းခေါ်လိုက်သည်။

'မာရီယာ ခဏ ခဏ'

မာရီယာက သူ့ဆီသို့ ခပ်သုတ်သုတ် လျှောက်လာသည်။

'ဒီမှာ မာရီယာ ဒါရိုက်တာကို ပြောပေးပါ၊ သူ့ရဲ့ ရိုက်ချက် အစီအစဉ် ကို နည်းနည်း ပြောင်းပေးပါလို့'

'ရပါတယ်၊ ဘယ်လို ပြောင်းချင်တာလဲ'

'ဒီလိုလေ၊ စောစောက ရိုက်ချက်မှာ သူက နောက်ကနေပြီး ဆွဲလာပြီး ကိုယ့် ပခုံးပေါ်က ကျော်ပြီး ကိုယ့် လက်ချောင်းတွေကို ရိုက်တယ်၊ ခု နောက်



www.burmeseclassic.com

www.burmeseclassic.com



က မရိုက်ပါနှင့်လို့၊ ရှေ့ စန္ဒရားပေါ်က ကျော်ပြီး ရိုက်ပေးပါလို့’

‘ရှေ့က ရိုက်တာက မခက်ပါဘူး၊ ဒါပေမဲ့ ရှေ့ကနေ ရိုက်ချက်ယူရင် ဒင်နီရဲ့ လက်ချောင်းကလေးတွေကို ဘယ်တွေ့တော့မလဲ၊ စန္ဒရားခုံကြီး ကွယ်နေမှာပေါ့၊ ပြချင်တာက လစ်ဇ်က သူ့ လက်ချောင်းရဲ့ အနေအထားကို ပြသလို ဒင်နီကလည်း သူ့ လက်ချောင်း အနေအထားကို ပုံတူ ပြချင်တာ မဟုတ်လား’

ဒင်နီ ပင်ပန်း နွမ်းနယ်စွာ သက်ပြင်း ချလိုက်သည်။

‘အင်း၊ မာရီယာ ပြောတာ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုယ် သိပ် ပင်ပန်းနေပြီ မာရီယာ၊ ဒီတော့ သူ့ လက်ချောင်းတွေ အနေအထားအတိုင်း တီးနိုင်မှာ မဟုတ်ဘူး၊ ဒီအတိုင်း တီးပြမယ် ဆိုရင် ခဏ ခဏ ပြန်ရိုက်နေရလိမ့်မယ်၊ ဒီအတိုင်းဆိုရင် အသံနှင့် အရုပ်ကို တခြားစီ ရိုက်ပြီး ထပ်ကူးမှ ဖြစ်မယ်၊ တစ်ခါတည်း ရိုက်လို့ရမှာ မဟုတ်ဘူး၊ ကိုယ် တီးထားတဲ့ ကက်ဆက်ကို ပြန်ဖွင့်၊ ကိုယ်က လက်ချောင်း အနေအထားကို ဟန်ပြလောက် လုပ်ပြ’

‘ဒီလိုကြီးတော့ မကောင်းပါဘူး၊ ရှက်စရာကြီး၊ ဘေးလူ မသိပေမဲ့ ပညာရှင်တွေတော့ သိမှာပေါ့၊ ဒင်နီ လုပ်နိုင်ပါတယ်၊ အိမ်မှာ ခဏ ခဏ တီးပြနေကျပဲ၊ ဒီတော့ မနက်ဖြန်မှ ရိုက်ပါ၊ တစ်ရက် စောင့်လိုက်ပါ’

‘ဒီမှာ မာရီယာ၊ ကိုယ်က လုပ်ချင်ပြီ ဆိုရင် ဖြစ်အောင် လုပ်ရမှ ကျေနပ်တာ၊ ကိစ္စ မရှိပါဘူး၊ ဆက်ရိုက်မယ်၊ ရအောင် လုပ်မယ်’

နောက်ဆုံးတွင် ကင်မရာကို ရှေ့မှ ယူပြီး ဒင်နီ၏ မျက်နှာပေါ်မှ စီးရိုက်သည်။ ချောချောမောမော ပြီးသွားသဖြင့် ဒါရိုက်တာမှာ အံ့အားသင့်နေသည်။

မူလ စီစဉ်ထားသည့်အတိုင်း လက်ချောင်းကလေးများကိုမူ မရိုက်နိုင်တော့။ ကင်မရာ အဖွဲ့သားများက ထိုအချက်ကို သတိမထားလိုက်မိကြသည့်တိုင် ဒင်နီကမူ ကောင်းကောင်း သတိထားလိုက်မိသည်။

**အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း**

ဇန်နဝါရီ ၉၊ ၁၉၇၈။

ကောင်းတဲ့ အရိပ် လက္ခဏာပဲ ဆိုပြီး ဝမ်းသာလို့ မဆုံးနိုင်ဘူး။

သားကြီး အင်ဒီက အရှေ့ပိုင်းကို သွားပြီး နာတာလူး ပွဲတော်မှာ





သူ့ အမေနှင့် သွားနေတယ်။ သူ့ အမေရဲ့ ဘော့စ်လည်း ပါတာပေါ့လေ။ ပြန်လာတော့ ကိုယ့် ရုံးခန်းကို ရောက်လာပြီး ကိုယ်နှင့် နေ့လယ်စာ အတူ စားရအောင်လို့ ဖိတ်တယ်။ အလိုလေးလေး။ ကိုယ့်သားက ကိုယ့်ကို မိတ်ဆွေ သူငယ်ချင်းလို တွေ့ချင်တယ် ဆိုပါတော့။ ကောင်းပါတယ်။ သူကလည်း အရွယ်ရောက်လာပြီပဲ။ လာမယ့် စက်တင်ဘာလ ဆိုရင် ကောလိပ်ကို တက်ရတော့မယ် မဟုတ်လား။ သူ့ကို ဟားဗတ် တက္ကသိုလ်ကို တက်ရအောင် နားချရရင် ရမယ်လို့ မျှော်လင့်ရတာပဲ။

ဒီတော့ ကိုယ်က ဘယ်မှာ နေ့လယ်စာ စားမလဲ၊ ဟားဗတ် တက္ကသိုလ် ကလပ်ကို သွားစားမလားလို့ မေးတယ်။ ဒီတော့ သူက ဘူဇွာဆန်တယ်တဲ့။ အဲဒီ အလုပ်မှာ မစားချင်ဘူးတဲ့။ ဒီကတည်းက ကိုယ် တွက်တာ မှားပြီ၊ ပြဿနာ တစ်ခုခုတော့ ရှိပြီလို့ ကိုယ် ထင်လိုက်ပါတယ်။

ဒါနှင့် သူက ဂရင်းဝစ် ရွာမှာ ရှိတဲ့ စားသောက်ဆိုင် တစ်ခုကို ခေါ်သွားတယ်။ ကိုယ်ကတော့ ဟင်းသီး ဟင်းရွက်ကိုပဲ စားတယ်။ ကိုယ်တို့ နှစ်ယောက် ကြားမှာ ရှိနေတဲ့ ကွာဟမှုကို ကျဉ်းသွားအောင် ဆိုပြီး ကိုယ်က ချစ်ဖွယ် စကားတွေနှင့် ကြိုးစားပါသေးတယ်။ ဒါပေမဲ့ ခါတိုင်းလိုပဲ သူက ခပ်စိမ်းစိမ်းပဲ။

ကျောင်းနေဖို့ကိစ္စ စကားစပ်ကြတော့ ကိုယ်က ဟားဗတ်ကို မတက်ချင်ရင်လည်း နေနိုင်ကြောင်း၊ သူ ကြိုက်တဲ့ တက္ကသိုလ်ကို တက်နိုင်ကြောင်း၊ ကိုယ်က ကျောင်းစရိတ် အဝဝကို တာဝန်ယူမယ့် အကြောင်း ပြောပြတယ်။

သူက ကိုယ့်ကို အင်္ဂါဂြိုဟ်က လာတဲ့ လူတစ်ယောက်လို စိန်းစိန်းကြီး ကြည့်ပြီး အမေရိက ပညာရေး စနစ်ဟာ အသုံးမကျကြောင်း၊ အနောက်တိုင်း တစ်ခုလုံးဟာ ပျက်စီး ယိုယွင်းနေတဲ့ အကြောင်း၊ အရေးကြီးတာက စိတ်ဓာတ်ကို ဖွံ့ဖြိုးအောင် လုပ်ဖို့ အရေးကြီးကြောင်းကို အစော်ကြာကြာ ရှင်းပြတယ်။

ဒီတော့ ကိုယ်က သူ ဘယ်လိုပဲ ဆုံးဖြတ် ဆုံးဖြတ် ကိုယ်က ထောက်ပံ့မယ့် အကြောင်း ပြောပြတယ်။

သူက ကိုယ် ထောက်ပံ့မယ် ဆိုတာကို သူ အမျှော်ကြီး သံသယ ရှိကြောင်း၊ ဘာဖြစ်လို့လဲ ဆိုတော့ သူ ချမယ့် ဆုံးဖြတ်ချက်ဟာ သူ့



www.burmeseclassic.com

www.burmeseclassic.com



မိသားစု၊ သူ့ ဆွေမျိုးစု တစ်စုလုံးကို စွန့်လွှတ်မယ့် ဆုံးဖြတ်ချက် ဖြစ်တဲ့ အကြောင်း ပြောပြတယ်။

ကိုယ် နားမလည်နိုင်အောင် ဖြစ်သွားတယ်။ ဒါနဲ့ မင်း ပြောချင်တဲ့ အဓိပ္ပာယ်က ဘာလဲလို့ သူ့ကို မေးရတယ်။

ဒီတော့မှ ကိုယ်တော်ချောက သူဟာ အဲလီယော့မျိုး၊ အင်ဒရူးမျိုး မဟုတ်တော့ဘူးတဲ့။ သူ့ နာမည်ကို ဈာနနန္ဒာလို့ ပြောင်းလိုက်ပြီတဲ့။ သူ့နာမည်ကို စာလုံး မပေါင်းတတ်လို့ သူ့ကို အပေါင်းခိုင်းရသေးတယ်။ အဲဒါ ဟိန္ဒူ စကားတဲ့။ အဓိပ္ပာယ်က ပျော်ရွှင် ချမ်းမြေ့မှုကို နှစ်လိုသူလို့ အဓိပ္ပာယ် ထွက်တယ်တဲ့။ ပြုံးပြုံးရွှင်ရွှင်နှင့်ပဲ နားထောင်ခဲ့ပါတယ်။ ကိုယ်တို့ အမျိုးထဲမှာ ဒီလို နာမည် မှည့်တာဟာ မင်း ပထမဆုံးပဲလို့လည်း ပြောလိုက်တယ်။

သူက သူဟာ အဲလီယော့မျိုးလည်း မဟုတ်တော့ဘူးတဲ့။ ကိုယ်တို့ မျိုးဆက်ရဲ့ အကျင့်ပျက်မှုတွေကို သူ မနှစ်သက်ဘူးတဲ့။ သူ ကျောင်းလည်း မတက်တော့ဘူးတဲ့။ တရား ဘာဝနာကို အားထုတ်တော့မယ်တဲ့။ ဒါကြောင့်မို့ သူ့ အဖို့ အဲလီယော့ မိသားစုက ပေးတဲ့ အကူအညီတို့၊ ငွေကြေးတို့လည်း မလိုတော့ဘူးတဲ့။

ဒါဖြင့် ဘယ်လို စားသောက်နေမှာလဲလို့ မေးတော့ သူက ကိုယ် နားမလည်နိုင်တဲ့ အဖြေကို ပြောပြတယ်။ သူ့ အဖြေက ဒဿန ဆိုင်ရာတွေလေ။ ကိုယ်က ဒဿနတွေ ထားပါ၊ မင်း တကယ် ဘယ်လို စားသောက်နေမှာလဲ၊ ဘယ်မှာ နေမှာလဲလို့ မေးတယ်။

သူက သူ့ ဆရာ ဂုရုရဲ့ ခြေတော်ရင်းမှာ နေမယ်တဲ့။ ခုလောလောဆယ်မှာတော့ သူ့ ဂုရုဟာ ဆန်ဖရန်စစ္စကိုမှာ တရားဒေသနာတွေကို ဟောနေတယ်တဲ့။ ဒါပေမဲ့ သူ့ ကံအကြောင်းတရားက သူ့ကို အိန္ဒိယပြည်ကို ပြန်ဖို့ စေခိုင်းနေပြီတဲ့။ ဒီတော့ ကိုယ်က မင်းမှာ သုံးဖို့ ငွေ ပိုက်ဆံ ဘယ်က ရမလဲလို့ မေးတော့ သူ့မှာ ပိုက်ဆံ မလိုဘူးတဲ့။ လက်တွေ့မှာ ဘယ်လို စားသောက် နေမှာလဲလို့ မေးတော့ သူ ဂုရုရဲ့ သာဝကများလိုပဲ အလှူခံပြီး စားမယ်တဲ့။

ကိုယ်က ကိုယ်ဟာ ရက်ရောတဲ့ အကြောင်း၊ တခြားသူများကိုလည်း ဒီလို ထောက်ပံ့ ပေးကမ်းနေတဲ့ အကြောင်း၊ ဒါကြောင့်မို့ ကိုယ့်ဆီက အလှူခံဖို့ အကြောင်း ပြောတော့ သူက အလှူမခံဘူးတဲ့။





ဒီလို အလှူခံရင် သူ့အဖို့ နှောင်ကြိုးရစ်တာနှင့် အတူတူပဲတဲ့။ သူ့မှာ ဘာနှောင်ကြိုးမှ မရှိဘဲ ပျံသန်းချင်တယ်တဲ့။

စားသောက်ပြီးတော့ သူ ထိုင်ရာက ထပြီး ကိုယ့်ကို ငြိမ်းချမ်းဖို့ ဆုတောင်းပြီး သွားမယ် လုပ်တယ်။ ကိုယ်က သူ့ လိပ်စာကလေးကို ပေးခဲ့ဖို့ တောင်းတယ်။ ဒီတော့ သူက ကိုယ်ဟာ သူ့လို တရား ဘာဝနာကို အားမထုတ်ရင်၊ ရုပ်ဝတ္ထုတွေနှင့် အဆက်ဖြတ်ခြင်း မပြုရင် သူ့ကို ဘယ်တော့မှ ရှာလို့ တွေ့မှာ မဟုတ်ဘူးတဲ့။ ကိုယ်ဟာ ဒါတွေကိုလည်း ဘယ်တော့မှ စွန့်လွှတ် ဖြတ်တောက်နိုင်မှာ မဟုတ်ဘူးတဲ့။

သွားခါနီးတော့ ကိုယ့်အတွက် ဆုတောင်းသွားသေးတယ်။ ကောင်းချီး ပေးသွားတဲ့ သဘောပေါ့လေ။

ပြီးတော့ ကိုယ့်ကို အစစအရာရာ အတွက် ခွင့်လွှတ်တဲ့ အကြောင်း၊ ဒီစည်းစိမ်ဥစ္စာတွေကို မက်မောနေတဲ့ အတွက်၊ ဘူဇွာဆန်နေတဲ့ အတွက်၊ မောဟ ဖိတ်ဖုံးနေတဲ့ အတွက် ကိုယ့်ကို ခွင့်လွှတ်ပါတယ်တဲ့။ ကိုယ့်ခေတ်ရဲ့ သားကောင် ဖြစ်ရတဲ့ အတွက် ကိုယ့်အပေါ်မှာလည်း ဘာမှ အပြစ် မဆိုလိုပါဘူးတဲ့။

သူ ထွက်သွားပြီး ခပ်လှမ်းလှမ်း ရောက်တော့ ကိုယ့်ဘက် လှည့်ပြီး 'ငြိမ်းချမ်းပါစေလို့' ဆုတောင်းသွားသေးတယ်။

အမှန်ကတော့ ကိုယ့်သားဟာ အရွယ် မရောက်သေးဘူး။ ဒါကြောင့် ရဲကို ခေါ်ပြီး စိတ္တဇ ဆေးရုံကို ပို့နိုင်တယ်။ ဒါပေမဲ့ နဂိုကမှ ကိုယ့်အပေါ်မှာ သူစိမ်းပြင်ပြင် ဖြစ်နေရတဲ့ အထဲ ဒီလို လုပ်လိုက်ရင် ကိုယ့်ကို မုန်းသွားမှာ စိုးလို့ မလုပ်လိုပါဘူး။

ကိုယ်ဟာ ပန်းကန်ပြားထဲမှာ ရှိတဲ့ ဟင်းရွက်ကြော်တွေကို ကြည့်ရင်း ဘယ်လို သားမျိုးကိုများ မွေးမိပါလိမ့်လို့ တွေးနေမိတယ်။

'ဆရာ ဒင်နီရေ၊ အခြေအနေကတော့ မကောင်းဘူး'

ဒင်နီသည် နာမည်ကျော် အကြော ပါရဂူ ဒေါက်တာ ဝိုင်[illegible] ရုံးခန်းတွင် ထိုင်နေသည်။ ဆရာဝန်ကြီးအား မိမိ ကျန်းမာရေးနှင့် ပတ်သက်၍ မည်သို့မျှ ပေါက်ကြားခြင်း မရှိရန် တောင်းပန်ပြီးနောက် ဒင်နီသည် ဆေး



www.burmeseclassic.com

www.burmeseclassic.com



စစ်ခဲ့သည်။ ဆရာဝန်များက ရောဂါအမည်ကို မပေးမီ ကတည်းကပင်လျှင် ဒင်နီသည် သူ့ အခြေအနေကို သူ သိနေပြီ။ နှစ်ပေါင်း လေးဆယ်လုံးလုံး သူ့ ဦးနှောက်၏ စေခိုင်းချက်ကို လိုက်နာသည့် သူ့ ဘယ်ဘက်လက်သည် စတူဒီယိုထဲတွင် စန္ဒရားတီးသည့် ညကတည်းက သူ့ ဦးနှောက်၏ စေခိုင်းချက်ကို ဗီဆန်ခဲ့သည်။

နောက်တစ်နေ့တွင် ဒင်နီသည် အိမ်တွင် အစမ်း သွင်းထားသည့် တိပ်ခွေများကို ယူကာ စတူဒီယိုသို့ လာခဲ့သည်။ ထို့နောက် သူ၊ မာရီယာနှင့် အသံဖမ်း အင်ဂျင်နီယာ တစ်ဦးတို့နှင့် အတူ မနေ့ညက သူ့လက် တီးကွက် မကျခဲ့သည့် နေရာတွင် တိပ်ခွေကို ဖြတ်ပြီး ကပ်သည်။

ထိုသို့ ကိုယ်တိုင်ကိုယ်ကျ မဟုတ်ဘဲ တိပ်ခွေမှ အသံသွင်း၍ ကပ်ရသည့် ကိစ္စတွင် သူ့ ဇနီး မာရီယာ သိသည့်တိုင် သူသည် မာရီယာကိုလည်း မယုံချင်။

မာရီယာကလည်း ဒင်နီကို အကဲခတ်နေသည်။ ဒင်နီက အသံသွင်းသည့် နေရာတွင် အင်ဂျင်နီယာ တစ်ယောက်ကိုသာ ခေါ်ထားရမည်ဟု ဆိုကာ အင်ဂျင်နီယာက စိတ်ချရရဲ့လား၊ ယုံရရဲ့လား စသည့် မေးခွန်းတွေကို တစ်မေးတည်း မေးနေသည်။

ဒင်နီသည် ထိုကိစ္စကို ဘာ့ကြောင့် အရေးတကြီး ဖြစ်နေရသနည်း။ မာရီယာ နားမလည်နိုင်။

သို့ဖြင့် ဒင်နီသည် အကြောပါရဂူထံ ရောက်လာခဲ့ရခြင်း ဖြစ်သည်။

ပထမတွင် အကြောပါရဂူကြီးသည် ဒင်နီ၏ စကားများကို တိတ်ဆိတ်စွာ နားထောင်နေသည်။ ဒင်နီက သူ့ လက်ဝဲဘက်လက် တုန်ယင်နေကြောင်းကို ပြောပြသည်။ ထို့နောက် အသံသွင်းရန် စန္ဒရားတီးရင်း သူ့ ဝဲဘက်လက်သည် သူ့ အလိုကို လိုက်ရန် ငြင်းဆန်နေကြောင်းကို သတိထားမိသည်ဟု ဆိုသည်။

'အစတုန်းကတော့ အားနည်းလို့လို့ ထင်လိုက်တာပဲ ဒေါက်တာ၊ ဒါမှ မဟုတ်ရင်လည်း အာရုံကြော အားနည်းလို့ပဲပေါ့၊ ဒါနှင့် ကျွန်တော် ကိုယ်တိုင် မော်ဆော်ကားကို ခပ်ကြမ်းကြမ်း မောင်းကြည့်တယ်၊ ဒီတော့လည်း အကောင်းပဲ'

'တစ်ခုခု ဖြစ်လို့ နေမှာပေါ့'

'ဟုတ်လား ဒေါက်တာ'





'ခင်ဗျားက မသိလို့ပါ၊ ခင်ဗျား ဘယ်ဘက်လက်က နည်းနည်း တုန်နေတယ်၊ ခင်ဗျား လက်ယာဘက် လက်ထက် လှုပ်ရှားမှု နည်းနည်း နှေးနေတယ်၊ ကျွန်တော်တို့ ဝေါဟာရနှင့်တော့ ဘရက်ဒီကိုင်နီးစီးယားလို့ ခေါ်တာပေါ့၊ ခင်ဗျား ဦးနှောက်ရဲ့ မော်တာ တစ်ဝိုက်မှာ တစ်ခုခု နည်းနည်း ချွတ်ယွင်းနေလို့ ဖြစ်တာ'

'ဘာ ချွတ်ယွင်းတာလဲ ဒေါက်တာ၊ အကျိတ်တို့ ဘာတို့ ရှိနေသလား'

အကြောက်ကြောင့် သူ့ လက်ဝဲဘက် လက်သည် ပို၍ တုန်လာသည်။

'ဟင့်အင်း၊ မရှိပါဘူး၊ ခင်ဗျား ဦးနှောက် ဓာတ်မှန်ထဲမှာ ဘာမှ မတွေ့ရပါဘူး'

'အမယ်လေး၊ တော်သေးတာပေါ့ ဒေါက်တာရယ်၊ ဒီလိုဆိုရင် ကျွန်တော် အလုပ်ကောင်းကောင်း ပြန်လုပ်နိုင်အောင် ဘယ်လို ကုရမှာလဲ ဒေါက်တာ'

ဒေါက်တာ ဝိုက်စ်မင်းက တိုးတိတ်စွာ ပြောသည်။

'ခင်ဗျား အခြေအနေကို ကုလို့ ရမယ်လို့ ပြောရင် ကျွန်တော် မရိုးသားရာ ရောက်မယ်၊ ကျွန်တော်တို့ အဖို့ အဲဒီရောဂါ တော်တော်နှင့်တော့ ဆိုးဆိုးဝါးဝါး မဖြစ်ဘူးလို့ မျှော်လင့်ရုံပဲ တတ်နိုင်မယ် ထင်တယ်'

'ဒါဖြင့် ကျွန်တော့်ရဲ့ ညာဘက်လက်ကိုလည်း ကူးလာနိုင်တယ်ပေါ့'

'သဘောတရားအားဖြင့်တော့ ဟုတ်တယ်၊ ဒါပေမဲ့ ခင်ဗျားတို့လို လူငယ်တွေ အဖို့တော့ ဒီလောက် မြန်မြန်ဆန်ဆန် မပျံ့နှံ့နိုင်ပါဘူး၊ တစ်ဖက်တည်းနှင့်ပဲ ရပ်သွားချင် ရပ်သွားမှာပါ၊ ပြီးတော့ ကိုယ်ခန္ဓာ လှုပ်ရှားနိုင်စွမ်း ရပ်သွားတယ် ဆိုတာမျိုးကလည်း ဖြည်းဖြည်းချင်း ဖြစ်သွားတာမျိုးပါ'

'ဒါဖြင့် ဒေါက်တာ၊ ဒေါက်တာတို့ ဆရာဝန်တွေဟာ ဒါမျိုးတွေကို မကုနိုင်တော့ဘူးလား'

'ဦးနှောက် ဆိုတာဟာ ကျွန်တော်တို့ ဆေးပညာအဖို့ ခုထိ လျှို့ဝှက်ဆန်းကြယ်တဲ့ အရာ ဖြစ်နေသေးတယ်လေ၊ ခုလောလောဆယ်မှာ ကျွန်တော်တို့ တတ်နိုင်တာက ရောဂါ လက္ခဏာတွေကို ဖုံးထားတဲ့ အရာတွေကို ကုသပေးနိုင်တာလောက်ပဲ ရှိတယ်၊ ဒီတော့ ခင်ဗျားမှာ တုန်တုန်ယင်ယင် ဖြစ်နေလို့ ရှိရင် အဲဒါကို နောင် နှစ်ပေါင်း တော်တော်ကြာသည် အထိ ကျွန်တော်တို့ ဖုံးကွယ်ထားနိုင်ဦးမှာပါ'

'ဒီဆေးတွေကို သောက်နေရင် ကျွန်တော် စန္ဒရား တီးနိုင်ပါဦးမလား



www.burmeseclassic.com

www.burmeseclassic.com



ဆရာ'

ဒေါက်တာ ဝိုက်ဇ်မန်းက မျက်မှန်ကို ချွတ်ပြီး လည်စည်းဖြင့် သုတ်နေသည်။ မျက်မှန်ကို သုတ်ဖို့ လိုအပ်သောကြောင့် မဟုတ်ပါ။ သူ ပြောမည့်စကားကို ကြားသည့်အခါတွင် ဒင်နီ မျက်နှာကို သဲကွဲစွာ မမြင်လိုသောကြောင့် ဖြစ်ပါသည်။

'မစ္စတာ ဒင်နီ၊ ခင်ဗျားကို ကျွန်တော် အနုပညာရှင် တစ်ယောက်အနေနှင့် လေးစားပါတယ်၊ မှတ်မိသလောက် ပြောရမယ် ဆိုရင် ခင်ဗျားရဲ့အရည်အချင်းက တီးလုံး အမျိုးမျိုးကို တီးနိုင်တဲ့ ခင်ဗျားရဲ့ လက်သံ'

ဒေါက်တာ ဝိုက်ဇ်မန်းသည် စကားကို ဖြတ်လိုက်ပြီးနောက် ဆက်ပြောသည်။

'ဒီတော့ ကျွန်တော် သိသလောက် ပြောရမယ်ဆိုရင် ခင်ဗျား စန္ဒရားတီးနိုင်တော့မယ် မထင်ဘူး'

'လုံးလုံး မတီးရတော့ဘူးလား ဆရာ'

'လုံးလုံးတော့ မဟုတ်ပါဘူး၊ ခင်ဗျားရဲ့ ညာဘက်လက်က ကောင်းနေသေးတာပဲ၊ ဒီတော့ တီးဝိုင်းကြီးတွေမှာ အချက်ပြ တီးဝိုင်း ဆရာတော့ လုပ်လို့ရပါသေးတယ်၊ ဒီလောက် ဆိုရင်တော့ ပြဿနာ မရှိပါဘူး'

ဒင်နီ စကား မပြောနိုင်။

'ဒီတော့ ခင်ဗျားတို့ ရုပ်မြင်သံကြားက ရတဲ့ အတွေ့အကြုံ အရ ကျွန်တော် ပြောမယ်၊ ခင်ဗျား သိတဲ့အတိုင်း ကမ္ဘာကျော် ဂီတ ပညာရှင်ကြီးတွေဖြစ်တဲ့ ဘက်တို၊ မိုးဇက်တို့၊ ဘီသိုဗင်တို့ဟာ အစတုန်းကတော့ စန္ဒရား ဆရာအဖြစ် ဘဝကို စခဲ့ကြတာပဲ၊ ဒါပေမဲ့ သူတို့ ဒီနေ့အထိ ထင်ရှား ကျန်ရစ်ခဲ့တာက သူတို့ လက်သံတွေ မဟုတ်ဘူးဗျ၊ သူတို့ တေးသွားတွေ၊ ဒီတော့ ခင်ဗျား ခွန်အားတွေကို စန္ဒရား ခလုတ်တွေပေါ်မှာ မဖြုန်းတော့ဘဲ သီချင်းစပ်တဲ့ နေရာမှာ သုံးပါလို့ အကြံပေးချင်တယ်'

ဒင်နီသည် မျက်နှာကို လက်ဝါးဖြင့် အုပ်ကာ သည်းထန်စွာ ငိုရှိုက်မိသည်။ သူ တစ်သက်တွင် သည်လောက် သည်းထန်စွာ တစ်ခါမျှ မငိုဖူးခဲ့။

ဒေါက်တာ ဝိုက်ဇ်မန်းသည် နောက်ထပ် ဘာမျှ မပြောတော့။ ဒင်နီသည်လောက် စိတ်ထိခိုက်မည် မထင်သဖြင့် ပြောခဲ့မိခြင်း ဖြစ်သည်။ ယခုမှသူ နောင်တရနေသည်။

ဒင်နီသည် ငိုရှိုက်ခြင်းကို ရပ်ပြီးနောက် ထိုင်ရာမှ ဖြုန်းခနဲ ထကာ





အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လမ်းလျှောက်နေသည်။

'ဒေါက်တာ နားမလည်ဘူး ဒေါက်တာ၊ ကျွန်တော်ဟာ စန္ဒရား ဆရာတစ်ယောက်၊ နာမည်ကျော် စန္ဒရား ဆရာ တစ်ယောက်'

'ဟုတ်ပါတယ်၊ ကျွန်တော် သိပါတယ်'

ဒေါက်တာ ဝိုက်ဇ်မန်းက ခပ်တိုးတိုး ပြောသည်။

'မဟုတ်ပါဘူး၊ ဒေါက်တာ ကျွန်တော် ဆိုလိုတာကို နားမလည်ပါဘူး၊ ကျွန်တော်က စန္ဒရားဆရာ ဒေါက်တာ၊ သံစုံတီးဝိုင်းကို ခေါင်းဆောင်တဲ့ အချက်ပြဆရာ မဟုတ်ဘူး၊ နည်းနည်းပါးပါးပဲ ကျွမ်းကျင်တာ၊ လုပ်ရင် ဒုတိယတန်းစားပဲ ဖြစ်မှာ၊ ပထမတန်းစား မဖြစ်နိုင်ဘူး'

'ဒါကတော့ ခင်ဗျားကိုယ်ကို ခင်ဗျား လျှော့တွက်ထားလို့ပါ'

'မဟုတ်ပါဘူး ဒေါက်တာရယ်၊ ကိုယ့်ဘာသာ သိတာပေါ့၊ ကျွန်တော်ဟာ စန္ဒရား တီးတာမှာပဲ တော်တယ်၊ ခုတော့ ကမ္ဘာမှာ ကျွန်တော် အတော်ဆုံး အကျွမ်းကျင်ဆုံး အရာ တစ်ခုကို ဒေါက်တာက မလုပ်နှင့်တော့တဲ့၊ ရပ်ပစ်လိုက်တော့တဲ့'

'မဟုတ်ပါဘူး၊ ကျွန်တော် ပြောတာကို နားထောင်ပါ၊ ကျွန်တော် ခင်ဗျား ပညာကို သတ်ပစ်တာ မဟုတ်ဘူး၊ ခင်ဗျား ခန္ဓာကိုယ်မှာ ချွတ်ယွင်းချက်ရှိနေလို့ ပြောတာပါ'

'နေစမ်းပါဦး ဒေါက်တာရယ်၊ ခုလိုကော ဘာကြောင့် ဖြစ်ရတာလဲ'

'အကြောင်းတွေကတော့ အများကြီးပဲ၊ အရင်တုန်းကတည်းက ဖြစ်ခဲ့ပြီး ခုမှ ပေါ်လာတာလည်း ဖြစ်နိုင်တယ်၊ အင်စီဖာလိုက်တစ်တို့လို ရောဂါမျိုးကြောင့်လည်း ဖြစ်နိုင်တယ်၊ ပြီးတော့ ဆေးဝါးတွေ မှီဝဲလို့လည်း ဖြစ်နိုင်တယ်'

'ဘယ်လို ဆေးဝါးတွေမျိုးလဲ ဒေါက်တာ၊ ပြောပါ'

'ခင်ဗျား ကိစ္စမှာတော့ ဆေးဝါးကြောင့် ဖြစ်တာ မဟုတ်ပါဘူး ခင်ဗျား သုံးတဲ့ ဆေးဝါးတွေကို ကျွန်တော် ပြောပြီးပြီပဲ၊ အဲဒါတွေကြောင့်တော့ မဟုတ်ပါဘူး'

'ဒါပေမဲ့ ကျွန်တော် လိမ်ပြောခဲ့တာ ဒေါက်တာ၊ ကျွန်တော် ချန်ထားခဲ့တဲ့ ဆေးဝါးတွေ ရှိသေးတယ်၊ ကျွန်တော့်မှာ တီးဝိုင်းတွေမှာ အဆင်ပြေပြေ တီးနိုင်နေအောင် စိတ်ကြွဆေးတွေ သုံးခဲ့ရတာတွေ ရှိတယ်'

'ဖြစ်နိုင်တယ်၊ ဒီပြင် ဆေးဝါးတွေကော ရှိသေးသလား၊ ပြန် ခဲ့ပြီးစား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်းပါဦး’

ဒင်နီသည် ရုတ်တရက် စိတ်ဆိုးသွားကာ ‘ဒီ ဒေါက်တာ ဗုစ်တနေ ဆိုတဲ့ ငနဲကြီး လျှောက်ပေးတာတွေ အကုန် စားတာပဲ၊ ကျွန်တော် ဒီငနဲကြီးကို သတ်ချင်တယ်’ ဟု ပြောသည်။

‘ဗီတာလီ တောင်ကုန်း ရပ်ကွက်က နာမည်ကြီး ဒေါက်တာ ဗုစ်တနေ လား၊ ဒုက္ခပဲ’

ဒေါက်တာ ဝိုက်ဇ်မန်းက ပြောသည်။

‘ဒေါက်တာ သူ့ကို သိသလား’

‘သူ့ ဆေးတွေ တိုက်လို့ ကိုးရိုးကားရား ဖြစ်ပြီး ရောက်လာတဲ့ လူနာ တွေဆီက တစ်ဆင့် သိတာပေါ့၊ လူကိုယ်တိုင်တော့ မသိပါဘူး၊ ဒီလို ဆိုရင် မေးရဦးမယ်၊ သူ ပေးတဲ့ ဗီတာမင် ဆေးတွေကြောင့် ခင်ဗျား အိပ်လို့ မပျော် တာမျိုး ဖြစ်ဖူးသလား’

‘ဟုတ်ပါတယ်၊ ဒါပေမဲ့’

‘ဖီနိုဆိုင်ယာဇင်း ပေးတယ် မဟုတ်လား’

ဒင်နီ ခေါင်းညိတ်သည်။

‘ဖီနိုတွေ သောက်နေတာ ဘယ်လောက် ကြာပြီလဲ’

‘နှစ်နှစ် သုံးနှစ်လောက်တော့ ကြာပြီ ထင်တယ် ဒေါက်တာ၊ ဒီလောက် သောက်ရုံနှင့်’

အကြော ပါရဂူက စိတ်ပျက် လက်ပျက်ဖြင့် ခေါင်းကို ယမ်းသည်။

‘ဒီလူ့ကို ဆရာဝန် လိုင်စင် ပြန်သိမ်းဖို့ ကောင်းနေပြီ၊ ဒါပေမဲ့ ခက် နေတာက သူ့ နောက်မှာ အာဏာရှိတဲ့ လူတွေက အကာအကွယ် ပေးထား တော့ ခက်တာပေါ့ဗျ’

‘ကျွန်တော့်ကို ဘာဖြစ်လို့ ဒီဆေးတွေ ပေးတာလဲ ဒေါက်တာ’

ဒေါက်တာ ဝိုက်ဇ်မန်း၏ အဖြေမှာ ခပ်စောစောက သူ ပြောခဲ့သည့် စကားများထက်ပင် ပြင်းထန်သည်။

‘အမှန်ကတော့လည်း ဒေါက်တာ ဗုစ်တနေကိုချည်း အပြစ် မတင်သင့် တော့ဘူးဗျ၊ လူနာတွေကလည်း လူနာတွေပဲ၊ ကိုယ် ဘာတွေ သောက်နေတယ် ဆိုတာကို နည်းနည်းလေးမှ သိတဲ့ လူတွေ မဟုတ်ဘူး၊ ခင်ဗျား တစ်ယောက် သာ ဉာဏ်ရှိလို့ ဘာဆေးလဲ ဆိုတာ သိတာ’





ဒင်နီသည် လမ်းနှစ်ဆယ် ဝေးသည့် ဟူးရော့၏ ရုံးခန်းသို့ ယောင်တော် ယောင်အဖြင့် လျှောက်လာခဲ့သည်။

ဒေါက်တာ ဝိုက်ဇ်မန်း မပြောခင် ကတည်းက သူ စန္ဒရား တီးနိုင်ပါ တော့မည်လားဟု စိုးရိမ်ခဲ့သည်။ ဆရာဝန်၏ စကားကို ကြားခဲ့ရသည့် အခါ တွင်မူ သူသည် ထိတ်လန့် တုန်လှုပ်နေသည်။ ဆရာဝန်က သူ့ကို စန္ဒရား မတီးရတော့ဟု ပိတ်ပင်လိုက်ပြီ။ သူသည် ထို နာကျင်ဖွယ် ကောင်းသည့် ဆုံး ဖြတ်ချက်ကို လိုက်နာရတော့မည်။

သူတို့ နှစ်ယောက်တည်း ရှိသည့်အခါတွင် ဒင်နီက သူသည် ကျန်အချိန် များကို သီချင်းများ ရေးတော့မည်ဟု စိတ်ကူးကြောင်းဖြင့် ဟူးရော့ကို ပြော သည်။

တကယ်တော့ ဆရာဝန် ပြောလိုက်သလို မိုးဇက်၏ အသံကို မည်သူ သတိရသေးသနည်း။ လစ်ဇ်၏ လက်သံကို မည်သူ သတိရသေးသနည်း။ သူ တို့၏ တေးသီချင်းများသာလျှင် အရှည် တည်သည် မဟုတ်လော။

‘အင်း အိမ်မှာ နေပြီး မာရီယာနှင့် သမီးတွေနှင့်ပဲ အချိန်ကုန်ရတော့ မှာပေါ့ဗျာ၊ ဒါပေမဲ့ဗျာ၊ ကျွန်တော် နေလို့ မကြာခင် သမီးတွေကလည်း အရွယ် ရောက်ပြီး သူတို့လမ်းကို သူတို့ ခွဲသွားကြတော့မှာပါ၊ ကျွန်တော့်မှာ မိသားစု ပျော်ရွှင်မှုကို ရချိန်ရှိလိုက်မှာ မဟုတ်ပါဘူး’

ဟူးရော့သည် တစ်ယောက်တည်း ပြောနေသည့် ဒင်နီ၏ စကားများ ကို ဝင်ရောက် စွက်ဖက်ခြင်း မပြု။ သူ့ရှေ့မှ ဂီတ ပညာရှင်ကြီးများသည် စော စောစီးစီး အငြိမ်းစား ယူကာ တေးသီချင်းများကို စပ်သွားကြသည် ဟူသော အတွေးဖြင့် သူ့ကိုယ်သူ ဖြေသိမ့်ရန် ကြိုးစားနေသော ဒင်နီကို ကြည့်နေသည်။

‘ခင်ဗျား ဆုံးဖြတ်ချက်ကို ကျွန်တော် လေးစားပါတယ် ဒင်နီ၊ ဒါပေမဲ့ ဒီနှစ်မှာ ကျွန်တော်တို့ လက်ခံထားတဲ့ အရေးကြီးတဲ့ ပွဲ နှစ်ပွဲ ကျန်သေးတယ်၊ ဒီပွဲ နှစ်ပွဲကိုတော့ တီးပေးပါဦး’

ဒင်နီသည် တွေနေသည်။ ဟူးရော့သည် သူ့အပေါ်တွင် ကောင်းခဲ့၏။ သူ့အပေါ်တွင် ကူညီ ရိုင်းပင်းခဲ့ပါ၏။ သူ့အပေါ်တွင် ကြင်နာခဲ့၏။ ထို့ကြောင့် အမှန်အတိုင်းကို မပြောရက်။ မပြောချင်။

သို့ရာတွင် မပြော၍ မဖြစ်။

‘ဝမ်းနည်းပါတယ် ဟူးရော့၊ ရပ်မယ် ဆိုရင်တော့ ချက်ချင်း ရပ်မှ ဖြစ် မယ်၊ ပြီးတော့ လက်ခံထားတဲ့ ပွဲတွေဆီကိုလည်း အကျိုးအကြောင်း စာရေး



www.burmeseclassic.com

www.burmeseclassic.com



ပြီး တောင်းပန်ရတော့မှာပဲ၊ ရောဂါ တစ်ခုခုကို အကြောင်းပြပေါ့ဗျား၊ ခင်ဗျား အနေနှင့် အသည်းကြီးတဲ့ ရောဂါ ဖြစ်ဖြစ် ဘာဖြစ်ဖြစ် တစ်ခုခုပေါ့'

'ကျွန်တော် ဒီလိုတော့ မပြောချင်ဘူးဗျာ၊ ကျွန်တော့် တစ်သက်မှာ ကျွန်တော်နှင့် ဆက်ဆံခဲ့တဲ့ လူတွေ အားလုံးကို ပွင့်ပွင့်လင်းလင်း ပြောပြီး ဆက်ဆံခဲ့တာချည်းပဲ၊ ဒီတော့ ဒီအသက်အရွယ် ရောက်မှ တစ်မျိုးတစ်ဖုံ ပြောင်းရမယ် ဆိုတော့ ပြောင်းလို့လည်း ရတော့မှာ မဟုတ်ဘူး၊ ကျွန်တော့် ပွဲစဉ် ဇယားတွေကို ကြည့်ပြီး အရေးကြီးတဲ့ပွဲ ဆိုရင် ခင်ဗျားလို နာမည်ကြီး တဲ့ တခြား ဆရာ တစ်ယောက်ယောက်ကို အစားထိုး တီးခိုင်းရတော့မှာပဲ'

ဟူးရော့၏ မျက်နှာသည် ဟန်မဆောင်နိုင်တော့ဘဲ ဝမ်းနည်းသည့် ဟန် ပေါ်နေသည်။ သူသည် သူ့လက်ထဲတွင် ကိုင်ထားသည့် စာရွက်တွေကို တစ်ရွက်ချင်း လှန်ပြီး တစ်စုံ တစ်ရာကို ရှာနေသည်။ အတန်ကြာမှ တစ်ချက် ရယ်လိုက်ပြီး စာရွက် တစ်ရွက်ကို ဆွဲထုတ်လိုက်သည်။

'ဘာလဲဗျ'

ဒင်နီက မေးသည်။

'ခင်ဗျားကို အစားထိုးနိုင်မယ့် စန္ဒရားဆရာ တစ်ယောက်ကို အမ်စတာ ဒမ်မှာ ကျွန်တော် တွေ့ထားတယ်၊ လူငယ် စန္ဒရားဆရာကလေး အာတာ ရှုဗင်စတိန်းတဲ့၊ အသက်က ၈၈ နှစ်'

ည နာရီပြန် နှစ်ချက်တွင် ဒင်နီသည် ခပ်မှိန်မှိန် မီးထွန်းထားသည့် သူ့အိမ် စတူဒီယိုထဲတွင် ထိုင်နေသည်။ ထိုစဉ် တိုးတိတ်သော အသံ တစ်သံကို သူ ကြားရသည်။

'ဒင်နီ ဘာဖြစ်နေတာလဲဟင်'

မာရီယာက ညဝတ် အင်္ကျီကို ဝတ်ထားသည်။

'ဘာဖြစ်နေတယ်လို့ ထင်လို့ မေးတာလဲ'

'ဘာဖြစ်ရမှာလဲ၊ မှောင်ထဲမှာ ထိုင်နေတယ် မဟုတ်လား၊ ဒီတော့ သီချင်းရေးတာ မဖြစ်နိုင်ဘူးပေါ့၊ ပြီးတော့ စန္ဒရားသံတို့ ဘာတို့လည်း မကြား ရတော့ အသံရှာနေတာလည်း မဖြစ်နိုင်ဘူးပေါ့'

'မိုးဇက်ကတော့ သူ့ သီချင်းတွေကို ဒီအချိန်မှာ ရေးသတဲ့'

ဒင်နီက အမှတ်တမဲ့ ပြောသည်။

'ဟုတ်ပါတယ်၊ သူ့ သီချင်းတွေကို ဒင်နီ ကြိုက်တယ် ဆိုတာ သိပါ





တယ်၊ ဒါပေမဲ့ ဒင်နီက သူ့ သီချင်းတွေကိုလည်း တီးနေတာ မဟုတ်ဘူး၊ ဒါ ကြောင့်မို့ ဒင်နီ့ အနားကို လာတာပေါ့၊ အရင်တုန်းက ဒင်နီ သီချင်းစပ်နေရင် မာရီယာ ဘယ်တုန်းက လာဖူးလို့လဲ'

'ခုလည်း ဒီအတိုင်း ကျင့်သုံးနေမယ် ဆိုရင် ကျေးဇူးတင်မှာပဲ'

'ဒါပေမဲ့ ဘာဖြစ်နေသလဲ ဆိုတာကိုတော့ သိချင်တယ်၊ ပြောစမ်းပါ၊ ဘာဖြစ်နေတာလဲ'

'ဘာမှ မဖြစ်ပါဘူးကွာ'

မာရီယာက သူ့စကားကို လက်မခံဘဲ သူ့အနီးတွင် လာထိုင်သဖြင့် ဒင်နီ ဝမ်းသာသွားသည်။

သို့ရာတွင် မာရီယာက သူ့လက်ကို လာဖမ်းဆုပ်သည့် အခါတွင် ဒင်နီ သည် ဆတ်ခနဲ ရုပ်လိုက်၏။

'ဒင်နီ စိတ်ညစ်နေတယ် မဟုတ်လားဟင်၊ မာရီယာ သိပါတယ်ကွယ်၊ ခုလိုအချိန်မှာ မာရီယာ ရှိဖို့ လိုတယ်၊ မာရီယာ ဘာကူညီရမှာလဲ ဟင်'

'မင်း မကူညီနိုင်ပါဘူးကွာ၊ ဘယ်သူမှလည်း ကူညီနိုင်မှာ မဟုတ်ပါ ဘူး'

ဒင်နီက စိတ်ပျက် လက်ပျက်ဖြင့် ပြောသည်။ သို့ရာတွင် ရှေ့ ဘာ ဆက်၍ ပြောရမှန်း မသိ။

'လက်ဝဲဘက်က တုန်လို့ စိတ်ညစ်နေတာ မဟုတ်လား၊ အဲဒီနေ့ ည နေက စတူဒီယိုထဲမှာ သီချင်းသွင်း ကတည်းက မာရီယာ သတိထားလိုက်မိ ပါတယ်၊ အဲဒီညက ဒင်နီ့ အိပ်ခန်းထဲကို လှမ်းကြည့်လိုက်တော့ မီးရောင်မှာ လက်ကို သေသေချာချာ စိုက်ကြည့်နေတာ မာရီယာ မြင်လိုက်ပါတယ်'

'ဟင့်အင်း၊ ကိုယ့် ဘယ်လက်မှာ ဘာမှ မဖြစ်ပါဘူး'

'ညစာ စားနေတုန်းကလည်း လက်တွေ တုန်နေတာကို မာရီယာ မြင် လိုက်ပါတယ်၊ ဒင်နီက ဖုံးလို့သာ ဖုံးနေတာပါ၊ ဆရာဝန် တစ်ယောက်ယောက် ကို ပြကြည့်ရင်ကော'

'ပြခဲ့ပြီးပြီ'

'ဒီတော့'

ဒင်နီ ဘာမှ မပြောတော့။ မချုပ်တည်းနိုင်တော့ဘဲ ငိုမိသည်။ မာရီယာ က သူ့ကို ဖက်လိုက်သည်။

'ကိုယ့်ကို နောင် ဘယ်တော့မှ စန္ဒရား မတီးနိုင်တော့တဲ့'



www.burmeseclassic.com

www.burmeseclassic.com



ဒင်နီက သူ့ကို အကုန်အစင် ပြောပြသည်။ ဒေါက်တာ ဝှစ်တနေနှင့် အစပြုခဲ့ပြီး ဒေါက်တာ ဝိုက်ဇ်မန်းနှင့် အဆုံးသတ်ခဲ့ရသော သူ၏ ဝမ်းနည်းကြေကွဲဖွယ် ခရီးကို ပြောပြသည်။

သူ့စကား ဆုံးသည့် အခါတွင် သူတို့ နှစ်ယောက်သည် ဘာမျှ မပြောနိုင်ကြ။ တစ်ယောက်ကို တစ်ယောက် ဖက်၍ ငိုနေကြသည်။

နောက်ဆုံးတွင် မာရီယာက သူ့ မျက်ရည်တွေကို သုတ်လိုက်ပြီး ဒင်နီ၏ ပခုံးကို ခိုင်မြဲစွာ ဆုပ်ကိုင်လိုက်သည်။

'ကဲ ဒီမှာ ဒင်နီ၊ မာရီယာ ပြောမယ်၊ နားထောင်၊ ခုကိစ္စက အရေးကြီးတာတော့ မှန်တယ်၊ ဒါပေမဲ့ သေလောက်တဲ့ ရောဂါ မဟုတ်ဘူး၊ ဂီတ သမားတစ်ယောက် အနေနှင့် ဆက်ရှိနေဦးမှာပါ၊ ဂီတနယ်ထဲမှာ ဆက်ရှိနေဦးမှာပါ၊ ပြီးတော့ အရေးကြီးတာက ဒင်နီဟာ ကိုယ့် မိသားစုနှင့် အတူ ဆက်ရှိနေဦးမှာ မဟုတ်လားဟင်'

မာရီယာက သူ့ကို ကြည့်ရင်း ပြောသည်။

'မာရီယာ ဒင်နီ့ကို လက်ထပ်ခဲ့တာဟာ လစ်ဇ်လို ဂီတ ပညာရှင်ကြီး ဖြစ်လို့ လက်ထပ်ခဲ့တာ မဟုတ်ပါဘူးကွယ်၊ ပြီးတော့ နာမည်ကြီးလို့ လက်ထပ်ခဲ့တာလည်း မဟုတ်ပါဘူး၊ ဒင်နီ့ကို လက်ထပ်ခဲ့တာက ချစ်လို့ လက်ထပ်ခဲ့တာပါ၊ ပြီးတော့ ကိုယ့်အနားမှာ မာရီယာ လိုတယ် ဆိုတဲ့ စကားကို ယုံကြည်လို့ လက်ထပ်ခဲ့တာပါ၊ ဒီတော့ မာရီယာတို့ အခက်အခဲကို အတူ ကျော်ဖြတ်ရမယ်နော် အချစ်'

ဒင်နီက သူ့ ပခုံးပေါ်ကို မှီ၍ ငိုနေစဉ် မာရီယာသည် ဒင်နီ၏ ပခုံးကို ဖက်ထားသည်။

ဟုတ်သည်။ မာရီယာသည် သူ့ ဂီတ ပရိသတ်တွေလို မဟုတ်။ သူ့ ပရိသတ်တွေက သူ့ကို လက်ခုပ်ဩဘာ ပေးပြီးနောက် အိမ်ပြန်သွားကြမည်။ မာရီယာကမူ သူ့အနားတွင် အမြဲ ရှိနေသည်။

'ကဲ ထတော့၊ အိပ်ကြရအောင်'

မာရီယာက သူ့ လက်ကို ဆွဲ၍ ထိုင်ရာမှ ထသည်။

သူတို့ နှစ်ယောက်သည် စတူဒီယို ရှိသည့် အထပ်မှ အောက်ထပ် သူ့ အိပ်ခန်းသို့ တစ်ယောက်လက်ကို တစ်ယောက် တွဲ၍ လှေကားမှ ဆင်းလာခဲ့ကြသည်။ ဒုတိယ အထပ်သို့ ရောက်သည့် အခါ မာရီယာက သူ့ကို မလွှတ်ဘဲ စင်္ကြံ တစ်လျှောက် အတိုင်း ခေါ်သွားသည်။





'ခု ဘယ်ကို သွားမှာလဲ၊ မာရီယာ့ အိပ်ခန်းကိုလား'

'မာရီယာရဲ့ အိပ်ခန်း မဟုတ်ဘူးရှင့်၊ မာရီယာတို့ အိပ်ခန်း။ သိရဲ့လား'

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

မေ ၁၇၊ ၁၉၇၈။

ဒီနေ့ဟာ ငါ့အတွက် ကြေမွ ပျက်စီးသွားတဲ့နေ့။ တို့ ကျောင်းဆင်းနှစ် 'အနှစ် နှစ်ဆယ်မြောက် မှတ်တမ်းလွှာ' ရောက်လာတယ်။

အံ့ဩစရာ သတင်းထူးတွေ အများကြီးပဲ။ ဒီသတင်းကို သတင်းစာတွေထဲမှာ ဖတ်ခဲ့ပေမယ့် ခုတစ်ခါ ဖတ်ရတော့ ငါ အံ့ဩနေတယ်။ ဒင်နီရဲ့ သတင်းကို ဖတ်လိုက်တော့ စန္ဒရားခုံနားက အနားယူသွားပြီ ဆိုတဲ့ သတင်းဟာ အတည် ဖြစ်သွားတယ်။ လူထုရဲ့ ချစ်ခင် မြတ်နိုးမှုကို ကျော်ခိုင်းသွားရဲ့အောင် လုပ်ရတဲ့ သတ္တိဟာ နည်းတဲ့ သတ္တိ မဟုတ်ဘူး။ လော့စ် အိန်ဂျယ်လီမှာလည်း သံစုံ တီးဝိုင်းတွေကို ခေါင်းဆောင် မတီးတော့ဘူးတဲ့။ ဖီလာဒယ်ဖီးယား မြို့မှာပဲ အခြေချတော့မယ်တဲ့။

အကြောင်းပြချက်ထဲမှာ စန္ဒရား တီးဖို့ထက် သီချင်းစပ်ဖို့ကို အချိန် ပေးတော့မယ် ဆိုပေမယ့် အိမ်မှာ သူ့ဇနီး၊ သားသမီးတွေနှင့် အေးအေးဆေးဆေး နေချင်တဲ့ အတွက်လို့ပဲ ယူဆရတယ်။ သူ့စကား အတိုင်း ဆိုရင် သူ့ မိသားစုဟာ သူ့ဘဝမှာ အရေးကြီးဆုံးလို့ ဆိုတယ်။

လောကကြီးကို သူ ချစ်ခင် မြတ်နိုးပုံကို ကြည့်ပြီး ကိုယ် အံ့သြနိုး ဖြစ်ရတယ်။ မိသားစုကို တန်ဖိုးထားပုံကို ကြည့်ပြီး အားကျရတယ်။

စိတ်မကောင်းစရာ သတင်းတွေထဲမှာတော့ ကွယ်လွန် အနိစ္စ ရောက်တဲ့ သတင်းတွေ အပြင် သက်တမ်းရှည်တဲ့ အိမ်ထောင်တွေ ပြိုကွဲသွားတဲ့ သတင်းတွေကို တွေ့ရတယ်။ လင်ယောကျ်ား၊ ဒါမှမဟုတ် ဇနီးတွေဟာ အိမ်ထောင်ရေး သက်တမ်း တတိယ ဆယ်စုနှစ် ရောက် အောင် ဂီယာ မထိုးနိုင်ကြတော့ဘူး ထင်တယ်။

ဝမ်းသာစရာ သတင်းတွေထဲမှာ ကိုယ်တို့ အတန်းသားတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



သားသမီးတွေ ကောလိပ်ကျောင်းကို ရောက်တဲ့ သတင်းတွေ တွေ့ရတယ်။

ဝမ်းနည်းစရာ သတင်းတွေထဲမှာ တစ်ခုကတော့ ကောလိပ်ကျောင်းကို တက်တဲ့ လူငယ်တွေထဲမှာ ကိုယ့်သားကြီး အင်ဒီ ပါမလာဘူး။ အေးလေ၊ ကိုယ့် သားကြီးလို့ ပြောတာထက် ကိုယ့်ရဲ့ သားဟောင်းလို့ ပြောရင် ရမယ် ထင်တယ်။ သူ့ဆီက ဘာ အဆက်အသွယ်မှ မရတာ ကြာခဲ့ပြီပဲ။

ကိုယ့်ဆီ ရောက်လာတဲ့ စာတွေကို ဖွင့်ဖတ်လိုက်တိုင်း သားကြီး အင်ဒီဆီက စာကလေး တစ်စောင် ပို့စကတ်ကလေး တစ်ခုတော့ ပါကောင်းရဲ့၊ ဒါမှမဟုတ် အမှတ်တရ တစ်ခုခုတော့ ပါတန်ကောင်းရဲ့လို့ မျှော်ခဲ့တယ်။ လမ်းမမှာ ဆံပင်ရှည်ရှည်နှင့် ဟစ်ပီ ကောင်လေးတွေကို တွေ့တိုင်း ပိုက်ဆံ တစ်ကျပ် နှစ်ကျပ်ကို ပေးမိတယ်။ သားကြီး အင်ဒီကိုလည်း ဒီလိုပဲ ရက်ရောတဲ့ အဖေ တစ်ယောက်ယောက်က ပေးတန်ကောင်းပါရဲ့။

ကိုယ့်သားကြီး အင်ဒီကို စွန့်ပစ်လိုက်ရပြီ ဆိုတဲ့ အသိကို ကိုယ် လက်မခံနိုင်ဘဲ ဖြစ်နေတယ်။

'မှတ်တမ်းလွှာ' မှာ ထည့်ဖို့ ကိုယ့်အကြောင်းကို ရေးပေးပါ ဆိုတော့ ကိုယ်နှင့် သားသမီးတွေနှင့် ကွဲကွာနေတဲ့ အကြောင်းကို ရေးမပေးလိုက်ဘူးပေါ့။ ကိုယ့် မှတ်တမ်းလွှာထဲမှာ ကိုယ်ဟာ ဝေါလမ်းမှာ အလုပ် လုပ်ရတာ ငြီးငွေ့တဲ့ အကြောင်း၊ ဒါကြောင့် အလုပ်တစ်ခုကို ပြောင်းလုပ်မယ့် အကြောင်း ရေးလိုက်တယ်။ ဟားဗတ် တက္ကသိုလ် အတွက် ရန်ပုံငွေ ကောက်ဖို့ အဖွဲ့ တစ်ဖွဲ့ ဖွဲ့ထားတဲ့ အကြောင်း၊ အဲဒီ အဖွဲ့က တက္ကသိုလ် တိုးချဲ့ရေး အတွက် နောက်ထပ်သန်း ရာချီပြီး ရန်ပုံငွေ ကောက်မယ့် အကြောင်း၊ ဒီအဖွဲ့မှာ လာလုပ်ဖို့ အကြောင်း ဒါရိုက်တာဆီက စာတစ်စောင် ရောက်လာတယ်။

ရေးလိုက်တဲ့ လူက တခြားလူ မဟုတ်ဘူး၊ ဖရင့် ဟာဗေးရယ်။ ဒီတွင် ကိုယ်လည်း အခွင့်အရေးကို အမိအရ ယူလိုက်တယ်။ ကိုယ့်ဘဝရဲ့ ကြေကွဲမှုတွေ ဖန်တီးပေးလိုက်တဲ့ ကွန်ကရိ မြို့တော်ကြီးက ထွက်ပြီး ကိုယ့်ဘဝမှာ ပျော်စရာ ဖြစ်ခဲ့ရတဲ့ ဟားဗတ်ကို ပြန်ရတော့မယ် မဟုတ်လား။





ကိုယ့် အလုပ်က ကိုယ်တို့နှစ် သင်တန်းဆင်း ကျောင်းသားတွေကို လိုက်လံ ဆက်သွယ်ဖို့၊ နဂိုက ရှိခဲ့တဲ့ အဆက်အသွယ်တွေကို ပြန်လည် ထူထောင်ဖို့၊ သူတို့ကို ရန်ပုံငွေ ကောက်ပေးအောင် ဆော်ဩဖို့လောက်ပါ။

ကိုယ် လုပ်နေတဲ့ အလုပ်ကို ယုံကြည်နေလို့လား မသိဘူး။ ဒီလို လုပ်ရတာကို အလှူငွေ ကောက်ရတယ်လို့ မထင်ဘူးလေ။ အမှန်ကတော့ ဒီလို အလုပ်မျိုးဟာ သာသနာပြု လုပ်ငန်းနှင့် ခပ်ဆင်ဆင်ပဲ။ ပြီးတော့ ကိုယ်တို့ သင်တန်းနှစ် ကျောင်းဆင်း ငွေရတု အထိမ်းအမှတ် (၁၉၈၃ ခုနှစ် ဇွန်လ ၅ ရက်နေ့) အတွက် ကျင်းပရေးကော်မတီမှာလည်း အဖွဲ့ဝင် တစ်ဦး အဖြစ် တင်မြှောက်လိုက်ကြပြန်တယ်။ အပိုဆု ပေါက်တဲ့ သဘောပေါ့။ ဒီ ငွေရတုဟာ ကိုယ်တို့ ဘဝမှာ အရေးကြီးတဲ့ မှတ်တိုင် တစ်တိုင် မဟုတ်လား။ ဒီတော့ ဒီလို အရေးကြီးတဲ့ မှတ်တိုင်ကြီး တစ်တိုင် စိုက်ထူတဲ့ ပွဲမှာ အောင်မြင်အောင် လုပ်ဖို့ ကိုယ့်မှာ တာဝန်ရှိတယ်လေ။

ဟားဗတ် တက္ကသိုလ်ကို တက်ဖို့ မပြောခင်မှာ ကိုယ်က သမီးလေး လစ်ဇီကို ဆွေးနွေးရသေးတယ်။ လစ်ဇီက စာလည်း တော်တယ်။ အင်း စာတော်တာကတော့ ကိုယ်နှင့် တူလို့ မဟုတ်ပါဘူး။ သူ့အမေနှင့် ခွဲပြီး တခြားစီ နေကြရပေမယ့် အမေကလည်း သူ့ကို အထိုက်အလျောက် အကူအညီ ပေးပါတယ်။ တစ်လ တစ်လမှာ အကြိမ်ပေါင်းများစွာ တွေ့ကြလေတော့ ကိုယ်နှင့် သမီးလေး လစ်ဇီဟာ ပိုပြီး နီးစပ်လာတယ်လို့ ထင်ရတာပဲ။

သမီးလေး လစ်ဇီက စိတ်ကူးယဉ်သူ ဖြစ်လေတော့ (ဒါကတော့ ကိုယ်နှင့် တူတယ် ထင်တာပဲ။) ကိုယ့်ကို ဇနီး တစ်ယောက် ရှာဖို့ မကြာခဏ တိုက်တွန်းတတ်တယ်။ ကိုယ်က ဒီကိစ္စကို ရယ်စရာ လုပ်ပစ်လိုက်တယ်။ ဒါပေမဲ့ မနက်လင်းလာလို့ ဖန်ခွက်ထဲမှာ စိုက်ထားတဲ့ တစ်ချောင်းတည်းသော သွားပွတ်တံကို မြင်လိုက်တိုင်း သမီးလေး တိုက်တွန်းတာ မှန်တယ်လို့ ကိုယ် သဘောပေါက်လာတယ်။

ဟားဗတ်ကို ပြန်ရောက်လာရင်တော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု ပြန်ရှိလာမလား မသိဘူး။

ဒါပေမဲ့ အခုထိတော့ ကိုယ့်ကိုယ်ကိုယ် သိပ် မယုံချင်သေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၀ ခုနှစ်တွင် အလက်ဇန်ဒါ ဟိတ်သည် ရီပတ်ဗလစ်ကင် ပါတီ သမ္မတလောင်း အဖြစ် အရွေးမခံရဘဲ ရော်နယ် ရေဂင် အရွေးခံရသည်။ ရော်နယ် ရေဂင်သည် သမ္မတ ရွေးကောက်ပွဲတွင် အနိုင်ရသွားကာ သမ္မတ ဖြစ်လာခဲ့သည်။ ရေဂင်က ဟိတ်ကို ခေါ်၍ နိုင်ငံခြားရေး ဝန်ကြီး ရာထူးကို ပေးသည်။

ဟိတ်သည် ကျော့ ကဲလားကို ခေါ်ကာ အမေရိကန် ပြည်တွင် ဒုတိယ အရေးကြီးဆုံးသော နိုင်ငံခြားရေးဝါဒ ပေါ်လစီ ဆိုင်ရာ ရာထူးဖြစ်သည့် လက်ထောက် နိုင်ငံခြားရေး ဝန်ကြီး ရာထူးကို ပေးသည်။

'ခင်ဗျား ဘယ်တော့ စ အလုပ်ဝင်နိုင်မလဲ'

'အချိန်မရွေး ဝင်နိုင်ပါတယ်၊ ဒါပေမဲ့ ရေဂင်က ဇန်နဝါရီလကျမှ ရာထူး လက်ခံမှာ မဟုတ်လား'

ကျော့ ကဲလား ဝမ်းသာနေသည်။

'ကျွန်တော့်ကို ခန့်တာနှင့် ပတ်သက်လို့ နိုင်ငံခြား ဆက်ဆံရေး ကော်မတီက အတည်ပြုရလိမ့်ဦးမယ်၊ ဒီတော့ အဲဒီက အတည်မပြုခင် ခင်ဗျား ရှိဖို့ လိုတယ်၊ ခင်ဗျား သိတဲ့ အတိုင်း အထက် လွှတ်တော် တောကြီးမျက်မည်းထဲမှာ ကျွန်တော့်ကို ပြောက်ကျား ပစ်နေကြတဲ့ အမတ်တွေ ရှိနေတယ်'

ဟိတ် ပြောသည်မှာ အမှန်။ သူ့ကို မခန့်မီ အထက် လွှတ်တော် နိုင်ငံခြားရေး ဆက်ဆံရေး ကော်မတီက သူ့ကို ငါးရက်တိုင်တိုင် စစ်ဆေးသည်။ မေးခွန်းတွေ အမျိုးမျိုး ထုတ်ကြသည်။ ဝါးတားဂိတ်နှင့် ပတ်သက်၍ မေးမြန်းကြသည်။ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ချီလီ၊ စီအိုင်အေ၊ သမ္မတဟောင်း နစ်ဆင်တို့နှင့် ပတ်သက်၍လည်း အမျိုးမျိုး မေးကြသည်။

ထိုအခါမျိုးတွင် ကျော့ ကဲလားသည် သူ့ နိုင်ငံခြားရေး ဝန်ကြီးလောင်း ဟိတ်၏ ဘေးတွင် ထိုင်ကာ တစ်လုံးစ နှစ်လုံးစ ထောက်ရသည်။ သူ့အလှည့်သို့ ရောက်၍ သူ့ကို မေးသည့် အခါတွင်လည်း သူသည် ရုရှားများနှင့် ပတ်သက်၍ 'မျက်နှာလိုက်ခြင်း' ရှိ မရှိကို စစ်ဆေးကြသည်။

သို့ရာတွင် သူ့ ထင်သလောက် မမေးကြတော့။ အထက်လွှတ်တော် အမတ်များသည် ဟိတ်ကို စိတ်တိုင်းကျ မေးမြန်းပြီး ဖြစ်သဖြင့် သူ့အတွက် မေးစရာ မကျန်တော့။ ကျော့ ကဲလား ကိုယ်တိုင်ကလည်း စကားပြောကောင်း





သည်။ ဇဝနဉာဏ် ရှိသည်။ ထို့ကြောင့် သူ့ကို လက်ထောက် နိုင်ငံခြားရေး ဝန်ကြီး အဖြစ် အထက်လွှတ်တော်က တညီတညွတ်တည်း ဆုံးဖြတ်လိုက်သည်။

ဖော့ကလန်ကျွန်း ကိစ္စတွင် ဗြိတိသျှ အစိုးရနှင့် အာဂျင်တီးနား အစိုးရတို့ကို စေ့စပ်ပေးရန် ဟိတ် ကြိုးစားခဲ့သော်လည်း အောင်မြင်ခြင်း မရှိခဲ့သည့် အတွက် ဟိတ်သည် နုတ်ထွက်သွားခဲ့ရသည်။

ကျော့ ကဲလားသည် သူ့ နေရာကို ဆက်ခံမည်ဟု ဝါရှင်တန်တွင် သတင်းတွေ ဖြစ်နေသည်။

ကျော့ ကဲလား၏ အိမ်အနီးတွင် သတင်းထောက်တွေ တစ်အုပ်ကြီး ချောင်းနေကြသည်။ ကျော့ ကဲလားနှင့် သူ့ ဇနီးတို့ အပြင်ထွက်လျှင် ဓာတ်ပုံ ရိုက်ရန် စောင့်နေကြခြင်း ဖြစ်သည်။

ကမ္ဘာ့ ကြေးနန်း သတင်း ဌာနကြီးများကလည်း သူ့အကြောင်းကို သုတေသန ပြုလုပ်ကာ ရာထူး ခန့်လိုက်သည်နှင့် သူ့ ကိုယ်ရေး ရာဇဝင်ကို ရေးရန် ပြင်ထားကြသည်။ ကွန်မြူနစ်တို့၏ ဖိနှိပ်မှုမှ ထွက်ပြေးလာခဲ့သည့် ဟန်ဂေရီယန် လူငယ်ကလေး တစ်ယောက်၊ ဟားဗတ် တက္ကသိုလ်တွင် ကျောင်းတက်၊ နိုင်ငံခြားရေး ဝန်ကြီးဖြစ်၊ ထို အဖြစ်မျိုးသည် အမေရိကန် ပြည်ထောင်စုတွင်သာ ဖြစ်နိုင်သည် စသည့် အရေးအသားမျိုး ဖြစ်သည်။

## အင်အရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

နိုဝင်ဘာ ၁၇၊ ၁၉၅၂

ငွေရတုသဘင် ကျင်းပဖို့နှင့် ဟားဗတ် တက္ကသိုလ် ရန်ပုံငွေ ကောက်ဖို့ အတွက် စိတ်ဝင်စားစရာ ကောင်းတဲ့ နေရာ တော်တော်များများကို ရောက်ရတယ်။ ခါတိုင်းဆိုရင် ဘယ်နည်းနှင့်မှ ဒီနေရာတွေကို ရောက်ဖို့ အကြောင်း မရှိဘူး။

ဥပမာ အိမ်ဖြူတော်ကို ဆိုပါတော့။

ငွေရတုသဘင် ကျင်းပရေး ကော်မတီက ကျော့ ကဲ ကို မိန့်ခွန်း ပြောစေချင်တယ်။ ဒီတော့ ဟားဗတ် တက္ကသိုလ်တုန်းက သူနှင့် အတန်း



www.burmeseclassic.com

www.burmeseclassic.com



ဖော် ကျောင်းနေဖက် ဖြစ်ခဲ့တဲ့ ကိုယ့်ကို ဖိတ်ဖို့ တာဝန် ပေးလိုက်ကြတယ်။

ပထမ အံ့ဩရတဲ့ အချက်က နိုင်ငံခြားရေး ဌာနကို တယ်လီဖုန်း လှမ်းဆက်ဆက်ချင်း သူနှင့် တန်းတွေ့ရတဲ့ အချက်ပဲ။ ဒုတိယ အံ့ဩရတဲ့ အချက်က ကိုယ့်ကို ဝါရှင်တန်မှာ သူနှင့် အတူလာပြီး နေ့လယ်စာ စားဖို့ ဖိတ်တဲ့ နေရာက အကောင်းစား ဟိုတယ်ကြီး တစ်ခု မဟုတ်ဘူး။ အိမ်ဖြူတော်က ထမင်းစားခန်းမှာ ဖိတ်တာ။ သမ္မတရဲ့ အိမ်ဖြူတော်ထဲကို လှည့်ပတ် ကြည့်ရှုဖို့ အခွင့်အရေး ရသွားတာပေါ့။

စိတ်ဝင်စားစရာတော့ အကောင်းသား။ မထင်ဘဲနှင့် အိမ်ဖြူတော်က နာမည်ကျော် (ဆစ်ကျူရေးရှင်း ရွမ်း) အရေးပေါ် စည်းဝေးခန်းမကိုတောင် ရောက်သွားတယ်။ အဲဒီ ခန်းမထဲ ဝင်ရတာ အထင်နှင့် အမြင် တခြားစီပါလား။ ဒီလိုလေ။ ပြတင်းပေါက် ဆိုလို့လည်း တစ်ပေါက်မှ မရှိဘူး။ အလုံခန်းကြီး။ အထဲမှာ စားပွဲ တစ်လုံးနှင့် ကုလားထိုင် တချို့ပဲ ရှိတယ်။ ကြည့်စမ်းပါဦး။ တယ်လီဖုန်းရဲ့ အကြီးစားနှင့် ဘာထူးသေးသလဲ။ သမိုင်းမှာ အရေးကြီးတဲ့ ဆုံးဖြတ်ချက်ကြီးတွေကို ချခဲ့တဲ့ အခန်းဟာ ဒီနေရာမှ ဟုတ်ပါလေစလို့တောင် တွေးမိတယ်။

ဂျော့ ကဲလားက အဲဒီ အခန်းထဲ ရောက်တော့ ကိုယ့်ကို အထိုင်ခိုင်းပြီး ဝါရှင်တန်ကို ကိုယ် လာတဲ့ ကိစ္စကို မေးတယ်။

ကိုယ်က ဟားဗတ် တက္ကသိုလ်ကို သတိရသေးရဲ့လားလို့ မေးတယ်။

ဒီတော့ သူကလည်း ကိုယ်တို့ ဟားဗတ် ကျောင်းသားဟောင်းတွေက သူ့အပေါ်မှာ ဘယ်လို သဘောထားသေးသလဲ၊ ကစ်ဆင်ဂျားရဲ့ ပါးကွက် အာဏာသားလို့ သဘောထားကြသေးသလားလို့ မေးတယ်။

ဒီတော့ ကိုယ်ကလည်း တတ်နိုင်သမျှ ပြေလည်အောင် ဖြေရတာပေါ့။ ဗီယက်နမ်စစ် ပြီးသွားတာဟာ ဆယ်နှစ်တောင် ကြာသွားပြီဖြစ်တဲ့ အကြောင်း၊ ဗီယက်နမ် စစ်ပွဲ ကာလတုန်းကတော့ သူနှင့် ကစ်ဆင်ဂျားကို မကျေမနပ် ဖြစ်ခဲ့ကြတဲ့ အကြောင်း၊ ခုတော့ ဒါတွေဟာ အတိတ်မှာ ကျန်ရစ်ခဲ့တဲ့ အကြောင်း၊ ငွေရတု သဘင်မှာ သူ့ကို စကား ပြောစေချင်တဲ့ အကြောင်း၊ ဒါကြောင့် လာနိုင်အောင် ကြိုးစား





စေချင်တဲ့ အကြောင်း ပြောပြတယ်။

သူက ပြုံးတယ်။ သူ သိပ်မပြောချင်ကြောင်း၊ ကျောင်းမှာ သူ သိတဲ့ လူတွေလည်း သိပ်မရှိတော့ကြောင်း ပြောပြတယ်။

ဒီတော့ ကိုယ်က သူက မသိပေမဲ့ သူ့ကိုတော့ လူတိုင်းက သိနေတဲ့ အကြောင်း၊ တချို့ သူငယ်ချင်းတွေဟာ ရုပ်တွေ တော်တော်ပြောင်းကုန်တဲ့ အတွက် မမှတ်မိတာ ဖြစ်ကြောင်း၊ ဥပမာ နိုဝေါ ဆိုရင် ခေါင်းပြောင်ပြီး ပေါင်နှစ်ဆယ်လောက် တိုးလာလို့ လူဝကြီး ဖြစ်နေတဲ့ အကြောင်း ပြောပြတယ်။

နောက်ဆုံးတော့ သူ လက်ခံလိုက်တယ်။ ကိုယ်ဟာ စေ့စပ်ဆွေးနွေးပွဲတွေမှာ ပါဖို့ ကောင်းသတဲ့။ တစ်ဖက်လူ ကျအောင် ပြောနိုင်သတဲ့။ အလုပ် ပေးမယ်လို့တောင် နောက်လိုက်သေးတယ်။

သူက ကိုယ့်ကို အိမ်ဖြူတော် ဂိတ်ဝ အထိ လိုက်ပို့တယ်။

ဘယ်ဆိုးလို့တုံး။ အင်ဒရူး အဲလီယော့ ဆိုတဲ့ အိမေကိုယ်သည် ကမ္ဘာတွင် အထင်ရှားဆုံးသော သံတမန် တစ်ဦးအပေါ်မှာ သံတမန်ရေးရာ အောင်ပွဲ တစ်ခု ရခဲ့ပါလား။

သူ့ ရုံးခန်းသို့ ပြန်ရောက်သည့် အခါတွင် မျှော်လင့်မထားသော ဧည့်သည် တစ်ယောက် သူ့ကို စောင့်နေသည်။ ဧည့်သည်မှာ အခြားသူ မဟုတ်။ သူ့ ဇနီး ကေသီ။

ကေသီသည် ဆိုဖာပေါ်တွင် ထိုင်ရင်း စာရွက် တစ်ရွက်ကို ကိုင်ထားသည်။

'အလို၊ ဆိုစမ်းပါဦး၊ ဘာကိစ္စလဲ'

ကေသီသည် သူ တံခါးပိတ်ပြီးအောင် စောင့်နေသည်။ စိတ်ထဲကလည်း သစ္စာဖောက်ဟု ရေရွတ်နေသည်။

'ဆိုပါဦး၊ ဘာ အရေးကြီးလို့လဲ'

'ဘာ အရေးကြီးရမှာလဲ၊ ရှင် လေတန် ဆိုတဲ့ သတင်းထောက်နှင့် ပေါင်းပြီး ဘာလုပ်တာလဲ'

'ကိုယ် ဘာလုပ်လို့လဲ၊ လေတန် ဆိုတဲ့ လူက န[illegible]ယောက် ထိုင်း



www.burmeseclassic.com

www.burmeseclassic.com

သတင်းစာက ထင်ရှားတဲ့ သတင်းထောက်၊ သူနှင့် အတူ နေ့လယ်စာ တစ်ခါ စားဖူးတယ်၊ ဒီတော့'

'ပြင်းမနေပါနှင့် ရှင်၊ လူတစ်ယောက်က သူ ရေးတဲ့ စာအုပ်ထဲက ထုတ်နုတ်ထားတဲ့ ဆောင်းပါး တစ်ပုဒ်ကို နယူးစ်ဝိခ် မဂ္ဂဇင်းမှာ ထည့်မလို့၊ အဲဒီ ကောက်နုတ်ချက်ကို နယူးစ်ဝိခ် မဂ္ဂဇင်းက ကျွန်မ မိတ်ဆွေ တစ်ယောက် ပို့လိုက်တယ်၊ ကစ်ဆင်းဂျား အကြောင်း မကောင်း ရေးထားလိုက်တာ ရစရာ မရှိဘူး၊ ဒီအကြောင်းတွေကို ဘယ်က ရသလဲ ဆိုတော့ ကစ်ဆင်းဂျားနှင့် နီးစပ်သော ပုဂ္ဂိုလ် တစ်ဦးထံမှလို့ ဆိုထားတယ်၊ အဲဒီ ပုဂ္ဂိုလ်ဟာ ရှင်ပဲ ဖြစ်ရမှာပေါ့'

'ကိုယ် မဟုတ်ရပါဘူးကွာ၊ ကျိန်ဆို ကျိန်ပါ့မယ်'

'ဘာမဟုတ်ရမှာလဲ၊ ရှင်ပဲ ဒီအကြောင်းတွေကို သိတာပဲ၊ ရှင်ဟာ တော်တော် ကျေးဇူးမသိတတ်တဲ့ သူ၊ ရှင့်ကို ဒီ အခြေရောက်အောင် သူ လုပ်ပေးခဲ့တာ၊ ကျွန်မဟာ ကစ်ဆင်းဂျားကို ကြည်ညိုတဲ့ လူတစ်ယောက် မဟုတ်ဘူး၊ ဒါပေမဲ့ သူဟာ ရှင့်ရဲ့ ဒုတိယ အဖေ ဆိုရင်လည်း ဟုတ်တယ်၊ ကျေးဇူးရှင် ဆိုရင်လည်း ဟုတ်တယ်၊ ခုတော့ ရစရာ မရှိဘူး ရေးထားလိုက်တာ၊ ဒါတွေဟာ ရှင် ပြောတာပဲ ဖြစ်မှာပေါ့၊ နေစမ်းပါဦး၊ ဒါတွေ ပြောလို့ ရှင့်မှာ ပိုက်ဆံ ဘယ်လောက် ရလို့လဲ'

'ကေသီ ကိုယ် ပြောတာကို နားထောင်ပါဦး၊ အရမ်း မပြောပါနှင့်၊ အိမ်ကျတော့ အေးအေးဆေးဆေး ဆွေးနွေးကြသေးတာပေါ့'

'တော်ပြီ ရှင့်အိမ်ကိုလည်း ကျွန်မ မလိုက်တော့ဘူး၊ ကျွန်မ သွားမယ်'

'ဘာဖြစ်လို့လဲ၊ ကိုယ်က ဒီ ကစ်ဆင်းဂျား အကြောင်းတွေကို လျှောက်ပြောလို့လား'

'ဒါကြောင့်တင် မဟုတ်ဘူး၊ ရှင်ဟာ သစ္စာမဲ့တဲ့ လူမို့လို့၊ ရှင့်ကို ကျွန်မ ပြောင်းလို့ ရလိမ့်မယ်လို့ မျှော်လင့်ပြီး ဆက်ပေါင်းခဲ့တာ၊ ခုတော့ ရှင်ဟာ ရှင့် ကိုယ်ကျိုးလောက်ပဲ ကြည့်တတ်တဲ့လူ၊ အချစ်တို့ သစ္စာတို့ မရှိတဲ့လူ၊ အချစ်တို့ သစ္စာတို့ဟာ ရှင်နှင့်လည်း မတန်ဘူး၊ ဒါကြောင့် ရှင့်ကိုလည်း ပေါင်းစရာ မလိုတော့ဘူး၊ ဒီလောက် ဆိုရင် ကျွန်မ အကြောင်းပြချက် နိုင်လုံရောပေါ့'

'နေပါဦး ကေသီ၊ ကိုယ် ရှင်းတာကို နားမထောင်တော့ဘူးလား'

'စည်းကမ်းချက်နှင့်မှ နားထောင်မယ်'

'ဘယ်လို စည်းကမ်းချက်လဲ'





'ရှင့်ကို တစ်နာရီ အချိန်ပေးမယ်၊ ကျွန်မ သဘောပေါက်အောင် မရှင်း နိုင်ရင် ရှင်နှင့် ကျွန်မ ကွာရှင်းတဲ့ စာချုပ်ကို လက်မှတ် ထိုးပေးပါ'

'ပြော မင်းက ရှေ့နေတွေ ဘာတွေနှင့်တောင် တွေ့ခဲ့ပြီးပြီလား'

'တွေ့စရာ မလိုပါဘူး၊ ကျွန်မ ကိုယ်တိုင်က ရှေ့နေပဲ၊ ရှင်ဟာ ရှင့် ကိုယ်ကျိုးလောက်ပဲ ကြည့်နေတော့ ကိုယ့်မယား ရှေ့နေ ဖြစ်နေတယ် ဆိုတာ တောင် မေ့နေပြီ ထင်တယ်'

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဒီဇင်ဘာ ၂၊ ၁၉၈၂။

မကြာခင်မှာ ဒုတိယအကြိမ် အိမ်ထောင် ပြုတော့မယ်။ ပေါ့ပေါ့ဆဆ စဉ်းစားပြီး ဆုံးဖြတ်လိုက်တဲ့ ဆုံးဖြတ်ချက် မဟုတ်ပါဘူး။ ဒါပေမဲ့ ၁၇ နှစ် လုံးလုံး တစ်ခုလပ် ဘဝနှင့် နေလာပြီးတဲ့နောက်မှာ နိုအာရဲ့ လှေဟာ တစ်စင်းတည်းသော လှေ မဟုတ်ဘူး ဆိုတာ ငါ တွေ့လာခဲ့တယ်။

ကိုယ့် ပထမ အိမ်ထောင် ပျက်စီး ပြိုကွဲသွားတဲ့ နောက်မှာ နောက်ထပ် အိမ်ထောင်ပြုဖို့ ကိစ္စကို ကိုယ် တတ်နိုင်သမျှ ရှောင်ခဲ့ပါတယ်။ ဒါပေမဲ့ တစ်ယောက်တည်း နေရတာဟာ ယောင်တီး ယောင်တ နိုင်လွန်းလှတယ်။ အထူးသဖြင့် နာတာလူး ပွဲတော်ချိန်မှာ ပိုဆိုးတယ်။ ဒါကြောင့် နောက်ဆုံးမှာ ဒုတိယအကြိမ် အိမ်ထောင်ပြုဖို့ ဆုံးဖြတ်လိုက်တယ်။ ဇွန်လကျရင် တို့နှစ် ကျောင်းသားတွေ ပြန်ဆုံကြတော့မယ် မဟုတ်လား။ အဲဒီ တွေ့ရတုသဘင်မှာ ကိုယ့် သတင်းကို ပေးလိုက်ချင်တယ်လေ။

ဒီတော့ ကိုယ့်မှာ မယား ရှာပုံတော် ဖွင့်ဖို့ပဲ လိုတော့တယ်။

ရွေးစရာတွေကတော့ အများကြီးပါပဲ။

ပထမ လော်ရာ။ နယူးယော့မှာ ကိုယ်နှင့် ခဏ ခဏ တွေ့ဆုံခဲ့ကြတဲ့ လော်ရာ။ သူက နာမည်ကျော် အမျိုးသမီး မဂ္ဂဇင်းကြီးတစ်စောင်ရဲ့ အယ်ဒီတာ ဆိုတော့ ကိုယ်နှင့် ဆိုရင် နည်းနည်း အလှမ်းဝေး သလိုလိုပဲ။ ကိုယ်က ကိုယ့်အား ကိုယ်ကိုးပြီး ထက်လမ်းရှာတဲ့ မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေကို သဘောကျတယ်။ လော်ရာက ကြိုးစားတယ်။ အေးလေ။ အသက် သုံးဆယ့်ကိုးနှစ်ထိအောင် အပျိုကြီး ဖြစ်နေတာ ဒါကြောင့်မို့ပဲ ထင်ပါရဲ့။ လော်ရာဟာ သူ့ အလုပ်ကိုပဲ စဉ်းစားနေတော့ လင်မယား အိပ်နေတုန်းမှာတောင် စိတ်ကူးရရင် ဆောင်းပါးတို့ ဘာတို့ ထရေးချင် ရေးနေမှာ။

တခြား ပြဿနာကလေးတွေလည်း ရှိသေးတယ်။

တစ်ချက်က သူက ထမင်း မစားဘူး။

အစား မစားတာကလည်း ဝလို့ မဟုတ်ဘူး။ မဝတဲ့အပြင် သူကို ကြည့်ရတာ သွားကြားထိုးတံကလေးလို ပြားချပ်ချပ်ကလေးရယ်။ သူ အမြဲ စားတာက ကော်ဖီနှင့် သကြား မပါတဲ့ ချူးအင်းဂမ်းရယ်ပဲ။ ဒါတွေ စားပြီး ဘယ်လိုများ အသက်ရှင်နေသလဲ မသိဘူး။

နောက် ပြဿနာ တစ်ခုက သူ ဆေးလိပ်သောက်တာ။ ဆေးလိပ်ကလည်း တစ်ခါတစ်ရံ သောက်တာ မဟုတ်ဘူး။ အစီခံ မပါတဲ့ စီးကရက်ကို အဆက်မပြတ် သောက်တာ။ သူ့အခန်း တစ်ခုလုံး မီးခိုးတွေ မွှန်နေတာပဲ။ လူက ပိန်ပိန်လှပ်လှပ်၊ အခန်းက မီးခိုးတွေ ဖုံးနေတော့ တစ်ခါတလေမှာ အခန်းထဲမှာ လူလုံးတောင် မမြင်ရဘဲ ပျောက်နေတတ်တယ်။

ဘယ်လိုပဲ ဖြစ်ဖြစ် ကိုယ် ဘော်စတန်ကို မပြောင်းခင် အထိတော့ လော်ရာဟာ ကိုယ့် ဇနီးလောင်း အဖြစ် ရွေးတာထဲမှာ ထိပ်ဆုံးက ပါတယ်။

ဘော်စတန် ဆိုတဲ့ မြို့ကလည်း မိန်းမ ပေါသလား မမေးနှင့်။ ပေါလိုက်တဲ့ မိန်းမတွေ။ ဘောကွန် တောင်ကုန်း ရပ်ကွက်မှာ ဆိုရင် မိန်းမတွေချည်းပဲ။ ဖေ့လို မိန်းမတွေပေါ့။ ဒါပေမဲ့ ငယ်ငယ်ကလေးတွေ။ ပုံ့ပုံ့ကလေးတွေ။ ကိုယ်ကလည်း မိန်းမ ဆိုရင် ခပ်လန့်လန့် ဆိုတော့ သူတို့နှင့် ခပ်ဝေးဝေးပဲ နေလိုက်တယ်။

တခြား မိန်းကလေးတွေလည်း ရွေးစရာတွေ ရှိသေးတာကိုး။

ဥပမာ ကိုရာ အေဗိရီ ဆိုပါတော့။ ကိုရာဟာ အမေရိကန် ပြည်ထောင်စုက အမျိုးသမီးငယ်တွေထဲမှာတော့ ထင်ရှားတဲ့ စံပြ တစ်ယောက်လို့ ဆိုချင်တယ်။ သူ့ကို ချားလ် မြစ်ကမ်း တစ်လျှောက်မှာ အပြေး ကျင့်ရင်း တွေ့ခဲ့တာလေ။ အားကစား အင်္ကျီပွကြီးကို ဝတ်ထား





သည့်တိုင် အချိုးအဆက် ပြေပြစ်တဲ့ သူ့ ကိုယ်လုံး ကိုယ်ပေါက်ဟာ ထင်ထင်ရှားရှား ပေါ်နေတယ်။ ငါက သူ့ကို အမိ ပြေးလိုက် မိတ်ဖွဲ့ပြီး တယ်လီဖုန်း နံပါတ်ကို မရ ရအောင် တောင်းလာခဲ့တယ်။ ဒီနောက်မှာ သူနှင့် ကိုယ် ချိန်းပြီး ထွက်ဖြစ်ကြတယ်။

ပထမဆုံး အကြိမ် ချိန်းထွက်ကြတုန်း သူ့အကြောင်းကို သိရတယ်။ သူက ဘာရွတ်ကလင် အထက်တန်းကျောင်းမှာ အားကစားနည်းပြ ဆရာမတဲ့။ မာရသွန် တာဝေး အပြေးသမားတဲ့။ ရေခဲ လျှောစီးသမားတဲ့။ တာဝေး ရေကူးသမားတဲ့။ တစ်ခါတလေမှာ အပျင်းပြေ သဘောနှင့် အေရိုးဗစ် အကတို့ ဘာတို့လည်း ကတယ်တဲ့။

·ကိုယ့်ကိုလည်း ဒီ အားကစားတွေထဲကို ဝါသနာ ပါအောင် သူ စည်းရုံးတယ်လေ။ ကိုယ်ကလည်း အစကတော့ လိုက်လုပ်ပါသေးတယ်။ သူ့လို လိုက်လုပ်လို့ ကိုယ့် တစ်ကိုယ်လုံးက ကြွက်သားတွေ နာကျင်တော့ သူက ကိုယ့်ကို နှိပ်နယ်ပေးတယ်။

အစကတော့ သူနှင့် တော်တော်လေး အဆင်ပြေနေကြတယ်။ ဒါပေမဲ့ သူ့အခန်းကို တစ်ည လိုက်အိပ်တော့မှ ကိုယ့်မှာ ဒုက္ခ ရောက်ရတော့တာပဲ။ ဒုက္ခရောက်ပုံက ဒီလိုလေ။ မနက် ငါးနာရီ ထိုးတာနှင့် ကိုယ့်ခြေထောက်ကို လှုပ်နှိုးပြီး အောက်ထပ် ဆင်း၊ မိဂါဗိုက်တာမင်တွေ သောက်၊ ပြီးတော့ သူနှင့် အတူ အပြေး ကျင့်ဖို့ လာခေါ်တယ်။ ရာသီဥတု ဘယ်လောက်ပဲ ဆိုးဆိုး အပြေးကျင့်တာကို အပျက်မခံဘူး။ မိုးသီးတွေပဲ ကြွေကြွေ၊ မိုးမှောင်ပဲ ကျကျ၊ စာပို့သမား တစ်ယောက်လို သူ့ လေ့ကျင့်ခန်းကိုတော့ အပျက် မခံဘူး။ မနက် ခုနစ်နာရီလောက်ကျမှ ကိုယ်တို့ ပြန်လာတတ်ကြတယ်။ အိမ်ရောက်ရင် ရေချိုး ဒါမှမဟုတ် တစ်ရေးတစ်မော ပြန်အိပ်ပြီး အနားယူရမယ် ထင်သလား၊ ဝေးသေးတယ်။ သူ့ အခန်းထဲမှာ ရှိတဲ့ ဝိတ်ပြားကလေးတွေကို အမခိုင်းသေးတယ်။ ရုံးလည်း ရောက်ရော လူ တစ်ကိုယ်လုံး အရုပ်ကြိုးပြတ် ဖြစ်နေပြီ။

ဒါပေမဲ့ ကောင်မလေးက စိတ်သဘောလည်း ကောင်းတယ်။ ကိုယ့်ကိုလည်း သဘောကျတယ်။

မကြာခဏ ဖုန်းဆက်ပြီး သူနှင့် အတူ နေ့လယ်စာ လာစားဖို့ ဖိတ်တတ်တယ်။ ပြီးတော့ ဟားဗတ် ကာလပ်က ရေကူးကန်မှာ ရေ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းကူးကြတယ်။ ကလပ် ရောက်ရင် နူးထရားမင့် တစ်ဘူးလောက် သောက်ပြီး ရေထဲမှာ ဆင်းကူးကြတယ်။ သူက တစ်နေ့ကို တစ်မိုင် လောက် ကူးတယ်။ ငါကတော့ သူ့နောက်မှာ ယက်ကန် ယက်ကန် နှင့်ပေါ့။

ကိုယ့် မိတ်ဆွေတွေကတော့ ကိုယ့် တစ်သက်မှာ ဒီတစ်ခါ ကြည့် ရတာ ကြည့်လို့ အကောင်းဆုံးပဲတဲ့။

ဒါပေမဲ့ ခက်တာက သူ့မှာလည်း ချွတ်ယွင်းချက်ကလေးတွေ ရှိနေတယ်။

ညနေပိုင်း သူက အေရိုးဗစ် သင်တန်းက စိတ်ကူး ယဉ်ယဉ် ကလေးနှင့် ပြန်လာတဲ့ အချိန်မှာ ဒီကကောင်က ဟိုက်နေပြီ။ ဘာမှ မလုပ်ချင် မကိုင်ချင်တော့ဘူး။ အိပ်ချင်နေပြီ။ ဒီတော့ ကိုယ်ဟာ သူ့ ခန္ဓာကိုယ်ကို စိတ်မဝင်စားဘူးလို့ ပြောတယ်။

နောက် ကျောင်းဖွင့်ချိန်ကျတော့ ကိုရာဟာ ဟာဝိုင်ယီကို ပြောင်း ပြီး ကျောင်းနေမယ်လို့ ပြောတယ်။

အဲဒီကျောင်းတွေမှာ ထရိုင်ယာသလွန်လို့ ခေါ်တဲ့ သုံးမျိုးစပ် အားကစားနည်းတွေ အတွက် ပစ္စည်း ကိရိယာတွေ စုံတယ်တဲ့။ သုံးမျိုး စပ် ကစားနည်းကတော့ ရေကူး၊ ဘိုင်စကယ်နှင့် မာရသွန် ပြေးပွဲတို့ကို ခေါ်တာပေါ့။

ဒီလိုနှင့် အချိန်တွေ သိပ်မရှိတော့ပါလား။

သူ မရှိတော့ စဉ်းစားစရာ နောက်တစ်ယောက် တွေ့လာပြန် တယ်။

သူက ဝက်စတန်မှာ နေတယ်။ နှာမည်က ရောစ်တဲ့။ တစ်ခုလပ်။ ထက်မြက်တယ်။ စာဖတ်တယ်။ ဟင်းချက်တာကိုလည်း ဝါသနာ ပါ တယ်။ ဟင်းချက် ကောင်းတယ်။

သူက ကိုယ့်ကို အိမ်မှာ အတွေ့မခံဘူး။ အမြဲ အပြင် ထွက်ဖို့ ချည်းပဲ ခေါ်နေတာပဲ။ သူ့ကလေး ငါးယောက်က ကိုယ့်ကို မုန်းလို့တဲ့။ ဒါကြောင့် အိမ်မှာ မတွေ့ချင်ဘူးတဲ့။

သူ့အပြင် တခြား အမျိုးသမီးတွေလည်း ရှိသေးတယ်။ ဒါပေမဲ့ သူတို့လောက်တော့ အရည်အချင်း မပြည့်ဘူး။

အေးလေ။ အမှန်ကတော့ ငါ့အပြစ်ပါ။ ငါက သိပ်ပြီး မုန်းဘာ





ကိုး။ ငါက ဘာမှ မလုပ်ဘဲ ငါနှင့် အတူ ထိုင်ပြီး နိုင်ငံရေး အကြောင်း တို့၊ ဟိုအကြောင်း ဒီအကြောင်းတို့ကို ပြောနေမယ့် မိန်းမမျိုးကို လို ချင်တာ။ ငါနှင့် အတူ စာအုပ် တစ်အုပ်တည်း ဖတ်ပြီး အဲဒီ စာအုပ် အကြောင်းကို ဆွေးနွေးနိုင်မယ့် မိန်းမမျိုးကို လိုချင်တာ။

အထူးသဖြင့်တော့ ငါ့လို တစ်ကောင်ကြွက် ဖြစ်နေတဲ့ မိန်းမမျိုး ကို လိုချင်တာ။ ကိုယ့်လက်ကို တွဲဖို့ ကိုယ့်ကို ချစ်ဖို့ မိန်းမ တစ်ယောက် ကို လိုချင်နေတာ။ တောင်းဆိုချက်က နည်းနည်းတော့ များလွန်း နေမလား မသိဘူး။

ဒါပေမဲ့ လိုက်ရှာကြည့်ရဦးမှာပဲလေ။

၁၉၈၃၊ ဇန်နဝါရီလ ၄ ရက် တိုင်းမဂ္ဂဇင်းတွင် သတင်းတို တစ်ပုဒ် ပါလာ သည်။

**ကွာရှင်း ပြတ်စဲခြင်း။** ။ လက်ထောက် နိုင်ငံခြားရေး ဝန်ကြီး ဂျော့ ကဲလား (၄၇ နှစ်) နှင့် သူ့ဇနီး ကက်သရင်း (၃၉ နှစ်) တို့သည် သားသမီး မရှိဘဲ ကိုးနှစ်တိုင်တိုင် ပေါင်းသင်းပြီးနောက် ညှိနှိုင်းမရသော အခြေခံ သဘောထား ကွဲလွဲမှု များကြောင့် ကွာရှင်း ပြတ်စဲခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

# ပြန်လည် ဆုံစည်းခြင်း

www.burmeseclassic.com

www.burmeseclassic.com

ဇွန်လ ၅ ရက်နေ့ တနင်္ဂနွေနေ့တွင် သူတို့ ရောက်လာကြသည်။ ကြိုတင်စာရင်းများအရ ငွေရတု သဘင်သို့ သူတို့ တစ်နှစ်တည်း ကျောင်းဆင်းသည့် ဟားဗတ် တက္ကသိုလ် ကျောင်းသားဟောင်း ခြောက်ရာတို့ လာရောက်မည်ဟု သိရသည်။ ထိုအထဲတွင် ပြည်နယ်ပေါင်းစုံမှ ကျောင်းသားဟောင်းများလည်း ပါသည်။ ဥရောပနှင့် အာရှတွင် ရောက်နေသည့် ကျောင်းသားဟောင်းများလည်း ပါသည်။ ကြိုတင်စာရင်းများကို မောင်မယ်သစ်လွင် သမဂ္ဂရုံးတွင် လာ၍ စာရင်းသွင်းကြရသည်။ ထိုနေရာသည် လွန်ခဲ့သည့် နှစ်ဆယ့်ကိုးနှစ်တုန်းက သူတို့၏ ခရီးရှည်ကြီးကို စတင်ခဲ့ကြသည့် နေရာ ဖြစ်သည်။

သူတို့ အားလုံးလောက်သည် ထိပ်ပြောင်လျက်။ မျက်မှန်ကြီးတွေ တပ်လျက်။ ဗိုက်ရွဲလျက်။ အိုးတိုးအမ်းတမ်း ဖြစ်လျက်ရှိသော ထို လူစိမ်းများသည် မည်သူတွေနည်း။ ၅၈ ခုနှစ် သင်တန်းဆင်း ကျောင်းသားငယ်တို့ အတွက် သတ်မှတ်ထားသည့် ခန်းဆောင်ထဲသို့ ဘာကြောင့် ရောက်လာကြသနည်း။ အဖြေမှာ သူတို့ ကုတ်အင်္ကျီ ရင်ဘတ်တွင် တပ်ထားသည်သာ ဖြစ်သည်။

ကျောင်းသို့ ရောက်လာခါစ ကျောင်းသားသစ်ကလေးများထက်ပင် သူတို့ကို ကြည့်ရသည်မှာ စိုးရိမ် ရှက်ရွံ့နေကြသည်။ အားလုံး၏ စိတ်ထဲတွင် သူတို့ ပျောက်ဆုံးနေသော အရာ တစ်ခု ရှိသည်။ ယင်းမှာ အခြားမဟုတ်၊ အနာဂတ်ကို မယုံကြည်မှုပင် ဖြစ်သည်။

သူတို့သည် အာကာသထဲသို့ ခရီးသွားရန် ထက်သန်သော ခြေလှမ်းများ၊ မျှော်လင့်ချက်များဖြင့် ဒုံးပျံဆီသို့ လျှောက်သွားနေသော အာကာသ ခရီးသည်များ မဟုတ်တော့။ သူတို့သည် နွမ်းနယ်နေသော ခရီးသွားများသာ ဖြစ်နေကြပြီ။ သူတို့၏ မိုးကုပ်စက်ဝိုင်းသည်လည်း ရုံးရှေ့က မော်တော်ကား ရပ်သည့် ကွက်လပ်သာ ဖြစ်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် တောက်ပြောင်သော အောင်မြင်မှုများကို ရခဲ့ကြပါ၏။ အရေးကြီးသော ပုဂ္ဂိုလ်များ စာရင်းတွင် ပါခဲ့ကြပါ၏။ သို့ရာတွင် ထိုအရာများ အတွက် သူတို့သည် နောင်တွင် ဘယ်တော့မှ ပြန်မရနိုင်သော ဆုံးရှုံးမှုကို ဖြတ်သန်းခဲ့ကြရသည်။ ယင်းမှာ ငယ်ရွယ် နုပျိုခြင်းပင် ဖြစ်သည်။

၅၈ ခုနှစ် သင်တန်းဆင်းများသည် လူကြီးတွေ အဖြစ် အိမ်သို့ ပြန်လာခဲ့ကြသည်။ သူတို့ ရင်ထဲတွင် တောက်လောင်နေခဲ့သော မဟာ မျှော်လင့်ချက်တို့သည် ပျောက်ကွယ်သွားကာ ထိုနေရာတွင် ရည်မှန်းချက်ပေါင်းတည်း ဟူသော တစ္ဆေကြီး အစား ဝင်ရောက် လာခဲ့ကြသည်။

ထိုနေရာတွင် သူတို့ကို ဖြေသိမ့်သည့် စကားလုံးမှာ 'အသင့်အတင့်နှလုံးသွင်းခြင်း' ပင် ဖြစ်သည်။ မည်သူကမျှ ထိုစကားလုံးကို ထုတ်ဖော် ပြောဆိုခြင်း မရှိကြသော်လည်း ထိုသဘောကို အားလုံး သတိပြုမိကြသည်။ သူတို့သည် ဇရာ အရွယ်သို့ ရောက်လာသည်ကို မြင်တွေ့နေရသေးသဖြင့် တော်သေးသည်ဟုသာ ဖြေသိမ့်ကြရသည်။ သူတို့သည် ကြမ်းတမ်းသော အဖြစ်များတည်း ဟူသော မုန်တိုင်းကို ဖြတ်သန်းခဲ့ကြ ပြီးလေပြီ။ မိုးရေ တစ်စက်မျှ မမှန်နိုင်ဟု သူတို့ တစ်ခါက ထင်ခဲ့ကြသော နေရာပေါင်းသို့ ခိုလှုံရန် ပြန်၍ ရောက်လာကြခဲ့လေပြီ။

သူတို့သည် တစ်ယောက်ကို တစ်ယောက် ငေးကြည့် နေမိကြသည်။ သူတို့ စိတ်ထဲတွင် မှတ်မိသည်ဟု ထင်နေသော အသိမိတ်ဆွေပေါင်းများထံ ချဉ်းကပ်ရန် ရှုံ့နေကြသည်။

မောင်မယ် သစ်လွင်နေ့က ညစာ စားရန် တန်းစီ စောင့်နေကြစဉ် တစ်ယောက်နှင့် တစ်ယောက် လှမ်းကြည့်ခဲ့ပုံနှင့် ယခု ငွေရတု သဘင်သို့ ရောက်စဉ် တစ်ယောက်နှင့် တစ်ယောက် လှမ်းကြည့် နေကြပုံများသည် တစ်ခုနှင့်တစ်ခု မတူကြတော့။ ထိုစဉ်က သူတို့သည် ပြိုင်ဘက်များ ဖြစ်ခဲ့ကြ၏။ ကိုယ့်ကိုယ်ကိုယ် ထင်ခဲ့ကြ၏။ ငါလိုလူ ရှိသေးသလားဟု ဘဝင်မြင့်ခဲ့ကြ၏။ ယခု ငွေရတုသဘင် နှစ်ပတ်လည်သို့ ပြန်လာသည့် အခါတွင်မူ ယခင်ကနှင့် မတူတော့။

သို့ရာတွင် ငွေရတုသဘင်၌ သူတို့သည် ချစ်ခင်မှုသစ်များဖြင့် ဆက်ဆံကြသည်။ အဆင့်အတန်း မခွဲ။ လူသား အချင်းချင်း တွေ့ဆုံ ခံစားမှုများဖြင့် ဆက်ဆံခဲ့ကြ၏။ သူတို့သည် တစ်ယောက်ကို တစ်ယောက် ကိုးကွယ်ရန် လာရောက် စုဝေးကြခြင်း မဟုတ်။ ထင်မြင်ချက်ချင်း ဖလှယ်ရန် လာရောက်





စုဝေးကြခြင်း ဖြစ်သည်။

တဖြည်းဖြည်းနှင့် သူတို့သည် ရယ်နိုင် ပြုံးနိုင်လာခဲ့ကြသည်။ ကျောင်းတုန်းက ဘောလုံးပွဲများ အကြောင်းနှင့် နောက်ကြ ပြောင်ကြသည့် အကြောင်းများကို ပြောနိုင်လာခဲ့ကြသည်။ အိမ်ဖြူတော်တွင် အိုင်ဆင် ဟောင်းဝါး ရှိစဉ်က ခေတ်ကောင်းချိန် ကမ္ဘာကြီး အေးချမ်း သာယာသည့် အချိန်ကို ပြန်၍ ပြောနိုင်လာကြသည်။

သို့ဖြင့် ငွေရတုသဘင်သည် အစပြုလေပြီ။

ငွေရတုသဘင် သီတင်းပတ်ကို နောက်တစ်နေ့ မနက် ကိုးနာရီခွဲတွင် ကျောင်းတော် ချီးမွမ်း ပူဇော်ပွဲနှင့် အောက်မေ့ဖွယ် ဝတ်ပြု စည်းဝေးပွဲဖြင့် အစပြုသည်။

သူတို့တစ်တွေ ၅၈ ခုနှစ် ဘွဲ့နှင်းအပြီး ဝတ်ပြု စည်းဝေးပွဲသို့ လူနည်းနည်းကလေး တက်ရောက်ခဲ့ကြပုံနှင့် ၁၉၈၃ ခုနှစ် နွေးထွေးသည့် ထိုနေ့ ဇွန်လ ၆ ရက်နေ့ မနက်ခင်း ဝတ်ပြုစည်းဝေးပွဲသို့ လူတွေ အောတိုက် တက်ပုံတို့ကို နှိုင်းယှဉ် သတိရမိကြသည်။

ဘုရားရှိခိုးကျောင်း တစ်ခုလုံးသည် ၅၈ ခုနှစ် ဘွဲ့ရ ကျောင်းသားများ၊ သူတို့ မိသားစုများဖြင့် ပြည့်နှက်လျက် ရှိ၏။

တစ်နေရာသို့ အရောက်တွင် ဘုန်းတော်ကြီး ကာတို (၅၈ ခုနှစ် ဘွဲ့ရ) က မှတ်သားဖွယ် စကား တစ်ခွန်းကို ပြောသည်။

သူက လူတိုင်းပင် သေခြင်း တရားကို ကြောက်ကြကြောင်း၊ သို့ရာတွင် ထိုအကြောက်၏ နောက်ကွယ်တွင် အညတရ ဖြစ်သွားကြောင်း၊ အမှု ပျောက်မရခြင်း၊ ပျောက်ကွယ်သွားခြင်းတို့ကို ကြောက်သည့် အကြောက်လည်း ရှိကြောင်းဖြင့် ဘုန်းတော်ကြီးက ပြောသည်။

ထို့နောက် ဘုန်းတော်ကြီးက ကွယ်လွန် အနိစ္စ ရောက်သွားကြသော ဟားဗတ် တက္ကသိုလ် ကျောင်းသားဟောင်းများ အကြောင်းကိုလည်း ပြောသွားသည်။ ကျောင်းသားဟောင်း တစ်ယောက်မှာ ရေနစ်သည့် ကလေး တစ်ယောက်ကို ကယ်ဆယ်ရင်း သေသွားခဲ့သည်။ အခြား တစ်ယောက်မှာ ယောက်ကျွန်းတွင် ဖိနှိပ်သည့် အစိုးရကို တော်လှန် ပုန်ကန်ရင်း အသက် ပေးခဲ့



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ တစ်ယောက်မှာ ခါးစာခဲ တစ်ရာကျော်တို့ကို ကယ်ဆယ်ရင်း အသက်ကို စွန့်လွှတ်သွားခဲ့သည်။

'ဒါဟာ တိတ်ဆိတ်တဲ့ သူရဲကောင်း စိတ်ဓာတ်လို့ ခေါ်ရမလား၊ လူငယ်ရဲ့ စိတ်ကူး မျှော်မှန်းချက်လို့ ခေါ်မလား၊ ဒါမှမဟုတ် ဒီ နှစ်ခုစလုံးပဲလား ဆိုတာကိုတော့ ကျုပ်လည်း ကောင်းကောင်း မခွဲခြားတတ်ဘူး၊ ဒါပေမဲ့ ဘယ်လိုပဲ ဖြစ်ဖြစ် သူရဲကောင်း စိတ်ဓာတ်နှင့် စိတ်ကူး မျှော်မှန်းချက်ရယ်လို့ မရှိရင်တော့ လူ့ဘဝကြီးမှာ နေရတာဟာ ဘာမှ အဓိပ္ပာယ် မရှိဘူး၊ ဒါပေမဲ့ ဒီ စိတ်ဓာတ် နှစ်ခုစလုံးဟာလည်း အသက်နှင့် ရင်းရတာတွေချည်းပဲ၊ ဒီနေ့မှာ ကျုပ်တို့ဟာ သူတို့ကို အောက်မေ့ သတိရတဲ့ အနေနှင့် စုဝေးခဲ့ကြတယ်၊ သူတို့ဟာ အညတရတွေ မဟုတ်ဘူး၊ သူတို့ဟာ ထင်ရှားတဲ့ သူတွေ ဖြစ်တယ်၊ သူတို့ဟာ ကျွန်တော်တို့ ခေါင်းဆောင် လမ်းပြတွေ အမြဲ ဖြစ်နေမှာပဲ'

ထိုနောက် တစ်ယောက်က ကွယ်လွန်သွားသော ၅၈ ခုနစ် ဘွဲ့ရတို့၏ စာရင်းကို ဖတ်သည်။

ဖတ်ပြီးသည့်နောက် ဘုရားရှိခိုးကျောင်းမှ ခေါင်းလောင်းသံများသည် မြည်ဟည်းလာကြသည်။ အမည် တစ်ခုကို ဖတ်လိုက်တိုင်း ခေါင်းလောင်းသံ ပေါ်လာသည်။ ခေါင်းလောင်းသံ တစ်ချက်တိုင်းသည် ဖြူဖွေးသည့် ဘုရားရှိခိုးကျောင်းထဲတွင် ရပ်၍ ဆုတောင်းနေကြသော နှလုံးသားများကို ကိုင်လှုပ်နေသည့်နှယ် ရှိသည်။

## အင်အရူး အဲလီယော့၏ နေ့စဉ်မှတ်တမ်း

ဇွန် ၆၊ ၁၉၈၃။

အောက်မေ့ဖွယ် ဆုတောင်းဝတ်ပြု အစည်းအဝေးကို တက်ရမှာကို ငါ ကြောက်နေတယ်။ ဆုတောင်းပွဲ တက်ရင် ငါ့စိတ်တွေကို ထိန်းမှ ထိန်းနိုင်ပါ့မလား မသိဘူး။ ငါ့အနားမှာ ရှိတဲ့ သားကလေး တစ်ယောက်ကို ဖေးမနေခဲ့ရလို့သာ။ နို့မဟုတ်ရင် ငါ ထိန်းနိုင်မှာ မဟုတ်ဘူး။ ငိုမိမှာပဲ။ သားငယ်လေးက ကိုယ့်သားတော့ မဟုတ်ပါဘူး။ ကိုယ့်မှာ နောက်ထပ် သားယောကျ်ားလေး မရှိတော့ဘူးလေ။

ငါ့အေးမှာ ရပ်နေတဲ့ အသားဖြူဖြူ၊ အသက် ဆယ့်ခြောက်နှစ်ရွယ်





လူငယ်ကလေးဟာ ကိုယ့်သား မဟုတ်ပါဘူး။ ဂျေဆန်ရဲ့ သားအကြီး ဂျိုရှုဝါလေ။ သူ့အဖေကို တို့တစ်တွေ ဂုဏ်ပြုတဲ့ပွဲမှာ တက်စေချင်လို့ ငါ ဖိတ်လိုက်လို့ ရောက်လာတာ။

သူ့အေးက လူတွေမှာ မျက်ရည်စမ်းစမ်းနှင့် ဖြစ်နေတဲ့ အချိန်မှာ ကောင်လေးက ဘာမှ မဖြစ်ဘူး။ ရင်ကို ကော့ပြီး ရပ်နေတယ်။ ပါးစပ်ကိုလည်း တင်းတင်း စေ့ထားတယ်။ ဘုရားရှိခိုးစာကို ရွတ်တုန်းကပဲ ပါးစပ် လှုပ်တာ မြင်လိုက်ရတယ်။

ငါတို့တစ်တွေ ဓမ္မသီချင်းကို ဆိုနေတုန်းမှာ သူကလည်း ဟီဗရူး ဘာသာနှင့် လိုက်ဆိုနေတယ်။ သူ့အဖေ အတွက် ဆုတောင်းတာလား လို့ ငါ့ကို မေးတော့ ဟုတ်တယ်၊ အားလုံး သူ့အဖေ အတွက် ဆုတောင်းမေတ္တာ ပို့သတာလို့ ငါ ပြောလိုက်တယ်။

ငါ့ အတန်းဖော်တွေက ငါ့သား ထင်ပြီး ဂျိုရှုဝါကို လှမ်းကြည့်ကြတယ်။ နောက်တော့ ငါက ဂျိုရှုဝါကို သူ့အဖေ ဂျေဆန်ရဲ့ မိတ်ဆွေ သူငယ်ချင်းတွေနှင့် မိတ်ဆက်ပေးတယ်။ သူ့အဖေ အကြောင်းကို ပြန်ပြောကြတော့ ဂျိုရှုဝါဟာ မငိုမိအောင် မနည်း ချုပ်တည်းထားတာကို ငါ သတိပြုလိုက်မိတယ်။ ယောကျ်ား ပီသတဲ့ အပြုအမူပေါ့။

သူ့ အဘိုးအဘွားတွေဆီကို သွားဖို့ ရထားပေါ် တင်ပေးခါနီးကျတော့ တစ်နေ့မှာ ဘော်စတန်ကို အလည်လာဖို့ မှာလိုက်တယ်။

သူက သူလည်း သူ့အဖေလို ဟားဗတ် တက္ကသိုလ်မှာ လာပြီး ကျောင်းတက်ချင်တယ်တဲ့။ ဒါပေမဲ့ လောလောဆယ်မှာတော့ သူတို့ အစ္စရေး တပ်မတော်မှာ မဝင်မနေရမို့ ဝင်ပြီး စစ်မှုထမ်းရဦးမယ်လို့ ပြောသွားတယ်။

ငါဟာ ရထားကြီး ထွက်သွားတာကို ငေးကြည့် ကျန်ရစ်ခဲ့ပြီး သူ့သားကြီး လူလားမြောက်တာကို ဂျေဆန် မြင်ရရင် ဘယ်လောက် ဝမ်းသာရှာမလဲလို့ တွေးနေမိတယ်။

ရထား ထွက်သွားတော့ ငါ ကော်ဖီ သွားသောက်တယ်။ ပြီးမှ နောက် ရထား တစ်စင်းကို သွားကြိုရဦးမယ်လေ။ ငွေရတုသဘင်ကို တက်ဖို့ ကိုယ် ဖိတ်ထားတဲ့ ကိုယ့်အဆက်က အဲဒီ ရထားနှင့် ပါလာမှာ။

ငွေရတုသဘင် အခမ်းအနားဟာ မျှော်လင့်ထားတဲ့ အတိုင်း တော်တော် စိတ်ထိခိုက်စရာ ကောင်းတယ်။ ကိုယ့်မှာတော့ အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



အဖော် ရှိသေးလို့၊ ကိုယ့်ကို ချစ်တယ်လို့ ကိုယ် ထင်နေရတဲ့သူ အနားမှာ ရှိသေးလို့ တော်သေးတာပေါ့။

သားကြီး အင်ဒီ အနောက်တိုင်း ကမ္ဘာကို စွန့်ခွာ သွားပြီးတဲ့နောက်မှာ သမီးလေး လစ်ဇီနှင့် ကိုယ်ဟာ ပိုလို့ ရင်းနှီးလာခဲ့ကြတယ်။ ကိုယ်ဟာ ဖခင်ကောင်း တစ်ယောက် ဖြစ်အောင် ကြိုးစားနေတာကို သဘောပေါက်သွားပြီး ကိုယ့်အပေါ်မှာလည်း သမီးကောင်း တစ်ယောက်လို ဆက်ဆံလာတယ်။

တစ်ခါတလေမှာ သူ့ကို ဘောပွဲကို လိုက်ပို့တယ်။ တစ်ခါတလေမှာလည်း သူ့ကို ကားနှင့် ကျောင်းကို လိုက်ပို့တယ်။ တစ်ခါတလေမှာလည်း သားအဖ နှစ်ယောက် အပြင်ထွက်ပြီး အစာ စားကြတယ်။

စာမေးပွဲ အောင်စာရင်းတွေ ထွက်တော့ သူ့ ဂရိတ်က သိပ်မဆိုးပါဘူး။ ကောလိပ်တွေကို တက်ခွင့်ရတယ်။ ယေးနှင့် ဟားဗတ် နှစ်ခုစလုံးကို လျှောက်တယ်။

ငွေရတုသဘင် အထိမ်းအမှတ် ကျင်းပခြင်းသည် သူတို့ ဟားဗတ် တက္ကသိုလ်ကြီး ကမ္ဘာတည်သရွေ့ ရှိမည် ဆိုသည့် သဘောကို ကျောင်းသားဟောင်းတို့အား သတိပေးရန် ဖြစ်သည်ဟု သရော်သူတို့ သရော်ကောင်း သရော်ကြမည်။

မည်သို့ဆိုစေ ထို သီတင်းပတ်ကျန် ရက်များတွင်မူ အမိ တက္ကသိုလ်ကြီးက သူတို့အား ပြုစု ပျိုးထောင်ပေးခဲ့သည်တို့ကို ပြသခဲ့သည်။ နောင်တွင်လည်း အမိ တက္ကသိုလ်ကြီးသည် ထိုအတိုင်းပင် ဖြစ်နေပေလိမ့်ဦးမည်။

ထို့နောက် အဓိပတိ ဒါးရက်ဘောနှင့် မဟာဌာနမှူး ပါမောက္ခ လင်းဗရိစ် (၅၈ ခုနှစ် ဘွဲ့ရ) တို့က နှီးနှော ဖလှယ်ပွဲ ခေါင်းဆောင်ကြသည်။ အကြောင်းအရာမှာ 'ဟားဗတ် တက္ကသိုလ်' ၏ အနာဂတ် ဖြစ်သည်။ အခြားသော အမေရိကန် တက္ကသိုလ်များက နှစ်ဆယ့်တစ် ရာစုကို ကြိုဆိုရန် ပြင်ဆင်နေကြချေ၊ ဟားဗတ် တက္ကသိုလ်သည် နှစ်ဆယ့်နှစ် ရာစုကို ကြိုဆိုနေပြီ ဆိုသည့် အချက်ကို စာတန်းတွင် အကျယ်တဝင့် ဖော်ပြထားသည်။

မေးခွန်းများကို ဖြေကြားသည့် အစီအစဉ်တွင် ပါမောက္ခ လင်းဗရိစ်က ဟားဗတ် တက္ကသိုလ်သည် နှစ်ဆယ့်တစ် ရာစုကို ကြိုဆိုနေသည့်တိုင်





မဟာဌာနများတွင် ကွန်ပျူတာများကို ပါမောက္ခ ခန့်မည် မဟုတ်ကြောင်းဖြင့် ပြောဆိုသွားသည်။

မိမိတို့ သားသမီးများအား ဟားဗတ် တက္ကသိုလ်တွင် ထားရန် စိတ်ကူးနေကြသည့် မိဘ ဖြစ်သူ ကျောင်းသားဟောင်းများကလည်း ထိုအချက်ကို သဘောကျကြသည်။

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဇွန် ၆၊ ၁၉၈၃။

လင်းဗရိစ်ကို တွေ့ရင် မှတ်မိမှာတောင် မဟုတ်ဘူး။ သူက ကိုယ့်ထက်တောင် နုပျိုနေပါသေးကလား။ သူ စကား ပြောတော့လည်း တော်တော့်ကို ကိုယ့်ကိုယ်ကိုယ် ယုံကြည် စိတ်ချနေတဲ့ ပုံပဲ။ ဟုတ်တာပေါ့လေ။ သူ့ဘဝမှာ အောင်မြင်မှုတွေချည်းပဲ ရခဲ့တာကိုး။

သူ့ ဒုတိယ ဇနီး အယ်ဘီကလည်း တော်တော် နိပ်တယ်။ ကိုယ်နှင့် ဆွေမျိုးနီးစပ် တော်တော့ သူ့အကြောင်းကို ကိုယ် သိသင့်သလောက် သိတာပေါ့။ ဟားဗတ် တက္ကသိုလ် ရန်ပုံငွေ ကောက်တုန်းက အယ်ဘီက ကိုယ့် အဖွဲ့မှာ ပါတယ်လေ။ လင်းဗရိစ်နှင့် တွေ့တာ အဲဒီတုန်းက တွေ့တာပေါ့။

ယဉ်ယဉ်ကျေးကျေး ပြောရရင် အယ်ဘီက အသက် လေးဆယ်ရဲ့ ဆင်ခြေဖုံးကို ရောက်နေပြီလေ။ ကိုယ့် မိသားစုကလည်း အယ်ဘီကို ကောင်းကောင်းမွန်မွန် လူနှင့် တွေ့ရင် နေရာ ချပေးချင်ပါတယ်။ ခုတော့ ဟန်ကျသွားတာပေါ့။ တင့်တောင့်တင့်တယ် ဖြစ်သွားပြီပေါ့။ ဘရက်တယ်လမ်းမှာ အိမ်ကြီးရခိုင်နှင့် ဖြစ်နေကြပြီ။

သူတို့ နှစ်ယောက် ရှေ့သွား နောက်လိုက် ညီပါတယ်။ အယ်ဘီကလည်း ညှော်ခံကောင်းတဲ့ အိမ်ရှင်မ။ ဘောစတန်မှာ ရှိတဲ့ အရေးကြီးတဲ့ ပုဂ္ဂိုလ် မှန်သမျှ သူတို့ ညှော်ခံပွဲကို ရောက်ကြတာချည်းပဲ။

လင်းဗရိစ်ဟာ ပရင့်စတန် တက္ကသိုလ်က ကမ်းလှမ်းတဲ့ အဓိပတိ ရာထူးကို ငြင်းလိုက်တယ်လို့ အတော်အတန် ခိုင်လုံတဲ့ ရပ်ကွက်က သတင်းတွေ ကြားရတယ်။ ဒါကို ထောက်ရင် ဟားဗတ် တက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



က သူ့ကို မကြာမီမှာ အဓိပတိ ရာထူးကို ပေးမှာ ဖြစ်လို့ပဲလို့ ကိုယ် ခန့်မှန်းမိတယ်။ လင်းဗရိုစ် ဝမ်းသာသလို ကိုယ့် သူငယ်ချင်း တစ်ယောက် ဟားဗတ် တက္ကသိုလ်ကြီးမှာ အဓိပတိ ဖြစ်မယ် ဆိုတာကို တွေးပြီး ကိုယ် ဝမ်းသာမိတယ်။

တချို့ ကျောင်းသားဟောင်းတွေက ကျောင်းတုန်းက သူတို့ ကောင်းကောင်း မသိခဲ့တဲ့ လင်းဗရိုစ်ကို ခယဝယ လုပ်ပြီး ဆက်ဆံနေကြတာ တွေ့တော့ တော်တော် အံ့အားသင့်မိတယ်။

လင်းဗရိုစ်ဟာ အမြဲတမ်း အနိုင်ရသူ ဆိုတာ ကိုယ် သိပါတယ်။

အမေရိကန် အစိုးရ နိုင်ငံခြားရေး ဝါဒနှင့် ပတ်သက်၍ ဂျော့ ကဲလား မိန့်ခွန်း ပြောသည့် အခါတွင် တက္ကသိုလ် ခန်းမကြီး တစ်ခုလုံး လူတွေ ကြိတ်ကြိတ်တိုးကာ လျှံထွက်သွားသည်။

ဂျော့ ကဲလားသည် မိနစ် လေးဆယ်အတွင်း နိုင်ငံတကာ ဆက်ဆံရေးတွင် ပြဿနာ ပေါ်နေသော ဒေသများ အကြောင်းကို ရှင်းလင်းစွာ ပြောသွားခဲ့သည်။ ဈူကလီးယား လက်နက် ဖျက်သိမ်းရေး ပြဿနာမှ အစ တောင်အမေရိကတိုက်တွင် မည်သည့် အစိုးရများကို မည်သည့် အတွက် အမေရိကန် အစိုးရက ထောက်ခံ အားပေးနေကြောင်းတို့လည်း ပါသည်။ အရှေ့ အလယ်ပိုင်း အစိုးရများ၏ ကွေ့ကောက် ရှုပ်ထွေးသည့် ပေါ်လစီများမှ အစ ကရင်မလင်ရို ခေါင်းဆောင်သစ်များ၏ စိတ်နေသဘောထားတို့ကိုပါ မကျန် ခွဲခြမ်းစိတ်ဖြာ ပြသွားသည်။

ကမ္ဘာ့နိုင်ငံရေး ကားချပ်ကြီး တစ်ခုလုံးကို ကျွမ်းကျင်သော စုတ်ချက်ဖြင့် ရေးပြသွားသည့် ပန်းချီကားချပ်ကြီး တစ်ခုနှင့်ပင် တူတော့သည်။

မေးခွန်း မေးချိန်တွင် ပရိသတ်ထဲမှ တစ်ယောက်က နယူးယောက်တိုင်း သတင်းထောက် လေတန် ရေးသည့် 'အမှောင် မင်းသား' ဟူသော ကစ်ဆင်းဂျား အတ္ထုပ္ပတ္တိ စာအုပ်နှင့် ပတ်သက်၍ မေးသွားသည်။ ထို စာအုပ်ထဲတွင် ကစ်ဆင်းဂျားသည် ကမ္ဘောဒီးယားကို အမေရိကန်တို့ ဝင်ရောက်တိုက်ခိုက်မှုနှင့် ပတ်သက်၍ တာဝန်ရှိသည်ဟု ပြင်းထန်စွာ စွပ်စွဲထားသည်။

ဂျော့ ကဲလားကို ကြည့်ရသည်မှာ သူ့ဆရာ ကစ်ဆင်းဂျားကို ထိပါး





တိုက်ခိုက်သည့် အတွက် ထို စာအုပ်ကို တော်တော် စက်ဆုပ်နေဟန် ရှိသည်။ ဂျော့ ကဲလားသည် ထိုင်ရာမှ ထကာ သူ့ဆရာဟောင်းနှင့် ပတ်သက်၍ ကာကွယ် ပြောဆိုသည်။

ပရိသတ်က စကားပြော ကောင်းသော၊ အချက်အလက် ပြည့်စုံသော ဂျော့ ကဲလား၏ ကာကွယ် ပြောဆိုချက်ကို လက်ခုပ်သြဘာ ပေးကြသည်။

'ဒါဖြင့်ရင် ကစ်ဆင်းဂျားဟာ ဗီယက်နမ် စစ်ပွဲကို တိုက်တဲ့ နေရာမှာကော တာဝန် မရှိဘူးလား'

နောက်တန်းမှ တစ်ယောက်က ထမေးသည်။

'ဗီယက်နမ် စစ်ပွဲက ဘာဖြစ်လို့လဲ ခင်ဗျာ'

ဒေါက်တာ ဂျော့ ကဲလားက တည်ငြိမ်စွာ ပြန်မေးသည်။

'နှစ်ဖက်စလုံးမှာ အကျအဆုံးတွေ သိပ်များနေတဲ့ အချိန်မှာ ဒေါက်တာ ကစ်ဆင်းဂျားနှင့် ဒေါက်တာ ကဲလားတို့ဟာ ဘာကြောင့် စေ့စပ် ဆွေးနွေးမှုတွေကို ဖျက်သိမ်းခဲ့တာလဲ၊ ဒါကို ဒေါက်တာတို့ ဘာပြောမလဲ'

'ဒီအချက်ဟာ မမှန်ပါဘူး၊ ပါရီ ဆွေးနွေးပွဲမှာ ကျွန်တော်တို့ရဲ့ ရည်ရွယ်ချက်က ဗီယက်နမ် စစ်ပွဲကို အမြန်ဆုံး ရပ်စဲဖို့ပါ၊ တစ်နည်း ပြောရရင် အသက်တွေ မဆုံးရှုံးရအောင် တားဆီးဖို့ပါ'

ဒေါက်တာ ဂျော့ ကဲလားက တည်ငြိမ်စွာ ပြန်ဖြေသည်။ သို့ရာတွင် မေးခွန်းရှင်ကမူ သူ့အဖြေကို ကျေနပ်ခြင်း မရှိ။

'ဒါဖြင့်ရင် ဘာဖြစ်လို့ နာတာလူး ပွဲတော်နေ့က ဗုံးတွေကို ပိုက်စိပ်တိုက် ကြဲချခဲ့ရသလဲ၊ ဗုံးကြဲလို့ ဘက်မေ ဆေးရုံက လူနာတွေ အများအပြား သေခဲ့ကြရတယ်'

ပရိသတ်မှာ လှုပ်လှုပ်ရှရှ ဖြစ်စ ပြုလာသည်။ ဂျော့ ကဲလားကမူ တုန်လှုပ်ခြင်း မရှိ။

'ဒီမှာ မိတ်ဆွေ၊ ဗုံးကြဲခဲ့တာ လိုအပ်လို့ ကြဲချခဲ့တာပဲဗျ၊ ဒါကြောင့် မှန်တယ်၊ ကျွန်တော်တို့ဟာ ပါးစပ်ပြော မဟုတ်ဘူး၊ လုပ်မယ် ဆိုရင် ဘာကယ် လုပ်တယ် ဆိုတာကို မြောက် ဗီယက်နမ်တွေ သိအောင် ပြလိုက်တာပဲ၊ ဆေးရုံကို ဗုံးကြဲခဲ့မိတာကတော့ ဝမ်းနည်းစရာ ကောင်းတဲ့ အမှား တစ်ခုပါ'

'စစ်ပွဲကြီး တစ်ခုလုံးကတော့ အမှားလို့များ မထင်မိဘူးလား'

ဂျော့ ကဲလားမှာ စိတ်တိုသည်ထက် သူ့ ဘာကြောင့် မေးသည်ကို ခေခွဲမရ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ဟာ သမိုင်း ဖြစ်သွားတဲ့ အဖြစ်အပျက်တွေ အကြောင်းကို ပြောနေကြတာဗျ၊ ဒါပေမဲ့ ခု ခင်ဗျားက ဒီကိစ္စကို ဘာကြောင့် အရေးတကြီး ထားပြီး မေးတာလဲ ဆိုတာ ကျွန်တော် နားမလည်ဘူး'

'ဒေါက်တာ ကဲလားမှာ သားသမီးတွေများ ရှိပါသလား ခင်ဗျာ' ထိုလူက မေးသည်။

'မရှိပါဘူး'

'ဟုတ်ပါပြီ၊ ခင်ဗျားဟာ ကျွန်တော့်လို သားသမီးတွေ ရှိခဲ့ရင်၊ ခင်ဗျားရဲ့ တစ်ဦးတည်းသော သားဟာလည်း၊ ခင်ဗျား ခုတိုင် နားမလည်သေးတဲ့ အကြောင်းရင်းတွေကြောင့် အရှေ့တောင် အာရှ စစ်ပွဲ တစ်ခုမှာ ကျဆုံးခဲ့ရင် ခင်ဗျားလည်း ကျွန်တော် မေးတဲ့ မေးခွန်းမျိုးတွေကို နောင် ဆယ်နှစ်လောက်ကြာသည် အထိ မေးနေဦးမှာပဲဗျ'

ပရိသတ်သည် အံ့အားသင့်ကာ ငြိမ်သွားသည်။

ဂျော့ ကဲလားက လေအေးဖြင့် ပြန်ပြောသည်။

'ခင်ဗျားအဖို့ ယူကျုံးမရ ဖြစ်နေတဲ့ ပြဿနာ တစ်ခုနှင့် ပတ်သက်ပြီး ကျွန်တော် ငြင်းခုံနေမိတဲ့ အတွက် တကယ် ဝမ်းနည်းပါတယ်၊ ဒါကြောင့် ခင်ဗျား ဆုံးရှုံးမှု အတွက် ကျွန်တော်တို့ ကျောင်းသားဟောင်းများ နည်းတူ ကျွန်တော်လည်း ဝမ်းနည်းပါတယ်'

'ဝမ်းနည်းနေရုံနှင့် မပြီးဘူးဗျ၊ အပြစ် ရှိတယ် ဆိုတာကို မေ့ထားလို့ မဖြစ်ဘူး၊ ဒီအပြစ်တွေကို ကျူးလွန်ထားပြီးတဲ့ နောက်မှာ ခင်ဗျား ညည အိပ်လို့ကော ပျော်ရဲ့လား'

ဂျော့ ကဲလားသည် ဘာမျှ မပြောနိုင်။ အတန်ကြာ တိတ်ဆိတ်နေသည်။

'ကျွန်တော်တို့ နှီးနှော ဆွေးနွေးပွဲကို ဒီမှာ ရပ်လိုက်ရင် ကောင်းမယ် ထင်တယ်'

ဂျော့ ကဲလားက တည်ငြိမ်စွာ ပြောသည်။

ဩဘာ လက်ခုပ်သံတွေ မကြားရ။ ပရိသတ်များသည် စိတ်လှုပ်ရှားနေကြသည်။

မေးခွန်း မေးသူသည် သူ့ ဇနီးသည်၏ ခါးကို ဖက်၍ အပြင်သို့ ထွက်သွားသည်။





## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဇွန် ၇၊ ၁၉၈၃၊

ဂျော့ ကဲလားရဲ့ အချိန်ဇယားက သိပ် တင်းကျပ်လွန်းနေတယ်။ ဒါကြောင့် ဝါရှင်တန်ကို ငါးနာရီ လေယာဉ်နှင့် ပြန်မို့ သူ့ကို လေဆိပ်ကို ကသောကမျော လိုက်ပို့ရတယ်။ ကိုယ်က ကားကို မောင်းလာတုန်းမှာ ဂျော့ ကဲလားဟာ တုံဏှိဘာဝေ လုပ်ပြီး လိုက်လာတယ်။ မေးခွန်း မေးသူရဲ့ ပေါက်ကွဲမှုကြောင့် သူလည်း တော်တော် တုန်လှုပ် ချောက်ချား သွားပုံရတယ်။

ကိုယ်က သူ စိတ်ပြေပါစေတော့ ဆိုတဲ့ သဘောနှင့် သူ ဟောပြောပို့ချချက် တစ်ခုလုံးဟာ သိပ်ကောင်းတဲ့ အကြောင်း ပြောပြတယ်။ ဒါပေမဲ့ အကြောင်း မထူးပါဘူး။

ကိုယ်က ကားကို အပြင်း မောင်းလာလို့ လေယာဉ်ကွင်းကို စောရောက်တယ်။ ဒါနှင့် သူနှင့် ကိုယ် အမေရိကန် အဲယားလိုင်း ဗီအိုင်ပီခန်းမှာ ထိုင်ပြီး စကားပြောဖြစ်ကြသေးတယ်။ ဂျော့ ကဲလားက တို့နှစ်ယောက် အတွက် စကော့ ဝီစကီ နှစ်ခွက်ဆင့် တစ်ခွက်စီ မှာလိုက်တယ်။ ကိုယ်က တစ်စက်မှ မသောက်တော့ ကိုယ့်ခွက်ကိုလည်း သူ သောက်ပစ်လိုက်တယ်။ သူ့ ကြည့်ရတာ တော်တော် ခိတ်ညစ်နေတဲ့ပုံပဲ။

တစ်နည်း ပြောရရင်တော့ ခုလို ဖြစ်သွားရတာဟာ ကိုယ့်မှာလည်း တာဝန် ရှိတယ်။ ဒီ ငွေရတုသဘင်ကို တက်အောင် ကိုယ်တိုင် ကိုယ်ကျ သွားပြီး ဖိတ်ခဲ့တာကိုး။ ဟားဗတ် ကျောင်းသားဟောင်းတွေက ကျွန်တော့်ကို ခုထိ မုန်းနေကြတုန်းပဲ ဆိုတဲ့ ထင်မြင်ချက်နှင့် သူ ပြန်သွားရတာကို ကိုယ် နည်းနည်းမှ စိတ်မကောင်းဘူး။ ကိုယ်က ပြေရာပြေကြောင်း ပြောပါတယ်။ ကိုယ် အပါအဝင် ကိုယ်တို့ ကျောင်းသားဟောင်းတွေက သူ့ကို အထင်ကြီး လေးစားတဲ့ အကြောင်း ပြောပြပါသေးတယ်။

ဒီတော့ သူက နာနာကြည်းကြည်းနှင့် ရယ်ပြီး 'ဒေါ်တော်တော်များများက သူ့ကို လေးစားကြတယ် ဆိုတာ ဟုတ်ချင် ဟုတ်ပါလိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်တဲ့။ ဒါပေမဲ့ သူ့ကို ဘယ်သူကမှ တကယ် ခင်မင် နှစ်သက်တာတော့ မဟုတ်ဘူးတဲ့။ သူပြောတဲ့ စကားကို ကိုယ် အတိအကျ သတိရနေသေးတယ်။ 'ကျွန်တော့်မှာ အောင်မြင်မှု ရဖို့ ပါရမီ ရှိချင် ရှိမယ်၊ ဒါပေမဲ့ ခင်မင် ရင်းနှီးမှု ရဖို့ ပါရမီတော့ မရှိဘူး' တဲ့။

သူဟာ ကေသီနှင့် ကွဲခဲ့ရတဲ့ အတွက် အဲဒီက ဒဏ်ရာ ဒဏ်ချက်ကို ခံစားနေရတာ ထင်တယ်လို့ ပြောတော့ သူက ငြင်းတယ်။ နောက်ထပ် စကော့ တစ်ခွက် ထပ်မှာသောက်ပြန်တယ်။ သောက်ရင်း သူ့ ဟောပြောချက်ဟာ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်သွားပြီ။ သူဟာ ဟားဗတ်မှာ အပေါင်းအသင်းရယ်လို့ မရှိခဲ့တဲ့ အတွက် သူ့ ဟောပြောချက်ဟာလည်း အချည်းနှီးပဲတဲ့။ သူဟာ အထ္ထကြီးတဲ့ လူတဲ့။

ရော့ဒ့ ကဲလားဟာ နာရီကို ကြည့်လိုက်ပြီး အခက်အခဲ မရှိ ဖြုန်းခနဲ ထရပ်လိုက်တယ်။ ကိုယ်နှင့် သူဟာ လေယာဉ်ဆီကို လျှောက်လာခဲ့ကြတယ်။ ဂိတ်နား ရောက်တော့ စက္ကန့် အတန်ကြာ ရပ်ပြီး နှုတ်ဆက်ကြတယ်။ နောက်တော့ သူလည်း ကမ္ဘာကြီးကို အုပ်စိုးရာ သူ့ ဌာနချုပ်ကို ပြန်သွားတယ်။ ပြန်သွားခါနီးမှာ ကိုယ့် တစ်သက်မှာ ခြောက်လှန့်နေမယ့် စကား တစ်ခွန်းကိုလည်း ပြောသွားတယ်။

'ခင်ဗျား နေ့စဉ် မှတ်တမ်းထဲမှာ ကျုပ်အကြောင်းကိုများ ထည့်ရေးရင် ကျုပ်ကို ကံကောင်းတဲ့လူလို့ ဘယ်တော့မှ မရေးပါနှင့်' တဲ့။

ဟားဗတ် တက္ကသိုလ် ကျောင်းသားဟောင်းများ နှစ်ပတ်လည် ပွဲများ၌ သူတို့နှင့် အတန်းဖော် ဂီတပညာရှင် တစ်ဦးစီအား ဖိတ်ကြား၍ အနည်းဆုံး တေး တစ်ပုဒ်လောက်ကိုတော့ တီးခိုင်းမြဲ ဖြစ်သည်။ ဤသည်မှာ ဟားဗတ် တက္ကသိုလ် နှစ်လည် ပွဲများ၏ ထုံးစံဖြစ်သည်။ ဥပမာအားဖြင့် ၁၉၆၄ ခုနှစ် နှစ်လည်ပွဲတွင် စန္ဒရားဆရာ လီယိုနာ ဘန်းစတိန်း (၁၉၃၉ ခုနှစ် ဘွဲ့ရ) တက်ရောက်ပြီး သူ့ တေးဂီတ တစ်ပုဒ်ကို တီးသွားသည်။ ၁၉၈၃ ခုနှစ်တွင် ဒင်နီကို ဖိတ်ကြား၍ တီးခိုင်းသည်။

ဂီတရိပ်သာ ခန်းမကြီး စင်မြင့်ရှိ အော်ဂင်ကြီးကို ငွေရောင်နှင့် ပန်းရောင် စက္ကူတို့ဖြင့် မွမ်းမံ ပြင်ဆင်ထားသည်။ ခန်းမကြီး တစ်ခုလုံးတွင် ထိုနှစ်





ဘွဲ့ရ ကျောင်းသားများဖြင့် ပြည့်လျှံလျှက်။

ဒင်နီသည် ကန့်လန့်ကာကြားတွင် ရပ်နေသည်။ သူ့ ဆံပင်ကို သေသေ စွာ ပြင်ထားပြီး ပုံလွှားတောင် အကျီရှည်ကို ဝတ်ထားကာ မိတ်ကပ် လိမ်း ထားသည်။ (မိတ်ကပ် လိမ်းထားခြင်းမှာ သူ့ကို သာမန် လူတစ်ယောက် မဟုတ်ဘဲ ဇာတ်စင်ပေါ်မှ အံ့ဩစဖွယ် လူတစ်ယောက် အဖြစ် ပရိသတ် အမြဲ မြင်နေစေချင်သောကြောင့် ဖြစ်သည်။)

ဒင်နီသည် ကန့်လန့်ကာကြားတွင် ရပ်ရင်း အသံ တစ်ခု လက်ခံ ခေါင်းထဲ ဝင်လာသည်။

ယခု တီးပြရမည့် ပရိသတ်သည် သူ့ တစ်သက်တွင် အရေးအကြီးဆုံး ပရိသတ်။

ကန့်လန့်ကာ ကြားထဲတွင် ရပ်ရင်း ဟားဗတ် တက္ကသိုလ် နွေရက် များတုန်းက သူသည် ဘာမျှ ဖွဲ့ခဲ့သူ မဟုတ်ကြောင်းကို သူ သတိရလာသည်။ ဂီတတွင် နာမည် ကြီးလာသည့်တိုင် ကျောင်းတုန်းက သူသည် မထင်မရှား။ သူသည် အားကစား ထူးချွန်သူ မဟုတ်။ အပေါင်းအသင်း ဆံ့သူ မဟုတ်။ မိန်းမ စွဲသူ မဟုတ်။ သူသည် လူညံ့။

ယခု ရာစုနှစ် တစ်စိတ်လောက် ကြာသွားသည့်တိုင် ကျောင်းတုန်းက သူ့ စန္ဒရားကြီးကို ဝိုင်း၍ ဖျက်ဆီးလိုက်ကြသည်ကို သူ မမေ့နိုင်သေး။

ယခုမူ စက်ဝိုင်းသည် တစ်ပတ် ပတ်မိပြီ။ သူ့ကို အနိုင်ကျင့်ခဲ့သူ၊ သူ့ ကို အထင်သေးခဲ့သူ၊ သူ့ကို လှောင်ပြောင်ခဲ့သူ၊ သူ့ကို ဆေးဖော် ကြောဖက် မလုပ်ခဲ့သူ။ ထိုသူများ အားလုံးသည် သူ ထွက်အလာကို စောင့်နေကြရပြီ။

ဒင်နီသည် စင်မြင့် အလယ်သို့ လျှောက်လာခဲ့သည်။

စင်မြင့်ပေါ်က ခုံကလေးပေါ်သို့ သူ တက်လိုက်စဉ် ပရိသတ်သည် ငြိမ်ကျသွားသည်။ ဒင်နီက ပရိသတ်ကို ဖြည်းညင်းစွာ ဦးညွှတ်ပြီး နောက်သို့ ပြန်လှည့်ကာ တေးသံစုံဝိုင်း အချက်ပြ လှင်တံကို ကောက်ကိုင်လိုက်သည်။

ပထမ သူရေးသည့် 'ဆာဗာနာရီလာ' ဘဲလေးမှ သီချင်းကို တီးခိုင် သည်။ သူ့ ဂီတ လက်ရာ ဖြစ်၍ ယခုတိုင် နှစ်သက်ကြဆဲ ဖြစ်သည်။

ထို့နောက် ပရိသတ်တို့ တောင့်တသည့် 'မင်ဟတ်တန် ... တေးသွားကို တီးသည်။ သူက သံစဉ် တစ်ခုကို ပြောင်းသွားစဉ် ပရိသတ် က ဩဘာ လက်ခုပ် တီးကာ လိုက်ဆိုကြသည်။

'ကြယ်ပွင့်တို့ မလုံလောက်သေး' ဆိုသည့် ... ကို တီးသည် ...



www.burmeseclassic.com

www.burmeseclassic.com



တွင် ဩဘာသံများမှာ မဆုံးနိုင်တော့။ တေးသီချင်း ဆုံးသွားသည့်အခါ ဒင်နီသည် ပရိသတ် ဘက်သို့ မျက်နှာမူ၍ ရပ်လိုက်သည်။ အားလုံး မတ်တတ်ရပ်၍ အရိုအသေ ပေးကြသည်။ အော်ဟစ်လျက်၊ ဩဘာပေးလျက်။

ထိုစဉ် အော်ဟစ်သံ တစ်ခုကို ကြားလိုက်ရသည်။

'ဒင်နီ ကိုယ်တိုင် စန္ဒရား တီးပါဗျို့'

'တီးပါ၊ တီးပါ' ဆိုသည့် အသံများသည် ဒီရေတက်သကဲ့သို့ တစ်ရုံးရုံး လျှံလာသည်။

ပထမတွင် ဒင်နီက ညာလက်ကို မြှောက်ပြရင်း သူတို့ကို တိတ်ရန် အချက်ပြသည်။ သို့ရာတွင် အသံတွေက မတိတ်။

သူတို့ နှစ်သက်သော၊ သူတို့ စွဲလမ်းသော၊ သူတို့ တောင့်တသော အရာသည် သူ့တွင် မရှိတော့။

သူသည် စိတ်ကို မထိန်းနိုင်တော့ဘဲ မျက်ရည်တွေ ကျလာသည်။ ဒင်နီသည် တီးဝိုင်းဘက်သို့ လှည့်ကာ နောက်ဆုံးပိတ် တီးရမည့် တီးလုံး ဖြစ်သည့် ဟားဗတ် တက္ကသိုလ် ဘောလုံးသင်း သီချင်းကို တီးရန် အချက်ပြလိုက်သည်။

သူ့ ဂီတသံထက် ပရိသတ်တို့ မြတ်နိုးသည့် တေးသီချင်းကို အတီးခိုင်းလိုက်ရင်း ဒင်နီသည် သူ့ အခြေအနေကို ဖုံးကွယ်ကာ အောင်မြင်စွာ ဆုတ်ခွာနိုင်ခဲ့သည်။

ထို တေးသွားမှာ ဟားဗတ် တက္ကသိုလ် သီချင်း ဖြစ်သည်။

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဇွန် ၈၊ ၁၉၈၃။

ကိုယ်တို့ သင်တန်းဘွဲ့ရသူတွေထဲမှာ ဒင်နီရဲ့ လျှို့ဝှက်ချက်ကို သိတဲ့လူဆိုလို့ ကိုယ် တစ်ယောက်ပဲ ရှိတယ်။

ဒါကလည်း မတော်တဆ သိခွင့် ကြုံခဲ့ရတာ။

ငွေရတုသဘင် ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌက ဒင်နီကို ဖိတ်ဖို့နှင့် ဒင်နီ့ဆီက အလှူငွေ ကောက်ဖို့ ကိုယ့်ကို တာဝန်ပေးတယ်။

ကိုယ်က အလှူငွေ ထည့်ဖို့ မေတ္တာ ရပ်ခံပေမယ့် ဒင်နီက မထည့်ပါရစေနှင့်လို့ ငြင်းတယ်။ သူ့ဆီက သန်းချီပြီး ထည့်မယ်လို့ မျှော်





လင့်ထားကြတာပေါ့။

မနက်ဖြန်မှာ ဆိုရင် ဘွဲ့ရကျောင်းသားတွေရဲ့ အလှူငွေ စာရင်းကို ကြေညာတော့မယ်။ ဒါကြောင့် ကျောင်းသားဟောင်းတွေက ကိုယ့်ကို နောက်ဆုံး ကြိုးစားတဲ့ အနေနှင့် ကြိုးစား ကြည့်စမ်းပါဦးလို့ ပြောကြတယ်။ ကျောင်းသားဟောင်းတွေထဲမှာ ကိုယ့်ကို ရွေးပြီး သူ့ဆီ လွှတ်တာကို ထောက်ရင် ဒင်နီမှာ ကျောင်းတုန်းက ဘယ်လောက် အပေါင်းအသင်း နည်းတယ် ဆိုတာ သိနိုင်တယ်လေ။

အရင်တုန်းကလို ပတ်ဝန်းကျင်မျိုးကို ရအောင် ဆိုပြီး ဘွဲ့ရကျောင်းသားတွေကို ကျောင်းဆောင်တွေမှာ တည်းခိုနိုင်ဖို့ စီစဉ်ပေးထားတယ်။ ဒါပေမဲ့ ဒင်နီနှင့် သူ့ဇနီးတို့ကတော့ ကျောင်းမှာ မတည်းဘူး။ ရစ်ဇာ ဟိုတယ်မှာ တည်းနေကြတယ်။ ဒါကြောင့် နောက်တစ်နေ့ မနက်ကျတော့ ကိုယ်လည်း သူ တည်းနေတဲ့ ဟိုတယ်ကို လိုက်သွားရတာပေါ့။

သူ့ကို ကြည့်ရတာ စင်ပေါ်မှာထက် ဖျော့တော့နေသလို ထင်ရတယ်။ ပိုပြီးလည်း ပိန်နေတယ်။ မနေ့ညတုန်းက စင်ပေါ်မှာ ဂီတပွဲကြောင့် ပင်ပန်း နေသလားတော့ မသိဘူးပေါ့။ သူနှင့် သူ့ဇနီး မာရီယာက ဆိုဖာပေါ်မှာ ယှဉ်ထိုင်ပြီး ကိုယ်က မျက်နှာချင်းဆိုင်မှာ ထိုင်ရင်း နောက်ဆုံး ကြိုးစားတဲ့ အနေနှင့် အလှူငွေ ထည့်အောင် ပြောနေတယ်။

သူ အခုလို အောင်မြင်မှု ရလာတဲ့ အတွက် အမိ ဟားဗတ် တက္ကသိုလ်ကြီးကို ကျေးဇူး မတင်ဘူးလား၊ တက္ကသိုလ်ရဲ့ ကျေးဇူး သူ့ အပေါ်မှာ မရှိဘူးလားလို့ မေးတော့ သူက မရှိဘူးတဲ့။ ဒါဖြင့် ဟားဗတ် တက္ကသိုလ် အပေါ်မှာ သံယောဇဉ် တွယ်တာတို့၊ အောက်မေ့တသတာတို့ မရှိဘူးလားလို့ မေးပြန်တယ်။ ဒါလည်း မရှိဘူးတဲ့။ ဒုက္ခပါပဲ။ ဒါနှင့် ကိုယ်လည်း မဖြစ်ချေဘူး ဆိုပြီး နောက်ထပ် နည်းပရိယာယ် တစ်ခု ဆင်ရပြန်တယ်။ ကဲ ကျောင်းကို မရှိရင်တောင် ဌာန တစ်ခုခု အပေါ်မှာကော သံယောဇဉ် မရှိဘူးလား။

ဥပမာ ဂီတဌာန၊ တေးသံစုံ တီးဝိုင်း ဌာန၊ ဒါမှမဟုတ် ... ပြိုင်ပွဲ၊ ပြဇာတ် ပြိုင်ပွဲ အတွက် ဆု တစ်ခုခု မချီးမြှင့်နိုင်ဘူးလား။ သူ ဝါသနာ ပါတဲ့ ပညာရပ် တစ်ခုခု အတွက် ဖြစ်ဖြစ်ပေါ့လို့ မေးတယ်။ ဒီတော့ သူက ဖော်ဖော်ရွေရွေပါပဲ။ ဒါပေမဲ့ အဖြေကတော့



www.burmeseclassic.com

www.burmeseclassic.com



အရင်အတိုင်းပဲ။ မထည့်နိုင်ဘူး တဲ့။

ကိုယ်လည်း တော်တော် စိတ်တိုလာတယ်။ ဒါနှင့် နောက်ဆုံးတော့ သူ့ကို ပြတ်ပြတ်ပဲ မေးတယ်။ ကဲဗျာ၊ ဒီလို ဆိုရင် ခင်ဗျား ထောက်ပံ့ ကူညီချင်တဲ့ ကိစ္စ ဆိုလို့ တစ်ခုမှ မရှိတော့ဘူးလားလို့ မေးလိုက်တယ်။

ကိုယ်က မေးလိုက်တော့ သူနှင့် မာရီယာတို့ တစ်ယောက်ကို တစ်ယောက် လှမ်းကြည့်နေကြတယ်။

ပြီးတော့ မာရီယာက သူတို့ ဒီလို ငြင်းတာကို အထင်မလွဲပါနှင့်လို့ ခပ်တိုးတိုး ပြောတယ်။ ဒင်နီဟာ ဒါမျိုးကို အင်မတန် ရက်ရောတဲ့ သူပါတဲ့။ ဒါပေမဲ့ သူတို့ ဘဝဟာ ဇာတ်စင်ပေါ် မီးရောင်အောက် ဘဝလို အဆင်ပြေနေတာ မဟုတ်ပါဘူးတဲ့။ ဟားဗတ် တက္ကသိုလ်ကို လှူဖို့ သူတို့ စဉ်းစားထားတာ ရှိပါတယ်တဲ့။ သူတို့ လှူမယ့် အလှူဟာ တက္ကသိုလ် အတွက် အကျိုး ရှိစေချင်တဲ့ အလှူမျိုးပါတဲ့။

ဟုတ်ပြီ၊ နည်းနည်းတော့ ဟုတ်လာပြီ။ ဒါပေမဲ့ ကိုယ့် စိတ်ထဲမှာတော့ ဘာများလဲလို့ သိချင်လှပြီလေ။

ဒင်နီက သူ့ အလှူငွေကို ဟားဗတ် တက္ကသိုလ် ဆေးကောလိပ်ကို တိုက်ရိုက် လှူချင်တယ်တဲ့။ ဘယ်လို လှူချင်တာလဲလို့ ကိုယ်က မေးတယ်။

ဒီတော့ မာရီယာက ဆေးကောလိပ် အကြော ရောဂါ ဌာနပါမောက္ခ တစ်နေရာ အတွက် လှူပါရစေတဲ့။ အထူးသဖြင့် ဦးနှောက် အာရုံကြော လှုပ်ရှားမှုတွေနှင့် ပတ်သက်လို့ သုတေသန လုပ်တဲ့ လုပ်ငန်းတွေ အတွက် လှူချင်တယ်တဲ့။

ကိုယ် ပါးစပ် အဟောင်းသား ဖြစ်နေတယ်။ ဟားဗတ် တက္ကသိုလ် ဆေးကောလိပ်က ပါမောက္ခ ရာထူး တစ်ခု အတွက် လှူတဲ့ အလှူငွေဟာ သန်းချီပြီး ကုန်မယ် ဆိုတာ သူတို့ သိမှ သိရဲ့လား မဆိုနိုင်ဘူး။ ဒင်နီက သူ သိပါတယ်တဲ့၊ ဒါပေမဲ့ သူ လှူတဲ့ နေရာမှာ စည်းကမ်းချက် တစ်ခုတော့ သတ်မှတ်ပေးပါတဲ့။ အဲဒါကတော့ အလှူရှင်ရဲ့ အမည်ကို မဖော်ရဘူးတဲ့။ လုံးဝ မဖော်ရဘူးတဲ့။

အံ့ရောဗျာ။ တကယ့်ကိုပဲ။ ဘာဖြစ်လို့ ဒီလောက်တောင် ရက်ရောပြီး ဘာဖြစ်လို့ ဒါကို လူသိ မခံချင်ရတာလဲ။ ဒီအလှူဟာ တကယ်





မွန်မြတ်တဲ့ အလှူ။ ဒီလို အလှူမျိုးကို ဘာဖြစ်လို့ အသိအမှတ်ပြု မခံချင်ရတာလဲ။ ကိုယ် ပြောင်ပြောင်ပဲ မေးမိတယ်။

ဒီတစ်ခါမှာလည်း ဒင်နီက မာရီယာကို လှမ်းကြည့်ပြန်တယ်။ သူတို့ နှစ်ယောက်ဟာ လူ တစ်ကိုယ်တည်းလိုများ တွေးနေကြသလား မသိဘူး။

နောက်တော့ ဒင်နီက ကိုယ့်ကို ခပ်ဖြည်းဖြည်းနှင့် တိုးတိုး ပြောပြတယ်။ သူ့ စန္ဒရားကို စွန့်လွှတ်လိုက်ရတဲ့ အကြောင်းကို ပြောပြတယ်၊ ကိုယ့်လူဟာ ဒုက္ခ တွေ့နေရရှာတာကိုး။ အာရုံကြော ချွတ်ယွင်းသွားတဲ့ အတွက် သူ့ ဘယ်ဘက်လက်ကို သူ ထိန်းချုပ်လို့ မရတော့ဘူးလေ။

ကိုယ်ဟာ သူ့စကားကို နားထောင်ပြီး တော်တော် စိတ်ထိခိုက်သွားတယ်။

ဒါပေမဲ့ ဒင်နီက သိပ် အရေးမကြီးတဲ့ ဟန်မျိုး ကြိုးစားပြပါသေးတယ်။ သူတို့ ပြုတဲ့ အလှူဒါနဟာ ကိုယ်ကျိုး လုံးဝ မပါတဲ့ အလှူမျိုး မဟုတ်တဲ့ အကြောင်း၊ ကိုယ်တို့ ရွှေရတု မတိုင်မီ ထက်မြက်တဲ့ ဟားဗတ် တက္ကသိုလ် ကျောင်းသား တစ်ယောက် ပေါ်လာပြီး သူ့ ရောဂါကို ကုသပေးနိုင်မယ်လို့ ထင်တဲ့ အကြောင်း၊ အဲဒီအခါမှာ ကိုယ်တို့ ဘွဲ့ရတွေက သူ့ လက်သံကို နားထောင်ချင်သေးတယ် ဆိုရင် တီးပြဖို့ ကတိပေးတဲ့ အကြောင်း စသည်ဖြင့် ရယ်မောပြီး ပြောတယ်။

ကိုယ်ကလည်း အဲဒီအခါမှာ ကိုယ်ဟာ ရှေ့ဆုံးတန်းမှာ လက်မှတ်ဝယ်မယ့် အကြောင်း ပြောတယ်။ ဒီနောက်တော့ ကိုယ်လည်း ဘာဆက်ပြောရမှန်း မသိတော့ဘူး။

ကိုယ် ထပြန်တော့ မာရီယာက တံခါးဝ အထိ လိုက်ပို့ရင်း ကိုယ့် ပခုံးကို လက်နှင့် လှမ်းတို့ပြီး 'အင်ဒရူးရယ်၊ ရှင်ဟာ စိတ်နှလုံးကောင်း ရှိတဲ့ ပုဂ္ဂိုလ် တစ်ယောက် ဖြစ်လို့ ကျေးဇူးတင်လိုက်တာ' လို့ ပြောလိုက်သေးတယ်။

အောက်ထပ် ရောက်လို့ တယ်လီဖုန်းရုံ တစ်ရုံကို တွေ့တာနှင့် ကိုယ်လည်း ကိုယ်တို့ ငွေရတုသဘင် ကျင်းပရေး ကော်မတီ [illegible] ဖရင့် ဟာဗေးဆီကို လှမ်းပြီး ဖုန်းဆက်တယ်။

ကိုယ်က သတင်းကောင်းလည်း ပြောစရာ ရှိတယ်၊ သတင်းဆိုးလည်း ပြောစရာ ရှိတယ်လို့ ပြောလိုက်တယ်။ သတင်းဆိုးက ဒင်နီက



www.burmeseclassic.com

www.burmeseclassic.com



ရန်ပုံငွေ တစ်ပြားမှ မထည့်လိုက်ဘူး ဆိုတဲ့ သတင်း။ သတင်းကောင်းကတော့ ဟိုတယ် အောက်ထပ်မှာ ကိုယ်တို့ နှစ်က ဘွဲ့ရ ကျောင်းသား တစ်ဦးနှင့် တွေ့လို့ အလှူခံတော့ သူက ဆေးကောလိပ် အတွက် ငွေ တစ်သန်း ထည့်ဝင်မယ်၊ ဒါပေမဲ့ အမည် မဖော်ချင်ဘူး ဆိုတဲ့ သတင်း။

ပထမတော့ ဥက္ကဋ္ဌက ကိုယ် ပြောတာကို မယုံသေးဘူး။ ဒီငနဲက စိတ်ရော ကောင်းရဲ့လားလို့ မေးတယ်။ ကိုယ်ကလည်း ကောင်းပါတယ် လို့ပဲ ပြောလိုက်ရတယ်။

ကိုယ်က ဒီ သီတင်းပတ်ကုန်မှာ တစ်သန်းတန် ချက်လက်မှတ် တစ်စောင် သူ့ဆီ ရောက်လာလိမ့်မယ်လို့ ပြောလိုက်တော့ ဥက္ကဋ္ဌဟာ တယ်လီဖုန်းထဲမှာ ကျွမ်းပစ်နေမလား မဆိုနိုင်ဘူး။

ကိုယ် ကောက်လာတဲ့ ငွေနှင့် ဆိုရင် ကိုယ်တို့ ကော်မတီက ကောက်တဲ့ ငွေဟာ ရှစ်သန်းကျော် ရသွားပြီ။ ဥက္ကဋ္ဌက ကိုယ့်ကို 'ယနေ့ သူ့ရဲကောင်းဘွဲ့' ပေးလိုက်တယ်။

တယ်လီဖုန်းကို ချပြီး အိမ်ကို ခြေကျင် ပြန်လာခဲ့ရင်း စဉ်းစားလာ ခဲ့တယ်။ တကယ်ကတော့ သူ့ရဲကောင်းက ကိုယ် မဟုတ်ဘူး။ ဒင်နီ ရယ်။ သတ္တိခဲရယ်။ ဒင်နီဟာ မနက်လင်းတိုင်း သူ့ ကိုယ်ခန္ဓာ အကောင်း ပကတိ ရှိသေးရဲ့လား ဆိုတာကို စမ်းကြည့်ဖို့ သတ္တိ ရှိရလိမ့်မယ်။

ဒင်နီဟာ အရာရာမှာ ခြွင်းချက် ထားရမယ့် လူလို့ ကိုယ် အမြဲ ယူဆခဲ့တယ်။ ဒါပေမဲ့ လူတိုင်း လူတိုင်းဟာ အောင်မြင်မှု ရဖို့ အတွက် တန်ဖိုးတွေ ပေးခဲ့ရပါကလား ဆိုတာ ကိုယ် သဘောပေါက်လာတယ်။

ငွေရတုသဘင်နေ့၌ ဟားဗတ် တက္ကသိုလ် ကျောင်းသား အသီးသီးတို့သည် ဗဟို ရင်ပြင်ကြီးတွင် စုရုံးကြသည်။ ထို့နောက် နှစ်လည် အစည်းအဝေး ကျင်းပရန် အတွက် ဗဟို ခန်းဆောင်ကြီးဆီသို့ လာခဲ့ကြသည်။ သူတို့ကို အဓိပတိ ဒါးရက်ဘောနှင့် မဟာဌာနမှူး လင်းဗရိုစ်က ခေါင်းဆောင် လာခဲ့ ကြသည်။ လင်းဗရိုစ်က ကြက်သွေးရောင် ဝတ်ရုံကြီးကို ဝတ်လျက် အဓိပတိ ၏ နောက် တစ်လှမ်းကွာမှ ပါလာသည်။ သူတို့နောက်တွင် ထောင်ပေါင်း များစွာသော ဟားဗတ် တက္ကသိုလ် ကျောင်းသားဟောင်း အသီးသီး လိုက်ပါ





လာကြသည်။

သူတို့၏ သက်ဆိုင်ရာ ငွေရတုသဘင်နှင့် ရွှေရတုသဘင်တို့ကို ဖြတ် သန်းလာခဲ့ပြီးသော ကျောင်းသားဟောင်းကြီးများကို သီးသန့်နေရာ ချပေး ထားသည်။

ထို အခမ်းအနားသို့ ဂျော့ ကဲလားနှင့် ဒင်နီတို့ကိုလည်း လေးစားစွာ ဖိတ်ကြားသည်။ သို့ရာတွင် လေးစားစွာ ငြင်းလိုက်ကြသည်။ အင်ဒရူး အဲလီ ယော့မှာလည်း ငွေရတုသဘင်တွင် ရန်ပုံငွေ အများဆုံး ကောက်နိုင်ခဲ့သည့် အတွက် သီးသန့် နေရာကို ချပေးသည်။ သို့ရာတွင် အဲလီယော့သည် ဇာတ် စင်ထောင့်တွင် မထင်မရှား ထိုင်နေသည်။

၁၉၃၃ ခုနှစ် ဘွဲ့ရ ကျောင်းသားများထဲမှ တက်ရောက်သူများထဲတွင် ဘဏ္ဍာရေး ဝန်ကြီးဟောင်း ဖိလစ် ဟယ်ရီဆန် (လင်းဗရိုစ်၏ ယောက္ခမ ဟောင်း) လည်း ပါသည်။

အသက်ကြီးပြီ ဖြစ်သည့် ဟယ်ရီဆန် စင်မြင့်ပေါ်သို့ တက်လာသည့် အခါတွင် လင်းဗရိုစ်က ထိုင်ရာမှ ထ၍ ခရီးဦး ကြိုကာ လက်တွဲသည်။

'အေး လင်းဗရိုစ်လား၊ တွေ့ရတာ ဝမ်းသာတယ်ကွာ၊ မင်း လိုချင် တာတွေ အားလုံးကို ရတဲ့ အတွက်လည်း မင်းကို ချီးကျူးပါတယ်'

အဘိုးကြီးက လေသံမှန်ဖြင့် ပြောသည်။ ထို့နောက် အဘိုးကြီးသည် သူ့နေရာတွင် ဝင်ထိုင်သည်။ သူတို့ နှစ်ယောက်ကြားတွင် ထိုထက် ပို၍လည်း ပြောစရာ ဘာမျှ အကြောင်း မရှိတော့။

အခမ်းအနားတွင် ဘွဲ့ရ ကျောင်းသားများ၏ အလှူငွေများကို နှစ် အလိုက် ကြေညာပေးသည်။ ဖရင့် ဟာဗေးက နှစ်အလိုက် ကျောင်းသား ဟောင်းများ ထည့်ကြသည့် ရန်ပုံငွေများထဲတွင် ငွေရတုသဘင်နှစ်က ကျောင်း သားများ ထည့်သည့် ရန်ပုံငွေသည် ရှစ်ဒသမ ခြောက်သန်း ဖြစ်၍ အများဆုံး စံချိန် ဖြစ်ကြောင်းဖြင့် ကြေညာသည်။

အားလုံး ဟာခနဲ ဖြစ်သွားကြသည်။

သို့ရာတွင် ဖရင့် ဟာဗေးက မိမိတွင် နောက်ထပ် အရေးကြီးသည့် ကြေညာစရာ ရှိသေးကြောင်းကို ပြသည့် အနေဖြင့် လက်တစ်ဖက် မြှောက်၍ တားထားလိုက်သည်။

'၅၈ ဘွဲ့ရ ကျောင်းသားများ အားလုံးကို ကျေးဇူးတင်ရှိကြောင်းကို ပြောစရာ မလိုတော့ပါဘူး၊ ဒါပေမဲ့ ပြောခွင့် ပြုမယ် ဆိုရင်တော့ လွန်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com

ငါးနှစ်လုံးလုံး ကျွန်တော်နှင့် အတူ ရန်ပုံငွေ ကောက်ပေးခဲ့တဲ့ ပုဂ္ဂိုလ် တစ်ယောက်ကိုတော့ ကျွန်တော် ထုတ်ဖော် ပြောပါရစေ။

'ရန်ပုံငွေ ကောက်ခံခဲ့တဲ့ နေရာမှာ အဲဒီ ပုဂ္ဂိုလ်ဟာ အောက်ခြေသိမ်းရုံးလုလင် အလုပ်က စပြီး လုပ်ခဲ့ရုံတင် မကပါဘူး၊ သူ့ရဲ့ ကြင်နာမှု၊ ကိုယ်ကျိုးစွန့် အနစ်နာခံမှုတို့ဟာ အမိ တက္ကသိုလ်ကြီး အတွက် လူတစ်ယောက် အနေနှင့် ဘယ်လောက် လုပ်နိုင်တယ် ဆိုတာ သက်သေ ပြလိုက်တာတွေပဲ ဖြစ်ပါတယ်၊ ဒါကြောင့်မို့ ကျွန်တော်တို့ရဲ့ ကျေးဇူး တင်ရှိမှုကို လက်ခံတဲ့ အနေနှင့် အဲဒီ ပုဂ္ဂိုလ်ကို ရပ်ပြစေချင်ပါတယ်'

ဥက္ကဋ္ဌသည် ဂုဏ်ပြုခံရသူ ဘက်သို့ လှည့်ကာ လက်ပြလိုက်ပြီး

'ကဲ မစ္စတာ အင်ဒရူး အဲလီယော့ ကြွပါ'

အင်ဒရူး အဲလီယော့သည် မွန်ထူသွားသည်။ သူ့ကို မည်သူကမျှ လက်ခုပ်ဩဘာ မပေးခဲ့ဖူးကြ။ ငယ်ငယ်တုန်းက သူ့ သားသမီးများကပင်လျှင် သူ့ကို ဩဘာ မပေးဖူးခဲ့။

အင်ဒရူး အဲလီယော့သည် ဩဘာ လက်ခုပ်သံများ ကြားတွင် ရှက်ရှက်ဖြင့် ရပ်နေသည်။ ကျေလည်း ကျေနပ်သည်။ အံ့လည်း အံ့ဩသည်။ သူ့ကို ချစ်ခင် နှစ်သက်မှုကို ပြသဖြင့်လည်း ဝမ်းသာသည်။

သူသည် သူတို့နှစ်က ဘွဲ့ရ ကျောင်းသားများထဲတွင် အကောင်းဆုံး လူတစ်ယောက်ဟု အသိအမှတ် ပြုလိုက်ကြသည်။

သို့ရာတွင် ထိုသို့ အသိအမှတ် ပြုလိုက်ကြကြောင်းကို သူ မသိ။ သိသည့်တိုင် သူ နားမလည်။

## အင်ဒရူး အဲလီယော့၏ နေ့စဉ် မှတ်တမ်း

ဇွန် ၉၊ ၁၉၈၃။

သမီးလေး လစ်ဇီကို ငါးနာရီ ရထား မီအောင် လိုက်ပို့ဖို့ အတွက် အစောကြီး ထရမယ်။ ထိုက်တန်တာ မထိုက်တန်တာ အပထား၊ သူ့ အဖေကို ကျောင်းသား အားလုံးက ဝိုင်းဝန်း ဂုဏ်ပြုကြတာကို သူ မြင်သွားတဲ့ အတွက်တော့ ကိုယ် ကျေနပ်မိတယ်။

ဒီနေ့ဟာ ကိုယ့်ဘဝမှာ အပျော်ဆုံး နေ့ပါပဲ။ တစ်နည်း ပြောရ





ရင် ကိုယ့်အိမ်ကို ပြန်ရောက်သည် အထိ ကိုယ့်အဖို့တော့ အပျော်ဆုံး နေ့ပါပဲ။

ကိုယ့် အိမ်ရှေ့မှာ အဝတ်အစား ခပ်နွမ်းနွမ်းနှင့် မျက်နှာထားတင်းတင်း လူနှစ်ယောက် စောင့်နေတယ်။ သူတို့အထဲက အရပ်မြင့်မြင့်လူက ကိုယ်ဟာ အင်ဒရူး အဲလီယော့လားလို့ ယဉ်ကျေးစွာ မေးတယ်။

ကိုယ်က ခေါင်းညိတ်ပြလိုက်တယ်။ အိတ်ထဲကို လက်နှိုက်ပြီး ကိုယ့် မှတ်ပုံတင် ကတ်ပြားကို ထုတ်ပြတယ်။ သူတို့က ထောက်လှမ်းရေးကလေ။

အိမ်ထဲလည်း ရောက်ရော သူတို့က လေသံခပ်တိုးတိုးနှင့် မေးခွန်းတွေကို တစ်ခုပြီး တစ်ခု မေးတော့တာပဲ။

ဂျော့ ကဲလားကို သိသလားတဲ့။

သိတာပေါ့။

သူ့ကို နောက်ဆုံး ဘယ်တုန်းက တွေ့လိုက်သလဲ။

တမြန်နေ့က။ လေဆိပ်မှာ။

အဲဒီတုန်းက သူ့ စိတ်ဓာတ် အခြေအနေ ဘယ်လိုနေသလဲ။

ကြည့်ရတာ ပြဿနာ ဖြစ်နေပုံပဲ။ စိတ်ညစ်နေတယ်လို့ ထင်တယ်။

ဘာကြောင့် စိတ်ညစ်တယ်လို့ ထင်သလဲ။ မသိဘူးလား။

လင်မယား ကွာရှင်းခဲ့ရတဲ့ အတွက်လို့ ထင်တာပဲ။

သို့ရာတွင် ထိုအကြောင်းကိုမူ သူတို့ သိပြီးသား။ ထို့နောက် ဟောပြောပွဲတွင် သူ့ကို ဝေဖန် တိုက်ခိုက်ခဲ့သူ အကြောင်း မေးသည်။

ကိုယ့်နှလုံးဟာ အခုန် မြန်လာတယ်။ မနေနိုင်တော့ဘူး။ ဘာဖြစ်လို့ မေးနေတာလဲလို့ မေးလိုက်တယ်။

သူတို့က စာတစ်စောင်ကို ထုတ်ပေးတယ်။ စာက ဒီလို။

အင်ဒရူး။

ခင်ဗျားဟာ ကျွန်တော့် အပေါ်မှာ တစ်လျှောက်လုံး ကြင်နာခဲ့တဲ့ လူ ဖြစ်တဲ့ အတွက် ကျွန်တော့် အမွေထိန်း အဖြစ် ဆောင်ရွက်ပေးစေလိုပါတယ်။

ဘဏ်မှာ အပ်ထားတဲ့ ကျွန်တော့် ငွေတွေနှင့် ငွေစု လက်မှတ်တွေ၊ စတော့ စာချုပ်တွေ ရှိတယ်။ ဒီ ပစ္စည်းတွေကို

www.burmeseclassic.com

www.burmeseclassic.com



ဟာန်ဂေရီမှာ ရှိတဲ့ ကျွန်တော့် ညီမဆီကို ရောက်အောင် ပို့ပေးစေလိုပါတယ်။

ခင်ဗျားဟာ ကျွန်တော့်မှာ မရှိတဲ့ မရှိနိုင်တဲ့ အရည်အချင်းတွေ ရှိတဲ့ လူပါ။

ကျေးဇူးတင်လျက် –

ဂျော့ ကဲလား။

ထောက်လှမ်းရေး အရာရှိ နှစ်ယောက်က ကိုယ့်ကို အထိုင်ခိုင်းပြီး ကိုယ်ဟာ အစိုးရ လျှို့ဝှက်ချက်ကို ထိန်းသိမ်းရမယ့် တာဝန်ရှိတယ်လို့ ပြောတယ်။

ဂျော့ ကဲလားဟာ မနေ့ညကပဲ သူ့ကိုယ်သူ အဆုံးစီရင်သွားတယ်တဲ့။

ကိုယ် မှင်တက်နေမိတယ်။ သူ့ကို လေယာဉ်ပေါ် တင်ပေးလိုက်မိလေခြင်းလို့ နောင်တလည်း ရမိတယ်။

ဂျော့ ကဲလား သေဆုံးတာဟာ ရိုးရိုး သေဆုံးတာ ဖြစ်တယ်လို့ ကြေညာမယ့် အကြောင်းကို သူတို့က ပြောပြတယ်။ ဒီလို ကြေညာတာဟာ အစိုးရ ဆိုင်ရာ ကိစ္စတွေ ဘာတွေ ပါသလား ဆိုတာ ဖြစ်မှာစိုးလို့တင် မကဘူး၊ ကြင်နာပြီး ကြိုးစားတဲ့ ဝန်ထမ်း တစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို ထိန်းသိမ်းဖို့လည်း ဖြစ်တယ်လို့ ပြောပြတယ်။ အလုပ်တွေကလည်း များ၊ ကိုယ်ရေး ကိုယ်တာတွေကလည်း အဆင်မပြေ ဖြစ်တုန်းမှာ အားနည်းပြီး ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားတယ်လို့ ယူဆရတော့တာပဲ။

အသုဘ ကိစ္စတွေကို အားလုံး စီစဉ်ပြီးပြီ။ အစိုးရရဲ့ အမိန့်အရ ဂျော့ ကဲလားရဲ့ အလောင်းကို အာလင်တန် အာဇာနည် ဗိမာန်မှာ မြှုပ်နှံမယ်။ ဘယ်သူ့ကို အကြောင်းကြားရမယ် ဆိုတာ သိသလားတဲ့။

ဒါတော့ ကိုယ်လည်း မသိဘူးလေ။ ဒီတော့ သူ့ဇနီးဟောင်းနှင့် ဆက်သွယ်ကြည့်ပါလို့ ပြောရတယ်။ သူလည်း အသုဘကို ပို့ချင်မှာပါ။ ဒီပြင်တော့ ဘယ်သူမှ မသိဘူး။

သူတို့က သူ့ဇနီးဟောင်း ကေသီကို ကိုယ်ပဲ ဆက်သွယ်ပေးပါဆိုပြီး ကေသီရဲ့ နယူးရောက် လိပ်စာကို ထုတ်ပေးတယ်။

သူတို့ ထွက်သွားတော့ ကိုယ်လည်း နောက်ကျို ရှုပ်ထွေးပြီး ကျွန်





ရစ်ခဲ့တယ်။ နောက်မှ အားတင်းပြီး တယ်လီဖုန်းကို ကောက်ကိုင်တယ်။

ကိုယ့်အသံကို ကြားတော့ ကေသီ ဝမ်းသာနေပုံရတယ်။ နောက်တော့ ကိုယ်က သူ့ကို ဖုန်းဆက်ရတဲ့ ကိစ္စကို ပြောရတယ်။ ကိုယ်က မပြောသည့်တိုင် ဂျော့ ကဲလားဟာ သူ့ကိုယ်သူ အဆုံး စီရင်သွားခြင်း ဖြစ်တယ် ဆိုတာကို ကေသီ ရိပ်မိပုံရတယ်။

ကေသီဟာ တော်တော်ကြာ တိတ်ဆိတ်နေတယ်။ သူ မငိုနိုင်တော့တဲ့ အတွက် သူ့ကို ခွင့်လွှတ်ပါလို့ တောင်းပန်တယ်။ တစ်နေ့နေ့မှာ ဒီလို ဖြစ်လိမ့်မယ် ဆိုတာ သူ ဟိုတုန်းကတည်းက စိုးရိမ်နေခဲ့တာတဲ့။ ဂျော့ ကဲလားရဲ့ မိတ်ဆွေအဖြစ် သင့်မြတ်အောင် သည်းခံနိုင် ပေါင်းနိုင်ခဲ့တဲ့ အတွက် ကိုယ့်ကို ကျေးဇူးတင်ပါတယ်လို့ လေသံခပ်တိုးတိုးနှင့် ပြောတယ်။

ကိုယ်ကတော့ ဒီထက်ကောင်းတဲ့ မိတ်ဆွေ တစ်ယောက် အဖြစ်နေချင်ပါတယ်လို့ပဲ ပြောနိုင်တယ်။

သူလည်း သည့်ထက်ကောင်းတဲ့ ဇနီး တစ်ယောက် ဖြစ်ခဲ့ချင်တာပါပဲတဲ့။ ဒါပေမဲ့ ဂျော့ ကဲလားဟာ အချစ်ကို လက်မခံတတ်ဘူးတဲ့။ ဘယ်သူ့ အချစ်ကိုမှ လက်မခံတတ်ဘူးတဲ့။

ကိုယ်က သူ့ကို အာလင်တန် အာဇာနည် ဗိမာန်မှာ မြှုပ်နှံမယ့်အကြောင်း၊ ဒီနည်းအားဖြင့် သူဟာ အမေရိကန် လူမျိုး သူရဲကောင်းတစ်ယောက် ဖြစ်သွားတဲ့ အကြောင်း ပြောတယ်။ သူ့ ရည်မှန်းချက်အောင်မြင် သွားပြီပေါ့လို့ ပြောတယ်။ ကေသီကလည်း သဘောတူတယ်။ ဒါပေမဲ့ တန်ဖိုးက ကြီးလွန်းတယ်တဲ့။

အသုဘကို လိုက်ပို့ချင်သလားလို့ ကိုယ်က မေးတယ်။ သူက ပို့ချင်တယ်တဲ့။ ဒါပေမဲ့ သူ့အဖြေထဲမှာ စိုးရိမ်သံ ပါနေသလိုပဲ။ သူ ပို့ချင်တယ် ဆိုရင် ကိုယ် နယူးယောက်ကို လာခဲ့မယ်၊ အဲဒီကမှ ဝါရှင်တန်ကို အတူ သွားကြမယ်လို့ ချိန်းလိုက်တယ်။ သူက လက်ခံလို့ ကိုယ် တော်တော် ဝမ်းသာသွားတယ်။ ကိုယ်လည်း တစ်ယောက်တည်း မသွားချင်ဘူး။ သူ့ အသုဘကို သွားပို့ဖို့ အဖော် လိုတယ်လေ။

တယ်လီဖုန်းကို ချပြီး ဂျော့ ကဲလားဟာ ဘာဖြစ်လို့များ ဒီလို



www.burmeseclassic.com

www.burmeseclassic.com



လုပ်သလဲလို့ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိတယ်။ နေမယ် ဆိုရင် နေနိုင်သေးတာပဲ။

လောကကြီးမှာ ဘယ်လို ပျော်အောင် နေရမယ် ဆိုတာကို မသိလို့ပဲ ထင်ပါရဲ့။

အေးလေ၊ လောကကြီးမှာ ဘယ်လို ပျော်အောင် နေရမယ် ဆိုတာကတော့ ဟားဗတ် တက္ကသိုလ်ကလည်း သင်မပေးဘူးလိုက်ဘူးပေါ့။

ငွေရတုသဘင် ပွဲတော်နေ့ ပြီးသည့်နောက် ၅၈ နှစ် ဘွဲ့ရ ကျောင်းသားများသည် ငွေရတုသဘင် နောက်ဆုံး စည်းဝေးပွဲကို ကျင်းပကြသည်။ ရှန်ပိန်အရက်ကို တိုက်သည့်တိုင် သူတို့ စိတ်ဓာတ်မှာ ငြိမ်သက်လျက်။

နောက်ဆုံးနေ့ အခမ်းအနားပြီးသည့် နောက်တွင် သူတို့သည် နောက်ထပ် တွေ့ချင်မှ တွေ့ကြတော့မည်။ တွေ့သည် ဆိုလျှင်လည်း သည်လောက်စုံချင်မှ စုံကြတော့မည်။ သူတို့သည် ၁၉၅၄ ခုနှစ်တုန်းက ပြိုင်ဘက်များ အဖြစ်တွေ့ခဲ့ကြပြီး ယနေ့တွင် ဟားဗတ် တက္ကသိုလ် ညီနောင်များ အဖြစ် ခွဲခွာခဲ့ကြသော သူတို့ အပေါင်းအသင်းများ၏ နာရေး ကြော်ငြာများကို ဖတ်ရင်းနောင် ဆယ်စုနှစ်များကို ကုန်လွန်ကြရတော့မည်။

ဤသည်မှာ အဆုံး၏ အစ ဖြစ်သည်။ သူတို့သည် နောက်တစ်ကြိမ်တွေ့ကာ တစ်ယောက်ကို တစ်ယောက် ခင်မင်ကြဆဲ ဖြစ်နေကြောင်းကို ပြသရန် အချိန်တော့ နည်းနည်း ကျန်သေးသည်။

နောက်ဆုံး နှုတ်ဆက်ရန် အချိန် နည်းနည်းတော့ ကျန်နေသေးသည်။

မြသန်းတင့်
၁၉၉၀၊ ဇွန်လ ၁၀ ရက်။
၁၄ : ၁၀ နာရီ။

BURMESE CLASSIC .com

www.burmeseclassic.com